http://www.dhammadownload.com



ပဏ္ဍိတာရာမ

ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်၏



တစ်ဘဝတာခရီး

သာမဏေကျော်

တတိယအကြိမ်

သာသနာနှစ်- ၂၅၅၈ မြန်မာနှစ်- ၁၃၇၆ ခရစ်နှစ်- ၂၀၁၄

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

မျက်နှာဖုံး
ပန်းချီ
Son Yi (Tai wan)
ဒီဇိုင်း
မြတ်သစ်ထွန်း
ကာလာခွဲ
Master Color

●

ပုံနှိပ်ခြင်း
၂၀၁၄ - နိဝင်ဘာ
တတိယအကြိမ်
အုပ်ရေ ၁၀၀၀

●

ထုတ်ဝေသူ
ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ
ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့
အမှတ် (၈၀ - က)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၃၅၄၈၊ ၇၀၅၅၂၅
E-mail: com2panditarama@gmail.com

●

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးအေးမြင့်
"သင်း" ပုံနှိပ်တိုက်
အမှတ်(၁၂၁)၊ မြေညီထပ်၊ ဗိုလ်တထောင်ဘုရားလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com

ပဏ္ဍိတာရာမ

ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်

၈၅

တစ်ဘဝတာဒရိုး

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် [၃၇/၉၉ (၁)]

မျက်နှာဖုံးခွင့်ပြုချက်အမှတ် [၁၃၀/၉၉ (၃)]

●

မျက်နှာဖုံးဒီဇိုင်းနှင့် ကာလာခွဲ

Sunn Scanner

●

ပုံနှိပ်ခြင်း

၁၉၉၉-ဧပြီလ

ပထမအကြိမ်

အုပ်ရေ (၂၀၀၀)

●

ထုတ်ဝေသူ

ဦးမြင့်သိန်း

ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့

အမှတ် ၈ (စီ)၊ ကမ္ဘာအေးစေတီလမ်း၊

ရန်ကုန်မြို့။

●

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဒေါ်ခင်ခင်ဝင်း

ကလျာ OFFSET (မြဲ-၀၂၆၇၀)

၁၅၂/ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ၊

ရန်ကုန်မြို့။

●

ဝမ္မဒါန

http://www.dhammadownload.com

သာမဏေကျော်

http://www.dhammadownload.com

မာတိကာ

	အစဉ်	အကြောင်းအရာ	စာမျက်နှာ
		နိဒါန်း	၁
၁။		ဆရာတော်ကိုယ်တိုင် ရေးထားသော သူ့အကြောင်း	၃
၂။		လူလောက	၇
၃။		ညီမလေး	၁၃
၄။		အဖိုးနဲ့အဖေ	၁၆
၅။		ကျေးဇူးရှင်မလေး	၂၀
၆။		ပြုံးပြုံးတည်တည်	၂၆
၇။		ပီတိ	၃၃
၈။		အာဂပါလား	၃၉
၉။		သူသဘာဝ	၄၄
၁၀။		ပညာဆန္ဒ	၄၉
၁၁။		တံမျက်စည်းကြောင့် ရတဲ့ သင်ခန်းစာ	၅၄
၁၂။		နှစ်ခါ ကြားဖူးတဲ့ စကားတစ်ခွန်း	၅၉
၁၃။		ဆပ်ပြာသည်လိုလေလော	၆၄
၁၄။		စိတ်ကူးထဲက စာအုပ်များ	၆၉
၁၅။		ဆရာတော်ရဲ့ တပည့်တော်	၇၃
၁၆။		ခြွေမှ ရံတယ်	၇၈
၁၇။		သာသနာပိုင်	၈၂
၁၈။		အသက်ဉာဏ်စောင့်	၈၆
၁၉။		အနန္တကျေးဇူးတော်ရှင်	၉၀
၂၀။		အထင်သေးမှာ စိုးရိမ်တယ်	၉၄
၂၁။		ဘုရားရှင့်ဆန္ဒ	၉၈
၂၂။		သူ့အပြော	၁၀၃
၂၃။		ငဲ့တော့ ငဲ့လေ	၁၀၉
၂၄။		ကြိုးစား – စား	၁၁၃
၂၅။		ခေါင်းဆောင်ကောင်း	၁၁၈
၂၆။		ကြွယ်ဝတဲ့နိုင်ငံ	၁၂၃

http://www.dhammadownload.com

အစဉ်	အကြောင်းအရာ	စာမျက်နှာ
၂၇။	မိသားစုစိတ်ဓာတ်	၁၂၈
၂၈။	စွမ်းအားရှင်	၁၃၃
၂၉။	များလည်း မများ၊ မှားလည်း မမှား	၁၃၈
၃၀။	ဥယျာဉ်မှူးရဲ့အပြုံး	၁၄၃
၃၁။	ပို ကောင်းလို့	၁၄၇
၃၂။	သာသနာ ရှည်စွာ တည်ဖို့	၁၅၁
၃၃။	စားကြည့်စမ်း	၁၅၆
၃၄။	ဘုရားဘက်သား	၁၆၁
၃၅။	ကြည့်မှ မြင်တယ်	၁၆၆
၃၆။	သာသနာတွက်ပဲလေ	၁၇၇
၃၈။	Be Strong	၁၈၂
၃၉။	ငွေရတု	၁၈၈
၄၀။	ချိုတော့ ချိုပါ၊ မချဲ့ပါနဲ့	၁၉၇
၄၁။	ငါးကြင်းဆီနဲ့ ငါးကြင်းကြော်	၂၀၁
၄၂။	ဒုန်	၂၀၆
၄၃။	ရှင် – သန်	၂၁၁
၄၄။	ရှေ့တွင်	၂၁၇
၄၅။	ရွှေတောင်ကုန်းက စေတီများ	၂၂၂
၄၆။	တော်တော် တူတယ်	၂၂၇
၄၇။	အမှား	၂၃၂
၄၈။	မေ့မရဘူး	၂၃၆
၄၉။	လိုက်လိုက်လဲလဲ	၂၄၁
၅၀။	ပြင်ထိုင်ကြဦးစို့	၂၄၅
၅၁။	သူဆေး	၂၅၁
၅၂။	ဆင့်ပွား	၂၅၆
၅၃။	ဇရာ	၂၆၂
၅၄။	မေတ္တာစွမ်းအား	၂၆၆
၅၅။	တံဆိပ်	၂၇၁
၅၆။	တလွင့်လွင့်	၂၇၅

http://www.dhammadownload.com

အစဉ်		အကြောင်းအရာ	စာမျက်နှာ
၅၇။	ဘုန်းကြီး		၂၇၉
၅၈။	ပါဠိနာမည်		၂၈၃
၅၉။	ပြင်ဆင်စို့		၂၈၈
၆၀။	သုံးပတ်		၂၉၂
၆၁။	စားခုတ်နည်း		၂၉၇
၆၂။	စိတ် အေးအေးထား		၃၀၂
၆၃။	ဘယ်သူကို မေးရပ့ါ		၃၀၇
၆၄။	ဥပမာအလင်္ကာ		၃၁၂
၆၅။	မြန်မာမှု		၃၁၇
၆၆။	ယောနိသော မနသိကာရ		၃၂၁
၆၇။	သာသနာပြုနည်း		၃၂၅
၆၈။	သေချင်သေ		၃၃၀
၆၉။	သတိပဋ္ဌာန်		၃၃၄
၇၀။	ယောဂီ		၃၄၀
၇၁။	လင်္ကာ		၃၄၆
၇၂။	လိုအပ်သလောက်		၃၅၀
၇၃။	နိဗ္ဗာန်		၃၅၄
၇၄။	ပိုး		၃၅၈
၇၅။	ဝိနည်း		၃၆၂
၇၆။	လူပိလို့မသေ		၃၆၄
၇၇။	ညီအစ်ကိုတွေ		၃၆၆
၇၈။	ဂုဏ်		၃၆၈
၇၉။	ပြည်ဖောက်တာလို		၃၇၀
၈၀။	ဓမ္မသွေး		၃၇၂
၈၁။	ဝိသုဒ္ဓါရုံနည်း		၃၇၄
၈၂။	အားပေး		၃၇၆
၈၃။	ဘုရင့်နောင်		၃၇၈
၈၄။	လောင်းရိပ်		၃၈၀
၈၅။	မဲပြက်		၃၈၂

http://www.dhammadownload.com

အစဉ်	အကြောင်းအရာ	စာမျက်နှာ
၈၆။	ဝိပဿနာ	၃၈၄
၈၇။	အခြေခံ	၃၈၆
၈၈။	ဦးထိပ်ရွက်လျက်	၃၈၈
၈၉။	သည်းခံမှ	၃၉၀
၉၀။	O.K.	၃၉၄
၉၁။	စာကြည့်တိုက်	၃၉၆
၉၂။	အပျော်	၃၉၉
၉၃။	အောင်မြင်တဲ့ ဆရာဝန်	၄၀၁
၉၄။	ဗိုလ်လပါဒက	၄၀၄
၉၅။	ကရုဏာနဲ့ပညာ	၄၀၈
၉၆။	ပိတိမျက်နှာ	၄၁၁
၉၇။	တောပန်း	၄၁၄
၉၈။	ဆရာကြီး ဦးဖေသင်	၄၁၆
၉၉။	မသေဆေး	၄၁၈
၁၀၀။	ဆရာတော် ပြောပြသော သူ့အကြောင်းနှင့်သူတို့အကြောင်း	
၁။	သူ့စိတ်ထား	၄၂၁
၂။	သန္တုဋ္ဌိ	၄၂၃
၃။	တရားဆေး	၄၂၅
၄။	သံသယ	၄၂၈
၅။	ကမ္မဋ္ဌာန်းဆရာ	၄၃၀
၆။	ထမ်းပိုး	၄၃၁
၇။	မေ့ထားလိုက်ပါ	၄၃၂
၈။	တီဘီ	၄၃၃
၉။	အသေကောင်း	၄၃၅
၁၀။	စိတ်ကူးယဉ်သမား	၄၃၈
၁၁။	အဆိပ်နဲ့ မေတ္တာ	၄၄၀

http://www.dhammadownload.com



ပဏ္ဍိတာရာမရွေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်

http://www.dhammadownload.com



ပဏ္ဍိတာရာမရွေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်

http://www.dhammadownload.com

နိဒါန်း

ဆရာတော်ရဲ့ တစ်ဘဝတာခရီးကို ရေးသားကာ ပူဇော်ချင်နေတာ ကြာပါပြီ၊ ဒါပေမယ့် ဒီလို အကောင်အထည် ပေါ်လာဖို့ လွယ်မယ် မထင်မိပါဘူး၊ အချိန်တွေ အများကြီး ယူရလိမ့်မယ်လို့ ထင်မိခဲ့ပါတယ်၊ ကံကောင်း အကြောင်းသင့်လို့ ပူဇော်ခွင့် ရခဲ့ပါတယ်၊ ဆရာတော်ရဲ့ တစ်ဘဝတာခရီးစာအုပ်ကို ရေးပြီး ဆရာတော်ကို ပူဇော်ရတာကို စာရေးသူ အလွန်ပဲ ကျေနပ်လှပါတယ်၊ စာရေးသူ ရေးနိုင်အောင် လိုအပ်တဲ့ အကြောင်းအရာတွေကို ပြောပြတဲ့ ပုဂ္ဂိုလ်တွေကိုလည်း အလွန်ပဲ ကျေးဇူးတင်လှပါတယ်။

စာရေးသူဟာ ဆယ်မိုင်ကုန်း ပဏ္ဍိတာရာမ တောစခန်းရိပ်သာမှာ ကျန်းမာရေးအတွက် အနားယူရင်း တစ်ဝါတွင်းကာလနဲ့ ဒီစာအုပ် ပြီးမြောက်အောင် ရေးဖြစ်သွားတာကို အံ့လည်း အံ့ဩမိပါတယ်၊ ဝမ်းလည်း သာမိတယ်၊ တစ်ဝါတွင်း အနားယူပို့လည်း မရည်ရွယ်မိဘူး၊ အနားယူရင်း ရေးဖို့လည်း စိတ်မကူးမိဘူး၊ အနားယူရင်း ကျန်းမာရေးက အဆင်ပြေလာလို့ မဖြစ်နိုင်သေးဘူးလို့ ထင်လာခဲ့တဲ့ အကြံအစည်ဟာ အောင်မြင်အထမြောက်သွားပါတယ်၊ ဒီ့ အောင်မြင်အထမြောက်လာရခြင်းရဲ့ အကြောင်းကို စဉ်းစားကြည့်တဲ့အခါ မူလအကြောင်းအနေနဲ့ ဆရာတော်ရဲ့ ဘုန်းကံကိုပဲ စဉ်းစားမိပါတယ်၊ ဆရာတော်ကတော့ သူ့ဘုန်းကံကြောင့်လို့ဆိုရင် လက်ခံမှာ မဟုတ်ပါဘူး၊ ဒါပေမယ့် စာရေးသူမှာတော့ အဲဒီလိုပဲ စဉ်းစားမိပါတယ်။

စာရေးသူ ရေးပြီးတာဟာ ဆောင်းပါးပုဒ်ရေ (၁၀၀) ပါပဲ၊ အဲဒီ (၁၀၀) ကို တစ်အုပ် ထုတ်ပါမယ်၊ ဆရာတော်ရဲ့ သက်တော် (၇၅) နှစ် အတွင်း စာရေးသူ လက်လှမ်းမီသမျှ ရေးသားတင်ပြထားတာပါပဲ၊ ဒီစာအုပ်မှာ လွဲတာ မပါရှိအောင်

http://www.dhammadownload.com

အတတ်နိုင်ဆုံး ကြိုးစားထားပါလျက် အကယ်၍ လွဲတာ ပါရှိခဲ့ရင် စာရေးသူရဲ့ လွဲမှုသာ ဖြစ်ပါတယ်၊ လက်လှမ်းမမီလို့ ကျန်နေသေးတာတွေလည်း အလွန်ပဲ များပါလိမ့်မယ်၊ အဆင်သင့်ရင် ဆက်လက်ကြိုးစားပြီး ဆရာတော်ရဲ့ တစ်ဘဝတာ ခရီး ဒုတိယအုပ် ထုတ်ဖို့ ဆန္ဒ ရှိပါတယ်၊ ဆရာတော်ရဲ့ တစ်ဘဝတာခရီးကို ဆောင်းပါးပုံစံ, စကားပြောပုံစံနဲ့ ရေးထားပါတယ်၊ ဆောင်းပါးတိုင်းရဲ့ အဆုံးမှာလည်း ကဗျာလေးတွေ သီကုံးထားပါတယ်၊ စာရှုသူတို့ ဆရာတော်ရဲ့ တစ်ဘဝတာ ခရီးကို ဖတ်ရှုရလို့ သဒ္ဓါပွားဖွယ်, ဗဟုသုတပွားဖွယ်, အတုယူဖွယ်, အားကျဖွယ်, သံဝေဂယူဖွယ်, သင်ခန်းစာယူဖွယ် အသွယ်သွယ်တို့ကို ရရှိလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

သာမဏေကျော်

တန်ဆောင်မုန်းလဆန်း (၃) ရက်၊ ၁၃၅၈ – ခု

(၁၃၊ ၁၁၊ ၉၆)

◆ ◆ ◆ ◆ ◆

http://www.dhammadownload.com

ဆရာတော်ကိုယ်တိုင် ရေးထားသော သူ့အကြောင်း

အရှင်ပဏ္ဍိတာဘိဝံသသည် သက္ကရာဇ် ၁၂၈၃ - ခုနှစ်၊ ဝါဆိုလဆုတ် (၉) ရက် ကြာသပတေးနေ့တွင် မဟာရန်ကုန် (ယခင် အင်းစိန်မြို့) တံတားကလေးရွာ ရွှေဘိုစု၌ ဖွားမြင်သည်၊ အရှင်ပဏ္ဍိတ၏ မိဘများမှာ ဦးဖေ၊ ဒေါ်ချစ်စု ဖြစ်သည်၊ သားသမီး (၁၀) ယောက် အနက် နဝမသား ဖြစ်သည်။

(၇) နှစ်သား အရွယ်တွင် မိဘများက ပဲခူးခရိုင်, ပဲခူးမြို့နယ်, ကော့ချဲကျေးရွာကျောင်း ဆရာတော် အရှင်ဇာဂရထေရ်ထံတွင် အပ်နှံ၍ သူငယ်တို့ တတ်သင့်သော ပညာတို့ကို သင်ကြားစေသည်၊ ကျောင်းသားအရွယ်ကပင် ပဲခူးခရိုင်, ကဝမြို့နယ်, အုန်းရွာ, ဒကွံဇာရုံ ရွှေကျင်တိုက် ပရိယတ္တိ အာဂုံစာပြန်ပွဲတွင် ပဌမငယ်နှင့် ပဌမလတ်တို့ကို ပြန်ဆိုအောင်မြင်ခဲ့လေသည်၊ (၁၂) နှစ်သားအရွယ်သို့ ရောက်သောအခါ ဆရာတော် အရှင်ဇာဂရထံ၌ပင် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ သာမဏေဘဝဖြင့် ကော့ချဲရွာကျောင်း စာချဆရာတော် အရှင်ဂန္ဓောဒယထံ၌ ပိဋကအခြေခံ ဖြစ်သော ဝိသုဒ္ဓါရုံကစ္ဆည်း - သုတ်စဉ် - သုတ်နက် - အဘိဓမ္မတ္ထ သင်္ဂဟကျမ်းတို့ကို သင်ကြားခဲ့သည်။

အသက် (၁၈) နှစ် အရွယ်တွင် ဆရာတော်၊ အရှင်ဇာဂရထေရ်၏ စေလွှတ်ချက်အရ ပဲခူးခရိုင်, ကျောက်တန်းကျေးရွာ, မဟာဇောဓိတောရ ကျေးဝူးရှင် ဆရာတော်ဘုရားကြီး အရှင် ကေလာသမဟာထေရ်ထံ၌ ရောက်ရှိလျက် မဟာဇောဓိတောရတိုက် ဓမ္မကထိက တိုက်အုပ်ဆရာတော် အရှင် ပဏ္ဍာဝ၊ ဂဏဝါစကများဖြစ်သော အရှင် နန္ဒိယ၊ အရှင် ပညာသိရီ၊ အရှင် ဩဘာသတို့ထံတွင် နေ့ဝါ-ညဝါ ဆိုင်ရာကျမ်းစာများကို ဆက်လက်သင်ကြားခဲ့သည်၊ ဤသို့ သင်ကြားနေရင်း ကျောက်တန်း, မဟာဇောဓိတောရတိုက်, ပရိယတ္တိ အာဂုံ စာပြန်ပွဲတွင် ပဌမကြီးတန်း

http://www.dhammadownload.com

ကို ဝင်ရောက် ပြန်ဆို အောင်မြင်ခဲ့လေသည်။

ရှင်ပဏ္ဍိတသည် အသက် (၂၀) ပြည့်သောအခါ (၁၃၀၂) ခုနှစ်၊ တပို့တွဲလဆန်း (၈) ရက်နေ့တွင် ကျောက်တန်းရွာ ဦးဘိုးဟန် – ဒေါ်သောင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် မဟာဗောဓိတောရတိုက် ခဏ္ဍသိမ်တော်ကြီး၌ ကျေးဇူးတော်ရှင် မဟာဗောဓိတောရဆရာတော်ပင် ဥပဇ္ဈာယ် ပြု၍ ရဟန်း ဖြစ်လေသည်၊ ရဟန်း ဖြစ်ပြီး (၁၀) လ အကြာတွင် ဒုတိယကမ္မာစစ်ကြီး ဖြစ်ပေါ်လာရာ စစ်ဘေးဒဏ်ကြောင့် ပရိယတ် သင်ကြားရေးမှာ ထင်သလောက် ခရီး မရောက်လှချေ၊ စစ်ပြီးကာလ ရဟန်း (၃) ဝါ ရသောအခါ ရန်ကုန်မြို့ သက်နိုးကျွန်း ကျိုက္ကစံ ရွှေကျင်တိုက်သစ် (ကျောက်တန်း မဟာဗောဓိတိုက်ခွဲ) ကျေးဇူးရှင် ဆရာတော် အရှင်သုစိန္တနှင့် ဂဏဝါစက အရှင်ဆန္ဒာဓိကတို့၏ ထံ၌ အထက်တန်း ပါဠိ, အဋ္ဌကထာ, ဋီကာစသည့် နှဝါ ညဝါကျမ်းစာတို့ကို ဆက်လက်လေ့လာအားထုတ် နေစဉ် ဒုတိယကမ္မာစစ်ပြီးရာ (၁၃၀၈) ခုနှစ်ချိန်အခါ၌ ရှေးဦးအစ ကျင်းပသော အစိုးရ ပါဠိပဋမပြန် စာမေးပွဲတွင် ပဋမလတ်တန်းကိုလည်းကောင်း၊ (၁၃၀၉) ခုနှစ်တွင် ပဋမကြီးတန်းနှင့် စေတိယင်္ဂဏပရိယတ္တိ သီးခြား စာသင်တန်း တို့ကိုလည်းကောင်း ဆက်ကာ ဆက်ကာ ဖြေဆိုအောင်မြင်လေသည်။

ယင်းသို့ မိမိအတွက် တစ်ဖက်မှ စာပေလေ့လာနေစဉ် အခြား တစ်ဖက်မှ လည်း စာသင်သားများအား အကူစာချအဖြစ်ဖြင့် စာပေပို့ချရင်း အချိန်ကို ကုန်လွန်စေခဲ့သည်၊ (၁၃၁၀) ခုနှစ်တွင် ပင်ပန်းလွန်းအား ကြီး၍ ၁ – နှစ် စာဖြေ အနားယူပြီး ကျိုက္ကစံ ရွှေကျင်တိုက်သစ် ဆရာတော် ညွှန်ကြားချက်အရ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်သစ်သို့ ပြောင်းရွှေ့နေထိုင်ပြီး ဇီးပင်ဆရာတော် အရှင်သုဇာတထေရ်ကို မှီခိုလျက် ဝိသုဒ္ဓါရုံ စည်ရှင်ဆရာတော် အရှင်ကောသလ္လ၊ ဂဏဝါစကများ ဖြစ်ကြသော အရှင် အာနန္ဒပญ္ဇိတ (ဗာရာဏသီဆရာတော်)၊ အရှင် သုဝဏ္ဏဇောတိ စသော မဟာထေရ် တို့ထံမှလည်းကောင်း မစိုးရိမ်တိုက်သစ် ဆရာတော် ဘုရားကြီးနှင့်တကွ ပဌာန်း ဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသ၊ အရှင်ဝိစိတ္တာဘိဝံသ၊ အရှင်စန္ဒောဘာသာဘိဝံသ တို့ ထံမှလည်းကောင်း စာချတန်းဆိုင်ရာ အထက်တန်းပါဠိ, အဋ္ဌကထာ, ဋီကာတို့ကို ဆက်လက်လေ့လာ ဆည်းပူးခဲ့လေသည်။

ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက်မှလည်းကောင်း, ဆရာကြီး ဦးအောင်မြတ်ထွဋ် (အရှင်အာဒိစ္စဝံသ) ထံမှလည်းကောင်း နိကာယ် အချို့ကို လေ့လာခဲ့သည့်အပြင် အထူးသဖြင့် သံလျင်, သပြေကန်, ဓမ္မိကာရာမတိုက် အရှင်ဝါသေဋ္ဌာဘိဝံသ (သီရောမဏ္ဍိဘွဲ့နှင့် ပရိတ်ကြီး နီသျှသစ် ကျမ်းပြုဆရာတော်)

http://www.dhammadownload.com

ထံမှလည်းကောင်း စာချတန်းဆိုင်ရာ နည်းနာတို့ကိုလည်း လေ့လာဆည်းပူးခဲ့လေသည်။

ယင်းသို့ အထက်တန်း စာပေတို့ကို ထင်ရှားသော ဆရာ အမျိုးမျိုးတို့ထံမှ လေ့လာဆည်းပူးလျက် အစိုးရ ဓမ္မာစရိယတန်းနှင့် စေတိယင်္ဂဏစာချတန်း တို့ကို ၁၃၁၁ - ခုနှစ်ကစ၍ ဖြေဆိုရာ ၁၃၁၁ - ခုနှစ်တွင် (သိရိပဝရဓမ္မာစရိယတန်း နှင့်သာသနဓဇသိရိပဝရဓမ္မာစရိယ နှစ်တန်းနှင့်) ၁၃၁၄ - ခုနှစ်တွင် စေတိယင်္ဂဏ စာချတန်းတို့ကို ဖြေဆိုအောင်မြင်ခဲ့လေသည်။ လေ့လာပြီးသော ပရိယတ္တိ နောက်တွင် လက်တွေ့ထိရောက်အောင် ပဋိပတ္တိလိုက်နိုင်မှသာ ဗုဒ္ဓသာသနာတော်မှာ ထောက်တည်ရာ ရလိမ့်မည် ဟု ယုံကြည်ရင်းရှိသည့်အတိုင်း ၁၃၁၂ - ခုနှစ်တွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကျေးဂူးရှင် မဟာစည်ဆရာတော်ဘုရားကြီးထံသို့ ချဉ်းကပ်ပြီး ဆရာတော်ဘုရားကြီး၏ သြဝါဒကို ခံယူကာ ကမ္မဋ္ဌာနာစရိယ အရှင်ဝိစာရ (ယခု ဝါးခယ်မမြို့ သာသနာ့ရိပ်သာ နာယကဆရာတော်) ၏ ညွှန်ကြားနည်းပေးမှု အတိုင်း သတိပဋ္ဌာန် ဝိပဿနာ ပဋိပတ္တိလုပ်ငန်းကိုလည်း ကြိုးပမ်းအားထုတ် ခဲ့လေသည်။

၁၃၁၂-ခုနှစ်မှစ၍ ကျေးဂူးရှင် ကျိုက္ကစံ ရွှေကျင်ဘိုက်သစ် ဆရာတော်ဘုရားကြီး၏ တာဝန်ပေးချက်အရ တိုက်တွင်း စာချတာဝန်ကို အားလုံးယူ၍ ပရိယတ္တိသာသနာလုပ်ငန်းကို ဆောင်ရွက်နေစဉ် ၁၃၁၆-ခုနှစ်တွင် ဆဋ္ဌသံဂါယနာ တင်ကိစ္စ, ပါဠိဝိသောဓကကိစ္စတို့ကိုလည်း ဆောင်ရွက်ခဲ့လေသည်။ ၁၃၁၇ - ခုနှစ် နယုန်လတွင် တိုက်တာစာချတာဝန်တို့ကို ချထားခဲ့ပြီး သတိပဋ္ဌာန် ဝိပဿနာ လုပ်ငန်းကို ထပ်မံ၍ ဆက်လက် လေ့လာဆည်းပူးရန် ကျေးဂူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီးထံသို့ ရောက်လာပြီး ဆရာတော်ဘုရားကြီး ပေးအပ်သော တာဝန်တို့ကို ဆောင်ရွက်လေသည်။

၁၃၂၀ - ခုနှစ်၊ နတ်တော်လဆုတ် ၁၂ - ရက် နေ့တွင် သီဟိုဠ်နိုင်ငံ ကိုလံဘိုမြို့၌ ကမ္မဋ္ဌာန်းဌာနသစ် ဖွင့်လှစ်ရန်အတွက် ကျေးဂူးရှင် မဟာစည် ဆရာတော် ဘုရားကြီးသည် အိန္ဒိယ၊ သီဟိုဠ်သို့ ကြွသွားတော်မူစဉ်က အရှင် ပဏ္ဍိတကို သီဟိုဠ်နိုင်ငံ ပဋိပတ္တိသာသနာပြုအဖွဲ့ဝင်အဖြစ်ဖြင့် ခေါ်သွားသည်။ ထိုအခါက အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓမြတ်စွာနှင့် စပ်ဆိုင်သော အရပ်ဒေသများသို့ ဘုရားဖူး လှည့်လည်ရင်း သွားရောက်ခဲ့ရသဖြင့် အရှင်ပဏ္ဍိတာဘိဝံသမှာ သာသနာရေး ဆိုင်ရာ ဒေသန္တရဇဟုသုတများကို ဆည်းပူးခွင့်ရခဲ့ပေသည်။

သီဟိုဠ်နိုင်ငံတွင် ပဋိပတ္တိ သာသနာပြု လုပ်ငန်းကို ဆရာတော် ဘုရားကြီး

http://www.dhammadownload.com

၏ ဩဝါဒအတိုင်း ကိုယ်စွမ်းရှိသမျှ, ဉာဏ်စွမ်း ရှိသမျှ သုံးနှစ်နီးပါး ဆောင်ရွက်နေဆဲမှာပင် ကျန်းမာရေး မပြည့်စုံသဖြင့် မြန်မာပြည်သို့ ပြန်ရောက်လာပြီးလျှင် ကျွးဋ္ဌးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ထံမှာပင် ဆန်းကျယ်နက်နဲလှသော ပရိယတ္တိ, ပဋိပတ္တိ နည်းနိသျများကို ကိုယ်တိုင်လည်း ဆက်လက်ဆည်းပူးရင်း ဆရာတော်ဘုရားကြီးထံ နည်းခံ၍ အားထုတ်ရန် လာရောက်ကြသော ရဟန်းတော်ယောဂီများနှင့် အမျိုးသားယောဂီများအားလည်း ဆရာတော်ဘုရားကြီး၏ ကိုယ်စားဟောကြားညွှန်ပြလျက် ရှိနေပေသည်။

ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသည် ရန်ကုန် သာသနာ့ရိပ်သာ နာယကတစ်ပါးဖြစ်၍ ဆရာတော်ဘုရားကြီး၏ အစီအစဉ်အရ မန္တလေးမြို့, ရတနာပုံသာသနာ့ရိပ်သာ၌ စောင့်ရှောက်နေထိုင်ရန် အလှည့်ကျသောကြောင့် ယခုအခါ ၁၃၁၅ - ခုနှစ်မှာ ရတနာပုံ သာသနာ့ရိပ်သာ၌ ပဓာနနာယက ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် စောင့်ရှောက်နေထိုင်လျက် သတိပဋ္ဌာန်ဝိပဿနာ ပဋိပတ္တိသာသနာကို ပြုစုလျက် ရှိပေသည်။

(မဟာစည်ပဋိပတ္တိသာသနာဝင် စာအုပ်ကြီးထဲမှ ကူးယူကာ ဖော်ပြလိုက်ပါတယ်။)

ကိုယ်တိုင်ရေး သူ့ဘဝ

ကိုယ်ဝိုင် ရေးထားတဲ့ သူ့ဘဝ၊
စုံစေ့လှပေစွ။
ဘဝခရီးမျှားစွာ ဖြတ်ခဲ့ရ၊
ဆရာကောင်းတွေနဲ့လည်း ကြုံတတ်ပ၊
ပြည်တွင်းမက ပြည်ပပါ
ဗုဒ္ဓသာသနာ ဖြန့်ခဲ့ရာ
သူ့စွမ်းအင်နဲ့ ညီအမျှ
လုပ်ငန်းတွေက အောင်မြင်ကြ။

http://www.dhammadownload.com

လူလောက

"ဆရာတော့်အကြောင်းကို ဆရာတော့်ညီမ ဒေါ်တင်ညွန့်က တပည့်တော်ကို စကားစပ်မိတဲ့အခါ ပြောပြောပြပြတယ်" ဆိုကာ သူမှတ်မိသမျှ ဆရာတော့်အကြောင်းတွေကို မစောယဉ်ဝင်းက စာရေးသူကို ပြောပြတယ်၊ မစောယဉ်ဝင်းက ဒေါ်တင်ညွန့်ကို တကယ့်မိခင်အရင်းပမာ ပြုစုစောင့်ရှောက်တာကို တွေ့ရတယ်၊ ဒေါ်တင်ညွန့်ကလည်း တကယ့်သမီးပမာ အားကိုးရှာတယ်၊ မစောယဉ်ဝင်းက ဆရာတော်ရဲ့ ညီမ ဒေါ်တင်ညွန့်ကိုသာ ခင်မင်ရင်းနှီးတာ မဟုတ်ဘူး၊ ဆရာတော်ရဲ့ ဆွေမျိုးတွေ အားလုံးကို ခင်တယ်၊ ရင်းနှီးတယ်၊ ကူညီဆောင်ရွက်ပေးရမယ့် ကိစ္စမှန်သမျှကိုလည်း ကူညီကာ ဆောင်ရွက်ပေးတယ်။

မစောယဉ်ဝင်းက ဆရာတော်အကြောင်းတွေ ပြောပြတော့ ဒေါ်တင်ညွန့်ကို မေးကြည့်ပြီး သူပြောပြတာတွေကို နားထောင်မှတ်သားကာ ရေးချင်စိတ်တွေ ဖြစ်လာတယ်၊ ဒါကြောင့် ရန်ကုန် မြောက်ဥက္ကလာပ ကျောက်ရေတွင်းရပ်ကွက်မှာ နေတဲ့ ဒကာမကြီး ဒေါ်တင်ညွန့်အလာကိုသာ မျှော်နေမိပါတယ်၊ ဒကာမကြီးခမျာလည်း မကျန်းမာရှာတော့ လာချင်ပေမယ့် ချက်ချင်း မလာနိုင်ရှာဘူး၊ သီတင်းကျွတ်ပြီးမှ ရောက်လာတယ်၊ ဒကာမကြီးရဲ့သား မောင်ကျော်နိုင်ရဲ့ သမီးလေး မဆုမြတ်မွန်လည်း ပါလာတယ်၊ ညဘက်မှာ ရိပ်သာက ကားနဲ့ ပါလာတယ်၊ ဒကာကြီး ဦးဌေးမြိုင်က ခေါ်လာတာပါပဲ။

ဒကာမကြီး ဒေါ်တင်ညွန့် ရောက်လာတော့ စာရေးသူအနားမှာ ဘုန်းကြီးဥုံးနန္ဒ, မစောယဉ်ဝင်း, ဦးဌေးမြိုင် တို့လည်း ရှိနေပါတယ်။

ဒကာမကြီး ဒေါ်တင်ညွန့်က သူမှတ်မိသမျှ ဆရာတော်နဲ့စပ်တဲ့အကြောင်းအရာတွေကို ဒီလို ပြောပြပါတယ်။

http://www.dhammadownload.com

"တပည့်တော်တို့မှာ မောင်နှစ်မ (၁၀) ယောက်ရှိတဲ့အထဲ တပည့်တော်က အငယ်ဆုံးပါ၊ ဆရာတော်က ကိုးယောက်မြောက်ပေါ့၊ တပည့်တော်ထက် ဆရာတော်က သုံးနှစ် ကြီးတယ်၊ တပည့်တော် အခါလည်သမီးမှာ အမေ ဆုံးတယ်၊ အမေက ရန်ကုန်မြို့ အင်းစိန်အပိုင် ကျောက်ရေတွင်းရွာမှာ ဆုံးတယ်၊ အမေ ဆုံးသွားတော့ တပည့်တော်တို့ အဖေ့ဇာတိဖြစ်တဲ့ ပဲခူးမြို့နယ် ကော့ချဲရွာကို ပြောင်းခဲ့ကြတယ်၊ တပည့်တော် (၇) နှစ်သမီးအရွယ်မှာ အဖေ ကွယ်လွန်ပါတယ်၊ အဖေက သူမသေခင် ဆရာတော်လောင်းလျာ ကိုမြဟန်ကို သက်နှံးဝတ်နဲ့ မြင်ချင်တယ်ဆိုလို့ ဆရာတော်ဟာ (၁၂) နှစ်သားအရွယ်မှာ ကော့ချဲ့ရွာမှာ သက်နှံးဝတ်ခဲ့တယ်၊ ကော့ချဲ့ရွာကျောင်းမှာပါပဲ၊ ကော့ချဲ့ရွာကျောင်း ဆရာတော်ရဲ့ လူနာမည်က ဦးပိန်တဲ့၊ အဲဒီကော့ချဲ့ဆရာတော်က အသားဖြူဖြူ ပိန်ပိန်သေးသေးပဲ၊ ကော့ချဲရွာက အိမ်ခြေ (၄/၅၀) လောက် ရှိတယ်၊ သူက သြဇာ သိပ်ရှိတယ်၊ စည်းကမ်း သိပ်ကောင်းတယ်။"

"ဆရာတော်ဟာ ကျောင်းသားဘဝနဲ့လည်း အဲဒီကော့ချဲရွာ ဆရာတော် (ဥူးဇာဂရ) ထံမှာ နေခဲ့တယ်၊ ဆရာတော်လောင်းလျာဟာ ကိုရင်ဝတ်ပြီး (၂) နှစ်, (၃) နှစ်လောက်ကြာတော့ လူထွက်တယ်၊ လူထွက်လာတဲ့ ကိုမြဟန်ဟာ သူ့အစ်ကို ကိုအောင်ကြီးနဲ့အတူ ရန်ကုန်မြို့, ဆူးလေးဘုရားလမ်းမှာ ရှိတဲ့ ဆရာကြွယ်ရဲ့ ဆေးတိုက်မှာ နေပြီး ဆေးလှည့်ရောင်းသေးတယ်၊ ကိုမြဟန်က ဆေးလှည့်ရောင်းရင်း ကုလားက လမ်းပိတ်ဆို့ထားလို့ လမ်းဖယ်ခိုင်းတော့ ကုလားက ဖယ်မပေးဘူး၊ ဒါနဲ့ လန်ချားကုလားနဲ့ စကားများတယ်၊ ကုလားက လွန်လာတော့ ကိုမြဟန်က ကုလားကို အုတ်ခဲနဲ့ ထုတယ်၊ ကုလား ခေါင်းပေါက်သွားတယ်၊ ဆရာကြွယ်က ကုလား ခေါင်းပေါက်တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ကိုမြဟန်ကို မာန်တယ်၊ ကိုမြဟန်က ဆရာကြွယ်ဆီက ထွက်ခဲ့တယ်၊ အစ်ကို ကိုအောင်ကြီးလည်း ထွက်ခဲ့တယ်၊ ထွက်ပြီး ကော့ချဲရွာကို ပြန်သွားကြတယ်။"

"တပည့်တော်တို့ အမေ ရှိတုန်းကတော့ စီးပွားရေး အဆင်ပြေကြပါတယ်၊ အဖေ မသေခင် အဖေ ကျန်းမာရေး မကောင်းဖြစ်ခဲ့တယ်၊ အကြာကြီး ဆေးကုခဲ့ရတယ်၊ ဆေးကုရလို့ ရှိထားတဲ့ ရွှေငွေတွေ ကုန်သလောက် ဖြစ်ခဲ့တယ်။ အဖေ သေတော့ တံတားလေးရွာကို ပြန်ပြောင်းခဲ့တယ်။"

"ဒကာမကြီးတို့ ငယ်ငယ်ရွယ်ရွယ်မှာ မိဘတွေ ကွယ်လွန်ကြတာ ဆိုတော့ တော်တော် ကသီရှာမှာပဲနော် " တဲ့။

ဘုန်းကြီး ဥူးနန္ဒက ကရုဏာသက်စွာနဲ့ မှတ်ချက်ချနေတယ်။

ဒကာမကြီး ဒေါ်တင်ညွှန့်က "မှန်ပါဘုရား" လို့ လျှောက်ကာ ဆက်ပြောပါတယ်။

http://www.dhammadownload.com

"အစ်ကိုကြီးတော့ အဖအရာ, အစ်မကြီးတော့ အမိအရာ ဆိုတဲ့စကား အတိုင်းပါပဲဘုရား၊ အစ်ကိုကြီး ကိုအုန်းမောင်က တပည့်တော်တို့ မောင်နှမတစ်တွေရဲ့ ကျွေးဖေဖေပါပဲဘုရား၊ သူက လယ်လုပ်ပြီး ကျွေးတယ်၊ အစ်မကြီး မမဆိတ်ကတော့ တပည့်တော်တို့ရဲ့ ကျွေးမေမေပါပဲ၊ အဖေ သေပြီး အစ်ကိုကြီး, အစ်မကြီးတို့က တပည့်တော်တို့ကို ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ပါတယ်၊ မမဆိတ်က တပည့်တော်နဲ့ ကိုမြဟန်ကို ချစ်ချစ်ခင်ခင် နေကြဖို့ အမြဲ ဆုံးမတယ်။"

"မောင်မြဟန်နဲ့ ဒကာမကြီးတို့ မောင်နှမ (၂) ယောက် ငယ်ငယ်က အကြောင်းလေးတွေ မှတ်မိသေးလား၊ မှတ်မိရင် မှတ်မိသလောက် ပြောပြပါ" လို့ စာရေးသူက ပြောလို့ ဒကာမကြီး ဒေါ်တင်ညွန့်က ဒီလို ပြောပြပါတယ်။

"တပည့်တော်တို့ မောင်နှမ (၂) ယောက်ဟာ တစ်ယောက် လက် - တစ်ယောက် ဆွဲပြီး ကော့ချဲရွာမှာ သရက်ပင်တွေအောက် သွားပြီး သရက်သီးလေးတွေ ကောက်ခဲ့ကြတယ်၊ ကောက်ပြီး အဲဒီ သရက်သီးလေးတွေ ရောင်းခဲ့တယ်၊ ရောင်းပြီးရတဲ့ ပိုက်ဆံနဲ့ မုန့်ဝယ်ပြီး စားကြတယ်၊ ကော့ချဲရွာမှာ ကောက်စိုက်ပွဲတွေ ရှိတယ်၊ အဲဒီ ကောက်စိုက်ပွဲတွေကိုလည်း မောင်နှမ (၂) ယောက် လက်ကို ဆွဲပြီး သွားကြည့်ကြတယ်၊ တပည့်တော်တို့ မောင်နှမ (၂) ယောက်က အခြားကလေးဖော်တွေနဲ့ လိုက်တန်း, ပြေးတန်း ထုတ်စီးထိုး ကစားနည်းနဲ့ ကစားခဲ့ကြတယ်၊ အမေ မသေခင်က မချစ်ယုရဲ့ ကလေး (၃) ယောက်နဲ့ အဖိုးခရဲ့ ကလေး (၄) ယောက်ကိုပါ အမေက ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့တယ်တဲ့၊ အမေ ရှိတုန်းက ဒေါင်းနန်းတွေနဲ့ ထမင်းစားကြရတယ်၊ (၄) ယောက် ဆိုင်ပြီး စားကြရတယ်၊ လက်ရေ တစ်ပြင်တည်းပေါ့၊ အမေ သေတော့ ကော့ချဲရွာ ရောက်တဲ့အခါမှာတော့ ဒေါင်းနန်းနဲ့ မစားကြရတော့ပါဘူး။"

"တပည့်တော်တို့ အဖိုး ဦးရစ် (အမေရဲ့အဖေ) က ဆံပင်ကို ရောင်ထုံးထုံးထားတယ်၊ သူမြေးတွေကိုလည်း ရောင်ထုံးထားပေးတယ်၊ မောင်မြဟန်က အဖိုးမသေခင်က ရောင်ထုံးနဲ့ပဲ၊ အဖိုး သေမှ အဖေက ဗိုလ်ကေနဲ့ ထားပေးတယ်။"

"ဒကာမကြီးက ညီအစ်ကို, မောင်နှမတွေထဲမှာ ဘယ်သူကို အခင်ဆုံးလဲ"

"အားလုံးကို ခင်ပါတယ်၊ ဆရာတော်ကိုတော့ ပိုခင်တာပေါ့၊ ကိုမြဟန်က တပည့်တော်ကို တစ်ခါမှ မမာန်ဘူး၊ မငေါက်ဘူး၊ မရိုက်ဘူး၊ ကိုမြဟန်က စားစရာလေးတွေ ရလာခဲ့ရင်လည်း တပည့်တော်အတွက် ချန်, ချန်လာပြီး ကျွေးလေ့ရှိတယ်၊ ကိုမြဟန်က ဒီပြင်လူတွေကိုလည်း အနိုင်မကျင့်ဘူး၊ မစော်ကားဘူး၊ ရှောင်တယ်။"

"မောင်မြဟန်က ဘယ်အချိန်မှာ ကိုရင် ပြန်ဝတ်လဲ။"

http://www.dhammadownload.com

"အသက် (၁၄) နှစ်လောက်မှာ ပြန်ဝတ်တယ်၊ သူ့အစ်ကို ကိုအောင်ကြီးက ရှင်ဒကာ ခံတယ်၊ ကိုရင်ဝတ်ပြီး ကျောက်တန်းမှာပဲ နေတော့တယ်၊ ကော့ချဲကို ပြန်မလာတော့ဘူး။"

"ဆက်ပြီး လျှောက်ရအုံးမယ်၊ ကိုမြဟန်နဲ့ ကိုအောင်ကြီးတို့ ဆရာကြွယ်ဆေးတိုက်မှာ အလုပ်လုပ်နေတုန်းက တပည့်တော်က တပည့်တော်ရဲ့အစ်မ မမဆိတ်နဲ့ ကော့ချဲရွာမှာ အတူနေတယ်။ ကိုမြဟန်နဲ့ ကိုအောင်ကြီးက သူတို့ညီမတပည့်တော်ကို လွမ်းလို့ ခေါ်ပေးပါဆိုလို့ ကော့ချဲရွာကနေ ရန်ကုန် တံတားလေးရွာကို ပြန်လာရတယ်၊ အစ်ကိုကြီး ကိုအုန်းမောင်အိမ်မှာ နေတယ်။"

"တစ်ခါတော့ နာဂလို့ဏ်ဂူကုန်းမှာ ဘုရားတည်တော့ ဇာတ်ပွဲတွေကျင်းပလို့ တပည့်တော်က ပွဲ (၃) ည သွားကြည့်တယ်၊ ပွဲကြည့်ပြန်လာပြီး မနက်ရောက်တော့ အိပ်ချင်မူးတူးနဲ့ ထမင်းအိုး တည်တယ်၊ မီးဖိုနားမှာ ရှိတဲ့ ထင်းရှူးသေတ္တာကို မှိပြီး မှိန်းအိပ်နေတယ်၊ ထမင်းအိုးက ပွက်နေတယ်၊ ထမင်းအိုးက " ဗွက်, ဗွက်, ဗွက်, ဗွက် " နဲ့ မည်နေတာကို တပည့်တော်က အိပ်ချင်မူးတူး ဖြစ်နေတာမို့ ဆိုင်းတီးနေတယ်လို့ ထင်နေမိတယ်၊ အစ်ကိုကြီး ကိုအုန်းမောင်က "ကောင်မလေး မှိုင်းစော်ညော်တယ်"လို့ ပြောတယ်၊ ကြည့်လိုက်တော့ တပည့်တော်ရဲ့ လက်က လက်ရည်အက်ကို မီးလောင်နေတယ်၊ အစ်ကိုကြီး ကိုအုန်းမောင်က တပည့်တော်ကို ရိုက်တယ်၊ နားက သွေးတွေ ထွက်လာတယ်၊ ထဘီကို စွန်တောင် ဆွဲပြီး နားကို ပိတ်ကာ ကိုမြဟန်နဲ့ ကိုအောင်ကြီးရှိရာကို သွားတိုင်တယ်၊ အဲဒီတော့ အစ်ကိုလေး (၂) ယောက်က အစ်ကိုကြီးကို ကိုယ့်ညီမလေးကို ဒီလောက် ရိုက်ရမလားလို့ ဆိုပြီး ပြန်ပြောကြတယ်။"

"သြော် . . . မောင်မြဟန်က ငယ်ငယ်ထဲက ရိုက်တာကို မကြိုက်ဘူးနော်၊ ဆရာတော် ဖြစ်လာတော့လည်း တပည့်တွေကို ဆုံးမတယ်၊ ကလေးတွေကို မရိုက်နဲ့၊ မငေါက်နဲ့၊ မမာန်နဲ့ တဲ့။"

"တပည့်တော် အရိုက်ခံရတာလည်း တပည့်တော့် အပြစ်ကြောင့်ပါပဲ၊ အစ်ကိုကြီး ကိုအုန်းမောင်ရဲ့ အပြစ် မဟုတ်ပါဘူး၊ တပည့်တော်ရဲ့ အစ်ကို, အစ်မတွေဟာ တပည့်တော်အပေါ်မှာ ကျေးဇူးကြီးပါပေတယ်၊ သူတို့ကိုနေ့တိုင်း အမျှဝေပါတယ်၊ ဆရာတော်ကိုတော့ အိမ်ကနေပြီး အမြဲ မေတ္တာပို့တယ်၊ အမြဲ ကန်တော့တယ်။"

"ဒကာမကြီးက မောင်မြဟန်ကို ဘယ်လိုအခါမျိုးမှာ အသနားဆုံးလဲ။"

ဒကာမကြီး ဒေါ်တင်ညွှန့်ကို အဲဒီလို မေးလိုက်တဲ့အခါ အချိန်ဖင့်နွဲခြင်း မရှိဘဲ ဖြေလိုက်ပါတယ်၊ ဖြေတော့မယ် ဆိုရင်ပဲ ဒကာမကြီးရဲ့ မျက်နှာမှာ စိတ်မကောင်းတဲ့

http://www.dhammadownload.com

အရိပ်အရောင်တွေ သန်းလာတယ်၊ အသံကလည်း ပြောနေကျပုံမှန်အသံ မဟုတ်တော့ဘူး၊ ကျကွဲသံလေး နှောလာတယ်၊ အားတင်းပြီး ကြိုးစားကာ ဒီလို ပြောပါတယ်။ "

"ဆရာတော်က ကျောက်တန်းရွာ မဟာဗောဓိတောရကျောင်းမှာ ကိုရင်ဘဝ, ဥူးဇင်းငယ်ဘဝနဲ့ နေသွားတယ်၊ ကျောက်တန်းရွာ မဟာဗောဓိတောရကျောင်းမှာ ရဟန်းငယ်ဘဝနဲ့ နေတုန်းက တပည့်တော်မ အကျိုချုပ်ဝတ်ဖို့ တပည့်တော်ရှိရာ ကော့ချွဲရွာကို ပဒုမ္မာပိတ်စလေး ပို့ပေးတယ်။ "

"ပဒုမ္မာပိတ် "လို့ ပြောရင်း ဒကာမကြီး ဒေါ်တင်ညွှန့်ရင်ထဲမှာ ဆို့လာပုံရပါတယ်၊ စကားဆက်ပြောဖို့ အားယူနေရတယ်၊ ဝမ်းနည်းနေပုံရတယ်၊ ငိုသံပါလာတယ်၊ မျက်ရည်လေးတွေ စို့လာတယ်၊ နားထောင်နေရတဲ့သူတွေလည်း သနားလာကြတယ်။

ဒကာမကြီး စိတ်ပြောင်းသွားအောင် ရည်ရွယ်ကာ မေးလိုက်ပုံရပါတယ်၊ မစောယဉ်ဝင်းက "အဲဒီပဒုမ္မာပိတ်ကို ဘယ်ကနေ ပို့ပေးတာလဲ၊ ကျောက်တန်းရွာက နေလား၊ မန္တလေးကနေလား"လို့ မေးလိုက်တယ်၊ ဒကာမကြီးက စိတ်ပြောင်းသွားပုံ ပေါ်ပါတယ်၊ ဒကာမကြီးက ပုံမှန်အသံနဲ့ ဖြေလိုက်တယ်၊ "ကျောက်တန်းရွာ မဟာဗောဓိတောရကျောင်းကပါ "တဲ့။

ဘုန်းကြီး ဥူးနန္ဒက ဝင်ပြီး မေးပြန်တယ်။

" အဲဒီပဒုမ္မာပိတ်က ဘယ်က ရတာတဲ့လဲ "

" သူ့ခြင်ထောင်က ဆုတ်ဖြဲပြီး ပေးလိုက်တာ" တဲ့။

" ဩော် . . . . ဒကာမကြီးရဲ့ အစ်ကို ဥူးဇင်းက သူ့ညီမလေးကို သိပ်ပြီး ချစ်တာပဲနော်။ "

စာရေးသူက အံ့သြစကား ဆိုမိပါတယ်။

ဘုန်းကြီး ဥူးနန္ဒာကတော့ "ဒကာမကြီးအပေါ် ဆရာတော်ထားရှိတဲ့ မေတ္တာစေတနာတွေ ပေါ်လွင်တာပေါ့" လို့ မှတ်ချက်ချနေတယ်။

ဒကာမကြီးရဲ့ စိတ်ထဲမှာ ဆရာတော်ရဲ့ မေတ္တာ စေကနာတွေကို တွေးကာ ဝမ်းနည်းစိတ်ကို မျိုသိပ်နိုင်အောင် ကြိုးစားပေမယ့် နိုင်ပုံမပေါ်ပါဘူး၊ ဝမ်းနည်းသံက ပိုများလာတယ်၊ မျက်ရည်တွေကို မဆယ်နိုင်ရှာဘူး။

မစောယဉ်ဝင်းက ဒကာမကြီးရဲ့စိတ်ကို ထပ်ပြီး ပြောင်းအောင် ကြိုးစားလိုက်ပြန်တယ်။

" ဥူးဇင်းရယ် . . . . . အဲဒီပဒုမ္မာပိတ်စက ပါးပါးလေးဆိုတော့

http://www.dhammadownload.com

ဝတ်လို့ကောင်းပယ်၊ အေးတယ်၊ ဥူးဇင်း တွေ့ဖူးမှာပါ " တဲ့။

ဒကာမကြီး ဒေါ်တင်ညွန့်က မစောယဉ်ဝင်း ပြောတာကို စူးစိုက်ပြီး နားထောင်နေရှာတယ်၊ စိတ် ပြောင်းသွားပြီ ထင်ပါရဲ့၊ မျက်နှာရော အသံပါ ပုံမှန် ဖြစ်လာပါတော့တယ်။

ဒကာမကြီး ဒေါ်တင်ညွန့်က သူ့ရင်ထဲမှာ ခြင်ထောင်က ဆုတ်ပေးလိုက်တဲ့ ပဒုမ္မာပိတ်စလေးက နှင့်ကနဲ ဖြစ်သွားအောင် ခံစားမှု ပေါ်ပေါက်စေခဲ့ပုံရပါတယ်၊ ဒါကြောင့်လည်း အဲဒီအချိန်ကို သူ့အစ်ကိုကို အသနားဆုံးအချိန်အဖြစ် သတ်မှတ်ထားတာ ဖြစ်ပေလိမ့်မယ်။

ဒကာမကြီး ဒေါ်တင်ညွန့်မှာ နှင့်ကနဲ နေအောင် ခံစားရမယ်ဆိုလည်း ခံစားထိုက်ပါပေတယ်၊ ကြားရသူတွေရဲ့ ရင်ကိုပါ တုန်သွားအောင် လှုပ်ခါသွားစေပါတယ်၊ မစောယဉ်ဝင်းကတော့ ကြားဖူးပြီးသားမို့လေလား , ဒကာမကြီးဒေါ်တင်ညွန့် စိတ်ပြောင်းသွားအောင် ရည်ရွယ်လို့လေလား မပြောတတ်၊ မစောယဉ်ဝင်းမှာတော့ သဘောကျကာ တဟားဟား ရယ်နေလေရဲ့၊ ကျန်တဲ့ နားထောင်သူတွေပါ " ငိုအားထက် ရယ်အားသန် " ဆိုတာလို ရောပါကာ ရယ်မိကြလေရဲ့။

လှုံ့လောက

ငယ်ငယ်က အကြောင်း
ပြန်ပြောင်းပြောပြ
နားထောင်ရတာ
ကောင်းလှပါ၏။

ဝမ်းသာဖွယ်ရော
ဝမ်းနည်းဖွယ်ရော
စုံရောနှောပါ၏။
အပြောကျယ်စွ
လှုံ့လောက။

○ ○ ○ ○ ○

http://www.dhammadownload.com

ညီမလေး

"ဒကာမကြီး . . . ဒကာမကြီးတို့ ဆွေမျိုးတစ်သိုက် ဆရာတော်ရဲ့ မွေးနေ့အလှူမှာ လာတာ တွေ့ရပါတယ်၊ (၄) နှစ်လောက် ရှိသွားပြီ၊ ဆရာတော်ရဲ့ ဆွေမျိုးတွေ ဒီလို သိုက်သိုက်ဝန်းဝန်း မမြင်ဖူးလို့ မြင်ရတာ ဝမ်းသာမိတယ်၊ ဒီလို ဆွေမျိုးတွေ သိုက်သိုက်ဝန်းဝန်း မတွေ့ရခင်က ဆရာတော်က ဆွေမျိုးတွေကို ခပ်စိမ်းစိမ်းပဲ နေတယ်နဲ့တူတယ် လို့ တွေးမိတယ်။"

ဆရာတော်ရဲ့ ညီမအရင်း ဒေါ်တင်ညွန့်ကို စာရေးသူက ပြောတယ်၊ ဒကာမကြီး ဒေါ်တင်ညွန့်က စာရေးသူကို ပြန်ပြောတယ်။

"ဆရာတော်က သူ့မွေးနေ့ အလှူအဖြစ် မလုပ်လိုဘူး၊ ကွယ်လွန်သွားကြတဲ့ မိဘ, အစ်ကိုကြီး, အစ်ကိုလေး, အစ်မ, ဒေါ်လေး, ဒေါ်ကြီး စတဲ့ ဆွေမျိုးတွေကို ရည်းစူးပြီး ကုသိုလ်ပြုတာပါပဲ၊ အမျှဝေတာပါပဲ၊ ဆရာတော်က သူ့ဆွေမျိုးတွေကို လောကသွေး သာမက ဓမ္မသွေးနဲ့ပါ တော်စပ်စေချင်တယ်၊ ဒါကြောင့် အဲဒီလာကြတဲ့ ဆွေမျိုးတွေထဲက တရားအားမထုတ်ရသေးတဲ့ ဆွေမျိုးတွေကို တရားအားထုတ်စေချင်တယ်၊ သတိပဋ္ဌာန်တရားကို ကျေနပ်အောင် အားထုတ်မှ သာသနာနဲ့ တွေ့ရကျိုး, လူဖြစ်ရကျိုး နပ်မှာတဲ့၊ လောကသွေးတော်စပ်ရုံနဲ့ မပြီးသေးဘူး၊ ဓမ္မသွေးနဲ့ပါ တော်စပ်ဖို့ လိုသေးတယ်လို့ ဆရာတော်က အမိန့်ရှိပါတယ်၊ ဆရာတော်ရဲ့ သိက္ခာသမာဓိကြောင့် တည်တည်နေတဲ့ အနေအထားကို ကြည့်ရင်တော့ စိမ်းတယ်လို့ ထင်ချင်ထင်မှာပေါ့ ဘုရား၊ ဒါပေမယ့် စိတ်ထဲကတော့ သူ့ဆွေမျိုးတွေအပေါ် မေတ္တာထားနေတာပါပဲ ဘုရား။"

"ဒကာမကြီး . . . . ဒကာမကြီးကကော ဘယ်တုန်းက တရား အားထုတ်ပြီး တာလဲ၊ ဘယ်ကမ္မဋ္ဌာန်း ဆရာထံ အားထုတ်ခဲ့တာလဲ၊ ဘယ်လောက် ကြာအောင်

http://www.dhammadownload.com

အားထုတ်ခဲ့တာလဲ။ "

"ဆရာတော် မန္တလေး စိန်ပန်းရိပ်သာမှာ (၂) နှစ်ကြာအောင် နေခဲ့ပါတယ်။ ဆရာတော် မန္တလေး ကြွဖို့ ဆရာတော်ဘုရားတွေကို ကားပေါ် သယ်ပြီး တင်ပေးတုန်း "တပည့်တော် မန္တလေးလိုက်ပြီး တရားအားထုတ်ချင်တယ်ဘုရား "လို့ တပည့်တော်က လျှောက်တယ်၊ ဆရာတော်က "ဖြစ်ပါ့မလား"လို့ မေးတယ်၊ သုံးရက် စဉ်းစားခိုင်းတယ်၊ ပြီးတော့ "တကယ် တရားအားထုတ်ဖို့ စိတ်ပိုင်းဖြတ်ပြီးရင် မန္တလေး ရောက်လို့ နေသားတကျ ဖြစ်တဲ့အခါ သံကြိုးလှမ်းရိုက်လိုက်မယ်၊ အဲဒီ အခါ လာခဲ့ကြ"လို့ မိန့်သွားတယ်၊ ဆရာတော် မန္တလေးက သံကြိုးလှမ်းရိုက်တော့ တပည့်တော်ရယ်, အစ်ကိုကြီး ကိုအုန်းမောင်ရဲ့ သမီး မထွေးကြည်ရယ် (၂) ယောက် သွားပြီး တရားအားထုတ်ခဲ့ကြတယ်၊ (၄) လ ကြာတယ်၊ ဆရာတော်ပဲ တရားစစ်ပါတယ်၊ အဲဒီတုန်းက မထွေးကြည်က အိမ်ထောင်မကျသေးဘူးဘုရား၊ (၄) လ အားထုတ်ပြီးတဲ့အခါ ဆရာတော်က တပည့်တော်တို့ကို အားရလား၊ အားမရသေးရင် ထပ်အားထုတ် "လို့ အမိန့်ရှိတယ်။"

"ဒကာမကြီး . . . စိန်ပန်းရိပ်သာမှာ အားမထုတ်ခင်ကကော အားထုတ်ဖူးဘူးလား။ "

"မဟာစည်သာသနာ့ရိပ်သာထဲမှာ ဆရာတော့်ထံပဲ အားထုတ်ဖူးပါတယ်ဘုရား၊ အဲဒီတုန်းက တစ်ပတ်, ဆယ်ရက်လောက်ပဲ အားထုတ်ပြီး ပြန်ပြန်သွားတယ်၊ ကျန်းမာရေး မကောင်းလို့လို့ အကြောင်းပြပြီး ပြန်သွားတာ၊ ဆရာတော်က "မပြန်နဲ့၊ ဒီမှာ ဆရာဝန်တွေ ရှိတယ်၊ ဆရာဝန်တွေနဲ့ ကု "လို့ ပြောပြီး တားသေးတယ်၊ တပည့်တော်က တကယ်တော့ ကျန်းမာရေး မကောင်းလို့ မဟုတ်ဘူးဘုရား၊ ပျင်းလို့ဘုရား၊ အဲဒီလို တစ်ပတ်, ဆယ်ရက်လောက်ပဲ အားထုတ်ပြီး ပြန်သွားတာ (၃) ခါ, (၄) ခါလောက် ရှိပါတယ်။ "

"မန္တလေးမှာ အားထုတ်ပြီးတဲ့ နောက်ပိုင်းမှာကော အားထုတ်ဖြစ်သေးလား ဒကာမကြီး။

"အားထုတ်ဖြစ်ပါတယ်ဘုရား၊ တခါတရံ တစ်လ, တခါတရံ ရက် (၄၀) မဟာစည်သာသနာ့ရိပ်သာမှာ အားထုတ်ဖြစ်ပါတယ် ဘုရား။ "

" ဒကာမကြီးတို့ အိမ်ကို ဆရာတော် ကြွဖူးလား။ "

" နှစ်ခါတော့ ကြွဖူးပါတယ်ဘုရား၊ တပည့်တော်ရဲ့ သားတစ်ယောက် ဆုံးတုန်းက တစ်ခါ၊ နောက်တစ်ခါကတော့ တပည့်တော် အပြင်းအထန် နေမကောင်းတုန်းကပါ ဘုရား။ "

http://www.dhammadownload.com

" ဆရာတော်ထံ သွားတဲ့အခါ ဆရာတော်က ဒကာမကြီးကို ဘယ်လို စကားတွေများ အမိန့်ရှိပါသလဲ။ "

" ဆရာတော်က သိပ်ပြီး စကားမပြောပါဘူးဘုရား၊ "ဘယ်တုန်းက လာလဲ၊ ကျန်းမာရေး ဘယ်လို နေလဲ၊ ကျန်းမာရေး ဂရုစိုက် " ဒါလောက်ပဲ ပြောပါတယ် ဘုရား၊ တစ်ခါက တပည့်တော်တစ်ယောက်တည်း ဆရာတော့်ထံ သွားတယ်၊ အဲဒီ အခါ ဆရာတော်က ပြောတယ်၊ " နောင် လာရင် အဖော်နဲ့ လာခဲ့ " တဲ့၊ ဝိနည်းအရ ပြောတာပေါ့ဘုရား၊ နောင်အခါ ဆရာတော်ထံ သွားရင် မစောယဉ်ဝင်း အမြဲပဲ ပါတယ်ဘုရား။ "

"တစ်ခြား ဆွေမျိုးတွေကော တရားအားမထုတ်သေးရင် သူတို့ကို ဘယ်လို ဆရာတော်က ပြောတတ်လဲ။ "

" တစ်ခါက ဆရာတော်ရဲ့ တူမငယ်က ဆရာတော်ကို ဆွမ်းဘဉ်းပေး ကြွဖို့ ပင့်လျှောက်ကြတယ်၊ အဲဒီအခါ ဆရာတော်က ဆွမ်းတော့ ဘဉ်းပေးချင်ပါ တယ်၊ ဒါပေမယ့် တရားအားမထုတ်သေးရင်တော့ ဆွမ်းဘဉ်းပေးမလိုက်လိုဘူး လို့ မိန့်လိုက်တယ် "တဲ့။

ညီမလေး

ဆရာတော့်အလို
ဆွေမျိုးတွေကို
ဓမ္မသွေးပါ စပ်စေလို၊
ညီမလေးကား
ဓမ္မသွေးလည်း စပ်သွား၊
အခြားဆွေမျိုးများလဲ
ညီမလေးလိုပဲ
ဓမ္မသွေးစပ်ဖို့ အားခဲ။

http://www.dhammadownload.com

အဖိုးနဲ့အဖေ

ဦးရစ် – တဲ့၊ ရွှေဘိုသား – တဲ့၊ သတ္တိကောင်းတယ်၊ ဆံပင်လည်း ကောင်းတယ် တဲ့၊ အင်္ဂလိပ်ခေတ်မှာ အင်္ဂလိပ်အစိုးရကို ပုန်ကန်ရင်း ထွက်ပြေး တိမ်းရှောင်ကာ ရန်ကုန်မြို့ အင်းစိန်အပိုင် တံတားလေးရွာကို ရောက်လာတယ်၊ တံတားလေးရွာက အဲဒီတုန်းက တောကြီးပဲ၊ ဦးရစ်တို့ ဆွေးမျိုးတစ်စုက ရှင်းပြီး လယ်လုပ်ကြတယ်၊ ရွှေဘိုသားတွေ စုနေကြလို့ "ရွှေဘိုစု၊ ရွှေဘိုစု "နဲ့ ခေါ်ကြတယ်၊ ဦးရစ်ရဲ့ ခြံက အကျယ်ကြီးပဲ၊ တံတားလေးရပ်ကွက်ကို ဖျက်ပြီး ယခုတော့ မြောက်ဥက္ကလာပ (၁) ရပ်ကွက် ဆိုပြီး အကွက်ရိုက် ချပေးထားတယ်၊ ဦးရစ်ရဲ့ ခြံက အခု စာသင်ကျောင်းနေရာပေါ့၊ စွယ်တော်မြတ်စေတီနဲ့ တည့်တည့်ပဲ။

ဦးရစ်က သွားလေရာ သူမားကို ယူသွားလေ့ရှိတယ်၊ သူက ရန်သူ အင်္ဂလိပ်ကို ခုခံကာကွယ်ရာမှာ သူမားကို သိပ်အားကိုးတယ်၊ အင်္ဂလိပ်က သူ့ကို လိုက်ရှာဖွေကာ ဖမ်းဖို့ ကြိုးစားတဲ့အခါ လက်ခုပ် တစ်ပေါင်လောက်ရှိတဲ့ စည်းရိုးကို သူမားကို ထောက်ကာ ခုန်တယ်၊ ဆံပင်ကို ဖားလျားချကာ ခုန်ထွက်သတဲ့၊ ဦးရစ်ရဲ့ လက်မောင်းမှာ အပ်တွေလည်း မြှုပ်ထားတယ် ဆိုပဲ၊ ဦးရစ်သေတော့ အဲဒီအပ်တွေကို ဖော်ပြီး ယူကြသတဲ့။"

ဦးရစ်ဆိုတာ ဆရာတော်ရဲ့ အဖိုးပေါ့၊ ဆရာတော့်အမေရဲ့ အဖေပဲ၊ ဒါကြောင့် ဆရာတော့်ရဲ့ အမေ ဒေါ်ချစ်စုက ရွှေဘိုသူပေါ့။

သတ္တိကောင်းတဲ့ ရွှေဘိုသား အဖိုး ဦးရစ်အကြောင်းကို သူမြေး ဆရာတော်ကလည်း စိတ်ဝင်းစားတယ်၊ အဖိုး ဦးရစ်အကြောင်း သိတဲ့ သူနဲ့ တွေ့ရင် ဦးရစ်အကြောင်း ပြောပြနိုင်ရင် ပြောပြစမ်းပါလို့ ဆရာတော်က တိုက်တွန်းသတဲ့၊ ဦးရစ်ရဲ့

http://www.dhammadownload.com

မြေး ဒေါ်တင်ညွှန့်ကရော ဦးရစ်ရဲ့မြစ် (ဦးရစ် သား – ဦးဖိုးခရဲ့ သမီး –ဒေါ်သန်းသန်း ရဲ့ သား) ဦးဌေးမြိုင်ကရော ဦးရစ် အကြောင်းကို ရယ်ကာမောကာ သဘောကျစွာနဲ့ ပြောပြတတ်ကြတယ်။

ဒကာမကြီး ဒေါ်တင်ညွှန့်က သူ့အဖေ ဦးဖေ အကြောင်းကိုတော့ ဒီလို ပြောပြပါတယ်။

"အဖေက ပဲခူးတိုင်း, ပဲခူးမြို့နယ်, ကော့ချဲ့ရွာသားပါ၊ အဖေက သူ့အဖေ သေသွားတော့ သူ့အမေ မုဆိုးမကို လုပ်ကျွေးနေတယ်၊ သူတစ်ပါးရဲ့ ကျွဲတွေကို ကျောင်းပေးတဲ့ အလုပ် လုပ်ခဲ့ရတယ်၊ ကျွဲကျောင်းတဲ့အခါ ကျွဲကို ဘတ်ခွနဲ့ ပစ်လို့ ကျွဲရဲ့ မျက်စိကို မှန်သွားတယ်၊ ဒါကြောင့် ထွက်ပြေးတယ်၊ ရန်ကုန်က ဘုန်းကြီး ကျောင်းတစ်ကျောင်းကို ရောက်သွားတယ်၊ အဲဒီဘုန်းကြီးက အဖေကို ကျောင်းထား ပေးတယ်၊ အဖေက အင်္ဂလိပ်စာလည်း တတ်တယ်၊ အဖေက သူသာ အင်္ဂလိပ်စာ တတ်ပေမယ့် သူသား, သမီးတွေကိုတော့ အင်္ဂလိပ်စာ သင်ခွင့်မပေးဘူး၊ ဘာပြုလို့ လဲဆိုတော့ ခွေးစာမို့တဲ့၊ အဲဒီဘုန်းကြီးက အဖေကို အလုပ်သွင်းပေးတယ်၊ အဖေက သာဓုကန် (ကျိုက်ဖြူပိုက်လိုင်း) ဖောက်တဲ့အခါမှာ လမ်းဗိုလ်လုပ်ရတယ်။ "

"အဲဒီ သာဓုကန် (ကျိုက်ဖြူပိုက်လိုင်း) ဖောက်တဲ့အခါ ပိုက်လိုင်းကျတဲ့နေရာ မှာ ပေတစ်ရာ နေရာယူပြီး ဖောက်တယ်၊ ဘယ်သူ့ခြံ ကျကျ ပေးရတာပဲ၊ အဲဒီ ပိုက်လိုင်းက အဖိုး ဦးရစ်ရဲ့ ခြံထဲက နေရာကိုလည်း ဖြတ်သွားထားတယ်၊ ဒါကြောင့် အဖိုးက အဖေကို သူ့ခြံလမ်း လာဖောက်တဲ့အခါ ဓားနဲ့ လိုက်တယ်၊ အဖေ့ထက် ရာထူးမြင့်တဲ့ လူကြီးတွေပါ လာပြီး အဖိုးကို ပြောတော့မှ အဖိုးက ဘာမှ မပြောတော့ ဘဲ လမ်းဖောက်ခွင့် ပေးလိုက်တယ်၊ အဖေက အဲဒီပိုက်လိုင်းလမ်း ဖောက်ရင်း အမေနဲ့ အဖေတို့ မေတ္တာမျှခဲ့ကြတယ်၊ အဖိုးက သူသမီးနဲ့ အဖေကို သဘောမတူဘူး၊ အဖေ က အသားမဲတယ်၊ တပည့်တော်ရဲ့ တူဖြစ်တဲ့ ဒီမောင်ဌေးမြိုင် လိုပါပဲ၊ အမေကတော့ ဖြူဖြူတုပ်တုပ် ဖွေးဖွေးပါပဲ၊ အဖိုးက သူသမီး ဖြူဖြူဖွေးဖွေးနဲ့ အသားမဲတဲ့ အဖေနဲ့ မတန်ဘူးလို့ ထင်ပုံရပါတယ်၊ အဖိုးက အဖေကို ဇျောသမား နောက်က ပလုပ်တုပ် ထမ်းတဲ့ အကောင် " လို့တောင် နှိမ်ပြီး ပြောတယ်၊ အဖိုးက သူသမက်လောင်းနဲ့ သူသမီးကို သဘောမတူပေမယ့် သူသမီးက ကြိုက်နေတော့ သူသမက်နောက် လိုက်ပြေးတယ်၊ ကော့ချဲ့ရွာကို ထွက်ပြေးကြတယ်၊ အဖေ့ကို ကျောင်းထားပေးတဲ့ ဘုန်းကြီးက အဖေက အမေ့ကို ခိုးပြေးတော့ အဖိုးဆီကို လာပြောပေးတယ် "တဲ့။

"ဒီ အကြောင်းကို တပည့်တော်ရဲ့ အစ်မကြီး မမဆိတ်က တပည့်တော်ကို

http://www.dhammadownload.com

ပြောပြလို့ သိရတာပါပဲ၊ အဲဒီ အဖိုးတို့ခေတ်တုန်းက ဇာတ်သဘင်ကို နှိမ်တဲ့ခေတ် အခါပေါ့၊ ဇာတ်သဘင်ထဲမှာ ဗျောသမားဆိုတာ နောက်ပိတ်ကပေါ့၊ နောက်ပိတ်က လူရဲ့ နောက်က ပလုပ်တုတ်ထမ်းတဲ့ အကောင်ဆိုတော့ အစွမ်းကုန် နှိမ်လိုက်တာပါပဲ၊ ဒါပေမယ့် အဖေက လမ်းဗိုလ်လုပ်တုန်းက တွန်းလှည်းပေါ် စီးပြီး သူသွားလိုရာကို သွားတယ်၊ တွန်းလှည်းသမားက သူစီးတဲ့ တွန်းလှည်းကို တွန်းပေးရတယ်၊ အဖိုးက သာ နှိမ်ပြောပေမယ့် အဖေက သူ့လုပ်ငန်းခွင်မှာတော့ သူက ဗိုလ်ပဲ။ "

ပြီးတော့ ဒကာမကြီး ဒေါ်တင်ညွှန့်က သူတို့မောင်နှမတွေ အကြောင်းကို ဒီလို ပြောပြပါတယ်။

"တပည့်တော်တို့မှာ မောင်နှမ (၁၀) ယောက် ရှိပါတယ်၊ မဆိတ်၊ မသိမ်း၊ ကိုလှမောင်၊ ကိုလှအောင်၊ ကိုအုန်းမောင်၊ ကိုအောင်ကြီး၊ ကိုချစ်မင်း၊ မသီး ၊ ကိုမြဟန်၊ တပည့်တော်ပါပဲ၊ အဲဒီထဲက ကိုချစ်မင်းက ရေနစ်ပြီး သေတယ်၊ ကော့ချဲရွာမှာပါပဲ၊ အဲဒီတုန်းက ကော့ချဲရွာမှာ ရေကြီးနေတယ်၊ ကိုချစ်မင်းက အဲဒီတုန်းက မျက်စိနာနေတယ်၊ ဒါကြောင့် အဖေက သူ့ကို လယ်လုပ်သားနှင့် အပြင်မထွက်ဖို့ ပြောထားတယ်၊ အဲဒီတုန်းက ကိုချစ်မင်းက ကျောင်းသားပဲ ရှိသေးတယ်၊ ဒါပေမယ့် သူက အဖေ့စကား နားမထောင်ဘဲ လယ်လုပ်သားနဲ့ လိုက်သွားတယ်၊ သူ သေနေ့ စေ့လို့နဲ့ တူပါတယ်၊ တရုတ်သင်းချိုင်းမှာ လယ်လုပ်သားနဲ့ အတူ ပါသွားတယ်၊ ကိုချစ်မင်းက ရေမကူးတတ်ဘူး၊ သူအဖော်က ရေကူးတတ်တယ်၊ လုံချည်တစ်ထည် ကို ဇူပေါင်းလုပ်ပြီး နှစ်ယောက်စီးကာ ကူးကြတယ်၊ လုံချည်က ပေါက်သွားတယ်၊ ရေမကူးတတ်တဲ့ ကိုချစ်မင်းခမျာ ရေစီးသန်တဲ့ ရေထဲ ပါသွားပြီး သေတော့တာပါပဲ၊ အဖေလည်း အဲဒီအချိန်ကစပြီး မကျန်းမမာ ဖြစ်တော့တာပါပဲ။ "

" အစ်ကိုကြီး ကိုအုန်းမောင်ကတော့ တံတားလေးရွာမှာ သူ့လယ်ထဲမှာ ပိုးထိတယ်၊ ပိုးထိပြီး ဆုံးရှာတယ်၊ နံနက် (၈) နာရီ (၉) နာရီ လောက်မှာ မြက်ရိတ်ရင်း ပိုးထိတာပါပဲ၊ မြွေပွေးက တစ်ခါ ကိုက်လိုက်တယ်၊ မြက်ကနဲ, ပူကနဲ နေလို့ မသေချာလို့ ဖနောင့်နဲ့ ထပ်ပြီး ပေါက်လိုက်တယ်၊ မြွေက ဒုတိယ ပြန်ကိုက်တယ်၊ အဆိပ် မတက်အောင် ဝက်လာပင်တွေနဲ့ သူဘာသာ စည်းတယ်၊ လုံချည်ကိုလည်း ဆုတ်ဖြဲပြီး စည်းသေးတယ်၊ တံတားလေးရွာက ယောက်ဖအိမ်ကို ကိုအုန်းမောင်ကို သယ်ယူသွား တယ်၊ သေခါနီးမှာ မဟာစည်သာသနာ့ရိပ်သာကနေ ညီဆရာတော် ကြွလာတယ်၊ ကိုအုန်းမောင်က သူ သေခါနီးမှာ ဆရာတော့်လက်ကို ဆွဲပြီး မထွေးကြည် – စတဲ့ သူသားသမီးတွေကို သူ မရှိတော့တဲ့အခါ ကြည့်ရှု စောင့်ရှောက်ပေးဖို့ မှာသွားတယ်၊ ကိုအုန်းမောင်က အသက် (၄၅) နှစ်မှာ သေပါ

http://www.dhammadownload.com

တယ်၊ ဆရာတော်က ဒါကြောင့် ကိုအုန်းမောင်ရဲ့ စာပန့ပွဲမှာ သံဃာ (၄၅) ပါး ပင့်စေပါတယ်၊ သင်္ကန်းစတဲ့ လှူဖွယ် ပစ္စည်းတွေကို ဆရာတော်က လှူပါတယ်။ "

"ကိုအုန်းမောင်ဟာ ဆရာတော်ရဲ့ရော တပည့်တော်ရဲ့ရော ကျေးဖခင်ပါပဲ ဘုရား၊ ကိုချစ်မင်း, ကိုလှမောင်, ကိုလှအောင်, မသီးတို့ဟာ ငယ်ငယ် ရွယ်ရွယ်နဲ့ပဲ သေကြပါတယ်၊ မသိမ်းကတော့ အိမ်ထောင်ကျ သွားဖွားရင်း ကွယ်လွန်တယ်၊ မမဆိတ်ကတော့ တပည့်တော်တို့ရဲ့ ကျေးမိခင်ပါပဲ၊ ကိုအုန်းမောင်က လယ်လုပ်တယ်၊ မမဆိတ်က အိမ်က ချက်ပြုတ်ကျေးမွေးတယ်၊ ကိုအုန်းမောင်, ကိုအောင်ကြီးနဲ့ တပည့်တော်တို့ဟာ ဆရာတော့်ထံမှာ တရားအား ထုတ်ခဲ့ကြပါတယ်၊ ကိုအုန်းမောင်နဲ့ ကိုအောင်ကြီးတို့ရဲ့ တရားကို ဆရာတော်လည်း အားရပါတယ်။ "

"ဆရာတော်ရဲ့ ပထမရဟန်း ဒကာ, ဒကာမတွေက ကျောက်တန်းရွာက ဦးဘိုးဟန်နဲ့ ဒေါ်သောင်တို့ပါပဲ၊ ကျောက်တန်းရွာ မဟာဗောဓိတောရကျောင်းမှာ ရဟန်းခံခဲ့တယ်၊ ကိုအုန်းမောင်နဲ့ ကိုအောင်ကြီးတို့ကလည်း ဆရာတော်ကို လိုအပ်တဲ့ ပစ္စည်းနဲ့ ပံ့ပိုးခဲ့ကြပါတယ်၊ ပစ္စည်းလေးပါး ဒကာတွေလဲ ဖြစ်ခဲ့ကြပါတယ်။ "

အပိုးနဲ့အပေ

သူအဖိုးကား၊ ရွှေဘိုသား
သတ္တိကောင်းတယ်လို့ အပြောများ
သူအမေကား ဝဖြူဖြူ
အဖေကတော့ မဲတူတူ
အဖေမူကား လမ်းဗိုလ်သမား
အင်္ဂလိပ်စကား ကျွမ်းကျင်သား
သို့ပါသော်ငြား သားသမီးတွေ
အင်္ဂလိပ်စာ မသင်စေ
သူအနေမူ အင်္ဂလိပ်စာများ
ခွေးစာလို့ပဲ ယူမှတ်ထား။

http://www.dhammadownload.com

ကျေးဇူးရှင်မလေး

"လောကမှာ ကျေးဇူးတင်စရာ ပုဂ္ဂိုလ်တွေ အများကြီးပဲ ရှိတယ်၊ အဲဒီထဲမှာ တပည့်တော် ခားနဲ့ ခုတ်သတ်ဖို့ရာတောင် စိတ်ကူးခံရတဲ့ ဒကာမကြီးလည်း တစ်ယောက်အပါအဝင်ပေါ့။"

ရွှေဘိုဆရာတော် ဥုးနန္ဒက စာရေးသူအား သူဘဝအကြောင်း တစေ့ တစောင်း ပြောပြလာပါတယ်။

"ဘုန်းကြီးက သတ်ချင်လောက်အောင်ပဲ ဒေါသဖြစ်ရတယ်လို့ ဆိုတော့ ဘုန်းကြီးရဲ့ ဒေါသဟာ ကြောက်စရာကောင်းပါလား၊ အဲဒီ ဒကာမကြီးကကော ဘုန်းကြီးကို ဘယ်လို ပြောလို့လဲ။"

စာရေးသူဟာ ဘုန်းကြီးရဲ့ ဒေါသကို အံ့သြမိသလို ဒကာမကြီးကိုလည်း စိတ်ဝင်စားသွားမိတယ်၊ ဘုန်းကြီးက သူ့အကြောင်းကို ဆက်ပြောပြပါတယ်။

"တပည့်တော် မဟာစည်သာသနာ့ရိပ်သာမှာ ဆရာတော်ထံ တစ်ဝါတွင်း တရားအားထုတ်အပြီး တစ်လလောက် ဆရာတော် (ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်) က တပည့်တော်ကို မေတ္တာကမ္မဋ္ဌာန်း အပ်ွားခိုင်းပါတယ်၊ အဲဒီက စပြီး တပည့်တော့်ဘဝ တစ်လျှောက်မှာ အရာရာမှာ ဒေါသအစား မေတ္တာကို အစားထိုးနိုင်လာပါတယ်၊ ဆရာတော်ကို အလွန်အကဲပဲ ကျေးဇူးတင်ပါတယ်။"

"အင်း . . . အဲဒီဒကာမကြီးအကြောင်း ပြောရရင်တော့ တပည့်တော် မန္တလေးဘုရားကြီးကျောင်းတိုက်မှာ စာသင်သားဘဝ စာသင်နေတုန်းကပေါ့၊ တပည့်တော် နေတဲ့ကျောင်းမှာ အဲဒီဒကာမကြီးက ဝေယျာဝစ္စလုပ်နေတဲ့ ဒကာမကြီး ပါပဲ၊ အပျိုကြီးလေ၊ အောက်ပြည်က ဧည့်သည်တွေ တပည့်တော်တို့ ကျောင်းမှာ လာတည်းခိုကြတယ်။ အဲဒီ ဧည့်သည်တွေနဲ့ တပည့်တော်ဟာ ခင်တယ်။ အဲဒီထဲမှာ

http://www.dhammadownload.com

ကလေးမတစ်ယောက်လည်း ပါတယ်၊ သူနဲ့လည်း ဝေပည့်တော် ခင်ပါတယ်၊ ရိုးရိုးသားသားပါပဲ၊ အဲဒါကို အဲဒီ အပျိုကြီး ဒကာမကြီးက ဆရာတော်ကို သွားပြီး လျှောက်တယ်လေ၊ ဆရာတော်ကို သွားပြီး လျှောက်တဲ့ အကြောင်းကို တပည့်တော်လည်း သိတာပေါ့၊ အဲဒီတုန်းက အဲဒီဒကာမကြီးကို ဓားနဲ့ ခုတ်သတ်ဖို့ စိတ်ကူးကြံစည်ခဲ့သေးတယ်၊ အဲဒီအခြေအနေကို ရန်ကုန်မှာ ရှိတဲ့ တပည့်တော်ရဲ့ ရဟန်းဒကာမကြီးက ကြားသိသွားတယ်၊ ဒါနဲ့ ဒကာမကြီးက တပည့်တော်ကို ရန်ကုန်ကို ပင့်ပြီး တရားအားထုတ်နိုင်အောင် စီစဉ်ပေးတော့တာပါပဲ၊ တပည့်တော်လည်း ဆရာတော်ထံ တရားအားထုတ်ဖြစ်သွားတယ်။ "

"နောင်အခါ အေးအေးဆေးဆေး ပြန်တွေးကြည့်တော့ တပည့်တော်ကို ကလေးမတစ်ယောက်နဲ့ စွပ်စွဲပြောဆိုခဲ့တဲ့ ဒကာမကြီးကိုလည်း တပည့်တော် ကျေးဇူးတင်နေမိတယ်၊ အဲဒီလို ကျေးဇူးတင်ပြီး တစ်ခါတစ်ခါ ငါးခုံဆရာတော်ကြီး အကြောင်းကိုလည်း သတိရနေမိတယ်။ "

"ငါးခုံဆရာတော်ဟာ နာမည်ကြီးတဲ့ ဆရာတော်ကြီးတစ်ပါးပဲ၊ နာမည်ကြီးတာလောက်ပဲ သိရတယ်။ သူ့အကြောင်းကိုတော့ ကောင်းကောင်း မသိဘူးဘုရား၊ အမိန့်ရှိပါအုံး။ "

"ငါးခုံဆရာတော်ဆိုတာ တကယ့် စာတတ်ပုဂ္ဂိုလ်ကြီးပဲ၊ ကျမ်းပြု ပုဂ္ဂိုလ်ကြီးပဲ၊ မင်း အကိုးကွယ်ခံပုဂ္ဂိုလ်ကြီးပဲ၊ သူကလည်း တပည့်တော်လိုပဲ ကျေးဇူးတင်စရာပုဂ္ဂိုလ် ရှိခဲ့တယ်၊ သူကျေးဇူးတင်စရာ ပုဂ္ဂိုလ်ကတော့ သူ ရည်စားစကား သွားပြောခဲ့တဲ့ ကလေးမလေးပဲ – တဲ့၊ သူက ငယ်ငယ်က ကိုရင်ဝတ်ခဲ့တယ်၊ သာသနာတော်မှာ မပျော်တော့လို့ (၁၈) နှစ် အရွယ်လောက်မှာ လူထွက်ခဲ့တယ်၊ သူက မျက်ခန်း စပ်တယ်၊ ရုပ်ဆိုးဆိုးဆိုပဲ၊ သူက လူဘဝရောက်တော့ လူပျိုလှည့်ဖို့ စိတ်ကူးပေါ် သတဲ့၊ ဒါနဲ့ သူတို့ရွာထဲက ဘယ်မိန်းကလေးကို လူပျိုလှည့်ရမလဲ – လို့ စဉ်းစားသတဲ့၊ စဉ်းစားတော့ ရုပ်လှလှ မိန်းကလေးကို ပိုးပန်းရင် အခြေအနေမဟန်လောက်မှန်း သူ တွက်ဆမိတယ်၊ ဒါ့ကြောင့် သူလို ရုပ်ဆိုးဆိုး မိန်းကလေးတစ်ယောက်ကို ပိုးပန်းဖို့ စိတ်ကူးထဲမှာ ရွေးချယ်လိုက်သတဲ့၊ ရွေးချယ်ပြီးတယ် ဆိုရင်ပဲ ကိုယ်တော်ချောက အလှပြင်တော့သတဲ့၊ ပုဆိုး အကွက် ရှုန်နီပုဆိုး ရွေးပြီး ဝတ်တယ်၊ အင်္ကျီကတော့ ပင်နီအင်္ကျီ လက်ရှည်ပါပဲ၊ သူ့အိမ်မှာလည်း ကြည့်စရာမှန်က မရှိဘူးတဲ့၊ ဒါကြောင့် ရေအိုင်တစ်ခုမှာ မှန်အဖြစ်နဲ့ သူမျက်နှာကို ကြည့်တယ်၊ သူကိုယ်ကို ကြည့်တယ်၊ ခေါင်းကိုလည်း လက်ကိုင်ပုဝါနဲ့ စီးထား သေးသတဲ့။ "

" ဘုန်းကြီးရဲ့ ငါးခုံဆရာတော်အကြောင်းကလည်း တယ် စိတ်ဝင်စားစရာ

http://www.dhammadownload.com

ကောင်းပါလား၊ ဆက်ပြီး အမိန့်ရှိပါအုံး။"

"သူက အလှလည်း ပြင်ပြီးရော သူကျေးဇူးရှင်မလေးဆီ လစ်တော့တာပါပဲ၊ သူကျေးဇူးရှင်မလေးဆီလည်း ရောက်ရော လူပျိုစကား ပြောတော့တာပါပဲ၊ သူကျေးဇူးရှင်မလေးက သူ တစ်သက်လုံး ကျေးဇူးတင်၍ မဆုံးနိုင်စရာ စကားတွေကို ပြောလိုက်သတဲ့၊ "ရှင်နဲ့ ကျွန်မနဲ့ တူလို့လား၊ တန်လို့လား၊ ရှင် ခုချက်ချင်းပဲ ပြန်သွားပါ" တဲ့၊ သူကျေးဇူးရှင်မလေးရဲ့ တုန့်ပြန်ချက်ရာဇဝင်က ပြင်းထန်လှပါပေတယ်၊ ကျေးဇူးရှင်မလေးရဲ့ ပြင်းထန်တဲ့ ရာဇဝင်ကြောင့် အရှက်ရပြီး သူဟာ မန္တလေးရွှေမြို့တော်ကို ထွက်ပြေးခဲ့တယ်၊ မန္တလေး ရွှေမြို့တော်မှာလည်း သူ့အရပ်က ဥူးဇင်းတွေ စာသင်နေကြတယ်၊ သူက အဲဒီဥူးဇင်းတွေထဲ သွားပြီး ကိုရင် ပြန်ဝတ်လိုကြောင်း လျှောက်ထားတောင်းခံရှာတယ်၊ ဥူးဇင်းတွေက ပထမတော့ ဝတ်မပေးလိုကြဘူး၊ နောက်တော့ သူက "တပည့်တော် ဒီတစ်ခါတော့ တကယ်ပဲ အပြီးဝတ်တော့မှာပါ၊ အရှင်ဘုရားတို့ ခိုင်းသမျှ အလုပ်တွေကိုလည်း လုပ်ပါ့မယ်၊ စာတွေကိုလည်း တတ်အောင် ကြိုးစားသင်ပါ့မယ်" လို့ လိုလိုလားလား ထက်ထက်သန်သန်နဲ့ လျှောက်ထားနေတာမို့ ဝတ်ပေးလိုက်ကြတယ်၊ ကိုရင်ဝတ်ပြီးတော့လည်း အရှင်မြတ်တွေ ခိုင်းတဲ့ အလုပ်တွေကို မလစ်ဟင်းရအောင် လုပ်ဆောင်ပေးတယ်။ စာတွေကိုလည်း အရမ်းပဲ ကြိုးစားတယ်၊ ဒီလိုနဲ့ စာတတ်ပေတတ် ပုဂ္ဂိုလ်ကျော်ကြီးတစ်ပါး ဖြစ်လာတယ်၊ သူ့ရဲ့ဂုဏ်ဒြပ် အသွယ်သွယ်ကြောင့် ရှင်ဘုရင်ကတောင် ဆည်းကပ်ကိုးကွယ်လာတော့တယ်၊ ရှင်ဘုရင်က ဆက်ကပ်တဲ့ ဘွဲ့တံဆိပ်ကိုလည်း ခံယူရသတဲ့၊ ရှင်ဘုရင်ရဲ့ အကိုးကွယ်ခံ, အကြည်ညိုခံ ဆရာတော်ကြီး ဖြစ်လာတဲ့အခါ သူဟာ သူ့ဘဝအတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်းစဉ်းစားသတဲ့၊ ပြန်ပြောင်းစဉ်းစားတဲ့အခါ ငါဟာ ဒီလိုဘဝကို ရောက်လာတာဟာ ငယ်ငယ်က တွေ့ခဲ့ရတဲ့ ကျေးဇူးရှင်မလေးရဲ့ ကျေးဇူးကြောင့်ပဲ၊ ကျေးဇူးရှင်မလေးသာ အဲဒီလို မပြောဘဲ တစ်မျိုးတစ်ဖုံ ပြောခဲ့ရင်, တုန့်ပြန်ခဲ့ရင် ဒီလိုအခြေအနေ ရောက်လာမှာ မဟုတ်ဘူး၊ ကျေးဇူးရှင်မလေးရဲ့ ကျေးဇူးဟာ ကြီးပါပေတယ်" လို့ တွေးကာ ကျေးဇူးရှင်မလေးရဲ့ ကျေးဇူးတွေကို မြင်လာတယ်။"

"ဒါနဲ့ ရှင်ဘုရင်နဲ့ တွေ့တဲ့အခါ တစ်ချိန်က ကျေးဇူးရှင်မလေးကို ကျေးဇူးဆပ်လိုကြောင်း သူက မိန့်ကြားတယ်၊ ရှင်ဘုရင်က သူ ကြည်ညိုကိုးကွယ်တဲ့ ဆရာတော်ကြီးက ကျေးဇူးရှင်မကို ကျေးဇူးဆပ်ချင်တယ် ဆိုတော့"ဘာ အလိုရှိပါသလဲဘုရား၊ အလိုရှိတာကို အမိန့်ရှိတော်မူပါဘုရား" လို့ ဆရာတော်ကြီးကို လျှောက်တဲ့အခါ ဆန်, ဆီ, အဝတ်အထည် စတာတွေကို အမိန့်ရှိသတဲ့၊ ရှင်ဘုရင်က ဆန်အိတ်တွေ, ဆီပုံးတွေ, အဝတ်အထည်လိပ် စတာတွေကို လှည်းအစီးစီးနဲ့

http://www.dhammadownload.com

တင်စေပြီး သာသနာရေးဝန်ကြီးကို ဆရာတော်ကြီးကို ပင့်စေကာ ငါးခုံရွာက ဆရာတော်ကြီးရဲ့ တစ်ချိန်က ကျေးဇူးရှင်မကို ကျေးဇူးဆပ်တဲ့အနေနဲ့ သွားရောက်ပေးစေတယ်၊ အင်မတန် ခမ်းနားကြီးကျယ်စွာ ဆရာတော်ကြီးက ငါးခုံရွာကို ကြွရောက်ပြီး တစ်ချိန်က ကျေးဇူးရှင်မကို ဆရာတော်ထံမှောက် ခေါ်လာစေတယ်၊ ဖူးမျှော်စေတယ်၊ မှတ်မိပါရဲ့လား‌လို့ မေးတယ်၊ ကျေးဇူးရှင်မလည်း အသက်ကြီးနေရှာပြီပဲ၊ မျက်စိမှုန်မှုန်နဲ့ သေသေချာချာ ကြည့်တယ်၊ မမှတ်မိဘူး၊ ဆရာတော်ကြီးက အတိတ်က ဖြစ်ရပ်ကို အစုံအလင် ပြန်ပြောပြတယ်၊ "ဒကာမကြီးကို ကျေးဇူးတင်လွန်းလို့. ကျေးဇူးလာဆပ်တဲ့အနေနဲ့. ဒီပစ္စည်းတွေကို ပေးတာပါပဲလို့. ပြောပြီး ပြန်ကြွခဲ့သတဲ့။ "

"ဘုန်းကြီးကတော့ ဘုန်းကြီးရဲ့ ကျေးဇူးရှင်မကြီးကို ကျေးဇူးပြန်မဆပ်ဘူးလား။ "

"တပည့်တော်က ငါးခုံဆရာတော်ကြီးလို မဆပ်နိုင်တောင် အဲဒီ ဒကာမကြီးကို ကျေးဇူးတင်နေမိတာကတော့ အမှန်ကိုပါပဲ၊ အဲဒီဒကာမကြီးသာ ဓားနဲ့ ခုတ်ချင်စရာ အနေအထားမျိုး မလုပ်ခဲ့ရင် တပည့်တော်လည်း ဒီလို တရားအားထုတ်ဖြစ်ချင်မှ ဖြစ်မှာ၊ အခုတော့ တရားအားထုတ်ဖြစ်သွားတာဟာ အဲဒီဒကာမကြီးရဲ့ ကျေးဇူးပါပဲ။ "

"ဘုန်းကြီးက ငါးခုံဆရာတော်ကြီးရဲ့ ကျေးဇူးရှင်မလေးအကြောင်း ပြောပြတော့ တပည့်တော်က တပည့်တော်တို့ရဲ့ ကျေးဇူးရှင် ဆရာတော် (ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်) ရဲ့ ကျေးဇူးရှင်မလေးအကြောင်းကို သတိရလာမိတယ်။ "

"အရှင်ဘုရားကလည်း စိတ်ဝင်စားစရာတွေ ပြောလာပြန်ပြီ၊ ဘယ်လိုတုံး၊ ဆိုစမ်းပါအုံး။ "

"ဆရာတော်လောင်းလျာ မောင်မြဟန် (၁၄) နှစ်သား အရွယ်လောက်ကပေါ့၊ ပဲခူးတိုင်း၊ ပဲခူးမြို့နယ်၊ ကော့ချွန်ရွာမှာ ဖြစ်ခဲ့တာ၊ အဲဒီအချိန်မှာ မောင်မြဟန်မှာ အမေရော အဖေရော မရှိတော့ဘူး၊ ဆုံးကုန်ပြီ၊ မိုးရာသီအခါ စပါးစိုက်ချိန်မှာ မောင်မြဟန်က သူ့အစ်ကို ကိုအောင်ကြီးနဲ့အတူ ကောက်စိုက်သွားတယ်၊ မောင်မြဟန်က သူ့အစ်ကို ကိုအောင်ကြီးဆီ ပျိုးပင်တွေ ချပေးဖို့ လယ်ကန်သင်းရိုးပေါ်ကနေ သွားတယ်၊ မောင်မြဟန်က အောက်ငုံ့ကြည့်ပြီး သွားနေတယ်၊ ကောက်စိုက်နေတဲ့ မိန်းမတစ်သိုက်ထဲက မိန်းကလေးတစ်ယောက်ကလည်း ဆေးလိပ်ကို လယ်ကန်သင်းရိုးပေါ် တက်ယူတယ်၊ အဲဒီမိန်းကလေးကလည်း အောက်

http://www.dhammadownload.com

ငုံပြီး လာနေတယ်၊ တစ်ယောက်နဲ့တစ်ယောက် မမြင်မိကြဘူး၊ ကြည့်လည်း မကြည့်မိကြဘူး၊ အနီးအနား ရောက်သွားမှပဲ မမျှော်လင့်ဘဲ မရည်ရွယ်ဘဲ မတော်တဆ တိုက်မိသွားကြတယ်။ "

"မောင်မြဟန်အပေါ် အဲဒီမိန်းကလေးက ဘာမှ အပြစ်မမြင်ပါဘူး၊ အပြစ်မြင်ရအောင်လည်း ဘာမှ အပြစ်မရှိတာ၊ မောင်မြဟန်က အဲဒီမိန်းကလေးအပေါ် ကိုယ်နဲ့ရော နှုတ်နဲ့ရော စိတ်နဲ့ပါ ဘာနဲ့မှ အပြစ်မကျူးလွန်ခဲ့ပါဘူး၊ အရိုးခံအတိုင်း မတော်တဆ တိုက်မိသွားတာပါ၊ မိန်းကလေးက ကောက်စိုက်သူမအဖော်တွေထံ ပြန်သွားတဲ့အခါ "ခုနက ဘာဖြစ်တာလဲ "လို့ မေးကြသတဲ့၊ အဲဒီအခါ အဲဒီမိန်းကလေးက ရိုးရိုးသားသားပဲ ပြန်ပြောတယ်၊ "မတော်တဆ တိုက်မိသွားတာပါ" လို့၊ ဒါပေမယ့် ကောက်စိုက်သူမအဖွဲ့ထဲမှာ အကောက်ညာဏ်ပါတဲ့ မိန်းမတစ်ယောက်က " ဟေ့ ကောင်မ . . . နင် ဒီလို မပြောနဲ့၊ လက်ကို ဆွဲပါတယ်လို့ လိမ်ပြော " လို့ ပြောသတဲ့၊ ကာယကံရှင် မိန်းကလေးက " ဟာ . . . ကျွန်မလက်ကို မဆွဲပါဘူး၊ မလိမ်ပါရစေနဲ့ " လို့ ရိုးသားစွာပဲ ပြောသတဲ့၊ ဒါပေမယ့် အကောက်ညာဏ်ရှိတဲ့ မိန်းမရဲ့ ဖိအားပေးမှုကြောင့် အဲဒီမိန်းကလေးက လိမ်လည်ပြီး ရွာသူကြီးကို တိုင်သတဲ့၊ ပြဿနာအေးစေလိုတဲ့ စိတ်ထားရှိတဲ့ မောင်မြဟန်ရဲ့ အစ်ကိုလေးကိုအောင်ကြီးက လျော်ကြေး ပေးလိုက်သတဲ့၊ (၅၅) ကျပ်တဲ့။"

" အကောက်ညာဏ်ရှိတဲ့ မိန်းမကလည်း မောင်မြဟန်မှာ ပိုက်ဆံရှိမှန်းသိနေသတဲ့၊ အဲဒီငွေကို မြင်ပြီး လိုချင်လို့ အကြံအဖန် လုပ်လိုက်တာပါပဲ၊ ခေတ်စကားနဲ့ ပြောရရင်တော့ ရိုက်စားလုပ်လိုက်တာပေါ့၊ တယ်လဲ ကြောက်စရာကောင်းတာပဲ၊ သည်းခံမှု လက်ကိုင်ပြုပြီး အရှုံးပေးချင်သူ မဟုတ်ဘူး – ဆိုရင်တော့ ဒီမိန်းမတွေကို တစ်နည်းနည်းနဲ့ တွယ်ချင်စရာပဲ၊ ဘုန်းကြီးသာ ဆိုရင်တော့ ဓားနဲ့ များ ခုတ်လေမလား မပြောတတ်ပါဘူး။ "

"ခုတ်မိမှာ သေချာလောက်တယ်၊ တရားအားမထုတ်ခင်က ဆိုရင်ပေါ့လေ"

"ဒီနေရာမှာ မောင်မြဟန်မှာ ငါးခုံဆရာတော်လောင်းလျာလို စိတ်ပေါ်လာတယ်၊ ဒါနဲ့ မောင်မြဟန်ဟာ ကော့ချဲရွာ မဟာဗောဓိတောရတိုက်ခွဲကျောင်းမှာ ဆရာတော်ကြီး အရှင်ဇာဂရကို ဥပဇ္ဈာယ်ပြုပြီး ကိုရင် ဝတ်ကာ ကော့ချဲကျောင်းမှာပဲ အခြေခံစာ လေ့လာသင်ကြားခဲ့တယ်၊ အဲဒီနောက် ကော့ချဲမှ ပြောင်းရွှေ့ပြီး မဟာဗောဓိတောရကျောင်းမှာပဲ စာဆက်သင်ခဲ့တယ်၊ ရဟန်းလည်း ဖြစ်ခဲ့တယ်။ "

" အခုတော့ မောင်မြဟန်ဟာ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီး ဖြစ်လာပြီး ပြည်တွင်း, ပြည်ပမှာ အများအကျိုးတွေ

http://www.dhammadownload.com

ဆောင်ရွက် နေလိုက်တာ လူသာဓုခေါ်, နတ်သာဓုခေါ်စရာပဲ၊ ငါးခုံဆရာတော် ကတော့ ပြည်ပမှာ မစွမ်းဆောင်နိုင်ခဲ့ဘူးလေ၊ ငါးခုံဆရာတော်လို ဆရာတော်လည်း စဉ်းစားခန်း ပေါ်ခဲ့မယ်ဆိုရင်တော့ ကော့ချဲရွာက ဟိုမိန်းကလေးဟာ ကျေးဇူးရှင်မလေးအဖြစ် ပေါ်လာမှာပဲ၊ အဲဒီမိန်းကလေးသာ အကောက်ညှာရှိတဲ့ မိန်းမရဲ့ ထောင်ချောက်ထဲ မပါခဲ့ရင် ဆရာတော်လောင်းလျာ မောင်မြဟန်ဟာလည်း ရွှေတောင်ကုန်း သာသနာ့ ရိပ်သာဆရာတော်ကြီး ဖြစ်ချင်မှ ဖြစ်လာနိုင်မှာ၊ အခုတော့ စာရေးသူတို့တစ်တွေ ဆရာတော်ကို ဒီလို ကိုးကွယ်ဆည်းကပ်ခွင့် ရနေရတာဟာ ဟိုမိန်းကလေးရဲ့ ကျေးဇူးကြောင့်လို့ ဆိုရမလိုလိုပဲ၊ သူမကို ကျေးဇူးတောင် တင်မိပါရဲ့။"

ဘုန်းကြီး ဥုးနန္ဒက အောက်ပါအတိုင်း ထောက်ခံမဲ့ ပေးလိုက်ပါတယ်။

"အရှင်ဘုရား ပြောသလိုပဲ အဲဒီမိန်းခလေးဟာ အရှင်ဘုရားတို့, တပည့်တော် တို့တစ်တွေ အားလုံးရဲ့ ကျေးဇူးရှင်မလေးပါပဲ၊ သူလည်း သက်ဆိုးရှည်ချင်မှ ရှည်မှာ ပါလေ၊ လူပြည်ရှိကောင်းမှ ရှိတော့မယ်၊ ရှိခဲ့သေးရင်တော့ ဆရာတော်ရဲ့ ကိုယ်စား ကျေးဇူးဆပ်ချင်လိုက်စမ်းပါဘို။"

"ဘုန်းကြီးက ဘာနဲ့ ကျေးဇူးဆပ်မှာလဲ။ မားနဲ့လား။"

"မဟုတ်ပါဘူး အရှင်ဘုရား၊ ဆရာတော်ထံမှာ တရားအားထုတ်ခဲ့စဉ်က တရားတွေ့လို့ မားမေ့သွားပါပြီ၊ ဆရာတော့် အဆုံးအမတွေကြောင့် အရင်ကလို မမိုက်တော့ဘူး၊ လိမ်မာယဉ်ကျေးသွားပါပြီ။"

ကျေးဇူးရှင်မလေး

ဟိုတစ်ချိန်က
မောင်မြဟန်ဟာ
ယခုချိန်ခါ
သာသနာမှာ
ကျိုးများစွာကို
ဆောင်ကာနေတဲ့
ဆရာတော်ကြီး
ဖြစ်နေပြီ။
ကော့ချဲ့ရွာသူပျို
လီဆယ်သူမကို
ကျေးဇူးတင်ရုမလိုလို။

http://www.dhammadownload.com

ပြုံးပြုံးတည်တည်

မနေ့က တော်သလင်းလပြည့်ကျော် တစ်ရက်နေ့၊ စနေနေ့၊ ပဏ္ဍိတာရာမ တောစခန်းရိပ်သာမှာ ဆရာတော်ရဲ့ တစ်ဝမ်းကွဲ တူဖြစ်တဲ့ ဦးဌေးမြိုင်တို့ မောင်နှမ တစ်တွေ စုပေါင်းပြီး နေ့ဆွမ်းကပ်ကြတယ်၊ ဦးဌေးမြိုင်ရဲ့အစ်မ ဒေါ်ငွေရီ, ဒေါ်ခင်ထွေး, ဒေါ်ပုစိန် တို့လည်း ပါလာတယ်၊ စာရေးသူ သိချင်တဲ့ အချက်အလက် လေးတွေကို မေးဖို့ ဆရာတော်ရဲ့အစ်မ တစ်ဝမ်းကွဲ ဒေါ်သိန်းလည်း ပါလာတယ်၊ ဒေါ်သိန်းက အသက် (၈၃) နှစ်ရှိပြီ၊ ဦးဌေးမြိုင်၊ ဒေါ်ငွေရီ၊ ဒေါ်ခင်ထွေး၊ ဒေါ်ပုစိန် တို့က ဒေါ်သိန်းရဲ့ညီမ ဒေါ်သန်းက မွေးတာတဲ့၊ ဒေါ်သန်းကတော့ သေသွားပြီတဲ့၊ ဆရာတော်က သူ့အစ်မ တစ်ဝမ်းကွဲ ဒေါ်သိန်းကို " မမသိန်း " လို့ ခေါ်တယ်တဲ့၊ ဒေါ်သန်း ကိုလည်း "မမသန်း" လို့ ခေါ်သတဲ့။

စာရေးသူက နံနက် (၉) နာရီ ရေချိုးအပြီး စာရေးသူ မေးချင်တာလေးတွေကို ပြောပြမယ့် ဒကာမကြီးအလာကို စောင့်နေတယ်။ (၉) နာရီခွဲလောက်မှာ ခါးခပ်ကုန်းကုန်းနဲ့ အဖွားကြီးတစ်ယောက် စာရေးသူနေတဲ့ ကျောင်းဆောင်ဆီ လာနေတယ်။ အဖွားကို ဘေးက ဖေးမပြီး လိုက်ပါလာတဲ့ ကလေးမတစ်ယောက်လည်း ပါလာတယ်။ အဲဒီကလေးမကိုတော့ သိပြီး ဖြစ်နေတယ်။ မဥမ္မာလှိုင်တဲ့၊ အင်းတကော်က လာပြီး ဝေယျာဝစ္စ လာလုပ်ပေးနေကြတဲ့ တက္ကသိုလ်ကျောင်းသူ ညီအစ်မ (၃)ယောက်ထဲက တစ်ယောက်ပေါ့၊ သူတို့ (၂)ယောက်ကို ကြည့်ပြီး မြေးနဲ့အဖွား လာနေကြတာလို စိတ်ထဲမှာ ခံစားလိုက်ရတယ်။ ဒါနဲ့ မြေးအဖွား (၂) ယောက် လာနေကြပါလား လို့တောင် နှုတ်က ထွက်ပြီး ပြောလိုက်သေးတယ်။ အဖွားရဲ့ နားကြား အားကို စမ်းကြည့်လိုက်တဲ့ သဘောပါပဲ။

မြေးအဖွား (၂) ယောက်တော့ စာရေးသူနေတဲ့ ကျောင်းပေါ် ရောက်လာ

http://www.dhammadownload.com

ကြပြီ၊ အဖွားရဲ့ နားကြားအားကို ထပ်ပြီး စမ်းသပ်တဲ့အနေနဲ့ အဖွားရဲ့ အသက်နဲ့ နာမည်ကို မေးလိုက်ပါတယ်။ နည်းနည်း နားကြားအား လျော့နေပုံရတယ်၊ အော် – အော်ပြီး မေးရရင် မောမှာစိုးလို့ မဥမ္မာလှိုင်ကို တစ်ဆင့် ပြန်မေးစေရပါတယ်။ သိပ်ပြီး အော်မပြောရပါဘူး၊ အဖွားက ကြားနိုင်သားပဲ၊ အဖွားမျက်စိ မှုန်, မမှုန်ကိုလည်း သိချင်လို့ "အဖွား . . . ဥူးဇင်းကို ကြည့်စမ်းပါ၊ အသားဖြူသလား၊ မဲသလား" လို့ မေးတော့ သေသေချာချာ ကြည့်ပြီး "အသားညိုတယ်" တဲ့၊ " ဟာ . . . ဦ့ကို ရန်ကုန်မှာတုန်းကတော့ လူတွေက အသားလတ်ပဲလို့ ပြောကြတယ်၊ ဒီတောကျောင်းမှာမို့ နေပူဒဏ်, လေပူဒဏ်တွေကြောင့် ညိုသွားတာနဲ့. တူပါရဲ့" လို့တောင် စိတ်ထဲက တွေးမိလိုက်သေးတယ်၊ ဒကာမကြီး ဒေါ်သိန်းကို မြင်ရတော့ စာရေးသူရဲ့ အဖွား (အဖေရဲ့ အမေ) ကို သတိရမိတယ်၊ ဒကာမကြီး ဒေါ်သိန်းအရွယ်ပဲ၊ သူလည်း အသက်ထင်ရှားရှိသေးတယ်၊ ဒါကြောင့် ဒကာမကြီး ဒေါ်သိန်းကို "အဖွား" လို့ပဲ ခေါ်ခေါ်ပြီး စကားပြောလိုက်တယ်၊ သူကလည်း အသက်သာ (၈၀)ကျော်တာ၊ စာရေးသူရဲ့ အဖွားလိုပဲ ကျန်းမာသေးသား။

" အဖွား . . . ငယ်ငယ်တုန်းက မောင်မြဟန်နဲ့. အတူနေခဲ့ဖူးသလား။ "

"မောင်မြဟန်" ဆိုတဲ့ နာမည်ဟာ ဆရာတော်ရဲ့နာမည် ဖြစ်ကြောင်း ဆရာတော်ရဲ့တူ ဒကာကြီး ဦးမြမောင်က ပြောသွားလို့. သိပြီး ဖြစ်နေတာမို့ မောင်မြဟန်လို့ပဲ ဆရာတော်ရဲ့ လူနာမည်ကို တိုက်ရိုက်သုံးပြီး မေးလိုက်တယ်၊ အဖွားက အေးအေးဆေးဆေးပဲ ဖြေတယ်။

"နေခဲ့ဖူးတာပေါ့ဘုရား၊ တပည့်တော်က မောင်မြဟန်ထက် အသက် (၈) နှစ် ကြီးတာမို့. ကစားအတူတူ, စားအတူတူပဲပေါ့။"

"မောင်မြဟန်က ငယ်စဉ်က ဘယ်လိုနေလဲ၊ ကိုယ့်မောင်အကြောင်းကို ပြောပြနိုင်ရဲ့လား။"

"ပြောပြနိုင်ပါတယ်ဘုရား၊ မောင်မြဟန်က ပြုံးပြုံးနဲ့ပဲ၊ အေးတယ်၊ စကားသိပ်နည်းတယ်၊ လိမ်မာတယ်၊ သဘောကောင်းတယ်။ လူဝ:စ်ဖက်သားကို စိတ်ဆင်းရဲအောင် မလုပ်ဘူး။ "

"အေးတယ်၊ စကားနည်းတယ်၊ လိမ်မာတယ်၊ သဘောကောင်းတယ်၊ လူတစ်ဖက်သားကို စိတ်ဆင်းရဲအောင် မလုပ်ဘူး " ဆိုတဲ့ သဘောတွေကို သက်တော် (၇၅) နှစ်အရွယ်ရှိ ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်ကြီး ဖြစ်သည့်တိုင် အောင်လည်း တွေ့.ရတာပါပဲ၊ လက်စသတ်တော့ ဆရာတော်က ငယ်ငယ်လေးကထဲ က ဒီသဘောတွေ ရှိခဲ့တာကိုး။ "

http://www.dhammadownload.com

" အဖွားက မောင်မြဟန်ကို ငယ်ငယ်က ပြီးပြီးနဲ့ပဲ - လို့ ပြောလို့ အံ့သြမိသလိုပဲ။ "

" ဘာပြုလို့လဲဘုရား။ "

ဦးခေါင်းကို ငုံ့ပြီး ပြောနေတဲ့ အဖွားက ဦးခေါင်းကို မော့ကာ စာရေးသူကို သေချာကြည့်ပြီး ပြန်မေးလိုက်တာပါပဲ။

" အဖွားရဲ့မောင်က အခုတော့ အဖွားပြောသလိုမှ မဟုတ်တော့ပဲ၊ တည်တည်ကြီးပဲ။ "

" ဒါကတော့ဘုရား၊ သူ့တရားသမာဓိကြောင့်နေမှာပေါ့၊ "

အဖွားက သူ့မောင်ရဲ့ သီက္ခာ, သမာဓိကို အလွန်လေးစား ကြည်ညိုပုံ ရပါတယ်၊ သူဖြေလိုက်ပုံက အကောင်းသားပဲ၊ မေးလို့ ဖြေလို့ ကောင်းနေတုန်း အဖွားဘက်က တပ်ကူတွေ ထပ်ရောက်လာပါတယ်၊ ဒေါ်ငွေရီ၊ ဒေါ်ခင်ထွေး၊ ဒေါ်ပုစိန်တို့ပါပဲ၊ သူတို့ကို ဖေးမကူညီပြီး အင်းတကော်က တက္ကသိုလ်ကျောင်းသူ ညီအစ်မ (၃) ယောက်ထဲက နောက်ကျန်နှစ်ယောက်ဖြစ်တဲ့ မညိုမိလှိုင်နဲ့ မခိုင်ဝင်းသန္တာတို့လည်း ပါလာကြတယ်၊ မညိုမိလှိုင်နဲ့ မဥမ္မာလှိုင်တို့က ညီအစ်မအရင်းနှစ်ယောက်၊ မခိုင်ဝင်းသန္တာက သူတို့ရဲ့ ညီမတစ်ဝမ်းကွဲ။ အဖွားဘက်က တပ်တွေ အများကြီး ရောက်လာတော့ ပွဲက ပိုစည်သွားတာပေါ့။

"အဖွား . . . ဆရာတော်ရဲ့ မွေးချင်းညီအစ်ကိုမောင်နှစ်မ ဘယ်နှစ်ယောက် ရှိဘာလဲ၊ နာမည်တွေ မှတ်မိလား၊ ပြောပြနိုင်ပါလား။ "

" (၁၀) ယောက်ဘုရား၊ မောင်မြဟန်က ကိုးယောက်မြောက်၊ အခု အသက်ထင်ရှားရှိနေသေးတဲ့ မတင်ညွန့်က ဆယ်ယောက်မြောက်၊ အငယ်ဆုံးပေါ့၊ သူတို့နှစ်ယောက်ပဲ အသက်ထင်ရှားရှိတော့တယ်၊ ကျန်တဲ့ (၈) ယောက်ကတော့ သွားကုန်ပြီ ဘုရား၊ "

" အဖွား . . . ဘယ် သွားကြတာတုံး။ "

" တမလွန်ဘဝကိုပေါ့၊ သေမင်းနိုင်ငံကိုလေ။ "

" ဩော် . . . သေကုန်ကြပြီလား၊ သွားလေသူတွေရဲ့ နာမည်တွေကို ပြောပြပါအုံး၊ "

" မဆိတ်, မသိမ်း, မသီး . . . "

" အဖွား . . . နေပါအုံး၊ ရေးမှတ်ထားချင်လို့၊ မညိုမိလှိုင်၊ မဥမ္မာလှိုင်၊ မခိုင်ဝင်းသန္တာတို့ ရောက်နေတာနဲ့ ဟန်ကျတာပဲ၊ နာမည်တွေကို စာရွက်နဲ့ လိုက်ပြီး ရေးမှတ်ပေးကြစမ်းပါ၊ ဟိုစားပွဲပေါ်မှာ စာရွက်တွေ ရှိတယ်၊ ကဲ . . . အဖွား ဆက်ပြော

http://www.dhammadownload.com

ပါအုံး။ "

"ဦးလှမောင်၊ ဦးလှအောင်၊ ဦးအုံးမောင်၊ ဦးအောင်ကြီး၊ ဦးချစ်မင်း "

"မောင်မြဟန်က ရန်ကုန် တံတားလေးလမ်းဆုံက တံတားလေးရွာမှာ မွေးခဲ့တာဆို ဟုတ်လား။"

"ဟုတ်တယ်ဘုရား၊ မောင်မြဟန်ရဲ့အဖေက ဦးဖေတဲ့၊ အင်္ဂလိပ်စာတတ်တယ်၊ အင်္ဂလိပ်ခေတ်မှာ ဦးဖေက သာဓုကန် စီမံကိန်းမှာ လမ်းဗိုလ်လုပ်တယ်၊ နောက်တော့ ကုန်သည် လုပ်တယ်၊ ဦးဖေ ရှိစဉ်က ပစ္စည်းချမ်းသာကြတယ်။"

"ဦးဖေက အသက် ဘယ်လောက်မှာ ဆုံးသွားတာလဲ။ "

" အသက် (၆၀) အရွယ်လောက်မှာပါ။ "

"ဦးဖေနဲ့ ဒေါ်ချစ်မူ ဘယ်သူက အရင် ဆုံးတာလဲ။ "

"ဒေါ်ချစ်စုပေါ့ဘုရား၊ သူသေပြီး (၃) နှစ်လောက်နေမှ ဦးဖေက ဆုံးသွားတာ။ "

"ဒေါ်ချစ်စုနဲ့ အဖွားက ဘယ်လို ဆွေမျိုးတော်စပ်တာလဲ။ "

"တပည့်တော်တို့ရဲ့ အဖေက ဦးဖိုးခ – တဲ့၊ ဦးဖိုးခရဲ့ ညီမအရင်းက – ဒေါ်ချစ်စုပေါ့၊ ဒါကြောင့် ဒေါ်ချစ်စုဟာ တပည့်တော်တို့ရဲ့ အရီးလေးပေါ့။ "

"ဒေါ်ချစ်စုနဲ့ ဦးဖေတို့ဟာ ဘယ်မှာ ကွယ်လွန်ကြတာလဲ။"

"ဒေါ်ချစ်စုက တံတားလေးရွာမှာ ကွယ်လွန်တယ်၊ ဦးဖေက ကော့ချေရွာမှာ ကွယ်လွန်တယ်၊ ဒေါ်ချစ်စု ကွယ်လွန်ပြီးတော့ ဦးဖေက သူ့ဇာတိရပ် ဖြစ်တဲ့ ကော့ချေရွာကို သူ့သား, သမီးတွေနဲ့ အတူ ပြန်သွားတယ်၊ ဒေါ်ချစ်စုရဲ့ ဇာတိရပ်ကတော့ တံတား လေးရွာပဲ။

"ဒေါ်ချစ်စုအကြောင်းကိုလည်း ပြောပြပါအုံး အဖွား။ "

"ဒေါ်ချစ်စုက သိပ်ပြီး သဘောကောင်းတယ်။ "

ဒေါ်ငွေရီ၊ ဒေါ်ခင်ထွေး၊ ဒေါ်ပုစိန်တို့က အဖွားမေ့မေ့နေတာကို ထောက်ပေးတယ်၊ လိုနေတာကို ဖြည့်ပေးတယ်၊ သူတို့ (၃) ယောက်ကလည်း ပြုံးပြုံးနဲ့ပဲ၊ အတိတ်အကြောင်းလေးတွေကို ပြန်ပြောင်းပြီး ပြောပြနေကြရတာကို ပျော်နေကြပုံရတယ်၊ အဖွားနဲ့ သူတို့ (၃) ယောက် ပြောသမျှတွေကို လိုက်ပြီး ရေးမှတ်နေကြတဲ့ အင်းတကော် ညီအစ်မ (၃) ဖော်ကလည်း ပျော်နေကြပုံပေါ်ရဲ့၊ ပြုံးပြီး စူးစူးစိုက်စိုက် စိတ်ပါဝင်စားစွာ နားထောင်နေကြတယ်၊ ရေးမှတ်နေကြတယ်။

"အဖွား . . . ဒေါ်ချစ်စု ဘယ်လို သဘောကောင်းတာလဲ၊ ပြောပြပါအုံး"

" ဒေါ်ချစ်စုက မုန့်သည်လာရင် မုန့်တစ်တောင်းလုံးကို ဝယ်၊ ဝယ်ပြီး

http://www.dhammadownload.com

အိမ်အနီးအနားက ကလေးတွေရော အကုန် ခေါ်ပြီး ကြွေးလေ့ရှိတယ်၊ ဆွမျိုးတွေ ကလည်း ဝိုင်းချင်း, ခြံချင်း ဆက်စပ်ပြီး တစ်စုတစ်ပေါင်းတည်း နေကြတာကိုး၊ အဝတ်အထည်တွေဆိုရင်လည်း မျိုးစုံထုတ်ယူလာပြီး ဆွမျိုးတွေကို ဝေပြီး ပေးတတ်တယ်၊ ပစ္စည်းပေါလှတယ် မဟုတ်ပေမယ့် စေတနာပေါများတယ်၊ စေတနာသိပ်ကောင်း တယ်၊ ဒေါ်ချစ်စုရဲ့ အဖေက "ဦးရစ်"တဲ့၊ ရွှေဘိုသားပဲ၊ သတ္တိသိပ်ကောင်းတယ်၊ သစ္စာရှိတယ်၊ သီပေါမင်းရဲ့ မင်းမှုထမ်းပဲ၊ အသက် (၁၀၀) ရှည်တယ်၊ ဒေါ်ချစ်စုရဲ့ အမေက ဒေါ်သစ်တဲ့၊ ရှမ်းအမျိုးသမီးပဲ၊ ဦးရစ်အသက် (၁၀၀) ရှည်ရတာကလည်း သမီးဖြစ်တဲ့ ဒေါ်ချစ်စုက အပြုအစုကောင်းလို့ပဲ၊ အဖေအတွက် စားရေး, သောက်ရေး, နေရေး, ထိုင်ရေး လိုလေသေး မရှိအောင် ပြုစုတယ်။"

"အဖွား . . . မောနေပြီလား။"

"မောတော့ မောတာပေါ့၊ ဒါပေမယ့် မမောဘူးလို့ပဲ ပြောရမှာပဲဘုရား၊ တပည့်တော်က စိတ်ဝင်စားတာကိုး။"

အဖွားက တယ် ခေတ်မီပါလား၊ "မောတော့ မောတာပေါ့၊ ဒါပေမယ့် မမောဘူး" ဆိုတာ ယခုခေတ် သီချင်းစာသား တစ်ခုပဲ၊ ယခုခေတ်လူတွေ နှုတ်ဖျားမှာ အဲဒီစာသားလေးက ရေပန်းစားတယ်။"

အဖွား မောနေမှာ စိုးလို့ ထင်ပါရဲ့၊ တူမ (၃) ယောက်က ဦးရစ်အကြောင်း ပြောပြတယ်။

"တစ်ခါက ဒေါ်ချစ်စုက ငါးကြီးတစ်ကောင် ကြော်ပြီး သူ့အဖေ ဦးရစ်ကို ကြွေးတယ်၊ ဦးရစ်က သူ့မြေး ဦးမြမောင်ကို ချစ်တယ်တဲ့၊ တပည့်တော်တို့ အမေ ဒေါ်သန်းက ပြောပြလို့ သိရတာပါ၊ ဦးရစ်အနီးအနားမှာ သူ့မြေး မောင်မြမောင် ကလည်း ရှိနေတယ်၊ ဘေးလူတွေကလည်း ရှိနေသေးတော့ မောင်မြမောင်ကို ဘေးလူတွေ သိအောင် ငါးကြော်ကြီး ပေးဖို့ ခက်နေတယ်၊ ဒါကြောင့် စားပွဲအောက်ကနေ မောင်မြမောင်ကို လူ မသိအောင် လှမ်းပေးတယ်၊ လှမ်းပေးတာကို မောင်မြမောင် က မသိဘူး၊ ကြောင်ကြီးက သိတယ်၊ ဒါနဲ့ ကြောင်ကြီးက ချီပြီး စားသွားပါလေရော-တဲ့၊"

"တူမ (၃) ယောက်က ပြောရင်းလည်း ရယ်ကြတယ်၊ ရယ်ရင်းလည်း ပြောကြတယ်၊ တော်တော် ပျော်နေကြတယ်၊ စာရေးသူလည်း လွတ်လွတ်လပ်လပ် ရင်းရင်းနှီးနှီးပဲ မေးတယ်၊ အဖွားရော တူမ (၃) ယောက်ကရော လွတ်လွတ်လပ်လပ် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်းပဲ ပြောကြတယ်၊ စာရေးသူ ဆယ်မိုင်ကုန်းမှာ နေခဲ့ရတဲ့ (၂) လတာကာလ အတောအတွင်းမှာ ဒီနေ့ဟာ အရယ်ရဆုံးနေ့ တစ်နေ့ပါပဲ၊

http://www.dhammadownload.com

အင်းတကော် ညီအစ်မသုံးဖော်ကလည်း သဘောကျကာ လွတ်လွတ်လပ်လပ် အားရပါးရ ရယ်မောနေကြလေရဲ့၊ တူမ(၃)ယောက်က အဖွားမေ့နေတာကို ထောက်ပေးသလို သူတို့. သိချင်တာလေးတွေကိုလည်း ကြုံတုန်းမေးကြ, ဖြေကြနဲ့ လွတ်လွတ်လပ်လပ်ပဲ၊ သူတို့ တူအရီး(၄)ယောက် လွတ်လွတ်လပ်လပ် အပြန်အလှန်ပြောနေကြတာကို နားထောင်ရတာ အလွန်ပဲ ရယ်ရတယ်၊ တူမတစ်ယောက်က စာရေးသူကို ပြောတယ်၊ " ဦးဇင်း . . . တပည့်တော်တို့. လွတ်လွတ်လပ်လပ် ရယ်စရာမောစရာတွေ ပြောတာကို ဆရာတော် သွားမလျှောက်နဲ့.နော်၊ တပည့်.တော်တို့. တောင်ဝှေးစာ မိနေပါအုံးမယ်တဲ့၊ သူတို့ ဦးလေးဖြစ်တဲ့ ဆရာတော်ကို သူတို့. ရိုသေ လေးစားတာကို ရယ်စရာအနေနဲ့. ပြောလိုက်တာပါပဲ။ "

တူမတစ်ယောက်က စကားဆက်ပြန်ပါတယ်၊

" တပည့်.တော်တို့. ဒီနှစ် ဆရာတော်မွေးနေ့.တုန်းက ရန်ကုန် ရွှေတောင်ကုန်း သာသနာ့ရိပ်သာကို သွားကြတယ်၊ ရိပ်သာရောက်တော့ ဆရာတော်က " မမသိန်း ... မပါဘူးလား " လို့ မေးတယ်၊ " ကျန်းမာရေးမကောင်းလို့ပါ " လို့ ပြောလိုက်တယ်၊ ဆွေမျိုးတွေကို အဲဒီမွေးနေ့မှာ ဆရာတော်က သွေးသားချင်း စပ်လို့ လောက ဆွေမျိုးတော်နေပေမယ့်လို့ ဓမ္မဆွေမျိုး မတော်စပ်ကြသေးဘူး၊ ဓမ္မဆွေမျိုးတော်အောင် မလုပ်တဲ့ သူတွေကို ဆွေမျိုးတော်တယ်လို့ မသတ်မှတ် လိုဘူး "တဲ့။

" တပည့်.တော်တို့ ဒီတူမ(၃)ယောက်ထဲက အကြီး(၂)ယောက်က တရားအားထုတ်ပြီးပြီ၊ အငယ်တစ်ယောက်ပဲ ကျန်တော့်တယ်၊ အငယ်တူမကလည်း ဒီဝါကျွတ်မှာ တရားအားထုတ်နိုင်အောင် ကြိုးစားအားခဲနေတယ်။ "

" လောကဆွေမျိုးတော်ရုံသာမက ဓမ္မဆွေမျိုးပါ တော်စပ်သွားရင်တော့ ဆရာတော် သဘောကျနှစ်ခြိုက်တော်မူပေမယ်ပေါ့၊ ကြိုးစားကြပါ၊ ဝမ်းသာပါတယ်"

အဖွားလည်း လောကဆွေမျိုးသာမက ဓမ္မဆွေမျိုးပါ တော်အောင် ကြိုးစားပါ အုံးလို့. တိုတ်တွန်းလိုက်ပါတယ်၊ ဆရာတော်ရဲ့ ကျန်တဲ့ ဆွေတော်မျိုးတော်တွေလည်း ဆရာတော်နဲ့.ဆွေမျိုးတော်ရကျိုးနပ်အောင် ဓမ္မဆွေမျိုးထပ်တော်ကြပါအုံးလို့. တိုက်တွန်းလိုက်ပါတယ်။

http://www.dhammadownload.com

ပြုံးပြုံးတည်တည်

မောင်မြဟန်လေး လိမ်မာတယ်၊
သဘောကောင်းပြီး လွန်အေးတယ်၊
တစ်ပါးသူဝယ် ဒုက္ခမပေး၊
ပြုံးပြုံးလေးနဲ့ နေတတ်သေး၊
အသက်ကြီး၍ လာတဲ့အခါ၊
တည်၍တည်၍ သွားလေပါ၊
တည်သွားတာရဲ့ အကြောင်းကား၊
ဆရာတော်ရဲ့ သမာဓိအား။

http://www.dhammadownload.com

ပိတ်

ယခု ရေးမယ့် ဆောင်းပါးဟာ ဆရာတော်အကြောင်းရေးတဲ့ ဆောင်းပါးတွေထဲမှာ (၃၇) ပုဒ်မြောက်ပဲ၊ (၃၆) ပုဒ် ပြီးသွားပြီ၊ ဆရာတော် အသက် (၆၃) မှာ စာရေးသူက ဆရာတော်ထံ ရောက်တယ်၊ ဆရာတော်နဲ့ တွေ့ကြုံဆုံဆည်းခဲ့ရတယ်၊ ဒီလိုတွေ့ကြုံဆုံဆည်းခဲ့ရတာရဲ့ အကြောင်းတွေကို တစ်ခါတစ်ရံ ရှာဖွေစဉ်းစားနေမိတယ်၊ ရှေးဘဝ ရေစက်ကြောင့်ပဲလို့ အဖြေရှာရပါတယ်၊ ရှေးဘဝတွေကို မမြင်နိုင်လို့ပေါ့၊ မြင်နိုင်ရင် တစ်ဦးနဲ့တစ်ဦး ဘယ်လို ဆက်စပ်မှု ရှိခဲ့တယ်ဆိုတာ သိရမှာပေါ့၊ အခုတော့ ကိုယ်တွေ့ မသိမြင်နိုင်လို့ မှန်းဆကြည့်ရုံပဲပေါ့၊ ထူးခြားတာ တစ်ခုတော့ ရှိတယ်၊ အဲဒါက ဘာလဲဆိုတော့ ဆရာတော်နဲ့ စာရေးသူဟာ အင်္ဂလိပ်လို မွေးရက်, မွေးလချင်း သွားတူနေတယ်၊ (၂၈) ရက်၊ (၇) လ၊ ၁၉၂၁ – ခု၊ ဒါက ဆရာတော်ရဲ့ အင်္ဂလိပ်လို မွေးရက်, မွေးလ, မွေးနှစ်၊ စာရေးသူရဲ့ မွေးရက်, မွေးလ, မွေးနှစ်က – (၂၈၊ ၇၊ ၁၉၅၆) ခု၊ မြန်မာလိုမှာတော့ ဆရာတော်က ၁၂၈၃ ခု၊ ဝါဆိုလပြည့်ကျော် (၉) ရက်နေ့မှာ ဖွားတယ်၊ စာရေးသူက ၁၃၁၈ – ခု၊ ဝါဆိုလပြည့်ကျော် (၆) ရက်နေ့မှာ ဖွားတယ်။ မြန်မာလိုတော့ (၃) ရက် ကွာတာပေါ့၊ ဒီတိုက်ဆိုင်မှုလေး ဟာလည်း ထူးတယ်လို့ ဆိုရမှာပဲ။

ဆရာတော် (၆၃) နှစ်မှာ ဆရာတော်ကို စတင်တွေ့ဆုံခဲ့တာဆိုတော့ ဆရာတော်အကြောင်း ရေးရင် စာရေးသူ ထိတွေ့ခဲ့ဖူးတဲ့ အတွေ့အကြုံတွေကိုသာ ရေးနိုင်တယ်၊ ဒါတောင် စာအုပ်နဲ့ မှတ်တမ်းတင်ထားတာ မရှိတော့ မှတ်ဉာဏ်နဲ့ မှတ်သားမိသမျှပဲ ရေးနိုင်တယ်၊ မှတ်ဉာဏ်နဲ့ ပြန်ပြန်ပြီး ဖော်ယူရတာဆိုတော့ အတော်တော့ စဉ်းစားရသားပဲ၊ အေးအေးဆေးဆေး စဉ်းစားခွင့် မရရင် ရေးဖို့ ခက်တယ်၊ မရေးနိုင်လောက်ဘူး၊ ဆရာတော်ရဲ့ ငယ်ရွယ်စဉ်က အခြေအနေတွေ

http://www.dhammadownload.com

ကိုလည်း ရေးပြဖို့ လိုတယ်၊ ဒါမှ ဆရာတော်ဘဝအကြောင်းဟာ ပြည့်စုံမှာကိုး၊ ဆရာတော် အရွယ်တော်ကြီးခါမှ အခြေအနေတွေကိုသာ ရေးပြရင် သစ်ပင်ကြီး တစ်ပင်ရဲ့ အဖူး၊ အပွင့်၊ အသီးတွေရဲ့ အခြေအနေတွေကိုသာ ရေးပြတာနဲ့ တူနေလိမ့်မယ်၊ သစ်ပင်တစ်ပင်ရဲ့ ပေါက်ဖွားလာပုံ၊ ကြီးထွားလာပုံ၊ အဆင့်ဆင့် အခြေအနေတွေကိုလည်း ရေးပြမှ သစ်ပင်တစ်ပင်ရဲ့ ဘဝဟာ ပြည့်စုံလိမ့်မယ်၊ အခုလည်း ဆရာတော်ရဲ့ ငယ်ရွယ်စဉ် ဘဝအခြေအနေလေးတွေကိုလည်း ရေးပြမှ ဆရာတော့် ဘဝဟာ ပြည့်စုံလိမ့်မယ်၊ ပြည့်စုံအောင်လည်း ရေးချင်ပါရဲ့၊ ဒါပေမယ့် ဆရာတော်ရဲ့ ငယ်ရွယ်စဉ် ဘဝအကြောင်းကို ပြောပြမယ့်သူတွေနဲ့ မတွေ့ရတော့ ရေးဖို့ ခက်တယ်၊ တွေ့ခွင့်ကို စောင့်ဆိုင်းကာ နေရပါတယ်၊ စောင့်ဆိုင်းကာ နေရင်း လက်လှမ်းမီရာ အခြေအနေလေးတွေကို ရေးနေရတယ်၊ "

၁၃၅၈ (၁၉၉၆) ခုနှစ် ဝါတွင်းမှာ ပဏ္ဍိတာရာမ, တောစခန်းရိပ်သာမှာ တရားရှုမှတ်နေကြတဲ့ ပြည်ပရဟန်း ယောဂီ(ဂ)ပါး, သိင်္ဂာရှင် ယောဂီ (၂) ပါး, အမျိုးသားယောဂီ (၂) ယောက်နဲ့ ပြည်တွင်းယောဂီတွေကို စနေနေ့တိုင်း ဆရာတော် တရားလာဟောပါတယ်၊ ဆရာတော် ကြွလာမယ့် စနေနေ့ကို ရည်ရွယ်ပြီး ပဏ္ဍိတာရာမ, တောစခန်းရိပ်သာဆောက်လုပ်ရေး တာဝန်ခံဖြစ်တဲ့ ဆရာတော်ရဲ့ တူ - ဦးဌေးမြိုင် မိသားစုက နေ့ဆွမ်းကပ်ပါတယ်၊ ဆရာတော် ကြွလာမယ်အထင်နဲ့ ဆရာတော်ရဲ့ ဆွေတော်မျိုးတော်တွေကိုလည်း ဖိတ်ထားလို့ လာကြတယ်၊ ဆရာတော်က အဲဒီ စနေနေ့ရဲ့ အရင်ဥပုသ်နေ့မှာ ကြွလာဖြစ်သွားတယ်၊ လာကြတဲ့ ဆွေတော်မျိုးတော်တွေကို ရန်ကုန် ရွှေတောင်ကုန်း သာသနာရိပ်သာမှာ ဆရာတော်ရဲ့ မွေးနေ့ နေ့ဆွမ်း အလှူမှာ မြင်ဖူးပါတယ်၊ ဒါကြောင့် သူတို့ကို မှတ်မိနေတယ်၊ သူတို့ကို ဆရာတော်အကြောင်း မေးချင်သားပဲ၊ ဒါပေမယ့် သူတို့က ဘယ်အချိန်မှာ ရန်ကုန်ကို ပြန်ချင်ကြမှန်း မသိလို့ မေးရမှာ အားနာနေတယ်၊ နေ့ဆွမ်းစားအပြီး ကိုယ့်အခန်းမှာ အနားယူနေခိုက် ဒကာကြီး ဦးဥာဏ်စိန်က ဒကာကြီးတစ်ယောက်ကို စာရေးသူထံ ခေါ်လာပါတယ်၊ အဲဒီဒကာကြီးက ပင်နီတိုက်ပုံ အနီနဲ့ ခပ်ပိန်ပိန်ပါပဲ၊ ပါးစပ်ကလည်း ကွမ်းဝါး ထားတယ်၊ သူနာမည်က ဦးမြမောင်တဲ့၊ အသက်က (၇၀) တဲ့၊ (၇၀) ဆိုတော့ ဆရာတော့်အောက် ငါးနှစ်ငယ်တာပေါ့။

စာရေးသူက ဆရာတော်အကြောင်း ပြောပြမယ့်သူနဲ့ တွေ့ချင်နေတာဆိုတော့ မေးချင်တာလေးတွေ မေးရတာပေါ့။

" ဒကာကြီးက ဆရာတော်နဲ့ ဆွေမျိုး ဘယ်လို တော်စပ်သလဲ "

" တပည့်တော်က ဆရာတော်ရဲ့ တစ်ဝမ်းကွဲ တူပါဘုရား၊ မောင်ဌေးမြိုင်

http://www.dhammadownload.com

လိုပေါ့၊ တပည့်တော်ကလည်း လက်သမားလုပ်တယ်၊ ဒါကြောင့် ဒီရိပ်သာမှာ ဆောက်လုပ်ရေးဖက် ဦးစီးပေးဖို့ တပည့်တော်ကို ဆရာတော်က ပြောပါသေးဘယ်၊ တပည့်တော် မကျန်းမာတာနဲ့ မလုပ်နိုင်ခဲ့ပါဘူး။ "

" ဒကာကြီး . . . ဆရာတော်ရဲ့ လူနာမည် မိဘတွေရဲ့နာမည်တွေက ဘယ်လို လဲ။ "

" ဆရာတော်ကို သူ့အဖိုးကတော့ " မောင်မြအောင် " လို့ ခေါ်ပါတယ်၊ အမျိုးကတော့ မောင်မြဟန်လို့ခေါ်ကြတယ်၊ ဆရာတော်ရဲ့ အဖေနာမည်က ဦးဖေ၊ အမေနာမည်က ဒေါ်ချစ်စုတဲ့။ "

" မောင်မြဟန်နဲ့ မောင်မြမောင်တို့ ငယ်ရွယ်စဉ်က အတူတူ နေခဲ့ကြရမှာပေါ့၊ တူအရီး (၂) ယောက်ရဲ့ ငယ်ရွယ်စဉ်က အကြောင်းလေးတွေ မှတ်မိသမျှ ပြောပြပါလား။ "

" ဆရာတော် လောင်းလျာ မောင်မြဟန်က စိတ်ထက်တယ်၊ ကလေးတွေ အလုပ်လုပ်ရင် ဖြစ်စေ၊ ကစားကြရင်ဖြစ်စေ၊ စကားပြောကြရင် ဖြစ်စေ မောင်မြဟန်က ဦးဆောင်လုပ်တယ်၊ ဦးဆောင် ကစားတယ်၊ ဦးဆောင် စကားပြောတယ်၊ သူက ဆရာပေါ့၊ သူက စီစဉ်ညွှန်ကြားတယ်။ "

" အရှင်ဘုရား . . . မောင်မြဟန်ရဲ့ ဇာတိရွာက တံတားကလေးရွာပါတဲ့၊ အခုတော့ မြောက်ဥက္ကလာသို့ အသွား တံတားလေးလမ်းဆုံလို့ အပြောများတဲ့ တံတားလေးပေါ့၊ တပည့်တော်တို့ ယခု နေတဲ့ ကျောက်ရေတွင်းကုန်းမှာ ဦးဥာဏ်ဆိုတဲ့ ဒကာကြီးတစ်ယောက် ရှိတယ်၊ အရင်ကတော့ ကျောက်ရေတွင်းကုန်းက ရွာလူကြီးတစ်ယောက်ပေါ့၊ သူက ရပ်ရွာကိစ္စတွေ ဆောင်ရွက်ရာမှာ သြဇာရှိတယ်၊ သူက ကိစ္စ တစ်ခုအတွက် စာရင်းတွက်နေတယ်၊ မောင်မြဟန်က သူ့အနားသွားပြီး သူစာရင်း တွက်နေတာကို သွားကြည့်တယ်၊ ဦးဥာဏ်က " မင်းတို့ကလေးတွေ ဘာမှ နားလည်တာ မဟုတ်ဘူး၊ သွားစမ်း "လို့ ပြောတယ်၊ အဲဒီအခါ မောင်မြဟန်က " ကျွန်တော်တို့ နားမလည်ရအောင် ခင်ဗျားစာက ဘာစာမို့ လဲ၊ ပြစမ်းပါ "လို့ ပြန်ပြောသတဲ့၊ အဲဒီအခါ ဦးဥာဏ်ဟာ ဘာမှ မပြောသာတော့ဘူး။ မောင်မြဟန်ဟာ အဲဒီလို အည့်မခံဘဲ ပြန်ပြောတတ်တယ်၊ မောင်မြဟန်ဟာ အဲဒီတုန်းက အသက် (၁၂) နှစ်၊ (၁၃) နှစ်လောက် ရှိမယ်ထင်တယ်။ "

" မောင်မြဟန်က ကြီးတဲ့သူတွေကိုတော့ လေးစားပါတယ်၊ ဒါပေမယ့် ကြီးတဲ့သူတွေကိုရော တန်းတူသူတွေကိုရော ဘယ်သူမှတော့ မကြောက်ဘူး၊ ပညာရေးနဲ့ ပတ်သက်လာရင် ထက်တယ်၊ ထန်လဲ ထန်တယ်၊ တပည့်တော်တို့

http://www.dhammadownload.com

ကျောက်ရေတွင်းကုန်းရွာမှာ နာရေးကိစ္စတစ်ခု ရှိတယ်၊ ဆရာတော်က အဲဒီတော့ ဥူးဇင်းဘဝနဲ့ ကျိုက္ကစံ စာသင်တိုက်မှာ စာသင်နေတယ်၊ ဥူးဇင်းက အဲဒီနာရေးကိစ္စ အတွက် ကျောက်ရေတွင်းကုန်းရွာကို ကြွလာတယ်၊ အဲဒီနာရေးပွဲမှာ ဦးဥာဏ်ကို ဥူးဇင်းက တွေ့တယ်၊ တွေ့တော့ " ဒကာကြီး ဥူးဇင်းကို မှတ်မိလား၊ ဒကာကြီး ပြောခဲ့တာကိုကော မှတ်မိရဲ့လား " လို့ မေးတယ်၊ "မှတ်မိပါတယ် ဘုရားလို့ ဦးဥာဏ်က လျှောက် တော့ မှတ်မိရင်ပြီးတာပဲ လို့ ပြောတယ်၊ မောင်မြဟန်ဟာ သူ့ကို ဦးဥာဏ်က ကလေးဘဝတုန်းက ပြောခဲ့ပြီး မတွေ့ခဲ့တာ အခုမှပဲ ဦးဥာဏ်ကို ပြန်တွေ့တယ်၊ သူ့ကို အပြောခံရပြီးကထဲက ဦးဥာဏ်ကို မတွေ့အောင် ရှောင်နေခဲ့တယ်၊ ဦးဥာဏ်ရှိရာကို မသွားခဲ့ဘူး၊ အခုမှပဲ ဥူးဇင်းဘဝနဲ့ ပြန်တွေ့တယ်။ "

" ဒကာကြီးတို့က အခု ဆရာတော်ကို ခေါ်တော့ ဘယ်လိုခေါ်လဲ "

" အရင်တုန်းကတော့ " ဥူးဇင်း " လို့ပဲ ခေါ်တယ်၊ မဟာစည် သာသနာရိပ်သာမှာ နေခဲ့သမျှကာလမှာ " ဥူးဇင်း " လို့ ခေါ်ခဲ့တယ်၊ အခု ရွှေတောင်ကုန်း သာသနာ့ရိပ်သာရောက်တော့မှပဲ " ဘုန်းကြီး " လို့ ပြောင်းခေါ်ခဲ့တယ်၊ "

" ဘာပြုလို့လဲ ဒကာကြီး "

" တပည့်တော်တို့ အထက်က ဆရာဖြစ်တဲ့ အင်ဂျင်နီယာတွေ၊ တပည့်တော်တို့ ဌာနဆိုင်ရာဝန်ကြီးတွေကတောင် " ဆရာတော်၊ ဆရာတော် " လို့ ခေါ်နေကြတာ ဖြစ်လို့ မပြောင်းရင် မသင့်တော်တော့လို့ " ဥူးဇင်း " လို့ မခေါ်တောဘဲ " ဘုန်းကြီး " လို့ ပြောင်းခေါ်ခဲ့ရတယ်။ "

" ဒကာကြီးတို့ ဆရာတော်ရဲ့ မွေးနေ့မှာ လာတုန်းက ဆရာတော်က ဘာတွေများ ဒကာကြီးတို့ကို ပြောသလဲ၊ ဒကာကြီး ကွမ်းဝါးတာနဲ့ ပတ်သက်ပြီး ဘာပြောသေးလဲ။ "

" ကွမ်း မဝါးဖို့ ပြောတယ်၊ ခုထိ ဝါးတုန်းပဲလားလို့လည်း မေးတယ်၊ သူပြောပြီး နှစ်ရက်၊ သုံးရက်လောက်တော့ မဝါးဘဲ နေလိုက်သေးတယ်၊ နောက်တော့ မဖြတ်နိုင်လို့ ဝါးမြဲပြန်ဝါးတာပါပဲ၊ မွေးနေ့သွားတိုင်း ကောင်းတာတွေ ဆုံးမတာပါပဲ"

" ဘာတွေလဲ ကောင်းတာတွေက "

" တရားအလုပ် လုပ်ဖို့ပေါ့၊ သူပြောတာက ကောင်းတာ ပြောတာပဲလေ။ "

" ဘာတွေ ပြောသေးလဲ။ "

" မှတ်ဉာဏ်က သိပ်မကောင်းတော့ဘူး၊ မေ့ကုန်ပြီ။ "

" အခု ဆွေမျိုးတော်စပ်ရတယ် ဆိုတာက လောကအနေနဲ့ ဆွေမျိုးတော်စပ်ရတာပဲ၊ တရားနဲ့ ဆွေမျိုးတော်စပ်မှ ပိုမိုရင်းနှီးတယ်၊ ပိုမို ကောင်းတယ်၊ တရားနဲ့

http://www.dhammadownload.com

ဆွေမျိုးတော်စပ်အောင်လည်း လုပ်ကြအုံး – လို့ ပြောတယ် မဟုတ်လား။ "

" ဟုတ်တယ်၊ ပြောတယ် ဘုရား။ "

" မွေးနေ့မှာ ဆွေတော်၊ မျိုးတော်တွေ လာဖို့ ခေါ်တာဟာလည်း တရား အားထုတ်ဖြစ်အောင် တိုက်တွန်းချင်လို့ ခေါ်တာ ဖြစ်ပါလိမ့်မယ်၊ အဲဒီမွေးနေ့မှာ ဆရာတော်က စာအုပ်လေးတွေ စွန့်တာ တွေ့ရပါတယ်၊ ဘာစာအုပ်လေးတွေလဲ၊ "

" စာအုပ်နာမည်ကိုတော့ ဖော်မရဘူး။ "

" ဒကာကြီးက ဖတ်ကော ဖတ်ရဲ့လား။ "

ဘာအကြောင်းအရာတွေ ရေးထားတာလဲ။

" သာမဏေကျော် " ပဲ မှတ်မိတယ်၊ ဖတ်တော့ ဖတ်ပါတယ်၊ ဖြုန်းကနဲတော့ စဉ်းစားမရဘူးပေါ့ဘုရား။ "

" ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်၏ အဆိုအမိန့်များ စာအုပ်နဲ့ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော် မေးခွန်း သပြေကန်ဆရာတော်ကြီး ဖြေသည် – ဆိုတဲ့ စာအုပ်တွေ မဟုတ်လား။ "

" အရှင်ဘုရားက မှတ်မိနေသားပဲ။ "

" ဒကာကြီးတို့ ဘုန်းကြီးရဲ့ တပည့်ပဲ။ "

"ဟုတ်တယ်၊ တပည့်တော်တို့ မေ့သလောက် တပည့်တော်တို့ ဘုန်းကြီးကတော့ မှတ်ဉာဏ်ကောင်းတယ်၊ တပည့်တော်တို့ သူ့ထံ သွားရင် " ဘယ်သူ ဘာလုပ်နေတုံး၊ ဘယ်သူ ဘယ်ရောက်နေလဲ " စသည်နဲ့ သူသိသမျှ ဆွေမျိုးတွေရဲ့ နာမည်တွေကို ပြောပြပြီး မေးတော့တာပါပဲ။ "

"ဒကာကြီးတို့ အမျိုးတွေထဲမှာ ဘုန်းကြီးဖြစ်တာ ရှိသေးလား၊ ဆရာတော် တစ်ပါးပဲလား။ " ဒီလို ထွန်းထွန်းပေါက်ပေါက်ကတော့ ဆရာတော်တစ်ပါးပါပဲ၊ ဆရာတော်ရဲ့ အစ်ကိုတစ်ဝမ်းကွဲ ဥူးသြဘာသဆိုတာ ရှိတယ်။ "

" ဒါဆိုရင်တော့ တစ်မိပေါက် တစ်ယောက်ထွန်းလို့ပဲ ဆိုရမှာပေါ့။ "

" မှန်ပါ့ဘုရား။ "

" အင်း . . . ဆရာတော်ရဲ့ ခမည်းတော် ဦးဖေနဲ့ မယ်တော် ဒေါ်ချစ်စုတို့သာ သူတို့ သားကြီးရဲ့ သာသနာရေးရာလုပ်ငန်းအဖြာဖြာနဲ့ အများအကျိုးဆောင်ရွက်ပုံ အဖုံဖုံတွေကို မြင်တွေ့ခဲ့ရရင် ဘဝင်ခွေ,နေမှာ မလွဲပါဘူး၊ ဦးဖေနဲ့ ဒေါ်ချစ်စုတို့ရဲ့ မျက်နှာတွေမှာ ပီတိရောင်သန်းပြီး ပြုံးပန်းတွေ ဝေနေမှာ သေချာပါတယ်၊ သူတို့ သားကြီး မျှဝေတဲ့ ကုသိုလ်အစုစုရဲ့ အဖို့,ကိုလည်း သာဓု ခေါ်နိုင်ရင် ခေါ်နေကြမှာပါပဲ၊ ငါတို့ရဲ့ ဒီသားကြီးဟာ သားရတနာဆိုတဲ့အတိုင်း

http://www.dhammadownload.com

တကယ့်ကို ရတနာထိုက်တဲ့ သားပါပဲလို့လည်း အားရကျေနပ်နေကြမှာပါပဲ။ "

" ဒကာကြီး . . . အဲဒီအတိုင်း ဦးဖေနဲ့ ဒေါ်ချစ်စုတို့မှာ ခံစားမှုတွေ မဖြစ်ပေဘူးလား။ "

" အရှင်ဘုရား ပြောပြတာက နည်းသေး၊ ဒီထက် အများကြီး ကျေနပ်နေမှာပေါ့ ဘုရား။ " ထောင့်ပေါင်းစုံက ကြည့်ပြီး နည်းပေါင်းစုံစွာနဲ့ ကျေနပ်ကြည်နူးနေမှာပေါ့ဘုရား။ "

" သြော် . . . မိဘ၊ မိဘ . . . "

ပိတိ

သူ့နာမည်က မောင်မြဟန်
စာနဲ့စပ်ရင် လွန်ထက်ထန်
ကြီးသူမှန် သူ လေးစား
သို့သော် သူကား မရွံ့ရှား။
ပြည်တွင်း ပြည်ပ အနှံ့ပေ
ခုခါ မျှားကြိုး ဆောင်ရွက်နေ
သူ့မေမေ ဖေဖေများ
သိခွင့်ရရင် ပီတိပွား။

http://www.dhammadownload.com

အာဂပါလေး

ဆယ်မိုင်ကုန်း ပဏ္ဍိတာရာမ တောစခန်းရိပ်သာမှာ ထန်းစေ့တွေ ဒီနေ့ (တော်သလင်းလဆန်း ၅ - ရက်နေ့) လာစိုက်ကြတယ်၊ မြန်မာဆေးဆရာ ဦးသောင်းနိုင် ဦးစီးပြီး လာစိုက်ကြတာပါပဲ၊ ဦးသောင်းနိုင်က အညာသားဆိုတော့ အညာမှာ ထန်းပင်တွေ ပေါတော့ ထန်းစေ့တွေ ရတာပေါ့၊ ဦးသောင်းနိုင်ရဲ့ အရပ်က ယူလာတာတဲ့၊ သူ့အရပ်က စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ ထန်းဖူးတောရွာတဲ့၊ ထန်းဖူးတောရွာဆိုတဲ့ အတိုင်းပဲ ထန်းပင်တွေလည်း ပေါတယ်၊ စာရေးသူရဲ့ အရပ်နဲ့ သိပ်မဝေးလှဘူး၊ ဆရာတော်နဲ့ အတူ အဲဒီထန်းဖူးတောရွာကို တရားစခန်းဖွင့်ပွဲ အတွက် ရောက်ဖူးတယ်၊ ဆရာတော်က ဦးသောင်းနိုင်ရဲ့ ကမ္မဋ္ဌာန်းဆရာပဲ၊ ဦးသောင်းနိုင်က မြန်မာဆေးဆရာဖြစ်တဲ့အပြင် အကြောပြင်ဆရာလည်း ဖြစ်တယ်၊ ဒါကြောင့် တနယ်ခနေ့တိုင်း ရွှေတောင်ကုန်းသာသနာ့ရိပ်သာကို လာပြီး ဆရာတော်ကိုပဲမှာ အခြားသံဃာတော်တွေကိုပါ အကြောပြင်ပေးလေ့ရှိတယ်၊ သူက ယခုနှစ်ဟာ ၁၃၅၈-ခုနှစ် ဖြစ်လို့ ထန်းစေ့ပေါင်း ၁၃၅၈ - စေ့ စိုက်ဖို့ ယူလာတယ်တဲ့၊ သူတို့ လာစိုက်တဲ့အခါ နာယကက ကျောက်တန်း ဆရာတော်လည်း ရန်ကုန်ကကြွလာတယ်၊ ဆရာတော်က တော်သလင်းလဆန်း (၈) ရက် (၂၀၊ ၉၊ ၉၆) မှာ ဆယ်မိုင်ကုန်း တောစခန်းရိပ်သာမှာ အရဏ်ဆွမ်း, နေ့ဆွမ်း လှူမှာမို့ အဲဒီရက် မရောက်ခင် လာပြီး ကြိုတင်စီစဉ်တာနဲ့ တူပါရဲ့။

ဆရာတော်တို့ နေ့ဆွမ်းအမီ ကြွလာကြလို့ နေ့ဆွမ်းစားအပြီးမှာ "ဆရာတော်ဘုရား . . . ဆရာတော်ကို တပည့်တော် မေးမြန်းလျှောက်ထားချင်တာလေးတွေ ရှိပါတယ်ဘုရားလို့" လျှောက်ထားတဲ့အခါ ဆရာတော်က ပြုံးပြုံးကြီး လုပ်နေတယ်၊ "မေးပါ၊ မေးပါ၊ ဘာတွေ မေးမှာလဲ "တဲ့။

http://www.dhammadownload.com

"ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်အကြောင်းကိုပါဘုရား၊ ဆရာတော်တို့ (၂) ပါးက ကျောက်တန်း မဟာဗောဓိတောရကျောင်းမှာ အတူတူ နေခဲ့ကြတာဆိုတော့ ငယ်စဉ်က အခြေအနေလေးတွေပေါ့ဘုရား၊ ဆရာတော်တို့ မဟာဗောဓိတောရကျောင်းမှာ နေစဉ်က သံဃာတွေ (၈၀) လောက် ရှိတယ်ဆိုဘုရား"

"အင်း . . . သံဃာ (၇၀)၊ (၈၀) လောက်ပဲ၊ အဆောက်အဦးတွေကလည်း (၃၀) လောက် ရှိမယ်၊ အများကြီးပဲ၊ ကျပန်စစ်မဖြစ်ခင်ကပေါ့၊ ကျပန်စစ်လည်း ဖြစ်ရော အဆောက်အဦးတွေ ဖျက်ပြီး ရွာထဲ ကျောင်းကို ရွှေ့ရတယ်၊ မဟာဗောဓိတောရပထမ ဆရာတော်ကြီး (ဥူးကေလာသ) ကတော့ သဗ္ဗညုရွာမှာ ပြောင်းပြီး သီတင်းသုံးတယ်၊ မဟာဗောဓိတောရ ဒုတိယ ဆရာတော်က မဟာဗောဓိတောရကျောင်းမှာပဲ ကျပန်စစ်အတွင်း နေနေသေးတယ်၊ ပြန်ပေးဆွဲတာတွေ ခေတ်ထလာလို့ ဆရာတော်ကိုလည်း ပြန်ပေးဆွဲမယ်လို့ သတင်းထွက်နေတဲ့အတွက် ရွာထဲကျောင်းသို့ အတင်းလျှောက်ပြီး ပင့်ရတယ်။"

"ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်အကြောင်း အဓိန့်ရှိပါအုံးဘုရား။"

ကျောက်တန်းဆရာတော်က "အင်း . . . မေ့ကုန်ပြီ" လို့ ဒီလို မပြောဘူး၊ မှတ်မိနေတယ်၊ ငယ်စဉ်ကအကြောင်း ပြောပြမှာမို့ စိတ်ပါဝင်စားပြီး တက်ကြွနေပုံရတယ်၊ သူ လေးစားကြည်ညိုတဲ့ ဆရာတော့်အကြောင်း ပြောပြရမှာမို့ ပြောပြလိုစိတ်လည်း ထက်သန်နေပုံရတယ်၊ ကျောက်တန်းဆရာတော်က အခုနှစ် (၁၃၅၈) ခုနှစ်မှာ အသက် (၇၁) ပြည့်သွားပြီ၊ (၇၅) နှစ်ရှိတဲ့ ဆရာတော်နဲ့ (၄) နှစ်ပဲ ကွာတယ်၊ ကျောက်တန်းဆရာတော်က ဒီလို ပြောပြတယ်။

"မဟာဗောဓိတောရမှာ တပည့်တော်က ကိုရင်ငယ်၊ ဆရာတော်က ကိုရင်ကြီး၊ တပည့်တော်က ကိုရင်ကြီး ဖြစ်လာတော့ ဆရာတော်က ဥူးဇင်းငယ်ပေါ့၊ ဆရာတော်က ရဟန်း၀ါ (၄) ၀ါအထိ မဟာဗောဓိတောရကျောင်းမှာ နေသွားတယ်၊ ဆရာတော်ဥူးပညာသိရီထံမှာ ရှုပသိဒ္ဓိ၊ သဒ္ဒါကြီး၊ ကခ်ီ၊ သဂြိုဟ်, ပါရာဇိကဏ်, အလင်္ကာ, စာ၀ါတွေ တက်သွားတယ်၊ အလတ်တန်း ကစပြီး နောက်စာမေးပွဲတွေကို ရန်ကုန် ကျိုက္ကစံကျောင်းတိုက်မှာ နေပြီး ဖြေခဲ့တယ်၊ ဆရာတော်က အများနဲ့ ရေလိုက် ငါးလိုက် မနေဘူး၊ သူ့ဘာသာသူ အေးအေးပဲ၊ ဒကာ, ဒကာမတွေကိုလည်း ရင်းရင်းနှီးနှီးနဲ့ မရောနှောဘူး၊ မဆက်ဆံဘူး၊ တပည့်တော်တို့ မဟာဗောဓိတောရကျောင်းမှာ ဥပုသ်နေ့ဆိုရင် ဥပုသ်စောင့်တဲ့သူတွေ လာကြတယ်၊ သူတို့က ကိုယ်ကြည်ညိုရာ, ကိုယ်နီးစပ်ရာ ဥူးဇင်း, ကိုရင်တွေကို

http://www.dhammadownload.com

ရှစ်နှာရီလောက်မှာ စားစရာ သောက်စရာတွေ ကပ်ကြတယ်၊ ဆရာတော် လောင်းလျှာက ဘယ်သူ ပင့်ပင့် သွားပြီး မဘုဉ်းပေးဘူး၊ မသောက်ဘူး၊ အပို အလုပ်ကို မလုပ်ဘဲ နေတဲ့ အလေ့အထ ရှိတယ်၊ ဘယ်ဒကာ, ဒကာမက ပင့်ပင့် မကြွတော့ ဒကာ, ဒကာမတွေက ပြောကြတယ်၊ " ဦးဖိုးဟန်, ဒေါ်သောင်တို့ရဲ့ ရဟန်းက မာနကြီးတယ် " တဲ့၊

" ဦးဖိုးဟန်၊ ဒေါ်သောင်ဆိုတာ ဒေါ်ကြည်ကြည်ရဲ့ မိဘတွေလားဘုရား "

" ဟုတ်တယ်၊ ဦးဖိုးဟန်၊ ဒေါ်သောင်တို့က ကျောက်တန်းရွာမှာ တကယ့် သူဌေးတွေ၊ သူဌေး ဦးဖိုးဟန်၊ သူဌေးကတော် ဒေါ်သောင်လို့တောင် ခေါ်ကြတာ၊ ဆရာတော်လောင်းလျှာဟာ သူဌေးကိုးကွယ်တဲ့ သူဌေးဘုန်းကြီးမို့ မာနကြီး တယ်လို့ ပြောကြတာပေါ့၊ ဆရာတော်ဟာ ငယ်ငယ်ကထဲက သူ မှန်တယ်လို့ ထင်ရင် အခြား တစ်ဘက်မှာ လူတွေ ဘယ်လောက်များများ သူ့ဘက်က သူတစ်ပါးတည်း ဖြစ်နေပါ စေ အလျှော့မပေးဘူး၊ အနိုင်မခံ အရှုံးမပေးတတ်ဘူး၊ ပြောလည်းပြောရဲတယ်၊ ပြောလည်း ပြောတတ်တယ်၊ မကြောက်ဘူး။ "

" ဂျပန်စစ်ခေတ်အတွင်း မဟာဗောဓိတောရကျောင်းမှာ ပစ္စည်းတွေ လာပြီး ထားကြတယ်၊ အဲဒီမှာ ရှိတဲ့ သံဃာတွေက အဲဒါတွေကို စောင့်ရှောက်ရတယ်၊ စောင့်ရှောက်ရေးတာဝန် ခွဲပေးဖို့ သံဃာ့အစည်းအဝေး လုပ်တယ်၊ မဟာဗောဓိ တောရ ဒုတိယဆရာတော်ရှေ့မှာပဲ၊ ဆရာတော်ရဲ့ စာချဆရာ ဥူးပညာသိရိ၊ ယခု ကျောက်တန်း ဆရာတော်ကြီး ဥူးပဇ္ဇာဝံသ၊ ဗြူးကုန်းဆရာတော် ဥူးအာစိဏ္ဏ၊ ဆရာတော်ရဲ့ အစ်ကိုတစ်ဝမ်းကွဲ ဥူးသြဘာသစတဲ့ ရွှေတောင်ကုန်းဆရာတော် လောင်းလျှာထက် ကြီးတဲ့ သံဃာအကြီးတွေ ပါတယ်၊ တပည့်တော်ရော ဆရာတော် ရောပေါ့၊ တပည့်တော်တို့ မဟာဗောဓိတောရကိုဏ်းဆိုင်ရာမှာ ကြီးတဲ့ သံဃာက ပြောရင် ငယ်တဲ့ သံဃာက ပြန်လှန်ပြီး ပြောရိုးထုံးစံ မရှိဘူး၊ အဲဒီ အစည်းအဝေးမှာ အလှည့်ကျ စောင့်ရှောက်ဖို့ တာဝန်ပေးတဲ့အခါ ဆရာတော်လောင်းလျှာက " အဲဒီ ဟာတွေ ကိုင်ထားပြီး ဘာလုပ်ရမှာလဲ " လို့ မေးတယ်၊ " ရန်သူ လာရင် မသေ လောက်တဲ့နေရာ ခြေထောက်စသည်ကို ပစ်ပေါ့ " လို့ ပြောတဲ့အခါ " အဲဒီလိုဆိုရင် ရန်သူက ကိုယ့်ကို အသေသတ်သွားမှာပေါ့ " လို့ ဆရာတော်လောင်းလျှာက ပြန်ပြောတယ်၊ တပည့်တော်တော့ ဘာမှ ပြန်မပြောရဲလို့ ငြိမ်နေရတယ်၊ ဆရာတော်ထက် ကြီးတဲ့ သံဃာတွေကလည်း မပြောရဲကြဘူး၊ ကိုယ့်ကျောင်း ကိုယ်ပြန်ရောက်တော့ ဆရာတော်ရဲ့ အစ်ကို ဥူးသြဘာသက သူ့ညီကို ပြောတယ်၊ " မင်း ဘာလို့ ပြောတာလဲ " တဲ့၊ ဆရာတော်က အဲဒီလိုပဲ မကြောက်ပဲ့ူး၊ ပြောစရာ

http://www.dhammadownload.com

ရှိရင် ပြန်ပြောရဲတယ်။ "

"ဆရာတော်က ကလေးဘဝတုန်းကကော ဘယ်လိုနေလဲ၊ ဒီလိုပဲ မကြောက်တတ်ဘူးလား ဘုရား။ "

"တစ်ခါက ရန်ကုန် ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ ဆွမ်းစားဝိုင်းမှာ (၂) ပါးထဲရှိတုန်း တပည့်တော်က ကြောက်တတ်တယ်လို့ ဆရာတော်ကို လျှောက်တော့ "ဘာလို ကြောက်ရမှာလဲ၊ ဒီကတော့ ငယ်ငယ်ထဲက မကြောက်ဘူး" လို့ ပြောပြီး သူင်းနှစ်သားအရွယ်တုန်းက အကြောင်းကို ဆရာတော်က ပြောပြတယ်၊ သူငါးနှစ်သား အရွယ်တုန်းက သူ့ကို လူကြီးတွေက ဝိုင်းပြီးစကြတယ်၊ စပါများတော့ သူက ပြောတယ်တဲ့၊ " ခင်ဗျားတို့. . . . မစကြနဲ့.ဗျာနော်၊ ပြောမရရင် သူကြီးကို သွားတိုင်မှာ " တဲ့၊ အဲဒီလို သူပြောတာကို လူကြီးတွေက သိပ်သဘောကျကြတယ်၊ သဘောကျလို့ တိုးပြီး စကြတယ်၊ အဲဒီအခါ သူကြီးကို သွားတိုင်မယ်ဆိုပြီး ထွက်သွားရောတဲ့၊ လူကြီးတွေက မနည်းလိုက်ခေါ်ပြီး ပွေ့.ထားရတယ်တဲ့၊ သူကြီးတိုင်ရတယ်ဆိုတာကို ကြားဖူးတာနဲ့ သူက အဲဒီလို ပြောတာ၊ သူကြီးအိမ်က ဘယ်ရှိမှန်းလဲ သိတာတော့ မဟုတ်ဘူး။ "

"အဲဒီအဖြစ်အပျက်က ဘယ်မှာ ဖြစ်ခဲ့တာလဲဘုရား၊ ဆရာတော်ရဲ့ အဖေဇာတိဖြစ်တဲ့ ကျောက်တန်းရွာနဲ့. နီးတဲ့ ကော့ချွန်ရွာမှာလား၊ ဒါမှမဟုတ် ဆရာတော်ရဲ့ ဇာတိဖြစ်တဲ့ ရန်ကုန်က တံတားလေးရွာမှာလား။ "

"တံတားကလေးပါပဲ။ "

"တောထဲက ဆူးတွေကို ဘယ်သူမှ ခွန်မပေးရဘဲ သူ့.အလိုလို ထက်နေကြတယ် – ဆိုတာလိုပါပဲလား ဘုရား၊ ဆရာတော်က ငယ်ငယ်ထဲက မကြောက်တတ်တဲ့ ဇာတိက ပြခဲ့တာကိုး၊ ဆရာတော်က ဒီလိုပြောပြတဲ့အတွက် သိရတာပေါ့ဘုရား၊ ဝမ်းသာလှပါတယ်ဘုရား၊ ဆရာတော်လည်း ဆွမ်းဘဉ်းပေးပြီး နှားပါဦးဘုရား။ "

"အင်း၊ အင်း။ "

http://www.dhammadownload.com



ဆရာတော်လောင်းလျာ ကစားခဲ့ရာ ကော့ချိုရွာမှ ကုက္ကိုပင်ကြီး



ဆရာတော်လောင်းလျာ နေခဲ့ရာ ကော့ချိုရွာမှ အိမ်နေရာ

(အပေါ်ပုံ ⇒ စာမျက်နှာ ၇) (အောက်ပုံ ⇒ စာမျက်နှာ ၃၈)

http://www.dhammadownload.com



တောစခန်းရိပ်သာ တံတားပေါ်





ဆရာတော်၏ ရဟန်းဒါယကာ ဦးဘိုးဟန် နှင့် ဒေါ်သောင်

(အပေါ်ပုံ → စာမျက်နှာ ၃၂) (အောက်ပုံ → စာမျက်နှာ ၄၂)

http://www.dhammadownload.com

အာဂပါလား

ငါးနှစ်သားအရွယ်
သူ တကယ် မကြောက်
ထို့နောက်ဝယ် ရဟန်းငယ် ဖြစ်လဲ
တကယ်ပဲ လေးစားရငြား
ရဟန်းကြီးတွေအကြား
ပြောစရာစကားကို
ရဲရဲပြောကြား
အာဂပါလား။

http://www.dhammadownload.com

သုသာဝ

တော်သလင်းလဆန်း (၁၄) ရက်နေ့က နေသာတယ်၊ ဒါကြောင့် ကျောက်တန်းရွာကို ရောက်အောင် သွားခဲ့တယ်၊ သီရိမင်္ဂလာ မဟာဗောဓိကျောင်းတိုက်ကို ရောက်ခဲ့တယ်၊ ကြီးမားတဲ့ သစ်သားကျောင်းဆောင်ကြီး (၂) ဆောင် တွေ့ခဲ့တယ်၊ မဟာဗောဓိတောရကျောင်းက ကျောင်းဆောင်တွေကို ဖျက်ယူပြီး သီရိမင်္ဂလာမဟာဗောဓိကျောင်းမှာ ဆောက်ထားတာတဲ့၊ ဂျပန်ခေတ်တွင်းတုန်းကပေါ့ တဲ့၊ ကျောက်တန်းရွာက ဒကာကြီး ဦးအောင်မူးက ဆရာတော်နဲ့ မဟာဗောဓိ ကျောင်းမှာ အတူနေခဲ့ဖူးတဲ့ ဒကာကြီးဦးငွေလိုင် (ဥူးခန္တီဗလလူထွက်) ကို စာရေးသူ ဆီကို ခေါ်လာတယ်၊ ဒကာကြီးက ခပ်တုန်တုန်နဲ့ စာရေးသူဆီကို လာနေရှာတယ်၊ အသက် မေးကြည့်တော့ (၈၀) ရောက်နေပြီတဲ့၊ (၈၀) ဆိုတော့ ဆရာတော်ထက် ငါးနှစ်ကြီးတာပေါ့၊

မဟာဗောဓိကျောင်းက ဆရာတော်ကြီး ဥူးကေလာသထံမှာ ရဟန်းဘဝ တုန်းက ဆရာတော်နဲ့အတူတူ ဒကာကြီးက နေခဲ့ဖူးတယ်။

"ဒကာကြီးတို့ မဟာဗောဓိတောရမှာ နေစဉ်က ဆရာတော်ကြီးဥူးကေလာသ က စာချပေးသလား။ "

"စာချမပေးဘူး၊ ဆရာတော်ကြီးက သူတရားအလုပ်ပဲ သူလုပ်နေတာပဲ၊ ဆရာတော်ကြီးရဲ့ တပည့်ကြီး ဆရာတော်ဥူးပဏ္ဍာဝကပဲ ပရိယတ်ပိုင်းမှာ ဦးဆောင်ပြီး ဆောင်ရွက်ပါတယ်။ "

"ဒကာကြီးက ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်နဲ့အတူ စာတက် ခဲ့ဖူးတာပေါ့နော်၊ ဘယ်ဆရာတော်တွေဆီမှာ တက်ခဲ့ရတာလဲ။ "

" ပထမငယ်တန်းအတွက် စာဝါတွေကို ဆရာတော်ဥူးပဏ္ဍာဝဆီမှာရော

http://www.dhammadownload.com

ဆရာတော်ဥူးပညာသိရီဆီမှာပါ ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်နဲ့အတူ တက်ခဲ့ကြတယ်။ ဆရာတော်ဥူးပဏ္ဍိတက အငယ်တန်းအတွက် မဟာဗောဓိတောရက စာလေ့လာသွားခဲ့တယ်။ "

"ဆရာတော်နဲ့အတူ နေခဲ့ဖူးတာဆိုတော့ တစ်ဆောင်ထဲ နေခဲ့ဖူးတာလား"

"မဟုတ်ပါဘူးဘုရား၊ သူက အလယ်ကျောင်းမှာ၊ တပည့်တော်က သပြေပင်ကျောင်းမှာ နေခဲ့တယ်၊ ကျောင်းဆောင်လေးတွေက သေးသေးတွေပါပဲ၊ အဆောင်ချင်း ကပ်လျက်ပါပဲ။ "

"အတူတူ နေခဲ့ကြတာဆိုတော့ ရင်းရင်းနှီးနှီး စကားပြောကြ, ခင်မင်ခဲ့ကြမှာပေါ့နော်။ "

"ဆရာတော် ဥူးပဏ္ဍိတက ငယ်ငယ်ထဲက သူများတွေနဲ့ သိပ်စကားမပြောဘူး၊ သူဘာသူ တစ်ပါးတည်း နေလေ့ရှိတာပဲ၊ သူလုပ်ရမယ့် အလုပ် လုပ်နေတာပဲ။ သူ လုပ်ရမယ့် အလုပ်ကို မှန်မှန် လုပ်တယ်။ "

"သူ လုပ်ရမယ့် အလုပ်ကို မှန်မှန် လုပ်တယ် – ဆိုတော့ ဒကာကြီးတို့ သံဃာတွေ တစ်နေ့တာ ဘာအလုပ်တွေ လုပ်ခဲ့ရတာလဲ။ "

"သံဃာတွေက နံနက် (၄) နာရီမှာ အိပ်ရာက ထပြီး ဘုရားဝတ်တက်တဲ့ ကျောင်းဆောင်မှာ အားလုံး စုပေါင်းပြီး ဘုရားဝတ်တက်ကြရတယ်၊ ပြီးတော့ ဆရာတော်ကြီး သီတင်းသုံးတဲ့ ကျောင်းဆောင်ကို သွားရတယ်၊ ကိုယ်နေရာတိုင်နဲ့ကိုယ် သစ်ပင်တွေအောက်မှာ သွားပြီး ရက္ခမူဓုတင် ဆောင်ကြရတယ်၊ ဦးဇင်း၊ ကိုရင် အားလုံးပဲ၊ အဲဒီသစ်ပင်အောက်မှာ အားလုံး ပုတီးစိပ်ကြရတယ်၊ ဘုရားဂုဏ်တော် တွေကို အာရုံပြုပြီး ပုတီးစိပ်ကြရတယ်၊ တစ်လုံးချင်း စိပ်ကြရတယ် ၊ ပုတီး ပတ်ရေ ကို ဆရာတော်ကြီးအား လျှောက်ကြရတယ်၊ လျှောက်ပြတိုင်း ဆရာတော်ကြီးက သာဓုခေါ်တယ်၊ အရုဏ်တက်ပြီးရင် အရုဏ်ဆွမ်း စားကြရတယ်၊ ပြီးရင် သံဃာတွေ က တန်းစီပြီး ဆွမ်းခံကြွကြရတယ်၊ (၈) နာရီလောက်မှ ပြန်ရောက်တယ်၊ ဆွမ်းခံ သွားတော့ ဒကာ, ဒကာမတွေက သံဃာတော်တွေကို ဆွမ်းချည်း လောင်းလှူကြတာ ပဲ၊ ဆရာတော်ကြီးက တစ်ပါတည်း ဆွမ်းခံကြွတယ်၊ သူ့နောက်မှ ပန်းထမ်းတဲ့ ကျောင်းသား, ဆွမ်းထမ်းတဲ့ ကျောင်းသားတွေလည်း ပါရတယ်။ "

"ဆရာတော်ကြီးက ဘုရားဝတ်တက်တာ တစ်နေ့မှာ (၁၇) ခါ ဝတ်တက်လေ့ရှိတယ်။ "

" ဒကာကြီး များလှချေလား။ "

"ဆရာတော်ကြီးက ဆွမ်းခံကြွလာရင်းတောင် ဇရပ်တွေမှာ ဘုရားကို ပန်း

http://www.dhammadownload.com

ကပ်ကာ ရှိခိုးပူဇော်သေးတာ၊ ဘုရားပန်းတင်၊ ရေချမ်းကပ်ကို ဆရာတော်ကြီးက အလွန်လုပ်တယ်၊ သူက သံယာတွေ နံနက် အိပ်ရာမထခင် အရင်ထပြီး ဘုရား ရေချမ်း ကပ်ဖို့ ရေကို သူကိုယ်တိုင် ပုံးတွေနဲ့ ဆွဲတယ်၊ သံယာတွေ ညအိပ်ပြီးတဲ့ နောက်ပိုင်းမှာလည်း ရေဆွဲသေးတယ်၊ ဘုရားပန်းကပ်တာလည်း အများကြီးပဲ၊ ဒကာ၊ ဒကာမတွေက ဆွမ်းခံကြွရင်း လှူလိုက်တဲ့ ပန်းတွေကို၊ ထမ်းရတဲ့ ကျောင်းသားဟာ တခါတလေ များလွန်းလို့ မနိုင်ဖြစ်ပြီး ငိုရတယ်၊ ရေကပ်တာကလည်း မောင်းထောင် ရေထည့် ချိုင့်ကြီး (၂၇) လုံးအပြင် ရေအိုးလေးတွေလည်း ပါသေးတယ်၊ ဆွမ်းကို သပိတ်နဲ့ အပြည့်ထည့်ပြီး ဆွမ်းဟင်းတွေလည်း အများကြီးနဲ့ ဘုရားကပ်တယ်၊ ကျန်အချိန်မှာတော့ ပုတီးစိပ်နေတာပါပဲ။"

"ဒကာကြီး . . . ဆရာတော်ကြီးက သိပ်သဒ္ဓါတရားကောင်းတာပဲ၊ သံယာတွေရဲ့ တစ်နေ့တာလုပ်ငန်းတွေအကြောင်း ဆက်စမ်းပါအုံး"

" သံယာတွေ (၈) နာရီမှာ စာဝါတွေ စတင်တယ်၊ (၁၀) နာရီမှာ ပြီးတယ်၊ ပြီးရင် ပန်း၊ ရေချမ်း၊ ဆွမ်းကပ်ကြသေးတယ်၊ ဆွမ်းကိုတော့ (၁၀) နာရီ မိနစ် (၃၀) မှာ စားတယ်၊ ဆွမ်းခံအပြန်မှာ ဆွမ်းကိုတော့ ပေါင်းပြီး ဆွမ်းကျောင်း မှာပဲ ထားခဲ့ကြရတယ်၊ ဆရာတော်ကြီးက သူခံလို့ရတဲ့ ဆွမ်းတွေကို သံယာတွေအား အကုန်လှူတယ်၊ သူက သူကို ကျောင်းမှာ လာလောင်းလှူကြတဲ့ ဒကာ, ဒကာမတွေရဲ့ ဆွမ်း, ဆွမ်းဟင်းတွေကို အလှူခံပြီး ငကာသနိက်ဓုတင်၊ ပတ္တပိဏ်ဓုတင် ဆောင်ကာ ဘုဉ်းပေးတယ် "

" (၁၂) နာရီကနေ (၁) နာရီထိ နားတယ်၊ (၁) နာရီကနေ (၄) နာရီထိ စာဝါတွေ ပြန်စတယ်၊ (၄) နာရီကနေ (၅) နာရီထိ ရုပ်တွက်ကြတယ်၊ ည (၇) နာရီမှာ ဘုရားဝတ်တက်ရတယ်။ (၉) နာရီကျော်ထိ ညစာကျွေးတယ်၊ စာပြန်ရတယ်။ အရှင်ဘုရား သိချင်တဲ့ တစ်နေ့တာလုပ်ငန်းတွေက ဒါပါပဲဘုရား။ "

" ဆရာတော် ဥူးပဇ္ဈိတလောင်းလျှာဟာ ဘုရားဝတ်တက်ရတဲ့အချိန်မှာ မှန်မှန် ဘုရားဝတ်တက်တယ်။ ဘုရားပန်းကပ်၊ ရေချမ်းကပ်၊ ဆွမ်းကပ်ရမယ့်ချိန်မှာ မှန်မှန် ကပ်တယ်၊ ရုက္ခမူဓုတင်ဆောင်ပြီး ပုတီးကိုလည်း မှန်မှန် စိပ်တယ်၊ စာတက်ရမယ့် အချိန်မှာ မှန်မှန် စာတက်တယ်၊ စာကြည့်, စာဖတ်ရမယ့်အချိန်မှာ မှန်မှန် စာကြည့်, စာဖတ်တယ်၊ စာပြန်ရမယ့်အချိန်မှာ မှန်မှန် စာပြန်တယ်၊ သူက သူ့အလုပ်ကို မှန်မှန် လုပ်တယ်။"

"ဒကာကြီး . . . မောနေပြီလား"

"ရပါတယ် ဘုရား။"

http://www.dhammadownload.com

ဒကာကြီးက စကားဆက်ပြောပြန်ပါတယ်။

"ဆရာတော် ဥူးပဏ္ဍိတက တပည့်တော်ကို ပြောဖူးတယ်၊ သူက သူ့ရဟန်း ဒကာ, ဒကာမတွေထဲ မီးခြစ်ဗူးတစ်ဗူးတောင် မတောင်းဘူးတဲ့။"

"တပည့်တော်တို့ ဆရာတော်ကြီး ဥုကေလာသကလည်း တပည့်တွေကို ဒီလို ဆုံးမတယ်။ တောင်းရင် တောင်းတဲ့သူဟာ အမုန်းခံရတတ်တယ်။ အတောင်း ခံရသူက မပေးရင် မပေးတဲ့သူဟာ အမုန်းခံရတတ်တယ်။ ဂျူးက ရဟန်းတစ်ပါးက တောအုပ်တစ်ခုမှာ သီတင်းသုံးတယ်။ ဌက်တွေ နေ့အခါ ရေအိုင်တွေမှာ ကျက်စား ပြီး ညအခါ အဲဒီတောအုပ်ထဲမှာ လာပြီး နေကြတယ်။ အဲဒီဌက်တွေရဲ့ အသံကြောင့် တရားအလုပ်မှာ အနှောင့်အယှက်ဖြစ်လို့ ရဟန်းက ဘုရားထံ သွားပြီး ဘုရားကို အဲဒီအကြောင်း လျှောက်ပြတဲ့အခါ ဌက်တွေ ပျံသွားစေချင်ရင် ဌက်တွေရဲ့ အတောင် ကို တစ်နေ့ တစ်တောင်၊ တစ်တောင် တောင်းလို့ မိန့်လိုက်တယ်၊ ဘုရားရှင်ရဲ့ အမိန့် အတိုင်း ညအခါ ပဌမယံ၊ မဇ္ဈိမယံ၊ ပစ္ဆိမယံ (ပထမယံ၊ အလယ်ယံ၊ နောက်ဆုံးယံ) အချိန်တွေမှာ တောင်းတယ်၊ အဲဒီတောင်းတဲ့ဒဏ်ကို ဌက်တွေ မခံနိုင်ကြတော့လို့ အဝေးကို တစ်ခါတည်း ပျံပြေးကြတော့တယ် တဲ့၊ တိရစ္ဆာန်တွေတောင် တောင်းတာ ကို မကြိုက်တဲ့အကြောင်း ပြောပြီး ဒကာ၊ ဒကာမတွေကို အတောင်းအရမ်း မလုပ် ကြဖို့ ဆုံးမပါတယ်။"

"ဆရာတော်ကြီးရဲ့ အဆုံးအမတွေကို ရလို့လည်း ဆရာတော်ဟာ မတောင်း တာ ဖြစ်မှာပေါ့၊ ဒကာကြီး ဒီလို ပြောပြတဲ့အတွက် ဝမ်းသာလှပါတယ်။"

ရွှေတောင်ကုန်းသာသနာ့ရိပ်သာ စတင်တည်ထောင်ခါစမှာ အရာရော လိုအပ်နေခဲ့ပါတယ်။ ဒါပေမယ့် ဆရာတော်က ဘယ်သူ့ကိုမှ မတောင်းဘူး၊ ငယ်စဉ်က မတောင်းခဲ့သလို ကြီးလာတော့လည်း မတောင်းဘူးပေါ့၊ မတောင်းရဘဲ ဘာလိုပါတယ်လို့တောင် မပြောရဘဲ ဒကာ၊ ဒကာမတွေက လှူကြလို့ ဆရာတော်က တပည့်တွေကို ဆုံးမတဲ့အခါ ဒီလို ဆုံးမတယ်။

"ဒကာ၊ ဒကာမတွေဘက်ကတော့ မလိုပါဘူး၊ တခါတရံ လိုအပ်တာထက် တောင် ပိုပြီး လှူနေကြတယ်၊ တပည့်တော်တို့ သံဃာတွေဘက်ကပဲ ကိုယ့်အလုပ် ကိုယ်လုပ်ကြဖို့ လိုတယ်၊ ရဟန်းဆိုတော့ ရဟန်းအလုပ် လုပ်ရုံပါပဲ၊ ရဟန်းအလုပ်က သီလအလုပ်၊ သမာဓိအလုပ်၊ ပညာအလုပ်တွေပဲ၊ အဲဒီအလုပ်တွေ့ လုပ်ရင် ပထမ ရှေးဦးစွာ ကိုယ့်မှာ ရဟန်းချမ်းသာ (ကိလေသာငြိမ်းချမ်းသာ) ခံစားရတယ်၊ ပြီးတော့ အလှူရှင်ဒကာ၊ ဒကာမတွေမှာ အကျိုးများတယ်၊ ဒါကြောင့် ကိုယ့်အလုပ် ကိုယ်လုပ် ကြပါ " တဲ့။

http://www.dhammadownload.com

ဆရာတော်ဟာ ရှေးကံကောင်းခဲ့လို့ ယခုလို ဆရာကောင်းတွေနဲ့ တွေ့ခဲ့ရတယ်၊ ယခုလို နေရာကောင်းတွေမှာ နေခဲ့ရတယ်၊ ရှေးကံကောင်းလို့ နေရာကောင်းမှာ ရောက်ပြီး ဆရာကောင်းတွေနဲ့ တွေ့ကာ ကောင်းတဲ့ကံတွေ ပြုလုပ်နေပြန်တော့ နောက်နောင်ဘဝတွေမှာလည်း နေရာကောင်းတွေမှာ ရောက်ပြီး ဆရာကောင်းတွေနဲ့ တွေ့ကာ ကောင်းတဲ့ကံတွေ ထပ်မံဆည်းပူးပေတော့မပေါ့။

သူသဘာဝ

ငယ်ရွယ်စဉ်ကစ
သူကိစ္စအဝဝ
မှန်မှန် လုပ်တတ်စွ၊
ရဟန်းဒကာတွေသော်မှ
သူ မတောင်းထ
အဲဒါ သူသဘာဝ။

http://www.dhammadownload.com

ပညာဆန္ဒ

ဆရာတော် မဟာစည်သာသနာ့ရိပ်သာထဲမှာ မဟာစည်ဆရာတော်ကြီး သက်တော်ထင်းရှားရှိစဉ် နာယကအဖြစ်နဲ့ သီတင်းသုံးခဲ့တဲ့ ကာလတွေကို ပြန်လည် စဉ်းစားမိတဲ့အခါ မဟာစည်ဆရာတော်ကြီးကို ဆရာတော်ရဲ့ ဖခင်အဖြစ် ရှုမြင်မိပါ တယ်၊ ဆရာတော်ရဲ့ ကမ္မဋ္ဌာန်းဆရာ အရှင်ဝိစာရကတော့ ဆရာပဲ့ပေါ့၊ ကျန်တဲ့ နာယကဆရာတော်များဖြစ်တဲ့ ရွှေဥမင်ဆရာတော် အရှင်ကောသလ္လ၊ ကော့မှူး ဆရာတော် အရှင်နန္ဒဝံသ၊ အရှင်သုဇာတ၊ အရှင်ဇဝန၊ ဖျာပုံဆရာတော် အရှင် ဝဏ္ဏိတ တို့ကိုတော့ ဆရာတော်ရဲ့ နောင်တော်ကြီးများအဖြစ် ရှုမြင်ခံစားမိတယ်၊ နောင်တော် ကြီးများသဖွယ်ဖြစ်ကြတဲ့ အဲဒီအရှင်မြတ်ငါးပါးကလည်း ဆရာတော်ကို ညီငယ်လေးသဖွယ် ရှုမြင်ခံစားကြပုံပေါ်ပါတယ်။ ဆရာတော်ကလည်း အဲဒီ အရှင်မြတ်တွေကို နောင်တော်ကြီးတွေသဖွယ် ကြည်ညိုလေးစားတာကို တွေ့ရပါ တယ်၊ ဒါကတော့ ပဋိပတ်နယ်ပယ်မှာပေါ့။

ပရိယတ်နယ်ပယ်မှာတော့ ဆရာတော်ရဲ့ ပရိယတ်ဆရာတွေကို စာရေးသူ သိရသမျှ ဖော်ပြရရင် ပဲခူးမြို့နယ်၊ ကျောက်တန်းရွာ၊ မဟာဗောဓိတောရကျောင်း ဆရာတော်ကြီး အရှင်ကေလာသ၊ ဒုတိယ မဟာဗောဓိတောရဆရာတော် အရှင် ပဏ္ဍာဝ၊ သာကေတမြို့နယ် ပညာလင်္ကာရကျောင်းဆရာတော် အရှင်ပညာသိရီ၊ ကော့ခွဲရွာ အရှင်ဇာဂရ၊ ကျိုက္ကစံဆရာတော် အရှင်သုစိန္တ၊ ပြည်ဗာရာဏသီ ဆရာတော် အရှင်အာနန္ဒပဏ္ဍိတာဘိဝံသ၊ ပဌာန်း အရှင်ဝိသုဒ္ဓါဘိဝံသ၊ အရှင် အာဒိစ္စ ဝံသ၊ (လူထွက်ဦးအောင်မြတ်ထွဋ်) စတဲ့ ပုဂ္ဂိုလ်တွေပါပဲ။

ဆရာတော်လောင်းလျာ မောင်မြဟန်ဟာ မိခင် ဒေါ်ချစ်စု ကွယ်လွန် သွားတဲ့အခါ ဖခင် ဦးဖေရဲ့ ဇာတိရပ်ရွာဖြစ်တဲ့ ကော့ခွဲရွာကို ပြောင်းရွှေ့နေထိုင်

http://www.dhammadownload.com

ခဲ့တယ်၊ အဲဒီအခါ ကော့ချဲ့ရွာဆရာတော် အရှင်ဇာဂရထံမှာ ကျောင်းသားငယ်ဘဝနဲ့ ပညာ သင်ယူခဲ့ရတယ်၊ အရှင်ဇာဂရဟာ စည်းကမ်း သိပ်ကောင်းတယ်၊ အရှင်ဇာဂရ က တပည့် သံဃာပေါင်းများစွာ မွေးထုတ်နိုင်ခဲ့တယ်၊ ကော့ချဲ့ရွာက ကလေးတွေဟာ အရွယ်ရောက်လာရင် ကိုရင်မဝတ်ဘဲ မနေရ၊ ဝတ်ကို ဝတ်ရတယ်၊ ဝတ်ပြီး အရှင် ဇာဂရထံမှာ အခြေခံစာတွေ သင်ယူပြီးရင် ကျောက်တန်းရွာ မဟာဗောဓိတောရ ကျောင်းကို စာဆက်သင်ဖို့ ပို့ပေးတော့တာပါပဲ – တဲ့။ အရှင်ဇာဂရဟာ သူရပ်ရွာ အပေါ်မှာရော သူတပည့် လူ, ရှင်, ရဟန်းတွေအပေါ်မှာပါ သြဇာကြီးတယ်ဆိုပဲ၊ ဆရာတော်လောင်းလျာ မောင်မြဟန်က သူစာချဆရာ အရှင်ပညာသိရီထက် အရှင် ဇာဂရကို ပိုကြောက်ရသတဲ့၊ အရှင်ပညာသိရီကလည်း အရှင်ဇာဂရရဲ့ တပည့် – တဲ့၊ ကော့ချဲ့ရွာသားပဲ၊ ကျိုက္ကစံဆရာတော် အရှင်ခေမိန္ဒလည်း ကော့ချဲ့ရွာသားပဲ၊ အရှင်ဇာဂရရဲ့ တပည့်ပဲပေါ့။

ဆရာတော်ရဲ့ စာချဆရာ အရှင်ပညာသိရီကလည်း သူတပည့်လေး မောင်မြဟန်ကို တော်တော် ချစ်တယ်ဆိုပဲ၊ မောင်မြဟန်ရဲ့ ဆံပင်ကိုတောင် အရှင်ပညာသိရီက ဖီးပေးခဲ့တယ် – တဲ့၊ အနာဂတ်သာသနာတော်အတွက် အားကိုး လောက်တဲ့ တပည့်လေးမို့ အထူးအရေးပေးကာ အချစ်ပိုတာများလေလား၊ မဟာ ဗောဓိတောရကျောင်းကနေ ရန်ကုန် ကျိုက္ကစံစာသင်တိုက်ကို ဆရာတော် ပြောင်း သွားတဲ့အခါ ကျိုက္ကစံဆရာတော် အရှင်သုစိန္တရဲ့ မေတ္တာရိပ်မှာ ခိုလှုံပြီး အလတ်တန်း စတဲ့ အတန်းတွေအတွက် ပရိယတ်စာပေတွေကို သင်ယူခဲ့ရတယ်၊ အရှင်ပညာသိရီ ကတော့ သူတပည့်ကို "ဥူးပဇ္ဈိတ၊ ဥူးပဇ္ဈိတ "လို့ ခေါ်သတဲ့၊ အရှင်သုစိန္တကတော့ " မောင်ပဇ္ဈိ၊ မောင်ပဇ္ဈိ " လို့ ခေါ်သတဲ့၊ ဆရာတော် မဟာစည်သာသနာ့ရိပ်သာ ထဲမှာ နာယကအဖြစ်နဲ့ ကမ္မဋ္ဌာန်းဆရာလုပ်နေတော့ သူဆရာ (၂) ပါးဖြစ်တဲ့ အရှင်ပညာသိရီနဲ့ အရှင်သုစိန္တတို့ သက်တော်ထင်ရှားရှိနေကြခိုက် ဆရာတော် (၂) ပါး ကြိုက်တတ်တဲ့ အစားအစာတွေ ဆရာတော်ထံမှာ ရှိနေရင် ကျိုက္ကစံ ဆရာတော်က ဒါလေးတွေ ကြိုက်တယ်၊ သာကေတ၊ ပညာလင်္ကာရဆရာတော်က ဒါလေးတွေကို ဘုဉ်းပေးလေ့ရှိတယ် လို့ ဝေယျာဝစ္စလုပ်သူတွေကို ပြောလေ့ရှိသတဲ့၊ ဝေယျာဝစ္စလုပ်သူတွေက အလိုက်သိပြီး ပို့ပေး ပေတော့၊ ဆရာတော်က ပရိယာယ်နဲ့ သူ့ဆရာတွေဆီ အပို့ခိုင်းနေတာတဲ့၊ " ဆရာကောင်း တပည့် ပန်းကောင်း ပန် " တဲ့၊ တပည့်ကောင်း ဆရာရောက်တော့ ချမ်းသာစံပေါ့၊ တပည့် လိမ္မာရဲ့ ဆရာတွေဟာ ချမ်းသာစံကြရစမြဲပဲ၊ လိမ္မာပြီး အလိုက်သိတဲ့ တပည့်ကို ဘယ်လို ဆရာတွေက မချစ်ခင်, သတိမရဘဲ နေမလဲ၊ အားမကိုးဘဲ နေမလဲ၊ ဆရာတွေက အဲဒီလိုတပည့်ကို

http://www.dhammadownload.com

ချစ်ခင်ကြ၊ သတိရကြ၊ အားကိုးကြတာဟာ ဓမ္မတာပဲပေါ့။

ဆရာတော်ဟာ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇီးပင်ကျောင်းမှာ နေပြီး စာဝါတွေ လိုက်ခဲ့စဉ်က ပြည်ဗာရာဏသီဆရာတော်ထံ အဋ္ဌသာလိနီ စာဝါကို လိုက်ခဲ့တယ်၊ အဲဒီကျေးဇူးကို ဆရာတော်က ဘယ်တော့မှ မေ့ပုံမပေါ်ဘူး၊ ကျေးဇူးရှင်ရဲ့ ကျေးဇူးကို အခွင့်သာတိုင်း ဆပ်လေ့ရှိတယ်၊ ဗာရာဏသီဆရာတော် မကျန်းမာလို့ ရန်ကုန်ဆေးရုံ လာတက်ရင် သွားရောက်ကန်တော့ပြီး ဆေးပစ္စည်း စတာတွေကို လှူဒါန်းလေ့ရှိတယ်၊ စာရေးသူတောင် ဗာရာဏသီဆရာတော်ထံ ဆရာတော်နဲ့အတူ (၃) ခါ လိုက်သွားဖူးတယ်၊ ဆရာကလည်း ပြုံးလို့၊ တပည့်က လည်း ပြုံးလို့ပါပဲ၊ သူတို့ ဆရာတပည့် (၂) ပါးကို ဘေးက ကြည့်နေရတာ အားရ စရာပါပဲ၊ ဗာရာဏသီ ဆရာတော်ကလည်း ရွှေတောင်ကုန်းသာသနာ့ရိပ်သာကို ကြွရောက်လေ့ရှိတယ်။ တစ်ခါက ဗာရာဏသီဆရာတော် ဆေးရုံတက်ပြီး ဆေးကုသ နေခိုက် ကျန်းမာရေးအခြေအနေ ဆိုးနေတယ်၊ သတိမေ့မေ့နေတယ်၊ ဒါကြောင့် ဆရာတော် ဖူးမျှော်ကန်တော့သွားတယ်၊ အဲဒီအခါ "ဆရာတော် . . . တပည့်တော်ကို မှတ်မိပါသလားဘုရား" လို့ ဆရာတော်က လျှောက်တော့ "ဒီလောက် ထင်ရှားနေတဲ့ ပုဂ္ဂိုလ်ကို ဘယ်မမှတ်မိပဲ ရှိမလဲ" လို့ ဗာရာဏသီ ဆရာတော်က မိန့်လိုက်တယ်။ သတိမေ့မေ့နေတဲ့ အချိန်မှာတောင်မှ သူတပည့် ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်ကိုတော့ မမေ့ပါလား။

ဆရာတော်ဟာ မစိုးရိမ်တိုက်ကို သွားပြီး ပဋ္ဌာန်းဆရာတော် အရှင်ဝိသုဒ္ဓါ ဘိဝံသထံ ပဋ္ဌာန်းစာဝါ လိုက်ခဲ့တယ်၊ မစိုးရိမ်ကျောင်းတံခါးကို ည (၉) နာရီမှာ ပိတ်လေ့ရှိတယ်၊ တံခါးပိတ်ထားရင် အုတ်တံတိုင်းကို ကျော်ကျော်ပြီး စာတက်ခဲ့ရ တယ် – တဲ့၊ ရဟန်းငယ်ဘဝ စာသင်ယူရတာ ဒီလို ရှိပါတယ်၊ စာသင်သားဘဝမှာ စာသင်ယူရတာ လွယ်တယ်မျှား မမှတ်ကြပါနဲ့၊ စာသင်သားဘဝမှာ အခက်အခဲတွေ များစွာ ရှိတယ်၊ စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေး၊ ကျန်းမာရေး၊ ပညာရေး အစုံပါပဲ၊ မစိုးရိမ် အုတ်တံတိုင်းကို ကျော်လွှားရသလို စာသင်သားဘဝ အခက်အခဲ တွေကို ကျော်လွှားနိုင်မှလည်း စာတတ်ပုဂ္ဂိုလ်တစ်ပါး ဖြစ်လာတာ၊ ဆရာတော်ဟာ ယခုလို စာတတ်ပေတတ် ပုဂ္ဂိုလ်ကျော် ဖြစ်လာဖို့ရာ ကျော်လွှားခဲ့ရတဲ့ အခက်အခဲ တွေက မနည်းဘူး – ပေါ့။

ဆရာတော် ကျိုက္ကစံစာသင်တိုက်မှာ နေတုန်းက အရှင်အာဒိစ္စဝံသ (လူထွက် ဦးအောင်မြတ်ထွဋ်) ထံ သံယုတ်စတဲ့စာဝါ သင်ယူခဲ့တယ်၊ ဘုရားကြီး ကျောင်းကိုလည်း သွားရောက်သင်ယူခဲ့သေးတယ်။ စာချတန်းအောင်ပြီးချိန်မှာပေါ့၊

http://www.dhammadownload.com

ဆရာတော်ဟာ မာအုပ် (၄) အုပ် ထည့်ထားတဲ့ လွယ်အိတ်ကို လွယ်ပြီး နေပူမရှောင်, မိုးရွာမရှောင်ဘဲ စာတက်သွားခဲ့တယ်၊ ကားစီးပြီး သွားဖို့ အခမဲ့စီးခွင့်လက်မှတ်ကို ကျိုက္ကစံဆရာတော်က စီစဉ်ပေးတယ်၊ ဆရာတော်က ဆရာကြီးဦးအောင်မြတ်ထွဋ်ရဲ့ စာသင်ပေးပုံကို သိပ် သဘောကျတယ်၊ ဆရာကြီး ဦးအောင်မြတ်ထွဋ်ရဲ့ စာပေနှံ့စပ်ကျွမ်းကျင်မှုကို သိပ်အားရတယ်၊ သူလို စာပေနှံ့စပ်ကျွမ်းကျင်ချင်တယ်၊ ဒါကြောင့် ဆရာတော်က ဆရာကြီးကို မေးတယ်၊ "ဆရာကြီး ... စာနှံ့စပ်ကျွမ်းကျင်အောင် ဘယ်လို လုပ်ရမလဲ" လို့ မေးတယ်။

"အရှင်ဘုရား . . ပါဠိတော်တွေကို နာနာ ကြည့်ဘုရား၊ အထပ်ထပ် ကြည့်ဘုရား၊ ဘုရားအာဘော်ကို အခါခါ ဖော်၊ အဋ္ဌကထာကို မကြည့်နဲ့အုံး၊ ပါဠိတော်ကိုပဲ အထပ်ထပ် ကြည့်၊ ဘုရားအာဘော်ကို အခါခါ စဉ်းစားဘုရား၊ အထပ်ထပ် ကြည့်၊ အခါခါ ဖော်လို့ မရတော့မှ အဋ္ဌကထာကို ကြည့်ဘုရား၊ ပါဠိတော်တွေကို အထပ်ထပ် ကြည့်ပြီး ဘုရားအာဘော်ကို အခါခါ ဖော်ကြည့်, စဉ်းစားကြည့်ပါ မျှားလာရင် အဋ္ဌကထာကို ကိုယ်တိုင် ပြုနိုင်လာရောဘုရား၊ အဋ္ဌကထာကို ကြည့်ရင်လည်း ဦးကာကို မကြည့်သေးဘဲ နားလည်းအောင် အထပ်ထပ် ဖတ်၊ အခါခါ စဉ်းစားဘုရား၊ အခါခါ စဉ်းစားလို့ မရတော့မှသာ ဦးကာကို ကြည့်ဘုရား" တဲ့။

ဆရာကြီးက ဆရာတော်ကို ပြောတယ် – တဲ့၊ ဆရာကြီးရဲ့ စာကြည့်နည်းပေါ့၊ မဟာစည်ဆရာတော်ကြီးနဲ့ ဆရာကြီး ဦးအောင်မြတ်ထွဋ်တို့ရဲ့ စာပေနှံ့စပ်ကျွမ်းကျင်မှုကို စကားစပ်မိတဲ့အခါ ဆရာတော်က ချီးကျူးစကားပြောတာ ကြားရဖူးတယ်၊ ဆရာတော်ဟာ ဒီလိုပုဂ္ဂိုလ်ကြီးတွေကို တွေ့ရရုံမက သူတို့ထံက နည်းတွေကို တောင် ခံယူခဲ့တယ် ဆိုတော့ သူတို့ကို အားကျမယ်ဆိုလည်း အားကျပေမပေါ့၊ အားကျ လောက်အောင်လည်း နှံ့စပ်ကျွမ်းကျင်ကြပေတာကိုး၊ စာရေးသူတို့ကတော့ အဲဒီ ပုဂ္ဂိုလ်ကြီးတွေရဲ့ စာပေနှံ့စပ်ကျွမ်းကျင်မှုကို ဆရာတော် ပြောပြလို့သာ သိရတာပေါ့၊ သူတို့ ရေးခဲ့တဲ့ စာပေတွေအရလည်း ခန့်မှန်းနိုင်ပါရဲ့၊ ဆရာတော်က ဒီလို ပညာရှင် ကြီးတွေထဲ ယခု အသက် (၇၀) ကျော်တဲ့ အထိတောင် စာပေတွေ သင်ယူချင်သေး သတဲ့၊ ဆရာတော်ရဲ့ စာပေပညာ ရယူလိုတဲ့ ဆန္ဒဟာ တယ်လည်း ကြီးမားပါလား။

http://www.dhammadownload.com

ပညာဆန္ဒ

ဆရာတော်ဟာ
များဆရာထံ
နည်းနာခံကာ
ပညာရှာခဲ့၊
ယခုခါလည်း
ပညာဆန္ဒ
မပြည့်ဝ
ရသမျှ ရှာနေဆဲ။

http://www.dhammadownload.com

တံမျက်စည်းကြောင့် ရတဲ့ သင်ခန်းစာ

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ကျေးဇူးတော်ရှင် ဆရာတော်ကြီးထံမှာ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ မဖြစ်ပေါ်လာသေးမီကထဲက စာရေးသူဟာ နေလာခဲ့ပါတယ်။ စာရေးသူမှာ အခု ၁၃၅၈ - ခု (၁၉၉၆) ခုနှစ် ဝါပါဆိုရင် ဝါ (၂၀) ပြည့်ပြီး၊ (၇) ဝါမြောက်ထဲက ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်လောင်းလျာဖြစ်တဲ့ မဟာစည်သာသနာ့ရိပ်သာ ဩဝါဒါစရိယထံ နေလာခဲ့တာမို့ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်နဲ့အတူ နေလာခဲ့တာ (၁၃) နှစ်၊ ရှိပြီပေါ့၊ ဒီဆရာတော်ထံမှာ အချိန်အကြာဆုံး နေဖူးတာပါပဲ၊ အခြားအခြားဆရာသမား တွေထံ ဒီလောက် အချိန်ကြာကြာ မနေဖူးသေးဘူး၊ စာရေးသူ စာသင်ယူခဲ့ရာ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်မှာတောင် ဒီလောက် မကြာခဲ့ဘူး၊ ကိုရင်ဘဝ အသက် (၁၃) နှစ်မှ အသက် (၂၀) ပြည့်လို့ ရဟန်းဖြစ်ပြီးသည်အထိပဲ၊ (၈) နှစ်လောက်ပဲ ကြာတယ်၊ (၈) နှစ်တာကာလ အတောအတွင်းမှာ မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသထံမှ အဆုံးအမတွေကို အလွန်များစွာ နာယူခဲ့ရတယ်၊ နံနက်တိုင်း အဆုံးအမဩဝါဒတွေ ပေးတာမို့ ယူတတ်ရင်တော့ အဆုံးအမတွေက မကုန်နိုင်အောင်ပါပဲ၊ ငယ်ရွယ်စဉ်က ခံယူနိုင်တဲ့ နား၊ မှတ်သားနိုင်တဲ့ ဉာဏ် သိပ်မရှိလှတာမို့ မှတ်မိတဲ့ အဆုံးအမတွေထက် မမှတ်မိတဲ့ အဆုံးအမတွေကပဲ များပါလိမ့်မယ်၊ ဒါပေမယ့် အထပ်ထပ် အခါခါ ကြားနာခဲ့ရတာမို့ မှတ်မိတာတွေလည်း မနည်းလှပါဘူး။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ထံမှာ (၁၃) နှစ်လောက်တောင် နေခဲ့တာဆိုတော့ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ထံမှ အဆုံးအမတွေကို ပိုပြီး ရနိုင်စရာ ရှိတာပေါ့။ ဆရာသမားက ဘယ်လောက်ပဲ ပေးပေး နာယူမှတ်သားနိုင်

http://www.dhammadownload.com

တဲ့ တပည့်မှာသာ ရနိုင်ပါမယ်၊ မဟာဂန္ဓာရုံဆရာတော်က နံနက်တိုင်း သြဝါဒပေး တယ်၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်က နေ့တိုင်း သြဝါဒပေးတဲ့ အလေ့ မရှိဘူး၊ ဒါတော့်လည်း မတူကြဘူး၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်က သြဝါဒပေးဖို့ အခါအခွင့် သင့်လာမှပဲ ပေးလေ့ရှိတယ်၊ ဒီတော့်လည်း မဟာဂန္ဓာရုံ ဆရာတော်ထံမှ နာယူမှတ်သားဖူးတဲ့ သြဝါဒလောက် များချင်မှ များပေလိမ့်မယ်၊ မဟာဂန္ဓာရုံဆရာတော်ထံမှ သြဝါဒစကားတွေကို နားယူခဲ့စဉ်က နားက ငယ်ရွယ်စဉ် က နား၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ထံမှ သြဝါဒစကားတွေကို နားယူခဲ့ရတဲ့ နားက ရဟန်း (၇) ဝါအရက စခဲ့တဲ့ နား၊ နာယူမှတ်သားနိုင်တဲ့ အားချင်းကတော့ မတူပေဘူး၊ ဒါကြောင့် ရွှေတောင်ကုန်းသာသနာ့ ရိပ်သာဆရာတော် ထံမှ နာယူမှတ်သားခဲ့ရတဲ့ သြဝါဒတွေဟာလည်း နည်းချင်မှ နည်းပေလိမ့်မယ်၊ မှတ်မိသမျှထဲက ဖောက်သည်ချချင်တာလေးတွေ ရှိပါတယ်၊ မှတ်သားစရာကောင်း သလို လိုက်နာစရာလည်း ကောင်းပါတယ်၊ လိုက်နာနိုင်ရင် လိုက်နာနိုင်သလောက် အကျိုးများပါမယ်။

ပထမဆုံး ဖောက်သည်ချချင်တဲ့ သြဝါဒစကားလေးတစ်ခွန်းကတော့ - "ကိုယ်လုပ်တဲ့ အလုပ်မှာ လိုကွက်၊ ဟာကွက်၊ လွဲကွက်လေးတွေကို ပြန်ကြည့်တဲ့ အလေ့အထ လုပ်ပေးရတယ် " - တဲ့။

ဒီသြဝါဒစကားလေးကို ဆရာတော်က အခါအခွင့် ဆိုက်ရောက်လာတိုင်း မကြာခဏ မိန့်ကြားတတ်လေ့ရှိတယ်၊ သူကိုယ်တိုင်လည်း ဒီစကားလေးအတိုင်း လက်တွေ့ကျင့်သုံးတယ်၊ ကျင့်သုံးလို့လည်း ကောင်းကျိုးအထွေထွေကို ရခဲ့ရတယ်၊ ယခုလည်း ရနေဆဲပဲ၊ နောင်လည်း ရနေအုံးမှာပဲ၊ ဒါကိုတော့ ဆရာတော်က စွဲစွဲ မြဲမြဲ ခံယူထားတယ်၊ ဆရာတော်ထံမှာ ရှိတဲ့ အရည်အသွေးကောင်းတွေထဲမှာ စာရေးသူ လွန်လွန်ကဲကဲ နှစ်ခြိုက်မိတဲ့ အရည်အသွေးကောင်းတွေ ပါရှိတယ်၊ တစ်ခုလောက် ထုတ်ပြရရင်တော့ အလုပ်လုပ်လို့ အောင်မြင်လာတဲ့အခါ အောင်မြင် တာကို ဂုဏ်ယူနေမယ့်အစား အလုပ်မှာ လိုကွက်၊ ဟာကွက်၊ လွဲကွက်လေးတွေ ရှိ၊ မရှိ ကြည့်တာရယ်၊ လိုရင် ဖြည့်၊ ဟာရင် စွက်၊ လွဲရင် တည့်ပေးတာရယ်ပါပဲ။

ဒီသြဝါဒစကားကို သူတစ်ပါးအား သာ မိန့်ကြားကာလား၊ သူကိုယ်တိုင်ရော လိုက်နာမှု ရှိရဲ့လား လို့ အခါခါ သတိထားပြီး လေ့လာကြည့်မိတယ်၊ သူကိုယ်တိုင် လိုက်လိုက်လဲလဲ အားရပါးရ မြှတ်နိုးကန်ဖိုးထားပြီး ယုံကြည်မှုခိုင်မာစွာနဲ့ ကျင့်သုံး တာကို တွေ့ရတယ်၊ အဲဒီ အလေ့အထလေးရဲ့ ကောင်းကျိုးပေးပုံအဖုံဖုံကို သူက စုံလင်စွာ တွေ့ရှိထားပေလိမ့်မယ်၊ ဒါကြောင့်လည်း သူဟာ အဲဒီအလေ့အထလေးကို

http://www.dhammadownload.com

ခိုင်မြဲစွာ ဆုပ်ကိုင်ကာ အလုပ်လုပ်နေတယ်၊ ယခုအခါ (၁၃၅၈ - ခု) ဆရာတော်ဟာ သက်တော် (၇၅) နှစ် ရှိနေပြီ၊ သူဖြတ်သန်းခဲ့ရတဲ့ ဘဝခရီးတစ်လျှောက်မှာ လုပ်ငန်း ပေါင်းများစွာကို လုပ်ဆောင်ခဲ့ဖူးတယ်၊ အဲဒီအလေ့အထလေးကို လုပ်ငန်းတိုင်းမှာ ကျင့်သုံးကြည့်တယ်၊ လုပ်ငန်းတွေ အောင်မြင်မှု ရှိလာတာ၊ ပို၍ အောင်မြင်မှု ရှိလာတာကို တွေ့ရတယ်။

လောကလူအများစုဟာ ကိုယ့်ဆိုင်ရာလုပ်ငန်းအထွေထွေကို အောင်မြင်အောင် လုပ်နေကြတယ်၊ လုပ်လို့ အောင်မြင်သူတွေလည်း ရှိတယ်၊ မအောင်မြင်သူတွေလည်း ရှိတယ်၊ မအောင်မြင်သူတွေကတော့ သူ့အလုပ်မှာ မအောင်မြင်ခြင်းရဲ့ အကြောင်းကို ရှာကြံစဉ်းစားမိတတ်ကြတယ်၊ အောင်မြင်သူတွေကတော့ အောင်မြင်မှုကို ကြည့်ကာ ကြည်နူးပြီး ယစ်မူးနေတတ်ကြတယ်၊ သာယာမိန်းမောနေတတ်ကြတယ်၊ အရသာခံကာ ဇိမ်ယူနေတတ်ကြတယ်၊ အောင်မြင်ပါတယ်ဆိုတဲ့ သူတို့ရဲ့ လုပ်ငန်းမှာ လိုတာတွေ၊ လွဲတာတွေ၊ ဟာတာတွေ ရှိနိုင်ပါသေးတယ်၊ အဲဒါတွေကို ကြည့်ရှုဖို့ကျတော့ အောင်မြင်သူအများစုက မေ့နေတတ်ကြတယ်၊ သတိပြု ကြည့်ရှုလေ့ မရှိကြဘူး၊ အဲဒီလိုလူတွေဟာ တစ်ခါ အောင်မြင်မယ်၊ နောင်တစ်ခါလည်း အောင်မြင်ချင်ရင် အောင်မြင်မယ်၊ ထို့နောက်တစ်ခါလည်း အောင်မြင်ချင်ရင် အောင်မြင်မယ်၊ ဒါပေမယ့် တစ်ခါထက် တစ်ခါ ပို၍ ပို၍ တိုး၍ တိုး၍ အောင်မြင်သူမျိုး ဖြစ်ချင်မှ ဖြစ်နိုင်မယ်၊ အောင်မြင်တဲ့ လုပ်ငန်းမှာတောင်မှ ရှိနိုင်တဲ့ လိုတာ၊ လွဲတာ၊ ဟာတာတွေကို ဖြည့်စွက်တည့်မတ်ပေးနိုင်မယ်ဆိုရင်တော့ ဆထက်ထမ်းပိုး တိုး၍ တိုး၍ အောင်မြင်မှာကတော့ သေချာပါတယ်။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာရဲ့ သက်တန်းဟာ (၅) နှစ်ကျော် ကာလပဲ ရှိပါသေးတယ်၊ (၃) ထပ်ဓမ္မာရုံကြီး၊ (၃) ထပ်သိမ်တော်ကြီးစတဲ့ ခန့်ညားထယ်ဝါလှတဲ့ အဆောက်အဦကြီး, ငယ်တွေနဲ့ တင့်တယ်စည်းကားလာတာတွေကို တွေ့ကြတဲ့ ရဟန်း, ရှင်လူ, တွေထဲက တချို့က "ဝိသကြဲ နတ်သား၊ ဖန်ဆင်းထားသလား" လို့ တောင်ပြောကြသေးတယ်၊ အချို့နှိပ်ကာလအတောအတွင်း ဒီလို အဆောက်အဦကြီး, ငယ်တွေ ပေါ်ပေါက်လာတာမို့ "နတ်ပြည်မှာ ဘုံဗိမာန်တွေ ပေါက်တယ်ဆိုတာ ဒီလိုနေမှာပဲ" လို့တောင် အချို့က ပြောကြတယ်၊ ဒါကတော့ ရုပ်ဝတ္ထုဘက်က အောင်မြင်တိုးတက်မှုပေါ့။

ရုပ်ဝတ္ထုတွေက ဘယ်လောက်ပဲ တိုးတက် တိုးတက်၊ အတွင်းအနှစ်သာရ ဖြစ်တဲ့ သီလ, သမာဓိ, ပညာဘက်က မတိုးတက်သေးရင်တော့ ပြည့်စုံခိုင်မာတဲ့ တိုးတက်မှု မဟုတ်သေးဘူး၊ အားကျစရာ, အထင်ကြီးစရာလည်း မဟုတ်ပါဘူး၊

http://www.dhammadownload.com

သာသနာအတွက် တကယ်အနှစ်သာရပါတဲ့ တိုးတက်မှုလို့လည်း မဆိုနိုင်ပါဘူး။

သာသနာရေးဆိုင်ရာ လုပ်ငန်းတွေကိုလည်း ရွှေတောင်ကုန်းသာသနာ့ ရိပ်သာ ဆရာတော်ဟာ သက်တော်ရွယ်တော်နဲ့ မမျှအောင်ပဲ အားသွန်ခွန်စိုက် ဆောင်ရွက်နေတာ တွေ့ရပါတယ်၊ ပရိယတ် မကင်းတဲ့ ပဋိပတ်၊ ပဋိပတ် မကင်းတဲ့ ပရိယတ်သာသနာဖြစ်အောင် ဆောင်ရွက်မယ်ဆိုတဲ့ ခိုင်မာတဲ့ ရည်ရွယ်ချက်နဲ့ ကြိုးစားနေပါတယ်။ သူ့ ရည်ရွယ်ချက်ဟာလည်း အောင်မြင်သင့်သလောက် အောင်မြင်နေပါတယ်။ ပရိယတ်ဘက်မှာရော, ပဋိပတ်ဘက်မှာပါ အောင်မြင်နေတယ်လို့ ဆိုရမှာပါပဲ၊ ပရိယတ်ဘက်ကဆိုရင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာရဲ့ သက်တန်း (၅) နှစ်တာကာလအတွင်း အစိုးရပထမပြန်စာမေးပွဲမှာ နှစ်စဉ် အထူးအောင်မြင်သူ တွေ ပါနေတာပဲ၊ ပဋိပတ်ဘက်မှာလည်း ပြည်တွင်းကရော ပြည်ပကပါ ဝင်လာမစဲ တဖွဲဖွဲ လာရောက်ကာ အားထုတ်နေကြပါတယ်။

အထက်ပါ သြဝါဒစကားလေးကို စာရေးသူ မှတ်မှတ်သားသား နာကြားခဲ့ ရတဲ့အချိန်က သုံးထပ်မှောရုံကြီး ပြီးခါနီး အချိန်ပါ၊ ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်း ဖွင့်ဖို့ အချိန်က နီးကပ်လာချိန်ပေါ့၊ အလယ်ထပ်မှာ အသုံးပြုလို့ ရနေပါပြီ၊ ဒါကြောင့် သင်တန်းအတွက် သန့်ရှင်း, ပြင်ဆင်, ခင်းကျင်းစရာ ရှိတာတွေကို သန့်ရှင်း, ပြင်ဆင်, ခင်းကျင်းထားတယ်၊ အစစအရာရာ ထောင့်စေ့အောင် ကြည့်ရှုစစ်ဆေးလေ့ရှိတဲ့ ဆရာတော်က သန့်ရှင်း, ပြင်ဆင်, ခင်းကျင်းတာတွေကို လိုက်လံကြည့်ရှုနေတယ်၊ သန့်ရှင်း, ပြင်ဆင်, ခင်းကျင်းထားတာတွေကို ကျေနပ်ပုံရပါတယ်၊ ဓမ္မာရုံကို ဗုဒ္ဓ ယဉ်ကျေးမှုအခြေပြုသင်တန်းအတွက် စတင် အသုံးပြုလို့ ရပြီမို့ သဘောကျနေပုံ လည်း ရပါတယ်။ ထိုစဉ်က ဆရာတော့်မျက်နှာတော်ဟာ ခပ်ရွှင်ရွှင် ခပ်ကြည်ကြည် ပဲ၊ ပြုံးရောင်လည်း သန်းနေပါတယ်၊ ဓမ္မာရုံအလယ်ထပ်ရဲ့ ထောင့်တစ်နေရာမှာတော့ မြက်မွေးတံမျက်စည်းထားပုံ အချိုးမကျတာ တွေ့သွားပါတယ်၊ လက်ကိုင်တဲ့ အရိုး ပိုင်းကို အပေါ်ပိုင်းမှာ ထားပြီး အမွှေးဆံပါတဲ့ အပိုင်းကို အောက်ပိုင်းမှာ ထားကာ ထောင်ထားတယ်၊ အဲဒီ တံမျက်စည်းကို အဲဒီလို မထားရဘူး၊ အရိုးပိုင်းကို အောက် ပိုင်းမှာ၊ အမွှေးဆံပါတဲ့ အပိုင်းကို အပေါ်ပိုင်းမှာ ထားကာ ပြင်ထားစေပါတယ်။

အဲဒီတုန်းက ဆရာတော်က တောင်ဝှေးကို ကိုင်ကာ ထောက်ပြီး ခပ်ပြုံးပြုံး မျက်နှာထားနဲ့ ပညာပေးစကား မိန့်ကြားသွားပါတယ်။ ထိုစဉ်က ဆရာတော်ရဲ့ ပညာပေးစကားကို ဆရာတော့်နားမှာ ရပ်ကာ လက်အုပ်ချီပြီး နာယူမှတ်သားခဲ့ရပါ တယ်။ ဆရာတော်ရဲ့ပညာပေးစကားကတော့ အထက်ပါ သြဝါဒစကားလေးပါ၊ အဲဒီ စကားလေးတွေဟာ အင်မတန် တန်ဖိုးရှိလှပါတယ်။ ကြားနာရခဲတဲ့ စကားမျိုးပါပဲ၊

http://www.dhammadownload.com

ယခုအခါမှာတော့ ဓမ္မာရုံတော်ကြီးလည်း ပြီးသွားပြီ၊ ဟိန်းလို့ဟီးလို့ပါပဲ၊ (၃) ထပ် ဓမ္မာရုံတော်ကြီးရဲ့ နာမည်က "သာဓုဇနတောသနာ ဓမ္မသဘာဆောင်" တဲ့၊ မြန်မာလို အဓိပ္ပါယ်က "သူတော်ကောင်းတို့ကို နှစ်သက်စေရာ တရားသဘင်ဆောင်" – တဲ့။ အဲဒီ ဓမ္မာရုံတော်ကြီးမှာ ပြည်တွင်း, ပြည်ပ ယောဂီရဟန်း, ရှင်, လူပေါင်းများစွာ ထိုင်ပြီး တရားရှုမှတ်ကြတယ်၊ စကြံလျှောက်ပြီး တရားရှုမှတ်ကြတယ်၊ တရားနာကြတယ်၊ မေတ္တာပို့, အမျှဝေကြတယ်၊ ဓမ္မကထိက အရှင်မြတ်တွေက တရားဟောကြတယ်၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဓမ္မမိသားစုတွေ ဝါဆိုသက်န်းတွေ ဆက်ကပ်လှူဒါန်းကြတယ်၊ သီလတွေ ဆောက်တည်ကြတယ်၊ ဝေယျာဝစ္စတွေ ဆောက်ရွက်ကြတယ်၊ သာဓုသံ တဝေဝေ ဖြစ်နေတယ်၊ ဗုဒ္ဓယဉ်ကျေးမှု သင်တန်းချိန်မှာလည်း ဗုဒ္ဓယဉ်ကျေးမှု အသံတွေ, မြင်ကွင်းတွေဟာ ပီတိဖြစ်စေပါတယ်။ ဓမ္မာရုံနာမည်နဲ့ မည်မျှလိုက်ဖက်သလဲ၊ သိပ်ကြည်နူးစရာကောင်းတာပဲ၊ ဓမ္မာရုံကြီးက တရားထိုင်ချင် စိတ်မရှိတဲ့ သူတွေတောင်မှ တရားထိုင်ချင်စိတ်, တရားမှတ်ချင်စိတ် ပေါ်ပေါက်စေတယ်ဗို့ ပြောသံတွေကိုလည်း ကြားနေရပါတယ်။

စာရေးသူ ကဗျာလေးတစ်ပုဒ် စပ်ထားတယ်၊ ဆရာတော်ရဲ့ အထက်ပါ သြဝါဒစကားလေးနဲ့ အဓိပ္ပါယ်ဆက်စပ်လောက်ပါတယ်။ စာရှုသူအတွက် အကျိုးများဖွယ်ရှိပါတယ်။ ဖတ်ကြည့်ပါလား။ ဆရာတော်ရဲ့ လုပ်ရပ်နဲ့ ဆရာတော်ရဲ့ ဓလေ့ကို အတုယူနိုင်ပါတယ်။

ကဗျာ၏ နာမည်က –

အတုယူဖွယ်

ယူကား ကျေးကြား၏။
သို့သော် သူ မမော်ကြွား၊
အတုယူဖွယ် သူစိတ်ထား။
ကျေးကြားမှုထဲ
မရစ်ဝဲဘဲ
အများအကျိုးပြု
သူ တိုးပြု၏။
အတုယူဖွယ် သူအမှု။
လုပ်ငန်းစုစု
သူပြုသည့်ခါ
လိုတာကို စွက်
လွဲချော်ကို ပြင်
ဟာလျှင် ဖြည့်၊
အတုယူဖွယ် သူဓလေ့။

http://www.dhammadownload.com

နှစ်ခါကြားဖူးတဲ့ စကားတစ်ခွန်း

ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ဟာ ဒီစကားလေးကို ပြောတာ ကြားရခဲတယ်၊ စာရေးသူ ဆရာတော်ထံ နေခဲ့ရတဲ့ (၁၃) နှစ်တာကာလအတော အတွင်းမှာ ဒီစကားလေးကို (၂) ခါပဲ ကြားဖူးတယ်။ တစ်ခါက ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာကြီးထဲမှာ၊ တစ်ခါကတော့ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာပါ။ မဟာစည်သာသနာ့ရိပ်သာကြီးမှာတုန်းက သူကိုယ်တိုင် အပြင်းထန်ဆုံး ဘဝ လောကဓံ မုန်တိုင်းဒဏ်ကို ခံခဲ့ရစဉ်ကပေါ့၊ ၁၉၉၀ – ခုနှစ်ကပါ။ အဲဒီတုန်းက တိုက်ခတ်လာတဲ့ ဘဝလောကဓံ မုန်တိုင်းဟာ အတော်ကို ပြင်းထန်ပါတယ်၊ ဆရာတော်ရဲ့ဘဝမှာ အပြင်းထန်ဆုံးလို့ ဆိုရင်တောင် ဆိုလို့ရမယ်ထင်တယ်။ လက်ဝှေ့စကားနဲ့ ပြောရရင်တော့ ဆရာတော်ကို အလဲထိုးကြတဲ့ ပွဲပေါ့၊ ပြန်ထမလာ နိုင်အောင် ဝိုင်းပြီး ထိုးကြတဲ့ ပွဲပါပဲ၊ တော်တော်တန်တန်သာ ခံနိုင်ရည်အား ရှိသူဆိုရင်တော့ အဲဒီပွဲမှာ လဲပြီ မထနိုင်တော့ဘူး၊ အဲဒီပွဲမှာ တစ်ဘက်သူတို့ရဲ့ ထိုးချက်ကြောင့် အသက်ရင်လည်း ထွက်သွားနိုင်ပါတယ်။ ဆရာတော်မှာ ထိုစဉ်က ဘယ်လောက် ခံစားရတယ်ဆိုတာကို အတိအကျ မပြောနိုင်ပေမယ့်လို့ အဲဒီတုန်းက မကြာခဏ ဆရာတော် မိန့်ကြားလေ့ရှိတဲ့ စကားအရတော့ ခန့်မှန်းနိုင်ပါရဲ့၊ သူ့စကားလေးက – "စစ်ကိုင်းမြို့မှာ မြေငလျင်ဒဏ် ဒဏ်ကြီးအကျယ် ခံရတဲ့အခါ ကောင်းမှုတော်စေတီတော်ကြီးက ပြာသတဲ့၊ ဒီမြေငလျင်ဒဏ်ကြောင့် တောင်ပေါ်က ငပုရွာ တို့တော့ ဘယ်လိုနေမယ် မသိဘူး၊ ငါတောင် အိုးတိုးအင့်တင့် ဖြစ်သွားတယ်" – တဲ့၊ စစ်ကိုင်းတောင်ရိုးပေါ်က ကောင်းမှုတော်လောက် မကြီးမားတဲ့ စေတီတော် လေးတွေတော့ ဘယ်လောက် ခံရမယ် မသိဘူး၊ သူလို အင်မတန် ထုထည်ကြီးမား လှတဲ့ စေတီတော်ကြီးတောင်မှ အိုးတိုးအင့်တင့် ဖြစ်သွားသေးတယ် – ဆိုတော့ အဲဒီ မြေငလျင်ဒဏ်ဟာ အင်မတန်ကို ပြင်းထန်ပေလိမ့်မယ်။"

http://www.dhammadownload.com

မဟာစည်ဆရာတော်ကြီးလည်း ပြင်းထန်တဲ့ လောကဓံဒဏ်ကို ခံတော်မူခဲ့ရရှာပါတယ်၊ ခံနိုင်ရည်အား ကြီးမားတော်မူလှတဲ့ မဟာစည်ဆရာတော်ကြီးမှာ မထောင်းတာလှပေမယ့် မဟာစည်ဆရာတော်ကြီးလောက် ခံနိုင်ရည်အား မကြီးမားလှသေးတဲ့ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်မှာတော့ အတော်အတန် ထောင်းတာတယ်နဲ့ တူပါရဲ့၊ အဲဒီလို ဘဝလောကဓံမုန်တိုင်း ထန်နေတုန်း ဆရာတော် သီတင်းသုံးတော်မူခဲ့ရာ နာယက (၂) ကျောင်းဆောင်၊ ဆရာတော်ထံ ရောက်ရှိခဲ့ပါတယ်။ ထိုစဉ်က ဆရာတော် မိန့်ကြားခဲ့တဲ့ စကားလေးတွေကို ဒီလို မှတ်မိနေပါတယ်။

"ဥုးဓမ္မိက . . . သစ္စာဆိုပြီး လိုရာဆုတောင်းကာ အလုပ်လုပ်ပါ။ ဥုးဓမ္မိက မှာ စိတ်ဧတနာသန့်သန့်နဲ့ လုပ်ထားတဲ့ အလုပ်တွေ ရှိနေတာပဲ၊ ဥပမာ – ဥုးဓမ္မိက ဟာ နွေရာသီကျောင်းပိတ်ချိန်မှာ တစ်လ သင်ပြပေးတဲ့ ဗုဒ္ဓယဉ်ကျေးမှု အခြေပြု သင်တန်းမှာ သင်တန်းသားကိုရင်, ကျောင်းသားတွေနဲ့ သင်တန်းသူ သီကျွာရှင် (သီလရှင်), ကျောင်းသူတွေကို စိတ်ဧတနာသန့်သန့်နဲ့ သင်ကြားပို့ချပေးခဲ့တာပဲ၊ သင်တန်းမှ လိုအပ်ရာရာ အခြားအခြားကိစ္စတွေကိုလည်း ရိုးရိုးသားသား ကြိုးကြိုးစားစားနဲ့ ဆောင်ရွက်ပေးခဲ့တာပဲ၊ ငါဟာ အဲဒီလို အစရှိတဲ့ အများအကျိုးပြုကောင်းတဲ့ လုပ်ငန်းတွေကို စိတ်ဧတနာ ဖြူဖြူစင်စင် ရိုးရိုးသားသားနဲ့ ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ အဲဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် တွေ့ကြုံနေရတဲ့ အနှောင့်အယှက်တွေမှ လွတ်ကင်းပြီး အများအကျိုးပြုကောင်းတဲ့ လုပ်ငန်းတွေကို ချမ်းသာလွယ်ကူစွာနဲ့ ဆန္ဒရှိသလောက် စွမ်းအားရှိသလောက် ပြုနိုင်ရပါစေသတည်းလို့ သစ္စာဆိုပြီး ဆုတောင်းကာ အလုပ်လုပ်ပါ " တဲ့။

"သစ္စာဆို, ဆုတောင်းပြီး အလုပ်လုပ်" လို့ မိန့်ကြားတာကို ကြားရတာဟာ ဒါ ပထမဆုံး အကြိမ်ပါပဲ၊ ဒီစကားကို မကြားရခင်ကတော့ ဆရာတော်မှာ ဒီလို သစ္စာဆို, ဆုတောင်းပြီး အလုပ်လုပ်တဲ့ အလေ့ ရှိလိမ့်မယ်လို့ မထင်မိပါဘူး၊ သာသနာတော်အတွက် လိုအပ်ရာရာ လုပ်သင့်တာတွေကို စွမ်းနိုင်သလောက် လုပ်နေရုံ ရှိမှာပဲလေ – လို့ ဟွေးထင်မိခဲ့တယ်။ အခြားအခြား နာမည်ကြီးဆရာတော်ကြီးတွေလည်း ဒီလိုပဲ အခက်အခဲ, ပြဿနာတွေနဲ့ ကြုံတွေ့ရတဲ့အခါ သစ္စာဆို, ဆုတောင်းပြီး အလုပ်လုပ်ကြတယ်ဆိုတာကိုတော့ ကြားဖူးပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး စာရေးဆရာတွေ ရေးတဲ့စာတွေကိုလည်း ဖတ်ဖူးပါတယ်။ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်မှာတော့ အဲဒီလို လုပ်ကြောင်းနဲ့ လုပ်ဖို့ တိုက်တွန်းတာကို တစ်ခါမှ မကြားရဖူးဘူး၊ ဆရာတော် အဲဒီလို တိုက်တွန်းတာကို ပထမဆုံး

http://www.dhammadownload.com

ကြားလိုက်ရတော့ သစ္စာဆို, ဆုတောင်းပြီး အလုပ်လုပ်ရတဲ့ အလုပ်အပေါ်မှာ ပိုပြီး စိတ်ဝင်စားလာမိတယ်။

စိတ်ဝင်စားရုံမျှပါပဲ၊ လက်တွေ့တော့ ထိထိရောက်ရောက်ရော မထိမရောက်ရော မလုပ်မိပါဘူး၊ ဘုရားလောင်း ဒုံးမင်း၊ ဘုရားလောင်း သုဝဏ္ဏသာမရဲ့ မိဘတို့၊ မဟာကပ္ပိနမင်းတို့ စတဲ့ ရှေးရှေးသူတော်ကောင်းကြီးတွေမှာ သစ္စာဆို, ဆုတောင်းလို့ အလိုဆန္ဒ ပြီးမြောက်ခဲ့ကြပုံတွေကို ပိဋကစာပေတွေထဲမှာ ဖတ်ဖူး, မှတ်သားဖူးပါရဲ့၊ ရတနာသုတ်၊ ဇောဇ္ဈင်္ဂသုတ် ပရိတ်စသည်တွေမှာ သစ္စာဆို, မေတ္တာပွားပုံတွေကို တွေ့ရပါရဲ့၊ မျက်မှောက်ခေတ်မှာ သစ္စာဆို, ဆုတောင်းပြီး အလုပ်လုပ်လို့ အောင်မြင်ကြတဲ့ အဖြစ်အပျက်တွေကိုလည်း ထိုထိုဘာသာရေး မဂ္ဂဇင်းတွေမှာ ဖတ်ရပါရဲ့။ သိပ်ပြီး စိတ်မဝင်းစားလှသေးဘူး၊ ဒါကြောင့် လက်တွေ့လိုက်လိုက်လဲလဲ လုပ်ဖြစ်သည်အထိ ရောက်မလာဘူး။

ဒီနေရာမှာ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီး ပြောပြဖူးတဲ့ အဖြစ်အပျက်လေးတစ်ခုကို ဒီလို မှတ်မိနေပါတယ်။ ရွာတစ်ရွာက ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ကိုရင်တစ်ပါး ဖျားနေတယ်တဲ့။ ကျောင်းမှာ ရှိတဲ့ ဥုံးဇင်းတစ်ပါးက ဖျားနေတဲ့ ကိုရင်ကို ပြုစုစောင့်ရှောက်ပေးတယ်၊ ကိုရင့် အဖျားရောဂါကိုလည်း မြန်မြန် ပျောက်သွားစေချင်တယ်၊ ဥုံးဇင်းက ကိုရင် လေးစားရတဲ့ ဥုံးဇင်းနဲ့ တူပါရဲ့၊ ဥုံးဇင်းက သစ္စာဆိုတယ်။ " ငါဟာ ရွာထဲက " မိချင်း" ဆိုတဲ့ ကောင်မလေးကို ကြိုက်နေတာ ကြာပါပြီ၊ ယခုလည်း ကြိုက်နေလျက်ပါပဲ၊ ဤမှန်ကန်သော သစ္စာစကားကြောင့် ကိုရင့်မှာ ရှိနေတဲ့ အဖျားရောဂါ ပျောက်ကင်းပါစေ " – လို့ သစ္စာဆိုသတဲ့၊ အဲဒီလို သစ္စာဆိုတော့ ဖျားနေတဲ့ ကိုရင်က ဟက်ဟက်ပက်ပက် ခွက်ထိုးခွက်လန် ရယ်မောသတဲ့၊ ကိုရင်မှာ ချွေးတွေ ထွက်လာပြီး အဖျားလည်း ပျောက်သွားသတဲ့၊ သစ္စာစကားရဲ့ စွမ်းအားကြောင့်ပဲ အဖျား ပျောက်တာလား၊ ရယ်မောပြီး ချွေထွက်သွား လို့ ပျောက်တာပဲလားတော့ ခွဲခြား မပြောတတ်၊ ရောဂါပျောက်သွားတာကတော့ အမှန်ပဲ။

ကဏ္ဍဒီပါယနဇာတ်မှာ သားလေးမှာ မြွေဆိပ်တက်နေလို့ ပွင့်ပွင့်လင်းလင်း ရင်ထဲမှာ ရှိတဲ့အတိုင်း သစ္စာဆိုခဲ့ကြတဲ့ ရသေ့ကြီးနဲ့ မိဘ (၂) ပါးတို့ရဲ့ သစ္စာစကားကြောင့် မြွေဆိပ်ပြယ်သွားတဲ့ အဖြစ်အပျက်မှာတော့ သားလေးမှာ ခုန ဖျားတဲ့ ကိုရင် မှာလို ဟက်ဟက်ပက်ပက် ရယ်ခဲ့ပုံ မပေါ်ပါဘူး၊ ဒါကြောင့် ဒီမှာ သစ္စာစွမ်းအားကြောင့်သာ မြွေဆိပ်ပြယ်တာ ထင်ရှားပါတယ်။

သစ္စာစကားအပေါ် ပိုပြီး စိတ်ဝင်းစားစရာ အကြောင်းအရာတစ်ခု ပေါ်လာ

http://www.dhammadownload.com

ပြန်တယ်။ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာပါ၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ဟာ ရွှေတောင်ကုန်းသာသနာ့ရိပ်သာရောက်စ (၄) နှစ်လောက်က သာထွန်းအောင်တိုက်ကျောင်းကြီးပေါ် အခန်းတစ်ခန်းမှာ သီတင်းသုံးပါတယ်။ စာရေးသူတို့ ရဟန်းငယ်တွေလည်း အဲဒီ အပေါ်ထပ်မှာပဲ အခြားအခန်းတွေမှာ နေကြရပါတယ်။ နောက်မှ ချမ်းသာမြိုင်ကျောင်းဆောင် ပြီးလို့ ချမ်းသာမြိုင်ကျောင်းဆောင်မှာ ဆရာတော် ပြောင်းရွှေ့ပြီး သီတင်းသုံးပါတယ်။ သာထွန်းအောင်ကျောင်းဆောင် အပေါ်ထပ်မှာ ဆရာတော် သီတင်သုံးစဉ်က တစ်နေ့မှာ စာရေးသူရဲ့ ရဟန်းဒကာမကြီး ဒေါ်ခင်စောညွှန့်တို့ ဆရာတော်ထံ ရောက်နေပါတယ်။ အဲဒီအချိန်မှာ စာရေးသူလည်း ဓာရာတော်ထံ ရောက်နေပါတယ်။ ဆရာတော့် အခန်းထဲမှာပါပဲ၊ ဆရာဝေတ်နဲ့ ဒေါ်ခင်စောညွှန့်တို့ ဆရာ, ဒကာအဖြစ် အကျွမ်းတဝင်, တရင်းတနှီး ရှိတာမို့ ဒေါ်ခင်စောညွှန့်ကလည်း ဆရာတော်ကို သူမရဲ့ ဘဝပြဿနာအခက်အခဲတွေကို ပွင့်ပွင့်လင်းလင်း လျှောက်ထားတတ်ပါတယ်။ ဆရာတော်ကလည်း မေတ္တာကရုဏာရှေ့ထားပြီး အဆုံးအမ ဩဝါဒတွေကို မိန့်ကြားတတ်ပါတယ်။

အဲဒီအခါမှာလည်း ဒေါ်ခင်စောညွှန့်က သူမရဲ့ ဘဝပြဿနာ၊ အခက်အခဲတွေကို လျှောက်ထားပြန်ပါတယ်၊ ဒေါ်ခင်စောညွှန့်က သူမရဲ့ခင်ပွန်း ဦးအောင်ခိုင်ကွယ်လွန်သွားပြီမို့ ဆရာတော်ကို သာသနာ့ဖခင်သဖွယ် အားကိုးပုံရပါတယ်။ အလွန်လည်း ကြည်ညိုလေးစားလှပါတယ်။ ဒါကြောင့် သူမရဲ့ ဘဝအခက်အခဲတွေကို လျှောက်ထားပုံရပါတယ်။

ဆရာတော်က တကယ့်ဖခင်သဖွယ်ပါပဲ၊ မေတ္တာကရုဏာကြီးမားစွာနဲ့ ဒီလို အားပေးစကား ဆုံးမစကား မိန့်ကြားလိုက်ပါတယ်။

" ဒီလိုပါပဲ၊ ဘုန်းကြီးတို့လည်း လောကဓံဒဏ်ကို ခံကြရတာပါပဲ၊ ဒကာမကြီးတို့ တွေ့ရတဲ့ လောကဓံက ဘုန်းကြီးခံရတဲ့ လောကဓံနဲ့ စာရင် တော်ပါသေးတယ်။ ရှေးဘဝက ငါက သူတစ်ပါးကို ဒီလို လုပ်ခဲ့လို့ နေမှာပဲ၊ ဥ့အကုသိုလ်ကံကြောင့် ငါ ဒီလို ခံရတာပဲ၊ ဘယ်သူမပြု မိမိမှလိုပဲ ဘုန်းကြီးက သဘောထားပါတယ်၊ ဒကာမကြီးမှာလဲ ကုသိုလ်ကောင်းမှုတွေ များစွာ ပြုလုပ်ထားတာပဲ၊ ပြုလုပ်နေတာပဲ၊ တကယ့် စိတ်စေတနာကောင်းကောင်းနဲ့ ပြုလုပ်ထားတာပဲ၊ အဲဒါတွေကို သစ္စာဆို, ဆုတောင်းပြီး အလုပ်လုပ်ပါ " တဲ့။

ဒီအကြိမ်က ဒုတိယအကြိမ် ကြားနာရတာပါ၊ သစ္စာစကားအပေါ် ပို၍ နိဉ်မာစွာ စိတ်ဝင်စားလာပါကလား၊ စပ်းကြည့်ချင်စိတ်လည်း ပေါ်လာပါတယ်၊ ကိုယ့်ဘဝမှာ အခက်အခဲတွေ ပေါ်လာတဲ့အခါ သစ္စာဆိုကြည့်ပါတယ်၊ ကိုယ့်မှာလည်း

http://www.dhammadownload.com

သစ္စာဆိုနိုင်လောက်အောင် အားကောင်းတဲ့ ကောင်းတဲ့အရည်အသွေးတွေ ရှိနေ တာပဲ၊ ကိုယ့်ရဲ့ ဖြူစင်မြင့်မြတ်တဲ့ လုပ်ငန်းတွေက သစ္စာဆိုရာမှာ များစွာ စိတ် အင်အားကို ပေးပါတယ်၊ တွေ့ကြုံနေရတဲ့ အခက်အခဲကိုလည်း ရင်ဆိုင်ကျော်လွှားဖို့ ရဲဝံ့ လာတယ်၊ ရှေးကရော ယခုပါ ပြုထားတဲ့ ကောင်းတဲ့လုပ်ငန်းမျိုးကို တိုးပြီး လုပ်လိုတဲ့ စိတ်တွေလည်း ပေါ်လာတယ်၊ ကောင်းတဲ့ စိတ်ထားနဲ့ ပြုလုပ်, ပြောဆိုသမျှတွေ ပို ပိုပြီး ကောင်းဖို့ လိုအပ်တယ် ဆိုတာကိုလည်း နားလည်လာတယ်၊ အရေးအကြောင်း ရှိလာရင် တကယ်အားကိုးစရာ ဖြစ်လာတာကိုလည်း သိလာရတယ်၊ ဒါကြောင့် ကောင်းတဲ့စိတ်ဓာတ်, ကောင်းတဲ့အလုပ်, ကောင်းတဲ့အပြောတွေကို ပိုပြီး အားကိုး ချင်လာတယ်၊ တန်ဖိုးကိုလည်း ပိုပြီး သဘောပေါက်လာတယ်၊ တန်းဖိုး သိတော့ ပိုပြီး မြတ်နိုးလာတယ်၊ အရသာရှိလာတယ်။

ဆရာတော်ထံမှ (၂) ခါမျှသာ ကြားနာရဖူးတဲ့ အဲဒီအဆုံးအမစကားကို အပြည့်အဝ စိတ်ဝင်စားကာ အပြည့်အဝ လက်ခံပြီး တတ်နိုင်သမျှ ကျင့်သုံးနေမိပါ တယ်။ အောင်မြင်ကျော်ကြားကြတဲ့ ပုဂ္ဂိုလ်ကြီးတွေဟာ ပန်းခင်းတဲ့ လမ်းပေါ်ချည်း လမ်းလျှောက်ခဲ့ရသူတွေ မဟုတ်ပါဘူး။

ခရောင်းတောလမ်းကိုလည်း လျှောက်လှမ်းရတာချည်းပါပဲ၊ အခက်အခဲ ဆိုတာကတော့ လူတိုင်း တွေ့ရစမြဲပါ။ ဒါဟာ အဆန်း မဟုတ်ပါဘူး၊ ရှိးနေတဲ့ အရာပါ၊ အခက်အခဲကို မတွေ့ကြုံဖူးသူ, အတွေ့အကြုံနည်းသူတွေက ဖြူတတ်ကြပါ တယ်။ တုန်လှုပ်တတ်ကြပါတယ်၊ မဟာဂန္ဓာရုံဆရာတော်ကြီးကိုယ်တိုင် သူ့ အကြောင်း သူ ရေးသွားတဲ့ " တစ်ဘဝသံသရာ " စာအုပ်ကို ဖတ်ရတဲ့အခါ လက်ာ လေးဂဲ့ ကြိုက်လို့ ကျက်ထားဖူးတယ်၊ အကျော်အမော် စာရေးဆရာကြီး ဖြစ်တဲ့ အလျောက်ပဲ မဟာဂန္ဓာရုံဆရာတော်ရဲ့ လက်ာဟာ ကောင်းလှပါတယ်။

လက်ာက –

လူဟု ဆိုလျှင်၊ လူလိုပင်သာ၊ လူတွင် တွေ့ရှိး၊ ကြောင်းအကျိုးနှင့်၊ ကောင်းဆိုးနှစ်တန်၊ လောကဓံကို၊ အမှန်တွေ့မြဲ၊ စိတ်ဝယ် စွဲ၍၊ ဝမ်းနည်း ဝမ်းသာ၊ မမျှားပါမှ၊ နောင်လာဆက်ဆက်၊ တိုးကာတက်၏။ သို့တွက်များပြား၊ အို လူသားတို့၊ ဘုရားဟောဖော်၊ တရားတော်ကို၊ ပျော်ပျော်လိုက်စား၊ စိတ်ဝယ်ထားလျက်း များလောကဓံ၊ ကြံ့ကြံခံ၍၊ မှန်မှန် မဖြို၊ စိတ်မတုန်အောင်၊ လူဘုံ သင်တို့ သွား ဖွယ်ကို။

http://www.dhammadownload.com

ဆပ်ပြာသည်လိုလေလော

ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ဟာ မဟာစည်သာသနာ့ရိပ်သာကြီးမှာ နာယကအဖြစ်နဲ့ တရားပြခဲ့စဉ်က အမျိုးသားယောဂီနဲ့ ရဟန်းယောဂီတို့ကို ပြခဲ့တာ များတယ်လို့ သိရပါတယ်။ ဒါ့ကြောင့် ရှေ့ပိုင်းက ရဟန်းတော်တွေ မဟာစည်သာသနာ့ရိပ်သာမှာ တရားအားထုတ်ဖူးတယ် – ဆိုရင် ဆရာတော်ထံမှာပဲ အားထုတ်ရတာ များပါတယ်။ အမျိုးသားတပည့်ယောဂီလည်း များပုံရပါတယ်။ ဆရာတော်ထံ တရားအားထုတ်ဖူးကြတဲ့ ရဟန်းတော်တွေရော အမျိုးသားယောဂီတွေကပါ ဆရာတော်ဟာ တရားပြသရာမှာ အလွန်စည်းကမ်းတင်းကျပ်တဲ့အကြောင်း ပြောကြပါတယ်။ တရားပြသရာမှာ ဆရာတော်ရဲ့ ခပ်ကြမ်းကြမ်း, ခပ်တင်းတင်း ပြောဆိုမှုတွေကြောင့် ကြောက်လန့်ပြီး ပြန်ပြေးကြတဲ့သူတွေ ရှိတယ်လို့လည်း ပြောကြတယ်။ ဆရာတော်ရဲ့ တင်းကြပ်မှုကို ခံယူပြီး တရားကို ကြိုးစားရှာမှတ်သွားလို့ တရားအရသာတွေ့ကာ ဆရာတော်ရဲ့ကျေးဇူးကို များစွာ သိသွားကြသူတွေလည်း ဒုနဲ့ဒေးပါပဲ။ ရဟန်း, သာမဏေရော, လူတွေပါ အများကြီးပဲ၊ ပြည်တွင်းက သာမက ပြည်ပကရောပါပဲ။

ဆရာတော်ကတော့ သူလေ့လာပွားများအားထုတ်ထားလို့ သိထား, ရထားတဲ့ တရားကို အင်မတန် သိစေချင်, ရစေချင်တဲ့ မေတ္တာ, စေတနာ, ကရုဏာကြီးမားစွာနဲ့ ပြည့်ပြည့်ဝဝ မြန်မြန်ဆန်ဆန် ရစေချင်လို့ စည်းကမ်းတင်းကျပ်ပေးတာဖြစ်ပါလိမ့်မယ်၊ ယောဂီတွေ ဆင်းရဲကျင်းကြပ်နေအောင် လုပ်တာ ဘယ်ဟုတ်မလဲ၊ တကယ့်ကို တရားရစေချင်လို့ ယောဂီတွေ တရားထိုင်တဲ့ နေရာ၊ စကြံလျှောက်ပြီး မှတ်တဲ့နေရာ၊ နေရာအဆောင်၊ ဆွမ်းစားဆောင် စသည်မှာ အမြဲ ကြည့်ကြပ်ပေးနေတာပဲ၊ သူ့မှာလည်း တရားဟာရ၊ တရားစစ်ရ၊ အခြားအခြား သာသနာရေးရာကိစ္စ

http://www.dhammadownload.com

တွေ ဆောင်ရွက်ရတော့ သက်သာလှမယ် မဟုတ်ဘူး၊ ယောဂီတွေကိုလည်း အမြဲ ကြည့်ကြပ်ပေးနေတယ်ဆိုတော့ ပိုပြီး မသက်သာတော့တာပေါ့၊ " ယောဂီတွေ တရားတိုးတက်, မတိုးတက် အရေးမကြီးပါဘူး၊ သက်သက်သာသာ နေရရင် ပြီးတာပဲ " လို့ ကိုယ့်ချမ်းသာရေးကိုသာ ရှေးရှုရင် အေးအေးဆေးဆေး နေရ ပိုကောင်းတာပေါ့၊ ဆရာတော်က အဲဒီလို မနေနိုင်ဘူး၊ သားသမီးတွေ ကြီးပွားတိုးတက်ရေးကို လိုလားတဲ့ မိဘဟာ သားသမီးတွေအတွက် အမြဲ ကြောင့်ကြကြီးနေသလိုပါပဲ၊ မိဘဖြစ်သူတွေ ပိုသိကြမှာပါပဲ၊ ဆရာဖြစ်ဖူးသူတွေလည်း ပိုနားလည်ကြမှာပါပဲ၊ မိဘဆရာ သမားတွေဆိုတာ ကိုယ့်သားသမီး, ကိုယ့်တပည့်တွေကို မျက်ခြေပြတ် မခံတတ်ကြဘူး၊ တတ်နိုင်ရင် မျက်စိအောက်မှာ အမြဲ ရှိနေစေချင်ကြတယ်။

နွားပိုင်ရှင်ဟာ နွားတွေကို မှက်, ခြင်တွေ မကိုက်ရအောင် မြက်တွေကို မီးရှိုပြီး မီးခိုးတိုက်ပေးရတယ်၊ နွားတွေကို မီးခိုးမွှန်ပြီး အနေရ, အထိုင်ရခက်ကာ ဒုက္ခရောက်အောင် လုပ်တာ မဟုတ်ဘူး၊ မှက်, ခြင်တွေ အကိုက်မခံရအောင် လုပ်ပေးတာပဲ။

ဒါလိုပါပဲ၊ ယောဂီတွေကို စည်းကမ်းတင်းကြပ်တယ်ဆိုတာလည်း မီးခိုးတိုက်ပေးတာနဲ့ တူပါတယ်။ တရားတိုးတက်ရေးမှာ အနှောင့်အယှက် ပေးတတ်တဲ့ နီဝရဏကိလေသာခြင်တွေရဲ့ အနှိပ်အစက် မခံရအောင်ပါပဲ၊ ယောဂီတွေ ဒုက္ခရောက်အောင် လုပ်တာတော့ မဟုတ်ပါဘူး။

ဆရာတော့်ထံ တရားအားထုတ်ဖူးတဲ့ ယောဂီဆိုရင် ပေါ့ပေါ့တန်တန် ယောဂီ မဟုတ်ဘူးလို့ ယူဆကြသတဲ့၊ ဟုတ်ပေလိမ့်မယ်၊ ဆရာတော်ကလည်း ပေါ့ပေါ့တန်တန် လုပ်တာကို လက်မခံဘူး၊ မနှစ်ခြိုက်ဘူး၊ ဒီတော့ ဆရာတော့် ယောဂီတွေဟာ ပေါ့ပေါ့တန်တန်ယောဂီ ဖြစ်စရာ မရှိပါဘူး၊ ဆရာတော်နဲ့ တရားအားထုတ်လို့ တရားအရသာကို ကောင်းကောင်း တွေ့သွားပြီဆိုရင်တော့ ဆရာတော်ရဲ့ မေတ္တာ, စေတနာ, ကရုဏာတွေကို အပြည့်အဝ နားလည်ခွင့်ရလာပြီမို့ " ဆရာတော်မှ ဆရာတော် " ဖြစ်နေတတ်ကြပါတယ်၊ အတိုင်းမသိ ကျေးဇူးတင်နေတတ်ကြပါတယ်၊ ကြီးမားတဲ့ ကျေးဇူးရှင်အဖြစ် သတ်မှတ်နေတတ်ကြပါတယ်။

ဆရာတော်ထံ အားထုတ်ဖူးတဲ့ ရဟန်းတစ်ပါးဖြစ်တဲ့ ဥုးနန္ဒ (ရွှေဘို ဆရာတော်) က ပြောပြတာကို နားထောင်ဖူးတယ်၊ ; ဆရာတော်က ယောဂီတွေနဲ့ အတူ နံနက်ပိုင်း အစဆုံးအချိန်မှာ ဘရားလာထိုင်တယ်၊ ယောဂီတို့ရဲ့နောက် နည်းနည်းကျပြီးမှ ရောက်တယ်၊ ဘယ်ယောဂီ လာတယ်၊ မလာဘူး စိစစ်ပြီးမှ

http://www.dhammadownload.com

တရားဝင်ထိုင်တယ်၊ ထတော့ ယောဂီတွေရဲ့ နောက်မှ ထတယ်၊ တရားစစ်တဲ့အခါမှာ အားပေးစကားကို ဥပမာလေးတွေ ပေး ပေးပြီး ပြောပြတယ်။ တကယ်ကြိုးကြိုးစား စား အားထုတ်တဲ့ ယောဂီဆိုရင် သိပ်ပြီး အားပေးတယ်၊ တရားကောင်းလာရင် ညမအိပ်ဘဲနဲ့တောင် ရှုမှတ်ဖို့ တိုက်တွန်းတယ်၊ ကြိုးကြိုးစားစား အားမထုတ်တဲ့ ယောဂီဆိုရင်တော့ မညှာမတာ တင်းတင်းပဲ ပြောတတ်တယ် တဲ့။

ဥုးနန္ဒက ဒီလိုလည်း ပြောပြသေးတယ်။

"ဆရာတော်ကို ကျေးဇူးအတင်ဆုံးအရာ (၂) ခု ရှိတယ်၊ တစ်ခုကတော့ တပည့်တော် တရားအားထုတ်စဉ်က ဝါတွင်းဖြစ်လို့ သင်္ကန်း မိုးစိုပြီး သင်္ကန်းလဲစရာ အပိုသင်္ကန်း မရှိတာကို ဆရာတော်က ရိပ်မိသွားတယ်၊ ဒါကြောင့် သူ့ထံ ရှိတဲ့ ဝတ်ပြီးသား သင်္ကန်းကောင်းတစ်စုံ ပေးတယ်။ အဲဒီတုန်းက ဝတ်ပြီးသား သင်္ကန်း ကလေးတစ်စုံ ပေးတာကို အခုအခါ အကောင်းစားသင်္ကန်းတွေ ပေးတာထက် များစွာ ဝမ်းမြောက်ကျေးဇူးတင်လျက်ရှိနေတယ်။ "

"နောက်တစ်ခုကတော့ – ဝါတွင်းသုံးလ သတိပဋ္ဌာန်းအားထုတ်လို့အပြီးမှာ မေတ္တာကမ္မဋ္ဌာန်း ပွားစေတာပါပဲ၊ တပည့်တော်က စနေသားမို့လား မပြောတတ်ပါဘူး၊ စိတ်ကြီးတယ်၊ ဒေါသစရိုက် အားကြီးတယ်၊ မဟုတ်ရင် မခံချင်တတ်ဘူး၊ လူတစ်ယောက်ကို သတ်ဖို့တောင် ဝန်မလေးတဲ့ စိတ်ဓာတ် ရှိတယ်၊ အဲဒီလောက်ထိ ဒေါသက ကြီးတယ်၊ ဆရာတော်က မေတ္တာကမ္မဋ္ဌာန်းပွားစေလို့ ပွားတဲ့အခါ အဲဒီ ဒေါသစိတ်တွေဟာ မရှိသလောက်ပဲ နည်းသွားတယ်၊ အရာရာမှာ သည်းခံနိုင် ခွင့်လွှတ်နိုင်လာတယ်၊ အဲဒီလို စိတ်ကောင်းစိတ်မြတ်တွေ ထားရှိနိုင်တာမို့ အကျိုး တွေကို များစွာ ရရှိလာပါတယ်။ ဒါကြောင့် ဆရာတော်ကို အလွန်အကဲကိုပဲ ကျေးဇူး တင်လှပါတယ်။ ဒီ (၂) ခုနဲ့ကိုပဲ ဆရာတော့်ကျေးဇူးကို ဆပ်လို့ မကုန်နိုင်သေးပါဘူး တဲ့ ။

ဆရာတော်ထံ တရားအားထုတ်ကြသူတွေထဲမှာ ရဟန်း၊ သာမဏော အဆင့် အတန်းအမျိုးမျိုး ပါရှိသလို လူဝတ်ကြောင်တွေကလည်း အဆင့်အတန်းအမျိုးမျိုး၊ အလွှာအမျိုးမျိုး ပါရှိကြပါတယ်။ အရာရာ သိပ်မြင့်တဲ့အဆင့်၊ အလယ်အလတ်အဆင့်၊ နိမ့်ကျတဲ့အဆင့်ရှိသူတွေလည်း ပါကြတယ်။ ဘာသာခြားတွေလည်း ပါတယ်။ ဘာသာမဲ့တွေလည်း ပါတယ်။ ပြည်တွင်းကလည်း ပါတယ်။ ပြည်ပကလည်း ပါတယ်။ အဲဒီအားလုံးသော ယောဂီတွေကို တရားအရသာကို သူခံစားရသလို ခံစားစေချင်တယ်။ တချို့သော ယောဂီတွေက " ဒီတရားအရသာကို ငါတို့ကိုသာ ကျွေးနေတာလား၊ ကောင်းပါတယ်ဆိုတဲ့ တရားအရသာကို သူကိုယ်တိုင်ကော

http://www.dhammadownload.com

စားရဲ့လား " လို့ စုံစမ်းတဲ့သူတွေလည်း ရှိခဲ့တယ်။ စုံစမ်းတဲ့အခါ သူတစ်ပါးအတွက် သာ ဖွင့်ပြတဲ့ ဓာတ်ပြားလိုလည်း မဟုတ်၊ သူတစ်ပါး ချေးညှော်ချွတ်ဖို့သာ ရောင်းတဲ့ ဆပ်ပြာသည်လိုလည်း မဟုတ်ဘူး၊ နွားမှ အရသာကို မစားသုံးရတဲ့ နွားကျောင်းသား လိုလည်း မဟုတ်ဘူး – ဆိုတာကို ကောင်းကောင်းကြီး သိသွားကြတယ်၊ ဆရာတော်ကို သွားပြီး ချောင်းကြည့်ကြတဲ့အခါ တရားမှတ်နေတာကိုသာ တွေ့ကြရသတဲ့၊ နံနက်၊ နေ့၊ ညမှာ အချိန်အားလပ်ရင် အားလပ်သလို မှတ်ပုံပေါ်ပါတယ်။ နံနက်ပိုင်း မှာတော့ အိပ်ရာမှ အစောကြီး ထပြီး တရားပုံမှန် မှတ်လေ့ရှိတယ်။ ဆရာတော်ရဲ့ တင်းပါးမှာနဲ့ တူပါရဲ့၊ အလုံးလေး ရှိတယ်၊ အဲဒီအလုံးဝေဒနာလေးကို နှိုင်အောင် မှတ်လေ့ရှိတယ်၊ အဲဒီဝေဒနာကို နှိုင်အောင် မှတ်မှ တစ်နေ့တာလုံး နေလို့ ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျ ရှိသတဲ့။ အဲဒီ ဝေဒနာကို နှိုင်အောင် မှတ်နေလို့ အရက်ဆွမ်းစား တစ်ခါတစ်ရံ နောက်ကျတတ်တယ်။ တရားဟာ မှတ်နိုင်ရင် မှတ်နိုင်သလောက် ခန္ဓာကိုယ်လည်း ကျန်းမာလန်းဆန်းပြီး အင်အားရှိသလို စိတ်မှာလည်း ကြည်လင်ရွှင်ပျပြီး အင်အားတွေ ရှိလာတယ်။

ဆရာတော် မိန့်ကြားလေ့ရှိတဲ့ စကားတစ်ခွန်း ရှိတယ်။ အဲဒါက –

" ခန္ဓာကိုယ်ဟာ အလုပ်လုပ်ရင် လုပ်သလောက် အင်အား ကုန်တယ်၊ စိတ်အလုပ်ဖြစ်တဲ့ သတိပဋ္ဌာန်အလုပ်က လုပ်နိုင်ရင် လုပ်နိုင်သလောက် စိတ် အင်အားကို ပြည့်စေတယ်။ ကားဓာတ်အိုး (ဘက်ထရီ) ရဲ့ ချာဂျင်လိုပါပဲ၊ စက်လည်နေရင် လည်နေ သလောက် အား မလျော့ဘဲ တိုးလာနေစမြဲပဲ " – တဲ့။

အဲဒီစကားအတိုင်းပဲ ဆရာတော်ဟာ နေ့စဉ် အချိန်ရသမျှ စိတ်အင်အား တွေ ဖြည့်ပြီး သာသနာရေးဆိုင်ရာ အလုပ်တွေ လုပ်တယ်။ စိတ်အင်အား အပြည့်နဲ့ လုပ်တဲ့ အလုပ်ဟာ ဘယ်မှာ မအောင်မြင်ဘဲ ရှိမလဲ၊ အောင်မြင်တော့တာပေါ့၊ စိတ်အင်အားတွေ တိုးရင် တိုးသလောက် အောင်မြင်မှုတွေဟာလည်း တိုးတိုး လာတော့တာ ပါပဲ၊ ဒါကြောင့် အောင်မြင်တိုးတက်လိုသူတိုင်းဟာ စိတ်စွမ်းအင်တွေ ဖြည့်ပေးဖို့ လိုအပ်လှ ပါတယ်။

http://www.dhammadownload.com

ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်၏

အောင်မြင်လိုလျှင်

ယောဂီများစွာ
ရှုမှတ်ရာ၌
တစ်နေ့တာတွင်
တစ်ခါလေးမျှ
အေးရာဌာန
ရောက်ရလျှင်ပင်
စိတ်စွမ်းအင်တို့
အလျှင်ကောင်းစွာ
ပြည့်စုံလာ၏။

စိတ်မှာ စွမ်းအင်
အပြည့်ဝင်၍
လုပ်ခွင်ကိစ္စ
အဝဝကို
လုပ်ရသည့်ခါ
အောင်မြင်ပါ၏။

ထို့ကြောင့် ထိုထို
များလှပြီလို့
အောင်မြင်လိုလျှင်
စိတ်စွမ်းအင်ကို
နေ့စဉ် ဖြည့်ဖို့
ရှုမှတ်စို့။

☜ ☜ ☜ ☜ ☜

http://www.dhammadownload.com

စိတ်ကူးထဲက စာအုပ်များ

ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ကို နီးစပ်ရာသံဃာတို့ကရော ဒကာ၊ ဒကာမတို့ကပါ ကျမ်းစာအုပ် ရေးဖို့ လျှောက်ထားကြတယ်။ ဆရာတော်က

"အနန္တကျေးဇူးရှင် မဟာစည်ဆရာတော်ကြီး ဟောထားတဲ့ စာအုပ်တွေနဲ့ ပြည့်စုံနေပါတယ်၊ ဘုန်ကြီးလည်း အဲဒီစာအုပ်တွေကို ကြည့်ပြီး အဲဒီစာအုပ်တွေထဲက နည်းကို ယူကာ ဟောနေတာပါပဲ၊ ဘုန်းကြီး ရေးဖို့ မလိုပါဘူး" လို့ မိန့်ကြားတော်မူပါတယ်။ ဆရာတော်ရဲ့ ဟောတရားကို နာကြားကြရတဲ့ သံဃာတွေကရော ဒကာ၊ ဒကာမတွေကပါ ဆရာတော်ရဲ့ တရားကို များစွာ နှစ်ခြိုက်ကြတယ်၊ အနှစ်သာရပါ ကြောင်း သိရှိကြတယ်၊ တရားတိတ်ခွေတွေနဲ့ ဆရာတော်ရဲ့တရားကို သွင်းထားကြ ပေမယ့် စာအုပ်အဖြစ် ရောက်အောင် ပြုလုပ်လိုက်ရင် တရားနာပရိသတ်တွေ သာမက စာဖတ်ပရိသတ်တွေပါ ကြည့်ရှုခွင့်ရသွားနိုင်တယ်၊ ဒါကြောင့် ပို၍ အကျိုး များနိုင်တယ်၊ ဒါကြောင့် သံဃာတွေကရော ဒကာ၊ ဒကာမတွေကပါ စာအုပ် ရေးဖို့ အခါခါ တိုက်တွန်းကြဟန်တူပါတယ်။

ဆရာတော် မဟာစည်သာသနာ့ရိပ်သာမှာ ဩဝါဒိစရိယဆရာတော်အဖြစ်နဲ့ သာသနာ့တာဝန်တွေကို ဆောင်ရွက်တော်မူစဉ်က သာသနာရေးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်တွေက ဘွဲ့တစ်ဘွဲ့. ဆက်ကပ်လိုလို့ ကိုယ်ရေးရာဇဝင် လာတောင်းတယ် – တဲ့၊ အဲဒီအခါ ဆရာတော်က "ချောတိုင် တက်မပြပါရစေနဲ့" လို့ မိန့်လိုက်သတဲ့၊ နောက် လာပြီး လျှောက်ကြပြန်သတဲ့၊ အဲဒီအခါ ဆရာတော်က "ဆရာသမား ပေး လိုက်တဲ့ "ပဏ္ဍိတ" ဆိုတဲ့ ဘွဲ့နဲ့ ထိုက်တန်အောင်တောင် အလုပ် မလုပ်နိုင်သေး ပါဘူး၊ လို့ မိန့်တော်မူလိုက်သတဲ့။

အဲဒီနောက် အတော်ကြာတဲ့အခါ မဟာစည်သာသနာ့ရိပ်သာမှာ သီတင်း

http://www.dhammadownload.com

သုံးစဉ်ကပဲ ဆရာတော်ထံမှ မမျှော်လင့်တဲ့ စကားကို ကြားရတယ်။

" သတိပဋ္ဌာန်အကြောင်း စာအုပ်တစ်အုပ် ရေးချင်တယ်၊ " သတိပဋ္ဌာန် " ပုဒ်ကို အဋ္ဌကထာ၊ ဋီကာတွေမှာ ဖွင့်ပြထားတဲ့ စကားတွေဟာ သိပ်ကို ကောင်းတယ်၊ စာတွေ့ကို လက်တွေ့နဲ့ နှောပြီး ရေးရရင် ကောင်းမယ် တဲ့။

ဆရာတော်ဟာ စာတွေ့ကို လက်တွေ့လုပ်ငန်းခွင်သဘောနဲ့ ပြောပြတတ်တယ်။ အဲဒီလို ပြောပြတတ်တဲ့ ပုဂ္ဂိုလ်တွေဟာ မများဘူး ၊ ရှားတယ်၊ မဟာစည်ဆရာတော်ကြီးဟာ စာတွေ့ကို လက်တွေ့နဲ့ ပေါင်းစပ်ပြီး ပေါ်လွင်အောင် ပြောပြရေးပြတတ်တဲ့နေရာမှာတော့ ထိပ်တန်းတွေထဲက ထိပ်တန်းပါပဲ ၊ တကယ့်ကိုပဲ ပါရမီထူးပါတယ်။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ဟာ မဟာစည်ဆရာတော်ကြီးကို အားကျပုံပေါ်ပါတယ်။ မဟာစည်ဆရာတော်ကြီးရဲ့ သဘောဉာဏ်နဲ့ ပတ်သက်ပြီး ဆရာတော်ပြောတဲ့ စကားတစ်ခွန်း ရှိတယ်။ " မဟာစည်ဆရာတော်ကြီးရဲ့ သဘောဉာဏ်ရဲ့ (၄) ပုံ တစ်ပုံကို မီရင် တော်ပါပြီ " တဲ့၊ ဆရာတော်ဟာ မဟာစည်ဆရာတော်ကြီးကို အလွန်ပဲ ကြည်ညိုလေးစားအားကိုးသလို အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီးကိုလည်း အလွန်ပဲ ကြည်ညိုလေးစားအားကိုးတယ်။ မဟာစည်ဆရာတော်ကြီး၏ စာပေတွေကို ကျေညက်အောင် လေ့လာထားသလို မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ စာပေတွေကိုလည်း နှံ့စပ်အောင် လေ့လာထားတယ်၊ အဲဒီဆရာတော်ကြီး (၂) ပါးရဲ့ စာပေတွေအပေါ် ဆရာတော်ရဲ့အမြင်ကို ဆရာတော်က ဒီလို ပြောပြဖူးတယ်။

" သတိပဋ္ဌာန်တရား အားမထုတ်ခင်က မဟာဂန္ဓာရုံဆရာတော်ရဲ့ စာကို အကောင်းဆုံးလို့ ထင်ခဲ့တယ်၊ အားထုတ်ပြီးတော့ ဟာတာတာ ဖြစ်နေတယ်။ "

" စာသရုပ် ပေါ်အောင် ရေးထားတဲ့ မဟာဂန္ဓာရုံဆရာတော်စာထဲ သတိပဋ္ဌာန်လုပ်ငန်းစဉ် ထည့်လိုက်ရင် မဟာဂန္ဓာရုံဆရာတော်စာဟာ ပိုပြီး အသက်ဝင်လာတယ်။

" သဘာဝသရုပ် ပေါ်အောင် ရေးထားတဲ့ မဟာစည်ဆရာတော်စာထဲ မဟာဂန္ဓာရုံဆရာတော်စာကို ထည့်သုံးရင် မဟာစည်ဆရာတော်စာဟာ ပိုပြီး စိုပြေလာတယ်။ " တဲ့။

ဆရာတော်ဟာ မဟာစည်ဆရာတော်ကြီးရဲ့ နည်းနဲ့ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ နည်းကို ပေါင်းစပ်ကာ " သတိပဋ္ဌာန် " ပုဒ်ကို ဖွင့်ဆိုရေးသားမယ်နဲ့ တူပါတယ်။ တကယ် ရေးဖြစ်ရင်တော့ ကောင်းမှာပါပဲ၊ အကျိုးများမှာပါပဲ၊ ဆရာတော်ဟာ မဟာစည်ဆရာတော်ကြီးနဲ့ မဟာဂန္ဓာရုံဆရာတော်ကြီးတို့ပေါက် စာပေရေး

http://www.dhammadownload.com

သားဖို ဝါသနာသန်ဟန် မတူပါဘူး၊ အကောင်အထည် ပေါ်မလာဘူး။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ရောက်တော့လည်း သတိပဋ္ဌာန် အကြောင်း ရေးလိုတယ်လို့ ထပ်မံ အမိန့်ရှိပါတယ်။ " သတိပဋ္ဌာန " ပုဒ်အကြောင်း ကိုသာမက " ယောဂီ " ဆိုတဲ့ စကားရဲ့ အဓိပ္ပါယ်ကိုလည်း ရေးသားလိုကြောင်း အမိန့်ရှိပါသေးတယ်၊ တကယ်တော့ မရေးဖြစ်သေးဘူး၊ ရွှေတောင်ကုန်း သာသနာ့ ရိပ်သာရောက်တော့ ဆရာတော်မှာ အလုပ်တွေ ပို, ပိုပြီး များလာတယ်၊ ရိပ်သာအခွဲ တွေက ပေါ်လာတော့ ပိုပြီး အလုပ်ရှုပ်တော့တာပါပဲ၊ စာတွေဖက်ထက် အဆောက် အဦတွေ ဆောက်လုပ်ရေးဖက်ပဲ စိတ်အရောက်ရ များနေပါတယ်။ စာရေးစရာ တစ်စုံတစ်ရာ ရှိလာခဲ့ရင် လည်း စာရေးသူကို ခိုင်းတဲ့အခါ ခိုင်းပါတယ်။

စာရေးသူက ဆရာတော်ကို လျှောက်ထားဖူးတယ်။

" ဆရာတော် ရေးလိုတဲ့ " သတိပဋ္ဌာန " ပုဒ်နဲ့ " ယောဂီ " ဆိုတဲ့ စကားလုံး အကြောင်း ရေးဖို့ အချိန်ယူရင် ဖြစ်နိုင်ပါတယ်ဘုရား၊ မဟာစည်ဆရာတော်နဲ့ မဟာဂန္ဓာရုံဆရာတော်တို့လည်း စာရေးဖို့အတွက် သီးသန့်အချိန် ယူကြတာပဲ၊ ဆရာတော်လည်း သီးသန့်အချိန် ယူပြီး ကြိုးစားရင် သေချာပေါက် ဖြစ်မယ်ဆိုတာကို ယုံကြည်ပါတယ်ဘုရား၊ ရေးဖြစ်အောင် စရေးဖို့ပဲ လိုပါတယ်ဘုရား။ "

အဲဒီအခါ ဆရာတော်က -

" အဆောက်အဦးတွေ ဆောက်လုပ်တဲ့ဖက်မှာ အချိန်အတော်များများ ကြောင့်ကြစိုက်နေရပါတယ်။ စိတ်က အဲဒီဘက်တွေမှာ အရောက်များနေတယ်၊ အရင်က ဖတ်ထား, မှတ်ထားတဲ့ စာတွေကို ပြန်စဉ်းစားလိုက်ရင် လွယ်လွယ်နဲ့ပဲ ပေါ်လာတတ်တယ်၊ မှတ်မိတယ်၊ အခု အဲဒီလို မဟုတ်ဘူး၊ စာရေးဖို့ဆိုရင် လက်က တွန့်တွန့်နေတယ်။ အရင်ကလောက် လက်ကလည်း သိပ်မလိုက်ချင်ဘူး " လို့ မိန့်ကြားတယ်။

" ဆရာတော် မစသေးလို့ပါဘုရား စပြီး ရေးလိုက်ရင် လက်ကလည်း လိုက်လာမှာပါဘုရား၊ ဆရာတော့်မှာ ရေးနိုင်တဲ့ အားတွေ ရှိနေပါတယ်ဘုရား။ " လို့ စာရေးသူက လျှောက်တော့ အဆောက်အဦးတွေ ပြီးသွားရင်တော့ အေးအေး ဆေးဆေးနဲ့ ရေးနိုင်လောက်ကောင်းပါရဲ့၊ အခုတော့ မလွယ်သေးဘူး " လို့ မိန့်ပြန် တယ်။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းမှာ အထူး တန်းအတွက် မဟာဂန္ဓာရုံဆရာတော်ရဲ့ ကိုယ်ကျင့်အဘိဓမ္မာစာအုပ်ကို ပြဋ္ဌာန်းထား တယ်။ အဲဒီကိုယ်ကျင့်အဘိဓမ္မာစာအုပ်နဲ့ ပတ်သက်ပြီး ရွှေတောင်ကုန်းသာသနာ့

http://www.dhammadownload.com

ရိပ်သာဆရာတော်က " ကိုယ်တွေ့အဘိဓမ္မာ " ဆိုတဲ့ စာအုပ်ကိုလည်း ရေးရရင် ကောင်းမယ်တဲ့၊ " ရေးဖြစ်ရင် ကောင်းမှာပါပဲဘုရား " လို့သာ လျှောက်ခဲ့ပါတယ်၊ မဟာဂန္ဓာရုံဆရာတော်က အဘိဓမ္မာသဘောကို လူပြိန်းတွေ နားလည်နိုင်အောင် သုတ္တန်ဇာတ်လမ်းလေးတွေ နှောပြီး ရေးပြထားတဲ့ ကိုယ်ကျင့်အဘိဓမ္မာစာအုပ်ကို လူကြိုက်များလှပါတယ်။ မဟာစည်ဆရာတော်ကြီးကလည်း အဘိဓမ္မာတရားတော်ကြီးစာအုပ်ကိုလည်း ဟောကြားရေးသားထားခဲ့ပါတယ်၊ အဘိဓမ္မာတရားတော်ကြီးဆိုတဲ့အတိုင်းပဲ စာအုပ်ကလည်း ကြီးပါတယ်၊ ဆရာတော်က ကိုယ်တွေ့အဘိဓမ္မာစာအုပ်ကို မဟာစည်ဆရာတော်ကြီးနဲ့ မဟာဂန္ဓာရုံဆရာတော်ကြီးတို့ရဲ့ နည်းကို မှီးပြီး သူကိုယ်တွေ့လေးတွေကိုလည်း ထည့်ကာ ထည့်ကာ ရေးသွားဖို့ စိတ်ကူးမိပုံ ပေါ်ပါရဲ့၊ ဒါလည်းပဲ အကောင်အထည် ပေါ်မလာသေးဘူး။ ပေါ်လာရင်တော့ စိတ်ဝင်စားစရာ စာအုပ်တစ်အုပ် ဖြစ်လာမယ်နဲ့ တူပါရဲ့။

လျှောက်ထားပါရစေ

ကဗျာလေးဖြင့်
လျှောက်ထားခွင့်
အရှင့်တပည့်အား
ပေးပါဘုရား။

စာတွေ့ထဲတွင်
လက်တွေ့ဆင်၍
ရေးလျှင်ထိုစာ
ကျိုးများမှာပဲ၊
ထိုစာမျိုးကား
မပေါများလှ၊
ကျိုးများစာပေ
ပေါများလေက
နောက်နေသူများ
ဖတ်မှတ်သား၍
ဆင့်ပွားနိုင်ကြမှာပါဘုရား။

http://www.dhammadownload.com



ဆရာတော် ရဟန်းငယ်ဘဝ ပုံတော်



မဟာစည်ဆရာတော်ပုံတော်ကို ဖူးမျှော်နေသော ဆရာတော်

(အပေါ်ပုံ ⟶ စာမျက်နှာ ၄၃) (အောက်ပုံ ⟶ စာမျက်နှာ ၇၃)

http://www.dhammadownload.com



ကျိုက္ကစံဆရာတော် ဥးသုစိန္တ



သာကေတ ပညာလင်္ကာရဆရာတော် ဥးပညာသိရီ

(အပေါ်ပုံနှင့်အောက်ပုံ → စာမျက်နှာ ၅၃)

http://www.dhammadownload.com

ဆရာတော်ရဲ့တပည့်တော်

"ဥုးပဏ္ဍိ . . . ဒါလေး ရှာပေးပါအုံး။ "

အသက်ကြီးလာလို့ မေ့တတ်လာတဲ့ မဟာစည်ဆရာတော်ကြီးက ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်လောင်းလျာ အရှင်ပဏ္ဍိတာဘိဝံသကို သူလိုချင်တဲ့ စာလေးတွေကို မကြာမကြာ ရှာခိုင်းတတ်တယ်။ မဟာစည်ဆရာတော်ကြီးဟာ ပိဋက စာပေတွေကိုရော ဘာသာခြားစာပေတွေကိုပါ လေ့လာတာမို့ စာပေအရာ လွန်စွာ နှံ့စပ်တော်မူတယ်၊ အထူးသဖြင့် ပိဋကစာပေမှာ အလွန်ပဲ ကျွမ်းကျင်တော်မူတယ်၊ ပါဠိတော်၊ အဌကထာ၊ ဋီကာတွေကို အကုန်ခုံအောင်၊ နှံ့အောင်၊ ကျေအောင် ကြည့်ထားတယ်၊ ဘယ်နေရာမှာ ဘာပါတယ်ဆိုတာ လွယ်လင့်တကူ နဲ့ သိခဲ့ပုံရတယ်။ သူကြည့်ထားတဲ့ ပါဠိ၊ အဌကထာ၊ ဋီကာတွေထဲက တွေးချင်စရာ၊ မေးချင်စရာ ကောင်းတဲ့ အချက်တွေကိုလည်း သူကိုယ်တိုင် တွေးထားပုံ၊ မေးထားပုံ ရပါတယ်၊ တွေးပြီး၊ မေးပြီး သူကိုယ်တိုင် အဖြေရှာထားပုံလည်း ရပါတယ်။ သူ့သဘောဉာဏ်က သိပ်ပြီး စူးရှတယ်လို့ သိရတယ်။ ဆဌသင်္ဂီတိပုစ္ဆက အဖြစ် ဆောင်ရွက်ထားတာပဲ၊ ထိပ်တန်းပညာရှင်အများစုတောင်မှ မရေးနိုင်တဲ့ ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယကိုလည်း ရေးထားတာပဲ၊ ဒီ (၂) ချက်နဲ့ပဲ သူ့ရဲ့ သဘောဉာဏ် စူးရှမှုအင်အားကို မှန်းဆနိုင်ပါ တယ်။

အဲဒီလို ဆရာသမားရဲ့ စာပေအရာမှာ အားကိုးအားထားခံရတဲ့ တပည့်ဟာ သူလည်း စာပေအရာမှာ မခေလို့ပဲပေါ့၊ မဟာစည်ဆရာတော်ကြီးနဲ့တကွ သူရဲ့ အခြား အခြား ပိဋကစာပေအရာ ကျွမ်းကျင်တော်မူကြတဲ့ ဆရာသမားတွေကို ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်က အားကျပုံရပါတယ်။ အားရပုံရပါတယ်။ ဆရာသမားဟို့ ရဲ့ နည်းကို လိုက်နာကျင့်သုံးပုံပေါ်ပါတယ်။ ဆရာတော်ဟာ

http://www.dhammadownload.com

ပိဋကစာပေအရာမှာ စာရေးသူတို့ လေစားအားထားရလောက်အောင် နှံ့စပ်ပါတယ်။ ကျည်ပါတယ်၊ နှံ့စပ်၊ ကျည်အောင်လည်း စာပေကို နေ့စဉ် ဝတ်ထားပြီး ကြည့်ပုံရတယ်။ တပည့်တွေကိုလည်း နေ့စဉ် ဝတ်ထားပြီး ကြည့်ဖို့ လမ်းညွှန်တယ်။

ဆရာတော်ဟာ စာပေပညာကို မြတ်နိုးသလို စာအုပ်ကိုလည်း ရိုသေတယ်။ တန်းဖိုးထားတယ်၊ ပိဋကစာပေဆိုင်ရာ စာအုပ်မျိုးစုံနဲ့ အခြားအခြား စာပေမျိုးစုံတွေ သူမှာ ရှိတယ်။ စာအုပ်စာပေတွေကို စနစ်တကျ၊ စည်းကမ်းတကျ၊ ရိုရိုသေသေ သိမ်းထားတယ်၊ တချို့က စာအုပ်စာပေ စုဆောင်းဖို့ ဝါသနာပါတယ်၊ ဖတ်ဖို့၊ မှတ်ဖို့ ကျတော့ သိပ် ဝါသနာမပါတတ်ကြဘူး၊ တချို့က ဖတ်ပြန်တော့ ဖတ်ရုံမျှပါပဲ၊ ဘာမှ မှတ်မှတ်သားသား မရှိကြဘူး၊ ဆရာတော်ကတော့ စုလည်း စုဆောင်းတယ်၊ ဖတ်လည်း ဖတ်တယ်၊ မှတ်လည်း မှတ်တယ်၊ ဆရာတော် က စာဖတ်တဲ့အခါ သာမန်ကာ၊ လှိုက်ကာ ဖတ်တာ မဟုတ်ဘူး။ စူးစူးစိုက်စိုက် တကယ်ရှိတယ်၊ စေ့စေ့စပ်စပ်ရှိမှုတို့ကို သူဖတ်ထားတဲ့ စာပေတွေမှာ သူရဲ့ ထင်မြင်ချက်၊ ထောက်ပြချက်၊ ပြင်ဆင်ချက်လေးတွေ ဟိုစာအုပ်၊ ဒီစာအုပ်တွေမှာ တွေ့ရလို့ သိရတယ်။

လေးနက်ခက်ခဲလို့ ပညာရှင်တွေသာ ဖတ်လေ့ရှိတဲ့ စာအုပ်တွေမှာရော ကလေးသူငယ်တွေကအစ အားလုံး လွယ်လင့်တကူ ဖတ်နိုင်တဲ့၊ ဖတ်ကြတဲ့ စာပေတွေမှာပါ ဆရာတော်ရဲ့ ထင်မြင်ချက်၊ ထောက်ပြချက်၊ ပြင်ဆင်ချက်လေးတွေကို တွေ့ရပါတယ်။ အများ စိတ်ဝင်စားစရာ စာပေတွေမှာရော အများပျိုင်းစရာစာပေတွေမှာပါ ဒီလိုပါပဲ။

သြော်...အသိဉာဏ် စူးရှလေးနက်တဲ့ ပုဂ္ဂိုလ်တွေဟာ ကိုယ်လုပ်တဲ့ အလုပ်တစ်ခုမှာ ပေါ့ပေါ့တန်တန် မလုပ်တတ်ကြဘူး၊ လုပ်လေ့မရှိဘူး၊ စူးစူးစိုက်စိုက်၊ စေ့စေ့စပ်စပ် ရှိကြတယ်၊ ဒါဟာ ပုဂ္ဂိုလ်တစ်ယောက် ထူးချွန်လာဖို့ရာ အရည်အသွေးကောင်းတစ်ခုပဲ လို့ နားလည်လာမိတယ်၊ ဆရာတော်ရဲ့စာကို ဖတ်တဲ့အခါ မှတ်မှတ်သားသားရှိပုံကတော့ အတုယူစရာပါပဲ။

ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတွေထဲက မှတ်စရာတွေကို ဘမ္မက်ကဒ်ပြား ပေါ်မှာ ရေးမှတ်ထားလေ့ရှိတယ်၊ မဟာစည်ဆရာတော်၊ မဟာဂန္ဓာရုံဆရာတော်၊ လယ်တီဆရာတော်၊ သပြေကန်ဆရာတော်၊ မလှိုင်၊ ကံကြီး၊ ကာဗျဝိဒူဆရာတော် စတဲ့ ဆရာတော်တွေ ရေးထားတဲ့ ကျမ်းစာတွေထဲက မှတ်စရာတွေကိုလည်း စာရွက်ကဒ်ပြားလေးတွေ ပေါ်မှာ ရေးထားတယ်။ ရေးတဲ့ လက်ရေးကတော့ သပ်ရပ်တယ်၊ သန့်ရှင်းတယ်၊ လှတယ်၊ ရေးမှတ်ထားတဲ့ ကဒ်ပြားလေးတွေဟာ အများကြီးပဲ၊ ပြည်တွင်းမှာရော ပြည်ပမှာပါ တရားဟောတဲ့အခါ အဲဒီကဒ်ပြားလေး

http://www.dhammadownload.com

တွေပေါ်က မှတ်စုတွေကို အသုံးပြုတယ်၊ ပြည်တွင်းမ ပြည်ပ ခရီးကြွလေရာရာမှာ အဲဒီမှတ်စုလေးတွေကို ယူသွားစမြဲပဲ၊ တရားဟောရာမှာတော့ ဘာယဉ် လက်နက်ကောင်းတွေပါပဲ။

ဆရာတော်ဟာ လေးစားထိုက်တဲ့ ဆရာတော်ကြီးတွေရဲ့ စာပေတွေကို မြတ်မြတ်နိုးနိုး တန်ဖိုးထားပြီး ဖတ်ကာ အသုံးပြုတယ်၊ တရားဟောရာမှာလည်း အသုံးပြုတယ်။ တရားစစ်ရာမှာလည်း အသုံးပြုတယ်။ ရိုးရိုးစကားပြောရာမှာလည်း အသုံးပြုတယ်။ ဆုံးမသြဝါဒပေးဟဲ့အခါမှာလည်း အသုံးပြုတယ်။ ပိဋကစာပေတွေထဲကသာမက လောကရေးရာ စာပေတွေထဲကလည်း မှတ်သားစရာတွေကို ကျကျနန မှတ်သားထားကာ တရားဟောရာမှာရော၊ တရားစစ်ရာမှာရော၊ ရိုးရိုးစကားပြောရာမှာရော၊ ဆုံးမသြဝါဒပေးရာမှာရော အသုံးပြုတယ်။ ဒါကြောင့် ဆရာတော်ဟာ လောကရေးရာစာပေတွေကို ဖတ်တဲ့အခါမှာလည်း အမှုမဲ့ အမှတ်မဲ့ မဖတ်ဘူး၊ တရား နယ်ပယ်မှာ အသုံးဝင်နိုင်မယ့် စကားလေးတွေကို သတိထားပြီး ဖတ်တယ်၊ မှတ်တယ်၊ အသုံးပြုတယ်။

သိပ္ပံပညာဆိုင်ရာစာပေတွေကို ဖတ်တဲ့အခါမှာလည်း တရားနယ်ပယ်ဘက်မှာ အသုံးဝင်မယ့် မှတ်သားစရာတွေကို ဖတ်ကာ မှတ်သားထားတယ်။ သိပ္ပံပညာရှင်တွေနဲ့ တွေ့ရင် သိပ္ပံပညာရပ်ဆိုင်ရာ စကားတွေနဲ့ တရားသဘောတွေကို ရှင်းလင်းပြတတ်တယ်၊ အဲဒီအခါ သိပ္ပံပညာရှင်တွေက တရားသဘောကို လွယ်ကူစွာ နားလည်ကြတယ်၊ နှစ်ခြိုက်ကြတယ်၊ လက်ခံကြတယ်၊ ဆရာဝန်၊ အင်ဂျင်နီယာ၊ ကျောင်းဆရာ၊ သင်္ဘောသား၊ လယ်သမား၊ အရောင်း အဝယ်သမား၊ ကားမောင်းသမား စသူတို့နဲ့. ပတ်သက်တဲ့ မှတ်သားစရာတွေကိုလည်း ဖတ်ကာ မှတ်သားထားတယ်၊ သူတို့နဲ့. တွေ့တဲ့အခါ သူတို့နဲ့ သက်ဆိုင်ရာ မှတ်သားစရာလေးတွေနဲ့ တရားသဘောတွေကို ရှင်းလင်းပြတတ်တယ်၊ အဲဒီအခါ သူတို့က သိပ်သဘောကျကြတယ်။ သိပ် ကောင်းတာပဲလို့လည်း ချီးကျူးတတ်ကြတယ်။ လွယ်လွယ်နဲ့ နားလည်ပြီး လွယ်လွယ်ပဲ လက်ခံသွားတတ်ကြတယ်။ အဲဒီလို အကျိုး သက်ရောက်မှုတွေကို ဆရာတော်က ပြည်တွင်းမှာရော ပြည်ပမှာပါ အကြိမ်ပေါင်းများစွာ တွေ့ရတယ်။ ဒါကြောင့် ဆရာတော်က စာမျိုးစုံကို ဖတ်တယ်၊ လူမျိုးစုံအကြောင်းကို လေ့လာတယ်။ စာမျိုးစုံနဲ့ လူမျိုးစုံအကြောင်းကို လေ့လာလို့ ဘဝမျိုးစုံအကြောင်းကို နားလည်ရတယ်။ ဘဝမျိုးစုံအကြောင်း၊ ဘဝမျိုးစုံအခြေအနေတွေကို သိလေတော့ ဘဝမျိုးစုံရဲ့ အလှာသယနဲ့ ဆီလျော်တဲ့ တရားစကားတွေကို မိန့်ကြားတတ်တယ်။ အလှာသယနဲ့ ဆီလျော်အောင် မိန့်ကြားတတ်တဲ့ သူရဲ့စကားဟာ နာယူရသူတို့

http://www.dhammadownload.com

အကျိုးကို အလွန်ပဲ တိုးပွားစေပါတယ်။

ဆရာတော်ဟာ လမ်းခရီးသွားရင်း စာပေတွေထဲက သူမှတ်သားထားဖူးတဲ့ အကြောင်းအရာတွေကို တွေ့ရင် စာတွေ့သာမက လက်တွေ့ပါ နားလည်အောင်လည်း စူးစမ်းတတ်တယ်။ မေးမြန်းတတ်တယ်၊ လေ့လာတတ်တယ်၊ စပ်စုတတ်တယ်၊ စူးစမ်းလို့၊ မေးမြန်းလို့၊ လေ့လာလို့၊ စပ်စုလို့ နားလည်သွားပြီ ဆိုရင်တော့ အသုံးပြုဖို့ အခွင့်သင့်လာတဲ့အခါ အသုံးပြုတော့တာပါပဲ၊ စာတွေ့နဲ့ လက်တွေ့ပေါင်းစပ်ပြီး တရားသဘောတွေကို ရှင်းပြတော့တာပါပဲ။

ဆရာတော်ဟာ သူ့အခန်းမှာ တရားမှတ်ချင် မှတ်၊ တရားမမှတ်ရင်လည်သည်လာချိန်မှတပါး စာဖတ်နေတာကပဲ များပါတယ်၊ ကုဋ္ဌိခန်းထဲမှာတောင် ကုဋ္ဌိတက်ရင်း ဖတ်ဖို့ စာအုပ်တွေ ထားတာ တွေ့ရတယ်။ ဆရာတော်က တရားဟောရင် ယပ်တောင်ကိုင်ပြီး ဟောလေ့ရှိတယ်။ အဲဒီယပ်တောင်ရဲ့ ဇံထဲမှာ မှတ်စုရေးထားတဲ့ ကဒ်ပြားလေးတွေ ထည့်ထားလေ့ရှိတယ်၊ တရားဟောတဲ့အခါ ဇံထဲက ကဒ်ပြားလေးတွေကို ထုတ်ပြီး မှတ်စုကြည့်ကာ တရားဟောလေ့ရှိတယ်။ အဲဒီ မှတ်စု ကဒ်ပြားလေးတွေကို ကားနဲ့ သွားရင် ကားပေါ်မှာလည်း ကြည့်နေတတ်တယ်၊ အစည်းအဝေးတွေ ရှိလို့ အစည်းအဝေးတွေ တက်ရရင်လည်း အဲဒီအစည်းအဝေးမှာ ဖတ်နေတတ်တယ်။

ဆရာတော်ဟာ နိုင်ငံခြားဧည့်သည်တွေနဲ့ အင်္ဂလိပ်လို ပြောတာကိုလည်း အခါများစွာ ကြားဖူးပါတယ်၊ အင်္ဂလိပ်လို တရားမစစ်၊ တရား မဟောပေမယ့် စစ်တဲ့၊ ဟောတဲ့အခါ အင်္ဂလိပ်လို ဘာသာပြန်သူရဲ့ ဘာသာပြန်မှာ သူပြောတာ ကျန်နေရင်လည်း ကျန်သေးကြောင်း၊ ပိုသွားရင်လည်း ပိုသွားကြောင်း ထောက်ပြတာကိုလည်း တွေ့ရဖူးတယ်၊ ပါဠိလို စကားပြောတဲ့ သီရိလင်္ကာရဟန်းတွေ ဆရာတော်ထံ လာတဲ့အခါ ဆရာတော်က ပါဠိလို ပြောတာကိုလည်း အခါခါ တွေ့ရဖူးပါတယ်။ ဆရာတော်ဟာ မြန်မာနဲ့ ပါဠိဘာသာကိုသာမက ဟိန္ဒီ၊ အင်္ဂလိပ်ဘာသာစကားကိုလည်း လေ့လာတတ်သိတာကို သိရပါတယ်။ စကားတစ်လုံးရဲ့ အဓိပ္ပါယ်ကို ကျကျနန ခြေခြေမြစ်မြစ် သိချင်တဲ့အခါ မြန်မာအဘိဓာန်၊ အင်္ဂလိပ်အဘိဓာန်၊ ဟိန္ဒီအဘိဓာန်၊ ပါဠိအဘိဓာန်တို့ကို ကြည့်ပြီး ရှာလေ့ရှိတယ်။

ဆရာတော်ဟာ မွန်ပြည်နယ်၊ မော်လမြိုင်မြို့မှာ နှစ်အတော်ကြာ သီတင်းသုံးခဲ့တာမို့ မွန်ဘာသာစကားကိုလည်း " ထမင်းစား၊ ရေသောက်အနေအထားမျိုး " ပြောတတ်ပုံရပါတယ်။ မွန်ဘာသာနဲ့ စကားပြောသံကို ကြားရဖူးသလို ရခိုင်ဘာသာအပြင် အခြားတိုင်းရင်းသားဘာသာစကားတွေကိုလည်း အတော်အသင့် နားလည်ပြီး

http://www.dhammadownload.com

သူတို့က ပြောလာရင် နားလည်ပုံရပါတယ်။

ဆရာတော်ဟာ ပြည်တွင်းမှာသာမက ပြည်ပမှာပါ ဗုဒ္ဓတရားတွေကို ဖြန့်ဝေနေတာမို့ လောကဗဟုသုတ၊ ဓမ္မဗဟုသုတ နည်းရင် ပြည်ပသားတွေ ကျေနပ်ဖွယ်ဖြစ်လောက်အောင် တရားဟောနိုင်၊ ပြန်ိုင်ဖို့ မလွယ်ပါ၊ မေးရင်လည်း ကျေနပ်အောင် ဖြေနိုင်ဖို့ မလွယ်ပါ၊ ယခုတော့ ဆရာတော်ဟာ ပြည်ပသားတွေပါ ကျေနပ်အောင် တရားပြနိုင်၊ တရားဟောနိုင်၊ အဖြေပေးနိုင်နေပါတယ်။ သူတစ်ပါးကို အထင်မကြီးတတ်ကြတဲ့ နိုင်ငံကြီးသားတို့ဟောင်မှ ဆရာတော်ကို အထင်တကြီး လေးစားကြည်ညိုအားကိုးလျက် ရှိနေကြပါတယ်။

အများအကျိုးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ချင်ရင် စာဖတ်နည်းလို့ မရဘူး၊ ဗဟုသုတနည်းလို့ မရဘူး၊ စာဖတ်များရမယ်၊ မှတ်မိအောင် ဖတ်ရမယ်၊ ဗဟုသုတများရမယ် လို့ မှတ်ချက်ချရမှာ ဖြစ်ပါတယ်။

များများ မှတ်မိမှ

စာ များများ ဖတ်၊
အထပ်ထပ် ဖတ်၊
မှတ်မိအောင် ဖတ်၊
မှတ်မိတာ များ၊
ပညာပွား မှ၊
အများအကျိုး
ရွက်သယ်ပိုးရာ
အောင်မြင်တာကို
သင်ဟာ ကြည့်ရှု
သတိပြု။

□ □ □ □ □

http://www.dhammadownload.com

ခြွေမှု ရံတယ်

" တစ်စုံ လှူရင် နှစ်စုံ ရတယ်၊ အဲဒါကို ယုံကြည်တယ် " တဲ့။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ဟာ သင်္ကန်းဝိကပ္ပနာပြုဖို့ စာရေးသူကို မကြာခဏ ခေါ်တတ်ပါတယ်၊ ဆရာတော့်အခန်းထဲမှာ ရောက်လာတဲ့ သင်္ကန်းတွေကို သိမ်းပြီးလို့ မကြာခင် သင်္ကန်းတွေ ထပ်ထပ် ရောက်လာတယ်၊ အဲဒီအခါ အထက်ပါစကားလေးကို မိန့်ကြားတတ်တယ်။ အဲဒီစကားကို ကြားလိုလို့ မိန့်ကြားတာတော့ မဟုတ်တာ သေချာတယ်။ တကယ့်ကို ယုံကြည်လို့ အမိန့်ရှိတာပဲ၊ ဆရာတော်က သင်္ကန်းတွေကို မကြာမကြာ လှူနေတာပဲ၊ ဆရာတော်ရဲ့ မွေးနေ့မှာ ဆိုရင် နှစ်စဉ် သင်္ကန်းသာမက ဆွမ်းလည်း ဆက်ကပ်တယ်၊ ဖိနပ်၊ ထီး၊ မျက်နှာသုတ်ပုဝါ၊ ဆပ်ပြာ၊ သွားတိုက်ဆေး စတဲ့ အသုံးအဆောင်ပစ္စည်းတွေကိုလည်း မဲဖောက်ပြီး ယောဂီသံဃာတွေအား လှူဒါန်းတယ်၊ ရန်ကုန်မြို့က ကျင်းပပေးတဲ့ သာမဏေကျော်စာမေးပွဲအတွက်လည်း နှစ်စဉ် သင်္ကန်း၊ ဖိနပ်တွေ လှူဒါန်းတယ်၊ မဟာဗောဓိတောရကိုဏ်းဆိုင်ရာ ဝိနည်းစာပြန်ပွဲမှာဆိုရင်လည်း သင်္ကန်း၊ ထီး၊ မျက်နှာသုတ်ပုဝါ၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ မျက်နှာသုတ်ပုဝါ၊ ခွေးသုတ်ပုဝါစတဲ့ ပစ္စည်းတွေကို နှစ်စဉ် လှူဒါန်းတယ်၊ ကော့ချဲရွာ – ကထိန်အတွက်လည်း သင်္ကန်းတွေ နှစ်စဉ် လှူဒါန်းတယ်၊ နှစ်သစ်ကူးပဒေသာပင်အတွက်လည်း ပစ္စည်းမျိုးစုံ နှစ်စဉ် လှူဒါန်းတယ်၊ ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်း ဆုနှင်းသဘင်အတွက်လည်း " မွန်၊ ကောင်း၊ တော် – သာမဏော၊ သိက္ခာရှင်တို့အား အထူးဆုနဲ့ ရိုးရိုးအောင် နှစ်သိမ့်ဆုတို့ကိုလည်း နှစ်စဉ် လှူဒါန်းတယ်၊ သင်တန်းပြ ဆရာတို့အားလည်း မလေးရှားသင်္ကန်းစတဲ့ မွန်မွန်မြတ်မြတ်ပစ္စည်းတွေကို နှစ်စဉ် လှူဒါန်းတယ်။ ပြည်ပမှ ဟပည့်သံဃာတို့အားလည်း သင်္ကန်းစတဲ့ အသုံးအဆောင်တွေကို လှူဒါန်းတယ်။

http://www.dhammadownload.com

ဆရာတော်ရဲ့ အလှူတွေကို သေချာရေတွက်ပြီး ရေးကြည့်မှ များများနဲ့ ပိုသိ လာရတယ်၊ ဒီကုသိုလ်တွေကို သိရတဲ့ ဘေးက လူပဲ ဝမ်းသာနေရပြီ၊ သာဓုခေါ်နေရပြီ၊ ကာယကံရှင် ကုသိုလ်ရှင်ကိုယ်တိုင်မှာကော် ဘယ်လောက် ဝမ်းသာလေမလဲ၊ ဘယ်လောက် ပျော်လေမလဲ၊ " ဒါနပြုရတာဟာ သိပ်ပျော်စရာကောင်းတယ်"လို့ သူတော်ကောင်းကြီးတွေ ဥဒါန်းကျူးလေ့ရှိကြတယ်၊ ဆရာတော်ပြည့်ပက ပြန်ကြွလာပြီဆိုရင်လည်း နာယကတွေအတွက် သီးသန့်၊ စာချဘုန်းကြီးတွေအတွက် သီးသန့်၊ အခြားဝန်ဆောင်သံဃာတွေအတွက် သီသန့်ပစ္စည်းတွေ လှူဒါန်းတယ်၊ သာသနာ့ရိပ်သာမှ ကပ်ဖိယကာရက၊ ဝေယျာဝစ္စအဖွဲ့၊ ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့ ဝန်ထမ်းတို့အားလည်း ပစ္စည်းတွေ စွန့်တယ်၊ သိက္ခာရှင်ဆရာလေးတို့အား ပစ္စည်းတွေ စွန့်တယ်၊ စာမေးပွဲအထူးအောင်တဲ့ သိက္ခာရှင်တို့အား အထူးဆုပေးတယ်။

ဆရာတော်အား ပြည့်ပက လှူလိုက်တဲ့ အင်္ဂလိပ်စာအုပ်တွေ ရှိတယ်၊ အဲဒါ တွေကိုလည်း ထိုက်တန်သင့်တော်တဲ့ ပုဂ္ဂိုလ်တွေအား လှူဒါန်းနေတယ်၊ သူနှစ်ခြိုက်တဲ့ မြန်မာစာပေစာအုပ်တွေကိုလည်း ကပ်ပြီး လှူလေ့ရှိတယ်၊ ပြည်ပရှိ ဝန်ဆောင်အရှင် မြတ်တွေထံ ပိဋကစာအုပ်တွေ အစုံရောက်အောင် ပေးပို့လှူဒါန်းတယ်၊ ပြည်ပမှာရော ပြည်တွင်းမှာပါ သူရောက်ရာနေရာက လှူဒါန်းတဲ့ ပစ္စည်းတွေ၊ နဝကမ္မဝတ္ထုငွေတွေကိုလည်း ပြန်လှူလေ့ရှိတယ်၊ သာသနာ့ရိပ်သာအတွက် လိုအပ်ရာရာ အခြားအခြား အရာတွေကိုလည်း လှူဒါန်းတယ်၊ စာဖတ်သူ မသိရလို့ စာနဲ့ ရေးမပြနိုင်တဲ့ အလှူတွေကလည်း ဘယ်လောက် များမှန်း မသိ။

ဆရာတော်လှူတဲ့ အလှူတွေကို ရေးပြရတာနဲ့ ရေးပြတဲ့သူတောင် မောသလို ရှိလာပြီ၊ ဖတ်ရတဲ့သူကော မောသွားပြီးလား၊ ဆရာတော်က စာရေးသူအား စွန့်တဲ့ ပစ္စည်းတွေကို စာနဲ့ ရေးပြရမယ်ဆိုရင်တောင် အများကြီး ရေးပြရမယ်ထင်တယ်၊ ပစ္စည်းတွေ များစုံနေတာပဲ၊ အဲဒီပစ္စည်းတွေကလည်း တန်ဖိုး သေးကြတာမဟုတ်ဘူး၊ ဆရာတော်ရဲ့ အလှူပစ္စည်းစာရင်းကို သူရဲ့ အလှူခံပုဂ္ဂိုလ်တိုင်းသာတင်ပြရရင် ကြီးမားတဲ့ စာအုပ်ကြီးတစ်အုပ် ဖြစ်လာလိမ့်မယ်နဲ့ တူပါတယ်။ ဆရာတော်က ရလာတဲ့ ပစ္စည်းလာဘ်လာဘကို သူ့အတွက် သုံးတာက နည်းပါတယ်၊ သာသနာအတွက် တကယ်ဖြူစင်တဲ့ စိတ်ထားနဲ့ ဆောင်ရွက်နေတာကို သိသွားကြတော့လည်း သိသွားကြတဲ့ ဒကာ၊ ဒကာမတွေမှာ သဒ္ဓါ၊ စေတနာတွေ ထက်သန်စွာ ပေါ်ပေါက်ပြီး လှူကြတယ်၊ ဒါကြောင့် ဆရာဖော်မှာ, ဆရာတော့် သာသနာ့ရိပ်သာမှာ လာဘ်လာဘ တွေဟာလည်း ဝင်လာမစဲ တဖွဲ့ဖွဲ့ပါပဲ၊

http://www.dhammadownload.com

ဆရာတော်က အကြောင်းစေတနာကောင်းလို့ ကောင်းကျိုးအထွေထွေကို ရနေရတယ်ဆိုတာကို သူကိုယ်တွေ့နဲ့ ကောင်းကောင်း နားလည်သဘောပေါက်ပြီး ကောင်းကောင်း ယုံကြည်နေတယ်။

စာရေးသူမှာ ဆရာတော်လောက် အလှူတွေကို မလှူနိုင်သေးပေမယ့် ဆရာတော် လှူနိုင်နေတာကို သိရတာနဲ့ပဲ ဝမ်းသာလှပါပြီ၊ ကိုယ်တိုင် လှူနိုင်ပြီဆိုရင်တော့ ပိုပြီး ဝမ်းသာမှာပေါ့၊ ဘုရားရှင် မိန့်ကြားခဲ့တဲ့ စကားတစ်ခွန်းကို ဒီနေရာမှာ ကြားလာမိတယ်၊ " ဒါနရဲ့ အကျိုးကို ငါဘုရား သိသလိုသာ သိမယ်ဆိုရင် ကိုယ်စားမယ့် ထမင်းလုပ်ကိုတောင် မစားဘဲနဲ့ လှူကြမယ် " တဲ့။ ဒါနရဲ့ အကျိုးကို ကိုယ်တွေ့သိရှိနေကြသူတိုင်း ဒါနကို ရက်ရက်ရောရော ပြုတတ်ကြတာဟာ ဓမ္မတာပါပဲလေ။ သူတို့မှာ ကိုယ်တွေအကျိုးတွေ ရနေကြတာပဲ၊ ဘယ်မှာ တိုး၍တိုး၍ မလှူဘဲ ရှိတော့မလဲ၊ လှူပြီးရင်း ရရင်း၊ ရပြီးရင်း လှူရင်းနဲ့ လှူလို့ကို မကုန်နိုင်အောင် ဖြစ်နေမှာပေါ့၊ အလှူဝါသနာ အလွန်အကဲထက်သန်တဲ့ ဘုရားလောင်းတော်တို့မှာတော့ ပြင်ပပစ္စည်းတွေကို လှူရတာနဲ့ မကျေနပ်သေးလို့ သား၊ သမီး၊ ဇနီးတွေကိုတောင် လှူဒါန်းသတဲ့၊ ဒီအလှူကတော့ သာမန်လူတွေ မလှူနိုင်တဲ့ အလှူပဲ၊ ဘုရားလောင်းတွေကတော့ သား၊ သမီး၊ ဇနီးတွေကို လှူရတာ အားမရသေးလို့ သူတို့ ခန္ဓာကိုယ်ရဲ့ မျက်စိ၊ နား၊ အင်္ဂါခြေ၊ လက်တွေကိုတောင် လှူဒါန်းခဲ့သတဲ့။ ဘုရားလောင်းတို့မျှားဘယ်လောက် အလှူရက်ရောသလဲ၊ မပြောပါနဲ့တော့၊ ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို လှူရတာကိုလည်း အားမရသေးလို့ အသက်ကိုတောင် လှူဒါန်းပြန်သတဲ့၊ လွန်ရော လွန်ရော၊ ကမ်းကိုကုန်သွားတာပဲ၊ ဒါတွေ လှူနေတာဟာ ဘာကြောင့်လဲ၊ သဗ္ဗညုတဉာဏ်တော်ကြီး ရပြီး အများအကျိုးကို သယ်ပိုးချင်လို့တဲ့။

အများအကျိုး ဆောင်လိုသူတိုင်းဟာ ဒီလိုပဲ စွန့်လွှတ်ရစမြဲပဲ။

အများအကျိုးဆောင်လိုတဲ့ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ဟာလည်း ဒီသဘောကို နစ်နစ်နာနာ သဘောကျနေဟန်တူပါတယ်။ " ခြွေမှ ရံတယ် " တဲ့၊ အခြွေအရံတွေဆိုတာ ခြွေငှေးကမ်းမှ ဝန်းရံနေတတ်ကြတယ် တဲ့၊ ပေးစရာတွေ ဘယ်လောက်ပဲ ရှိရှိ၊ မပေးကမ်း၊ မဝေငှာဆိုရင်တော့ ခြွေရံသူတွေ နည်းနေတတ်ကြတာလည်း သဘာဝပဲ။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်မှာတော့ ခြွေလို့ ရံနေသူတွေများစွာ ရှိပါတယ်။ ရဟန်း၊ သာမဏော၊ သီကျွာရှင် (သီလရှင်)၊ အမျိုးသား၊ အမျိုးသမီး ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ်မျိုးစုံ ဝိုင်းရံလျက်ရှိနေကြတယ်။ ပြည်ပကရော ပြည်တွင်းကရောပဲ၊ ဆရာတော်ဟာ ရသမျှလာဘ်လာဘတွေကို

http://www.dhammadownload.com

သူအတွက်သာ သုံးမယ်၊ သို့မဟုတ် သူအတွက်တောင် မသုံးဘူးဆိုရင် ဒီပရိသတ်တွေ ဒီလိုဝိုင်းရုံပြီး နေကြပါ့မလား၊ မဝိုင်းရုံတာကပဲ များမယ်နဲ့ တူပါတယ်။

ဆရာတော်ဟာ သူ့ကို ဝိုင်းရုံနေသူတွေ ပေါလာအောင် ခြွေတာတော့ မဟုတ်ပါဘူး၊ ရုံနေသူတွေ ချမ်းသာအောင်သာ ခြွေတာပါပဲ၊ သူတစ်ပါး ချမ်းသာရေးကို ရှေ့ရှုပြီး ခြွင်မှ မြင့်မြတ်တယ်၊ မြင့်မြတ်သူတွေဟာလည်း သူတစ်ပါးချမ်းသာရေးကိုသာ ရှေ့ရှုပြီး ခြွင်ကြတယ်၊ ကိုယ်ကောင်းစားချမ်းသာရေးကိုသာ မြော်တွေးပြီး ခြွင်ရင်တော့ မမြင့်မြတ်ဘူး၊ မမြင့်မြတ်သူတွေဟာလည်း ကိုယ်ကောင်းစားချမ်းသာရေးကိုသာ မြော်တွေးပြီး ခွေကြတယ်။ ဒါကြောင့် မြင့်မြတ်သူတို့ရဲ့ ခြွင်မှုမျိုးကို ပြုလုပ်လိုရင် သူတစ်ပါးချမ်းသာရေးကိုသာ ရှေးရှုရမှာ ဖြစ်ပါတယ်။

မြင့်မြတ်သူ

များ ချမ်းသာရေး
စိတ်ဝယ် တွေးလျက်
လှူပေးသူသာ
မြင့်မြတ်ပါ၏။

မြင့်မြတ်သူအား
ခြွေရုံပွားလျက်
စည်ကားတိုးတက်နေမည်တည်း။



http://www.dhammadownload.com

သာသနာပိုင်

(၁၄) ကြိမ်မြောက် ရွှေကျင်ဂိုဏ်းဆိုင်ရာ သံဃာ့အစည်းအဝေးကို ရန်ကုန်မြို့မှာ ကျင်းပတယ်၊ ရွှေတိဂုံဘုရားအရှေ့မုခ်အနီး ရွှေကျင်သာသနာ့ဝိမာန်တော်ကြီးမှာပါ၊ တစ်နိုင်ငံလုံးက ရွှေကျင်ဂိုဏ်းဆရာတော်တွေ ကြွလာကြတယ်၊ အဲဒီသံဃာ့အစည်းအဝေးကြီးမှာ ရွှေကျင်သာသနာပိုင်ဆရာတော်အဖြစ် ညောင်ရွှေမြို့ကန်ကြီးပရိယတ္တိစာသင်တိုက်က အရှင်ဝိမလာဘိဝံသ ဖြစ်လာတယ်၊ တွဲဖက် ရွှေကျင်သာသနာပိုင်ကတော့ စစ်ကိုင်းမြို့ ပထမဂန္ဓာရုံဆရာတော် အရှင်သုပညိန္ဒာဘိဝံသ ဖြစ်လာတယ်၊ အဲဒီ အစည်းအဝေးကြီးမှာ အရေးအကြီးဆုံး ဆောင်ရွက်ချက်ကတော့ သာသနာပိုင် တင်မြှောက်တာပဲနဲ့ တူပါတယ်၊ အဲဒီအစည်းအဝေးအတွက် ကြိုတင်အစည်းအဝေးလုပ်ကုန်းကလည်း ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်က စာရေးသူကို ခေါ်သွားပါတယ်၊ တကယ် အစည်းအဝေးကြီးလုပ်တဲ့အခါ ရောက်တော့လည်း ဆရာတော်နဲ့အတူ သွားရပါတယ်၊ အဲဒီအစည်းအဝေးကြီးအတွက် ဟိုအပ်သမျှ ဆောင်ရွက်ဖွယ်တွေကို နိုင်ငံတော်အစိုးရက တာဝန်ယူတယ်၊ အစည်းအဝေးကြီး စတင်ကျင်းပနေတဲ့နေ့မှာ နိုင်ငံတော်အကြီးအကဲတွေလည်း လာရောက်လှူဒါန်းကြတာကို တွေ့ရတယ်၊ ပထမနေ့ပဲ ဆရာတော်ကြွပါတယ်၊ အဲဒီနေ့မှာ ကြွရောက်လာကြတဲ့ သံဃာတော်တွေအား မဟာစည်ဆရာတော်ကြီးရဲ့ အဆိုအမိန့်စာအုပ်နဲ့ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော် မေးခွန်း သပြေကန်ဆရာတော်ကြီး ဖြေသည် - ဆိုတဲ့ စာအုပ် (၂) အုပ်ကို ဆရာတော်က လှူပါတယ်၊ ဒါပေမယ့် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဓမ္မမိသားစုလို့ ကောင်းမှုရှင် နာမည်တပ်ပါတယ်၊ အဲဒီတုန်းက ဆရာတော် (၂) ပါးတို့ရဲ့ အမေး - အဖြေ စာအုပ်ကို သံဃာအပါးစေ့ လှူချင်တာပါပဲ၊ ဒါပေမယ့် အဲဒီစာအုပ်က ကုန်နေလို့ သံဃာအပါး

http://www.dhammadownload.com

စေ့ မလျှုလိုက်နိုင်ဘူး၊ အစည်းအဝေး အပြီးမှာ သံယာတော်တွေအား သာသနာ့ရိပ်သာမှ သိက္ခာရှင်လေးတွေနဲ့ ဒကာမကြီးတချို့က စာအုပ်တွေ ဆက်ကပ်လှူပေးကြပါတယ်၊ အဲဒီအခါ ဆရာတော်က လောင်းလှူဆက်ကပ်နေတဲ့ တပည့်တွေရဲ့ ခပ်နီးနီးနေရာမှာ နေပြီး လာရောက်နှုတ်ဆက်ကြတဲ့ သံယာတော်တွေနဲ့ ရပ်ကာ စကားပြောနေပါတယ်။

သံယာတော်တွေနဲ့ စကားပြောပြီးသွားတဲ့အခါ ဒကာကြီးတစ်ယောက်နဲ့ စကားပြောနေပါတယ်။ အဲဒီဒကာကြီးက ဖြူဖြူသန့်သန့် ရုပ်ကောင်းကောင်းပါပဲ၊ ဆရာတော်နဲ့ အေးအေးဆေးဆေး ရင်းရင်းနှီးနှီး စကားပြောနေကြပါတယ်၊ ဆရာတော်နဲ့ စကားပြောနေကြတုန်းကတော့ ဒီဒကာကြီးက ဘယ်သူလဲ လို့ တွေးနေမိပါတယ်၊ သူ့ကို မတွေ့ဖူးလို့ ဘယ်သူမှန်း မသိပါဘူး၊ စာရေးသူကသာ သူ့ကို မသိတာ၊ သူကတော့ နာမည်ကြီး စာရေးဆရာပဲ၊ နောက်မှ သိရတယ်၊ သူ့နာမည်က ဓမ္မာစရိယ ဦးအေးနိုင် – တဲ့၊ ဘာသာရေးစာပေမဂ္ဂဇင်းတွေမှာ စာတွေ ရေးနေတဲ့ စာရေးဆရာကြီးပဲ၊ သူက စာရေးကောင်းသလို ပိဋကစာပေလဲ တော်တော်နဲ့စပ်တာပဲ၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်ထွက်တဲ့၊ သူလည်း ရွှေကျင်ဂိုဏ်းထဲမှာ နေခဲ့တာကိုး၊ ဒါ့ကြောင့် ဒီအစည်းအဝေး လာတာပေါ့။

ဆရာတော်နဲ့ ဒကာကြီးတို့ဟာ စာသင်သားဘဝကထဲက ရင်းနှီးခဲ့ပုံရတယ်၊ ဆရာတော်နဲ့ ဒကာကြီးတို့ လက်ရှိ ရွှေကျင်ဂိုဏ်းဆိုင်ရာ သာသနာအခြေအနေကို ဆွေးနွေးကြတယ်၊ ဆရာတော်က ဒကာကြီးရဲ့ သာသနာရေးအမြင်ကို သိချင်ပုံရတယ်၊ ဒကာကြီးက ရွှေကျင်သာသနာရေးအခြေအနေကို အားရကျေနပ်ကြောင်း ပြောတယ်၊ ဆရာတော်ကတော့ အားရပုံ မပေါ်ပါဘူး။

" ဒကာကြီး . . . ရွှေကျင်ဂိုဏ်းမှာ သာသနာရေးဟာ တိုးနေသလား၊ တန့်နေသလား၊ လျော့နေသလား " လို့ ဆရာတော်က မေးတော့ ဒကာကြီးက " လျော့နေပါတယ်၊ တန့်နေပါတယ်၊ " ဆိုတဲ့ အဖြေမျိုး မဖြေချင်ဘူး၊ " တိုးတက်နေပါတယ် " ဆိုတဲ့ အဖြေဘက်ကို လှုပ်ပြီး ပြောတယ်။

အဲဒီအခါ ဆရာတော်က မြတ်စွာဘုရားရဲ့ မိန့်ကြားခဲ့တဲ့ စကားတစ်ခွန်း ပြောပြတယ်။ " ရဟန်းတို့ . . . ကုသိုလ်တရားတို့၌ ရပ်တန့်နေတာကိုတောင် ငါဘုရား မချီးမွမ်းဘူး၊ ဆုတ်ယုတ်နေတာကို ပြောစရာ မလိုတော့ဘူး၊ ရဟန်းတို့ . . . ကုသိုလ် တရားတို့၌ ကြီးပွားတိုးတက်စည်ပင်နေတာကိုပဲ ငါဘုရား ချီးမွမ်းတော်မူတယ် " တဲ့။

" ဒကာကြီး . . . ရွှေကျင်ဂိုဏ်းမှာပဲ ဖြစ်ဖြစ်၊ အခြားအခြား ဘယ်ဂိုဏ်းမှာပဲ

http://www.dhammadownload.com

ဖြစ်ဖြစ် သာသနာတစ်ရပ်လုံးမှာ ကသိုလ်ဘက်မှာ ရပ်တန့်နေရင်၊ ဆုတ်ယုတ်နေရင် သာသနာ တိုးတက်တယ်လို့ မဆိုနိုင်ဘူး၊ သာသနာတော်မှာ ပြင်ပအဆောက်အဦးတွေ, သာသနာ့ဝန်ထမ်းဦးရေတွေ တိုးတက်စည်ကားနေရုံမျှနဲ့တော့ သာသနာတိုးတက်တယ်လို့ ဆိုလို့ မရဘူး၊ သာသနာဆိုတာက သီလ, သမာဓိ, ပညာတွေပဲ၊ သာသနာ့ဝန်ထမ်း ရှင်, ရဟန်းတွေသန္တာန်မှာ သီလသာသနာ, သမာဓိသာသနာ, ပညာသာသနာ မတိုးပွားဘူး – ဆိုရင်တော့ သာသနာတိုးတက်တယ်လို့ ဆိုလို့မရဘူး။ ဗုဒ္ဓသာသနာဝင် အမျိုးသား၊ အမျိုးသမီးတွေ သန္တာန်မှာလည်း သီလသာသနာ၊ သမာဓိသာသနာ၊ ပညာသာသနာ မတိုးပွားဘူး ဆိုရင် လူတွေဘက်က သာသနာတိုးတက်တယ်လို့ မဆိုနိုင်ဘူး။ "

" ယခု သာသနာပိုင်၊ သာသနာပိုင် ဆိုတဲ့ စကားကို သုံးနေကြတယ်၊ သာသနာပိုင်ဆိုတာ တစ်ပါးတည်းသာ ဖြစ်သင့်တာ မဟုတ်ပါဘူး၊ (၂) ပါးတည်းသာ ဖြစ်သင့်တာလည်း မဟုတ်ဘူး၊ သာသနာ့ဝန်ထမ်း ရှင်တိုင်း၊ ရဟန်းတိုင်း သာသနာပိုင် ဖြစ်အောင် လုပ်သင့်တယ် " တဲ့။

ဒီစကားလည်း ပြောပြီးရော၊ ကြွရောက်လာတဲ့ သံဃာတွေအား စာအုပ်ဆက်ကပ်လှူဒါန်းတာလည်း ပြီးရော ဖြစ်နေတာမို့ ဆရာတော်ရဲ့စကား ဒီတွင်ပဲ ရပ်နားခဲ့ပါတယ်၊ ဆရာတော့်စကားထဲမှာ ရှင်တိုင်း၊ ရဟန်းတိုင်း သာသနာပိုင် ဖြစ်သင့်တယ် – တဲ့၊ ဒီစကားလေးက ဆန်းတယ်၊ ရွှေကျင်ဂိုဏ်းမှာ ခေါ်ဝေါ်သုံးစွဲတဲ့ " သာသနာပိုင် " ဆိုတဲ့ အသုံးအနှုန်းက ရွှေကျင်ဂိုဏ်းရဲ့ အကြီးအကဲပုဂ္ဂိုလ်ကို ရည်ညွှန်းနေတယ်၊ ဆရာတော်က " သာသနာပိုင် " ဆိုတဲ့ ဝေါဟာရကို အများက အဓိပ္ပါယ်ဖွင့်သလို မဖွင့်ဆိုလိုဘူး၊ ပစ္စည်းရှိသူကို " ပစ္စည်းပိုင်ရှင်၊ ပစ္စည်းရှင်၊ ဓနရှင် " ပညာရှိသူကို " ပညာပိုင်ရှင်၊ ပညာရှင် " မေတ္တာရှိသူကို " မေတ္တာပိုင်ရှင်၊ မေတ္တာရှင်၊ " သီလရှိသူကို " သီလပိုင်ရှင်၊ သီလရှင်၊ " ကြွေးမြီရှိသူကို " ကြွေးမြီပိုင်ရှင်၊ ကြွေးမြီရှင်၊ " သိက္ခာရှိသူကို " သိက္ခာပိုင်ရှင်၊ သိက္ခာရှင် " လို့ ခေါ်ဝေါ်သုံးနှုန်းသလို သာသနာရှိသူကို " သာသနာပိုင်ရှင်၊ သာသနာပိုင် " လို့ ခေါ်ဝေါ်သုံးနှုန်းလိုတယ်၊ အဓိပ္ပါယ်ဖွင့်လိုတယ်။

ဒါကြောင့် ရှင်တိုင်း၊ ရဟန်တိုင်းဟာ သာသနာပိုင် ဖြစ်အောင် လုပ်သင့်တယ် – လို့ ဆိုခဲ့တာပဲ၊ ရှင်မှာလည်း ရှင်သာသနာ၊ ရဟန်းမှာလည်း ရဟန်းသာသနာ၊ လူတွေမှာလည်း လူသာသနာ ရှိနေတာပဲ၊ ရှင်ဟာ ရှင်သာသနာကို ပိုင်ဆိုင်ရမယ်၊ ဘယ်ရှင်ပဲ ပိုင်ပိုင်၊ ပိုင်ရင် အဲဒီရှင်ဟာ သာသနာကို ပိုင်ဆိုင်နေသူပဲ၊ သာသနာပိုင်ပဲ၊ ရဟန်းဟာ ရဟန်းသာသနာကို ပိုင်ဆိုင်ရမယ်၊ ဘယ်ရဟန်းပဲ ပိုင်ပိုင်၊

http://www.dhammadownload.com

ပိုင်ရင် အဲဒီရဟန်းဟာ သာသနာပိုင်ပဲ၊ လူဟာ လူသာသနာကို ပိုင်ဆိုင်ရ မယ်၊ ဘယ်လူပဲ ပိုင်ပိုင်၊ ပိုင်ရင် အဲဒီလူဟာ သာသနာပိုင်ပဲ – တဲ့၊ ဒီလိုဆိုတော့ လည်း ရှင်တိုင်း၊ ရဟန်းတိုင်း၊ လူတိုင်း သာသနာပိုင် ဖြစ်နိုင်တာပဲ။

ဗုဒ္ဓသာသနာမှာ သာသနာပိုင် (၃) မျိုး ရှိတယ်၊ ၁။ သီလသာသနာပိုင် တဲ့၊ ရှင်တိုင်း၊ ရဟန်းတိုင်း၊ လူတိုင်း သီလသာသနာပိုင် ဖြစ်ရမယ်၊ သီလသာသနာ ပိုင်ဖြစ်ရုံမျှနဲ့လည်း ကျေနပ်မနေသင့်ဘူး။

၂။ သမာဓိသာသနာပိုင် – တဲ့၊ အဲဒီသမာဓိသာသနာပိုင်အဖြစ် ရောက် အောင်လည်း တစ်ဆင့်တိုးပြီး ကြိုးစားရမယ်၊ ၃။ ပညာသာသနာပိုင် – တဲ့၊ သမာဓိ သာသနာပိုင်ကနေ ပညာသာသနာပိုင် ဖြစ်အောင်လည်း ကြိုးစားရအုံးမယ်၊ မဂ်ပညာ သာသနာပိုင်၊ ဖိုလ်ပညာသာသနာပိုင်တိုင်အောင် ရောက်မှ ဗုဒ္ဓသာသနာနဲ့ တွေ့ရ ကျိုးနပ်တယ် – လို့ ဆိုနိုင်တယ်၊ ဒါကြောင့် ဗုဒ္ဓသာသနာနဲ့ တွေ့ကြုံရ ကျိုးနပ်အောင် မဂ်ပညာသာသနာပိုင်၊ ဖိုလ်ပညာသာသနာပိုင်အဆင့် ရောက်စေနိုင် တဲ့ သတိပဋ္ဌာန် အကျင့်ကို ရှင်တိုင်း၊ ရဟန်းတိုင်း လူတိုင်း ကြိုးစားပွားများသင့် ကြပါတယ်။

သာသနာပိုင်

သာသနာပိုင် ဆိုတာ
ရဟန်းတိုင်း ဖြစ်သင့်ပါ။
သာသနာပိုင် ဆိုတာ
ရှင်တိုင်း ဖြစ်သင့်ပါ။
သာသနာပိုင် ဆိုတာ
လူတိုင်း ဖြစ်သင့်ပါ။
သာသနာဟာ အားလုံး ပိုင်နိုင်တဲ့ သာသနာ။

⌘ ⌘ ⌘ ⌘ ⌘

http://www.dhammadownload.com

အသက် ဉာဏ်စောင့်

ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်မှာ စာရေးသူ အားရတာ တစ်ခု ရှိသေးတယ်၊ ဘာလဲဆိုတော့ ဆွမ်းဘဉ်းပေးတဲ့အခါ အားရပါးရ ဘဉ်းပေးနိုင်တာ ပါပဲ၊ ကျန်းမာရေး ကောင်းလို့ ဝမ်းမီးအားကောင်းလို့ နေမှာပါ၊ ဆရာတော်မှာ ပြည်တွင်း၊ ပြည်ပ ခရီးသွားရတဲ့အခါ အိပ်ရေးပျက်တာ ရှိတယ်၊ ဆရာတော်မှာ အိပ်ရေးပျက်ပေမယ့် အစားက မပျက်ဘူး၊ စာရေးသူဟာ ဆရာတော်နဲ့အတူ ပြည်ပခရီးတစ်ခါ၊ ပြည်တွင်းခရီးတော့ တော်တော်များများ သွားဖူးပါတယ်၊ ဆရာတော် အစားပျက်တာ မတွေ့ခဲ့ရဘူး၊ စာရေးသူမှာတော့ အအိပ်ပျက်လို့ အစားပျက်ရတာကတော့ မရေမတွက်နိုင်အောင်ပါပဲ၊ ခရီးသွားတာ မဟုတ်ဘဲ ကိုယ့်နေရာမှာလည်း အစားပျက်တဲ့အခါ ပျက်တာပါပဲ၊ ဆရာတော်နဲ့ ဝမ်းမီးချင်း ကတော့ ကွာခြားလှပါဘိတယ်၊ ကံချင်းကလည်း ကွာလို့ နေမှာပေါ့၊ အသက် ဉာဏ်စောင့် - ဆိုတာလို အသက်ကို စောင့်ရှောက်နိုင်တဲ့ ဉာဏ်အားချင်းလည်း ကွာခြားတယ်လေ၊ ဆရာတော်က မြန်မာ့ဆေးပညာကိုရော အနောက်တိုင်း ဆေးပညာကိုပါ လေ့လာတယ်၊ လိုက်စားတယ်၊ ဆရာတော်ရဲ့ ဖခင်နဲ့ အဘိုးတို့က မြန်မာဆေးဘက်မှာ နားလည်ကြတယ်ဆိုပဲ၊ ဆရာတော်လည်း ဘမျိုးဘိုးတူနေမှာပေါ့၊ မြန်မာဆေး ဆရာတစ်ယောက်ရဲ့ ပြောတဲ့ စကားလေးကို ကြားမိတယ်၊ " ဆရာတော်က မြန်မာ့ ဆေးပညာကိုလည်း အတော် တတ်သိတယ်၊ မြန်မာ့ဆေးပညာနဲ့ ပတ်သက်ပြီး မေးလိုက်တဲ့ မေးခွန်းတွေ၊ ဆေးဆရာဖြစ်တဲ့ တပည့်တော်တောင် အတော် ဖြေယူရတယ်၊ မြန်မာ့ဆေးပညာနဲ့ ပတ်သက်ပြီး ဆရာတော့်ကို အထင် မသေးရဲဘူး " တဲ့။

ဆရာတော်က အစားအသောက်အာဟာရနဲ့ ပတ်သက်ပြီး " ဘယ်အစာဟာ ဘယ်သူနဲ့ သင့်တယ်၊ ဘယ်သူဟာ ဘယ်လိုအစားအစာတွေ စား " စသည်နဲ့ ညွှန်ကြား

http://www.dhammadownload.com

တတ်တယ်၊ စာရေးသူကိုလည်း ပြောဖူးတယ်၊ " ကောက်ညှင်း၊ ဒူးရင်း၊ အုန်းသီး၊ ပုစွန်တို့ဟာ ဥူးဓမ္မိကနဲ့ တည့်တယ်၊ အဲဒါတွေကို စားပေး " တဲ့။ နေဂိုဏ်း၊ လဂိုဏ်း၊ အအေးစာ၊ အပူစာ၊ နံပတ် (၁)၊ နံပတ် (၂) ဆိုလား၊ သိပ် နားမလည်ဘူး၊ ဆရာတော်ရဲ့ လက်စွဲဒကာကြီးဖြစ်တဲ့ နေလဝိဇ္ဇာဆရာကြီး ဦးကျော်မင်းကလည်း နံပတ် (၁)၊ နံပတ် (၂)၊ ဓာတ်စာတို့နဲ့ ပတ်သက်ပြီး ရှင်းပြဖူးတယ်၊ မမှတ်မိဘူး၊ နားရှင်းအောင် နားမထောင်လို့ နားလည်း မရှင်းဘူး၊ သိပ်စိတ်မဝင်စားလို့ပဲ ဆိုပါတော့၊ ဦးကျော်မင်းကတော့ စားရမယ့် ဓာတ်စာ၊ မစားရမယ့် အစားအစာတွေကို စာရွက်ရိုက်ပြီးတော့တောင် ပေးပါတယ်။

ဒကာမကြီးတစ်ယောက်က ပြောဖူးတယ်၊ ဒကာမကြီး နာမည်က ဒေါ်စိန်စစ်ဖြူတဲ့၊ ဆရာတော် ပြည်ပယောဂီတွေကို တရားဟော၊ တရားစစ်တဲ့အခါ အင်္ဂလိပ်လို ဘာသာပြန်ပေးတဲ့ ဦးကျော်ကျော်ရဲ့ ဇနီးပေါ့၊ သူမက ဆရာတော်နဲ့ ဦးကျော်မင်းတို့ရဲ့ စားသောက်နည်းပညာရပ်အတိုင်း စားသောက်တယ်၊ ကျန်းမာရေးအတွက် သိသိသာသာ အကျိုးများတယ်၊ " ဘယ်အစာမျိုးက အရှင်ဘုရားနဲ့ သင့်တယ်၊ စားကြည့်ပါလား " – တဲ့၊ သူမကလဲ ကိုယ်တွေ့မို့ ယုံကြည်နေတယ်၊ အဲဒီစားသောက်နည်းပညာရဲ့ အကျိုးတွေကို ကိုယ်တွေ့ မကြုံသေးသူတို့ကတော့ မယုံမကြည် ရှိတတ်ကြတာ မဆန်းပါဘူး။

အညာသားဖြစ်တဲ့ စာရေးသူဟာ ရန်ကုန်မှာ နှစ်များစွာ နေခဲ့ပေမယ့် ငါးပိရည်ကို သိပ်မစားလှဘူး၊ မကြိုက်လှဘူး၊ အညာသားကြိုက် " ပဲ " ဆိုရင်တော့ စားမှ စားပဲ၊ အောက်သူအောက်သားတွေရဲ့ ငယ်ကြိုက်အစားအစာဟာ ငါးပိရည်ဖြစ်သလို ပဲဟာလည်း အညာသူ၊ အညာသားတွေရဲ့ ငယ်ကြိုက်ပဲ၊ စာရေးသူဟာ ငါးပိရည်ကို မကြိုက်လှပေမယ့် " ငါးပိရည် မစားဘူးလား၊ ငါးပိရည်က အားရှိတယ် " လို့ ဆရာတော်က တိုက်တွန်းလို့ စားစားကြည့်မိတယ်၊ အခုတော့ နည်းနည်းကြိုက်နေတယ်၊ ဆရာတော်က " မကြိုက်ပေမယ့် အာဟာရပြည့်တင်းတဲ့ အစားအစာကို စားသင့်တယ် " လို့ မကြာခဏ အမိန့်ရှိတယ်၊ အစာ စားတာနဲ့ ပတ်သက်လို့ ဆရာတော် မိန့်ကြားလေ့ရှိတဲ့ စကားတစ်ခွန်း ရှိသေးတယ်၊ " အစာကို ဒွား စား သလို မစားရဘူး၊ ဆိတ် စားသလို စားရတယ် " တဲ့၊ နွားများဟာ အစာ စားရင် အစာတစ်မျိုးထဲကိုပဲ ဗိုက်ကားအောင် စားတယ်၊ ဆိတ်ကတော့ အဲဒီလို မဟုတ်ဘူး၊ ဟိုဟာလေး စားလိုက်၊ ဒါလေး စားလိုက်နဲ့ ဟိုဟာ နည်းနည်း၊ ဒီဟာ နည်းနည်း စုံအောင် စားတယ်၊ ဒီလိုပါပဲ လူတွေဟာလည်း အစာ စားရင် ဟိုဟာ နည်းနည်း၊ ဒီဟာ နည်းနည်း စုံအောင် စားရတယ် – တဲ့။

http://www.dhammadownload.com

ဆရာတော်က အသီးအနှံ၊ သစ်သီးသစ်ရွက်တို့ကို ကိုယ်တိုင်လည်း ဘဉ်းပေးတယ်၊ သူတစ်ပါးတွေကိုလည်း စားစေတယ်၊ ဗုဒ္ဓယဉ်ကျေးမှု အခြေပြု သင်တန်းမှာ ကိုရင်၊ သီက္ခာရှင်တွေဟာ သူတို့ မကြိုက်တဲ့ ဟင်းဆိုရင် သိပ်မစားကြတော့ဘူး၊ ဆရာတော်ကတော့ မကြိုက်ပေမယ့် အာဟာရဖြည့်တင်းပြီး ကျန်းမာခြင်းကို ဖြစ်စေတဲ့ အစားအစာကို စားစေချင်တယ်၊ အာဟာရဓာတ်ချို့တဲ့လို့ မြန်မာကလေးသူငယ်တွေ ပုနေ၊ ပိန်နေတာကို ဆရာတော် မကြိုက်ဘူး၊ ထွားထွားကြိုင်းကြိုင်း ထောင်ထောင်မောင်းမောင်း မြန်မာတွေ ဖြစ်စေချင်တယ်၊ ဒါကြောင့် ဗုဒ္ဓယဉ်ကျေးမှုအခြေပြု သင်တန်းမှာ အစားအသောက်နဲ့ ပတ်သက်ပြီးတော့လည်း ဆရာဝန်တွေကို ဟောပြောစေပါတယ်၊ ကလေးငယ်တွေကိုလည်း စားသောက်နည်းပညာ၊ တတ်ထားစေချင်တယ်၊ တတ်ထားဖို့တော့ တကယ် လိုအပ်ပါတယ်။ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း တက်ရောက်ပြီး စားသောက်နည်းပညာတွေကို ကြားသိကြရတဲ့ ကလေးတွေဟာ ကံကောင်းကြပါပေတယ်၊ စာရေးသူတို့မှာတော့ ဒီလို ကံမကောင်းခဲ့ကြဘူး၊ ဒါကြောင့်လည်း ကျန်းမာရေး ချို့ချာတာ ပါလိမ့်မယ်။

စာရေးသူမှာ လက်ဖျား၊ ခြေဖျား အေးပြီး ညောင်းကိုက်နေတတ်လို့ ဆရာတော်က နွားကျင်ငယ်နဲ့ စိမ်ထားတဲ့ ဖန်ခါးသီးဆေးကို စားစေပါတတ်၊ အခိုးအငွေ့ကောင်းစေတယ် – တဲ့၊ အဲဒီ ဆေးကို ဘုရားဆေးလို့လည်း ခေါ်ကြတယ်၊ တချို့. ပြည်တွင်းကရော ပြည်ပကပါ အဲဒီဆေးကို စားလေ့ရှိကြတယ်။ ဆရာတော်ကလည်း အဲဒီဆေးရဲ့ အာနိသင်ကို စားချင်စိတ် ပေါက်လာအောင်လည်း သိပ်ပံနည်းကျကျ၊ သဘာဝကျကျ ပြောတတ်တယ်၊ တစ်ခါက ရွှေတောင်ကုန်းသာသနာ့ရိပ်သာရဲ့. ကျောင်းပေါက်ဝက အိမ်မှ ဒကာကြီး ဦးမောင်လေးနေမကောင်းလို့ ဆရာတော် သွားပြီး ကျန်းမာရေး အခြေအနေ မေးတယ်၊ စာရေးသူလည်း ပါသွားတယ်၊ ဘုရား ဆေးခေါ် ဖန်ခါးသီးရဲ့ စွမ်းအင်တွေကို စီကာပတ်ကုံး ပြောလိုက်တာ၊ သူပြောလည်း ပြီးရော၊ ဦးမောင်လေးက စားကြည့်မယ် – တဲ့၊ ဆရာတော်က ကျောင်းသွား အယူ ခိုင်းပြီး ကျွေးတယ်၊ ဦးမောင်လေးက စားတယ်၊ ကောင်းတယ် – တဲ့၊ ဆရာတော့်လို တော့ စီကာပတ်လုံး မပြောတတ်ဘူး၊ ရေးလည်း ရေးမပြတတ်ဘူး၊ မပြောတတ်၊ မရေးတတ်တာလည်း သူလို မသိလို့ပါပဲ၊ သိရင်တော့ ရေးပြတတ်မှာပေါ့၊ ရေးပြ တတ်အောင် သိထားဖို့ လိုအပ်တယ်၊ နောက်တစ်ခါ ဖန်ခါးသီးမှဒေသနာကို နာခွင့် ရရင်တော့ အသေအချာ မှတ်ထားလိုက်မယ်လို့ အားခဲထားပါတယ်၊ ဥုံဖွ . . . ကံကောင်းထောက်မလို့ ဖန်ခါးသီးဝမ္မဒေသနာကို နောက်တစ်ခါ နာခွင့်ကြုံပါစေ။

http://www.dhammadownload.com

ဆရာတော်က ဝတယ် မဟုတ်လား၊ ဒီတော့ သူက ဝစေမယ့် အစားအစာတွေကို ရှောင်တယ်၊ မစားရဘူး၊ သူ့ဩဝါဒစကားလေးကလည်း ရှိတယ်၊ "ကြိုက်ပေမယ့် မကျန်းမာခြင်းကို ဖြစ်စေတတ်တဲ့ အစာမျိုးကို မစားဘဲ ရှောင်ရမယ်" တဲ့၊ ရသတဏှာ အလိုမလိုက်ဘဲ ကျန်းမားအောင် စားတတ်လို့လည်း ကျန်းမာနေတာပေါ့လေ၊ ဆရာတော်ဟာ တိုင်းရင်းဆေးကိုလည်း မှီဝဲပါတယ်၊ အနောက်တိုင်းဆေးတွေကို တော့ ဆရာဝန် ညွှန်ကြားတဲ့အတိုင်း ဘုဉ်းပေးတယ်၊ ဆရာတော်မှာ အစားအစာကလည်း ပြည့်စုံ၊ ကျန်းမာအောင်လည်း စားတတ်၊ ဆေးဝါးဓာတ်စာကိုလည်း မှီဝဲတာမို့ သက်တော် (၇၅) နှစ်အထိ ကျန်းမာသန်စွမ်းစွာနဲ့ သာသနာအလုပ်တွေကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက် ရှိနေတယ်။ နောင်လည်း ကံ၊ စိတ်၊ ဥတု၊ အာဟာရ အပေါ် အမှီပြုနေတဲ့ ဆရာတော်ခန္ဓာကိုယ်ဟာ ဆရာတော်ရဲ့ ကံကောင်း၊ စိတ်ကောင်း၊ သင့်လျော်တဲ့ဥတု၊ သင့်လျော်တဲ့ အာဟာရတွေကြောင့် သက်တော်ရာကျော်သည်အထိ ရှည်နိုင်လိမ့်မယ်လို့ မျှော်လင့်နေရပါတယ်၊ အသက်ရှည်ရင် သာသနာတော်အား အကျိုးများမှာမို့ သက်တော်ရာကျော် ရှည်ပါစေလို့ ဆုတောင်း မေတ္တာပို့သနေပါတယ်။ စာရေးသူတပည့်တစ်ပါးက မေတ္တာပွားသလို အခြားအခြား တပည့်များစွာကလည်း စာရေးသူပမာ မေတ္တာရေတွေ အခါခါ သွန်းလောင်းနေကြလိမ့် မယ်လို့ ယုံကြည်ပါတယ်၊ တပည့်ပေါင်းများစွာရဲ့ မေတ္တာအားများစွာကြောင့် ကျေးဇူး ရှင်ဆရာတော်မှာ ကျန်မာရေးအင်အားတွေ ပို၍ပို၍ ကောင်းလာလိမ့်မယ်လို့ မျှော်လင့် ယုံကြည်ရပါတယ်။

အသက်ရှည်လိုလျှင်

အစာ စားလျှင်၊ မသင့်ရင်၊ စားချင်ပေမယ့် ရှောင်ရတယ်။

အစာ စားလျှင့်၊ သင့်တော်ရင်၊ မစားချင်လဲ စားရတယ်။

ကြိုက်တာ မစား၊ သင့်တာ စား၊ သက်ကား ရာကျော်ရှည်နိုင်တယ်။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com

အနုဿကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ကြီးရဲ့ တပည့် ရဟန်း၊ ရှင်၊ လူတွေဟာ "မဟာစည်ဆရာတော်ကြီး" ဆိုတဲ့ နာမည်စကားလုံးရဲ့ ရှေ့မှာ "ကျေးဇူးတော်ရှင်" ဆိုတဲ့ စကားလုံးကို တွင်တွင်ပဲ သုံးနေကြတယ်၊ ဘယ်လိုကြောင့်များပါလိမ့် – လို့ တွေးမိခဲ့တယ်၊ မဟာစည်ဆရာတော်ကြီးရဲ့ ဩဝါဒနဲ့ အညီ သတိပဋ္ဌာန်တရားကို အားထုတ်လိုက်တဲ့အခါ စိတ်အေးချမ်းမှု ရကြလို့နေမှာပဲ – လို့ အဖြေကို စဉ်းစားမိတယ်၊ မဟာစည်ဆရာတော်ထံ တိုက်ရိုက် တရားအားထုတ်ကြရတာ မဟုတ်ဘဲ မဟာစည်ဆရာတော်ကြီးရဲ့ တပည့်တွေထံမှာပဲ အားထုတ်ကြတဲ့ ရဟန်း၊ ရှင်၊ လူတွေကလည်း "ကျေးဇူးတော်ရှင်၊ ကျေးဇူးတော်ရှင်" နဲ့ပဲ၊ သူများ ယောင်လို့ လိုက်ပြီး "ကျေးဇူးတော်ရှင်၊ ကျေးဇူးတော်ရှင်" လို့ ယောင်နေကြတာလား၊ ရင်ထဲကကော တကယ် ကျေးဇူးရှင်အဖြစ် သတ်မှတ်ကြရဲ့လား၊ မဟာစည်ဆရာတော်ကြီးရဲ့ ဩဝါဒနဲ့အညီ သတိပဋ္ဌာန်တရားအားထုတ်လို့ စိတ်ငြိမ်းချမ်းမှု ရကြတဲ့ ရဟန်း၊ ရှင်၊ လူတွေကတော့ တကယ်ပဲ ကျေးဇူးတော်ရှင်အဖြစ် သတ်မှတ်ကြမှာပါ။

လောကမှာ ကျေးဇူးရှင်ရဲ့ ကျေးဇူးကို သိတတ်သူလည်း ရှားတယ်၊ ကျေးဇူးကို သိပြီး ကျေးဇူး ချီးကျူးထုတ်ဖော်တဲ့သူလည်း ရှားတယ်တဲ့၊ ဒါ ဘုရားစကားပဲ၊ ဒီဘုရားစကားတော်အရ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီးရဲ့ ကျေးဇူးကို သိပြီး ကျေးဇူးကို ဖော်ကြူးကာ "ကျေးဇူးတော်ရှင်၊ ကျေးဇူးတော်ရှင်" လို့ တွင်တွင် သုံးနေကြသူတွေဟာ လောကမှာ ရှားတဲ့ ပုဂ္ဂိုလ်တွေပဲ၊ လောကမှာ စပြီး ကျေးဇူးပြုပေးတဲ့ ပုဂ္ဂိုလ်ကလည်း ရှားတယ် – တဲ့၊ ဒါလည်း ဘုရားစကားပဲ၊ ဒီဘုရားစကားတော်အရ မဟာစည်ဆရာတော်ကြီးဟာ ကျေးဇူးစတင် ပြုပေးတတ်တဲ့ ပုဂ္ဂိုလ်ကြီးမို့ လောကမှာ ရှားပါးစာရင်းဝင်ပုဂ္ဂိုလ်ပဲ။

http://www.dhammadownload.com

ကျေးဇူး ဘယ်လောက်ကြီးတဲ့ ကျေးဇူးရှင်ပဲဖြစ်ဖြစ် ကျေးဇူးမသိတတ်တဲ့ ပုဂ္ဂိုလ်အဖို့တော့ ကျေးဇူးရှင်အဖြစ် သတ်မှတ်မှာ မဟုတ်ဘူး၊ ကမ္ဘာမြေကြီးတစ်ခုလုံး ပေးစေဦးတော့ ကျေးဇူးကန်းတတ်သူကတော့ ကျေနပ်မှာ မဟုတ်ဘူး၊ ကျေးဇူးတင်မှာ မဟုတ်ဘူး၊ ကျေးဇူးသိတတ်၊ ကျေးဇူးတင်တတ်သူကတော့ ရေတစ်ပေါက်၊ ထမင်းတစ်လုတ်ပဲ ပေးစေဦးတော့ ဇရာမကျေးဇူးရှင်အဖြစ် သတ်မှတ်မှာပဲ၊ အရှင်သာရိပုတ္တရာကြီးကို ကြည့်ပါလား၊ ဆွမ်းတစ်ဇွန်းသာ လောင်းလှူဖူးတဲ့ ရာဇဂြိုဟ်ပြည်သား ရာဓပုဏ္ဏားကြီးရဲ့ ကျေးဇူးကို သိပြီး ကျေးဇူးဆပ်တဲ့အနေနဲ့ ရာဓပုဏ္ဏားကြီးကို ရဟန်းပြုပေးခဲ့တယ် မဟုတ်လား။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ကတော့ သူများထက် ထူးနေတယ်၊ " ကျေးဇူးတော်ရှင် " လို့တင် အထူးပြုတာ မဟုတ်ဘူး၊ " အနန္တ " ဆိုတဲ့ စကားလုံးလေးပါ ပါလိုက်သေးတယ်၊ " အဆုံးအပိုင်း အခြားမရှိတဲ့ ကျေးဇူးတော်ရှင် " တဲ့၊ အခြား အခြား မဟာစည်ဆရာတော်ကြီးရဲ့ တပည့်တွေကတော့ "အနန္တ" ဆိုတဲ့ အပိုစကားလုံးလေးကို သုံးတာ မတွေ့ရဘူး၊ ဆရာတော်တစ်ပါးပဲ သုံးတာ တွေ့ရတယ်၊ အခြား အခြားတပည့်တွေကလည်း ရင်ထဲမှာတော့ " အနန္တ " ဆိုတဲ့ စကားလုံးလေးကို သုံးချင်သုံးနေကြမှာပါပဲ၊ နှုတ်ကသာ ထွက်ပြီး မပြောဖြစ်တာ ဖြစ်ချင်ဖြစ်ပါလိမ့်မယ်။

တော်ရင် တော်သလို ချီးမြှောက်တတ်တဲ့နေရာမှာ မဟာစည်ဆရာတော်ကြီးဟာ နာမည်ကြီးပါတယ်၊ ယခုအခါမှာ ပြည်တွင်းမှာရော ပြည်ပမှာပါ ထင်ရှားနေတဲ့ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်၊ ချမ်းမြေ့ဆရာတော်၊ သဒ္ဓမ္မရံသီ သာသနာ့ရိပ်သာဆရာတော်၊ ဆရာတော်ဥုံးသီလာနန္ဒာဘိဝံသ စတဲ့ အကျော်အမော် ဆရာတော်တွေကို ကြည့်နိုင်ပါတယ်၊ သူတို့ဟာ တကယ့် ပုဂ္ဂိုလ်တော် ပုဂ္ဂိုလ်ကျော်တွေပဲ၊ ဒီလို ပုဂ္ဂိုလ်တွေ မဟာစည်ဆရာတော်ကြီးရဲ့ တပည့်အဖြစ် ခံယူကာ သာသနာအလုပ်တွေ ကြိုးစားအားထုတ်နေကြတာဟာ မဟာစည်ဆရာတော်ကြီးရဲ့ တော်ရင် တော်သလို ချီးမြှောက်တတ်မှုရဲ့ ထင်းရှားတဲ့ အမှတ်အသားတွေပါပဲ။

အဲဒီပုဂ္ဂိုလ်တော်တွေထဲမှာ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ဟာ ပါဝင်တာမို့ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ကိုလည်း မဟာစည်ဆရာတော်ကြီးက ချီးမြှောက်မှာ အမှန်ပါပဲ၊ သူလို အခြားတော်တဲ့ ပုဂ္ဂိုလ်တွေထက် ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်အပေါ်မှာ ပိုပြီး အထူးချီးမြှောက်ချင်လည်း ချီးမြှောက်မယ်၊ သို့မဟုတ် ချီးမြှောက်ချင်မှလည်း ချီးမြှောက်မယ်၊ အဲဒါ

http://www.dhammadownload.com

ကတော့ မသေချာဘူး၊ သေချာတာကတော့ **သူတစ်ပါးထက် ပိုပြီး** "အနန္တ" ဆိုတဲ့ စကားလုံး အပိုလေးကို ဆရာတော်က သုံးနေတာပါပဲ။

မဟာစည်ဆရာတော်ရဲ့ ကျေးဇူးတွေကတော့ **ရွှေတောင်ကုန်းသာသနာ့ရိပ်သာ** ဆရာတော်အပေါ်မှာ အမျိုးမျိုး အဖုံဖုံ စုံနေအောင် ရှိမှာပါပဲ၊ မဟာစည် ဆရာတော်ကလည်း အနည်းနည်း အဖုံဖုံနဲ့ စုံနေအောင် ချီးမြှောက်မှာပါပဲ၊ ပစ္စည်း နဲ့ **ချီးမြှောက်မှု** (ပစ္စယာနုဂ္ဂဟ) တွေကလည်း များစုံနေမှာပါပဲ၊ တရားနဲ့ ချီးမြှောက်မှု (**ဓမ္မာနုဂ္ဂဟ**) တွေကလည်း များစုံနေမှာပါပဲ။

ပစ္စယာနုဂ္ဂဟ ထက် ဓမ္မာနုဂ္ဂဟက သာလွန်မြင့်မြတ်တယ် – ဆိုတဲ့ ဘုရား စကားတော်အရ မဟာစည်ဆရာတော်ရဲ့ ပစ္စယာနုဂ္ဂဟထက် ဓမ္မာနုဂ္ဂဟက ဆရာတော်မှာ ပိုပြီး ကျေးဇူးပြုတာ ဖြစ်ပါလိမ့်မယ်။ မဟာစည်ဆရာတော်ရဲ့ ဩဝါဒ နဲ့ဥာဉ် သတိပဋ္ဌာန်တရားကို နေ့စဉ် ရွတ်နေတဲ့ ဆရာတော်မှာ ရွတ်ရတဲ့ တရား ကြောင့် ထူးခြားတဲ့ အရသာကို နေ့စဉ်ပဲ ခံစားနေရပါလိမ့်မယ်၊ အဲဒီလို ခံစားရလေတိုင်းလည်း "ကျေးဇူးကြီးပါပေတယ်၊ ကျေးဇူးကြီးပါပေတယ်" လို့ နှုတ်က မပြောမိတောင် ရင်ထဲကတော့ ပြောနေမိပါလိမ့်မယ်၊ ရင်ထဲမှာ အခါခါ ပြောရင်းက ရင်ထဲမှာ မဆုံတော့လို့ အပြင်မှာ ပွင့်အံလျံထွက်တဲ့အခါ အနန္တကျေးဇူးတော်ရှင် ဆိုတဲ့ စကားလုံးလေး ဆရာတော့်နှုတ်က ထွက်လာတော့တာပါပဲ။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်အပေါ်မှာ မဟာစည် ဆရာတော်ရဲ့ ကျေးဇူးတွေဟာ အတိုင်းအတာ မရှိအောင်ပဲ ကြီးမားနေပါတယ်။ မဟာစည်ဆရာတော်က ကြွေးပေးသူနဲ့ တူပါတယ်။ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်က ကြွေးယူသူနဲ့ တူတယ်၊ ဒါကြောင့် ဆရာတော်က မဟာစည် ဆရာတော်အပေါ် ကျေးဇူးကြွေး ဆပ်ပေးဖို့ များစွာပဲ ရှိနေတယ်။ ဆရာတော်က ပစ္စယပူဇာအပြင် ဓမ္မပူဇာနဲ့လည်း ကျေးဇူးဆပ်နေပါတယ်။ ဆရာတော်ဟာ သူရဲ့ သီလဓမ္မ၊ သမာဓိဓမ္မ၊ ပညာဓမ္မတွေနဲ့ နေ့စဉ် ပူဇော်ပြီး မဟာစည်ဆရာတော်ကို ကျေးဇူးဆပ်နေတဲ့အပြင် ပြည်တွင်း၊ ပြည်ပ ရဟန်း၊ သာမဏေ၊ သီကျွာရှင်၊ အမျိုးသား၊ အမျိုးသမီး ယောဂီပေါင်းများစွာကိုလည်း သီလဓမ္မ၊ သမာဓိဓမ္မ၊ ပညာဓမ္မတွေနဲ့ နေ့စဉ် ဓမ္မပူဇာပြုလုပ်စေပါတယ်၊ ပဋိပတ္တိဓမ္မ ပူဇာနဲ့သာမက ပရိယတ္တိဓမ္မနဲ့လည်း ဆရာတော်က ပူဇော်နေပါတယ်။

မဟာစည်ဆရာတော်ဟာ ပစ္စယပူဇာနဲ့ ပူဇော်တာထက် ဓမ္မပူဇာနဲ့ ပူဇော် တာကို ပိုပြီး ကြိုက်နှစ်သက်ပါတယ်၊ ဒါကြောင့် ဒီလို ဓမ္မပူဇာနဲ့လည်း ပူဇော်နေတဲ့, ပူဇော်စေတဲ့ ဆရာတော်ကို မဟာစည်ဆရာတော်သာ သိခဲ့ရရင် အလွန်ပင် ကျေနပ်

http://www.dhammadownload.com

တော်မူပါလိမ့်မယ်။ ကျေးဇူးကို စိတ်ထဲက သိရုံမျှမက နှုတ်ကလည်း "အနန္တကျေးဇူး တော်ရှင်၊ အနန္တကျေးဇူးတော်ရှင် လို့ အခါခါ သုံးနှုန်းပြီး လက်တွေ့လည်း ကျေးဇူး ဆပ်နေတဲ့ ဆရာတော်ဟာ နောင်လာနောက်သား တပည့်များအတွက် အားရဖွယ်ပါ တကား၊ အားကျဖွယ်ပါတကား။

အနန္တ

အနန္တကျေးဇူးရှင်
သူ ထွင်တဲ့စကား
သူမှာလေ ကျိုးတွေရ
အနန္တ မဟုတ်လား။
ဒီတော့လေ ထိုစကား
သူ ထွင်သင့်သား။

http://www.dhammadownload.com

အထင်သေးမှာ စိုးရိမ်တယ်

" စည်ကမ်းမှိမှ, စည်းကမ်းရှိမှ အရာရာ အောင်မြင်မယ် " တဲ့၊

မြန်မာ့အသံ ရေဒီယိုက ကြားရတဲ့ သီချင်းစာသားလေးပါ၊ အောင်မြင်တိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်အောင် ကြိုးစားကြရာမှာ အရာရာမှာ စည်းကမ်းရှိဖို့ လိုအပ်လှပါတယ်၊ စည်းကမ်းရှိပြီး လိုက်နာဖို့လည်း လိုပါတယ်၊ စည်းကမ်း မရှိရင်၊ ရှိပေမယ့် မလိုက်နာရင် အောင်မြင်တိုးတက်တဲ့ နိုင်ငံ ဖြစ်မလာနိုင်ဘူး၊ အိမ်တစ်အိမ်၊ ကျောင်းတစ်ကျောင်း၊ ရွာတစ်ရွာ၊ မြို့တစ်မြို့မှာလည်း ဒီအတိုင်းပါပဲ၊ " စည်းကမ်းဟာ လူရဲ့ တန်ဖိုး " တဲ့၊ တန်ဖိုးရှိတဲ့ လူတစ်ယောက် ဖြစ်လာဖို့ရာ စည်းကမ်းရှိ ရပါမယ်၊ စည်းကမ်း မရှိရင်တော့ တန်းဖိုးမရှိတဲ့ လူတစ်ယောက်ပဲ။

လူတစ်ယောက်စီ တစ်ယောက်စီမှာ စည်းကမ်း ရှိရမယ်၊ လိုက်နာရမယ်၊ အိမ်တစ်အိမ်ဟာလည်း စည်းကမ်းရှိတဲ့ အိမ်တစ်အိမ် ဖြစ်ရမယ်၊ ကျောင်းတစ်ကျောင်းဟာလည်း စည်းကမ်းရှိတဲ့ ကျောင်းတစ်ကျောင်း ဖြစ်ရမယ်၊ ရွာတစ်ရွာဟာလည်း စည်းကမ်းရှိတဲ့ ရွာတစ်ရွာ ဖြစ်ရမယ်၊ မြို့တစ်မြို့ဟာလည်း စည်းကမ်းရှိတဲ့ မြို့တစ်မြို့ ဖြစ်ရမယ်။ လူတိုင်း လူတိုင်း၊ အိမ်တိုင်း အိမ်တိုင်း၊ ရွာတိုင်း ရွာတိုင်း၊ မြို့တိုင်း မြို့တိုင်း စည်းကမ်းရှိပြီး, စည်းကမ်းလိုက်နာပြီ – ဆိုရင်တော့ တိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်လာပါပြီ။ ဒါကတော့ လောကဘက်ကပေါ့လေ။

သာသနာတော်ဘက်ကလည်း ဒီအတိုင်းပါပဲ၊ သာသနာတော်မှာ ဘုရားချမှတ်ခဲ့တဲ့ စည်းကမ်းတွေ အပြည့် ရှိပါတယ်။ ဘယ်နေရာမှာတော့ လိုနေသေးတယ်လို့ ထောက်ပြလို့ မရလောက်အောင်ပဲ ဘုရားစည်းကမ်းတွေက ပြည့်စုံလှပါတယ်၊ စည်းကမ်းတွေ ဘယ်လောက် ရှိရှိ၊ ဘယ်လောက် ကောင်းကောင်း မလိုက်နာကြဘူး – ဆိုရင်တော့ သာသနာတော်ဟာ ဘယ်တော့မှ တိုးတက်လာမှာ မဟုတ်ပါ

http://www.dhammadownload.com

ဘူး၊ သာသနာတော်ကြီး တိုးတက်ဖို့ရာ ရှင်တိုင်း၊ ရဟန်းတိုင်းမှာ တာဝန်ရှိပါတယ်၊ ရှင်တိုင်း၊ ရဟန်းတိုင်းဟာ ဘုရားစည်းကမ်းတွေကို လိုက်နာမှ သာသနာကော်ကြီး တိုးတက်မယ်။

အမိ၊ အဖတွေရဲ့ အဆုံးအမတွေဟာ သားကောင်း၊ သမီးကောင်းတွေမှာ သာ တည်ရှိတယ် – တဲ့၊ ဘုရားအဆုံးအမ၊ ဘုရားစည်းကမ်းတွေဟာလည်း ရှင်းကောင်း ရဟန်းကောင်းတွေမှာပဲ တည်ရှိတယ် – တဲ့၊ ဒီတော့ ရှင်ကောင်း၊ ရဟန်းကောင်းတွေ သာသနာတော်မှာ များများ ရှိဖို့ လိုအပ်ပါတယ်၊ သာသနာမှာ စည်းကမ်းရှိတဲ့ ကျောင်း၊ စည်းကမ်းရှိတဲ့ ရိပ်သာတွေ ဖြစ်ရပါမယ်၊ အဲဒီသဘောတွေကို နားလည်တော်မူကြတဲ့ သာသနာ့ခေါင်းဆောင်ဆရာတော်များဟာ သူတို့ဆိုင်ရာ ကျောင်း၊ သူတို့ဆိုင်ရာ ရိပ်သာတွေမှာ စည်းကမ်းရှိအောင် ကြိုးစားနေကြပါတယ်။

အဲဒီလို ဆရာတော်တွေထဲမှာ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်လည်း ပါပါတယ်၊ ဆရာတော်ဟာ စည်းကမ်းကြီးတယ်၊ စည်းကမ်း တင်းကျပ်တယ် – လို့ နာမည်ကြီးတယ်၊ အဲဒါကြောင့်လည်း ဆရာတော့်ကို တချို့သံယာ, တချို့လူတွေက ကြောက်ကြတယ်၊ လန့်ကြတယ်၊ ဆရာတော်က စည်းကမ်းကောင်းတဲ့ မိဘ, ဆရာသမားတွေရဲ့ လက်ထဲမှာ ကြီးပြင်းခဲ့ရပုံ ပေါ်ပါတယ်၊ စည်းကမ်းကောင်းတဲ့ နေရာတွေမှာ နေခဲ့ရတယ်၊ ဆရာတော်ကိုယ်တိုင်လည်း စည်းကမ်းရဲ့တန်ဖိုးကို နားလည်တယ်၊ ဒါကြောင့် စည်းကမ်းကို တန်ဖိုးထားတယ်၊ လေးစားတယ်၊ လိုက်နာတယ်၊ သူကိုယ်တိုင် စည်းကမ်းတွေကို လိုက်နာသလို သူ့ကို မှီခိုလာသူတွေကိုလည်း လိုက်နာစေချင်တယ်၊ မလိုက်နာရင် မကြိုက်ဘူး၊ မလိုက်နာခြင်းရဲ့ အပြစ်, လိုက်နာခြင်းရဲ့ အကျိုးကို အမျိုးမျိုး ရှင်းပြတတ်တယ်၊ အဲဒီလို ရှင်းပြရဲ့သားနဲ့ မလိုက်နာရင်တော့ ခပ်ပြတ်ပြတ်ပဲ ပြောတတ်တယ်၊ လုပ်တတ်တယ်။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ သွားလာတဲ့အခါမှာလည်း စည်းကမ်းရှိရှိ သွားလာရတယ်၊ စားတဲ့အခါမှာလည်း စည်းကမ်းရှိရှိ စားရတယ်၊ သောက်ရတဲ့အခါမှာလည်း စည်းကမ်းရှိရှိ သောက်ရတယ်၊ နေထိုင်တဲ့အခါမှာလည်း စည်းကမ်းရှိရှိ နေထိုင်ရတယ်၊ ပြောဆိုတဲ့အခါမှာလည်း စည်းကမ်းရှိရှိ ပြောဆိုရတယ်၊ ရေးချိုးတဲ့ အခါမှာလည်း စည်းကမ်းရှိရှိ ရေးချိုးရတယ်၊ အိမ်သာအသုံးပြုတဲ့အခါမှာလည်း

http://www.dhammadownload.com

စည်းကမ်းရှိရှိ အသုံးပြုရတယ်၊ အဝတ်အစား ဝတ်တဲ့အခါမှာလည်း စည်းကမ်းရှိရှိ ဝတ်ရတယ်၊ ဖိနပ် ချွတ်ရင်တောင် စည်းကမ်းရှိရှိ ချွတ်ရတယ်။ စကြံလျှောက်ရတယ်၊ အမှိုက်ကိုလည်း စနစ်တကျ ပစ်ရတယ်၊ အမှိုက်ထည့်စရာ အမှိုက်ပုံးတွေ နေရာအနှံအပြားမှာ ထားပေးထားတယ်၊ တံတွေးနှပ်တွေကို မထွေးသင့်တဲ့နေရာမှာ မထွေးရဘူး၊ ဆေးလိပ် မသောက်ရဘူး၊ ကွမ်းစားရဘူး။

အဲဒီလိုစတဲ့ စည်းကမ်းတွေကတော့ နေရာတကာမှာ ရှိပါတယ်။ ရွှေတောင် ကုန်းသာသနာ့ရိပ်သာမှာ ပြည်တွင်းကသာမက ပြည်ပကပါ ယောဂီတွေ ရှိကြပါ တယ်။ ပြည်ပယောဂီတွေဟာ အရှေ့တိုင်းကရော အနောက်တိုင်းကပါ စုံနေပါတယ်။ နိုင်ငံများစွာက အလွှာများစွာ လာကြတယ်၊ မြန်မာနိုင်ငံမှ သတိပဋ္ဌာန်တရားကို အားထုတ်ချင်လို့ လာကြတယ်၊ အဲဒီလို လာတဲ့အခါ မြန်မာ လူမျိုးကိုရော မြန်မာနိုင်ငံကိုရော မြန်မာနိုင်ငံမှ ဗုဒ္ဓသာသနာကိုရော သူတို့ အထင် သေးမှာကို ဆရာတော်က စိုးရိမ်ပါတယ်၊ ဆရာတော်က ပြည်ပနိုင်ငံပေါင်း များစွာကို အခါပေါင်းများစွာ ရောက်ခဲ့ပါ တယ်။ အရှေ့တိုင်းမှာရော အနောက်တိုင်းမှာပါ တော်တော် များပါတယ်၊ သူတို့ ပြည်ပနိုင်ငံတွေမှာ စည်းကမ်းရှိတာ၊ စည်းကမ်း လိုက်နာကြတာကို ကောင်းစွာ သိခဲ့ရပါတယ်၊ ဒါကြောင့် သူတို့ အထင်သေးခံရတဲ့ မြန်မာလူမျိုး၊ မြန်မာနိုင်ငံ၊ မြန်မာ့ ဗုဒ္ဓသာသနာ မဖြစ်စေချင်ဘူး။

သူတို့ ပြည်ပနိုင်ငံသားတွေက ဆူဆူညံညံ ရှိတာ မကြိုက်ကြဘူး၊ ဒါကြောင့် သူရိပ်သာမှာ တိတ်တိတ်ဆိတ်ဆိတ် ရှိအောင် အထူးပဲ ကြောင့်ကြစိုက်ပါ တယ်။ ဆွမ်းကပ်လာတဲ့ ပရိသတ်တွေ တခါတရံ အသံကျယ်ရင် ဆရာတော် ကိုယ်တိုင် အသံတိုးဖို့ သတိပေးတတ်ပါတယ်။ ပြည်ပသားတွေက အမှိုက်ကို တွေ့ကရ မပစ်တတ်ကြဘူး၊ အမှိုက်ပုံးမှာပဲ ထည့်ကြတယ်၊ မြန်မာတွေကတော့ တွေ့ကရ ပစ်တတ်ကြတယ်။ ဒါကြောင့် ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ အမှိုက်ထည့်ဖို့ အမှိုက်ပုံးတွေ နေရာတကာမှာ ထားပေးပြီး အဲဒီ အမှိုက်ပုံးတွေမှာပဲ အမှိုက်တွေကို ထည့်စေပါတယ်။ သူတို့ ပြည်ပမှာက သိပ်ပြီး သန့်ရှင်းတယ်။ သပ်ရပ်တယ်၊ မြန်မာနိုင်ငံမှာက အဲဒီလို မဟုတ်လေတော့ ဆရာတော်က အတော် ပြုပြင်ပေးရတယ်၊ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် ရှိဖို့ စည်းကမ်းတွေကိုတော့ နည်းနည်းလေးမှ ဆရာတော်က မလျော့ပေးဘူး၊ ဒါဟာ သိပ်ကောင်းတာပဲ၊ လျော့ ပေးရင် ပြည်ပသားတွေ အထင်သေးစရာ ဖြစ်လာမှာ သေချာတယ်၊ ရိပ်သာထဲ မှာ ဆေးလိပ်မသောက်ဖို့ ကွမ်းမစားဖို့အတွက် စည်းကမ်း တင်းကျပ် နေပါတယ်၊ တံတွေး၊ နှပ်၊ ထွေးရာမှာလည်း မြန်မာတွေက စည်းကမ်း မရှိကြတာပဲ များတယ်။

စာရေးသူဟာ ဆရာတော်နဲ့အတူ အမေရိကသို့ ဓမ္မဒူတခရီး လိုက်သွားဖူး ပါတယ်။ ကားမူးတတ်တဲ့ စာရေးသူဟာ ကားစီးသွားရင်း မူးပြီး ကားပေါ်မှာ အခါခါ အန်ရပါတယ်။ အန်စရာအိတ်ထဲမှာ အန်ရတယ်၊ အဲဒီ ကားစီးသွားတဲ့ လမ်း

http://www.dhammadownload.com



ရွှေကျင်သာသနာပိုင်ဆရာတော်နှစ်ပါး, တွဲဖက်သာသနာပိုင်နှစ်ပါးနှင့်ဆရာကော်



ဗုဒ္ဓဃောသကျေးမွှေသင်တန်းအောင် သီကွာရှင်တစ်ပါးအား ဆုချီးမြှင့်နေပုံ

(အပေါ်ပုံ → စာမျက်နှာ ၈၅) (အောက်ပုံ → စာမျက်နှာ ၈၁)

http://www.dhammadownload.com



မဟာစည်ဆရာတော်ကြီးနှင့် ဆရာတော်



ဗုဒ္ဓယဉ်ကျေးမှုသင်တန်း သာမဏေများ ဆွမ်းစားကြွစဉ်

(အပေါ်ပုံ → စာမျက်နှာ ၉၃) (အောက်ပုံ → စာမျက်နှာ ၉၇)

http://www.dhammadownload.com

တစ်လျှောက်ဟာ တောတွေပဲ များပါတယ်။ လူတွေ မနေကြပါဘူး၊ မြန်မာနိုင်ငံမှာတော့ တောလမ်းမှာဆိုရင် ဒီလိုအန်ဖတ်အိတ်ကို ပစ်တတ်ကြပါတယ်။ အဲဒီမှာတော့ မပစ်ရဘူး၊ အမှိုက်ထည့်စရာ အမှိုက်ပုံး၊ တွေ့မှပဲ အဲဒီအမှိုက်ပုံးထဲမှာ ထည့်ရတယ်၊ တောထဲပဲ တောလမ်းပဲ လူမှ မနေပဲ၊ လူမှ မရှိပဲ – လို့ ယူဆပြီး အပေါ့သွားဖို့ဆို ပိုဝေးရော၊ သူတို့ ပြည်ပနိုင်ငံတွေမှာ အရာရာဟာ အထင်ကြီးစရာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် တကယ်အထင်ကြီးစရာ၊ အတုယူစရာတွေလည်း များစွာပဲ ရှိပါတယ်၊ ကောင်းတာဆိုရင်တော့ ကိုယ့်နိုင်ငံကပဲ ဖြစ်ဖြစ်၊ သူတစ်ပါးနိုင်ငံပဲ ဖြစ်ဖြစ် ယူရမှာပဲ၊ လိုက်နာရမှာပဲ။

အဲဒီလို ပြည်ပသားတွေရဲ့ အခြေအနေကို သိရှိတော်မူရတဲ့ ဆရာတော်ဟာ သူ့ရိပ်သာမှာ ပြည်တွင်းကရော ပြည်ပကပါ အထင်သေးစရာ မဖြစ်အောင် ကောင်းတဲ့ စည်းကမ်းတွေ ချမှတ်ပြီး လိုက်နာကျင့်သုံးစေပါတယ်။ ဒါကြောင့်လည်း ပြည်ပသားတွေဟာ ရွှေတောင်ကုန်းသာသနာ့ရိပ်သာကို စိတ်ဝင်စားကြပါတယ်။ လာချင်ကြပါတယ်။ တဖွဲဖွဲလည်း လာနေကြပါတယ်။ လာကြတဲ့ ပြည်ပသားတွေဟာ အားရကျေနပ်သွားကြတယ်၊ နောက်လည်း လာပါအုံးမယ်လို့ အားခဲသွားကြတယ်။ တချို့ဆိုရင် အခေါက်ခေါက်အခါခါ လာနေကြတယ်၊ တချို့လည်း နှစ်နဲ့ချီပြီး အကြာကြီး နေနေကြတယ်။ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဟာ စည်းကမ်း မရှိခဲ့ ရင် သူတို့ ဒီလို လာချင်ကြမှာ မဟုတ်ဘူး၊ လာကြမှာ နေကြမှာ မဟုတ်ဘူး၊ စည်းကမ်းရှိတော့လည်း ရွှေတောင်ကုန်းသာသနာ့ရိပ်သာဟာ အရာရာ အောင်မြင် နေတာပေါ့။

ဖုံးပြီးတဲ့ လူမျိုး

စည်းကမ်းဆိုတာ
လူတန်ဖိုးမို့
တို့ အမျိုးသားတို့
လိုက်ရမယ်။

စည်းကမ်း မရှိရင်
တို့ လူမျိုးဟာ
မဖွံ့ဖြိုးဘဲ
နိမ့်ကျမယ်။

ဖွံ့ဖြိုးလိုလျှင်
တို့ လူမျိုးတို့
စည်းကမ်းတန်ဖိုး
သိရမယ်။

သိကွယ်။ ကျင့်ကွယ်။

http://www.dhammadownload.com

ဘုရားရှင်ဆန္ဒ

" ရိပ်သာနေရာ၊ ညှင်သာတိုးတိတ်၊ အသိစိတ် " တဲ့၊

ဒါက ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ မြင်တွေ့ရတဲ့ ဆိုင်းဘုတ်စာသားလေးပါ၊ ဒီဆိုင်းဘုတ်စာသားလေးက ရွှေတောင်ကုန်းသာသနာ့ရိပ်သာရဲ့ အခြေအနေကို ဖော်ပြနေပါတယ်၊ ဒီရိပ်သာမှာ စကားပြောရင် ညှင်ညှင်သာသာ တိုးတိုးတိတ်တိတ် ပြောရမယ်လို့ သတိပေးနေတယ်၊ အသိရှိပါလို့လည်း တိုက်တွန်းနေတယ်၊ ဒီရိပ်သာမှာ ပြည်တွင်း၊ ပြည်ပယောဂီတွေ တရားအားထုတ်နေကြတယ်၊ ဒါကြောင့် တရားအားထုတ်နေကြတဲ့ ယောဂီသူတော်စင်တွေကို အနှောင့်အယှက် မဖြစ်စေသင့်ဘူး၊ စကားကို အသံကျယ်ကျယ်နဲ့ ပြောနေရင် ဆရာတော်က " တိုးတိုး " လို့ ပြောပြီး သတိပေးတတ်တယ်၊ သူကပါ စကားပြောပြီး သတိပေးရင် အနှောင့်အယှက် ဖြစ်စေနိုင်တဲ့နေရာမျိုးမှာ " တိုးတိုး ပြောပါ " လို့ အဓိပ္ပါယ်ဖော်ဆောင်တဲ့ အမှုအရာနဲ့ ပြတတ်တယ်။ လက်ညိုးလေးကို နှုတ်ခမ်း (၂) ခုရဲ့ အလယ်တည့်တည့်မှာ ကပ်ပြတတ်တယ်၊ ရိပ်သာမှာ ပြည်တွင်းပြည်ပမှ စာသင်သားတွေလည်း ရှိတာမို့ သူတို့ကိုလည်း စာကို တိုးတိုး ကျက်စေပါတယ်၊ ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းကာလတွေမှာတော့ စာကို တိုးတိုး ကျက်ကြဖို့ အထူးပဲ ကြောင့်ကြစိုက်ပေးပါတယ်၊ ယောဂီတွေကို အနှောင့်အယှက် မဖြစ်ရအောင် တံခါးအဖွင့်, အပိတ်ကိုလည်း ညင်ညင် သာသာ ပြုလုပ်စေပါတယ်၊ ရေချိုး – အဝတ်လျှော်တဲ့အခါ အသံမမြည်အောင် ရေချိုးစေပါတယ်၊ အဝတ်လျှော်စေပါတယ်။ ရေချိုးတဲ့အခါ၊ အဝတ်လျှော်တဲ့အခါ အသံဆူလို့ အသံမည်လို့ မဆူဖို့၊ မမည်ဖို့ ဆရာတော် သတိပေးတာကို အကြိမ်များစွာ ကြားရဖူးပါတယ်၊ ရိပ်သာနဲ့ လုံးဝ ရင်းနှီးမှု မရှိတဲ့သူတွေ, သိပ်ရင်းနှီးပေးမယ့် နားလည်မှုမရှိတဲ့ သူတွေ၊ ကလေးတွေ ဆွမ်းကပ်စဉ်လို့

http://www.dhammadownload.com

ပါလာတဲ့အခါ အသံ ဆူတတ်တာမို့ အသံမကျယ်ဖို့၊ တိုးတိုးသာသာ ပြောဖို့ ဆရာတော် သတိပေး တာကိုလည်း အကြိမ်များစွာ တွေ့ရဖူးပါတယ်၊ အချိုးမကျလို့ ပြောစရာရှိလာရင် ဆရာတော်က အားမနာတတ်ဘူး၊ မညှာတတ်ဘူး၊ ပြတ်ပြတ်သားသား ပြောတတ်တယ်။

မြတ်စွာဘုရားလည်း တိတ်ဆိတ်မှုကို အလွန်ပဲ လိုလားတော်မူတယ်၊ တိတ်ဆိတ်မှုကို ဖျက်ဆီးလာခဲ့ရင်တော့ ဘုရားရှင်လည်း ပြတ်ပြတ်သားသားပဲ ပြောတတ်တယ်၊ အားမနာတတ်ဘူး၊ မညှာတတ်ဘူး – လို့ ဆိုရမလိုလိုပဲ၊ အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလာန်တို့ရဲ့ တပည့်ရဟန်းသစ်ငါးရာဟာ ကျောင်းတိုက် အတွင်းမှာ ဆူဆူညံညံ ပြောဆိုနေကြလို့ အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလာန် တို့ကိုပါ တပည့်ငါးရာနဲ့အတူ နှင်ထုတ်လိုက်တယ်၊ ဘုရားက လက်ယာတော်ရံ၊ လက်ဝဲတော်ရံတို့ကိုပါ မညှာပါလား၊ ဆူညံတာ မကြိုက်တာမို့ ဘုရားက တပည့်ကြီး (၂) ပါးကို သင်ခန်းစာ ပေးလိုက်တာနဲ့ တူပါတယ်၊ ဩော် . . . တိတ်ဆိတ်မှုကို တကယ် ကြိုက်တဲ့ ဘုရားပါလား။

တိတ်ဆိတ်မှု ရမှသာ ယောဂီတွေမှာ တရားအသိဉာဏ် တိုးတက်လွယ်တယ်၊ ဒါကြောင့် ယောဂီတွေမှာ တိတ်ဆိတ်မှု ရဖို့ သိပ်ကို လိုအပ်တယ်၊ "တိတ်ဆိတ်မှုနဲ့ သာသနာ့ရိပ်သာ" "သာသနာ့ရိပ်သာနဲ့ တိတ်ဆိတ်မှု" တွေဟာ အမြဲတန်း ဒွန်တွဲ နေရမယ့် အရာတွေပါ၊ တိတ်ဆိတ်မှုကင်းကွာတဲ့ သာသနာ့ရိပ်သာဟာ ခေါင်းဆောင်ကောင်း မရှိဖူးလို့လည်း အဓိပ္ပါယ် ဖော်ဆောင်နေပါတယ်၊ သာသနာ့ရိပ်သာမှာ တိတ်ဆိတ်မှု ကင်းနေရင် ကျက်သရေ မရှိဘူး၊ စိတ်ကြည်းနှုးဖွယ် မဖြစ်ဘူး၊ စိတ်ချမ်းမြေ့ဖွယ် မဖြစ်ဘူး၊ သာသနာ့ရိပ်သာ လာတဲ့ လူတွေရဲ့ ပါးစပ်များက "ဒီ သာသနာ့ ရိပ်သာက သိပ်အေးချမ်းတယ်၊ စိတ်ကြည်နူးစရာကောင်းတယ်၊ သိပ်စိတ်ချမ်းသာရတယ်" လို့ စကားထွက်လာအောင်ကို တိတ်ဆိတ်မှု ရှိရပါမယ်၊ ဆရာတော်က သူ့သာသနာ့ရိပ်သာမှာ အဲဒီလို တိတ်ဆိတ်မှု ရှိအောင် ဆောင်ရွက်နေပါတယ်၊ ဒါကြောင့် တကယ်လို့ စကားကျယ်ကျယ် ပြောမိတဲ့အခါ ဆရာတော်က စကားကျယ်ကျယ် ပြောသူတို့ အနီးအနား ရောက်သွားရင် "ဆရာတော် ကြွလာတယ်၊ တိုးတိုး တိုးတိုး" လို့ အချင်းချင်း သတိပေးတတ်ကြတယ်။

ဒီနေရာမှာ မြတ်စွာဘုရား တိတ္ထိတွေထံ ကြွတဲ့အခါ တိတ္ထိတွေ ပြောတဲ့ စကားကို သတိရမိတယ်။

"အရှင်တို့ . . . ရဟန်းဂေါတမ ကြွလာနေပါတယ်၊ အရှင်ဂေါတမဟာ

http://www.dhammadownload.com

အသံတိုးတိုး ပြောတာကို ကြိုက်ပါတယ်၊ အသံကျယ်လောင်ကျယ်လောင် ပြောတာကို မကြိုက်ဘူး၊ ဒါကြောင့် အသံမပြုကြပါနဲ့၊ တိုးတိုးတိတ်တိတ် နေကြပါ " တဲ့။

တိတ္ထိတွေဟာ သူတို့အချင်းချင်း စကားပြောရင် ကျယ်လောင်ကျယ်လောင် စကားပြောတတ်ကြတယ်၊ ဒါကြောင့် ကျယ်လောင်ကျယ်လောင် စကားပြောနေကြတဲ့ သူတို့အချင်းချင်း သတိပေးကြတာပါပဲ၊ ဘုရားရှင် တိတ်ဆိတ်မှု ကြိုက်နှစ်သက်တာကို တိတ္ထိတွေကတောင် သိကြတယ်၊ ဘုရားတပည့် လို့ အမည်ခံထားကြတဲ့ ဗုဒ္ဓသာသနာဝင် ရဟန်း၊ ရှင်၊ လူတွေဟာလည်း ဘုရားရှင်ရဲ့ အလိုတော်ကို သိပြီး ဘုရားရှင်ရဲ့ အလိုတော်ကျ သာသနာရေးဆိုင်ရာ ကိစ္စတွေကို ဆောင်ရွက်သင့်ကြပါတယ်။

မြန်မာနိုင်ငံ ဒေသအတော်များများမှာ အသံချဲ့စက်နဲ့ ပြုလုပ်နေကြတဲ့ " အသံမစဲ ပဋ္ဌာန်းပွဲ " တွေဟာ အတော်များပြားနေပါတယ်၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ အနီးက နေရာတွေမှာတောင် ပြုလုပ်လာကြလို့ ရွှေတောင်ကုန်းသာသနာ့ရိပ်သာက ယောဂီတွေလည်း အဲဒီအသံကို ကြားနေကြရတယ်၊ " မြတ်စွာဘုရားသာသက်တော်ထင်ရှားရှိလို့ ဒီအသံမစဲ ပဋ္ဌာန်းပွဲကို ကြားရရင် နှစ်သက်တော်မူပါ့မလား၊ တိတ်ဆိတ်မှုကို အလွန် မြတ်နိုးတော်မူတဲ့ ဘုရားက ကြိုက်နှစ်သက်တော်မူမှာ မဟုတ်ပါဘူး " လို့ ဆရာတော်က မိန့်ကြားတတ်ပါတယ်၊ " နောက်ပြီးတော့ ဘုရားရှိခိုးတာကိုလည်း အသံချဲ့စက်နဲ့ အသံကျယ်ကျယ် ရှိခိုးကြတယ်၊ ဒါလည်း ဘုရားအလိုတော်ကျ ဖြစ်မှာ မဟုတ်ပါဘူး " တဲ့၊ ပဋ္ဌာန်းရွတ်သူတွေ၊ ဘုရားရှိခိုးတဲ့သူတွေကလည်း " ကြားရတဲ့သူတွေ ကြည်ညိုသဒ္ဓါပွားနိုင်ကြအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်တာပါ " လို့ ပြောကြမယ် ထင်ပါတယ်၊ ဘုရားတပည့်ဖြစ်ကြတဲ့ ဗုဒ္ဓသာသနာဝင်တွေဟာ " ဘယ်ဟာက ဘုရားအလိုတော် ကျမလဲ " လို့ စဉ်းစားပြီး ဘုရားအလိုတော်ကျတဲ့ နည်းကို လိုက်နာဆောင်ရွက်သင့်ကြပါတယ်။ ရွတ်ဖတ်သူတွေ ရည်ရွယ်တဲ့ အတိုင်း ဘေးက ကြားရတဲ့ သူတွေမှာ ကြည်ညိုသဒ္ဓါပွားကြတယ်ဆိုရင်တော့ သူတို့ ရည်ရွယ်ချက် ပြည့်စုံတယ်လို့ ဆိုနိုင်ပါတယ်၊ ဒါပေမယ့် ကြားရသူတိုင်းမှာကော့ ကြည်ညိုသဒ္ဓါ ပွားချင်မှ ပွားနိုင်ကြမှာပါ၊ အိပ်ချိန်တောင်မှ တိတ်ဆိတ်အေးဆေးစွာ မအိပ်ရဘဲ ကြားနေရတဲ့ အသံကိုတော့ ကြည်ညိုသဒ္ဓါပွားချင်မှ ပွားနိုင်ကြပါမယ်၊ " ရွှတ်တယ်၊ နားငြီးတယ်၊ ဆူတယ် " လို့ တွက်ချင်တဲ့သူတွေလည်း ရှိချင်ရှိနိုင်ပါတယ်၊ ကြည်ညိုသဒ္ဓါ မပွားနိုင်ကြတဲ့ သူတွေကတော့ အနှောင့်အယှက်ပေးတယ် လို့လည်း ယူဆနိုင်ကြပါတယ်၊ တရားရှုမှတ်တဲ့ ယောဂီတွေကလည်း အသံတိတ်ဆိတ်စွာနဲ့ တရားရှုမှတ်ရတာကိုပဲ နှစ်သြိုက်ကြမှာပါ၊

http://www.dhammadownload.com

ဒါကတော့ ကြားရတဲ့ သူတွေဘက်က ဖြစ်နိုင်တဲ့ ခံစားမှုအမျိုးမျိုးကို ခံစား ကြည့်မိတာပါပဲ၊ " ပဌာန်း ရွတ်တာ၊ ဘုရားရှိခိုးတာ မကောင်းဘူး " လို့တော့ မဆိုလို ပါဘူး၊ ပဌာန်းရွတ်လို, ဘုရားရှိခိုးလိုတဲ့ သဒ္ဓါနဲ့ ရွတ်ဆိုရှိခိုးလို့ ဖြစ်ပေါ်လာတဲ့ သဒ္ဓါကိုတော့ အဟန့်အတား မပြုကောင်းပါဘူး၊ အသံချဲ့စက်နဲ့ ရွတ်ဆိုနေတဲ့ "အသံ မစဲ ပဌာန်းပွဲ " နဲ့ အသံချဲ့စက်နဲ့ ဘုရားရှိခိုးတာတို့ကို ဘုရားသီတင်းသုံးရာ ဇေတဝန် ကျောင်းပေါက်ဝမှာ ပြုလုပ်လို့ ဘုရားသာ ကြားခဲ့ရရင် " ချစ်သားတို့ . . . ကောင်းပါ ပေတယ်၊ ကောင်းပါပေတယ်၊ သာဓု၊ သာဓု၊ " လို့ အနုမောဒနာပြုကာ အားပေး တော်မူလေမလား၊ ဒါမှမဟုတ် အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်တို့ရဲ့ တပည့် ရဟန်းသစ်ငါးရာတွေကို နှင်သလို " သွားကြ၊ သွားကြ " လို့ နှင်တော်မူလေမလား လို့ စဉ်းစားကြည့်မိပါတယ်။ ဘုရားရှင်ရဲ့ တပည့်သားတွေဆိုတော့ ဘုရားအလိုတော် ကျ၊ မကျကို စဉ်းစားရမှာပါပဲ။

ပြည်ပက လာပြီး တရားရှုမှတ်နေကြတဲ့ ယောဂီတွေကို " ဒီလို အသံချဲ့စက်နဲ့ ပဌာန်းရွတ်နေတာ၊ ဘုရားရှိခိုးနေတာကို ဘယ်လို သဘောရပါ သလဲ"ဴ လို့ မေးကြည့်ခဲ့ရင် သူတို့ပြည်ပက အခြေအနေကို ပြောပြချင် ပြောပြနိုင်ပါ တယ်၊ သူတို့ ပြည်ပနိုင်ငံတွေမှာ ဘေးက အိမ်ကို ဒီလိုအသံနဲ့ အနှောင့်အယှက် ပြုရင် ဘေးက အိမ်မှ လူတွေက ဟန့်တားကြတယ်၊ ဟန့်တားမရရင် တရားစွဲကြ တယ် – တဲ့၊ ဗုဒ္ဓသာသနာဝင်မဟုတ်တဲ့ သူတို့က တိတ်ဆိတ်မှုကို သိပ်တန်ဖိုးတား ကြတယ် – တဲ့၊ သူတစ်ပါးရဲ့ လွတ်လပ်မှုကို အနှောက်အယှက် ပေးတာ မကြိုက်တဲ့ သဘောပါပဲ၊ မြန်မာနိုင်ငံမှ သတိပဌာန်တရားကို လိုလားကြလို့ မိုင်ပေါင်းများစွာ ဝေးကွာတဲ့ နေရာတွေက ငွေကြေး အမြောက်အများတွေ အကုန်ခံပြီး လာရောက်ကာ ဗုဒ္ဓသာသနာဝင်မဟုတ်တဲ့ သူတွေက ကိုယ့်ဗုဒ္ဓတရားကို လေ့လာအားထုတ်နေကြ တာမို့ ဗုဒ္ဓတပည့်အမည်ခံ ဗုဒ္ဓသာသနာဝင်တွေက အစွမ်းကုန် အကူအညီပေးကာ ဗုဒ္ဓသာသနာဝင် မဟုတ်တဲ့ သူတို့ရဲ့ နှလုံးသားထဲ ဗုဒ္ဓအဆုံးအမတွေ စွဲတည်သွား အောင် ကြိုးစားသင့်ကြပါတယ်။

ပြည်ပသို့ ဓမ္မဒူတခရီး အခါပေါင်းများစွာ ကြွရောက်ပြီး ပြည်ပယောဂီတွေ ကို တရားပြ၊ တရားဟောကာ သူသာသနာ့ရိပ်သာသို့ လာရောက်တရားအားထုတ် ကြတဲ့ ပြည်ပယောဂီတို့ကိုလည်း တရားပြ၊ တရားဟောနေတဲ့ ဆရာတော်ဟာ ပြည်ပသားတို့ အထာကို များစွာ နားလည်တော်မူပါတယ်၊ ဒါကြောင့် သူ့သာသနာ့ ရိပ်သာမှာ တိတ်ဆိတ်မှုရှိအောင် အစွမ်းကုန် ဆောင်ရွက်တော်မူပါတယ်၊ ဘုရား သားတော်တိုင်း, သမီးတော်တိုင်းဟာ တိတ်ဆိတ်မှုနဲ့ ဘုရားသာသနာတော်ရဲ့ အသရေကို မြှင့်တင်သင့်ကြပါတယ်။

http://www.dhammadownload.com

ဘုရားရှင်ဆန္ဒ

သာသနာမှာ
တိတ်ဆိတ်တာကို
မြတ်စွာဘုရား
လွန်လိုလား၏။။

ဘုရားဆန္ဒ
ဖြည့်လိုကြလျှင်
တိုးတိတ်ညှင်သာ
ပြောဆိုပါကြ။။

သို့ပါမှသာ
တို့ရိပ်သာဟာ
သာယာအေးမြမှာပါတကား။။

⌘ ⌘ ⌘ ⌘ ⌘

http://www.dhammadownload.com

သူ့အကြောင်း

" စာရေးတဲ့အခါ ဆရာသမားစာကို အသုံးပြုပြီး ဖော်ပြရတယ် " တဲ့။

ဒီအဆုံးအမလေးကို ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ထံမှ အဂမရိကသို့ ဆရာတော်နဲ့အတူ ဓမ္မဒူတခရီး ကြွစဉ် ဘာရိယြို့ ဝိပဿနာကမ္မဋ္ဌာန်း ဋ္ဌာနမှာ ရခဲ့တယ်၊ အဲဒီတုန်းက " သာမဏေကျော် " ဆိုတဲ့ ကလောင်နာမည်နဲ့ စာ စရေးတဲ့ အချိန်ကပေါ့၊ " နှစ်ထပ်ကွမ်းအလှမယ် " ဆိုတဲ့ ဆောင်းပါးအမည်နဲ့ ;ကမလာ ; ဆိုတဲ့ အမျိုးသမီးယောဂီတစ်ဦးရဲ့ အကြောင်းကို ရေးခဲ့တယ်၊ ယောဂီ မကမလာဟာ ရုပ်လှတဲ့အပြင် စိတ်လည်း လှလို့ " နှစ်ထပ်ကွမ်းအင်္ဂ ;ယ် " လို့ နာမည်ပေးပြီး ရေးခဲ့တယ်၊ အဲဒီဆောင်းပါးရဲ့အဆုံးမှာ စာရေးသူရဲ့ ကျေးဇူးရှင် ဆရာတော်ဖြစ်တဲ့ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ရဲ့ ကဗျာလေးကို ထည့်ရေးဖို့ ဆရာတော်က မိန့်ကြားပါတယ်၊ စာရေးသူကတော့ ထည့်ရေးဖို့ သတိမရခဲ့ပါဘူး၊ ဆရာတော်က မဟာဂန္ဓာရုံဆရာတော်ထံမှာ စာတော့ မတက်ခဲ့ဖူးပါဘူး၊ ဆရာတော်ရဲ့ ဆရာဖြစ်တဲ့ သာကေတမှ ပညာလင်္ကာရကျောင်းဆရာတော် ဥူးပညာသီရိကတော့ မဟာဂန္ဓာရုံ ဆရာတော်ထံမှာ စာလိုက်ဖူးတယ် – တဲ့၊ ဆရာတော်က မဟာဂန္ဓာရုံဆရာတော်ထံမှာ စာမလိုက်ဖူးပေမယ့် မဟာဂန္ဓာရုံဆရာတော့် စာပေတွေနဲ့ စာပေအသိဉာဏ်တွေ ပွင့်လင်းလာခဲ့ရတယ် – တဲ့၊ ဒါကြောင့် ဆရာတော်ဟာ မဟာဂန္ဓာရုံဆရာတော်ကို ဆရာသမားတစ်ပါးလို သဘောထားကာ အလွန်ပဲ လေးစားလှပါတယ်၊ မဟာဂန္ဓာရုံ ဆရာတော်ရဲ့ စာပေတွေကို အလွန်ပင် မြတ်နိုးတန်ဖိုးထားလှပါတယ်၊ ယခု ဖော်ပြထားတဲ့ အဆုံးအမလေးကို ကြည့်ပါလား၊ ဘယ်လောက် လေးစားပြီး ဘယ်လောက် အဂရုထားတယ် ဆိုတာ သိနိုင်ပါတယ်။

အဲဒီတုန်းက ဆရာတော် အသုံးပြုခိုင်းတဲ့ မဟာဂန္ဓာရုံဆရာတော်ရဲ့ကဗျာ

http://www.dhammadownload.com

လေးက –

" ဓာတ်မရိုက်ခင်, ကောင်းစွာပြင်မှ, ပုံတွင်ကျန, ရုပ်သွင်လှသို့, မုချမှန်စွာ, သံသရာ၏, ကမ္ဘာရပ်ခွင်, ဓာတ်အပြင်၌, စိတ်စဉ်ကျန, ရုပ်သွင်လှ၍, ခေမပြို့နှန်, အရောက်လှမ်းဖို့, ရွှစမ်းစေချင်, စိတ်အစဉ်ကို, ပြင်ဆင်လေကွဲ့, နေ့စဉ်တဲ့။ "

မဟာဂန္ဓာရုံဆရာတော်ရဲ့ တပည့်ဖြစ်တဲ့ စာရေးသူကို မဟာဂန္ဓာရုံဆရာတော်ရဲ့ စာကို အသုံးပြုခိုင်းတယ် – ဆိုတော့ ဆရာတော်ကို ပိုပြီး စိတ်ဝင်စားလာမိတယ်။ ပိုပြီး ကြည်ညိုလာတယ်၊ ပိုပြီး လေးစားလာတယ်။

လောကမှာ လူပဲဖြစ်ဖြစ် ဘုန်းကြီးပဲဖြစ်ဖြစ် အတော်အတန် အောင်မြင်ကျော်ကြားလာပြီဆိုရင် လေးစားထိုက်တဲ့ ပုဂ္ဂိုလ်တွေကို လေးစားဖို့ မေ့သွားတတ်ကြတယ်၊ " ငါ တော်တယ်၊ ငါ တတ်တယ်၊ သူ သိသလိုလောက်တော့ ငါလည်း သိတာပဲ၊ သူ တော်သလောက်တော့ ငါလည်း တော်တာပါပဲ၊ သူ တတ်သလောက်တော့ ငါလည်း တတ်တာပါပဲ၊ သူ့ထက် ငါကတောင် ပို သိတာ၊ ပို တော်တာ၊ ပို တတ်တာ ရှိသေးတယ် " လို့ အတွေးဝင်ပြီး လေးစားထိုက်တဲ့ ပုဂ္ဂိုလ်ကို အထင်တောင် သေးတတ်ကြပါသေးတယ်၊ အဲဒီလို ပုဂ္ဂိုလ်တွေကို စာရေးသူတို့ ဝန်းကျင်မှာ မြင်လည်း မြင်ရတယ်၊ အဲဒီလို ပုဂ္ဂိုလ်တွေအကြောင်းကို အခြားသူတွေ ပြောတာကို ကြားလည်း ကြားရတယ်။

ဆရာတော်ကတော့ လေးစားထိုက်တဲ့ မဟာဂန္ဓာရုံဆရာတော်နဲ့ မဟာဂန္ဓာရုံဆရာတော့်စာပေတွေကို လေးစားတာမို့ မဟာဂန္ဓာရုံဆရာတော်နဲ့ မဟာ ဂန္ဓာရုံစာပေတွေကို လေးစားသူတွေကလည်း ဆရာတော့်ကို လေးစားတာကို တွေ့ရတယ်၊ ဆရာတော်ဟာ မဟာဂန္ဓာရုံဆရာတော်ရဲ့ စိတ်အစဉ်နဲ့ ရုပ်အသွင်တို့နဲ့လည်း မျှားစွာတူတာမို့ မဟာဂန္ဓာရုံဆရာတော်အပေါ် သံယောဇဉ်ရှိသူ၊ သဒ္ဓါရှိသူတွေကလည်း ဆရာတော်ကို သံယောဇဉ်ရှိကြ၊ သဒ္ဓါရှိကြတယ်။

ဆရာတော့်ဆီမှာ မဟာဂန္ဓာရုံဆရာတော် ရေးထားတဲ့ စာအုပ်တွေ အကုန်ရှိတယ်၊ အကုန်လုံး စေ့စေ့စပ်စပ်လည်း ဖတ်တယ်၊ ကျကျနနလည်း မှတ်တယ်၊ အကျိုးရှိအောင်လည်း အသုံးပြုတယ်။

နမူနာတစ်ခု ထုတ်ပြရရင် –

ကံအကြောင်းပဲ၊ ဆရာတော်က ကံအကြောင်းကို ပြည်တွင်းမှာရော ပြည်ပမှာပါ ရှင်းပြတဲ့အခါ မဟာဂန္ဓာရုံဆရာတော် ရေးထားတဲ့ ကိုယ်ကျင့်အဘိဓမ္မာစာအုပ်နဲ့ မဟာဂန္ဓာရုံဆရာတော် ဟောထားခဲ့တဲ့ အခြေပြုပဋ္ဌာန်းစာအုပ်တွေထဲမှာ ပါတဲ့ ကံအကြောင်းစာသားတွေကို စာကူးစက်နဲ့ စာလုံးသေးသေးနဲ့ ကူးစေကာ ကူးထားတဲ့

http://www.dhammadownload.com

ကံအကြောင်း စာရွက်လေးတွေကို ကြည့်ပြီး ဟောတတ်ပါတယ်၊ ကံအကြောင်းဟာ ပြည်တွင်းက လူတွေရော ပြည်ပက လူတွေပါ သိထားဖို့ လိုအပ်သလို သိဖို့လည်း ခက်ပါတယ်၊ ဒါကြောင့် ဆရာတော်က ကံအကြောင်းကို နာယူသူတွေ ပြည့်ပြည့်စုံစုံ တိတိကျကျ သိစေချင်လို့ အဲဒီလို ကြည့်ပြီး ဟောတာ ဖြစ်ပါလိမ့်မယ်၊ ဒီကံ အကြောင်းကိုသာမက အခြားအခြားမှတ်သားဖွယ်ရာ အကြောင်းအရာများစွာကို လည်း မဟာဂန္ဓာရုံဆရာတော်စာပေတွေထဲက ယူပြီး အသုံးပြုတာ တွေ့ရပါတယ်။ အဲဒီလို အသုံးပြုတဲ့အတွက် ပြည်တွင်းမှာရော ပြည်ပမှာပါ အကျိုးများစွာ ရတာကို ဆရာတော် တွေ့ရပါလိမ့်မယ်။ အကျိုးများလို့လည်း မြတ်မြတ်နိုးနိုး တန်ဖိုးထားပြီး အသုံးပြုတာ ဖြစ်ပါလိမ့်မယ်။

နောက်တစ်ခု နမူနာ ပြရရင် -

သတိပဋ္ဌာနပုဒ်အဓိပ္ပါယ်ကို သိကုံးထားတဲ့ လင်္ကာလေးပါပဲ။

* လွန်လွန်ကဲကဲ, အာရုံထဲ၌, စွဲမြဲတည်ဘိ, ထိုသတိ, သတိပဋ္ဌာန်ခေါ် -

တဲ့။

အဲဒီလင်္ကာလေးကို စာရေးသူဟာ သင်္ကြိုဟ်သင်ယူခဲ့စဉ်က ကျက်ခဲ့ရပါတယ်၊ အခြေပြုသင်္ကြိုဟ်မှာ မဟာဂန္ဓာရုံဆရာတော်က ရေးထားပါတယ်။ ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်က " သတိပဋ္ဌာန " ပုဒ်ရဲ့ အဓိပ္ပါယ်ကို အဋ္ဌကထာ၊ ဋီကာ အဖွင့်နဲ့အညီ ကိုယ်တွေ့နှောပြီး အကျယ်တဝင့် ဟောပြလေ့ရှိပါတယ်။ အဲဒီအခါ ဆရာတော်က အဲဒီလင်္ကာကို ရွတ်ပြကာ ရှင်းပြတတ်ပါတယ်၊ သတိပဋ္ဌာနပုဒ်ရဲ့ အဓိပ္ပါယ်ကို ဆရာတော်က သူဘာသာ လင်္ကာစီကုံးရင်လည်း ဖြစ်တာပါပဲ၊ ဒါပေမယ့် လေးစားထိုက်တဲ့ ဆရာတော်ကြီးရဲ့ လင်္ကာကို မြတ်မြတ်နိုးနိုးနဲ့ အသုံးပြုတယ်၊ မဟာစည်ဆရာတော်ကြီးရဲ့ လင်္ကာတွေကိုလည်း ထိုနည်းတူစွာ အသုံးပြုတာပါပဲ၊ ဆရာတော်ကြီးတွေ ရေးစပ်ထားပြီးသား လင်္ကာရှိရင် ဆရာတော်ကြီးတွေရဲ့ လင်္ကာတွေကိုပဲ အသုံးပြုတယ်၊ သူ့လင်္ကာသစ် ထွင်ပြီး ဟာလေ့ပြောလေ့ မရှိဘူး၊ ဒါဟာ ဆရာတော်ကြီးတွေရဲ့ စာပေတွေကို ဦးထိပ်ထားကာ လေးစားတဲ့ သဘောပါပဲ။

မဟာဂန္ဓာရုံဆရာတော်ရဲ့ စာပေတွေကို အသုံးပြုလွန်းလို့ ဆရာတော် မဟာစည်သာသနာ့ရိပ်သာမှာ သီတင်းသုံးစဉ်က လူတချို့နဲ့ သံဃာတချို့က " မဟာစည်သာသနာ့ရိပ်သာထဲမှာ ရွှေကျင်ဇာတ်သွင်းတယ် " လို့တောင် ပြောဆိုကြတယ်။ ဆရာကော်က နွေရာသီ ကျောင်းပိတ်ချိန်မှာ ကလေးသူငယ်တွေအတွက် ဗုဒ္ဓယဉ်ကျေးမှုအခြေပြု သင်တန်း ဖွင့်လှစ်ကာ ဗုဒ္ဓယဉ်ကျေးမှုအခြေပြုစာပေတွေကို တစ်လ သင်ယူစေပါတယ်၊ ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းမှာ အငယ်တန်း ,

http://www.dhammadownload.com

အလတ်တန်း, အကြီးတန်း, အထူးတန်းလို့ အတန်း (၄) တန်း ရှိပါတယ်။ အဲဒီ (၄) တန်းလုံးမှာ မဟာဂန္ဓာရုံဆရာတော်ရဲ့ စာတွေကို အများဆုံး အသုံးပြုထားပါ တယ်။ မဟာစည်ဆရာတော်ကြီးရဲ့ စာတွေလည်း ပါပါတယ်၊ လယ်တီဆရာတော်, မဟာဝိသုဒ္ဓါရုံဆရာတော်, သပြေကန်ဆရာတော်, သင်္ဃာဆရာတော် စတဲ့ နာမည် ကျော်ဆရာတော်ကြီးတွေရဲ့ စာတွေလည်း ပါပါတယ်၊ မဟာဂန္ဓာရုံဆရာတော်ရဲ့ စာတွေကို အများဆုံး အသုံးပြုရတာက ကလေးတွေအတွက် မဟာစည်ဆရာတော် ကြီးက သီးသန့်ရေးထားတဲ့ စာပေ မရှိလို့ပဲ ဖြစ်ပါတယ်။ မဟာစည်ဆရာတော်ကြီး သာ ကလေးတွေအတွက် စာပေကို သီးသန့်ရေးထားခဲ့ရင် သူ့ရဲ့ အနှစ်ချုပ်ကျွးဂူးတော် ရှင် မဟာစည်ဆရာတော်ကြီးရဲ့ စာပေတွေကိုပဲ အသုံးပြုမှာ သေချာပါတယ်။

ဆရာတော်ဟာ မဟာစည်ဆရာတော်ကြီးရဲ့ စာပေတွေကို အသုံးပြုတယ် လို့တောင် ပြောဖို့ လိုမယ် မဟုတ်ပါဘူး၊ မဟာစည်ဆရာတော်ကြီးရဲ့ သြဝါဒနဲ့အညီ တရားဟော, တရားပြနေဘဲ့ ဆရာတော်ဟာ မဟာစည်ဆရာတော်ကြီးရဲ့ စာပေ တွေကို လက်လွှတ်လို့ လုံးဝကို မဖြစ်နိုင်ပါဘူး၊ ပြည့်ပြည့်ဝဝ ပိုင်ပိုင်နိုင်နိုင်ကို အသုံးပြုရပါတယ်။ ပြည့်ပြည့်ဝဝ ပိုင်ပိုင်နိုင်နိုင် အသုံးပြုနိုင်လို့လည်း ဆရာတော်ဟာ ပြည်တွင်းမှာရော ပြည်ပမှာပါ ဗုဒ္ဓသာသနာကို ကျယ်ပြန့်အောင် ဆောင်ရွက်နေနိုင် တာပါ။

ဆရာတော်ကလည်း ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်းနဲ့ သူ့ရင်ထဲမှာ ရှိတဲ့ အတိုင်းပဲ ဒီစကားလေးကို ပြည်တွင်းမှာရော ပြည်ပမှာပါ ပြောလေ့ရှိပါတယ်။

" ယခုလို သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်နေနိုင်တာဟာ ဘုန်းကြီးရဲ့ အဖွမ်းကြောင့်ဆိုတာထက် မဟာစည်ဆရာတော်၊ မဟာဂန္ဓာရုံ ဆရာတော်စတဲ့ ကျွးဂူးတော်ရှင် ဆရာတော်ကြီးတွေရဲ့ အစွမ်းကြောင့်ဆိုရင် ပိုမှန်ပါ တယ် " – တဲ့။

ဆရာတော်ဟာ ဒီစကားလေးကို အခြားသူတွေ ကြားကောင်းအောင်၊ နားထောင်ကောင်းအောင် ပြောတာမဟုတ်ပါဘူး၊ တကယ့်ကို သူ့ရင်ထဲမှာ ရှိတဲ့ အတိုင်း လှိုက်လှိုက်လဲလဲ ပြောတာပါပဲ။

ဆရာတော်ဟာ မဟာစည်သာသနာ့ရိပ်သာမှာ တရားစဟောစဉ်က တရား ဟောဖို့ အလွန်ပဲ ဝန်လေးခဲ့ပါကယ် – တဲ့၊ မဟောရင် မဖြစ်လို့ ဟောရတော့တဲ့အခါ မဟာစည်ဆရာတော်ကြီး ရေးသားထားတဲ့ မဟာစည်ဝိပဿနာရှုနည်း စာအုပ် (၂) အုပ်ကို ကြည့်ရှုမှတ်သားပြီး ဟောတော့တာပါပဲ၊ တချို့ကတောင် ပြောကြ သတဲ့။ " ဦးပဏ္ဍိတဟာ မဟာစည်ဝိပဿနာရှုနည်းစာအုပ် (၂) အုပ်သာ မရှိခဲ့ရင်

http://www.dhammadownload.com

တရားဟောတတ်မှာ မဟုတ်ဘူး၊ သူ ဟောလိုက်ရင် ဒီစာအုပ်(၂)အုပ်ထဲကချည်းပဲ" တဲ့။ အဲဒီလို အပြောခံရလောက်ပဲ ဆရာတော်ဟာ မဟာစည်ဆရာတော်ကြီးရဲ့ စာပေတွေကို ကျေညက်အောင် လေ့လာကာ ဟောပြောခဲ့ပါတယ်၊ ဒါကြောင့်ပဲ မဟာစည်ဆရာတော်ကြီးရဲ့ သြဝါဒနဲ့အညီ ဗုဒ္ဓတရားတော်တွေကို ဗုဒ္ဓသာသနာဝင် မဟုတ်တဲ့ သူတွေတောင် လက်ခံအောင် ပြောပြနေနိုင်တာပဲ။

ဆရာတော်ဟာ မဟာစည်ဆရာတော်နဲ့ မဟာဂန္ဓာရုံဆရာတော်တို့ရဲ့ စာပေတွေကိုသာ လေ့လာကာ အသုံးပြုခဲ့တာ မဟုတ်ပါဘူး၊ သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသရဲ့ စာပေတွေကိုလည်း လေ့လာကာ အသုံးပြုပါသေးတယ်၊ စာရေးသူဟာ ဆရာတော် အမေရိကမှာ ဟောခဲ့တဲ့ တရားတချို့ကို "အမေရိကဓမ္မဒေသနာ" ဆိုတဲ့ နာမည်နဲ့ စာအုပ်တစ်အုပ် ထုတ်ပါတယ်၊ မြတ်ဆုမွန် မဂ္ဂင်းမှာလည်း အမေရိကဓမ္မ ဒေသနာတွေကို လပေါင်းများစွာ ရေးသားခဲ့ပါသေးတယ်၊ နောက်ပြီးတော့ "သပြေကန် ဆရာတော်ကြီးရဲ့ အဆိုအမိန့်များ" ဆိုတဲ့ စာအုပ် ထုတ်ဖို့ရာအတွက် သပြေကန် ဆရာတော်ကြီး ရေးသားထားတဲ့ သပြေကန်ပရိတ်ကြီး နိဿယသစ် စာအုပ်နဲ့ သပြေကန်တရားပေါင်းချုပ်စာအုပ်တို့ကို ဖတ်ခဲ့ရပါတယ်၊ ဖတ်ရတဲ့အခါ ပရိတ်ကြီး နိဿယသစ်ထဲမှာ ပါတဲ့ စာသားတွေကို ယူပြီး ဆရာတော်က အမေရိကမှာ ဟောထားတာကို အမေရိကဓမ္မဒေသနာစာအုပ်မှာ တွေ့ရပါတယ်။ ဆရာတော်က ဒါန အကြောင်း ရှင်းပြရာမှာ သပြေကန်ဆရာတော်ကြီးရဲ့ ပရိတ်ကြီး နိဿယသစ်ထဲက ဒါနအကြောင်း ရေးထားတဲ့ စာသားတွေကို အပြည့်အစုံ ယူပြီး ပြောတာပါပဲ၊ သပြေကန်ဆရာတော်ကြီး ရေးထားတဲ့ အခြားအကြောင်းအရာများစွာကိုလည်း ဒါန အကြောင်းလိုပဲ အသုံးပြုပါလိမ့်မယ်။

နောက်ဆရာတော်တစ်ပါးက အရှင်စန္ဒဇောတိ – တဲ့။ ဒီဆရာတော် ရေးထားတဲ့ "မင်္ဂလာအမြွေတေ" ဆိုတဲ့ စာအုပ်ကို အလွန်ပဲ ဆရာတော်ဟာ သဘောကျတယ်၊ အသုံးပြုတယ်၊ ပြည်ပမမွေးတခရီး ကြွလေတိုင်း မဟာဂန္ဓာရုံ, သပြေကန်နဲ့ အရှင်စန္ဒဇောတိ တို့ ရေးထားတဲ့ စာအုပ်တွေကို ယူသွားလေ့ရှိတယ်၊ ပြည်ပရောက်တော့လည်း ဖတ်တယ်၊ မှတ်တယ်၊ အသုံးပြုတယ်။

* ကုသိုလ်အရေခြုံ၊ ငွေတွေကုန်၊ ပျော်ရုံသက်သက်ပင်၊

* ကုသိုလ်လွန်ကဲ၊ ငွေကုန်နဲ့၊ ဥာဏ်လဲ ယှဉ်စေချင်။

ဒီလင်္ကာလေးတွေကို ပြည်တွင်း၊ ပြည်ပ နှစ်ဌာနလုံးမှာ အသုံးပြုပါတယ်၊ ဒီလင်္ကာတွေကတော့ မင်္ဂလာအမြွေတေစာအုပ်ထဲကပါပဲ။

လယ်တီဆရာတော်ကြီး၊ ဦးရွှေအောင်စတဲ့ ပုဂ္ဂိုလ်တွေရဲ့ စာပေတွေကို

http://www.dhammadownload.com

လည်း ဆရာတော်ဟာ အထူးပဲ နှစ်ခြိုက်ပါတယ်၊ လေ့လာကာ အသုံးပြုပါတယ်၊ ဒါကြောင့်လည်း ဆရာတော်ရဲ့ " ဘုန်းကြီးရဲ့အစွမ်းထက် ဆရာသမားတွေရဲ့ အစွမ်းက ပိုပါတယ်၊ " ဆိုတဲ့ စကားကို နားလည်လာမိပါတယ်၊ လက်ခံလာရပါတယ်၊ ဒါပေမယ့် " ဆရာတော်က သူအစွမ်းအစကိုတော့ လျှို့ထားတာပါ " လို့ တွေးမိတဲ့ အတွေးဟာ စာရေးသူရဲ့ ရင်ထဲမှာ အားသန်နေဆဲပါပဲ။

သူအပြော

သူ အောင်မြင်ရာ
သူစွမ်း ပါ၏။
သို့ပါသော်ငြား
သူစွမ်းအားထက်
သူဆရာများ
စွမ်းအင်အားသာ
ပို၍ ဆိုသော
သူအပြောသည်
သဘောကျစရာကောင်းပါ၏။
အတုယူဖွယ်ကောင်းပါ၏။

◆ ◆ ◆ ◆ ◆

http://www.dhammadownload.com

ငဲ့တော့ ငဲ့လေ

" ဒီလောက် စုတ်ပြတ်ပြီးတော့လည်း မနေနဲ့လေ " တဲ့။

စာရေးသူ ဖျားနေလို့ ထင်ပါတယ်၊ ဆရာတော် စာရေးသူရဲ့ အခန်းထဲ ဝင်လာတယ်၊ ဆရာတော်က တပည့်တွေရဲ့ အခန်းထဲမှာ ဝင်လာခဲသားပဲ၊ ဝင်လာပြီး တော့ စာရေးသူ အိပ်တဲ့ နေရာကို ကြည့်ပြီး အထက်ပါစကားလေးကို ပြောသွားလေ ရဲ့၊ ပြောမယ်ဆိုရင်လည်း ပြောချင်စရာပါပဲလေ၊ ဆရာတော် ပြောချင်လောက်အောင် ပဲ စာရေးသူရဲ့ နေရာက စုတ်ပြတ်နေတယ်လို့ ဆိုရမယ်၊ စာရေးသူရဲ့ အိပ်ရာကုတင် ပေါ်မှာ သင်ဖြူးတစ်ချပ်ပဲ ခင်းထားတယ်၊ အိပ်ရာခင်းလည်း မပါဘူး၊ သင်ဖြူးလေး ကလည်း သုံးစွဲလာတာ ကြာတော့ သင်ဖြူးအစွန်မှာ ကွပ်ထားတဲ့ အဝတ်စလေး တောင် တချို့နေရာတွေမှာ စုတ်ပြတ်ကုန်ပြီ၊ ခပ်ညစ်ညစ်ပေပေလည်း ဖြစ်နေပြီ၊ အဲဒီလို စုတ်ပြတ်ပြီး အနည်းငယ် ညစ်ပတ်နေမှန်း သိပေမယ့်လည်း " ဒါဟာ သန္တုဋ္ဌိ၊ သလ္လေခပဲလေ " လို့ တွေးကာ အားရကျေနပ်နေမိခဲ့တယ်၊ သန္တုဋ္ဌိ၊ သလ္လေခအကျင့် ဆိုတာကတော့ ကောင်းပါတယ်၊ ဒါပေမယ့် စုတ်ပြတ်ညစ်ပေနေလို့ ဆရာတော်က ဆုံးမတာ ဖြစ်ပါ လိမ့်မယ်၊ ဒါဟာ ဆရာတော်ရဲ့ သန့်ရှင်းသပ်ရပ်မှုကို နှစ်ခြိုက်မှုရဲ့ သာဓက တစ်ခုပေါ့။

စာရေးသူဟာ အမရပူရမြို့ မဟာဂန္ဓာရုံမှာ နေခဲ့တာမို့ မဟာဂန္ဓာရုံ ဆရာတော်ရဲ့ မခမ်းနားတဲ့ နေထိုင်မှုကို အားကျနေမိခဲ့ပါတယ်၊ မဟာဂန္ဓာရုံ ဆရာတော် ကျိန်းစက်တဲ့ ကုဋ္ဌင်ပေါ်မှာ ခမ်းနားကြီးကျယ်တဲ့ အခင်းကို မတွေ့ရဘူး၊ ရိုးရိုးရှင်းရှင်းနဲ့ ဝန်ကျဉ်းကျဉ်းပါပဲ၊ မဟာဂန္ဓာရုံဆရာတော်ရဲ့ ကုဋ္ဌင်ပေါ်မှာ ခင်းထားတဲ့ သင်ဖြူးတို့ အခင်းတို့ကတော့ သန့်ရှင်းတယ်၊ သပ်ရပ်တယ်၊ စာရေးသူမှာလိုတော့ မစုတ်ပြတ်၊ မညစ်ပေဘူးပေါ့၊ မဟာဂန္ဓာရုံဆရာတော်နဲ့ ရွှေတောင်ကုန်းသာသနာ့

http://www.dhammadownload.com

ရိပ်သာ ဆရာတော်တို့ဟာ သန့်ရှင်းမှု၊ သပ်ရပ်မှုတို့ကို ကြိုက်နှစ်သက်ကြတာချင်းလည်း တူညီတော်မှုကြတယ်၊ တစ်ကိုယ်ရေ သန့်ရှင်းမှု၊ အသုံးအဆောင်တွေ သန့်ရှင်းသပ်ရပ်မှု၊ ပတ်ဝန်းကျင် သန့်ရှင်းမှုတွေကို အလွန်ပဲ နှစ်ခြိုက်တော်မှုကြတယ်၊ မဟာဂန္ဓာရုံနဲ့ ရွှေတောင်ကုန်းသာသနာရိပ်သာမှာ သူတို့ (၂) ပါးဟာ သန့်ရှင်းမှု ရှိအောင် ကြောင့်ကြစိုက်တော်မှုကြတယ်။

မဟာဂန္ဓာရုံကို ရောက်ကြတဲ့ နိုင်ငံခြားသားတချို့က ဒီလောက် ကျယ်ဝန်းတဲ့ ကျောင်းတိုက်ကြီးကို ဒီလို သန့်ရှင်းသပ်ရပ်နေအောင် ဘယ်လို ဆောင်ရွက်တယ်ဆိုတာကို သိချင်လို့ မဟာဂန္ဓာရုံဆရာတော်ကို မေးကြတယ် – တဲ့၊ "ဘုရားအဆုံးအမဟာ်အတိုင်း ဆောင်ရွက်တာပါပဲ " လို့ မဟာဂန္ဓာရုံဆရာတော်က ဖြေကြားတော်မူသတဲ့၊ ဟုတ်တာပေါ့၊ ကျောင်းသန့်ရှင်းရေးအတွက် ကျင့်ဝတ်တွေကို လည်း ဘုရားရှင်က ဝိနည်းထဲမှာ ထားတော်မူခဲ့တာပဲ။

ဆရာတော်က အထက်ပါ ဩဝါဒလေးကို ပေးပြီး အခန်းထဲက ထွက်သွားပါတယ်။ ဒကာမကြီးတစ်ယောက်ကို အခင်းတစ်ခု စာရေးသူထံ ဆရာတော်က အပို့ခိုင်းလိုက်ပါတယ်။ အိန္ဒိယအိပ်ရာခင်းပါပဲ ကျွးဂူးရှင် သင်ဖြူးဟောင်းလေးပေါ်မှာ ခင်းပြီး အသုံးပြုလိုက်ပါတယ်၊ ယခုအထိပါပဲ၊ ဆရာတော်က ပေးခိုင်းလိုက်ပေမယ့် သိပ်ပြီး မယူလိုဘူး၊ ဆရာတော့်ဆန္ဒအတိုင်း ဆောင်ရွက်လိုလို့သာ လက်ခံလိုက်ပါတယ်။ နောက်စေတနာရှင်တစ်ဦးကလည်း အခင်းတစ်ခု လှူပြန်ပါတယ်။ ဒါကိုလည်း လက်မခံချင်ပါဘူး၊ အလှူရှင်ရဲ့ စေတနာ၊ သဒ္ဓါကို ငဲ့ပြီး အလှူခံလိုက်ရပြန်ပါတယ်။ အဲဒီအခင်းကိုလည်း အပေါ်က ထပ်ခင်းလိုက်ပါတယ်၊ အဲဒီအပေါ်မှ သက်နှံးအခင်းကို ထပ်ခင်းပါတယ်၊ အခင်းတွေ များနေပြီနဲ့ တူတယ်။

စာရေးသူ မဟာစည်သာသနာ့ရိပ်သာ မရောက်ခင်က ဆရာတော်တစ်ပါး မိန့်ကြားတာကို နာယူဖူးပါတယ်။

" မဟာစည်သာသနာ့ရိပ်သာ ရဟန်းငယ်ပိုင်းမှာ အိပ်ရာခင်းစတဲ့ အသုံးအဆောင်တွေကို သူက တစ်မျိုး၊ ငါက တစ်ဖုံနဲ့ အပြုံင်ပုံစံမျိုး လုပ်နေကြတာကြားရတယ်၊ အဲဒီပုံစံမျိုးကို အတုမယူသင့်ဘူး၊ အဲဒီလို ခမ်းနားကြီးကျယ်တဲ့ ပုံစံမျိုးကို အောက်တန်းစားမျက်စိရှိသူတွေကတော့ အထင်ကြီးချင်ကြီးမယ်၊ အထက်တန်းစားမျက်စိရှိသူတွေကတော့ အထင်ကြီးကြမှာ မဟုတ်ဘူး၊ အထက်တန်းစားမျက်စိရှိသူတွေရဲ့ အကြည့်ကို ခံနိုင်ရမယ် " တဲ့။

အဲဒီဆရာတော်ဘုရားရဲ့ မိန့်ကြားချက်ကိုလည်း နှစ်သက်ခဲ့ပါတယ်၊ မဟာစည်သာသနာ့ရိပ်သာထဲ ရောက်လာတဲ့အခါ လေ့လာကြည့်ပါတယ်။ စာရေးသူ

http://www.dhammadownload.com

အရင်က မတွေ့ဖူးတဲ့ အသုံးအဆောင်တွေကို တွေ့ရတာမို့ စာရေးသူရဲ့ မျက်စိအမြင်မှာ ထူးဆန်းနေပါတယ်။ မေးခွန်းတွေကိုလည်း စိတ်ထဲမှာ မေးနေမိပါတယ်၊ ရိပ်သာအပြင်မှ ပုဂ္ဂိုလ်တွေရဲ့ ရိပ်သာဘုန်းကြီးတွေကို ဒါနဲ့ ပတ်သက်ပြီး ဝေဖန်သုံးသပ်ကြတာကို ကြားယောင်လာပါတယ်။ ကမ္မဋ္ဌာန်းနယ်ပယ်ဘက်က အခြား၊ အခြားရိပ်သာတွေမှာကော ဒီလိုပဲလား၊ မပြောတတ်ပါ။

မဟာစည်သာသနာ့ရိပ်သာမှာ အချိန်ကြာကြာ နေကြည့်တဲ့အခါ အခြေအနေကို ဒီလို သိရှိနားလည်လာရပါတယ်။ ကမ္မဋ္ဌာန်းပြဆရာတော်တွေထံ တရားလာအားထုတ်ကြတဲ့ ယောဂီတွေက တရားအရသာကို တွေ့ရတဲ့အခါ သဒ္ဓါတရားတွေ အားကောင်းထက်သန်စွာ ဖြစ်ပေါ်လာကြတယ်။ အားကောင်းထက်သန်တဲ့ အဲဒီ သဒ္ဓါတရားတွေကြောင့် ကမ္မဋ္ဌာန်းဆရာတွေမှာ သူတို့ လိုအပ်တယ်ထင်တာကို လှူဒါန်းကြတယ်၊ အလွန်ခမ်းနားတဲ့ အရာတွေကို မဟာစည်ဆရာတော်ကြီးနဲ့တကွ ကမ္မဋ္ဌာန်းဆရာတွေလည်း ပယ်ကြမှာပါပဲ၊ ဟန့်တားကြမှာပါပဲ၊ အလွန်ထက်သန်အားကောင်းနေကြတဲ့ ဒကာ၊ ဒကာမတို့ရဲ့ သဒ္ဓါတရားကို ငဲ့ရင်း ငဲ့ရင်း အားနာရင်း၊ အားနာရင်းနဲ့ သူတို့ရဲ့ လှူဖွယ်တွေကို မပယ်လှန်နိုင်ဘဲ လက်ခံကြရတော့တာ ဖြစ်မှာပါပဲ၊ တရားအင်အား အလွန်ကောင်းတော်မူတဲ့ မဟာစည်ဆရာတော်ကြီးမှာ ဒကာ၊ ဒကာမတို့ရဲ့ သဒ္ဓါတရားကို ငဲ့ရုံသက်သက်ပဲ ရှိမယ်၊ သာယာနှစ်သက်မယ် မဟုတ်ဘူး – လို့ ယုံကြည်လေးစားပါတယ်၊ တရားအင်အား ကောင်းတော်မူကြတဲ့ နာယက ကမ္မဋ္ဌာန်းဆရာတွေကိုလည်း ထိုနည်းတူစွာပဲ တွေးဆမိပါတယ်။ တရားအင်အားကောင်းကြတဲ့ ရဟန်းငယ်တွေမှာလည်း ထိုနည်းတူစွာပဲ တွေးဆချင်ပါတယ်။

စာရေးသူရဲ့ ကျေးဇူးရှင်ဖြစ်တဲ့ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ကကော ဘယ်လို သဘောရှိသလဲဆိုတာကို သိချင်ပါတယ်၊ ဒါကြောင့် ဆရာတော်ရဲ့ အနီးကပ်ပြုစုတဲ့ ပုဂ္ဂိုလ်တွေကို မေးကြည့်ပါတယ်။ သူတို့က ဒီလို ပြောပြကြပါတယ်။

"တပည့်တော်တို့က ဆရာတော်မရှိခိုက် တောက်ပကောင်းမွန်တဲ့ အခင်းတွေ ခင်းခဲ့ရင် တပည့်တော်တို့ မရှိခိုက် ဆရာတော်က သူကိုယ်တိုင် ဖယ်ရှားပြီး အခြား မတောက်ပတဲ့ အခင်းကို ခင်းတယ်၊ ကြောင်ကြောင်ကြားကြား အခင်းတွေကိုလည်း ဆရာတော် မကြိုက်ဘူး၊ ခင်းခွင့်မပေးဘူး၊ အခင်း ခင်းပြီးရင် အဲဒီအခင်းပေါ်မှာ သူရဲ့ သက်နှံးရောင်အခင်းဟောင်းကို ထပ်ခင်းတယ်၊ ပြီးတော့ သားရေနွယ်အခင်းကိုလည်း ခင်းတယ်။"

"သိပ် တောင်ပကောင်းမွန်တဲ့ အခင်းကို ခင်းရင် အပြင်က အာဂန္တုသံယာတွေ ကြွလာတဲ့အခါ တွေ့သွားရင် ဧပြာချင်စရာ ဖြစ်နေမယ်၊ မခင်းနဲ့ – လို့

http://www.dhammadownload.com

ဆရာတော်က ဝိန်တယ် " တဲ့။

ဒီစကားကို ကြားရတော့ ဒကာ၊ ဒကာမတို့ရဲ့ သဒ္ဓါတရားကို ငဲ့ရုံသက်သက်ပဲ ရှိမယ်၊ သာယာနှစ်သက်မယ် မဟုတ်ဘူး လို့ တွေးခဲ့တဲ့ အတွေးဟာ အရေး သာလာပါတယ်။

တစ်ခါက ဒကာမတစ်ယောက်က ဆရာတော်ကို ပြုစုတဲ့သူကို အခန်းစီး တစ်ခု လှူပေးဖို့ ပေးလိုက်တယ်၊ အခန်းစီးက သိပ်တောက်ပပြီး သိပ်ကောင်းလွန်း နေတယ် – တဲ့၊ ဒါကြောင့် ပြုစုသူက ဆရာတော် မကြိုက်မှန်း သိလို့ ဆရာတော် အား မဆက်ကပ်ချင်ပေမယ့် အလှူရှင်ဆန္ဒကို ငဲ့ပြီး ကပ်ပေးရတယ်၊ ကပ်ပေးတဲ့ အခါ ဆရာတော်က ဒီလို ဝိန်သတဲ့။

" ဒီအခန်းစီးကို အသုံးပြုရင်တော့ ဘုန်းကြီးရဲ့ အခန်းဟာ သတို့သားရဲ့ အခန်းလို ဖြစ်နေလိမ့်မယ် " တဲ့။

ဆရာတော် မကြိုက်မှန်း သိလို့ အဲဒီအခန်းစီးကို မသုံးဖြစ်ပါဘူး – တဲ့။

အခြေအနေမှန်ကို သိလာရခဲ့တဲ့ စာရေးသူဟာ လေးစားစရာ အနေအထား ကို သိလာရလို့ လေးစားလာမိပါတယ်။

ငဲ့တော့ ငဲ့လေ

အလှူရှင်များရဲ့ သဒ္ဓါတရား
ငဲ့ဖို့ကတော့ လိုအပ်သား၊
သို့ပါသော်ငြား အများအမြင်
ကဲ့ရဲ့ဖွယ်တော့ သတိယှဉ်၊
ရိပ်သာမဝင် ထိုသူများ
ကုသိုလ်မှားဖို့ ကြောင်းတရား။

http://www.dhammadownload.com

ကြိုးစား – စား

စာရေးသူ၏ ရွာမှ ကျေးဇူးရှင်ဆရာတော်ဟာ ပရိတ်၊ ပဋ္ဌာန်း၊ ဓမ္မစကြာ အနတ္တလက္ခဏာ၊ မဟာသမယသုတ် စတဲ့ ရွတ်ဖတ်ဖွယ်တွေကို နံနက်ပိုင်းရော၊ ညပိုင်းပါ ရွတ်ဖတ်လေ့ရှိတယ်။ ပုတီးကိုလည်း အချိန်ရှိသမျှ စိပ်နေတာပဲ၊ သူက စကား သိပ်ပြောတာ မဟုတ်ဘူး၊ သူကို အားကျလို့နဲ့ တူပါရဲ့၊ စာရေးသူဟာ မဟာဂန္ဓာရုံက ထွက်ပြီးတဲ့နောက်ပိုင်းမှာ ရွတ်ဖတ်စရာလေးတွေကို ရွတ်ဖတ်နေခဲ့တယ်၊ မဟာဂန္ဓာရုံမှာ နေခဲ့တုန်းကတော့ ဗုဒ္ဓါနုဿတိနဲ့ မေတ္တာကို ပွားရတာပါပဲ၊ မဟာဂန္ဓာရုံဆရာတော်က အဲဒါတွေ ပွားဖို့ ဆုံးမတယ်လေ၊ သူကိုယ်တိုင်လည်း အဲဒါတွေ ပွားတာပဲဂိုး၊ မဟာဂန္ဓာရုံဆရာတော်က သူကိုယ်တိုင်လည်း ပုတီးမကိုင်ဘူး၊ မစိပ် ဘူး၊ တပည့်တွေကိုလည်း ပုတီးစိပ်ဖို့ မညွှန်ကြားဘူး၊ စာရေးသူဟာ မဟာစည် သာသနာ့ရိပ်သာမှာ တရားအားထုတ်ပြီး နောက်ပိုင်းမှာလည်း ရွတ်ဖတ်ပူဇော်တဲ့ စာတွေကို ရွတ်ဖတ်ပူဇော်လျက်ပါပဲ။

တစ်ခါမှာတော့ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်လောင်းလျာ မဟာစည်ဩဝါဒိစရိယ ဆရာတော်က စာရေးသူကို ဆောင်းပါးတစ်ပုဒ် အရေးခိုင်း ပါတယ်၊ အဲဒီတုန်းက စာရေးတဲ့ အလေ့အထ မရှိသေးဘူး၊ မဟာစည်သာသနာ့ ရိပ်သာမှာတုန်းကပါပဲ၊ ဒါကြောင့် စာရေးသူဟာ "သာမဏောကျော်" ဆိုတဲ့ ကလောင် နာမည်နဲ့ မရေးသေးပါဘူး၊ "သာမဏောကျော်" ဆိုတဲ့ ကလောင်နာမည်နဲ့ ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှ ရေးဖြစ်တာပါ၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော် လောင်းလျာက ရေးခိုင်းတဲ့ အဲဒီဆောင်းပါးရဲ့ နာမည်ကိုတောင် မှတ်မိနေသေးတယ်၊ "မြတ်ဗုဒ္ဓ၏ မြင့်မြတ်သော ဆန္ဒတော်" တဲ့၊ သာသနာ့ ရောင်ခြည်မဂ္ဂဇင်းမှာ ရေးပါတယ်၊ အဲဒီဆောင်းပါး ရေးပြီးကထဲက စာရေးသူဟာ

http://www.dhammadownload.com

ရွတ်ဖတ်စရာတွေကို ရွတ်ဖတ်တဲ့ အလေ့ကို စွန့်ခဲ့ပါတယ်၊ ရွတ်ဖတ်တဲ့အလေ့က မကောင်းလို့တော့ မဟုတ်ပါဘူး၊ ကောင်းပါတယ်၊ ဒါပေမယ့် ပိုပြီးကောင်းတာကိုပဲ လုပ်နိုင်အောင် ကြိုးစားမယ်လို့ ဆုံးဖြတ်မိလို့ပါပဲ။

အဲဒီဆောင်းပါးကို ဖတ်ရတဲ့သူတွေမှာတော့ ဆောင်းပါးရဲ့ အကျိုးသက်ရောက်မှုရှိ, မရှိတော့ မသိရပါ၊ ဆောင်းပါးရေးသူကိုယ်တိုင်မှာတော့ အကျိုးသက်ရောက်မှုရှိသွားပါတယ်၊ ဆရာတော်ရဲ့ ရည်ရွယ်ချက် အောင်မြင်မှု ရတယ်လို့ ဆိုနိုင် တာပေါ့၊ ရေးတဲ့သူမှာတောင် အကျိုးမသက်ရောက်သေးဘူး – ဆိုရင် အဲဒီဆောင်းပါးဟာ အသက်မပါသလို ဖြစ်သွားမှာပေါ့၊ ခုတော့ အဲဒီဆောင်းပါးဟာ အသက်ပါလာပြီ, အသက်ဝင်လှုပ်ရှားလာပြီ – လို့ ဆိုနိုင်ပါတော့တယ်။

ဆရာတော်က အခါအခွင့် သင့်တိုင်း ဒီရည်ရွယ်ချက်ကို မိန့်ကြားလေ့ရှိပါတယ်၊ တစ်ခါက ဆရာတော်ထံ ဘာသာရေးမဂ္ဂဇင်းတစ်စောင်ရဲ့ အယ်ဒီတာတစ်ဦး ရောက်လာပါတယ်၊ အဲဒီမဂ္ဂဇင်းကလည်း အလွန်အောင်မြင်နေတဲ့ မဂ္ဂဇင်းပါ၊ "ဘယ်ဂါဏာကို ရွတ်လို့ ဘယ်လို စွမ်းတယ်၊ ဘယ်လို အန္တရာယ်မှ လွတ်မြောက်ရတယ်" စတဲ့ အကြောင်းအရာတွေကို ရေးတဲ့ဆောင်းပါးတွေနေရာမှာ လက်တွေ့တရားမှတ်လို့ အကျိုးရကြောင်း ဖော်ပြတဲ့ ဆောင်းပါးတွေကို အစားထိုးဖော်ပြပေးကြဖို့ အဲဒီအယ်ဒီတာကို အခါခါ တော်တော်များများ တိုက်တွန်းတယ်။ အဲဒီလို တိုက်တွန်းလို့လားတော့ မပြောတတ်ဘူး၊ ဘုန်းကြီးထံ အဲဒီအယ်ဒီတာ သိပ်မလာတော့ဘူး" တဲ့၊ ဆရာတော်က သူရဲ့ တိုက်တွန်းချက် အကောင်အထည် ပေါ်မလာဘူး – လို့ ယူဆပုံပေါ်ပါတယ်၊ အခြားအောင်မြင်နေတဲ့ ဘာသာရေးမဂ္ဂဇင်းတစ်ခုကလည်း အဲဒီဂါထာတွေရဲ့ အစွမ်းအကြောင်း ဆောင်းပါးတွေ ထည့်ပေးမှပဲ ပိုပြီးတွင်ကျယ်လာသတဲ့၊ အဲဒီတွင်ကျယ်လာတဲ့ မဂ္ဂဇင်းရဲ့ အယ်ဒီတာချုပ်က ပြောတယ်၊ "လူတွေကလည်း ခက်တယ်၊ အဲဒီလို ဆူလွယ်၊ နပ်လွယ် ဆောင်းပါးမျိုးတွေကို သိပ်ကြိုက်နေကြတယ်၊ အဲဒီလို ဆောင်းပါးတွေက များလာတော့ ရိုးအီသွားကြပြန်တယ်၊ လူတွေက ဘဝမှာ မပြေလည်မှုတွေ ရှိနေကြတော့ ပြေလည်မှုလေး ရလိုရငြားအားကိုးရာ ရှာကြတာပါပဲ" တဲ့၊

ဆရာတော်ထံ ဂါထာအစွမ်း၊ ပရိတ်အစွမ်းတွေအကြောင်း လာပြီး လျှောက်ကြတဲ့သူတွေ ရှိတယ်၊ ဆရာတော်က သူတို့ ပြောသမျှ နားထောင်ပြီ" ဂါထာတွေ ရွတ်တာ၊ ပရိတ်တွေ ရွတ်တာထက် သတိပဋ္ဌာန်တရား ရှုမှတ်တာက ပိုကောင်းတာပေါ့၊ မှတ်ကြည့်ပါလား" လို့ မိန့်ကြားလေ့ရှိပါတယ်၊ "ပရိုက်တွေ ရွတ်လို့ အန္တရာယ်ကင်းခဲ့တဲ့ အဖြစ်အပျက်တွေဟာ ဘုရားလက်ထက်ကပင်း ရှိခဲ့တာပါပဲ၊ ယခုလည်း

http://www.dhammadownload.com

ရှိနေတာပဲ၊ အဲဒီပြင်ပအန္တရာယ် ကင်းရုံမျှသာ ရည်ရွယ်ပြီး ဘုရားက တရားတွေ ဟောခဲ့တာ မဟုတ်ဘူး၊ ရာထူးတက်ရုံ၊ စီးပွားတတ်ရုံ၊ အောင်မြင်ကျော်ကြားလာရုံ မျှအတွက်သာလည်း မဟုတ်ဘူး၊ ဒါတွေဟာ ဘာမျှ မပြောပလောက်တဲ့ အကျိုးတွေပဲ၊ အန္တရာယ်ဆိုတာကလည်း အပြင်အန္တရာယ်ထက် အတွင်းအန္တရာယ်က ပိုကြောက်စရာကောင်းတယ်၊ အပြင်အန္တရာယ်က နှိပ်စက်ရင် တစ်ဘဝပဲ၊ အတွင်းအန္တရာယ်ကတော့ တစ်ဘဝသာမက ဘဝပေါင်းများစွာ နှိပ်စက်နိုင်တယ်၊ ဒါကြောင့် အတွင်းအန္တရာယ်က ပိုကြောက်စရာကောင်းတယ်၊ ပိုပြီး ကြောက်စရာကောင်းတဲ့ အန္တရာယ် ကင်းဖို့က ပိုပြီး အရေးကြီးတယ်၊ ဒါကြောင့် အဲဒီအတွင်း ကိလေသာ အန္တရာယ်တွေကို အကာအကွယ်ပေးနိုင်တဲ့ သတိပဋ္ဌာန်အလုပ်ကို အားထုတ်ကြရမယ် " စသည်နဲ့လည်း ရှင်းပြတတ်ပါတယ်။

မိုးကုတ်ဆရာတော်လို့ နာမည်ကျော်ကြားတဲ့ ဆရာတော်ဥုံးဝိမလရဲ့ စကားနဲ့ ပြောရရင်တော့ " အရွှတ်ဆိုတာ အသားလောက် မကောင်းဘူး " လို့ ပြောရမှာပေါ့၊ မိုးကုတ်ဆရာကော်က လူပြိန်းတွေ နားလည်အောင် သိပ်ပြောတတ်တာပဲ၊ နောက်ပြီးတော့ မိုးကုတ်ဆရာတော်က ပြောသေးတယ်၊ " သောက်ဆေးနဲ့မှ ပျောက်မယ့်ရောဂါကို လိမ်းဆေး လိမ်းရုံနဲ့ကတော့ ပျောက်အောင် လုပ်လို့ မရဘူး၊ သက်သာချင် သက်သာရုံပဲ ရှိမယ် " တဲ့၊ မှတ်သားရလွယ်ကူအောင် တော်တော် ပြောတတ်တာပဲ။

ဒီတော့ ဆရာတော်တွေ ဆိုလိုတာက – ပရိတ်တွေ၊ ဂါထာတွေ ရွတ်ချင်ရွတ်ပါ၊ ရွတ်တဲ့ ကုသိုလ်လေးမျှနဲ့ အားရကျေနပ်ကာ ရပ်တန့်မနေပါနဲ့၊ ရွတ်လို့ရတဲ့ အကျိုးအထွေထွေနဲ့လည်း တင်းတိမ်မနေပါနဲ့၊ ဘာမှ ပြောပလောက်တဲ့ ကုသိုလ်၊ ဘာမှပြောပလောက်တဲ့ အကျိုးတွေ မဟုတ်သေးပါဘူး၊ ဒါလောက်နဲ့သာ အားရကျေနပ်နေရင် အနှစ်ကို ယူမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သစ်တောကြီးထဲ ဝင်သွားပြီး သစ်ပင်ရဲ့ အကိုင်းအခက်တွေကိုသာ အနှစ်ထင်မှတ်ကာ ထမ်း ့ သာသွားနဲ့ တူနေပါလိမ့်မယ်။ ဘုရားသာသနာမှာ အနှစ်အထိ ရအောင် ယူမှ သာသနာနဲ့ တွေ့ရကြုံးနပ်မယ်။ အကိုင်းအခက်လောက်နဲ့သာ ကျေနပ်နေရင် သာသနာနဲ့ တွေ့ရကြုံး မနပ်ပေဘူးတဲ့။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော် ပြောပြဖူးတဲ့ ဘုရား စကားတော် ရှိတယ်။ အဲဒါက–ဘုရားရှင် ဟောကြားထားတဲ့ တရားတွေကို ရွတ်ဖတ်နေသူဟာလည်း တရားနဲ့နေသူ (ဓမ္မဝိဟာရီ) မဟုတ်သေးဘူး – ဆိုတဲ့ စကားတော်ပါပဲ။ ဒီတော့ တရားနဲ့နေသူ ဖြစ်အောင် ရွတ်ဖတ်နေရုံနဲ့လဲ မပြီးသေးဘူး။ လက်တွေ့ကျင့်ရအုံးမယ်ပေါ့။

http://www.dhammadownload.com

ဘုရား မိန့်ကြားထားတဲ့ နောက်စကားတစ်ခွန်း ရှိသေးတယ်။ အဲဒါက – အကျင့်သီလရှိရုံမျှနဲ့လည်း တင်းတိမ်မနေကြနဲ့။
ဗုဒ္ဓတရား ဗဟုသုတရှိရုံမျှနဲ့လည်း တင်းတိမ်မနေကြနဲ့။
သမာဓိရရုံမျှနဲ့လည်း တင်းတိမ်မနေကြနဲ့။
ဆိတ်ငြိမ်ရာရရုံမျှနဲ့လည်း တင်းတိမ်မနေကြနဲ့။
အနာဂါမိဖိုလ်ချမ်းသာမျှနဲ့လည်း တင်းတိမ်မနေကြနဲ့ – တဲ့

ဒီဘုရားစကားတော်ဟာလည်း ဘယ်လောက်ကောင်းသလဲ၊ ရဟန္တာအဖြစ် ဆိုတဲ့ နောက်ဆုံး ပန်းတိုင် မရောက်မချင်း လမ်းခုလတ်မှာ ရပ်မနေနဲ့၊ တန့်မနေနဲ့၊ လမ်းဆုံး မရောက်မချင်း တစ်သွားထဲ သွားနေ – လို့ ဆိုလိုပါတယ်။

ဆရာတော် ရေးခိုင်းလို့ ရေးခဲ့တဲ့ – "မြတ်ဗုဒ္ဓ၏ မြင့်မြတ်သော ဆန္ဒတော်" ဆိုတဲ့ ဆောင်းပါးမှာ အထက်ပါ ဘုရားစကားတော်တွေကို ထည့်ရေးထားပါတယ်။ အဲဒီဆောင်းပါးက စာရေးသူကို ဒီလို တိုက်တွန်းနှိုးဆော်သွားတယ်လို့ မှတ်ယူလိုက်ပါတယ်။

၁။ ဘုရားသာသနာမှာ အရှုတ်နဲ့တင် တင်းတိမ်မနေဘဲ အသားကို စားဖြစ်အောင် စားပါ။
၂။ လိမ်းဆေးနဲ့တင် မပြီးဘဲ သောက်ဆေးကို သောက်ဖြစ်အောင် သောက်ပါ။
၃။ အပြင်အန္ဆရာယထက် ပိုကြောက်စရာကောင်းတဲ့ အတွင်းကိလေသာအန္ဆရာယကို သတိပဋ္ဌာန်လက်နက်နဲ့ နှိမ်နင်းပါ။
၄။ သာသနာသစ်ပင်မှ အကိုင်း၊ အခက်ကို မယူဘဲ အနှစ်ကို ယူဖြစ်အောင် ယူပါ။
၅။ သတိပဋ္ဌာန်ရှုမှတ်နဲ့ " တရားနဲ့နေသူ " အမည် ရအောင် ကြိုးစားပါ။
၆။ သာသနာရဲ့ နောက်ဆုံးပန်းတိုင်အထိ ရောက်အောင် ရှေ့သို့ ခရီးဆက်ပါ။

ဘုရားသာသနာမှာ အရှုတ်ရဲ့ အရသာနဲ့သာ တင်းတိမ်နေကြသူတွေကို ဆရာတော်ဟာ နေရာမျှားစွာမှာ အခါခါ တွေ့ဖူးပါလိမ့်မယ်၊ အသားရဲ့အရသာကို ခံစားကြည့်ကြဖို့ အခါခါ တိုက်တွန်းပါလိမ့်မယ်၊ ဆရာတော် တိုက်တွန်းလို့ အသားရဲ့ အရသာကို ခံစားကြည့်ကြသူတို့က အရှုတ်ရဲ့ အရသာနဲ့ အသားရဲ့ အရသာတို့ရဲ့ ခြားနားမှုကို ကောင်းစွာ နားလည်လာကြတယ်၊ အသားရဲ့ အရသာကို မခံစားရသေးခင်က အရှုတ်ရဲ့ အရသာဟာ အကောင်းဆုံးလို့ ထင်ခဲ့တာ မှားလေပြီလို့ အသိဝင်ကာ အမြင်မှန် ရလာကြတယ်၊ ဆရာတော်ဟာ အရှုတ်အရသာနဲ့သာ တင်းတိမ်နေကြသူတွေကို နှိမ်လိုလို့ ပြောတာ မဟုတ်၊ ကရုဏာ၊ မေတ္တာနဲ့သာ ပြောတာပဲ ဆိုတာကိုလည်း သဘောပေါက်လာကြတယ်၊ အဲဒီအခါ ဆရာတော်ကို ကျေးဇူးတင်

http://www.dhammadownload.com

လာကြတယ်၊ ကျေးဇူးရှင်အဖြစ် သတ်မှတ်လာကြတယ်၊ သာသနာမှာ ဒီလို အရွှတ်နဲ့ အသား ခြားနားမှုကို ပြောပြတဲ့ ဆရာတော်တွေ တကယ် လိုအပ်နေပါလား ဆိုတာ လက်ခံလာကြတယ်။ အမြင် မကြည်လင်ခင်က ဆရာတော်က ဒီလို နှိမ်သလိုလို ပြောလို့ ဆရာတော့်ကို မုန်းချင် မုန်းနိုင်ကြပေမယ့် အမြင်ကြည်လင်ပြီး အမြင်မှန် ရလာတဲ့အခါ မမုန်းနိုင်ကြတော့ပါ။ တစ်သက်လုံး ကြည့်ညှိလာကြပါတော့တယ်၊ အားကိုးလာကြပါတော့တယ်။

ကြိုးစား – စား

အသား ကျွေးလို
မစားသေးဘဲ
အရွှတ်ခဲကာ
ငါးနေပါလျှင်
ရသာထူးခြား
သင် လွတ်သွားလိမ့်။

လွတ်သွားလေက
သင်ဘဝဟာ
အရုနာဇမ်း

မနာရုံအောင်
စားဖြစ်အောင် စား
ကြိုးစား စား။

□ □ □ □ □

http://www.dhammadownload.com

၁၁၈ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်၏

ခေါင်းဆောင်ကောင်း

" ဆရာတော်ရဲ့ ကောင်းတဲ့ စည်းကမ်းတွေကို ကိုယ်ကိုယ်တိုင် လူကြီး ဖြစ်လာတဲ့အခါ ရောက်မှ သိရတယ်၊ မီးနဲ့ ရေကို သုံးတာနဲ့ ဖြုန်းတာ ခွဲခြားနားလည် လာတယ်၊ မီးနဲ့ရေရဲ့ ကုန်ကျစရိတ်ကို ကိုယ်ကိုယ်တိုင် သိလာရတော့ မခြွေတာလို့ မရတော့ ဘူး၊ ခြွေကို ခြွေတာ လာရတယ်၊ မခြွေတာရင် မသက်သာဘူး " – တဲ့။

ဒီစကားလေးတွေကို သူထံက ကြားရတော့ ဝမ်းသာတယ်၊ အံ့လည်း အံ့သြသွားမိတယ်။ သူ့ထံက ဒီလိုစကားမျိုးကို ကြားရလိမ့်မယ်လို့ မမျှော်လင့်မိလို့ ပါပဲ၊ စာရေးသူ သူနေရာ ရောက်လို့ အဲဒီစကားလေးတွေ သူက ပြောတော့ သူက ခပ်ပြုံးပြုံးပဲ၊ ဘာကို တွေးပြီး သဘောကျနေတာလည်းတော့ မပြောတတ်။ သူက ဘာတွေကို တွေးနေတာ မသိရပေမယ့် စာရေးသူရဲ့ စိတ်ထဲမှာတော့ သူရဲ့ အတိတ်က အခြေအနေလေးတွေကို ပြန်မြင်ယောင်လာမိတယ်၊ သူက နည်းနည်း အရွက် တိုက်ချင်တတ်တယ်၊ သူနဲ့အတူ မဟာစည်သာသနာ့ရိပ်သာထဲ နေတုန်းကပါ၊ သူက အဲဒီတုန်းက (၇) ဝါလောက်ပဲ ရှိအုံးမယ် ထင်တယ်၊ ငယ်ရွယ်တုန်းမို့ အရွက်တိုက် ချင်တာလာတော့ မပြောတတ်ဘူး၊ သူက အဲဒီတုန်းက သစ်သားကမ္မဋ္ဌာန်းကျောင်း ဖလေးတွေထဲက တစ်ကျောင်းမှာ နေတယ်၊ သက်တော်၊ ဝါတော်ကြီး ဘုန်းတော်ကြီး တစ်ပါးက သူ့ကျောင်းဘေးမှာ နေတယ်၊ သူ့ကို အဲဒီဘုန်းတော်ကြီးက ရေချိုးခန်း မှာ မီးဖွင့်ပြီး ပိတ်မထားလို့၊ ရေဖွင့်ပြီး မဲ့ထားလို့ သတိပေးတယ်၊ သူက အရွက် တိုက်ပြီး မီးဖွင့်ပြီး ပိတ်မထားဘဲ ဆက်ဖွင့်ထားခဲ့တယ်၊ ရေကိုတော့ အရွက်တိုက် ဖွင့်ပုံ မပေါ်ပါဘူး၊ အခု သူကိုယ်တိုင် လူကြီး ဖြစ်လာတော့ အဲဒီဘုန်းတော်ကြီးကို ဘယ်လို နားလည်နေမလဲ၊ သဘောထားတွေ ပြောင်းလွဲလောက်ပါပြီ။ သူကို လူကြီး လို့ ပြောရတာကတော့ နေရာဌာနတစ်ခုရဲ့ ဦးဆောင်အကြီးအကဲ ဖြစ်လာလို့

http://www.dhammadownload.com

ပြောရတာပါပဲ၊ ဘီကလည်း မငယ်တော့ဘူး၊ (၁၅) ဝါလောက် ရှိနေပြီ။ သူ ဆိုတာက အရှင်သံဝရာလင်္ကာရပါပဲ၊ သူက ရွှေတောင်ကုန်းသာသနာ့ရိပ်သာခွဲအနေ နဲ့ သင်္ကန်းကျွန်း၊ ကျိုက္ကစံ ဓမ္မပိယသာသနာ့ရိပ်သာမှာ ဆရာတော် ဖြစ်နေတယ်လေ။

သူက ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ (၃) နှစ်လောက် နေသွား တယ်၊ နေစဉ်ကလည်း သူ့ကို ဆရာတော်က ဓမ္မာဓိဋ္ဌာန်သဘောနဲ့ ဩဝါဒပေးတာတွေ တော်တော် ရှိတယ်၊ ရေတို၊ မီးတို သုံးစွဲတာတို့နဲ့ ပတ်သက်ပြီး ဆုံးမတာတွေကိုတော့ သူ့ကို ရည်ညွှန်းပြောတာ မဟုတ်ဘဲ အများကို ရည်ညွှန်းကာ ဆရာတော်က အခါခါ ပြောဖူးပါတယ်၊ အဲဒီတုန်းကတော့ ဆရာတော် ဆုံးမတာတွေကို သူ ပိုတယ်လို့ ထင်ချင် ထင်ပါလိမ့်မယ်၊ သူနဲ့ အခြားရဟန်းငယ်တစ်ပါးတို့ ဖုန်းဆက်တာ များတယ် ဆိုတဲ့ သတင်းကို ဆရာတော်က ကြားရလို့ သူတို့ကို ဓမ္မာဓိဋ္ဌာန်သဘောနဲ့ ဆုံးမ စကားတွေ ပြောတာ မှတ်မိသေးတယ်။ ယခု သူ့ကျောင်းမှာလည်း ဖုန်း ရှိနေတာမို့ ဖုန်းအသုံးပြုရေးနဲ့ ပတ်သက်ပြီး ဆရာတော်ပေးတဲ့ ဩဝါဒတွေကိုလည်း သူ ကောင်း ကောင်း သဘောပေါက်နေလောက်ပါပြီ၊ ဆရာတော်ရဲ့ ဩဝါဒတွေကို သူကိုယ်တိုင် လိုက်နာကျင့်သုံးပြီး သူတစ်ပါးတွေကိုလည်း လိုက်နာကျင့်သုံးဖို့ တိုက်တွန်းနေပြီနဲ့ တူပါရဲ့၊ အဲဒီလိုပဲ လိုက်နာနေပြီလို့ သူ ပြောပြတယ်လို့ မှတ်မိနေတယ်။

သူ့ရဲ့ ဒီအခြေအနေလေးတွေကို ကြားသိရတော့ အဇာတသတ်ကို သွား သတိရမိတယ်၊ အဇာတသတ်ဟာ သူ့မှာ သားလေး မရခင်က သူ့ဖခင် ဗိမ္ဗိသာရရဲ့ ဖခင်မေတ္တာကို သူ နားမလည်နိုင်ခဲ့ရှာဘူး၊ သူ့မှာ "ဥဒယဘဒ္ဒ "ဆိုတဲ့ သားလေးရ လာတော့ သူ့ရင်မှာ ဖခင်မေတ္တာ ပေါက်ဖွားလာတာကိုး၊ သူက သူ့သားလေးကို သိပ်ချစ် တယ်ဆိုပဲ၊ သိပ်ချစ်တော့ ငါ့ဖခင်ကကော ငါ့ကို ဒီလို ချစ်ရဲ့လား သိချင်လို့ သူ့မိခင်ကို မေးတဲ့အခါ သိပ်ချစ်ကြောင်း သိရတယ်တဲ့။

အရှင်သံဝရာလင်္ကာရလည်း သူကိုယ်တိုင် ယခုအခါ ဖခင်အရာ ရောက် လာနေပြီ၊ ဒါကြောင့် သူဖခင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ရဲ့ စည်းကမ်းတွေ၊ မေတ္တာတွေ၊ စေတနာတွေ၊ ကရုဏာတွေကို သူ နားလည်လာနေပြီ၊ ဆရာတော်ရဲ့ အဆုံးအမတွေရဲ့ တန်ဖိုးကို သိရှိလာပြီး ဆရာတော်ရဲ့ စည်းကမ်းတွေရဲ့ ကျေးဇူးကြီးတာကို သူကိုယ်တိုင် ကိုယ်တွေ့ဖြစ်နေလေပြီ။

ဆရာတော်က စည်းကမ်းကောင်းတွေကို သူကိုယ်တိုင် လိုက်နာကျင့်သုံး တယ်၊ စည်းကမ်းကောင်းတွေရဲ့ ကောင်းကျိုးတွေကို သူကိုယ်တိုင် ရရှိခံစားနေရ တယ်၊ ဒါကြောင့် သူအရိပ်ကို မှီခိုနေကြသူအားလုံးကို စည်းကမ်းကောင်းတွေ ပေး တယ်၊ သူတပည့်သံယာတွေထဲက နာယက ဆရာတော်တွေကိုလည်း ပေးတယ်။

http://www.dhammadownload.com

ဝန်ဆောင် သံဃာတွေကိုလည်း ပေးဘယ်။ ယောဂီသံဃာတွေကိုလည်း ပေးတယ်၊ ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းချိန်မှာ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းသား ကိုရင်၊ သိက္ခာရှင်တွေကိုလည်း ပေးတယ်၊ ဆွမ်းစားကျောင်း ဝေယျာဝစ္စပြုလုပ် သူတို့ကိုလည်း ပေးတယ်၊ စာသင်သား သိက္ခာရှင်တွေကိုလည်း ပေးတယ်၊ ထေရဝါဒ ဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့မှ အဖွဲ့ဝင်ပုဂ္ဂိုလ်တွေကိုလည်း ပေးတယ်၊ ရိပ်သာမှ အလုပ်သမားတွေကိုလည်း ပေးတယ်၊ အပြင်မှ ဆရာတော်ကို လာရောက်ဖူးမျှော်ကန်တော့ကြတဲ့ ပုဂ္ဂိုလ်တွေကိုလည်း ပေးတယ်၊ ဆွမ်းစသည် လာရောက်လှူဒါန်းကြသူတွေကိုလည်း ပေးတယ်၊ ကလေးငယ်တွေမှ စပြီး အဖိုးကြီး၊ အဖွားကြီးတိုင်အောင် ပေးတယ်၊ ပြည်တွင်းကသာမက ပြည်ပက ပုဂ္ဂိုလ်တွေကိုလည်း ပေးတယ်၊ အလွှာမျိုးစုံမှ လူမျိုးစုံအား အဆုံးအမမျိုးစုံကို ပေးတယ်။

ဆရာတော်ကတော့ ပေးတာပါပဲ၊ အားလုံးတော့လည်း ပေးတဲ့အတိုင်း ခံယူနိုင်ကြမယ် မဟုတ်ဘူးပေါ့၊ ခံယူနိုင်ရင် ခံယူနိုင်သလောက် အကျိုးသက်ရောက်မှု ရှိလိမ့်မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ ဆရာတော်ကလည်း ပေးနေတာ ဖြစ်ပါလိမ့်မယ်၊ ဝိုးရွာတဲ့အခါ တံစက်မြိတ်က ရေကို ခံယူသူတွေဟာ အိုးခြမ်းပဲနဲ့ ခံယူရင် အိုးခြမ်းပဲလောက်ပဲ ရေရမယ်၊ အိုးလေးနဲ့ ခံယူရင် အိုးလေးအပြည့် ရေရမယ်၊ အိုးကြီးနဲ့ ခံယူရင် အိုးကြီးနဲ့ အပြည့် ရေရမယ်၊ ခံယူနိုင်ရင် ခံယူနိုင်သလောက် ရတာပဲ၊ ဆရာတော်က စည်းကမ်းတွေ၊ သြဝါဒတွေ ပေးပေမယ့်လည်း ခံယူသူတွေရဲ့ ခံယူနိုင်တဲ့ အားအပေါ်မှာ မူတည်ပြီး ရရှိကြမှာပါပဲ။

ဆရာကော်ထဲ ပြည်ပက လာရောက်တရားအားထုတ်ကြတဲ့ ယောဂီတွေထဲက သြစတြေးလျမှ အမျိုးသားတစ်ယောက်ကို " မြန်မာနိုင်ငံမှ အကောင်ဆုံးလက်ဆောင်အဖြစ် ဘာကို ယူသွားလိုပါသလဲ " လို့ စာရေးသူက မေးတဲ့အခါ "ရွှေတိဂုံစေတီတော် ကြီးနဲ့ ဆရာတော်ဥူးပဏ္ဍိတကို ယူသွားချင်တယ် " လို့ ဖြေတယ်၊ ဂျပန်အမျိုးသမီး ယောဂီကတော့ " ဆရာတော် ဥူးပဏ္ဍိတရဲ့ ဓာတ်ပုံကို အကောင်းဆုံးလက်ဆောင် ပစ္စည်းအဖြစ် ယူသွားချင်တယ် " - တဲ့၊ ဆရာတော့်ကို အလွန်အကဲ ပြတ်နိုးတန်ဖိုး ထားကြတယ် ဆိုတဲ့ အဓိပ္ပါယ်ပါပဲ၊ ဆရာတော်ကြောင့် သူတို့ ကောင်းကျိုးအထွေထွေ ခံစားနေရတာမို့ ဒီလောက် မြတ်နိုးတန်ဖိုးထားတာပေါ့။

ဆရာတော်ရဲ့ စည်းကမ်း၊ ဆရာတော်ရဲ့ သြဝါဒတွေကို ချက်ချင်း လိုက်နာလို့ ချက်ချင်း အကျိုးရသွားသူတွေ ရှိတယ်၊ အရှင်သံဝရာလင်္ကာရလို နောင်မှ သဘောပေါက်နားလည်ပြီး လိုက်နာလို့ နောင်မှ ကောင်းကျိုးရသူတွေလည်းရှိတယ်၊

http://www.dhammadownload.com

ဆရာတော်ရဲ့ စည်းကမ်း၊ ဆရာတော်ရဲ့ ဩဝါဒတွေကို ယခုလိုက်နာရင် ယခု အကျိုးရမယ်၊ နောင်မှ လိုက်နာရင် နောင်မှ အကျိုးရမယ်၊ လိုက်နာရင် လိုက်နာတဲ့အချိန်မှာ အကျိုးရတယ်။ ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းပြဆရာတချို့နဲ့ ပတ်သတ်ပြီး ဆရာတော် မိန့်ဖူးတဲ့ စကားလေး ရှိတယ်၊ အဲဒါက –

" စည်းကမ်းကို ကိုယ်က လိုက်နာကျင့်သုံးထားရတယ်၊ ဒါမှ ကိုယ်က သူ့ တစ်ပါးကို ပေးတဲ့အခါမှာလည်း ပေးတတ်တယ်၊ ကိုယ်က စည်းကမ်း မရှိရင်၊ စည်းကမ်း မလိုက်နာရင် စည်းကမ်းမရှိသူတွေ၊ စည်းကမ်း မလိုက်နာသူတွေကို တွေ့ရတဲ့အခါ ဘယ်လို ပြင်ပေးရမှန်း မသိတော့ဘူး၊ ပြင်ပေးရကောင်းမှန်းလည်း နားမလည်ဘူး၊ ကိုယ် လိုက်နာတဲ့ စည်းကမ်းဆိုရင် မလိုက်နာတာ တွေ့ရရင် ချက်ချင်း သိတယ်၊ လွယ်လွယ်ကူကူပဲ ပြင်ပေးတတ်တယ်၊ ပြင်မပေးရင် ဖြစ်နိုင်တဲ့ အပြစ်, ပြင်ပေးရင် ရနိုင်တဲ့ အကျိုးတွေလည်း သိတယ်၊ ဒါကြောင့် အကျိုး၊ အပြစ်ပြ ပြီး နားဝင်လက်ခံလာအောင်လည်း ပြောတတ်တယ် " တဲ့။

" ဒါကြောင့် ဆရာလုပ်မယ့်သူဟာ ကိုယ်ကိုယ်တိုင် စည်းကမ်းလိုက်နာသူ ဖြစ်ရမယ်၊ စည်းကမ်းမလိုက်နာတာ တွေ့ရင်လည်း ပြင်ပေးတတ်ရတယ်၊ ပြင်ပေးရတယ်၊ အောက်သက်ကျေထားဖို့ လိုတယ် " တဲ့။

ဆရာတော် ပဏ္ဍိတာရာမ ဆယ်မိုင်ကုန်း တောစခန်းရိပ်သာ ကြွလာတော့ မယ်ဆိုရင် ဆရာတော် ကြွမလာခင် သက်ဆိုင်ရာပုဂ္ဂိုလ်တွေက ဆရာတော် လာမှင် အပြစ်ထောက်ပြပြီး ပြောစရာ မရှိအောင် အစွမ်းကုန် ဆောင်ရွက်ထားလေ့ရှိကြတယ်၊ ဒါပေမယ့် ဆရာတော် ကြွလာတဲ့အခါ " ဘယ်နားက ဘာလိုတယ်၊ ဒါကို ဒီတိုင်း ထားလို့ မသင့်ဘူး၊ ရှင်းပစ်ပါ၊ ပြန်ပြင်ပါ " စသည်နဲ့ ဆရာတော်က မိန့်သွားလေ့ရှိတယ်။

ဆရာတော် ပြန်ကြွသွားပြီးနောက် ရက်များမကြာမီ နီပေါမှ အရှင် အာသဘာ စာရ (အဂ္ဂမဟာအကျော်) လည်း ဆယ်မိုင်ကုန်း ၄ ကာစခန်းရိပ်သာကို ကြွလာတယ်၊ သူ့ကို တောစခန်းရိပ်သာမှ တာဝန်ရှိသူတွေက ဆရာတော်ရဲ့ စေ့စပ်မှုကို ပြောပြကြတဲ့အခါ သူ ပြောသွားတာက " ဆရာတော်က သူများ မမြင်တဲ့ အပြစ်တွေကိုတောင် မြင်အောင် ကြည့်ပြီး ထောက်ပြတတ်တယ်၊ စေ့စပ်သေချာတဲ့ နေရာမှာတော့ ဆရာတော်လို ပုဂ္ဂိုလ်ဟာ ရှားတယ်၊ ရှားတယ် " တဲ့၊ သူလည်း နီပေါနိုင်ငံ သာသနာ့ရိပ်သာမှာ ဦးစီးဦးဆောင်အဖြစ် စွမ်းစွမ်းတမံ ဆောင်ရွက်နေသူတစ်ဦးပဲ၊ ဆရာတော်ရဲ့ ထောက်ပြချက်တွေကို သူ့နီပေါမှာ သူလည်း အများကြီး တွေ့ရဖူးပုံ ပေါ်ပါတယ်၊ သူက အထက်ပါ စကားမှတ်ချက် ပေးတဲ့အခါ

http://www.dhammadownload.com

ပြုံးပြုံးရွှင်ရွှင်နဲ့ပါပဲ၊ သူအနေအထားက " ဒါကတော့ ဆရာတော့်ထုံးစံပဲလေ " လို့ ပြောပြနေသလိုပဲ၊ " သူ့အဖို့တော့ ဒါမျိုးတွေ ရိုးနေပါပြီ " လို့လည်း အဓိပ္ပါယ်ဖော်ဆောင်နေပါတယ်။ " ဆရာတော်ဟာ ဒီလို စေ့စပ်သေချာလို့လည်း ဒီလို အောင်မြင်နေတာပဲဗျ " လို့လည်း သူနှုတ်က မြွက်ဟသွားလေရဲ့။

ခေါင်းဆောင်ကောင်း

ခေါင်းဆောင်ဆိုရင် စည်းကမ်းတွင်
ကိုယ်က အရင် လိုက်ရတယ်၊
ကိုယ်လိုက်ပြီးသား စည်းကမ်းမျှား
ဆင့်ပွားပေးက လွယ်တတ်တယ်၊
ဆင့်ပွားလေရာ ချို့ယွင်းတာ
သေချာမြင်အောင် ကြည့်ရတယ်၊
မြင်တွေ့လေလျှင် ချက်ချင်းပင်
ပြုပြင်ပေးမှ တိုးတက်တယ်။

http://www.dhammadownload.com

ကြွယ်ဝတဲ့နိုင်ငံ

" စားကျန်တာကို ခွေးတောင် မစားဘူး " – တဲ့။

ဆရာတော်က စာရေးသူအား ပေးဖူးတဲ့ ဩဝါဒစကားတစ်ခွန်းပါ၊ ဒီဩဝါဒကို အမေရိကသို့ ပထမဆုံး စရောက်နေ့က နာကြားခဲ့ရတယ်၊ ၁၉၉၁ – ခုနှစ်ကပေါ့၊ အမေရိကရောက်ပြီး ပထမဆုံးအကြိမ် စားရတဲ့ ဆွမ်းဝိုင်းမှာပါ၊ ပြည်ပခရီး တစ်ခါမှ မသွားဖူးသေးတဲ့ စာရေးသူမှာ တစ်ခါမှ မတွေ့ဖူးတဲ့ အတွေ့အကြုံတွေက များလှပါဘိ၊ ပထမဆုံး အုံဩစရာအဖြစ် တွေ့ရတာကတော့ ထိုင်းလေဆိပ်ပါပဲ၊ ထိုင်းလေဆိပ်ဟာ စာရေးသူအမြင်မှာ အလွန်ပဲ ထူးဆန်းနေပါတယ်၊ ဆရာတော်က ရိပ်မိပုံပေါ်ပါတယ်၊ ဆရာတော်က မေးတယ် " ဥူးဓမ္မိက ဘယ်လိုနေလဲ " တဲ့၊

" တပည့်တော်တို့ မြန်မာနိုင်ငံလည်း ဒီလို တိုးတက်လာနိုင်ပါစေ – လို့ ကိုယ့်အမိမြေကို သတိရပြီး ဆုတောင်း မေတ္တာပွားနေမိပါတယ်ဘုရား " လို့ စာရေးသူက လျှောက်လိုက်ပါတယ်၊ ထိုင်းမှာ တစ်ညအိပ်ပြီး ခရီးဆက်ကြွပြန်တယ်၊ ဂျပန်လေယာဉ်ကွင်းမှာ ခေတ္တဆင်းပြီး လေယာဉ်ပြောင်းစီးရတယ်၊ ဂျပန်နိုင်ငံက စာရေးသူတို့ကို အအေးဓာတ်နဲ့ ကြိုဆိုနေ ပါတယ်၊ ပြည်ပမှာ အအေးဓာတ်ကို ပထမဆုံး ခံစားလိုက်ရခြင်းပါ၊ စီးရမယ့် လေယာဉ်ဆီကို သွားကြတယ်၊ စီးရမယ့်လေယာဉ်ကို တွေ့ရတော့ " ဥူးဇင်း ကံကောင်းတယ် " လို့ မောင်ခင်မောင်ဌေးက ပြောတယ်၊ " ဘာကို ဆိုလိုတာလဲ " လို့ စာရေးသူက စဉ်းစားနေတုန်းမှာ " ဂ၄၇ လေယာဉ်ဆိုတော့ လေယာဉ်ကြီးကြီး ဥူးဇင်း စီးရပြီပေါ့ " လို့ သူက ဆက်ပြောတယ်။

အမေရိကရောက်တော့ ဆန်ဖရန်စစ်စကိုလေဆိပ်မှာ ဆင်းပါတယ်၊ ဒီလေဆိပ်ဟာလည်း စာရေးသူအမြင်မှာ ဆန်းပြီး ခန်းနားနေပါတယ်။ ဂျပန်လေဆိပ်နဲ့ ဆန်ဖရန်စစ်စကိုလေဆိပ်တို့ကို တွေ့ရတော့ ထိုင်းလေဆိပ်ဟာ သိပ်မဆန်းတော့

http://www.dhammadownload.com

ဘူး – ဖြစ်သွားတယ်၊ ဆန်ဖရန်စစ်စကို လေဆိပ်ကနေ တရားစခန်းဖွင့်မယ့် တောင်ပုလုရိပ်သာဆီကို လာကြိုတဲ့ ကားနဲ့ သွားကြတယ်၊ အဲဒီ တရားစခန်းကို အမေရိကရောက် ဗီယက်နမ်တွေက ပြုလုပ်တာမို့ ဗီယက်နမ်တွေက လေဆိပ်မှာ လာကြိုပြီး သူတို့ကားနဲ့ ပင့်သွားကြတယ်၊ ဆရာတော်နဲ့ စာရေးသူဟာ တစ်ကားထဲ စီးသွားရတယ်။

ကားမောင်းတဲ့ ဗီယက်နမ်ဒကာနဲ့ ဆရာတော်တို့ ကားပေါ်မှာ စကားပြောကြတယ်၊ တစ်လမ်းလုံးလောက်ပဲ၊ ဘယ်ဘာသာစကားနဲ့ ပြောကြမယ် ထင်လဲ၊ မြန်မာစကားနဲ့လား၊ ဗီယက်နမ်စကားနဲ့လား၊ အဲဒီ (၂) ဘာသာစကားနဲ့ဆိုရင်တော့ သူစကားကို ကိုယ်နားမလည်၊ ကိုယ့်စကားကို သူနားမလည် ဖြစ်နေမှာပေါ့၊ သူစကား ကိုယ် နားလည်၊ ကိုယ့်စကား သူ နားလည်တဲ့ စကားနဲ့ ပြောရလိမ့်မယ်၊ အဲဒီစကားက ဘာစကားလဲ၊ အင်္ဂလိပ်စကားပေါ့၊ ဆရာတော် ဒီလောက်ကြာကြာ၊ ဒီလောက်များများ၊ ဒီလောက်သွက်သွက် အင်္ဂလိပ်စကား ပြောတာကို ကြားရတာလည်း ပထမဆုံးအကြိမ်ပါပဲ၊ အရင်က ဆရာတော် ဒီလောက် အင်္ဂလိပ်စကား ပြောဟာ မကြားဖူးလို့ ဒါဟာလည်း အံ့သြစရာ ဖြစ်နေပါတယ်၊ ဒါ အမေရိကခရီး အစပဲ ရှိသေးတယ်၊ စာရေးသူအဖို့ ဆန်းနေတာတွေ တော်တော်များလာပြီ။

အဲဒီ ကားနဲ့ ပင့်လာတဲ့ ဒကာရဲ့နာမည်က " ခန် " တဲ့၊ သူနာမည်ကို နောက်မှ သိရတာပါ၊ သူတို့ အိမ်မှာ နေ့ဆွမ်း စားကြမှာလေ၊ ဆွမ်းမစားခင် ရေချိုးတယ်၊ ရေချိုးခန်း ရောက်တော့ ပထမ ရေတလက်တစ်ခုကို ဖွင့်တယ်၊ ရေက အလွန်ပဲ အေးတယ်၊ နောက် တစ်ခု ပြောင်းပြီး ဖွင့်ကြည့်တယ်၊ အလွန် ပူတယ်၊ အပူနဲ့ မချိုးရဲလို့ အအေးနဲ့ပဲ ချိုးမယ် ဆုံးဖြတ်ကာ အအေးနဲ့ပဲ ချိုးခဲ့ပါတယ်၊ ရေက သိပ်အေးတာဆိုတော့ အအေး မိသွားပါတယ်၊ နောက်မှ စာရေးသူဟာ ကိုယ့်ကိုယ်ကို သိပ်တောကျမှန်း သိခဲ့ရတယ်၊ အပူနဲ့အအေး မျှအောင် လုပ်ပြီး ချိုးလို့လည်း ရတယ်တဲ့၊ တောကျလို့ ခံလိုက်ရပြီ တစ်ခါ၊ ဒါဟာလည်း စာရေးသူမှာ ဆန်းနေပြန်ပေါ့။

အအေးမိပြီး နည်းနည်း နေမကောင်းဖြစ် နေတယ်၊ ဖျားသလိုလည်း ဖြစ်နေတယ်၊ အထိမခံ ရွှေပန်းကန် ဖြစ်နေပါလား၊ ရေချိုးပြီးလို့ အတော်လေးကြာတော့ နေ့ဆွမ်းစားကြတယ်၊ ဗီယက်နမ် ဆွမ်းဒကာ ဒကာမတွေဆိုတော့ ဗီယက်နမ် အစားအစာနဲ့ပဲ ကပ်တာပေါ့၊ သူတို့လည်း မြန်မာတွေလို ဆန်ကို ချက်ပြီး စားကြတာကိုး၊ ဟင်းတွေကလည်း မြန်မာတို့လှျာမှာ စားဖြစ်စရာပါပဲ၊ ကြက်ဟင်းခါးသီးကို ဟင်းချိုလုပ်ချက်ထားတာကတော့ ဆန်းနေ တယ်၊ ကြက်ဟင်းခါးသီးကလည်း မအို

http://www.dhammadownload.com

မနပ်ပဲ ခပ်စိမ်းဆတ်ဆတ်ပဲ၊အအေးမိပြီး နေမကောင်း ဖြစ်နေတာမို့ အဲဒီနေ့ဆွမ်းကို မစားနိုင်ပါဘူး၊ ဝမ်းမီးကောင်းတဲ့ ဆရာတော်ကတော့ များများ ဘဉ်းပေးနိုင်တယ်၊ အစားမပျက်ပါဘူး၊ ပန်းကန်ပြားထဲ ထည့်ထားတဲ့ ဆွမ်းကို ဆရာတော်က အကုန် ဘဉ်းပေးနိုင်ပါတယ်။

စာရေးသူမှာတော့ အအေးမိပြီး နေမကောင်း ဖြစ်နေလို့ မစားနိုင်ပါဘူး၊ နည်းနည်းလေးပဲ စားလိုက်တယ်၊ ပန်းကန်ပြားထဲမှာ ဆွမ်းတွေက အများကြီး ကျန်နေသေးတယ်၊ ဆွမ်းစားပြီးလို့ ပန်းကန်တွေ လာသိမ်းတဲ့အခါ စာရေးသူရဲ့ ပန်းကန်ပြားထဲမှာ ဆွမ်းတွေ ကျန်နေတာကို တွေ့ရလို့ ပထမဆုံး ဖော်ပြခဲ့တဲ့ ဩဝါဒစကားလေးကို စာရေးသူအား ဆရာတော်က မိန့်ကြားလိုက်တာပါပဲ၊ ဒီလို အကြွင်းအကျန်ကို သူတို့ နိုင်ငံခြားက ခွေးတွေ စား, မစားတော့ မသိရပါ၊ လူတွေ မစားတာကတော့ သေချာပါတယ်၊ မြန်မာနိုင်ငံမှာ စာရေးသူ တွေ့ဖူးတဲ့, ဆာနေတဲ့ ခွေးတွေကတော့ စားလောက်မယ် ထင်ပါရဲ့၊ ဒါပေမယ့် ခွေးတောင် မစားဘူးလို့ ဆရာတော် ဆုံးမတာက မှတ်မှတ်သားသား စွဲသွားအောင် မိန့်ကြားလိုက်တာနဲ့ တူပါတယ်။

စားတဲ့အခါ ကိုယ်စားတဲ့ ပန်းကန်ထဲမှာ အကြွင်းအကျန် မရှိအောင် စားရတယ်ဆိုတာကို တစ်သက် မှတ်မိပြီး လိုက်နာတတ်အောင် ဆုံးမလိုက်ပုံပေါ်ပါတယ်၊ ဟုတ်ပါတယ်၊ အဲ့ဒီဩဝါဒ စကားလေး ကို စာရေးသူဟာ တစ်သက် မေ့မရပါဘူး၊ တစ်သက်တာအတွက် ဩဝါဒစကားလေး ပါပဲ၊ တစ်သက်လုံး လိုက်နာတတ်သွားပါပြီ၊ လိုက်နာစရာ အဲဒီဩဝါဒစကားကို မသိဖူးတာတော့လည်း မဟုတ်ပါ၊ သိဖူးပါရဲ့၊ မလိုက်နာခဲ့တာတော့လည်း မဟုတ်ပါ၊ ဒီတစ်ခါတော့ အခြေအနေအရ ဖြစ်သွားရတာပါ၊ အမေရိကရောက်လို့ တွေ့ရတဲ့ အဆန်းတွေထဲမှာ ဒါဟာလည်း တစ်ခုအဖြစ် ပါဝင်လာပါတယ်။

ဆရာတော်က စာရေးသူကို ကိုယ် စားတဲ့ အစားအစာကို အကြွင်းအကျန် မရှိစေရဘူးလို့ ဒီလို ရိုးရိုး ပြောလိုက်ရင် ထူးထူးခြားခြား မှတ်မိချင်မှ မှတ်မိတယ်၊ မေ့ချင် မေ့သွားနိုင်တယ်၊ အခုလို ပြောလိုက်တဲ့ စကားကိုတော့ တစ်သက် မေ့လို့မရတော့ ဘူးပေါ့၊ စာရေးသူ အသက်ကြီးလာရင် ဆရာတော်ကြီး ဖြစ်လာမှာပေါ့၊ အဲဒီအခါ တပည့်တွေလည်း အများကြီး ရှိလာမှာပေါ့၊ အဲဒီ တပည့်တွေ စာရေးသူလို အချို့းမကျတာ ရှိခဲ့ရင် ဆရာ့စကားကို သုံးပြီး ဆုံးမ နိုင်တာပေါ့၊ သူတို့လည်း အဲဒီ အဆုံးအမကို စာရေးသူလိုပဲ မေ့နိုင်ကြမှာ မဟုတ်ဘူး။ အဲဒီဩဝါဒစကားလေးရဲ့ စွမ်းအားကား ကြီးမားလှပါပေတယ်။

ဆရာတော်က သူ ဘဉ်းပေးမယ့် ပန်းကန် သို့မဟုတ် သပိတ်ထဲမှာ ဆွမ်း

http://www.dhammadownload.com

ကို ကုန်သလောက်ပဲ ထည့်တယ်၊ အကယ်၍ ထည့်ပြီးသားဆိုရင်လည်း သူ မကုန်တောတဲ့ အပိုကို ဆွမ်းအုပ်ထဲ ပြန်ထည့်တယ်၊ ထည့်ပြီး ဆွမ်းကို ကုန်အောင် ဘုဉ်းပေးတယ်၊ ဟင်းကိုလည်း ကုန်သလောက်ပဲ ထည့်တယ်၊ ထည့်ပြီးရင်လည်း ကုန်အောင် ဘုဉ်းပေးတယ်၊ ဒါဟာ ဆရာတော်ရဲ့ ကောင်းတဲ့ အလေ့အထတစ်ခုပဲ။

သူရဲ့ တပည့်တွေကိုလည်း အဲဒီလိုပဲ စားစေ တယ်၊ ရသောက်ရင်လည်း ဒီအတိုင်းပဲ၊ ရသောက်တော့မယ်ဆိုရင် ကုန် သလောက်ပဲ ခပ်ယူတယ်၊ ခပ်ပြီး ရကိုလည်း ကုန်အောင် သောက်တယ်၊ သောက်ပြီး နောက် ကျန်နေတဲ့ ရကို သွန်ပစ်ရင် နှမျောစရာ ဖြစ်ပါတယ်။ ရကို သောက်တော့ သောက်ရတယ်၊ သုံးတာပဲ ဖြစ်ရမယ်၊ အလဟဿဖြုန်းပစ်တာ မဖြစ်စေရဘူး ဒါက အင်မတန် ကောင်းတဲ့ စည်းစနစ်တွေ ပါပဲ၊ ဆရာတော့်မှာ ဒီလိုစနစ်ကောင်း တွေ အခြားအခြား နေရာများစွာမှာလည်း ရှိတာပါပဲ။

စာရေးသူအပါအဝင် မြန်မာလူမျိုးတွေက ဘုံးပေါလအော လုပ်တတ်ကြပါ တယ်၊ အလဟဿ အလေအလွင့်တွေ ရှိကြပါတယ်၊ စားတဲ့ သောက်တဲ့ နေရာမှာ သာမက အခြားအခြားနေရာတွေမှာလည်း စည်းစနစ်တွေ ရှိကြရပါမယ်၊ ထမင်း တစ်လုံး၊ ရေတစ်ပေါက်ကိုတောင်မှ အလေအလွင့် မရှိအောင် ဂရုစိုက်ကြရပါမယ်၊ လူမျိုးခြားတွေ ချမ်းသာကြတာဟာ ဒီလို စနစ်ကောင်းတွေ ရှိကြလို့၊ လိုက်နာကြလို့ ပါပဲ။

မြန်မာနိုင်ငံမှာ ရှိကြတဲ့ လူမျိုးခြားတွေ မြန်မာတွေထက် ပိုပြီး ချမ်းသာ ကြွယ်ဝ နေကြတာဟာ ဒီလို စနစ်ကောင်းကြလို့ပါပဲ၊ မြန်မာတစ်မျိုးသားလုံး (သံဃာ တွေရော လူတွေပါ) ကောင်းတဲ့ စနစ်တွေနဲ့ တိုးတက်ဖွံ့ဖြိုးတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်လာ အောင် ကိုယ်စီကိုယ်စီ ကြိုးစားသင့်ကြပါတယ်၊ ဒါမှ ကမ္ဘာမှာ မြန်မာဟာ တိုးတက် ဖွံ့ဖြိုးမှု အားကောင်းတဲ့ နိုင်ငံ ဖြစ်လာမှာပါ။

http://www.dhammadownload.com

ကြွယ်ဝတဲ့ နိုင်ငံ

စနစ်ကောင်းများ
နိုင်ငံသားတိုင်း
လိုက်စားသမှု
မပြုလေက
ဘယ်တော့မှ
ကြွယ်ဝနိုင်ငံ
မဖြစ်နိုင်။

http://www.dhammadownload.com

မိသားစုစိတ်ဓာတ်

" ကိုယ့်ကျောင်းလို သဘောမထားဘူး " တဲ့။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ သာထွန်းအောင် ဆိုတဲ့ ကျောင်းကြီး ရှိတယ်၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ခြံဝင်းမြေနဲ့ သာထွန်းအောင် အမည်ရှိ ကျောင်းဆောင်ကြီးကို ဦးသာထွန်းအောင်နဲ့ ဒေါ်နီတို့က လှူကြတယ်၊ ဦးသာထွန်း အောင်က ကွယ်လွန်သွားတာ ကြာပါပြီ။ ကျောင်းဒကာ ဦးသာထွန်းအောင်ကို အမှတ်တရအနေနဲ့ ကျောင်းဆောင်ကိုလည်း သာထွန်းအောင်တိုက်ကျောင်းလို့ပဲ ဆရာတော်က နာမည်ပေးထားတယ်၊ ကျောင်းဒကာမ ဒေါ်နီကတော့ အသက်ထင်ရှား ရှိပါတယ်။ အမေရိကန်နိုင်ငံ၊ နယူးဂျာစီမြို့မှာ နေပါတယ်၊ ဆရာတော်ဟာ အရင်က သာထွန်း အောင် ကျောင်းဆောင်အပေါ်ထပ်မှာ သီတင်းသုံးပါတယ်။

ဆရာတော့်ကို အလွန်ကြည်ညိုတဲ့ ဘုန်ကြီးကြီးတစ်ပါး မဟာစည် သာသနာ့ရိပ်သာထဲ ရှိတယ်၊ သူ့ဘွဲ့က ဥူးအဂ္ဂဝံသ – တဲ့၊ သူက အကျင့်ကောင်း တယ်၊ ဓုတင်တွေလည်း ကျင့်တယ်၊ ဝိနည်းလည်း လေးစားတယ်၊ မဟာစည်ဆရာ တော်ကြီးက သူ့ကို တုံးခါက်ဖို့ တာဝန်ပေးခဲ့သတဲ့၊ သူက သူ သေသွားရင် သူ့မှာ ရှိတဲ့ စာအုပ်တွေနဲ့ စာအုပ်ဘီဒိုကို ဆရာတော့်အား လှူဖို့ မှာသွားတယ် – တဲ့၊ သူ ပြန်တော်မူသွားတော့ သူ့ဆန္ဒအတိုင်းပဲ ဆရာတော့်ကို လာပြီး လှူကြတယ်၊ အဲဒီ စာအုပ်ဘီဒိုကို စာရေးသူနေတဲ့ အခန်းရဲ့ အဝင်ပေါက်ဘေးနားမှာ ထားတယ်၊ အဲဒီ ဘီဒိုနဲ့ အဲဒီစာအုပ်တော်တော်များများကို ဆယ်မိုင်ကုန်း တောစခန်းရိပ်သာသို့ ပို့ပေးဖို့ ဆရာတော် အမိန့်ရှိလို့ စာရေးသူ မရှိခိုက် ရုံးမှ ပုဂ္ဂိုလ်တွေက စာအုပ်တွေကို ဘီဒိုတဲကာ ထုတ်ပြီး တချို့ကို ယူသွားပုံရတယ်၊ တော်တော်များများကိုတော့ ကြမ်းပေါ် ထပ်ထားခဲ့တယ်။ တချို့ကိုလည်း အခြားစာအုပ်ဘီဒိုတစ်ခုပေါ် တင်ထားခဲ့တယ်၊ သူတို့

http://www.dhammadownload.com

လုပ်နေကြခိုက် စာရေးသူ မရှိလိုက်ဘူး၊ အခန်းရောက်တော့ လည်း သူတို့ စာအုပ်တွေ သယ်ယူနေကြတုန်းပဲလို့ ထင်မိတယ်၊ ကျန်တဲ့ စာအုပ်တွေ ကိုလည်း မကြာခင် လာပြီး တစ်ဆက်ထဲ လာသယ်ကြလိမ့်မယ် ထင်နေမိတယ်၊ လာသယ်နိုး သယ်နိုးနဲ့ မျှော်နေတုန်းမှာ ဆရာတော် အဲဒီနေရာ ရောက်လာပြီး စာအုပ်တွေကို အဲဒီလို ထားတာ တွေ့သွားတယ်၊ တွေ့တယ်ဆိုရင်ပဲ ပြောတော့တာပါပဲ။

" စာအုပ်တွေ ဒီဘီဒိုပေါ်မှာ ထားရင် မှန်တွေ ကွဲနိုင်တယ် ဆိုတာ မသိဘူး လား၊ ဒီလို အသိ မရှိတာကို လုံးဝ မကြိုက်ဘူး၊ ခက်တာပဲ၊ တွေ့ရင် တွေ့တဲ့သူက ပြောမှပေါ့ " တဲ့။

နောက်ပြီးတော့ အစဆုံး ဖော်ပြခဲ့တဲ့ ဩဝါဒစကားလေးကိုလည်း မိန့်ကြား လိုက်တယ်။

ဆရာတော်က ခဲမှန်ဖူးတဲ့ စာသူငယ်လို ဖြစ်နေတာကိုး၊ ဆရာတော်မှာ ဒီလို စာအုပ်တွေ မှန်ဘီဒိုပေါ် တင်လို့ မှန်ကွဲဖူးတယ် – တဲ့၊ နောက်မှ ပြောတယ်၊ အဲဒီ စာအုပ်တွေ တင်ထားတဲ့ ယခုဘီဒိုမှာ တံခါးက မှန်တွေပဲ၊ နောက်ပြီးတော့ ဘီဒို အထက်ပေါ်က ရိုက်ထားတဲ့ သစ်သားက သုံးထပ်သားဆိုတော့ ထုထည်က ပါးတယ်၊ တင်ထားတဲ့ စာအုပ်တွေ့ရဲ့ အလေးချိန်ကို ခံနိုင်အား မရှိဘူး၊ တင်လိုက်ရင် သုံးထပ်သားက အိသွားတယ်၊ မှန်တံခါးကို ဖိတယ်၊ ကြာရင် မှန်ကွဲသွားနိုင်တယ်၊ " မရှိတာထက် မသိတာ ခက်တယ် " ဆိုတာ ဟုတ်ပေတာပဲ၊ ဆရာတော် ပြောတာ နည်းတောင် နည်းသေးတယ်၊ စာရေးသူသာ ဆိုရင် ဒီထက် ပိုပြီး ပြောချင်ပြောမိ မယ်၊ တွေ့တွေ့ချင်း မှန်ဘီဒိုပေါ်က စာအုပ်တွေကို မချတာဟာတော့ စာရေးသူရဲ့ အပြစ်ပါပဲ၊ အဲဒီ စာအုပ်တွေကို ဘီဒိုထဲက ထုတ်တဲ့အခါ၊ သယ်နေတဲ့အခါ ဆရာတော် အဲဒီနေရာမှာ ရှိနေပြီး ဆရာတော် ကြည့်ခိုင်းတာ နေမှာပဲလို့လည်း တွေးမိတယ်၊ အဲဒီ အတွေးဟာလည်း မှားပါတယ်။

" ကိုယ့်ကျောင်းလို သဘောမထားဘူး " ဆိုတဲ့ ဩဝါဒစကားလေးကို ပြောတာ ကြားရခဲတယ်၊ ဒီဝိုကိစ္စလေးတွေ တွေ့လေတိုင်း ဆရာတော် မိန့်လေ့ရှိတဲ့ ဆရာတော်ရဲ့ လက်သုံးစကားကတော့ " မိသားစုစိတ်ဓာတ် မရှိကြဘူး " တဲ့၊ ဆရာ တော်က သူတပည့်တွေကို မိသားစုစိတ်ဓာတ် ရှိစေချင်တယ်၊ တာဝန်မဲ့လို မနေစေ ချင်ဘူး၊ မဆိုင်သလို မနေစေချင်ဘူး၊ အရာအားလုံးမှာ ကြောင့်ကြောင့်ကြကြ ရှိစေ ချင်တယ်၊ " တာဝန်သိသူမှာ တာဝန်ရှိတယ် " ဆိုတဲ့ အတိုင်း တာဝန်သိစိတ်ဓာတ် ရှိစေချင်တယ်၊ ခိုင်းလို့ လုပ်တာထက် ကိုယ့်အသိနဲ့ကိုယ် လုပ်ကြစေချင်တယ်၊ ခိုင်းလို့ လုပ်တာထက် မခိုင်းရဘဲ ကိုယ့်အသိနဲ့ ကိုယ် ဆောင်ရွက်ကြတာကို နှစ်ခြိုက်တယ်၊

http://www.dhammadownload.com

ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှာ အဖေလည်း ဆရာတော်၊ အမေလည်း ဆရာတော်ပဲ၊ ဆရာတော်ဟာ ရွှေတောင်ကုန်းသာသနာ့ရိပ်သာရဲ့ မိဘအရာမှာ တည်နေပါတယ်၊ တပည့်တွေကတော့ ဆရာတော်ရဲ့ သား၊ သမီးတွေပဲပေါ့၊ မိသားစုတစ်ခုမှာ ဖြစ်ပေါ်လာတဲ့ ကိစ္စအတွက် မိဘမှာလည်း တာဝန်ရှိတယ်၊ သား၊ သမီးတွေမှာလည်း တာဝန်မကင်းဘူး၊ မိသားစုစိတ်ဓာတ်နဲ့ ဆောင်ရွက်ရမယ်၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ ဘယ်ကိစ္စ ပေါ်ပေါ် ဆရာတော့်မှာတော့ တာဝန်အရှိဆုံးပေါ့၊ တပည့်တွေမှာလည်း တာဝန် မရှိတာတော့ မဟုတ်ဘူး၊ တာဝန်ရှိတယ်၊ တာဝန် ပိုပြီး သိသူမှာတော့ တာဝန် ပိုပြီး ရှိနေတာပေါ့။

ပြီးခဲ့တဲ့ တစ်ခေါက် ဆရာတော် ပြည်ပခရီးက ပြန်လာတဲ့အခါ စာရွက်တစ်ရွက် ပါလာတယ်၊ အဲဒီစာရွက်ကို ပလတ်စတိတ်နဲ့ လောင်းထားတယ်၊ လောင်းထားတော့ တောင့်တင်းခိုင်မာသွားတယ်၊ အဲဒီ ပလတ်စတိတ် လောင်းထားတဲ့ စာရွက်က သိပ်များများတော့ ပါပုံမပေါ်ဘူး၊ (၄ / ၅ / ၁၀) ရွက်ထက် ပိုမယ် မထင်ဘူး၊ စာရေးသူကိုလည်း ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းမှာ သင်တန်းသား၊ သင်တန်းသူ၊ ကိုရင်၊ သိက္ခာရှင်တွေကို ပြပေးဖို့ တစ်ရွက် ပေးတယ်၊ ဆရာတော်က ပေးပြီးတော့ " ဖတ်ကြည့်စမ်းပါ၊ ဘာ ဆိုလိုတာလဲ " လို့ မေးတယ်၊ အဲဒီစာရွက်မှာ ကာတွန်းပန်းချီ ပုံတွေ ပါပါတယ်၊ အဲဒီမှာ ကလေးလေးတစ်ယောက် မှောက်လျက်လဲပြီး သွေးအိုင်ထဲမှာ သေနေတယ်၊ သူဘေးမှာလည်း သေနတ်နဲ့ ကျည်ဆန်တွေ ရှိတယ်၊ ဘေးက ရပ်ပြီး ကြည့်နေကြတဲ့သူတွေမှာ မိဘလည်း ပါတယ်၊ ကျောင်းဆရာလည်း ပါတယ်၊ ပုလိပ်လည်း ပါတယ်၊ အဲဒီကလေး သေတဲ့ကိစ္စမှာ " ဘယ်သူမှာ တာဝန်ရှိလဲ " လို့ တစ်ဦးစီကို မေးတယ်၊ မေးတဲ့အခါ ဘယ်သူကမှ သူ တာဝန် ရှိတယ် လို့ မပြောကြဘူးတဲ့၊

အဲဒီစာရွက်လေးရဲ့ ခေါင်းစီးစကားလုံးလေးက " Who is responsible " တဲ့၊ မြန်မာလိုတော့ " ဘယ်သူမှာ တာဝန်ရှိသလဲ " ပေါ့၊ ဒီကလေး သေတဲ့ကိစ္စမှာ အားလုံးမှာ တာဝန်ရှိတယ်လို့ အဲဒီကာတွန်းပန်းချီက သင်ခန်းစာ ပေးတာပါပဲ၊ ဆရာတော်က အဲဒီကာတွန်းပန်းချီနဲ့ သူတပည့်တွေကို သိစေချင်တာက – ကိစ္စတိုင်းမှာ မိသားစုစိတ်ဓာတ် ရှိရမယ် – ဆိုတာပါပဲ။

ကိစ္စတစ်ခု အောင်မြင်လာရင် ငါ့ကြောင့် အောင်မြင်လာတာလို့ လက်မထောင်ပြချင်ကြတယ်၊ ဂုဏ်ယူဝင့်ကြွားချင်ကြတယ်၊ နာမည်ကောင်းယူချင်ကြတယ်၊ အမှတ်ယူချင်ကြတယ်၊ " ငါ့ကြောင့်ပဲ " ဆိုပြီး လူစွမ်းကောင်းဝါဒ ပြချင်ကြတယ်၊ မလွှာပ်တိုင် တက်ပြချင်ကြတယ်၊ ကိစ္စတစ်ခုဟာ မအောင်မြင်တော့ဘူး၊ အပြစ်ပေါ်လာပြီဆိုရင်တော့ ခေါင်းရှောင်ချင်ကြတယ်၊ ဟိုသူ့ လက်ညှိုးထိုး၊ ဒီသူ့ကို

http://www.dhammadownload.com

လက်ညှိုးထိုး လုပ်ချင်ကြတယ်၊ " ဒါ သူ့ကြောင့် " လို့ ဆိုချင်ကြတယ်၊ " ဒါ ငါ့ကြောင့် " လို့ မပြောချင်ကြဘူး၊ ထမင်းရည်ပူ လျှာလွဲလုပ်ချင်ကြတယ်၊ သူတစ်ပါးကိုပဲ အပြစ်ဖို့ တတ်ကြတယ်၊ ကိုယ့်ကိုယ်တော့ အလွတ် ရှောင်ကြတယ်၊ တချို့က သူ့အပြစ်ကို သူတစ်ပါးအပြစ် ဖြစ်အောင်လည်း လည်ဆယ်တတ်ကြတယ်၊ ချောက်တွန်းတတ်ကြတယ်၊ ကိုယ့်အပြစ် လွတ်ရင် ပြီးရော, ဘယ်သူ သေသေ ငတေ မာရင် ပြီးရော - ဆိုတဲ့ သဘောတွေလည်း ထားတတ်ကြတယ်၊ လည်ဆယ်ဖို့အရေး ဝန်မလေးဘဲ မုသားကို ရေလို သုံးတတ်ကြတယ်၊ မုသားကို လွယ်လွယ်ပဲ သုံးကြတယ်။

ဒီသဘောတွေကို ဆရာတော်လည်း ကောင်းကောင်း နားလည်တော်မူတယ်၊ ဆရာတော်မှာ သူဘဝတစ်လျှောက် ဒီလိုလူတွေကို ဘယ်လောက် တွေ့ခဲ့ရမှန်း မသိရပေမယ့် လောကမှာ ဒီလူတွေက မရှားလေတော့ များစွာပဲ တွေ့ထားပါလိမ့်မယ်၊ လူ့အထာကို များစွာ နားလည်နေတဲ့ ဆရာတော်က လူသားများစွာမှာ ရှိတတ်တဲ့ အားနည်းချက်လေးကို ဖြည့်စွက်ပေးတဲ့ အထက်ပါဩဝါဒစကားကို မိန့်ကြားတာပါပဲ၊ " မိသားစုစိတ်ဓာတ် ရှိရမယ် " ဆိုတဲ့ ဩဝါဒစကားကို အိမ်တိုင်း အိမ်တိုင်း၊ ကျောင်းတိုင်း ဂကျောင်းတိုင်း၊ ရွာတိုင်း ရွာတိုင်း၊ မြို့တိုင်း မြို့တိုင်း၊ နိုင်ငံတိုင်း နိုင်ငံတိုင်း လိုက်နာကျင့်သုံးနိုင်ကြရင် သိပ်ကောင်းမှာပဲ၊ လိုက်နာကျင့်သုံးနိုင်ကြရင် အိမ်တိုင်း၊ ကျောင်းတိုင်း၊ ရွာတိုင်း၊ မြို့တိုင်း၊ နိုင်ငံတိုင်းဟာ စည်ပင်သာယာဝပြောလာကြမယ်၊ အဲဒီလိုဆိုရင် ကမ္ဘာလောကကြီးဟာ အင်မတန် နေချင်စဖွယ်ကောင်းလာပါလိမ့်မယ်။

ဆရာတော်က တစ်ကမ္ဘာလုံး မိသားစုစိတ်ဓာတ်တွေ မွေးမြူလာကြရေး အတွက် မစွမ်းဆောင်နိုင်ပေမယ့် သူ လက်လှမ်းမီရာ သူ့ ရွှေတောင်ကုန်းသာသနာ့ ရိပ်သာ ဓမ္မမိသားစုစိတ်ဓာတ်တွေ မွေးမြူလာကြရေးအတွက် အခါခါ ဩဝါဒပေးကာ ဆုံးမလျက်ရှိပါတယ်၊ အခြားနေရာတွေ မဖြစ်နိုင်တောင် သူ့နေရာမှာတော့ ဖြစ်အောင် အစွမ်းကုန် ဆောင်ရွက်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ အစွမ်းကုန် ဆောင်ရွက်နေပါတယ်၊ ဒီလိုစိတ်ထားနဲ့ အများအကျိုး, သာသနာ့အကျိုးကို ပုံလွန်တော်မူခါနီးအချိန်အထိ ဆောင်ရွက်တော်မူသွားတဲ့ မဟာဂန္ဓာရုံဆရာတော်ကြီးကို ဆရာတော်ရဲ့ ဆောင်ရွက်ချက်တွေက သတိရလွမ်းဆွတ်စေပါတယ်၊ မဟာဂန္ဓာရုံဆရာတော်ကြီးကလည်း ဒီစကားလေးကို မကြာမကြာ မိန့်ကြားခဲ့တယ်။

" ငါကတော့ တစ်သာသနာလုံး၊ တစ်နိုင်ငံလုံး ကောင်းစေချင်တာပဲ၊ ကောင်းအောင် လုပ်နေတာပဲ၊ အခြားနေရာတွေမှာ မဖြစ်နိုင်ရင်လည်း ငါ့နေရာမှာတော့ ဖြစ်အောင် ကောင်းအောင် လုပ်ရမှာပဲ၊ လျှော့လို့ မရဘူး၊ လျှော့လို့ မဖြစ်ဘူး " တဲ့။

မည်မျှ ကြည်ညိုလေးစားစရာ၊ အားရစရာ ကောင်းပါလေသနည်း။

http://www.dhammadownload.com

ပီသားစုစိတ်ဓါတ်

ပီသားစုစိတ်ဓါတ်
တည်ကိန်းဝပ်ဖို့
ပိန့်တတ်လေငြား
ဆရာတော်ဘုရား၏
စကားတိုင်းသာ
ဆောင်ရွက်ပါက
နေရာတိုင်းဟာ
လွန်သာယာ
ပျော်စရာကောင်းလိမ့်မည်။

http://www.dhammadownload.com

စွမ်းဘားချင်

" ကိုယ်အစွမ်းကို ယုံကြည်တယ် " တဲ့။

ဆရာတော်ထံက မထင်မှတ်ဘဲ ကြားလိုက်ရတယ်၊ ဆရာတော်ထံမှာ စာရေးသူနေတဲ့ (၁) နှစ်အတွင်း ဒီတစ်ကြိမ်ပဲ ကြားဖူးတယ်၊ ဆရာတော်ကလည်း အမှတ်တမဲ့ ပြောလိုက်ပုံပေါ်တယ်၊ ဒီစကားမျိုး မပြောမိအောင်လည်း အထူးသတိထားပုံ ပေါ်ပါတယ်၊ ဒီစကားကို ကြားလိုက်ရတော့ စိတ်ထဲမှာ အသစ်အဆန်း ဖြစ်သွားတယ်၊ အံ့ဩသလိုလည်း ဖြစ်သွားတယ်၊ အားရကျေနပ်မှုကိုလည်း ခံစားလိုက်ရတယ်၊ ကိုယ်တိုင်လည်း မဝါကြွား၊ တပည့်တွေ ဝါကြွားရင်လည်း ဟန့်တားတတ်ပြီး၊ " ဒါဟာ ကြွားစရာလား " လို့ မေးတတ်တဲ့ ဆရာတော်ထံက ကြွားဝါတဲ့ စကားမျိုးကို တစ်ခါမှ မကြားဖူးတော့ ဒီလို ကြုံးဝါးဟန်ပါတဲ့ စကားကို ကြားရတဲ့အခါ ဘယ်မှာ မအံ့ဩမိဘဲ ရှိမလဲ၊ အံ့ဩမိတော့တာပေါ့၊ ဆရာတော်ကလည်း သူ့အစွမ်းကို နှုတ်နဲ့ မဖော်ထုတ်ဘဲ ကြောင်လက်သည်းလိုပဲ အမြဲ ဝှက်ထားတာကိုး။

အဲဒီစကားလေးကို ကြားရတဲ့ နေရာကတော့ ဆရာတော် သီတင်းသုံးရာဖြစ်တဲ့ ချမ်းသာမြို့ငြင်ကျောင်းဆောင်ထဲက ဆရာတော် ကျိန်းစက်ရာ အခန်းပါပဲ၊ အဲဒီအခန်းထဲမှာ ပြည်ပက စာတစ်စောင် ရောက်လာလို့ အဲဒီစာကို စာရေးသူကို အဖတ်ခိုင်းပါတယ်၊ ဖတ်ပြီးတော့ " ဒီမှာလည်း စာချဆရာအင်အား လိုနေတယ်၊ သူ့ကို ဒီမှာ ပြန်ခေါ်ပြီး စာချတာဝန် ပေးရမယ် " လို့ မိန့်တယ်။

ပြီးတော့ ဆရာတော်ထံမှ သူ့တပည့်တွေနဲ့ ပတ်သက်ပြီး ခံစားရတဲ့ ခံစားချက်ကို ပွင့်အန်လာပါတယ်။

" ဆရာသမားဆိုတာ ဥယျာဉ်မှူးလိုပါပဲ၊ ဥယျာဉ်မှူးက သစ်ပင် စိုက်တယ်၊ ဘခို့က မျိုးစေ့ဘဝမှာပဲ ပျက်စီးသွားတယ်၊ တခို့ကတော့ အပင်ပေါက်ဖို့ အညှောက်ထွက်ခိုက်မှာ ပျက်စီးတယ်၊ တခို့က အပင်လေး တော်တော်ကြီးမှ ပျက်စီးတယ်၊

http://www.dhammadownload.com

တချို့က အခက်အလက်တွေ စုံပြီး ဝေဆာလာမှ ပျက်စီးတယ်၊ တချို့က အသီးအပွင့်တွေ သီးပွင့်လာမှ ပျက်စီးတယ်၊ တချို့က သီးပွင့်ပြီး မှည့်ရင့်လို့ စားရခါနားနီးမှ ပျက်စီးတယ်၊ ဥယျာဉ်မှူးဟာ ကိုယ်စိုက်ပျိုးထားတဲ့ သစ်ပင်လေး ဘယ်အခြေအနေမှာပဲ ပျက်စီး ပျက်စီး နှမြောတာပဲပေါ့၊ စားရခါနားနီးမှ ပျက်စီးရင်တော့ ပိုပြီး ယူကြုံးမရဖြစ်ရတာပေါ့၊ "

" ဆရာသမားတွေဆိုတာလည်း အဲဒီဥယျာဉ်မှူးလိုပါပဲ၊ သစ်ပင်နဲ့ တူတဲ့ တပည့်တွေကို ပြုစုပျိုးထောင်လာတယ်၊ သစ်ပင်နဲ့ တူတဲ့ တပည့်ဟာ ဘယ်အခြေအနေမှာပဲ ပျက်စီး ပျက်စီး ပျက်သွားရင် စိတ်မကောင်း ဖြစ်ရတာပေါ့၊ဥယျာဉ်မှူးဟာ ကိုယ်စိုက်ထားတဲ့ သစ်ပင်က သီးပွင့်လာတဲ့ အသီးအပွင့်တွေကို စားသုံးရတဲ့ အထိ မျှော်လင့်တာပေါ့၊ ဆရာသမားဟာလည်း ဒီလိုပဲ။ "

စာရေးသူက ဆရာတော်ကို ကြားဖြတ်ပြီး လျှောက်လိုက်တယ်၊

" ဆရာတော်မှာတော့ ဒီလို အတွေ့အကြုံတွေက ရိုးနေပြီနဲ့ တူပါတယ် ဘုရား။ "

" အင်း . . . တွေ့ရတာပေါ့ " တဲ့။

ဆရာတော်မှာ တပည့်တွေအပေါ် ဒီလို မျှော်လင့်ချက်, ဒီလို ခံစားချက်တွေ ရှိနေပေမယ့် ဆရာတော်ထံမှ ဒီလိုပွင့်အန်လာတာကို မကြားရဖူးလေတော့ အဲဒီလို မျှော်လင့်ချက်, အဲဒီလို ခံစားချက်တွေ မရှိလေသယောင် ထင်ရပါတယ်၊ ဒီလိုပွင့်လာတာကို ကြားရတော့ ဆရာတော်ကို သနားသလိုလိုလည်း ဖြစ်သွားတယ်၊ တပည့်တွေအပေါ်ထားတဲ့ ဆရာတော်ရဲ့ မေတ္တာတရားကိုလည်း ပိုပြီး နားလည်လာရတယ်၊ ဒီလိုလည်း လျှောက်မိပါတယ်။

" ဆရာတော်မှာ အမျှားအကျိုးပြုလုပ်ငန်းကို အောင်မြင်အောင် လုပ်နိုင်တဲ့ အစွမ်းတွေ အပြည့် ရှိနေတယ်လို့ ယုံကြည်ပါတယ် ဘုရား။ "

" အင်း . . . အမျှားအကျိုးပြု လုပ်ငန်းကိုတော့ ဆက်လုပ်သွားမှာပါပဲ၊ တစ်ပါးတည်း ကျန်လည်း ဆက်လုပ်သွားမှာပဲ " တဲ့။

အဲဒီနောက် ဆက်ပြီး ပြောလိုက်တဲ့ စကားလေးက အစဆုံး ဖော်ပြခဲ့တဲ့ စကားလေးပါပဲ၊ " ကိုယ်အစွမ်းကို ယုံကြည်ပါတယ် " တဲ့။

ဆရာတော်ဟာ အမျှားအကျိုးပြုလုပ်ငန်း လုပ်ရာမှာ လွယ်လွယ်ကူကူ ချောချောမွေ့မွေ့ ချည်းတော့ မဟုတ်ပါဘူး၊ ခက်ခက်ခဲခဲ မချောမမွေ့ လုပ်ရတာတွေလည်း ရှိတယ်၊ ပန်းခင်းတဲ့ လမ်းပေါ်ချည်းတော့ ဘယ်လျှောက်ရမလဲ၊ ခရောင်းတောလမ်း ပေါ်လည်း လျှောက်ခဲ့ရတာပေါ့၊ တစ်ခါမက အခါခါပဲ ဖြစ်ပါလိမ့်မယ်၊

http://www.dhammadownload.com

ခရောင်းတောလမ်း လျှောက်ရပေမယ့်လည်း ဆရာတော်ဟာ သူ့ခရီးကိုတော့ ရှေ့သို့ ဆက်ခဲ့တာပဲ၊ နောက်ကြောင်းပြန်ကာ တပ်ခေါက်ခဲ့တဲ့ ထုံးစံ မရှိဘူး၊ မဖြစ်ဖြစ်တဲ့ နည်းနဲ့ အများအကျိုးပြုခရီးကို တွင်တွင်ပဲ နှင်ခဲ့တယ်၊ ခရီးပေါက်လို့ ခရီးလည်း အတော်ရောက်နေပါပြီ၊ ဆရာတော်ဟာ အများအကျိုးပြုခရီးကို ရှေးက နှင်ခဲ့သလို ယခုလည်း နှင်နေတယ်၊ နောင်လည်း အသက်ရှည်နေသမျှ ဆက်လက်နှင်နေမှာပါပဲ။

ဆရာတော် လျှောက်ခဲ့ရတဲ့ အများအကျိုးပြုဘဝခရီးကို ပြန်လည်စဉ်းစားလိုက်တဲ့အခါ မဟာဂန္ဓာရုံဆရာတော် ရေးသားထားတဲ့ ကိုယ်ကျင့်အဘိဓမ္မာ စာအုပ်ထဲက စာသားလေးတချို့ကို သတိရမိတယ်။

" သစ်ပင်တွေထဲမှာ အမြင့်ဆုံးသစ်ပင်ဟာ လေအတိုက်ခံရဆုံးပဲ " တဲ့။

ဆရာတော့်ဘဝမှာ အမြင့်ရောက်လာတာနဲ့အမျှ လောကဓံလေတွေရဲ့ အတိုက်အခိုက်ကို များစွာပဲ ခံခဲ့ရတယ်။

နောက်စာပိုဒ်လေးတစ်ခုက –

" ပတ္တမြားအရောင် တောက်ပတာကို မရှစိမ့်လို့ ပွတ်တိုက်ကြတဲ့ တောဝက်တွေရဲ့ ပွတ်တိုက်မှုကြောင့် ပတ္တမြားဟာ အရောင်မညှိုးဘဲ တိုး၍ တိုး၍သာ တောက်ပြောင်လာတယ် " တဲ့။

ဆရာတော်ရဲ့ ဂုဏ်ရောင် တောက်ပြောင်လာတာကို မရှစိမ့်လို့ ပွတ်တိုက်ကြတဲ့ တောဝက်လို အစားတို့ရဲ့ ပွတ်တိုက်မှုတွေကြောင့် ဆရာတော်ဟာ ဂုဏ်ရောင်မညှိုးဘဲ တိုး၍တိုး၍သာ တောက်ပြောင်လာနေပါတယ်။

နောက်စာပိုဒ်လေးတစ်ခုကလည်း–

" ပင်လယ်ကို ဖြတ်ကူးတဲ့ ကျွမ်းကျင်တဲ့ မာလိန်မှူးမှာ သာမန်လှိုင်းလေ၊ ပြင်းထန်တဲ့ လှိုင်းလေ၊ သဘော်ကိုတောင် အန္တရာယ်ဖြစ်စေနိုင်တဲ့ လှိုင်းလေတွေကို တွေ့ရပေမယ့်လည်း သူ့ရဲ့ဉာဏ်စွမ်း၊ သူ့ရဲ့ လုံ့လအစွမ်းတွေနဲ့ အဲဒီလှိုင်းလေတွေကို ကျော်ဖြတ်ကာ တစ်ဖက်ကမ်းကို အရောက်သွားခဲ့တယ် " တဲ့။

ဆရာတော်မှာ အများအကျိုးပြု ဘဝပင်လယ်ခရီး နှင်တဲ့အခါ သာမန်လောကဓံလှိုင်းလေ၊ ပြင်းထန်တဲ့ လောကဓံလှိုင်းလေ၊ အသက်ကိုပင် အန္တရာယ်ပြုနိုင်တဲ့ လောကဓံလှိုင်းလေတွေကို တွေ့ရပေမယ့်လဲ ဆရာတော့်မှာ ရှိတဲ့ ကံစွမ်း၊ ဉာဏ်စွမ်း၊ လုံ့လအစွမ်းတွေနဲ့ အဲဒီလောကဓံလှိုင်းလေတွေကို ကျော်ဖြတ်ကာ လိုရာပန်းတိုင်ကို အရောက်သွားနေပါတယ်။

ဆရာတော့်မှာ အစွမ်းအစတွေသာ မရှိခဲ့ရင် လောကဓံလှိုင်းလေတို့ရဲ့ ပုတ်ခတ်မှုဒဏ်တွေကြောင့် ဘဝပင်လယ်ထဲမှာ စုန်းစုန်းမြုပ်သွားနိုင်ပါတယ်။

http://www.dhammadownload.com

ဆရာတော်ရဲ့ အောင်မြင်စွာ ဖြတ်သန်းလာခဲ့တဲ့ ဘဝခရီးကို ထောက်ဆကြည့်ရင် ဆရာတော်ရဲ့ အစွမ်းအစတွေကို သိနိုင်ပါတယ်၊ ဆရာတော်ဟာလည်း သူ့အစွမ်းအစတွေကို ယုံကြည်မှုအပြည့်အဝရှိထားကြောင်းကို " ကိုယ့်အစွမ်းကို ယုံကြည်ပါတယ် " ဆိုတဲ့ စကားလေးနဲ့ သိသွားရပါတယ်။

" အာပဒါသု ထာမော ဝေဒိတဗ္ဗော– လူတစ်ဦးရဲ့ အစွမ်းအစကို အခက်အခဲအကျပ်အတည်း ဘေးရန်တွေနဲ့ တွေ့ရမှ သိရတယ် " တဲ့၊ ဒါ ဘုရားစကားပဲ၊ အဲဒီလို မတွေ့ရရင်လည်း အစွမ်းအစတွေကတော့ ငုတ်လျှိုးနေတတ်ကြတယ်၊ တွေ့မှပဲ ပေါ်လာတတ်ကြတယ်၊ ဆရာတော်မှာ သာမန်လောကဓံလှိုင်းလေတွေကို တစ်ခါတွေ့တယ်၊ သူ့အစွမ်းအစကို အသုံးပြုကြည့်တယ်၊ အောင်နိုင်တယ်၊ နောက်တစ်ခါတွေ့ပြန်တယ်၊ နောက်တစ်ခါ အသုံးပြုကြည့်တယ်၊ နောက်တစ်ခါလည်း အောင်နိုင်တယ်၊ ထို့နောက် တစ်ဖန် တွေ့ပြန်တော့လည်း အောင်နိုင်တယ်၊ အခါခါ တွေ့တယ်၊ အခါခါ သုံးကြည့်တယ်၊ အခါခါ အောင်နိုင်တယ်၊ ဒီတော့ ဆရာတော်ဟာ သူ့အစွမ်းအစကို ယုံကြည်မှုအားတွေ ပိုပြီး ကောင်းလာပြီပေါ့။

နောက်တစ်ခါ သာမန်လောကဓံလှိုင်းလေတွေထက် ပြင်းထန်တဲ့ လောကဓံလှိုင်းလေတွေကို တွေ့ရတယ်၊ သူ့အစွမ်းအစကို ပိုပြီး အသုံးပြုရတယ်၊ အောင်နိုင်တယ်၊ အခါခါ တွေ့တယ်၊ အခါခါ အသုံးပြုတယ်၊ အခါခါ အောင်နိုင်တယ်၊ ဒီတော့ ဆရာတော်ဟာ သူ့အစွမ်းအစကို ယုံကြည်မှုအားတွေ ပို၊ ပိုလာပြီ ပေါ့။

အသက်ကိုပင် အန္တရာယ်ပြုနိုင်တဲ့ လောကဓံလှိုင်းလေတွေကို တွေ့ရလည်း ဆရာတော်မှာ ခံနိုင်ရည်အားတွေ ကောင်းနေလို့ " ကိုယ့်အစွမ်းကို ယုံကြည်ပါတယ် " လို့ နှုတ်က ပေါ်ထွက်လာတာနေမှာပေါ့၊ ဆရာတော်ဟာ သူ့ရဲ့ အစွမ်းအစကို အခါခါ စမ်းသပ် ကြည့်ထားတာ ဖြစ်ပါလိမ့်မယ်၊ လောကဓံစာမေးပွဲတွေကို အကြိမ်ကြိမ် နွဲ့ကာ အောင်ပွဲဆင်နိုင်စေတဲ့ ဆရာတော်ရဲ့ စွမ်းအားတွေကို စာရေးသူ ဒီလို တွေ့ရှိကြည်ညိုနေမိပါတယ်။

ဆရာတော်မှာ ပရိယတ်အား၊ ပဋိပတ်အားတွေ ရှိတယ်၊ " ပရိယတ်အား " ဆိုရာမှာ ဓမ္မစာပေအားသာမက လောကစာပေအားတွေလည်း ပါပါတယ်။

" ပဋိပတ်အား " ဆိုရာမှာတော့ သီလအား၊ သမာဓိအား၊ ပညာအားတွေပါပဲ။

တစ်နည်းအားဖြင့် ပြောရရင်တော့–

သဒ္ဓါအား၊ ဝီရိယအား၊ သတိအား၊ သမာဓိအား၊ပညာအား – ဆိုတဲ့ အားတွေပါပဲ။

နောက်တစ်နည်းအားဖြင့် ပြောရင်တော့–

http://www.dhammadownload.com

မေတ္တာအား၊ ကရုဏာအား၊ ခန္တီအား၊ သစ္စာအားတွေပါပဲ။

စာရေးသူအမြင်မှာ " ဆရာတော်ဟာ အဲဒီအားတွေကို အသုံးပြုတာကို တွေ့နေရလို့ အဲဒီအားတွေကိုပဲ ရည်ရွယ်ကာ ကိုယ့်အစွမ်းကို ယုံကြည်တယ်လို့ မိန့်တာပဲ " လို့ နားလည်မိပါတယ်၊ " ဆရာတော်မှာ အဲဒီစွမ်းအားတွေ အားကောင်းရင် အားကောင်းသလောက် အောင်မြင်မှုအရှိန်အဟုန်ဟာ ဆက်လက်အားကောင်း နေမှာပဲ " လို့ ယူဆပါတယ်၊ ဆရာ့တော်မှာသာ မဟုတ်၊ အခြားသူတွေမှာလည်း (မည်သူမဆို) အဲဒီစွမ်းအားတွေကို ပိုင်ဆိုင်ရင် ပိုင်ဆိုင်သလောက် ဘဝခရီးမှာ အောင်မြင်မှုပန်းအထွေထွေကို ပန်ဆင်နေကြရမှာပါပဲ၊ နည်းနည်း ပိုင်ဆိုင်ရင် အောင်မြင်မှုပန်းတွေကို နည်းနည်း ပန်ဆင်ရမှာပဲ၊ များများ ပိုင်ဆိုင်ရင် များများ ပန်ဆင်ရမှာပဲ၊ အပြည့်အဝ ပိုင်ဆိုင်ရင်တော့ အပြည့်အဝ ပန်ဆင်ရမှာပဲ၊ " ကိုယ့်အစွမ်းကို ယုံကြည်ပါတယ် " လို့ ကြုံးဝါးနိုင်လောက်အောင် အားတွေ ကောင်းနေရင်တော့ သိပ်ကောင်းတာပေါ့။

စွမ်းအားရှင်

ဘဝတိုက်ပွဲ
ခက်အခဲတို့
သင့်ကဲစမ်းရန်
သင့်ထံ လာကြ၊
ထိုကာလဝယ်
စွမ်းစသင့်မှာ
မပိုင်ပါက
ဘယ်မှာ တိုက်ပွဲ
အောင်မလဲ။

စွမ်းအားပိုင်ရှင်
ဖြစ်လေလျှင်မူ
ပါဝင်ဆင်နွှဲ
အောင်မြင်မြဲ။

❐ ❐ ❐ ❐ ❐

http://www.dhammadownload.com

မျှားလည်း မမျှား၊ မှားလည်း မမှား

" ပရာဓီနံ ပရာယတ္တံ ဒုက္ခံ = သူတစ်ပါးတွေနဲ့ ဆက်စပ်နေရတာ ဒုက္ခ " တဲ့။

ဆရာတော်ရဲ့ အတွေ့အကြုံတွေအရ ထုတ်ဖော်ပြောလိုက်တဲ့ စကားလေးပါပဲ၊ အဲဒီစကားလေးကို စာရေးသူလည်း အတွေ့အကြုံအရ နားလည်သဘောပေါက်ပါရဲ့၊ ပိုပြီးနားလည်သဘောပေါက်စေနိုင်တဲ့ အတွေ့အကြုံလေးတစ်ခုကို မနေ့ညက (၀၆ခေါင်းလဆန်း ၁၄ ရက်နေ့ (၂၆၊ ၈၊ ၉၆) ညက တွေ့ကြုံလိုက်ရတယ်၊ စာရေးသူဟာ ဒီနှစ်၀ါကို ဆယ်မိုင်ကုန်း တောစခန်းရိပ်သာမှာ ၀ါဆိုပါတယ်၊ ကျန်းမာရေးအတွက် အနားယူဖို့ပါပဲ၊ ဒီသာသနာ့ရိပ်သာကို ရန်ကုန်ကနေ လာရင် မိုင် (၄၀) လာရတယ်၊ ပဲခူးက လာရင်တော့ ဆယ်မိုင် လာရတယ်၊ ဆယ်မိုင်ကုန်း ရန်ကုန် - ပဲခူး ကားလမ်းကနေ တောစခန်းရိပ်သာ အထိ တစ်မိုင်ကျော်ကျော် လာရသေးတယ်၊ တောထဲမှာပါ၊ မနေ့ညက (၇) နာရီခွဲလောက် လမ်းလျှောက်ဖို့ ကျောင်းအဝင်လမ်းဆီကို ဥူးနန္ဒနဲ့အတူ သွားတယ်၊ လက သာတော့ သာတယ်၊ မိုးတိမ်အုပ်တဲ့ အခါတော့ မသာဘူးပေါ့၊ မိုးတိမ် နည်းနည်း အုပ်နေလို့ လရောင်က မလင်းတလင်း ဖြစ်နေပါတယ်၊ စာရေးသူတို့ ရောက်နေရာနေရာက ၀ါးရုံတစ်ရုံနားမှာပါ၊ ၀ါးရုံရိပ်ကပါ ဖုံးထားတော့ ပိုပြီး မှောင်နေပါတယ်၊ ညအခါမို့နဲ့တူပါရဲ့၊ မြွေတွေကလည်း အစာရှာထွက်ကြပုံပေါ်တယ်၊ စာရေးသူ နောက်ခြေတစ်လှမ်း လှမ်းလိုက်ရင် မြွေကို တက်နင်းမိပြီ၊ စာရေးသူ ကံကောင်းပါတယ်၊ စာရေးသူရဲ့ မျက်စိက မှောင်နေပေမယ့် နောက်တစ်လှမ်း လှမ်းတော့မယ်အလုပ် မြွေကို ချက်ချင်း မြင်လိုက်ရတယ်၊ စာရေးသူက မြွေကိုက်ခံရပြီး သေရမယ့်ကံ ပါပုံမပေါ်ဘူး၊ ဒီလို အခြေအနေတွေ တော်တော်များများ ကြုံခဲ့ဖူးတယ်၊ မြွေက သူ့ကို ခြောက်တော့ပေါက်တယ်၊ ဘုန်းကြီး ဥူးနန္ဒက ပြောတယ်၊ " ပေါက်ရင် မြက်လျှောမြွေ မဟုတ်ဘူး၊ ကြောက်ရတယ် " တဲ့၊ သူပြော

http://www.dhammadownload.com

မှ ကြောက်သလိုလို ဖြစ်သွားမိတယ်။

စာရေးသူတို့ရဲ့ ဇာတိရပ်မှာတော့ မြွေပွေးတွေက ပေါတယ်၊ မြွေပွေးကိုက်လို့ သေတဲ့ သူတွေ များစွာ တွေ့ဖူးတယ်၊ ကြားဖူးတယ်၊ ဒီရွှေတောင်ကုန်းသာသနာ့ရိပ်သာ လို အောက်ပြည်က အရပ်တွေမှာတော့ မြွေပွေး မရှိဘူး ဆိုလို့ မြွေတွေ တွေ့ရပေမယ့် သိပ်မကြောက်လှဘူး၊ ဒါပေမယ့် အကယ်၍ သေစေနိုင်တဲ့ မြွေရှိလို့ တက်နင်းမိတော့မယ့် မြွေက သေစေနိုင်တဲ့ မြွေ ဖြစ်ခဲ့ရင်, နင်းမိလို့ အကိုက်ခံခဲ့ရရင် ဘယ်လို လုပ်ရမလဲ၊ ရိပ်သာထဲမှာ အရေးပေါ် ကုသပေးမယ့် ဆရာဝန်နဲ့ စစ္စတာဒေါ်လှမြင့်လည်း မရှိဘူး၊ မရှိလို့ အင်းတကော် သို့မဟုတ် ရန်ကုန် သွားရမယ်၊ သွားရင် ရိပ်သာမှာ ကားသာ မရှိပါက အင်းတကော် ရောက်အောင် သွားဖို့တောင် ခက်ပါမယ်၊ ရန်ကုန်ဆိုရင် ပိုပြီး ခက်ပါလိမ့်မယ်၊ ရိပ်သာမှာ ကား ရှိနေတယ်ဆိုတော့ အချိန်လုပြီး ကုလို့ရရင် ဆေးဦးသွားလို့ အသက်ချမ်းသာရာ ရမှာ သေချာပါတယ်၊ "ငါဟာ သိပ်အရေးကြီးတဲ့ လူနာ ဖြစ်ပြီး ကားအခက်အခဲ ကြောင့် မဆုံးရှုံးသင့်ဘဲ အသက်ဆုံးရှုံးလိုက်ရရင် . . . စသည်နဲ့ လျှောက်တွေးကာ " ကားဟာ ဒီလိုနေရာ, ဒီလိုအခါမျိုးမှာ အသက်ကယ်ပစ္စည်းပါလား " လို့ နားလည်ခွင့်ရလိုက်ပါတယ်၊ ဒါဟာ ကိုယ်တွေ့ တွေ့ရတဲ့ အတွေ့အကြုံအရ ကားရဲ့ လိုအပ်ချက်, ကျေးဇူးများတဲ့ အချက်တွေကို နားလည်သဘောပေါက်လိုက်ရတာပါပဲ။

ဆရာတော်က ကားတွေ မရှိခင်ကရော ရှိလာတော့ရော ရှင်၊ ရဟန်း၊ လူတွေကို မေးခွန်းကြုံလာတဲ့အခါ ကားရှိဖို့ လိုအပ်၊ မလိုအပ်ကို အခါများစွာ မေးတတ်ပါတယ်၊ စာရေးသူကိုလည်း မေးဖူးပါတယ်၊ အခြားသူတွေကို မေးတာကို လည်း ကြားဖူးပါတယ်၊ စာရေးသူကို ယခုအချိန်မှာ ဆရာတော် မေးလာခဲ့ရင် " ကားရှိဖို့ လိုကို လိုအပ်ပါတယ် " လို့ ရာနှုန်းပြည့် ထောက်ခံဖြေကြားမှာပါပဲ၊ အဲဒီလို အဖြေမပေးရင် " သင် သေချင်သလား " လို့ ကိုယ့်ကိုယ့်ကို အရင် မေးခွန်း ထုတ်ရပါလိမ့်မယ်၊ ကံမကောင်းရင် မနေ့ညက မြွေက စာရေးသူကို သေရွာမြွန်းစေ နိုင်တာပဲ၊ ဒါက စာရေးသူမှာ တကယ် ဖြစ်မလာသေးပါဘူး၊ ဖြစ်လာဖို့ အလွန်နီးကပ် လာတဲ့ အခြေအနေပေါ့၊ ဆရာတော်ရဲ့ တပည့်တွေထဲမှာ စာရေးသူထက် များစွာ ဆိုးလို့ စိုးရိမ်ရတဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်ခဲ့ရသူတွေလည်း ရှိခဲ့ပါတယ်၊ အဲဒီလို အခါမျိုးတွေမှာ ကားရှိဖို့ လိုအပ်တယ် ဆိုတဲ့ အတွေးဟာ ဆရာတော့်မှာ လေးနက်စွာ ပေါ်လာပါလိမ့်မယ်၊ ဒီလို သေရေးရှင်ရေး အခြေအနေတွေလောက် အရေးမကြီးပေမယ့် ဒါလောက်နီးနီး အရေးကြီးတဲ့ အခြေအနေတွေကိုလည်း ဆရာတော်ရဲ့ အများအကျိုး ပြုလုပ်ငန်းခွင်မှာ ဆရာတော်ဟာ များစွာ တွေ့ကြုံခဲ့ရပါလိမ့်မယ်၊

http://www.dhammadownload.com

ဒကာ၊ ဒကာမတွေက " ကား အလိုရှိရင် အမိန့်ရှိပါဘုရား၊ **အားမနာပါနဲ့ဘုရား**။ တပည့်တော်တို့ကို ချီးမြှောက်ပါဘုရား " လို့ လှိုက်လှိုက်လဲလဲ ထက်ထက်သန်သန်နဲ့ အတန်တန် အခါခါ လျှောက်ထားကြပေမယ့် အခြေအနေအရပ်ရပ်ကို သုံးသပ်ရပါတယ်၊ သူတစ်ပါးကို မှီခိုရတဲ့ ဘဝရဲ့ ဒုက္ခအဖုံဖုံကို အကြိမ်များစွာ ခံစားရဖူးပုံပေါ်ပါတယ်၊ ဒါကြောင့် ဆရာတော်က " ပရာဓီနံ ဒုက္ခံ၊ ပရာယတ္တံ ဒုက္ခံ = သူတစ်ပါးတွေနဲ့ ဆက်စပ်နေတာ (သူတစ်ပါးကို မှီခိုနေရတာ) ဒုက္ခ " လို့မိန့်ကြားဟန်ရှိပါတယ်။ ငါးစီးမြောက်ကားကို ဝယ်အပြီးမှာ အဲဒီကားကို ကြည့်ကာ အထက်ပါစကားလေးကို စာရေးသူအား မိန့်ကြား လိုက်တာပါပဲ။ အခုတော့ ငါးစီးမကဘဲ ခြောက်စီးတောင် ရှိနေပြီ။ ကားမရှိလို့ တွေ့နေရတဲ့ အခက်အခဲအထွေထွေဟာ အခုတော့ ပြေလည်နေပြီပေါ့။ ကားခြောက်စီး၏ အမည် တွေကို မသိလို့ တောကျတယ်လို့ ပြောကြရင် စာရေးသူဟာ တောကျတယ်လို့ အပြောခံရမှာပါပဲ၊ မသိလို့ ကားမောင်းရာမှာရော၊ ကားဆိုင်ရာမှာပါ ကျွမ်းကျင်တဲ့ ကပ္ပိယကာရက မောင်ခင်မောင်အေးကို မေးရပါတယ်၊ သူက ပြောပြပေမယ့်လည်း အင်္ဂလိပ်စာလုံးပေါင်းရော မြန်မာအသံထွက်ပါမှတ်မိတာ မဟုတ်ဘူး၊ ဒါကြောင့် ရေးပေးပါလို့ ပြောလို့ သူက ရေးပေးလို့ သူ ရေးပေးတဲ့အတိုင်း ကူးယူဖော်ပြလိုက်ပါတယ်။

၁။ TOYOTA CARINA (တိုယိုတာ ကာရိနာ)

၂။ TOYOTA HILUX DIESEL (တိုယိုတာ မိုင်းလတ် (စ) ဒီဇယ်)

၃။ TOYOTA TOWN ACE PICKUP (တိုယိုတာ တောင်းအေ့ (စ်) ပစ်ကပ်)

၄။ TOYOTA PUBLICA (တိုယိုတာ ပါဘလေကာ)

၅။ NISSAN BANETTE (နစ်ဆန် ဘင်နတီ)

၆။ NISSAN ATLES (နစ်ဆန် အက်တလက် (စ်))

အဲဒီလို ကားတွေ ရှိလာတဲ့အတွက် ရရှိလာတဲ့ အကျိုးတွေကို သီချင်လို့ မောင်ခင်မောင်အေးကို မေးကြည့်တဲ့အခါ သူက ဒီလို ပြောပြပါတယ်။

" ငွေကုန် သက်သာတယ်၊ အချိန်ကုန် သက်သာတယ်၊ ကားဝယ်လို့ ကုန်တဲ့ ငွေထက် ကားတွေ မရှိရင် ကုန်ရမယ့် ငွေက အဆပေါင်းများစွာ ပိုများပါတယ်၊ ကားတွေကို အသုံးပြုရလို့ ရတဲ့ အကျိုးအမြတ်တွေက ကားဝယ်လို့ ကုန်တဲ့ ငွေကို အချိန်တို့ အတွင်းပါပဲ ကျေသွားစေပါတယ်၊ ကားဝယ်လို့ ကုန်တာထက် ကားရှိလို့ ရတဲ့အကျိုး တွေက ကြွေးငွေနဲ့ တွက်ရင်လည်း များစွာ ပိုနေပါပြီ၊ တပည့်တော်တို့ ဒီဆယ်မိုင်ကုန်းမှာပဲ ဖြစ်ဖြစ်, ရန်ကုန်မှာပဲဖြစ်ဖြစ် ဆောက်လုပ်ရေးစတဲ့ လုပ်ငန်းတွေ ဟာ ကိုယ့် ရိပ်သာမှာသာ ကား မရှိရင် အချိန်ကြာမှာ သေချာပါတယ်၊ အခုတော့

http://www.dhammadownload.com

အချိန်တို့ အတောအတွင်းမှာ လုပ်ငန်းမျိုးစုံဟာ ပြီးစီးနေပါတယ်၊ ဒါဟာ ကားတွေ ရှိရခြင်းရဲ့ အတိုချုပ် အကျိုးတွေပါပဲ။ "

"ကားရှိလို့ ရောက်ရတဲ့ ဒုက္ခတွေဟာ ကားရှိလို့ လွယ်ကူအဆင်ပြေရတာတွေနဲ့စာရင် ဘာမှ မပြောပလောက်ပါဘူး၊ အသေးအမွှားလေးတွေပါပဲ၊ ကားရှိလို့ လွယ်ကူ အဆင်ပြေချမ်းသာရတာတွေက မနှိုင်းသာလောက်အောင်ပဲ များပါတယ်၊ တပည့် တော်တို့ လုပ်ငန်းခွင်တွေက ကျယ်ပြန့်များပြားလာလို့ ကား (၆) စီးဟာ များတယ် ထင်ရပေမယ့် မများပါဘူး၊ သူနေရာနဲ့သူ လိုအပ်ပြီး အသုံးဝင်နေပါတယ်၊ အသုံးကျနေပါတယ်၊ အကျိုးများနေပါတယ် " တဲ့။

ဆယ်မိုင်ကုန်းတောစခန်းရိပ်သာမှာ စိုက်ပျိုးရေးတာဝန်ခံ ဦးစီးဦးဆောင် လုပ်နေတဲ့ သီရိလင်္ကာရဟန်းတော် ဥူးဓမ္မာဇီဝကတော့ ကားတွေနဲ့ ပတ်သက်ပြီး ဒီလို ဆိုပါတယ်။

" ဒီကားတွေဟာ သာသနာအတွက်၊ အများအတွက် ကျေးဇူးများသလား မများဘူးလား စဉ်းစားရမယ်၊ အကျိုးများတယ်၊ ကျေးဇူးများတယ်ဆိုရင် ကားတွေ ရှိတာ ကောင်းတယ်၊ ကိုယ့်အတွက် ဇိမ်ခံဖို့သက်သက်ဆိုရင် မကောင်းဘူး၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာက ကားတွေကို သာသနာအတွက်၊ အများအတွက် အသုံးပြုနေတာပဲ၊ ဆရာတော်ဇိမ်ခံဖို့ အသုံးပြုနေတာမှ မဟုတ်ပဲ၊ ဒါကြောင့် ရွှေတောင်ကုန်သာသနာ့ရိပ်သာမှာ ကားတွေ ရှိတာဟာ ကောင်းပါတယ်၊ ကျေးဇူး များပါတယ်၊ ကားသာ မကပါဘူး၊ ကွန်ပျူတာ၊ စာကူးစက်စတဲ့ စက်ပစ္စည်းကိရိယာတွေဟာလည်း သာသနာအတွက်၊ အများအတွက်ဆိုရင် ရှိသင့်တာချည်းပါပဲ " တဲ့။

ဆယ်မိုင်ကုန်း တောစခန်းရိပ်သာမှာ ရေရရှိရေးတာဝန်ခံ၊ ဂျာမန်ရဟန်းတော် ဥူးဝိဝေကာနန္ဒကတော့ ကားတွေနဲ့ ပတ်သက်ပြီး ဒီလို ပြောပါတယ်။

" အနောက်တိုင်းနိုင်ငံတွေမှာ လူအဖွဲ့အစည်း ရှိရင် လူအယောက် (၃၀) မှာ ကားတစ်စီး ရှိရတယ် – တဲ့။ ဒါကြောင့် ဒီရိပ်သာမှာ ကား (၆) စီးရှိတာဟာ များတယ် လို့ မဆိုနိုင်ပါဘူး – " တဲ့။

ရန်ကုန် ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ ဆွမ်းစားကျောင်းအတွက် ဝယ်စရာတွေကို ဂကျောင်းကားနဲ့ နေ့တိုင်း သွားဝယ်ရတယ်၊ ဆယ်မိုင်ကုန်းမှာလည်း ဒီလိုပါပဲ၊ ဆယ်မိုင်ကုန်းမှာ ဆွမ်းခံသွားတော့လည်း ကားနဲ့ပဲ၊ မူးယစ်ဆေးဝါးဆေးဝါးဆေးရုံသို့ တရားပြသွားတော့လည်း ကျောင်းကားနဲ့ပဲ သွားရတယ်၊ ပြည်ပယောဂီတွေက လာလိုက်၊ ပြန်လိုက်နဲ့ ပြတ်လှတယ် မရှိဘူး၊ ပြည်ပယောဂီတွေအတွက် ဗီဇာသက်တမ်းတိုးတာစသည်အတွက် သွားရတော့လည်း ကျောင်းကားနဲ့

http://www.dhammadownload.com

ပဲ သွားရတယ်၊ ကျောင်းအဆောက်အဦစသည့်အတွက် သုံးစရာရှိတော့လည်း ကားတွေကို သုံးရတယ်။ ဆယ်မိုင်ကုန်း ပို့စရာရှိတော့လည်း ကျောင်းကားနဲ့ ပို့ပေးရတယ်။ အခြားအခြားကိစ္စတွေအတွက် ကားတွေ သုံးရတာ များလှပါတယ်၊ အဲဒီကားတွေရဲ့ အကုအညီသာ မရရင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာအဆောက်အဦတွေဟာ ရန်ကုန်မှာရော ဆယ်မိုင်ကုန်းမှာပါ ဒီလို နှစ်တိုကာလအတောအတွင်း ဒီလောက် ပြီးမြောက်ဖို့ရာ မလွယ်ကူတာဟာလည်း သေချာပါတယ်၊ ဆရာတော်ရဲ့ အများအကျိုး ပြုလုပ်ငန်းတွေကို တွင်တွင်ကျယ်ကျယ် ကျယ်ကျယ်ပြန့်ပြန့် ဒီလိုဆောင်ရွက်နိုင်နေရာ မှာ ကားတွေရဲ့ ကျေးဇူးဟာလည်း အရေးပါတဲ့ ကဏ္ဍမှာ ရှိနေတယ်ဆိုရင် မှားမယ် မထင်ပါဘူး။ ကားအလှူရှင်တွေရဲ့ ကျေးဇူးကိုလည်း ထိုနည်းအတူပဲလို့ ဆိုရမှာပါပဲ။

" ပရာဓီနံ ဒုက္ခံ၊ ပရာယတ္တံ ဒုက္ခံ " ရဲ့ ပြောင်းပြန် " သဗ္ဗံကူသိရိယံ သုခံ = အရာရာမှာ အစိုးတရရှိတာဟာ ချမ်းသာကြောင်း " ပဲ ဆိုတဲ့ စကားလည်း ရှိတယ် မဟုတ်လားဘုရား " လို့ ဆရာတော်အား စာရေးသူက လျှောက်တဲ့အခါ ဟုတ်တယ်၊ ရှိတယ် လို့ မိန့်တယ်။ အဲဒီပြောင်းပြန်စကားအရ ဆရာတော်မှာ ဒုက္ခတွေအစား သုခတွေ ပွားနေတာလည်း အများအသိပါပဲ။

များလည်းမများ၊ မှားလည်းမမှား

ကား (၆) စီးရှိတယ်၊
သာသနာအတွက်ပဲကွယ်၊
အများအတွက်ပဲကွယ်၊
သူ့ကျိုးဖို့ မရည်ရွယ်၊
တကယ်ပင် မှန်သား၊
ထို့ကြောင့်ရယ် ကားတွေ ထား၊
များလည်း မများ၊
မှားလည်း မမှား။

❖ ❖ ❖ ❖ ❖

http://www.dhammadownload.com

ဥယျာဉ်မှူးရဲ့ အပြုံး

" ကလေးငယ်ဟာ မရပ်နိုင်သေးခင် ရပ်နိုင်အောင် ကြိုးစားထကြည့်တယ်၊ မဟန်နိုင်သေးလို့ ပြန်ထိုင်ကျသွားတယ်၊ ပြန်ထတယ်၊ ပြန်ကျတယ်၊ ထပြန်တယ်၊ ကျပြန်တယ်၊ ထဖန်များလို့ ကျဖန်များရာက လုံးဝ ထသွားနိုင်လာတယ်၊ ထပြီး ရပ်နိုင်လာတဲ့အခါ ဘယ်လှမ်း၊ ညာလှမ်းကြည့်တယ်၊ လဲကျတယ်၊ ပြန်ထကာသွား ကြည့်တယ်၊ လဲကျပြန်တယ်၊ သွားကြည့်ပြန်တယ်၊ ကလေးရဲ့ မလျှော့တဲ့ ဇွဲ.ရဲ့ နောက်ဆုံးမှာ ကောင်းကောင်း သွားတတ်လာတယ်။ "

ဒါဟာ ဆရာတော်ရဲ့ တပည့်ရဟန်းငယ်တွေကို ဆရာတော် ပေးတဲ့ အားပေး စကားပါပဲ၊ ဒီရဟန်းငယ်တွေက အင်္ဂလိပ်စာသင်နေကြတဲ့ ရဟန်းငယ်တွေပါပဲ၊ ဆရာတော်က မဟာစည်သာသနာ့ရိပ်သာမှာ သြဝါဒါစရိယ ဆရာတော်ဖြစ်ပြီးကထဲက ပရိယတ်, ပဋိပတ်စွယ်စုံတော်တဲ့ တပည့်ရဟန်းငယ်လေးတွေကို မွေးမြူခဲ့ပါတယ်၊ ပရိယတ်အရည်အချင်းက - အစိုးရဓမ္မာစရိယ အောင်ပြီးသား ဖြစ်ရမယ်၊ ပဋိပတ် အရည်အချင်းကတော့ အကျင့်သီလကောင်းပြီး သတိဌာန်တရားကို အားရကျေနပ် ဖွယ်ရှိသည်အထိ အားထုတ်ပြီး ဖြစ်ရမယ်၊ နောက်ပြီးတော့ အဲဒီတပည့်ရဟန်း တွေက ဆရာတော်ရဲ့ အများအကျိုးပြုလုပ်ငန်းမှာ အခွင့်အရေး မမျှော်လင့်ဘဲ ကျရာ တာဝန်ကို ဆောင်ရွက်နိုင်ရမယ်၊ အစိုးရဓမ္မာစရိယ အောင်မြင်ပြီး သတိပဋ္ဌာန်တရားကို အားထုတ်ပြီးရုံနဲ့ ဆရာတော်က လက်ခံသေးတာ မဟုတ်ဘူး၊ သူ့စိတ်ကျ လေ့လာပါ သေးတယ်၊ ဆရာတော်က သူမေးချင်တဲ့ မေးခွန်းမျိုးစုံကို မေးတယ်၊ စိတ်ဓာတ်အနေ အထား၊ ဉာဏ်ရည်ဉာဏ်သွေး၊ သာသနာစိတ်ဓာတ်၊ အများအကျိုးဆောင်လိုစိတ်၊ အနစ်နာခံလိုစိတ်၊ ကိုယ်ကျိုးစွန့်လိုစိတ်စတဲ့ အခြေအနေတွေကို စမ်းသပ်တဲ့ မေးခွန်း တွေပါပဲ၊ အဲဒီမေးခွန်းတွေ မေးလို့ အဖြေတွေကို သဘောကျမှ လက်ခံတယ်၊ လက်ခံ

http://www.dhammadownload.com

ပြီး တာဝန်တွေ ပေးကြည့်ကာ စမ်းသပ်ကြည့် သေးတယ်၊ အမျိုးမျိုး အဖုံဖုံ လေ့လာ စမ်းသပ်ပြီးမှ တပည့်တစ်ပါးကို ယုံကြည်စိတ်ချစွာ အသုံးချပါတယ်။

အင်္ဂလိပ်သင်ယူကြတဲ့ တပည့်ရဟန်းငယ်အဖွဲ့တွေထဲမှာ စာရေးသူတို့အဖွဲ့ဟာ ပထမဆုံးအဖွဲ့ပါပဲ၊ ဆရာတော်ကလည်း အထက်ပါစကားလို အခြားစကားတွေနဲ့လည်း အင်္ဂလိပ်စာ ကြိုးစားကြဖို့ တိုက်တွန်းအားပေးပါတယ်၊ အင်္ဂလိပ်စာသင်ပြပေးကြတဲ့ ဆရာတွေကလည်း တော်ကြပါတယ်၊ အင်္ဂလိပ်စာဘက်မှာ နာမည်ကြီးတဲ့ ဆရာကြီးတွေလည်း ပါပါတယ်၊ အဲဒီ အင်္ဂလိပ်စာသင်ယူကြတဲ့ ရဟန်းငယ်တွေထဲက တချို့က ပြည်ပရောက်ပြီး ပြည်ပမှာ အင်္ဂလိပ်လို တရားဟောကြ တရားတွေ စစ်နေကြပြီ၊ သြစတြေးလျှ နိုင်ငံရောက် အရှင်ပညာသာမိ၊ အမေရိကရောက် အရှင်ဓမ္မပိယ၊ ကနေဒါရောက် အရှင်ပညောဘာသ၊ သူတို့တစ်တွေကတော့ ဓမ္မဂုဏ်ရည်ပြုလုပ်ငန်းခွင်မှာ အတော်ကို ခရီးတွင်နေကြပါပြီ၊ စင်္ကာပူနိုင်ငံရောက် အရှင်ရာဇိန္ဒ၊ နီပေါနိုင်ငံရောက် အရှင်အာသဘာစာရတို့လည်း အင်္ဂလိပ်စာ တော်ကြပါတယ်၊ သူတို့ကတော့ အင်္ဂလိပ်လို ကောင်းကောင်း တရားမဟောနိုင် သေးတောင် တရားကိုတော့ အင်္ဂလိပ်လို ကောင်းကောင်း စစ်နိုင်နေကြပါတယ်၊ အရှင် အာသဘာစာရက နီပေါဘာသာစကားနဲ့လည်း တရားစစ်၊ စကားပြောနိုင်နေပါပြီ၊ အင်္ဂလန်ရောက် လေယျဝတီဆရာတော် အရှင်သာသနဘဒ္ဒ၊ အမေရိကရောက် အရှင်ပညာဒီပါဘိသနဲ့ အရှင်ယောသိတာဘိဝံသ၊ နီပေါနိုင်ငံရောက် အရှင်သုဇနပ္ပိယ တို့လည်း မကြာခင် အင်္ဂလိပ်စာ ကျွမ်းကျင်လာကြပါတော့မယ်။

ပထမ အင်္ဂလိပ်စာသင်ယူတဲ့အဖွဲ့ထဲက ပြည်ပရောက် တခြားရဟန်းတော်တွေလည်း ရှိပါသေးတယ်၊ သူတို့က အမေရိကရောက်– အရှင်ပညာသီဟ၊ အိန္ဒိယရောက် အရှင်ဥတ္တရနဲ့ အရှင်သီလာစာရ၊ အရှင်သီလာစာရနဲ့ အရှင်ပညာသီဟ တို့ဟာ ဥာဏ်အထူးကောင်း ကြပါတယ်၊ ဒါကြောင့် သူတို့လည်း တရားဟော တရားစစ်တွေ လုပ်ရင်လည်း လုပ်နိုင်နေကြပြီလို့ ထင်ပါတယ်၊ ဒီသုံးပါးကတော့ သုံးပါးလုံး လောကီဘွဲ့ (တက္ကသိုလ်ဘွဲ့) ရပုဂ္ဂိုလ် တွေပါပဲ၊ ဒါကြောင့် အရှင်ဥတ္တရလည်း အင်္ဂလိပ်စာ ခေသူ မဟုတ်ပါဘူး၊ သူတို့သုံးပါးကတော့ သူတို့အစီအစဉ်နဲ့ပဲ ပြည်ပမှာ ရပ်တည်နေကြပါတယ်။

ပထမ အင်္ဂလိပ်စာသင်ယူတဲ့အဖွဲ့ထဲက ပြည်ပရောက် တခြားရဟန်းတော်တွေလည်း ရှိပါသေးတယ်၊ သူတို့က အမေရိကရောက်– အရှင်ပညာသီဟ၊ အိန္ဒိယရောက် အရှင်ဥတ္တရနဲ့ အရှင်သီလာစာရ၊ အရှင်သီလာစာရနဲ့ အရှင်ပညာသီဟ တို့ဟာ ဥာဏ်အထူးကောင်း ကြပါတယ်၊ ဒါကြောင့် သူတို့လည်း တရားဟော တရားစစ်တွေ လုပ်ရင်လည်း လုပ်နိုင်နေကြပြီလို့ ထင်ပါတယ်၊ ဒီသုံးပါးကတော့ သုံးပါးလုံး လောကီဘွဲ့ (တက္ကသိုလ်ဘွဲ့.) ရပုဂ္ဂိုလ် တွေပါပဲ၊ ဒါကြောင့် အရှင်ဥတ္တရလည်း အင်္ဂလိပ်စာ ခေသူ မဟုတ်ပါဘူး၊ သူတို့သုံးပါးကတော့ သူတို့အစီအစဉ်နဲ့ပဲ ပြည်ပမှာ ရပ်တည်နေကြပါတယ်။

ပထမအဖွဲ့ထဲမှာ ပါတဲ့ အင်္ဂလိပ်စာတော်သူတစ်ယောက် ရှိပါသေးတယ်။ သူကတော့ ယခုအခါ လူပြန်တော်ဘဝ ရောက်နေပါတယ်။ သူ့နာမည်က– မောင်လှမြင့်၊ ရဟန်းဘွဲ့က– အရှင်ဝဏ္ဏိတ၊ သူက မန္တလေးသာမဏေကျော်စာမေးပွဲနဲ့ စေတီယင်္ကဏဓမ္မာစရိယကို အောင်မြင်ခဲ့တာမို့ အဲဒီဘွဲ့တွေရဲ့ အမှတ်အသား စကား

http://www.dhammadownload.com

တွေနဲ့ တွဲခေါ်ရရင် " အရှင်ဝဏ္ဏီတာလင်္ကာရာဘိဝံသ " လို့ ခေါ်ကြပါတယ်။ သူက ဆရာတော်ရဲ့ ဩဝါဒအရ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် ရေးထားတဲ့ ကိုယ်ကျင့်အဘိဓမ္မာစာအုပ်၊ မဟာစည်ဆရာတော်ကြီး ရေးထားတဲ့ ဝိပဿနာရှုနည်းကျမ်း (၂) တွဲ၊ သပြေကန်ဆရာတော် ရေးထားတဲ့ သပြေကန်ပရိတ်ကြီး နိဿယသစ် စာအုပ်တို့ကို အင်္ဂလိပ်လို ဘာသာပြန်ရေးထားပါတယ်၊ နောက်ပြီးတော့ ဆရာတော်ရဲ့အစီအစဉ်အရ အင်္ဂလိန်မှာ နေခဲ့ပါတယ်၊ တက္ကသိုလ်မှ ဘွဲ့တစ်ခုကိုလည်း ရခဲ့ပါတယ်၊ လိုအပ်တဲ့အခါ ဆရာတော်ရဲ့ အင်္ဂလိပ်ဘာသာပြန်အဖြစ်ယခုအခါ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ ဆောင်ရွက်နေပါတယ်။

ဥယျာဉ်မှူးသဖွယ်ဖြစ်တဲ့ ဆရာတော်မှာ သီးပွင့်တွေ စုံပြီး မှည့်ရင့်ကာစားရခါနီးမှ ပျက်စီးသွားတဲ့ သစ်ပင်လေးတွေကိုလည်း ဆရာတော် စိုက်ပျိုးတဲ့ဥယျာဉ်ထဲမှာ တွေ့ရတာပါပဲ၊ ဆရာတော်မှာ ဒေဖိုးတန်သီးပင်လေး ဆုံးရှုံးသွားလို့နမြောမိမှာပါပဲ၊ ပျက်စီးသွားတဲ့ သစ်ပင်လေးတွေကို ပစ်မထားဘဲ ပြန်လည်ထိန်းသိမ်းပေးတဲ့ ဆရာတော်ရဲ့ အရည်အသွေးကိုလည်း လေးစားထိုက်တဲ့ ပုဂ္ဂိုလ်တွေက (သံဃာဘက်ကရော လူဝတ်ကြောင်ဘက်ကပါ) ချီးကျူးကြပါတယ်။

ဆရာတော်ဟာ သူတပည့်ရဟန်းငယ်တွေကို အင်္ဂလိပ်စာသင်ယူစေရတာကတော့ ပြည်တွင်း၊ ပြည်ပမှာ သာသနာတော်အတွက် ဆောင်ရွက်စရာ ပေါ်လာခဲ့ရင် ကိုယ့်ဘက်က ပြည့်စုံသင့်တာ ပြည့်စုံထားကြစေလိုလို့ပါပဲ၊ ပရိယတ်၊ ပဋိပတ် အရည်အသွေးတွေ ပြည့်စုံရုံသာမက အင်္ဂလိပ်စာ အရည်အသွေးပါ ပြည့်စုံလာရင် သာသနာရေးရာကိစ္စ၊ အထူးသဖြင့် ပြည်ပမှာ သာသနာရေးရာကိစ္စတွေမှာ ခရီးရောက်မည်ကို ဆရာတော်က သိထားပါတယ်။

ပြည်ပမှာ ယခု ရောက်နေကြတဲ့ ဆရာတော်ရဲ့ တပည့်ရဟန်းတွေကလည်း ပြည်ပမှာ သာသနာရေးရာကိစ္စတွေ ဆောင်ရွက်တဲ့အခါ အင်္ဂလိပ်စာရဲ့ အရေးပါပုံကို ကိုယ်တွေ့ကြုံနေကြပါတယ်၊ ဒါကြောင့် သူတို့ကိုယ်တိုင်လည်း ဆက်လက်ကြိုးစားနေကြပါတယ်၊ နောင်လာနောင်သား ညီငယ်ရဟန်းတွေကိုလည်း အင်္ဂလိပ်စာတတ်အောင် ကြိုးစားထားဖို့ လိုအပ်ကြောင်း၊ ကြိုးစားကြစေလိုကြောင်းကို တညီတညွတ်တည်း၊ တစ်သံတည်း ပြောဆိုတိုက်တွန်းနေကြပါတယ်၊ ပြည်ပမှာ သာသနာရေးရာကိစ္စတွေကို တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နိုင်နေကြတဲ့ ပြည်ပရောက် မြန်မာဆရာတော်များကလည်း ထိုနည်းတူစွာပဲ ပြောဆိုတိုက်တွန်းနေကြပါတယ်။

သူတို့အားလုံးက ဒီလိုလည်း ပြောကြပါသေးတယ်။

" ပြည်ပမှာ ထေရဝါဒထက် မဟာယာနက ပိုပြီး ကြီးကျယ်အောင်မြင်နေပါ

http://www.dhammadownload.com

တယ်၊ အကြောင်းကတော့ ထေရဝါဒသံဃာတွေထက် မဟာယာနပုဂ္ဂိုလ်တွေက အင်္ဂလိပ်စာအရာမှာ သာလွန်တာဟာ အဓိကအကြောင်းတစ်ခုပါပဲ၊ ထေရဝါဒသံဃာတွေထဲမှာ အင်္ဂလိပ်စာတတ်တဲ့ သံဃာတွေ ဒီထက် ပိုများလာရင် ပြည့်ပမှာ ထေရဝါဒသာသနာဟာ ပိုမိုကျယ်ပြန့်လာနိုင်ပါတယ်၊ ထေရဝါဒသံဃာတွေထဲမှာ အင်္ဂလိပ်စာတတ်တဲ့ မြန်မာရဟန်းတွေဟာ သိပ်ကို နည်းနေပါသေးတယ်၊ မြန်မာနိုင်ငံမှာထက် သီရိလင်္ကာနိုင်ငံမှာ အင်္ဂလိပ်စာတတ်တဲ့ ရဟန်းတွေ ပိုမိုများပါတယ်၊ သီရိလင်္ကာ၊ ရဟန်းတွေမှာ ယခုအခါ ပရိယတ်၊ ပဋိပတ်အင်အားတွေ မြန်မာရဟန်းတွေမှာလောက် အားမကောင်းကြပေမယ့် ကမ္ဘာမှာ ထေရဝါဒသာသနာကို အင်္ဂလိပ်ဘာသာနဲ့ ဖြန့်ဝေနေရာမှာ သူတို့က ပိုမို စွမ်းဆောင်နေကြပါတယ်။ မြန်မာနိုင်ငံက ပရိယတ်, ပဋိပတ် အရည်အသွေးရှိကြတဲ့ ရဟန်းတော်တိုင်း အင်္ဂလိပ်စာတတ်ကျွမ်းကြမယ် – ဆိုရင် ကမ္ဘာမှာ ထေရဝါဒသာသနာဟာ ယခုထက် အရှိန်အဟုန် ပိုမိုအားကောင်းလာမှာ သေချာပါတယ် " တဲ့။

ဆရာတော် အားပေးတဲ့ စကားထဲမှာ " ကလေးရဲ့ မလျော့တဲ့ ဇွဲရဲ့ နောက်ဆုံးမှာ ကောင်းကောင်း သွားတတ်လာတယ်၊ သွားနိုင်လာတယ် " ဆိုတဲ့ စကားလေးပါခဲ့တယ်၊ ကလေးသူငယ်သဖွယ်ဖြစ်ကြတဲ့ ဆရာတော်ရဲ့ တပည့် အင်္ဂလိပ်စာသင်သားတို့ရဲ့ မလျော့တဲ့ ဇွဲရဲ့ နောက်ဆုံးမှာ ကောင်းကောင်း သွားတတ်လာကြပါပြီ၊ သွားနိုင်လာကြပါပြီ။

အသီး၊ အပွင့်တွေ ဝေဆာနေတဲ့ သစ်ပင်၊ သီးပွင့်တွေ ဝေဆာပြီး မှည့်ဝင်းကာ အသီးစားရခါနီးနေတဲ့ သစ်ပင်၊ စားနေရပြီဖြစ်တဲ့ သစ်ပင်တွေကို တွေ့နေရတဲ့ ဥယျာဉ်မှူးဟာ ဘယ်မှာ မကြည်နူးဘဲ ရှိမလဲ၊ ဥယျာဉ်မှူးသဖွယ်ဖြစ်တဲ့ ဆရာတော်ဟာလည်း အဲဒီလို သစ်ပင်တွေနဲ့ တူတဲ့ တပည့်တွေကို မြင်တွေ့နေရလို့ ဥယျာဉ်မှူးပမာ ခံစားနေရမှာ မလွဲပါပဲ။

ဥယျာဉ်မှူးရဲ့ အာပြုံး

ဥယျာဉ်မှူးကား
သစ်ပင်များကို
ဖွံ့ထွားစိုပြေ
သီးပွင့်နေတာ
တွေ့လေပါလျှင်
ဘယ်မှာ မချွင်ရှိမည်နည်း။
ဘယ်မှာ မပြုံးရှိမတုံး။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com

ပို ကောင်းလို့

ဆရာတော် ပရိတ်ရွတ်တာကို အပြင်ဆွမ်းစားသွားရာအခါ စသည်မှာသာ ကြားနာရတယ်၊ ရိပ်သာမှာ သီသန့်ရွတ်တာကိုတော့ မကြားရဘူး၊ ရိပ်သာမှာ ဝါဆိုသင်္ကန်းကပ်၊ ကထိန်သင်္ကန်းကပ်ရာ အခါတွေမှာလည်း ရွတ်သံ မကြားရဘူး။ စာရေးသူတို့ မသိအောင် မည်သည့်အချိန်အခါမှာ စိတ်ထဲကသာ ရွတ်နေသလား တော့ မပြောတတ်၊ အပြင်ဆွမ်းစားရာအခါ စသည်မှာ ပရိတ်တွေကို ရွတ်တဲ့အခါ မေ့နေတာမျိုး၊ လွဲသွားတာမျိုးတော့ မတွေ့ရ။ ဉာဏ်ကောင်းလို့လား၊ သို့မဟုတ် ရိပ်သာမှာလည်း စိတ်ထဲက နှလုံးသွင်းလေ့ရှိလေလား မပြောတတ်။ ရိပ်သာမှာလည်း စိတ်ထဲက နှလုံးသွင်းလေ့ မရှိဘူး– ဆိုရင်တော့ ဉာဏ်ကောင်းလို့ပဲ မှတ်ရမှာပေါ့။

တစ်ခါကတော့ ဘုရားဝတ်တက်ကြရင်း မဟာစည်ဝတ်ရွတ်စဉ်အပြင် ပဌာန်းပစ္စယနိဒ္ဒေသကိုလည်း ရွတ်ဖို့ မိန့်ကြားဖူးတယ်။ ပဌာန်းပစ္စယနိဒ္ဒေသကို ရွတ်ဖို့ အဲဒီတစ်ခါပဲ ခိုင်းဖူးတယ်၊ ဒါကြောင့် ထူးထူးခြားခြား မှတ်နေမိတယ်။

ဆရာတော်က ပရိတ်စသည် မရွတ်ပေမယ့် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတွေကို နေ့စဉ် မှန်မှန် ကြည့်ရှုမှုကိုတော့ ဝတ်တမ်ခု အနေနဲ့ ပြုထားပုံရတယ်။ တပည့်တွေကိုလည်း ဝတ်တစ်ခုအနေနဲ့ နေ့စဉ် မှန်မှန် ကြည့်ရှုစေချင်တယ်။ "ပိဋကစာပေတွေကို သင်အံလေ့ကျက်နေသူဟာ ဗုဒ္ဓနဲ့ တွေနေသည် မည်တယ် " တဲ့၊ ဒီစကားလေးဟာ အဘိဓမ္မာဂရုဠဂုရု မစိုးရိမ် ဆရာတော်ကြီး ဥူးသူရိယာဘိဝံသ မိန့်ကြားထားတဲ့ စကားလေးပါပဲ။

မစိုးရိမ်ဆရာတော်ကြီးရဲ့ စကားအရ ပြောရရင် ဆရာတော်က သူတပည့်တွေကို နေ့စဉ် ဘုရားနဲ့ တွေစေလိုတာပေါ့။ ပြီးတော့ ဘုရားစကားဟော်တွေကို လေ့လာနေရတော့ သဒ္ဓါတရားတွေ ပွားလာတယ်။

http://www.dhammadownload.com

အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီးကလည်း သူ့ရဲ့ အတွေ့အကြုံကို ဒီလို ပြောပြဖူးတယ်။

"ငါဟာ ပခုက္ကူမှာ နေပြီး ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတွေ ဆိုတုန်းက သဒ္ဒါတရားတွေ သိပ်ဖြစ်ခဲ့တယ်။ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတွေကြောင့် သဒ္ဒါတွေ ပွားရတဲ့အပြင် အသိပညာတွေလည်း တိုးပွားခဲ့ရတယ်။ အဲဒီပညာတွေကို မပစ်ရက်လို့ ဒီဘုရားသားတော်ဘဝကို မပစ်ရက်တာ၊ အဲဒီသဒ္ဒါ၊ ပညာတွေကြောင့် သာသနာတော်မှာ ဒီလို ကျမ်းစာတွေကို ငါရေးနိုင်တာ" တဲ့။

မဟာဂန္ဓာရုံ ဆရာတော်ရဲ့ စကားအရဆိုရင် ဆရာတော်က သူတပည့်တွေကို ပိဋကစာပေတွေ လေ့လာပြီး သဒ္ဒါ၊ ပညာတွေ တိုးပွားစေလိုပုံရပါတယ်။ တိုးပွားလာမယ့် သဒ္ဒါ၊ ပညာတွေနဲ့ သာသနာတော်မှာ ဘုရားသားတော် ဘဝနဲ့ သာသနာအလုပ်တွေကို ကြိုးစားကြစေလိုပုံလည်း ရပါတယ်။

မဟာဂန္ဓာရုံဆရာတော်ကြီး ပြောပြဖူးတဲ့ အခြားစကားတစ်ခု ရှိသေးတယ်။ အဲဒါကတော့-

"ဒကာ၊ ဒကာမတွေက ငှဲကို လျှောက်ကြတယ်၊ ဆရာတော်က လူတွေနဲ့လည်း သိပ်မဆက်ဆံဘဲနဲ့ လူတွေအကြောင်းကိုတော့ သိလိုက်တာ၊ လွန်နေတာပဲ။ ဘယ်လိုလုပ် သိပါသလဲ - တဲ့။ ဒီတော့ ငါက သူတို့ကို ဒီလို ပြောလိုက်တယ်။"

"ဒကာ၊ ဒကာမတို့က ဘုန်းကြီး နေ့တိုင်း ရာဇဂြိုဟ်၊ သာဝတ္ထိ၊ ဝေသာလီ စတဲ့ နေရာတွေကို သွားနေတာကို သိမှ မသိကြတာ။ ဘုန်းကြီးက အဲဒီနေရာတွေကို နေ့တိုင်း သွားနေတော့ လူတွေအကြောင်းကို ဘုန်းကြီးက ကောင်းကောင်းကြီး သိတာပေါ့။ ဘုန်းကြီးက နေ့တိုင်း ပိဋကစာပေတွေကို လေ့လာနေတော့ စာပေထဲမှာ ပါတဲ့ ရာဇဂြိုဟ်၊ သာဝတ္ထိ၊ ဝေသာလီ-စတဲ့ နေရာတွေကို ငါနေ့တိုင်း ရောက်နေရတာပေါ့။" တဲ့။

မဟာဂန္ဓာရုံ ဆရာတော်ကြီးရဲ့ ဒီစကားအရဆိုရင် ဆရာတော်က သူတပည့်တွေကို လောကလူတွေအကြောင်းကိုလည်း သိထားကြစေလို ပုံပေါ်ပါတယ်။

တစ်ခါက ဆရာတော်က အမိန့်ရှိတယ်။

"တစ်နေ့ တစ်နေ့မှာ တစ်နာရီ၊ တစ်နာရီလောက် ပါဠိတော်တွေကို အလှည့်ကျ ရွတ်ဖတ် သွားကြရမယ်" တဲ့။

တချို့သော ဆရာတော်တွေကတော့ ပါဠိတော်တွေအားလုံး ရွတ်ဖတ်ပူဇော်ပြီး အဋ္ဌကထာ၊ ဋီကာတွေကိုလည်း ရွတ်ဖတ်ပူဇော်ကြတယ်တဲ့။

ဘုရားသားတော်တွေဟာ ဘုရားစကားတော်တွေကို အမြဲ ထိတွေ့နေဖို့

http://www.dhammadownload.com

လိုအပ်လှပါတယ်။ ဘုရားစကားတော်တွေကို နှံ့စပ်သင့်ကြတယ်၊ ကျေညက်သင့်ကြတယ်။ ပိုင်ပိုင်နိုင်နိုင် ရှိထားသင့်ကြတယ်၊ ဘုရားတရားတော်တွေနဲ့ ဝေးကွာနေရရင် သဒ္ဓါတရားတွေလည်း အားနည်းသွားနိုင်တယ်၊ ဘုရားတရားတော်တွေနဲ့ ဝေးကွာကင်းကွာနေရတဲ့ ဘုရားသားတော်ဘဝဟာ အရတော်တဲ့ဘဝလို့ဆိုရခက်ပါတယ်၊ စာမေးပွဲ စာတွေပဲ လေ့လာ၊ လေ့လာလို စာမေးပွဲအောင်ပြီးရင် ကိစ္စပြီးပြီလို့ ထင်ကာ ဘုရားစကားတော်တွေကို နှံ့စပ်အောင် မကြိုးစားနိုင်တာဟာလည်း အားမရစရာပါပဲ၊ ဗုဒ္ဓဘာသာဝင်အမည်ခံ ဗုဒ္ဓသားတော်၊ သမီးတော်တွေဟာ ရှင်, ရဟန်းတွေရော လူဝတ်ကြောင်တွေပါနှံ့စပ်အောင်လေ့လာထားသင့်ကြပါတယ်၊ လူဝတ်ကြောင်တွေက ပါဠိ ဘာသာနဲ့ လေ့လာဖို့ ခက်ပါတယ်၊ ဒါကြောင့် မြန်မာဘာသာနဲ့ ရေးသားတဲ့ ဗုဒ္ဓစာပေတွေကို လေ့လာဖို့ လိုအပ်ပါတယ်၊ ဒါမှသာ မိမိတို့ရဲ့ ဗုဒ္ဓသာသနာကို ကျယ်ပြန့်သထက် ကျယ်ပြန့်အောင် ကြိုးစားလို့ ရနိုင်ပါမယ်။ ဒါကြောင့်လည်း ဆရာတော်က ပါဠိတော်တွေကို နှံ့စပ် ကြည့်ဖတ်ဖို့ ညွှန်ကြားဟန့်တူပါတယ်။

ဆရာတော်က ကားအသစ် ဝယ်ပြီးတိုင်း အဲဒီကားကို မစီးခင် တပည့်သံဃာတွေကို ပရိတ်ရွတ်စေပါတယ်၊ ကားပေါ်မှာ တက်ပြီး ရွတ်ကြရပါတယ်၊ ဆရာတော်ကိုယ်တိုင်လည်း ရွတ်ပါတယ်၊ အဲဒီအခါမှာ ရွတ်နေကျတွေထက် ပိုပြီး ဆရာတော် ရွတ်လေ့ရှိတဲ့ ဂါထာလေးတစ်ပုဒ် ရှိပါတယ်။

အဲဒီဂါထာလေးက –

ဒိဝါ ဘပတိ အာဒိစ္စော, ရတ္တိမာဘာတိ စန္ဒိမာ၊
သန္နဒ္ဓါ ခတ္တိယော တပတိ, စျာယီ တပတိ ဗြာဟ္မဏော၊
အထ သဗ္ဗမဟောရတ္တိ, ဗုဒ္ဓါ တပတိ တေဇသာ၊
ဇေတန သစ္စဝဇ္ဇေန, ဟောတု ဓ သဗ္ဗမင်္ဂလံ – တဲ့

မြန်မာလိုတော့ စာရေးသူက ကဗျာလေး စီထားတယ်။

နေခင်းမှာ လင်း
ရှင်နေမင်း၊
ညခင်း သာစွ
ဖိုးရွှေ၊
မင်းမြောက်တန်ဆာ
ဝတ်ဆင်ခါ လင်း
လူတို့မင်း၊
ဗျန်တွင်း သာစွ
အရဟန္တာ၊
အမြဲ တောက်ပ
မြတ်ဗုဒ္ဓ။

http://www.dhammadownload.com

ဤသစ္စာစကား
စွမ်းပကားကြောင့်
ရွှတ်ပျံးနေရာ
မင်္ဂလာ
စုံစွာ ဖြစ်ပါစေ-

ဆရာတော်ဟာ ဒီဂါထာတော်ကို အမြဲရွတ်တယ်လို့ ပြောလိုတာ မဟုတ်ဘူးနော်၊ ဆရာတော်က ရွတ်ဖတ်တာထက် ရှုမှတ်တာကို ပိုကြိုက်တယ်တဲ့၊ ပိုကောင်းလို့တဲ့၊ ဒီဂါထာကို ရွတ်လို့ ရွှေတောင်ကုန်းသာသနာ့ ရိပ်သာကြီး ဒီလို ကြီးပွားတိုးတက်လာတယ်လို့လည်း ပြောတာ မဟုတ်ဘူးနော်၊ ရိုးရိုးသားသားနဲ့ အမျှားအကျိုးကို ဆောင်လို့- လို့ဆရာတော်က အကြောင်းတရားကိုထောက်ပြပါတယ်။

ပို ကောင်းလို့

ဆရာတော်ဟာ
ရွတ်ဖတ်တာထက်
မှတ်တာကိုသာ
ပိုကြိုက်ပါသတဲ့၊
ကြောင်းပါ ပြရဲ့
ပိုကောင်းလို့- တဲ့။

○ ○ ○ ○ ○

http://www.dhammadownload.com

သာသနာ ရှည်စွာ တည်ဖို့

ဘုရားရှင်က အလှပြင်တာကိုသာ မကြိုက်တာပါ၊ သန့်ရှင်းတာ, သပ်ရပ်တာကိုတော့ ကြိုက်ပါတယ်၊ လူကြီးလူကောင်းတွေဟာ အိမ်က ထွက်တော့မယ်ဆိုရင် မထွက်ခင် အရင်ကြိုပြီး ပုဆိုးဝတ်တာ, အင်္ကျီဝတ်တာ အချိုးကျ, မကျ သေချာကြည့်ပြီး အချိုးကျမှ အပြင်ကို ထွက်တယ်၊ လူကြီးလူကောင်းတွေရဲ့ အကိုးကွယ်ခံ ရှင်ရဟန်းတွေက လူကြီးလူကောင်းတွေထက် ဝတ်တဲ့နေရာမှာ ပိုပြီးအချိုးကျရပါမယ်၊ သင်္ကန်းကိုကိုယ့်အခန်းမှာ ကထဲက အချိုးကျအောင် ရုံခဲ့ကြပါ၊ ဇကသီ, သင်းပိုင်ကို ညီနေအောင် ဝတ်ခဲ့ကြပါ၊ ဒီဆွမ်းခံတန်း ရောက်မှ ပြင်ပေးရတယ် ဆိုတာမျိုး မရှိပါစေနဲ့၊ အပြင်ပေးခံရတယ်ဆိုတာ မကောင်း ပါဘူး၊ အပြင်ပေးမခံရအောင်ကို အချိုးကျအောင် ဝတ်ခဲ့ကြပါ။

ရွှေတောင်ကုန်း သာသနာရိပ်သာက ပြည်တွင်း ပြည်ပသံဃာတွေဟာ နံနက်အရုဏ် ဆွမ်းစားပြီးနောက် (၆) နာရီခွဲလောက်မှာ ရွှေတောင်ကုန်းနဲ့ ရွှေတောင်ကြားရပ်ကွက်တွေမှာ ဆွမ်းခံကြွကြပါတယ်၊ တန်းစီပြီး ကြွကြရပါတယ်၊ ဆရာတော်က ဆွမ်းခံမကြွခင် ကြွလာပြီး အချိုးမကျတာ တွေ့ရင် ပြင်ပေးစေပါတယ်၊ သင်္ကန်းရုံတဲ့အခါ တချို့က ဂုတ်ပိုးကို အကြီးကြီး လုပ်ထားတတ်ကြတယ်၊ တချို့က ဂုတ်ပိုး သင်္ကန်းစနဲ့ မေးစေ့ကို ဖုံးဖုံးထားကြတယ်၊ အဲဒါမျိုးကို တွေ့ရင် ဆရာတော်က ဂုတ်ပိုးကို သေးသေးနဲ့ သပ်သပ်ရပ်ရပ် အလုပ်ခိုင်းတယ်၊ ဆရာတော်ကိုယ်တိုင် သင်္ကန်းရုံတဲ့အခါမှာလည်း သေးသေးနဲ့ သပ်သပ်ရပ်ရပ်ပဲ ရုံတယ်၊ စာရေးသူအမြင်မှာ ဂုတ်ပိုးကြီးကြီးနဲ့ မသပ်မရပ် မြင်နေရရင် မကောင်းဘူး၊ စိတ်ကြည်လင်စရာ မဖြစ်ဘူး၊ သင်းပိုင်ကို ဒူးဆစ်အောက် လက်ရှစ်သစ်လောက် ချပြီး ဝတ်ရမှာကို မဝတ်ဘဲ တချို့ဝတ်တာက တိုလွန်းတယ်၊ တချို့ဝတ်တာက ရှည်လွန်းတယ်၊ အဲဒီလိုဆိုရင် အမြန်ပြင်ဝတ်စေတယ်၊ မဝတ်တတ်သေးရင် ဆွမ်းခံမလိုက်ရဘူး၊ တတ်အောင် သင်ခိုင်းတယ်။

http://www.dhammadownload.com

ကသိကို သင်းပိုင်အထက် လက်လေးသစ်လောက် တက်ရောက်စေပြီး ဝတ်ရတယ်၊ သင်ပိုင်းရဲ့ အောက်ပိုင်းအစရော ကသိရဲ့ အောက်ပိုင်းအစပါ ရှေ့ရော၊ နောက်ရော၊ ဘေးနှစ်ဘက်ရော ကတ်ကျေးနဲ့ ဖြတ်ထားသလို ညီနေအောင် ဝတ်ရတယ်။ ကသိအောက်ပိုင်းအစက သင်းပိုင်အောက်ပိုင်းအစကို ဖုံးမနေစေရဘူး။ ကသိအောက်ပိုင်းအစက သင်းပိုင်အောက်ပိုင်းအစထက် လက်လေးသစ်ထက် ပိုပြီးလည်း တိုမနေစေရဘူး။ တချို့က ဂုတ်ပိုးကို ရှေ့ပိုင်းမှာ လုံအောင် မဖုံးကြဘူး၊ လည်ပင်း ပေါ်နေတတ်ကြတယ်၊ ရှေ့လည်ပင်းလည်း ပေါ်မနေစေရဘူး၊ လည်ပင်း နောက်ပိုင်းမှာလည်း သင်္ကန်းစတွေ တွန့်မနေစေရဘူး၊ ဘယ်ဘက်လက်က သင်္ကန်း လိပ်ကိုလည်း ပြည့်မသွားစေရဘူး။ အဲဒီလို အစစအရာရာ အချိုးကျအောင် ဝတ်မလာရင် အထက်ပါ သြဝါဒစကားကို နာကြားကြရတယ်။

စာရေးသူက အဲဒီသြဝါဒစကားကို မဟာစည်သာသနာ့ရိပ်သာမှာတုန်းကရော ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာပါ အခါများစွာ ကြားနာရဖူးပါတယ်။ မဟာဂန္ဓာရုံဆရာတော်လည်း ဒီသြဝါဒစကားကို မိန့်ကြားတာကို နာယူခဲ့ဖူးတယ်လို့ ထင်ပါတယ်။ ဒါကြောင့် ဆရာတော်ဟာ မဟာဂန္ဓာရုံဆရာတော်ရဲ့စကားလုံးတွေကို အလွတ်ရအောင်ကို လေ့ကျင့်ပြီး ယခုလို ပြောတာလေလားလို့တောင် ထင်မှတ်မိပါတယ်။ ဆရာတော်ဟာ မဟာဂန္ဓာရုံဆရာတော်ရဲ့ ဝါဒကို ဒီလောက်ထိအောင်ပဲ သဘောကျနေတာနဲ့ တူတယ်လို့လည်း တွေးမိတယ်၊ ဘယ်သူ့ ဝါဒပဲဖြစ်ဖြစ် ဘုရားအဆုံးအမနဲ့ ညီတဲ့ ဝါဒဆိုရင်တော့ သဘောကျတာ ကောင်းတာပေါ့။ ဘုရားအဆုံးအမနဲ့ မညီဘူး ဆိုရင်တော့ ဘယ်သူ့ဝါဒမှ သဘောကျစရာ မဟုတ်ပါဘူး။

ပြီးတော့ ဆရာတော်က ခါးပန်းကြိုးပတ်၊ မပတ်ကိုလည်း တစ်ပါးချင်း လိုက်ပြီး စစ်တတ်ပါတယ်။ အနားပတ်သီး တပ်၊မတပ်ကိုလည်း စစ်တတ်ပါတယ်။ ခါးပန်းကြိုးမပတ်ရင် ပတ်စေပါတယ်။ အနားပတ်သီး မတပ်ရင်တပ်စေပါတယ်။ သပိတ်ကိုလည်း ရေနဲ့ကျင်းခဲ့ရပါသေးတယ်။ ဆွမ်းခံသွားတဲ့အခါမှာလည်း ဆွမ်းခံကျင့်ဝတ်နှင့်အညီ သွားကြရပါတယ်။ ဘုရားရှင်က စေ့စပ်တဲ့နေရာမှာလည်း အတုမရှိပါပဲ၊ ဆွမ်းခံကျင့်ဝတ်ကို ဘုရားရှင် ပညတ်တော်မူခဲ့ပါတယ်၊ အလွန်ပဲ စေ့စပ်တော်မူလှပါတယ်။ ဘုရားရှင်က သူ့ရဲ့တပည့်တွေမှာ ကိုယ်ရော၊ နှုတ်ရော၊ စိတ်ရော ကြည်ညိုဖွယ်ဆောင်စေချင်ပါတယ်။ ဒါကြောင့်လည်း ကြည်ညိုဖွယ်ဆောင်နိုင်အောင် ဆုံးမတော်မူထားပါတယ်။ ဝိနည်းဒေသနာတော်နဲ့ ကိုယ်အမူအရာနဲ့ နှုတ်အမူအရာ ကြည်ညိုဖွယ်ဖြစ်အောင် သွန်သင်တော်မူထားတယ်။ ဘုရားရှင်ရဲ့ဝိနည်းနဲ့အညီ ကိုယ်အမူအရာကို ပြုမူမယ်၊ နှုတ်ပြောဆိုမယ်ဆိုမယ် ဆိုရင်မကြည်ညိုသေးတဲ့သူတွေလည်း

http://www.dhammadownload.com

ကြည်ညိုလာကြမှာပဲ၊ ကြည်ညိုပြီးသားသူတွေ ဆိုရင်တော့ ပြောစရာ မလိုတော့ဘူးပေါ့၊ ဆထက်ထမ်းပိုး တိုးပြီး ကြည်ညိုလာကြမှာပါပဲ။

ယာယီရဟန်းဝတ်၊ ရှင်ဝတ်တဲ့ ပုဂ္ဂိုလ်တွေမှတပါး ကျန်သံဃာတွေဟာ သပိတ်အိတ်နဲ့ ဆွမ်းခံကြွကြရပါတယ်။ သပိတ်အိတ်မှာ ကြိုးဟာ တိုလည်း မတိုလွန်းရဘူး၊ ရှည်လည်းမရှည်လွန်းရဘူး၊ သပိတ်ဟာ ခါးပန်းလိပ်လောက်ထိ ရောက်နေစေရတယ်။ သင်္ကန်းအရောင်၊ သပိတ်အိတ်အရောင်တို့ကို ဆရာတော်က အထူးပဲ သတိထားတယ်၊မနီလွန်းရဘူး၊ မဝါလွန်းရဘူး၊ ခရမ်းစေ့ရောင်လည်း မဖြစ်ရဘူး။ ပိန္နဲရင့်ရောင်ဖြစ်စေချင်တယ်၊ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းမှာဆိုရင် ကိုရင်တွေရဲ့ သင်္ကန်းရောင်၊ နေရာထိုင်အရောင်တွေဟာ တစ်ရောင်တည်း ဖြစ်အောင် ရိပ်သာက စီစဉ်ထားပါတယ်။

သာသနာ့ရိပ်သာရဲ့ အပြင်ကို ထွက်တဲ့အခါ ဟိုနေရာ၊ ဒီနေရာတွေမှာ သင်္ကန်းရောင် နီလွန်းတာ၊ ဝါလွန်းတာ၊ ခရမ်းစေ့ရောင်တွေကို တွေ့ရပါတယ်။ တခါတရံ ဆရာတော်ထံ လာကြတဲ့ မဟာဂန္ဓာရုံက သံဃာတချို့က ခရမ်းစေ့ရောင် သင်္ကန်းကို ဝတ်လာကြတယ်။ အဲဒီအခါ ဆရာတော်က အဲဒီသံဃာတော်တွေ ပြန်သွားပြီးနောက် " မဟာဂန္ဓာရုံဆရာတော်ကြီးဆိုရင် ဒီခရမ်းစေ့ရောင်ကို ကြိုက်ပါ့မလား၊ ခွင့်ပြုပါ့မလား " လို့ မေးတတ်ပါတယ်။

ဆရာတော်ဟာ ရှေ့ပိုင်းအချိန်တွေက ဆိုရင် နေ့တိုင်း သူကိုယ်တိုင် ဆွမ်းခံတန်းကို လာကြည့်တယ်၊ စစ်ဆေးတယ်၊ မိုးဘယ်လောက် ရွာနေနေ ထီးဆောင်းပြီး လာတာပဲ၊ သင်္ကန်းမရှိသူ ဆိုရင် သံဃိကထဲက သင်္ကန်းကို ယူစေတတ်တယ်။

စည်းကမ်းတကျရှိတဲ့ ဆရာသမားတွေထံ မနေဖူးတဲ့ ရှင်ရဟန်းတွေနဲ့ စည်းကမ်းရှိတဲ့ ဆရာသမားတွေထံ နေခဲ့ကြပေမယ့် စည်းကမ်းကို ရအောင် မယူတတ်ခဲ့ကြတဲ့ ရှင်ရဟန်းတွေဟာ ဆရာတော်နဲ့ တွေ့ကြရတဲ့အခါ အခက်ကြုံကြရပါတယ်။ စည်းကမ်းရှိရှိ နေကြတဲ့ ရှင်ရဟန်းတွေ အဖို့တော့ ဆရာတော့်စည်းကမ်း တွေဟာ အထူးအဆန်းတွေ မဟုတ်ပါဘူး။ ဆရာတော်က အဆန်းထွင်ထားတဲ့ စည်းကမ်းတွေမှ မဟုတ်ပဲ၊ ဘုရားစည်းကမ်းတွေပဲ၊ ဘုရားစည်းကမ်းအတိုင်း လက်တွေ့ လိုက်နာတတ်အောင် ဆောင်ရွက်ပေးနေတာပါပဲ။

ရိပ်သာမှာ လာပြီး တရားလာအားထုတ်ကြတဲ့ သံဃာတွေထဲမှာ နာမည်ကျော် ဆရာတော်ကြီးတွေလည်း ပါတယ်၊ စာသင်တိုက်က ကျောင်းထိုင်ဆရာတော်တွေလည်း ပါတယ်၊ ကိုယ်နေရာ အသီးသီး ပြန်ကြတဲ့အခါ ရိပ်သာမှ စည်းကမ်းကောင်းတွေကို ကိုယ့်နေရာမှာ အသုံးပြုကြည့်ကြတဲ့ သံဃာတွေလည်း ရှိကြလိမ့်မယ်၊

http://www.dhammadownload.com

နောင်သောအခါ သာသနာ့တာဝန်ကို ပခုံးပြောင်း တာဝန်ယူကြမယ့် ရှင်ငယ် ရဟန်းငယ်တွေဟာလည်း ဒီရိပ်သာမှ စည်းကမ်းကောင်းကို သူတို့ ဦးစီးဦးဆောင်ဖြစ်လာတဲ့အခါ သူတို့နေရာတွေမှာလည်း အသုံးပြုကြည့်ကြပါလိမ့်မယ်၊ အဲဒီနည်းနဲ့ ဆရာတော်ရဲ့ စည်းကမ်းကောင်းတွေဟာ နေရာများစွာမှာ ပြန့်ပွားလာနိုင်ပါတယ်။

သာသနာတော်မှာ စည်းကမ်းတကျ ဆောင်ရွက်ပေးတဲ့ ဆရာတွေ နေရာများစွာမှာ ရှိဖို့ လိုအပ်ပါတယ်၊ ဒါမှသာ စည်းကမ်းရှိတဲ့ သာသနာဖြစ်လာမှာပါ၊ သာသနာမှာတော့ စည်းကမ်းတွေက အပြည့်ရှိနေတာပဲ၊ မလိုက်နာတဲ့ သူတွေကြောင့်သာ စည်းကမ်းမရှိတဲ့ သာသနာလို့ ထင်မြင်ခံကြရ, ပြောဆိုဝေဖန်ခံကြရမှာပါ၊ သာသနာတော်က စည်းကမ်းတွေကိုသာ သာသနာဝန်ထမ်းတွေက လိုက်နာကြရင် သာသနာဟာ ကမ္ဘာမှာ အသရေရှိရှိ ဂုဏ်ရှိရှိနဲ့ တည်ရှိနေမှာ မလွဲပါပဲ၊ " အကွပ်မရှိတဲ့ကြမ်းပရမ်းပတာ " ဆိုတာလို စည်းကမ်းတွေကို မလိုက်ကြရင် ပရမ်းပတာသာသနာလို့ ထင်မြင်လာကြပါလိမ့်မယ်။

" ငါ့အတွက်ကြောင့် သာသနာ့ဂုဏ်ရောင် မညှိုးစေပဲ တိုးချဲ့သာ ထွန်းတောက်စေရမည် " လို့ ရှင်တိုင်း ရဟန်းတိုင်း စိတ်ထားမွေမြူကာ အသီးသီး ကြိုးစားကြရင် သာသနာဂုဏ်ရောင်ဟာ ထွန်းတောက်လာမှာ သေချာပါတယ်။

ဆရာတော်ဟာ အဲဒီလို စိတ်ထားမွေးမြူကာ ကြိုးစားနေတယ်လို့ နားလည်မိပါတယ်၊ ရှင်ရဟန်းတွေဟာ စည်းကမ်းကောင်းတဲ့ ဆရာကောင်းတွေထံမှာ နည်းခံကာ စည်းကမ်းကောင်းတဲ့ တပည့်ကောင်းတွေ ဖြစ်အောင် ကြိုးစားသင်ကြပါတယ်၊ တပည့်ကောင်းတွေကနေ စည်းကမ်းကောင်းတဲ့ ဆရာကောင်းတွေ ဖြစ်အောင်လည်း ကြိုးစားသင့်ကြပါတယ်၊ ဆရာကောင်းတွေ ဖြစ်ပြီး စည်းကမ်းကောင်းတဲ့ တပည့်ကောင်းတွေ များစွာ ပေါ်ထွန်းလာအောင်လည်း ကြိုးစားသင့်ကြပါတယ်၊ ဒါမှသာ သာသနာတော်ကြီးဟာ စည်းကမ်းကောင်းတဲ့ ရှင်, ရဟန်းတွေ တည်ရှိရာ သာသနာတော်ကြီး ဖြစ်လာပါလိမ့်မယ်၊ အသရေရှိတဲ့ သာသနာတော်ကြီး ဖြစ်လာပါလိမ့်မယ်။

http://www.dhammadownload.com



ဆရာတော်နှင့် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ လွတ်တော်အဆောက်အဦး



ကိုးရီးယား မဟာယာန ယောဂီများအား တရားပြနေပုံ

(အပေါ်ပုံ ⟶ စာမျက်နှာ ၁၃၇) (အောက်ပုံ ⟶ စာမျက်နှာ ၁၀၂)

http://www.dhammadownload.com



ဆရာတော်ဘုရား တောစခန်းရိပ်သာသို့ ကြွရောက်စဉ်



ဗုဒ္ဓယဉ်ကျေးမှု သာမဏေများ သပိတ်ကိုယ်စီဖြင့် ဆွမ်းစားကြွရန် တန်းစီစဉ်

(အပေါ်ပုံ → စာမျက်နှာ ၁၂၂) (အောက်ပုံ → စာမျက်နှာ ၁၅၅)

http://www.dhammadownload.com

သာသနာ ရှည်စွာ တည်ဖို့

ဆရာကောင်းထံ
တပည့်ခံ၍
နည်းမှန်ယူကာ
မြတ်ဆရာဖြစ်၊
ကိုယ့်မှာ မိုလစ်
တပည့်ချစ်များ
ကောင်းကျိုးပွားအောင်
ကြိုးစားဆောင်ပါ
သာသနာ ရှည်စွာ တည်ဖို့တည်း။

http://www.dhammadownload.com

စားကြည့်စမ်း

အစားကောင်းကို စားရတဲ့အခါ ကိုယ်ချစ်ခင်မြတ်နိုးသူကို သတိရတာဟာ လောကဓမ္မတာတဲ့၊ " သဗ္ဗရသံဓမ္မရသောဇိနာတိ = အရသာတကာတွေထဲမှာ တရားအရသာဟာ အကောင်းဆုံး " လို့ ဘုရားဟောထားတဲ့စအရ တရားအရသာကို ခံစားရတဲ့သူတွေမှာ တော့ ကိုယ်ချစ်ခင်မြတ်နိုးသူတွေကို ပိုပြီးကား သတိရတက်ကြမှာပေါ့၊နေ့စဉ် တရားရှုမှတ်လို့ တရားအရသာကို ခံစားနေရတဲ့ ဆရာတော်မှာ သူ့.ကျေးဇူးရှင်တွေကို သတိရနေမှာပါပဲ၊ ဆရာတော်ဟာ သူ့.အပေါ် ကျေးဇူးအထူးများသူတွေကိုရော သာမန်ကျေးဇူးများသူတွေ ကိုရော ကျေးဇူးမပြုဖူးသေးသူတွေကိုရော တရားအရသာခံစားကြည့်ကြအောင် တိုက်တွန်းတတ်ပါတယ် " ဆရာတော်ရဲ့ တရားအားထုတ်ဖြစ်အောင် တိုက်တွန်းဆွဲဆောင်ပုံ လေးတွေက ပညာသားပါလွန်းလို့ မှတ်သားအတုယူဖွယ်ကောင်းလှပါတယ်၊ ဆရာတော်ရဲ့ တိုက်တွန်းဆွဲဆောင်ပုံ နည်းဗျူဟာလေးတွေဟာလည်း တစ်ခါနဲ့တစ်ခါ တစ်ဦးနဲ့တစ်ဦး မတူတာတွေ တွေ့.ရတယ်၊ ဆယ်မိုင်ကုန်းတောစခန်းရိပ်သာ မြေနေရာကို လှူဒါန်းကြတဲ့ ဦးထွန်းသန်း- ဒေါ်ခင်မြစိန် တို့မိသားစုဟာ ဆရာတော်ထံ ဖူးမြော်ကန်တော့ ရောက်လေ့ရှိပါတယ်၊ အဲဒီအခါ ဆရာတော်က ဒီလို မိန့်ကြားပါတယ်။

" ဦးတွန်းသန်း - ဒေါ်ခင်မြစိန် တို့မိသားစုက ရိပ်သာ မြေနေရာကိုလည်း လှူဒါန်းပြီးပြီ၊ ကျောင်းဆောင် ဆောက်လုပ်ပြီးတော့လည်း လှူဒါန်းကြအုံးမယ်၊ ဦးထွန်းသန်း - ဒေါ်ခင်မြစိန် တို့ရဲ့ ဒါနဟာ သာသနာတော်အတွက် ရွှေတောင်ကုန်းသာသနာရိပ်သာအတွက် သိပ်ပြီး ကျေးဇူးများတာပဲ၊ သိပ်ပြီး ကျေးဇူးများတဲ့ ကျေးဇူးရှင်ဇတွေကို ဘုန်းကြီးတို့ ကလည်း ကျေးဇူးဆပ်ချင်ပါတယ်၊ကျေးဇူးဆပ်တဲ့အနေနဲ့ ပေးချင်တာရှိတယ်၊ အဲဒီပေး တဲ့ဟာကို လက်ခံကြမယ် မဟုတ်လား၊ အဲဒီပေးမယ့် ပစ္စည်းကတော့

http://www.dhammadownload.com

မျက်စိနဲ့ မြင်လို့ရတဲ့ ပစ္စည်းမဟုတ်ဘူး၊မျက်စိနဲ့ မြင်လို့ မရပေမယ့် မြင်လို့ရတဲ့ ပစ္စည်းတွေထက် ပိုပြီး ချမ်းသာပေးနိုင်တယ်၊ မြင်ရတဲ့ ပစ္စည်းတွေက ဒီဘဝပဲ ချမ်းသာနိုင်တော့မပေါ့၊ ဒီမမြင်ရတဲ့ ပစ္စည်းကတော့ ဒီဘဝတင်မက ဘဝအဆက်ဆက်ပါ ချမ်းသာစေနိုင်တယ်၊ ဦးထွန်းသန်း – ဒေါ်ခင်မြစိန် တို့ ရိပ်သာမြေနေရာကို လှူဒါန်းတုန်းက လှူတာကို ဘုန်းကြီးတို့က မငြင်းပယ်ခဲ့ဘူး၊ ဝမ်းမြောက်စွာနဲ့ လက်ခံခဲ့တယ်၊ ဦးထွန်းသန်း – ဒေါ်ခင်မြစိန် တို့ကလည်း ဘုန်းကြီး တို့ပေးတဲ့ ပစ္စည်းကိုယူတဲ့အခါမှာလည်း မငြင်းပယ်ရဘူးနော်၊ ဝမ်းမြောက်စွာနဲ့ လက်ခံရမယ်၊ မဝေးသော အနာဂတ်ကာလမှာ ခံယူနိုင်ကြမယ် မဟုတ်လား " တဲ့။

တစ်ခါက ရန်ကုန် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဓမ္မာရုံကြီးနားကို ရောက်တုန်း ဦးထွန်းသန်း – ဒေါ်ခင်မြစိန် ရောက်လာကြတယ်။ ဓမ္မာရုံကြီးကို တောင်ဝှေးနဲ့ လမ်း ညွှန်ပြပြီး –

" ဒါဟာ ဘာလဲလို့ " မေးတယ်။

" အဲဒါ ဓမ္မာရုံပါဘုရား။ "

" ဓမ္မာရုံဆိုတာ ဘာလုပ်ဖို့လဲ။ "

" တရားထိုင်ဖို့၊ တရားအားထုတ်ဖို့ပါဘုရား " တဲ့။

တရားအားမထုတ်ရသေးတဲ့ ကျောင်းဒကာ၊ ဒကာမတွေကို တရားနယ်ပယ်ဘက် ရောက်အောင် ဆွဲဆောင်နေတာပါပဲ၊ သူတို့ခမျာ ဆရာတော်က တရားအားထုတ်နေစေချင်မှန်းလည်း သိရဲ့၊ သူတို့မှာကလည်း တရားအားထုတ်ဖို့ အခွင့်မသာသေးဆိုတော့ ဆရာတော့်ဆန္ဒကို မဖြည့်ဆည်းနိုင်သေးလို့ သူတို့ကိုယ်သူတို့ အားမလိုအားမရ ဖြစ်နေကြတယ်၊ ဒါပေမယ့် အားတော့ ခဲနေကြပါတယ်၊ " တစ်နေ့နေ့ တော့ ဖြစ်လာလိမ့်မယ်။ သို့သော် ဘယ်နေ့မှန်း မသိ " လို့ ဆိုထားတဲ့ သီချင်းစာသားလေးလို ဖြစ်နေကြပုံပေါ်ပါတယ်။

ဆရာတော်ကို ကြည်ညိုဆည်းကပ်ကြသူတွေထဲမှာ အစိုးရဝန်ထမ်းသမားတွေလည်း များစွာ ပါပါတယ်။ အသက် (၆၀) ပြည့်လို့ အငြိမ်းစားယူထားကြတဲ့ သူတွေကို တွေ့ရတဲ့အခါ ဆရာတော်က " အငြိမ်းစားယူထားတယ် ဆိုတော့ တစ်ငြိမ်းစားလား၊ နှစ်ငြိမ်းစားလား " လို့ မေးတတ်ပါတယ်၊ အမေးခံရတဲ့သူတွေထဲမှာ တရားအားထုတ်ပြီးသူတွေလည်း ပါတယ်၊ တရားအားမထုတ်ရသေးသူတွေလည်း ပါတယ်၊ တရားအားထုတ်ပြီးသားသူတွေကတော့ ဆရာတော့်မေးခွန်းရဲ့ အာဘော်ကို နားလည်တတ်ကြပါတယ်၊ ဒါကြောင့် " နှစ်ငြိမ်းစားပါဘုရား " လို့ လျှောက်ထားတတ်ကြပါတယ်၊ အဲဒီအခါ ဆရာတော်က ပြုံးနေတတ်ပါတယ်၊ " သာဓု၊သာဓု "

http://www.dhammadownload.com

လို့လည်း ခေါ်တတ်ပါတယ်၊ တရားအားထုတ်ပြီးပေမယ့် တချို့က ဆရာတော်ရဲ့ အဲဒီအမေးကို နားမလည်ဘဲ ရှိနေတတ်ကြပါတယ်။ အဲဒီအခါ ဆရာတော်က "ယခု တရားကော မှတ်ရဲ့လား" လို့ မေးတော့ "မှတ်ပါတယ်ဘုရား" လို့ ပြန်လျှောက်ကြတယ်၊ "တရားမှတ်ရင် တရားနဲ့လည်း အငြိမ်းစားယူနေတာမို့ နှစ်ငြိမ်းစားပေါ့!" လို့ ဆရာတော်က မိန့်တတ်တယ်။

တရားအားမထုတ်ရသေးတဲ့ အငြိမ်းစားတွေကို ဆရာတော်က "တစ်ငြိမ်းစားလား၊ နှစ်ငြိမ်းစားလား" လို့ မေးတဲ့အခါ နားမလည် ဖြစ်နေတတ်ကြပါတယ်။ ယောင်လည်လည် ဖြစ်နေတတ်ကြပါတယ်၊ ဆရာတော် ဘာကို ဆိုလိုနေမှန်း မရိပ်မိ မခန့်မှန်းနိုင် ဖြစ်နေတတ်ကြပါတယ်၊ အဲဒီအခါ ဆရာတော်က "တရားနဲ့လည်း အငြိမ်းစားယူရမယ်၊ နှစ်ငြိမ်းစားကမှ ကောင်းတယ်၊ နှစ်ငြိမ်းစားဖြစ်အောင် ကြိုးစား" လို့ တိုက်တွန်းတတ်ပါတယ်၊ ဒါကတော့ အသက် (၆၀) ကျော် အငြိမ်းစားသမားတွေကို တရားအားထုတ်ဖြစ်အောင် တိုက်တွန်းလေ့ရှိတဲ့ စကားပါပဲ။

ယေ်ရွယ်သူတွေကိုလည်း ယေ်ရွယ်သူတွေနဲ့ သင့်တော်တဲ့စကားနဲ့ တိုက်တွန်းတတ်ပါတယ်။

"ယေ်ရွယ်သူတွေဆိုတော့ ဉာဏ်ကလည်း ထက်သေးတယ်၊ ကျန်းမာရေးကလည်း ကောင်းတယ်။ တက်တက်ကြွကြွ သွက်သွက်လက်လက်လည်း ရှိတယ်၊ ဓားဟာ အသွား တုန်းနေရင် မပြတ်ဘူး၊ ထက်နေမှ ပြတ်တယ်၊ ယေ်ရွယ်သူတွေဟာ အသွားထက်နေတဲ့ ဓားလိုပဲ၊ ယေ်ရွယ်သူတို့ရဲ့ ဉာဏ်သွားထက်ထက်နဲ့ တရားအားထုတ်လိုက်ရင် လွယ်လွယ်နဲ့ ခရီးရောက်နိုင်တယ်၊ ဒါကြောင့် ယေ်တုန်း၊ ကျန်းမာတုန်းမှာ တရားအားထုတ်ဖြစ်အောင် ကြိုးစားကြ" တဲ့။

တစ်ခါက ဆရာတော် မော်လမြိုင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာကို ကြွတယ်၊ မော်လမြိုင်ဘက်ကို သွားဖို့ မုတ္တမဘက်က ဇက်စီးရသေးတယ်၊ အဲဒီသံလွင်မြစ်ဆိပ်မှာ ကားမှ ဆင်းပြီး ဇက်စီးကြရမယ်၊ မုတ္တမမြစ်ဆိပ်က ရထားဘူတာရုံနဲ့ ဆက်နေတယ်၊ ကားက အဆင်းမှာ မုတ္တမက ယောဂီတွေက ဆရာတော်ကို ကြိုဆိုပြီး ရှိခိုးပူဇော်ကြတယ်၊ ပစ္စည်းတွေကို ကူသယ်ပေးပြီး ဝေယျာဝစ္စတွေ လုပ်ပေးကြတယ်၊ ဆရာတော် ကြွလာခိုက် ယောဂီတွေက တန်စီးကာ လက်အုပ်ချီပြီး အရိုအသေပေးကြတယ်၊ ။

ဆရာတော်က အဲဒီယောဂီတွေနားက ဖြတ်သွားပြီး ယောဂီတွေကို ကြည့်ကာ "ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ" လို့ ဝစီကံမေတ္တာ ပွားတော်မူပါတယ်၊ အဲဒီ ဇနောက် မှတ်သားစရာ သြဝါဒစကားတစ်ခွန်း မိန့်ကြားခဲ့ပါတယ်။

http://www.dhammadownload.com

" သာသနာအလုပ်တွေ ဆောင်ရွက်ရာမှာ ကိုယ်တိုင် တရားကို ပြည့်စုံအောင် ထိထိရောက်ရောက် အားထုတ်ထားမှ ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်တယ်၊ ဒါကြောင့် တရားကို ပြည့်စုံအောင် အားမထုတ်မထားရသေးရင် ပြည့်စုံအောင် ထိထိရောက်ရောက် အားထုတ်ထားကြ " တဲ့။

ယောဂီတွေဟာ သာသနာ့ရိပ်သာမှာ တရားကို အားထုတ်ပြီးနောက် ဉာဏ်စဉ်နာပြီးတဲ့အခါ ဆရာတော်ကို လာရောက်ကန်တော့ကြတယ်၊ အဲဒီအခါ ဆရာတော်က ယောဂီတွေအား ဒီလိုဆုံးမစကား မိန့်ကြားတတ်ပါတယ်။

" ကြေးဖလားတစ်ခု ရှိတယ်။ အဲဒီ ကြေးဖလားကို မပွတ်တိုက်ဘဲ ထားရင် ဘယ်လိုနေမလဲ။ ပိုပြီး ကြေးညှိတွေ တက်မယ် မဟုတ်လား၊ နေ့စဉ် ပွတ်တိုက်ပေးနေရင်တော့ ဝင်းပြောင်ပြီး လက်နေတာပဲ၊ တောက်ပနေတာပဲ မဟုတ်လား။"

"အဲဒီလိုပဲ စိတ်ဟာလည်း သတိပဋ္ဌာန်တရားအားထုတ်မှု ကင်းကွာသွားရင် ကိလေသာအညစ်အကြေးတွေနဲ့ ညစ်ပေနေတာပဲ၊ နေ့စဉ် အားထုတ်နေရင်တော့ စိတ်ဟာ ကိလေသာအညစ်အကြေးတွေ စင်ပြီး ကြည်လင်တောက်ပနေတော့တာပဲ၊ နေ့စဉ် တရားမှတ်တာကို အချိန်ယူပြီး လုပ်ရတယ်၊ လူကိစ္စတွေကို တစ်ပိုင်းထား၊ တရားအားထုတ်ချိန်ကိုလည်း တစ်ပိုင်းထား၊ နှစ်ပိုင်း ခွဲထားရတယ် " တဲ့။

တစ်ခါက အပြင်နေ့ဆွမ်းတစ်ခုမှာ ရန်ကုန်တက္ကသိုလ်က ဘာတုဗေဒပါမောက္ခတစ်ယောက် ပါလာတယ်၊ ဓာတုဗေဒပါမောက္ခနဲ့ ဆီလျော်တဲ့ တရားစကားကို ဆရာတော် မိန့်ကြားတာကို ဒီလို မှတ်သားခဲ့ရတယ်။

"ဒကာကြီးတို့ ဓာတ်ခွဲကြတဲ့အခါ ဓါတ်ခွဲဖို့ ကိရိယာတန်ဆာပလာတွေ ရှိတယ် မဟုတ်လား၊ အဲဒီကိရိယာတွေ မပါဘဲနဲ့ ဓာတ်ခွဲလို့ရရဲ့လား၊ မရနိုင်ဘူးပေါ့၊ ဒါပေမယ့် ကိရိယာတန်ဆာပလာတွေ မပါဘဲနဲ့ ဓာတ်ခွဲတဲ့နည်းရှိတယ်၊ အဲဒီနည်းကို သိလား၊ အဲဒီနည်းကိုကော အသုံးပြုဖူးလား၊ ဒကာကြီးတို့၊ ဘုန်းကြီးတို့ရဲ့ ခန္ဓာကိုယ်ဟာ ဓာတ်ခွဲခန်းပဲ၊ ဘယ်လိုနည်းနဲ့ ဓာတ်ခွဲမလဲ တဲ့ " ။

ဆရာတော်က ပဟေဠိဆန်ဆန်နဲ့ မေးခွန်းတွေ ထုတ်ကာ သတိပဋ္ဌာန်အားထုတ်ရန် တိုက်တွန်းတာပဲ၊ ပါမောက္ခမို့ ပညာရှင်ဖြစ်လို့ သတိပဋ္ဌာန်ကို ဝက်ဖဲလေးလို လုပ်ကာ မိန့်ကြားတာနဲ့ တူပါရဲ့။

စာရေးသူဟာ ဆရာတော်နဲ့အတူ ပြည်ပခရီး တစ်ခေါက် လိုက်သွားရာထိုင်း နိုင်ငံဘုရင့်ညီမတော်ရဲ့ အိမ်မှာ တစ်ည ကျိန်းခဲ့ကြရပါတယ်။

အဲဒီဘုရင့်ညီမတော်က ဆရာတော်ကို သူမ တရားအားထုတ်တဲ့ အကြောင်းလျှောက်ထားပါတယ်၊ အဲဒီဒကာမရဲ့ ရုပ်ရည်မျက်နှာဟာ ကြည်လင်ပြီး ကျက်သရေ

http://www.dhammadownload.com

ဟန်တူပါတယ်။

" ရုပ်ကို လှအောင်၊ ကျက်သရေရှိအောင် လုပ်ပေးတဲ့ မိတ်ကပ်တွေထဲမှာ သတိပဋ္ဌာန်မိတ်ကပ်ဟာ အကောင်းဆုံးပဲ " တဲ့။ သူမက အဲဒီစကားကို အလွန်အကဲသဘောကျနေလေရဲ့။

အမေရိကမှ ယောဂီတစ်ဦးရဲ့ အဆိုအရ သူတို့ အမေရိကန်အားလုံးလိုလိုရဲ့ နှလုံးသားတွေဟာ အအေးခန်းထဲမှာ နေပြီး အပူဟပ်ခံနေကြရပါတယ် တဲ့။ သူတို့ ရဲ့ ဘဝဟာ အမြဲ ဆာလောင်မွတ်သိပ်နေတာမို့ Hungry ghost, thirsty ghost = အမြဲတန်း ဆာလောင်မွတ်သိပ်နေတဲ့ ပြိတ္တာတွေလိုပါပဲ တဲ့။

သူတို့သာ မဟုတ်ပါဘူး၊ လောကလူသားအများစုဟာ သူတို့လိုပဲ ဖြစ်ပါလိမ့်မယ်။

သူတို့ကိုတော့ ဆရာတော် မိန့်ကြားတာက –

" အအေးခန်းထဲမှာ နေပြီး နှလုံးအပူဟပ်မခံချင်ရင် နှလုံးသားထဲမှာ သတိပဋ္ဌာန်တရား ကိန်းဝပ်နေပါစေ " – တဲ့။

" ဆာလောင်လာရင် သတိပဋ္ဌာန်အစာကို စားပါ၊ အဆာပြေပါလိမ့်မယ်၊ မွတ်သိပ်လာရင် သတိပဋ္ဌာန်ရေကို သောက်ပါ၊ မွတ်သိပ်တာ ပြေပါလိမ့်မယ် " တဲ့။

အရသာတကာတွေထဲမှာ အကောင်းဆုံးအရသာဖြစ်တဲ့ တရားအရသာကို ခံစားနေရတဲ့ ဆရာတော်ဟာ ရောက်လေရာရာမှာ သင့်လျော်တဲ့ စကားလေးတွေနဲ့ တွေ့လေရာပုဂ္ဂိုလ်တွေကို သတိပဋ္ဌာန်နယ်ပယ်ဘက် ရောက်အောင် ဆွဲဆောင်ကာ ကျွေးနေတာဟာ သူလို အကောင်းဆုံးအရသာကို ခံစားကြစေလိုလို့ပေါ့၊ အဲဒီအရသာဟာ လောကရှိ ဘယ်အရသာနဲ့မှ မတူဘူး တဲ့၊ သိပ်ကို ကောင်းတယ် တဲ့၊ မစားဖူးသေးရင် စားကြည့်ဖို့ဆုံးလေ။ ဒီအရသာကိုမှ မစားဖူးသေးရင် သာသနာမှာ ခေတ်မမီသေးဘူး တဲ့။ သာသနာခေတ်မီသူတိုင်း ဒီအရသာကို စားဖူးရမည် – တဲ့၊ စားဖူးကြသည် – တဲ့၊ ခေတ်နောက်မကျစေနဲ့လေ။

စားကြည့်စမ်း

သူ စားခဲ့ဖူး
ရသာထူးကို
စားဖူးစေချင်
မေတ္တာယဉ်ဖြင့်
တွင်တွင်တိုက်တွန်း
စားကြည့်စမ်း – တဲ့။

http://www.dhammadownload.com

ဘုရားဘက်သား

ဆယ်မိုင်ကုန်း ပဏ္ဍိတာရာမ တောစခန်းရိပ်သာသို့ ဆရာတော် ရောက်ခိုက် ဖြစ်တယ်၊ နေ့ဆွမ်းစားပြီး မီးဖိုချောင်းဘက် ဆရာတော် ကြည့်ရှုနေတုန်း ကားတစ်စီး ဝင်လာတယ်၊ ကားပေါ်က ဒကာမကြီးတစ်ဦး ဆင်းလာတယ်၊ ဆရာတော် ကို တွေ့မြင်သွားတယ်၊ အလွန် ဝမ်းသာသွားတယ်၊ မမျှော်လင့်ဘဲ တွေ့ရတာကိုး စာရေးသူအထင်က စနေနေ့မှာ ဆရာတော်လာမှာ သိလို့ သူမတို့လည်း လာတာပဲ လို့ ထင်မိတာကိုး၊ မဟုတ်ဘူး၊ မှားသွားပြီ၊ သူမကတော့ အလွန်ဝမ်းသာစွာ စကား တွေ ဆိုနေတယ်၊ တိုင်ကပ်နာရီ (၂)လုံး၊ ထီး (၃) ချောင်း၊ ဖိနပ်သုံးရံ လှူဖို့ ပါလာတယ်၊ "ဆရာတော်နဲ့ တွေ့ရတာ ဟန်ကျလိုက်တာ" တဲ့၊ ဆရာတော်ကလည်း ရင်းရင်းနှီးနှီးပဲ၊ "အိမ်နားက ဖြတ်လာတော့ လှမ်းတောင် ကြည့်ခဲ့သေးတယ်" တဲ့၊ ဆရာတော်က ပြောလိုက်တယ်၊ ဆရာတော်က တရင်းတနှီး ပြောဆိုနေပေမယ့် အဲဒီဒကာမကြီးကိုတော့ စာရေးသူ မတွေ့ဖူးဘူး၊ ဆရာတော်နဲ့ တရင်းတနှီးရှိကြတဲ့ ဒကာ၊ ဒကာမတွေကို သိတာပဲ များပါတယ်။ သူမကို နောက်မှ သိရတယ်၊ သူမ နာမည်က "ဒေါ်တင်တင်အေး"တဲ့။ ကျောင်းတစ်ဆောင်လည်း ဆယ်မိုင်ကုန်း ရိပ်သာမှာ ဆောက်လှူဦးမယ် တဲ့။

ဓမ္မာရုံပေါ် ဆရာတော် ကြွသွားတယ်၊ ဒကာမကြီးတို့ တစ်သိုက်လည်း ဓမ္မာရုံပေါ် ရောက်လာကြတယ်၊ တစ်သိုက်ဆိုတာက ဒကာကြီးရဲ့ သားတစ်ယောက်၊ မြေးတစ်ယောက်၊ သမီးတစ်ယောက်၊ သမက်လောင်းတစ်ယောက်ပါပဲ၊ ဒကာမကြီး က ဆရာတော်ကို ပါလာတဲ့ လူတွေအကြောင်း လျှောက်ပြလို့သိရတာပါ၊ "ဒီသမီးက ကျန်းမာရေး သိပ်မကောင်းဘူးဘုရား၊ ဆရာတော်ရဲ့ ရန်ကုန် ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှာ တရားအားထုတ်မယ်ဘုရား၊ မယုံရအခက်၊ ယုံရအခက် ဖြစ်နေ

http://www.dhammadownload.com

ပါတယ် ဘုရား၊ သမီးက ဥစ္စာစောင့်ဘဝက လာတာတဲ့၊ အိမ်ထောင်မပြုရဘူး၊ ပြုရင် ပြန်ခေါ်မှာတဲ့၊ အိမ်ထောင်မပြုဘဲ သာသနာပြုရမယ် တဲ့၊ သမီးက ပထမ အိမ်ထောင်ရှိတယ်၊ သေသွားတယ်၊ ဒီကလေးက သမီးရဲ့ အမျိုးသားလောင်းပါပဲ၊ ဒုတိယ အိမ်ထောင် ပြုဖို့ ခက်နေတယ်၊ မယုံလို့လည်း မရသလို ဖြစ်နေပါတယ်၊ တိုက်ဆိုင်မှုလေးတွေ ကလည်း ရှိနေတယ်။ "

ဒကာမကြီးက သဒ္ဓါလည်း ထက်ပုံပေါ်တယ်၊ စကားပြောလည်း သွက်လက် ချက်ချာတယ်၊ သူမ ပြောချင်တဲ့ စကားတွေကို မနားတမ်း ဆက်ပြောနေပါတယ်၊ ဆရာတော်ကတော့ တိတ်ဆိတ်စွာ နားထောင်နေပါတယ်။

" တပည့်တော်မ အခု အသက် (၅၀) ရှိပြီ၊ အသက် (၃၀) ကျော်လောက် တုန်းက တပည့်တော်ကိုလည်း ဥစ္စာစောင့်ဘဝက လာတယ်လို့ ပြောတယ်၊ အဲဒီ တုန်းက တပည့်တော်ကို ပြန်ခေါ်မယ်လို့ ပြောတဲ့ အချိန်မှာ ရိပ်သာဝင်ပြီး တရားကိုပဲ ရှုမှတ်နေခဲ့ပါတယ်၊ အခုအထိ ဘာမှ မဖြစ်တော့ပါဘူး၊ ဒါကြောင့် သမီးလည်း ရိပ်သာဝင်ပြီး တရားအားထုတ်ပါမယ်၊ ဒါပေမယ့် ပူတော့ ပူနေမိတယ် " တဲ့။

အဲဒီအခါ ဆရာတော် မိန့်ဖို့ အချိန်ရောက်လာပါပြီ၊ ဒကာမကြီးလည်း ပြောချင်ရာတွေ ကုန်သလောက် ဖြစ်သွားပုံ ပေါ်ဝယ်၊ ရပ်သွားတယ်၊ ဥစ္စာစောင့်နဲ့ ပတ်သက်ပြီး ဆရာတော်က ဘယ်လို ရပ်တည်မလဲ၊ ဘယ်လို မိန့်ကြားမလဲ၊ ဘယ်လို ယူဆမလဲ-လို့ တွေးကာ ဆရာတော်ရဲ့ ရပ်တည်ချက်၊ မိန့်ကြားချက်၊ ယူဆချက်တွေကို စာရေးသူက သိချင်နေပါတယ်၊ ဆရာတော် မိန့်မှာကို နားစွင့် နေပါတယ်၊ ဆရာတော်က ဒီလို မိန့်ပါတယ်။

" လောကသစ္စာဆိုတာကတော့ မှန်တာလည်း ရှိမယ်၊ မမှန်တာလည်း ရှိမယ်၊ မှန်တာက နည်းပြီး မမှန်တာကပဲ များပါလိမ့်မယ်၊ ဘုရားလက်ထက်က အဖြစ်အပျက်လေးတစ်ခု ရှိခဲ့တယ်။ မိဘ (၂) ဦးမှာ သားလေး မွေးဖွားလာတယ်၊ သူတို့ ကိုးကွယ်ခံရသေ့က (၇) ရက်ပဲ အသက်ရှည်မယ်လို့ ပြောတယ်၊ (၇) ရက် ထက် ပိုပြီး အသက်ရှည်တဲ့ နည်းကို မေးတယ်၊ ရသေ့က ငါ မသိဘူး၊ ရှင်ဂေါတမ ထံသွားမေး၊ သူသိတယ် " လို့ပြောလို့ ဘုရားထံ ရောက်လာကြတယ်။ ဘုရားကို အဲဒီလို လျှောက်ထားတဲ့အခါ ဘုရားက " ငါ ရဟန်းရှစ်ပါးကို လွှတ်လိုက်မယ်၊ သင်တို့ သားလေးကို အလယ်ခေါင်မှာ ထားပြီး ဘေးပတ်ပတ်လည်ဝိုင်းပြီး ရဟန်း တွေ ပရိတ်ရွတ်ကြလိမ့်မယ်၊ အိမ်ပြန်သွားပြီး နေရာပြင်ထားကြ " လို့ မိန့်လိုက်တယ်။ သူတို့ အိမ်ပြန်သွားလို့ နေရာအနေအထား ပြင်ဆင်ပြီးတဲ့အခါ ရဟန်းရှစ်ပါး ကြွသွားကြတယ်။ ဘေးက ဝိုင်းပြီး (၇)ရက်အထိ ပရိတ်ရွတ်ကြတယ်၊ (၇) ရက်

http://www.dhammadownload.com

မြောက်မှာ ကလေးကို စားမယ့် ဘီလူးဟာ ဘုရားကြွလာလို့ တန်ခိုးကြီးနတ်တွေ ရောက်လာတဲ့အတွက် ကလေးရဲ့အနီးအနားကို ကပ်ဖို့ဝေးရော ဟိုအဝေးနေရာမှာ အဲဒီဘီလူးရောက်နေတယ်၊ ဘုရားနားမှာ တန်ခိုးကြီးနတ်တွေနဲ့ ပြည့်နေတယ်။ (၇) ရက်အတွင်းသာ ဘီလူးမှာ ကလေးကို စားခွင့် ရှိတာမို့ (၈) ရက်မြောက် ရောက်တော့ စားခွင့် မရှိတော့ဘူး။ ကလေးက ဘီလူးရဲ့ ဘေးက လွတ်သွားပြီ၊ အဲဒီကလေးဟာ အသက် (၁၂၀) ထိ နေသွားရတယ်။ " မောင်သက်တို့ " ကနေ " မောင်သက်ရှည် " ဖြစ်သွားတယ်။ "

ဒကာမကြီးရော၊ ဒကာမကြီးရဲ့ သမီးရော၊ သမက်လောင်းပါ ဆရာတော်ပြောတဲ့ ဇာတ်လမ်းမှာ စိတ်ဝင်စားစွာ နားထောင်နေကြတယ်။ သူတို့ဘဝနဲ့ တိုက်ဆိုင်တဲ့ ဇာတ်လမ်း ဖြစ်နေတာကိုး။ ဆရာတော်ကလည်း ဆက်မိန့်နေပါတယ်။

" အဲဒါက ပရိတ်ရွတ်ပေးလို့ အန္တရာယ်ကင်းပြီး အသက်ရှည်ခဲ့ရတဲ့ ဇာတ်လမ်းလေးပဲ၊ အခုလို မြင်ရတဲ့ ပြင်ပအန္တရာယ်ထက် မမြင်ရတဲ့ အတွင်းအန္တရာယ်က ပိုပြီး ကြောက်စရာကောင်းတယ်၊ အပြင်အန္တရာယ်က တစ်ဘဝပဲ နှိပ်စက်နိုင်တော့မပေါ့၊ အတွင်းအန္တရာယ်ကတော့ ဘဝအဆက်ဆက် နှိပ်စက်နိုင်တယ်။ အတွင်းကိလေသာ အန္တရာယ် ကင်းအောင် လုပ်တဲ့ တရားအားထုတ်မှုကို လုပ်နေရင် အပြင် အန္တရာယ်ဟာလည်း ကင်းသွားတော့တာပဲ။ ပရိတ်ရွတ်ဖတ်တာထက် လက်တွေ့ ကိုယ့်သန္တာန်မှာ သတိပဋ္ဌာန်တရား ပွားများလိုက်ရင် အဲဒီလက်တွေ့ ပရိတ်က ပိုစွမ်းတယ်။ တရားအားထုတ်တာဟာ ဘုရားနည်းပဲ၊ ဘုရားနည်းဟာ မှားတယ် မရှိဘူး၊ ဘုရားဘက်နဲ့ အခြားဘက် (၂) ဘက် ရှိလာရင် ဘုရားသားတော်၊ သမီးတော်တွေဟာ ဘုရားဘက်က လိုက်ရမယ် " - တဲ့။

ဆရာတော့် တရားစကားက တဖြည်းဖြည်း ပိုပြီး လေးနက်လာတယ်၊ ဒကာမကြီးတို့တစ်တွေလည်း ပိုပြီး စူးစူးစိုက်စိုက် နာယူနေကြတယ်၊ တရားအားထုတ်မှု နယ်ပယ်ဘက် မရောက်ရောက်အောင် ဆွဲဆောင်ဟောပြောလာ့ဴဘဲ့ ဆရာတော်က ယခုလည်း တရားအားထုတ်မှုနယ်ပယ်ဘက် ရောက်အောင် သယ်ဆောင်လာနေပါပြီ၊ ဆရာတော်က ဆက်ပြီး ဘယ်လိုများ သယ်ဆောင်နေမလဲလို့ စာရေးသူမှာ တွေးနေမိပါတယ်။ ဆရာတော်က ဇာတ်လမ်းလေးတစ်ခုကို ဒီလို မိန့်ကြားလိုက်ပါတယ်။

" ရင်းနှီးကြတဲ့ သူငယ်ချင်းနှစ်ယောက် တစ်ခရီးထဲ သွားကြတယ်၊ တစ်ယောက်က နတ်ကိုးကွယ်တယ်၊ တစ်ယောက်က ဘုရားကို ကိုးကွယ်တယ်၊ ခရီးရှည်သွားပြီး နေဝင်ချိန်လောက်မှာ အရိပ်အာဝါသ အင်မတန်ကောင်းတဲ့ ညောင်ပင်ကြီးတစ်ပင်အောက် ရောက်သွားကြတယ်၊ " ကဲ . . . ငါတို့နှစ်ယောက်

http://www.dhammadownload.com

ဒီညောင်ပင်ကြီးအောက်မှာပဲ ဒီနေ့ည အိပ်ကြမယ် " လို့ နှစ်ယောက်သဘောတူ ဆုံးဖြတ်ကြတယ်၊ အဲဒီညောင်ပင်ကြီးအောက်မှာ နတ်စင်ကြီးကြီးတစ်စင်လည်း ရှိတယ် တဲ့၊ နတ်ကိုးကွယ်တဲ့ လူက အိပ်ရာမဝင်ခင် နတ်ကို ရှိခိုးပြီး မြေကြီးပေါ်မှာ အိပ်တယ်၊ ဘုရားကိုးကွယ်တဲ့ သူကတော့ နတ်စင်ပေါ် တက်ကာ ဘုရားကို ရှိခိုးပြီး နတ်စင်ပေါ်မှာ အိပ်တယ်တဲ့၊ သူတို့နှစ်ယောက်လုံး အိပ်ပျော်နေချိန်မှာ ကျား တစ်ကောင် သူတို့ အိပ်နေတဲ့ ညောင်ပင်ကြီးအောက် ရောက်လာတယ် – တဲ့၊ ရောက်လာတဲ့အခါ စားဖို့ လူနှစ်ယောက်ကို တွေ့ရတယ်၊ ဘယ်သူ့ကို စားရပါမတုံး လို့ ကျားကြီးက စဉ်းစားနေတယ်။ အဲဒီအခါ ညောင်ပင်စောင့်နတ်က ပြောတယ် – တဲ့၊ မြေကြီးပေါ် အိပ်နေတဲ့ လူကတော့ ငါ့ကို ကိုးကွယ်တဲ့ ငါလူ၊ နတ်စင်ပေါ် အိပ်နေတဲ့ လူကတော့ ဘုရားကို ကိုးကွယ်တဲ့ ဘုရားလူ၊ ဘုရားလူကို ငါမပိုင်လို့ ငါ ပေးမပြစ်ဘူး၊ ငါပိုင်တဲ့ ငါ့လူကို ငါ ပေးတယ်၊ သူ့ကို စားသွားလို့ ညောင်ပင်စောင့် နတ်က ပြောသတဲ့၊ ကျားကလည်း နတ်ကိုးကွယ်သူကို စားပြီး သွားရော " တဲ့။

ဟာသသဘောနှောနေတဲ့ ဒီပုံပြင်လေးကြောင့် ဒကာမကြီးရော၊ ဒကာမကြီး ရဲ့ သမီးနဲ့ သမက်လောင်းပါ များစွာ သဘောကျသွားကြလေရဲ့၊ ဒီပုံပြင် လေးဟာ ဒဏ္ဍာရီပုံပြင်လေး ဖြစ်ပုံပေါ်ပါတယ်၊ ဒဏ္ဍာရီပုံပြင်လေးပင် ဖြစ်ပေမယ့် အခုအခြေ အနေနဲ့ အလွန်ပဲ ဆီလျော်လှတာမို့ တစ်သက်မမေ့စရာ သင်ခန်းစာ ပုံပြင်လေးပဲ ဖြစ်နေပါတော့တယ်။

ဘုရားဘက်နဲ့ အခြားတစ်ဖက်၊ နှစ်ဖက်ယှဉ်လာရင် ဘုရားဘက်ကို လိုက်ဖို့ ညွှန်ကြားခဲ့တဲ့ ဆရာတော်စကားဟာ မှတ်သားစရာ ကောင်းလှပါတယ်၊ ဘုရားဘက် မှာ ဆရာတော်ကိုယ်တိုင် ရပ်တည်ပြီး ဘုရားဖက်ပါအောင် ဆွဲဆောင်ဟောပြော သွားတဲ့ ဆရာတော်လုပ်ရပ်ဟာလည်း အတုယူဖွယ်ကောင်းလှပါတယ်၊ ဘုရားဘက်နဲ့ အခြားဘက်၊ နှစ်ဘက်ယှဉ်လာရာမှာ ဘုရားဘက်မှာ မရပ်တည်ဘဲ အခြားဘက်မှာ ရပ်တည်ခဲ့ရင် ဗုဒ္ဓသာသနာဝင်တို့မှာ သာသနာနဲ့ တွေ့ရကျိုးမနပ်ဘဲ ရှိပါလိမ့်မယ်၊ ဗုဒ္ဓသာသနာနဲ့ တွေ့ကြုံခွင့်ရတဲ့ လူဘဝ ဖြစ်နေပေမယ့် အရတော်တဲ့ လူဘဝလို့ ဆိုဖို့ ခက်နေပါလိမ့်မယ်၊ ဒါကြောင့် ဗုဒ္ဓသာသနာဝင်တွေဟာ ဗုဒ္ဓဘက်နဲ့ အခြား ဘက်၊ နှစ်ဘက်ယှဉ်လာရင် ဗုဒ္ဓဘက်ကပဲ ရပ်တည်ကြဖို့ အထူးပဲ လိုအပ်လှပါတယ်။

http://www.dhammadownload.com

ဘုရားဘက်သား

ဘုရားဘက်နဲ့ အခြားဘက်
နှစ်ဖက်ယှဉ်လာရင်
ဘုရားဘက်တွင် ရပ်စေချင်၊
အခြားဘက်တွင် ရပ်သူအား
သာသနာဟာ ကျိုးမများ၊
သာသနာတွေ့ကျိုး နပ်ဖို့ရာ
သာသနာဝင်တို့ လိုအပ်ပါ၊
ထို့ကြောင့်သာ သာသနာဝင်များ
ဘုရားဘက်သာ ရပ်စေသား။

http://www.dhammadownload.com

ကြည့်မှ မြင်တယ်

" ရိပ်သာက ဝိနည်း ဂရုမစိုက်ဘူး - ဆိုတာမျိုး အပြောမခံရအောင် ဂရုစိုက် ကြပါ၊ ပဋိပတ်နယ်ပယ်ဘက်က ဝိနည်းနဲ့ ပတ်သက်ပြီး အပြစ်ပြောစရာ မရှိအောင်ကို ဂရုစိုက်ဖို့ လိုပါတယ်၊ ဆွမ်းဝိုင်းအကပ်ခံကြရာမှာ အားအလယ် အလတ်ရှိတဲ့သူ့ မပြီး ယူနိုင်တဲ့ အလေးချိန်ရှိတဲ့ ဆွမ်းဝိုင်း ဖြစ်ရမယ်၊ ပိုနေရင် အကပ်မမြောက်ဘူး၊ ဝိနည်း ဂရုပြုကြတဲ့ ယောဂီတချို့က ဒီလို ဆွမ်းဝိုင်း အကပ်ခံ တာကအစ သတိပြု ကြည့်ရှုကြတယ်၊ အကပ်မမြောက်တဲ့ အကပ်ခံနည်းနဲ့ အကပ်ခံ တာ သူတို့ တွေ့ရင် သူတို့က သတိပေးကြတယ်၊ ပဋိပတ်နယ်ပယ်ဘက်က ဝိနည်း မျက်စိနဲ့ အကြည့်ခံ နိုင်အောင် ဂရုစိုက်ကြရမယ်။ "

မဟာစည်သာသနာ့ရိပ်သာမှာတုန်းက ဆရာတော် မိန့်ခဲ့တာကို နာယူခဲ့ဖူးပါ တယ်၊ အကပ်ခံတဲ့အခါ အားအလယ်အလတ်ရှိသူ မပြီး ယူနိုင်တဲ့ အလေးချိန်ထက် ပိုလောက်မယ့် ပစ္စည်းတွေကို စားပွဲပေါ်က ချစေရတယ်၊ သီးသန့်အကပ်ခံပြီးမှ တင်ရတယ်၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ အကပ်ခံတဲ့ ရဟန်းတွေလည်း အကပ်ခံတဲ့အခါ အထူးသတိထားပြီး အကပ်ခံကြရတယ်၊ ဆရာတော်က ဒီဝိနည်း ကိုလည်း ဘယ်နေရာရောက်ရောက် အလျော့မပေးဘူး၊ ပြည်ပမှာလည်း ဒီအတိုင်းပဲ၊ ပြည်တွင်းမှာလည်း အခြားဘယ်လိုပုဂ္ဂိုလ်ကြီးတွေက ကပ်ကပ် ဒီဝိနည်းအတိုင်းပဲ အကပ်ခိုင်းတယ်၊ မပြီး ယူလို့ မရလောက်ရင် တစ်ခွက်ချင်း ကပ်စေတယ်၊ ဒါကို နားမလည်းတဲ့ လူတွေက " တစ်ခွက်ချင်း ကပ်ပါ " ဆိုရင် " ရပါတယ်၊ ရပါတယ်၊ မလေးပါဘူး " ဆိုပြီး အတင်းကပ်ချင်တတ်ကြတယ်၊ နားလည်အောင် ရှင်းပြရင်တော့ ခိုင်းတဲ့ အတိုင်း လုပ်ကြပါတယ်။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ ရဟန်းတွေအတွက် ဆွမ်းဝိုင်းတွေ

http://www.dhammadownload.com

အကုန်လုံး အကပ်ခံပြီးမှ ကြေးမောင်းခေါက်ရတယ်၊ ကြေးမောင်းကို အရုဏ်မတက်ခင် မခေါက်ရဘူး၊ ခေါက်ရင် ကိုယ်က အရုဏ်တက်ပြီးမှာ စားပေမယ့် ဘေးက ကြားရတဲ့ သူတွေက ဒီရိပ်သာက အရုဏ်မတက်ခင် စားကြတယ် လို့ အထင်လွဲစရာ ဖြစ်နေမှာ စိုးလို့ပါ၊ ကြေးမောင်းခေါက်နည်း မမှန်ရင် " ဘယ်သူ ခေါက်တာလဲ၊ အဲဒီလို မခေါက်ရဘူး " လို့ ဆရာတော်က ပြောပြီး ခေါက်တတ်တဲ့ သူကို ခေါက်စေတယ်၊ ကြေးမောင်းခေါက်တဲ့အခါ ကြေးမောင်းရဲ့ အလယ်က ဘုကို လက်ရိုက်တုတ်နဲ့ တည့်အောင် ခေါက်ရတယ်၊ အသံက မြည်လည်း မမြည်လွန်းရဘူး၊ တိုးလည်း မတိုးရဘူး၊ လွင်လွင်ညင်ညင်သာသာနဲ့ မြည်အောင် ခေါက်ရတယ်၊ အသံက သာယာနာ ပျော်ဖွယ်ရှိရမယ် " တဲ့။

သံဃာတွေနဲ့ အမျိုးသားတွေ ဆွမ်းစားကျောင်းလာတဲ့အခါ တန်းစီပြီးညီညီညာညာရှိအောင်၊ သင်္ကန်းဝတ်တာလည်း အချိုးတကျရှိအောင် စတဲ့ လိုတာတွေ ပြုပြင်ပေးဖို့ ရဟန်းငယ်တွေက တာဝန်ယူကြရတယ်၊ သိက္ခာရှင်တွေနဲ့ အမျိုးသမီးယောဂီတွေလည်း တန်းစီးပြီး လာကြရတယ်၊ အမျိုးသမီးယောဂီတွေက ဆွမ်းစားကျောင်းလာရာမှာလည်း ရဟန်းသံဃာတွေ အမျိုးသားယောဂီတွေထက် ပိုနှေးတယ်၊ ကျောက်တန်းဆရာတော်က အမှတ်စိပ်စိပ် မှတ်ဖို့ ညွှန်ကြားထားလို့ ဖြစ်ပါလိမ့်မယ်၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်က သံဃာတွေ၊ သိက္ခာရှင်တွေ၊ အမျိုးသား၊ အမျိုးသမီးယောဂီတွေ ဆွမ်းစားကျောင်းပေါ် ရောက်ပြီးမှ, တခါတရံ စားနေကြမှ ဆွမ်းစားကျောင်းပေါ် ရောက်တတ်တယ်၊ တခါတရံ အားလုံးရဲ့ အရင် ကြိုတင်ပြီး ဆွမ်းစားကျောင်းရှေ့ စကြံ့လမ်းပေါ်မှာ စကြံ့လျှောက်နေတတ်တယ်၊ ဖိနပ်ချွတ်ပုံ အချိုးမကျလို့ ဆရာတော် ပြောတာလည်း ကြားရဖူးတယ်၊ မိုးအခါ ဆောင်းလာတဲ့ ထီးကို မထားသင့်တဲ့နေရာမှာ ထားလို့ ပြောတာကိုလည်း သိရဖူးတယ်၊ တစ်ခါကတော့ အမျိုးသမီးယောဂီတွေဘက်က ဖိနပ်ချွတ်တာ အချိုးမကျလို့ ဆရာတော် ပြောလို့ အမျိုးသမီးယောဂီတရားပြဆရာ ကျောက်တန်းဆရာတော်ကိုယ်တိုင် ကြပ်မတ်ပြုပြင်ပေးနေတာကို တွေ့ရဖူးတယ်၊ ယောဂီတွေ ဆွမ်းစားကျောင်းလာကြတဲ့အခါ ယောဂီတွေ အချိုးကျ၊ မကျ အကဲခတ်ကြည့်ရှုတယ်၊ အချိုးမကျတာ တွေ့ရင် ပြင်ပေးတတ်တယ်။

ယောဂီတွေ လမ်းသွားတဲ့အခါ ကိုယ့်ရှေ့ လေးတောင်လောက်ပဲ ကြည့်ပြီး သွားရတယ်။ ဟိုကြည့် ဒီကြည့် မလုပ်ရဘူး၊ တချို့ကတော့ ခေါင်းက သိပ်ငုံ့လွန်းနေတတ်တယ်၊ အဲဒါမျိုး ဆရာတော် တွေ့ရင် " ခေါင်းကို မတ်မတ်ထားပါ " လို့ ဒိန့်တတ်ပါတယ်၊ တချို့က ထိုင်ဘဲ့အခါ ခေါင်းကြီးငုံ့ပြီး ငိုက်စိုက်ကျကာ ထိုင်နေတတ်ကြ

http://www.dhammadownload.com

တယ်။ အဲဒီအခါမျိုးမှာလည်း ဆရာတော်တွေ့ရင် " ခါးကို မတ်မတ် ထား၊ ခေါင်းကိုလည်း မတ်မတ် ထား၊ ကြွက်လည်ပင်းကို လိမ်ထားသလို မနေရဘူး၊ (အမျိုးသားဖြစ်ရင်) ယောကျ်ားဆိုတာ ကျားကျားယားယား ရှိရတယ် " လို့ ပိန့်ကာ ပြုပြင်ပေးတတ်ပါတယ်၊ ဆရာတော် ဆွမ်းစားကျောင်းပေါ် ရောက်လာရင် ဆွမ်းဒကာ၊ ဒကာမတွေနဲ့ အဝင်ဝ မှာ ရံခါ တွေ့ရတယ်၊ စကားတစ်ခွန်းစ၊ နှစ်ခွန်းစ ပြောတတ်တယ်၊ ပြီးရင် ဆွမ်းစား ကျောင်းရှိ ပုဂ္ဂိုလ်အားလုံးကို ခြုံပြီး ကြည့်လိုက်တယ်၊ ပြီးတော့ ဆွမ်းဝိုင်းတွေကို လိုက်ပြီး ကြည့်တယ်၊ ပထမဆုံး ဝန်ဆောင်ရဟန်းတွေရဲ့ ဆွမ်းဝိုင်းကို ကြည့်တတ် တယ်၊ ဝန်ဆောင်တွေရဲ့ ဆွမ်းဝိုင်း လာရင်း ယောဂီရဟန်းတွေရဲ့ ဆွမ်းဝိုင်းမှာ အချိုး မကျတာ တွေ့ရင်လည်း ပြုပြင်ပေးတတ်တယ်၊ ဆွမ်းအုပ်အဖုံးကို လူသွားလမ်း ကြမ်းပြင်ပေါ် ချထားတာ တွေ့လျှင် အဲဒီလို မထားဖို့နဲ့ အဖုံးကို ပြန်ဖုံးထားဖို့ မိန့်တာတွေ့ဖူးတယ်၊ အချိုပွဲတွေကို စားပွဲပေါ် မတင်ဘဲ အောက်မှာ ချထားရင်လည်း စားပွဲပေါ် ထားဖို့ မိန့်တာကိုလည်း တွေ့ဖူးတယ်။

ဝန်ဆောင်တွေဝိုင်း ရောက်ရင် တစ်ပါးပါး လိုနေတာကို တွေ့က " ဘယ်သွားလဲ၊ ဘာဖြစ်နေတာလဲ " လို့ မေးတတ်တယ်၊ ဝိုင်းမှာ လိုနေတာ ရှိရင်လည်း ပြည့်စုံအောင် တာဝန်ရှိသူတွေကို ခိုင်းတတ်တယ်၊ ဝန်ဆောင်တွေဝိုင်း ပြီးရင် ပြည်ပရဟန်းတော်တွေ ဝိုင်း၊ ပြည်ပယောဂီတွေ ဝိုင်း စသည်တွေကို လျှောက်ကြည့်တယ်၊ အစားအသောက် ပြည့်စုံ၊ မပြည့်စုံ လေ့လာတယ်၊ အဆင်ပြေမှု ရှိ၊ မရှိ သတိထားတယ်၊ အဲဒီဝိုင်းတွေမှာလည်း လိုတာရှိရင် ပြည့်စုံအောင် စီမံပေးတယ်၊ ဆွမ်းစားကျောင်း ဝေယျာဝစ္စလုပ်သူတွေ အချိုးမကျတာ တွေ့ရင်လည်း အချိုးကျအောင် ဆောင်ရွက်စေတယ်၊ ဆွမ်းဝိုင်းတွေမှာ တခါတရံ ငွေန်း၊ လက်သုတ်ပဝါတို့ မပါတာလည်း ရှိတတ်တယ်၊ အဲဒါတွေကို မလိုအောင် သတိပြုဖို့ မိန့်တတ်တယ်၊ မီးဖိုချောင်းကိုလည်း ဆရာတော်က ကြည့်တတ်တယ်၊ မီးဖိုချောင်းမှာ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် မရှိရင် သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် ရှိအောင် ဆောင်ရွက်ဖို့ ပြောတယ်၊ မီးဖိုချောင်ထဲမှာ အိုးတစ်ခုခုကို တည်ထားတာ မရှိဘဲ ဂက်စ်မီးဖိုကို ဖွင့်ထားရင် ဖွင့်မထားဖို့ သတိပေးတယ်၊ ရေနွေးခွက်တွေကို မသန့်ရှင်းတဲ့ နေရာမှာ ထားရင်လည်း မထားဖို့ ဆရာတော် ပြောတယ်။

ပြောစရာရှိတာတွေ ပြောပြီးမှ သူ့ဆွမ်းဝိုင်းကို ကြွတယ်၊ ဆရာတော် ကြွမလာမချင်း နာယကဆရာတော်တွေက အသင့်ပြင်ကာ စောင့်နေကြပါတယ်၊ ဆရာတော် ထိုင်စရာအခင်းမှာ ထိုင်ဝဲ့နေရာလေးကို ခပ်မြင့်မြင့် လုပ်ထားတယ်၊

http://www.dhammadownload.com

ဆရာတော်က ဝလို့ ထိုင်တဲ့အခါ သက်သက်သာသာ ထိုင်ရုံအောင် လုပ်ထားပုံရတယ်၊ ထိုင်ပြီး အသင့်ခေါက်တင်ထားတဲ့ လက်သုတ်ပုဝါကို ပေါင်ပေါ် ဖြန့်ခင်းတယ်၊ ဒါက သင်္ကန်းကို ဟင်းစက်မပေအောင် လုပ်တဲ့သဘောပါ၊ အခြားအခြား သံဃာတွေလည်း ဒီလိုပဲ ခင်းကြရတယ်၊ သန့်ရှင်းအောင် လုပ်ထားတဲ့ ဇွန်း၊ ခက်ရင်းနဲ့ ဆရာတော်က ဆွမ်းဘုဉ်းပေးတယ်၊ ဆရာတော်က လက်နဲ့ ဘုဉ်းပေးပြီး လက်ကို ဆပ်ပြာနဲ့ ဆေးတဲ့အခါ ဆပ်ပြာနဲ့ မတည့်လို့ လက်မှာ ယားပြီး အနာဖြစ်တတ်တယ် တဲ့၊ ဒါကြောင့်လည်း ဇွန်း၊ ခက်ရင်းနဲ့ ဘုဉ်းပေးတာ ဖြစ်ပါလိမ့်မယ်၊ အခြား သံဃာ၊ ယောဂီတွေလည်း ဇွန်း၊ ခက်ရင်းနဲ့ စားကြပါတယ်၊ ဆရာတော်က နေ့ဆွမ်းမှာ သပိတ်နဲ့ ဘုဉ်းပေးပါတယ်၊ အခြားသံဃာတွေလည်း သပိတ်ကိုယ်စီနဲ့ ဘုဉ်းပေးကြရတယ်၊ အရက်ဆွမ်းမှာတော့ သပိတ်ယူစရာ မလိုဘူး၊ ခင်းထိုင်ဖို့ နေရာထိုင်ကိုပဲ ယူခဲ့ကြရတယ်၊ သိက္ခာရှင်တွေလည်း နေရာထိုင်အခင်းကိုတော့ နှစ်ချိန်လုံး ယူခဲ့ကြရတယ်။

ဆွမ်းစားတဲ့အခါ ဆရာတော်က သူနဲ့ သင့်တာကိုပဲ ဘုဉ်းပေးတယ်၊ ဘုဉ်းပေးချင်ပေမယ့် ရသတဏှာရဲ့ အလိုကို မလိုက်ဘဲ ကျန်းမာရေးနဲ့ မသင့်တာကို ရှောင်တယ်၊ ဆရာတော်က ဝတာဆိုတော့ ဝစေတတ်တဲ့ အဆီအအိမ့်တွေကို အထူးပဲ ရှောင်တယ်၊ ကောင်းလွန်လို့ ရှောင်နေရတယ် လို့လည်း မိန့်တတ်တယ်၊ ဆရာတော်နဲ့ သင့်ပြီး ဆရာတော်လည်း နှစ်သက်တတ်တဲ့ အစားအစာကို ဆွမ်းကျောင်းဝယျာ ဝစ္ဆလုပ်သူကွေကလည်း စီမံတတ်ကြတယ်၊ ဆရာတော့်ဝိုင်းမှာ ဆရာတော့်အနီး ဆရာတော် ဘုဉ်းပေးလေ့ရှိတာကို အလွယ်တကူ ဘုဉ်းပေးရအောင် ထားလေ့ရှိကြတယ်၊ အပြင်ဆွမ်းစားရှိလို့ ဆွမ်းစားကြွတဲ့ အခါမှာလည်း ဆရာတော်က အရင်ပြီးအောင် မဘုဉ်းပေးဘဲ ကျန်သံဃာတွေ ပြီးအောင် စောင့်ရင်း ဘုဉ်းပေးတတ်တယ်၊ အပြင် ဆွမ်းစားမှာ ရဟန်းငယ်တွေက ဆရာတော်နဲ့အတူ ဘုဉ်းပေးရမှာ လန့်တတ်ကြတယ်၊ အရှိန်အဝါကြောင့် ထင်ပါရဲ့၊ ရဟန်းငယ်တွေသာမက နာယကဆရာတော်တွေလည်း လန့်ကြပုံရတယ်၊ ဆရာသမားရဲ့ အရှိန်အဝါဆိုတာကတော့ ရှိနေတာပဲပေါ့၊ ဆရာတော်ကလည်း ရိပ်မိပုံပေါ်ပါတယ်၊ ဆရာတော်က မိန့်တတ်တယ်၊ "ဘုဉ်းပေးကြ၊ ပြည့်စုံအောင် ဘုဉ်းပေးကြ၊ ဒကာ၊ ဒကာမတွေက ဘုဉ်းပေးစေချင်လို့ စုံနေအောင် စီမံထားကြတာ၊ စုံအောင်လည်း ဘုဉ်းပေးကြ " တဲ့။

ဆရာတော်တို့ ဝိုင်းမှာ ဟင်းခွက်တွေထဲက ဟင်းတွေက ဝန်ဆောင်ရဟန်းငယ်တွေရဲ့ ဝိုင်းတွေမှာလောက် မများဘူး၊ ဘုဉ်းပေးတဲ့ သံဃာအရေအတွက်ချင်းကလည်း မတူဘူးလေ၊ ဆရာတော်တို့ ဝိုင်းမှာက ကျောက်တန်းဆရာတော်၊ ဘီးလင်း

http://www.dhammadownload.com

ဆရာတော်ပါ သုံးပါးပဲ ရှိတာ၊ ဝန်ဆောင်တွေဝိုင်းမှာက (၅) ပါး၊ (၆) ပါးစီလောက် ရှိတာ၊ ဒါကြောင့်လည်း ပိုများတာ ဖြစ်ပါလိမ့်မယ်၊ ဆရာတော်ကလည်း လိုအပ်တာ ထက် ပိုတာ မကြိုက်ဘူးလေ၊ ဘုံပေါလအောလည်း မဖြစ်စေချင်ဘူး၊ ဆရာတော် ဆွမ်းဘုဉ်းပေးရင်း အသံဆူတာ ကြားရင် တစ်ယောက်ယောက်ကို မဆူညံဖို့၊ တိုးတိုးတိတ်တိတ် စကားပြောဖို့ သတိပေးခိုင်းတယ်၊ ငွန်သံ၊ ပန်းကန်သံ မကြားစေရဘူး၊ လူတွေ စကားပြောသံလည်း မဆူညံစေရဘူး၊ တိတ်ဆိတ်နေရတယ်၊ အားလုံး မစားကြခင် သံဃာတစ်ပါးက မိုက်နဲ့ အလှူရှင်နာမည်၊ နေရပ်လိပ်စာ၊ ဆွမ်းကပ်ရာ၌ ရည်ရွယ်ချက်တွေကို ကြေငြာပြီး သာဓုခေါ်ဖို့ နှီးဆော်တာကို အားလုံးက လက်အုပ်ချီကာ ငြိမ်ပြီး နားထောင်နေရပါတယ်၊ ပြီးမှ "သာဓု၊ သာဓု၊ သာဓု" လို့ သုံးကြိမ်ခေါ်ပြီး ဆွမ်းစားကြရတယ်၊ အဲဒီအသံရဲ့နောက် ဘာသံမှ မဆူညံစေရဘူး၊ တိတ်ဆိတ်စွာ ကိုယ့်ရှုမှတ်မှုနဲ့ ကိုယ် ဘုဉ်းပေးကြရပါတယ်၊ ဆွမ်းလုံး၊ ဟင်းစက် မကျစေရဘူး၊ ကျရင် သန့်ရှင်းခဲ့ရတယ်၊ စားပြီးရင် ဆွမ်းတစ်လုံးတောင် ကျန်တာကို ဆရာတော် မကြိုက်ဘူး၊ ဆွမ်းတစ်ဆုပ်ဆိုရင် ပိုများလာတာပေါ့၊ ဟိုသူက တစ်ဆုပ်၊ ဒီလူက တစ်ဆုပ်နဲ့ တစ်ဆုပ်ပေါင်း များလာရင် အများကြီး လေလွင့်ကုန်ရော တဲ့၊ ဆရာတော်က တွက်ပြတယ်၊ ဟုတ်ပေသားပဲ။

ဆွမ်းစားတုန်း သလိပ်ဟပ်တာ၊ တံတွေးထွေးတာ၊ နှပ်ညှစ်တာ၊ လေပျို့ အန်တာတွေ ရှိရင် ဆရာတော်က သတိပေးတယ်၊ အများစက်ဆုပ်ဖွယ် မဖြစ်စေသင့်ဘူးလေ၊ တချို့က စားပြီး ကိုယ်စားတဲ့ ခွက်ထဲ လက်ဆေးထည့်တတ်တယ်၊ အဲဒီလိုလည်း မလုပ်ရဘူး၊ ရွံစရာပဲ၊ ဟင်းကို ကိုယ် ယူပြီးရင် သူတစ်ပါးဘက် ပို့ပေးရ တယ်၊ တချို့က မမှီတာကို ကုန်းပြီး လှမ်းယူတတ်ကြတယ်၊ ဒါလည်း ကြည့် မကောင်းဘူး၊ ၄က်ပျောခွံကို ထွေးခံထဲလည်း မထည့်ရဘူး၊ ကိုယ်စားပြီးတဲ့ ခွက်ထဲ လည်း မထည့်ရဘူး၊ အခွံထည့်စရာ ခွက်ထဲမှာပဲ အခွံထည့်ရတယ်။

ရိပ်သာအပြင်မှာ တချို့ သံဃာတွေက ဆွမ်းစားတဲ့အခါ ဆောင့်ကြောင့် ထိုင်ပြီးတောင် စားကြတယ်၊ အတော်ကို အမြင်မတော်တာပါပဲ၊ ဒူးတစ်ဘက်ထောင်ပြီး စားတာ၊ တင်ပျဉ်ချိတ်ပြီး စားတာတွေလည်း ရှိတတ်ကြတယ်၊ ဒါတွေလည်း အမြင်မတော်ဘူး၊ ဟင်းရည်သောက်ရင် ရှူးရှူး မမြည်အောင် သောက်ရမယ်ဆိုတဲ့ ဘုရားစကားတော်ကို အလေးထားကြပုံ မပေါ်ဘူး၊ ရှူးရှူးနဲ့မည်အောင် သောက်ကြတယ်၊ တချို့သံဃာတွေက လျှာထုတ်ပြီးတောင် စားတတ်ကြသေးတယ်၊ ဘုရားပေးတဲ့ ယဉ်ကျေးမှုကို လိုက်နာရကောင်းမှန်း မသိကြဘူး၊ ယဉ်ကျေးမှုအဆင့်အတန်း မြင့်ပြီး ကြီးပွားနေကြသူတွေမှာ ဒီလို ယဉ်ကျေးမှုလေးတွေလည်း ရှိတာကို သတိပြု

http://www.dhammadownload.com

မိကြတယ်။

ဆရာတော်တို့ ဝိုင်း ဆွမ်းကိစ္စပြီးလို့ အချိုပွဲ ဘုဉ်းပေးရင်း နာယက ဆရာတော်တွေနဲ့ တိုင်ပင်စရာရှိတာ တိုင်ပင်တယ်၊ သတိပေးစရာရှိရင် သတိပေးတယ်၊ အချိုပွဲပါ ပြီးရင် ဆွမ်းကျောင်းဝေယျာဝစ္စပြုလုပ်သူတွေနဲ့ ညှဉ်သည်တွေစားတာ၊ သောက်တာကိုလည်း ကြည့်ရှုသေးတယ်။

ဩော် . . . လူကြီးလုပ်ရရင် အစစအရာရာ စေ့စပ်အောင် လျှောက်ကြည့်နေရတာပါလား။ အစစအရာရာမှာ ထောင့်မစေ့ရင် လိုတာတွေ၊ ပိုတာတွေ၊ ယိုတာတွေကလည်း များတတ်တာကိုး၊ လိုတာတွေလည်း မရှိရလေအောင် သတိပြုလေ့လာမှ၊ ပိုတာတွေလည်း သတိပြုလေ့လာမှ၊ ယိုတာတွေလည်း သတိပြုလေ့လာမှ တော်ကာ ကျပါတယ်၊ လိုတာလည်း မကောင်းဘူး၊ ပိုတာလည်း မကောင်းဘူး၊ ယိုတာလည်း မကောင်းဘူးလေ။

ဒါတွေကို ဆရာတော်က ကောင်းကောင်း နားလည်လို့ အလိုလည်း မရှိရအောင်၊ အပိုလည်း မရှိရအောင်၊ အယိုလည်း မရှိရအောင် ဆောင်ရွက်နေတာပါပဲ။

ကြည့်မှု မြင်တယ်

နေရာတစ်ခု
ဦးစီးပြု၍
အမှုကိစ္စ
အဝဝကို
လုပ်ရလေရာ
ထောင့်စေ့ပါမှ
တော်ကာ ကျ၏။။
ထောင့်မစေ့ရင်
လုပ်ငန်းခွင်၌
လိုရင်လည်း လို
ပိုရင်လည်း ပို
ယိုရင်လည်း ယို
ဖြစ်တတ်ဆို၏။။
သို့ကလို့များ
မဖြစ်ပွားအောင်
ကြိုးစားကြည့်မှ
မြင်တတ်စွာ။။

http://www.dhammadownload.com

အသက်ပေးလို့ ဖြည့်ခဲ့သည်

" အသက် (၇၅) နှစ်ရှိပြီမို့ အဖိုးကြီးဖြစ်နေပြီဖြစ်တဲ့ ဘုန်းကြီးတောင် အများအကျိုးပြုအလုပ်တွေကို အပင်ပန်းခံပြီး လုပ်နိုင်သေးတာပဲ၊ ငယ်ရွယ်သူတွေဆို တာကတော့ အပင်ပန်းခံပြီး ပိုပြီးတောင် လုပ်နိုင်ရမှာပေါ့ " တဲ့။

ဆရာတော် ပြောတတ်လေ့ရှိတဲ့ အားပေးစကားလေးပါ၊ စာရေးသူဟာ ရိပ်သာ မရောက်ခင်က " ရိပ်သာက ဘုန်းကြီးတွေဟာ ဇိမ်သမားတွေပါ " လို့ ထင်မိခဲ့ ပါတယ်၊ အခြားသူတွေ အဲဒီလို ပြောတာကိုလည်း ကြားခဲ့ရဖူးတယ်၊ စာရေးသူဟာ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်မှာ နေခဲ့တာမို့ မဟာဂန္ဓာရုံတိုက်ခွဲ ဆရာတော် တချို့က စာရေးသူကို မကျေနပ်ကြပါဘူး၊ မကျေနပ်၊ အားမရကြောင်း လည်း နှုတ်က ထုတ်ဖော်ပြောကြပါတယ်၊ " ဒီလောက် ပညာတွေတတ်ထားရဲ့နဲ့ ကိုယ် တတ်ထားတဲ့ ပညာတွေကို ပြန်ပြီး မဖြန့်ဖြူးဘူး၊ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးသင့်တယ်၊ ရိပ်သာမှာ အရသာ တွေ့နေတာ၊ ရိပ်သာမှာ ဇိမ်ယစ်နေတာ၊ ရိပ်သာက ထွက်နိုင်မှာ မဟုတ်ပါ ဘူး " တဲ့၊ စာရေးသူ ဝင်ရှုလည်နေပြီနဲ့ တူပါတယ်၊ ရိပ်သာဘုန်းကြီးတွေဟာ ဇိမ်သမား တွေပါ လို့ ထင်ခဲ့ရုံတင်မကဘဲ နှုတ်ကလည်း ပြောမိခဲ့လို့လေလား၊ ပြောလည်း ပြောမိခဲ့လို့ ကိုယ့်ဝစီကံ ကိုယ်ထဲ ပြန်လာတာနဲ့ တူပါရဲ့၊ ကိုယ်ချင်းစာပြီး ခွင့်လွှတ်နိုင် ပါတယ်၊ ကိုယ့်လည်း အရင်က မသိလို့ ပြောခဲ့တာ ဖြစ်သလို သူတို့လည်း မသိလို့ ဒီလို ပြောတာပဲ ဖြစ်ပါလိမ့်မယ်။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ ဆရာတော်ရဲ့ " ပရိယတ် မကင်းတဲ့ ပဋိပတ်၊ ပဋိပတ် မကင်းတဲ့ ပရိယတ် ဖြစ်ရမယ် " ဆိုတဲ့ မူအရ အခြေပြုမူလတန်း၊ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ စာချတန်းတွေအတွက် တစ်နေ့မှာ စာဝါ (၃) ဝါ၊ (၄) ဝါ စာချပေးနေရပြီး လိုအပ်တဲ့အခါ တရားလည်း စစ်၊ တရားလည်း

http://www.dhammadownload.com

ဟောတဲ့ အလုပ်တွေ လုပ်နေကြောင်း အဲဒီဆရာတော်တွေကို လျှောက်ထားပြပေမယ့် လို့ အားရကျေနပ်ကြပုံ မပေါ်ပါဘူး၊ သူတို့လို သံဃာအများကို စာချပေးစေချင်ကြ တာနဲ့ တူပါရဲ့၊ "သာမဏေကျော်" ဆိုတဲ့ ကလောင်နာမည်နဲ့ စာတွေ ရေးနေတယ် ဆိုတာကိုလည်း သူတို့ သိကြသားပဲ၊ ဒါကိုလည်း အလုပ်တစ်ခုအနေနဲ့ စာရင်းမပြုလို ကြလို့လေလား၊ ကျန်းမာရေး သိပ် မပြည့်စုံလှတဲ့ စာရေးသူမှာတော့ ဒီတာဝန် တွေနဲ့ပဲ မောလှပါပြီ၊ ကျန်းမာရေးချို့တဲ့တဲ့အခါ ပိုပြီး မောရပါတယ်၊ တခါတလေ တော့လည်း တစ်ချိန်က ဆရာတော် မိန့်ခဲ့တဲ့ စကားလေးတွေက နားထဲမှာ ရောက်ရောက်လာတယ်၊ "စိတ်အားတွေ ကုန်ပါပြီ" ဆိုတဲ့ စကားလေးလေ၊ ဒီစကား လေးကို ဟိုတစ်ချိန်ကတော့ သိပ်နားမလည်ခဲ့ပါဘူး၊ အခုတော့ နားလည်နေပါပြီ၊ ဆရာတော်ထံက အဲဒီစကားလေးကို ကြားရပြီး သိပ်အချိန်မကြာခင်မှာ ဆရာတော် ထံက အခြား စကားတစ်ခွန်းကို ထပ်ကြားခဲ့ရပြန်တယ်၊ "စိတ်အား သွားမွေးမယ်" တဲ့။

မွေးထားတဲ့ စိတ်အားတွေက အားကောင်းနေလို့နဲ့ တူပါရဲ့၊ လုပ်နေရတဲ့ အများအကျိုးပြုအလုပ်တွေက အရွယ်နဲ့ မမျှအောင်ပါပဲ၊ ဆရာတော်မှာတော့ အသက်ကြီးလာလေလေ လုပ်စရာ အလုပ်တွေက ပိုပြီး များလာလေလေ၊ ပိုပြီး များလာလေလေ ပိုပြီး လုပ်နေရလေလေပါပဲ၊ ရန်ကုန်က ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ တစ်ဌာနသာမကတော့ဘဲ မော်လမြိုင်၊ ပြင်ဦးလွင် နဲ့ နီပေါနိုင်ငံ၊ လုမ္ဘိနီဌာနတွေမှာလည်း ဌာနခွဲတွေရှိလာပြီ၊ ဆယ်မိုင်ကုန်း၊ ပဏ္ဍိတာ ရာမ တောစခန်းရိပ်သာပါ ထည့်ရင် (၅) ဌာန ရှိလာပြီ၊ ဒီ (၅) ဌာနအတွက် လုပ်စရာအလုပ်တွေဟာ ဘယ်နည်းမလဲ၊ လုပ်စရာအလုပ်တွေက သိပ်ကို များလာ တယ်၊ လုပ်စရာအလုပ်တွေ များလေလေ ခေါင်းရှုပ်ရလေလေပါပဲ၊ "အစုရှိက, ရိုးသာ မှုရှိ ဓမ္မတာရှင့်" ဆိုတဲ့အတိုင်း အမှုကိစ္စ ပြဿနာတွေကလည်း ဟိုက တစ်မျိုး၊ ဒီက တစ်မျိုးနဲ့ များပါဘိသနဲ့၊ အမှုကိစ္စ ပြဿနာ အဖုံဖုံတွေရဲ့ ကြားမှာ အများ အကျိုးပြုလုပ်ငန်းကို စိတ်အားထက်သန်စွာနဲ့ လုပ်နေနိုင်တာကို အံ့လည်း အံ့သြမိတယ်၊ ကြည်ညိုလည်း ကြည်ညိုမိတယ်၊ လေးလည်း လေးစားမိတယ်။

အလုပ်တစ်ခုပဲ ဖြစ်ဖြစ်၊ နှစ်ခုပဲ ဖြစ်ဖြစ်၊ အများကြီးပဲ ဖြစ်ဖြစ် လုပ်နေရတဲ့ သူဟာ ကိုယ်ရဲ့အလုပ်မှာ အရသာတွေ့နေရင် အလုပ်တွေ ဘယ်လောက်ပဲ များများ, ဘယ်လောက်ပဲ ပင်ပန်းပင်ပန်း ပင်ပန်းတယ်လို့ မထင်ဘူး၊ ဆရာတော်ဟာလည်း သူရဲ့ အများအကျိုးပြုလုပ်ငန်းမှာ အရသာတွေ့နေလို့ နေမှာပေါ့၊ အဲဒီအရသာက တော့ အများအကျိုးပြုလုပ်ငန်းတွေကို ပင်ပန်းခံပြီး လုပ်လို့ အများအကျိုးရှိသွားတာ

http://www.dhammadownload.com

ကို, အများအကျိုးရှိနေတာကို, အများချမ်းသာနေတာကို ကြည့်ပြီး ကြည့်နူးရတဲ့ အရသာ ဖြစ်ပါလိမ့်မယ်၊ ဆရာတော်မှာ နေ့တိုင်း တရားဟော တရားစစ် လုပ်ရတယ်၊ ပြည်ပယောဂီတွေကိုပဲ ဆရာတော်က တာဝန်ယူတော့တယ်၊ ဥပုသ်နေ့ဆိုရင် ပြည်ပယောဂီတွေကို တရားဟော၊ တရားစစ် နားတယ်၊ တရားဟောရမယ့် ရက်မှာ တရားဟောတယ်၊ တရားစစ်ရမယ့် ရက်မှာ တရားစစ်တယ်၊ တရားဆိုင်ရာ မေးလို့ ဖြေပေးရတဲ့ရက်မှာ ဖြေတယ်၊ အရက်ဆွမ်း၊ နေ့ဆွမ်းအတွက် အလှူရှင်ရှိရင် ဆွမ်း အနုမောဒနာတရားက ဟောရသေးတယ်၊ ဒီထဲ စာချဝါသနာက သန်နေသေးတော့ စာက ချသေးရဲ့၊ လပြည့်ဥပုသ်နေ့မှာဆိုရင် ပြည်တွင်းယောဂီတွေကိုလည်း တရား ဟောသေးတယ်၊ ပြင်ပက ဆွမ်းစားပင့်လို့ ကြွရင်လည်း တရားဟောရသေးတယ်၊ ရဟန်းခံရှိရင်လည်း ရဟန်းခံပေးပြီး တရားက ဟောရသေးတယ်၊ အပြင်က လာလှူ ကြတဲ့ အလှူရှင်တွေရဲ့ အလှူကို ရေစက်ချ၊ တရားဟောပေးရတာတွေကလည်း မပြတ်သလောက်ပါပဲ၊ လှူကြတဲ့ အလှူတွေကတော့ များစုံနေတာပါပဲ၊ ဆရာတော်ရဲ့ အများအကျိုးပြုလုပ်ငန်းမှာ သူတို့ နှစ်သက်ရာအတွက် သူတို့ လှူကြတာပါပဲ၊ လာရောက်ဖူးမျှော်ကြတဲ့ ဒကာ၊ ဒကာမတွေကလည်း ရှိနေသေးတော့ သူတို့ကို သူတို့နဲ့ ဆီလျော်မယ့် တရားစကားကို မိန့်ကြားရသေးတယ်၊ ညနေ (၅) နာရီဆိုရင် အလုပ်ပေးတရားကို ယောဂီသစ်တို့ မနာယူခင် သီလပေးပြီး တိုက်တွန်းစကားပြော ရသေးတယ်၊ အလုပ်ကလေးတွေ အားလပ်လာရင် တောင်ဝှေးကို ကိုင်ပြီး ကျောင်း ဝိုင်းတစ်ဝိုင်းလုံး လျှောက်ပြီး ကြည့်တော့တာပါပဲ။

အချိုးမကျတာဆိုရင် အလွန်မြင်တတ်တဲ့ ဆရာတော်ရဲ့မျက်လုံးက နေရာ တကာမှာ အချိုးမကျတာတွေ ရှိရင် တွေ့ပြီသာ မှတ်၊ တွေ့ရင်လည်း ပြောပြီသာ မှတ်၊ အဲဒီလို ကျောင်းဝိုင်းထဲမှာ လျှောက်လှည့်နေရတော့ အညောင်းပြေပြီး ကျန်းမာ ရေးလည်း ကောင်းတာပေါ့၊ လမ်းအထူးလျှောက်စရာ မလိုတော့ဘူး၊ ညဝိုင်း (၇) နာရီ နဲ့ (၈) နာရီကြားမှာ ဆရာတော်ဟာ စကြံလျှောက်လေ့ရှိတယ်၊ (၈) နာရီ (၁၅) မိနစ်ကနေ (၉) နာရီအထိ ဘီဘီစီအသံကို နားထောင်လေ့ရှိတယ်၊ ကမ္ဘာ့အခြေအနေကို မျက်ခြေပြတ်မခံတဲ့ သဘောပါပဲ၊ (၉) နာရီဝန်းကျင်မှာ ဝတ်ဖြည့်လာတဲ့ တပည့်တွေရဲ့ ဝတ်ဖြည့်တာကို ခံယူပြီး ပြောစရာစကားလေး တွေကို ပြောလေ့ရှိပါတယ်၊ ညမှာ အစောဆုံး (၁၀) နာရီ၊ များသောအားဖြင့် (၁၁) နာရီလောက်မှ အိပ်ရာဝင်တယ်၊ တခါတလေ အိပ်ရာထဲမှာ အိပ်မပျော်ခင် စာအုပ် တစ်အုပ်ကို ဖတ်နေသေးတယ်၊ နံနက်တော့ (၂) နာရီ၊ (၃) နာရီလောက်မှာ အိပ်ရာထတယ်၊ မျက်နှာသစ် ကုန်ပြီးပြီး သူအိပ်ရာမေါ်မှာပဲ (၅) နာရီထိ တရားထိုင်

http://www.dhammadownload.com

မှတ်တယ်၊ နေခင်းမှာ နေ့ဆွမ်း စားပြီး အနည်းငယ် ကျိန်းစက်ပြီး အနားယူတယ်။

စက်တစ်ခုဟာ တစ်နေ့လုံး အနားမရှိဘဲ တစ်နေကုန် လည်ပတ်နေရရင် ဘယ်မှာ ကြာရှည် လည်ပတ်နိုင်မလဲ၊ ကြာရှည် လည်ပတ်နိုင်ဖို့ စက်ကို အနားပေးရသေးတယ်၊ စက်နဲ့ တူတဲ့ လူခန္ဓာကိုယ်ကိုလည်း အနားပေးရမယ့်အခါမှာ အနားပေးရတယ်၊ ဒါမှ ကြာရှည် အလုပ်လုပ်နိုင်မှာ၊ ဆရာတော်မှာ တစ်နေ့မှာ ဟောရ၊ ပြောရတဲ့ အချိန်ကိုက မနည်းလှဘူး၊ လေအားနည်းတဲ့ စာရေးသူအနေနဲ့ဆိုရင် လေအများကြီး ထုတ်ရတဲ့ စကားပြောအလုပ်ကို လုပ်ရရင် ပင်ပန်းပါတယ်၊ ဆရာတော့်မှာ လေအားကလည်း ကောင်းလေတော့ ဟောအား၊ ပြောအား ရှိပါတယ်၊ အသက်ကြီးလာပြီး မေတ္တာ၊ စေတနာ၊ ကရုဏာတွေလည်း များလာတော့ သူတစ်ပါးကို သိစေချင်တာတွေကလည်း များလာတယ်နဲ့ တူပါရဲ့၊ နာရီဝက်တရား ဟောမယ်ဆိုရင် တစ်နာရီလောက် ကြာသွားတယ်၊ တစ်နာရီလောက် ဟောမယ်ဆိုရင် တစ်နာရီခွဲ, နှစ်နာရီလောက် ကြာသွားတယ်၊ အသက်ကြီးလာတော့ အတွေ့အကြုံ တွေကလည်း များလာပြီး အသိဉာဏ်ကလည်း ကြီးလာလို့ သိစေချင်တာတွေကလည်း များနေတာနဲ့ တူပါရဲ့၊ အသက် (၇၅) နှစ်ရှိလို့ အသက်ကြီးပြီး ဝလည်း ဝနေတဲ့ ဆရာတော်ဟာ ကြာကြာ ထိုင်ရတာကို အလိုမရှိဘူး၊ ဒါ့ကြောင့် ကြာကြာ ထိုင်ပြီး တရားစစ်ရတဲ့ အလုပ်ကိုတော့ သိပ် မလုပ်လိုတော့ဘူး။

ဆရာတော် တရားစစ် တာ မလုပ်ရင်လည်း မဖြစ်ဘူး၊ ပြည်ပယောဂီတွေက ဆရာတော်နဲ့ တရားစစ်ချမှ ကျေနပ်အားရကြတယ်၊ ဒါကြောင့် တစ်ပတ်မှာ တစ်ရက်တော့ တရားစစ်ပေးရတယ်၊ တရားစစ်ရတာကလည်း ယောဂီများရင် မသက်သာလှဘူး၊ ဆရာတော် ရွံ့မယ်ဆိုလည်း ရွံ့စရာပဲ၊ တစ်ခါတရံ (၂) နာရီ၊ (၃) နာရီလောက် ကြာတယ်၊ တရားစစ်တဲ့နေ့မှာ အခြားအလုပ်တွေကိုလည်း လုပ်ရသေးတာဆိုတော့ ဘယ်သက်သာတော့မလဲ၊ "ရိပ်သာဘုန်းကြီးတွေဟာ ဇိမ်သမားတွေပါ" လို့ တွေးမိပြီး ပြောလည်း ပြောမိခဲ့ပုံရ တဲ့ စာရေးသူမှာ ပင်ပန်းတာ ကိုယ်တွေ့ ဖြစ်နေပြီမို့ ရှေးကလို မပြောနိုင်တော့ပါ၊ အခြားအခြားပြောတဲ့သူတွေကို " တကယ်အလုပ်လုပ်နေတဲ့ ရွှေတောင်ကုန်းသာသနာ့ ရိပ်သာဆရာတော်လို ပုဂ္ဂိုလ်ရဲ့ နေရာမှာ နေပြီး သူလုပ်တဲ့ အလုပ်တွေကို အကုန်စမ်းပြီး လုပ်ကြည့်ကြပါလို့ " တိုက်တွန်းချင်ပါတယ်၊ လက်တွေ့ လုပ်ကြည့်တဲ့အခါ ဇိမ်ရှိပါတယ် ဆိုရင်တော့ ဆက်ပြောလိုက ပြောနိုင်ပါတယ်၊ ဆရာတော်ဟာ သူဆရာ မဟာစည်ဆရာတော်ကြီးနဲ့ မဟာဂန္ဓာရုံဆရာတော်ကြီးစတဲ့ ဆရာတော်ကြီးတွေကို အားကျကာ ဒီလို အပင်ပန်းခံကာ ကြိုးစားနေတာများလား၊ မဟာဂန္ဓာရုံဆရာတော်ကြီး ရေးခဲ့တဲ့ ဒီလက်ာတွေလေးဟာ ဆရာတော်ရဲ့ အတွေး

http://www.dhammadownload.com

ဘရဖ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်၏

ထဲမှာ မကြာမကြာ ပေါ်နေကြလေရော့သလား။

တန်ခိုး မညှိုးဖို့

ငါတည်းတစ်ယောက်၊ ချမ်းသာရောက်ဖို့၊ ခုလောက်ကြိုးကုတ်၊ အား မထုတ်ဘူး၊ ဗုဒ္ဓမြတ်စွာ၊ သာသနာ၏။ ရှေးခါဘိုးဘ၊ လက်ထက်ကလျှင်၊ ရသည့် တန်ခိုး၊ ထပ်မညှိုးဖို့၊ အားကြိုးမာန်တက်၊ ငါဆောင်ရွက်သည်၊ ဆက်လက်တည်တံ့ ပါစေသော်။

အသက်ပေးလို့ ဖြည့်ခဲ့သည်

ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက
နောက်ဆုံးအထိ ပါရမီ
နောက်မဆုတ်ပေါင် ခုလိုတွေးလို
ကုသိုလ်ရေးမို့ ကြိုးစားမည်။
ဗုဒ္ဓမြတ်စွာ သာသနာတွက်တော့
ငါပါ အသက်ဆုံးစေမည်။

◆ ◆ ◆ ◆ ◆

http://www.dhammadownload.com

သာသနာတွက်ပဲလေ

"ဘုန်းကြီးကို မဟာစည်ဆရာတော်ကြီးက တရားစစ်ဖို့ စ တာဝန်ပေးတော့ မကျွမ်းကျင်ဘူးပေါ့၊ ရေကူးစသင်တဲ့ကလေးဟာ မကူးတတ်၊ ကူးတတ်ဖြစ်နေသလိုပဲ၊ လက်ကလည်း ယက်၊ ခြေကလည်း ကန်နဲ့ ယက်ကန်ယက်ကန်ပဲ၊ ဇရမနစ်အောင် အတော်ကြိုးစားရတယ်၊ ကူးဖန်များတော့လည်း ရေကူးတတ်လာတော့တာပါပဲ၊ ရေကူးကျွမ်းကျင်လာတော့တာပါပဲ။ "

"တစ်နည်းအားဖြင့် ပြောရရင် မုဆိုး စိုင်သင်သလိုပါပဲ၊ မုဆိုးဟာ တောစလိုက်ခါစမှာတော့ မကျွမ်းသေးဘူးပေါ့၊ စိုင်ကို လိုက်ရင်း လိုက်ရင်းနဲ့ တောကျွမ်းသွားတယ်၊ စိုင်က တောကျွမ်းအောင် သင်ပေးသလို ဖြစ်နေတာပေါ့၊ အဲဒီလိုပါပဲ အလုပ်က လုပ်ရင်း လုပ်ရင်း သင်ပေးသွားပါလိမ့်မယ်။ အလုပ်လုပ်ရင်းနဲ့ပဲ အလုပ်မှာ ကျွမ်းကျင်လာရတာပဲ။ "

"မေတ္တာ၊ စေတနာထားပြီး အလုပ်လုပ်၊ သူတို့ တရားတွေ ရသွားကြပါစေ ဆိုတဲ့ မေတ္တာ၊ စေတနာနဲ့သာ လုပ်၊ တရားစစ်တာ မခက်ပါဘူး၊ ပေါ်တာ၊ ရှုတာ၊ သိမြင်တာ သုံးဖြာရေးကြီးပေ၊ " ဆိုတဲ့အတိုင်း ပေါ်သာရယ်၊ ရှုတာရယ်၊ သိတာရယ် အဲဒီသုံးခုသာ ကိုင်ပြီး တရားစစ်၊ တစ်ပတ်မှာ (၂) ရက် တရားစစ်၊ (၂) ရက် ဟရား ဟော၊ ကျန်းမာရေးလည်း ဂရုစိုက် " တဲ့။

ဆရာတော် ပြည်ပသို့ ဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတဖြစ်ခရီး ကြွရန် လေယာဉ်ကွင်းမှာ လေယာဉ်ထွက်ချိန် စောင့်နေရင်း စာရေးသူအား မှာနေတဲ့ စကားတွေပါပဲ၊ ပြည်ပယောဂီတွေကို တရားစစ်၊ တရားဟော ပြုလုပ်ပေးဖို့ မှာတာပါပဲ၊ တရားစစ်နည်း ပေးတယ်၊ အခက် တွေ့ပေမယ့်လည်း စိတ်အားမငယ်ဖို့ အားပေးတယ်၊ မှတ်သားစရာတွေပါပဲ။

http://www.dhammadownload.com

တရားဟော တရားစစ်ထက် စာသင်ပေးတာကိုပဲ စာရေးသူက ပိုပြီး စိတ်သန်ပါတယ်၊ တရားဟော, တရားစစ်ကို မလွှဲသာ၊ မရှောင်သာတော့မှပဲ လုပ်ရပါတယ်၊ ဒီပြည်ပယောဂီတွေကို တရားဟော တရားစစ်တာဝန်ကို လွှန်ခဲ့တဲ့ အကြိမ်တွေတုန်းကလည်း (၂) ကြိမ်လောက် ပေးပါသေးတယ်၊ စာရေးသူက "နာယက ဆရာတော်တွေက သက်တော်၊ ဝါတော်လည်း ပိုရင်ပြီး အတွေ့အကြုံကလည်း ပိုရှိတာမို့ နာယက ဆရာတော်တွေနဲ့ပဲ ပိုသင့်ပါတယ်၊ ပြည်ပယောဂီတွေအနေနဲ့လည်း ပိုပြီး အားရကျေနပ်ဖွယ် ဖြစ်ပြီး အကျိုးများပါလိမ့်မယ်" လို့ လျှောက်ထားခဲ့တယ်၊ နောက်တစ်နှစ်၊ နောက်တစ်ကြိမ် ခရီးကြွပြန်တော့လည်း ပေးပြန်ပါတယ်၊ စာရေးသူဟာ စာဝါတွေကိုလည်း ပို့ချနေတာမို့ စာဝါတွေကိုလည်း အကြောင်းပြပါတယ်၊ စာရေးသူရှောင်လို့ ရခဲ့ပါတယ်၊ အဲဒီနောက် (၂) ကြိမ်၊ (၃) ကြိမ်လောက် ပြည်ပခရီးဆရာတော် ကြွတော့ အဲဒီပြည်ပယောဂီတို့ တရားစစ်၊ တရားဟော တာဝန်ဟာ စာရေးသူဘက် လှည့်မလာတော့ဘူး၊ ဒါကြောင့် စာရေးသူဟာ ဒီတာဝန်အတွက် စိတ်ချလက်ချ အေးအေးဆေးဆေး နေနေပါတော့တယ်။

ယခု တာဝန်ပေးတဲ့ ပြည်ပခရီးအကြိမ်မှာတော့ မကြွခင်မှာ စာရေးသူကို သူကျောင်း လာဖို့ ခေါ်ပါတယ်။ သူကျောင်းရောက်တော့ ဒီတာဝန်ကို တန်းပေးပါတယ်၊ စာရေးသူက ငြင်းပါသေးတယ်၊ စာရေးသူ လျှောက်ထားခွင့် မရအောင် စကားကို တိုတိုပြတ်ပြတ်ပဲ အမိန့်ရှိလိုက်တယ်၊ အဲဒီတုန်းက နားလည်လိုက်မိတာက "ပြန်ပြောမနေနဲ့၊ ခိုင်းတဲ့အတိုင်း လုပ်" ဆိုတဲ့ သဘောပါပဲ၊ စာရေးသူဟာ အငိုက်ခံလိုက်ရသလို ပါပဲ၊ သူကျောင်း ခေါ်ရာမှာ ဒီလိုတာဝန်ပေးဖို့ ခေါ်တယ် မထင်ဘူး၊ ဒီတာဝန်ကို ရှောင်လို့ ရခဲ့လို့ အေးအေးဆေးဆေးပါပဲ၊ သူကျောင်းရောက်တော့ ဆရာတော်က သူပြောချင်တာတွေ တန်းပြောတယ်၊ စာရေးသူ ပြန်လျှောက်ခွင့် မသာဘူး၊ စာရေးသူ မရောက်ခင်က ဆရာတော်က ဥည့်သည်နဲ့ စကားပြောနေတယ်၊ စာရေးသူကို သူပြော ချင်ရာ ပြောပြီးတော့လည်း စာရေးသူကို ပြန်လျှောက်ခွင့် မသာစေဘဲ ဥည့်သည်နဲ့ပဲ ဆက်စကားပြောနေတယ်၊ အဲဒီတုန်းက အခြေအနေက သိပ်ပြီး ငြင်းပယ်လို့ မကောင်းတဲ့ အနေအထားမှာလည်း ရှိနေတယ်၊ ဒါကြောင့်လည်း ငြင်းပယ် မနေတော့ ဘဲ အသာပြန်လာခဲ့ရပါတယ်။

နောက်တစ်ခေါက် ဆရာတော် ပြည်ပခရီး ကြွပြန်ပါတယ်၊ အဲဒီအခေါက်မှာတော့ ဆရာတော်က "ဦးဓမ္မိကကို ပြည်ပယောဂီအတွေ့အကြုံ ရှိထားစေချင်တယ်၊ အတွေ့အကြုံ ရှိမဲ့ဘားရင် အရေးကြုံလာတဲ့အခါ မလုပ်တတ်၊ မကိုင်တတ် ဖြစ်နေမယ်၊ ဒီက (ဆရာတော်က) ဒီလို ခရီးသွားတဲ့အခါမျိုးမှာ ဆောင်ရွက်ဖို့ လိုတယ်၊"

http://www.dhammadownload.com

လို့ မိန့်ပါတယ်။

ဒီတစ်ခါမှာလည်း ငြင်းပယ်လို့ မတော်တာမို့ မငြင်းတော့ပါဘူး။ နောင်ကြုံတဲ့အခါ ဒီလိုလည်း အမိန့်ရှိပါသေးတယ်။

"ဘာသာပြန် မပါဘဲနဲ့ ဆောင်ရွက်နိုင်အောင် ကြိုးစားထား၊ သာသာပြန်နဲ့က အခါခပ်သိမ်း အဆင်ပြေချင်မှ ပြေတာ၊ အခက်အခဲတွေ တွေ့ရတတ်တယ်"တဲ့။

စာရေးသူဟာ "ဒီဘဝမှာ အင်္ဂလိပ်စာတတ်ဖို့ကံ ပါမလာတော့ဘူးလို့" ကိုယ့်ကိုယ်ကို ယူဆထားပြီး အင်္ဂလိပ်စာအတွက် ဆက်လက်မကြိုးစားတော့ဘဲ စိတ်ဒုန်းဒုန်းချကာ လက်လျှော့ထားပါတော့တယ်၊ အဲဒီအကြောင်းကို ဆရာတော်ကို လျှောက်တော့ ဆရာတော်က "အဲဒီလိုဆိုရင် ဒီကလို (ဆရာတော်လို) ဖြစ်သွားလိမ့်မယ်၊ ဘယ် တိုးတက်တော့မလဲ" လို့ မိန့်တယ်၊ ဆရာတော်က စာရေးသူရဲ့ အင်္ဂလိပ်စာအခြေအနေ ယခုထက် ပိုပြီး တိုးတက်စေချင်တယ်၊ ဘာသာပြန်နဲ့ စပ်တဲ့ အခက်အခဲတွေ သူ့လို မတွေးစေချင်ဘူး၊ သူမှာတော့ ဘာသာပြန်နဲ့ ပတ်သက်ပြီး အခက်အခဲ အဖုံဖုံ ကြုံရပုံပေါ်ပါတယ်။

ဘာသာပြန်သူမှာ ပင်ပန်းနေရင် သို့မဟုတ် မကျန်းမာရင် မတတ်နိုင်ဘူး၊ ပြည်ပပုဂ္ဂိုလ်တွေကလည်း ဆရာတော် အင်္ဂလိပ်လို ပြောရင် သိပ်သဘောကျကြတယ်၊ ချီးလည်း ချီးကျူးကြတယ်၊ အားလည်း ပေးကြတယ်၊ ဆရာတော်ရဲ့ အင်္ဂလိပ်အသံထွက် ကောင်းကြောင်းလည်း ပြောကြတယ်၊ ဆရာတော်သာ အင်္ဂလိပ်စာအတွက် ကြိုးစားခဲ့ပါရင် အင်္ဂလိပ်ဘာသာပြန် မပါဘဲ တရားဟော၊ တရားစစ်နိုင်မှာ သေချာပါတယ်၊ ဆရာတော်ရဲ့ ဥာဏ် ကောင်းတာကို သတိပြုမိပါတယ်။

ဆရာတော်ရော စာရေးသူပါ အားကျမယ်ဆိုရင် အားကျစရာပုဂ္ဂိုလ်တွေ အနီးအနားမှာပဲ ရှိနေပါတယ်၊ ဆရာတော်ရဲ့ တပည့်တွေပါ၊ သူတို့က မြန်မာဘာသာနဲ့ ဗုဒ္ဓစာပေကို သင်ယူနေကြတဲ့ ပြည်ပသား၊ ပြည်ပသူတွေပေါ့၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှာ ရှိတယ်လေ၊ နီပေါနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အမေရိကနိုင်ငံတို့ကပါပဲ၊ သူတို့ထဲမှာ ဆယ်ကျော်သက်တွေလည်း ပါတယ်၊ နှစ်ဆယ်ကျော်တွေလည်း ပါတယ်၊ သုံးဆယ်ကျော်တွေလည်း ပါတယ်၊ လေးဆယ်ကျော်တွေတောင် ပါသေးတယ်၊ နီပေါသိက္ခာရှင်တွေဆိုရင် အစိုးရစာချတန်းတောင် ပြီးတော့မယ်၊ ပထမကျော်တောင် ရလိုက်သေး၊ သူတို့ပြည်ပစာသင်သားတွေထဲမှာ ယုန်လိုပုဂ္ဂိုလ်တွေလည်း ပါတယ်၊ လိပ်လိုပုဂ္ဂိုလ်တွေလည်း ပါတယ်၊ ယုန်လောက်လည်း မမြန်၊ လိပ်လောက်လည်း မနှေးတဲ့ လိပ်မက ယုန်မကျ ပုဂ္ဂိုလ်တွေလည်း ပါရဲ့၊ လိပ်လိုပုဂ္ဂိုလ်လည်း မြန်မာ့

http://www.dhammadownload.com

ကျွမ်းနေပြီ၊ မြန်မာလို ဘာသာပြန်တောင် လုပ်ပေးနိုင်နေပြီ၊ သူတို့လူမျိုး အင်္ဂလိပ်စာ မတတ်သူတွေ တရားလျှောက်တဲ့အခါမှာပေါ့၊ တကယ်ကို ကြိုးစား ရှာကြပါတယ်၊ စာရေးသူက သူတို့တစ်တွေကို စာသင်ပေးရတာမို့ သူတို့ အခြေအနေတွေကို ကောင်းကောင်း သိရှိရပါတယ်။

မြန်မာ့ရုပ်မြင်သံကြားက " ခေမာသောင်ကမ်း နိဗ္ဗာန်နန်း " အစီအစဉ် အသံလွှင့်ရာမှာ ဂျာမန်ရဟန်းတော်အရှင်ဝိဝေကာနန္ဒက မြန်မာ့ရုပ်မြင်သံကြား၏ မေးမြန်းချက်တွေကို မြန်မာလို ဖြေကြားသွားတာကို မြန်မာ့ရုပ်မြင်သံကြား ပရိသတ်တွေ သိကြပြီးသားပဲ ဖြစ်ပါတယ်၊ " မြန်မာနိုင်ငံမှာ တရားရိပ်သာတွေ များစွာရှိပါလျက်သားနဲ့ တရားအားမထုတ်ရသေးတဲ့သူတွေကို သနားပါတယ်၊ " လို့ မြန်မာလို သူပြောသွားတဲ့ စကားလေးဟာ မြန်မာ့ရုပ်မြင်သံကြားပရိသတ်ရဲ့ နားထဲ၊ နှလုံးထဲမှာ စွဲကျန်နေပါတယ်၊ သူက ယခု ဆရာတော်ရော အခြားတရားပြဆရာတွေရော တရားဟော၊ တရားစစ်တဲ့အခါ အင်္ဂလိပ်လို ဘာသာပြန်တောင် လုပ်နေပြီ၊ အားကျစရာတွေပါပဲလေ။

ကလေးဘဝတုန်းက ဖတ်ခဲ့ရတဲ့ စတုတ္ထတန်း ဖတ်စာထဲမှာ ထင်ပါရဲ့၊ " ခရုငယ်နဲ့ မပုကြွယ် " အကြောင်းဟာလည်း အားကျစရာပါပဲ၊ ဉာဏ်မကောင်းရှာတဲ့ မပုကြွယ်ဟာ ခရုငယ်ကို ကြည့်ကာ အားကျပြီး အားကျပြီး စာကြိုးစားလို့ အောင်ပန်းဆင်မြန်နိုင်ခဲ့တယ် – တဲ့၊ နောက်တစ်ဦးက " ဦးကြည်ပွေ့ " ဆိုတဲ့ ရဟန်းအိုကြီး တစ်ပါးအကြောင်းပါပဲ၊ ဒီရဟန်းအိုကြီး " ဦးကြည်ပွေ့ " အကြောင်းကိုတော့ မြန်မာလူမျိုးတွေ အများစု သိကြပြီးသားပဲ ဖြစ်ပါတယ်၊ သူအသုံးပြုပြီး ဒန်ပူတွေကို ကျောင်းပေါ်ကနေ ပစ်၊ ပစ်ချသတဲ့၊ ပစ်ပါ များတော့ ဒန်ပူတွေဟာ အစုအပုံကြီး ဖြစ်လာတယ် တဲ့၊ အဲဒါကို ကြည့်ပြီး " ဗုဒ္ဓစာပေတွေကို တစ်နေ့ နည်းနည်းချင်း နည်းနည်းချင်း လေ့လာသွားရင် တစ်နေ့မှာ စာတတ် အကျော်အမော် ဖြစ်လာနိုင်တယ် " လို့ သဘောပေါက်ကာ ကြိုးစားသတဲ့၊ နောက်တော့ တကယ့် စာတတ် အကျော်အမော်ကြီး ဖြစ်လာတယ် ဆိုပဲ၊ အသက်ကြီးပေမယ့် ဇွဲမလျော့ရင် စာတတ်တာပါပဲလို့ သင်ခန်းစာ ပေးလိုတာပေါ့။

ဆရာတော် မိန့်ကြားဖူးတဲ့ အကြိမ်ကြိမ် ပြန်ပြန်ကျပေမယ့် ပြန်ပြန်ပြီး ထ၊ ထကြည့်တော့ ထနိုင်လာတော့တဲ့ ကလေးရဲ့ ဇွဲ၊ ထရာကနေ အကြိမ်ကြိမ် ပြန်ပြန် ကျပေမယ့် ပြန်ပြန်ပြီးသွား၊ သွားကြည့်တော့ သွားနိုင်လာတော့တဲ့ ကလေးရဲ့ ဇွဲဟာလည်း အားကျစရာပါပဲ၊ စာရေးသူဟာ ဒီအားကျစရာ အထွေထွေတွေကို အားကျပြီး သာသနာ အတွက်ပဲလို့ စွဲမြဲစွာ စိတ်ထားကာ အားမလျော့ဘဲ

http://www.dhammadownload.com



ဆရာတော် ပြည်ပဓမ္မဒူတခရီးမှ ပြန်ကြွလာစဉ်



တောင်ဝှေးကို ကိုင်လျက် လှည့်လည် ကြည့်ရှုတော်မူပုံ

(အပေါ်ပုံ → စာမျက်နှာ ၁၆၅) (အောက်ပုံ → စာမျက်နှာ ၁၇၆)

http://www.dhammadownload.com



ဗာရာဏသီဆရာတော်, သပြေကန်ဆရာတော်တို့အား
နီပေါသိက္ခာရုဏ်တို့အကြောင်းလျှောက်ထားစဉ်



ဗျာမနီသို့ ဆရာတော် ရောက်စဉ်

(အပေါ်ပုံနှင့်အောက်ပုံ ⟶ စာမျက်နှာ ၁၈၁)

http://www.dhammadownload.com

အင်္ဂလိပ်စာ ဆက်လက် ကြိုးစားလို့ ဆရာတော် ဖြစ်စေချင်တဲ့အတိုင်း ဘာသာပြန်မပါဘဲ တရားဟော၊ တရားစစ်နိုင်နေတာကို ဆရာတော် တွေ့ခဲ့ရရင် ဥယျာဉ်မှူးရဲ့ အပြုံးလို အပြုံးနဲ့ ဆရာတော် ပြုံးနေမှာကို မြင်ယောင်နေမိပါတယ်။

သာသနာတွက်ပဲလေ

အားကျစရာအထွေထွေ
အားကျပါလေ၊
ဇွဲမလျော့သင့်ပေ၊
သာသနာတွက်ပဲလေလို့ ရည်ရွယ်ထား၊
ဆက်လက်ကြိုးစား။

http://www.dhammadownload.com

Be Strong

ပဲခူးတိုင်း၊ အင်းတကော်မြို့နယ်၊ ဆယ်မိုင်ကုန်းရွာအနီးမှာ ပဏ္ဍိတာရာမ တောစခန်းရိပ်သာ ထွန်းပေါ်လာနေပြီး၊ ၎က (၆၀) ကျော် (၇၀) နီးပါး ရှိတယ်၊ တောထဲမှာ ရှိလို့ တောတောင်သဘာဝရှုခင်း စုံလှတယ်၊ တိတ်ဆိတ်ငြိမ် သက်မှုလည်း အလွန်ရှိတယ်၊ လေကောင်းလေသန့်လည်း အင်မတန် ရတယ်၊ စာရေးသူဟာ အဆုပ်ကျန်းမာရေး မပြည့်စုံလို့ ၁၃၅၈ – ခုနှစ်ဝါ ဆယ်မိုင်ကုန်း တောစခန်းရိပ်သာမှာ ဝါဆိုတယ်၊ "သက်တောင့်သက်သာနေ" လို့ ဆရာတော်က မိန့်ပါတယ်၊ ဆရာတော်က ကျန်းမာရေးအတွက် အနားယူခွင့် ပေးလို့ ကျေးဇူးတင်ပါ တယ်၊ ဆရာတော် ၁၉၉၆ – ခုနှစ် ပြည်ပကြွခိုက် စာရေးသူမှာ ကျန်းမာရေး နှစ်ခါ ချို့ယွင်းပါတယ်၊ အပြင်းအထန် ဖျားတယ်၊ ပထမတစ်ခါက ထက်လှန်အောက်လျှာနဲ့ ဖျားတာ၊ နောက်တစ်ခါက တုပ်ကွေး၊ နှစ်ခါလုံးမှာ အဖျားမကျလို့ ပဋ္ဌဇဝဏ်းတွေ ဆေးပတ်လယ်အောင် (၃) ပတ်လောက် သောက်ရတယ်၊ အဖျားဒဏ်ရယ်၊ ပဋ္ဌဇဝဏ်းတွေရဲ့ ဒဏ်တွေရယ်ကြောင့် နလန်မထူနိုင်အောင် ဖြစ်နေရပါတယ်၊ ချောင်းဆိုးပြီး အန်လည်း အန်တယ်၊ ဒါကြောင့် ရဟန်းအမ ဒေါ်ခင်စောညွန့်က ဆရာဝန်တွေကိုပြ၊ ဓာတ်မှန်ရိုက်၊ ဆေးစားစေပါတယ်၊ ရဟန်းအမရဲ့ ကျေးဇူးကြောင့် ရောဂါသက်သာလာပါတယ်၊ ကိုယ့်ကိုယ်ကို အခြေအနေ မဟန်မှန်း သိပါတယ်၊ အဲဒီအတိုင်း ဆက်သွားရင်တော့ လုံးချာလည်ပြီး လုံးပါးပါးသွားနိုင်ပါတယ်။ ဆယ်မိုင်ကုန်း တောစခန်းရိပ်သာမှာ နားခွင့်ရတဲ့ အခါရောက်မှ အနားမယူရင် ခံစားနေရမယ့် ဆင်းရဲတွေကို နားလည်ကာ ကြောက်နေမိတယ်၊ နားခွင့်ရတဲ့အတွက် အဲဒီ ဆင်းရဲတွေက လွတ်နေလို့ များစွာ ချမ်းသာရပါတယ်။ "အနားယူဖို့ လိုအပ်တယ်၊ နားကို နားရမယ်လို့" ပြောတဲ့ ဆရာဝန်တွေရဲ့ စကားကိုလည်း များစွာ သဘော

http://www.dhammadownload.com

ပေါက် လက်ခံလာရပါတယ်။

ကျေးဇူးရှင်ဆရာတော်ရဲ့အကြောင်းကို လက်လှမ်းမီသမျှ ရေးပြချင်တာက တော့ ကြာပါပြီ၊ ဆယ်မိုင်ကုန်း တောစခန်းရိပ်သာမှာ အနားယူနေတုန်း အဲဒီအခွင့်က သာလာပါတယ်။ ဆရာတော်အကြောင်း ရေးတဲ့အခါ ရေးမယ့်အကြောင်းအရာတွေကို စဉ်းစားရပါတယ်၊ အချိန်ရှိသမျှ စဉ်းစားနေရတာပါပဲ၊ " ဘယ်လို ရေးမယ်၊ ဘာအကြောင်း ရေးမယ်၊ ဘယ်လိုအချက်အလက်တွေ ပါရမယ် " စသည်နဲ့ အားအားရှိရင် တွေးနေရပါတယ်၊ ရန်ကုန် ရွှေတောင်ကုန်း သာသနာ့ ရိပ်သာမှာဆိုရင် ဆရာတော်အကြောင်းကို ရေးဖို့ အခွင့်သာမှာ မဟုတ်ပါဘူး၊ စာဝါ (၄) ဝါ (၅) ဝါလောက် ချရ၊ တရားစစ်ရနဲ့ အချိန်လည်း ရမှာ မဟုတ်ဘူး၊ ကျန်းမာရေးလည်း ကောင်းဖွယ်မရှိဘူး၊ ဆယ်မိုင်ကုန်းမှာတော့ အချိန်ကလည်း ရတယ်၊ ကျန်းမာရေးက လည်း ကောင်းပါတယ်၊ တိတ်တိတ်ဆိတ်ဆိတ် အေးအေးဆေးဆေး လည်း ရှိတယ်၊ ရှုခင်းနဲ့ လေကောင်းလေသန့်လည်း ကောင်းတယ်၊ လမ်းလျှောက်ရတာလည်း ကောင်း တယ်၊ ဒါကြောင့် တွေးတွေးပြီး ရေးရတာ အဆင်ပြေပါတယ်၊ ဒါကြောင့် စာရေးလိုတဲ့ ပုဂ္ဂိုလ်တွေမှာ ဒီလို အခြေအနေမျိုးတွေ ရှိဖို့ လိုအပ်ပါလား ဆိုတာကို ကိုယ်တွေ့ သဘောပေါက်လာပါတယ်၊ ဆရာတော်က စာရေးသူအား ပြောဖူးတဲ့ စကားလေးကို လည်း ပြန်လည်သတိရလာမိပါတယ်။

" ပြင်ဦးလွင်မှာ ဌာနသစ် ပေါ်လာရင် ဥုးဓမ္မိက အဲဒီမှာ သွားပြီး အေးအေး ဆေးဆေး စာရေးချင်ရင် ရေးလို့ရတာပေါ့ " တဲ့။

အခုတော့ ပြင်ဦးလွင်က နေရာရဲ့အရင် ဆယ်မိုင်ကုန်းမှာ အေးအေးဆေး ဆေး စာရေးနေရတဲ့ နေရာ ပေါ်လာလို့ ရေးနေရပြီပေါ့။

ဆယ်မိုင်ကုန်း၊ တောစခန်းရိပ်သာမှာ ၁၃၅၈ (၁၉၉၆) ခုနှစ်ဝါမှာ ဝါဆို သံဃာ (၁၀) ပါး ရှိတယ်၊ ဘုန်းကြီးဥုးနန္ဒ (ရွှေဘိုဆရာတော်) နဲ့ စာရေးသူမှတပါး ကျန်သံဃာ (၈) ပါးက ပြည်ပသားတွေပါပဲ၊ ပြည်ပသား (၈) ပါးထဲမှာ ဂျာမန်ရဟန်းတော် အရှင်ဝိဝေကာနန္ဒလည်း ပါတယ်၊ သူဟာ အခု (၇) ဝါမြောက် ရောက်နေပြီ၊ (၇) ဝါတိုင်တိုင် ဆရာတော်နဲ့ အတူနေခဲ့တာမို့ ဆရာတော် ထံက ရထားတဲ့ အဆုံးအမစကားလေးတွေ များစွာပဲ သူမှာ ရှိပါလိမ့်မယ်၊ သူကို စာရေးသူက မေးလို့ သူ အစဆုံး ပြောပြတဲ့ ဩဝါဒလေးက " ဒီစတီးသပိတ် ခိုင်မြဲသလို သူ့ရဟန်းဘဝဟာလည်း ခိုင်မြဲပါစေ " တဲ့၊ သူ့ကို ဆရာတော်က စတီးသပိတ် လှူအပြီး မှာ ပေးလိုက်တဲ့ ဩဝါဒလေးပါပဲ၊ အဲဒီဩဝါဒလေးကို ကြားရတော့ သူမြန်မာ့ရုပ်မြင်သံကြားအသံလွှင့်အစီအစဉ်ထဲမှာ သူ မြန်မာလို ပြောသွားတဲ့၊ စကား

http://www.dhammadownload.com

လေးကို သတိရမိတယ်၊ သူစကားလေးက " ဒီသင်္ကန်းဝတ်နဲ့ အရိုးထုတ်သွားပါမယ် " တဲ့၊ သူက သူအမိနိုင်ငံဖြစ်တဲ့ ဂျာမနီနိုင်ငံ ပြန်သွားရင်လည်း ဒီရဟန်းဘဝနဲ့ ရပ်တည်ဖို့ မလွယ်ဘူး တဲ့၊ သူက ဒီမြန်မာပြည်မှာပဲ ပျော်တယ် တဲ့၊ သူ ဆယ်မိုင်ကုန်းတောစခန်းရိပ်သာမှာ သိပ်ပျော်တယ်၊ သူက တရားရှုမှတ်ရတာကို သိပ်နှစ်ခြိုက်တယ်၊ တရားမမှတ်ရတဲ့ နေ့ဆိုရင် သူကိုယ့်သူ အားမရဘူး၊ တရားမမှတ်ရတဲ့ နေ့ရယ်လို့ မရှိအောင်လည်း သူက ကြိုးစားတယ်။

ရန်ကုန် ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာတုန်းက ဆရာတော်က သူကို ရိပ်သာက ဝန်ဆောင်ရဟန်းတွေကို အင်္ဂလိပ်စာ သင်ပေးဖို့ အမိန့်ရှိတယ်၊ အဲဒီအချိန်က ဝါတွင်းကာလ ဖြစ်နေတယ်၊ သူက ဝါတွင်းကာလမှာ တရားကိုပဲ အချိန်ပြည့်မှတ်ချင်နေတယ်၊ အင်္ဂလိပ်စာကို တစ်ပတ်မှာ တစ်ရက်ပဲ သင်ပေးရတာပါပဲ၊ အင်္ဂလိပ်စာ သင်ပေးရတဲ့ နေ့ရဲ့ နောက်နေ့မှာဆိုရင် တရားမှတ်တဲ့ အရှိန်က လျော့သွားလို့ မှတ်မကောင်းဘူးတဲ့၊ အဲဒီလို စာသင်ပေးလာတာ ကြာလာတော့ စာသင်ပေးရတဲ့အတွက် တရားရှုမှတ်မှုမှာ အနှောင့်အယှက်မဖြစ်တော့ဘူးတဲ့၊ မှတ်လို့ကောင်းမြဲ ကောင်းနေတယ်တဲ့၊ ဒီတော့ သူက ဒီလို နားလည်လိုက်တယ် တဲ့။

" ဆရာတော်ဟာ သူပေးတဲ့ တာဝန်တွေကြောင့် တရားရှုမှတ်တဲ့လုပ်ငန်းမှာ အနှောင့်အယှက်မဖြစ်အောင် ငဲ့ကို အလေ့အကျင့် လုပ်ပေးတာပဲ " တဲ့။

ဒါနဲ့ ပတ်သက်ပြီး ဆရာတော် မိန့်ကြားလေ့ရှိတဲ့ စကားတစ်ခွန်းကို သတိရမိ တယ်။

" လူမှုကိစ္စတွေကို တစ်ကဏ္ဍ၊ သတိပဋ္ဌာန်ရှုမှတ်မှုကိုလည်း တစ်ကဏ္ဍ၊ အဲဒီလို (၂) ကဏ္ဍ ထားပြီး အလုပ်လုပ်ရတယ်၊ သတိပဋ္ဌာန်ရှုမှတ်မှုအတွက်လည်း သီးသန့်အချိန်ပေးရတယ် " တဲ့။

လောကလူတွေမှာ " ကိစ္စများမြောင် လူတို့ဘောင် " ဆိုတဲ့ အတိုင်း ကိစ္စတွေက များပါဘိသနဲ့၊ ဘယ်လောက်ပဲ ကိစ္စတွေ များများ၊ ကိစ္စများတာကို အကြောင်းပြပြီး သတိပဋ္ဌာန်ရှုမှတ်မှုမလုပ်ဘဲ မနေပါနဲ့၊ သီသန့် အချိန်ပေးပြီး လုပ်ဖြစ်အောင် လုပ်ပါလို့ တိုက်တွန်းတာပါပဲ၊ အစပိုင်းမှာတော့ ဂျာမနီရဟန်းတော်အရှင်ဝိဝေကာနန္ဒမှာလို အခက် တွေ့ချင်တွေ့နေမှာပေါ့၊ နောက်မှာတော့ ဂျာမန်ရဟန်းမှာလိုပဲ လွယ်သွားပါလိမ့်မယ်။

နောက် သူ မှတ်မိတဲ့ ဆရာတော်ရဲ့ ဩဝါဒလေးတစ်ခုက " Be Strong " တဲ့၊ ဆရာတော်က သူ့ကို အင်္ဂလိပ်လို ပြောပြီး ဩဝါဒပေးလိုက်တာတဲ့၊ ဂျာမန်ရဟန်းတော် က သူအခြေအနေ အဖြစ်အပျက်လေးကို ဒီလို ပြောပြတယ်။

http://www.dhammadownload.com

" Be Strong " လို့ ဆရာတော် မဆုံးမခင် အရင်နေ့က တပည့်တော့် အခန်းမှာ တပည့်တော်က ပြည်ပယောဂီတစ်ဦးနဲ့ စကားပြောနေတယ်၊ အဲဒီအခိုက် ဆရာတော်က တပည့်တော်အခန်းနား ရောက်လာတယ်၊ ဆရာတော်က " စကား မပြောနဲ့၊ စကားမပြောနဲ့ " လို့ အသံအကျယ်ကြီးနဲ့ ပြောလိုက်တယ်၊ တပည့်တော် တော့ ကြောက်လန့်ပြီး တုန်လှုပ်သွားတာပဲ၊ အခန်းအပြင် ထွက်ပြီး ဆရာတော်နဲ့ စကားပြောတဲ့အခါမှာ တပည့်တော်မှာ တုန်တုန်ရီရီ ဖြစ်နေပါတယ်၊ အဲလောက် ထိအောင် ကြောက်နေတယ်၊ တကယ်တော့ အဲဒီပြည်ပယောဂီက သူ မသိတာ ရှိလို့ တပည့်တော်ကို လာမေးလို့ တပည့်တော်က ပြောပြနေတာပဲ၊ နောက်ပြီးတော့ အဲဒီလာပြီး မေးတဲ့ ယောဂီဟာလည်း ဆရာတော့်အထင်မှာ တရားကြိုးစား အားမထုတ်လို့ ဆရာတော် အားမရဖြစ်နေတဲ့ ယောဂီပဲ လို့ ထင်ပုံရတယ်၊ တပည့်တော်ကို လာပြီး မေးတဲ့ ယောဂီက တရားကို ကြိုးစားမှတ်ပါတယ်၊ ဆရာတော်က " သူထံ ပြည်ပသား သုံးဦး ရောက်နေတယ်၊ အခုပဲ လာခဲ့ " လို့ ပြောပါတယ်။

" အဲဒီလို ပြောပြီး ဆရာတော်က သူ့ကျောင်းသူ ပြန်သွားတယ်၊ လက်ကန်တော့ မြန်မြန်တင်ပြီး သွားခဲ့တယ်၊ ဆရာတော်က ပြည်ပည့်သည်တွေကို ငြိမ်းချမ်းရေးတရား ဟောနေတယ်၊ " လောကကြီးကို မငြိမ်းချမ်းအောင် လုပ်နေတာက လောဘ၊ ဒေါသ၊ မောဟတွေပဲ၊ အဲဒါတွေ ငြိမ်းအောင် သတ်နိုင်မှ စိတ်ငြိမ်းချမ်းမယ်၊ စိတ်ငြိမ်းချမ်းမှ လောကကြီး လည်း ငြိမ်းချမ်းမယ် " တဲ့၊ ဧည့်သည်တွေကို တရားစကားပြောနေတဲ့အခါမှာတော့ ဆရာတော်ရဲ့ မျက်နှာဟာ မျက်နှာဟာ ပြုံးလို့, ရွှင်လို့ပဲ၊ တပည့်တော်ဆီ လာတုန်းက မျက်နှာနဲ့ တစ်ခြားစီပဲ၊ ဆရာတော်ရဲ့ ပြုံးနေတဲ့ မျက်နှာကို မြင်ရတော့ အံ့သြသွားတယ်၊ အချိန်တိုအတောအတွင်းမှာ ပြောင်းလွဲနိုင်တဲ့ ဆရာတော်ရဲ့ မျက်နှာကို နားမလည်နိုင်အောင် ဖြစ်ခဲ့ရတယ်၊ အဲဒီဧည့်သည်သုံးဦးက အိန္ဒိယက ဂုရုကြီးတွေရဲ့ တပည့်အမေရိကန်တွေတဲ့။ "

" နောက်နေ့မှာ ဆရာတော် ပြည်ပယောဂီတွေကို တရားဟောမှာမို့ စက်ပြင်ပေးဖို့ ဆရာတော့်ကျောင်း သွားတဲ့အခါ ကြောက်ရွံ့တဲ့စိတ်က ပေါ်တုန်းပဲ၊ ဟောပြီးလို့ စက်သိမ်း၊ ခုံသိမ်းလုပ်တော့လည်း ရွံ့တုန်းပဲ၊ ဆရာတော်က တပည့်တော့်အနေ အထားကို ကောင်းကောင်း သိရှိပုံပေါ်ပါတယ်၊ ဒါ့ကြောင့် Be Strong လို့ အင်္ဂလိပ်လို ဩဝါဒပေးလိုက်တာ နေမှာပါပဲ၊ ဆိုလိုတာကတော့ " စိတ်ဓာတ်အင်အား ကောင်းပါစေ၊ စိတ်ဓာတ်ခိုင်မာပါစေ " လို့ ဆုံးမလိုက်တာပါပဲ " တဲ့။

http://www.dhammadownload.com

Be Strong ဆိုတဲ့ ဆရာတော်ရဲ့သြဝါဒကို သိရတော့ ဆရာတော်ရဲ့ အဆို အမိန့်တစ်ခုကို သတိရလာမိတယ်၊ " ဆရာတော်ရဲ့ အဆိုအမိန့်များ " စာအုပ်မှာ အဲဒီ အဆိုအမိန့်စကားလေးလည်း ပါတယ်။ ဆရာတော်ရဲ့ အဲဒီအမိန့်တွေကို အင်္ဂလိပ်လို စာအုပ်ထုတ်ထားတဲ့ " Rain drops in Hot Summer " ဆိုတဲ့ စာအုပ်ထဲမှာ အင်္ဂလိပ်လိုတော့ ဒီလို ရေးထားတယ်။

"Just as bodily power of resistance is necessary for good health, so too mental power is needeed for purity and peace of mind. However, power does not come of itself, it has to be cultivated. Satipathana is effectively developed, carefully provide this mental power.

မြန်မာလို အဓိပ္ပါယ်ကတော့ -

" ခန္ဓာကိုယ်ကျန်းမာဖို့ရာ ခန္ဓာကိုယ်မှာ ခုခံအင်အား ရှိဖို့ လိုအပ်တယ်၊ အဲဒီ လိုပါပဲ စိတ်ဖြူစင်ငြိမ်းချမ်းဖို့ရာလည်း စိတ်အင်အားဟာ လိုအပ်တယ်၊ အဲဒီ စိတ်အင်အားက သူ့အလိုလိုတော့ ပေါ်မလာဘူး၊ ပွားယူရတယ်၊ သတိပဋ္ဌာန်ကို ထိထိရောက်ရောက် ပွားများရင် အဲဒီစိတ်စွမ်းအားကို သတိပဋ္ဌာန်က အပြည့်အဝ ပေးနိုင်တယ် " တဲ့။

ဘယ်လောက် ကောင်းလိုက်သလဲ၊ သင့်မှာ စိတ်အင်အားတွေ နည်းနေသလား။ သတိပဋ္ဌာန်တရားကို ပွားများကြည့်ပါ။ သင့်စိတ်အင်အားတွေ ပြည့်လာပါလိမ့်မယ်၊ ပွားများကြည့်ရင် သင်ကိုယ်တွေ့. ဖြစ်လာပါလိမ့်မယ်၊ ဘုရားရဲ့ တရားက အစမ်းသပ်ခံနိုင်တဲ့ တရားပဲ၊ မယုံသေးရင် လက်တွေ့စမ်းသပ်နိုင်ပါတယ်၊ ပြောမယုံရင် ကြုံဖူးက သိလာပါလိမ့်မယ်၊ ဘုရားတရားက လူမျိုးမရွေး, ဘာသာမရွေး, အရွယ်မရွေး, အဆင့်အတန်းမရွေးပါဘူး၊ ဘယ်လူမျိုးမဆို၊ ဘယ်ဘာသာဝင်မဆို၊ ဘယ်အရွယ်မဆို၊ ဘယ်အဆင့်အတန်းမဆို စမ်းသပ်နိုင်ပါတယ်၊ လက်တွေ့ကျကျမှ လက်ခံနိုင်မယ် လို့ ဆိုနေကြသူတွေအတွက် ဘုရားတရားဟာ ရာနှုန်းပြည့် ကျေနပ်ဖွယ် ဖြစ်ပါတယ်၊ စမ်းကြည့်ပါလား။

http://www.dhammadownload.com

Be Strong

စိတ်အင်အားတွေ
ကောင်းပါစေ ဟု
မိန့်ခြွေလေငြား
ဆရာတော်ဘုရား၏
စကားတိုင်းသာ
လုပ်နိုင်ပါက
ဘယ်မှာ ခက်ခဲရှိမလဲ
ဘယ်ခါ ခက်ခဲရှိမလဲ။

Ω Ω Ω Ω Ω

http://www.dhammadownload.com

ငွေရတု

ဆယ်မိုင်ကုန်း တောစခန်းရိပ်သာဟာ ၎က (၇၀) နီးပါး ရှိတာမို့ လမ်းလျှောက်လို့ သိပ်ကောင်းတယ်၊ ဒါကြောင့် ရွှေဘိုဆရာတော်ဥုံးနန္ဒနဲ့ စာရေးသူဟာ ညနေဆိုရင် လမ်းလျှောက်လေ့ရှိကြတယ်၊ မနေ့ (၁၃၅၈ - ခု၊ ဝါခေါင်လပြည့် (၇) ရက် နေ့) က ညနေ လမ်းလျှောက်ဖို့ ဘုန်းကြီးဥုံးနန္ဒကို သွားခေါ်တော့ သူက ကျောက်တန်းက ဒီနေ့ (၈ - ရက်နေ့) အရက် မုန့်ဟင်းခါး ဆွမ်း ကပ်ကြမယ့် ဒေါ်ကြည်ကြည် ဦးဆောင်တဲ့ အုပ်စုနဲ့ ဆွမ်းစားကျောင်းပေါ်မှာ စကားပြောနေတယ်၊ ဒါနဲ့ အဲဒီစကားဝိုင်းထဲ ဝင်ထိုင်လိုက်တယ်၊ စကားကလည်း သိပ်ပြောတတ်တာ မဟုတ်တော့ သူတို့ ပြောတာကိုပဲ နားထောင်နေတယ်၊ အတော် လေးကြာတော့ ဥုံးနန္ဒက " ကဲ . . . စကားပြောရစ် " ဆိုပြီး ထသွားတယ်၊ စကားက ဘာပြောရမှန်း မသိဘူး၊ ဒါပေမယ့် ဒေါ်ကြည်ကြည်ကိုတော့ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်နဲ့ ပတ်သက်တဲ့ သိချင်တဲ့ အချက်အလက်လေးတွေ မေးချင်တာတွေ ရှိနေပါတယ် ၊ သူတို့က အရက်ဆွမ်းကပ်ဖို့ လုပ်စရာကိစ္စတွေနဲ့ အလုပ်များချင် များနေမယ် တွေးမိလို့ မေးရသင့်၊မသင့် ချင့်ချိန်နေပါတယ်။ သူတို့ကို မေးကြည့်တော့ " လုပ်စရာတွေ မရှိပါဘူး ၊ အဆင်သင့် လုပ်လာခဲ့ပါပြီ " တဲ့၊ " ဒီလိုဆို မေးရင် ရနိုင်တာပေါ့ လို့ တွေးမိပြီး မေးဖို့ စိတ်ကူးတဲ့အခါ " သူတို့ကကော ငါမေးတာကို စိတ်ဝင်တစား ဖြေကြပါ့မလား " လို့ တွေးမိတယ်။

" ဒကာမကြီးတို့ ကျောက်တန်းရွာ တရားစခန်းက လုပ်ခဲ့တာ (၂၅)နှစ် ရှိပြီဆို ဟုတ်လား။ "

" ဟုတ်ပါတယ်ဘုရား ၊ ကျောက်တန်းရွာတရားစခန်း လုပ်ခဲ့တာ (၂၅) နှစ်ရှိပြီမို့ ငွေရတုပေါ့ ဘုရား၊ မဟာဗောဓိတောရကိုဏ်းဆိုင်ရာ ဝိနည်းစာပြန်ပွဲ လုပ်ခဲ့

http://www.dhammadownload.com

တာနှစ် (၅၀) ရှိပြီဘုရား၊ ဒါကြောင့်မို့ အဲဒီစာပြန်ပွဲကတော့ ရွှေရတုပေါ့ဘုရား။ "

ဒကာမကြီး ဒေါ်ကြည်ကြည်က တက်တက်ကြွကြွ အားရပါးရ ဖြေတယ်၊ ဒါကြောင့် ရှေ့ဆက်မေးဖို့ စိတ်အားထက်သန်လာတယ်။

" အဲဒီကျောက်တန်းရွာ တရားစခန်းကို ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော် စခဲ့တာဆို၊ ဒကာမကြီးက ဆရာတော်ရဲ့ ရဟန်းဒကာ၊ ဒကာမတွေရဲ့ သမီးလို့ သိရတယ်၊ ဟုတ်ပါလား။ "

" ဟုတ်ပါတယ်ဘုရား၊ တပည့်တော်ရဲ့ ဖခင်က ဦးဖိုးဟန်၊ မိခင်က ဒေါ်သောင် ပါဘုရား။ "

" ဒီလိုဆို ဒကာမကြီး အဲဒီတရားစခန်းကို ဆရာတော် ဘယ်လို စခဲ့သလဲ"

" အဲဒီ (၁၆) ကကျယ်ဝန်းတဲ့ မဟာဗောဓိတောရကျောင်းတိုက်ကြီးဟာ အနှစ် (၃၀) သံဃာတစ်ပါးမှ မနေတော့လို့ တောကြီး ဖြစ်သွားပါတယ်၊ အနှစ် (၃၀) မတိုင်မီ ဟိုဘက်ကတော့ ဆရာတော်တို့ သီတင်းသုံးခဲ့တဲ့ နေရာပေါ့၊ ဂျပန်စစ်ဒဏ်ကြောင့် သံဃာမရှိ ဖြစ်ခဲ့ရတယ်၊ အနှစ် (၃၀) ပြည့်တဲ့အခါမှာ ဆရာတော်က မဟာစည်သာသနာ့ရိပ်သာထဲ ရောက်နေပြီ၊ မဟာစည်သာသနာ့ရိပ်သာထဲမှာ ဆရာတော်ရဲ့ ဝေယျာဝစ္စတွေကို ဆောင်ရွက်ပေးနေတဲ့ ကျောက်တန်းသူ ဒေါ်စန်းကြည် မဟာစည်သာသနာ့ရိပ်သာကနေ ကျောက်တန်းပြန်လာကာ ဆရာတော် မဟာဗောဓိတောရကျောင်းမှာ တရားလာမှတ်မယ့်အကြောင်း တပည့်တော်တို့ကို ပြောတော့ " မမစန်းကြည် . . . ဆရာတော်ကို လျှောက်ပေးပါ ဆရာတော် ကြွလာလို့ မဖြစ်ဘူး၊ ကြွမလာပါနဲ့ . . . လို့ " တပည့်တော်တို့က မမစန်းကြည်ကို မှာလိုက်တယ်။

" ဟုတ်တယ် ဘုရား . . . ဆရာတော် ဘယ်လာလို့ ဖြစ်မလဲ၊ မဟာဗောဓိတောရကျောင်းထဲမှာ ဘာအဆောက်အဦမှ မရှိတော့ဘူး၊ တကယ့်တောကြီး ဖြစ်နေတာ၊ သစ်ပင်ကြီးတွေက ပိတ်သဲပြီး သစ်ပင်ကြီးတွေအောက်ကလည်း သစ်ပင်ငယ်မျိုးစုံနဲ့၊ အနှစ် (၃၀) ဆိုတော့ အကြာကြီးပေါ့၊ တပည့်တော်တို့တောင် အနှစ်သုံးဆယ်အတွင်း တစ်ခေါက်မှ မရောက်ဘူး။ "

" ဆရာတော်က မဟာဗောဓိတောရမှာ ဘယ်လောက်ထိ နေသွားသလဲ၊ " မဟာဗောဓိတောကနေ ဘယ်ကို သွားသလဲ။မဟာဗောဓိတောရမှာ ရဟန်း (၅) ဝါထိ နေသွားတယ်၊ ကိုရင်ဘဝကလည်း မဟာဗောဓိတောရမှာပဲ၊ မဟာဗောဓိတောရကနေ ပဲခူးမြို့ ကလျာဏီ ကျောင်းတိုက်မှာ သွားနေတယ်။ "

" အဲဒီအကြောင်းကို မကြားဖူးဘူး။ "

http://www.dhammadownload.com

" အဲဒီကလျာဏီမှာက ခေတ္တသွားနေတဲ့ သဘောပါ၊ အဲဒီမှာ တပည့်တော်တို့ရဲ့ မောင်က ကိုရင်ဘဝနဲ့ လိုက်သွားတယ်၊ သူနာမည်က မောင်သိန်းထွန်း တဲ့၊ နောက်တော့ သူ့မိဘတွေ စိတ်ပူနေမှာ စိုးလို သူမိဘရှိရာ ကျောက်တန်းကို ဆရာတော်က ပြန်သွားခိုင်းတယ်၊ ပဲခူးမှာလည်း ဗုံးတွေက ချနေလို့ ဆရာတော်က ကလျာဏီက နေ ကျောက်တန်းပြန်ရောက်တယ်၊ ဒုတိယကမ္ဘာစစ်ပြီးကာလ ကျောက်တန်းကနေ ရန်ကုန် ကျိုက္ကစံကျောင်းတိုက်ကို ရောက်သွားတယ်၊ ကျိုက္ကစံကနေ ရန်ကုန် မဟာစည်သာသနာ့ရိပ်သာကို ရောက်သွားတယ်။ "

" ဆရာတော်က မဟာဗောဓိကျောင်းဟာ သူနေခဲ့တဲ့ နေရာပဲ၊ သစ်ပင်တစ်ပင်ရှိရင် နေဖြစ်အောင် နေမယ် " ဆိုပြီး ကြွလာတယ်၊ မဟာစည်ဆရာတော်ကြီးကို လျှောက်ခဲ့တယ်တဲ့၊ ဆရာတော်က အဲဒီတုန်းက အစာအိမ်ကျန်းမာရေးမကောင်းဘူး၊ ဒါကြောင့် ကျန်းမာရေးအတွက် တရားနဲ့ အနားယူဖို့ နေလို့ အဆင်ပြေရင် တစ်လ၊ အဆင်မပြေရင် ဆယ့်ငါးရက် နေမယ် လို့ မဟာစည် ဆရာတော်ကြီးကို လျှောက်ပြီး လာခဲ့တာ " တဲ့။

" ဆရာတော်က မဟာဗောဓိတောရကျောင်းကို တန်းကြွလာတာလား၊ ဘယ်သူ ပါသေးလဲ။ "

" ကျောက်တန်းရွာထဲက ကျောင်းကို ကြွလာခဲ့တယ်၊ နောက်ကတော့ ယခု ကျုံးမငေးမြို့ မဟာစည်သာသနာ့ရိပ်သာဆရာတော်ဖြစ်နေတဲ့ ဥူးပညောဘာသလည်း ပါလာတယ်၊ ရိပ်သာမှ မောင်ခင်ဝင်းနဲ့ မောင်မြသွေး တပည့် ၂ ယောက် ကျောက်တန်းတောကျောင်းအထိ လိုက်ပို့ကြတယ်၊ ရွာထဲက ကျောင်းမှာ ခဏနားပြီး မဟာဗောဓိတောရကျောင်းကို ရောက်လာတယ်။ "

" ဆရာတော်လည်း အနှစ် (၃၀) ကြာပြီပေါ့၊ ဒီမဟာဗောဓိတောရကျောင်း မရောက်တာ။ "

" မှန်ပါဘုရား။ "

" အင်း . . . အရင် နှစ် (၃၀) ဟိုဘက်က အခြေအနေနဲ့. ယခု အခြေအနေကို နှိုင်းယှဉ်ပြီး ဆရာတော့်စိတ်ထဲမှာ ဘယ်လိုများ ခံစားနေမလဲ၊ အတိတ်က အရိပ်တွေကို တွေးပြီးများ နေမလား၊ ဒါမှမဟုတ် မတည်မြဲတဲ့ သခၤါရတွေရဲ့ သဘောကို နှလုံးသွင်းကာ သံဝေဂပွားနေမိလေမလား။ "

" နှစ်မျိုးလုံး ဖြစ်နိုင်တာပေါ့ ဘုရား။ "

" ဆရာတော်တို့နေရာအတွက် ဘယ်လို စီစဉ်ကြသလဲ။ "

" အဲဒီမဟာဗောဓိတောရကျောင်းဝင်းထဲမှာ အဆောက်အဦတစ်ခုမှ မရှိတော့ပါဘူး၊ ခြံစောင့်တဲလေးပဲ ရှိပါတယ်၊ ဝါးတဲလေးပါပဲ၊ အခင်းကိုလည်း ဝါးခင်းထားတယ်၊ တဲလေးက သေးသေးပါပဲ၊ တက်လိုက်ရင် ယိုးတိုးယိုင်တိုင်

http://www.dhammadownload.com

ဖြစ်နေပါတယ်၊ အဲဒီတဲလေးပေါ်မှာ ဆရာတော်အတွက် ကုတင်တစ်လုံး ခင်းထားပါတယ်၊ ဥူးပညောဘာသကတော့ ကြမ်းပြင်ပေါ်မှာပဲ အိပ်ရပါတယ်။ တဲလေးရဲ့ ခေါင်မိုးကလည်း မလုံးပါဘူး၊ အပေါက်တွေ ရှိနေပါတယ်။ "

"အဲဒီ ဆရာတော်ကို လိုက်ပို့ကြတဲ့ လူတွေထဲမှာ ဦးသိန်းဆိုတဲ့ ဒကာကြီးလည်း ပါလာတယ်၊ သူက ဆရာတော့်ကို ဒီလို လျှောက်တယ်။ "

" ဆရာတော်ဘုရား . . . ယခု ဆရာတော် ဒီကို ကြွလာတာဟာ ဆရာတော့်အတွက်တင်ပဲလား၊ တပည့်တော်တို့အတွက်ရော မပါဘူးလား " တဲ့။

"ဦးသိန်းက စကားပြောလိမ်မာသားပဲ၊ ဆရာတော်လည်း ဦးသိန်း လျှောက်ထားတဲ့ စကားကို ကြားရတော့ ဝမ်းသာသွားမယ်နဲ့ တူပါတယ်၊ ဒီလို လျှောက်ထားလာလိမ့်မယ်လို့လည်း မျှော်လင့်ချင် မျှော်လင့်ထားမှာကိုး။ "

" အရှင်ဘုရား . . . ဆရာတော်က တပည့်တော်တို့ ဒကာ၊ ဒကာမတွေကို အထင်သေးထားတာ တဲ့၊ ဒီဒကာ၊ ဒကာမတွေ တရားမှတ်နိုင်ကြမှာ မဟုတ်ပါဘူးလို့ တဲ့၊ တပည့်တော်တို့ ဒကာ၊ ဒကာမတွေကလည်း ဆရာတော့်ကို အထင်သေးထားကြတယ်၊ ဆရာတော် ဒီလိုတောကြီးထဲမှာ နေနိုင်မှာ မဟုတ်ပါဘူး " လို့။

" ကဲ . . . ဒီတော့ ဆရာတော်နဲ့ ဒကာမကြီးတို့ တစ်ဦးပေါ်တစ်ဦး အထင်သေးထားကြတဲ့အတိုင်းပဲ ဖြစ်လာသလား၊ ဘယ်လို ဖြစ်လာသလဲ၊ ဒကာမကြီးတို့ ပြောပြတဲ့စကားတွေက ပို၊ ပိုပြီး စိတ်ဝင်စားစရာ ဖြစ်လာပြီ၊ ဆက် ပြောစမ်းပါဦး"

" ဒကာမကြီးတို့ " လို့ သုံးနှုန်းလိုက်ရတာကတော့ စာရေးသူအနားမှာ ထိုင်နေကြသူတွေက ဒေါ်ကြည်ကြည်၊ ဒေါ်လှနု၊ ဒေါ်ဘူး၊ ဒေါ်ရွှေတို့ပဲ၊ သူတို့နဲ့အတူ ဆွမ်းလာကပ်ကြတဲ့ မမိုးမိုး (ကျောင်းဆရာမ)၊ မဝါဝါ (ကျောင်းဆရာမ)၊ မဝင်းမာ၊ ဒေါ်ခင်တင့်၊ မချိုသန်း တို့ကတော့ စာရေးသူနဲ့ ခပ်လှမ်းလှမ်းနေရာမှာ ရှိနေကြတယ်၊ မကြာခင် ဦးဉာဏ်စိန် (ကျောင်းဆရာ)၊ မောင်အောင်ဇင် (ကျောင်းဆရာ)၊ မောင်ဇော်ဝင်းထွဋ် တို့လည်း ရောက်လာကြတယ်။ ဒေါ်ကြည်ကြည်က ပြောပြနေတဲ့အခါ ဒေါ်လှနု၊ ဒေါ်ဘူး၊ဒေါ်ရွှေတို့ကလည်း ပါဝင်၊ ပါဝင်ပြီး ပြောပြကြတယ်၊ ဒါကြောင့် သူတို့ကို စာရေးသူက မေးကြည့်တယ်။

" ဒကာမကြီးတို့ကကော အဲဒီတုန်းက အဲဒီမဟာဗောဓိတောရကျောင်းတရားစခန်းမှာ ပါခဲ့သလား။ "

" ပါခဲ့တာပေါ့ဘုရား " တဲ့။

သူတို့က အားရပါးရလှိုက်လှိုက်လဲလဲ ပြောကြတယ်၊ သူတို့တစ်တွေက အဲဒီတုန်းက အခြေအနေကို လက်တွေ့ပြန်လည် တွေ့ရှိနေသလိုပဲ စိတ်ပါဝင်စားစွာ

http://www.dhammadownload.com

ပြောပြကြပါတယ်။

သူတို့ပါ ပါလာတယ်ဆိုတော့ စကားဝိုင်က ပိုပြီး စိုပြေလာတယ်၊ အကြောင်းအရာ၊ အချက်အလက်လည်း ပိုပြီး ခိုင်မာတိကျတာပေါ့၊ ဒေါ်ကြည်ကြည် မေ့နေတာရှိရင် ဒေါ်ကြည်ကြည်က သူတို့ကို မေးရတယ်၊ ဒေါ်ကြည်ကြည်ပြောတာထဲမှာ လိုနေတာ ရှိရင်လည်း သူတို့က ဝင်၊ ဝင်ပြီး ဖြည့်စွက်ပေးကြတယ်၊ ဒေါ်ကြည်ကြည်က ဒီလို စကားဆက်တယ်။

" ဦးသိန်းရဲ့ လျှောက်ထားချက်အရ ဆရာတော်က တပည့်တော့် ဒကာ၊ ဒကာမတွေကို တရားပြပေးပါတယ်။ "

" ဒကာမကြီးတို့ တရားထိုင်ရအောင် နေရာကော ရှိလို့လား၊ တစ်ကျောင်းလုံး တောကြီး ဖြစ်နေတာဆို။ "

" ဆရာတော် ကြွလာမယ်လို့ သိရတာနဲ့ထဲက ဆရာတော် ကြွမလာခင် ကြိုတင်ရှင်းထားတယ်လေ ဘုရား၊ မရမ်းပင်ကြီးကြီးတစ်ပင်အောက်မှာ ရှင်းထားတယ်၊ မရမ်းပင်ကြီးကလည်း အကြီးကြီးပဲ၊ ဝိုင်းပြီး အုပ်ဆိုင်းနေတယ်၊ အဲဒီအပင်အောက်မှာ ဖျာကြမ်းတွေ ခင်းပြီး ဆရာတော် တရားပြပေးတဲ့အတိုင်း တရားရှုမှတ်ကြတယ်ဘုရား။ "

" တရားထိုင်တဲ့ လူဦးရေက ဘယ်လောက်ရှိလို့လဲ၊ အမျိုးသား အမျိုးသမီး ဘယ်သူက ပိုများလဲ။ "

" တရားထိုင်တဲ့ လူ (၆၀) ရှိတယ်၊ အမျိုးသား၊ အမျိုးသမီးတွေထဲက အမျိုးသမီးတွေကပဲ များပါတယ်။ "

" ဘယ်အချိန်မှာ တရားမှတ်တာ စပြီး ဘယ်အချိန်မှာ ဆုံးတာလဲ။ "

" တပည့်တော်တို့ မနက်လင်းတယ်ဆိုရင်ပဲ ထမင်းချိုင့်ကိုယ်စီနဲ့ ထွက်လာကြတယ်၊ (၇) နာရီမှာ စပြီး ထိုင်မှတ်ကြတယ်၊ ညနေ (၃) နာရီမှာ ပြီးပါတယ်၊ (၃) နာရီကနေ (၅) နာရီအထိ ဝေယျာဝစ္စတွေ လုပ်ကြတယ်၊ ပြီးရင် အိမ်ပြန်ကြတယ်။ "

" ဘယ်သူ တရားပြတာလဲ။ "

" ဆရာတော်ပဲပေါ့ဘုရား၊ ဥူးပညောဘာသကတော့ ယောဂီတွေကို ကြပ်မတ် ပေးတယ်။ "

" ဆရာတော်က တရားမှတ်ပုံတွေ ပြောတော့ နှုတ်နဲ့ပဲ ပြောတာလား၊ ကက်ဆက်နဲ့ ဖွင့်ပေးတာလား။ "

" ဆရာတော်ကိုယ်တိုင် ပြပေးတာပေါ့ဘုရား၊ ကက်ဆက်ဆိုတာ ဝေးပါ

http://www.dhammadownload.com

သေးရဲ့။ "

" အဲဒီတုန်းက မဟာဗောဓိတောရကျောင်းမှာ ယုန်တွေ၊ တောကြက်တွေ တောင် ရှိတယ်၊ အနှစ် (၃၀) ဟိုဘက်က အသုံးပြုခဲ့တဲ့ ရေတွင်းကြီးတောင် အမှိုက်တွေ ဖုံးသွားလို့ သုံးမရတော့ဘူး၊ ဒါကြောင့် ကျောင်းဝင်းအပြင်ဘက်မှာ ရှိတဲ့ ရေတွင်းလေးက သွားပြီး ရေခပ်ရတယ်။ "

" ညမှာ ဆရာတော်တို့ထံ ဘယ်သူတွေ အိပ်သေးလဲ။ "

" ညအိပ်တဲ့ သူတွေက ဦးသိန်း၊ ဦးအောင်မောင်း၊ ဦးသက်ပြင်း၊ ဦးဝိုင်းတို့ (၄) ယောက်ပါပဲဘုရား။ "

" ဒကာမကြီးတို့ အဲဒီမဟာဗောဓိတောရကျောင်းမှာ တရားရှုမှတ်ကာ ရက် ဘယ်လောက် ကြာသွားလဲ။ "

" မနည်းဘူးဘုရား၊ တစ်လလောင် ကြာသွားတယ်။ "

" ဒီလိုဆိုတော့ ဆရာ၊ ဒကာ အထင်သေးခဲ့ကြတာတွေ လွဲကုန်ပြီပေါ့။ "

" အဲဒီလို ပြောရတော့မှာပေါ့ဘုရား။ "

" အဲဒီတုန်းက ဆန်းကြယ်တာလေးတွေ ပြောပြရရင် . . . "

" ဆန်းကြယ်တာလေးတွေ " လို့ ပြောလာလို့ ဘာတွေများပါလိမ့်လို့ စိတ်ဝင်စားစွာ နားထောင်နေပါတယ်၊ ဒေါ်ကြည်ကြည် ဆက်လက်ပြောတာက –

" တပည့်တော်တို့တစ်တွေ မဟာဗောဓိတောရကျောင်းထဲ စပြီး ဝင်လိုက် တယ် ဆိုရင်ပဲ ထူးခြားတဲ့ အနံ့တွေ သင်းကြိုင်နေပါတယ်ဘုရား။"

ဒေါ်ကြည်ကြည် ပြောတာကို ဘေးက ဒေါ်ရွှေ၊ ဒေါ်ဘူး၊ ဒေါ်လှနု တို့က လည်း ထောက်ခံကြတယ်။

" နောက်တစ်ခု ရှိသေးတယ်ဘုရား၊ မဟာဗောဓိတောရကျောင်းမှာ ဗောဓိပင်တစ်ပင် ရှိတယ်၊ အဲဒီဗောဓိပင်ဟာ အရင်က အကိုင်း (၂) ကိုင်းပဲ ရှိနေ တယ်၊ ဘာအရွက်မှ မရှိဘူး၊ တရားစခန်းဖွင့်ပြီးချိန်ကစပြီး အရွက်၊ အခက်၊ အကိုင်း တွေလည်း ထွက်လာကြတယ်ဘုရား၊ အဲဒီ ဗောဓိပင်ကို အိန္ဒိယ ဗုဒ္ဓဂယာမှရတာတဲ့၊ မဟာဗောဓိတောရကျောင်း ပထမဆရာတော်ကြီး ဥူးကေလာသ စိုက်ပျိုးခိုင်းထား တာ " တဲ့၊

" နောက်တစ်ခု ကျန်သေးတယ်၊ တပည့်တော်တို့ အဲဒီတစ်လတရားစခန်းမှာ ဒေါ်ညွန့်တင်ဆိုတဲ့ ကျောင်းဆရာမကြီးတစ်ယောက်လည်း ပါတယ်ဘုရား၊ သူက တရားစခန်းအစ (၃) ရက်လောက်က မလာသေးဘူး၊ သူက မကျန်းမားဘူး၊ လက်မောင်းမှာ ကိုက်နေတယ်၊ အသားတွေ မဲပြီး ပိန်ကပ်နေတယ်၊ ဒါကြောင့် သူကို

http://www.dhammadownload.com

တချို့က တရားသွားမှတ်ဖို့ တိုက်တွန်းကြတယ်၊ တရားမှတ်တာနဲ့ရောဂါ ဘာဆိုင်လို့လဲ လို့ သူက ပြန်ပြောသတဲ့၊ တရားမှတ်ရင် ရောဂါတွေ ပျောက်တတ်တယ် လို့ပြောပြီး တိုက်တွန်းကြလို့ သူက စိတ်ဝင်စားပြီး တရားလာမှတ်တယ်၊ သူက လုပ်ရင် ပြတ်ပြတ်ပဲ လုပ်တတ်တယ်၊ ငါဟာ သစ်ပင်ပေါ်က ကျကျ၊ ရေထဲမှာ နစ်နစ် ဘာပဲ ဖြစ်နေနေ ငါ့အတွက် ဘာမှ မပူကြနဲ့၊ ငါတော့ တရားအားထုတ်ဖို့ သွားပြီးလို့ သူ့အိမ်ကို ပြောခဲ့တယ်၊ သူတရားအားထုတ်လို့ အရှိန်ရလာတော့ သူ့လည်ပင်းမှာ တင်းကျပ်ပြီးနေတယ်၊ တစ်ခုခု မျိုးထားရသလို ဖြစ်နေတယ်၊ မလျှော့ဘဲ ငွဲနဲ့မှတ်တယ်၊ မှတ်ရင်း မှတ်ရင်း ချွေးတွေ ဒီးဒီးကျလာတယ်၊ တရားစခန်းလည်း ပြီးသွားရော သူရောဂါ ကောင်းသွားတယ်၊ အခု အသက်ထင်ရှားရှိသေးတယ်၊ ဝဖြိုးနေတယ်၊ အသက် (၈၀) လောက်ရှိပြီ။ "

မလှမ်းမကမ်းမှာ ရှိနေကြတဲ့ ဒေါ်ခင်တင့်၊ မမိုးမိုး၊ မဝါဝါ၊ မဝင်းမာ၊ မချိုသန်း၊ ဦးဥာဏ်စိန်၊ မောင်အောင်ဇင်၊ မောင်ဇော်ဝင်းထွဋ် တို့ကလည်း စိတ်ဝင်စားစွာ နားထောင်နေကြတယ်၊ သူတို့လည်း အဲဒီမဟာဇောဓိတောရကျောင်းတရားစခန်းမှာ လုပ်အားတွေသာ ပေးနေခဲ့တာ ဒီတရားစခန်းရဲ့သမိုင်းကျောင်းကို သိခဲ့ရမှာ မဟုတ်လို့ စိတ်ဝင်းစားနေကြပုံပေါ်ပါတယ်၊ သူတို့ကလည်း တရားအားထုတ်ပြီးကြတဲ့ ယောဂီ ဟောင်းတွေပဲ။

" ဒေါ်ကြည်ကြည်၊ ဒေါ်လှနု၊ ဒေါ်ဘူး၊ ဒေါ်ရွှေတို့ ပထမအကြိမ်ကစပြီး ယခု (၂၅) ကြိမ်မြောက်အထိ ဝေယျာဝစ္စ ဆောင်ရွက်ခဲ့ကြတယ်ဆိုတော့ ဝေယျာဝစ္စကုသိုလ်တွေ အများကြီး ရခဲ့ကြပြီပေါ့။ "

" နောက် ဒုတိယနှစ်၊ တတိယနှစ်မှာ (၁၅) ရက်တရားစခန်း ဖွင့်တယ်၊ နောက် စတုတ္ထအကြိမ်ကစပြီး ယခုအကြိမ်အထိ (၁၀) ရက်စခန်း ဖွင့်တယ်၊ ရှေ့ပိုင်းနှစ်တွေမှာ ဆရာတော်ကိုယ်တိုင် ကြွပြီး တရားပြတယ်၊ စခန်းရဲ့အစ, အဆုံး မနေနိုင်တောင် အဖွင့်, အပြီး နေ့တွေမှာတော့ ကြွတယ်။ "

" အခု နောက်ပိုင်းမှာတော့ ကျောက်တန်းဆရာတော် အရှင်ရှစိရညာနကိုပဲ တာဝန်ပေးတာ များပုံပေါ်တယ်။ "

" မှန်ပါဘုရား။ "

ဆရာတော်လည်း သူကျေးဇူးရှင် ဒကာ, ဒကာမတွေကို အကောင်းဆုံးကျေးဇူးဆပ်နည်းနဲ့ ကျေးဇူးဆပ်နေရလို့ တွေးလိုက်တိုင်း ကြည်နူးပီတိ ဖြစ်နေမိမှာကတော့ မြေကြီးလက်ခတ်မလွဲနေမှာပါပဲ၊ ဒါကတော့ ဆရာတော့်မှာသာ မဟုတ်ပါဘူး၊ ဒီလို အကောင်းဆုံးကျေးဇူးဆပ်နည်းနဲ့ ကျေးဇူးရှင်တွေကို ကျေးဇူးဆပ်ခွင့်ရသူ

http://www.dhammadownload.com

တိုင်းမှာ ဒီပီတိမျိုးကို ခံစားကြရမှာပါပဲ၊ ဆရာတော်ရဲ့ အကောင်းဆုံးကျေးဇူးဆပ်မှုကို ခံယူခွင့်ရကြတဲ့ ဒကာ, ဒကာမတစ်တွေဟာ ကံကောင်းကြပါပေတယ်၊ အရိပ်တကာ့ အရိပ်တွေထဲမှာ အကောင်းဆုံးတရားရိပ်သာမှာ ခိုလှုံနေကြရတာကိုး။

ဒီအကြောင်းအရာတွေကို ပြောပြကြတဲ့ ဒေါ်ကြည်ကြည်၊ ဒေါ်လှနု၊ ဒေါ်ဘူး၊ ဒေါ်ရွှေတို့ကို ကျေးဇူးတင်လှပါတယ်၊ မဟာဗောဓိတောရစခန်းကို ယခု ငွေရတုမှ ရွှေရတုတိုင်အောင်၊ ရွှေရတုမှ စိန်ရတုတိုင်အောင်၊ စိန်ရတုမှ ပတ္တမြားရတု တိုင်အောင် ပတ္တမြားရတုမှ အဆင့်ဆင့် မြင့်မြင့်သွားတဲ့ ရတုတွေတိုင်အောင် မဟာဗောဓိတောရ ဓမ္မမိသားစုတွေ ဆက်လက်ကြိုးစားနိုင်ကြပါစေလို့ တောင်းဆု ခွေလိုက်ပါတယ်။

ငွေရတု

နှစ် (၃၀) ကြာ
သူ ကင်းကွာခဲ့၊
စစ်မှာ ပြန်ဝင်
ထိုတောခွင်၌
သစ်ပင် ခြုံတွေ
ပိတ်သဲနေ၏။
သူနေရာ တဲ
တစ်ခုထဲ ရှိ
ယိုင်လဲ လုနီး
သူ မငြိုးဘူး။
ကြည်နူးပီတိ
မေတ္တာပြည့်ဖြင့်
သူ၏ ယခင်
ကျေးဇူးရှင်များ
မြတ်တရားဖြင့်
သူကား ကျေးဇူး
အလွန်ထူးစွာ
ဆပ်ခဲ့ပါ၏။

http://www.dhammadownload.com

ခုခါနှစ်ကား
နှစ်ဆယ့်ငါးပင်
ရှိသွားလေရာ
လူများစွာတို့
ခေါ်ကာ ပြောပြု
" ငွေရတု "

http://www.dhammadownload.com

ချိုတော့ ချိုပါ၊ မချဲ့ပါနဲ့

" ဘဝသံသရာ၊ မနေမနား၊ ထွေပြား တစ်သွားထဲ သွားကြတာ " ဆိုတဲ့ သီချင်းကို ကြားဖူးတယ်။ တရားသဘောတွေ ပါလို့ စိတ်ထဲမှာ ဆိုကြည့်တယ်။ မရဘူး၊ ဂီတအနုပညာဗီဇ ပါပုံမပေါ်ပါဘူး၊ ဘာသီချင်းတစ်ပုဒ်မှ မရဘူး၊ ဘဝသံသရာ သီချင်းနဲ့ ပတ်သက်ပြီး ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ ဆရာတော်က ဥုံးဇင်းတစ်ပါးကို သတိပေးဟန့်တားခိုင်းတယ်၊ အဲဒီ ဥုံးဇင်းက တရားဟောရင်း အဲဒီ သီချင်းစာသားလေးတွေကို ရွတ်ပြတယ်၊ ရွတ်တုန်းက သီချင်းသံစဉ် မပါအောင် သတိထားပြီး ရွတ်တယ် တဲ့၊ ရွတ်ရင်း ရွတ်ရင်းနဲ့ သီချင်းသံလေယူလေသိမ်းက အလိုလို ပါသွားတယ် တဲ့၊ အဲဒီတုန်းက ဆွမ်းစားကျောင်းပေါ်မှာ တရားဟောရတယ်၊ အဲဒီတရားပွဲမှာ အသံချဲ့စက်နဲ့ ဟောတာကိုး၊ ဆရာတော်က အဲဒီသီချင်းသံကို ကြားပါလေရော၊ အဲဒီကြားရတဲ့အချိန်မှာ ဆရာတော်က ပြည်ပယောဂီတွေကို သာထွန်းအောင်ကျောင်း အပေါ်ထပ်မှာ တရားဟောနေတယ်၊ နွေရာသီမို့ ပူလို့ စာအုပ်ဘီဒိုတွေကြားက နေရာလေးမှာ တရားဟောနေတယ်၊ အဲဒီနေရာလေးက အေးတယ်၊ အဲဒီသီချင်းသံလည်း ကြားရရော ဟောလက်စတရားကို ရပ်ထားခဲ့ပြီး သာထွန်းအောင်ကျောင်း အပေါ်ထပ်ကနေ သီချင်းသံနဲ့ မဆိုဖို့ လှမ်းပြီး အော်ပြောတယ် တဲ့၊ ဆရာတော် ပြောတာကို ဘယ်သူမှ ကြားကြပုံ မပေါ်ပါဘူး။

ဒါနဲ့ ဆရာတော်က စာရေးသူရဲ့ အခန်းကို ကွေ့လာတယ်၊ အခန်းတံခါးဖွင့်ပြီး ဒီရိပ်သာထဲမှာ သီချင်းသံနဲ့ ဟောတယ်၊ လွန်လာပြီး၊ သွားပြောပါ၊ အခုပဲ ရပ်လို့ လို့ ပြောကာ ပြန်ကြွသွားတယ်၊ ဒါနဲ့ ဆွမ်းစားကျောင်းဘက် ဆင်းသွားရတယ်၊ ဆင်းသွားတော့ သူဘဝသံသရာသီးချင်းက ဆုံးသွားပြီ။

ဒါဟာ သီချင်းသံနဲ့ တရားဟောရင် ဆရာတော် မကြိုက်နှစ်သက်တာရဲ့

http://www.dhammadownload.com

သာဓကတစ်ခုပါပဲ။

နောက်တစ်ခုကတော့ ဥူးဇင်းတစ်ပါးက ယခု သာဓုဇနတောသနာ ဓမ္မသဘာဆောင်ကြီးမှာ တရားဟောနေတယ်၊ အသံချဲ့စက်နဲ့ပဲ၊ ဆရာတော်ကလည်း သာထွန်းအောင်ကျော်အပေါ်ထပ်မှာ ပြည်ပယောဂီတို့အား တရားဟောနေတယ်။ အဲဒီ ဥူးဇင်းရဲ့တရားဟောတဲ့အသံက တရားဟောနေတဲ့ ဆရာတော်ကို အနောင့်အယှက် ပေးတယ်၊ ဥူးဇင်းရဲ့ အသံကလည်း မည်၊ အသံချဲ့စက်လည်း ပါဆိုတော့ ပိုမြည် တော့တာပေါ့၊ ဆရာတော်က တရားဟောပြီးလို့ အောက်ဆင်းသွားတဲ့အခါ " ခု တရား ဟောတာ ဘယ်သူလဲ၊ ဒီမှာ ယပ်လှဲသံနဲ့ တရားမဟောစေနဲ့ " လို့ မိန့်သံကို ကြား လိုက်ရတယ်။

ဒါဟာ အသံအနှိမ့်၊ အမြင့်၊ ဆွဲကာ၊ ငင်ကာ ဟောတာကို ဆရာတော် မကြိုက်နှစ်သက်မှုရဲ့ သာဓကတစ်ခုပါပဲ။

ဆရာတော်က ငယ်ငယ်ရွယ်ရွယ်နဲ့ တပည့်ရဟန်းတွေကို တရားမဟော စေလိုဘူး၊ တရားကို အသံနေ အသံထား ဟောလို့ ပရိသတ် ကြိုက်ပြီဆိုရင် " သစ်ပင်လေးငယ်ငယ် အသီးကြွယ်တော့ ကိုင်းပဲ့တတ်တယ်၊ " ဆိုတဲ့ ပထမ ရွှေကျင် ဆရာတော်ကြီးရဲ့ ဩဝါဒလိုပဲ ကိုင်းပဲ့ သွားတတ်ကြတယ်၊ ဘုန်းကြီးတဲ့ ဒဏ်မခံနိုင် ဖြစ်ကာ ရဟန်းဘဝ ကျဆုံးသွားတတ်တယ်၊ ဒီလိုအဖြစ်အပျက်တွေကို ဆရာတော် က မြင်တွေ့ကြားသိနေရတယ်၊ ဒါကြောင့် ဆရာတော်က ငယ်ငယ်ရွယ်ရွယ်နဲ့ တရား မဟောစေချင်ဘူး၊ ဝါ (၂၀) ရပြီးမှ ဟောစေချင်တယ်၊ ဝါ (၂၀) ဆိုတော့ အရွယ်ရလာ ပြီမို့ မပျက်စီးအောင် ထိန်းသိမ်းနိုင်စွမ်း ရှိတတ်တာမို့ကြောင့်ပါပဲ။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာတော့ ဝါ (၂၀) မရသေးပေမယ့် ဝန်ဆောင်ရဟန်းငယ်တွေကို တရားဟောခွင့် ပေးတာကို တွေ့ရပါတယ်၊ အသံလုပ်ပြီး တရားဟောတာကိုတော့ ခွင့်မပြုဘူး၊ ဆရာတော်ကတော့ စကားပြောသလိုပဲ ပြော သွားတာပါပဲ၊ တရားမဟောခင် တချို့ဓမ္မကထိကတွေက ဘုရားရှိခိုးဂါထာတွေ ရွတ်၊ အနက်ပေးပြီး " သတည်း " လို့ အဆုံးသတ်ကာ သာဓုသံပေးကြသေးတယ်၊ တချို့က မေတ္တာပို့တွေတောင် ဆိုလိုက်ကြသေးတယ်၊ တရားပြီးတော့ ဂါထာရွတ်၊ အနက်ပေး၊ သာဓုသံပေးကြပြန်သေးတယ်၊ အလယ်ပိုင်းမှာလည်း တရားနာပရိသတ်ကို သာဓု အကြိမ်ကြိမ်ခေါ်အောင် ဟောသေးတယ်၊ ဆရာတော်ကတော့ အဲဒီလို ပုံစံမျိုးနဲ့ ဟောတာ မတွေ့ရဘူး၊ သူဟောတဲ့ တရားကို ခေါင်းစီးတော့ ပေးတတ်တယ်၊ ပါဠိလို ပေးတဲ့အခါလည်း ရှိတယ်၊ မြန်မာလို ပေးတဲ့အခါလည်း ရှိတယ်၊ များသောအားဖြင့် မြန်မာလို ပေးတာ များတယ်၊ ဆရာတော်က မြန်မာစကားလိုတောင် ဖြစ်နေတဲ့

http://www.dhammadownload.com

ပါဠိစကားတွေကိုတောင် မြန်မာမှုပြုလေ့ရှိတယ်၊ မြန်မာတွေ နားမယဉ်သေးတဲ့ ပါဠိစကားတွေကိုတော့ မြန်မာမှု ပိုပြီး ပြုလေ့ရှိတယ်။

ဇာတ်လမ်းတွေကို အသားပေးပြီး ဟောလေ့မရှိဘူး၊ တရားအသားတွေပဲ ဦးစားပေး ဟောလေ့ရှိတယ်၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတွေကို ပိုင်နိုင်အောင် ကြည့်ပြီးမှ အကြောင်းအရာတစ်ခုကို မြန်မာတွေ နားလည်အောင် မြန်မာမှုအထွေထွေနဲ့ စာတွေ့ပေါ်မှာ လက်တွေ့ပေါင်းစပ်ကာ ဟောကြားလေ့ရှိတယ်၊ ယောဂီတွေကို တရားရှုမှတ်မှုနဲ့စပ်တဲ့ တရားတွေကိုပဲ များများ ဟောတယ်၊ ဟောစေတယ်၊ ဆရာတော့် ဟော တရားတွေက အသားပါလွန်းတော့ တရားအားထုတ်သူ၊ အားထုတ်ဖူးသူ မဟုတ်ရင် ငြီးငွေ့ဖွယ်ဖြစ်နေတတ်တယ်၊ တရားအားထုတ်သူ၊ အားထုတ်ဖူးသူ၊ အားမထုတ် ရသေးပေမယ့် ပညာရှင်တွေဆိုရင်တော့ စိတ်ဝင်စားကြပါတယ်။

ဆရာတော်တရားသံက တခါတရံ မဟာစည်ဆရာတော်ကြီးရဲ့ ဟန်ပါရဲ့၊ မဟာစည်ဆရာတော်ကြီးရဲ့အသံက နိဗ္ဗိဒါအသံ (ငြီးငွေ့တဲ့အသံ) ဆန်တယ်လို့ ခံစားမိတယ်၊ တခါတရံတော့လည်း မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ ဟန်ပါရဲ့၊ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့အသံဟာ ကရဏာသံပါတယ်လို့ အပြောများကြတယ်၊ တခါတရံတော့လည်း ဆရာတော်ကိုယ်ပိုင်အသံပါပဲ၊ ဆရာတော်အသံက ခပ်ပြတ်ပြတ်ပဲ၊ တခါတရံတော့ ခပ်မာမာပဲ၊ ဆရာတော်က ပြောလေ့ရှိတဲ့ စကားတစ်ခွန်းရှိတယ်၊ "စကားပြောတဲ့အခါမှာပဲ ဖြစ်ဖြစ်၊ တရားဟောတဲ့ အခါမှာပဲဖြစ်ဖြစ် စကားချိုရပါတယ်၊ ချိုရမယ် ဆိုလို့ ချဲတာမျိုးတော့လည်း မဖြစ်စေရဘူး၊ တည့်တည့်တန့်တန့် ခန့်ခန့်ထည်ထည် ရှိရမယ် " တဲ့။

တရားကို စတင်ပြီး ဟောခဲ့စဉ်က တရားဟောဖို့ အလွန်ဝန်လေးခဲ့တယ်တဲ့၊ အခုတော့ တရားဟောဖို့ လုံးဝ ဝန်မလေးတော့ဘူး၊ ဆရာတော်က သက်တော် (၃၄) နှစ်ကစပြီး ကမ္မဋ္ဌာန်းဆရာ ဖြစ်ခဲ့တာဆိုတော့ အခု သက်တော် (၇၅) နှစ် အထိ ဆိုရင် တရားဟောသက်ဟာ (၄၁) နှစ်တောင် ရှိနေပြီပေါ့၊ စာရေးသူရဲ့ အသက်နဲ့ တန်းတူပါပဲ၊ (၄၁) နှစ်တာကာလအတွင်း အကြိမ်ပေါင်းများစွာ တရားဟောခဲ့တာမို့ တရားဟောနိုင်၊ ဟောတတ်တဲ့ စွမ်းရည်တွေကတော့ ဆရာတော့်မှာ အလွန်ပဲ အားကောင်းနေပြီပေါ့၊ တခါတရံ ဟောစရာတရားတွေ များနေလို့ ဘယ်တရားကို ဟောရမှန်း မသိနိုင်အောင်၊ မရွေးချယ်နိုင်အောင် ဖြစ်နေတတ်ပါတယ်တဲ့၊ " ဒီတရားကလည်း သူ့ကို ဟောပါ၊ ဟိုတရားကလည်း သူ့ကိုဟောပါ " လို့ အလုအယက် ပြောနေကြသယောင်လည်း ရှိပုံပေါ်ပါတယ်၊ Practice makes perfect " လေ့ကျင့်မှုဟာ ပြည့်စုံစေတယ် " လို့ ဆိုတဲ့ စကားဟာ ဟုတ်ပေတာပဲ။

http://www.dhammadownload.com

မြန်မာဗုဒ္ဓသာသနာဝင်တွေကို ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအပေါ် ယုံကြည်လာအောင်၊ စိတ်ဝင်စားလာအောင် လက်ခံလာအောင် ဟောပြောဖို့ လွယ်ချင်လွယ်နိုင်ပေမယ့် ဗုဒ္ဓသာသနာဝင် မဟုတ်တဲ့ ပြည်ပသားတွေ ရတနာသုံးပါး အပေါ် ယုံကြည်လာအောင်၊ စိတ်ဝင်စားလာအောင်၊ လက်ခံလာအောင် ဟောပြောဖို့မှာ မလွယ်ကူပါ၊ အလုပ်သဘော၊ လက်တွေ့သဘောပါတဲ့ တရားကို ဟောပေးရပါတယ်၊ သူတို့ကိုလည်း လက်တွေ့ တရားအားထုတ်နိုင်းရတယ်၊ သူတို့ ကိုယ်တိုင် တွေ့ရှိလာတဲ့ ကိုယ်တွေ့လေးတွေအပေါ် အခြေခံပြီး ဗုဒ္ဓတရားကို စိတ်ဝင်စားလာကာ ယုံကြည် လက်ခံလာကြတယ်၊ သူတို့ကို ဟောတဲ့အခါ စာတွေ့သက်သက် ဟောရုံနဲ့ကတော့ ခရီးမရောက်လှဘူး၊ လက်တွေ့ပါ ပေါင်းစပ်ပြီးပြောမှ သဘောကျလက်ခံတတ်ကြတယ်၊ သူတို့ကို မြန်မာတွေမှာ ဟောသလို အသံ၊ အနိမ့်အမြင့်နဲ့ သွားဟောလို့ ဘာမှ မထူးခြားဘူး၊ အဲဒီလို အသံတွေဟာ သူတို့နှလုံးသားထဲ တရားစွဲသွားအောင် လုပ်ပေးတဲ့ နေရာမှာတော့ အစွမ်းမထက်ကြဘူး၊ ပညာသားပါတဲ့ အသံတွေကသာ အစွမ်းထက်ကြတယ်။

အမေရိကမှ အရှင်သီလာနန္ဒာဘိဝံသက ပြောဖူးတယ်၊ "သူက မြန်မာနိုင်ငံမှ နာမည်ကြီး ဆရာတော်ကြီးတစ်ပါးရဲ့ တရားခွေကို ဖွင့်ပြီး နားထောင်နေတယ် – တဲ့၊ အဲဒါကို ပြည်ပသားတစ်ဦးက မေးဖူးတယ်တဲ့၊ အဲဒါက သီချင်းဆိုနေတာလား" တဲ့၊ သူအထင်မှာ ဓမ္မသီချင်းဆိုနေတယ်လို့ ထင်ပုံရပါတယ်၊ မြန်မာတွေရဲ့ နားနဲ့ တခြားစီ ဖြစ်နေတယ်၊ သတိထားစရာပဲ။

ချိုတော့ ချိုပါ၊ မချဲ့ပါနဲ့

စကားပြောရာ
ချိုသာပါစေ၊
သို့ပါသော်လဲ
မပျစ်ချဲနဲ့၊
အမြဲတည်ကြည်
ခန့်ထည်ထည်ဖြင့်
ပြောဆိုသင့်။

≈ ≈ ≈ ≈ ≈

http://www.dhammadownload.com

ငါးကြင်းဆီနဲ့ ငါးကြင်းကြော်

" ဝက်သားဆီနဲ့ ဝက်သားပြန်ကြော်တဲ့ နည်းပေါ့ " တဲ့။

သီရိလင်္ကာရဟန်းတော် အရှင်ဓမ္မာဇီဝက သူ့အား ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော် ပြောတဲ့ စကားကို စာရေးသူအား ပြန်ပြောပြတယ်၊ သူက စာရေးသူနေတဲ့ ကျောင်းဆောင် လာပြီး ပြောပြခြင်းပါ။

" ဥုးဓမ္မာဇီဝ . . . ဆရာတော် ပြောလေ့ရှိတဲ့ စကားက " ငါးကြင်းဆီနဲ့ ငါးကြင်းကြော် " လို့ မဟုတ်လား။ "

မြန်မာစကား သိပ်မကျွမ်းကျင်လှသေးတော့ ငါးကြင်းဆီနဲ့ ငါးကြင်းကြော် ဆိုတဲ့ စကားကို ချက်ချင်း နားမလည်သေးဘူး၊ နည်းနည်း စဉ်းစားပြီးမှ " ဟုတ်တယ်၊ အဲဒီစကားပဲ " လို့ ပြောတယ်၊ ပြီးတော့ သူစကား သူ ဆက်ပြန်တယ်။

" အဲဒီတုန်းက (ရန်ကုန် ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ ဆရာတော့်ထံ နေခွင့်၊ မြန်မာစာသင်ယူခွင့် ရအောင် လျှောက်ထားစဉ်က) ဂျာမန်ရဟန်းတော် အရှင်ဝိဝေကာနန္ဒက ဘာသာပြန် လုပ်ပေးပါတယ်၊ အဲဒီတုန်းက သူလည်း " ငါးကြင်းဆီနဲ့ ငါးကြင်းကြော် " ဆိုတဲ့ စကားကို နားမလည်ခဲ့ဘူး၊ ဘာသာမပြန်နိုင်ခဲ့ဘူး၊ အဲဒီတုန်းက ဆရာတော်က ရယ်တယ်။ "

" တပည့်တော်က ဒီမှာ (၁၈) လ တရားအားထုတ်ပြီးလို့ သီရိလင်္ကာ ပြန်တော့မယ်၊ ဒါကြောင့် မပြန်ခင် မြန်မာစကား (၂) ပတ်လောက် သင်ယူချင်တယ်၊ အဲဒီအကြောင်း ဆရာတော့်ကို လျှောက်တယ်၊ အဲဒီတော့ ဆရာတော်က ဒီလိုဆိုရင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် သွားပေါ့ လို့ ပြောတယ်၊ တပည့်တော် ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာပဲ ဆက်လက်လေ့လာခွင့် ရရင် ဆက်လက် လေ့လာချင်ပါတယ် " လို့ လျှောက်တဲ့အခါ ဘာကြောင့် မြန်မာစာကို လေ့လာချင်ရ

http://www.dhammadownload.com

တာလဲ " လို့ ဆရာတော်က မေးတယ်။ "

" သီရိလင်္ကာမှာ ဝိပဿနာရှုနည်း ကျယ်ကျယ်ပြန့်ပြန့် မရှိဘူး၊ မြန်မာနိုင်ငံ မှာ မဟာစည်ဆရာတော်၊ မဟာဂန္ဓာရုံဆရာတော်စတဲ့ ဆရာတော်ကြီးတွေရဲ့ စာအုပ် ကောင်းတွေ ရှိတယ်၊ အဲဒီစာအုပ်တွေကို သီရိလင်္ကာလို ပြန်ပေးချင်ပါတယ်၊ တပည့်တော် မြန်မာစာ သင်ချင်တာက ဗုဒ္ဓသာသနာအတွက်၊ အများအကျိုး ဆောင်ဖို့အတွက်ပါ၊ တပည့်တော့်အကျိုးအတွက် မဟုတ်ပါဘူး လို့ လျှောက်တော့ ဆရာတော်က စိတ်ဝင်စားလာပုံ ရပါတယ်။ "

" ဆရာတော်က သူအကြောင်းသူ ပြန်ပြောတယ်၊ " သူလုပ်ချင်တာ မလုပ် ဘူး၊ သာသနာအတွက် အကျိုးများတာကိုပဲ လုပ်တယ် " တဲ့၊ တပည့်တော်က သာသနာအတွက်၊ အများအကျိုးဆောင်ရွက်ဖို့အတွက် မြန်မာစာသင်ယူချင်တယ် ဆိုရင်တော့ ဒီရိပ်သာမှာပဲ ဆက်လက်သင်ပါလို့ ခွင့်ပေးပါတယ်၊ ဆရာတော်က တပည့်တော်ကို လွယ်လွယ်ကူကူနဲ့ သူ့ရိပ်သာမှာ မြန်မာစာ သင်ယူခွင့် မပေးတာက သီရိလင်္ကာ တွေက ဝိရိယနည်းကြတယ်၊ သီရိလင်္ကာက မြန်မာနိုင်ငံထက် ရာသီဥတု ပိုကောင်း တယ်၊ ဒါကြောင့် သီရိလင်္ကာတွေက သူတို့အလုပ်တွေကို ကြိုးကြိုးစားစား မလုပ်ကြဘူး၊ ဆရာတော်ကလည်း သီရိလင်္ကာမှာ (၃) နှစ်လောက် နေခဲ့တာဆိုတော့ သီရိလင်္ကာတွေအကြောင်း ကောင်းကောင်း သိထားတယ်၊ ဒါကြောင့် တပည့်တော်ကို လည်း ဝိရိယနည်းလိမ့်မယ်လို့ ယူဆပုံရပါတယ်၊ ဒါကြောင့်ပါပဲ။ "

" ဆရာတော်ဘုရား . . . သီရိလင်္ကာက တပည့်တော်ရဲ့ ဥပဇ္ဈာယ်ဆရာက ပြောပါတယ်၊ မြန်မာနိုင်ငံမှာ မဟာစည်ဆရာတော်စတဲ့ ဆရာတော်တွေ ပျံတော်မူ ကုန်ကြပြီ၊ မြန်မာနိုင်ငံမှာ ငါ သိက္ခာမ်းထားတဲ့ ရဟန်းတွေထဲက ဥူးပဇ္ဈာတစ်ပါးပဲ ရှိတော့တယ်၊ ဥူးပဇ္ဈာတက သူအကျိုးအတွက် မကြည့်ဘဲ သာသနာအတွက်, အများအကျိုးအတွက်ပဲ ကြည့်တယ်၊ ဒါကြောင့် မြန်မာနိုင်ငံကို သွားချင်ရင် သူထံပဲ သွား – တဲ့၊ ဒါကြောင့် တပည့်တော်က ဆရာတော်ရဲ့အကြောင်းကို မြန်မာနိုင်ငံကို မလာခင် သီရိလင်္ကာမှာ နေကထဲက သိထားပါတယ်ဘုရား။ "

အရှင်ဓမ္မာဇီဝက ဆရာတော်ကို အဲဒီလို လျှောက်ခဲ့တယ် တဲ့။

အရှင်ဓမ္မာဇီဝဟာ ၁၉၉၆ (၁၃၅၈) ခုနှစ်ဝါကို ဆယ်မိုင်ကုန်း တောစခန်း ရိပ်သာမှာ ဝါဆိုပါတယ်၊ အခြားသီရိလင်္ကာရဟန်း (၄) ပါးလည်း ဝါဆိုပါ တယ်၊ အဲဒီအခြားရဟန်း (၄) ပါးက အင်္ဂလိပ်စကား မကျွမ်းကျင်ကြပါဘူး၊ အရှင်ဓမ္မာ ဇီဝကတော့ အင်္ဂလိပ်စာသာမက မြန်မာစာပါ အတော်ကျွမ်းနေပါပြီ၊ တရားစစ်တဲ့ အခါ အရှင်ဓမ္မာဇီဝရဲ့ မြန်မာစာ ကျွမ်းကျင်မှုက ကျေးဇူးများလှပါတယ်၊ သူတို့

http://www.dhammadownload.com

ကမ္မဋ္ဌာန်းဆရာဖြစ်တဲ့ ရွှေဘိုဆရာတော်ဦးနန္ဒထံ တရားလျှောက်တဲ့အခါ အရှင်ဓမ္မာဇီဝက မြန်မာလိုပြောတဲ့ ရွှေဘိုဆရာတော်ရဲ့ စကားကို သီရိလင်္ကာလို ဘာသာပြန်ပေးပါတယ်၊ ဟောတဲ့တရားကိုလည်း သူပဲ ဘာသာပြန်ပေးပါတယ်၊ သူက တက္ကသိုလ်ဘွဲ့ရ ခေတ်ပညာတတ်ဖြစ်တဲ့အပြင် စိုက်ပျိုးရေးပညာရပ်မှာလည်း ကျွမ်းကျင်ပါ တယ်၊ ဒါ့ကြောင့် ဆယ်မိုင်ကုန်းတောစခန်းရိပ်သာမှာ စိုက်ပျိုးရေး တာဝန်ခံ အဖြစ်နဲ့လည်း အင်တိုက်အားတိုက် ဆောင်ရွက်နေပါတယ်၊ သူဦးစီးပြီး စိုက်ပျိုးထားတဲ့ သစ်ပင်တွေကလည်း မျိုးပေါင်း စုံနေတာပါပဲ၊ အဲဒီသစ်ပင်တွေက ကြီးလာခဲ့ရင် ဝေဠုဝန်ကျောင်းတော်ကြီးကို ချီးမွမ်းခန်း ဖွင့်သလို ဖွင့်ရမယ့်ပုံပဲ၊ သူတို့ စည်းစနစ်ကျကျ စိုက်ထားတာဆိုတော့ အတော်ကို စိတ်ကြည်နူးစရာဖြစ်ပါလိမ့်မယ်။

သူက ဆရာတော်ရဲ့ " အမေရိကဓမ္မဒေသနာ " ဆိုတဲ့ တရားစာအုပ်ကို လည်း သီရိလင်္ကာလို ဘာသာပြန်ထားတယ်။ ဆရာတော်ရဲ့ In this very life စာအုပ်ကို ပြည်ပသားတွေ အလွန်နှစ်ခြိုက်ကြတယ်၊ အရှေ့တိုင်းကရော အနောက်တိုင်းကရော ပဲ၊ အဲဒီစာအုပ် ဖတ်ပြီး တရားအားထုတ်ချင်လို့ ရွှေတောင်ကုန်း သာသနာ့ရိပ်သာကို လာကြတဲ့ သူတွေဟာလည်း မနည်းဘူး၊ အဲဒီစာအုပ်က ပြည်ပမှာ နာမည်ကြီးတယ်၊ ဒုတိယအကြိမ်တောင် ရိုက်ထားရတယ်၊ On the path to freedom ဆိုတဲ့ ဆရာတော်ရဲ့ အင်္ဂလိပ်တရားစာအုပ်တစ်အုပ်လည်း ရှိသေးတယ်၊ နောက်ပြီးတော့ " Rain - drop in Hot Summer " ဆိုတဲ့ ဆရာတော်ရဲ့ အင်္ဂလိပ်စာအုပ်တစ်အုပ် လည်း ရှိသေးတယ်၊ နောက်ပြီးတော့ စာရေးသူက ဆရာတော်ရဲ့ အဲဒီအင်္ဂလိပ် တရားစာအုပ် (၃) အုပ်ထဲက ဥပမာအလင်္ကာစကားများကို " Powerful vehicles for the Journey to Nibbana " ဆိုတဲ့ နာမည်နဲ့ စာအုပ်ထုတ်ပါမယ်၊ မကြာခင် ထွက်လာပါလိမ့်မယ်၊ နောက်ပြီးတော့ ပထမ (၂) အုပ်ထဲက ပုံဝတ္ထုလေးတွေကိုလည်း အင်္ဂလိပ်လို စာအုပ်ထုတ်ပါမယ်၊ အဲဒီစာအုပ် လည်း မကြာခင် ထွက်လာပါလိမ့် မယ်၊ ဆရာတော် ပြည်ပမှာ ဟောထားတဲ့ တရားတွေကို အင်္ဂလိပ်လိုစာအုပ် ထုတ်မယ်ဆိုရင် အင်္ဂလိပ်စာအုပ်တွေ အများကြီး ထွက်လာပါမယ်၊ သီရိလင်္ကာတွေ ကလည်း သီရိလင်္ကာလို ပြန်၊ ဗီယက်နမ်တွေက လည်း ဗီယက်နမ်လို့ ပြန်၊ ကိုးရီယားတွေကလည်း ကိုးရီယားလို ပြန်၊ ဂျပန်တွေက လည်း ဂျပန်လို ပြန်လို့ ဆရာတော်ရဲ့တရားတော်တွေဟာ ပြည်ပမှာ များစွာ ပြန့်ပွားလျက်ရှိနေပါတယ်။

ပြည်ပမှာ ဟောထားတဲ့ တရားတွေကိုရော ပြည်တွင်းမှာ ဟောထားတဲ့ တရားတွေကိုပါ မြန်မာလို တရားစာအုပ်ထုတ်မယ်ဆိုရင်လည်း ဆရာတော်ရဲ့တရား

http://www.dhammadownload.com

စာအုပ်တွေ များစွာပဲ ရှိလာပါလိမ့်မယ်၊ ယခုတော့ အမေရိကဓမ္မဒေသနာ တစ်အုပ်ပဲ စာအုပ်အဖြစ် ရောက်လာပါသေးတယ်၊ ဆရာတော် ဟောထားတဲ့ တရားတွေကို တိတ်ခွေသွင်းထားကြလို့ အင်္ဂလိပ်လို ခွေတွေရော မြန်မာလိုခွေတွေပါ ရာပေါင်းတော်တော် ရှိပါလိမ့်မယ်၊ ဆရာတော် တရားဟောခဲ့တဲ့ နှစ်ပေါင်း (၄၁) နှစ်တာကာလအတွင်း ပြည်တွင်း – ပြည်ပ ဟောသမျှတရားတွေကိုသာ တိတ်ခွေသွင်းထားရင် ခွေတွေ ထောင်ပေါင်း တော်တော် များပါလိမ့်မယ်။

စာရေးသူ ကြိုးစားထားလို့ ထွက်လာတဲ့ ဆရာတော်နဲ့စပ်တဲ့ စာအုပ်တွေပဲ အတော်လေး ရှိနေပြီ၊ သေချာစဉ်းစားပြီး ရေတွက်ပြဦးမယ်၊ ၁။ ပြည်ပဓမ္မဂုဏ်ရည်ပြဓမ္မဒူတခရီး ၂။ ကိုရင်ဘဝတစ်လတာအတွေ့အကြုံ ၃။ ဆရာတော်၏အဆိုအမိန့်များ ၄။ အမေရိကဓမ္မဒေသနာ ၅။ ဆရာတော် မေးခဲ့သပြေကန်ဆရာတော်ကြီး ဖြေသည် ၆။ ဆရာတော်၏ လက်လှမ်းမီသာသနာ ၇။ ရဟန်းတော်တို့အတွက် ဘုရားဥပဒေတော်များ ၈။ ဆရာတော်၏ ပြည်ပဝန်ဆောင်တပည့်တို့၏ ဓမ္မဂုဏ်ရည်ပြအတွေ့အကြုံများ ၉။ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၏ပြည်တွင်း၊ ပြည်ပသာသနာ့ရောင်ခြည် ၁၀။ ဗုဒ္ဓသာသနာဝင်တို့ သိဖို့လိုသည်။ (မကြာမီထွက်လာမည်) ၁၁။ အမေရိကဓမ္မဒေသနာ ဒုတိယအုပ် (စီစဉ်ဆဲ) ၁၂။ ပြည်ပယောဂီ တို့အား ဆရာတော်၏ဖြေကြားချက်များ (စီစဉ်ဆဲ) ၁၃။ Powerful vehicles for the journey to Nibbana (ရိုက်ဆဲ) ၁၄။ ဆရာတော်ပြောပြသော ပုံဝတ္ထုများ (အင်္ဂလိပ်လိုရိုက်ဆဲ) ၁၅။ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်၏ တစ်ဘဝတာခရီး (၁၅) အုပ်တောင်ဆိုတော့ မနည်းပါပဲလား။

အရှင်ဓမ္မာဇီဝအကြောင်း ပြန်ပြောဦးမယ်၊ သူက ယခု သီရိလင်္ကာကို ပြန်အုံးမယ်၊ ပြန်မယ့်အကြောင်း ဆရာတော်ကို လျှောက်တော့ ဆရာတော်က ပြန်ခွင့်မပေးဘူး၊ အနည်းဆုံး (၅) နှစ် ဆက်နေရအုံးမယ်လို့ မိန့်တယ် တဲ့၊ ငါးကြင်းဆီနဲ့ ငါးကြင်းပြန်ကြော်ပေးနေတဲ့ အရှင်ဓမ္မဇီဝရဲ့အစွမ်းကို ဆရာတော်တွေ့သိနေပုံရပါတယ်။ လျှောလျှောရှုရှု သွားခွင့်မပြုချင်ဘူး။

ဆရာတော်မှာ ငါးကြင်းဆီနဲ့ ငါးကြင်းပြန်ကြော်ပေးမယ့် ငါးကြင်းတွေ တော်တော် ရှိပါတယ်၊ နီပေါနိုင်ငံကလည်း ပါတယ်၊ အမေရိကနိုင်ငံကလည်း ပါတယ်၊ သီရိလင်္ကာနိုင်ငံကလည်း ပါတယ်၊ နီပေါနိုင်ငံက တော်တော်များတယ်၊ ယခု ရှိတာကိုပဲ ရေတွက်ပြရရင် မအဂ္ဂညာနီ (စာချုတန်း)၊ မဝိမလညာနီ (ပထမကျော်၊ စာချုတန်း) မဝိသိဋ္ဌညာနီ (အကြီးတန်း) ရှင်နရာဓိပ (အလတ်တန်းနဲ့ သာမဏေကျော်ဒုတိယဆင့်) ရှင်ဇနာဓိပ (အလတ်တန်းနဲ့သာမဏေကျော်ဒုတိယဆင့်)၊ မနန္ဒဝတီ

http://www.dhammadownload.com

(အငယ်တန်း) မသုနန္ဒဝတီ (အငယ်တန်း) ရှင်ဝိသဒဉာန (မူလတန်း) မသာရဝတီ (မူလတန်း) မနိမ္မ လဉာနီ ရှင်ပညာဇောတိ ၊ ရှင်နိကြြေ၊ အမေရိကနိုင်ငံက မသုမာလာ၊ သီရိလင်္ကာနိုင်ငံက ဥူးဓမ္မာဇီဝ၊ ဥူးအနောမ၊ မလေးရှားနိုင်ငံက မဝိဝေကာနန္ဒီနဲ့ ဂျင်း (အမျိုးသမီးယောဂီ) ဗီယက်နမ်နိုင်ငံက မသုနန္ဒာ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံက ဥူးပညာတိလောက တို့ပါပဲ။

ရှေးက ငါးကြင်ဆိနဲ့ ငါးကြင်းပြန်ကြော်ပေးနေတဲ့ ငါးကြင်းတွေလည်း ရှိခဲ့သေးတာပါပဲ၊ ထင်ရှားတဲ့ ပုဂ္ဂိုလ်တစ်ပါးကို ပြရရင် အရှင်အဂ္ဂစိတ္တာပဲ ဖြစ်ပါတယ်၊ သူက မလေးရှားနိုင်ငံကပါ၊ မြန်မာစကားရော၊ ပါဠိစကားရော၊ အင်္ဂလိပ်စကားရော ချီးကျူးလောက်အောင်ကို တော်ပါတယ်၊ ဆရာတော် အမေရိကကို ပထမဆုံး အခေါက် ကြွတုန်းက အင်္ဂလိပ်လို ဘာသာပြန်ပေးတာ သူပေါ့၊ ပြည်ပက ယောဂီတွေက သဘောကျကြသလား မမေးနဲ့၊ ကျမ့ကျပဲ၊ In this very life စာအုပ်မှာ သူက အင်္ဂလိပ်ဘာသာပြန်ပေါ့၊ အဲဒီစာအုပ် ဖတ်ကြတဲ့သူတွေက ဘာသာပြန်သူရဲ့ အင်္ဂလိပ်စာ ကောင်းကြောင်းကို ချီးကျူးသံတွေကို ကြားရတာကတော့ အတန်တန် ပါပဲ၊ သူ့ကို မြန်မာစကားတတ်အောင် ဆရာတော်ကိုယ်တိုင် သင်ပေးခဲ့တာပေါ့၊ ပါဠိစကားအခြေခံကို ဆရာတော်ပဲ သင်ပေးခဲ့တယ်။

ငါးကြင်းဆိနဲ့ ငါးကြင်းပြန်ကြော်ပေးနေကြတဲ့ ငါးကြင်းတွေရဲ့ တန်ဖိုးကို သူတို့အမိနိုင်ငံသူ၊ နိုင်ငံသားတွေ ပိုပြီး သိခွင့်၊ စားခွင့် ရခဲ့ကြပြီ၊ ရနေကြပြီ၊ နောင်လည်း ဆက်လက်ရနေကြပါလိမ့်မယ်၊ ငါးကြင်းဆိနဲ့ ငါးကြင်းပြန်ကြော်တဲ့ နည်းဟာ ခရီးရောက်လှပါပေတယ်။

ငါးကြင်းဆိနဲ့ ငါးကြင်းကြော်

ငါးကြင်းဆိနဲ့ ငါးကြင်းကြော်
ခရီးရောက်လှပါသနော်၊
ထို့ကြောင့်နော် ဆရာတော်ဘုရား
ထိုကြော်နည်းကို သုံးပြုထား၊
အသုံးပြုလို့ သူတို့ပြေ (ပြည်)
ဗုဒ္ဓတရားတွေ ပိုပြန့်နေ၊
ထို့ကြောင့်လေ ဆရာတော်ဘုရား
ထိုကြော်နည်းကို ပိုကြိုးစား။

■ ■ ■ ■ ■

http://www.dhammadownload.com

ဒွန်

" ကိုယ်ကသာ သူတစ်ပါးကို သည်းခံရမယ်၊ သူတစ်ပါးက ကိုယ့်ကို သည်းခံရတယ်ဆိုတာမျိုး မရှိစေရဘူး၊ မိဘတွေဟာ သားသမီးတွေကို အင်မတန်ပဲ သည်းခံကြတယ်၊ အဲဒီလို သည်းခံတဲ့ ကိုယ့်မိဘကတောင်မှ ကိုယ့်ကို သည်းခံရတယ် ဆိုတာမျိုး မရှိစေရဘူး။ "

" အစား၊ အသောက်၊ အနေအထိုင်၊ ကျန်းမာရေးတွေအတွက် အဆင်မပြေမှုလေးတွေ ရှိရင်လည်း သည်းခံနိုင်ဖို့ လိုတယ်၊ အဆင်မပြေမှုလေးတွေ ရှိချင်ရှိမယ်။ "

" ဒါဟာ ဆရာတော် တပည့်တော်တို့ကို ပေးလိုက်တဲ့ ဩဝါဒပါပဲ၊ ၁၉၉၄ – ခုနှစ်ကပေါ့၊ တပည့်တော်တို့ ပြည်ပယောဂီတချို့ ကျောက်တန်းရွာ မဟာဗောဓိကျောင်းကို သွားပြီး တရားမှတ်ခဲ့ကြတယ်၊ အရှင်ဘုရား မှတ်မိလား။ " သီရိလင်္ကာရဟန်းတော် အရှင်ဓမ္မာဇီဝက မေးလို စာရေးသူက " မှတ်မိပါတယ်လို့ ပြောလိုက်တယ်။

" အဲဒီတုန်းက ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းချိန်မှာ သွားကြတာလေ၊ ယခု ဆယ်မိုင်ကုန်းရွှေတောင်ကုန်းသာသနာ့ရိပ်သာ ပေါ်ပေါက်မလာသေးခင်ကပေါ့၊ အဲဒီတုန်းက ဂျာမန်ရဟန်း အရှင်ဝိဝေကာနန္ဒနဲ့ ဂျာမန်အမျိုးသားယောဂီတစ်ယောက်၊ ကိုးရီးယားရဟန်း (၂) ပါး၊ အမေရိက (ဗီယက်နမ်) ရဟန်းတစ်ပါး၊ စင်္ကာပူကိုရင်တစ်ပါးနဲ့ အရှင်ဘုရားတို့ မဟုတ်လား။ "

" ဟုတ်ပါတယ်ဘုရား၊ ဟုတ်ပါတယ်ဘုရား၊ အရှင်ဘုရား၊ မှတ်မိသားပဲ"

" တပည့်တော်တို့ ဒီရိပ်သာဝါဆိုဖို့ လာတုန်းကလည်း ဒီဩဝါဒကို ပေးလိုက်သေးတယ်၊ တပည့်တော်တို့နဲ့အတူ လိုက်လာတဲ့ ပြည်ပယောဂီအမျိုးသား

http://www.dhammadownload.com

(သြစထရီး ယားနဲ့ ဆွစ်ဇာလန်) တို့ကို အဲဒီသြဝါဒပေးလိုက်တာပါပဲ။ "

" ဆယ်မိုင်ကုန်း ရွှေတောင်ကုန်းသာသနာ့ရိပ်သာက တည်ဆောက်ကာစ ဆိုတော့ သိပ်ပြီး မပြည့်စုံသေးဘူးပေါ့၊ နေရာကလည်း မပြည့်စုံသေးဘူး၊ အဲဒီ မပြည့်စုံ တာလေးတွေကို သည်းခံနိုင်ရင်တော့ သွားပေါ့၊ တရားအားထုတ်ဖို့ လာကြတာပါပဲ၊ ကိုယ့်တရားကိုယ် အားထုတ်ကြရင် သည်းမခံနိုင်စရာ မရှိပါဘူး " လို့လည်း သြဝါဒ ပေးလိုက်သေးတယ်။

နောက်ပြီးတော့ ဆရာတော်က အဲဒီယောဂီ (၂) ဦးကို အင်္ဂလိပ်လိုတောင် ပြောလိုက်သေးတယ်။

" You must not complain at all " တဲ့။

" လုံးဝ မကဲ့ရဲ့ရဘူး " တဲ့။

" ပြည်ပယောဂီတွေ ကဲ့ရဲ့ဝေဖန်တာတွေ များတတ်ကြလို့ ဆရာတော်က ကြိုတင်ပြောထားတာပေါ့ဘုရား၊ ကြိုတင်ပြောထားတာ ကောင်းပါတယ်။ "

" ကိုယ်ကသာ သူတစ်ပါးကို သည်းခံရမယ်၊ သူတစ်ပါးက ကိုယ့်ကို သည်းခံရတာမျိုးမရှိစေရဘူး – ဆိုတဲ့ သြဝါဒဟာ မဟာစည်ဆရာတော်ကြီး ပေးခဲ့တဲ့ သြဝါဒပါ ပဲ၊ ဆရာတော်က ဆရာ့သြဝါဒကို ပြန်ပြီး အသုံးပြုတာပါပဲ၊ အဲဒီသြဝါဒဟာ သိပ်ကို ကောင်းတာပဲ၊ မဟာစည်ဆရာတော်ကြီးဟာ သူတစ်ပါးကို ဆုံးမသလို သူကိုယ်တိုင် လည်း ကျင့်သုံးခဲ့တယ်၊ အဲဒီလို ကျင့်သုံးခဲ့လို့ သူမှာ ကောင်းကျိုးတွေ အများကြီး ရခဲ့တယ် " တဲ့။

" ဆရာတော်ဟာလည်း အဲဒီသြဝါဒအတိုင်း ကျင့်သုံးခဲ့တယ်၊ ကျင့်သုံးခဲ့လို့ သူမှာလည်း သူအတိုင်းအတာနဲ့သူ ကောင်းကျိုးအထွေထွေကို ရရှိခဲ့တယ်၊ အဲဒီ ကောင်းကျိုးတွေကို ကိုယ်တွေ့ ရရှိလာတော့ သည်းခံမှုရဲ့ တန်ဖိုးကို ကိုယ်တွေ့ သိရှိလာရတယ်၊ တန်ဖိုးရှိမှန်း သိလာတော့ ပိုပြီး ကန်ဖိုးထားတော့တာပေါ့၊ သူတပည့်တွေကိုလည်း သူလို တန်ဖိုးထားတတ်အောင်လို့ ဆုံးမတာနေမှာပေါ့။ "

အရှင်ဓမ္မာဇီဝက " ဟုတ်ပါတယ်ဘုရား၊ နားထောင်လို့ ကောင်းပါတယ်၊ ဆက် အမိန့်ရှိပါအုံး၊ " လို့ ပြောတယ်။

" တပည့်တော် ပြောတဲ့ မြန်မာစကားတွေကို နားကော လည်ရဲ့လား။ "

" လည်ပါတယ်ဘုရား။ "

" တစ်ခါက မဟာစည်သာသနာ့ရိပ်သာထဲမှာ တပည့်တော် တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံလေးတစ်ခု ပြောပြမယ်၊ အဲဒီမှာ ဆရာတော်ပြောတဲ့စကားလေးက ထူးခြားလို့ မှတ်မိနေသေးတယ်။ "

http://www.dhammadownload.com

" ကိစ္စတစ်ခုအတွက် သံယာအစည်းအဝေး လုပ်တယ်၊ ဆရာတော်နဲ့အခြားမထေရ်တွေနဲ့ စကားပြောကြတယ်၊ ဆရာတော့်ကို အခြားမထေရ်တွေက ဒေါသသံနှောပြီး ပြောလာတယ်၊ အဲဒီမထေရ်တွေ အဲဒီလို ပြောနေစဉ်မှာ ဆရာတော်က ပြုံးပြုံးရွှင်ရွှင်ပါပဲ၊ ဒေါသအမှုအရာ မတွေ့ရဘူး၊ အခြားမထေရ်တွေ ပြောချင်တာတွေ အားလုံး ပြီးသွားမှ သူက " တပည့်တော်က အဲဒီလိုဒေါသနဲ့ ပြောလာရင် ကိုယ့်မျက်နှာကို ပြုံးနိုင်အောင် ထားတယ်၊ ပြောရင်လည်း ပြုံးပြုံးနဲ့ ပြောနိုင်အောင် ကြိုးစားတယ် " ပြောတယ်။

" သြော် "

အရှင်ဓမ္မာဇီဝက ဆရာတော် စကားကို ကြားရတော့ အံ့သြသွားတယ်။

" တယ် ကောင်းတာပါပဲ၊ တယ် ကောင်းတာပါပဲ " လို့ ပြောပြီးတော့လည်း သဘောကျနေတယ်။

" ဥုံဓမ္မာဇီဝလည်း ဒီဘုရားစကားကို ကြားဖူးပါလိမ့်မယ်။

"အက္ကောဓေန ဇိနေ ကောဓံ"

"အမျက်ထွက်သူကို အမျက်မထွက်ခြင်းနဲ့ အနိုင်ယူရမယ် " တဲ့။

" ကြားဖူးတယ်၊ ကြားဖူးတယ်။ "

" ဆရာတော်က အဲဒီဘုရားစကားတော်နဲ့ အညီ ကျင့်သုံးပြတာပါပဲ။ "

" ဆရာတော် တရားဟောတဲ့အခါ သည်းခံမှုထားပြီး သူတစ်ပါးအကျိုးဆောင်တဲ့ ဘုရားအလောင်း မျောက်မင်းအကြောင်းကို ပြောပြတတ်တယ်။ ဥုံဓမ္မာဇီဝ အဲဒီမျောက်အကြောင်း ကြားဖူးလား။ "

" အမိန့်ရှိပါအုံးဘုရား။ "

" တပည့်တော်တော့ အဲဒီဘုရားအလောင်း မျောက်မင်းကို ကြည်ညိုလို့ ကဗျာလေးတောင် ရေးထားသေးတယ်။ "

" အရှင်ဘုရားက ကဗျာရေးသလား။ "

" မဖြစ်စလောက်ပါ။ "

အရှင်ဓမ္မာဇီဝက " မဖြစ်စလောက် " ဆိုတဲ့ စကားကို နားမလည်၊ ယောင်လည်လည်ဖြစ်နေတယ်။ " မဖြစ်စလောက် " ဆိုတာ ဘာလဲ။

" နည်းနည်းပါးပါးပေါ့။ "

" သြော် . . . . သြော် "

" နည်းနည်းပါးပါး ကဗျာရေးတယ်ပေါ့၊ အရှင်ဘုရား ရေးတဲ့ကဗျာလည်း မတွေ့ဘူးပါလား။ အဲဒီရေးထားတဲ့ ကဗျာလေး ရွတ်ပြစမ်းပါအုံး။ "

http://www.dhammadownload.com

ကဗျာလေး ရဲ့ခေါင်းစီးက –

" တုန်လှုပ်ဖွယ်စိတ်ထား " တဲ့။

" ကဗျာထဲမှာ နားမလည်တဲ့ စကားလုံးပါရင်လဲ မေးနော် ၊ ရွတ်ပြမယ်။"

ချောက်ကြား ရောက်ငြား

မိုက်ပုဏ္ဏားကို

ဘုရားလောင်း မျောက်

ချောက်ပေါ် ရောက်အောင်

ကယ်ထောက် ခဲ့ရာ

ပင်ပန်းလာခဲ့။

ထိုခါ လောင်းဘုရား

ပုဏ္ဏားပေါင်ပေါ်

စက်တော်ခေါ်ခိုက်

ပုဏ္ဏားမိုက်က

ခေါင်းရိုက်ခွဲ၍

သွေးရဲရဲထွက်

တစ်စက်စက်ဖြင့်

သူဆက်ရမည့်

လမ်းကို ကြည့်ကာ

လမ်းပြပါခဲ့။

များစွာဆင်းရဲ

ခံရဆဲတွင်

ကြီးကဲလှစွာ

ကရုဏာနှင့်

မေတ္တာဓာတ်အား

ခန္ဓီအားတို့

ပိုင်ထားပေလတ်

လောင်းတော်မြတ်ကား

လူအများတို့

အားထားဖွယ်ရာ ကောင်းလှပါသည်

သြော် . . . အံ့သြဖွယ်ရှိလှပေတကား။

သြော် . . .တုန်လှုပ်ဖွယ်ဖြစ်လှပေတကား။

" သာဓု ၊ သာဓု ၊ သာဓု "

http://www.dhammadownload.com

" အရှင်ဓမ္မာဇီဝက ပါဠိလို ပြောတယ်၊ မြန်မာလိုတော့ " ကောင်းပါပေတယ်၊ ကောင်းပါပေတယ် " တဲ့။ ဒီဇာတ်လမ်းကို ကြားဖူးတယ်၊ စက်တော်ခေါ် ဆိုတာ Fall asleep လို့ ဆိုလိုတာလား။ "

" ဟုတ်တယ်၊ ဟုတ်တယ်။ "

ဆရာတော်က ဘုရားအလောင်းရဲ့ အဲဒီ ခန္ဓီစိတ်ထားကို အားကျပုံ၊ အတု ယူကျင့်သုံးပုံ ပေါ်ပါတယ်၊ အဲဒီလို အားကျစရာ စိတ်ထားပိုင်ရှင်တွေရဲ့ စိတ်ထား အကြောင်း ကြားသိရရုံနဲ့ပဲ အားရကျေနပ်ရတယ်၊ ကိုယ်ကိုယ်တိုင် လိုက်နာကျင့်သုံး နိုင်ပြီ ဆိုရင်တော့ ပိုပြီး အားရကျေနပ်စရာ ဖြစ်မှာပေါ့၊ ခန္ဓီစိတ်ထားကို ခန္ဓီစိတ်ထား ပိုင်ရှင်တွေရဲ့ အကြောင်း တွေးပြီးတော့လည်း မွေးယူရတယ်၊ တရားရှုမှတ်ပြီးတော့ လည်း မွေးယူရတယ်၊ တရားရှုမှတ်ပြီးရတဲ့ ခန္ဓီစိတ်ထားကတော့ ပိုပြီး အင်အားရှိ တာပေါ့၊ ခိုင်မာတာပေါ့၊ တရားရှုမှတ်လို့ အနာဂါမ်ဖြစ်သွားရင်တော့ ခန္ဓီစိတ်ထား အပြည့်ရှိသွားတော့တာပေါ့။

လူလောကကြီးထဲမှာ လူတွေက အမျိုးမျိုး ရှိတယ်၊ ခန္ဓီစိတ်ထားကိုသာ လက်ကိုင်မထားရင် ဘယ်အများအကျိုးပြုလုပ်ငန်းမှ အောင်မြင်မှာ မဟုတ်ဘူး၊ အများအကျိုးပြုလုပ်ငန်းကို များများ လုပ်လေ များများ သည်းခံရလေပဲ၊ ဘုရား အလောင်းတော်ဟာ အများအကျိုးပြုလုပ်ငန်းတွေ အလွန်များစွာပဲ လုပ်ခဲ့တယ်၊ အလွန်များစွာပဲ သည်းခံခဲ့ရတယ်၊ ဘုရားဖြစ်တော်မူတဲ့အခါမှာလည်း ဒီအတိုင်းပါပဲ၊ မဟာစည်ဆရာတော်ကြီးလည်း အများအကျိုးကို များစွာပဲ ဆောင်ခဲ့တယ်၊ များစွာ ပဲ သည်းခံခဲ့ရတယ်၊ ဆရာတော်လည်း အများအကျိုးကို များစွာပဲ ဆောင်ရွက်နေ တယ်၊ များစွာပဲ သည်းခံရတယ်၊ " သည်းခံမှ နိဗ္ဗာန်ရောက်တယ် " တဲ့၊ တရား အားထုတ်တဲ့ ယောဂီတွေမှာတော့ သည်းခံမှုဟာ ပိုပြီး လိုအပ်တာပေါ့၊ ဒါကြောင့် သည်းခံတရားလက်ကိုင်ထားဖို့ ဆရာတော်က မိန့်ကြားတော်မူတာပေါ့။ အရှင် ဓမ္မာဇီဝက ဆိုတယ်။

" မှန်ပါတယ်ဘုရား၊ မှန်ပါတယ်ဘုရား " တဲ့။

ဒွိန်

ပရဟိတနဲ့ ခန္ဓီ
ခန္ဓီနဲ့ ပရဟိတ
ထာဝရ ဒွန်တွဲနေရ
အဲဒါမှ ကျိုးများပေစွ။

❖ ❖ ❖ ❖ ❖

http://www.dhammadownload.com

ရှင် - သန့်

" ရဟန်းက အသွင်ဆောင်ရဟန်းနဲ့ အကျင့်ဆောင်ရဟန်းရယ်လို့ ရဟန်း (၂) မျိုးရှိတယ်၊ အသွင်ဆောင်ရဟန်းဆိုတာက သင်္ကန်းဝတ်ထားတဲ့ ရဟန်းပဲ၊ ရဟန်းကို ပါဠိ " သမဏ " လို့ ခေါ်တယ်၊ မြန်မာလို " ကိလေသာငြိမ်းသူ " လို့ အဓိပ္ပါယ်ရတယ်၊ ကိလေသာငြိမ်းကြောင်း သီလအကျင့်၊ သမာဓိအကျင့်၊ ပညာအကျင့်တွေကို မကျင့်ရင် ကိလေသာက မငြိမ်းဘူး၊ ကိလေသာ မငြိမ်းရင် ကိလေသာ ငြိမ်းခြင်းကြောင့်ရတဲ့ ချမ်းသာကို မခံစားရဘူး၊ ကိလေသာငြိမ်းကြောင်း အကျင့်တွေကို ကျင့်မှ အကျင့်ဆောင်ရဟန်း မည်တယ်။ "

" ဇရုတန်းစစ်မျက်နှာမှာ တိုက်ပွဲဆင်နွှဲနေတဲ့ စစ်သားဟာ စစ်ဝတ်စုံကို ဝတ်ထားရုံနဲ့ စစ်သားကောင်းလို့ ဆိုလို့ မရသေးဘူး၊ ရန်သူတွေကို နှိုင်အောင် တိုက်ခိုက်နိုင်မှ စစ်သားကောင်း လို့ ဆိုလို့ ရတယ်၊ အဲဒီလိုပဲ ကိလေသာရန်သူတွေကို တိုက်ပွဲ ဆင်နွှဲနေတဲ့ ရဟန်းဟာ သင်္ကန်းဝတ်စုံကို ဝတ်ထားရုံနဲ့ ရဟန်းကောင်း လို့ ဆိုလို့ မရသေးဘူး၊ ကိလေသာရန်သူတွေကို နှိုင်အောင် တိုက်ပွဲ ဆင်နွှဲနိုင်မှ ရဟန်းကောင်း လို့ ဆိုလို့ရတယ်။ "

" ရဟန်းဝတ်လာတဲ့သူဟာ လက်ရှိ ကာမချမ်းသာတွေကို စွန့်ခွာခဲ့ရတယ်၊ ရဟန်းအကျင့် မကျင့်ရင် ရဟန်းချမ်းသာ (ကိလေသာငြိမ်းချမ်းသာ) ကို လက်လွတ်သွားမယ်၊ အဲဒီလို မဖြစ်ရအောင် ရဟန်အကျင့်ဖြစ်တဲ့ သီလအကျင့်၊ သမာဓိအကျင့် ပညာအကျင့်တွေကို ကျင့်ရမယ်။ "

ဒါက ရဟန်းခံပြီးရင် သိမ်ထဲမှာ ရဟန်းသစ်တွေကို ဆရာတော် ပေးလေ့ရှိတဲ့ ဩဝါဒစကားတွေပါပဲ။

တချို့ ယာယီရဟန်း၊ ယာယီကိုရင် ဝတ်ကြတယ်၊ ပုတီးကို လက်မှာ

http://www.dhammadownload.com

ပတ်သူက ပတ်၊ လည်ပင်းမှာ စွပ်သူက စွပ်ပြီး သက်နှံကိုးရိုးကားယားနဲ့ သက်နှံးမရုံဘဲနဲ့ မြို့ထဲ, ရွာထဲ လျှောက်သွားနေတတ်ကြတယ်၊ ပိုက်ဆံကိုင်ပြီး စားချင်ရာတွေကို ဝယ်စားတတ်ကြတယ်၊ ယာယီကိုရင်တွေဆိုရင်လည်း ပြေးလွှားဆော့ကစားပြီး နေတတ်ကြတယ်၊ ပျော်အောင်ဆိုပြီး မိဘတွေက ယာယီကိုရင်တွေကို ပိုက်ဆံတွေ ပေးကာ ချော့ထားတတ်ကြသေးတယ်။

တချို့ ယာယီရဟန်း၊ ယာယီကိုရင် ဝတ်တာဟာ ယတြာချေလိုလို့ ဓတ်တာတဲ့၊ တချို့လည်း ကံဆိုးနေလို့ ကံကောင်းအောင်လို့ ဝတ်တာ – တဲ့၊ တချို့လည်း စီးပွားတတ်အောင်, ရာထူးတက်အောင် ဝတ်တာ – တဲ့၊ တချို့ကလည်း မိဘ၊ ဘိုးဘွားတွေက သူတို့ မသေခင် သူတို့ မြေး, သားလေးတွေ သက်နှံးဝတ်နဲ့ မြင်သွားချင်တယ်ဆိုလို့ ဝတ်တာ တဲ့။

"နင့် တစ်ခါ လွတ်, ငါ့ ဆယ်ခါ လွတ် "ဆိုပြီး သူများအသက် ကယ်ဆယ်တာမျိုးတွေ ရှိတယ်၊ သူများ ချမ်းသာဖို့ မရည်ဘဲ ကိုယ်ချမ်းသာဖို့အတွက်သာ ရည်ရွယ်ကာ လုပ်တာဟာ အဆင့်အတန်း မမြင့်ဘူး၊ သူတစ်ပါး ချမ်းသာစေရေးကိုသာ ရှေးရှုရ တယ်၊ ဒါမှ မြင့်မြတ်တယ်၊ တချို့မိဘ, ဘိုးဘွားတွေက " သူတို့သား၊ မြေးလေးတွေ သက်နှံးဝတ်နဲ့ မြင်ရပြီး သေသွားရရင် သေပျော်ပါပြီ " လို့တောင် ပြောတတ်ကြသေး တယ်၊ မိဘ, ဘိုးဘွားတွေက ကိုယ်သေပျော်ရရေးသာ ရည်ရွယ်ပြီး သက်နှံးဝတ် ပေးကြတာ၊ ဒါကတော့ ကိုယ့်အတွက်ပဲ ကြည့်တာပဲ၊ တစ်ကိုယ်ကောင်း ဆန်တာပဲ၊ တကယ်က ရှင်, ရဟန်းဝတ်ပြီး ရှင့်ကျင့်ဝတ်, ရဟန်းကျင့်ဝတ်တွေကို ကျင့်ပြီး ဆင်းရဲတွေမှ လွတ်မြောက်ကြပါစေ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဝတ်ပေးရမှာ၊ ကိုယ့် ချမ်း သာရေးကို ရှေးမရှုဘဲ သား, မြေးတွေ ချမ်းသာရေးကိုသာ ရှေးရှုရမှာ၊ ဒါမှ မြင့် မြတ်တာပေါ့၊ အဆင့်အတန်း မြင့်တာပေါ့။ "

ဆရာတော်က သူ့ထံ လာပြီး ယာယီရဟန်း၊ ယာယီကိုရင်ဝတ်သူတွေကို ရည်ရွယ်ချက်ကောင်းကောင်း ထားတတ်ကြစေချင်တယ်၊ ရည်ရွယ်ချက်ကောင်းကောင်းနဲ့ ရဟန်းကျင့်ဝတ်, ရှင်ကျင့်ဝတ်တွေကိုလည်း ကျင့်စေချင်တယ်၊ ဒါ့ကြောင့် ဆရာတော်က ရှင်သစ်၊ ရဟန်းသစ်တွေကို ဝတ်တာ၊ စားတာ၊ သွားတာ၊ လာတာ၊ နေတာ၊ ထိုင်တာ၊ စကားပြောတာ, နောက်ဆုံး အခင်းကြီး, အခင်ငယ် စွန့်တာကအစ ရှင်, ရဟန်းတွေ လိုက်နာရမယ့် ဘုရားဥပဒေတော်တွေကို အချိုးကျကျ သင်ပြပေးတတ်တဲ့ တပည့်ရဟန်းတွေကို သင်ပေးစေတယ်၊ သင်းပိုင်ဝတ်ပုံ၊ ဇကသီ ရန်းပုံ၊ သင်္ကန်းရုံပုံ၊ လက်ကန်တော့်တင်ပုံ၊ သပိတ်ကိုင်ပုံ၊ သင်္ကန်း, သပိတ်အဓိဋ္ဌာန်တင်ပုံ၊ နေရာထိုင် အသုံးပြုပုံ စတဲ့ ကျင့်ဝတ်တွေကို ရှင်သစ်, ရဟန်းသစ်တွေက လက်တွေ့

http://www.dhammadownload.com

သင်ယူကြရတယ်။

သိမ်ထဲမှာ ရဟန်းခံပေးလို့ပြီးတဲ့အခါ ဆရာတော်က ရဟန်းသစ်တွေ မပြုလုပ်ကောင်းတဲ့ အရာ (၄) မျိုးကို ပြောပြတယ်၊ အဲဒါတွေက ၁။ မေထုန်မှု ၂။ တစ်မတ်, တစ်မတ်တန် လူဥစ္စာကို ခိုးယူမှု ၃။ လူဇာတ်ရှိသူကို သတ်မှု ၄။ စျာန်, မဂ်, ဖိုလ်တရားထူးကို မရပါဘဲ ရတယ်လို့ ဝါကြွားပြောဆိုမှုတွေပါပဲ၊ အဲဒီ (၄) မျိုး ကျူးလွန်ရင် ရဟန်းအဖြစ်က ဆုံးရှုံးသွားတယ်၊ ဒါကြောင့် ရဟန်းဖြစ်ပြီးလျှင် ပြီးချင်း ပြောပြထားရတယ်၊ အခြား ဘုရားဥပဒေတော်တွေကိုတော့ တပည့်ရဟန်း ငယ်တွေနဲ့ပဲ တာဝန်ပေးလိုက်တယ်။

မိဘတွေက ကလေးတွေ မွေးပြီး ပစ်ထားရင် မတော်ပေဘူး၊ မိဘဝတ္တရား ရှိတဲ့အတိုင်း ကလေးတွေ ပစ်မထားဘဲ ပြုစုစောင့်ရှောက်ရတယ်၊ ဆရာတော်ဟာ အဲဒီရဟန်းသစ်, ရှင်သစ်တွေရဲ့ ဥပဇ္ဈာယ်ဆရာဆိုတော့ မိဘပါပဲ၊ ဆရာတော်ဟာလည်း ရဟန်းသစ်၊ ရှင်သစ်တွေကို မွေးပြီး ပစ်မထားဘူး၊ ဆုံးမသွန်သင်တယ်၊ ထောင့်ရှောက်တယ်၊ မိဘတွေက မအားလပ်တဲ့အခါ စိတ်ချရတဲ့ ဦးကြီး၊ ဦးလေး၊ အဒေါ် စသူတွေနဲ့ လွှဲထားသလို ဆရာတော်ကလည်း မအားလပ်တဲ့အခါ စိတ်ချရတဲ့ တပည့်တွေ့နဲ့ လွှဲပေးတယ်၊ ဆရာတော်ကိုယ်တိုင်လည်း ငယ်ရွယ်စဉ်က ဒီအလုပ်တွေကို လုပ်ခဲ့တယ်၊ ကျွမ်းကျင်ခဲ့တယ်။ ဒါကြောင့် တပည့်တွေ လုပ်ထားတဲ့ အလုပ်တွေမှာ လိုအပ်တာ ရှိရင် မြင်တယ်၊ ပြင်တယ်၊ ဖြည့်တယ်။

ဆရာတော်က ရဟန်းလောင်းဆုံးမတာ, ဝိနည်းသင်ပေးတာတွေကို တပည့်ရဟန်းငယ်တွေကို တစ်လှည့်စီ အလုပ်ခိုင်းတယ်၊ အားလုံး လုပ်တတ်စေချင်လို့ပါ၊ သူတပည့်တွေကို မလုပ်နိုင်တာ၊ မလုပ်တတ်တာ မရှိရလေအောင် ဆောင်ရွက်ပေးတာပါပဲ၊ ပြည်ပသားတွေကို ရဟန်းခံပေးတဲ့အခါမျိုးမှာ ကမ္မဝါစာကို ကမ္ဘာ့ပါဠိသံနဲ့ ရွတ်ဖတ်စေပါတယ်၊ ဆရာတော်ကိုယ်တိုင်လည်း ကမ္ဘာ့ပါဠိသံနဲ့ပဲ ရွတ်ဖတ်ပါတယ်။ မဟာစည်သာသနာ့ရိပ်သာမှာတုန်းက စာရေးသူတို့ ကမ္မဝါစာကို ကမ္ဘာ့ပါဠိသံနဲ့ ဖတ်ပုံ, ဖတ်နည်းကို ဆရာတော့်အခန်းမှာ လေ့ကျင့်ခဲ့ရတယ်၊ ပြည်ပသားတွေ ရဟန်းခံတာကလည်း မကြာမကြာ ရှိတယ်၊ မဟာစည်သာသနာ့ရိပ်သာမှာတုန်း ကရော၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာပါ ကမ္ဘာ့ပါဠိသံနဲ့ ကမ္မဝါစာဖတ်ခဲ့ရတာ များပါပြီ။ ဒါကြောင့် စာရေးသူတို့မှာ ကမ္ဘာ့ပါဠိသံရွတ်နည်းဟာ လွယ်နေပါပြီ။ ပြည်ပရဟန်းတော်တွေဟာ ဝါဆိုတဲ့အခါ၊ ပဝါရဏာပြုတဲ့အခါတွေမှာလည်း ကမ္ဘာ့ပါဠိသံနဲ့ပဲ ရွတ်ကြတယ်၊ ပါဠိကို မြန်မာအသံနဲ့ ရွတ်ပြရင်တော့ သူတို့ နားလည်ကြမှာ မဟုတ်ဘူး၊ ဒါကြောင့် ကမ္ဘာ့ပါဠိသံနဲ့ပဲ ရွတ်ဖတ်ပြကြရတယ်၊ ကမ္ဘာ့ပါဠိသံနဲ့ ပါဠိ

http://www.dhammadownload.com

ရွတ်ဖတ်နည်းကို မြန်မာတွေဟာ၊ အထူးသဖြင့် သံဃာတွေဟာ လေ့လာထားသင့်ကြပါတယ်၊ အဲဒီနည်းနဲ့လည်း ရွတ်ဖတ်တတ်သင့်ကြတယ်။

ရဟန်းလောင်းဆုံးမတာ၊ ဩဝါဒပေးတာတွေကို အင်္ဂလိပ်လိုလုပ်ထားတာရှိတယ်၊ အဲဒီအင်္ဂလိပ်လို လုပ်ထားတာတွေကိုလည်း အင်္ဂလိပ်စာအခြေခံရှိတဲ့တပည့်တွေကို ဆရာတော်က လေ့ကျင့်ထားစေတယ်။

ကမ္မဝါစာဖတ်ကြတဲ့အခါ ပတ္တကလ္လံ, တုဏ္ဍီ, တုဏ္ဍသ, ဥပသမ္ပဒါပေက္ခော, ဘာသေယျ စကားလုံးတို့နဲ့ ပတ်သက်ပြီး ရွတ်ဖတ်နည်းကိုလည်း ဆရာတော်က ပြောပြတယ်။

" ပတ္တကလ္လံ – ပုဒ်မှာ အက္ခရာနှစ်လုံးရှိရာ အပေါ်က လအက္ခရာဟာ နိဂ္ဂဟိတ် က ဖြစ်လာတဲ့ လအက္ခရာ မဟုတ်ဘူး၊ ဒွေဘော်လာထားတဲ့ လအက္ခရာပဲ ဖြစ်တယ်၊ ဒါကြောင့် ပတ္တကလ္လံ ပုဒ်ကို ပတ်တကန်လန် လို့ အသံမထွက်ဘဲ ပတ်တကတ်လန် လို့ပဲ အသံထွက်ရမယ်၊ ဖတ်ရမယ်။ "

" တုဏ္ဍီ – ဆိုတဲ့ စကားလုံးကို " တုန်ဏ္ဍီ " လို့ မဖတ်ဘဲ " တုဏ္ဍီ " လို့ပဲ ဖတ်ရမယ်၊ တကယ်လို့ " ဏ္ဍီ " မှာပါတဲ့ ဏကို ယူပြီး " တုဏ် " လို့ ဖတ်ရင် " တုဏ်ဟီ " လို့ပဲ ဖတ်ရတော့မယ်၊ တကယ်တော့ " တုဏ္ဍီ " ဆိုတဲ့ စကားလုံးကို အင်္ဂလိပ်လိုရေးရင် " Tunhi " လို့ ရေးရတယ်၊ အဲဒီ အင်္ဂလိပ်စကားလုံးကို အသံထွက်ရင်လည်း " တုနဟီ " လို့ အသံထွက်ရတယ်၊ " တုဏ္ဍသ " စကားလုံးကိုလည်း " တုန်ဏ္ဍသ " လို့ မဖတ်ဘဲ " တုဏ္ဍသ " လို့ပဲ ဖတ်ရမယ်၊ နသတ်မပါဘဲ ဖတ်ရမယ်။ "

" ဥပသမ္ပဒါပေက္ခော နဲ့ ဘာသေယျ – စကားလုံးတွေမှာ ပါတဲ့ ပေနဲ့သေ ဆိုတဲ့ စကားလုံးတွေကို ဖတ်တဲ့အခါ " သံယုတ်နှောင်းတဲ့ ငနဲ့ဩကို ရဿကဲ့သို့ ရံခါရွတ်ရမယ်" ဆိုတဲ့ သဒ္ဒါစည်းကမ်းအရ " ပေ့, သေ့ " လို့ ရဿသံ ပေါ်အောင် ရွတ်ရတယ်၊ " ပစ်, သေ " လို့ မရွတ်ရဘူး " တဲ့။

ဆရာတော်က သာသနာကို သုံးမျိုး ဒီလို ခွဲပြတယ်။

၁။ အသေသာသနာ

၂။ အရှင်သာသနာ

၃။ သန်မာသာသနာ တဲ့။

" ဝိနည်းဟာ သာသနာတော်ရဲ့ အသက်ပဲ " ဆိုတဲ့ စကားအရ ဝိနည်း မရှိ (သီလမလုံခြုံ) ရင် အသက်သေနေတဲ့ သာသနာ ဖြစ်နေပြီ၊ ဒါကြောင့် သီလမပါတဲ့ သာသနာ ကို " အသေသာသနာ " လို့ ခေါ်ရတယ်။

http://www.dhammadownload.com

သီလ လုံခြုံနေရင်တော့ အသက်ရှင်နေပြီပေါ့၊ အဲဒီအခါ အရှင်သာသနာ ဖြစ်နေပြီ၊ အသက်ရှင်သူ ဖြစ်နေပေမယ့် ခန္ဓာကိုယ်မှာ ဒဏ်ရာ အနာတရတွေ ဖြစ်နေရင်လည်း ကြည့်မကောင်းပြန်ဘူး၊ ဒဏ်ရာတွေလည်း မရှိမှ ကောင်းတယ်။ ရဟန်းတွေမှာ အာပတ်လေးတွေ သင့်နေရင် ဒဏ်ရာလေးတွေ ရှိနေတာနဲ့ တူတယ်။

အရှင်သာသနာက သန်မာသာသနာ ဖြစ်ဖို့ လိုသေးတယ်၊ သန်မာသာသနာ ဖြစ်ဖို့ရာ သမာဓိ၊ ပညာအကျင့်တွေကို ဆက်ကျင့်ရသေးတယ်၊ ဒါမှ သာသနာဟာ သန်မာ ထွားကြိုင်းလာတယ်။

ဆရာတော်က ယာယီရဟန်း၊ ယာယီကိုရင်တွေကို လူဝတ်လဲလို့ လူဘဝ ရောက်သွားတဲ့အခါ ရဟန်းဘဝ၊ ကိုရင်ဘဝကို ပြန်တွေးလိုက်တိုင်း စိတ်ကြည်နူးမှုကို ရကြစေချင်တယ်၊ နောင်အခါ ပြန်တွေးလိုက်တိုင်း စိတ်ကြည်နူးဖွယ် ဖြစ်အောင် ကမ္မဋ္ဌာန်းဆရာတွေ ညွှန်ကြားတဲ့အတိုင်း သတိပဋ္ဌာန်တရားကို ကြိုးစားကြစေလိုတယ်။

ဆရာတော်ဟာ ရှင်တိုင်း, ရဟန်းတိုင်းရဲ့ သာသနာဟာ အသေသာသနာမဖြစ်ဖို့ သတိပေးတော်မူတယ်၊ ဆုံးမတော်မူတယ်၊ အရှင်သာသနာ ဖြစ်အောင် တိုက်တွန်းတော်မူတယ်၊ အရှင်သာသနာမှတဆင့် သန်မာသာသနာ ဖြစ်လာအောင် ထပ်ဆင့်ကြိုးစားကြစေချင်တယ်၊ ဆရာတော့်သြဝါဒအတိုင်း ကြိုးစားကြရင် ရှင်တိုင်း ရှင်ဖြစ်ရကျိုး၊ ရဟန်းတိုင်း ရဟန်းဖြစ်ရကျိုး နပ်ကြပြီပေါ့၊ ရဟန်းဖြစ်ကျိုး, ရှင်ဖြစ်ကျိုး နပ်ကြပါမှ အရတော်တဲ့ ရှင်ဘဝ၊ အရတော်တဲ့ ရဟန်းဘဝ ဖြစ်ကြရပါလိမ့်မယ်။

http://www.dhammadownload.com

ရှင် - သန်

သင့်မှာ သာသနာ
သေနေတာလော
ရှင်နေတာလော
သန်မာတာလော
သင် စစ်ကြောသင့်၊
သေနေလေရင်
ရှင်အောင် ကြိုးစား၊
ရှင်နေလေရာ
သန်မာအောင် လုပ်၊
သန်မာလေက
သင့်ဘဝ
အရတော်လေပြီ။

http://www.dhammadownload.com



မဟာစည်နာယက ဖြစ်စဉ်က ဒုလ္လဘရဟန်းတစ်ပါးအား ပြုပြင်ပေးနေစဉ်



ဂျာမန်ရဟန်းတော် အရှင်ဝိဝေကာနန္ဒ

(အပေါ်ပုံ → စာမျက်နှာ ၂၁၅) (အောက်ပုံ → စာမျက်နှာ ၁၈၇)

http://www.dhammadownload.com



ကျောက်တန်းရွာ ပထမနှစ် တရားစခန်းမှ ယောဂီတို့အား တရားဟောနေပုံ

ကျောက်တန်းရွာ ရဟန်း ဒကာ, ဒကာမတို့၏ သမီး ဒေါ်ကြည်ကြည်

(အပေါ်ပုံနှင့်အောက်ပုံ ⟶ စာမျက်နှာ ၁၉၆)

http://www.dhammadownload.com

ရွှေတွင်

" သာဓု၊ သာဓု၊ သာဓု၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ကျန်းမာပါစေ၊ ချမ်းသာပါစေ။ "

ဒီစကားလေးကို ဆရာတော်က သူ့ကို လှူဖွယ်ပစ္စည်း ဝတ္ထုတစ်ခုခုကို ဆက်ကပ်ပြီးတဲ့အခါမှာဖြစ်စေ၊ သို့မဟုတ် ဝမ်းမြောက်ဖွယ်ကုသိုလ်လုပ်ငန်း ကိစ္စတစ်ခုခုကို ကြားသိရတဲ့အခါမှာဖြစ်စေ မိန့်ကြားတတ်ပါတယ်။ ဆရာတော် မိန့်ကြားတတ်တဲ့ ဒီစကားလေးတွေကို ကြားရတဲ့အခါ တစ်ချိန်က အဖြစ်အပျက်လေးကို ပြန်လည်သတိရလာမိတယ်။

၁၉၉၁ ခုနှစ်က ဆရာတော်ရဲ့အမေရိကသို့ ဓမ္မဂုဏ်ရည်ပြု ဓမ္မဒူတခရီးမှာ စာရေးသူ လိုက်သွားလို့ ပြည်ပအတွေ့အကြုံတွေ ရခဲ့ပါတယ်၊ အဲဒီနှစ်က မက်ဆာချူဆက်ပြည်နယ်၊ ဘော့စတွန်၊ ဘာရီမြို့ရှိ ဝိပဿနာကမ္မဋ္ဌာန်းဌာန (I.M.S) မှာ နှစ်လတရားစခန်းမှာ ဆရာတော်ရယ်၊ ဘီလင်းဆရာတော်ရယ်၊ ဥူးပညာသာမိရယ်၊ စာရေးသူရယ်ဆိုတော့ တရားပြဆရာ (၄) ပါးပေါ့၊ အဲဒီတရားစခန်းမှာ အားလပ်တဲ့အချိန်လေးမှာ အမေရိက ဒကာမတစ်ဦးက အင်္ဂလိပ်စာသင်ပေးပါတယ်။ ဆရာတော်ရော ပါတာဆိုတော့ သင်ယူသူလေးပါးပေါ့၊ တစ်နေ့မှာ တစ်နာရီလောက်ပါပဲ၊ ရက်ကြာကြာတော့လည်း မသင်ဖြစ်လိုက်ပါဘူး၊ ဆရာတော်က ပြောပါတယ်၊ "သူကတော့ နားထောင်တဲ့ သူသက်သက်ပဲ တဲ့၊ ကျန်တဲ့ (၃) ပါး ပြောကြ၊ သင်ယူကြပါ" တဲ့၊ ဆရာတော်က နားထောင်သူသက်သက်လို့ ပြောပေမယ်လို့ သူက ဦးဆောင်ပြီး ပြောတာကပဲ များပါတယ်။

သူတို့ အနောက်တိုင်းရဲ့ ယဉ်ကျေးမှုထုံးစံက " Thank You = ကျေးဇူးတင်ပါတယ် " ဆိုတဲ့ စကားကို တွင်တွင်သုံးရတာကိုး၊ လူပ်လူပ်ရှိရှိ Thank You

http://www.dhammadownload.com

လုပ်နေကြတယ်လို့ ပြောရမလိုပဲ၊ Thank You ဆိုတဲ့ စကားကို သူတို့ တွင်တွင် ဖောဖောသီသီ သုံးနေကြသလို စာရေးသူတို့ကိုလည်း စာသင်ပေးတဲ့ အမေရိက ဒကာမက တွင်တွင်ဖောဖောသီသီ သုံးစေချင်ပုံရတယ်၊ သူတို့က ရင်ထဲက တကယ် ကျေးဇူးတင်, မတင်တော့ မသိရပါ၊ ပါးစပ်ကတော့ Thank You ပါပဲ၊ နေရာ တကာမှာ Thank You ဆိုတဲ့ စကားကို ပြောလေ့ပြောထမရှိတဲ့ ဘုရား သားတော် ရဟန်းတစ်ပါးအနေနဲ့ ပြောဖို့ ဝန်လေးပါတယ်၊ စာရေးသူတောင် ဝန်လေး မိပါတယ်၊ ဆရာတော်မှာတော့ ပိုပြီး ဝန်လေးမိမှာပေါ့၊ အလှူရှင်တစ်ဦးဦးက လှူဖွယ်ပစ္စည်းကို လှူတဲ့အခါ အလှူခံပုဂ္ဂိုလ် (ရဟန်းသံဃာ) က အလှူခံအပြီးမှာ သူတို့ အနောက်တိုင်း ယဉ်ကျေးမှုအရ စကားပြောရင် Thank You ပဲ ပြောရမှာပေါ့၊ ဒါပေမယ့် မြန်မာ နိုင်ငံက တကယ်လေးစားကြည်ညိုဖွယ်ကောင်းတဲ့ ဆရာတော်ကြီး တွေဟာ Thank You လို့ ပြောကြမှာ မဟုတ်ပါဘူး၊ ပြောရင်လည်း အဓိပ္ပါယ်က တစ်မျိုးထွက်သွား နိုင်သေးတယ်၊ Thank You အစား " သာဓု၊ သာဓု၊ သာဓု " လို့ အနုမောဒနာ ပြုကြမယ် ထင်ပါတယ်၊ ဆရာတော်ကတော့ Thank You လို့ ပြောရမယ့် နေရာမျိုးမှာ " သာဓု၊ သာဓု၊ သာဓု " လို့ပဲ အနုမောဒနာပြုတတ်ပါတယ်၊ တစ်ခါတစ်ရံ တော့လည်း " ကျန်းမာပါစေ၊ ချမ်းသာပါစေ " လို့လည်း ဝစီကံ မေတ္တာပါ ထည့်ပွား တတ်ပါတယ်။

အခုအခါမှာတော့ ဆရာတော်ဟာ အဲဒီစကားဝါကျလေးတွေကို များများ အသုံးပြုနေတာကို ကြားနေရပါတယ်။ " သာဓု " နဲ့ " Thank You " ထဲမှာ " သာဓု " ဟာ ဘုရားသားတော်တို့ နယ်ပယ်မှာ တင့်တယ်ပါတယ်၊ ဝင့်ထည်ပါတယ်၊ ဆီလျော်ပါတယ်၊ သင့်တော်ပါတယ်၊ " သာဓု " ဆိုတဲ့စကားလုံးဟာ သူတို့ အနောက်တိုင်းတွေရဲ့ နားမှာ မယဉ်းပါသေးတာမို့ စိမ်းနေမှာကတော့ သေချာပါတယ်၊ " Thank you " ဆိုတဲ့ စကားလုံးလောက်တော့ သူတို့ နယ်ပယ်မှာ မတွင်ကျယ်နိုင်သေးဘူးပေါ့၊ သူတို့က " Thank you " ဆိုတဲ့ စကားလုံးကို တွင်တွင် သုံးသလို ဘုရားသားတော် တွေကလည်း " သာဓု " ဆိုတဲ့ စကားလုံးကို တွင်တွင် သုံးသင့်ကြပါတယ်၊ ဘုရား သားတော်တွေရဲ့ လျှာထဲမှာတော့ " Thank you" ထက် " သာဓု "ဟာ တင့်တယ် ဝင့်ထည်စွာ, ဂုဏ်ရှိစွာ ရောက်နေကြရပါမယ်။

ဗုဒ္ဓသာသနာဝင် မြန်မာလူမျိုးတွေဟာ ကိုယ့်ဗုဒ္ဓရဲ့ ယဉ်ကျေးမှု, ကိုယ့် အမိမြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုတွေကို အစဉ် အလေးပြုသင့်ကြပါတယ်၊ ပြုကြရပါ မယ်၊ အလေးမပြုကြရင် ဗုဒ္ဓယဉ်ကျေးမှု, မြန်မာ့ယဉ်ကျေးမှုတွေဟာ မေ့မိန်မေ့မိန် လာပြီး နောက်ဆုံးမှာ မျက်နှာငယ်စွာ ဂုဏ်မဲ့စွာနဲ့ ပျောက်ကွယ်သွားကြရပါလိမ့်မယ်၊

http://www.dhammadownload.com

တချို့ မြန်မာယဉ်ကျေးမှုတွေဟာ မြန်မာ့နယ်ပယ်မှာ မေးမိုန်စ ပြုနေပါပြီ။ မေးမိုန်စ ပြုလာတဲ့ မြန်မာ့ယဉ်ကျေးမှုတစ်ခုကို ထုတ်ပြရရင် မြန်မာခုနှစ်, မြန်မာလ, မြန်မာရက် အသုံးအနှုန်းပါပဲ၊ မြန်မာလို ခုနှစ်, လ, ရက်ကို မေးလိုက်ရင် မြို့က လူတွေက အသိနည်းနေကြပြီ၊ မြန်မာလို ခုနှစ်, လ, ရက် မေးရင် မေးတဲ့သူကိုတောင် ခေတ် နောက်ကျလိုက်တာလို့များ ထင်နေကြသလား၊ မပြောတတ်၊ အရေးထဲ ဒီမြန်မာ ခုနှစ်, လ, ရက်တွေကို မေးနေကြပြန်ပြီလို့များ ခေါင်းရှုပ်, စိတ်ရှုပ်သွားကာ အပြစ်များ တင်နေချင်ကြသလား၊ မြန်မာလို ခုနှစ်, လ, ရက်တွေကို မြို့က လူတွေထက် တောက လူတွေကပိုပြီး သိကြတယ်၊ တောက လူတွေကို အင်္ဂလိပ်လို ခုနှစ်, လ, ရက်တွေကို သွားမေးရင်တော့ မသိကြတာကပဲ များပါတယ်။

ဆရာတော်က ကိုယ့် မြန်မာလူမျိုးတွေကို ကိုယ့်မြန်မာ ခုနှစ်, လ, ရက်တွေကို မေ့မထားကြစေချင်ဘူး၊ အင်္ဂလိပ်လို ခုနှစ်, လ, ရက်ထက် မြန်မာလို ခုနှစ်, လ, ရက်ကို ပိုပြီး အသုံးပြုစေချင် တယ်၊ မြန်မာလို ခုနှစ်, လ, ရက်ကိုပဲ ရှေ့တန်းတင်စေချင်တယ်၊ စာရေးသူကိုလည်း အဲဒီအတိုင်းပဲ အသုံးပြုစေပါတယ်၊ မြန်မာလို ခုနှစ်, လ, ရက်တွေကို ရေး၊ အဲဒီ ရဲ့ နောက်မှာမှ လက်သည်းကွင်းနဲ့ အင်္ဂလိပ်လို ခုနှစ်, လ, ရက်တွေကို ရေးစေ ပါတယ်၊ ဥပမာ . . . ဒီနေ့ဆိုရင် ၁၃၅၈ – ခု၊ ဝါခေါင်လကွယ်နေ့၊ (၆ . ၉ . ၁၉၉၆) လို့ ရေးစေပါတယ်၊ လက်သည်း မကွင်းဘဲ ရှေ့နောက်ရေးရမယ်ဆိုရင်လည်း မြန်မာ လို ရှေ့က ရေးစေပါတယ်။ ပြီးမှ အင်္ဂလိပ်လို ရေးစေပါတယ်၊ ဗုဒ္ဓသာသနာဝင်တွေ အနေနဲ့ သာသနာတော်နှစ် ကိုလည်း သိထားကြရမယ်၊ အများအားဖြင့် မသိဘဲ ဖြစ်နေကြပါတယ်။

မြို့သူ၊ မြို့သားတွေရဲ့ နယ်ပယ်မှာ မြန်မာလို ခုနှစ်၊ လ၊ ရက်တွေဟာ မျက်နှာငယ်နေကြရှာပါပြီ၊ အင်္ဂလိပ်လို ခုနှစ်၊ လ၊ ရက်တွေက မျက်နှာကြီးနေကြပါတယ်၊ ရှေ့တန်းတင်ခံနေကြရပါတယ်၊ မြန်မာလို ခုနှစ်၊ လ၊ ရက်တွေကို နောက်တန်းအပို့ခံ နေကြရပါတယ်၊ မြန်မာလို ခုနှစ်၊ လ၊ ရက်တွေဟာ သူတို့ ပြည်ပ နိုင်ငံတွေမှာ ရှေ့တန်းအတင်မခံရတောင် ကိုယ့်အမိမြန်မာနိုင်ငံမှာတော့ ရှေ့တန်း တင်ခံခွင့် ရသင့်ကြပါတယ်၊ "တောသားတွေ ထောင့်ကပ် "ဆိုတာလို တောသား တွေသာ အသုံးများတော့တာမို့ သူတို့လည်း ထောင့်ကပ်နေကြရှာရော့သလား၊ မျက်နှာငယ်နေကြရှာတဲ့ မြန်မာလို ခုနှစ်၊ လ၊ ရက်တွေကို မြန်မာနိုင်ငံမှ ကိုရွှေမြို့သူ၊ ကိုရွှေမြို့သားတွေက စိမ်းကားနေကြလေရော့သလား၊ မြန်မာလူမျိုးတွေ မဟုတ်ဘူး ဆိုရင်တော့ စိမ်းကားလိုက စိမ်းကားနိုင်ကြပါတယ်၊ မြန်မာလူမျိုးတွေ ဖြစ်နေ ကြတော့ မစိမ်းကားသင့်ကြဘူး၊ ရင်းနှီးသင့်၊ အားပေးသင့်ကြပါတယ်။

http://www.dhammadownload.com

ဆရာတော်က အဲဒီလို လူတွေကို တွေ့တဲ့အခါ ဒီဥပမာလေးကို ပြောပြတတ်ပါတယ်။

"ကြက်မတစ်ကောင်ရဲ့ ဝပ်ကျင်းထဲမှာ ကြက်မကိုယ်တိုင် ဥထားပြီး ကြက်ဥတွေ နွေတ်ထားကာ ဘဲဥတွေ လာထည့်ထားတယ်၊ ကြက်မက အင်္ဂေ့ပေး၊ ဝပ်ပေးလို့ အကောင်းလေးတွေ ပေါက်လာတယ်၊ ကြက်မကြီး က ပေါက်လာတဲ့ ကလေးတွေကို " ငှဲကလေးတွေ၊ ငှဲကလေးတွေပဲ " လို့ ထင်နေရှာ တယ်၊ ဘဲဥက ပေါက်လာတဲ့ ကလေးတွေက အစာရှာသွားတဲ့အခါ ရေကန်ထဲမှာ ကူးနေကြတော့တယ်၊ ကြက်မကြီးက သူကလေးတွေပဲလို့ စွဲကာ ရေကန်နားက မခွာနိုင်ရှာဘူး၊ စောင့်ပြီး အော်ကာ ခေါ်ရှာတယ်၊ ဘဲကလေးတွေက ဘယ်လာမလဲ၊ သူတို့က ရေထဲ ပျော်ပြီး ရေမှာ ကျက်စားတဲ့ သတ္တဝါတွေပဲကိုး၊ ဘယ်မှာ ကုန်းပေါ် လာပြီး ကြက်မကြီးနားမှာ နေမလဲ၊ မျိုးချင်းမှ မတူတာ။ "

" ဘဲကလေးတွေကို ကိုယ့်ကြက်ကလေးတွေလိုပဲ ထင်ပြီး တကျော်ကျော် အော်ကာ ဒုက္ခရောက်, ဗျာများနေတဲ့ ကြက်မကြီးလို မဖြစ်ကြအောင်လည်း သတိထားကြပါ၊ ဘယ်ဟာက ဘဲ, ဘယ်ဟာက ကြက်လို့ ခွဲခြား, မသိနိုင်ရှာတဲ့ ကြက်မကြီးလိုတော့ မဖြစ်ကြပါစေနဲ့၊ ကြက်နဲ့ဘဲဟာ မျိုးချင်း တူကြတာ မဟုတ်ဘူး၊ ကြက်ဟာ သူနယ်ပယ်ဖြစ်တဲ့ ကုန်းပေါ်မှာ ကျက်စားမှာပေါ့၊ ဘဲကတော့ သူနယ်မြေဖြစ်တဲ့ ရေထဲမှာပဲ ကျက်စားမှာပေါ့၊ ကျက်စားရာ နယ်ပယ်ချင်းကလည်း မတူကြဘူးလေ၊ ဒါကိုလည်း မသိရှာတဲ့ ကြက်မကြီးခမျာမှာတော့ ဗျာများပြီး ဒုက္ခပွားနေရှာတယ် " တဲ့။

ပြည်ပသို့ ဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတခရီးတွေ ကြွနေတဲ့ ဆရာတော်က ပြည်ပရောက် မြန်မာလူမျိုးတွေအကြောင်းကို ဒီလို ပြောပြတတ်ပါတယ်။

"ပြည်ပမှာ ရောက်နေကြတဲ့ မြန်မာနိုင်ငံဖွား တရုပ်တွေက ပြည်ပမှာလည်း မြန်မာစကားကို သူတို့ကိုယ်တိုင်လည်း ပြောကြတယ်၊ သူတို့ကလေးတွေကိုလည်း မြန်မာစကားသင်ပေးကြတယ်၊ အိမ်မှာ ရောက်ရင်လည်း မြန်မာစကားပဲ ပြောစေတယ်၊ ပြည်ပရောက် မြန်မာလူမျိုးတချို့ကတော့ မြန်မာစကားတွေ မေ့ကုန်ပြီ, မြန်မာစကားမတတ်တော့ဘူး – ဆိုတာ ဂုဏ်ယူစွာ ပြောဆိုနေကြတယ် " တဲ့။

ဆရာတော်က အဲဒီလူမျိုးတွေကို " မြန်မာစာဟာ တို့စာ၊ မြန်မာစကားဟာ တို့စကား၊ မြန်မာ့ယဉ်ကျေးမှုဟာ တို့ယဉ်ကျေးမှု " လို့ နားလည်လက်ခံလာအောင် မိန့်ကြားဆုံးမတတ်ပါတယ်။

ဆရာတော်က ဒီလိုလည်း ဆုံးမတတ်ပါတယ်၊ ဒီအဆုံးအမကတော့ ပြည်တွင်း, ပြည်ပက အားလုံးသော မြန်မာတွေအတွက်ပါပဲ။

http://www.dhammadownload.com

" လေဟာပြင်နယ်ဟာ လေကို လာပါ လို့ အထူးဖိတ်ခေါ်နေစရာ မလို တော့ဘူး၊ လေတွေဟာ အလိုလို ဝင်လာနေတော့တာပဲ၊ ဗုဒ္ဓယဉ်ကျေးမှု, မြန်မာ့ ယဉ်ကျေးမှုတွေ ဆိတ်သုဉ်းနေတဲ့ မြန်မာတွေရဲ့ နှလုံးသားနယ်ပယ်မှာ ပြည်ပ ယဉ်ကျေးမှု, ဘာသာခြားအယူဝါဒ စတာတွေ တစ်ဟုန်တိုး ဝင်လာတော့တာပါပဲ၊ ဒါကြောင့် မြန်မာတွေရဲ့ နှလုံးသားထဲမှာ ဗုဒ္ဓယဉ်ကျေးမှု, မြန်မာ့ယဉ်ကျေးမှုတွေ အပြည့် တည်ရှိနေကြဖို့ လိုအပ်လှပါတယ် " တဲ့။

ရှေ့တွင်

မြန်မာ့ယဉ်ကျေးမှု
မှေးမှိန်ပြုလာ
ယခုခါတွင်
မပြုပြင်က
ရှေ့တွင် ဒိထက်
တိုး၍ ပျက်လိမ့်၊
မပျက်ကြမီ
တူညီညီဖြင့်
ကိုယ်စီကိုယ်ငြ
ထိန်းသိမ်းကြ။

⌘ ⌘ ⌘ ⌘ ⌘

http://www.dhammadownload.com

ရွှေတောင်ကုန်းက စေတီများ

အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော်က ပြောတယ်။

" တစ်ရွာ တစ်ကျောင်းပဲ ကောင်းတယ်၊ စေတီကလည်း တစ်ဆူဆို လုံလောက်ပါပြီ၊ တစ်ဆူကိုပဲ သပ်သပ်ပယ်ပယ် ကြည့်ညှိဖွယ်ဖြစ်အောင် လုပ်ကြဖို့လိုတယ် " တဲ့။

မဟာဂန္ဓာရုံဆရာတော်က မြန်မာနိုင်ငံမှာ သာသနာရေးနဲ့စပ်ပြီး ပြုပြင်စရာတွေကို အများကြီး ထောက်ပြတယ်၊ ပြုပြင်ကြဖို့ တိုက်တွန်းတယ်၊ သူတိုက်တွန်းတဲ့အတိုင်း ပြုပြင်နိုင်ကြမယ်ဆိုရင် နိုင်ငံရော သာသနာရော အကျိုးများမှာကတော့ သေချာပါတယ်၊ စေတီတည်ဖို့ မြန်မာတွေက ရှေးကလည်း ဝါသနာကြီးခဲ့ကြတယ်၊ ယခုလည်း ကြီးနေကြဆဲပဲ၊ နောင်လည်း ကြီးနေကြအုံးမှာနဲ့ တူပါတယ်၊ "လှည်းဝင်းရိုးသံ တည်ညံ ပုဂံဘုရားပေါင်း " တဲ့၊ ရှေးက ပုဂံမှာ တည်ခဲ့ကြတာ၊ အခြား, အခြားမြို့တွေ့မှာလည်း ဒီလောက်မများပေမယ့် ရှိနေကြတာပဲ၊ လိုအပ်တဲ့နေရာမှာ လိုအပ်သလောက်ပဲ တည်တာ ကောင်းပါတယ်၊ လိုအပ်တာထက် ပိုလာရင်တော့ စဉ်းစားစရာ ဖြစ်လာပြီး၊ လိုအပ်တဲ့ နေရာမှာတော့ မရှိရှိအောင် ကြိုးစားရပါမယ်၊ တချို့လည်း " စေတီတည်တာဟာ သာသနာပြုတာပဲ " လို့ ယူဆကာ စေတီတွေကို ဟိုဟို ဒီဒီ လျှောက်တည်နေကြတယ်။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ဟာ စေတီပုထိုးတွေ လျှောက်တည်ပြီး သာသနာပြုနေကြတယ်လို့ ဆိုသူတွေကိုလည်း အခါတော်တော်များများတွေ့ခဲ့ဖူးတယ်၊ အဲဒီအခါ ဆရာတော်က ဒီစကားလေးတွေကို မိန့်ကြားတတ်ပါ တယ်။

" ဘုန်းကြီးတို့လည်း စေတီတည်နေပါတယ်၊ ဘုန်းကြီးတို့ တည်တဲ့ စေတီကတော့ ဓမ္မစေတီပါပဲ၊ လူတွေရဲ့ နှလုံးသားထဲမှာ ဗုဒ္ဓတရားတွေ တည်နေအောင်

http://www.dhammadownload.com

ဆောင်ရွက်ပေးနေပါတယ်၊ ဓမ္မစေတီ တည်ပေးနေပါတယ်၊ အများတည်နေကြတဲ့ စေတီတော်ပုထိုးတော်တွေကတော့ မလိုအပ်တဲ့ နေရာတွေမှာ မလိုအပ်ဘဲ တည် ထားရင် အကျိုးမများဘူး၊ ဘုန်းကြီးတို့ တည်ပေးနေတဲ့ ဓမ္မစေတီကတော့ နေရာ တကာ မှာ လိုအပ်ပါတယ်၊ လူတိုင်းရဲ့ နှလုံးသားထဲမှာ တည်ဖို့ လိုအပ်ပါတယ်၊ အများတည်နေကြတဲ့ စေတီတော်ပုထိုးတော်တွေက တည်တိုင်း ကောင်းတာ မဟုတ်ဘူး၊ ဒီဓမ္မစေတီကတော့ တည်လေလေ ကောင်းလေလေပဲ၊ တည်လေလေ အကျိုးများလေလေပဲ၊ သာသနာကျိုးလည်း များတယ်၊ ကိုယ့်ကျိုးလည်း များတယ်၊ ဗုဒ္ဓသာသနာဝင်တွေဟာ ဓမ္မစေတီကို မိမိနှလုံးသားထဲမှာ တည်နိုင်အောင် ကြိုးစား ကြဖို့ အသိီးသီး လိုအပ်ပါတယ်၊ ဗုဒ္ဓသာသနာဝင်တွေရဲ့ နှလုံးသားထဲ ဓမ္မစေတီ တည်နေမှ သာသနာက တည်မှာ၊ ဓမ္မစေတီက ကြာကြာတည်ရင် သာသနာလည်း ကြာကြာ တည်မှာပဲ၊ ဓမ္မစေတီ မတည်ရင်တော့ သာသနာလည်း မတည်တော့ဘူး၊ ဓမ္မစေတီ ကွယ်နေရင် သာသနာလည်း ကွယ် တော့တာပဲ၊ ဓမ္မစေတီ မတည်သူရဲ့ နှလုံးသားမှာ သာသနာ ကွယ်နေပြီ၊ ဒါကြောင့် မိမိတို့နှလုံးသားမှာ, မိမိတို့သန္တာန်မှာ သာသနာ မကွယ်ရအောင် ဓမ္မစေတီကို အသိီးသီး တည်ကြဖို့ လိုအပ်လှပါတယ် " တဲ့။

မှတ်သားစရာ ကောင်းလှပါတယ်၊ စေတီပုထိုးတွေကို ဟိုဟိုဒီဒီ လျှောက် တည်နေတာကို ကြိုးကျယ်လှတဲ့ သာသနာပြုလုပ်ငန်းပဲလို့ အယူရှိနေကြသူတို့ သတိပြုစရာပါပဲ၊ စေတီပုထိုးတွေကို လိုအပ်တဲ့နေရာတွေမှာ လိုအပ်သလောက်ပဲ တည်လိုတည်ကြပါ၊ ဒါပေမယ့် ဓမ္မစေတီကိုလည်း မိမိနှလုံးသားထဲမှာ တည်ဖြစ် အောင် တည်ကြပါလို့ တိုက်တွန်းလိုတာပါပဲ။

စေတီတော်, ပုထိုးတော်တွေကို တည်ထားရင် ရှိသေကြမှ အပြစ်ကင်း တယ်၊ မရှိမသေလုပ်ကြရင် အပြစ်မကင်းဘူး၊ စေတီ, ပုထိုးတွေဟာ ရှိသေလေးစားရ မယ့် အရာတွေပဲ။

အမရပူရမြို့, မဟာဂန္ဓာရုံကျောင်းတိုက်ထဲမှာ စေတီတော်တစ်ဆူ ရှိတယ်၊ စေတီတော်ပတ်ပတ်လည်ကိုလည်း အုတ်တံတိုင်း ခတ်ထားတယ်၊ ပန်း, ဆီမီးတွေနဲ့ လည်း စေတီတော်ကို ပူဇော်ပါတယ်၊ ဖယောင်းတိုင် ပုံသဏ္ဌာန်ပြုလုပ်ထားတဲ့ တံခွန်တိုင်ကြီးပေါ်မှာ မီးသီးထွန်းကာ မီးပူဇော်တယ်၊ ပန်းအိုးကို သဘော်ပုံသဏ္ဌာန် ပြုလုပ်ပြီး အဲဒီထဲမှာ ပန်းပင်တွေ စိုက်ကာ ပွင့်လာတဲ့ ပန်းတွေနဲ့ ပူဇော်တယ်၊ ရုပ် ပွားတော်တွေကို ဘုရားတိုက်ထဲမှာပဲ တည်ထားကိုးကွယ်တယ်၊ အခြား ဘယ်

http://www.dhammadownload.com

ကျောင်းဆောင်မှာမှ မထားရဘူး၊ ဓာတ်ပုံကိုတောင်မှ မထားရဘူး၊ ဘုရားပုံတော်ရှေ့မှာ မရိုမသေ လုပ်ရင်, ပြောရင် မသင့်တော်လို့ပါပဲ။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ သာဓုဇနတောသနာ ဓမ္မသဘာဆောင်ကြီး ပေါ်မလာမီက ဆွမ်းစားကျောင်းကိုပဲ ဓမ္မာရုံအဖြစ် အသုံးပြုရပါတယ်၊ ဒါကြောင့် ဘုရားခန်းကို သီးသန့်ပြုလုပ်ထားပါတယ်၊ မီးသီးမီးနဲ့ ပူဇော်တယ်၊ ပန်းအိုးတွေမှာ ထည့်ထားတဲ့ ပန်းတွေနဲ့လည်း ပူဇော်တယ်၊ သားထွန်းအောင်ကျောင်းပေါ်မှာ လည်း ဘုရားခန်း ရှိပါတယ်၊ ဆရာတော်ကလည်း ဘယ်အခန်း, ဘယ်အဆောင်မှာမှ ဘုရားပုံတော်, ရုပ်ပွားတော်တွေ ထားခွင့် မပေးဘူး၊ ဘုရားခန်းမှာ ထားစေပါတယ်၊ သာထွန်းအောင်ကျောင်းပေါ်က ဘုရားခန်းမှာ ရုပ်ပွားတော်တွေ စုံနေတာပါ ပဲ၊ မြန်မာ, ထိုင်း, အင်ဒိုနေးရှား, နီပေါ, ပါကစ္စတန်, မလေးရှား စတဲ့ နိုင်ငံတွေက ရုပ်ပွားတော်တွေပါပဲ၊ ဘုရားဓာတ်ပုံ ပန်းချီကားတွေကိုလည်း ဘုရားခန်းမှာပဲ ထားစေပါတယ်၊ ကျန်အခန်းတွေမှာ မရှိစေဘူး။

သာထွန်းအောင်ကျောင်းက ဘုရားဆောင်က ရွှေတောင်ကုန်းသာသနာ့ရိပ်သာ မပေါ်လာမီကထဲက ရှိနှင့်တာပါ၊ ဒီဘုရားဆောင်က အခန်းသီးသန့်ပဲ၊ ဆွမ်းစားကျောင်းပေါ်က ဘုရားခန်းကိုတော့ ခန်းစီးလိုက်ကာတွေနဲ့ ကာရံကာ အခန်းပြုလုပ်ထားပါတယ်၊ ဘုရားဖူး, ဘုရားကန်တော့တဲ့ အခါမျိုးမှာသာ လိုက်ကာကို ဖွင့်ရပါတယ်၊ ကျန်တဲ့အခါမှာ ပိတ်ထားရပါမယ်၊ ယခုအခါမှာတော့ ဓမ္မာရုံကြီးကလည်း ပြီးသွားပြီမို့ ဓမ္မာရုံတတိယထပ်မှာ ဘုရားခန်း ထားရှိပါတယ်၊ သီးသန့်ဘုရားခန်းပါပဲ၊ မှန်နဲ့ ကာရံထားတယ်၊ လေလုံနေတယ်၊ နံရံတွေမှာ တော, တောင်သဘာဝပန်းချီကားတွေလည်း ပါတယ်၊ သစ်ပင်, ပန်းပင်တွေလည်း အစုံပါပဲ၊ မြစ်တွေ, ရေတံခွန်တွေကလည်း ပါလိုက်သေးတယ်၊ နေနဲ့လကို မီးသီးနဲ့ လုပ်ထားတယ်၊ မီးဖွင့် လိုက်ရင် နေရောင်, လရောင် တောက်လာတယ်၊ ကြေးနဲ့ သွန်းထုထားတဲ့ ရုပ်ပွားတော်ကလည်း ကြည်ညိုဖွယ်ကောင်းလှပါတယ်၊ သိမ်ကလည်း သုံးထပ်ရှိတယ်၊ သိမ်တတိယထပ်မှာလည်း ဘုရားခန်း ပါတယ်၊ ဘုရားခန်းရှေ့မှာ ဆရာတော် တရားဟောဖို့ ကြွလာတဲ့အခါ ကိုင်လာတဲ့ ယပ်တောင်ကို ပလ္လင်ပေါ် ချ, မြတ်စွာဘုရားပုံတော်ဘက်သို့ မတ်တပ်ရပ် လက်အုပ်ချီကာ ဦးတိုက်မှုကို မဟောခင်ရော ဟောပြီးရော ပြုလုပ်လေ့ရှိတယ်။ ပရိသတ်ဘက် မျက်နှာလှည့်ပြီး ဟောရလို့ ဘုရားကို ကျောပေးပြီး ဟောရတဲ့အတွက် ဆရာတော်က သိပ်ပြီး မဝံ့ရဲဘူး၊ ဒါကြောင့် ဘုရားမျက်နှာတော်ရှေ့တည့်တည့်မှာ ပလ္လင်ကို မခင်းစေဘဲ ဘေးဘက်မှာ ခင်းစေပါ

http://www.dhammadownload.com

တယ်၊ မဟာစည်ဆရာတော်ကြီးရဲ့ ဓာတ်ပုံနဲ့ ဆရာတော်ရဲ့ ဓာတ်ပုံတို့ကို ပန်းတွေနဲ့ ပူဇော်ထားကြတာကိုလည်း တွေ့ရတယ်၊ ဆရာတော်ရဲ့ ဥပဇ္ဈာယ်ဆရာတော်ကြီး ဖြစ်တဲ့ မဟာဗောဓိတောရကျောင်း ပထမဆရာတော်ကြီး ဥူးကေလာသရဲ့ ပုံတော်ကိုလည်း ဆရာတော်တို့ရဲ့ ဆွမ်းဝိုင်းအနီးနံရံမှာ ချိတ်ပြီး ပူဇော်ထားတာ တွေ့ရတယ်၊ သပိတ်လွယ်ပြီး ဆွမ်းခံကြွနေတော်မူတဲ့ ပုံပဲ၊ ကြည်ညိုစရာ သိပ်ကောင်းတယ်၊ ဝန်ဆောင် ရဟန်းတွေရဲ့ ဝိုင်းအနီး နံရံမှာလည်း မဟာစည်ဆရာတော်ကြီးရဲ့ ဓာတ်ပုံကို ချိတ်ပြီး ပူဇော်ထားတာကို တွေ့ရတယ်၊ အဲဒီပုံကတော့ မဟာစည်ဆရာတော်ကြီး အမေရိကသို့ ကြွသွားတုန်းက ရိုက်ထားတဲ့ ပုံပဲ၊ တော်တော်မြင့်တဲ့ သစ်သားခုံပေါ်မှာ အခင်းတောင် မပါဘဲ ခြေချထိုင်ပြီး ရိုက်ထားတဲ့ ပုံပဲ၊ ရိုးရိုးနဲ့ ဆွဲဆောင်အား ရှိတဲ့ ပုံပဲ။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာထဲမှာတော့ စေတီတွေ အများကြီးပါပဲ၊ ပြည်တွင်းက ရှင်တွေ, ရဟန်းတွေ, သီကျော်ရှင်တွေ, အမျိုးသားတွေ, အမျိုးသမီးတွေ ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် အရွယ်စုံ, အလွှာစုံက လာပြီး စေတီတွေ တည်နေကြသလို ပြည်ပကလည်း ထိုနည်းတူစွာပါပဲ၊ ပြည်ပသား, ပြည်ပသူတွေက ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ တည်သွားတဲ့ စေတီတွေကို သူတို့ရဲ့ နိုင်ငံ အသီးသီးတွေ ရောက်တော့လည်း ဆက်လက်တည်ကြတယ်၊ အဲဒီစေတီတွေက တော့ ဓမ္မစေတီတွေပါပဲ၊ သတိပဋ္ဌာန်ဓမ္မစေတီတွေပေါ့၊ ဒီဓမ္မစေတီတွေ တည်ဖို့ရာ လွယ်သားပဲ။ ဓမ္မ စေတီတည်ပုံကိုလည်း ဆရာတော်နဲ့ နာယကဆရာတော်တွေက ကျကျနန သင်ပြပြီး ကြတယ်လေ။

အဲဒီသတိပဋ္ဌာန် ဓမ္မစေတီတွေကို နံနက် (၃) နာရီကစပြီး ညနေ (၁၁) နာရီအထိ မပြတ်တရစပ် တည်နေကြတယ်၊ ထိုင်ရင်လည်း တည်နေကြတယ်၊ ရပ်ရင်းလည်း တည်နေကြတယ်၊ စင်္ကြံသွားရင်းလည်း တည်နေကြတယ်၊ လျောင်းရင်းလည်း တည်နေကြတယ်၊ စားရင်းလည်း တည်နေကြတယ်၊ ရေချိုးရင်းလည်း တည်နေကြတယ်၊ နောက်ဆုံး ကုန်ကုန် ပြောရရင် အခင်းကြီး, အခင်းငယ်သွားရင်းတောင် တည်နေကြတယ်၊ နေရာမလပ်, အခါမလပ် တည်လို့ရတာကိုး၊ နေရာမလပ်, အခါမလပ်, တည်တတ်အောင်လည်း ဘုရားက ညွှန်ကြားထားတယ်၊ ဘုရားတရားက သိပ်ပြီး အကွက်စေ့တာပဲ၊ ဘုရားရှင်ရဲ့ တရားတော်တွေထဲမှာ ပိုသွားတာရယ်လို့လည်း မရှိဘူး၊ လိုနေတာရယ်လို့လည်း မရှိဘူး။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ ဓမ္မစေတီကို တချို့လည်း တစ်ပတ်, တချို့လည်း တစ်လ, တချို့လည်း တစ်နှစ်, တချို့လည်း နှစ်ပေါင်းများစွာ တည်နေ

http://www.dhammadownload.com

ကြတယ်၊ ကိုယ်တည်နိုင်သလောက် ကိုယ့်ဓမ္မစေတီဟာ မြင့်တက်လာတာပါပဲ၊ ဓမ္မစေတီ မြင့်လာလေလေ ကိုယ့်ဘဝဟာလည်း တန်ဖိုးရှိလာလေလေ၊ တန်ဖိုးမြင့်လာလေလေပါပဲ၊ ဒါကြောင့် ရရှိထားတဲ့ ကိုယ့်ရဲ့ လူ့ဘဝလေး တန်းဖိုးရှိပြီး တန်ဖိုးမြင့်လာချင်ရင် ဓမ္မစေတီကို မြင့်သထက် မြင့်အောင် တည်ကြရုံပဲလေ။

ရွှေတောင်ကုန်းက စေတီများ

လူများစွာ တည်
စေတီတွေကား
မြန်မာပြည်နှံ့အပြား
ပေါများပေသား
ရွှေတောင်ကုန်းမှာ တည်
ဓမ္မစေတီကား
ပြည်တွင်းသာမက
ပြည်ပပါ ဟူး။

○ ○ ○ ○ ○

http://www.dhammadownload.com

တော်တော် တူတယ်

ဆရာတော်ဟာ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇီးပင်ကျောင်းမှာ နေခဲ့ တယ်၊ အဘိဝံသ (သကျသီဟနဲ့ စေတိယင်္ဂဏ) စာမေးပွဲတွေအတွက် စာဝါ တွေ လေ့လာဖို့ပါပဲ၊ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကလည်း အဲဒီ ဇီးပင်ကျောင်း မှာပဲ နေခဲ့တယ်၊ ဆရာတော်က ရဟန်းငယ်ဘဝနဲ့ပဲ နေခဲ့တယ်၊ မဟာဂန္ဓာရုံ ဆရာတော်ကတော့ ကျောင်းသားဘဝ, ကိုရင်ဘဝ, ရဟန်းငယ်ဘဝတွေနဲ့ နေခဲ့ တယ်၊ ဆရာတော်ဟာ ဇီးပင်ကျောင်းမှာ မနေခင်က မဟာဂန္ဓာရုံသို့ သွားပြီး မဟာ ဂန္ဓာရုံဆရာတော်ထံ နေခွင့်လျှောက်ထားခဲ့သေးတယ်၊ ဆရာတော်နဲ့ မဟာဂန္ဓာရုံ ဆရာတော်ဟာ သက်တော် (၁၉) နှစ် ကွာပါတယ်၊ ဆရာတော်က ယခုအခါ အသက် (၇၅) နှစ် ရှိပြီဆိုတော့ မဟာဂန္ဓာရုံဆရာတော်သာ ယခုအထိ သက်တော် ထင်ရှားရှိခဲ့ရင် သက်တော် (၉၄) နှစ် ရှိနေပါပြီ၊ မဟာဂန္ဓာရုံဆရာတော်ဟာ ဆရာတော်ရဲ့ ဆရာရဲ့ ဆရာပါ၊ ဆရာတော်ရဲ့ ဆရာ ဥူးပညာသီရိက မဟာဂန္ဓာရုံ ဆရာတော်ထံ စာလိုက်ခဲ့ ဖူးလို့ပါပဲ၊ မဟာဂန္ဓာရုံဆရာတော်ထံ နေခွင့်လျှောက်တဲ့ အခါ မဟာဂန္ဓာရုံဆရာတော် ပြောလိုက်တဲ့ စကားလေးကို ဆရာတော် ပြန်ပြောရင် မပြောခင်လည်း ပြုံးနေတယ်၊ ပြောရင်လည်း ပြုံးနေတယ်၊ ပြောပြီးတော့လည်း ပြုံးနေတယ်၊ မဟာဂန္ဓာရုံဆရာတော်ရဲ့ စကားလေးကို မပြောခင် စကားပလွှင့် ခံနေသေးတယ်၊ " ဆရာတော်ရဲ့ စကားလေးက ပညာသား သိပ်ပါတယ်၊ အလိမ္မာပါ တယ်၊ သိပ်ကျေနပ်စရာကောင်းတယ် " တဲ့၊ မဟာဂန္ဓာရုံဆရာတော်ကို " မဟာဂန္ဓာရုံ ဆရာတော် " လို့လည်း မသုံးနှုန်းဘူး၊ " အရှင်ဇနကာဘိဝံသ " လို့လည်း မသုံးနှုန်းဘူး။

ဘွဲ့ခေါ်တာနဲ့ ပတ်သက်ပြီး ပြောစရာလေးတွေ ရှိလို့ ပြောပြရအုံးမယ်၊ ဆရာတော်က လေးစားထိုက်တဲ့ ဆရာတော်တွေရဲ့ ဘွဲ့ကို ခေါ်လေ့မရှိဘူး၊ တပည့်

http://www.dhammadownload.com

တွေကိုလည်း မခေါ်စေဘူး၊ ဆရာတော်ထံမှာ ယခုရှိနေတဲ့ နာယကတွေထဲက ဆရာတော် အရှင်ရုစိနဉာနကို " ကျောက်တန်းဆရာတော် " လို့ ခေါ်စေပါတယ်၊ သူကိုယ် တိုင်လည်း ခေါ်ပါတယ်၊ လူပဲဖြစ်ဖြစ်, ရဟန်းပဲဖြစ်ဖြစ် တစ်ဦးဦးက ဘွဲ့ကို ခေါ်ပြီး ပြောမိရင် " ကျောက်တန်းဆရာတော်ကို ပြောတာလား" လို့ မေးပြီးတော့လည်း ပြင်ပေးတတ်တယ်၊ " ကျောက်တန်းဆရာတော်ကပေါ့လေ " လို့ လက်တွေ့သုံးနှုန်း ပြပြီးတော့လည်း ပြင်ပေးတတ်တယ်၊ နာယက အရှင်ပညာဒီပကိုတော့ " ဘီလင်း ဆရာတော် " လို့ ခေါ်စေတယ်၊ ကျောက်တန်းရွာဇာတိသားမို့ အရှင်ရုစိရဉာနကို " ကျောက်တန်းဆရာတော်" လို့ ခေါ်တယ်၊ ခေါ်စေတယ်၊ ဘီလင်းဆိုတာကလည်း ဆရာတော် အရှင်ပညာဒီပရဲ့ ဇာတိအရပ်ပါပဲ၊ ဇာတိအရပ်ကို အစွဲပြုပြီး " ဘီးလင်း ဆရာတော် " လို့ အမည်ပြုပါတယ်၊ နာယကဆရာတော် အရှင်သာသနဘဒ္ဒကိုတော့ " ဇေယျဝတီဆရာတော် " တဲ့၊ ထားဝယ်မြို့ ဇေယျဝတီစာသင်တိုက်မှာ နေခဲ့လို့ နေခဲ့ရာစာသင်တိုက်ကို အစွဲပြုပြီး " ဇေယျဝတီဆရာတော် " လို့ နာမည်သုံးပါတယ်။

ဆရာတော်က တပည့်တွေရဲ့ ဘွဲ့ကို ခေါ်ရင်တောင် " ဥူး " ထည့်ပြီး ခေါ်လေ့ရှိတယ်၊ စာရေးသူကို ခေါ်တာ, စာရေးသူရဲ့ အမည်ကို သုံးနှုံးတာ " ဥူး " မပါဘဲ ခေါ်တာ, သုံးနှုံးတာ တစ်ခါမှ မကြားရဖူးဘူး၊ တစ်ခါတရံတော့လည်း ဥူး နေရာမှာ " အရှင် " ဆိုတဲ့ စကားလုံးလေးကို သုံးနှုံးတတ်ပါတယ်၊ " ဥူး, အရှင် " ဆိုတဲ့ စကားလုံးတွေအစား " မောင်" ဆိုတဲ့ စကားလုံးလေးကို ဘွဲ့ရှေ့က ထည့်ခေါ်တာ အကြိမ်အလွန်နည်းစွာ ကြားဖူးတယ်၊ စာရေးသူကိုတော့ အဲဒီလို " မောင် " ထည့်ပြီး တစ်ခါမှ မခေါ်ဖူးပါဘူး၊ ဆရာတော်ရဲ့ ဆရာတချို့ကလည်း ဆရာတော့်ဘွဲ့ကို ငယ်ရွယ်စဉ်က " မောင်" ဆိုတဲ့ စကားလုံးလေး ရှေ့က ထည့်ကာ ခေါ်ခဲ့ကြပုံပေါ်ပါတယ်၊ ကိုယ့်အသုံးအနှုန်းနဲ့ ကိုယ်ပေါ့၊ မဟာစည်ဆရာတော်ကြီးရဲ့ မွေးရပ်ဇာတိ ရွှေဘိုမြို့နယ် ဆိပ်ခွန်ရွာကတော့ မဟာစည်ဆရာတော်ကြီးကိုတောင် " မဟာစည်ဆရာတော်, မဟာစည် ဆရာတော် " လို့ မခေါ်ကြဘူးတဲ့၊ ဘယ်လို ခေါ်ကြသလဲ ဆိုတော့ မဟာစည် ဆရာတော်ကြီးရဲ့ ဘွဲ့က " ဥူးသောဘန " မို့ " ဘိုးသောဘန, ဘိုးသောဘန " လို့ ခေါ်ကြသတဲ့၊ အတိုကောက် ခေါ်ဝေါ်သုံးနှုန်းသူတွေကတော့ " ဘိုးသော, ဘိုးသော " လို့ ခေါ်ဝေါ်သုံးနှုန်းကြသတဲ့၊ အံ့သြမိတယ်၊ ခေါ်ကြမှာပဲလေ၊ အသုံးအနှုန်းဆိုတာ ကိုယ့်ဒေသနဲ့ ကိုယ်ပဲ၊ ကိုယ့်ဓလေ့နဲ့ ကိုယ်ပဲ၊ သူတို့လည်း သူတို့ရွာသား မဟာစည် ဆရာတော်ကြီးကို ကြည်ညိုလေးစားကြမှာ မလွဲပါပဲ။

ဆရာတော်ကတော့ မဟာဂန္ဓာရုံဆရာတော်ကို မဟာဂန္ဓာရုံဆရာတော် လို့လည်း မသုံးနှုန်း၊ အရှင်ဇနကာဘိဝံသ လို့လည်း မသုံးနှုန်းဘဲ " ဆရာတော် "

http://www.dhammadownload.com

လို့ပဲ ခေါ်ဝေါ်သုံးနှုန်းလိုက်ရာမှာ လေးစားမှုလည်း ပါတယ်။ ကြည်ညိုမှုလည်း ပါတယ်၊ ရင်းနှီးမှုလည်း ပါတယ်။

"အခု ရဟန်းငယ်တွေနဲ့ ကိုရင်ကြီးကြီးတွေကို လက်ခံနိုင်အောင် ကြိုးစားနေရပါသေးတယ်၊ အခုတော့ နေရာက မပြည့်စုံ၊ မလုံလောက်သေးပါဘူး၊ နောင်တော့လည်း လက်ခံလာနိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်၊ နောင်နေရာ ပြည့်စုံလာတဲ့အခါ အဆင်ပြေပါလိမ့်မယ်။ "

ဒါက မဟာဂန္ဓာရုံဆရာတော်က ဆရာတော်လောင်းလျာကို မိန့်လိုက်တဲ့ စကားပါပဲ၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်က အဲဒီစကားကို မှတ်ချက်လည်း ချပြတယ်။

"ဆရာတော်က လက်မခံနိုင်သေးပါဘူး ဆိုတဲ့ အဓိပ္ပါယ်ကို ယဉ်ယဉ်လေးနဲ့ မိန့်လိုက်တာပါပဲ၊ ဆရာတော့်စကားထဲမှာ အကြောင်းပြလည်း ပါတယ်၊ နောင် မျှော်လင့်ချက် ပေးထားတာလေးကလည်း ပါတယ် " တဲ့။

ဆရာတော်က သူကိုယ်တိုင်ဆရာတော်ဖြစ်လာတဲ့အခါ ဆရာတော်ထံ နေခွင့်လာရောက် လျှောက်ထားကြတဲ့ ရဟန်းငယ်တွေ, ကိုရင်ကြီးတွေကို တွေ့ရပါတယ်၊ အဲဒီ အခါ မဟာဂန္ဓာရုံဆရာတော်က သူကို မိန့်လိုက်တဲ့ စကားလေးတွေကို ပြောပြတတ်တယ်၊ ဆရာတော် အလုပ်များတဲ့ အခါမျိုးမှာ အဲဒီလို ရဟန်းငယ်နဲ့ ကိုရင်တွေကို စာရေးသူထံ လွှတ်လိုက်တတ်ပါတယ်၊ အဲဒီအခါ စာရေးသူလည်း ဆရာ့ (၂) ပါး ရဲ့ ဩဝါဒစကားနဲ့အညီ ပြောပြရပါတယ်၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာရဲ့ ပရိယတ်ဆိုင်ရာ ထူးထူးခြွန်ခြွန် အောင်မြင်မှုတွေအကြောင်းကို ဘာသာရေးမဂ္ဂဇင်း တွေထဲမှာ ဖတ်ရှုရတဲ့ ရဟန်းငယ်တွေနဲ့ ရှင်သာမဏေတွေကလည်း ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ လာပြီး နေချင်ကြလို့ စာနဲ့ စူးစမ်းသူတွေ၊ လူကိုယ်တိုင်လာပြီး စူးစမ်းကြသူတွေ ရှိတယ်၊ ဆရာတော်ထံ မရောက်ခင် စာရေးသူထံ အရင်ရောက်လာရင် ဆရာတော်ရဲ့ သဘောထား ရည်ရွယ်ချက် အခြေအနေတွေကို ပြောပြရပါတယ်။

ဒီလိုနေရာမျိုးမှာလည်း ဆရာတော်နဲ့ မဟာဂန္ဓာရုံဆရာတော်တို့ ပြောဆိုဆောင်ရွက်ကြပုံချင်း တူနေတာကို တွေ့ရပါတယ်၊ စာရေးသူအမြင်မှာ ဆရာတော် (၂) ပါး တူကြတာတွေ တော်တော် များပါတယ်၊ ဝိနည်းကို အသေးအမွှားလေးကစပြီး လေးစားကြတာချင်းလည်း တူတယ်၊ လူမျိုးနဲ့သာသနာကို ချစ်မြတ်နိုးစိတ်ထက်သန်ကြတာချင်းလည်း တူတယ်၊ စည်းကမ်းကြီးကြတာချင်းလည်း တူတယ်၊ ရုပ်ချင်းလည်း များစွာ တူတယ်၊ တောင်ဝှေးကို ကိုင်ပုံကိုင်နည်းလည်း တူကြတယ်၊

http://www.dhammadownload.com

သင်းပိုင်နဲ့ ကေသီကို အလွန်ညီညာစွာ ဝတ်ကြတာချင်းလည်း တူတယ်၊ သင်္ကန်း ရုံတဲ့အခါ ဂုတ်ပိုးသေးသေးနဲ့ သပ်သပ်ရပ်ရပ် ရှိကြတာချင်းလည်း တူတယ်၊ အသံ တိုးတိုးနဲ့ စာကျက်စေတာချင်းလည်း တူတယ်၊ သူတို့ (၂) ပါးရဲ့ ကျောင်းတိုက်တွေ ထဲမှာ သန့်ရှင်းမှု, သပ်ရပ်မှု ရှိကြရတာချင်းလည်း တူတယ်၊ ကျောင်းဝိုင်းထဲမှာ တောင်ဝှေးကို ကိုင်ပြီး လှည့်လည်ကြည့်ရှုကြတာချင်းလည်း တူတယ်၊ အလုပ်တစ်ခု မှာ စေ့စေ့စပ်စပ် မြင်တတ်, ကြည်ရှုတတ်ကြတာချင်းလည်း တူတယ်၊ တပည့်တစ်ဦး ကို လက်ခံတော့မယ်ဆိုရင် တပည့်ရဲ့ စိတ်ကောင်းရှိတာကိုသာမက ရုပ်ကောင်းရှိတာ ကိုပါ ရွေးချယ်ကြတာချင်းလည်း တူတယ်၊ အကြိုက်ကို မလိုက်ဘဲ အသင့် (သင့်တာ) ကို လိုက်ပြီး စားသုံးတာ, နေထိုင်တာချင်းလည်း တူတယ်၊ စားရေး, သောက်ရေးမှာ အပိုအကုန်အကျ မရှိရအောင် စီမံတတ်ကြတာချင်းလည်း တူတယ်၊ တပည့်တွေကို စည်းစနစ် သေသေဝပ်ဝပ် ရှိအောင် ထိန်းသိမ်းကြတာချင်းလည်း တူတယ်၊ ဘုရား ရုပ်ပွားတော်, ရုပ်ပုံတော်, ဘုရားဓာတ်ပုံပန်းချီကားတွေကို ဘုရားခန်းမှာသာ ထားစေ တာချင်းလည်း တူတယ်၊ တော်တဲ့ တပည့်ကို တော်သလို ချီးမြှောက် တတ်ကြ တာချင်းလည်း တူတယ်။

ကျောင်းတိုက်အတွင်းမှာ ဖိနပ်စီးခွင့် ပြုကြတာချင်းလည်း တူတယ်၊ လမ်းမှာ ထိုင်ပြီး ကန်တော့တဲ့ ဒကာ, ဒကာမတွေကို "မထိုင်နဲ့၊ မတ်မတ် ရပ်၊ လက်အုပ်ချီ၊ အဲဒါဆို ပြီးတာပဲ" လို့ မိန့်ကာ ပြုပြင်ပေးကြတာချင်းလည်း တူတယ်၊ ခေတ်အမြင် ရှိကြတာချင်းလည်း တူတယ်၊ ဘာသာရေးလုပ်ငန်းတွေ မှာ ပြုပြင်စရာ ရှိတာတွေကို ရဲရဲဝံ့ဝံ့ ထောက်ပြတတ်ကြတာချင်းလည်း တူတယ်၊ ဂိုဏ်ဂဏအစွဲ မထားကြတာချင်း လည်း တူတယ်၊ ရေလိုက်ငါးလိုက် မလုပ်ကြတာချင်းလည်း တူတယ်၊ ရေလိုက် ငါးလိုက် မလုပ်တော့ မာနကြီးတယ်လို့ အထင်ခံရတာချင်းလည်း တူတယ်၊ မနာလို မရှုစိမ့်နိုင်ကြသူတွေရဲ့ ဝိုင်းပြီး အချခံရတာချင်းလည်း တူတယ်၊ မဟာဂန္ဓာရုံ ဆရာတော်က သူ့အကြောင်းကို သူကိုယ်တိုင် ရေးထားတဲ့ "တစ်ဘဝသံသရာ" ဆိုတဲ့ စာအုပ်ထဲက လင်္ကာပိုဒ်လေးတစ်ပိုဒ်ကိုတောင် ဒီနေရာမှာ သတိရလာသေး တယ်၊ "သာဓုခေါ်သံ, မနာခံရ, ဝိုင်း၍ ချ၏" တဲ့၊ မဟာဂန္ဓာရုံ ဆရာတော်က သူ့ကို ဝိုင်းပြီး ချခဲ့ကြတာလေးကို လင်္ကာရေးထားတယ်၊ ဆရာတော် (၂) ပါးမှာ တူတာတွေ များစွာ ရှိပါတယ်၊ မတူတာတွေလည်း ရှိပါလိမ့်မယ်။

http://www.dhammadownload.com

တော်တော် တူတယ်

သူတို့နှစ်ပါး
ကြောင်းရာများကို
စဉ်းစားကြည့်ရာ
တူကြတာတွေ
လွန်များပေ၏။
တော်နေရာမှာ
တူကြတာမို့
တော်ပါပေစွ
တော်ပေစွ၊

http://www.dhammadownload.com

ဘဖွား

ဆရာတော်ဟာ ၁၃၁၂ - ခုနှစ်မှာ ရန်ကုန်မဟာစည်သာသနာ့ရိပ်သာကို လာပြီး တရားအားထုတ်ခဲ့တယ်၊ ကမ္မဋ္ဌာန်းဆရားကတော့ အရှင်ဝိစာရပါပဲ၊ နောင်သောအခါ ဝါးခယ်မရိပ်သာဆရာတော် ဖြစ်လာတယ်၊ တရားအားထုတ်တဲ့အခါ တရားအားထုတ်ဖော် ရဟန်းငယ်တချို့ရဲ့ ဝိနည်းဆိုင်ရာ အားနည်းချက်လေး တွေကို တွေ့ရတယ်၊ သီလ မလုံခြုံဘဲနဲ့ တရားအားထုတ်လို့ တရားတိုးတက်နိုင်ပါ့မလား - ဆိုတဲ့ အတွေးက ဆရာတော်သန္တာန်မှာ တရစ်ဝဲဝဲ ဖြစ်နေတယ်၊ အဲဒီ အတွေးကြောင့် တရားဟာ ရှေ့မတက်ဘဲ (၂) ရက်လောက် တန့်နေခဲ့တယ်၊ တရားရပ်တန့်နေလို့ ကမ္မဋ္ဌာန်းဆရာက ရိပ်မိပုံပေါ်ပါတယ်၊ " တွေးနေတာ, ဝေဘန် နေတာတွေ ရှိရင် တရားမတိုးတက်ဘဲ ရပ်တန့်နေတတ်တယ်၊ တွေးတာတွေ ဝေဘန်တာတွေ ပေါ်လာရင် မလွတ်အောင် မှတ်, ပေါ်လာသမျှ မလွတ်အောင် မှတ်ဖို့ဟာ ယောဂီရဲ့ အလုပ်ပဲ" လို့ သတိပေးတယ်၊ ကိုယ့်ကိုယ်ကိုလည်း ဆုံးမလိုက် တယ်၊ " ဆရာခိုင်းတဲ့အတိုင်း လုပ်ရမယ် " လို့။

တရားအားထုတ်တယ် ဆိုတာ ရေကြောင်းခရီး သွားရတာနဲ့ တူတယ်၊ ရေကြောင်းခရီးသွားတဲ့အခါ လှိုင်းဒဏ်, လေဒဏ်တွေရဲ့ ပုတ်ခတ်မှုဒဏ်တွေကြောင့်လေ့, သို့မဟုတ် သဘော်ဟာ မြုပ်သွားနိုင်တယ်၊ အဲဒီလှိုင်း, လေထန်နေတုန်းမှာ ကိုယ့်လေ့, ကိုယ့်သဘော်ကို မနစ်မြုပ်အောင် ဂရုမစိုက်ဘဲ သူတစ်ပါးလေ့, သူတစ်ပါး သဘော် အချို့းမကျတာကို သွားပြောနေလို့ မဖြစ်ဘူး၊ သွားပြောနေရင် ကိုယ်လေ့, ကိုယ့်သဘော် နစ်သွားမှာပေါ့၊ ကိုယ့်လေ့, ကိုယ့်သဘော်ကိုပဲ မနစ်အောင် ဂရုစိုက်ရတယ်။

အဲဒီလိုပဲ ယောဂီဟာလည်း တရားလမ်းခရီးသွားတဲ့အခါ ကိလေသာလှိုင်း

http://www.dhammadownload.com

ကိလေသာလေတွေရဲ့ ပုတ်ခတ်မှုဒဏ်ကို ခံရတတ်တယ်၊ အဲဒီအခါ သူတစ်ပါး အချိုးမကျတာ သွားကြည့်နေလို့ မဖြစ်ဘူး၊ တွေးတော ဝေဘန်နေလို့ မဖြစ်ဘူး၊ ကိုယ့်ကိုယ်ကိုပဲ ကိလေသာလို့ငြင်း, ကိလေသာလေတွေရဲ့ ပုတ်ခတ်မှုဒဏ်ကို မခံရအောင် ဂရုစိုက်ရတယ်၊ ကိုယ့်ရဲ့ တရားရှုမှတ်မှုအလုပ်ကိုပဲ မလစ်လပ်အောင် လုပ်ဖို့ လိုတယ်။

ဒီသဘောကို ဆရာတော်လည်း သဘောပေါက်လာတယ်၊ ဒါကြောင့် ဆရာ ခိုင်းတဲ့ အတိုင်း ဆက်လုပ်လို့ တရားတွေ အဆင်ပြေသွားတယ်။

ဆရာတော်ဟာ သူလိုဝေဘန်မှု, တွေးတောမှုတွေကြောင့် တရားမတိုး တက်တဲ့ယောဂီတွေကို သူကမ္မဋ္ဌာန်းဆရာ ဖြစ်လာတဲ့အခါ တွေ့ရတယ်၊ အဲဒီအခါ သူအမှားလေးကို ပြောပြပြီး အမှန်ရောက်အောင် ပြုပြင်ပေးတတ်ပါတယ်၊ ဆရာတော်ဟာ သူကိုယ်တွေ့အမှားလေးကို ပြောပြတော့ နားထောင်ရတဲ့သူကလည်း စိတ်ဝင်စားတယ်။ ပြီးတော့ လိုက်နာဖို့လည်း လွယ်တယ်၊ ကိုယ့်အမှားလေးကို ပြောပြပြီး အမှန် ရောက်အောင် ပြုပြင်ပေးတာဟာလည်း အတုယူစရာပါပဲ။

ဆရာတော်ရဲ့ နောက်အမှားလေးတစ်ခု ရှိတယ်။

လူဆိုတာကတော့ အမှား ကင်းဖို့ ခက်သားပဲ၊ အမှားဆိုတာတော့ ရှိကြစမြဲပဲပေါ့၊ အမှားလေးနဲ့ အမှားကြီးပဲ ကွာချင်ကွာမယ်၊ သူလည်း မှား၊ ကိုယ်လည်းမှားပဲ၊ မမှားဖူးတဲ့သူ လောကမှာ ရှိဖို့ မလွယ်ဘူး၊ ဘုရားဖြစ်မယ့် ဘဝမှာတောင် ဘုရားလောင်းဟာ ဒုက္ကရစရိယာ လမ်းမှားကြီးကို လိုက်မိခဲ့သေးတာပဲ၊ ဒီတော့ သာမန် လူတွေမှာ အမှားရှိကြတာဟာ မဆန်းပါဘူး၊ ဒါပေမယ့် အမှားကင်းနိုင်သမျှ ကင်းအောင် ကြိုးစားကြဖို့တော့ လိုတယ်၊ တစ်ခါတော့ မှားချင်မှားပေမပေါ့၊ ဒါပေမယ့် နောက်တစ်ခါ ထပ်မမှားမိအောင် သတိယှဉ်ပြီး အသိဝင်ကြဖို့တော့ လိုပါတယ်။

ဆရာတော်က အမေရိက တရားစခန်းတစ်ခုမှာ အကြောပြင်ဆရာရဲ့ အကြောပြင်ပေးမှုကို ခံယူနေတယ်၊ အကြောပြင်ဆရာက သူနေစေချင်တဲ့ အနေအထားအတိုင်း နေဖို့ ပြောတယ်၊ အကြော လျှော့ထားဖို့ ပြောတယ်၊ ဆရာတော်က အကြောကို တင်းထားနေတယ်၊ ဒီတော့ အကြောပြင်ဆရာမှာ အကြောပြင်ပေးလို့ အဆင်မပြေဖြစ်နေတယ်၊ ဒါကြောင့် အကြောကို လျှော့ထားဖို့ ထပ်ပြောတယ်၊ ဆရာတော်က အကြောကို တင်းမြဲတင်းနေမိတယ်၊ အကြောပြင်ဆရာမှာ အလုပ်ရခက်နေတယ်၊ အဲဒီအခါ ဆရာတော်မှာ "ဒီအချိန်အခါမှာ သူစကားကို ငါ နားထောင်ရမယ်၊ သူခိုင်းတဲ့အတိုင်း ငါလိုက်လုပ်ရမယ်၊ အကြောလျှော့ဆို လျှော့ထားရမယ်"

http://www.dhammadownload.com

လို့ အသိဝင်လာပြီး အကြောကို သူပြင်ချင်သလို ပြင်ပေးလို့ ရတော့တယ် တဲ့။

ဆရာတော်ဟာ သူရဲ့ ဒီအမှားလေးကို ပြောပြပြီး ညွှန်ကြားတဲ့အတိုင်း တရားမမှတ်ဘဲ တင်းမာနေကြတဲ့ ယောဂီတွေကို ဆုံးမတတ်ပါတယ်၊ အဲဒီအခါ ယောဂီတွေဟာ ဆရာတော်လိုပဲ အသိဝင်လာပြီး ညွှန်ကြားတဲ့အတိုင်း တရားကို ကြိုးစားမှတ်ကြပါတော့တယ်၊ ကိုယ့်အမှားလေးတွေကို အမှန်ရောက်အောင် ပြုပြင်စရာ သင်ခန်းစာအဖြစ် ပြောပြတာဟာ ထိရောက်မှု ရှိလှပါတယ်။

ဆရာတော်ရဲ့ နောက်အမှားတစ်ခုလည်း ရှိသေးတယ်၊ ဆရာတော်ဟာ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာမှာ ကမ္မဋ္ဌာန်းဆရာအဖြစ်နဲ့ တရားပြသပေးခဲ့စဉ်က ရှင်, ရဟန်းတွေနဲ့ အမျိုးသားယောဂီတွေကိုပဲ ပြခဲ့တာ များတယ်၊ အမျိုးသမီးယောဂီတွေကိုတော့ နှစ်အနည်းငယ်ပဲ တရားပြသပေးခဲ့တယ်၊ တစ်ခါက ဆရာတော်ထံ တရားအားထုတ်ကြတဲ့ အမျိုးသားယောဂီတွေထဲမှာ ဆရာဝန်တစ်ယောက် ပါလာတယ်၊ ဆရာတော့်မှာလည်း အဲဒီတုန်းက အစာအိမ်ရောဂါ ဖြစ်နေတယ်၊ ဒါကြောင့် ဆရာတော်က အဲဒီယောဂီဆရာဝန်ကို သူ့အစာအိမ်ရောဂါအကြောင်း ပြောပြတယ်၊ အဲဒီအခါ အဲဒီဆရာဝန်က " အရှင်ဘုရား . . . အဲဒီအစာအိမ်ရောဂါအတွက် ထိုးဆေးထိုးကာ ကုသမှု ခံယူရမယ် " လို့ ပြောတယ်၊ ဆရာတော်က အဲဒီဆရာဝန်ရဲ့ ပြောကြားချက်ကို မှတ်ထားတယ်၊ နောက် ရက်သိပ်မကြာခင် ရိပ်သာမှာ အမြဲဆေးကုသဖို့ တာဝန်ယူထားတဲ့ ဆရာဝန်တစ်ဦးထံ ဆရာတော် ရောက်လာတယ်၊ အဲဒီအခါ ဆရာတော်က အဲဒီဆရာဝန်ကို " ဘုန်းကြီး အစာအိမ်ရောဂါအတွက် ဆေးထိုးကုသရမယ် " လို့ ပြောလိုက်မိတယ်၊ အဲဒီအခါ အဲဒီဆရာဝန်က " အရှင်ဘုရား ဘာပြောတယ်ဘုရား " လို့ ပြန်မေးတယ်၊ အဲဒီအခါ ဆရာတော်က ချက်ချင်းနားလည်သွားတယ်၊ " ငါ မှားသွားပြီ " လို့၊ ဆရာတော်ကတော့ ယောဂီဆရာဝန်ပြောပြတဲ့အတိုင်း ပြောပြတာ ပါပဲ။ ဆရာလုပ်တာတော့ မဟုတ်ပါဘူး တဲ့။

ဆရာဝန်တွေဟာ ဒီလို ပြောတာမျိုးကို မကြိုက်ဘူး၊ လူနာဟာ ဆရာဝန်ကို ကိုယ့်ရောဂါအခြေအနေကို ပြောပြရုံပဲ ရှိတယ်၊ " ဘာဆေး ပေးပါ၊ ဘာ လုပ်ပေးပါ " လို့ ဒီလို ပြောဖို့ မလိုဘူး၊ မပြောရဘူး၊ ရောဂါအခြေအနေကို ကြည့်ပြီး ဆေးပေးဖို့ ကုသပေးဖို့ဟာ ဆရာဝန်တာဝန်ပဲ။

ကမ္မဋ္ဌာန်းဆရာဟာ ဆရာဝန်နဲ့ တူတယ်၊ ယောဂီဟာ လူနာနဲ့ တူတယ်၊ ယောဂီဟာလည်း ကိုယ်အားထုတ်လို့ တွေ့ကြုံရတဲ့ အခြေအနေကို ကမ္မဋ္ဌာန်းဆရာကို ပြောပြရုံပဲ၊ ယောဂီရဲ့ အခြေအနေကို ကြည့်ပြီး ကမ္မဋ္ဌာန်းဆရာဟာ ဆောင်ရွက်ပေးလိမ့်မယ်၊ ယောဂီဟာ ကိုယ့်ရှုမှတ်ရတဲ့ အာရုံ ဖြစ်ပေါ်လာပုံ, ရှုမှတ်ပုံ, သိပုံကိုသာ

http://www.dhammadownload.com

ပြောပြရတယ်၊ " ဒီနေ့ တရားကောင်းတယ်၊ မကောင်းဘူး၊ တိုးတက်တယ်၊ ဆုတ်ယုတ်တယ်၊ သမာဓိတွေ ကောင်းပြီး ဉာဏ်တွေ တက်လာတယ်၊ ဒီနေ့ တရားကျသွားပါပြီ၊ " စသည်နဲ့ ပြောစရာ မလိုဘူး၊ ဆရာတော်ဟာ ယောဂီပေါင်းများစွာကို တရားစစ်လာခဲ့ရာ ယောဂီအမျိုးမျိုးကို တွေ့ရတယ်၊ ဆရာတော် ဒုတိယဆရာဝန်ကို ပြောခဲ့သလို ပြောကြတဲ့ ယောဂီတွေကိုလည်း တွေ့ရတယ်၊ အဲဒီအခါ ဆရာတော်ဟာ သူကိုယ်တွေ့အမှားလေးကို ပြောပြပြီး ပြုပြင်ပေးလေ့ရှိတယ်။

ဆရာတော်ရဲ့ လက်တွေ့မပါတဲ့ အပြောလေးတစ်ခု ရှိတယ်၊ ဆရာတော်ဟာ ကိုရင်ဘဝက ကျောက်တန်း မဟာဗောဓိတောရတိုက်မှာ ဂိလာနဖြစ်နေတဲ့ မူလဥပဇ္ဈာယ် ဆရာတော်ကို ဝတ်ကြီးဝတ်ငယ်ပြုနေတုန်း ရဟန်းတော်တွေရဲ့ စကားဝိုင်းမှ မုတ်ခါးဆေးရဲ့ အစွမ်းထက်ပုံကို ကြားသိရလို့ ဆရာအတွက် စိတ်အားထက်က အစွန်းရောက်စေတနာနဲ့ မုတ်ခါးဆေးအကြောင်း ချီးကျူးအမွှန်းတင်တဲ့အခါ ကိုယ်တွေ့လေဟန်မျိုးနဲ့ ဆရာ့အပါး တင်ပြလျှောက်ထားတယ်၊ ဆရာက " မောင်ပဏ္ဍိ . . . မင်းကိုယ်တိုင် မှီဝဲဖူးသလား" လို့ မေးလို့ ဆရာတော်က " မမှီဝဲဖူးကြောင်း လျှောက်တယ်၊ အဲဒီအခါ ဆရာက " အင်း " ဆိုတဲ့ စကားတစ်လုံးပဲ ပြန်ပြောသတဲ့၊ အဲဒီကစပြီး ဆရာတော်ဟာ သူကိုယ်တွေ့မဟုတ်တာကို ကိုယ်တွေ့လို ဘယ်တော့မှ မပြောတော့ဘူး - တဲ့၊ ယောဂီတွေထဲမှာ ကိုယ့်ကိုယ်တွေ့မဟုတ်ဘဲ လျှောက်ပြောတဲ့ ယောဂီတွေ တွေ့ရင် သူရဲ့ ဒီအတွေ့အကြုံလေးကို ပြောပြပြီး ပြုပြင်ပေးလေ့ရှိတယ်၊ အတုယူစရာ တွေပါပဲ။

အမှား

ဘုရားမှတပါး
ကျန်လူများကား
အမှားမစင်၊
သို့ဖြစ်အင်ကြောင့်
မှားလျှင် ထိုခါ
သင်ခန်းစာအနေ
ယူပါချေလော့၊
နောင်လေခါများ
ထပ် မမှားအောင်
သတိဆောင်။

☒ ☒ ☒ ☒ ☒

http://www.dhammadownload.com

မေ့မရဘူး

ရန်ကုန်မြို့ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ စတင်တည်ထောင်ခါစက ဆရာတော် မိန့်ကြားလေ့ရှိတဲ့ စကားလေးကို ပြန်လည်ကြားယောင်နေမိတယ်။

" နေရာသစ်တစ်ခု စတင်တည်ထောင်ခါစဆိုတော့ အရာရာ လိုအပ်နေတာပါပဲ၊ သင်ဖျာတစ်ချပ် ပန်းကန်ခွက်ယောက်တစ်လုံးကအစ လိုအပ်နေတာပါပဲ၊ အသုံးဝင် နေတာပါပဲ။ "

" အင်း . . . ဒကာ, ဒကာမတွေ တော်ကြပါပေတယ်၊ ဘာလိုပါတယ်လို့ တောင် မပြောရဘဲနဲ့ သူတို့ဘာသာ အလိုက်သိပြီး, လိုအပ်တာကို ကြည့်ပြီး လှူဒါန်းကြတယ်။ "

ရွှေတောင်ကုန်းသာသနာ့ရိပ်သာ စတင်တည်ထောင်ခါစမှာ အမာခံအနေနဲ့ လှူထားတဲ့ အလှူရှင်ကတော့ " အမေသန်း " လို့ အမျှားခေါ်နေကြတဲ့ ဒကာမကြီး ဒေါ်သန်းပဲ ဖြစ်ပါတယ်၊ ဒေါ်သန်းက (၂၇) သိန်း လှူထားတယ်၊ ကျောင်းဒကာ ဦးသာထွန်းအောင် – ဒေါ်နီတို့မိသားစုကိုတော့ ထည့်ပြောဖို့တောင် လိုမယ် မဟုတ်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ အလွန့်အလွန် ကျေးဇူးများတဲ့ ကျေးဇူးရှင်များအဖြစ် အများသိနေကြလို့ပါပဲ၊ ကိုယ့်စွမ်းနိုင်သလောက် လာရောက်လှူဒါန်းကြတဲ့ ဒကာ, ဒကာမတွေကလည်း များစွာပဲ ရှိပါတယ်၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ ၁၃၅၃ – ခု သီတင်းကျွတ်လဆန်း (၉) ရက်နေ့မှာ စာရေးသူတို့ စတင်ရောက်ရှိပါတယ်၊ " စာရေးသူတို့ " ဆိုရာမှာ အရှင်ဥာနဇောတာဘိဝံသ၊ အရှင်သံဝရာလင်္ကာရ၊ အရှင်ဒေမာစာရ နဲ့ စာရေးသူတို့ပါပဲ၊စာရေးသူတို့ စတင်ရောက်စဉ်က အရှင်ဒေမာစာရ တစ်ပါးတည်းပဲ ဆွမ်းခံကြွပါတယ်၊ အရှင်ဥာနဇောတာဘိဝံသနဲ့ စာရေးသူတို့က

http://www.dhammadownload.com

မဏိရတနာသီလရှင်စာသင်တိုက်ကို နီပေါဆရာလေးတွေကို စာသင်ပေးဖို့ အရှဏ် ဆွမ်းစားအပြီးမှာ သွားပြီး နေ့ဆွမ်းကို အဲဒီမှာ စားပါတယ်၊ ဥပုသ်နေ့မှာတော့ စာဝါ နားလို့ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာပဲ စားပါတယ်။

အဲဒီတုန်းက ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ အရှဏ်ဆွမ်း, နေ့ဆွမ်း အလှူရှင်တွေကတော့ ဦးဝင်းမောင် + ဒေါ်တင်တင်အေး တို့မိသားစုပဲ ဖြစ်ပါတယ်၊ သူတို့က ဒိုင်ခံအလှူရှင်ပါပဲ၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာရဲ့ တောင်ဘက် တစ်အိမ်ကျော်မှာ သူတို့အိမ် ရှိပါတယ်၊ ဒကာကြီး ဦးဝင်းမောင် + ဒေါ်တင်တင်အေး တို့ရဲ့ သား, သမီးတွေက ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်း တက်ရောက်ဖူးကြပါ တယ်၊ ဒါကြောင့် သာသနာ့ရိပ်သာနဲ့ ရင်းနှီးကြပါတယ်၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ စတင်တည်ထောင်ခါစမှာ ယခုအခါနဲ့ နှိုင်းယှဉ်ရင်တော့ မိုးနဲ့ မြေကြီးပေါ့၊ စခါစက ယခု လောက် အစစအရာရာ မပြည့်စုံသေးတော့ ဆင်းရဲတာ ပေါ့၊ အဲဒီလို ဆင်းရဲတုန်းမှာ လှူဒါန်းကြတဲ့ ဆွမ်းဒကာ ဦးဝင်းမောင် + ဒေါ်တင်တင်အေး တို့ရဲ့ ဆွမ်းအလှူကို တစ်သက် မေ့လို့မရဘူး၊ အဲဒီတုန်းက နေ့ဆွမ်းကို (လှိုင်) ဦးမောင်မောင်အေး + ဒေါ်ခင်ခင်ကြီးတို့ မိသားစုကလည်း အလှည့်ကျ လှူပါတယ်၊ အဲဒီလို မပြည့်စုံစဉ်က လှူဒါန်းတဲ့ ငါးပိရည်နဲ့ တို့စရာတို့ဟာ ယခုအခါ ဝက်သား, ကြက်သား စတဲ့ ကောင်း ပေ့ဆိုတဲ့ ဆွမ်းဟင်းတွေထက် ပိုပြီး မမေ့နိုင်စရာ ဖြစ်ပါ တယ်။

မဟာစည်သာသနာ့ရိပ်သာထဲမှ ပြောင်းရွှေ့ခါနီးအချိန်မှာ အရှင်သံဝရာ လင်္ကာရ(ယခုအခါ ကျိုက္ကစံ ဓမ္မပိယ သာသနာ့ရိပ်သာဆရာတော်)က စာရေးသူကို မေးလို့ စာရေးသူက ပြောခဲ့တဲ့ စကားလေးကို ပြန်လည်သတိရလာမိပါတယ်။

" ထမင်းတစ်လုပ်စာဟာ အစားအစာပေါများနေတဲ့ ပုဂ္ဂိုလ်တွေအတွက် အကျိုးမများဘူး၊ ကျေးဇူးမများဘူး၊ တန်ဖိုးမရှိဘူး၊ အစားအစာ လိုအပ်နေတဲ့ ပုဂ္ဂိုလ် အတွက်တော့ ထမင်းတစ်လုပ်ဟာ အကျိုးများပါတယ်၊ ကျေးဇူးများပါတယ်၊ တန်ဖိုး ရှိပါတယ်၊ ဆရာသမား (ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်လောင်းလျာ) မှာ အင်အား လိုအပ်နေချိန် ဖြစ်ပါတယ်၊ ဒါကြောင့် ကိုယ်နေနိုင်သလောက် ဆရာတော်ထံ လိုက်နေပြီး ကျေးဇူးဆပ်တာဟာ ကောင်းပါတယ်၊ လိုအပ်နေတဲ့ အချိန်မှာ (၂) နှစ်, (၃) နှစ်လောက် ကျေးဇူးဆပ်ပေးပြီးမှ ကိုယ်သွားလိုရာ သွားရင် ရိုင်းရာမကျတော့ဘူးလို့ ယူဆပါတယ်။ "

ဆရာတော် မဟာစည်သာသနာ့ရိပ်သာကြီးထဲက ပြောင်းရွှေ့ပြီး သယ်နှံး ကျွန်း, ကန့်ကော်မြို့ငှက်သာသနာ့ရိပ်သာမှာ ဝါဆိုစဉ်က ဆရာတော်အရှင်သာသနဘဒ္ဒ,

http://www.dhammadownload.com

အရှင်ဉာနုဇ္ဇောတာဘိဝံသ, အရှင်သံဝရာလင်္ကာရ, အရှင်ဝိဝေကာနန္ဒ (ဂျာမန်ရဟန်း ဖတော်), အရှင်ဝိသုဒ္ဓါစာရ (မလေးရှားရဟန်းတော်) အရှင်ပညာသာရနဲ့ စာရေးသူတို့ ပါလာကြပါတယ်၊ အရှင်ခေမာစာရကတော့ ဝါကျွတ်မှ မဟာစည်သာသနာ့ရိပ်သာမှ ရွှေတောင်ကုန်းသာသနာ့ရိပ်သာသို့ ပြောင်းရွှေ့လာပါတယ်။

အဲဒီတုန်းက အရှင်ဉာနုဇ္ဇောတာဘိဝံသ ပြောတဲ့ စကားလေးကိုလည်း မမေ့နိုင်ပါဘူး။

" ငါ့ကို ဆရာတော်က မြတ်နိုးချင် မြတ်နိုး, မမြတ်နိုးချင် နေ၊ ငါကတော့ မှန်တယ် ထင်တဲ့ဘက်ကို ရပ်တည်မှာပဲ – တဲ့၊ သူက အဲဒီခံယူချက်နဲ့ ဆရာတော်နောက်ကို လိုက်လာတာပါပဲ၊ စာရေးသူကတော့ ဆရာတော် ဒုက္ခရောက်နေချိန်မှာ ပစ်ခွာမသွားရက်လို့ လိုက်လာ တာပါပဲ၊ ပစ်သွားရင် ရိုင်းရာကျတယ်လို့လည်း ခံစားမိပါတယ်၊ ချမ်းသာစဉ်က ခိုဝင်လာကြပြီး ဆင်းရဲခါမှ ပစ်ခွာသွားကြတာဟာ မကြိုက်နှစ်သက်စရာပါပဲ၊ ဆရာတော်မှာ အင်အား လိုအပ်နေချိန်မှာ အုဋ္ဌတစ်ချပ်သဲတစ်ပွင့် အနေနဲ့ ငါစွမ်းနိုင်ရာဘက်က စွမ်းနိုင်သမျှ အားဖြည့်ပေးမယ်၊ အင်အားတွေ တောင့်တင်းပြည့်စုံလာချိန်မှာတော့ ငါ သွားလည်း ရိုင်းရာ မကျတော့ဘူးလို့ ယူဆခဲ့ပါတယ်၊ အခြားပုဂ္ဂိုလ်တွေလည်း စာရေးသူ ယူဆသလို အယူအဆမျိုးတွေနဲ့ လိုက်လာကြတာ ဖြစ်ပါလိမ့်မယ်၊ ဆရာတော်က မဟာစည်သာသနာ့ရိပ်သာကနေ ကျောက်တန်း မဟာဗောဓိတောရကျောင်းကို သွားပြီး တရားရှုမှတ်နေစဉ်အတွင်း စာရေးသူနဲ့ အရှင်ဉာနုဇ္ဇောတာဘိဝံသတို့ဟာ ရန်ကင်းမြို့နယ်ရှိ မဟာဗောဓိစာသင်တိုက်မှာ သွားနေပြီး မဏိရတနာ သီလရှင်စာသင်တိုက်ရှိ နီပေါဆရာလေးတွေကို သွားကာ စာချပေးကြပါတယ်၊ မဟာဗောဓိစာသင်တိုက် ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသထံ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော် အရှင်ပဏ္ဍိတာဘိဝံသက စာရေးပြီး စာရေးသူတို့ နှစ်ပါး မဟာဗောဓိစာသင်တိုက်မှာ နေခွင့်ပေးဖို့ ပန်ကြားပါတယ်၊ အရှင်ဉာနုဇ္ဇောတာဘိဝံသကလည်း အဲဒီ မဟာဗောဓိစာသင်တိုက်မှာ စာချဘုန်းကြီး လုပ်ခဲ့တာဆိုတော့ ပိုပြီး လွယ်လွယ်တကူကူနဲ့ နေခွင့်ရပါတယ်၊ မဟာဗောဓိစာသင်တိုက်မှာ နေခွင့်ပေးတဲ့ ဆရာတော်အရှင်ပဏ္ဍိတာဘိဝံသရဲ့ ကျေးဇူးကိုလည်း မေ့မရပါဘူး၊ မဟာစည်သာသနာ့ရိပ်သာက ထွက်လာချိန်မှာ အစစအရာရာ အဆင်ပြေတဲ့ နေရာမှာ နေခွင့် ရဖို့ အခက်သားပဲ။

ဆရာတော်က နီပေါဆရာလေးတွေအတွက် မဏိရတနာသီလရှင်စာသင်တိုက်မှာ ;အဆောင်တစ်ဆောင် ဆောက်ပေးထားပါတယ်၊ မဏိရတနာစာချအင်အားကို ဖြည့်ပေးတဲ့အနေနဲ့ စာရေးသူတို့ (၂) ပါးကို စာသွားချစေပါတယ်၊ အချိန်တို

http://www.dhammadownload.com

အတောအတွင်း နီပေါဆရာလေးတွေရဲ့ ပညာရေး ပြည့်စုံသွားစေချင်လို့ပါပဲ၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ မပေါ်လာသေးမီက နီပေါဆရာလေးတွေကို စာချဖို့အသွား, အပြန် မိုးရွာထဲ သွားခဲ့ရ, ပြန်ခဲ့ရ, အစားအသောက်, အနေအထိုင် အထွက် မချမ်းသာခဲ့ရတာလေးတွေကို တွေးမိတဲ့အခါ အတတ်နိုင်ဆုံး အဆင်ပြေအောင် ဆောင်ရွက်ပေးခဲ့ကြတဲ့ မဏိရတနာမှ ဆရာကြီးများ, မဟာဗောဓိစာသင်တိုက်ဆရာတော်, ရန်ကင်းမှ မောင်ပြည့်ဖြိုးမောင်မိသားတစ်စု, စစ္စတာဒေါ်လှမြင့်, ကမ္ဘာအေးမှ ဦးရွှေ၊ ဒေါ်အေးမိသားစုစတဲ့ ကျေးဇူးရှင်တွေရဲ့ ကျေးဇူးကို မေ့မရနိုင်ပါဘူး။

မော်လမြိုင်, ပဏ္ဍိတာရာမ, ရွှေတောင်ကုန်း သာသနာ့ရိပ်သာရဲ့ ကျောင်းဒကာများဖြစ်ကြတဲ့ ရွှေသမင်ဆေးတိုက်ပိုင်ရှင် ဦးဗိုလ်စိန်က ဆရာတော်အား လှူဖွယ်ရာတွေကို မကြာမကြာ လှူလို့ ဆရာတော်က "ဘာကြောင့် ဒီလောက် လှူနေရတာလဲ" လို့ မေးတဲ့အခါ ဒကာကြီး ဦးဗိုလ်စိန်က "ဆရာတော် စင်စင်ကြယ်ကြယ်နဲ့ သာသနာ အလုပ်တွေကို လုပ်နေတာကို ကိုယ်တွေ့တွေ့ရလို့ပါပဲ" လို့ ဖြေတယ်တဲ့။ အခြားအခြား အလှူရှင်တွေကလည်း ဦးဗိုလ်စိန်လိုပဲ ဖြေကြသူတွေများပါလိမ့်မယ်၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ စတင်တည်ထောင်ခါစကတော့ ဆရာတော့် အပေါ် ကရုဏာသက်ပြီး လှူကြသူတွေလည်း များပုံပေါ်တယ်၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာကို ဆရာတော်ပိုင်အဖြစ် တရားဝင်မသတ်မှတ်ရသေးမီက ပုံအောပြီး လှူဒါန်းချင်သူတွေက ချိန်ဆနေကြပုံရပါတယ်၊ ဆရာတော်ပိုင်အဖြစ် တရားဝင်သတ်မှတ် လိုက်တဲ့အခါ ပုံအောပြီး လှူဒါန်းချင်သူတွေလည်း လှူကြပါတော့တယ်၊ တပည့် ရဟန်းတစ်ပါးနဲ့ ပတ်သက်ပြီး ဆရာတော်မိန့်ကြားတဲ့ စကားလေးတစ်ခွန်းဟာ အများကြားနေကျ ဖြစ်ပေမယ့် လက်တွေ့ပါတဲ့၊ သူ့စကားမို့ မှတ်သားစရာကောင်းလှပါတယ်။

"ဥူးဇင်းက နားမလည်သေးဘဲကို၊ အများအကျိုးကိုသာ စိတ်စေတနာသန့်သန့်နဲ့ ဆောင်ရွက်၊ ကိုယ့်အကျိုးဟာ အလိုလိုပြီးလာတာပဲ" တဲ့။

http://www.dhammadownload.com

မေ့မရဘူး

နေရာတစ်ခုဝယ်
တည်ထောင်ခါစမယ်
အရာရာ လိုနေတယ်၊
မပြောရဘဲ လှူကြတယ်၊
တော်ကြပါပေတယ်။
ဆင်းရဲနေစဉ်ဝယ်
ထောက်ပံ့သူတွေကိုကွယ်
မေ့မရဘူး – တကယ်။

☒ ☒ ☒ ☒ ☒

http://www.dhammadownload.com

လှိုက်လှိုက်လှဲလှဲ

" မဟာဂန္ဓာရုံဆရာတော်ရဲ့ အခြေပြုသဒ္ဒါစတဲ့ ကျမ်းစာတွေကို ကြည့်လိုက်ရမှ စာပေအသိဉာဏ်တွေ ပိုပြီး ပွင့်လင်းလာတယ်၊ သဒ္ဒါနဲ့ပတ်သက်ပြီး ကိုယ့်ကိုယ်ကို အားမရလို့ ဒီတစ်သက် သဒ္ဒါဆိုင်ရာ ကျမ်းကျင်တော့မှာ မဟုတ်ပါဘူး လို့တောင် ငယ်စဉ်က စိတ်ဖြစ်မိရာ အခြေပြုသဒ္ဒါကို ဖတ်ရှုရတဲ့အခါရောက်မှ သဒ္ဒါမတတ်မရှိဘူး၊ တတ်ကို တတ်မယ်လို့ စိတ်အားတွေ ရှိလာရတယ်၊ ဆရာတော်က ဖတ်ရှုသူတွေ အဓိပ္ပါယ်ရှင်းလင်းသွားအောင် သိပ်ရေးတတ်တာပဲ " တဲ့။

ဆရာတော်က မဟာဂန္ဓာရုံဆရာတော်ရဲ့ စာပေကျေးဇူးတွေကို မိန့်ကြားတတ်လေ့ရှိပါတယ်၊ အဲဒီစာပေကျေးဇူးတွေကြောင့်လည်း ပါပါလိမ့်မယ်၊ မဟာဂန္ဓာရုံဆရာတော်ကို သိပ်လေးစားတယ်၊ ဆရာတော်က မန္တလေးမြို့ စိန်ပန်းသာသနာ့ ရိပ်သာမှာ ပဓာနနာယကအနေနဲ့ တရားပြပေးဖို့ ရောက်ရှိနေတယ်၊ အဲဒီအခါ မဟာဂန္ဓာရုံဆရာတော်ထံ သွားရောက်ဖူးမျှော်ကန်တော့လေ့ရှိတယ်၊ ဆရာတော် မဟာဂန္ဓာရုံဆရာတော်ကို သွားရောက်ဖူးမျှော်ခိုက် တစ်ခါမှာ မဟာဂန္ဓာရုံဆရာတော်က သံဃာတွေကို စာပေပို့ချပေးနေတယ်၊ နေ့လယ် (၁၂) နာရီ မှ (၁) နာရီထိ တစ်ဝါ၊ (၁) နာရီမှ (၂) နာရီ ထိ တစ်ဝါ ချလေ့ရှိတယ်၊ မဟာဂန္ဓာရုံဆရာတော်က ရေးဆဲကျမ်းစာကို ပို့လည်းပို့ချပေးတယ်၊ ပထမ (၁) နာရီမှာ စာပေအခြေခံအတော်ကောင်းလာတဲ့ သံဃာတွေကို သင်ယူစေပါတယ်၊ ဒုတိယ (၁) နာရီမှာ အဆင့်မြင့်သံဃာတွေကိုပဲ သင်ယူစေပါတယ်။

အဲဒီစာဝါချိန်မှာ ဆရာတော်က မဟာဂန္ဓာရုံဆရာတော်ကို လာရောက်ကန်တော့အပြီးမှာ မဟာဂန္ဓာရုံဆရာတော်က ဆရာတော်အား သြဝါဒစကားတွေ မိန့်ကြားပါတယ်၊ မဟာဂန္ဓာရုံဆရာတော်က သူကြားဖူး, တွေ့ဖူးတဲ့ တရားရိပ်သာ

http://www.dhammadownload.com

တွေရဲ့ အားနည်းချက်တွေကို ထောက်ပြပါတယ်၊ နဝကမ္မဝတ္ထုငွေကို ကိုင်ကြတဲ့ ကိစ္စ, အမျိုးသမီးတွေနဲ့ ဆိတ်ကွယ်ရာမှာ နေကြတဲ့ကိစ္စ စတဲ့ ဝိနည်းနဲ့ မလျော်မတဲ့ ကိစ္စတွေ ရိပ်သာတွေမှာ မရှိသင့်ကြောင်း၊ ရှိရင် သီလမလုံခြုံလို့ တရားလည်း တိုးတက်မှာ မဟုတ်ကြောင်းတွေကို ပြောပြတယ်၊ မဟာဂန္ဓာရုံကျောင်းအနီးက တရား ရိပ်သာတစ်ခုက ကမ္မဋ္ဌာန်းဘုန်းကြီးတစ်ပါး သေသွားတဲ့အခါ တစ္ဆေ ပြိတ္တာဖြစ်တဲ့ အကြောင်းကိုပါ ထည့်ပြောတယ်၊ ကမ္မဋ္ဌာန်းဘုန်းကြီး သေလို့ တစ္ဆေဖြစ်ရရင် မသင့်တော်တဲ့အကြောင်း, ဒါကြောင့် ရိပ်သာတွေမှာ သီလအထူးလုံခြုံအောင် အထူး ကြိုးစားကြစေချင်ကြောင်းကို မိန့်တယ်။

မဟာဂန္ဓာရုံဆရာတော်က အဲဒီအချိန်မှာ ဘုန်းကြီးတွေ သေရင် တစ္ဆေ ဖြစ်ကြတဲ့ အကြောင်းတွေကို လှိုင်လှိုင်ပြောနေခိုက် အချိန်နဲ့ ကြုံသွားပုံပေါ်ပါတယ်၊ မဟာဂန္ဓာရုံဆရာတော်က ရိပ်သာတွေကို နှိမ်လိုလို့ မိန့်တာတော့ ဟုတ်ပုံမရပါဘူး၊ တကယ့်ဖြူစင်တဲ့ စေတနာနဲ့ သတိပေးတာပဲ ဖြစ်ပုံရပါတယ်၊ သူက သူ့မဟာဂန္ဓာရုံကျောင်းက ထွက်ပြီး သေသွားတဲ့ ရဟန်းတစ်ပါး တစ္ဆေ ဖြစ်သွားတဲ့အကြောင်းကိုလည်း ပြောပြောပြီး တပည့်တွေကို ဆုံးမတတ်ပါတယ်၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ပဂ္ဂိုလ်နဲ့ နာမည်ကြီး ဓမ္မကထိကတွေတောင် သေပြီး တစ္ဆေဖြစ်ကြတဲ့ အကြောင်းတွေကိုလည်း ပြောပြတတ်ပါတယ်၊ မဟာဂန္ဓာရုံဆရာတော်ရဲ့ ဒီလိုပြောပြနေတာရဲ့ ရည်ရွယ်ချက်က သာသနာ့ဝန်ထမ်းရှင်, ရဟန်းတွေ အခြေခံသီလ လုံခြုံကြစေလိုတာပဲ။

မဟာဂန္ဓာရုံဆရာတော်က ဆရာတော်ကို ဒီလို ပြောနေတော့ စာလိုက် သံယာတွေက ရိပ်သာဘုန်းကြီးဖြစ်တဲ့ ဆရာတော်ကို အားနာနေကြပုံပေါ်ပါတယ်၊ " တို့ ဆရာတော်က အားမနာတမ်း ပြောလွန်းတယ် " လို့လည်း တွေးကောင်းတွေး နေကြပါလိမ့်မယ်၊ တကယ့်တော့ မဟာဂန္ဓာရုံဆရာတော်က သူ့ရဲ့တကယ့်ဖြူစင်တဲ့ စေတနာနဲ့ သတ္တိရှိရှိ ပြောတာပါပဲ၊ မဟာဂန္ဓာရုံဆရာတော် အားရပါးရ ဆုံးမစကား တွေ မိန့်ကြား လို့ပြီးတော့မှ ဆရာတော်က ရိုသေစွာ လက်လုပ်ချီပြီး . . .

"ဆရာတော်ဘုရား . . . ဆရာတော်ကို ပြန်လည်ချေပတယ်လို့ မယူဆဘူး ဆိုရင် တပည့်တော်ကို လျှောက်ထားခွင့်ပြုဖို့ လျှောက်ထားပါတယ်ဘုရား " လို့ ခွင့်တောင်းလိုက်ပါတယ်။

အဲဒီလို ခွင့်တောင်းတဲ့အခါ မဟာဂန္ဓာရုံဆရာတော်က –

" အင်း, အင်း . . . လျှောက်ပါ၊ လျှောက်ပါ " လို့ မိန့်လိုက်တယ်။

မဟာဂန္ဓာရုံဆရာတော် သတိပေးတဲ့ နဝကမ္မဝတ္ထုငွေကိစ္စ၊ အမျိုးသမီး ဆက်ဆံရေးကိစ္စ စတဲ့ ကိစ္စတွေကို မဟာစည်သာသနာ့ရိပ်သာမှာ ဝိနည်းနဲ့အညီ

http://www.dhammadownload.com

ဆောင်ရွက်ပုံတွေကို တရားတော်က ကျကျနန ရှင်းပြလျှောက်ထားပါတယ်၊ ပြည့်ပြည့်စုံစုံ ရှင်းလင်းလျှောက်ထားပြီးတဲ့အခါ ရောက်တော့ မဟာဂန္ဓာရုံဆရာတော်က သိပ်ကို သဘောကျသွားတယ်၊ သူက တရားရိပ်သာတွေမှာ အဲဒီလို ဝိနည်းကို ရိုရိုသေသေ လေးလေးစားစား လိုက်နာစေချင်တာကိုး၊ သူ လိုက်နာစေချင်တဲ့အတိုင်း လိုက်နာကြောင်း သိရတော့ သူ သိပ်ပြီး အားရကျေနပ်သွားတယ်၊ ဆရာတော်ကိုလည်း သူ အားရကျေနပ်သွားတယ်၊ နောက်ကိုလည်း မကြာမကြာ သူ့ကျောင်းကို လာဖို့, လေ့လာဖို့ ဆရာတော့်ကို ဖိတ်ခေါ်တော့တယ်၊ ဆရာတော်လည်း နောက်တစ်ခေါက် သွားကာ (၂) ညလောက် အိပ်ပြီး လေ့လာသေးတယ်၊ အဲဒီအခါမှာတော့ ဆရာတော် (၂) ပါးဟာ အလွန်ပင် ရင်းနှီးနေကြပြီ။

ဆရာတော်က မဟာဂန္ဓာရုံဆရာတော်အား လျှောက်ထားခွင့် တောင်းပြီး ပြန်လည်လျှောက်ထားတဲ့ စကားတွေကို ကြားရတဲ့ စာလိုက်သံဃာတွေက များစွာ အားရနေကြလေရဲ့၊ ဆရာတော်ရဲ့ သတ္တိကိုလည်း အံ့ဩနေကြလေရဲ့၊ သဘောကျနေကြလေရဲ့၊ အထူးအဆန်းကိစ္စအနေနဲ့လည်း ပြောမဆုံးပေါင် ဖြစ်နေကြလေရဲ့၊ သူတို့ရဲ့ တစ်သက်တာမှာ မမေ့နိုင်စရာ ဖြစ်နေကြလေရဲ့။

စာရေးသူက ထိုစဉ်က သာမဏေငယ်ဘဝနဲ့ မဟာဂန္ဓာရုံတိုက်မှာ စာသင်နေပါတယ်၊ ဆရာတော် မဟာဂန္ဓာရုံကျောင်းတိုက်မှာ လာသွားတဲ့ အကြောင်းလောက်ကိုသာ သိရပါတယ်၊ ကျန်တာကိုတော့ မသိရပါဘူး၊ ဆရာတော်ထံ ရောက်လာတဲ့အခါ စကားစပ်မိလို့ ဒီအကြောင်း ပြန်ပြောပြတာကိုလည်း နားထောင်ဖူးပါတယ်၊ ဆရာတော်က နောင်သောအခါ သူ့တပည့်ရဟန်းငယ်တစ်ပါးကို မဟာဂန္ဓာရုံကျောင်းတိုက်သို့ စာပေသင်ယူဖို့ ပို့ပေးထားတယ်၊ ဆရာတော်ရဲ့ တပည့်မှန်းသိတော့ အဲဒီရဟန်း ဆရာတော်ထံ ပြန်တော့မယ်လုပ်တဲ့အခါ "ဥူးပဏ္ဍိကို လျှောက်လိုက်ပါ၊ ဒီကို ကြွခဲ့ပါအုံး" လို့ ထပ်ကာထပ်ကာ လှိုက်လှိုက်လဲလဲ မှာလိုက်သတဲ့၊ မဟာဂန္ဓာရုံဆရာတော်ရဲ့ အဲဒီလို လှိုက်လှိုက်လဲလဲ မှာပြီး ဖိတ်ခေါ်တာကို မတွေ့မြင်ဖူး၊ မကြားဖူးလို့ အထူးအဆန်းအနေနဲ့ မြင်နေခဲ့ရ, ကြားနေခဲ့ရတဲ့ ကိုရင်တစ်ပါးက ပြောပြလို့ အဲဒီအကြောင်းကို သိရပါတယ်။

မဟာဂန္ဓာရုံဆရာတော်က လှိုက်လှိုက်လဲလဲ ဖိတ်ခေါ်ပေမယ့် ဆရာတော်က အကြောင်းမညီညွတ်တာနဲ့ မဟာဂန္ဓာရုံဆရာတော်သာ ပျံလွန်တော်မူသွားတယ်၊ မရောက်ဖြစ်လိုက်ရဘူး တဲ့။

အကယ်၍သာ မဟာဂန္ဓာရုံဆရာတော်ပျံလွန်တော်မမူသေးဘဲ ယခုအထိတိုင် သက်တော်ထင်ရှားရှိတော်မူခဲ့ရင် ဆရာတော် (၂) ပါးဟာ သာသနာရေးရာ

http://www.dhammadownload.com

ကိစ္စတွေကို တိုင်ပင်ကာ ဘယ်လောက် တက်ညီလက်ညီ ဆောင်ရွက်ကြလေမလဲ၊ ဆရာတော် (၂) ပါးလုံး သဘောကျတဲ့ " ပရိယတ် မကင်းတဲ့ ပဋိပတ်, ပဋိပတ် မကင်းတဲ့ ပရိယတ် " စီမံကိန်းဟာ မည်မျှအတိုင်းအတာထိ အကောင်အထည်ပေါ်လာလေမလဲ၊ သူတို့ (၂) ပါးဆောင်ရွက်ချင်တိုင်း ဆောင်ရွက်ခွင့်ရခဲ့ရင် မြန်မာနိုင်ငံသာသနာဟာ တစ်မျိုးတစ်ဖုံ ထူးခြားလာဖွယ်ရာ ရှိမယ်လို့ ယူဆမိပါတယ်၊ မြန်မာနိုင်ငံမှာ အမြော်အမြင်ကြီးမားပြီး သာသနာရေးကို အလေးထားတော်မူကြတဲ့ ဆရာတော်, သံဃာတွေ များလာရင် များလာသလောက် မြန်မာနိုင်ငံအနာဂတ် သာသနာရေးဟာ ရင်အေးစရာ ဖြစ်နေမှာပါပဲ၊ အဲဒီလိုသာ မဟုတ်ခဲ့ရင် ရင်လေးစရာပါပဲ၊ သာသနာဟာ မြန်မာနိုင်ငံမှာ မှေးမှိန်ပျောက်ကွယ်သွားနိုင်ပါတယ်၊ ဒါကြောင့် ဗုဒ္ဓဘာသာဝင် ရဟန်း, ရှင်, လူတွေအားလုံး မြန်မာနိုင်ငံ အနာဂတ်သာသနာအတွက် သာသနာသွေး မအေး ကြဖို့ လိုအပ်လှပါတယ်။

လှိုက်လှိုက်လှဲလှဲ

ဂန္ဓာရုံစာများ
ဖတ်ရှုအားကြောင့်
သူကား စာဉာဏ်
ရင့်ကျက်သန်ခဲ့၊
တစ်ဖန်ဆုံးမ
သြဝါဒကို
ရှင်းပြပြီး ပြန်
ဖိတ်ခေါ်ခံရ၊
ထပ်မံသွားကာ
နှစ်ရက်တာကြာ
လေ့လာပါခဲ့၊
နောင်ခါ ထပ်ပြီး
လှိုက်လှဲကြီးစွာ
ခေါ်ပြန်ပါလည်း
ထပ်ကာ ရောက်ခွင့်
ဆင်မသင့်။

⌘ ⌘ ⌘ ⌘ ⌘

http://www.dhammadownload.com

ပြင်ထိုင်ကြည်းစို့

စာရေးသူဟာ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်မှာ နေစဉ် သာမဏေကျော်စာမေးပွဲ အောင်ခဲ့တယ်၊ ဇာတိရပ်ရွာမှာ နေစဉ် အစိုးရစာချတန်း အောင်ခဲ့တယ်၊ မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သစ် သံတော်ဆင့်ကျောင်းကနေ အဘိဝံသ (သကျသီဟဓမ္မာစရိယ) ကို အောင်ခဲ့တယ်၊ ဒါပေမယ့် တစိမ်းပြင်ပ ဝါဒရှင်တို့ရဲ့ ဗုဒ္ဓသာသနာဝင်တို့အတွင်း နည်းအမျိုးမျိုးနဲ့ ထိုးနှက်ဝင်ရောက်နေတာကို ကောင်းကောင်း မသိရှိခဲ့ရဘူး၊ ရဟန်း (၇) ဝါအရမှာ မဟာစည်သာသနာ့ရိပ်သာဆရာတော်ထံကို ရောက်ခဲ့ပါတယ်၊ ဆရာတော်ထံ ရောက်မှ တစိမ်းပြင်ပ ဝါဒရှင်တို့၏ ထိုးနှက်ဝင်ရောက်နေကြပုံနဲ့ ပတ်သက်ပြီး အမြင်ကျယ်လာပါတယ်၊ အဲဒီအခါ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာဝင်ရဟန်းရှင်၊ လူများစွာဟာ ငဲ့လိုပဲ အမြင်မကျယ်ကြတာတွေ များနေပါလားဆိုတာကို သတိပြုမိလာပါတယ်၊ တကယ့်တော့ ဗုဒ္ဓသာသနာဝင် မြန်မာလူမျိုးတွေဟာ ဘစိမ်းပြင်ပဝါဒတို့ရဲ့ အန္တရာယ်ကို အမြင်မကျဉ်းကြရဘူး၊ မျက်စိကို ဖွင့်၊ နားကို စွင့်ထားကြရပါတယ်၊ သာသနာသွေးအေးနေကြရင် ဗုဒ္ဓသာသနာဝင်မြန်မာလူမျိုးတွေဟာ နောင်အခါ လူနည်းစုဖြစ်ပြီး ကိုယ့်အမိမြန်မာနိုင်ငံထဲမှာပဲ မျက်စိသူငယ်၊ နား သူငယ်နဲ့ သနားစဖွယ် ဖြစ်လာပါလိမ့်မယ်၊ တစိမ်းပြင်ပဝါဒရှင်တွေဟာ တက်တက်ကြွကြွ နိုးနိုးကြားကြား စည်းစည်းလုံးလုံး တိုင်တိုင်ပင်ပင်နဲ့ သူတို့ဝါဒတွေ ပြန့်ပွားရေးအတွက် အစွမ်းကုန် ကြိုးစားနေကြပါတယ်၊ တစ်နှစ်ထက် တစ်နှစ် သူတို့ရဲ့ ဦးရေဟာ တိုးတိုး လာနေပါတယ်။

မြန်မာနိုင်ငံမှာ လူဦးရေ သန်း (၄၀) ကျော်ရှိရာ ဗုဒ္ဓသာသနာဝင်ဦးရေက (၃၆) သန်းလောက် ရှိတော့ ကျန် (၄) သန်းကျော်တွေဟာ ဗုဒ္ဓသာသနာဝင် မဟုတ်သူ တွေပါပဲ၊ (၃၆) သန်းလောက်ရှိတဲ့ ဗုဒ္ဓသာသနာဝင်တွေက အလွန်ပဲ

http://www.dhammadownload.com

နည်းပါးသေးတယ်၊ " ဒီဘုရားမှ ဒီဘုရား၊ ဒီတရားမှ ဒီတရား၊ ဒီသံဃာမှ ဒီသံဃာ" လို့ ရတနာသုံးပါးအပေါ် မတုန်မလှုပ် သက်ဝင်ယုံကြည်တဲ့ ဗုဒ္ဓသာသနာဝင်က ဘယ်လောက် များနေသလဲ စဉ်းစားစစ်ဆေးကြည့်ရင် အလွန်ပဲ နည်းပါးသေးတယ်၊ မိရိုးဖလာလွန် ဗုဒ္ဓသာသနာဝင်တွေ များသည်ထက် ပိုပြီး များလာအောင် ကြိုးစားကြဖို့ လိုပါတယ်။

မိဘတွေလည်း ကြိုးစားကြရပါမယ်၊ ဆရာသမားတွေလည်း ကြိုးစားကြရပါမယ်၊ သားသမီးတွေကလည်း ကြိုးစားကြရပါတယ်၊ ခြေသုံးချောင်းထောက် စားပွဲဟာ ခြေတစ်ချောင်း ကျိုးသွားရင် ပုံမှန် ရပ်တည်ဖို့ မလွယ်ဘူး၊ နှစ်ချောင်း, သုံးချောင်း ကျိုးသွားရင်တော့ ပိုဆိုးတော့တာပေါ့၊ ဗုဒ္ဓယဉ်ကျေးမှု စားပွဲမှာလည်း မိဘ၊ ဆရာ၊ ကလေး ဆိုတဲ့ အခြေသုံးချောင်း ရှိရာ တစ်ချောင်း ကျိုးသွားရင် ရပ်တည်ဖို့ မလွယ်ဘူး၊ နှစ်ချောင်း, သုံးချောင်း ကျိုးသွားရင်တော့ ပိုဆိုးတော့တာပေါ့– တဲ့။

မြန်မာနိုင်ငံမှာ ဗုဒ္ဓယဉ်ကျေးမှုစားပွဲဟာ ယိုင်နေပါတယ်၊ မလဲအောင်၊ ခိုင်နေအောင် ခြေသုံးချောင်း ခိုင်ဖို့ လိုပါတယ်၊ အခြေမခိုင်ရင် မကြာခင် ခွေယိုင်ကာ လဲပါလိမ့်မယ်။

ဆရာတော် မိန့်လေ့ရှိတဲ့ စကားလေးတစ်ခွန်း ရှိသေးတယ်၊ အဲဒီ စကားလေးက " ငါတို့ သားအဖ ပြင်ထိုင်ကြဦးစိုးရဲ့ " ဆိုတဲ့ စကားလေးပါပဲ၊ ဆရာတော်က ဒီလိုလည်း ရှင်းပြသေးတယ်၊ မိသားတစ်စု ထမင်းဝိုင်းမှာ ထမင်းအတူ ထိုင်ပြီး စားနေကြတယ်၊ အမေရယ်၊ အဖေရယ်၊ သားရယ်၊ သမီးရယ် (၄) ဦးပေါ့၊ ထမင်းအတူ ထိုင်စားကြရင်း သမီးက အထိုင်မတတ်လို့ အမြင်မတော် ဖြစ်နေတယ်၊ အဖေဖြစ်သူက သိတော့ အမြင် မတော်လို့ " ငါတို့သားအဖ ပြင်ထိုင်ကြဦးစို့ရဲ့ " လို့ ပြောသတဲ့၊ အဲဒီအခါ သမီးဖြစ်သူက " အဖေ . . . ကျွန်မ ပါသေးလား " လို့ မေးသတဲ့၊ အဲဒီအခါ အဖေဖြစ်သူ ပြန်ပြောလိုက်တာက " သမီး . . . အရေးအကြီးဆုံးပဲ" တဲ့။

ယခုကာလ မိဘတွေကလည်း ပြင်ထိုင်ဖို့ လိုသူတွေထဲမှာ " ကျွန်တော်တို့ ပါသေးလား " လို့ မမေးနဲ့၊ ဆရာသမားတွေကလည်း " ကျွန်တော်တို့ ပါသေးလား" လို့ မမေးကြနဲ့၊ သားသမီးတွေကလည်း " ကျွန်တော် ကျွန်မတို့ ပါသေးလား " လို့ မမေးကြနဲ့၊ အားလုံးပြင်ထိုင်ဖို့ လိုနေကြတယ်၊ ဒါကြောင့် အားလုံး အရေးကြီးတယ်လို့ပဲ ပြောရလိမ့်မယ်၊ ရှေးဦးစွာ တစ်ကိုယ်ရေသာသနာ ပြည့်စုံဖို့ လိုတယ်၊ ပြီးတော့ လက်လှမ်းမီ ရာမှာ သာသနာလက်ဆင့်ကမ်းရတယ်။

http://www.dhammadownload.com

ဆရာတော်မှာ မျိုးချစ်စိတ်ဓာတ်၊ သာသနာချစ်စိတ်ဓာတ်က ပြင်းထန်လေတော့ သူလူမျိုး၊ သူသာသနာရဲ့အနာဂတ်အရေးကို အခါခါ မျှော်တွေးတော်မူပါလိမ့်မယ်၊ ဆရာတော်ဟာ ဗုဒ္ဓသာသနာဝင် မြန်မာလူမျိုးတွေမှာ မျိုးချစ်စိတ်၊ သာသနာချစ်စိတ်တွေ အားနည်းနေကြတာကို တွေ့ရလို့ အားရတော်မမူဘူး၊ မျိုးချစ်စိတ်ဓာတ် သာသနာချစ်စိတ်ဓာတ် အားနည်းတဲ့ ဗုဒ္ဓသာသနာဝင် မြန်မာလူမျိုးတွေကို တွေ့လေတိုင်း တွေ့လေရာရာမှာ မျိုးချစ်စိတ်ဓာတ်, သာသနာချစ်စိတ်ဓာတ် ထက်သန် အားကောင်းလာအောင် တဖွဖွ သတိပေး၊ တိုက်တွန်းလေ့ရှိတယ်၊ ဆုံးမလေ့ရှိတယ်၊ လူပေါင်းများစွာအား ဆရာတော် တဖွဖွ သတိပေးတာ၊ တဖွဖွ တိုက်တွန်းတာ၊ တဖွဖွ ဆုံးမတာတွေကို နေရာပေါင်းများစွာမှာ အခါပေါင်းများစွာ စာရေးသူ ကြားသိနေရပါတယ်။

နေရာပေါင်းများစွာမှာ လူပေါင်းများစွာအား အခါပေါင်းများစွာ တဖွဖွ သတိပေးစကား၊ တိုက်တွန်းစကား၊ ဆုံးမစကားတွေကလည်း များလှပါတယ်၊ ဆရာတော်ရဲ့ ရင်ထဲမှာ အမြော်အမြင်ပညာ၊ အကြင်နာ ကရုဏာ၊ အကျိုးလိုလားမှု မေတ္တာ၊ စေတနာတွေက များလေတော့ သတိပေးစကား၊ တိုက်တွန်းစကား၊ ဆုံးမစကားတွေကလည်း များတော့တာပေါ့၊ စာရေးသူ မှတ်မိသမျှပဲ ရေးပြမယ်နော်၊ စာရေးသူ ရေးပြတာကို ဖတ်ရှုပြီးရင် စာဖတ်သူကိုယ်တိုင်ပဲ ဆရာတော်ရဲ့ ပညာ၊ ကရုဏာ၊ မေတ္တာ၊ စေတနာ၊ မျိုးချစ်စိတ်ဓာတ်၊ သာသနာချစ်စိတ်ဓာတ်တွေကို ခန့်မှန်း ကြည့်ပါ။

" တစိမ်းပြင်ပဝါဒရှင်တွေဟာ ဗုဒ္ဓသာသနာဝင်တွေအတွင်း ကင်ဆာရောဂါလို့ လှိုက်လှိုက်ပြီး စားနေကြတယ်၊ ရွက်ကျပင်ပေါက်လို လူဖောက်ပြီး လူမျိုးကို မျိုးနေကြတယ်၊ မြေမျိုက လူမျိုးမပြုန်း၊ လူမျိုမှ လူမျိုးပြုန်းတယ် " တဲ့။

" တစိမ်းပြင်ပဝါဒရှင်တွေက အင်း၊ အိုင်တွေကို ကောစေတဲ့ ဗေဒါပင်တွေလို လူမျိုးနဲ့ သာသနာ ပျက်ပြုန်းအောင် ခွဲနပဲကြီးကြီး တက်တက်ကြွကြွ လှုပ်ရှားနေကြတယ်၊ ညောင်ပင်လို အမြစ်တွယ်ပြီး လူမျိုးကို တဖြည်းဖြည်း မျိုဖို့ ကြိုးစားနေကြတယ်။ "

" ဗုဒ္ဓသာသနာဝင်တွေဟာ ကိုယ်ပိုင်ကာကွယ်မှု စွမ်းရည်ထက်မြက်အောင် ကြိုးစားထားကြရမယ်၊ ဗုဒ္ဓယဉ်ကျေးမှုတွေကို စာတွေ့ရော လက်တွေ့ပါ ပြည့်စုံကျေနပ်သည်အထိ ကျင့်သုံးထားကြရမယ်။ "

" ကိုင်းကူးပြီး စိုက်ထားတဲ့ သစ်ပင်ဟာ အသီးသီးလာရင် အဲဒီအသီးဟာ အစေ့ကြီးတယ်၊ အခွံထူတယ်၊ အသားနည်းတယ်၊ အမျှင်များတယ်၊ အစေ့က စပြီး

http://www.dhammadownload.com

စိုက်ထားတဲ့ သစ်ပင်က အသီးသီးလာရင်တော့ အဲဒီအသီးဟာ အစေ့သေးတယ်၊ အခွံပါးတယ်၊ အသားများတယ်၊ အမျှင်နည်းတယ်၊ လူတစ်ယောက်ကို အသက်ကြီးခါမှ ဗုဒ္ဓယဉ်ကျေးမှုတွေပေးရင် မထိရောက်တော့ဘူး ၊ ငယ်ရွယ်စဉ်ကပဲ ပေးမှ ထိရောက်မှု ရှိတယ်။ "

" လေဟာပြင်ကွက်လပ်မှာ လေတွေဟာ အလိုလို ဝင်လာကြတယ်၊ မုံဝါးဝါး ချည့်နဲ့နဲ့ မိရိုးဖလာအမည်ခံ ဗုဒ္ဓသာသနာဝင်တွေရဲ့ သန္ဓာန်က ဗုဒ္ဓယဉ်ကျေးမှုလေဟာပြင်ကွက်လပ်ထဲမှာလည်း တစိမ်းပြင်ပအယူဝါဒတွေ၊ ပြည်ပက ယဉ်ကျေးမှုတွေ မဟာယာနရဲ့ အငွေ့အသက် ဖြစ်တဲ့ ဂါထာမန္တရားအစွမ်းကို အားကိုးမှု၊ ဘိုးတော်နဲ့ နတ်ကိုးကွယ်မှု၊ ဘာသာမဲ့ အယူဝါဒ၊ မူးယစ်ဆေးတွေရဲ့ ကျေးကျွန်ဘဝရောက်မှု စတာတွေ တစ်ဟုန်တိုး ဝင်လာတော့တယ်။ "

" ရေလမ်းမှာ အများစုပေါင်းကာ လှေစီးပြီး ခရီးသွားနေကြတဲ့အခါ လှေကြီးပေါက်နေတယ်ဆိုတာ သိရင် လှေပေါက်ကို ဖားရမယ်၊ မဖာရင် လှေကြီး ရေဝင်ပြီး မကြာမီ မြုပ်လိမ့်မယ်၊ ဗုဒ္ဓသာသနာလှေကြီး ပေါက်နေတယ်ဆိုတာ သိရင် ဖာရမယ်။ မဖာရင် လှေကြီး ရေဝင်ပြီး မြုပ်လိမ့်မယ်။"

" မြန်မာနိုင်ငံမှာ ဗုဒ္ဓသာသနာအသက် မထွက်ရအောင် ဗုဒ္ဓသာသနာဝင်တွေရဲ့ ကိုယ်ထဲ၊ နှလုံးထဲမှာ ဗုဒ္ဓယဉ်ကျေးမှုသွေးတွေ အမြဲလည်ပတ်နေဖို့ လိုအပ်တယ်၊ ဗုဒ္ဓယဉ်ကျေးမှုသွေးတွေ မအေးစေဘဲ နွေးနွေးထွေးထွေး ရှိဖို့ လိုအပ်တယ်"

" နို့ချို တိုက်ကျွေးရမယ့်အချိန်မှာ နို့ချို လုံလောက်စွာ မရလို့ နို့မျက်သား၊ အာဟာရကျွေးရမယ့်အချိန်မှာ အာဟာရချို့တဲ့လို့ အာဟာရချို့တဲ့ သားကလေးဟာ ပုတယ်၊ ပိန်တယ်၊ ကိုယ်လုံးကိုယ်ထည် မဖွံ့ဖြိုးဘူး၊ ဗိုက်ပူနံကားလေး ဖြစ်နေတယ်၊ ခန္ဓာကိုယ် ကြီးထွားနှုန်း ကုန်သွားတဲ့ အချိန်ရောက်မှ ကျွေးမွေးတဲ့ အာဟာရတွေဟာ သန်မာထွားကျိုင်းဖို့၊ အရပ်အမောင်းတက်၊ ကိုယ်လုံးထွက်ဖို့ မထိရောက်တော့ဘူး။ "

" အဲဒီ ဥပမာလိုပဲ ကလေးတွေကို ငယ်ရွယ်စဉ်ကပဲ ဗုဒ္ဓယဉ်ကျေးမှုနို့ချို၊ ဗုဒ္ဓယဉ်ကျေးမှု အာဟာရတွေကို တန်သလောက် တန်သလောက် တိုက်ကျွေးပေးရတယ်၊ အရွယ်ကြီးခါမှ တိုက်ကျွေးရင် ငယ်ရွယ်စဉ်က တိုက်ကျွေးရတာလောက် ခရီးမရောက်တော့ဘူး။ "

" နို့မျက်သား၊ ဗိုက်ပူနံကား လူပုလူပိန်လေးကို သန်မာထွားကြိုင်းသူတွေက အနိုင်ကျင့်ရင် ပြန်မတွန်းလှန်နိုင်ဘူး၊ ငုံ့ခံနေရတယ်၊ ထို့အတူ ဘာသာရေးနို့မျက်သား၊ ဗိုက်ပူနံကား၊ လူပုလူပိန်တွေကို ဘာသာခြားတွေက သိမ်းသွင်းဆွဲဆောင်ရင်

http://www.dhammadownload.com

ပြန်မတွန်းလှန်နိုင်ဘူး၊ ကောက်ကောက်ပါသွားတယ်။ "

" ဗုဒ္ဓသာသနာဝင် မိခင်၊ ဖခင်တိုင်းဟာ သားစဉ်မြေးဆက်အား ဗုဒ္ဓသာသနာ အငွေ့ဓာတ်၊ အလေ့ဓာတ်၊ အတွေ့ဓာတ် ပေးနိုင်အောင် ကြိုးစားကြရမယ်၊ ကြိုးစားလို့ ပေးနိုင်ကြပြီဆိုရင် ရွှေငွေစတဲ့ ရတနာတွေကို ရလို့ ဝမ်းသာကြည်နူးရတာထက် သားလိမ္မာ၊ သမီးလိမ္မာလေးတွေ ရလို့ ဝမ်းသာကြည်နူးရတာက များစွာ သာလွန်ပါတယ်။ "

" မိရိုးဖလာ အမည်ခံ ဗုဒ္ဓသာသနာဝင်မျှသာ ဖြစ်တဲ့ မိဘနှစ်ဦးထံက အငွေ့ဓာတ်ကိုရတဲ့ သားသမီးတွေထက် မိရိုးဖလာလွန် (သတိပဋ္ဌာန် ကိုယ်တွေ့ဓာတ်ရှိတဲ့) မိဘနှစ်ဦးထံက အငွေ့ဓာတ်ကို ရတဲ့ သားသမီးက ရုပ်ပိုင်းဆိုင်ရာ နာမ်ပိုင်းဆိုင်ရာ အရည်အသွေးတွေဟာ ပိုမိုကောင်းမွန်ပါတယ်။ "

" မိသားစုလည်း အကျိုးများ၊ သာသနာတော်လည်း အကျိုးများ၊ နိုင်ငံတော်လည်း အကျိုးများစေနိုင်တဲ့ သားသမီးတွေကို မွေးပေးလိုတဲ့ မိဘတွေဟာ မိမိကိုယ်တိုင် ရှေးဦးစွာ ဗုဒ္ဓအဆုံးအမ သီလ၊ သမာဓိ၊ ပညာအကျင့်တွေကို လက်တွေ့ကျင့်သုံးထားကြရမယ်။ "

" ဗုဒ္ဓယဉ်ကျေးမှု အငွေ့ဓာတ်၊ အလေ့ဓာတ်၊ အတွေ့ဓာတ်ပါရှိတဲ့ မျိုးဆက်သစ်ကောင်းတစ်ခု ဖြစ်ထွန်းလာအောင် ကြိုးစားကြဖို့ ဗုဒ္ဓသာသနာဝင်တိုင်းမှာ တာဝန်ရှိတယ်။ "

" လူတွေ ကောင်းမှ တိုင်းပြည်ကောင်းမယ်၊ လူတွေ မကောင်းရင် တိုင်းပြည်မကောင်းဘူး၊ ဒီတော့ လူတွေ ကောင်းအောင် ကိုယ်စီ ကိုယ်စီ ကြိုးစားထားကြရမယ်။ "

စာရေးသူက စာရေးသူ မှတ်မိသမျှ ဆရာတော်ရဲ့ နည်းမျိုးစုံနဲ့ သတိပေးတဲ့စကား၊ ဆရာတော်ရဲ့ တိုက်တွန်းစကား၊ ဆရာတော်ရဲ့ ဆုံးမစကားတွေကို ရေးပြပြီးပြီ၊ ဒါလောက်ဆိုရင် ဆရာတော်ရဲ့ အမြော်အမြင်၊ ဆရာတော်ရဲ့ အကြင်အနာ၊ ဆရာ့တော်ရဲ့ မေတ္တာ၊ ဆရာတော်ရဲ့ စေတနာ၊ ဆရာတော်ရဲ့ မျိုးချစ်စိတ်ဓာတ်၊ ဆရာတော်ရဲ့ သာသနာချစ်စိတ်ဓာတ်တွေကို ခန့်မှန်းနိုင်ရောပေါ့။

စာရေးသူတော့ ဆရာတော်ထံ ရောက်မှ တစိမ်းပြင်ပဝါဒရှင်တွေ ဗုဒ္ဓသာသနာဝင်တွေအတွင်း နည်းမျိုးစုံနဲ့ ထိုးဖောက်နေကြပုံအဖုံဖုံ၊ ဗုဒ္ဓသာသနာဝင်တွေ သူတို့နောက် ကောက်ကောက်ပါသွားကြပုံတွေကို ရင်နှင့်စွာ ကြားသိလာရပါတယ်။ ရင်နှင့်စွာ ကြားသိရလို့ မခံချင်စိတ်နဲ့ ကြမ်းကြမ်းထမ်းထမ်း ဖြေရှင်းလို့လည်း မဖြစ်ဘူး၊ ကိုယ်တို့ဘက်က ကြိုတင်ကာကွယ်မှုစွမ်းရည် အားကောင်းအောင်ပဲ

http://www.dhammadownload.com

ကြိုးစားကြရမယ်၊ တစိမ်းပြင်ပဝါဒရှင်တွေက ပျော့ပျောင်းတဲ့ လူမှုရေး၊ စီးပွားရေးတွေနဲ့ မြန်မာဗုဒ္ဓသာသနာဝင်အမည်ခံ အမျိုးသမီးတွေကို ဆွဲဆောင်သိမ်းသွင်းနယ်ချဲ့နေကြတယ်၊ ဝါးမျိုနေကြတယ်၊ မြန်မာအမျိုးသားလေးတွေအများစုက ကိုယ့်အလုပ်ကို မကြိုးစား၊ ပညာရေးကို မကြိုးစား၊ ဘော်ကြော့နေကြလေတော့ မြန်မာအမျိုးသမီးလေးတွေကို တစိမ်းပြင်ပဝါဒရှင်တွေရဲ့ ဆွဲဆောင်သိမ်းသွင်းနယ်ချဲ့မှုထဲ ပို့ပေးနေကြသလို ဖြစ်နေပါတော့တယ်။

ဗုဒ္ဓသာသနာဝင် မြန်မာအမျိုးသမီးတွေ ကလည်း ဗုဒ္ဓအဆုံးအမတွေကို စာတွေ့ရော လက်တွေ့ပါ ခိုင်မာပြည့်စုံအောင် ကျင့်သုံးမထားကြတာကလည်း အမျိုးသမီးတွေရဲ့ လိုအပ်ချက်ပဲ၊ ဒီလို ဖြစ်ရတာက လည်း မိဘတွေ၊ ဆရာသမားတွေ ညံ့ကြလို့ပါပဲ၊ မြန်မာအမျိုးသားလေးတွေကလည်း ကိုယ့်အလုပ်ကို ကြိုးစားကြရမယ်၊ ကိုယ့်ပညာကို ကြိုးစားကြရမယ်၊ ကိုယ့်ဗုဒ္ဓ သာသနာဝင် မြန်မာအမျိုးသမီးလေးတွေရဲ့ အားကိုးချင်စရာဖြစ်အောင် ကြိုးစားကြရပါမယ်၊ " စောင့်လေ မျိုးနွယ် " ဆိုတဲ့အတိုင်း ကိုယ့်မြန်မာအမျိုးအနွယ်၊ ဗုဒ္ဓသာသနာဝင် အမျိုးအနွယ်ကို အမျိုးသားတွေရော အမျိုးသမီးတွေပါ ကာကွယ်စောင့်ရှောက်ကြရ ပါမယ်၊ ဒါမှ ကိုယ့်မြန်မာဟာ မြန်မာအနေနဲ့ ကမ္ဘာမှာ တည်ရှိနေနိုင်မှာပါ၊ သာသနာဟာလည်း မြန်မာမှာ တည်ရှိနေနိုင်မှာပါ၊ ကမ္ဘာမှာ မြန်မာဆိုတဲ့ နာမည်ပျောက်ကွယ် မသွားရအောင်၊ မြန်မာမှာလည်း ဗုဒ္ဓသာသနာ ဆိတ်သုဉ်း မသွားရအောင် ဗုဒ္ဓ သာသနာဝင် မြန်မာအမျိုးသားတိုင်း၊ အမျိုးသမီးတိုင်းမှာ တာဝန်ရှိပါတယ်၊ နိုးနိုး ကြားကြားနဲ့ ကိုယ်စီကိုယ်စီ ကြိုးစားကြပါမှ တော်ကာကျမယ်၊ မနိုးကြားကြရင် မကြိုးစားကြရင် မြန်မာနိုင်ငံအနာဂတ် ဗုဒ္ဓသာသနာအရေးဟာ မတွေးဝံ့စရာပါပဲ၊ ငါတို့ သားအဖ ပြင်ထိုင်ဦးစို့နော်။ ဆရာတော်က ကလေးတွေကို ဗုဒ္ဓယဉ်ကျေးမှုအခြေပြု သင်တန်းနှစ်စဉ်တစ်လတာ ဖွင့်လှစ်သင်ကြားပေးကာ ပြင်ထိုင်စေနေပါတယ်။ တောရော မြို့ပါ မြန်မာနိုင်ငံ အနှံ့အပြား ပြင်ထိုင်ကြဖို့ လိုနေပါတယ်။

ပြင်ထိုင်ကြဦးစို့

သားအဖတစ်တွေ
ထိုင်နေတာ အဆင်မပြေ
ပြင်ထိုင်ဖို့ လိုနေ
တို့တစ်တွေ ပြင်ထိုင်လေက
အားလုံးလေ အဆင်ပြေသွားမှာ
တွေးဆမမှား

◆ ◆ ◆ ◆ ◆

http://www.dhammadownload.com

သူဆေး

လူတစ်ယောက်ကို တွေ့ရတယ်၊ သူက ပြောပြတယ်၊ သူက အရာရှိကြီးပဲ၊ သူက မိရိုးဖလာဗုဒ္ဓသာသနာဝင်တစ်ဦးပဲ၊ ဒါပေမယ့် ကွန်မြူနစ်စာပေတွေကို လေ့လာခဲ့တယ်၊ သဘောကျခဲ့တယ်၊ လက်ခံခဲ့တယ်၊ ကွန်မြူနစ်ဝါဒကို ကျေနပ်လက်ခံလာရင်းက ကွန်မြူနစ်ဝါဒရဲ့ မနှစ်မြိုစရာလေးတွေကို တွေ့လာရတယ်၊ အဲဒီအခါ ကွန်မြူ နစ်ဝါဒဘက်မှာ အားပျော့လာတယ်၊ နောက်တော့ လွတ်လွတ်လပ်လပ် တွေးခေါ် သူဘဝကို ကြိုက်နှစ်သက်လာတယ်၊ သူ့ကိုယ်သူ အင်္ဂလိပ်လို " Free thinker " လို့ အမည်တပ်တယ်၊ မြန်မာလိုတော့ " လွတ်လွတ်လပ်လပ် တွေးခေါ်သူ " ပေါ့၊ ဒီအထိ ဗုဒ္ဓဝါဒကို သူ လက်မခံနိုင်သေးဘူး၊ အမည်ခံကတော့ ဗုဒ္ဓသာသနာဝင်ပါပဲ၊ အခုတော့ သူက ဒီလို မဟုတ်တော့ဘူး၊ အပြောင်းကြီး ပြောင်းလဲနေပြီ၊ သူဟာ အခုအခါ ဗုဒ္ဓသာသနာဝင်စစ်စစ် ဖြစ်နေပါပြီ တဲ့။

အဲဒီလို ဗုဒ္ဓသာသနာဝင်စစ်စစ် ဖြစ်လာရတာဟာ ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်ကြောင့်ပဲ – တဲ့၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကို ရှိခိုးဦးတိုက်တဲ့အခါမှာ ဆရာတော်ရဲ့ ခြေတော်အစုံကို နဖူးနဲ့ တိုက်ပြီး ရှိခိုးရမှ သူက အားရကျေနပ်တယ် တဲ့၊ အခု သူက ရွှေတောင်ကုန်းသာသနာ့ ရိပ်သာမှ ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့မှာ ဆရာတော်ရဲ့ အများအကျိုး ပြုလုပ်ငန်းမှာ စွမ်းနိုင် သမျှ ပါဝင်ဆောင်ရွက်နေပါတယ်၊ သူက ဆရာတော် အကြောင်းကို ဒီလို အားရပါးရ ပြောပြပါတယ်။

" ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ရဲ့ ကြည်ညိုစရာဂုဏ်တွေထဲ က တပည့်တော် အထူးသဘောကျမိတဲ့ ဂုဏ်ကို ပြောပြရင် ဖြောင့်မတ်မှုဂုဏ်ပါပဲ၊

http://www.dhammadownload.com

ဆရာတော်က ဖြောင့်မတ်မှုဂုဏ် ရှိတယ်၊ ကိုယ်ကလည်း ရှင်းရှင်းဘွင်းဘွင်းသမားမို့ လား၊ မလျှောက်တတ်ပါဘုရား၊ ဆရာတော်ရဲ့ ဖြောင်းမတ်တဲ့ဂုဏ်ကို အလွန်ပဲ သဘောကျတယ်။ "

" ဒကာကြီးက ဆရာတော်ကို ဘယ်မှာ ဘယ်လို စတွေ့ခဲ့တာလဲ။ "

" တပည့်တော်က အသက် (၄၀) မှာ အလုပ်တာဝန်မှ ထွက်လိုက်တယ်၊ အဲဒီအခါ သားတွေနဲ့ သမီးတွေက တပည့်တော်ဇနီးရဲ့ စီစဉ်မျက်အရ ယာယီကိုရင်၊ သီလရှင် ဝတ်ကြမယ်၊ တပည့်တော့်ဇနီးက တပည့်တော်ကိုလည်း ယာယီရဟန်းဝတ် ဖို့ တိုက်တွန်းတယ်၊ တပည့်တော်အလိုတော့ မဝတ်ချင်ဘူးပေါ့၊ ဇနီးဆန္ဒကို လိုက်လျောတဲ့အနေနဲ့ ဝတ်လိုတယ်၊ ရဟန်းခံအပြီး မဟာစည်ဆရာတော်ကြီး ဆုံးမတဲ့ စကားထဲမှာ ရဟန်းတွေ မလုပ်ကောင်းဘူး ထင်တာကို မလုပ်နဲ့ လို့ပြောတဲ့ စကား လေး ပါလာတယ်၊ စကားလုံးတွေက နည်းနည်းပါပဲ၊ ဒါပေမယ့် အဓိပ္ပါယ်တွေက အများကြီး ပါနေတယ်။ "

စာရေးသူရဲ့အတွေးထဲမှာ ရဟန်းခံအပြီး ရဟန်းသစ်တွေအား ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော် ဆုံးမလေ့ရှိတဲ့ စကားလေးတွေပေါ်လာတယ်။

" ရဟန်းဆိုတာ မလုပ်ကောင်း၊ မပြောကောင်းတာတွေက ရှောင်ကြဉ်ရ တယ်၊ ဒါကို လုပ်လို့ ပညာရှိတွေအမြင်မှာ ကဲ့ရဲ့စရာ ဖြစ်မယ်ဆိုရင် အဲဒီလို အလုပ်မျိုး ကို မလုပ်ဘဲ ရှောင်ကြဉ်ရတယ်။ ဒါကို ပြောလို့ ပညာရှိတွေအမြင်မှာ ကဲ့ရဲ့စရာ ဖြစ်မယ်ဆိုရင် အဲဒီလို အပြောမျိုးကို မပြောဘဲ ရှောင်ကြဉ်ရတယ်၊ အဲဒီလို ရှောင်ကြဉ် လိုက်ရင် ကိုယ်မှုနဲ့စပ်တဲ့ သီလ၊ နှုတ်မှုနဲ့စပ်တဲ့ သီလတွေ လုံခြုံသွားတယ်၊ သီလ ဆိုတာ မလုပ်ကောင်း၊ မပြောကောင်းတာတွေက ရှောင်ကြဉ်ရတာပဲ။ "

" ရဟန်းတွေ လိုက်နာရမယ့် ဘုရားဥပဒေတော်တွေက အကျဉ်းအားဖြင့် (၂၂၇) သွယ် ရှိတယ်၊ အကျယ်အားဖြင့် ကုဋေ (၉) ထောင်ကျော် ရှိတယ်လို့ ဝိနည်း ဆိုမိန့်ချက်ရှိတယ်၊ ဒါတွေကို မသိသေးပေမယ့် ပညာရှိတွေအမြင်မှာ ကဲ့ရဲ့ စရာဖြစ်မယ့် အပြောမျိုး၊ အပြုမျိုးတွေကို ရှောင်ကြဉ်လိုက်ရင် ပြီးတာပါပဲ။ "

ဆရာတော်ဟာ မဟာစည်ဆရာတော်ကြီးရဲ့ ဩဝါဒကို နည်းမှီတာနဲ့ တူပါရဲ့။

ဒကာကြီးက သူစကားကို သူ ဆက်ပြောနေတာပါပဲ၊ ဆရာတော်ရဲ့ ဩဝါဒကို အတွေးဝင်မိပေမယ့် သူပြောတဲ့ စကားတွေကတော့ နား ထဲမှာ ဝင်လျက်ပါပဲ။

" သင်းပိုင်ဝတ်ပုံ၊ ကေသီရမ်းပုံ၊ သင်္ကန်းရုံပုံစတဲ့ အသေးစိတ်စည်းကမ်းတွေ

http://www.dhammadownload.com

ကို ဆရာတော်ကပဲ သင်ပေးပါတယ်၊ ဆရာတော်က အဲဒီတုန်းက မူလကမ္မဋ္ဌာန်း သစ်သားကျောင်းလေးတစ်ဆောင်မှာ သီတင်းသုံးတယ်၊ ဆရာတော်က တပည့်တော် တို့ တရားထိုင်တဲ့နေရာကို လာလာပြီး ကြည့်တယ်၊ နံရံကို မှီထိုင်နေရင် မှီမထိုင်ဖို့ ပြောတယ်၊ ငိုက်နေရင် မငိုက်ဖို့ သတိပေးတယ်၊ တစ်နေ့မှာ (၄) နာရီပဲ အိပ်တယ်၊ တပည့်တော်က အဲဒီတုန်းက ရာထူးကြီးတာပဲ၊ တပည့်တော်လို ရာထူးကြီးတဲ့ သူကို လည်း ဆရာတော်က မညှာဘူး၊ အလျှော့မပေးဘူး၊ တင်းတင်းရင်းရင်းပဲ အားထုတ် ခိုင်းတယ်၊ အဲဒီလို ရာထူးကြီးတာ၊ မျက်နှာကြီးတာကို မငဲ့ဘဲ တင်းတင်းရင်းရင်း ဆရာတော် ဆောင်ရွက်စေတာကိုလည်း တပည့်တော် သဘောကျတယ်။ "

" ဒကာကြီးက ဘယ်နှစ်ရက်လောက် အားထုတ်လိုက်တာလဲ။ "

" ဆယ်ရက်ပါပဲ ဘုရား၊ ဆယ်ရက်ဆို ဆယ်ရက် အကျိုးရှိတယ်ဘုရား၊ အနုတ္တ တရားကို တရားအားထုတ်လိုက်မှ ကောင်းကောင်း သဘောပေါက်သွားတယ် ဘုရား၊ ဆယ်ရက်ပြည့်လို့ လူဝတ်လဲ ရတော့မယ်လုပ်တော့ မျက်ရည်ကျမိတယ် ဘုရား၊ အေးချမ်းတဲ့ နယ်မြေကနေ ပူလောင်တဲ့ နယ်မြေကို သွားရတော့မှာမို့ ဝမ်းနည်းမိပါတယ် ဘုရား။ "

" ဆယ်ရက် သတိပဋ္ဌာန်တရား အားထုတ်လိုက်တာနဲ့ ဒကာကြီးဘဝမှာ အများကြီး ပြောင်းလွဲသွားတော့တာပေါ့နော်၊ သတိပဋ္ဌာန်းတရားက အများကြီး စွမ်းတာပါလား။ "

" အရှင်ဘုရား . . . ဆရာတော်က အမိန့်ရှိတယ်ဘုရား၊ ဘုန်းကြီးက ကွန်မြူနစ် ဝါဒသမားကို တရားအားထုတ်ခိုင်းရာမှာ ခိုင်းတဲ့အတိုင်း လုပ်လို့ သဘော ကျတယ် – တဲ့ ဘုရား၊ အရှင်ဘုရားကြားဖူးလား ကိုအေးမောင်အကြောင်း"

" မကြားဖူးဘူး ဒကာကြီး။ "

" သူလည်း ကွန်မြူနစ်ဝါဒသမားပဲ၊ မောင်ဝေလင်းရဲ့ အစ်ကိုလေဘုရား။ "

" သြော် . . . သြော် . . . သိပြီ၊ သိပြီ။ "

" သူလည်း ဆရာတော်ထံ တရားအားထုတ်သွားတာပဲ။ "

" သူအကြောင်းကို ဥူးဇင်း ဆောင်းပါးတစ်ပုဒ် ရေးထားတယ်၊ ' ရုပ်ဝါဒ သမားနဲ့ တရားဘာဝနာ ' ဆိုတဲ့ ဆောင်းပါးနာမည်နဲ့ ရေးထားတယ်၊ ' ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၏ ပြည်တွင်း၊ ပြည်ပသာသနာရောင်ခြည် ' ဆိုတဲ့ စာအုပ်တစ်အုပ် ဥူးဇင်း ရေးထားတယ်၊ အဲဒီစာအုပ်ထဲမှာ အဲဒီဆောင်းပါး ပါတယ်၊ သူအကြောင်းက စိတ်ဝင်စားစရာပဲ။ "

" တပည့်တော်ရော၊ ကိုအေးမောင်ရော ဆရာတော်ထံမှာ သတိပဋ္ဌာန်တရား

http://www.dhammadownload.com

ကိုသာ အားထုတ်ခွင့် မရရင် ဗုဒ္ဓသာသနာဝင်အဖြစ် အမည်ခံထားပေမယ့် တကယ့် ဗုဒ္ဓသာသနဝင် ဖြစ်ချင်မှ ဖြစ်ဦးမှာပါဘုရား၊ ယခုတော့ ဗုဒ္ဓသာသနာဝင်စစ်စစ် ကောင်း ကောင်းဖြစ်နေပြီလို့ ယူဆထားတယ်၊ နံနက်အိပ်ယာက ထထချင်း တရားမှတ်လိုက်ရမှ ကိုယ့်ကိုယ်ကို ကျေနပ်တယ်၊ အိပ်ရေး မဝလည်း တရား မှတ်လိုက်ရရင် ကြည်လင် လန်းဆန်း နေတာပဲဘုရား၊ ရှုမှတ်မှုသတိရဲ့ အရှိန်ကြောင့်နဲ့ တူပါရဲ့၊ ' ဒါ ကောင်းတယ် လုပ်၊ ဒါ မကောင်းဘူး မလုပ်နဲ့ ' လို့ တစ်ဦးဦးက စောင့်ပြီး ပြောပေးနေသလိုပါပဲဘုရား"

" ဒကာကြီးနဲ့ ပတ်သက်တဲ့ ဆရာတော်ရဲ့ အဆိုအမိန့်လေးတွေကို ပြောပြ ချင်တယ်။ "

" အမိန့်ရှိပါဘုရား၊ တပည့်တော်ကချည်း လျှောက်နေရတာ၊ အရှင်ဘုရား ကလည်း ပြောပြအုံးမယ်ဆိုရင် သိပ်အကျိုးရှိမှာပေါ့။ "

" နားထောင်နော် ဒကာကြီး။ "

" တရားကို မြင်ရင် ဘုရားကို မြင်တယ်၊ တရားကို သိရင် ဘုရားကို သိတယ်၊ တရားဂုဏ် ပေါ်ရင် ဘုရားဂုဏ် ပေါ်တယ် – တဲ့ ဒကာကြီး။ "

" ဟုတ်ပါတယ်ဘုရား၊ အခုတပည့်တော် တရားကို မြင်လို့ ဘုရားကို မြင်နေပါပြီဘုရား၊ တရားကို သိလို့ ဘုရားကို သိနေပါပြီ ဘုရား၊ တရားဂုဏ် ပေါ်လို့ ဘုရားဂုဏ် ပေါ်နေပါပြီဘုရား။ "

" အရှင်ဘုရား . . . ဆက်အမိန့်ရှိပါအုံး။ "

" သဘောကျနေပြီလား " တိုက်ဆိုင်မှုရှိတာကို ဘုရား။

" စိတ်ထားပြုပြင်ရေးမှာ သတိပဋ္ဌာန်တရားဟာ အလွန်အရေးပါတယ်။ "

" ဒါလည်း ဟုတ်တာပဲ ဘုရား၊ ဒီသတိပဋ္ဌာန်တရားကို အားထုတ်ခွင့်မရရင် တပည့်တော်ရဲ့ စိတ်ထား၊ တပည့်တော်ရဲ့ အတွေးအခေါ်တွေဟာ ပြောင်းဖို့ မလွယ်ဘူး ဘုရား။ "

" ဒကာကြီးက စစ်သားလုပ်ခဲ့တာဆိုတော့ စစ်သားကို ဥပမာပြုထားတဲ့ အဆိုအမိန့်လေးပေါ့။ "

" ဘာတဲ့လဲဘုရား။ "

" ရှေ့တန်းစစ်မျက်နှာမှာ စစ်သားဟာ စစ်ဗိုလ်အမိန့်အတိုင်း လုပ်ရတယ်၊ ကိလေသာတိုက်ပွဲ ဝင်ရာမှာ ယောဂီဟာ ဆရာညွှန်ကြားတဲ့အတိုင်း လုပ်ရတယ် " တဲ့။

" တပည့်တော်က စစ်သားလုပ်ခဲ့ရတာမို့ ပိုသဘောပေါက်ပါတယ် ဘုရား။ "

" ဒကာကြီး တော်ကြဦးစို့နော်။ "

" မှန်ပါဘုရား . . . အရှင်ဘုရား ပြောပြတာ ဝမ်းသာလှပါတယ်ဘုရား။ "

http://www.dhammadownload.com

http://www.dhammadownload.com



အိပ်ရာပေါ်မှ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ကျောင်းဒကာမကြီး -
-ဒေါ်နီနှင့် ဆရာတော်



ရှေ့တန်း (ဝဲမှယာ) ဦးမြင့်သိန်း၊ ဦးမြသောင်း၊ ဦးအောင်သိမ်း၊ ဆရာတော်၊
ဦးမြသောင်း၊ ဦးမောင်လေး၊ ဦးတင်ထွန်း
(အပေါ်ပုံ → စာမျက်နှာ ၂၄၀) (အောက်ပုံ → စာမျက်နှာ ၂၅၅)

http://www.dhammadownload.com

သုဆေး

ဘုရားမယုသူ
အများလူတို့
ယုံသူဖြစ်အောင်
သူ စွမ်းဆောင်၏။
သူ တိုက်ကျွေးပေး
တရားဆေးကို
လေးလေးစားစား
စားသုံးငြားက
ဘုရားရှင်အား
ယုံကြည်သွား
များပြားလှလေပြီ။

◆ ◆ ◆ ◆ ◆

http://www.dhammadownload.com

ဆင်ဟား

မဟာစည်ဆရာတော်ကြီးကို စာရေးသူ မဟာစည်သာသနာ့ရိပ်သာမှာ တရားပထမတစ်ကြိမ် (၁၃၃၈ – ခုနှစ်) အားထုတ်စဉ်က ဖူးတွေ့ရပါတယ်၊ သိမ်ပေါ်မှာ ဥပုသ်ပြုအပြီး သြဝါဒပေးတာကိုလည်း နာယူဖူးပါတယ်၊ ပထမအကြိမ် တရားအားထုတ်ပြီးနောက် (၄/၅) နှစ်လောက်ကြာမှ နောက်တစ်ခါ ထပ်ဖူးခွင့်ကြုံပါတယ်၊ အဲဒီအခါ စာရေးသူကို မဟာစည်ဆရာတော်ကြီး ပေးလိုက်တဲ့ သြဝါဒစကားလေးကို စာရေးသူတစ်သက်မှာ ဘယ်တော့မှ မေ့ရမှာမဟုတ်ပါဘူး၊ သူသြဝါဒက " ရဟန်းဆိုတာ ပါသာဒိကဂုဏ် (ကြည်ညိုဖွယ်ဂုဏ်) နဲ့ အမြဲပြည့်စုံနေရမယ် " တဲ့၊ သိပ်ကောင်းတယ်၊ သိပ်အနှစ်ပါတယ်၊ သူတရားစာအုပ်တွေကို အကုန်နီးပါး ဖတ်ဖူးထားတာမို့ တရားစာအုပ်ပါ စကားတွေကိုတော့ များစွာ မှတ်သားဖူးပါတယ်၊ အလွတ်စကားပြောတဲ့အခါမျိုးမှာ ပြောတဲ့ စကားမျိုးကိုတော့ အနည်းငယ်ဘဲ ကြားဖူးပါတယ်၊ မဟာစည်ဆရာတော်ကြီးက သူ့ကိုယ်သူ ရည်ညွှန်းတဲ့ စကားလုံးသုံးတဲ့အခါ " ဘုန်းကြီး " ဆိုတဲ့ စကားလုံးမှတပါး " ဒီ " ဆိုတဲ့ စကားလုံးကိုလည်း သုံးလေ့ရှိသတဲ့၊ " ဒီက ဒီလိုယူဆပါတယ် " စသည်နဲ့ ပြောလေ့ရှိတယ် တဲ့၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ကလည်း သူ့ကိုယ်သူ ရည်ညွှန်းပြောဆိုတဲ့အခါ " ဒီက၊ ဒီက " နဲ့ ပြောလေ့ရှိတာကို ကြားရတယ်၊ " ဒီက, ဒီက " ဆိုတဲ့ အသုံးအနှုန်းဟာ ဘယ်ကလာတာလဲ၊ ဘယ်သူ သုံးနှုန်းခဲ့တာလဲလို့ လေ့လာကြည့်တော့ မဟာစည်ဆရာတော်ကြီး သုံးနှုန်းတဲ့ စကားလုံး ဖြစ်နေတာကိုး။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်က လူတွေနဲ့ ပြောတဲ့အခါ " ဘုန်းကြီးက, ဘုန်းကြီးက " လို့လဲ သူ့ကိုယ်သူ ရည်ညွှန်းသုံးနှုန်းပါတယ်၊ သံဃာတော်တွေနဲ့ ပြောရင် " တပည့်တော်, တပည့်တော် " လို့လဲ သုံးနှုန်းတယ်၊ လူတွေကို

http://www.dhammadownload.com

ခေါ်ဝေါ် သုံးနှုန်းတဲ့အခါမှာတော့ " ဒကာကြီး, ဒကာမကြီး "လို့ ပဲ သုံးနှုန်းတယ်၊ တချို့ကိုလည်း နာမည်ကို ခေါ်တတ်တယ်၊ နာမည်အပြည့်အစုံ ခေါ်သလို အဖျားဆွတ် ခေါ်တာလည်း ရှိတယ်၊ ဥပမာ– မောင်ကျော်ဖြိုးထွန်းကို " ဖြိုး " လို့ ခေါ်တယ်၊ မစောယဉ်ဝင်းကို " မိစော " တဲ့၊ တခါတရံ ခေါ်ပုံ ထူးတာလေးတွေ ရှိတယ်။ ဒေါ်ဝင်းကို " အဝင်း " တဲ့၊ ဒေါ်ညိုကို " အညို " တဲ့၊ တခါတရံ နာမ်စားသုံးပုံလေး တွေကလည်း ဆန်းကြယ်သား၊ " ဟိုလူက, ဟိုလူက " တဲ့၊ စာသင်သိက္ခာရှင်လေး တွေကိုတော့ " သမီး၊ သမီး " တဲ့၊ ဆရာတော်ရဲ့ မေတ္တာရိပ်ကို ခိုလှုံပြီး ပညာသင်ယူ နေကြသူလေးတွေဆိုတော့ သမီးအရာမှာ တည်နေကြတာပေါ့၊ အသက်ကြီးလာတော့ လည်း ဖခင်စိတ်တွေ ပိုမို ကိန်းဝပ်လာတယ်နဲ့ တူပါရဲ့၊ ရန်ကုန်က ကလေးမလေးတွေ ကလည်း သူတို့ကိုယ်သူတို့ " သမီးက, သမီးက " နဲ့ အတော်ကို အသုံးများကြတာပဲ၊ အညာသားဖြစ်တဲ့ စာရေးသူနားမှာတော့ ကြားဖူးတာ မဟုတ်တော့ ဆန်းနေတာပေါ့၊ အောက်ပြည်မှာ အသုံးများတဲ့ " သမီးက, သမီးက " ဆိုတဲ့ ဝေါဟာရက အညာမှာ အသုံးပြုနေသလား၊ မနေလားတော့ မပြောတတ်၊ မန္တလေးက မိန်းကလေးတွေ သုံးတဲ့ " ကျွန်တော်, ကျွန်တော် " ဆိုတဲ့ အသုံးအနှုန်းကိုတော့ အောက်ပြည်မှာလည်း သုံးတာ ကြားနေရပြီ။

ဆရာတော်က ရာထူးဘယ်လိုကြီးတဲ့ သူဖြစ်ဖြစ်, အဆင့်အတန်း ဘယ် လောက်မြင့်မြင့်, ပစ္စည်းတွေ ဘယ်လောက်ပေါပေါ, သူတို့ရာထူး သူတို့ အဆင့်အတန်း နဲ့ ပတ်သက်တဲ့ စကားလုံးကို မြှင့်မြှောက်တဲ့အနေနဲ့ မသုံးနှုန်းဘူး၊ " ဒကာကြီး၊ ဒကာမ ကြီး " လို့ရင်ဖြစ်စေ၊ နာမည်ကိုဖြစ်စေ ခေါ်လေ့ရှိတယ်၊ မဟာစည်ဆရာတော်ကြီး ဟောထားတဲ့ တုဝဋ္ဋကသုတ်တရားတော်စာအုပ်ထဲမှာ ဒါနဲ့ ပတ်သက်ပြီး မိန့်ကြား ထားတာကို ဖတ်ရှုရတယ်၊ သိပ်မှတ်သားစရာကောင်းတယ်၊ ဒီမှာ ရေးသားဖော်ပြ လိုက်ပါတယ်။

" သူဌေးကြီး၊ စက်ပိုင်းကြီး၊ ဥက္ကဋ္ဌကြီး စသည်ဖြင့် မြှင့်မြှောက်ပြီး ပြောတာ ကတော့ ဥလ္လပနာမည်တယ်၊ အဲဒါမျိုးလည်း မပြောကောင်းဘူး၊ ဒီနေရာမှာ အချို့ ဆရာတော်များကတော့ " ဦးဖြူ၊ ဒကာကြီး " စသည်ဖြင့် " ဦး " ဆိုတဲ့စကား၊ "ကြီး" ဆိုတဲ့ စကားနဲ့ ပြောတာလည်း မြှင့်မြှောက်ပြောရာ ရောက်တယ်လို့ ယူဆပြီးတော့ " ဦး " မပါ, " ကြီး " မပါဘဲ " ဒကာဖြူ၊ ဒကာ " စသည်ဖြင့် ပြောဆိုလေ့ရှိကြပါတယ်၊ ဒီနေရာမှာ စဉ်းစားစရာကတော့ လာဘ်လာဘကို မမြှော်လင့်ဘဲ ပြောရိုးပြောစဉ် အနေနဲ့ ပြောတာဆိုရင် အပြစ်ဖြစ်ဖွယ် မရှိပါဘူး၊ သင့်တော်လောက်စရာ ရှိပါတယ်၊ ဘာကြောင့်လဲဆိုတော့ မြတ်စွာဘုရား ကိုယ်တော်တိုင်တောင်မှ သူ့ခေတ်အားလျော်

http://www.dhammadownload.com

စွာ " မဟာရာဇ = မင်းကြီး " လို့ ခေါ်ဝေါ်ပြောဆိုတော်မူသေးတဲ့အတွက်ကြောင့် ပါပဲ " တဲ့။

မဟာစည်ဆရာတော်ကြီး သုံးလေ့ရှိတဲ့ စကားလုံးတစ်ခု ရှိသေးတယ်။ "တယ်နေရာမကျတာပဲ " တဲ့။ အပြစ်တင်စရာပုဂ္ဂိုလ်ကို တွေ့ရတဲ့အခါ အလွန်ဆုံး အပြစ်တင်ရင် " တယ်နေရာမကျတာပဲ၊ " ဆိုတဲ့ စကားလောက်ပဲ ပြောတယ်တဲ့၊ ဆရာတော်ကလည်း ဒီစကားလုံးလေးကို အသုံးပြုတာ တွေ့ရတယ်၊ ဆရာတော်က တော့ အပြစ်တင်ပြောဆိုစရာရှိရင် ဒီထက် ပြင်းထန်တဲ့ စကားတွေကိုလည်း သုံးတတ်ပါတယ်၊ ဒါပေမယ့် ဆရာတော်စကားတွေက ရိုင်းတာတွေတော့ မဟုတ်ဘူး၊ ယဉ်ပြီး ပညာသားပါတယ်။

ဆရာတော်ဟာ သူ့ရဲ့ အနန္တကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီးရဲ့ စကားတော်တွေကို များစွာပဲ အသုံးပြုပါလိမ့်မယ်။ " ဒီက " ဆိုတဲ့ စကားလုံးနဲ့ " တယ်နေရာမကျတာပဲ " ဆိုတဲ့ စကားလုံးတွေဟာ စာရေးသူအနေနဲ့ ထူးခြားမှု ရှိနေလို့ ဒီစကားလေးနှစ်လုံးကိုပဲ ဖော်ပြလိုက်တာပါပဲ၊ ပညာရှင်တွေရဲ့ စကားဆိုတာ ပညာသားပါစမြဲမို့ မှတ်သားရပါတယ်၊ မှတ်ပြီးတော့လည်း စာဖတ်ပရိသတ် သိရအောင် ရေးသားဖော်ပြရပါတယ်၊ ဒါမှ သိခွင့်ရကြမှာကိုး၊ ဒါမှမဟုတ်ရင် ဒီလို မှတ်သားစရာလေးတွေဟာ ပေါ်လွင်မှာ မဟုတ်ဘူး။

ဆရာတော်ထံ စာရေးသူ ရောက်လာတဲ့အခါ ဆရာတော်ရဲ့ တရားတွေကို နားရတော့ မဟာဂန္ဓာရုံဆရာတော်ရဲ့ ကရုဏာသံမျိုးကို ကြားရတယ်၊ မဟာဂန္ဓာရုံ ဆရာတော်က " ဘုန်းကြီးကလေ ကြည်ညိုလွန်းလို့, ကြည်ညိုလွန်းလို့ " လို့ ကရုဏာ ရသသံပါပါနဲ့ မကြာမကြာ မိန့်ကြားတတ်တယ်၊ " အို . . . " ဆိုတဲ့ စကားလေးကို သုံးပြီး " အို သိပ်ကောင်းတယ်၊ သိပ်ကြည်ညိုစရာကောင်းတာပဲ " လို့ ပြောတာမျိုး လေးတွေလည်း သွားတူနေတယ်၊ အသံရှည်ရှည်, ပျော့ပျော့ပျောင်းပျောင်းနဲ့ ပြောတတ်ပုံလေးတွေကလည်း တူနေကြတယ်၊ ဆရာတော်က မဟာဂန္ဓာရုံ ဆရာတော်ရဲ့ တရားတွေကိုများစွာ နာထားပုံပေါ်ပါတယ်။ ဆရာတော်ထံမှာ မဟာ ဂန္ဓာရုံဆရာတော်ရဲ့ တရားခွေတွေ များစွာရှိနေတာပဲ၊ မဟာဂန္ဓာရုံဆရာတော်, အပေါ်မှာ ကြည်ညိုရင်းစွဲက ရှိထားလေတော့ မဟာဂန္ဓာရုံဆရာတော်ရဲ့ တရား တွေကို နာရင်းနာရင်းနဲ့ မဟာဂန္ဓာရုံဆရာတော်ရဲ့ ကရုဏာရသပါတဲ့ အသံလေး တွေကို ဆရာတော့်နားထဲ, နှလုံးထဲ စွဲနေ ပုံပေါ်ပါတယ်၊ ဒါကြောင့် ဆရာတော် တရားဟောတဲ့အခါ မဟာဂန္ဓာရုံဆရာတော် ရဲ့ ကရုဏာရသလေသံလို အသံမျိုးတွေ ပါပါလာတာ ဖြစ်ပါလိမ့်မယ်။

http://www.dhammadownload.com

ကိုယ်ကြည်ညိုလေးစားတဲ့ ပုဂ္ဂိုလ်တွေရဲ့ ပြောပုံ, ပြုပုံစတာတွေကို အတု ယူတတ်ကြတာဟာ လောကသဘာဝပါပဲ။

မဟာစည်သာသနာ့ရိပ်သာထဲမှာ မဟာစည်ဆရာတော်က လူတွေကို ဖိနပ် စီးခွင့်ပြုထားပါတယ်၊ မဟာဂန္ဓာရုံကျောင်းတိုက်ထဲမှာ မဟာဂန္ဓာရုံဆရာတော်က လည်း လူတွေကို ဖိနပ်စီးခွင့်ပြုထားပါတယ်၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာထဲမှာ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ကလည်း လူတွေကို ဖိနပ်စီးခွင့်ပြုထားပါ တယ်၊ ဒါဟာလည်း ဆရာတော်ဟာ ဆရာသမားတွေရဲ့ နည်းကို လိုက်တာပါပဲ၊ ဘုန်းကြီးကျောင်းဝင်းအတွင်း ဖိနပ်စီးခွင့်ပြုထားတာနဲ့ ပတ်သက်ပြီး မဟာဂန္ဓာရုံ ဆရာတော်ရော မဟာစည်ဆရာတော်ပါ ရှင်းလင်းချက် ရှိပါတယ်၊ မဟာဂန္ဓာရုံ ဆရာတော်က သူ့ရဲ့ စာအုပ်ထဲမှာ သူ့ရဲ့ ရှင်းပြချက်ကို ရေးထားတာမို့ စာဖတ် ပရိတ်သတ်တို့ ဖတ်ရှုဖူးကြပါလိမ့်မယ်၊ မဟာစည်ဆရာတော်ရဲ့ ရှင်းပြချက်ကိုတော့ သူ, စာအုပ်တွေထဲမှာ မပါသေးလို့ စာဖတ်ပရိသတ်တို့ ဖတ်ဖူးချင်မှ ဖတ်ဖူးကြပါလိမ့် မယ်။ စာရေးသူက တွေ့ထားလို့ "မဟာစည်ဆရာတော်ကြီး၏ ထူးခြားသောအတွေး အမြင်များ" ဆိုတဲ့ စာအုပ်ထဲမှာ ထည့်ရေးထားပါတယ်၊ အလျဉ်းသင့်လို့ ဒီမှာလည်း ဖော်ပြပါမယ်။

"ဘုန်းကြီးကျောင်းထဲ၌ လူများ ဖိနပ်မစီးရ ဟု တားမြစ်သော ဘုရားဟော ပါဠိ မရှိ၊ အဋ္ဌကထာမှာလည်း အထင်းအရှား မရှိ၊ ဗိမ္ဗိသာရမင်း ဓားခွဲခံရခြင်း အကြောင်းကို ပန်းနံ့သာစသည်ပူဇော်ရာ စေတီရင်ပြင်၌ ဖိနပ်စီးသောကြောင့် ဟူ၍ လည်းကောင်း, ရဟန်းသံဃာတော်များ ထိုင်ရန် ခင်းထားသော သင်ဖြူးပေါ်၌ ခြေမ ဆေးဘဲ တက်နင်းသောကြောင့် ဟူ၍လည်းကောင်း ရှေ့ဆရာတို့ ဆိုကြောင်း မသေမ ချာ ပြဆိုထား၏။ ထိုပြဆိုချက်၌လည်း စေတီရင်ပြင်၌ ဖိနပ်စီးခြင်းသည် ဘုန်းကြီး ကျောင်းဝင်းအတွင်း၌ ဟူ၍ မဆိုချေ။ ရဟန်းသံဃာများ ထိုင်ရန် ခင်းထားသော သင်ဖြူးပေါ်၌ ခြေမဆေးဘဲ နင်းသောကြောင့် ဟု ဆိုသော အကြောင်းကို ထောက်ဆ ကြည့်လျှင် ယခုကာလ ဖိနပ်မစီးဘဲ, ခြေမဆေးဘဲ ကျောင်းပေါ် တက် ခြင်း, နင်းခြင်း အတွက်လည်း ဆင်ခြင်စရာ ရှိ၏။

ခရီးသွား အာဂန္တုရဟန်းတော်များ အခြားကျောင်းတိုက်သို့ ဝင်လျှင် ဖိနပ်ချွတ်ခြင်းစသော အာဂန္တုကဝတ်ကို ပြုရ၏။ ထိုဝတ်ပြုပုံကို ထောက်၍ ဘုန်းကြီး ကျောင်းထဲ၌ လူများ ဖိနပ်မစီးဘဲ အရှိအသေ ပြုလာခဲ့ကြဟန် တူပေသည်။

သီလက္ခန် (၄၇) ၌ ယာဝတိကာ နာဂသဘူမိ၊ နာဂေန ဂန္တွာ နာဂါ ပစ္ဆောရောဟိတွာ ပတ္တိကောဝ ယေန မဏ္ဍလမာလသဿ ဒွါရံ၊ တေနုပသင်္ကမိ ဟူ၍

http://www.dhammadownload.com

လည်းကောင်း။

နာ (၁၀၁) ယာဝတိကာ ယာနသ ဘူမိ၊ ယာနေန ဂန္ဆာယာနာ ပစ္စောရောဟိတ္ထာ ပတ္တိကောဝ ယေန ဘဂဝါ၊ တေနုပသင်္ကမိ ဟူ၍လည်းကောင်း။

ပြဆိုထားသည်ကို ထောက်လျှင် ကျောင်းဝင်းကို မဆို၊ ယာဉ်ဖြင့် သွားနိုင်ရာ အရပ်, မသွားနိုင်ရာ အရပ်ကိုသာ ပြဆိုထား၏။ ယာဉ်ရထားစီးကောင်းရာ အရပ်၌ ဖိနပ်လည်း စီးကောင်းသည်ဟု အဘယာရာမဆရာတော်က မိန့်ဆို၏။ ထိုအလိုအားဖြင့် ယခုကာလ၌ ကျောင်းလှေခါးအနီးအထိ ယာဉ်ရထားစီး၍ လာတတ်သောကြောင့် ထိုအရပ်တိုင်အောင် ဖိနပ်စီးကောင်းသည်ဟု ယူသင့်သကဲ့သို့ ရှိ၏။ ဖိနပ်မစီးဘဲ လာလျှင် ခြေဆေးနိုင်ပါမူ ကောင်း၏။ ခြေမဆေးဘဲ ကျောင်းပေါ်တက်လျှင် ကျောင်းကို ညစ်ပေစေသဖြင့် မရိုသေရာ ရောက်သည် ဟူ၍ လည်း အဘယာရာမ ဆရာတော်က မိန့်ဆိုသေး၏။

မိထွေးတော် ဂေါတမီ မြတ်စွာဘုရားထံ ဘိက္ခုနီပြုရေးအတွက် ခွင့်တောင်းရန် လိုက်လာစဉ် ဘုရားကို ရိုသေသောအားဖြင့် နန်းတော်က ထွက်လာတည်းက ဖိနပ်မစီးဘဲ လာသည်ဟု ဆို၏။ ထိုသို့ ရိုသေခြင်းမှာ ကျောင်းဝင်းနှင့် မဆိုင်၊ ဤအလုံးစုံကို ထောက်ဆကြည့်လျှင် ဖိနပ် မစီးခြင်းသည် အရိုအသေပေးခြင်း သဘော ဖြစ်သည်။ ကျောင်းဝင်းအတွင်း၌သာမဟုတ်၊ လမ်းမှာလည်း ရိုသေထိုက်သော ရဟန်းကိုတွေ့လျှင် အချို့က ဖိနပ်ချွတ်၍ အရိုအသေပြုရာ၌ အရိုအသေအပြုခံသော ရဟန်းက ဖိနပ်စီးပါဟု ခွင့်ပြုနိုင်၏။ ခွင့်ပြုသည့်အတိုင်းလည်း ဖိနပ်စီးနိုင်ပါ၏။ ထို့အတူပင် သံဃိကဖြစ်စေ, ပုဂ္ဂလိကဖြစ်စေ ကျောင်းတိုက်အတွင်းရှိ ရဟန်းတော်များက ခွင့်ပြုထားလျှင် ဖိနပ်စီးခွင့် ရှိပါ၏။ အပြစ်ဖြစ်စရာ အကြောင်းမမြင်ပါ။ ကျောင်းပေါ်တက်သောအခါ ကျောင်းကို မလူးလဲ မညစ်ပေစေရန်ဟု ရည်ရွယ်လျှင် သေနာသနကို ရိုသေရာလည်း ရောက်ပါသေး၏။ "

မဟာစည်ဆရာတော်ရဲ့ ဒီရှင်းလင်းချက်နဲ့ မဟာဂန္ဓာရုံဆရာတော်ရဲ့ ရှင်းလင်းချက်တို့ တူနေတယ်၊ တူမှာပေါ့လေ၊ အဘယာရာမဆရာတော်ဟာ မဟာဂန္ဓာရုံဆရာတော်ရဲ့ ဆရာ ဖြစ်နေတာကိုး၊ ဆရာတော်ဟာ ဆရာတွေရဲ့ နည်းအသီးသီးကို ယူကာ သူနေရာမှာ ဆောင်ရွက်နေတာပါလား။

http://www.dhammadownload.com

ဆင့်ပွား

ဆရာတွေနည်း
အသီးသီးကို
ယူပြီး သူဟာ
သူနေရာမှာ
ဆောင်ရွက်ပါ၏။
နောင်လာနောက်သား
တပည့်များလည်း
သူအား နည်းယူ။
နောက်နောက်လူအား
ထပ်ဆင့်ပွားကာ
ပေးသွားကြမှာပါတကား။

☒ ☒ ☒ ☒ ☒

http://www.dhammadownload.com

၉ရာ

" အသက်ကြီးလာတော့ မဟာစည်ဆရာတော်ကြီးလို ဖြစ်လာတယ် " တဲ့။

ဆရာတော် တစ်ခါ တစ်ခါ ပြောတတ်တဲ့ စကားလေးပေါ့၊ " အသက်ကြီးလာတော့ " ဆိုတဲ့ စကားအရ အသက်က ဘယ်လောက် ကြီးလာလို့လဲ၊ အဲဒီ စကားလေးကို (၇၃, ၇၄, ၇၅) နှစ်လောက်မှာ ပြောလာတယ်၊ " မဟာစည်ဆရာတော်ကြီးလို ဖြစ်လာတယ်၊ " ဆိုတာက ဘယ်လို ဖြစ်တာလဲ၊ မေ့တတ်လာတာကို ပြောတာပါ၊ မဟာစည်ဆရာတော်ကြီးဟာ စံလွန်တော်မမူမီ (၂) နှစ်ပိုင်းလောက်က စပြီး မေ့တတ်လာတယ် ဆိုပဲ၊ အနီးကပ် အမြဲပြုစုပေးတဲ့ ဥုးဇင်းတွေရဲ့ ဘွဲ့တွေကိုတောင် မေ့တယ် တဲ့၊ " သူက ဘယ်သူလဲ၊ သူ့ကို ကောင်းကောင်း သိပါတယ်၊ ဒါပေမယ့် မေ့နေတယ် " လို့ ပြောလို့ နာမည်ကို ပြောရင် ခဏပဲ မှတ်မိတယ်၊ ပြီးတော့ အဲဒီနာမည်ကို ပြန်မေ့သတဲ့၊ စံလွန်တော်မူခါနီးလေ ပိုမေ့လာလေဆိုပဲ၊ တရားဟောရင်လည်း ဝိသာခါ, အနာထပိဏ်တို့နာမည်ကိုတောင် မေ့မေ့နေတတ်သတဲ့။

မဟာစည်ဆရာတော်ကြီးက ဒီလို မေ့တတ်တာကို ကိုယ်တွေ့သိရှိသွားတဲ့ ပုဇွန်တောင်မြို့နယ် ရွှေကျင်ကျောင်းတိုက် သပြေကန်ဆရာတော် အရှင်ဝါသေဌာဘိဝံသကလည်း " အသက်ကြီးလာလို့ မေ့တတ်, မေ့တတ်လာတော့ မေ့တတ်တဲ့ မဟာစည်ဆရာတော်ကြီးကို သတိရမိတယ် " လို့ ပြောပြဖူးတယ်၊ အသက်ကြီးလာတော့ ရုပ်ပိုင်းဆိုင်ရာက အားနည်းလာလို့ မှတ်သားမှု သညာအားကလည်း နည်းလာတာနဲ့ တူပါတယ်၊ ကုသိုလ်ဆိုင်ရာ အမှတ်ရမှုသတိကတော့ အားနည်းကြမယ် မဟုတ်ပါဘူး၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်က အရင်ကလောက် မှတ်မိမှုအား မကောင်းတော့လို့ သူ့ကိုယ်သူ အားမရလို့ "မဟာစည်

http://www.dhammadownload.com

ဆရာတော်ကြီးလို ဖြစ်လာတယ် " လို့ ပြောတာဖြစ်ပါလိမ့်မယ်။

စာရေးသူကို အတူနေဖူးတဲ့ ပုဂ္ဂိုလ်တွေက " မှတ်ဉာဏ်ကောင်းတယ် " လို့ အပြောများကြတယ်၊ စာရေးသူမှာ ကျန်းမာရေး ချို့တဲ့မှုတွေ များလို့ ရုပ်အားတွေ နည်းလာလို့ ဖြစ်ပုံရပါတယ်၊ အခုတော့ မှတ်ထားတာတစ်ခုကို ပြန်စဉ်းစားလိုက်ရင် ဖြုန်းကနဲ ပေါ်မလာဘူး၊ အရင်ကတော့ ချက်ချင်း တွေးလိုက်ရင် ချက်ချင်း ပေါ်လာတယ်၊ ဒီမှုတော့ ခေါင်းက ရီဝေ ရီဝေ ဖြစ်နေပြီး မှတ်ထားတဲ့ အာရုံတစ်ခုဟာ အတော်နဲ့ ပြန်ပေါ်မလာတတ်ဘူး၊ ကိုယ့်ကိုယ်ကိုလည်း အားမရဖြစ်မိတယ်၊ ဆရာတော်တွေရဲ့ မေ့လာမှုတွေကို ကိုယ်ချင်းစာပြီး သဘောပေါက်နိုင်ပါတယ်။

ဆရာတော်က သူ့ကိုယ်ကိုသူ အားမရဖြစ်လို့သာပါ၊ မှတ်ဉာဏ်ကတော့ အားကောင်းနေသေးဆဲပါပဲ၊ မဟာစည်ဆရာတော်, သပြေကန်ဆရာတော်တို့လောက် မမှေတတ်သေးတာကတော့ သေချာပါတယ်၊ စာရေးသူရဲ့ မှတ်ဉာဏ်အားထက်လည်း သာနေဆဲပဲလို့ ယူဆပါတယ်၊ ဆရာတော်ဟာ ရှေးယခင်နှစ်ပေါင်းများစွာက တွေ့ခဲ့ပြီး မတွေ့ရတာ နှစ်ပေါင်းများစွာ ကြာနေပေမယ့်လည်း ပြန်တွေ့တဲ့အခါ အဲဒီလူတွေ, အဲဒီအကြောင်းအရာတွေကို မှတ်မိနေသေးတယ်၊ လူနာမည်တွေကို ပြောနိုင်တယ်၊ အကြောင်းအရာတွေကို ပြောပြနိုင်တယ်၊ ကြားရသူတွေ အံ့သြကြရတယ်။

တစ်ခါက ကြံတောသုသာန်မှာ အသုဘစျာပနတစ်ခုအတွက် သံဃာတော်တွေကို ပင့်လို့ ဆရာတော် ဦးဆောင်ပြီး ကြွတယ်၊ အဲဒီစျာပနမှာ လူပရိသတ်တွေကလည်း အများသား၊ သံဃာတော်တွေကလည်း ထိုင်နေတုန်း ဒကာတစ်ဦးက ဆရာတော်နား သွားပြီး " အရှင်ဘုရား တပည့်တော်ကို မှတ်မိလားဘုရား၊ အရှင်ဘုရားက တပည့်တော်ကို မှတ်မိမှာ မဟုတ်ပါဘူး၊ အရှင်ဘုရားကို မဖူးတွေ့ရတာ နှစ်ပေါင်းများစွာ ကြာနေပြီဘုရား။ အရှင်ဘုရားက ကျောင်းထိုင်ဆရာတော် ဖြစ်ပြီး ဘုန်းတွေ ကြီးနေတယ်ဆို ဘုရား " လို့ ရင်းရင်းနှီးနှီး ပြောဆိုနေတယ်၊ ဘေးက သံဃာတွေနဲ့ ဒကာ၊ ဒကာမ တွေက သူတို့ အလွန်လေးစားနေတဲ့ ဆရာတော်ကို အလွန်ရင်းနှီးစွာ ပြောဆိုနေတဲ့ အဲဒီဒကာကို စူးစိုက်ကြည့်နေကြတယ်။ " ဘယ်လိုဒကာလဲ၊ ဘယ်လိုလူလဲ " ဆိုတဲ့ အကြည့်တွေနဲ့ပေါ့၊ ဆရာတော်က ဒကာပြောသမျှ ငြိမ်ပြီး နားထောင်နေတာပါပဲ။ ဒကာအထင်မှာလည်း သူ့ကို ဆရာတော်က လုံးဝ မှတ်မိလိမ့်မယ်လို့ ထင်ပုံမပေါ်ဘူး၊ သူ ထင်သလို မဟုတ်ပဲ ဆရာတော်က သူ့ကို " ဒကာစိန် " လို့ ခေါ်လိုက်တယ်။ ဒကာရဲ့ နာမည်ကို ခေါ်လိုက်တော့ ဒကာက သိပ်ပြီး အားရဝမ်းသာ ကျေနပ်သွားတယ်။ " ဆရာတော်က ငါ ထင်သလို မဟုတ်ပါလား၊ ငါ့ကို မှတ်မိရုံမက ငါ့နာမည်ကိုတောင် ခေါ်လိုက်သေးတယ်။ ဆရာတော်က သိပ်မှတ်မိတာပဲပေါ့ "၊

http://www.dhammadownload.com

ဒကာရဲ့အတွေးထဲမှာ၊ မသားနားလှတဲ့ ဒက်ာရဲ့ ဟန်ပန်အမူအရာ၊ အနေအထား ကြောင့် ဘယ်လိုလူလဲ လို့ ထင်ကာ ကြည့်ကြတဲ့ အကြည့်တွေလည်း ရှဲသွားကြ ကုန်ပြီပေါ့။

ဒါက ဆရာတော်ရဲ့ မှတ်ဉာဏ်ကောင်းပုံ သာဓက တစ်ခုပေါ့။

တစ်ခါက မြန်မာနိုင်ငံမှာ လူသိများပြီး လူကြိုက်များတဲ့ ရုပ်ရှင်မင်းသား တစ်ယောက် ဆရာတော်ထံ ရောက်လာတယ်၊ အဲဒီမင်းသားရဲ့ နာမည်က "ကျော်သူ" တဲ့၊ သူ့အဖွားတွေက ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ ဆွမ်းလာလာကပ်ကြ တယ်၊ ကျော်သူတို့မိသားစုကလည်း ကပ်ကြတယ်၊ အိမ်မှာ ပင့်ပြီးတော့လည်း ကပ်တတ်ကြ တယ်၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ ဆွမ်းလာကပ်ပြီးလို့ ဆရာတော်က ဆွမ်း အနုမောဒနာတရားဟော, ရေစက်ချပေးတယ်၊ မောင်ကျော်သူ တို့ ဇနီးမောင်နှံလည်း ပါသပေါ့၊ ကျော်သူအဖွားတစ်ယောက်က ဆရာတော်ကို " ဆရာတော်ဘုရား . . . သူက ရုပ်ရှင်သရုပ်ဆောင်ပါဘုရား " လို့ လျှောက်ပြတယ်၊ ဆရာတော်က ရုပ်ရှင်သရုပ်ဆောင် ဆိုတဲ့စကားလုံးရဲ့အဓိပ္ပါယ်ကို နားလည်ပုံမရဘူး၊ " ရုပ်ရှင်သရုပ်ဆောင် ဆိုတာ ဘာလဲ " လို့ ပြန်မေးတယ်၊ အဲဒီအခါ ကျော်သူအဖွား က ရှေးဝေါဟာရအသုံးအနှုန်းနဲ့ " ဓာတ်ရှင် မင်းသားပါဘုရား " လို့ လျှောက်လိုက် တော့မှ " သြော် . . . သြော် . . . " လို့ ဆရာတော်က ပြောလိုက်တယ်။

ကျော်သူက နာမည်ကြီးမင်းသားဆိုတော့ လူသိများတယ်၊ ဒါပေမယ့် ဆရာတော်က သူ့ကို မသိဘူး၊ ဒါကို မောင်ကျော်သူက သဘောကျတယ်၊ အားရ တယ်၊ ဒါကြောင့် မောင်ကျော်သူက ဥဒါန်းကျူးသွားလေရဲ့၊ " ဒါမှ တို့ ဆရာတော် ကွ " တဲ့။

မောင်ကျော်သူရဲ့ အဖွားတို့အိမ်ကို ဆွမ်းစားသွားတဲ့အခါ, သို့မဟုတ် ရိပ်သာမှာ ဆွမ်းလာကပ်တဲ့အခါ မောင်ကျော်သူကို " မောင်မောင် " လို့ခေါ်ကြတယ်၊ နာမည်ရင်းလား, အိမ်မှာ ခေါ်တဲ့နာမည်လား မပြောတတ်, သူ့ဇနီးရဲ့ နာမည်က " မဇီးကွက် " တဲ့၊ နာမည်ရင်း ရှိချင်ရှိပါလိမ့်မယ်၊ စာရေးသူ ကြားသိရတဲ့ နာမည်က တော့ " မဇီးကွက် " ပါပဲ၊ မဇီးကွက် ကတော့ တွေးချင်တွေးနေမှာ၊ " ငါ့ခင်ပွန်း နိုင်ငံကျော် ရုပ်ရှင်မင်းသားကိုတောင် ဆရာတော်က မသိတာ၊ ငါ့ကို သိဖို့တော့ ဝေလာဝေးပေါ့ " လို့၊ မဇီးကွက် ကို ဆရာတော်က မတွေ့ဖူးလို့, တွေ့ဖူးတောင်မှ သတိမထားလို့ မသိပေမယ့် မဇီးကွက်ရဲ့ မိဘ, ဘိုးဘွားနာမည်တွေနဲ့ အခြား ဆက်စပ်နေတဲ့ နာမည် တွေကို သိတန်းပြီး ပြောသွား တယ်၊ အဲဒီအခါ မဇီးကွက်ခမျာ မျက်လုံးပြူးကာ အံ့အားသင့်သွားတယ်၊ ပျော်လည်း ပျော်သွားတယ်။

http://www.dhammadownload.com

ဒါလည်း ဆရာတော်ရဲ့ မှတ်ဉာဏ်ကောင်းမှု သာဓကတစ်ခုပါပဲ။ ဆရာတော်ထံ လာရောက်ကန်တော့ကြသူတွေထဲမှာ သူတို့ကို လုံးဝ မမှတ်မိလောက်တော့ဘူးလို့ ထင်ထားပြီး လာရောက်ကန်တော့ကြတဲ့ သူတွေ ကိုယ်တိုင် သူတို့ နာမည်တွေ, သူတို့နဲ့ ဆက်စပ်သူတွေရဲ့ နာမည်တွေ, သူတို့နဲ့ဆက်စပ်တဲ့ အကြောင်းအရာတွေကို ဆရာတော်က ပြောပြတဲ့အခါ အံ့သြဝမ်းသာသွားကြတယ်၊ လာရောက် ကန်တော့ကြသူတွေ အံ့သြဝမ်းသာတာကတော့ ဆန်းတယ်လို့တောင် ဆိုဖွယ်မရှိပါဘူး၊ ဘေးက နားထောင်နေရသူတွေတောင် အံ့သြကြရတယ်၊ ဒီလို အံ့သြဝမ်းသာသွားကြ သူတွေလည်း များစွာပါပဲ၊ ရောက်လေရာရာမှာပါပဲ၊ အံ့သြကြရ တာလည်း အခါခါပါပဲ၊ ဒီလို မှတ်မိတာတွေကို နေရာပေါင်းများစွာမှာ အခါပေါင်း များစွာ တွေ့ရတော့ တွေ့တဲ့ သူတွေက ပြောကြတော့တယ်၊ " ဆရာတော်က မှတ်ဉာဏ်သိပ်ကောင်းတယ် " တဲ့၊ စာရေးသူရဲ့ အတွေ့အကြုံအရလည်း အဲဒီ စကားကို ထောက်ခံပါတယ်၊ နာမည်တွေ မှတ်မိတာ ကိုလည်း အံ့သြပါတယ်၊ စာပေတွေ မှတ်မိတာကိုတော့ ပိုပြီး သဘောကျတယ်၊ ပိုပြီး အားကျတယ်၊ ဆရာတော်က စာဖတ်လည်း စာရေးသူတို့ထက် များတယ်၊ ဖတ်တဲ့ အခါမှာလည်း စေ့စပ်မှု, စူးစိုက်မှု စာရေးသူတို့ထက် ပိုတယ်လို့ ယုံကြည်တယ်၊ ဒါကြောင့် လည်း ပိုမှတ်မိတယ်လို့ ယူဆပါတယ်။

လူတွေဘက်မှာပဲ ဖြစ်ဖြစ်, ရှင်ရဟန်းတွေဘက်မှာပဲဖြစ်ဖြစ် ထိပ်တန်း ရောက်တဲ့ ပုဂ္ဂိုလ်တွေမှာ သတိရှိမှု, စေ့စပ်မှု, စူးစိုက်မှုတွေ အားကောင်းလေ့ ရှိတယ်လို့ စာရေး သူမှာ မှတ်ချက်ချနေမိပါတယ်။

ဇရာ

သူ့ မှတ်ဉာဏ်အား
သိသူများကား
ချီးကျူးစကား
ပြောကြားသွား၏။
သူကား မှတ်ဉာဏ်
အားမသန်တော့
မဟန်တော့ဟု
လျှော့ပေါ့ချိ၍သာ
ပြောလာပါ၏ ·
ဇရာသဘော
ဖြစ်လေသလော။

⌘ ⌘ ⌘ ⌘ ⌘

http://www.dhammadownload.com

မေတ္တာစွမ်းအား

တော်သတင်း လပြည့်နေ့၊ ဒီနေ့ ဆယ်မိုင်ကုန်း တောစခန်းရိပ်သာမှာ စာရေးသူ နေခဲ့တာ (၂) လပြည့်တဲ့ နေ့ပါ၊ " တော်သလင်းနေ ပုစွန် သေ " တဲ့၊ မြန်မာ့ဆိုရိုး စကားတောင် ရှိတယ်၊ တော်သလင်းမှာ ပုစွန် သေလောက်အောင် ကို နေပူတယ် တဲ့၊ ဆယ်မိုင်ကုန်းမှာက ရန်ကုန်ထက် မိုး ပိုကောင်းတယ်၊ ကောင်းမယ်ဆိုလည်း ကောင်းပေမပေါ့၊ ဆယ်မိုင်ကုန်းတောစခန်းရိပ်သာက ပဲခူးရိုးမတောင်တန်းပေါ်မှာ တည်ရှိနေတာကိုး၊ သစ်ပင်, တော, တောင် ထူထပ်တဲ့ နေရာမှာ မိုး ပိုရွာသတဲ့၊ မနေ့က တော်သလင်းလဆန်း (၁၄) ရက်နေ့၊ နေသာလိုက်တာ၊ နေ့တိုင်းလောက် မိုးရွာနေတော့ နေသာတဲ့ နေ့ဟာ အလွန် နည်းခဲ့တယ်၊ မိုးနည်းတဲ့ အညာအရပ်မှာတော့ နေဟာ ပုစွန် သေလောက်အောင် ပူချင်ပူပါလိမ့်မယ်၊ ဆယ်မိုင်ကုန်းမှာတော့ ပုစွန် သေလောက်အောင် နေမပူပါဘူး၊ ဆယ်မိုင်ကုန်း တောစခန်းမှာ ရှေးက တစ်ခါမှ မမြင်ဖူးတဲ့ မျှော့ကို မြင်ဖူးသွားပြီ၊ မြင်ဖူးရုံတင် မကပါဘူး၊ အတွယ်လဲ ခံရဖူးပါပြီ၊ မျှော့တို့, ကျွတ်တို့ကို အညာအရပ်မှာ မတွေ့ခဲ့ဖူးလေတော့ မျှောတို့, ကျွတ်တို့ကို မြင်ရရုံနဲ့ပဲ ကြောက်ပါတယ်၊ အကိုက်ခံရရင်တော့ ပိုပြီး ကြောက်ပါတယ်၊ မျှော့တို့, ကျွတ်တို့ အတွယ်ခံရတဲ့ အတွေ့အကြုံတွေကို ဆယ်မိုင်ကုန်း တောစခန်းရိပ်သာ ဝါလာဆိုခိုက် ရရှိသွားပါပြီ၊ ဗဟုသုတတွေ တိုးခဲ့ရပြီပေါ့။

ဆယ်မိုင်ကုန်း တောစခန်းရိပ်သာမှာ အဆောက်အဦတွေဟာ တိုး, တိုးပြီး လာနေပါတယ်၊ စာရေးသူ နေတဲ့ (၂) လတာ အတွင်း နောက်ထပ် တစ်ပါးဆောင် (၅) ဆောင် ပြီးလုနီးနေပြီ၊ နောင်ထပ် တစ်ပါးဆောင်, နှစ်ပါးဆောင် တွေလည်း စတင်နေပြီ၊ ရေသိမ်ဒကာလည်း ပေါ်နေပြီ၊ သိမ်အလှူရှင်ဒကာက " ဦးချစ်လှိုင် "

http://www.dhammadownload.com

တဲ့၊ ရှိတွေလည်း များတယ်၊ ဒါကြောင့် လမ်းသွားလမ်းလာ ကောင်းအောင် တံတားကြီးတစ်ခုလည်း ခင်းထားတယ်၊ ရေကန်တွေလည်း တူးထားတယ်၊ အလယ်က ရေကန်ကြီးကတော့ အကြီးဆုံးပေါ့၊ စာရေးသူ နေတဲ့ ကျောင်းဆောင်လေး ရဲ့ အနီးမှာ ကပ်လျက် တည်ရှိတဲ့ ရေကန်တစ်ကန် ရှိသေးတယ်၊ တမံတုပ်ထားတော့ စီးကျတဲ့ ရေသံတွေကို အမြဲကြားနေရပါတယ်၊ မိုးရေ များလေ ရေစီးသံဟာ ပိုမြည်လေပဲ၊ သတိမထားရင်သာ မကြားဘဲ ရှိမယ်၊ သတိထားရင်တော့ အမြဲကြားနေရပါတယ်။

အဲဒီရေကန် ထဲမှာ ကြာပင်တွေ စိုက်ထားတယ်၊ ကြာဖြူ, ကြာနီ, ကြာပြာ (၃) မျိုးလုံးပဲ၊ ကြာဖြူက လရောင်ရတဲ့ ညအခါမှာ ပွင့်တယ်၊ ကြာနီ, ကြာပြာကတော့ နေရောင် ရတဲ့ နေ့အခါမှာ ပွင့်ကြတယ်၊ အဲဒီရေကန်လေးကို ဖြတ်ကူးဖို့ တံတားလေး လည်း ဆောက်ထားတယ်၊ အဲဒီတံတားလေးပေါ်က ဖြတ်သွားတဲ့သူတချို့က စာရေးသူ နေတဲ့ကျောင်းဆောင်လေး ရယ်, ကြာဖြူ, ကြာနီပွင့်လေးတွေရယ် ကြည့်ပြီး မူလတန်းကျောင်းမှာ သင်ယူခဲ့ကြတဲ့ ကဗျာလေးကို ရွတ်သွားကြတယ်၊ " ကြာနီ တစ်ပွင့်, ဖြူတစ်ပွင့် တဲနှင့် ပနံတင့် " တဲ့။ အဲဒီကဗျာလေးကို မှီပြီး ဒီလိုလည်းပြင်ဆို ကြတယ်၊ " ကြာနီတစ်ပွင့်, ဖြူတစ်ပွင့် ကျောင်းနဲ့ ပနံတင့် " တဲ့၊ တကယ်တော့ ကြာဖြူပွင့်, ကြာနီပွင့်, ကြာပြာပွင့်တွေဟာ တစ်ပွင့်မက များပါတယ်၊ တချို့ အလုပ်သမားတွေက တံတားပေါ် ဖြတ်သွားရင်း တွံတေး သိန်းတန် ဆိုထားတဲ့ သီချင်းတစ်ပုဒ် ထဲက အပိုဒ်ကလေးတစ်ပိုဒ်ကိုတောင် ဆိုသွားကြသေးတယ်၊ စာပိုဒ်လေးက " ရေကန်ဟာ ကြာရှိမှ တင့်တယ် " တဲ့၊ ရေကန်လေးဟာ သူ့ချည်းသက်သက်ရှိတုန်း ကလည်း လှပါတယ်၊ ကြာပင်, ကြာပန်းလေးတွေနဲ့ ဆိုတော့ ပိုပြီး လှသွားပါ တယ်၊ စာရေးသူစိတ်ထဲမှာ လှပတဲ့ မျက်နှာပိုင်ရှင်မိန်းကလေးက လိမ်ကျဲချယ်သလိုက်တဲ့ အခါ ပိုပြီး လှလာသလိုပဲလို့ အတွေးပေါ်မိပါတယ်။

တကယ်တော့ စာရေးသူ နေနေတဲ့ အဆောင်လေးဟာ ဆရာတော် ကြွလာ ခိုက် သီတင်းသုံးဖို့ ဆောက်ထားတဲ့ အဆောင်လေးပါပဲ၊ ဆရာတော်က စာရေးသူ နေရထိုင်ရတာ အဆင်ပြေချမ်းသာမှု ရှိစေလိုတဲ့အတွက် စာရေးသူကို နေခွင့် ပေးထားတာပါပဲ၊ ကျန်းမာရေးအတွက် အနားယူနေတဲ့ စာရေးသူကို ဆရာတော်က ကျန်းမာရေး ပြည့်စုံလာစေလိုတယ်၊ ဆရာတော် ကြွလာခိုက် စာရေးသူ နေတဲ့ အဆောင်လေးမှာ သီတင်းသုံးဖို့ လျှောက်တယ်၊ စာရေးသူ လျှောက်သလို အခြား ပုဂ္ဂိုလ်တွေကလည်း လျှောက်တယ်၊ " ဥုးဓမ္မိက လွတ်လွတ်လပ်လပ် ချမ်းချမ်းသာသာ နေပါစေ " ဟု မိန့်ကာ ပယ်ခဲ့တယ်၊ ဆရာတော် သီတင်းသုံးခဲ့ရင် ဆရာတော် ချမ်းသာတာပေါ့၊ ဒါပေမယ့် သူ့ချမ်းသာမှုကို မငဲ့ဘူး၊ စာရေးသူ ချမ်းသာရေးကိုသာ

http://www.dhammadownload.com

ရှေ့ရှုတယ်၊ ဦးစားပေးတယ်၊ ကျောင်းလေးမှာ ကုဋီခန်း, ရေချိုးခန်းလည်း တွဲလျက်ပါတယ်၊ စကြံပတ်လမ်းလည်း ပါတော့ စကြံလျှောက် လို့လည်း ကောင်းတယ်၊ ကျောင်းခန်းထဲမှာ ဆရာတော် ကြွလာခိုက် အသုံးပြုတဲ့ အိပ်ရာခင်း, ခြင်ထောင်စတဲ့ ပစ္စည်းတွေကို ထည့်ထားတဲ့ ဘီဒိုတစ်လုံး ရှိတယ်၊ စာရေးစားပွဲလည်းရှိတယ်၊ အခြားပစ္စည်းလေးတွေ တင်စရာ စားပွဲလေးတစ်ခုလည်း ရှိတယ်၊ ကုတင်တစ်လုံးလည်း ရှိတယ်၊ ထိုင်စရာ ကုလားထိုင်လည်း ရှိတယ်၊ စာရေးသူ စာရေးလို့ ညောင်းလာရင် သို့မဟုတ် စကြံလျှောက်ရင်း ရေးစရာ တွေးချင်ရင် စကြံပတ် လမ်းမှာ ထွက်လျှောက်တယ်၊ ကြည့်လို့ မြင်ရသမျှ အပင်တွေဟာ စိမ်းလန်းစိုပြေနေတယ်၊ လေကောင်းလေသန့်တွေ ရတယ်၊ တိတ်ဆိတ်နေတယ်၊ စကြံလျှောက်ရင်း တွေးလို့ ရေးစရာအချက်လေးတွေ ပေါ်လာရင် အခန်းတွင်း ပြန်ဝင်ပြီး ရေးတယ်၊ ဒီလို နေရာမျိုးမှာ ဒီလို လွတ် လွတ်လပ်လပ် စာရေးရတာ အကောင်းသား၊ " ဒီလိုနေရာမျိုးမှာ ဒီလို လွတ်လွတ် လပ်လပ်နဲ့ ရေးချင်းတဲ့ စာတွေ ဆက်ရေးနေရရင် ဘယ်လောက် ကောင်းလေမလဲ " လို့ တွေးနေမိတယ်၊ ရေးလိုက်ချင်စမ်းပါဘိ။

ဆရာတော် ရောက်ခိုက် သီတင်းသုံးတဲ့ ဒီကျောင်းဆောင်လေးကို " ဒေါ်ညို့ကျောင်း, ဒေါ်ညို့ကျောင်း " လို့ ပြောပြောနေကြတယ်၊ ကျောင်းဆောင်လေးရဲ့ အဝင်တံခါးရဲ့ လက်ယာဘက်မှာ အလှူရှင်အမည်တွေကို ရေးထားတဲ့ ဆိုင်းဘုတ်လေးကို ဖတ်ကြည့်တော့ အလှူရှင်အမည်က " ဂဠုန်မင်း ဦးတင်မောင် + ဒေါ်မြင့်၊ ဦးအုန်းစိန် + ဒေါ်အုန်းမြင့် အမှူးထား၍ ဒေါက်တာ ဦးဝင်းမောင် + ဒေါ်ခင်စန်းဝင်း (သား) မောင်ဇာနည်၊ (သမီး) ခင်ဥမ္မာ၊ ဇင်မာဝင်း မိသားစု " တဲ့၊ "ဒေါ်ညို့ကျောင်း" လို့သာ ပြောနေကြတယ်၊ အလှူရှင်နာမည်ထဲမှာ ဒေါ်ညို့ ဆိုတဲ့ နာမည်လည်း မပါပါလား၊ ဒေါ်ညို့ဆိုတာ ဒေါ်ခင်စန်းဝင်းပဲ ဖြစ်ရတော့မှာပေါ့၊ အလှူရှင်တွေရဲ့ နေရပ်လိပ်စာ ကတော့ အင်္ဂလန်နိုင်ငံ တဲ့။

ဆရာတော် ကြွရောက်ပြီး ဒီအဆောင်လေးမှာ သီတင်းသုံးခိုက် တရားမှတ်တယ်၊ စာဖတ်တယ်၊ အလှူရှင်တွေကိုလည်း မေတ္တာပို့တယ်၊ ကားစီးတဲ့အခါ ကားအလှူရှင်တွေကို ဆရာတော်က မေတ္တာပို့တယ်တဲ့၊ အခြား, အခြားအသုံးအဆောင်တွေကို အသုံးပြုတဲ့အခါမှာလည်း အဲဒီအလှူရှင်တွေကို မေတ္တာပို့မှာပါပဲ၊ ဆရာတော်က ရန်ကုန် ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာလည်း သစ်သားကျောင်းဆောင်ဖြစ်တဲ့ ချမ်းသာမြိုင်ဆောင်မှာ သီတင်းသုံးတယ်၊ ဒီဆယ်မိုင်ကုန်းမှာလည်း ဒီသစ်သားကျောင်းလေးမှာ သီတင်းသုံးတယ်၊ ဆရာတော် မိန့်လေ့ရှိတဲ့ စကားလေးတစ်ခွန်း ရှိတယ်၊ " စိတ်ကြိုက် မလိုက်ရဘူး၊ ရုပ်ကြိုက် လိုက်ရတယ် " တဲ့၊ စိတ်က

http://www.dhammadownload.com

အုဋ္ဌ တိုက် ကြွက်ချင် ကြွက်မယ်၊ ဒါပေမယ့် စိတ်ကြွက် မလိုက်ရဘူးတဲ့၊ ရုပ်က သစ်သားကျောင်းကို ကြွက်တယ်၊ ဒါကြောင့် သစ်သားကျောင်းမှာ နေရမယ်"တဲ့၊ ဆရာတော်ဟာ ကျန်းမာ ရေးသဘောအရ စိတ်ကြွက် မလိုက်ဘဲ ရုပ်ကြွက်လိုက်ပြီး ယခုလို သစ်သားကျောင်း မှာ သီတင်းသုံးတော်မူခြင်း ဖြစ်တယ်။

အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်လည်း သစ်သားကျောင်းမှာ သီတင်းသုံးတယ်၊ အဲဒီသစ်သားကျောင်းလေးပေါ်မှာပဲ ကျမ်းစာအုပ်ပေါင်းများစွာကို ရေးသွားတယ်၊ မဟာဂန္ဓာရုံဆရာတော်လည်း ကျန်းမာရေးသဘောအရ သစ်သားကျောင်းပေါ် သီတင်း သုံးသွာတာ ဖြစ်မှာပါပဲ၊ ဆရာတော် (၂) ပါးလုံးဟာ ကျန်းမာရေးကို သိပ်ဂရုစိုက်ကြတာပဲ၊ အစားအသောက်ကို စားသောက်ရာမှာလည်း အကြွက်မလိုက်ဘဲ အသင့်ကို ပဲ ဘဉ်းပေးကြတယ်။

ဆရာတော်က ပြောလေ့ရှိတယ်၊ " ဆယ်မိုင်ကုန်း တောကျောင်းက တောကျောင်းနဲ့ မတူတော့ဘူး " တဲ့၊ ဆယ်မိုင်ကုန်းမှာ လျှပ်စစ်မီးတွေ ရနေပြီ၊ ရေခဲသေတ္တာတွေ ရှိနေပြီ၊ အဝတ်လျှော်စက်တွေ ရှိနေပြီ၊ အမှုန့်ကြိတ်စက်, ဖျော်ရည်ဖျော်စက်တွေ ရှိနေပြီ၊ မြက်ရိတ်စက် ရှိနေပြီ၊ ဟင်းပေါင်းအိုး, လျှပ်စစ်နဲ့ ချက်တဲ့ မီးဖိုတွေ ရှိနေပြီ၊ ကား ရှိနေပြီ၊ ဆိုင်ကယ် ရှိနေပြီ၊ ဒီလို ခေတ်မီပစ္စည်းတွေ ရှိလာနေပြီဆိုတော့ တောကျောင်းနဲ့ မတူ တော့ဘူးလို့ ပြောမယ်ဆိုလည်း ပြောစရာပဲပေါ့၊ ဒီလို ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာ အဆင်ပြေပြေနဲ့ ဆရာတော်က ရှိစေချင်တယ်၊ ရှိအောင်လည်း ဆရာတော်က ဆောင်ရွက်ပေးနေတာပဲ၊ ရှိတော့ ယောဂီတွေ, သုံးရတဲ့ ပုဂ္ဂိုလ်တွေ အဆင်ပြေချမ်းသာတော့တာပေါ့၊ ရန်ကုန်မှာရော ဆယ်မိုင်ကုန်းမှာပါ နေတဲ့ ရဟန်း, ရှင်, လူ ပြည်တွင်း, ပြည်ပပုဂ္ဂိုလ်အားလုံး ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာ အဆင်ပြေပြေ ရှိစေချင်တဲ့ ဆရာတော်ရဲ့ မွန်မြတ်တဲ့ စေတနာ, မေတ္တာတွေကြောင့်ပဲ ဖြစ်ပါလိမ့်မယ်၊ ဆရာတော် ဖြစ်ချင်တာတွေဟာ များသောအားဖြင့် ဖြစ်ဖြစ်လာနေ ကြတာပါပဲ၊ အဲဒါတွေကို ကြည့်ပြီး စာရေးသူက မှတ်ချက်ချနေမိပါတယ်။

" သြော် . . . သူတစ်ပါး ချမ်းသာစေချင်တဲ့ မေတ္တာ, စေတနာတွေဟာ တယ် အစွမ်းထက်ကြပါလား " လို့။

http://www.dhammadownload.com

မေတ္တာစွမ်းအား

ဆရာတော်ကား သူတစ်ပါး
ချမ်းသာပွားဖို့ မေတ္တာထား၊
မေတ္တာတရားကြောင့် ဖြစ်နိုင်ပေ
ဆရာတော့်မှာ လိုတာတွေ
အလှူရှင်တွေ သိကာသွား၊
စေတနာပွားလို့ လှူဒါန်းသွား
မေတ္တာတရားရဲ့ စွမ်းပကား။



http://www.dhammadownload.com

တံဆိပ်

"ဦးဓမ္မိက . . . ဓမ္မစက္ကဆိုတဲ့ ပုဒ်ရဲ့ အဖွင့်ကို ဘယ်မှာ ဖတ်ဖူးလဲ။"

ဆရာတော်က စာရေးသူကို မေးတယ်၊ မသိလို့ မေးတာတော့ မဟုတ်ပါဘူး၊ စာရေးသူ သိ, မသိ သိချင်လို့ မေးတာ ဖြစ်ပါလိမ့်မယ်၊ မသိရင် ပြောပြချင်လို့နဲ့ တူပါတယ်၊ စာရေးသူက ဖြေလိုက်တယ်။

"အင်္ဂုတ္တရနိကာယ အဋ္ဌကထာမှာ ဖတ်ဖူးပါတယ် ဘုရား၊ ဝိနည်း မဟာဝဂ္ဂ အဋ္ဌကထာမှာလည်း ပါမယ် ထင်ပါတယ်ဘုရား။"

တကယ်တော့ စာရေးသူ ပိဋကစာပေတွေ ဘယ်လောက် ဖတ်ထားသလဲ ဆို တာကို စမ်းသပ်လိုက်ပုံလည်း ပေါ်ပါတယ်၊ ဆရာတော်က ဓမ္မစက္က ဆိုတဲ့ စကားလုံးလေးကို တော်တော် နှစ်ခြိုက်ပုံရပါတယ်၊ ဓမ္မစက္ကရဲ့ အဓိပ္ပါယ်ကို ရှင်းပြပါ တယ်။

"စက္က – ဆိုတာ စက်ဘီးပေါ့၊ သဒ္ဒါ, ဝိရိယ, သတိ, သမာဓိ, ပညာ ဆိုတဲ့ တရားငါးပါးဟာ စက်ဘီးလိုပဲ လည်ပတ်နေတာမို့ စက်ဘီးနဲ့ တူလို့ ဓမ္မစက္က လို့ ခေါ်တယ် တဲ့၊ အဲဒီ တရားငါးပါးကို ကြီးစိုးစွမ်းအင်ငါးပါး လို့ မြန်မာလို ခေါ်ရမယ်၊ ကြီးစိုး ဆိုတာ ပါဠိ လို ဘာလဲ။"

"ဣန္ဒြိယပါ ဘုရား။"

ဆရာတော်က စာရေးသူကို သာထွန်းအောင်တိုက်ကျောင်းရှေ့နားမှာ ရပ်ရင်း မေးတယ်၊ ရပ်ရင်း လက်အုပ်ချီပြီး စာရေးသူက ဖြေတယ်၊ ဆရာတော်က စာရေးသူ ဖြေတာ မှန်တယ် တဲ့။

"စွမ်းအင် ဆိုတာကော။"

"ဗလပါ ဘုရား။"

http://www.dhammadownload.com

" ဟုတ်တယ်၊ အဲဒီတရားငါးပါးကို ကွန်ဇြင်းပါး, ဗိုလ်ငါးပါးလို့ ခေါ်နေကြတယ် မဟုတ်လား။ "

" မှန်ပါဘုရား။ "

" မြန်မာမှုပြုရင် ကြီးစိုးစွမ်းအင်ငါးပါး လို့ပဲ ပြုရမယ် မဟုတ်လား။ "

ဆရာတော်က မြန်မာတွေရဲ့ နားမှာ ရိုးနေပြီ ဖြစ်ပေမယ့် မြန်မာလို အဓိပ္ပါယ် မသိကြတဲ့ ပါဠိတွေကို မြန်မာမှုပြုချင်တဲ့ ဝါသနာ ထက်သန်တယ်၊ မြန်မာလို အဓိပ္ပါယ် ကျကျနန သိစေချင်တာပါပဲ။

" ဒီကြီးစိုးစွမ်းအင်ငါးပါးဟာ မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ လည်ပတ်နေရမှာ၊ အဲဒီ လိုလည်ပတ်နိုင်ဖို့ရာ အခြေခံသီလ ရှိဖို့ လိုတယ်၊ သီလ ဖြူစင်မှ ဒီတရားငါး ဟာ လည်ပတ်နိုင်မယ် မဟုတ်လား။ "

" မှန်ပါဘုရား။ "

ဆရာတော်က " ကြီးစိုး " ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပါယ်, " စွမ်းအင် " ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပါယ်ကို အကျယ်ဖွင့်ပြရင် အလွန်ပင် ကျယ်ဝန်းစွာ ဖွင့်ပြ ဟောပြောလေ့ရှိပါတယ်၊ အဲဒီကြီးစိုးစွမ်းအင်ငါးပါးရဲ့ အဓိပ္ပါယ်, အမျိုးအစားတွေကိုပါ ရှင်းပြရင် တော့ ရက်ပေါင်းများစွာ ကြာအောင် ရှင်းပြဟောပြောလေ့ရှိတယ်၊ အဲဒီ ကြီးစိုးစွမ်း အင်ငါးပါးရဲ့ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်တွေကိုပါ ရှင်းပြဟောပြောလေ့ ရှိတယ်၊ စာတွေ့သာမက လက်တွေ့ပါ ပေါင်းစပ်ပေါင်းစပ် ပြတာဆိုတော့ အသားပါ ပြီး စိတ်ဝင်စားစရာ ကောင်းပါတယ်၊ စာတွေ့ကို ဟောပြတာဟာ စာကို ဖတ်တတ် သူတိုင်း လုပ်နိုင်တဲ့ ကိစ္စပါပဲ၊ လက်တွေ့ပါ ဟောပြဖို့ ဆိုတာကတော့ လက်တွေ့ မလုပ်ဖူးရင် ဘယ်လိုလူ, ဘယ်လိုမှ မလုပ်နိုင်တဲ့ ဟာပဲ၊ လက်တွေ့ပါ ထည့်ထည့်ပြီး ရှင်းပြနိုင်တာ ဟာ ထူးခြားတဲ့ စွမ်းရည်ပဲပေါ့၊ လွယ်တာမှ မဟုတ်ပဲ။

ဆရာတော်က စာရေးသူကို ရှင်းပြပြီးနောက် ရွှေတောင်ကုန်းသာသနာ့ ရိပ်သာရဲ့ အမှတ်တံဆိပ် ပေါ်လာပါတယ်၊ ရှိသမျှ ကား (၆) စီးမှာရော, ထုတ်သမျှ စာအုပ်တွေမှာရော, ရင်ထိုးတံဆိပ်မှာရော, အဝင်မုခ်တွေပေါ်မှာရော, သော့တွဲတွေ မှာရော, ဆိုင်ကယ်မှာပါ အဲဒီအမှတ်တံဆိပ်သင်္ကေတ ပါလာ ပါတော့တယ်၊ အဲဒီ အမှတ်တံဆိပ်စက်ဝိုင်းမှာ အကွက်လေး ငါးကွက် ရှိတယ်၊ အလယ်မှာ တစ်ကွက်ရှိ တယ်၊ ပေါင်းတော့ ခြောက်ကွက်ပေါ့၊ အလယ်အကွက်မှာရေးထားတဲ့ စကားလုံး လေက " သီလ " တဲ့၊ အကွက်က အဖြူရောင်အကွက်ပဲ၊ သီလဖြူစင်ရမယ် ဆိုတဲ့ အဓိပ္ပါယ်ပေါ့၊ သီလဖြူစင်မှ ကြီးစိုးစွမ်းအင်ငါးပါး လည်ပတ်နိုင်မယ်လို့ ဆိုလိုတယ်။

ကျန်တဲ့ အကွက် (၅) ကွက်ထဲက ထိပ်ဆုံးအကွက်မှာ ပညာ ဆိုတဲ့ စကား

http://www.dhammadownload.com

လုံးလေး ရေးထားတယ်၊ အကွက်က အဝါရောင်အကွက်ပဲ၊ အဝါရင့်ရောင်ပဲ၊ အဝါရောင်ဆိုတော့ တောက်ပတယ်ပေါ့၊ ပညာရောင် တောက်ပရမယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ့၊ ဟုတ်တယ်၊ ပညာသမာ အာဘာ နတ္ထိ – ပညာနဲ့ တူတဲ့ အလင်းရောင် မရှိလို့ ဆိုကြတယ် မဟုတ်လား၊ ပညာအကွက်ရဲ့ လက်ယာဘက်မှာ (၂) ကွက် ရှိတယ်၊ လက်ဝဲဘက်မှာလည်း (၂) ကွက် ရှိတယ်၊ လက်ယာဘက် (၂) ကွက်ထဲက အပေါ် အကွက်မှာ " သဒ္ဓါ " ဆိုတဲ့ စကားလုံးလေး ရေးထားတယ်၊ အကွက်က အပြာနုရောင် အကွက်ပဲ၊ အပြာနုရောင်က ကြည်လင်တယ်လေ၊ စိတ်ဟာ သဒ္ဓါနဲ့ ကြည်လင်နေရမယ် တဲ့၊ လက်ယာဘက် (၂) ကွက်ထဲက အောက်အကွက်မှာ " ဝီရိယ " ဆိုတဲ့ စကားလုံး လေးရေးထားတယ်၊ အကွက်က အနီရောင်အကွက်ပဲ၊ အနီရောင်ဆိုတော့ ရဲရင့်တယ်ပေါ့၊ ဝီရိယ ဟာ ဘယ်အခက်အခဲကိုမဆို ရင်ဆိုင်ကျော်လွှားရဲတဲ့ သတ္တိပဲ၊ စိတ်ဟာ ဝီရိယနဲ့ ရဲရင့်နေရမယ်ပေါ့။

လက်ဝဲဘက် (၂) ကွက်ထဲက အောက်က အကွက်မှာ " သတိ " ဆိုတဲ့စကား လုံးလေး ရေးထားတယ်၊ အကွက်က ယောဂီရောင် (အညိုရောင်) အကွက်ပဲ၊ ယောဂီတွေ ဝတ်လေ့ရှိတဲ့ အညိုရောင်ရဲ့ အဓိပ္ပါယ်က ယောဂီဟာ သတိ အမြဲ ရှိရသလို စိတ်ဟာ သတိနဲ့ ယှဉ်ပြီး ကိလေသာတွေကို ပယ်လှန်နေရမယ်ပေါ့၊ အောက် (၂) ကွက်ထဲက အပေါ်အကွက်မှာ " သမာဓိ " ဆိုတဲ့ စကားလုံးလေး ရေးထားတယ်၊ အကွက်က အပြာရင့်ရောင်အကွက်ပဲ၊ အပြာရင့်ရောင်က တည်ငြိမ်ရမယ်ဆိုတဲ့ အဓိပ္ပါယ်ကို ရည်ညွှန်းတယ်၊ စိတ်ဟာ သမာဓိနဲ့ တည်ငြိမ်နေရမယ်ပေါ့။

မိမိရဲ့ စိတ်အစဉ်မှာ ပညာအရောင် တောက်ပချင်ရင် သီလ ဖြူစင်အောင် ကြိုးစားပါ တဲ့။ အဲဒီနောက်မှ စိတ်ဟာ သဒ္ဓါနဲ့ ကြည်လင်နေပါစေ တဲ့၊ အဲဒီကနောက် စိတ်ဟာ ဝီရိယနဲ့ ရဲရင့်ပါစေ တဲ့၊ အဲဒီကနောက် စိတ်ဟာ သတိနဲ့ စွဲတည်နေပါစေ တဲ့၊ အဲဒီကနောက် စိတ်ဟာ သမာဓိနဲ့ တည်ငြိမ်နေပါစေ တဲ့၊ ဒါမှ ပညာရောင် တောက်ပမယ် – တဲ့၊ ပညာရောင် တောက်ပရင်လည်း တောက်ပသလောက် သဒ္ဓါဟာ ခိုင်မာလာတာပဲ၊ ပညာရောင် တောက်ရင် တောက်သလောက် စိတ်ဟာ ကြည်လင်လာတာပဲ၊ သဒ္ဓါ တိုးတက်လာရင် ဝီရိယ တိုးတက်လာတယ်၊ ဝီရိယ တိုးတက်လာရင် သတိ တိုးတက်လာတယ်၊ သတိ တိုးတက်လာရင်လည်း သမာဓိ တိုးတက်လာတာပဲ၊ သမာဓိ တိုးတက်လာရင်လည်း ပညာ တိုးတက်လာတာပဲ၊ သဒ္ဓါစသည် တိုးတက်လာပြန်တာပဲ၊ စက်ဘီးလိုပဲ လည် ပတ်နေတယ်၊ အဲဒါကို " ဓမ္မစက္က – ဓမ္မစက္ကာ " လို့ ခေါ်တယ် တဲ့။

ဘုရားသားတော်, သမီးတော်တွေဟာ အဲဒီကြိုးစိုးစွမ်းအင်ငါးပါး မိမိတို့

http://www.dhammadownload.com

သန္ဓာန်မှာ လည်ပတ်နေအောင် ကြိုးစားကြရမယ်၊ ကြိုးစားနိုင်ကြပါစေ လို့ သတိပေး, နှိုးဆော်တဲ့ အနေနဲ့ ဆရာတော်က အဲဒီ အမှတ်တံဆိပ်လေးကို ပဏ္ဏိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာရဲ့ အမှတ်တံဆိပ်အနေနဲ့ အသုံးပြုစေပါတယ်၊ အမှတ်တံဆိပ်ကို ကိုယ်ကြိုက်နှစ်သက်တဲ့ ပုံစံနဲ့ အမျိုးမျိုးပဲ လုပ်တတ်ကြပါတယ်၊ ဆရာတော်ကတော့် " ဓမ္မစက္က = ဓမ္မစကြာ " ဆိုတဲ့ စကားလုံးလေးရဲ့ အဓိပ္ပါယ်ကို ဖော်ညွှန်းတဲ့ အဲဒီတံဆိပ်လေးကို ထွင်လိုက်တာပါပဲ။

ဆရာတော်က အဲဒီတံဆိပ်လေးနဲ့ တိုက်တွန်းလိုတာက –

၁။ သီလဖြူစင်အောင် ကြိုးစားပါ။

၂။ စိတ်ကို သဒ္ဓါ နဲ့ ကြည်လင်အောင် ကြိုးစားပါ။

၃။ စိတ်ကို ဝီရိယနဲ့ ရဲရင့်အောင် ကြိုးစားပါ။

၄။ စိတ်ကို သတိနဲ့ ကိလေသာ လက်မခံအောင် ကြိုးစားပါ။

၅။ စိတ်ကို သမာဓိနဲ့ တည်ငြိမ်အောင် ကြိုးစားပါ။

၆။ စိတ်ကို ပညာနဲ့ အရောင်တောက်အောင် ကြိုးစားပါ တဲ့။

တံဆိပ်

ဓမ္မစကြာ အဓိပ္ပါယ်
ဆရာတော် ဖော်လိုတယ်၊
တံဆိပ်လေးကိုကွယ် သူထွင်ထား၊
ကားစသည်မှာ တွေ့နိုင်သား၊
သီလဖြူကာ ကြိုးစိုးအား
ကိုယ်စီကိုယ်စီ ပိုင်စေသား။

http://www.dhammadownload.com

တလွင့်လွင့်

" ပဏ္ဍိတ ဆိုတာကတော့ ဟုတ်ပါပြီ၊ ရာမ ဆိုတာက ဘာလဲ " တဲ့။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာကို စာရေးသူတို့ စတင်ရောက်ချိန်က အလုပ်သမားလေး (၂) ယောက် ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ ရှိတယ်၊ အဲဒီ (၂) ယောက်ထဲက တစ်ယောက်က အဲဒီလို မေးလိုက်တယ်၊ " ရာမ " ကို " ယာမ" လို့ သူက အသံထွက်တယ်၊ ရကောက်ကို မြန်မာတွေက ယပက်လက်သံ ထွက်နေကြတယ်၊ ပါဠိမှာက ရကောက်ကို ရကောက်သံ ထွက်ရတယ်၊ အင်္ဂလိပ်မှာလည်း ရကောက်ကို " R " အက္ခရာနဲ့ ရေးရတာပဲ၊ ယပက်လက်ကို " Y " နဲ့ ရေးရတယ်၊ " ပဏ္ဍိတာရာမ " ဆိုတဲ့ စကားလုံးကို အင်္ဂလိပ်လို PANDITARAMA လို့ မှခ်ပေါက်က ဆိုင်းဘုတ်မှာရော, လမ်းညွှန်း ဆိုင်းဘုတ်တွေမှာရော ကားတွေမှာရော ရေးထားတာ တွေ့ကြမှာ ပေါ့၊ " R " အက္ခရာနဲ့ ရေးထားတယ်လေ။

" ပဏ္ဍိတာရာမ " ဆိုတဲ့ စကားလုံးမှာ ပဏ္ဍိတနဲ့ အာရာမ ဆိုတဲ့ စကားလုံး နှစ်လုံး ကို ပေါင်းထားတယ်၊ " ပဏ္ဍိတ " ဆိုတာ ဆရာတော်ဥုးပဏ္ဍိတကို ရည်ညွှန်းတယ်၊ " အာရာမ " ဆိုတာက ကျောင်းတိုက်ပေါ့၊ အများက ဒီလို ယူဆကြလိမ့်မယ်၊ ဒီလို အဓိပ္ပါယ် ဖွင့် ကြလိမ့်မယ်၊ ရှေးက ဒီလိုနာမည်တွေ ရှိခဲ့ကြတာကိုး၊ ဝိသုဒ္ဓါရာမ (ဝိသုဒ္ဓ + အာရာမ) = ဆရာတော်ဥုးဝိသုဒ္ဓရဲ့ ကျောင်းတိုက်၊ ဓမ္မိကာရာမ = ဆရာတော်ဥုးဓမ္မိကရဲ့ ကျောင်း တိုက်၊ ဇနိတာရာမ – ဆရာတော် ဥုးဇနိတရဲ့ ကျောင်းတိုက် စတဲ့နာမည်တွေ ကြားဖူး ကြမှာပေါ့၊ အဲဒီ နာမည်တွေလို " ပဏ္ဍိတာရာ့မ " ကို " ဆရာတော် ဥုးပဏ္ဍိတရဲ့ ကျောင်းတိုက် " လို့ အဓိပ္ပါယ် ဖွင့်ကြမယ်။

ပဏ္ဍိတာရာမဆရာတော်က အဲဒီလို အဓိပ္ပါယ် မဖွင့်ဘူး၊ ဆရာတော်က " ပဏ္ဍိတာရာမ " ကို ဒီလို အဓိပ္ပါယ် ဖွင့်ဆိုတယ်။

http://www.dhammadownload.com

"အကျိုးရှိ, မရှိ၊ သင့်, မသင့်ကို ချင့်ချိန်နိုင်တဲ့ ပညာရှိပုဂ္ဂိုလ်ကို "ပဏ္ဍိတ" လို့ ခေါ်တယ်၊ အကျိုး ရှိ, မရှိ၊ သင့်, မသင့်ကို ချင့်ချိန်နိုင်တဲ့ပညာ ရှိရင် လူငယ်လည်း ပဏ္ဍိတပဲ၊ လူလတ်လည်း ပဏ္ဍိတပဲ၊ လူကြီးလည်း ပဏ္ဍိတပဲ၊ အမျိုးသားလည်း ပဏ္ဍိတပဲ၊ အမျိုးသမီးလည်း ပဏ္ဍိတပဲ၊ သိက္ခာရှင်လည်း ပဏ္ဍိတပဲ၊ ကိုရင်လည်း ပဏ္ဍိတပဲ၊ ဥူးဇင်းလည်း ပဏ္ဍိတပဲ၊ ဆရာတော်လည်း ပဏ္ဍိတပဲ၊ ပြည်တွင်းကပဲ ဖြစ်ဖြစ်, ပြည်ပကပဲ ဖြစ်ဖြစ် အကျိုးရှိ, မရှိ၊ သင့်, မသင့်ကို ချင့်ချိန်နိုင်တဲ့ ပညာရှိသူ မှန်သမျှဟာ ပဏ္ဍိတပဲ " တဲ့။

ဒီလို ဆိုတော့ "ပဏ္ဍိတ" ဆိုတဲ့ စကားလုံးဟာ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော် အရှင်ပဏ္ဍိတာဘိဝံသ တစ်ပါးတည်းကိုပဲ ရည်ညွှန်းတာ မဟုတ်တော့ဘူးပေါ့၊ နယ်ကျယ်သွားတော့တာပေါ့၊ ဆရာတော်ရဲ့ အဓိပ္ပါယ်ဖွင့်ဆိုပုံက သူတစ်ပါးဖွင့်ဆိုတာတွေနဲ့ မတူဘဲ ထူးနေတော့တာပေါ့၊ " အာရာမ " ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပါယ်ကိုတော့ ဆရာတော်က ဒီလို ဖွင့်ဆိုတယ်။

" အာရာမ – ဆိုတာက ပျော်မွေ့ရာဌာန " တဲ့။

လောကမှာ ပျော်တာ အမျိုးမျိုးရှိတယ်၊ သားနဲ့ ပျော်တာ, သမီးနဲ့ ပျော်တာ, ဇနီးနဲ့ ပျော်တာ, ခင်ပွန်းနဲ့ ပျော်တာ, ပစ္စည်းနဲ့ ပျော်တာ စတာတွေပေါ့၊ " အာရာမ" ဆိုငဲ့ စကားမှာ ပါတဲ့ ပျော်မွေ့တာကတော့ အဲဒီလို အပျော်မျိုးဇတွေ မဟုတ်ဘူး တဲ့၊ တရားနဲ့ ပျော်မွေ့တာ တဲ့၊ သားနဲ့ ပျော်တာစတဲ့ အပျော်တွေက ဘေးမကင်းတဲ့ အပျော်တွေပဲ – တဲ့၊ တရားနဲ့ ပျော်တာက ဘေးကင်းတဲ့ အပျော် တဲ့။

ဒီတော့ " ပဏ္ဍိတာရာမ " ဆိုတာ " အကျိုးရှိ, မရှိ၊ သင့်, မသင့်ကို ချင့်ချိန်နိုင်တဲ့ ပညာရှိတွေရဲ့ တရားနဲ့ ပျော်မွေ့ရာဌာန " လို့ ဆိုလိုတာပေါ့၊ " သာသနာ့ရိပ်သာ" ဆိုတဲ့ နာမည်နဲ့ အင်မတန် ဆီလျော်တဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက် ဖြစ်သွားတော့တာပေါ့။

" ပဏ္ဍိတာရာမ " ဆိုတဲ့ စကားလုံးအပြင် "ရွှေတောင်ကုန်းသာသနာ့ရိပ်သာ" ဆိုတဲ့ စကားလုံးကိုလည်း သုံးပြီး နာမည်ပေးထားတယ်၊ အဲဒီမှာ သာသနာ့ရိပ်သာတည်နေရာ ရပ်ကွက် နာမည်က " ရွှေတောင်ကုန်း " တဲ့၊ " သာသနာ့ရိပ်သာ " ကတော့ " မဟာစည်သာသနာ့ရိပ်သာ " ဆိုတဲ့ အနန္တကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ကြီးရဲ့ ဌာနနာမည်ထဲက ယူထားတဲ့ စကားလုံးပါပဲ၊ ဆရာတော်က သူ့ဆရာ မဟာစည်ဆရာတော်ကြီးကို မြတ်နိုးတန်ဖိုးထားသလို မဟာစည်ဆရာတော်ကြီး သုံးခဲ့တဲ့ အဲဒီစကားလုံးလေးကိုလည်း မြတ်နိုးတန်ဖိုးထားတဲ့ အမှတ်အသားပါပဲ၊ ရပ်ကွက် နာမည်လည်း ပါအောင်၊ ဆရာသုံးခဲ့တဲ့ စကားလုံးလည်း ပါအောင် " ရွှေတောင်ကုန်း သာသနာ့ ရိပ်သာ " လို့ နာမည်ပေးလိုက်တယ်၊ နာမည်လေးက

http://www.dhammadownload.com

လည်း လှတယ်၊အဓိပ္ပါယ်ကလည်း ကောင်းတယ်၊ ဒါကြောင့် ထင်ပါရဲ့ လူအများ နှုတ်တက်လွယ်ကြတယ်၊ ရေပန်းစားနေတယ်ပေါ့လေ။

ဆရာတော်က "သာသနာ့ရိပ်သာ" ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပါယ်ကိုလည်း ဖွင့်ဆိုထားသေးတယ်။

"အဿမ – ဆိုတဲ့ ပါဠိစကားလုံးကို မြန်မာလို သခ်ၤန်းကျောင်း လို့ ပြန်ကြတယ်၊ အဲဒီအဿမစကားလုံးမှာ ငုတ်နေတဲ့ အဓိပ္ပါယ်က ကိလေသာတွေကို အပြင်းအထန် ငြိုးသတ်ရာဌာန တဲ့၊ ရိပ်သာတဲ့၊ ကိလေသာက (၃) မျိုး ရှိတယ်၊ အကြမ်းစား, အလတ်စား, အနုစားအားဖြင့် (၃) မျိုးပဲ၊ အကြမ်းစား ကိလေသာကို ပါဠိလို ဝီတိက္ကမကိလေသာ လို့ ခေါ်တယ်၊ ကာယကံမြောက်, ဝစီကံမြောက် လွန်ကျူးတဲ့ ကိလေသာ ပေါ့၊ အဲဒီအကြမ်းစား ကိလေသာကို ဘာနဲ့ ငြိမ်းသတ်ရမလဲ၊ သီလ သာသနာနဲ့ ငြိမ်းသတ်ရမယ်၊ ငြိမ်းသတ်လိုက်ရင် ကိုယ်မှု, နှုတ်မှုတွေ မရိုင်းစိုင်းတော့ဘဲ ယဉ်ကျေးသွားတယ်။"

"အလတ်စား ကိလေသာကို ပါဠိလို ပရိယုဋ္ဌာနကိလေသာ လို့ ခေါ်တယ်၊ စိတ်ထဲမှာပဲ ထကြွသောင်းကြမ်းတဲ့ ကိလေသာပေါ့၊အဲဒီအလတ်စားကိလေသာကိုဘာနဲ့ ငြိမ်းသတ်ရမလဲ၊ သမာဓိသာသနာနဲ့ ငြိမ်းသတ်ရမယ်၊ ငြိမ်းသတ်လိုက်ရင် စိတ်ဟာ မရိုင်းတော့ဘဲ ယဉ်ကျေးသွားတယ်၊ အနုစားကိလေသာကို ပါဠိလို အနုသယကိလေသာ လို့ ခေါ်တယ်၊ မျိုးကိလေသာပေါ့၊ မျိုးစေ့သဖွယ် ဖြစ်တဲ့ ကိလေသာ၊ ကိလေသာ ဖြစ်ဖို့ အကြောင်းပေါ်လာရင် ဖြစ်ခွင့်ရှိတဲ့, ဖြစ်လာနိုင်တဲ့ ကိလေသာပေါ့၊ အဲဒီအနုစား ကိလေသာကို ဘာနဲ့ ငြိမ်းသတ်ရမလဲ၊ ပညာသာသနာနဲ့ ငြိမ်းသတ်ရမယ်၊ ပညာကလည်း (၂) မျိုး ရှိတယ်၊ ဝိပဿနာပညာနဲ့မဂ်ပညာ၊ ဝိပဿနာပညာသာသနာနဲ့ အနုစားကိလေသာတွေကို အချိန်ပိုင်း ငြိမ်းသတ်ရမယ်၊ မဂ်ပညာသာသနာနဲ့ကတော့ အနုစားကိလေသာတွေကို အချိန်ပြည့် ငြိမ်းသတ်တယ်" တဲ့။

ဆရာတော်ရဲ့ ဒီရှင်းလင်းချက်အရ အကျဉ်းချုပ်ပြီး "သာသနာ့ရိပ်သာ" ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပါယ်ကို ဒီလို မှတ်နိုင်ပါတယ်။

"သာသနာ့ရိပ်သာ" ဆိုတာ

– သီလသာသနာနဲ့ အကြမ်းစားကိလေသာတွေကို အပြင်းအထန် ငြိမ်းသတ်ရာဌာန၊

– သမာဓိသာသနာနဲ့ အလတ်စားကိလေသာတွေကို အပြင်းအထန် ငြိမ်းသတ်ရာဌာန၊

– ပညာသာသနာနဲ့ အနုစားကိလေသာတွေကို အပြင်းအထန် ငြိမ်းသတ်ရာဌာန ပေါ့၊

ဆရာတော်ရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်အတိုင်းပဲ ယခုအခါ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ လူငယ်ပဏ္ဍိတတွေ, လူလတ်ပဏ္ဍိတတွေ, လူကြီး

http://www.dhammadownload.com

ပဏ္ဍိတတွေ, အမျိုးသားပဏ္ဍိတတွေ, အမျိုးသမီးပဏ္ဍိတတွေ, သိက္ခာရှင် ပဏ္ဍိတတွေ, ကိုရင်ပဏ္ဍိတတွေ, ဥုးဇင်းပဏ္ဍိတတွေ, ဆရာတော်ပဏ္ဍိတတွေ များစွာပဲလာကာ တရားနဲ့ ပျော်မွေ့နေကြလေပြီ။

သီလသာသနာ့နဲ့ အကြမ်းစားကိလေသာတွေကို အပြင်းအထန် ငြိမ်းသတ်နေကြလေပြီ။ သမာဓိသာသနာနဲ့ အလတ်စားကိလေသာတွေကို အပြင်းအထန် ငြိမ်းသတ်နေကြလေပြီ၊ ပညာသာသနာနဲ့ အနုစားကိလေသာတွေကို အပြင်းအထန် ငြိမ်းသတ်နေကြလေပြီ။

တလွင့်လွင့်

ပဏ္ဍိတာရာမရဲ့ အဓိပ္ပါယ်
ရှင်းပြပုံက ဆန်းကြယ်တယ်၊
ရွှေတောင်ကုန်းဝယ် သာသနာ့ရိပ်သာဆင့်
နာမည်လေးက ယဉ်၍ တင့်၊
လူများနှုတ်မှာ တလွင့်လွင့်။

http://www.dhammadownload.com

ဘုန်းကြီး

" ရွှေညွှန်ဆရာတော်ကိုယ်တိုင် လာအပ်တာကို လက်မခံလိုက်တာ အားနာစရာ ဖြစ်တယ်၊ နောင် ရွှေညွှန်ဆရာတော် လာအပ်ရင် လက်ခံကြပါ " တဲ့။

ဆရာတော်က ပြည်ပ ဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတခရီး ကြွခိုက် ဖြစ်ပါတယ်၊ ရွှေညွှန်ဆရာတော်က ရွှေတောင်ကုန်းသာသနာ့ရိပ်သာကို ကိုယ်တော်တိုင် ကြွရောက်လာပြီး ဆရာလေးတစ်ပါး လာအပ်ပါတယ်၊ နာယကဆရာတော်တစ်ပါးက ငြင်းပယ်လိုက်လို့ နေခွင့် ရမသွားရှာပါဘူး၊ ရွှေညွှန်ဆရာတော်ကလည်း သာမန်ဆရာလေးဆိုရင်တော့ လာပြီး အပ်မပေးတန်ရာ၊ ဆရာလေးက ပထမကျော် ရထားတဲ့ ဆရာလေးဖြစ်နေတယ်၊ စာချုတန်းအတွက် ရွှေတောင်ကုန်းသာသနာ့ ရိပ်သာမှာ သင်ယူလိုလို့ပေါ့၊ သူမရဲ့ ဘွဲ့က မဂ္ဂပသန္တာတဲ့၊ စာချုတန်းမှာလည်း အဂ္ဂမဟာအကျော် ရသွားလေရဲ့။

ရွှေညွှန်ဆရာတော်အပေါ် ဆရာတော်က ဘယ်လောက် လေးစားတယ်ဆိုတာ ကို အထက်ပါစကားလေးအရ သိနိုင်ပါတယ်၊ ရွှေညွှန်ဆရာတော်ရဲ့ ဘွဲ့က ဥူးကောသလ္လတဲ့၊ မြောက်ဥက္ကလာပမှာ ရှိတယ်၊ ဆရာတော်က လူဖွယ်တွေနဲ့ ရွှေညွှန်ဆရာတော်ကို သွား, သွားပြီး ကန်တော့လေ့ရှိတယ်၊ အထူးသဖြင့် ဆေးပစ္စည်းကို လှူဒါန်းလေ့ရှိတယ်၊ ရန်ကုန်မြို့ပေါ်မှာ ဆရာတော် သွား, သွားပြီး လှူဒါန်းပူဇော်ကန်တော့လေ့ရှိတဲ့ ဆရာတော် (၂) ပါး ရှိတယ်၊ သပြေကန်ဆရာတော် ဥူးဝါသေဋ္ဌာဘိဝံသ နဲ့ ရွှေညွှန်ဆရာတော် ဥူးကောသလ္လတို့ပါပဲ၊ (၂) ပါး လုံးဟာ ရဟန်း, ရှင်, လူအများရဲ့ ကြည်ညိုလေးစားခြင်းကို ခံကြရပါတယ်၊ ကြည်ညိုလေးစားလောက်အောင်လည်း ကြည်ညိုလေးစားဖွယ် ဂုဏ်တွေနဲ့ ပြည့်စုံကြပါပေတယ်၊ ဆရာတော် သွား, သွားပြီး ကန်တော့လေ့ရှိတဲ့ ဆရာတော်တစ်ပါးရှိသေးတယ်၊ ဘွဲ့က ဥူးပညာသိရီတဲ့၊ ဆရာတော်ရဲ့ ပရိယတ် ဆရာပဲ၊ ငယ်ဆရာပဲ၊ သူက သာကေတ,

http://www.dhammadownload.com

ပညာလက်ံာရကျောင်းမှာ နေတယ်၊ အခုတော့ ဥူးပညာသီရီရော ဥူးဝါသေဋ္ဌာ ဘိဝံသရော ပျံလွန်တော်မူကုန်ကြပြီ၊ ရွှေဥမင်ဆရာတော်ပဲ ကျန်တော့တယ်၊ ရွှေဥမင်ဆရာတော်က အခု သက်တော်(၈၄) ရှိပြီဆိုတော့ ဆရာတော့်ထက် (၉) နှစ်လောက် ကြီးတယ်။

ဆရာတော်နဲ့ ရွှေဥမင်ဆရာတော်တို့ဟာ မဟာစည်သာသနာ့ရိပ်သာထဲမှာ အတူတူ နေခဲ့ကြတယ်၊ ဆရာတော်က ကျိုက္ကစံကျောင်းကနေ မဟာစည်သာသနာ့ ရိပ်သာကို အသက် (၃၄) နှစ်မှာ ဒုတိယအကြိမ် တရားအားထုတ်ဖို့ ရောက်လာပြန် တယ်၊ ဒုတိယအကြိမ်မှာ ရက် (၂၀) တရားအားထုတ်သွားပါဦးမယ်လို့ ကျိုက္ကစံ ဆရာတော် ဥူးသုစိန္တာကို လျှောက်ပြီး မဟာစည်သာသနာ့ရိပ်သာကို လာခဲ့ရာ ရက် (၂၀)မကဘဲ နှစ် (၂၀) ကျော် ကြာလာတဲ့အခါ ဆရာတော်ဥူးသုစိန္တာက " ဥူးပဏ္ဍိတ ပြောတုန်းက ရက် (၂၀) ဆိုပြီး သွားလိုက်တာ နှစ် (၂၀) တောင် ကျော်သွားပြီ ပြန်မလာသေးဘူး "လို့ ပြောသတဲ့၊ သူ့တပည့်ကို မျှော်နေရှာတုန်းနဲ့ တူပါရဲ့၊ ဆရာတော် က ဒုတိယအကြိမ် တရားပြန်အားထုတ်ချိန်မှာ ရွှေဥမင်ဆရာတော်က မဟာစည် သာသနာ့ရိပ်သာထဲမှာ နာယကအဖြစ်နဲ့ တာဝန်ထမ်းဆောင်နေတယ်၊ ဆရာတော်ကို နာယကအဖြစ် တင်မြှောက်ဖို့ ရွှေဥမင်ဆရာတော်က မဟာစည် ဆရာတော်ကြီးကို လျှောက်တယ်တဲ့၊ မဟာစည်ဆရာတော်ကြီးက ရွှေဥမင်ဆရာတော် အကြံပေးလျှောက် ထားတာကို လက်ခံပြီး နာယက တင်မြှောက်လိုက် တယ် တဲ့၊ ရွှေဥမင်ဆရာတော်ဟာ ဆရာတော်နဲ့အတူ မဟာစည်သာသနာ့ရိပ်သာမှာ နေကြတဲ့ အခါ ဆရာတော့်ကို ညီငယ်လေးသဖွယ် စောင့်ရှောက်အားကိုးပုံ ပေါ်ပါတယ်၊ အဲဒီအချိန်က ရွှေဥမင်ဆရာ တော်လည်း အသက် (၄၃) နှစ်လောက်ပဲ ရှိမယ်၊ ဆရာတော်က ယခုအခါ သူနေတဲ့ ချမ်းသာမြိုင်ကျောင်းဆောင်ထဲမှာ ရွှေဥမင်ဆရာတော်နဲ့အတူ ရိုက်ထားတဲ့ ဓာတ်ပုံကို ပုံကြီးချဲ့ပြီး ကူးကာချိတ်ထား တယ်၊ ဓာတ်ပုံက ကြည်ပြီး တောက်ပနေတယ်၊ အဲဒီ ဓာတ်ပုံထဲမှာ (၂) ပါးလုံး ပိန်ပိန်တွေပါပဲ၊ အခုတော့ ဆရာတော်က မျှားစွာ ဝလာပြီး ရွှေဥမင်ဆရာတော် ကတော့ ပိန်ပိန်ပါပဲ၊ ဆရာတော် (၂) ပါး မဟာစည်သာသနာ့ ရိပ်သာထဲမှာနာယက အဖြစ် ဆောင်ရွက်စဉ်က ရိုက်ထားတဲ့ ဓာတ်ပုံ ဖြစ်ပုံရပါတယ်၊ (၂) ပါးလုံးက ငယ်ကြသေးတယ်။

ဆရာတော်က နာယကတွေထဲမှာအငယ်ဆုံးပေါ့၊ အသက် (၃၄) နှစ်ဆိုတော့ အတော်ငယ်သေးတာပဲ၊ အငယ်ဆုံးနာယက ဖြစ်ပေမယ့် လုပ်စရာ တာဝန်တွေကိုတော့ ထက်ထက်မြက်မြက် ဆောင်ရွက်ခဲ့တယ်၊ နောင်တော်များ သဖွယ်ဖြစ်တဲ့ နာယက

http://www.dhammadownload.com

အကြီးတွေကရော ဖခင်သဖွယ်ဖြစ်တဲ့ မဟာစည်ဆရာတော် ကြီးကပါ ဆရာတော်ကို လွန်စွာပဲ အားကိုးခဲ့ကြတယ်၊ အားကိုးရလောက် အောင်လည်း ထက်ထက်မြက်မြက် ဆောင်ရွက်နိုင်တာကိုး၊ အားကိုးကြပေမပေါ့၊ ဆရာတော်က ငယ်ငယ်ရွယ်ရွယ်နဲ့ ထက်ထက်မြက်မြက် ဆောင်ရွက်ခဲ့တာမို့ သူအသက်ထက် ကြီးနေကြတဲ့ သူတပည့်တွေကို အားမလိုအားမရစကားတွေ ပြောကြားတတ်ပါတယ်၊ သူ့လို ထက်ထက်မြက်မြက် ဆောင်ရွက်စေချင်တယ်၊ ဆရာတော်ဟာ ရိပ်သာပြင်ဘက်မှာ ဝိနည်းလေးစားသူ, စည်းကမ်းတင်းကျပ်သူ အနေနဲ့ နာမည်ကြီးတယ်၊ စည်းကမ်းတင်းကျပ်တဲ့သား ကြောင်းကို လူတွေရော သံဃာတွေကပါ အပြောများကြတယ်၊ စည်းကမ်းတင်းတင်းကျပ်ကျပ်နဲ့, သူ့ထံ တရားအားထုတ်ဖူးသူတွေက သူတို့ အဲဒီလို အားထုတ်ကြတာကို ကျေနပ်ကာ ဂုဏ်ယူစွာ ပြောဆိုကြတာကိုလည်း များစွာ ကြားဖူးတယ်။

တစ်ခါက ရွှေဥမင်ဆရာတော် ပုံလွန်တော်မူခါနီးလောက်အောင် ကျန်းမာရေး အခြေအနေ ဆိုးနေကြောင်း ဆရာတော် ကြားသိလို့ တပည့်တွေနဲ့အတူ သွားကန်တော့တယ်၊ ရွှေဥမင်ဆရာတော်ထံ ရောက်သွားတော့ ကြားထားတဲ့ အခြေအနေနဲ့ တခြားစီ ဖြစ်နေတယ်၊ ကြားထားတဲ့အတိုင်း မဟုတ်ဘဲ ကျန်းမာနေတာကို တွေ့ရလို့ ဆရာတော်မှာ အလွန်ပဲ အားရဝမ်းသာနေခဲ့တယ်၊ ရွှေဥမင်ဆရာတော်ကိုလည်း အားပေးစကားတွေ လျှောက်ထားခဲ့တယ်၊ ရွှေဥမင်ဆရာတော်က ရွှေတောင်ကုန်းသာသနာ့ရိပ်သာကို ကြွ, ကြွလာလေ့ရှိတယ်၊ အားပေးတဲ့သဘောပါပဲ၊ ရွှေဥမင်ဆရာတော် ကြွလာရင် ဆရာတော်ကလည်း အလွန်ဝမ်းသာရွှင်ပျပြီး ခရီးဦးကြိုကာ ကန်တော့တယ်၊ ကျောင်းအဆောက်အဦတွေကို ကိုယ်တိုင် လိုက်ပြပေးတယ်။

၁၉၉၀ – ခုနှစ် ဆရာတော် မဟာစည်သာသနာ့ရိပ်သာကနေ ကျောက်တန်းရွာ မဟာဗောဓိတောရကျောင်းမှာ သွားပြီး (၂) လ (၃) လလောက် တရားမှတ်ခဲ့တယ်၊ ရွှေဥမင် ဆရာတော်က ဆရာတော့်ကို အများအကျိုးဆောင်ရွက်တဲ့ လုပ်ငန်းတွေနဲ့သာ အချိန်ကုန်များနေတာကို အားရပုံမပေါ်ပါဘူး၊ ကိုယ့်ကျိုးအတွက်လည်း အချိန် များများ ယူပြီး ကြိုးစားစေလိုပုံရတယ်၊ ရွှေဥမင်ဆရာတော် ကိုယ်တိုင်ကလည်း နှစ်စဉ် နှစ်စဉ် (၂) လ, (၃) လ အချိန်ယူပြီး တရားမှတ်လေ့ရှိတယ်၊ ဆရာတော်ကိုလည်း သူလိုပဲ ကြိုးစားနိုင်ခွင့် ရစေလိုတယ်၊ ဒါကြောင့် ကိုယ့်အတွက်လည်း အချိန်များများ ယူဖို့ အခါတော်တော်များများ တိုက်တွန်း ဖူးပုံပေါ်ပါတတ်၊ သူဖြစ်စေချင်တဲ့အတိုင်း ယခုလို အချိန်များများ တရားရှုမှတ်ခွင့် ရလာလို့ သူဟာ သိပ်ဝမ်းသာပြီး သိပ်ကျေနပ်နေတယ်၊ "ကိုယ့်အတွက် တရားအလုပ် များများ လုပ်ခွင့်ရတယ်" ဆိုပြီး ဝမ်းသာရမယ် တဲ့၊ ရွှေဥမင်ဆရာတော်က ဆရာတော့်ကို ပြောတယ်၊ ရွှေဥမင်ဆရာ

http://www.dhammadownload.com

တော့်စကားအတိုင်းပဲ ဆရာတော်လည်း ဝမ်းသာနေပါလိမ့်မယ်၊ အဲဒီတုန်းက ဆရာတော့်မျက်နှာကို ဖူးရတဲ့သူတွေက ပြောကြတယ်၊ " တရားမှတ်နေလို့နဲ့ တူပါရဲ့၊ မျက်နှာဟာ ထူးထူးခြားခြား ကြည်ဝင်းပြီး နုလည်း နုလာတယ် " တဲ့။

ဆရာတော်ဟာ ဒီမဟာဗောဓိတောရကျောင်းထဲမှာ ကျောင်းသားဘဝ, ကိုရင်ဘဝ, ရဟန်းငယ်ဘဝနဲ့ မဟာဗောဓိတောရဆရာတော်ကြီး ဥူးကေသာသရဲ့ မေတ္တာရိပ်အောက်မှာ နေလာခဲ့တယ်၊ အဲဒီတုန်းက အဲဒီတောရကျောင်းမှာ စာသင်သားသံဃာ (၈၀) လောက် ရှိသတဲ့၊ အဆောက်အဦတွေကလည်း ကြီးကြီးမားမား ကြီးတွေလည်း ရှိခဲ့တယ် တဲ့၊ ဂျပန်စစ်ဒဏ်ကြောင့် သံဃာတွေလည်း နေရာပြောင်းကြ၊ တချို့လည်း လူ့ဘဝ ပြောင်းကုန်ကြတယ်၊ သံဃာတွေရော, အဆောက်အဦတွေရော အနှစ် (၃၀) ကြာမရှိဘဲ ဖြစ်ခဲ့တယ်၊ အနှစ် (၃၀) ကြာပြီးနောက် ဆရာတော် တရားရှုမှတ်ဖို့ ကြွအလာမှာ ဒကာ, ဒကာမတွေရဲ့ ခွင့်ပန် လျှောက်ထားချက်အရ တရားပြသပေးခဲ့တယ်၊ အခု (၂၅) နှစ်ပြည့်လို့ " ငွေရတု " လို့ သတ်မှတ်လို့ ရနေပြီ၊ ၁၉၉၀ ခုနှစ်မှာ ဆရာတော်ဟာ သူရဲ့ ဘူမိနက်သန် နေရာမှန်ကို ပြန်ကြွလာပြီး တရား (၃) လလောက် ရှုမှတ်ခွင့် ရတာကို ရွှေဥမင် ဆရာတော်က ဝမ်းမြောက်နုမော် သာဓုအခါခါ ခေါ်နေပါလိမ့်မယ်၊ ရွှေဥမင် ဆရာတော် ကိုယ်တိုင်လည်း မဟာဗောဓိ တောရကျောင်းမှာ နှစ်အတော်တော် များများ နှစ်စဉ် လာပြီး (၃) လလောက် တရား မှတ်လေ့ရှိတယ်၊ မဟာဗောဓိတောရ ကျောင်းဟာ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ရဲ့ ပရိယတ်ပညာရေး အတွက် ဘူမိနက်သန် နေရာမှန် ဖြစ်ခဲ့သလို တရားကို အချိန်ကြာမြင့်စွာ မှတ်ဖို့ရာ အတွက်လည်း ဘူမိနက်သန် နေရာမှန် ဖြစ်ခဲ့ပါ တယ်။ ဆရာတော် (၂) ပါးလုံးရဲ့ သာသနာ့ ရိပ်သာ တွေဟာ အဆောက်အဦကြီးငယ် တွေနဲ့ စည်ကားနေတယ်၊ ယောဂီတွေလည်း များပြားနေတယ်၊ ကြည်ညိုသူ ဒကာ, ဒကာမတွေလည်း တိုးတိုးလာနေတယ်၊ ဒါ့ကြောင့် ပြောကြတယ်နဲ့ တူပါရဲ့၊ " ဘုန်းကြီးကြတယ် " တဲ့။

ဘုန်းကြီး

ဆရာတော် (၂) ပါး
ညီနောင်အလား
သာသနာအလုပ်များ
လွန်စွာကြိုးစား
လူအများ ပြောကြတဲ့စကား
ဘုန်းကြီးကြတယ်များ – တဲ့။

http://www.dhammadownload.com

ပါဠိနာမည်

" အရှင်ဘုရား . . . အရှင်ဘုရားကို တပည့်တော် မသိတာလေးတွေ မေးပါရစေ ဘုရား။ "

တနင်္ဂနွေနေ့တိုင်း ရွှေတောင်ကုန်းသာသနာ့ရိပ်သာကို ရောက်လာလေ့ရှိတဲ့ ဒကာကြီး ဦးမောင်မောင်အေး (လှိုင်) က စာရေးသူကို မေးခွင့်တောင်းတာပါပဲ။

" သိတာ ဆိုရင်တော့ ဖြေပေးရတာပေါ့၊ မေးပါ . . . မေးပါ။ "

" တပည့်တော်တို့ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ရဲ့ ဘွဲ့နောက်က " ဘိဝံသ " ဆိုတဲ့ စကားကို ဘာလို့ ထည့်ထားတာလဲ။ "

" ဘိဝံသ – မဟုတ်ဘူး " အဘိဝံသ " တဲ့၊ " အရှင်ပဏ္ဍိတာဘိဝံသ " လို့ ရေးရာမှာ " ပဏ္ဍိတ "' ဆိုတဲ့ စကားလုံးနဲ့ " အဘိဝံသ " ဆိုတဲ့ စကားလုံးနှစ်လုံး ပေါင်းလိုက်တော့ " ပဏ္ဍိတာဘိဝံသ " လို့ ဖြစ်လာတာ၊ ပဏ္ဍိတနဲ့ အာရာမ ပေါင်း လိုက်တော့ ပဏ္ဍိတာရာမ ဖြစ်လာသလိုပေါ့၊ " အဘိဝံသ " ဆိုတဲ့ ပါဠိစကားလုံးရဲ့ မြန်မာလို အဓိပ္ပါယ်က " မြင့်မြတ်တဲ့ အမျိုးအနွယ် " တဲ့ ဒကာကြီးရဲ့။ "

" အဲဒီ အဘိဝံသဆိုတဲ့ စကားလုံးကို ဘုန်းကြီးတိုင်းတော့လည်း မသုံးပါဘူး၊ အဲဒါက စာမေးပွဲအောင်လို့ သုံးထားတဲ့ စကားလုံးလား။ "

" ဟုတ်တယ်။ "

" ဘာ စာမေးပွဲပါလဲဘုရား။ "

" ရန်ကုန်ကလည်း အဲဒီစာမေးပွဲကို လုပ်ပေးတယ်၊ မန္တလေးကလည်း လုပ်ပေးတယ်။ ရန်ကုန်မှာတော့ စေတီယင်္ကဏအသင်းက လုပ်ပေးတယ်၊ မန္တလေးမှာတော့ သက္ကသီဟအသင်းက လုပ်ပေးတယ်၊ အဲဒီစာမေးပွဲ အောင်ရင် အဘိဝံသ ဆိုတဲ့ ဘွဲ့ကို သုံးကြတယ်။ ဆရာတော်က ရန်ကုန် စေတီယင်္ကဏအသင်းက

http://www.dhammadownload.com

ပြုလုပ်ပေးတဲ့ စာမေးပွဲကို အောင်ခဲ့တယ်၊ ဒါကြောင့် အရှင်ပဏ္ဍိတာဘိဝံသလို့ ရေးတာပေါ့။ "

" ဒါတော့ နားလည်ရပါပြီဘုရား၊ ဓမ္မာစရိယဆိုတာကော ဘာပါလဲဘုရား၊ ဆရာတော်ကကော အဲဒီဓမ္မာစရိယစာမေးပွဲကို အောင်ခဲ့ပါသလား။ "

" အောင်ခဲ့တယ်၊ အဲဒါက အစိုးရက ပြုလုပ်ပေးတဲ့ စာမေးပွဲပေါ့၊ မြန်မာလို တော့ စာချတန်းပေါ့။ "

" ဓမ္မာစရိယနဲ့ အဘိဝံသက ဘယ်လို ကွာခြားပါသလဲဘုရား။ "

" အဘိဝံသစာမေးပွဲမှာ စာသင်တန်း, စာချတန်းလို့ အတန်း (၂) တန်း ရှိတယ်၊ စာသင်တန်းမှာ အခြေပြုမူလတန်း, အငယ်တန်း, အလတ်တန်း, အကြီးတန်း တွေမှာ ပြဓာန်းထားတဲ့ ဘာသာရပ်တွေအပြင် ဘာသာရပ်အပိုအချို့ကိုလည်း ပြဓာန်း ထားတယ်၊ အဘိဝံသစာသင်တန်းမှာ မေးတဲ့ မေးခွန်းတွေက မူလတန်း, အငယ်, အလတ်, အကြီးတန်းတွေမှာ မေးတဲ့ မေးခွန်းတွေထက် ပိုခက်တယ်၊ အဘိဝံသ စာချတန်းမှာ ပြဓာန်းထားတဲ့ ဘာသာရပ်တွေက အစိုးရဓမ္မာစရိယတန်းမှာ ပြဓာန်း ထားတဲ့ ဘာသာရပ်တွေပါပဲ၊ ဒါပေမယ့် အဘိဝံသစာချတန်းမှာ မေးတဲ့ မေးခွန်းတွေ က ပိုခက်တယ်၊ အဘိဝံသစာမေးပွဲကို ရဟန်းတွေပဲ ဖြေရတယ်။ "

" ဆရာတော်ကို ရွှေတောင်ကုန်းသာသနာ့ရိပ်သာ သြဝါဒိစရိယ လို့ သုံးကြ တယ်၊ သြဝါဒိစရိယဆိုတာ သြဝါဒပေးတဲ့ ဆရာတော်လားဘုရား။ "

" ဟုတ်ပါတယ်၊ သြဝါဒိစရိယမှာလည်း သြဝါဒနဲ့ အာစရိယကို ပေါင်းစပ် ထားတာ။ "

" တပည့်တော် မသိတာလေးတွေ ရှိသေးတယ်၊ ဆက်မေးရင် ရပါမလား ဘုရား။ "

" ရပါတယ်၊ မေးပါ၊ ဒီလိုစကားလုံးလေးတွေ ဒကာကြီးတို့တစ်တွေ သိထားကြဖို့ လိုတယ်၊ သုံးသာ သုံးနေကြပြီး အဓိပ္ပါယ်နားမလည်ရင် မကောင်းဘူး၊ နားလည် ထားသင့်ကြတယ်။ "

" တပည့်တော်တို့ ရွှေတောင်ကုန်းသာသနာ့ရိပ်သာက ဓမ္မာရုံကြီးနာမည်က ရှည်တော့ ကောင်းကောင်း မမှတ်မိဘူးဘုရား၊ ဘာတဲ့လဲဘုရား။ "

" သာဓုဇနတောသနာ ဓမ္မသဘာဆောင် " တဲ့။

" အဲဒါလေးလည်း အဓိပ္ပါယ်ရှင်းပြပါအုံးဘုရား။ "

" သာဓု – ဆိုတာ ကောင်းသော၊ ဇန – ဆိုတာ လူအပေါင်း၊ တောသနာ ဆိုကာ နှစ်သက်စေရာ၊ ဓမ္မသဘာ ဆိုတာ တရားသဘင်၊ ပြန်ပြီး ချုံးပြောတော့

http://www.dhammadownload.com

သာဓုဇန = ကောင်းသော လူအပေါင်းဆိုတာ သူတော်ကောင်းတွေပေါ့၊ သူတော်ကောင်းတွေကို နှစ်သက်စေရာ တရားသဘင်ဆောင် " တဲ့။

" အဲဒီသာဓုဇနတောသနာ ဓမ္မသဘာဆောင်ထဲမှာ ဓမ္မသာကစ္ဆာခန်း ဆိုတဲ့ စကားလုံးလေးကို ဓမ္မာရုံထဲ ပါတဲ့ အခန်းတွေမှာ ရေးထားတယ်၊ အလယ်ထပ်က အခန်းတွေမှာပါ၊ အဲဒီစကားလုံးလေးရဲ့ အဓိပ္ပါယ်က ဘာပါလဲဘုရား။ "

" တရားဆွေးနွေးရာအခန်း တဲ့၊ အဲဒီအခန်းထဲမှာ ကျောက်တန်းဆရာတော်ယောဂီတွေကို တရားစစ်တာ တွေ့တယ်၊ မဟုတ်လား၊ တရားစစ်တယ်ဆိုတာ တရားဆွေးနွေးတာပေါ့၊ အများနားလည်နေကြတဲ့ စကားနဲ့ ပြောရရင်တော့ ယောဂီတွေကို တရားစစ်တဲ့ အခန်းပေါ့။ "

" ဆရာတော်က ပါဠိစကားလုံးတွေကို သုံးထားတာဆိုတော့ တပည့်တော်တို့ နားမလည်ဘူးပေါ့။ "

" ဆရာတော်က ဒီလို သုံးပြမှလည်း လူတွေက ပါဠိစကားလုံးတွေရဲ့ အဓိပ္ပါယ်ကို သိချင်လာပြီး မေးတော့ သိလာရတာပေါ့၊ ဒကာကြီးက ဒီရိပ်သာက ထေရဝါဒ ဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့ဝင်ဆိုတော့ အဖွဲ့ရဲ့ နာမည်ကိုတော့ အဓိပ္ပါယ်နားလည်မှာပါနော်။ "

" မှန်ပါ၊ အဲဒါကိုတော့ နားလည်းပါတယ်၊ သုံးထပ်သိမ်တော်ကြီးရဲ့ နာမည်ကကော ဘာပါလဲဘုရား၊ ပါဠိနာမည်ဆိုရင် အဓိပ္ပါယ်ရှင်းပြပါအုံးဘုရား။ "

" သိမ်တော်ကြီးရဲ့ နာမည်က – သာသနဝိလာသိနီ တဲ့၊ သာသနာတော်ကို တင့်တယ်စေရာ သိမ်တော်ကြီး " တဲ့။ ဒီသိမ်တော်ကြီးမှာ မြင့်မြတ်တဲ့ ရဟန်အဖြစ်တက်ရောက်ကြပြီး သီလအကျင့်, သမာဓိအကျင့်, ပညာအကျင့်တွေကို ကျင့်ကြတော့ အဲဒီလို ရဟန်းတော်တွေက သာသနာတော်ကို တင့်တယ်စေတာပေါ့။ "

" ရွှေတောင်ကုန်းသာသနာ့ရိပ်သာထဲမှာ သုံးထားတဲ့ ပါဠိစကားလုံးလေးတွေ ရှိသေးတယ်ဘုရား၊ ပြည်ပအမျိုးသမီးဆောင်မှာ ဝိဒေသိကာဆောင် တဲ့၊ အဓိပ္ပါယ်က ဘာလဲဘုရား။ "

" မြန်မာလိုတော့ ပြည်ပအမျိုးသမီးဆောင်ပေါ့။ "

" ပြီးတော့ သကဒေသိကာဆောင် ဆိုတဲ့ စကားလုံးလည်း ရှိသေးတယ်၊ အဲဒါရဲ့ အဓိပ္ပါယ်ကကော ဘာပါလဲဘုရား။ "

" ပြည်တွင်းအမျိုးသမီးဆောင်လို့ အဓိပ္ပါယ်ထွက်တယ်၊ ဆရာတော်က လူတွေကို ပါဠိစကားလုံးတွေနဲ့ ရင်းနှီးအောင် လုပ်ပေးတာနဲ့တူပါတယ်၊ မဟာစည်သာသနာ့ရိပ်သာမှာလည်း အရိယာဝါသ, သံဃာဝါသ, သုခါဝါသ, သာသနပါလ,

http://www.dhammadownload.com

သုစိတ္တာ, မဟာဓမ္မစာရိဏီ, သာသနပလဝိသောဓနီ ဆိုတဲ့ ပါဠိနာမည်တွေ ရှိခဲ့တယ် မဟုတ်လား၊ မဟာစည် ဆရာတော်ကြီးက ပါဠိစကားလုံးတွေနဲ့ အဆောင်တွေရဲ့ နာမည်တွေ ပေးခဲ့သလို ဆရာတော်လည်း ပေးတာနေမှာပေါ့။ "

" ချမ်းသာမြိုင်ဆောင်, သန်းရီမြိုင်ဆောင်, သာထွန်းအောင်တိုက်ကျောင်းတို့ရဲ့ နာမည်တွေကတော့ မြန်မာလိုပဲနော်ဘုရား၊ ဒီနာမည်တွေက ကျောင်းဒကာ, ဒကာမတွေရဲ့နာမည်ကို ယူပြီး မှည့်ထားတာပေါ့၊ မော်လမြိုင်က ဦးချမ်းသာနဲ့ ဒေါ်သန်းရီတို့ ဇနီးမောင်နှံရဲ့ ကောင်းမှုမို့ သန်းရီမြိုင်, ချမ်းသာမြိုင် လို့ နာမည်ပေးတာပေါ့။ "

" အရှင်ဘုရား . . . ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ လို့ ရေးရာမှာ ဘဒ္ဒန္တ ဆိုတဲ့ ပါဠိ စကားလုံးရဲ့ မြန်မာလို စကားလုံးက ဘာပါလဲဘုရား။ "

" အရှင် – တဲ့၊ ဒါကြောင့် ဆရာတော်က အရှင် ပဏ္ဍိတာဘိဝံသလို့ ရေးတာပေါ့၊ အာယသ္မာ သာရိပုတ္တော = အရှင်သာရိပုတြာ ဆိုတဲ့ စကားမှာတော့ အာယသ္မာ ဆိုတဲ့ ပါဠိစကားလုံးက အရှင် " တဲ့။

" မသိလို့ ဆက်မေးပါရစေအုံး၊ အရှင်ဘုရားရဲ့ ဘွဲ့မှာတော့ " အဘိဝံသ " အပြင် " အလင်္ကာရ " ဆိုတဲ့ စကားလုံးက ပိုနေတယ်၊ အဲဒါရဲ့ အဓိပ္ပါယ်က ဘာပါလဲ၊ ဘာလို့ ထည့်ထားပါသလဲ။ "

" မန္တလေးက သာမဏေသက္ကသီဟစာမေးပွဲ အောင်ခဲ့လို့ အလင်္ကာရ ဆိုတဲ့ စကားလုံးလေး ထည့်ရေးတာ၊ အလင်္ကာရဆိုတာ အဆင်တန်ဆာ တဲ့၊ သာမဏေကျော် စာမေးပွဲလိုလည်း ခေါ်ကြတယ်။ "

" သာမဏေကျော်ဆိုတဲ့ အရှင်ဘုရားရဲ့ ကလောင်နာမည်ကို အဲဒီ သာမဏေကျော် စာမေးပွဲ အောင်ခဲ့လို့ ယူထားတာလား။ "

" ဟုတ်ပါတယ်။ "

" အရှင်ဘုရား . . . တပည့်တော် သိချင်တာလေးတွေ ဖြေပေးတဲ့အတွက် များစွာပဲ ဝမ်းသာလှပါတယ်၊ အရှင်ဘုရား . . . ကျန်းမာချမ်းသာစွာနဲ့ သာသနာတော်အကျိုး သယ်ပိုးနိုင်ပါစေဘုရား၊ တပည့်တော်ကို သွားခွင့်ပြုပါအုံးဘုရား။ "

" ကောင်းပါပြီ၊ ကောင်းပါပြီ။ "

http://www.dhammadownload.com

ပါဠိနာမည်

ပါဠိနာမည်များ

ဆရာတော်မှည့်ထား

သိလိုတဲ့ လူများ

မေးလာကြသား

မေးတော့ သိသွား

ဗဟုသုတတိုးပွား။

http://www.dhammadownload.com

ပြောင်ဆင်စို့

" ကိုယ်သာ ပန်းစေ၊ စိတ် မနွမ်းစေနဲ့ " တဲ့။

ဒီစကားလေးကို မဟာစည်ဆရာတော်ကြီး ဟောထားတဲ့၊ ရေးထားတဲ့ အရိယာဝါသတရားတော်စာအုပ်ရဲ့ နိဒါန်းမှာ ဖတ်ရတယ်၊ အဲဒီနိဒါန်းဟာ သိပ်ဖတ်လို့ကောင်းတယ်။ တရားအားထုတ်ချင်စိတ် ပေါ်ပေါက်စေတယ်၊ တရားအားထုတ်ဖို့ စိတ်မဝင်စားသေးတဲ့ သူတွေကို အဲဒီနိဒါန်းကို ဖတ်ကြည့်ဖို့ တိုက်တွန်းခဲ့ဖူးတယ်၊ ဖတ်ကြည့်တော့ တရားအားထုတ်ဖို့ စိတ်ဝင်စားလာကြတယ်။ နိဒါန်းရေးတဲ့ သူကတော့ ဒေါက်တာ ဦးမြင့်ဆွေ တဲ့။ ဒေါက်တာမြင့်ဆွေဟာ သူရောဂါကြောင့် ဆေးရုံတက်ရတဲ့အခါ မဟာစည်သာသနာ့ရိပ်သာက တရားပြဆရာတော်တွေ လူနာမေးသွားကြတယ်။ ဒေါက်တာဦးမြင့်ဆွေက မဟာစည်သာသနာ့ရိပ်သာမှာ ဆေးကုပေးလို့ ကျေးဇူးများလို့ သွားမေးကြတာနဲ့ တူပါတယ်၊ အဲဒီမေးကြတဲ့ ဆရာတော်တွေထဲမှာ ဆရာတော် (ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်) လည်း ပါသွားတယ်။ ဆရာတော်က တည်ကြည်တဲ့ မျက်နှာတော်နဲ့ ဆရာဝန် ဦးမြင့်ဆွေကို အထက်မှာ ပါတဲ့ " ကိုယ်သာ ပန်းစေ၊ စိတ် မနွမ်းစေနဲ့ " ဆိုတဲ့ ဩဝါဒ စကားလေးကို မိန့်ကြားသွားပါသတဲ့၊ ဒေါက်တာ ဦးမြင့်ဆွေက နိဒါန်းထဲမှာ ထည့်ရေးထားတယ်။

ဆရာတော်နဲ့အတူ စာရေးသူဟာ လူနာတွေထံ သွားတဲ့အခါ ဆရာတော်က အဲဒီစကားလေးကိုပဲ မိန့်ကြားလေ့ရှိတယ်။ အခါခါ ကြားခဲ့ရဖူးပါတယ်။ ယောဂီတွေ တရားမှတ်တဲ့အခါ ဒုက္ခဝေဒနာကို တွေ့တဲ့ နေရာမျိုးမှာ ရောက်ရင် ဆရာတော်က ဒီလို မိန့်ကြားလေ့ရှိတယ်။

" တရားအားထုတ်ရင် မခံသာမှု ဒုက္ခဝေဒနာကတော့ ပေါ်မြဲပါပဲ။ ပေါ်တတ်

http://www.dhammadownload.com

တာပဲ။ ဒီလို မခံသာတဲ့ ဒုက္ခဝေဒနာကို " ရွှစဉ် ပေါ်ရိုး ၊ ဆင်းရဲမျိုး ၊ လွှမ်းမိုး ပယ်ရမည်" ဆိုတဲ့အတိုင်း ကျော်လွန်သွားတဲ့အထိ သည်းခံပြီး နိုင်နိုင်နင်းနင်း ရွှမှတ်ဖို့ လိုတယ်။ အဲဒီမခံသာမှုတွေ လွန်မြောက်သွားတဲ့အထိ နိုင်နိုင်နင်းနင်း ဖြစ်ဖို့ကတော့- အဲဒီမခံသာမှု ဝေဒနာကို သိဖို့ လိုပါတယ်။ "

" သိအောင် မှတ်တဲ့နေရာမှာ ကြိုးစားပြီး စွဲစွဲမြဲမြဲ ရွှမှတ်လေလေ အဲဒီ မခံသာမှု ဒုက္ခဝေဒနာပေါ်မှာ မှတ်စိတ်ဟာ စိုက်ကျလေလေပဲ၊ ဉာဏ် မပွင့်သေးဖူး ဆိုရင်တော့ ဘယ်က နာတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ခဲတယ် စသည်ဖြင့် အစွဲတွေ ဝင်ပြီး စိတ်ဓာတ်တွေ ပိုကျတတ်တယ်၊ မလျှော့ရဘူး၊ စိုက်မှတ်၊ မှတ်လေလေ နာလေလေ ဖြစ်ရင်နည်းနည်းလေး စိတ်ကလေး နှုန်းလျှော့ပြီး မှတ်၊ တစ်ခါတစ်ခါ စိတ်နှုန်း တင်ပြီးတော့ မှတ်လိုက်၊ မသက်သာဘူး- ဆိုရင် စိတ်နှုန်းကလေး လျှော့မှတ်လိုက်၊ အဲဒီလို လုပ်ရတယ်။ "

" အဲဒီလို လုပ်လို့မှ မသက်သာဘူး- ဆိုရင် သူ့ကို ခဏ ထားလိုက်၊ လွှတ်ထားလိုက်၊ မှတ်နေကျဟာကို စွန့်စိုက်နေကျထက် ပိုစွန့်စိုက်ပြီး မှတ်၊ နာလာ ပြန်ပြီဆိုရင် တစ်ခါ စိတ်နှုန်းတင်ပြီး မှတ်လိုက် ၊ မသက်သာဘူးဆိုရင် လျှော့မှတ် လိုက်၊ အဲဒီလို အကြိမ်ပေါင်းများစွာ မှတ်နေရင် နောက်ဝေဒနာလေးတွေကို သိသိလာတယ်"

" တစ်ချက်မှတ် တစ်ချက်သိလာတယ်၊ နှစ်ချက်မှတ် နှစ်ချက် သိလာတယ်၊ နောက်အကြိမ်ပေါင်း များတဲ့အခါကျတော့ ဝေဒနာချည်း သက်သက် ကွက်တွေ့လာ တာပဲ၊ အဲဒီအခါကျရင် ဝေဒနာကို နိုင်လာပြီ၊ ရဲလာပြီ၊ ဝေဒနာ ပျောက်ကွယ် ပျောက်ကွယ် သွားမှကိုလည်း ရှင်းရှင်း သိလာတယ် ၊ စောစောက မပျောက်ဘူးလို့ ထင်တာ ခုပျောက်သွားပြီ ၊ ဒီဝေဒနာတွေ မှတ်ရတာ တယ်ဟုတ်ပါလား ဆိုပြီးတော့ အားရလာတယ်၊ ရဲလာတယ်၊ အဲဒါကို ဝီရိယ လို့ ခေါ်ရတာ၊ ဝီရိယ ဆိုတာ ရဲလာတာ၊ သတ္တိရှိလာတာပဲ။ "

" ရှေ့တန်းစစ်မျက်နှာမှာ ရန်သူတွေကို တစ်ကြိမ်လောက် အောင်ပွဲရအောင် တိုက်ပွဲ ဆင်နွှဲဖူးသူဟာ နောက်တစ်ကြိမ် ထပ်တိုက်ဖို့အတွက် အလိုလို အားတက် လာတယ်၊ ရဲ့ရင့်လာတယ်၊ မတွန့်ဆုတ်တော့ဘူး၊ ယောဂီဟာလည်း ဒုက္ခဝေဒနာ ကြောင့် သတ္တိကြောင်မှု, ဆုတ်နစ်မှုတွေကို တစ်ကြိမ်လောက် အောင်ပွဲရအောင် တိုက်ပွဲဆင်နွှဲဖူးရင် နောက်တစ်ကြိမ်ထပ်တိုက်ဖို့အတွက် အလိုလို အားတက်လာ တယ်၊ ရဲရင့်လာတယ်၊ မခံသာမှုမှန်သမျှကို စိန်ခေါ်ဝံ့တော့တယ်။ "

" ကလေးငယ်ဟာ ပက်လက်ထိုင်နိုင်တဲ့ အဆင့်ကနေ ထနိုင်တဲ့ အဆင့် စသည်ကို ပြောင်းတော့မယ်ဆိုရင် ဓာတ်သက်မှု, မအီမသာဖြစ်မှုတွေ ဖြစ်တတ်တယ်၊

http://www.dhammadownload.com

တိုးတက်မယ့် ဖောက်ပြန်ပြောင်းလွဲမှု တစ်မျိုးပဲ၊ ယောဂီဟာလည်း ဉာဏ်တစ်ဆင့်က နေ နောက်တစ်ဆင့် တိုးတော့မယ်ဆိုရင် မဒီမသာလေးတွေ ဖြစ်တတ်တယ်၊ ဉာဏ် တစ်မျိုး တိုးတက်မယ့် ပြောင်းလွဲဖောက်ပြန်မှုပေါ့ " တဲ့။

ဆရာတော် တရားပြခဲ့တဲ့ (၄၁) နှစ်တာကာလအတောအတွင်းမှာ ယောဂီ ပေါင်းများစွာအား အထက်ပါ စကားလေးတွေကိုရော အခြားအခြားလိုအပ်ရာရာ စကားလေးတွေကိုပါ အခါခါ ပြောခဲ့မှာပါပဲ၊ အဲဒီစကားလေးတွေကြောင့် ဒုက္ခ ဝေဒနာတွေကို ကျော်လွှားပြီး တရားပြည့်စုံသွားကြသူတွေလည်း များစွာပဲ ရှိပါလိမ့်မယ်။

ဆရာတော်ထံ လာတရားအားထုတ်လို့ ရောဂါပျောက်သွားသူတွေ များစွာ ပဲရှိတဲ့ အကြောင်းကို ဆရာတော် အမေရိကမှာ ဟောထားတဲ့ တရားတွေကို အင်္ဂလိပ်လို ထုတ်ထားတဲ့ စာအုပ် In this very life မှာ ဒီလို ပြောထားတယ်။

" I have come across innumerable people who have recovered from chronic headaches, heart trouble, tuberculosis, even cancer and severe injuries sustained at an early age. Some of them had been declared incurable by doctors."

မြန်မာလိုတော့ -

" ဘုန်းကြီးဟာ နာတာရှည်ခေါင်းကိုက်ရောဂါ, နှလုံးရောဂါ, အဆုပ်ရောဂါ, (ကင်ဆာရောဂါတောင်) ပါတယ်၊ ငယ်စဉ်ကထဲက စွဲကပ်ပါလာတဲ့ ပြင်းထန်တဲ့ ရောဂါဝေဒနာတွေ တရားရှုမှတ်လို့ ပျောက်ကင်းသွားတာတွေ မရေမတွက်နိုင်အောင်ပဲ တွေ့ခဲ့ရပါတယ်၊ အဲဒီလူတွေထဲမှ တချို့ဆိုရင် ဆရာဝန်တွေက ကုလို့မရတော့ဘူး - လို့တောင် လက်လျှော့ထားရသူတို့ ပါတယ် " တဲ့။

" ဆရာတော်က သူတစ်ပါးတွေကိုသာ ဒုက္ခဝေဒနာတွေကို သည်းခံမှတ်ဖို့ ဟောနေတာပါ၊ သူကိုယ်တိုင်မှာတော့ ပြင်းထန်တဲ့ ဒုက္ခဝေဒနာတွေကို ခံနိုင်ရည်အား ရှိပါ့မလား " လို့ တွေးတဲ့သူတွေလည်း ရှိချင်ရှိပါလိမ့်မယ်၊ စာရေးသူရဲ့ ကိုယ်တွေ့လေးကို ရေးပြချင်ပါတယ်၊ စာရေးသူဟာ ဆရာတော်နဲ့အတူ မြိတ်မြို့ကို တရားဟောတစ်ခါ လိုက်ဖူးပါတယ်၊ အဲဒီခရီးမှာ ဆရာတော်ဟာ မြိတ်မြို့မှ ဒကာကြီး ဦးပုအိမ်ကို ကြွသွားပါတယ်၊ စာရေးသူလည်း ပါသွားတယ်၊ ဆရာတော်ဟာ ဒကာကြီးဦးပုနဲ့ စကားပြောရင်း သူ့ခြေထောက်မှာ ရှိတဲ့ ရောဂါအကြောင်း ရောက် သွားပါတယ်၊ နှင်းခူရောဂါလို့ ထင်ပါတယ်၊ သူ့သမီးဆရာဝန်ဟာ ဒီရောဂါကို ကုပေးလို့ ပျောက်ခဲ့ဖူးကြောင်းကို ဒကာကြီးဦးပုက လျှောက်ထားတယ်၊ သူသမီး

http://www.dhammadownload.com

ဆရာဝန်က ဆရာတော်ရဲ့ ခြေထောက်ကို တစ်နေရာမက ဆေးထိုးပါတယ်၊ ဆေးထိုးတဲ့အခါ ဆရာကော်ရဲ့ ခြေထောက်က သွေးတွေ ရဲပြီးတော့ ထွက်လာတယ်၊ သွေးတွေ ထွက်လာတာ မနည်းပါဘူး၊ အဲဒီအခါ ဆရာတော်မှာ ဘယ်လို ခံစားနေရ မလဲလို့ သိချင်လို့ ဆရာတော့်မျက်နှာကို မော်ပြီး ကြည့်မိပါတယ်၊ ဆရာတော် မျက်နှာက နည်းနည်းလေးမှ မပြောင်းပါဘူး၊ မျက်နှာ ရုံ့တာ, မဲ့တာ, ရွဲ့တာ ဘာမှ မတွေ့ရဘူး၊ ပကတိအတိုင်း တည်တည်ငြိမ်ငြိမ်ပဲ၊ ဆရာတော့်အနာကလည်း ကြီးတယ်၊ ရောဂါက ကြာလည်း ကြာပြီနဲ့ တူပါတယ်၊ ဆေးထိုးပုံကလည်း ခံရတာ သက်သာမယ့်ပုံ မပေါ်ပါဘူး၊ သွေးထွက်တာကလည်း မနည်းတော့ ဆရာတော့်မှာ နာမှာကတော့ သေချာပါတယ်၊ ဒါပေမယ့် ဆရာတော့် မျက်နှာဟာ မပြောင်းလွဲခဲ့ဘူး၊ အဲဒါကို ကြည့်ပြီး စာရေးသူက မှတ်ချက်ချခဲ့ပါတယ်၊ " ဆရာတော်ဟာ ပြင်းထန်တဲ့ ဒုက္ခဝေဒနာတွေကို ခံနိုင်ရည်အား ကောင်းသားပဲ " လို့။

အဲဒီဆေးနဲ့ ဆရာတော်ရဲ့ ရောဂါဟာ တည့်သွားပုံပေါ်ပါတယ်။ တစ်ခါ တည်း ပျောက်သွားတယ်၊ ပြန်ပေါ်မလာတော့ဘူး။

သူ, သူ, ငါ, ငါ သတ္တဝါမှန်သမျှ မလွဲမသွေ သွားရမယ့် လမ်း ရှိနေပါ တယ်၊ ဘယ်သူမှ မသွားလို့ မရဘူး၊ သွားကိုသွားရမယ်၊ အဲဒီလမ်းကတော့ မရဏ လမ်းပဲ၊ သေလမ်းပေါ့၊ သေခါနီးမှာ ခံစားရတဲ့ ဒုက္ခဝေဒနာတွေဟာ အလွန်ပြင်းထန် တယ်ဆိုပဲ၊ သေခါနီးမှာ အဲဒီဝေဒနာတွေကို တရားရှုမှတ်မှုနဲ့ ရင်ဆိုင်နိုင်အား ရှိထား ပါမှ ဘဝကူးကောင်းပါလိမ့်မယ်၊ ယခုနယ်က ပြင်းထန်တဲ့ ဒုက္ခဝေဒနာတွေကို ရင်ဆိုင်နိုင်လောက်အောင် ရှုမှတ်မှုအားကို မွေးမြူထားပါမှ တော်ကာကျမယ်၊ ဆရာတော့်စကားနဲ့ ပြောရရင် ကိုယ်သာ ပန်းစေ၊ စိတ် မနွမ်းစေနဲ့ " ပေါ့။

ပြင်ဆင်စို့

ကိုယ် ပန်းလာလျှင်
စိတ်တွင် ညှိုးနွမ်း
မရှင်လန်းကြ၊
ရှင်လန်းကြဖို့
ယခုကပင်
ကြိုးကာတင်လို့
ပြင်ဆင်စို့။

http://www.dhammadownload.com

သုံးပတ်

ဆရာတော်ထံ လာရောက်တရားအားထုတ်ကြသူတွေထဲမှာ တကယ့် ထိပ်တန်းပညာတတ်ကြီးတွေ ပါသလို စာမတတ်သူတွေလည်း ပါတယ်၊ ဗုဒ္ဓသာသနာကို အလွန်သက်ဝင်ယုံကြည်သူတွေ ပါသလို လုံးဝ မသက်ဝင်မယုံကြည်သူတွေလည်း ပါတယ်၊ ဆရာတော့်ဩန်ကြားချက်ကို အပြည့်အဝ လိုက်နာသူတွေ ပါသလို လိုက်နာဖို့ ငြင်းဆန်သူတွေ, မလိုက်နာသူတွေလည်း ပါတယ်၊ ဆရာတော်ကို အထင်ကြီးလေးစားသူတွေ ပါသလို အထင်မကြီး မလေးစားသူတွေလည်း ပါတယ်၊ ဆရာတော် စိတ်တိုင်းကျ တရားပြည့်စုံသွားသူတွေ ပါသလို မပြည့်စုံသူတွေလည်းပါတယ်၊ ပြည်တွင်းကပါ သလို ပြည်ပကလည်း ပါတယ်၊ ပစ္စည်းဥစ္စာကြွယ်ဝပြည့်စုံသူတွေပါသလို ဆင်းရဲနွမ်းပါးကြသူတွေလည်း ပါတယ်၊ ပစ္စည်းပေါပြီး သဒ္ဓါနည်းကြသူတွေ ပါသလို ပစ္စည်း နွမ်းပါးပြီး သဒ္ဓါတရား အားကောင်းကြသူတွေလည်း ပါတယ်၊ ကျန်းမာရေးကောင်းသူတွေ ပါသလို ဆရာဝန်က ကုလို့ မရတော့ဘူးလို့ လက်လျှော့ထားရသူတွေလည်း ပါတယ်၊ ဆရာတော်ထက် အသက်ကြီးသူတွေပါသလို ဆရာတော်အောက် အသက် ငယ်သူတွေလည်း ပါတယ်၊ အဖိုးကြီး, အဖွားကြီးတွေ ပါသလို ငယ်ငယ်ရွယ်ရွယ်လေး တွေလည်း ပါတယ်၊ အုပ်ချုပ်ခံလူတန်းစားတွေ ပါသလို အုပ်ချုပ်သူတွေလည်း ပါတယ်၊ ဆရာ, ဆရာမ, ပါမောက္ခတွေ ပါသလို ကျောင်းသူ, ကျောင်းသားတွေလည်း ပါတယ်၊ ရောဂါဝေဒနာသည်တွေ ပါသလို ဆရာဝန်တွေလည်း ပါတယ်၊ ရိုးသားဖြောင့်မတ်သူတွေ ပါသလို မရိုးသားမဖြောင့်မတ်သူတွေလည်း ပါတယ်၊ တပည့် အဖြစ်နဲ့ ကြိုးစားလုပ်သူတွေ ပါသလို ဆရာတော့်ကို ဆရာပြန်လုပ်ချင်သူတွေလည်း ပါတယ်၊ မြန်မာတွေ ပါသလို မြန်မာမဟုတ်သူတွေလည်း ပါတယ်၊ အဆင့်မျိုးစုံ, အလွှာမျိုးစုံ, လူမျိုးစုံ, အရွယ်

http://www.dhammadownload.com

မျိုးစုံ, ဘာသာမျိုးစုံ, စရိုက်မျိုးစုံ ပါကြတယ်။

ဆရာတော်ဟာ သူတရားပြတဲ့ ကာလအတောအတွင်းမှာ ယောဂီမျိုးစုံကို တွေ့ခဲ့ရမှာပါပဲ၊ ဆရာတော်က ပြောတယ်၊ ယောဂီ (၄) မျိုး ရှိတယ်တဲ့ ၁။ သွက်ရှင်း ယောဂီ၊ ၂။ သွက်ရှပ်ယောဂီ၊ ၃။ လေးရှင်းယောဂီ ၄။ လေးရှပ်ယောဂီ တို့ ဖြစ်တယ်၊ "သွက်ရှင်းယောဂီ" ဆိုတာ တရားအတွေ့အကြုံ လျှောက်ပြတဲ့အခါ သွက်သွက်လက်လက် လျှောက်ပြတတ်ပြီး အသိလည်း ရှင်း၊ အပြောလည်း ရှင်းတဲ့ ယောဂီတဲ့၊ "သွက်ရှပ်ယောဂီ" ဆိုတာက တရားအတွေ့အကြုံ လျှောက်ပြတဲ့အခါ သွက်သွက်လက်လက်လျှောက်ပြတတ်ပြီး အသိလည်း ရှပ်, အပြောလည်း ရှပ်တဲ့ ယောဂီတဲ့၊ "လေးရှင်းယောဂီ" ဆိုတာက တရားအတွေ့အကြုံ ၎ လျှောက်ပြတဲ့အခါ သွက်သွက်လက်လက်မဟုတ်ဘဲ လေးလေး လျှောက်ပြတတ်ပြီး အသိလည်းရှင်း, အပြောလည်းရှင်းတဲ့ ယောဂီ တဲ့၊ "လေးရှပ်ယောဂီ" ဆိုတာက တရားအတွေ့အကြုံ လျှောက်ပြတဲ့အခါ သွက်သွက်လက်လက် မဟုတ်ဘဲ လေးလေး လျှောက်ပြတတ်ပြီး အသိလည်း ရှပ်, အပြောလည်း ရှပ်တဲ့ ယောဂီတဲ့၊ အဲဒီယောဂီ (၄) မျိုးထဲမှာ "သွက်ရှင်းယောဂီ" ကတော့ အကောင်းဆုံးယောဂီပေါ့၊ "လေးရှပ်ယောဂီ" ကတော့ အညံ့ဆုံးပေါ့၊ "လေးရှင်းယောဂီ" က "သွက်ရှပ်ယောဂီ" ထက်တော့ ပိုကောင်းတယ်။

ဆရာတော် မိန့်တာ ကြားဖူးတယ်၊ "သွက်ရှင်းယောဂီမျိုးဆိုရင် ညွှန်ကြားတဲ့ အတိုင်း ကြိုးစားအားထုတ်က သုံးပတ်လောက်နဲ့ တရားပြည့်စုံတယ်" တဲ့။

စာရေးသူ သာမဏ္ဍောဘဝ (၁၅) နှစ်, (၁၆) နှစ်လောက်တုန်းက မဟာစည် ဆရာတော်ရဲ့ တရားစာအုပ်တစ်အုပ်ကို စတွေ့ဖူးတယ်၊ စာအုပ်နာမည်က "မဂ်ဖိုလ် နိဗ္ဗာန်သို့ အမြန်ဆိုက်ရောက်စေနိုင်သော ဝိပဿနာရှုနည်းကျမ်း" တဲ့၊ မဟာစည် ဆရာတော်ရဲ့ တရားစာအုပ်တွေထဲမှာ အဲဒီစာအုပ်ကို ပထမဆုံး တွေ့ဖူးတာပါပဲ၊ အဲဒီစာအုပ်နာမည်ထဲမှာ "မဂ်ဖိုလ်နိဗ္ဗာန်သို့ အမြန်ဆိုက်ရောက်စေနိုင်သော" ဆိုတဲ့ ဝိဿနာ (အထူးပြုစကားလုံး) ကို မနှစ်ခြိုက်မိဘူး၊ အခြားအခြား ဝိပဿနာ တရားပြ ဆရာဆော်တွေလည်း ဘုရားရှင်ရဲ့ နည်းအတိုင်း ပြနေကြတာပဲ၊ အခြား, အခြား ဝိပဿနာတရားပြဆရာတော်တွေ ပြသပေးတဲ့ ဝိပဿနာရှုနည်းဟာလည်း မဂ်ဖိုလ်နိဗ္ဗာန်ကုံ ရောက်စေနိုင်မှာပါပဲ၊ မဟာစည်ဆရာတော်က သူ့ဝိပဿနာရှုနည်းကိုမှ "အမြန်ဆိုက်ရောက်စေနိုင်သော" လို့ ပြောတာကတော့ ကိုယ့်ငါးချဉ်ကို ချဉ်လွန်းရာ ရောက်တယ်လို့ အပြစ်တင်ချင်ခဲ့ပါတယ်၊ ကိုယ့်နည်းကို သိဒ္ဓိတင် (အမွှမ်းတင်) လွန်းရာ ရောက်တယ်လို့ ထင်ခဲ့ပါတယ်။

အဲဒီကနောက် လက်တွေ့ လေ့လာအားထုတ်ကြည့်တဲ့အခါ မဟာစည်

http://www.dhammadownload.com

ဆရာတော်ရဲ့ တရားစာအုပ်တွေကို စိတ်ဝင်စားလာလို့ ဖတ်ရှုခဲ့ပါတယ်၊ ဖတ်ရှုတဲ့အခါ တွေ့ရတဲ့, မဟာစည်ဆရာတော် ပြောထားတဲ့ စကားတစ်ခွန်းကို မှတ်မိနေပါတယ်၊ "အများစံချိန်တစ်လခန့်" တဲ့၊ မဟာစည်ဆရာတော်ရဲ့ ရိပ်သာမှာ တရားလာအားထုတ်ကြတဲ့ ယောဂီတွေထဲမှာ (၇) ရက်နဲ့ တရားပြည့်စုံသူတွေ ရှိတယ်။ အလွန်နည်းပါတယ်၊ အလွန်ပါရမီထူးသူတွေသာ ပြည့်စုံတတ်ကြတယ်၊ (၁၅) ရက်, (၂၀) ရက်နဲ့ ပြည့်စုံသွားသူတွေလည်း ရှိပါတယ်၊ အများစုကတော့ တစ်လနဲ့ တရားပြည့်စုံသွားကြတယ်၊ ဥာဏ်လေးလို့, ကြိုးကြိုးစားစား အားမထုတ်လို့ တစ်လမကကြာသွား တာလည်း ရှိပါတယ် တဲ့၊ မဟာစည်ဆရာတော်ရဲ့ ဒီစကားကို ဖတ်ရတော့ စမ်းသပ်ကြည့်ချင်စိတ်တွေ လွန်စွာ ထက်သန်လာတယ်၊ ဒါကြောင့် စာရေးသူဟာ ရဟန်းဖြစ်ပြီး နောက်ရက်မှာ ရန်ကုန် မဟာစည်သာသနာ့ရိပ်သာကို လာပြီး တစ်လတာ တရားအားထုတ်ခဲ့တယ်၊ အဲဒီအခါ မဟာစည်ဆရာတော်ရဲ့ ဝိပဿနာရှုနည်းကျမ်းမာပါတဲ့ "မဂ်ဖိုလ်နိဗ္ဗာန်သို့ အမြန်ဆိုက်ရောက်စေနိုင်သော" ဆိုတဲ့ ဝိသေသန (အထူးပြု စကားလုံး) ကို စိတ်ဝင်စားလာမိပါတယ်။ ဒါကြောင့် စာရေးသူရဲ့ ကျေးဇူးရှင် ဆရာတော်ကကော ဒါနဲ့ ပတ်သက်ပြီး ဘယ်လိုများ မိန့်ကြားလေမလဲလို့ အမြန်နားစွင့် နေမိခဲ့ပါတယ်၊ "သွက်ရှင်းယောဂီ ဆိုရင် ညွှန်ကြားတဲ့အတိုင်း ကြိုးစားအားထုတ်က သုံးပတ်လောက်နဲ့ တရားပြည့်စုံတယ်" ဆိုတဲ့ စကားကို နှစ်ခါလောက်ပဲ ဆရာတော်မိန့်တာ ကြားဖူးပါတယ်၊ တစ်ခါကတော့ ပြည့်တွင်းမှာပါ၊ တစ်ခါကတော့ ပြည်ပမှာပါ၊ လေးရှင်းယောဂီလည်း တကယ်ကြိုးစားက သုံးပတ်ကျော်လောက်နဲ့ တရား ပြည့်စုံနိုင်လေမလားလို့ စာရေးသူ တွေးမိပါတယ်။

ဆရာတော်ဟာ ယောဂီတွေကို တရားပြတဲ့အခါ သူကသာ ယောဂီတွေကို နည်းပေးတာ မဟုတ်ဘူး၊ ဆရာတော်ဟာ ယောဂီတွေထံကလည်း နည်းယူတယ်၊ ဆရာတော်က ဒီလို အမိန့်ရှိဖူးတယ်။

" ဗဟုသုတများတဲ့ သူထံကသာ ဗဟုသုတယူရတာ မဟုတ်ဘူး၊ ဗဟုသုတနည်းတဲ့ သူထံကလည်း ဗဟုသုတ ယူရတယ်၊ ကမ္မဋ္ဌာန်းဆရာဟာ ယောဂီတွေထံကလည်း နည်းတွေ အများကြီး ရတယ်၊ ယောဂီတွေ တရားလျှောက်ပြတဲ့အခါ ဂရုစိုက်နားထောင်ရတယ်၊ မုဆိုးစိုင်သင်ပေါ့ " တဲ့။

ဆရာတော်ဟာ ယောဂီတွေ ကိုယ့်အလုပ်ကိုပဲ လုပ်ကြစေလိုတယ်၊ ယောဂီတစ်ဦးဟာ ဆရာတော့်အနားက သို့မဟုတ် ဆရာတော်ဟာ ယောဂီအနားကသွားရင် တချို့ယောဂီက ဆရာတော့်ကို လက်အုပ်ချီတာ, ဦးချတာ လုပ်တတ်တယ်၊ အဲဒီအခါ ဆရာတော်က " ကိုယ့်တရားပဲ ကိုယ်မှတ်၊ ကိုယ့်အလုပ် ကိုယ်လုပ် " လို့

http://www.dhammadownload.com

မိန့်တယ်၊ ဒါဟာ ဆရာတော်ရဲ့ တရားကို အလေးပြုတဲ့ သဘောပါပဲ၊ ယောဂီတွေရဲ့ တရား အလုပ်ကို အသံနဲ့ အနှောင့်အယှက် ပြုရင်လည်း လုံးဝ နှစ်သက်တော်မမူဘူး၊ ယောဂီတွေ တရားမှတ်တဲ့နေရာမှာ ကားမောင်းလာတာ၊ ကားဟွန်းတီးတာ, လူစကားသံ၊ ခြေနင်းသံ၊ တံခါးဖွင့်, ပိတ်သံ စတဲ့ အသံတွေ မရှိအောင် ဂရုစိုက်တော်မူတယ်၊ အသံဟာ တရားရှုမှတ်နေတဲ့ ယောဂီမှာ များစွာ အနှောင့်အယှက်ပြုပါတယ်၊ ဒါကြောင့် မည်သည့်အသံမှ မဆူညံရအောင် ဆရာတော်က ဂရုစိုက်တော်မူတာပါပဲ၊

ယောဂီတွေကို စကားပြောတာ တွေ့ရင် " ယောဂီတွေ ကိုယ့်အလုပ် ကိုယ်လုပ်ကြပါ " လို့ ဆရာတော်က မိန့်ကြားတတ်ပါတယ်၊ ပြည်ပယောဂီတွေ စကားပြောတာ တွေ့ရင် အင်္ဂလိပ်လို မိန့်ကြားတတ်ပါတယ်၊ No talking တဲ့၊ စကားမပြောပါနဲ့ပေါ့၊ ယောဂီတွေ ဟိုကြည့်ဒီကြည့် ကြည့်နေတာ တွေ့ရရင်လည်း " ယောဂီတွေ ကိုယ့်ကိုယ်ကို ပြန်ကြည့်ကြပါ " " ကိုယ့်အလုပ် ကိုယ်လုပ်ကြပါ " လို့ပဲ မိန့်ကြားတတ်ပါတယ်၊ အဲဒီလို ယောဂီတွေကို ဆရာတော်က " ပုတ်သင်ညိုယောဂီ " လို့ နာမည်ပေးတတ်ပါတယ်၊ ပုတ်သင်ညိုဟာ နေရာတစ်ခုကနေ အခြားနေရာတစ်ခုကို သွားရင် သွားရမယ့် နေရာကို တစ်ခါတည်း တန်းပြီး မသွားဘူး၊ နားလိုက်, ငေးလိုက်, နားလိုက် ငေးလိုက်လုပ်ပြီးမှ သွားရာမယ့် နေရာကို ရောက်တယ်၊ ယောဂီဟာလည်း တစ်နေရာ ကနေ တစ်နေရာကို သွားရင် ဟိုဟိုဒီဒီ မကြည့်ဘဲ ကိုယ့်ရှေ့ လေးထောင်လောက် ကြည့်ကာ ကိုယ့်အမှတ်နဲ့ကိုယ် သွားရမှာ၊ အဲဒီလို မသွားဘဲ ဟိုကြည့် ဒီကြည့် သွားနေရင်တော့ ပုတ်သင်ညိုနဲ့ တူတော့တာပေါ့။

ဆရာတော်ဟာ ယောဂီတွေအတွက် စားရေး, သောက်ရေး, နေထိုင်ရေး, ကျန်းမာရေးကအစ လိုလေသေး မရှိရအောင် မေတ္တာစေတနာရှေ့ထားပြီး ကြိုးစားဆောင်ရွက်ပေးတယ်၊ အစစအရာရာ အဆင်ပြေ, ပြည့်စုံအောင် ဆောင်ရွက်ပေးသလို ယောဂီတွေ တရားရှုမှတ်ရာမှာ မကြိုးစားရင်လည်း တင်းတင်းကြပ်ကြပ် ပြတ်ပြတ်သားသားပဲ မိန့်ကြားတတ်တယ်၊ ယောဂီတွေ တရားအသိဉာဏ်တိုးတက်အောင် ဆောင်ရွက်ရာမှာ ဆရာတော်ဟာ တင်းဖို့ လိုက တင်းတယ်၊ လျော့ဖို့လိုက လျော့တယ်၊ အလျော့အတင်း လုပ်ဖို့ လိုက အလျော့အတင်း လုပ်တယ်၊ မလျော့မတင်း လုပ်ဖို့ လိုက မလျော့မတင်း လုပ်တယ်၊ အခြေအနေအရ လိုအပ်သလို ဆောင်ရွက်တတ်ပါတယ်၊ ဆရာတော်ရဲ့ အဲဒီလိုနည်းမျိုးစုံနဲ့ ဆောင်ရွက်မှုကြောင့် တရားအံ့သိဉာဏ် ကောင်းမွန် ပြည့်စုံသွားသူတွေ များစွာပဲ ရှိပါတယ်။

http://www.dhammadownload.com

သုံးပတ်

ယောဂီမျိုးစုံ
သူ တွေ့ကြုံ၏။
ခြုံငုံလိုက်လျှင်
လေးမျိုးပင် တဲ့။
ထိုတွင် သွက်ရှင်း
အားကုန်တင်းက
သုံးပတ်တွင်းမှာ
တရားဟာ
ပြည့်စုံလာလိမ့်မည် တဲ့။

http://www.dhammadownload.com



ဆရာတော် ဆွမ်း ဘုန်းပေးနေစဉ်



နိပေါဠ် ဗုဒ္ဓယဉ်ကျေးမှုသင်တန်းသူလေးတစ်ဦးအား ဆုချီးမြှင့်စဉ်

(အပေါ်ပုံ ➡ စာမျက်နှာ ၂၇၀) (အောက်ပုံ ➡ စာမျက်နှာ ၂၆၈)

http://www.dhammadownload.com



ရွှေဥမင်ဆရာတော်ကြီးနှင့် ဆရာတော်တို့ မဟာစည်နာယက ဖြစ်စဉ်က



ပြည်ပ၌ ယောဂီတို့အား ဆရာတော် တရားဟောနေပုံ

(အပေါ်ပုံ → စာမျက်နှာ ၂၇၉) (အောက်ပုံ → စာမျက်နှာ ၂၉၆)

http://www.dhammadownload.com

စားခွက်နည်း

ဆရာတော် မဟာစည်သာသနာ့ရိပ်သာမှာ သြဝါဒါစရိယဆရာတော် အဖြစ်နဲ့ ဆောင်ရွက်စဉ်က စစ်ကိုင်းမြို့မှ ကျစွာဆရာတော် ဥူးလက္ခဏာလည်း နာယက အဖြစ်နဲ့ မဟာစည်သာသနာ့ရိပ်သာမှာ လာရောက်သီးတင်သုံးခဲ့တယ်၊ အဲဒီတုန်းက နာယကဆရာတော်တွေထဲမှာ ပြောစရာရှိရင် ဟောဟောဒိုင်းဒိုင်း ပြောတတ်တဲ့ ဆရာတော်တစ်ပါး ပါတယ်၊ ကျစွာဆရာတော်က အဲဒီနာယကဆရာတော်နဲ့ သြဝါဒါစရိယဆရာတော်တို့ရဲ့ စကားပြောပုံနဲ့ ပတ်သက်ပြီး ဒီလို ပြောဖူးတယ်၊ သြဝါဒါစရိယဆရာတော်က စကားတစ်လုံးကို အတော်နဲ့ မပြောဘူး၊ ချင့်ချိန်နေတာ အကြာကြီးပဲ၊ ဟိုဆရာတော်ကတော့ အဲဒီလို မဟုတ်ဘူး၊ သြဝါဒါစရိယဆရာတော် ဆီက ချင့်ချိန်မှုကို ဟိုဆရာတော်ကို တစ်ဝက်လောက် မျှပေးလိုက်ရရင် ကောင်းမှာ" တဲ့။

ဆရာတော်က တပည့်တွေမှာ ဆုံးမသွန်သင်စရာတွေ တွေ့နေတယ်၊ ဒါပေမယ့် တခါတလေ အတော်နဲ့ မပြောဘူး၊ တစ်လလောက် ကြာတဲ့အခါလည်း ရှိတယ်၊ ဆရာတော် ဆုံးမချင်တဲ့ ပုဂ္ဂိုလ်ကို တစ်ပါးချင်း, တစ်ယောက်ချင်းလည်း တွေ့နေတာပဲ၊ မဆုံးမသေးဘူး၊ အောင့်အီးနေနိုင်တယ်၊ စောင့်စည်းနေနိုင်တယ်၊ အဲဒီလို အောင့်အီးစောင့်စည်းနိုင်ဖို့ရာ တော်တော် ခက်မယ် ထင်ပါတယ်၊ ဆရာတော်မှာတော့ ပြောချင်ပေမယ့် ပြောသင့်, မပြောသင့် အချိန်အခါ ရောက်, မရောက် စသည်ကို ချင့်ချိန်ပြီး အောင့်အီးစောင့်စည်းမှုတွေက များခဲ့ပြီနဲ့ တူပါတယ်၊ ပြောပြန် တော့လည်း ပုဂ္ဂလာဓိဋ္ဌာန်သဘောနဲ့ သိပ်ပြောလေ့မရှိဘူး၊ ဓမ္မာဓိဋ္ဌာန် သဘောနဲ့ပဲ ပြောတတ်တယ်၊ သက်ဆိုင်ရာ ပါဠိတော်, အဋ္ဌကထာ, ဋီကာလာ စကားတွေကို လက်ကိုင်ပြုပြီး ရှင်းလင်းပြရင်း ဆုံးမစရာတွေကို ပြောတတ်တယ်၊

http://www.dhammadownload.com

သတိပေးစရာတွေကို သတိပေးတတ်တယ်၊ ပြုပြင်စရာတွေကို ပြုပြင်တတ်တယ်၊ ဆရာတော်က ဆရာက တပည့်တွေကို ဟောက်တာ, မာန်တာ, ဆူတာကို မကြိုက်ဘူး၊ အကျိုးအကြောင်းပြ ရှင်းလင်းပေးတာကိုပဲ သဘောကျတယ်၊ ဆရာတော်ကိုယ်တိုင်လည်း ဒီလိုပဲ ပြောတတ်တယ်။

စာရေးသူဟာ စာသင်သိက္ခာရှင်တွေကို စာသင်ပေးရင်း ကရဏာဒေါသနဲ့ ပြောမိတာတွေ ရှိတယ်၊ စာရေးသူ ပြောတဲ့ စကားတွေဟာ ဟုတ်တယ်၊ မှန်တယ်၊ ဒါပေမယ့် အပြောခံရတဲ့ သိက္ခာရှင်တွေမှာတော့ အခံရခက်ကြတယ်၊ စိတ်ညစ်ကြတယ်၊ ဒါကို ဆရာတော် သိတော့ ဆရာတော်က မြတ်စွာဘုရားရဲ့ သုဂတဂုဏ်တော် အကြောင်း ပြောရင်း စကား (၆) ခွန်းကိုလည်း ရှင်းပြတယ်။

၁။ ဟုတ်လည်း မဟုတ်, အကျိုးလည်း မရှိ, သူများလည်း မကြိုက်တဲ့ စကား။
သိလရှိသူကို သိလမရှိသူပဲလို့ ပြောတဲ့ စကားမျိုးပေါ့။

၂။ ဟုတ်လည်း မဟုတ်, အကျိုးလည်း မရှိ၊ ဒါပေမယ့် သူများတော့ ကြိုက်တဲ့ စကား။
ဒဏ္ဍာရီစကား၊ ဂုံးတိုက်စကား၊ မှားယွင်းတဲ့ ဘာသာရေးစကားစတဲ့ စကားတွေပေါ့။

၃။ ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမယ့် အကျိုးလည်း မရှိ၊ သူများလည်း မကြိုက်တဲ့ စကား၊
သူခိုးကို သူခိုးလို့ ပြောတဲ့ စကားမျိုးပေါ့၊

၄။ ဟုတ်မှန်တယ်၊ အကျိုးမရှိဘူး၊ ဒါပေမယ့် သူများတော့ ကြိုက်တဲ့ စကား။
တစ်ဖက်ပုဂ္ဂိုလ်က တကယ် ပြောတဲ့ စကားကို ယူပြီး အခြားပုဂ္ဂိုလ်ထံ ဂုံးတိုက်တဲ့ စကားမျိုးတွေပေါ့။
ဒီစကားလေးခွန်းကို ဘုရားရှင် ပြောတော်မမူဘူး၊

၅။ ဟုတ်လည်း ဟုတ်တယ်၊ အကျိုးလည်း ရှိတယ်၊ ဒါပေမယ့် သူများကတော့ မကြိုက်တဲ့ စကား။

သင်ဟာ ရှေးဘဝတွေက ကောင်းမှုကို မပြုခဲ့ဘဲ မကောင်းမှုကို ပြုခဲ့လို့ ဆင်းရဲဒုက္ခ ရောက်နေရတယ်၊ ယခုလည်း ကောင်းမှုမပြုဘဲ မကောင်းမှု ပြုနေရင် အပါယ် ဆင်းရဲမှ လွတ်ဖို့ ခဲယဉ်းတယ်၊ အပါယ်လေးပါး ကျသွားပါလိမ့်မယ်၊ စသည်နဲ့ အကျိုးစီးပွားကို ရှေးရှုပြုပြီး ဆုံးမတဲ့အနေနဲ့ ဟောပြောတဲ့ စကားမျိုးပေါ့။

၆။ ဟုတ်လည်း ဟုတ်တယ်၊ အကျိုးလည်း ရှိတယ်၊ သူများကလည်း ကြိုက်တဲ့စကား။
ဒါနနဲ့ ပတ်သက်တဲ့ စကား၊ သီလနဲ့ ပတ်သက်တဲ့ စကား၊ ဘာဝနာနဲ့

http://www.dhammadownload.com

ပတ်သက်တဲ့ စကားမျိုးတွေပေါ့၊ မြတ်စွာဘုရားက နောက်စကားနှစ်ခွန်းကို မိန့်သင့်တဲ့အချိန်မှာ မိန့်ကြားတော်မူတယ် တဲ့။

တခါတရံတော့လည်း ဆရာတော်က ဒီလို မိန့်တတ်ပါတယ်။

" ဓားနဲ့ ခုတ်တဲ့အခါ ဓားသွားတည့်တည့်နဲ့ ခုတ်ရင် ဓားကိုင်တဲ့ လက်လည်း နာတတ်တာပေါ့၊ ပြတ်ချက်ကလည်း ပြတ်သင့်သလောက် မပြတ်ဘူး၊ ဓားသွားကို ရွှေစောင်းပြီး ခုတ်ရင်တော့ လက်လည်း မနာဘူး၊ ပြတ်လည်း ပြတ်တယ် " တဲ့။

တခါတရံ စကားကို တဲ့တိုးပြောတာထက် သွယ်ဝိုက်ပြောတာကတော့ အကျိုးသက်ရောက်မှု ပိုရှိကြောင်းကို ဒီဓားခုတ်ပုံဥပမာလေးနဲ့ ဆရာတော်က ရှင်းပြတတ်ပါတယ်။

ဘုရားရှင်ရဲ့ သုဂတဂုဏ်တော်ကို အာရုံပြု ကြည်ညိုပြီး အတုယူစကားပြော ကြဖို့ တပည့်တွေကို ဆရာတော်ဟာ မကြာမကြာ ဆုံးမတတ်ပါတယ်၊ ဓားခုတ်ပုံ ဥပမာလေးနဲ့လည်း စကားပြောနည်းကို သင်ပေးတတ်ပါတယ်။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ အများနဲ့ ဆက်ဆံရတဲ့နေရာတွေ ရှိပါတယ်၊ အဲဒီနေရာတွေထဲမှာ ဆွမ်းစားကျောင်းနဲ့ ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေး အဖွဲ့ရုံးလည်း ပါတယ်၊ အဲဒီလိုနေရာတွေမှာ တာဝန်ဆောင်ရွက်ရသူတွေဟာ အများနဲ့ ဆက်ဆံကြရတယ်၊ အဲဒီအခါ စကားပြောတတ်ကြဖို့ လိုပါတယ်၊ ဆက်ဆံရေး ပြေပြစ်ဖို့ လိုပါတယ်၊ ဆက်ဆံရေး မပြေပြစ်ရင်, စကားပြော မတတ်ရင် သဒ္ဓါရှိပြီးသူတွေလည်း သဒ္ဓါလျော့သွားတတ်ကြတယ်၊ သဒ္ဓါမရှိသေးသူတွေမှာလည်း သဒ္ဓါဖြစ်ပေါ်မလာဘဲ ရှိတတ်တယ်၊ ဆွမ်းစားကျောင်းနဲ့ ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့ရုံးမှာ အောက်ပါလက်ဝါလေးတွေကို ဆရာတော် ရေးသားကာ ချိတ်ဆွဲထားစေပါတယ်။

စည်းရုံရေး စွမ်းရည်ကောင်းများ

၁။ ဖြောင့်မှန်စကား၊ ပြောဆိုငြား၊ ဖြစ်ပွား စည်းရုံးအား၊
၂။ ချစ်ကြည်စကား၊ ပြောဆိုငြား, ဖြစ်ပွား စည်းရုံအား၊
၃။ နူးညံ့စကား၊ ပြောဆိုငြား၊ ဖြစ်ပွား စည်းရုံးအား၊
၄။ နှစ်ရှိစကား၊ ပြောဆိုငြား၊ ဖြစ်ပွား စည်းရုံးအား၊

http://www.dhammadownload.com

စည်းရုံးရေးစွမ်းအား ယုတ်လျော့ကြောင်းများ

၁။ မမှန်စကား၊ ပြောမိငြား၊ ပျက်ပြား စည်းရုံး အား၊
၂။ မိတ်ပျက်စကား၊ ပြောမိငြား၊ ပျက်ပြား စည်းရုံးအား၊
၃။ ကြမ်းတမ်းစကား၊ ပြောမိငြား၊ ပျက်ပြား စည်းရုံးအား၊
၄။ နှစ်မဲ့စကား၊ ပြောမိငြား၊ ပျက်ပြား စည်းရုံးအား၊

ဗုဒ္ဓကျမ်းစာထွက်

ဆရာတော်က စည်းရုံးရေးပါတဲ့ စကားမျိုးကို ပြောတတ်အောင် သတိပေးဆုံးမထားတာပါပဲ၊ စကားပြောတဲ့အခါ ဖြောင့်မှန်တဲ့ စကားကို ပြောပါ၊ မမှန်တဲ့ စကားကို မပြောပါနဲ့၊ ချစ်ကြည်ရေးစကား (မိတ်ဖြစ်ရေးစကား၊ စေ့စပ်ရေးစကား) ကို ပြောပါ၊ မိတ်ပျက်ရေးစကားကို မပြောပါနဲ့၊ နူးညံ့တဲ့ စကားကို ပြောပါ၊ ကြမ်းတမ်းတဲ့ စကားကို မပြောပါနဲ့၊ အနှစ်ရှိတဲ့ စကားကို ပြောပါ၊ အနှစ်မဲ့တဲ့ စကားကို မပြောပါနဲ့ တဲ့၊ အဲဒီလို ဆရာတော် သတိပေးဆုံးမထားတာဟာ ဘုရားအဆုံးအမနဲ့ အညီပါပဲ၊ " ဝစီဒုစရိုက် (၄) ပါးကို ရှောင်ပါ၊ ဝစီသုစရိုက် (၄) ပါးကို ဆောင်ပါ " လို့ ဆိုလိုတာပါပဲ။

အလုပ်ရှုပ်နေတဲ့ အခါမျိုးနဲ့ အလုပ်ရှုပ်ပြီး ပင်ပန်းနေတဲ့ အခါမျိုးမှာ စည်းရုံးရေး မပါတဲ့ စကားမျိုးတွေ နှုတ်က ထွက်သွားမိတတ်ကြတယ်၊ အဲဒီလို စကားတွေ ထွက်ကြတယ်ဆိုတာကိုလည်း ဆရာတော်က ကြားသိရတယ်၊ စည်းရုံးရေး မပါတဲ့ စကားတွေကြောင့် စည်းရုံးရေး ပျက်ပြားသွားတာတွေကိုလည်း ဆရာတော်က ကြားသိနေရတယ်၊ ဒါကြောင့် စည်းရုံးရေးပါတဲ့ စကားမျိုးတွေကို ပြောတတ်ကြစေချင်တယ်၊ ပြောတတ်အောင် ကြိုးစားကြစေချင်တယ်၊ စည်းရုံးရေးမပါတဲ့ စကားတွေကို ပြောမိတဲ့ သူတွေဟာ ဘယ်လို စကားတွေက စည်းရုံးရေးအား ကောင်းတယ်၊ ဘယ်လို စကားတွေက စည်းရုံးရေးအား ယုတ်လျော့ပျက်ပျားစေတယ်–ဆိုတာကို မသိကြဘူး၊ ဒါကြောင့် သူတို့ သိကြပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆရာတော်က လက်ာလေးတွေ စီပြီး ရေးသားပေးထားပါတယ်၊ အဲဒီလက်ာလေးတွေကို ကိုယ်စီ ကိုယ်စီ ရထားသင့်ကြပါတယ်၊ ဖတ်လည်း ဖတ်ကြ၊ အလွတ်ရအောင်လည်း ကျက်မှတ်ထားသင့်ကြပါတယ်၊ လက်တွေ့စကားပြောတဲ့ အခါမှာလည်း ပြောနိုင်အောင် ကြိုးစားသင့် ကြပါတယ်၊ စာတွေကိုတော့ ချိတ်ထားပါရဲ့၊ လက်တွေ့စကားပြောတော့ စာနဲ့တစ်ခြားဖြစ်နေရင် အကျိုးသက်ရောက်မှု မရှိသေးဘူး၊ စည်းရုံးရေး ဖြစ်မှာမဟုတ်သေးဘူး၊ တကယ် အကျိုးသက်ရောက်မှု ဖြစ်အောင် စည်းရုံးရေးအား ကောင်းအောင်

http://www.dhammadownload.com

လက်တွေ့လည်း ပြောကြားကြပါမှ စည်းရုံးရေးအားတွေ ကောင်းနိုင်ပါလိမ့်မယ်၊ စာတွေကို ချိတ်ထားပြီး လက်တွေ့ စကားပြောကြတော့ စာနဲ့တခြားစီ ဖြစ်နေရင် ချိတ်ထားတဲ့ စာလေးတွေကို အားနာစရာ ဖြစ်နေပါလိမ့်မယ်။

ဓားခုတ်နည်း

ဓားခုတ်ရာတွင်
တည့်ခုတ်လျှင်မူ
လက်တွင်လည်း နာ
ပြတ်တာလည်း နည်း (နဲ)
စကားပြောလဲ
တဲ့တိုးချဲက
ကျိုးရန်းတတ်၊
ရွှေစောင်းဖြတ်က
ပိုပြတ်သည်လား
ဝိုက်စကားကား
ကျိုးပိုများစွ
သဘာဝ။

⌘ ⌘ ⌘ ⌘ ⌘

http://www.dhammadownload.com

စိတ်ဒေးဒေး ထား

စာရေးသူထံ ရန်ကုန်ရွှေတောင်ကုန်းသာသနာ့ရိပ်သာက သတင်းတစ်ခု ရောက်လာတယ်၊ " မန္တလေးက ဥူးဇင်းရဟန်းဒကာကြီးရဲ့သား ကွယ်လွန်သွားပြီး " တဲ့၊ စာရေးသူရဲ့ မန္တလေးက ရဟန်းဒကာကြီးနဲ့ ဒကာမကြီးတို့က ကွယ်လွန်သွားတာ ကြာပါပြီ၊ ကျန်ရစ်တဲ့ သားတစ်ယောက်နဲ့သမီးတစ်ယောက်က စာရေးသူကို အလိုရှိတာ အမိန့်ရှိဖို့ ဖိတ်မံလျှောက်ထားကြတယ်၊ သားက ရန်ကုန်က ဒေါက်တာ မခင်အောင်အောင်ငွေနဲ့ အိမ်ထောင်ကျတယ်၊ သားလေး (၂) ယောက်နဲ့ သမီးလေး တစ်ယောက် ထွန်းကားတယ်၊ ရဟန်းဒကာကြီးရဲ့ သမီးကတော့ လူလွတ်ပါပဲ၊ မခင်ညွန့်လွင်တဲ့၊ သားကတော့ မောင်ငွေခဲတဲ့၊ ရောက်လာတဲ့ သတင်း မှန်ခဲ့ရင်တော့ မောင်ငွေခဲ တစ်ယောက် တမလွန်ဘဝကို သွားရှာပြီပေါ့၊ အသက်က စာရေးသူ အသက်နဲ့ မတိမ်းမယိမ်းပါပဲ၊ (၄၀) ဝန်းကျင်လောက် ရှိမယ်၊ ဒီလိုအချိန်မျိုးမှာ သူတို့မှာ အားငယ်ချင်လည်း အားငယ်နေကြမယ်၊ သောကမီးတွေ တောက်လောင်ချင်လည်း တောက်လောင်နေကြမယ်။

အားပေးစကားလေးတွေ, သောကမီးငြိမ်းစေမယ့် စကားလေးတွေကို စာနဲ့ လှမ်းရေးပေးဖို့ လိုလိမ့်မယ်လို့ ယူဆမိတယ်၊ ဒါကြောင့် ဒီလို ကိစ္စမျိုးမှာ ဆရာတော် ဟောလေ့ရှိတဲ့ တရားစကားလေးတွေကို ပြန်လည်စဉ်းစားမိတယ်၊ ဆရာတော် ဟော ပြောတဲ့ တရားစကားလေးတွေနဲ့ ရေးပေးရရင် အားငယ်စိတ်တွေ၊ သောကမီးတွေ ပျောက်ပြီး စိတ်အေးချမ်းကာ စိတ်အား ရှိလာကြလိမ့်မယ်လို့ မျှော်လင့်မိတယ်၊ ဆရာတော် ဟောလေ့ရှိတဲ့ စကားလေးတွေကို အများကြားဖူးပြီးသားပါပဲ၊ စာရေးသူ လည်း ကြားခဲ့ဖူးတာပါပဲ၊ ဒါပေမယ့် သူ့စကားလုံးတွေက ဆန်းသစ်နေတယ်၊ ဒါကြောင့် မှတ်မိနေတယ်။

http://www.dhammadownload.com

" သတ္တဝါတွေအားလုံးဟာ အသေခံတပ်သားတွေပဲ " တဲ့။

ဆရာတော်ကတော့ သတ္တဝါအားလုံးဟာ အသေခံတပ်သားတွေတဲ့၊ ထူးဆန်းနေတာပေါ့၊ သတ္တဝါအားလုံးဟာ အသေခံတပ်သားတွေ ဖြစ်သလို အဘိုခံတပ်သားတွေ၊ အနာခံတပ်သားတွေလည်း ဖြစ်တယ်တဲ့၊ " အဘိုခံ တပ်သား, အနာခံတပ်သား " ဆိုတဲ့ စကားလုံးတွေလည်း ပါလာပြန်တယ်၊ ပိုပြီး ထူးဆန်းလာတယ်။

" အဘိုခံတပ်သား၊ အနာခံတပ်သား၊ အသေခံတပ်သား " ဆိုတဲ့ စကားလုံးတွေရဲ့ အဓိပ္ပါယ်ကို ပေါ်လွင်အောင် ဆရာတော်က ဒီလို ဆက်လက်ရှင်းပြတယ်။

" တောကြီးထဲမှာ တောမီးလောင်တယ်၊ အရှေ့အရပ်ကလည်း လောင်လာတယ်၊ အနောက်အရပ်ကလည်း လောင်လာတယ်၊ မြောက်အရပ်ကလည်း လောင်လာတယ်၊ တောင်အရပ်ကလည်း လောင်လာတယ်၊ အရပ်လေးမျက်နှာက ဝိုင်းပြီး လောင်လာတယ်၊ အရပ်လေးမျက်နှာမှာ မီးတွေ ဝိုင်းလာကုန်ပြီ၊ မီးတွေရဲ့အလယ်မှာ ရောက်နေတဲ့ သားကောင်လေးတွေ၊ သတ္တဝါတွေ လွတ်အောင် ပြေးဖို့ လမ်း မရှိတော့ဘူး၊ အသေခံရတော့တာပါပဲ၊ ဘာမျှ မတတ်နိုင်ရှာကြတော့ဘူး။ "

" သတ္တဝါတွေအားလုံးဟာ ဒီလိုပါပဲ၊ သတ္တဝါတွေမှာတော့ ဇာတိမီး၊ ဇရာမီး၊ ဗျာဓိမီး၊ မရဏမီးဆိုတဲ့ မီးတွေ ဝိုင်းအုံပြီး လောင်နေတယ်၊ ဘယ်လိုအရပ်ပြေးပြေး ဒီမီးတွေက မလွတ်နိုင်ဘူး၊ ဒါကြောင့် သတ္တဝါတွေဟာ အဘိုခံတပ်သား၊ အနာခံတပ်သား၊ အသေခံတပ်သားတွေပဲ " တဲ့။

ဆရာတော် ပြောတဲ့ လာမယ့် ဥပမာလေးက စိတ်ဝင်စားစရာ ကောင်းလွန်းလို့ တစ်ခါ ကြားရုံမျှနဲ့ တစ်သက် မမေ့အောင်ပဲ စာရေးသူစိတ်ထဲမှာ စွဲသွားတယ်၊ အဲဒီ ဥပမာ စကားလေးက –

" နေပူထဲက လာတဲ့ ရေဆာနေတဲ့ သူကို ရေပူ၊ ရေနွေး မပေးဘဲ ရေအေးအေးလေး ပေးရတယ် " တဲ့။

ဥပမေယျစကားလေးကတော့ –

" ဒီလိုပဲ တမလွန်ဘဝမှ ကုသိုလ်အဖို့ဘာဂ (ကုသိုလ်ဝေစု) ဆာလောင်နေသူကို ဝမ်းနည်းပူဆွေးစွာနဲ့ အမျှမဝေဘဲ စိတ်ကြည်လင်အေးမြစွာနဲ့ ပေးရတယ် " တဲ့။

ဆရာတော်ရဲ့ ဒီဥပမာ, ဥပမေယျစကားလေးတွေကလည်း သောကမီးတောက်လောင်နေသူတွေရဲ့ သောကမီးကို ငြိမ်းအေးစေနိုင်စွမ်း ရှိကြပါတယ်၊ ဒီစကားလေးတွေကို ကြားရတဲ့ သောကရှင်တွေဟာ သောကစင်ပြီး စိတ်ကြည်လင်

http://www.dhammadownload.com

အေးမြစွာနဲ့ အမျှဝေနိုင်ကြတယ်၊ တမလွန်ဘဝကို သွားလေသူမှာ သူတို့ပေးဝေတဲ့ ကုသိုလ်ဝေစုကို ဆာလောင်နေခဲ့ရင် အေးအေးဆေးဆေးနဲ့ သောက်စေချင်တဲ့ ရစေချင်တဲ့ မေတ္တာ စေတနာတွေက သောကရှင်တွေမှာ အားကောင်းစွာ ဖြစ်ပေါ်လာကြတာကိုး၊ ဆရာတော်ရဲ့ ဒီဥပမာ, ဥပမေယျစကားလေးကို ကြားရတော့ သောကရှင်တွေရဲ့ ရင်ထဲမှာ အသိဝင်လာတယ်၊ သောကက အပူပဲ၊ မေတ္တာစေတနာ တွေက အအေးပဲ၊ အပူနဲ့ အမျှပေးလို့ မဖြစ်ဘူး၊ အအေးနဲ့ ပေးမှ ဖြစ်မယ်ပေါ့၊ ဒီတော့ စိတ်အေးအေးနဲ့ အမျှဝေကြတော့တာပေါ့၊ အမျှပေးဝေကြတဲ့ အခါမှာ စိတ်အေးအေး ထားနိုင်ကြဖို့ သိပ်အရေးကြီးတယ်၊ စိတ်အေးအေးထားပြီး အမျှပေးဝေဖို့ တိုက်တွန်းရာမှာ ဆရာတော်ရဲ့ ဥပမာ, ဥပမေယျစကားလေးတွေဟာ အစွမ်းထက် ကြပါတယ်။

တမလွန်ဘဝသို့ သွားလေသူနဲ့ ပတ်သက်ပြီး ဆရာတော် မိန့်လေ့ရှိတဲ့ စကားတစ်ခွန်းက ဘုရားစကားတော်ပါပဲ၊ ဆရာတော်က ဘုရားဟော ပါဠိကို ရွတ်ပြတယ်၊ ပြီးမှ အဓိပ္ပါယ် ရှင်းပြတယ်၊ ပါဠိက– ပုညာနိ ပရလောကသ္မိံ ၊ ပတိဋ္ဌာ ဟောန္တိ ပါဏိနံ " တဲ့။

ဒီပါဠိမှာ " ပုည " ဆိုတဲ့ ပါဠိစကားလုံးကို မြန်မာလို " ကောင်းမှု " လို့ ပြန်ဆိုကြတယ်၊ ဆရာတော်ကတော့ " ပုည " ဆိုတဲ့ စကားလုံးမှာ ငုတ်နေတဲ့ အဓိပ္ပါယ်ကိုဖော်ပြီး ရှင်းပြတယ်၊ " ပုည " ဆိုတဲ့ စကားလုံးမှာ ငုတ်နေတဲ့ အဓိပ္ပါယ်က " ကုသိုလ်ရှင်တို့ရဲ့ စိတ်အစဉ်ကို ဖြူစင်စေပြီး ကုသိုလ်ရှင်တို့ရဲ့ လိုအင်ဆန္ဒကို ဖြည့်တင်းပေးတဲ့တရား " တဲ့၊ ဒါန၊ သီလ၊ ဘာဝနာ စတဲ့ ကောင်းမှုကုသိုလ်တရားတွေက ကုသိုလ်ရှင်တို့ရဲ့ မဲညစ်နေတဲ့ စိတ်အစဉ်ကို ဖြူစင်စေကြတယ်၊ ပြီးတော့ ကုသိုလ်ရှင်တို့ရဲ့ လိုအင်ဆန္ဒကိုလည်း ဖြည့်တင်းပေးကြတယ်တဲ့၊ ဒီကောင်းမှုကုသိုလ်တွေဟာ တမလွန်ဘဝသွားလေသူတို့အတွက် ထောက်ရာတည်ရာ အားကိုးရာ ဖြစ်တယ်တဲ့၊ ယခု တမလွန်ဘဝ သွားလေသူဟာ ဒါန၊သီလ၊ ဘာဝနာစတဲ့ ကုသိုလ်ကောင်းမှုတွေကို သူ့အတိုင်းအတာနဲ့သူ ပြုသွားတာပါပဲ၊ အဲဒီကောင်းမှုတွေက သူ့အတွက် ထောက်ရာတည်ရာ အားကိုးရာ ဖြစ်နေကြမှာပါပဲ တဲ့။

ဒီစကားကြားရတော့ ကျန်ရစ်သူတွေမှာ စိတ်အားရှိလာတယ်၊ တမလွန်ဘဝသွားလေသူမှာလည်း ပြုသွားတဲ့ ကုသိုလ်တွေမျိုးစုံ ရှိခဲ့တာကိုး၊ အဲဒီကောင်းမှုကုသိုလ်မျိုးစုံကို စိတ်ထဲမှာ ပြန်ပြီး မြင်ယောင်လာတယ်၊ မြင်လာတော့ တမလွန်ဘဝသွားလေသူအတွက် စိတ်သက်သာရာ ရတယ်၊ စိတ်အေးသွားရတယ်၊ ဒီစကားလေးကလည်း ကျန်ရစ်သူတွေကို စိတ်အားရှိစေတဲ့ စကားလေးပါပဲ၊ စိတ်အေးစေတဲ့ စကားလေးပါပဲ။

http://www.dhammadownload.com

နောက်ပြီးတော့ ဆရာတော်က ဒီစကားလေးတွေကိုလည်း မိန့်တတ်တယ်။

" ကွယ်လွန်သူကို ရည်စူးပြီး ကုသိုလ်ပြုအမျှဝေတာဟာ ကျေးဇူးရှင်ကို ကျေးဇူးဆပ်ရာလည်း ရောက်ပါတယ်၊ ကွယ်လွန်သူဟာ ကျန်ရစ်သူတွေအပေါ် သူ့အတိုင်း အတာနဲ့သူ ကျေးဇူးပြုသွားတာပါပဲ၊ ကြွေးယူသူဟာ ကြွေးရှင်ကို ကြွေးဆပ်လိုက်ရင် ကြွေးယူသူမှာ စိတ်ပေါ့သွားတယ်၊ ကျေးဇူးရှင်ကိုလည်း ကျေးဇူးဆပ်လိုက်ရရင် ဆပ်ရသူမှာ ပေါ့ပါးသွားတယ်၊ ကျေးဇူးကြွေး ကျေသွားတယ်။ "

" ရှေးက ပြုလာတဲ့ အစဉ်အလာကောင်းဖြစ်တဲ့ ကွယ်လွန်သူရည်စူးပြီး ကုသိုလ်ပြု အမျှဝေတဲ့ လုပ်ငန်းကို ဆက်လက်ထိန်းသိမ်းရာလည်း ရောက်တယ်။ "

" နောက်ပြီးတော့ ' သေသူ ပေးက ရှင်သူရ ' ဆိုတဲ့ စကားအတိုင်း ကွယ်လွန်သူကို ရည်စူးပြီး ပြုသမျှကုသိုလ်တွေကို သေသူက ' ရော့ . . . အင့် . . . ယူ ' လို့ ပေးတာ မဟုတ်ပေမယ့် ကွယ်လွန်သူ အကြောင်းပြုပြီး ပြုရတဲ့ကုသိုလ် ဖြစ်လို့ သေသူပေးတဲ့ ကုသိုလ်လို့ ခေါ်ဆိုရတယ် " တဲ့။

ဆရာတော်နဲ့အတူ စာရေးသူဟာ ကွယ်လွန်သူ ရည်စူးပြီး ကုသိုလ်ပြုတဲ့ ပွဲတွေမှာ အခါများစွာ လိုက်ဖူးပါတယ်၊ ဆရာတော် ဟောလေ့ရှိတဲ့ စကားလေးတွေကို အခါများစွာနာယူဖူးပါတယ်၊ ဆရာတော်ဟာ အဲဒီလိုပွဲတွေမှာ ဒီတရားစကားလေးတွေကိုပဲ ဟောလေ့ရှိပါတယ်၊ ဆရာတော် ဟောတဲ့ အဲဒီတရားကို နာကြားကြရတဲ့ တရားနာပရိတ်သတ်တွေဟာလည်း သောကမီးငြိမ်းခွင့် ရကြတယ်လို့ ယူဆပါတယ်။

မြတ်စွာဘုရားရဲ့ တရားတော်တွေက ကြားနာရုံပင် အပူစင်စေပါတယ်၊ ကျင့်လျှင် ချမ်းသာစေပါတယ်၊ ကျင့်ပြီးတဲ့အခါမှာလည်း လွန်စွာ ငြိမ်းစေပါတယ်၊ ဒါကြောင့် ကိလေသာမီးအပူ အလောင်ခံနေကြရတဲ့ သတ္တဝါတွေဟာ ဘုရားတရားတော်ကို ကြားနာလည်း ကြားနာကြရပါတယ်၊ ကျင့်လည်း ကျင့်ကြ ရပါတယ်၊ ဒါမှ အပူစင်ပြီး ချမ်းသာခွင့်၊ ငြိမ်းချမ်းခွင့် ရကြပါလိမ့်မယ်။

သတ္တဝါတွေဟာ သေခဲ့ရတဲ့ အခါပေါင်းလည်း မရေမတွက်နိုင်အောင်ပါပဲ၊ ကိုယ်နဲ့ခင်သူတွေ သေလို့ ငိုလို့ ကျရတဲ့ မျက်ရည်တွေဟာလည်း မရေမတွက်နိုင်အောင်ပါပဲ၊ နောင်အခါမှာလည်း ဘယ်နှစ်ခါ ဆက်လက် သေနေကြရဦးမည် မသိ၊ ကျရမယ့် မျက်ရည်တွေလည်း ဘယ်လောက် များအုံးမယ် မသိ၊ ဘုရားတရားကို မသိသေးသမျှ အသေသံသရာ ရှည်နေအုံးမှာပါပဲ၊ အငိုသံသရာလည်း ရှည်နေအုံးမှာပါပဲ၊ အအိုခံတပ်သားတွေ အိုကြပေအုံးရော့၊ အနာခံတပ်သားတွေ နာကြပေအုံးရော့၊ အသေခံတပ်သားတွေ သေကြပေအုံးရော့။

http://www.dhammadownload.com

စိတ်အေးအေးထား

နေပူထဲက လာသူ
ရေအေးလေးနဲ့ ကူ
ကွယ်လွန်သူ မျှဝေငြား
စိတ်ကို အေးအေးထား။
ဆရာတော်ဘုရားရဲ့ စကားဟာ
လွန်စွာ ထိရောက်ပါ၊
တစ်ခါပင် ကြားစေဦး
တစ်သက် မေ့မရဘူး။။

http://www.dhammadownload.com

ဘယ်သူ့ကို မေးရပါ့

စာရေးသူရဲ့ အခန်းမှာလည်း အင်တာကွန်း ရှိတယ်၊ ရန်ကုန် ရွှေတောင်ကုန်းသာသနာ့ရိပ်သာက အခန်းမှာပါ၊ အင်တာကွန်းဖုန်း အသံမြည်လို့ ကောက်ကိုင်လိုက်တယ်၊ အသံထွက်လာတယ်၊ ဆရာတော်ရဲ့ အသံ ဖြစ်နေတယ်။

" ဥုးဓမ္မိက . . . သပြေကန်ဆရာတော် စံလွန်တော်မူသွားပြီ၊ သာသနာတော်မှာ အားကိုးရတဲ့ ဆရာတော်တစ်ပါး ဆုံးရှုံးသွားပြီ၊ တကယ်အားကိုးအားထားရတဲ့ ဆရာတော် မရှိတော့ဘူး " တဲ့။

ဆရာတော်က သပြေကန်ဆရာတော် စံလွန်တော်မူတဲ့ အကြောင်းကြားပြီး မကြာခင် စာရေးသူထံ ဖုန်းနဲ့ လှမ်းပြောတယ်၊ သူ တကယ်အားကိုးထားတဲ့ ဆရာတော် စံလွန်တော်မူသွားတော့ ခိုကိုးရာမဲ့သွားလို့ အားငယ်တဲ့ လေသံလည်း ပါတယ်၊ နှမြောတသတဲ့ လေသံလည်း ပါတယ်၊ စိတ်မကောင်းတဲ့ လေသံလည်း ပါတယ်၊ ဆရာတော်ပြောသံကို ကြားရတော့ စာရေးသူမှာ အသိတစ်ခု ပေါ်လာတယ်၊ " ဆရာတော်က သပြေကန်ဆရာတော်ကို သိုင်းကို အားကိုးအားထားပဲ " ဆိုတဲ့အသိပါပဲ၊ ဆရာတော်ကို သနားလည်း သနားသွားတယ်၊ ဆရာတော့်မှာ ပိဋကဆိုင်ရာ ပြဿနာအခက်အခဲ ရှိလာရင် သပြေကန်ဆရာတော်ကို သိပ်ပြီး အားကိုးခဲ့တယ်၊ ဆရာတော် အားကိုးလောက်အောင်လည်း သပြေကန်ဆရာတော်က တော်ပါတယ်၊ စာရေးသူ စုဆောင်းတင်ပြထားတဲ့ " ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော် မေးရှ် သပြေကန်ဆရာတော်ကြီး ဖြေသည် " ဆိုတဲ့ စာအုပ်ကို ကြည့်ရင် ဆရာတော် အားကိုးလောက်အောင် သပြေကန်ဆရာတော် ဘယ်လောက် တော်တယ်ဆိုတာ သိနိုင်ပါတယ်။

သပြေကန်ဆရာတော် စံလွန်တော်မူပြီးတဲ့အခါ " ဘယ်သူ့ကို မေးရပါ့မယ်"

http://www.dhammadownload.com

လို့ အတွေးပေါ်ပြီးမေးရမယ့် ပုဂ္ဂိုလ်ကို ဆရာတော် ရှာနေပါတယ်။ ဘယ်သူ့ကို မေးရပါ့မလဲ လို့ လည်း စာရေးသူကို တိုင်ပင်တဲ့အနေနဲ့ မေးဖူးပါတယ်။ ဆရာတော်ဟာ မေးမြန်းရာမှာ လည်း ဝါသနာကြီးပါတယ်။ " မမေးမမြန်း ဉာဏ်မြင်ကန်း စုံစမ်း ဉာဏ်ကြီးသည် " တဲ့၊ သုဘလုလင် မေးလို့ ဘုရားရှင် ဖြေထားတဲ့ အဖြေကို မဟာစည် ဆရာတော်ကြီး စီထားတဲ့ လင်္ကာလေးပါပဲ၊ ဘုရားရှင် ပြောထားသလို ဆရာတော်ဟာ ဉာဏ်ကြီးဖို့ရာ စုံစမ်းမေးမြန်းတာ ဖြစ်ပါလိမ့်မယ်၊ သပြေကန်ဆရာတော်လို ဆရာတော် ကြီးတွေကိုလည်း မေးတာပဲ၊ ရဟန်းငယ်တွေကိုလည်း မေးတာပါပဲ၊ တရားအားထုတ်ပြီး လို့ ဆရာတော်ထံ နေလိုလို့ နေခွင့်လျှောက်ထားရင် လျှောက်ထားတဲ့ ပုဂ္ဂိုလ်ရဲ့ သဘောထား, ဉာဏ်ရည်ဉာဏ်သွေး, အတွေးအခေါ်, အမြော်အမြင်, စိတ်နေစိတ်ထား စတာတွေကို စမ်းသပ်တဲ့ မေးခွန်းတွေကို ဖြေဖို့သာ ပြင်ထားပေတော့၊ မေးသလား မမေးနဲ့၊ ခေါင်းမူးသွားအောင် မေးလိုက်လိမ့်မယ်၊ စေ့စေ့စပ်စပ် မေးလည်း မေးတတ် တယ်၊ စာရေးသူမှာတော့ အစပိုင်းမှာ အဲဒီလို မေးခွန်းတွေ အမေးမခံရပါဘူး၊ နောက်ပိုင်းမှာ ဆရာတော်ထံ နေလာခဲ့တဲ့ ကာလအတောအတွင်း စာရေးသူကိုလည်း စမ်းသပ်မေးခွန်းတွေ အတော်များများ အခါအခွင့် သင့်တိုင်း မေးတတ်တယ်၊ စာရေးသူ လို တပည့်သံဃာတွေကိုသာမက သိက္ခာရှင်၊ အမျိုးသား၊ အမျိုးသမီး ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် ဆည်းကပ်လာသူတွေကိုလည်း မေးတတ်ပါတယ်၊ သူ မသိသေး တာကို သိချင်လို့ မေးတာတွေလည်းပါတယ်၊ သူသိပြီးသားကို ပြောပြချင်လို့ မေးတာ လည်း ပါတယ်၊ နှီးနှောချင်လို့ မေးတာလည်း ပါတယ်၊ ဦးဆောင်မေးခွန်းတွေကိုလည်း မေးတတ်တယ်၊ ဆန့်ကျင်ဘက်မေးခွန်းတွေကိုလည်း မေးတတ်တယ်၊ နိမိတ်ပြမေးခွန်း တွေကိုလည်း မေးဘတ်တယ်၊ သွယ်ဝိုက်ပြီးတော့လည်း မေးတတ် တယ်။

ဆရာတော်ဟာ ပြည်တွင်းက ပုဂ္ဂိုလ်တွေ၊ဂိုဏ မေးတတ်တာ မဟုတ်ပါဘူး၊ အမေးအမြန်း အရမ်းထူတဲ့ ပြည်ပသားတွေကိုလည်း ချာချာလည်သွားအောင် မေး တတ်တယ်၊ ပြည်ပသားတွေက ဆရာတော်ကို မေးလာတဲ့ အခါမျိုးမှာတောင် အဖြေ မပေးဘဲ သူတို့ကို မေးခွန်း ပြန်မေးတတ်ပါသေးတယ်၊ ပြည်ပသားတွေ အထူးသဖြင့် အနောက်တိုင်းသားတွေ ဆရာတော်ထံ တရားလျှောက်တဲ့အခါ ကြောက်တတ်လိမ့်မယ် လို့ မထင်မိခဲ့ဘူး၊ တကယ်တော့ ဘယ်ဟုတ်မလဲ၊ သူတို့လည်း ကြောက်တတ်တာပဲ၊ အနောက်တိုင်းတခွင်မှာ အလွန်ပင် နာမည်ကြီးလှတဲ့ တရားပြဆရာလည်း ဖြစ်၊ စာရေးဆရာလည်း ဖြစ်တဲ့ " ဂိုးလ်စတိန်း " ဆိုတဲ့ အမေရိကန်သားတစ်ဦး ရှိတယ်၊ သူက ဆရာတော်ထံမှာ တရားအားထုတ်ခဲ့ဖူးတယ်၊ သူက ပြောဖူးတယ်၊ သူ ဆရာတော်ထံ တရားအားထုတ်တုန်းက တစ်နေ့မှာ ညအခါ စကြံနှင့်လျှောက်မှတ်နေ

http://www.dhammadownload.com

တယ်တဲ့၊ သူ စကြံုန်လျှောက်နေတဲ့ နေရာရဲ့ ခပ်လှမ်းလှမ်းမှာ ဓာတ်မီးတိုင်တစ်တိုင် ရှိတယ်၊ အဲဒီ ဓာတ်တိုင်ကို ဆရာတော် ဥူးပဏ္ဍိတ လို့ ထင်မိတယ်တဲ့၊ ဆရာတော် ဥူးပဏ္ဍိတ ပဲလို့လည်း ထင်လိုက်ရော ဓာတ်တိုင်ကို သူ ကြောက်သွားတယ်၊ အဲဒီ နေရာမှာ ဓာတ်တိုင်ကို ဆရာတော် ဥူးပဏ္ဍိတ ထင်ပြီး ကြောက်ကြောက်နဲ့ စကြံုန် ဆက်လျှောက်နေခဲ့ရတယ်၊ တကယ့်နာမည်ကြီး တရားပြဆရာကြီးလည်း ဆရာတော်ကို ကြောက်တာပါပဲလား၊ နောက်မနက်လင်းမှ သေသေချာချာ ကြည့်လိုက်တော့ သူကြောက်ခဲ့တဲ့ အရာဟာ ဆရာတော် ဥူးပဏ္ဍိတ မဟုတ်ဘဲ ဓာတ်တိုင်တစ်တိုင် ဖြစ်ကြောင်း သိရသတဲ့၊ အဲဒီအခါကျမှ သူကိုယ်သူ ရယ်မိသတဲ့။

ဆရာတော်ထံ တရားလျှောက်ရင် ဖြီးဖြန်းပြီးတော့ လျှောက်မယ်မကြံုနဲ့၊ ဆရာတော်က ဟိုထောက် ဒီထောက် ထောက်ပြတဲ့ မေးခွန်းတွေ မေးတတ်တယ်၊ အဲဒီအခါကျရင် ပြည်တွင်းယောဂီတွေရော၊ ပြည်ပယောဂီတွေရော အယောင်ယောင် အမှားမှားဖြစ်ကာ အိုးနင်းခွက်နင်း ဖြစ်ကုန်ရော၊ ဆရာတော်က တရားစစ်တဲ့ အခါမှာလည်း အလွန်ပဲ စေ့စပ်လှတယ်၊ နာမည်ကြီးတရားပြဆရာ " ဂိုးလ်စတိန်း " နဲ့ အတူ တရားပြနေတဲ့ " ဂျွန် " ဆိုတဲ့ အမေရိကန်အမျိုးသမီးတစ်ဦး ရှိတယ်၊ သူမလည်း နာမည်ကြီး တရားပြဆရာမကြီးပဲ၊ သူမလဲ ဆရာတော်ထံ တရားအားထုတ်ခဲ့ ဖူးတယ်၊ သူမက တစ်နေ့မှာ ဆရာတော်ထံ တရားလျှောက်ဖို့ ဆရာတော်ထံမှောက်မှာ ထိုင်တယ်၊ ထိုင်ပြီး ကန်တော့တယ်၊ ကန်တော့တဲ့အခါ ဆံပင်တွေက အောက်သို့ လျှောကျတယ်၊ လျှောကျတဲ့ ဆံပင်တွေကို အထက်ကို ခေါင်းရမ်းပြီး တင်လိုက်တယ်၊ အဲဒီအခါ ဆရာတော်က မေးလိုက်တယ် " ယောဂီ . . . အဲဒါကိုကော မှတ်ရဲ့လား " တဲ့၊ ဆံပင်ရမ်းပြီး တင်လိုက်တာကိုပဲ မေးလိုက်တာပါပဲ၊ သူမက အဲဒါကို မှတ်ဖို့ လွတ်သွားတာကို ဆရာတော်က သိလို့ မေးလိုက်တာပါပဲ၊ " မမှတ်မိပါဘုရား " တဲ့၊ " နောက်တစ်ခါ အဲဒါကို မှတ်မိအောင် မှတ်ပါ " တဲ့၊ ဆရာတော် စေ့စပ်တယ်ဆိုတာ တကယ်ပါပဲလား၊ မလွယ်ဘူး။

နောက်တစ်နေ့ ဆရာတော်ထံ တရားလျှောက်ဖို့ သွားခဲ့ပြန်တယ်၊ ဆရာတော် ပြောတာကို ရေးမှတ်ဖို့ သူမက ဘောလ်ပင်ကို ယူလိုက်တယ်၊ " အဲဒါကိုကော မှတ်ရဲ့လား၊ ယောဂီ စာကိုရော ရေးတတ်ရဲ့လား " လို့ ဆရာတော်က သူမကို မေးလိုက်သတဲ့၊ စာရေးရင်လည်း ဂျာမှတ်မှုနဲ့ ရေးပါလို့ ဆိုလိုတာပါပဲ။

ဆရာတော်ဟာ တရားစစ်တဲ့ နေရာမှာသာ မဟုတ်ဘူး၊ အခြား အခြား နေရာတွေမှာလည်း ဒီလိုပဲ စေ့စေ့စပ်စပ်နဲ့ မေးခွန်းတွေ မေးတတ်တယ်၊ ဆရာတော်က ပြည်ပသားတွေကို တရားနဲ့ စပ်တဲ့ မေးခွန်းတွေ မေးဖို့ တစ်ပတ်မှာ တစ်ရက် အချိန်

http://www.dhammadownload.com

ပေးပါတယ်၊ ပြည်တွင်းမှာရော ပြည်ပမှာပါပဲ၊ သူတို့.ကလည်း ဆရာတော့်ကို အလွန်ပဲ မေးကြပါတယ်၊ ခေါင်းရှုပ်ချင်စရာပါပဲ၊ ဆရာတော်ဟာ သူတစ်ပါးကို မေးပေါင်း များခဲ့သလို သူတစ်ပါးက မေးလို့. ဖြေရပေါင်းကလည်း များလို့.နဲ့ တူပါတယ်၊ ဆရာတော်က အေးအေးဆေးဆေးပါပဲ၊ သူတို့. မေးတာတွေကို ဖြေပေးဖို့. ဝန်လေးတဲ့ပုံ မပေါ်ပါဘူး၊ ဝန်မလေးရအောင်လည်း ဆရာတော်က လေ့လာသင့်တာတွေကို လေ့လာတယ်၊ သပြေကန်ဆရာတော်လို ပုဂ္ဂိုလ်ကြီးတွေကို လည်း မေးမြန်းထားတယ်လေ၊ ဆရာတော်က သူတစ်ပါးကို မေးခဲ့တဲ့ မေးခွန်းတွေဟာ အလွန်ပဲ များသလို ဆရာတော်က သူတစ်ပါးကို ဖြေပေးရတဲ့ အဖြေတွေဟာလည်း အလွန်ပဲ များလှပါ တယ်၊ မေးတာ၊ ဖြေတာတွေဟာ ဆရာတော်အဖို့.ရာ မထူးဆန်းတော့ဘဲ ရိုးနေပုံရပါတယ်။

ဆရာတော်ကို ဘိက္ခုနီသာသနာအကြောင်း ပြည်ပက အမျိုးသမီးတွေက မေးကြတယ်၊ ပြည်ပအမျိုးသမီးတွေက အမျိုးသားတွေလို တန်းတူအခွင့်အရေး ရချင်ကြတာကိုး၊ ဆရာတော်က သူတို့.ရဲ့ အမေးကို အဖြေပေးခဲ့တာပါပဲ၊ သပြေကန် ဆရာတော်ရဲ့ အဖြေကိုတော့ သူ့.အဖြေထက် ဆရာတော်က ပိုလိုလားတယ်၊ " ယခု ခေတ်မှာ ဘိက္ခုနီသာသနာရှိလို့. ရနိုင်, မရနိုင် " ဆိုတဲ့ မေးခွန်းကိုလည်း သပြေကန် ဆရာတော်ကြီးအား မေးခဲ့ဖူးတယ်၊ အနောက်တိုင်းက ဘာမြူဒါဝဲ အကြောင်းကိုလည်း ဆရာတော့်ကို မေးကြပုံပေါ်ပါတယ်၊ ဆရာတော်ကလည်း ဖြေထားပုံရပါတယ်၊ ဆရာတော်ကလည်း သပြေကန်ဆရာတော်ကို ဘာမြူဒါဝဲ အကြောင်း ထပ်ဆင့် မေးထားတယ်၊ တစ်ခါမက မေးတယ်၊ အဖြေရေးပေးဖို့.လျှောက်ထားတယ်၊ " အသက် ကြီးလာတော့ မေ့မေ့လာတယ် " လို့. ပြောတတ်တဲ့ သပြေကန်ဆရာတော်ဟာလည်း အဖြေရေးပေးဖို့ကြိုးစားရင်း၊ ကြိုးစားရင်းနဲ့. ပျံလွန်တော်မူသွားတယ်၊ ဘာမြူဒါဝဲ အကြောင်း အဖြေကို ရေးမပေးဖြစ်ခဲ့ဘူး၊ ဒါကြောင့် ဆရာတော်က ငြိုးတွားစကား ဆိုတယ်။

" ဘာမြူဒါဝဲအကြောင်း အဖြေ မရလိုက်တာ နာတယ် " တဲ့။

သပြေကန်ဆရာတော်သာ ဆက်လက်ပြီး သက်တော်ရှည်ခဲ့ရင် ဆရာတော်ဟာ သူသိချင်တဲ့ မေးခွန်းတွေကို ဆက်လက် မေးနေဦးမှာပဲ၊ သပြေကန်ဆရာတော်ကလည်း ဖြေပေးနေမှာပါပဲ၊ ယခုတော့ ဆရာတော်မှာ အားကိုးစရာ သပြေကန်ဆရာတော် မရှိတော့လို့. အားကိုးစရာ မဲ့နေရှာလေပြီ၊ ရလိုရငြား ဆက်လက် ရှာဖွေနေဆဲပါပဲ၊ " ဘယ်သူ့.ကို မေးရပါ့ " တဲ့။

http://www.dhammadownload.com

ဘယ်သူ့ကို မေးရပါ့

သပြေကန်အား
သူ အားထားခဲ့၊
အားထားရသူ
စံတော်မူ၍
သူမှ ခုဘါ
အားကိုးရာမဲ့
ဖြစ်နေခဲ့ပြီ၊
သူရဲ့ငြိုးထွား
ဆိုစကားကား
" ငါကား ဘယ်သူ့ကို မေးရပါ့ " တဲ့။

http://www.dhammadownload.com

ဥပမာအလင်္ကာ

" စျေးရောင်းသူဟာ အရင်းအတိုင်း ရအောင်, ရှုံးအောင် ရောင်းတာ မဟုတ်ဘူး၊ အမြတ်ရအောင် ရောင်းတာ ဖြစ်တယ်။ "

" ဒီလိုပဲ ဗုဒ္ဓသာသနာနဲ့ ကြိုးကြိုက်တုန်း လူဖြစ်နေကြသူတွေဟာ အရင်းနဲ့ လည်း မကျေနပ်သင့်ဘူး၊ ရှုံးလည်း မရှုံးသင့်ဘူး၊ အမြတ်ရအောင် ကြိုးစားရမယ်။

" နောက်ဘဝ လူပြန်ဖြစ်ရင် အရင်းအတိုင်းပဲ၊ အပါယ်ကျရင်တော့ ရှုံးတာပဲ၊ နတ်ပြည်၊ ဗြဟ္မာ့ပြည် ရောက်ရင်တော့ အမြတ်ရတာပဲ။ "

" ဒါပေမယ့် အဲဒီအမြတ်က အာမခံချက် မရှိတဲ့ အမြတ်ပဲ၊ အပါယ်အတွက် အာမခံချက် မရှိသေးဘူး၊ နိဗ္ဗာန်ကတော့ အကောင်းဆုံး အမြတ်ပဲ။ "

စာရေးသူဟာ ဆရာတော်နဲ့အတူ မြိတ်မြို့ကို တရားဟောလိုက်သွားဖူးတယ်၊ မြိတ်မှ ပြန်တော့ လေယာဉ်နဲ့ ပြန်တယ်၊ အသွားတုန်းကလည်း လေယာဉ်နဲ့ ပါပဲ၊ အပြန်မှာ မြိတ်မြို့မှ ဒကာ၊ ဒကာမတွေက လေယာဉ်ကွင်းကို လိုက်ပို့ကြတယ်၊ လိုက် အပို့ လေယာဉ်ကွင်းထဲမှာ ဆရာတော်က မြိတ်မြို့မှ ဒကာ ၊ ဒကာမတွေကို အထက်ပါ သြဝါဒ စကားလေးကို မိန့်ကြားခဲ့တာပါပဲ၊ ဆရာတော်ရဲ့ ဒီသြဝါဒကို အဲဒီ မြိတ်မြို့ လေယာဉ်ကွင်းမှာ အစဆုံး ကြားဖူးတာပါပဲ၊ နောင်အခါ ရောက်တော့လည်း ထပ်ထပ်ပြီး ကြားနေရပါတယ်၊ စျေးသည်တွေဆိုရင် အဲဒီသြဝါဒလေးကို ပိုပြီး သဘောကျ တတ်ကြတယ်၊ ဆရာတော်ရဲ့ သြဝါဒတွေကို များစွာ ကြားနာဖူး, ဖတ်ရှုဖူးတဲ့ စျေးသည်တစ်ဦးကို မေးကြည့်ဖူးတယ်၊ အဲဒီ စျေးသည်က ပြောတယ်၊ အထက်ပါ သြဝါဒလေးကို သဘောကျတယ်တဲ့၊ ကိုယ့်လုပ်ငန်းနဲ့ အံဝင်ခွင်ကျ ဖြစ်တာ လေးတွေကို ပိုပြီး သဘောကျတတ်ကြတယ်နဲ့ တူပါတယ်။

" ဗုဒ္ဓသာသနာဝင် မြန်မာလူမျိုးတွေထဲမှာ ပိဋကစာပေတွေကို ဖတ်ပြီး

http://www.dhammadownload.com

တတ်သိနားလည်နေရင် ပြီးတာပါပဲ၊ တရားအားထုတ်စရာ မလိုပါဘူးလို့ " ယူဆကြတဲ့ သူတွေ ရှိတယ်၊ ပြောလည်း ပြောတာ ကြားရဖူးတယ်၊ ဆရာတော်လည်း အဲဒီလို လူမျိုးတွေကို တွေ့ဖူးတယ်၊ သူတို့ ပြောတာလည်း ဆရာတော် ကြားဖူးတယ်၊ ဆရာ တော်က အဲဒီလိုလူမျိုးတွေကို ဒီလို ပြောတတ်တယ်။

" ဆေးပုလင်းမှာ ပါတဲ့ ဆေးညွှန်းကို ဖတ်ရုံနဲ့ ရောဂါ မပျောက်နိုင်၊ ဆေးညွှန်းအတိုင်း စားမှ ရောဂါ ပျောက်နိုင်တယ်။ "

" ဗုဒ္ဓစာပေမှာ ပါတဲ့အညွှန်းကို ဖတ်ရုံ၊ နားထောင်ရုံနဲ့ စိတ်ရောဂါ မပျောက်နိုင်၊ အညွှန်းအတိုင်း လက်တွေ့ကျင့်မှ စိတ်ရောဂါ ပျောက်နိုင်တယ် " တဲ့။

အရှေ့ပိုင်းနိုင်ငံတွေမှာရော အနောက်ပိုင်းနိုင်ငံတွေမှာပါ တော်တော်နာမည်ကြီးနေတဲ့ တရားပြလူဝတ်ကြောင် ဒကာကြီးတစ်ဦး ရှိတယ်၊ မြန်မာလူမျိုးတော့ မဟုတ်ဘူး၊ သူက " သံဃာတွေ မလိုပါဘူး " လို့ ဆိုချင်သတဲ့၊ တရားပြသပေးရာမှာ သံဃာဖြစ်ဖို့ မလိုပါဘူး၊ လူဝတ်ကြောင်အဖြစ်နဲ့ ပြလည်း ရတာမို့ " သံဃာတွေ မလိုပါဘူး " လို့ ဆိုချင် ပုံရပါတယ်၊ အဲဒါနဲ့ ပတ်သက်ပြီး ဆရာတော်က ဒီစကားလေးတွေကို မိန့်ကြား လေ့ရှိပါတယ်။

"အိမ်တစ်လုံး မီးလောင်ရင် အိမ်မှာ ရှိတဲ့ မီးသတ်ကရိယာတို့နဲ့ ငြိမ်းသတ်လို့ရက အဲဒီကရိယာတွေနဲ့ပဲ ပြီးနိုင်ပါတယ်၊ မီး အကြီးအကျယ် လောင်လာပြီဆိုရင်တော့ မီးသတ်ကားအကူအညီ လိုလာပြီ၊ သူတို့နဲ့မှပဲ ပြီးနိုင်ပါတယ်။ "

" ဒီလိုပါပဲ ကိလေသာမီး ငြိမ်းသတ်ရာမှာလည်း တခါတရံ ဆရာသမား အကူအညီ သိပ်ကြီး မပါဘဲ ပြီးနိုင်ပါတယ်၊ အကြီးအကျယ် လောင်လာပြီဆိုရင်တော့ ဆရာသမားကောင်း အကူအညီ ရမှပဲ ပြီးနိုင်ပါမယ် " တဲ့။

ဗုဒ္ဓသာသနာဝင်တွေထဲမှာ တရားအားထုတ်နည်း စာအုပ်တွေကို ဖတ်၊ စာအုပ်ထဲမှာ ပါတဲ့ နည်းအတိုင်း ကိုယ့်ဘာသာ အားထုတ်နေကြတဲ့ သူတွေလည်း ရှိတယ်၊ စာရှုသူလည်း အဲဒီလိုပုဂ္ဂိုလ်တွေကို တွေ့ဖူးမှာပါပဲ၊ စာရေးသူလည်း တွေ့ဖူးပါတယ်၊ ဆရာတော်ကတော့ စာရေးသူတို့ထက် ပိုပြီး တွေ့ဖူးမှာပေါ့၊ ဆရာတော်က အဲဒီလိုပုဂ္ဂိုလ်တွေကို တွေ့တဲ့အခါ ပိုကောင်းတဲ့ နည်းကို သူတို့အား ဒီလို ညွှန်ကြားလေ့ရှိပါတယ်။

" ရောဂါဖြစ်လို့ ကိုယ်တိုင် ဆေးကျမ်း လေ့လာပြီး ကုတာထက် စာတွေ့လက်တွေ့ ကျွမ်းကျင်တဲ့ ဆရာဝန်နဲ့ ကုတာက ပိုမို ထိရောက်တယ်။ "

" တရားအားထုတ်လိုသူဟာလည်း ကိုယ်တိုင် စာအုပ်လေ့လာပြီး အားထုတ်တာထက် စာတွေ့လက်တွေ့ ကျွမ်းကျင်တဲ့ ဆရာနဲ့ အားထုတ်တာက ပိုမို ထိရောက်

http://www.dhammadownload.com

တယ် " တဲ့။

နောက်တစ်မျိုး ဒီလိုလည်း ညွှန်ကြားလေ့ရှိတယ်။

" ခရီးသွားရာမှာ လမ်းညွှန်မြေပုံနဲ့. ခရီးသွားရတာထက် လမ်းညွှန်ကောင်းနဲ့. သွားရတာက ပိုပြီး ခရီးရောက်တယ်။ "

" နိဗ္ဗာန်ခရီးသွားရာမှာ လမ်းညွှန်စာအုပ်မြေပုံနဲ့ ခရီးသွားရတာထက် လမ်းညွှန်ကောင်း (ဆရာကောင်း) နဲ့. သွားရတာက ပိုပြီး ခရီးရောက်တယ် " တဲ့။

တစ်ခါက ပြည်ပအမျိုးသားတစ်ဦးက အချိန်ပိုင်းယောဂီအဖြစ်နဲ့. တရားအား ထုတ်ချင်လို့. ရန်ကုန် ရွှေတောင်ကုန်းသာသနာ့ရိပ်သာကို ရောက်လာတယ်၊ ဆရာတော်က ပြည်ပကြွခိုက် ဖြစ်နေတယ်၊ စာရေးသူမှာ ပြည်ပယောဂီတာဝန် ရှိနေတာမို့. အဲဒီအမျိုးသားကို တရားရှုမှတ်ပုံ ပြောပြီး ဆရာတော်ရဲ့. အောက်ပါစကားကို အသုံးပြုပြီး ပြောချင်လို့. သူ့.ကို မေးတယ်။

" ဘောလုံး၊ တင်းနစ်၊ လက်ဝှေ့.အားကစားတွေထဲမှာ ဘယ်ဟာကို ကစားဖူးလဲ၊ ဘယ်အားကစားကို စိတ်ပါဝင်စားလဲ။ "

သူက ဖြေတယ်။

" ဘောလုံး အားကစားကို စိတ်ပါဝင်စားတယ်၊ ကစားလည်း ကစားဖူး တယ်" တဲ့။ ဆရာတော်ရဲ့. လမ်းညွှန်ချက်ဖြစ်တဲ့ ဒီစကားလေးတွေကို အသုံးပြုပြီး ပြောလိုက်ပါတယ်။

" ဘောလုံးသမားဟာ ဘောလုံးကို၊ ကြက်တောင်ရိုက်သူဟာ ကြက်တောင်ကို၊ လက်ဝှေ့.သမားဟာ ပြိုင်ဘက်ရဲ့ လှုပ်ရှားမှုကို မျက်ခြေပြတ် မခံရသလို ယောဂီဟာလည်း ရှုကွင်းအာရုံကို မျက်ခြေပြတ် မခံရဘူး။ "

အဲဒီအမျိုးသားယောဂီရဲ့. မျက်နှာဟာ ပြုံးသွားတယ်၊ " ဒီစကားဟာ သိပ်ကောင်းတယ် " လို့.လည်း ပြောသွားတယ်၊ နောက်ရက် ရောက်တော့ " အဲဒီ ဥပမာစကားလေးတွေဟာ သူတရားရှုမှတ်ရာမှာ သိပ်ကျေးဇူးများတာပဲ " လို့.လည်း ပြောသွားတယ်၊ စာရေးသူဟာ ယောဂီတွေကို ဒီစကားလေးတွေကို တော်တော်များများ ပြောဖူးတယ်၊ သဘောကျတယ်၊ ဆရာတော် ယောဂီတို့.ကို ပြောပြတာကိုလည်း အခါများစွာ နားထောင်ရဖူးတယ်၊ ဆရာတော်ရဲ့. ဒီလိုထိရောက်တဲ့ ဥပမာလေးတွေကို ပြည်တွင်းပြည်ပ နာကြားရသူတွေအားလုံး သဘောကျတယ်၊ ဆရာတော်ဟာ ဒီလို ထိမိတဲ့ ဥပမာလေး တွေ၊ စကားလုံးတွေနဲ့. နာကြားရသူတို့.ရဲ့. နား၊ နှလုံးသားထဲ ရောက်သွားအောင် ပြောတတ်တယ်၊ ဆရာတော်ရဲ့. ဒီလို အပြောလေးတွေကို ပြည်ပသားတွေ သိပ်ပြီး စွဲသွားကြတယ်။

http://www.dhammadownload.com

သမထနဲ့ ဝိပဿနာအကြောင်းကို ဆရာတော် ရှင်းပြတာကို မှတ်သား ဖူးတယ်၊ ရှင်းပြတာတွေထဲမှာ စာရေးသူ သိထားဖူးတာတွေလည်း ပါတယ်၊ မသိဖူး တာတွေလည်း ပါတယ်၊ သိဖူးထားတာ ဖြစ်ပေမယ့်လည်း ဆရာတော် ရှင်းပြမှ ပိုရှင်းသွားတယ်၊ ဆရာတော်က ဒီလို ရှင်းပြတယ်။

" သမထ-ဆိုတာ အာရုံတစ်ခုပေါ်မှာ စိတ်ကလေး တည်နေရုံမျှပဲ၊ အရှုခံ အာရုံကို မမြဲ၊ ဆင်းရဲ၊ သဘောပဲ လို့ မသိဘူး၊ သမထရဲ့ နောက်ဆုံးပန်းတိုင်ကစျာန် အဘိညာဉ်ရပြီး ပြဟ္မာ့ပြည် ရောက်ရတာပဲ၊ သာသနာပ ကာလမှာတောင်မှ ပြဟ္မာ့ ပြည်ကို ရောက်နိုင်တယ်။ "

" ဝိပဿနာ- ဆိုတာက ပေါ်သမျှအာရုံကို ရှုမှတ်တာပဲ၊ အရှုခံအာရုံကို မမြဲ၊ ဆင်းရဲ၊ သဘောပဲ လို့ သိတယ်၊ ဝိပဿနာရဲ့ နောက်ဆုံးပန်းတိုင်က မဂ်၊ ဖိုလ်၊နိဗ္ဗာန် ပဲ၊ မဂ်၊ ဖိုလ်၊နိဗ္ဗာန်ကို ဗုဒ္ဓသာသနာအတွင်းမှာသာ ရနိုင်တယ်၊ သာသနာပ မှာ မရနိုင်ဘူး။ "

စာရေးသူ မသိဖူးတဲ့ သမထနဲ့ ဝိပဿနာအကြောင်းက ဥပမာလေး ပေးပြီး ပြောထားတဲ့ အကြောင်းပဲ၊ မှတ်သားဖို့ ကောင်းတယ်။

" သမထစျာန်သမာဓိကို ရဖို့ အားထုတ်ရာမှာ သမာဓိ ဖြစ်လာရင် ချမ်းသာ ဖြစ်လွယ်တယ်၊ ဝိပဿနာ သမာဓိကို အားထုတ်ရာမှာတော့ ခဏိကသမာဓိ နည်းနည်း အားပြည့်လာရင်ပဲ မခံသာမှု ဖြစ်လွယ်တယ်။ "

" အိမ်ထဲမှာ ပညာရှာတဲ့သူဟာ အိမ်ထဲမှာ ရှိတဲ့ အသိပညာပဲ ရတယ်၊ ဘယ်မှ မသွားတော့ ပင်ပန်းမှုလည်း မဖြစ်ဘူး၊ အပြင်မထွက်ရတော့ ပြင်ပဗဟုသုတ လည်း နည်းတယ်။ "

" သမထစျာန်သမာဓိက အိမ်ထဲမှာ ပညာရှာသူနဲ့ တူပြီး ဝိပဿနာ သမာဓိ ကတော့ အိမ်ရဲ့ အပြင်မှာလည်း ပညာဗဟုသုတရှာသူနဲ့ တူတယ် " တဲ့။

စာရေးသူဟာ ဒီဥပမာလေးကို သိပ်ပြီး သဘောကျတယ်၊ ဆရာတော်က နောက်ဥပမာတစ်မျိုးနဲ့လည်း ရှင်းပြပြန်တယ်။

" လောကီစျာန်တရားဟာ ဖလ်ခွက်နဲ့ တူတယ်၊ မခိုင်ခံ့ဘူး၊ ဝိပဿနာ၊ မဂ်၊ ဖိုလ် တရားတို့ကတော့ သံမဏိခွက်နဲ့ တူတယ်၊ ခိုင်ခံ့တယ် " တဲ့။

ယောဂီ တရားရှုမှတ်ရာမှာ နာမည်တွေ တပ်တပ်ပြီး မှတ်နေကြရခြင်းရဲ့ အကြောင်းကို သိချင်နေတယ်၊ ဆရာတော်က အဲဒီ အကြောင်းကို ဥပမာလေးပါ ပေးပြီး ပြောထားတယ်၊ ဆရာတော်က ဥပမာကို တစ်ခုမက သုံးခုတောင် ပြောထားတယ်၊ ဒီနေရာမှာ တစ်ခုပဲ ဖော်ပြလိုက်ပါတယ်။

http://www.dhammadownload.com

" လူတွေ မွေးလာတိုင်း၊ မွေးလာတိုင်း အမည်မတပ်ဘဲ " လူ၊ လူ " လို့ ဆိုရင် ဘယ်လူမှန်း သိမှာ မဟုတ်ဘူး၊ "မောင်ဖြူ၊ မောင်လှ " စသည်နဲ့ သီးသန့်နာမည်တပ်မှ ကွဲကွဲပြားပြား သိနိုင်တယ်။ "

" ယောဂီဟာ ပေါ်ရာပေါ်ရာ အာရုံလေးတွေကို လောကဝေါဟာရ (ပြောရိုးပြောစဉ်) အတိုင်း " ဖောင်းတယ်၊ ပိန်တယ် " စသည်နဲ့ အမည်လေးတွေ တပ်ပြီး မှတ်ရတယ်၊ ဒါမှ သမာဓိ ဖြစ်လွယ်တယ် " တဲ့။

ဆရာတော့်စကားလေးတွေက ဥပမာလေးတွေနဲ့ဆိုတော့ သိပ်ပြီးတော့ မှတ်မိစေတာပဲ၊ ဥပမာလေးတွေနဲ့ ပြောတဲ့ စကားတွေက စကားလုံးနည်းနည်းနဲ့ အများကြီး ခရီးရောက်တယ်၊ ဆရာတော်ရဲ့ ဥပမာအလင်္ကာစကားလေးတွေကို အခွင့်သင့်တိုင်း အသုံးပြုကြည့်တယ်၊ ထိရောက်မှု ရှိလှတာကို တွေ့ရတယ်။

ဥပမာအလင်္ကာ

ဥပမာလေးတွေနဲ့ စကားပြော
ဆရာတော်ရဲ့ ထူးခြားတဲ့သဘော၊
အတုလိုက်ပြီး ပြောကြည့်ရာ
အကျိုးများတာ တွေ့ရပါ၊
ဥပမာအလင်္ကာ ထိုစကား
ပို၍ ပို၍ ကြားချင်သား။

http://www.dhammadownload.com

မြန်မာမှု

ဆရာတော်ဟာ ပါဠိစကားလုံးတွေကို မြန်မာမှုပြုရာမှာ ဝါသနာပါသလို မြန်မာဝေါဟာရတွေကိုလည်း ပြင်ဆင်တတ်ပါတယ်၊ ဆရာတော် ပြင်ဆင်တဲ့ မြန်မာ ဝေါဟာရတွေကို စာရေးသူ မှတ်မိသမျှ ရေးပြရင် " ဝါဆိုသင်္ကန်း " ဆိုတဲ့ စကားလုံး ပါပဲ၊ ဝါတွင်းကာလမှာ ဝတ်ဖို့ ကြိုတင်ပြီး လှူဒါန်းတဲ့ သင်္ကန်းမို့ ဆရာတော်က ဝါဆိုသင်္ကန်း လို့ မသုံးနှုန်းဘဲ " ဝါကြိုသင်္ကန်း " လို့ ပြင်ဆင်ပါတယ်၊ " ဝါကြိုသင်္ကန်း" ဆိုတဲ့ စကားလုံးက အများနှုတ်မှာ မတက်သေးတော့ ဆရာတော်က နှစ်မျိုးလုံးတွဲပြီး " ဝါဆိုသင်္ကန်း " ခေါ် " ဝါကြိုသင်္ကန်း " လို့ သုံးနှုန်းတယ်၊ နောက်စကားလုံးတစ်လုံးက " ကထိန်သင်္ကန်း " တဲ့၊ ဒီစကားလုံးကိုလည်း ဆရာတော်က ပြင်ဆင်တယ်၊ " ကထိန်လျှာသင်္ကန်း " တဲ့၊ ကထိန်ခင်းဖို့ လျှာထားတဲ့ သင်္ကန်းပေါ့။

အများက " သတ်သတ်လွတ် စားတယ် " လို့ ပြောကြတယ်၊ ဆရာတော်က " သတ်သတ်လွတ် " ဆိုတဲ့ စကားလုံးကို " သက်လွတ် " လို့ ပြင်ဆင်တယ်၊ သက်လွတ်စားတဲ့ ယောဂီတို့ရဲ့ ဆွမ်းဝိုင်းမှာ " သက်လွတ် " ဆိုတဲ့ စကားလုံးလေး ရေးဝှေးတဲ့ သစ်သားတုံးလေး ချထားတယ်၊ မြန်မာစာ အရေးအသားမှာ " က " လို့ ရေးရမယ့် နေရာမှာ " မှ " လို့ ရေးနေကြတယ်၊ ဘုန်းကြီးတွေရော လူတွေပါ ရေးနေကြတယ်၊ ဥပမာ – " ဤကျောင်းကို ကိုဖြူ + မဝါ တို့မှ လှူဒါန်းသည် " တဲ့၊ ဒီမြန်မာ စကားဝါကျမှာ " ကိုဖြူ + မဝါတို့မှ " လို့ မရေးရဘူး၊ " ကိုဖြူ + မဝါတို့က " လို့ ရေးမှ မှန်တယ်၊ " လှူဒါန်းသည် " ဆိုတဲ့ ကြိယာစကားလုံးရဲ့ ကတ္တားဟာ ကိုဖြူ + မဝါ တို့ပဲ၊ ဒါကြောင့် " ကိုဖြူ + မဝါတို့မှ " လို့ မသုံးပဲ " ကိုဖြူ + မဝါ တို့က " လို့ သုံးရတယ်။ ဒါကိုလည်း ဆရာတော်က ပြင်ဆင်ပေးပါတယ်၊ မှားတာကို ပြုပြင်မပေးရင် " အမှား ကြာတော့ အမှန်ဖြစ်၊ အမှန်စင်စစ် အမှားထင်၊ ဘုရားရှင်ပင်

http://www.dhammadownload.com

ချုတ်၍ မရ " တဲ့၊ ဆရာတော်က အဲဒီလို ပြောပြီး ပြင်ပေးလေ့ရှိတယ်၊ ဆရာတော်က သူ့သာသနာ့ရိပ်သာမှာ စာရေးစရာ ရှိရင် အဲဒီလို အမှားစကားလုံးမျိုး မရေးမိကြလေအောင် ကြောင့်ကြစိုက်လေ့ရှိတယ်၊ အကယ်၍ ရေးထားတာ တွေ့ရင် လည်း ပြုပြင်ပေးလေ့ရှိတယ်။ "

" ဗုဒ္ဓဘာသာ " ဆိုတဲ့ စကားလုံးကို ဆရာတော်က " ဗုဒ္ဓသာသနာ " လို့ ပြင်ဆင်တယ်၊ " ဗုဒ္ဓဘာသာဝင် " ဆိုတဲ့ စကားလုံးကိုလည်း " ဗုဒ္ဓသာသနာဝင် " လို့ ပြင်ပြီး သုံးနှုန်း စေတယ်၊ စာရေးသူကိုလည်း အဲဒီလို ပြင်ဆင်ပြီး ရေးဖို့ မိန့်တယ်၊ " နိုင်ငံခြား " ဆိုတဲ့ စကားလုံးကိုတော့ ဆရာတော်က " ပြည်ပ " လို့ ပြင်ပြီး သုံးတယ်၊ သုံးစေတယ်၊ အမျာ်းက " နိုင်ငံခြားသာသနာပြု " လို့ သုံးနှုန်းနေကြရာမှာ ဆရာတော်ကတော့ သူ့ပြည်ပခရီးကို " နိုင်ငံခြားသာသနာပြုခရီး " လို့ မသုံးနှုန်းဘူး၊ " ပြည်ပဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတခရီး " လို့ သုံးနှုန်းတယ်၊ အမျာ်းက " သီလရှင် " လို့ သုံးတယ်၊ ဆရာတော်ကတော့ " သိက္ခာရှင် " လို့ သုံးနှုန်းတယ်၊ သီလသိက္ခာသာမက သမာဓိသိက္ခာ၊ ပညာသိက္ခာတွေရဲ့ ပိုင်ရှင်မို့ " သိက္ခာရှင် " တဲ့။

"ကုသလ " ဆိုတဲ့ ပါဠိကို မြန်မာစကားလိုဆိုတော့ " ကုသိုလ် " လို့ ဆိုနေကြတယ်၊ ဆရာတော်က အဲဒီကုသလစကားလုံးကို "ပြစ်ကင်း ကျိုးရတရား" လို့ မြန်မာမှုပြုတယ်၊ " ကုသလာ အနဝဇ္ဇသုခဝိပါကလက္ခဏာ " ဆိုတဲ့ စကားကို ဆရာတော်က မြန်မာပြန် လိုက်တာပါပဲ၊ " ကုန်ဒြိယ " ဆိုတဲ့ ပါဠိကို မြန်မာတွေက " ကုန်ဒြေ " လို့ ဘာသာပြန်ကြတယ်၊ ဆရာတော်က " ကြီးစိုးတရား " လို့ မြန်မာမှုပြုတယ်၊ " ကုသိုလ်၊ ကုန်ဒြေ ဆိုတဲ့ စကားတွေဟာ ပါဠိမှ ဆင်းသက်လာတဲ့ စကားတွေပဲ၊ မြန်မာလို အဓိပ္ပါယ်က မပေါ်လွင်သေးဘူး၊ မြန်မာတွေက မြန်မာလို ပြောမှပဲ ပိုနားလည်ကြတယ်၊ ဒါကြောင့် ဆရာတော် က အဲဒီလို စကားလုံးတွေကို မြန်မာမှု ပြု, ပြုပေးနေတယ်၊ ဗလ ဆိုတဲ့ စကားလုံးကို " ဗိုလ် " လို့ပဲ မြန်မာပြန်နေကြတယ်၊ " ဗလ – ဗိုလ် " ဆိုတာကို ဆရာတော်က စွမ်းအားလို့ မြန်မာမှုပြုတယ်၊ ဒီလို မြန်မာမှုပြုဖို့ လိုတဲ့ စကားလုံးတွေ အများသားပဲ၊ မာန = မာန်၊ လာဘ=လာဘ်၊ အကုသလ = အကုသိုလ်၊ ဗြဟ္မစရိယ = ဗြဟ္မစိုရ်၊ ဉာဏ = ဉာဏ်၊ ကုန်ဒိပါဒ = ကုန်ဒိပါဒ်၊ သမ္မပ္ပဓာန = သမ္မပ္ပဓာန်၊ သတိပဋ္ဌာန = သတိပဋ္ဌာန်၊ သံဃ = သံဃာ၊ ဂုဏ = ဂုဏ်၊ စိတ္တ = စိတ်၊ စေတသိက = စေတသိက်၊ နိဗ္ဗာန = နိဗ္ဗာန်၊ ရူပ = ရုပ်၊ နာမ = နာမ်၊ အရဟန္တ = ရဟန္တာ၊ သောတာပန္န = သောတာပန်၊ သကဒါဂါမိ = သကဒါဂါမ်၊ အနာဂါမိ = အနာဂါမ်၊ ပုထုဇ္ဇန = ပုထုဇဉ်၊ အရိယ = အရိယာ၊ သုစရိတ = သုစရိုက်၊ ဒုစ္စရိတ = ဒုစရိုက်၊ စေတိယ = စေတီ၊ ဓာတု = ဓာတ်၊ သဘာဝ = သဘော၊ ကမ္မ –

http://www.dhammadownload.com

ကံ၊ လောကဓမ္မ = လောကဓမ်၊ နိဂမ = နိဂုံး၊ ပဂ္ဂလ = ပုဂ္ဂိုလ်၊ သတ္တ = သတ္တဝါ၊ ဒဏ္ဍ = ဒဏ်၊ လိင် = လိင်၊ ဟေတု = ဟိတ်၊ အာရမ္မဏ = အာရုံ၊ အရုဏ = အရုဏ်၊ မိတ္တ = မိတ်၊ ဓမ္မစက္က = ဓမ္မစကြာ၊ ပရိတ္တ = ပရိတ် စတဲ့ စကားလုံးတွေပဲ။

အဲဒီလို စကားလုံးတွေထဲမှာ ငုတ်နေတဲ့ အဓိပ္ပါယ်တွေ ရှိတယ်၊ ပါဠိသဒ္ဒါနည်းအရ ငုတ်နေတဲ့ အဓိပ္ပါယ်ကို မြန်မာလို ဖော်ပြမှ မြန်မာလူမျိုးတွေက နားလည်နိုင်ကြမယ်၊ ဒီလို မဟုတ်ရင် တိတိကျကျ ပိုင်ပိုင်နိုင်နိုင် နားလည်ဖို့ ခက်ပါတယ်၊ ဆရာတော်က အဲဒီလိုအပ်နေချက်ကို နားလည်သဘောပေါက်ထားတယ်၊ ဒါကြောင့် ဆရာတော်က ဒီလိုပါဠိစကားလုံးတွေကို မြန်မာမှုပြုပေးရေးမှာ အလေးပြုတော်မူတယ်။

မြန်မာလူမျိုးတွေ နှုတ်ဖျားမှာ " ဗုဒ္ဓ " ဆိုတဲ့ စကားလုံးဟာ အလွန်ပဲ ရေပန်းစားတယ်၊ " ဗုဒ္ဓ " ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပါယ်က ဘာလဲလို့ မေးရင် "ဘုရားလို့ " ပဲ အဖြေ ပေးကြလိမ့်မယ်၊ ဗုဒ္ဓဆိုတဲ့ ပါဠိစကားလုံးမှာ ငုတ်နေတဲ့ အဓိပ္ပါယ်ကို ဖော်နိုင်သူက ပါဠိပညာရှင်တွေပဲ ရှိမယ်၊ ဆရာတော်က အဲဒီလို စကားလုံးလေးတွေကို မြန်မာလို သိစေချင်တယ်၊ ဒါကြောင့် ငုတ်နေတဲ့ အဓိပ္ပါယ်ကို ဖော်ပြီး " ဗုဒ္ဓ " ဆိုတဲ့စကားလုံးကို " သိသူ၊ သိစေသူ " လို့ မြန်မာမှ ပြုတယ်၊ သစ္စာလေးပါးအမှန်တရားကို ကိုယ်ကိုယ် လည်း သိသူ၊ သူတစ်ပါးကိုလည်း သိအောင် ဟောပြသူ လို့ ဆိုလိုတယ်၊ နောက် တစ်နည်း မြန်မာမှုပြုပုံက= " နိုးသူ၊ နိုးသူ " တဲ့၊ ဘုရားဟာ ကိလေသာ တည်း ဟူသော အိပ်ပျော်မှုမှ စတင် နိုးလာသူ၊ သူတစ်ပါးတွေကိုလည်း ကိလေသာ တည်း ဟူသော အိပ်ပျော်မှုမှ နိုးအောင် နိုးပေးသူ " လို့ အဓိပ္ပါယ်ရတယ်။

နောက်တစ်နည်း မြန်မာမှ ပြုထားပါသေးတယ်၊ " ပွင့်သူ၊ ပွင့်စေသူ " တဲ့၊ ဘုရားဟာ အရဟတ္တမဂ်ဉာဏ်နဲ့ ပွင့်လာသူ၊ သူတစ်ပါးတွေကိုလည်း၊ အရဟတ္တမဂ်ဉာဏ်ပွင့်လာအောင် လုပ်ပေးသူ လို့ ဆိုလိုတယ်။

" သမ္မာသက်ပ္ပ " ဆိုတဲ့ ပါဠိစကားလုံးကို " ကောင်းသော အကြံ၊ မှန်သော အကြံ၊ မှန်စွာ ကြံမှု " လို့ မြန်မာပြန်ကြတယ်၊ ဆရာတော်က " သမ္မာသက်ပ္ပါ အဘိနိ ရောပနလက္ခဏော = သမ္မာသက်ပ္ပဟာ စိတ်ကို အာရုံပေါ်သို့ တက်ရောက်စေခြင်း (တင်ပို့ပေးခြင်း) လက္ခဏာ ရှိတယ်၊ " ဆိုတဲ့ စကားကို ကြည့်ပြီး သက်ပွနဲ့ ဝိတက္က ဆိုတဲ့ ပါဠိစကားလုံးကို " အကြံ၊ ကြံခြင်း " လို့ မြန်မာလို မပြန်ဘဲ " ချိန်မှု၊ ရွယ်စူးမှု၊ ချိန်သားကိုက်မှု၊ ချိန်ခြင်း၊ ရွယ်စူးခြင်း၊ ချိန်သားကိုက်ခြင်း " လို့ မြန်မာမှုပြုတော်မူတယ်၊ ဒါကြောင့် ဆရာတော်က ဟောဂိတွေကို တရားဟောတဲ့အခါ

http://www.dhammadownload.com

" စိတ်အားစိုက်၊ ချိန်သားကိုက်ပြီး စွဲမြဲစွာ ရှုလို့ ရှုရာအာရုံအပေါ်မှာ စိတ်ကလေး တည်နေရင် အသိဉာဏ်ကွေ့ ပွင့်လာတယ် " လို့ မိန့်လေ့ရှိတယ်။

အဲဒီ စကားမှာ " စိတ်အားစိုက် " ဆိုတာက ဝီရိယ–သမ္မာဝါယာမ ပဲ၊ ချိန်သားကိုက် " ဆိုတာက သမ္မာသင်္ကပ္ပ ပဲ၊ " စွဲမြဲစွာ ရှု " ဆိုတာက သမ္မာသတိပဲ၊ " ရှုရာအာရုံအပေါ်မှာ စိတ်ကလေး တည် " ဆိုတာက သမ္မာသမာဓိ ပဲ၊ " အသိဉာဏ်တွေ ပွင့် " ဆိုတာက သမ္မာဒိဋ္ဌိ ပဲ၊ ဒီလိုလည်း ရှင်းပြတယ်၊ ဒီလိုပါဠိစကားတွေကို မြန်မာမှု ပြုပြုတော့ မြန်မာတွေ နား ပိုရှင်းတာပေါ့၊ ပိုနားလည်တာပေါ့၊ မြန်မာတွေရဲ့ နားထဲမှာ ဘုရားတရားတော်တွေ နားပိုရှင်းလေ၊ ပိုနားလည်လေ ပိုပြီး အကျိုးများလေလေ ပါပဲ။

ဆရာတော်ဟာ ဒီလို မြန်မာမှု ပြုဖို့ ဝါသနာသန်တယ်၊ မြန်မာအဘိဓာန်၊ အင်္ဂလိပ်, မြန်မာ, အဘိဓာန်၊ ပါဠိ – အင်္ဂလိပ် – မြန်မာအဘိဓာန်၊ တိပိဋကပါဠိ – မြန်မာဒေဘိဓာန်၊ အင်္ဂလိပ် – အဘိဓာန်၊ ပါဠိ – ဟန္ဒီ အဘိဓာန်တွေကို ကြည့်တော့ တာပါပဲ၊ မြန်မာအဘိဓာန်အကျဉ်းချုပ်တွေကို အစုံလိုက် ပြည်တွင်း ပြည်ပတပည့် သံဃာတွေကိုလည်း ပေးကာ ကြည့်စေပါတယ်၊ အဘိဓာန်တွေကို သူ ကြည့်ပြီး အသုံးပြုသလို သူ့တပည့်တွေကိုလည်း ကြည့်ပြီး အသုံးပြုစေချင်တယ်။

တစ်ခါက ကျောက်တန်းဆရာတော်ကို " ထေရဝါဒအုတ်မြစ် " ဆိုတဲ့ စာအုပ်လေး ရပြီးပြီလား " လို့ ဆရာတော်က မေးတော့ " ရပြီးပါပြီဘုရား " လို့ လျှောက်လို့ " ဖတ်ရဲ့လား " လို့ ထပ်မေးတော့ ကျောက်တန်းဆရာတော်က " မဖတ်ရသေးပါဘုရား " လို့ လျှောက်တယ်၊ အဲဒီအခါ ဆရာတော်က ပြောလိုက်တယ်၊ " ဒီက ပေးရင် ဖတ်စေချင်လို့ မှတ် " တဲ့။

မြန်မာမှု

မြန်မာတွေအား
မြန်မာစကားနဲ့
ပြောကြားမှသာ
နားလည်မှာမို့
မြန်မာမှုများ
ဆရာတော်ကား
ပြုအားသန်လေသည်။

http://www.dhammadownload.com

ယောနိသော မနသိကာရ

" မဟာစည်ဆရာတော်ဟာ သိပ်ပြီး နှလုံးသွင်းကောင်းတယ်၊ သိပ်ပြီး ယောနိသော မနသိကာရ ထားတတ်တယ် " တဲ့။

ဆရာတော် မိန့်ဖူးတဲ့ စကားလေးပါ၊ မဟာစည်ဆရာတော်ထံမှာ တပည့် အဖြစ်နဲ့ ဆရာတော်ဟာ နှစ်ပေါင်းများစွာ နေခဲ့ဖူးတာဆိုတော့ မဟာစည်ဆရာတော် ရဲ့ စိတ်နေသဘောထားကို အများကြီး သိရမှာပေါ့၊ စာရေးသူတို့ကတော့ မဟာစည် ဆရာတော် ဟောကြားရေးသားထားတဲ့ စာအုပ်တွေကို ဖတ်ရတဲ့အခါ " ဒီနေရာမှာ ယောနိသော မနသိကာရနဲ့ ယူဆရရင် ဒီလို ယူဆရမယ် " စသည်နဲ့ ဟောကြားရေး သားထားတာတွေ တော်တော်လေး ဖတ်ရှုရတယ်၊ ဖတ်ရှုရတဲ့အခါ " မဟာစည် ဆရာတော်ဟာ သင့်တင့်အောင် စိတ်ထားပြီး ယူဆတတ်ပေတာကိုး " လို့ မှတ်ချက် ချမိပါတယ်၊ ဆရာတော်ကတော့ မဟာစည်စာအုပ်တွေထဲမှာ မပါတဲ့ မဟာစည် ဆရာတော်ရဲ့ ယောနိသော မနသိကာရ ထားတတ်ပုံတွေကိုလည်း သိရှိထားပေလိမ့် မယ်။

ယောနိသော မနသိကာရနဲ့ ပတ်သက်ပြီး ကိုရင်ဘဝ အသက် (၁၅) နှစ် အရွယ်လောက်က စာရေးသူ သင်ယူမှတ်သားခဲ့ဖူးတဲ့ ဘုရားစကားတော်ကို သတိရ လာမိတယ်၊ အဂုံတွာရနိကာယ, ကနိပါတမှာ ပါတယ်၊ ပါဠိကိုတောင် နှုတ်တက်ရ နေမိတယ်။

" ယောနိသော ဘိက္ခဝေ မနသိ ကရောတော အနုပ္ပန္နာစေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာစ ကုသလာ ဓမ္မာ ဘိယ္ယောဘာဝါယ ဝေပုလ္လာယ သံဝတ္တန္တိ " တဲ့။

မြန်မာလိုကတော့ -

http://www.dhammadownload.com

" ရဟန်းတို့ . . . သင့်တင့်အောင် နှလုံးသွင်းတတ်သူမှာ မဖြစ်သေးတဲ့ ကုသိုလ်တရားတွေလည်း ဖြစ်ပေါ်လာတယ်၊ ဖြစ်ပေါ်ပြီး ကုသိုလ်တရားတွေလည်း ပိုပြီး ဖြစ်ဖို့ရာ, စည်ပင်ပြန်ပြောလာဖို့ရာ ဖြစ်တယ် " တဲ့။

ပညာရှိသူတော်ကောင်းကြီးတွေဟာ အရာရာမှာ ယောနိသော မနသိကာရ ထားတတ်ကြတယ်၊ ဒါကြောင့် သူတို့မှာ မဖြစ်သေးတဲ့ ကုသိုလ်တွေ ဖြစ်ကြတယ်၊ ဖြစ်ပြီး ကုသိုလ်တွေလည်း တိုးပွားကြတယ်၊ မဟာစည်ဆရာတော်ရဲ့ ယောနိသော မနသိကာရ ထားတတ်ပုံနဲ့ စပ်ပြီး ဆရာတော်က သာဓကတစ်ခု ထုတ်ပြတယ်။

ဆရာတော်က အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ထံ ဖူးမျှော်ကန်တော့ သွားတဲ့အခါ မဟာဂန္ဓာရုံဆရာတော်က သူကျောင်းအနီးက ကမ္မဋ္ဌာန်းဘုန်ကြီး သေပြီး တစ္ဆေဖြစ်တဲ့ အကြောင်း ပြောပြီး " ကမ္မဋ္ဌာန်းဘုန်းကြီးတွေ ကြည့်ပြီး လုပ်ကြပါအုံး" လို့ မိန့်လိုက်သတဲ့၊ မဟာစည်ဆရာတော်ထံ ဆရာတော် ရောက်တဲ့အခါ အဲဒီ အကြောင်း လျှောက်ပြတယ်၊ မဟာစည်ဆရာတော်ရဲ့ မိန့်ကြားချက်ကို သူ ဩဝါဒဓမ္မ အမွေဆိုတဲ့စာအုပ်ထဲမှာ ဖတ်ဖူး, မှတ်ဖူးတယ်။

" ဘုန်းကြီးတို့ရဲ့ မဟာစည်သာသနာ့ရိပ်သာခွဲလည်း အဲဒီကျောင်းနားမှာ မရှိပါဘူး။ "

ဩဝါဒဓမ္မအမွေ – ဆိုတဲ့ စာအုပ်ထဲမှာ မဟာဂန္ဓာရုံဆရာတော်လို့တော့ နာမည် ဖော်ပြမထားပါဘူး၊ မဟာစည်ဆရာတော်ကို လျှောက်ထားသူဟာ ဆရာတော် ပဲလို့လည်း မပါပါဘူး၊ မဟာဂန္ဓာရုံဆရာတော်ထံ သွားရောက်ခဲ့သူဟာ ဆရာတော် ပဲလို့လည်း မပါဘူး၊ နောင်မှ ဆရာတော်က စကားစပ်လာမိလို့ ပြောပြတဲ့အခါ သိရတာပါ။

မဟာစည်ဆရာတော် ဆက်လက် အမိန့်ရှိတာက –

" အဲဒီဆရာတော်ကြီးက သတိပေးတာဟာ ကောင်းစေလိုတဲ့ သဘောနဲ့ သတိပေးဆုံးမတာပဲလို့ ခံယူပါတယ် " တဲ့။

မဟာစည်ဆရာတော်ရဲ့ ဒီစကားကို ကြည့်ပြီး " မဟာစည်ဆရာတော်ဟာ သိပ်ပြီး နှလုံးသွင်းကောင်းတယ်၊ သိပ်ပြီး ယောနိသော မနသိကာရ ထားတတ်တယ်၊" လို့ ဆရာတော်က မှတ်ချက်ချပြတယ်။

ဆရာတော်ရဲ့ ယောနိသော မနသိကာရထားပုံနဲ့ စပ်ပြီးတော့ အဖြစ်အပျက် တစ်ခုကို အမှတ်ရနေမိတယ်၊ ဆရာတော်ဟာ မဟာစည်သာသနာ့ရိပ်သာမှာ ဩဝါဒါ စရိယအဖြစ်နဲ့ သီတင်းသုံးခဲ့စဉ်က မြိတ်မြို့ကို လေယာဉ်နဲ့ ကြွခဲ့တယ်၊ တရားဟော ပင့်လို့ပါပဲ၊ နောက်လိုက်ရဟန်းအဖြစ်နဲ့ စာရေးသူ ပါသွားတယ်၊ ကပ္ပိယကာရကတော့

http://www.dhammadownload.com

မောင်ခင်မောင်ဌေးပါ၊ လေယာဉ်က အချိန်စောပြီး မြိတ်ကို ရောက်သွားတယ်၊ လေယာဉ်ကွင်း ရောက်တော့ လာကြိုတဲ့သူ တစ်ယောက်မှ မတွေ့ပါဘူး၊ မောင်ခင်မောင်ဌေးက လာကြိုတဲ့သူတွေ ရှိလေမလား ဆိုပြီး လေယာဉ်ကွင်းမှာ ဟိုဟိုဒီဒီ လျှောက်ရှာကြည့်ပါသေးတယ်၊ လူတွေကိုလည်း မတွေ့ရပါဘူး၊ လာကြိုတဲ့ ကားလည်း တစ်စီးမှ မရှိပါဘူး၊ ဒါကြောင့် မောင်ခင်မောင်ဌေးက ကားငှားပါတယ်၊ အငှားကားကလည်း လေးဘီးကား သေးသေးလေးပါ၊ အပြာရောင်လေးပဲ၊ ကားလေးက ခပ်အိုအိုလေးပဲ၊ ဆရာတော်က ရှေ့ခန်းမှာ ထိုင်ပါတယ်၊ ထိုင်စရာနေရာကလည်း ခပ်စုတ်ပြတ်ပြတ်ပါပဲ၊ ကားနောက်ခန်းထဲက လိုက်ပါလာတဲ့ စာရေးသူက ဆရာတော်ကို အားနာနေမိတယ်၊ မောင်ခင်မောင်ဌေးလည်း အားနာမှာ ပါပဲ၊ အငှားကားက ဒီကားမှတစ်ပါး အခြားကား မရှိတော့လည်း စီးရတော့တာပေါ့၊ ကားလေးသာ စကားပြောတတ်ခဲ့ရင် ဒီလိုစကားတွေ များပြောလေမလားလို့ စာရေးသူမှာ တွေးနေမိပါတယ်။

"ဆရာတော်ကြီးဘုရား . . . ဆရာတော်ကြီးလို ဆရာတော်ကြီးတစ်ပါးက တပည့်တော်လို ကားငယ်ငယ်, စုတ်စုတ်လေးပေါ်မှာ စီးလို့ ဆရာတော်ကြီးကို တပည့်တော် သယ်ယူပို့ဆောင်ပေးခွင့်ရတဲ့အတွက် အလွန်ပဲ ဝမ်းသာလှပါတယ် ဘုရား၊ ဆရာတော်ကြီးရဲ့ ရန်ကုန်မြို့မှာတော့ တပည့်တော်တို့ သယ်ယူပို့ဆောင်ခွင့် ရမှာ မဟုတ်ပါဘူးဘုရား၊ တပည့်တော်တို့လို ကားငယ်ငယ်, စုတ်စုတ်လေးတွေပေါ် မှာ ဆရာတော်ကြီး မစီးရတာ နှစ်ပေါင်းများစွာ ကြာနေရော့ပေါ့ဘုရား၊ တပည့်တော် တို့ မြိတ်မြို့မှာ တပည့်တော်ထက် ကောင်းတဲ့ ကားတွေကပဲ များပါတယ်ဘုရား၊ အဲဒီကားကောင်းတွေ ဒီတစ်ခါ ကံမကောင်းကြတော့ဘူးဘုရား၊ မကောင်းတဲ့ ကား လေးဖြစ်တဲ့ တပည့်တော့်မှာ ကံကောင်းနေရပါတယ်၊ တပည့်တော်ရဲ့ ဘဝက မခန်းနား, မထယ်ဝါလို့ ဆရာတော်ကြီးကို အားတော့ အားနားပါတယ်ဘုရား။ "

ဖုတ်ချပ်, ဖုတ်ချပ် နဲ့ မည်ပြီး ပြေးနေတဲ့ ကားလေးရဲ့ အသံက စာရေးသူရဲ့ အတွေးတွေကို ပြောပြတဲ့ စကားလုံးတွေများလားလို့တောင် တွေးထင်မိပါသေးတယ်။

ဆရာတော် သီတင်းသုံးရမယ့် နေရာကို ရောက်သွားပါတယ်၊ အဲဒီရောက်တော့ လာကြိုမယ့်သူတွေက ပြင်ဆင်နေကြတုန်း ရှိပါသေးတယ်၊ လေယာဉ်က ခါတိုင်း ဆိုက်ရောက်နေကျအချိန်ထက် စောပြီး ဆိုက်ရောက်လာတယ်၊ ကြိုမယ့်သူ တွေက ခါတိုင်း လေယာဉ်ဆိုက်ရောက်နေကျအချိန်အတိုင်း လာကြိုဖို့ စီစဉ်ထား ကြတယ်၊ ဒါကြောင့် ကြိုမယ့်သူတွေ မကြိုရသေးခြင်း ဖြစ်တယ်၊ ကြိုဖို့ ပြင်ဆင်နေ ကြသူတွေက ဆရာတော်ထံ လာရောက်ကန်တော့ပြီး ဝတ္တရား လိုအပ်သွားလို့ အား

http://www.dhammadownload.com

နာကြောင်း, စိတ်မကောင်းကြောင်း ဆရာတော်ကို လျှောက်ထားကြတယ်။

ဆရာတော်က –

"ဘုန်းကြီးကတော့ ဝမ်းသာတယ်၊ ဘုန်ကြီးကို တခမ်းတနားကြီးနဲ့ လာကြို ကြရင် အချိန်တွေလည်း ကုန်မယ်၊ လူတွေလည်း ပန်းမယ်၊ ပိုက်ဆံတွေလည်း ပိုကုန်တော့မှာပေါ့၊ ဘုန်းကြီးမှာလည်း ဒီလိုလာလိုက်ရတော့ လွတ်လပ်တယ်၊ ချမ်းသာတယ်၊ ဒါကြောင့် ဘုန်းကြီးကတော့ ဒီလို ဖြစ်သွားတာကို ကျေနပ်တယ်၊ ဒါကြောင့် စိတ်မကောင်း မဖြစ်ကြနဲ့၊ အားမနာကြနဲ့၊ ဝတ္တရားကလည်း မလိုအပ်ပါဘူး၊ မလိုရအောင် ကြိုးစားနေတာကြပါပဲ၊ ဘုန်းကြီးကိုယ်တိုင် တွေ့မြင်နေရတာပဲ၊" စသည်နဲ့ ပြုံးရွှင်နေတဲ့ မျက်နှာတော်နဲ့ မိန့်တော်မူလိုက်တယ်။

အဲဒီအခါ လာကြိုဖို့ စီစဉ်ပြီး မကြိုလိုက်ရလို့ စိတ်မကောင်းဖြစ်ပြီး ညှိုးငယ်နေတဲ့ သူတို့ရဲ့ မျက်နှာတွေဟာ နှင်းဆန်းပန်းပမာ ရွှင်လန်းလာကြတယ်၊ ဝမ်းသာရွှင်မြူးတတ်ကြွလာကြတယ်၊ ဆရာတော်ရဲ့ ဘေးမှာ ထိုင်နေတဲ့ စာရေးသူဟာ ဆရာတော်ရဲ့ ပြုံးရွှင်နေတဲ့ မျက်နှာတော်ကိုရော ယောနိသော မနသိကာရပါတဲ့ စကားလုံးတွေကိုရော လာကြိုလာကြမယ့်သူတွေရဲ့ မျက်နှာတွေကိုရော မြင်ရ, ကြားရတဲ့အခါ ယောနိသော မနသိကာရရဲ့ စွမ်းအားကို သတိထားမိပါတယ်။

"ရဟန်းတို့ . . . သင့်တင့်အောင် နှလုံးသွင်းသူ (ယောနိသော မနသိကာရရှိသူ) မှာ မဖြစ်သေးတဲ့ ကုသိုလ်တွေလည်း ဖြစ်ပေါ်လာတယ်၊ ဖြစ်ပေါ်ပြီး ကုသိုလ်တရားတွေလည်း ပိုပြီး ဖြစ်ဖို့ရာ, စည်ပင်ပြန့်ပြောလာဖို့ရာ ဖြစ်တယ်" ဆိုတဲ့ ဘုရားစကားတော်ကို ကြားယောင်လာကာ ပိုမိုသဘောပေါက်လာမိပါတယ်။

ဆရာတော်ရဲ့ ယောနိသော မနသိကာရ ထားပုံတွေထဲက ဒါဟာ တစ်ခုအပါအဝင်ပါပဲ။

ယောနိသော မနသိကာရ

ယောနိသော မနသိကာရ

ထားတက်က

ပထမ – ကိုယ် ချမ်းသာတယ်၊

ဒုတိယ – သူတစ်ပါး ချမ်းသာတယ်၊

အဲဒါ သူ.ရဲ့ စွမ်းအားကွယ်။

■ ■ ■ ■ ■

http://www.dhammadownload.com

သာသနာပြုနည်း

" လိုအပ်ချက်နဲ့ သင့်တော်ချက်ကို အရမ်း နားလည်ပြီး သာသနာပြုကြတယ် " တဲ့။

ဆရာတော်က ဒီစကားလေးကို မဟာစည်သာသနာ့ရိပ်သာမှာတုန်းကရော ဒီရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာပါ မိန့်ကြားလေ့ရှိတယ်၊ ဆွမ်းစားကျောင်း ဝေယျာဝစ္စပုဂ္ဂိုလ်တွေကိုရော ရုံးအဖွဲ့မှ ပုဂ္ဂိုလ်တွေကိုပါ မိန့်ကြားတာ ကြားခဲ့ဖူးပါတယ်၊ အခြားအခြားနေရာတွေမှ ဒကာ, ဒကာမတွေကိုလည်း မိန့်ကြားတာ နာယူဖူးပါတယ်၊ လိုအပ်ချက်နဲ့ သင့်တော်ချက်ကို အရမ်း နားလည်ပြီး သာသနာပြုကြတဲ့ ပုဂ္ဂိုလ်တွေကို နမူနာအဖြစ် ထုတ်ပြတဲ့အခါ အနာထပိဏ်နဲ့ ဝိသာခါ တို့ကို ဆရာတော်က ထုတ်ပြပါတယ်၊ သူတို့ (၂) ဦးက ပစ္စည်းဥစ္စာကြွယ်ဝကြရုံမက သဒ္ဓါတရားကလည်း ကြွယ်ဝကြတယ်၊ ပြီးတော့ သူတို့က သောတာပန်လည်း ဖြစ်ထားကြတာဆိုတော့ သဒ္ဓါတရားက အားကောင်းကြပြီပေါ့၊ သူတို့ (၂) ဦးဟာ သံဃာတော်တွေရဲ့ လိုအပ်ချက်နဲ့ သင့်တော်ချက်ကို အရမ်း နားလည်ကြတယ်၊ သံဃာတော်တွေအတွက် လိုအပ်တာလည်း ဖြစ်ရမယ်၊ သင့်တော်တာလည်း ဖြစ်ရမယ်၊ အဲဒီ (၂) ချက်ကို သူတို့က အရမ်း နားလည်ကြတယ်၊ နားလည်ပြီး သူတို့ (၂) ဦး သာသနာရေးရာကိစ္စတွေကို ဆောင်ရွက်ကြတယ်၊ အဲဒီလို ဆောင်ရွက်တော့ သံဃာတော်တွေ စိတ်တိုင်းကျ ဖြစ်တယ် တဲ့။

ဒါကြောင့် သာဝတ္ထိမြို့မှာ ဒါနကောင်းမှုကုသိုလ် ပြုလိုကြသူတွေဟာ အနာထပိဏ်နဲ့ ဝိသာခါကို သူတို့ အလှူပွဲမှာ လာစေချင်ကြတယ်၊ ဦးစီးစေချင်ကြတယ်၊ သူတို့ (၂) ဦး မလာရင် အဲဒီအလှူပွဲဟာ မမြိုင်ဆိုင်, မစည်ဖူးပေါ့၊ သူတို့ (၂) ဦး လာရောက်ဦးစီးပြီး လုပ်တဲ့ အလှူပွဲဟာ သံဃာတော်တွေရဲ့ စိတ်တိုင်းကျ ဖြစ်တာ

http://www.dhammadownload.com

ချည်းပဲ တဲ့၊ ဆရာတော်က အနာထပိဏ်နဲ့ ဝိသာခါတို့ရဲ့ သာသနာပြုပုံကို စံနမူနာအဖြစ် ဖော်ပြလေ့ရှိတယ်၊ ညွှန်ပြလေ့ရှိတယ်၊ ဆရာတော်ရဲ့ တပည့်ဒကာ, ဒကာမတွေကိုရော မြန်မာနိုင်ငံမှ ဗုဒ္ဓသာသနာဝင်တွေကိုပါ အနာထပိဏ်နဲ့ ဝိသာခါတို့လို သံဃာတော်တွေရဲ့ စိတ်တိုင်းကျဖြစ်အောင် သာသနာပြုတတ်ကြစေလိုတယ်။

သံဃာတော်တွေရဲ့ စိတ်တိုင်းကျဖြစ်အောင် သာသနာပြုတတ်ဖို့ရာ မလွယ်လှဘူးနော်၊ ပစ္စည်းဥစ္စာတွေ သန်းပေါင်းများစွာ ကြွယ်ဝတဲ့ သန်းကြွယ်သူဌေးကြီးဖြစ်ရုံနဲ့လည်း သံဃာတော်တွေရဲ့ စိတ်တိုင်းကျဖြစ်အောင် သာသနာပြုလို့ မရသေးဘူး၊ သဒ္ဓါတရားကလည်း ကြွယ်ဝအုံးမှ၊ သန်းကြွယ်သူဌေးတွေ ကမ္ဘာမှာ အများကြီးရှိတာပဲ၊ သူတို့ သံဃာတော်တွေရဲ့ စိတ်တိုင်းကျ သာသနာပြုနိုင်ကြလို့လား၊ သဒ္ဓါတရားကလည်း သာမန်တော်ရုံတန်ရုံ သဒ္ဓါဆိုရင်လည်း မခိုင်မာသေးဘူးလေ၊ အနာထပိဏ်နဲ့ ဝိသာခါတို့ရဲ့ သဒ္ဓါတရားလောက် မခိုင်မာတောင် သူတို့သဒ္ဓါနီးနီးလောက် ခိုင်မာထားမှ၊ သဒ္ဓါတရားလည်း ကောင်းတဲ့ သူဌေးတွေ မြန်မာနိုင်ငံမှာ အများကြီး ရှိတာပဲ၊ ဒါပေမယ့် သူတို့လည်း သံဃာတော်တွေရဲ့ စိတ်တိုင်းကျဖြစ်အောင် သာသနာမပြုနိုင်ကြသေးဘူး၊ သံဃာတော်တွေရဲ့ လိုအပ်ချက်နဲ့ သင့်တော်ချက်ကိုလည်း အရမ်း နားလည်ရအုံးမယ်။

သံဃာတော်တွေရဲ့ လိုအပ်ချက်နဲ့ သင့်တော်ချက်ကို အတော်အသင့် နားလည်ရုံနဲ့လည်း မရသေးဘူး၊ အရမ်းကို နားလည်ရမှာ၊ သံဃာတော်တွေရဲ့ လိုအပ်ချက်ကိုသာ အရမ်းနားလည်ပြီး သင့်တော်ချက်ကို နားမလည်ရင်လည်း မဖြစ်သေးဘူး၊ သင့်တော်ချက်ကိုသာ အရမ်းနားလည်ပြီး လိုအပ်ချက်ကို နားမလည်ရင်လည်း မဖြစ်ပြန်ဘူး၊ လိုအပ်ချက်နဲ့ သင့်တော်ချက် (၂) မျိုးလုံးကို အရမ်းနားလည်ထားရမှာ။

ဆရာတော်ရဲ့ တပည့်ဒကာ, ဒကာမတွေထဲမှာလည်း ဒီလိုနည်းနဲ့ သာသနာပြုနိုင်ကြတဲ့ တပည့် ဒကာ, ဒကာမတွေ ရှိကြမှာပါ၊ အနာထပိဏ်, ဝိသာခါတို့ရဲ့ စံချိန်ကို မမီတောင် သူတို့နီးပါးလောက် စွမ်းနိုင်ကြတဲ့ တပည့်တွေ ရှိကြမှာပါ။

ဒီနှစ် (၁၃၅၈) ခု၊ အင်္ဂလိပ်လို (၁၉၉၆) ခုနှစ်မှာ ဆယ်မိုင်ကုန်း ပဏ္ဍိတာရာမ တောစခန်းရိပ်သာမှာ ဝါဆိုသံဃာ (၁၀) ပါးထဲက ပြည်ပ သံဃာ (၈) ပါးပါတယ်၊ ဂျာမန်တစ်ပါး၊ ကနေဒါတစ်ပါး၊ ဟော်လန်တစ်ပါး၊ ကျန် (၅) ပါး က သီရိလင်္ကာ၊ မလေးရှား သိင်္ဂာရှင် (၂) ပါး၊ ဂျပန်အမျိုးသမီးတစ်ယောက်၊ အမျိုးသားယောဂီတွေထဲမှာ ဂျပန်လည်း ပါတယ်၊ အမေရိကန်လည်း ပါတယ်၊ ဩစတြေးလျားလည်း ပါတယ်၊ ဆွစ်ဇာလန်နှစ်ယောက်လည်း ပါတယ်၊ ဝါပကာလမှာ

http://www.dhammadownload.com

အခြားနိုင်ငံတွေက ပုဂ္ဂိုလ်တွေလည်း ပါသေးတယ်၊ ဒီနှစ်ဝါတွင်းမှာ ဆွမ်းကျောင်းတာဝန်ကို ဒေါ်စောယဉ်ဝင်းနဲ့ မပုဏ္ဏာစန္ဒာက ချက်ပြုတ်ရေးတာဝန် ယူတယ်၊ ဝါတွင်းကာလရဲ့ အလယ်ပိုင်းလောက်မှာ မကြည့်ဝင်းနဲ့ မတင်တင်အောင်တို့လည်း အကူအညီအဖြစ် ရောက်လာကြတယ်။

ပြည်ပက ရဟန်းယောဂီတွေကိုရော သိက္ခာရှင်တွေကိုရော, အမျိုးသား+အမျိုးသမီးယောဂီတွေကိုရော စာရေးသူ သတိလည်း ထားကြည့်မိတယ်၊ လေ့လာလည်း လေ့လာကြည့်မိတယ်၊ ဆွမ်းစားကျောင်းမှ အာဟာရကိစ္စကို အလွန်အကဲကျေနပ်ကြတယ်၊ အားရကြတယ်၊ စိတ်ချမ်းသာကြတယ်၊ အရှေ့တိုင်းရဲ့ ကိုယ်စားအနေနဲ့ သီရိလင်္ကာရဟန်းတော် အရှင်ဓမ္မာဇီဝကို မေးပါတယ်၊ သူက မြန်မာလိုလည်း ပြောတတ်တာကိုး၊ သူက ဒီလို ဝေဘန်သုံးသပ်ပြတယ်။

"သူတို့ အနောက်တိုင်းသားတွေက သန့်ရှင်းမှုကိုလည်း သိပ်အလေးထားကြတယ်၊ ဒေါ်စောယဉ်ဝင်း စီစဉ်ဆောင်ရွက်တဲ့ ဆွမ်းစားကျောင်းက ပန်းကန်, ခွက်ယောက်စတဲ့ အသုံးအဆောင်တွေကအစ သန့်ရှင်းမှုကို အလွန်ပဲ အားရကျေနပ်ကြတယ်၊ ဂျာမန်သိက္ခာရှင်ဖြစ်တဲ့ ဥဇ္ဇောတဉာနီက အနောက်တိုင်း အဆင့်အတန်းကို မိတယ် လို့ ပြောတယ်၊ သန့်ရှင်းမှု, သပ်ရပ်မှုဟာ တကယ့်ကိုပဲ အဆင့်အတန်းမြင့်ပါတယ်၊ အရှင်ဘုရားလည်း ကိုယ်တွေ့ မြင်တွေ့နေရတာပဲ၊ တပည့်တော်တို့လည်း ကိုယ်တွေ့ မြင်တွေ့နေရတာပဲ၊ ဂျာမန်သိက္ခာရှင်ရဲ့ အဆိုကို တပည့်တော်တို့ ပြည်ပယောဂီအားလုံး (အရှေ့တိုင်းရော အနောက်တိုင်းပါ) က ထောက်ခံအတည်ပြုကြပါတယ်။"

"ဒေါ်စောယဉ်ဝင်းက ယောဂီတွေရဲ့ လိုအပ်ချက်နဲ့ သင့်တော်ချက်ကို သိပ်သိတာပဲ၊ ယောဂီတွေရဲ့ လိုအပ်ချက်နဲ့ သင့်တော်ချက်ကို သိရုံတင်မကဘူး၊ ပြည့်စုံအောင်လည်း ဖန်တီးပေးတယ်၊ ယောဂီတွေဘက်ကိုပဲ ကြည့်တယ်၊ သူဘက်ကို မကြည့်ဘူး၊ သူ ဘယ်လောက် ပင်ပန်းပင်ပန်း သူ ဂရုမစိုက်ဘူး၊ ယောဂီတွေ ချမ်းသာရေး၊ ယောဂီတွေရဲ့ ဆန္ဒ ဖြည့်ပေးရေးကိုသာ သူ အလေးထားတယ်၊ သူ အလုပ်သိပ် များပါတယ်၊ သိပ်ရှုပ်ပါတယ်၊ နားနေရတယ်လို့မှ သိပ်မရှိတာ၊ အလုပ်နဲ့ လက်နဲ့ မပြတ်သလောက်ပါပဲ၊ လာသမျှ ဧည့်သည်တွေကိုလည်း စိတ်ချမ်းသာအောင် ပြုစုတယ်၊ သူက စေတနာထားပြီး ပြုစုတော့ ဧည့်သည်တွေကလည်း သဒ္ဓါပေါက်သွား ကြတာပေါ့၊ အရုဏ်ဆွမ်း ကပ်သူကပ်၊ နေ့ဆွမ်း လှူသူကလှူ၊ ကျောင်းဆောက်သူက ဆောက်နဲ့ သဒ္ဓါတွေ ပေါ်ပေါက်လာကြတာ။"

"အနောက်တိုင်းသားတွေက အစားအသောက်ကို သိပ်အလေးထားကြ

http://www.dhammadownload.com

တယ်၊ သိပ်ခုံမင်တတ်ကြတယ်၊ သူတို့ အနောက်တိုင်းသားတွေက သန့်ရှင်းတဲ့ အစား အစာလည်း ဖြစ်မှ၊ လတ်ဆပ်တဲ့ အစားအစာလည်း ဖြစ်မှ၊ အာဟာရဓာတ်ပါတဲ့ အစား အစာလည်း ဖြစ်မှ သဘောကျကြတယ်၊ အဲဒီလို အစားအစာ မဟုတ်ရင် သည်းခံပါလို့ ပြောလို့ သည်းခံရင်တောင် တစ်ခါပဲ သည်းခံမယ်၊ နောင်ကို ဘယ်တော့မှ မလာတော့ဘူး၊ အစားအစာ မကောင်းရင် သူတို့က သတင်းဖြန့်လို့ သတင်းလည်း ပြန့်သွား တော့တာပဲ။ "

" ဒေါ်စောယဉ်ဝင်းက စေတနာ၊ သဒ္ဓါကောင်းသလို ယောဂီတွေ ချမ်းသာ စေလိုတဲ့ မေတ္တာလည်း ထားပါတယ်၊ ပညာလည်း ရှိပါတယ်၊ ကျောင်းဆရာမမို့လား မသိဘူး၊ ညွှန်ကြားစရာရှိတာကို ညွှန်ကြားတယ်၊ ပြောတတ်၊ စီမံတတ်တယ်၊ မေတ္တာ စေတနာ၊ သဒ္ဓါတွေရဲ့ အစွမ်းနဲ့ တူပါရဲ့ " တဲ့။

အရှေ့တိုင်းရဲ့ ကိုယ်စား အရှင်ဓမ္မာဇီဝကို မေးလို့ သူ့ရဲ့ ဝေဘန်သုံးသပ်ချက် တွေကို ကြားရပြီးပြီ။ အနောက်တိုင်းရဲ့ ကိုယ်စား ဂျာမန်ရဟန်းတော် အရှင်ဝိဝေကာ နန္ဒကို မေးကြည့်တော့ သူက မြန်မာစကားနဲ့ ဒီလို ပြောပြပါတယ်။

" ဒေါ်စောယဉ်ဝင်းနဲ့ မပုဏ္ဏာစန္ဒာတို့ ဒီမှာ ဆောင်ရွက်ကြတာ သိပ်ကို ကောင်းပါတယ်၊ သူတို့ ဒီမှာ မရှိရင် မဖြစ်ပါဘူး၊ သူတို့ ဒီမှာ အဓိက ကဏ္ဍက ပါဝင်ကြပါ တယ်၊ သူတို့ (၂) ဦးရဲ့ စီစဉ်ဆောင်ရွက်မှုတွေကို တပည့်တော်တို့ ရာနှုန်းပြည့် ထောက်ခံပါတယ်၊ တပည့်တော်တို့ ပြည်ပယောဂီတွေက သူတို့ (၂) ဦးရဲ့ အစားအသောက်ဆိုင်ရာ စီစဉ်ဆောင်ရွက်ပေးမှုတွေကို ကျေနပ်သဘောကျကြ ပါတယ်၊ ပြည်ပယောဂီတွေရဲ့ စိတ်တိုင်းကျ ဖြစ်ပါတယ် " တဲ့။

ဒေါ်စောယဉ်ဝင်းနဲ့ မပုဏ္ဏာစန္ဒာ တို့ကလည်း သတိပဋ္ဌာန်တရား အားထုတ်ပြီး သားတွေပဲ၊ ဒီတော့ သဒ္ဓါတရားလည်း အားကောင်းနေကြပြီပေါ့၊ ဒေါ်စောယဉ်ဝင်းက တော့ ဆရာတော်ရဲ့ ဝေယျာဝစ္စတွေကို နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့တဲ့အပြင် မဟာစည်သာသနာ့ရိပ်သာမှာ ဆွမ်းကျောင်း ဝေယျာဝစ္စတွေကိုလည်း လုပ်ခဲ့တာကို၊ ဒါကြောင့်လည်း ယောဂီတွေရဲ့ လိုအပ်ချက်နဲ့ သင့်တော်ချက်ကို သိကာ ပိုပြီး ဆောင် ရွက်ပေးတတ်တာပေါ့၊ ဆရာတော့်ဩဝါဒနဲ့အညီ သာသနာ ဆက်လက်ပြုနိုင်ကြပါ စေလို့ ဆန္ဒပြုလိုက်ပါတယ်။

http://www.dhammadownload.com

သာသနာပြုနည်း

သံဃာများရဲ့ စိတ်တိုင်းကျ
သာသနာပြုလိုက
လိုအပ်တာနဲ့ သင့်တော်တာ
အရမ်း နားလည်ပါ။
နားလည်ကာ ဆောင်ရွက်က
သံဃာအများ စိတ်တိုင်းကျ
ဆရာတော်ရဲ့ ဩဝါဒ။

❑ ❑ ❑ ❑ ❑

http://www.dhammadownload.com

သေချင်သေ

"ကြိုတင် တောင်းပန်းထားပါရစေ၊ တပည့်တော် သေခါနီးလို့ ဆေးရုံတင်ကြရင်တောင် သဟသေယျအာပတ် မလွတ်နိုင်တဲ့ နေရာမျိုးမှာ မထားကြဖို့ ကြိုတင်တောင်းပန်ထားပါတယ်။"

သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ ကျန်းမာရေးအခြေအနေ ဆိုးလာလို့ မင်္ဂလာဒုံစစ်ဆေးရုံမှာ တင်ထားတယ်၊ ဆရာတော် ကြွလို့ စာရေးသူလည်း လိုက်ပါသွားတယ်၊ သပြေကန်ဆရာတော်ကြီးခမျာ ဆေးရုံမှာ မနေချင်ရှာဘူး၊ ကျောင်းကိုပဲ အလွန်အကဲ ပြန်ချင်နေရှာတယ်၊ ကျောင်းကို ပြန်ပို့ဖို့လည်း မိန့်ကြားရှာတယ်၊ ဆရာဝန်တွေက ဆီးသွားရင်လည်း ခုတင်ပေါ်ပဲ သွားစေတယ်၊ ဆရာတော်ကြီးက ကုဋ္ဌီခန်း သွားပြီး စွန့်ချင်တယ်။ " စွန့်ဖို့ သွားနိုင်ပါတယ် " လို့ ပြောပြီးတော့လည်း သွားဖို့ ကြိုးစားတယ်၊ ဆရာဝန်တွေက လှုပ်ရှားခွင့် မပေးဘူး၊ ဆရာတော်ကြီးကလည်း ဆရာဝန်တွေ ညွှန်ကြားသလို ဆီးစွန့်လေ့ မရှိတော့ အဲဒီလို စွန့်ရမှာ သိပ်ပြီး ဝန်လေးနေတယ်၊ အဲဒီလို စွန့်ရမှာ ရှက်ပုံလည်း ပေါ်ပါတယ်၊ ဆီး စွန့်ချင်ရက်သားနဲ့ သူစွန့်ချင်တဲ့အတိုင်း မစွန့်ရလို့ ပင်ပန်းနေရှာပုံလည်း ရပါတယ်၊ ပင်ပန်းတာမှ တော်တော်ကို ပင်ပန်းပုံ ရပါတယ်၊ ဆရာတော်ကြီးကို မြင်ရတာ အလွန်ပဲ သနားမိတယ်၊ ဆရာတော်ကြီးရဲ့ ဝေယျာဝစ္စပြုလုပ်သူ သံဃာနဲ့ ဒကာတွေကလည်း ဆရာဝန်တွေ ညွှန်ကြားတဲ့အတိုင်းပဲ ဆောင်ရွက်နေကြရတာဆိုတော့ ဆရာတော်ကြီးရဲ့ အလိုကို မလိုက်နိုင်ရှာကြပါဘူး။

ဆရာဝန်တွေက ဆရာတော်ကြီးထံ ဘယ်သူမှ မဝင်ရဘူးဆိုလို့ ပထမတော့ မဝင်ရတော့ဘူး လိုလိုပဲ၊ နောက်တော့လည်း ဆရာတော် ပြောလို့ ဝင်ရပါတယ်၊ ဆရာတော်က ဆရာတော်ကြီးရဲ့ အခြေအနေကို ကြည့်ပြီး " ဆရာတော်ဘုရား . . .

http://www.dhammadownload.com

ဒီအချိန်အခါဟာ ဆရာဝန်စကားကို နားထောင်ရမယ့် အချိန်အခါပါဘုရား၊ စိတ်ကို ဒုန်းဒုန်းချထားပြီး ဆရာဝန်ညွှန်ကြားသလိုပဲ ဆောင်ရွက်ပါဘုရား၊ ဒါမှလည်း ဆရာတော့်ရောဂါ သက်သာလာပြီး ကျန်းမာလာမှာပါဘုရား " လို့ လျှောက်တယ်၊ စာရေးသူမှာတော့ ဆရာတော်ကြီး ပင်ပန်းနေတာကို မကြည့်ရက်လို့ ဆရာတော်ကြီးရဲ့ ဆန္ဒကို လိုက်လျှောလိုက်ကြစေချင်တယ်၊ ဆရာတော်ကြီးက သူကိုယ်တိုင် ကုဋီခန်းသွားပြီး စွန့်ချင်လွန်းလို့ တပည့်တွေ ထိန်းထားတဲ့ ကြားက ရုန်းသေးတယ်၊ ဆွဲထား, ဖိထားတဲ့ လက်တွေကို ဖယ်ရှားသေးတယ်၊ " ငါ့တပည့်တွေ ငါ့စကားကို နားမထောင်ကြတော့ဘူး၊ ငါဆန္ဒကို မလိုက်ကြတော့ဘူး " လို့တောင် ဆရာတော်ကြီးမှာထင်နေလေရော့သလား မပြောတတ်၊ ဆရာတော်ကြီး ပြန်လည်ကျန်းမာစေချင်ကြတော့လည်း ဆရာတော်ကြီးရဲ့ ဆန္ဒကို မလိုက်လျှောနိုင်ကြဘူးပေါ့၊ " ဆရာတော်ကြီးက ဒီလောက် သွားချင်နေတာ၊ သွားခွင့် ပေးလိုက်ရောပေါ့၊ သူတောင် သွားနိုင်လို့ သွားတာ ဘာမှ ဖြစ်မှာ မဟုတ်ပါဘူး၊ " လို့တောင် စာရေးသူ တွေးမိသေးတယ်။

မင်္ဂလာဒုံစစ်ဆေးရုံက အပြန်မှာ ကားပေါ်မှာ ဆရာတော်က အထက်ပါ စကားလေးကို မိန့်ကြားခဲ့ပါတယ်။ သပြေကန်ဆရာတော်ကြီးကို သနားမိသလို ဆရာတော်က ဒီလိုပြောလာတော့ ဆရာတော့်ကိုလည်း သနားမိသလို လေးလည်းပိုပြီး လေးစားလာမိတယ်၊ ဆေးရုံမှာ အမျိုးသမီးတွေနဲ့ တစ်မိုးတစ်ရုံတည်းမှာ ညအခါ အိပ်ရင် အာပတ်(သဟသေယျအာပတ်)သင့်တာမို့ ဝိနည်းဖြစ်လွတ်အောင် ဆရာတော်က ကြိုတင်မိန့်တာကို ကြားရတော့ ဆရာတော့်ကို ပိုပြီး လေးစားမိတာပေါ့၊ ဆရာတော်ဟာ သပြေကန်ဆရာတော်ကြီးကို နောက်ဆုံးဖူးမျှော်ကန်တော့ခဲ့ရခြင်းပါပဲ၊ သပြေကန်ဆရာတော် စံလွန်တော်မူကြောင်း သတင်းရတော့ ဆရာတော်က ပြောတယ်၊ " အင်း . . . သပြေကန်ဆရာတော်ကြီး သူ့ကျောင်းကို ဒီလောက် ပြန်ချင်နေပုံကို ထောက်ရတော့ စံလွန်တော်မူလိမ့်မယ်လို့ ထင်မိတယ် " တဲ့၊ စာရေးသူကတော့ ဆရာတော် ထင်မိသလို မထင်မိဘူး၊ ဆေးရုံမှာ ဆရာတော်ကြီးကို ဖူးတွေ့ရတာ စံလွန်တော်မူမယ် မထင်ရဘူး၊ ဆရာဝန်တွေကတော့ " စိုးရိမ်ရတဲ့ အခြေအနေမှာ ရှိတယ် " လို့ ဆိုကြသတဲ့၊ ဆရာဝန်တွေရဲ့ အဆိုရော ဆရာတော်ရဲ့ အထင်ပါ မှန်ပေတာပဲ၊ နောက်နေ့မှာ စံလွန်တော်မူသွားတာပါပဲ၊ စံလွန်တော်မူကြောင်း ကြားသိရတော့ စာရေးသူမှာ အံ့လည်း အံ့ဩမိသလို နှမြောလည်း နှမြော မိတယ်၊ ဆရာတော်ကတော့ သူအားကိုးရတဲ့ ဆရာတော်ကြီးကို ပိုပြီး နှမြောပါတယ်၊ ဆရာတော်ကြီးရဲ့ တန်ဖိုးကို သိကြတဲ့ ရဟန်း, ရှင်, လူတိုင်း နှမြောကြတယ်၊ ဆရာတော်ကြီးရဲ့ တန်ဖိုးကို ပိုပြီး သိတဲ့သူက ပိုပြီး

http://www.dhammadownload.com

နေမြောမှာပေါ့၊ ဆရာတော်ကလည်း ဆရာတော်ကြီးရဲ့ တန်ဖိုးကို အများတကာထက် ပိုပြီး သိတာမို့ အများတကာ ထက် ပိုပြီး နေမြောပါတယ်။

ဆရာတော်ရဲ့ ဝိနည်းအလေးပြုပုံတွေကို စာရေးသူ အခါခါ ကြုံရပါတယ်၊ ဆရာတော်က ငယ်ငယ်ကထဲက ဝိနည်းကို အလေးဂရုပြုခဲ့တာမို့ တစ်ပါးသူ ဝိနည်းဆိုင်ရာ ချို့ယွင်းနေရင် လွယ်လွယ်နဲ့ မြင်တတ်တယ်၊ မြင်ပြီး ပြင်ပေးတယ်၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာထဲ လျှောက်လှည့်လို့ သင်္ကန်းတွေ ခြောက်ရဲ့သားနဲ့ နေပူထဲမှာ ထားတာ တွေ့ရင် ရုပ်သိမ်းစေပါတယ်၊ ဒုပ္ပရိဘောဂ (မရိုမသေသုံးရာ) ရောက်တယ် တဲ့။ ဝိနည်းပြစ် သင့်တယ်၊ ကွင်းသင်းပိုင်း တွေ့ရင်လည်း ချုပ်ရိုးကို ဖြည်စေပါတယ်၊ အံသကိုက်အင်္ကျီကိုလည်း လုံးဝ ဝတ်ခွင့် မပေးဘူး၊ သပိတ်ကို လိမ့်ကျနိုင်တဲ့ အစွန်အဖျားစတဲ့ မထားရတဲ့ နေရာတွေမှာ မထားစေဘူး၊ ထားတာ တွေ့ရင် မထားဖို့ ပြောတယ်၊ သံဃာယောဂီတွေ တရားအားထုတ်ဖို့ လာရင် နဝကမ္မ ဝတ္ထုဌေးကို ယူမလာစေရဘူး၊ နိသဂ္ဂိယ (စွန့်ထိုက်တဲ့ ပစ္စည်း) တွေကိုလည်း စွန့်စေတယ်၊ ရိပ်သာမှာ အမြဲနေတဲ့ သံဃာတွေရဲ့ နဝကမ္မတွေကိုလည်း ကပ္ပိယကာရကထံမှာ အပ်နှံပြီး ထားစေတယ်၊ သပိတ်ကို နေပူထဲမှာ အကြာကြီး လှမ်းထားရင်လည်း ရုပ်သိမ်းစေပါတယ်၊ ဆရာတော်က ဒီလို အသေးအမွှားဝိနည်းဥပဒေက အစ ဝိနည်းဥပဒေတွေကို အထူးပဲ လေးစားတာကို တွေ့ရပါတယ်၊ ဆရာတော်ထံမှာ စာရေးသူနေတဲ့ ကာလအတောအတွင်းမှာရော စာရေးသူ ဆရာတော့်ထံ မရောက်ခင်ကရော ဆရာတော်ရဲ့ ဝိနည်းလေးစားတာကို ကြားသိခဲ့ရပါတယ်။

ဆရာတော် ငယ်ရွယ်စဉ်ကကော ဘယ်လို ရှိခဲ့သလဲ ဆိုတာကို သိချင်နေခဲ့ပါတယ်၊ နာယကကျောက်တန်းဆရာတော်ကို လျှောက်ထားကြည့်တယ်၊ ကျောက်တန်း " ဆရာတော်က ဆရာတော်ဟာ ငယ်ရွယ်စဉ်က ဝိနည်းကို လေးစားခဲ့တယ် " လို့ မိန့်တယ်၊ ကျောက်တန်းဆရာတော်ကိုယ်တိုင်လည်း ဝိနည်းလေးစားတယ်၊ ပြီးတော့ ကျောက်တန်းဆရာတော်ဟာ ဝိနည်းဆိုင်ရာမှာလည်း ကျွမ်းကျင်တယ်၊ အဲဒီလို ကျောက်တန်းဆရာတော်က ပြောပြတာဆိုတော့ ဆရာတော် ငယ်ရွယ်စဉ်ကထဲက ဝိနည်းလေးစားခဲ့တာ မှန်ပါမယ်၊ မဟာဗောဓိတောရကျောင်း ဆရာတော်ကြီး အရှင်ကေလာသ စတဲ့ ဝိနည်းလေးစားတဲ့ ဆရာကောင်းတွေကို မှီဝဲခဲ့ကြရတော့ ဝိနည်းလေးစား တဲ့ တပည့်ကောင်းတွေ ဖြစ်နေကြတာပေါ့။

ဆရာတော်က သီလနဲ့ ပတ်သက်ပြီး မိန့်ထားတဲ့ စကားလေးတွေကို စာရေးသူ မှတ်မိနေတယ်။ ဥပမာလေးတွေနဲ့ မိန့်ထားတာမို့ မှတ်မိလွယ်တယ်၊ မေ့လည်း မမေ့တော့ဘူး။

http://www.dhammadownload.com

" သီလဟာ ပါးစပ်နဲ့ တူတယ်၊ ပါးစပ်ရှိမှ အစားတွေ ဝင်နိုင်တယ်၊ အစာတွေ ဝင်နိုင်မှ ခန္ဓာကိုယ် အင်အားရှိတယ်၊ သီလပါးစပ် ရှိမှ သမာဓိ, ပညာ အစာတွေ ဝင်နိုင်တယ်၊ သမာဓိ, ပညာအစာတွေ ဝင်မှ စိတ်အား ရှိတယ်။ "

" စိတ်ဓာတ်ဖွံ့ဖြိုး, အသိဉာဏ်တိုးစေနိုင်တဲ့ တရားအလုပ်ကို လုပ်ရာမှာ ကိုယ် မှ, နှုတ်မှ စင်ကြယ်ဖို့ လိုတယ်၊ ကိုယ်မှ, နှုတ်မှ မစင်ကြယ်ရင် စိတ် မစင်ကြယ်၊ စိတ်မစင်ကြယ်ရင် စိတ်မဖွံ့ဖြိုး၊ အသိဉာဏ် မတိုးနိုင်ဘူး။ "

" သစ်ပင်တစ်ပင်ဟာ သစ်ကိုင်း ကျိုးနေရင်, သို့မဟုတ် ညှိုးနေရင် အသီး မသီးနိုင်၊ မဖွံ့ဖြိုးနိုင်ဘူး၊ ထို့အတူပဲ သီလအကိုင်း ကျိုးနေရင်, ညှိုးနေရင် မဂ်သီး, ဖိုလ်သီး မသီးနိုင်, မဖွံ့ဖြိုးနိုင်တော့ဘူး " တဲ့။

ဆရာတော်ရဲ့ မသေခင် ကြိုတင်တောင်းပန်ထားတဲ့ စကားလေးက စာရေးသူ မဟာဂန္ဓာရုံကျောင်းတိုက်မှာ နေခဲ့စဉ်က မဟာဂန္ဓာရုံဆရာတော် နံနက် တိုင်း သြဝါဒပေးတဲ့အခါ သြဝါဒမပေးခင် ဆိုခဲ့ရတဲ့ စာတွေထဲမှာ တစ်ခုအပါအဝင် ဖြစ်တဲ့ ဂါထာလေးကို သတိရစေပါတယ်။

ဂါထာလေးက –

ပါတိမောက္ခံ ဝိသောဓေန္တော, အပ္ပေဝ ဇီဝိတံ ဇဟေ၊
ပညတ္တံ လောကနာထေန, န ဘိန္ဒေ သီလသံဝရံ တဲ့။

မြန်မာလိုကတော့ –

" ပါတိမောက်သီလကို ဖြူစင်စေလိုတဲ့ ငါဟာ ငါ့အသက်ကို စွန့်ချင်စွန့် လိုက်ရပါစေ။ မြတ်စွာဘုရား ပညတ်ထားတဲ့ သီလကိုတော့ မချိုးဖျက်ဘူး " တဲ့။

သေချင်သေ

အသက်သေချင်သေ
သီလကိုတော့ မစွန့်ပေ၊
ထိုသို့လေ သီလများ
ဆရာတော်ကား စောင့်စည်းထား။
သီရသူများ အားကျကာ
ကြည်ညိုစိတ်တွေ ပွားရပါ
နောက်နောင်ခါ သူလိုအစား
တပည့်သားတွေ ဆင့်ဆင့်ပွား။

http://www.dhammadownload.com

သတိပဋ္ဌာန်

" သတိတစ်လုံး၊ လက်ကိုင်သုံး၊ အားလုံးကိုလေ အောင်နိုင်ပေ " တဲ့။

ဆရာတော် သီကုံးထားတဲ့ လက်ာလေး ဖြစ်ပုံရပါတယ်၊ သတိရဲ့ စွမ်းအား ကို ဖော်ပြထားတဲ့ လက်ာလေးပါပဲ၊ ကမ္ဘာလောကကြီးမှာ တွေ့ကြုံနေရတဲ့ ရာနှုန်းပြည့် ဆင်းရဲတွေရဲ့ မြစ်ရင်းအကြောင်းတရားဟာ ကိလေသာတွေပါပဲ တဲ့၊ ကိလေသာ တွေဆိုတာ စိတ်ကို ညစ်ညူးအောင် လုပ်တဲ့ လောဘ, ဒေါသ, မောဟ စတဲ့ တရား ဆိုးတွေပါပဲ၊ ဒီတရားဆိုးတွေကို မအောင်နိုင်သေးသမျှ ဒုက္ခတွေကတော့ တွေ့နေကြ ရအုံးမှာပဲ၊ ဒီတရားဆိုးတွေကို အောင်နိုင်ဖို့ နည်းလမ်း မရှိတာတော့ မဟုတ်ပါဘူး၊ ရှိပါတယ်၊ အဲဒီနည်းလမ်းက သတိတစ်လုံး လက်ကိုင်သုံးတဲ့ နည်းပါပဲ။

သတိဥ္စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ တဲ့၊ ဘုရားဟောခဲ့တဲ့ ပါဠိစကားပါ ပဲ၊ မြန်မာလိုကတော့ " ဘိက္ခုတို့ . . . သတိကို ကိစ္စခပ်သိမ်းမှာ လိုအပ်တယ်လို့ ငါဘုရား ဟောတယ် " တဲ့၊ သတိဟာ ပိုတယ်လို့ မရှိဘူး၊ အမြဲ လိုလျက်ပဲ၊ သွား သတိ, ရပ်သတိ, ထိုင်သတိ, လျောင်းသတိ, ကွေးသတိ, ဆန့်သတိ, မြင်သတိ, ကြားသတိ, နံသတိ, စားသတိ, ထိသတိ, ကြံသတိ, သိ သတိ, စသည်နဲ့ သတိကတော့ အရာခပ်သိမ်း, အခါခပ်သိမ်းမှာ လိုအပ်နေတာပါပဲ။

ဆရာတော်ဟာ အရာခပ်သိမ်း, အခါခပ်သိမ်းမှာ သတိထားနိုင်အောင်, သတိပွားနိုင်အောင် ယောဂီတွေကို ညွှန်ကြားပေးနေတာပဲ၊ ဆရာတော်ဟာ သတိ ပဋ္ဌာန် တရားဆေးကို နေ့စဉ် ကိုယ်တော်တိုင်လည်း ဘုဉ်းပေးတော်မူတယ်၊ ယောဂီ တွေကိုလည်း တိုက်ကျွေးပေးနေတယ်၊ ဆရာတော်က သတိပဋ္ဌာန်နဲ့ ပတ်သက်ပြီး စာအုပ်တစ်အုပ် ဖြစ်အောင်တောင် ရေးချင်နေတာ၊ သတိပဋ္ဌာန်တရားကို အားထုတ် နေကြပြီး သတိပဋ္ဌာန်ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပါယ်ကို နားမလည်ကြသေးရင်တော့

http://www.dhammadownload.com

လည်း မကောင်းသေးဘူး၊ နားလည်ထားကြဖို့ လိုတယ်၊ " မြင်းစီးပြီး အထီးမှန်း, အမမှန်း မသိ " ဆိုတာလို ကိုယ်လုပ်နေတဲ့ သတိပဋ္ဌာန်အလုပ်ရဲ့ အကြောင်းကို မသိကြရင် မတော်ပေးဘူး၊ ကောင်းကောင်း သိထားကြမှ တော်ကြပေလိမ့်မယ်။

ဆရာတော်ကတော့ သတိပဋ္ဌာန်အလုပ်ကို သက်တော် (၂၈) နှစ်ကနေ သက်တော် (၇၅) အထိ လုပ်ခဲ့တယ်၊ သူတစ်ပါးတွေကိုလည်း လုပ်နည်းပေးခဲ့တယ်၊ သတိပဋ္ဌာန်းနဲ့ ပတ်သက်တဲ့ ပါဠိတော်, အဋ္ဌကထာ, ဋီကာတွေကိုလည်း အခါခါ ကြည့်ခဲ့တယ်၊ စာတွေနဲ့ လက်တွေ့ ပေါင်းစပ်ပြီးတော့လည်း အခါခါ ဟောခဲ့တယ်၊ သတိပဋ္ဌာန် ဆိုတဲ့ စကားလုံးလေးရဲ့ အဓိပ္ပါယ်ကို ပါဠိတော်, အဋ္ဌကထာ, ဋီကာတွေနဲ့အညီ မိန့်ကြားထားတယ်၊ တိုတိုကျဉ်းကျဉ်း ရှင်းရှင်းပါပဲ။

" သတိပဋ္ဌာန်းဆိုတာ ရူမှတ်စရာအာရုံမှာ အနီးကပ် စွဲမြဲတည်အောင် သက်ဝင်ပြီး, အရှိန်အဟုန်နဲ့ ပြေးဝင်ပြီး, ဖြန့်ကျက်ပြီး အမှတ်ရမှုကို ခေါ်တယ် " တဲ့။

မဟာစည်နည်းမှာက ဝမ်းဗိုက်ရဲ့ ဖောင်းတာ, ပိန်တာကို ပင်တိုင်အာရုံ အနေနဲ့ ထားပြီး ရူမှတ်ရတာကိုး၊ ဒါကြောင့် ဆရာတော်က ဖောင်းတာ, ပိန်တာ ရူမှတ်တာကို နမူနာအဖြစ် ထုတ်ပြကာ သတိပဋ္ဌာန်ရဲ့ အဓိပ္ပါယ်ကို ရှင်းပြထားသေးတယ်။

" ဖောင်းတယ် လို့ မှတ်ရင် စိတ်က ဝမ်းဗိုက်ရဲ့ ဖောင်းမှုအာရုံမှာ အနီးကပ် စွဲမြဲတည်အောင် သက်ဝင်နေရတယ်၊ အရှိန်အဟုန်နဲ့ ပြေးဝင်နေရတယ်၊ ဖောင်းမှု တစ်ခုလုံးအပေါ် ပြန့်ကျနေရတယ်၊ ပိန်တယ် စသည်နဲ့ မှတ်ရာမှာလည်း ဒီအတိုင်းပဲ" တဲ့။

ဆရာတော်က သတိပဋ္ဌာန်လုပ်ငန်း လုပ်ဖို့ အင်မတန် အရေးကြီးကြောင်း အမိန့်ရှိပါတယ်။ အင်မတန် အရေးကြီးရခြင်းရဲ့ အကြောင်းကိုလည်း ဒီလို အမိန့်ရှိထားပါတယ်။

ဒီသတိပဋ္ဌာန်အလုပ်ဟာ . . .

၁။ မလုပ်မဖြစ် လုပ်ရမယ့် ကိစ္စ ဖြစ်တယ်။

၂။ ကိုယ်တိုင် လုပ်မှ ဖြစ်တယ်။

၃။ အချိန်မီ, အချိန်မှန် လုပ်ရတယ်။

၄။ အကျိုးရများတယ်။

ဒါကြောင့် အင်မတန် အရေးကြီးတယ် တဲ့။

ဒီအကြောင်းပြ (၄) ရပ်ဟာ လယ်တီဆရာတော် ရေးထားတဲ့ ဒီပနီစာအုပ်

http://www.dhammadownload.com

တစ်အုပ်ထဲမှာ ပါပုံရတယ်၊ ဆရာတော်က လယ်တီဆရာတော်ရဲ့ စကားကို ယူပြီး သုံးထားတယ်။ ဆရာတော်က အစာစားတဲ့ အလုပ်ကို ဥပမာပေးထားတယ်၊ အစား အစာကို မစားမဖြစ် စားရမယ်၊ ကိုယ်တိုင် စားမှ ဖြစ်တယ်၊ အချိန်မီ, အချိန်မှန် စားရတယ်၊ အကျိုးရများတယ်၊ ဒါကြောင့် အစာစားတဲ့ အလုပ်ဟာ အရေးကြီးတယ် တဲ့၊ သတိပဋ္ဌာန်အလုပ်ဟာလည်း အစာစားတဲ့ အလုပ်လိုပါပဲ တဲ့။

သတိပဋ္ဌာန်တရား အားထုတ်ပြီး အိမ်ပြန်သွားကြတဲ့အခါ " ဃရာဝါသော ဗဟုကိစ္စော = ကိစ္စများမြောင် လူတို့ဘောင် " ဆိုတဲ့အတိုင်း အလုပ်ကိစ္စတွေက များကြ လေတော့ သတိပဋ္ဌာန်အလုပ်ကို လွတ်ထားရလေမလား၊ ယောဂီလိုလည်း မလုပ်နိုင်တော့ဘူး၊ ဘယ်လို လုပ်ရမလဲ လို့ ဝေခွဲမရ ဖြစ်နေတတ်ကြတယ်၊ အဲဒီအခါ ဆရာတော်ကို မေးဟတ်ကြတယ်၊ ပြည်တွင်း, ပြည်ပအစုံပါပဲ မေးကြတာ၊ ပြည်တွင်း, ပြည်ပက မေးကြတာကို စာရေးသူလည်း ကြားဖူးတာပဲ၊ ဆရာတော်က ဒီလို အမိန့်ရှိပါတယ်။

" အိမ်ထောင်ရေးကိစ္စ, လူမှုရေးကိစ္စတွေ ရှိပေမယ့် သတိပဋ္ဌာန်လုပ်ငန်း အတွက် သီးသန့် အချိန် ပေးရတယ်၊ လောကီအလုပ်ကိစ္စနဲ့ သတိပဋ္ဌာန်ကိစ္စလို့ (၂) ပိုင်း ခွဲရပါတယ် " တဲ့။

ဆရာတော်က စာတွေကို ဖတ်ပြီးတော့လည်း ဗဟုသုတ ရှားမှီးတယ်၊ လေ့လာစရာတွေကို တွေ့လာရင်လည်း မေးမြန်းစူးစမ်လေ့ရှိတယ်၊ ကားအကြောင်းကို စာတွေနဲ့လည်း လေ့လာထားတယ်၊ လက်တွေ့လည်း မေးမြန်းစူးစမ်းတယ်၊ လေ့လာ, မေးမြန်း, စူးစမ်းတာကလည်း သတိပဋ္ဌာန်လုပ်ငန်းခွင်မှာ အံဝင်လာရင် အသုံးချချင် လို့ပါပဲ၊ ကားနဲ့ ပတ်သက်ပြီး သူ ရရှိတဲ့ ဗဟုသုတကို သတိပဋ္ဌာန်လုပ်ငန်းခွင်မှာ အသုံးထားပုံလေးကို ကြည့်ပါဦး။

" ခန္ဓာကိုယ်က အလုပ်လုပ်ရင် လုပ်သလောက် အားအင် ကုန်ခန်းတယ်၊ စိတ်က သတိပဋ္ဌာန်အလုပ် လုပ်ရင် လုပ်သလောက် စိတ်အင်အား တိုးပွားလာတယ်၊ အင်ဂျင်စက်က လည့်နေရင် ဘက်ထရီအိုးထဲ ချာဂျင် ဝင်သလိုပဲ။ "

" ကားမောင်းတဲ့အခါ စတီယာတိုင် (ပဲ့ထိန်းဘီး) ကို နှိုင်အောင် ကိုင်ဖို့ လိုတယ်၊ ဘဝခရီးနှင်ရာမှာ သတိပဋ္ဌာန်စတီယာတိုင်ကို နှိုင်အောင် ကိုင်ဖို့ လိုတယ်။ "

" ယာဉ်စည်းကမ်းအတိုင်း ယာဉ်ကြောအတိုင်း ကားမောင်းရင် ဒုက္ခမရောက်ဘဲ လိုရာကို ရောက်နိုင်တယ်၊ ကျန်းမာရေး, ပညာရေး, စီးပွားရေး, နိုင်ငံရေး, လူမှုရေးတွေမှာ သတိထားရင်, မငမ့်မလျော့ရင် ခေါင်ထိပ် ရောက်ကြတယ် " တဲ့။

ဆရာတော်က ကျန်းမာရေးဆိုင်ရာပညာတွေကိုလည်း လေ့လာဆည်းပူး

http://www.dhammadownload.com

တယ်၊ ကျန်းမာရေးဆိုင်ရာ ဆေးပညာစာအုပ်တွေကို ဖတ်တယ်၊ ဆေးပညာရှင်တွေနဲ့ ကြုံတဲ့အခါ သိချင်တာ ရှိရင် မေးမြန်းတယ်။ စူးစမ်းတယ်၊ ဆေးပညာစာအုပ်တွေကရော ဆေးပညာရှင်တွေထံကပါ ဆေးပညာဗဟုသုတတွေကို မှတ်သားထားတယ်၊ သတိပဋ္ဌာန်လုပ်ငန်းခွင်မှာ အံဝင်လာက အသုံးချလေ့ရှိတယ်၊ ကျန်းမာရေးပညာဆိုင်ရာ ဗဟုသုတတွေကိုလည်း သတိပဋ္ဌာန်လုပ်ငန်းခွင်မှာ ဆရာတော်ရဲ့ အသုံးချထားပုံကို ရှုစားကြည့်ပါဦး။

" ကိုယ်ခန္ဓာ ကျန်းမာဖို့ ကိုယ်ခံအင်အား လိုတယ်၊ စိတ်မှာလည်း သန့်ရှင်းချမ်းသာဖို့ အင်အားတွေ လိုတယ်၊ အလိုလိုတော့ ပြည့်မလာဘူး၊ မွေးယူမှ ရတယ်၊ သတိပဋ္ဌာန်ဟာ ထိရောက်အောင် ဖြစ်ပွားစေရင် စိတ်အားတွေ အပြည့် ပေးနိုင်တယ်။ "

" ခန္ဓာကိုယ်မှာ သွေးတွေဟာ နွေးထွေး, ပူနွေးနေမှ ရောဂါကင်းတယ်၊ သွေးအေး, သွေးခဲနေရင် ရောဂါဝင်တယ်၊ စိတ်မှာလည်း အပူတပြင်း အားထုတ်မှု အရှိန်နဲ့ သတိသွေး နွေးထွေး, ပူနွေးနေမှ ကိလေသာရောဂါ ကင်းတယ်၊ သတိကင်းမှုဆို တဲ့ သွေးအေးရင်, သွေးခဲရင် စိတ်အစဉ်မှာ ကိလေသာရောဂါဝင်တယ်။ "

" အသက်ရှင်ဖို့ရာ သန့်ရှင်းလတ်ဆတ်တဲ့ လေကို ရဖို့ လိုအပ်တယ်၊ မရရင် မူးနိုင်, ကျန်းမာရေး ထိခိုက်နိုင်, သေနိုင်တယ်၊ သတိပဋ္ဌာန် လေကောင်းလေသန့်ကို လွယ်ကူစွာ ရနိုင်အောင် အလေ့အထ များများ ပြုထားရင် သတိပဋ္ဌာန် လေကောင်းလေသန့်ဟာ နေရာတကာမှာ ပါနေတတ်ပါတယ်။"

" ဆေးဟာ အစွမ်းထက်ပေမယ့် ဆရာညွှန်တဲ့အတိုင်း မှန်မှန် မမှီဝဲရင် ရောဂါကို မပျောက်စေပါဘူး၊ ဗုဒ္ဓရဲ့ သတိပဋ္ဌာန်တရားဟာလည်း အစွမ်းထက်ပေမယ့် ဗုဒ္ဓညွှန်တဲ့အတိုင်း မှန်မှန် မကျင့်ရင် ကိလေသာရောဂါကို မပျောက်စေပါဘူး။ "

" ပိုးကြောင့် ဖြစ်တဲ့ လူနာတစ်ယောက်ကို ဆေးသိပ္ပံပညာရှင်တွေက ကုသတဲ့ အခါ လူနာဆီက ရောဂါပိုးတွေကို ယူပြီးတော့ မွေးရတယ်၊ မွေးပြီးတော့ အဲဒီရောဂါ ပိုးတွေကို သေစေနိုင်တဲ့ ဆေးဝါးတွေ ကြဲဖန်ရတယ်၊ အဲဒီရောဂါပိုးတွေကို နှိမ်နင်းနိုင် တဲ့ ပိုးတွေ မွေးရတယ်၊ သေချာပြီဆိုရင် အဲဒီလူနာရဲ့ ကိုယ်ထဲမှာ ဒုက္ခပေးတတ် တဲ့ ရောဂါပိုးတွေကို နှိမ်နှင်းတဲ့ ပိုးပါတဲ့၊ ဆေးတွေ ထိုးသွင်းလိုက်တဲ့အခါ ဒုက္ခပေး တဲ့ ပိုးတွေ သေသွားတော့ လူ ကျန်းမာလာတာပဲ။"

" လူနာဟာ ကိုယ်ထဲမှာ အကျိုးပြုတဲ့ ပိုးတွေ ရောက်လို့ မကောင်းတဲ့

http://www.dhammadownload.com

ပိုးတွေ ကင်းသွားပြီဆိုရင် တစ်နေ့ထက် တစ်နေ့ ကျန်းမာလာတယ်၊ အားရှိလာတယ်၊ လန်းလန်းဆန်းဆန်းလည်း ဖြစ်လာတယ်၊ ပေါ့ပေါ့ပါးပါးလည်း ဖြစ်လာတယ်၊ စိတ်တွေလည်း ရှင်ကြည်ပြီးတော့ လာတယ်။ "

ဒီလိုပါပဲ သတိပဋ္ဌာန်အားထုတ်သူဟာလည်း သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ, သမ္မာသင်္ကပ္ပ, သမ္မာဒိဋ္ဌိမဂ္ဂင်တွေ စိတ်အစဉ်မှာ ဆက်ကာ ဆက်ကာ ထည့်ပေးပါများပြီဆိုရင် သူတို့က အပေါ်စီးရပြီးတော့ အားများလာတဲ့အခါ ကိလေသာပိုးတွေ ထွက်ထွက်ပေးရတော့ စိတ်တွေ ကြည်ပြီး လန်းလန်းဆန်းဆန်းနဲ့ အားရှိလာတယ်၊ ထူးထူးခြားခြားကြီး သဒ္ဓါတရားတွေလည်း ဖြစ်လာတယ်၊ ကိုယ်တွေလည်း ပေါ့ပေါ့ပါးပါး ဖြစ်လာတယ်၊ အင်မတန် ထူးခြားတယ် " တဲ့။

ဆရာတော်ဟာ အမေရိကကို ဓမ္မာဂုဏ်ရည်ပြ ဓမ္မဒူတခရီး အကြိမ်ပေါင်းများစွာ ကြွခဲ့ပါတယ်၊ သတိပဋ္ဌာန်တရား အားထုတ်ဖို့ မပြောခင် အမေရိကန်တို့ရဲ့ ဘဝအမြင်ကို သိချင်လို့ ဆရာတော်က သူတို့ကို စကားစခဲ့ပါတယ်။

" ခလုတ်နှိပ်လိုက်ရုံနဲ့ လိုရာကို အကုန်ရနိုင်လောက်အောင် ရုပ်ဝတ္ထုဘက်က တိုးတက်နေတဲ့ အမေရိကလိုနိုင်ငံက လူတွေဟာ နတ်ဘုံကို ရောက်နေကြသလိုနေမှာပါ " တဲ့။

ဒီတော့ အမေရိက အမျိုးသမီးတစ်ယောက်က ဒီလို လျှောက်တယ်။

" တပည့်တော်တို့ဘဝဟာ အအေးခန်းထဲ နေပြီး နှလုံးအပူဟပ်ခံနေရတဲ့ ဘဝ ပါဘုရား " တဲ့။

ဆရာတော်က ဒီလို ထပ်ပြောတယ်။

" ဒါက သင်ယောဂီတစ်ယောက်တည်းရဲ့ အမြင်ဖြစ်မှာပါ " တဲ့။

အဲဒီအမေရိကအမျိုးသမီးက ဒီလို ထပ်လျှောက်တယ်။

" တပည့်တော် တစ်ယောက်တည်း မဟုတ်ပါဘူးဘုရား၊ ဒီအမေရိကလူတွေ အကုန်လုံးလောက် နေမှာပါဘုရား " တဲ့။

ဘေးနားက တရားနာယူကြတဲ့ ယောဂီတွေကလည်း ဒီလို ပြောပြီး ထောက်ခံကြတယ်။

" ဟုတ်ပါတယ်ဘုရား၊ အခြားသူတွေလည်း သူမ လိုပါပဲဘုရား " တဲ့။

ပြီးတော့ သူတို့က ဒီလိုလည်း လျှောက်ကြသေးတယ်။

" တပည့်တော်တို့ဘဝက Hungry Ghost, Thirsty Ghost = အမြဲတန်း ဆာလောင်မွတ်သိပ်နေတဲ့ ပြိတ္တာတွေ ဘဝလိုပါပဲဘုရား " တဲ့။

ဆရာတော် အမိန့်ရှိလိုက်တာက –

http://www.dhammadownload.com

" ဒီတော့ အအေးခန်းထဲမှာ နေပြီး အပူဟပ် မခံရအောင် နှလုံးအေးစေတဲ့ သတိပဋ္ဌာန်တရားရေအေးကို သောက်သုံးကြရမယ်၊ အမြဲတန်း ဆာလောင်မွတ်သိပ်မှု ကို ပြေပျောက်စေနိုင်တဲ့ သတိပဋ္ဌာန်အစာကို စားသုံးကြရမယ် " တဲ့။

သတိပဋ္ဌာန်အပေါ် ပြည်ပယောဂီတွေရဲ့ အမြင်ကို ဆရာတော်က ဒီလို လည်း အမိန့်ရှိထားသေးတယ်။

" ပြည်ပက ယောဂီတွေက ဘုန်းကြီးကို လျှောက်ကြတယ်၊ မြန်မာနိုင်ငံက အကောင်းဆုံးထွက်ကုန်ဟာ သတိပဋ္ဌာန်တရားပဲ " တဲ့။

သတိပဋ္ဌာန်နဲ့ပတ်သက်ပြီး ဆရာတော် မိန့်ထားတာလေးတွေ ရှိသေးတယ်၊ မှတ်သားဖွယ်ကောင်းပါတယ်။

" သတိပဋ္ဌာန်အလုပ်ဟာ အငေးသမား, အတွေးသမား, အေးစက်စက် သမားတွေနဲ့ မသင့်တော်ဘူး။ "

" စိတ်ထားပြုပြင်ရေးမှာ သတိပဋ္ဌာန်တရားဟာ အလွန်အရေးပါတယ်။ "

" သတိပဋ္ဌာန်တရားအားထုတ်တာဟာ ငြိမ်းချမ်းလှတဲ့ ကိုယ်စီကမ္ဘာလေး တွေ တည်ဆောက်နေတာပဲ၊ ကိုယ့်ကမ္ဘာလေးမှ မငြိမ်းချမ်းဘဲ ကမ္ဘာကြီး ငြိမ်းချမ်း ဖို့ လက်သီးလက်မောင်းတန်းပြီး ကြွေးကြော်နေတာကတော့ စဉ်းစားစရာပဲ။ "

" ကြုံခဲလှတဲ့ ဗုဒ္ဓသာသနာကြီးနဲ့ ကြုံကြိုက်ပြီး ရခဲလှတဲ့ လူအဖြစ်ကို ရနေ ကြသူတွေဟာ ဗုဒ္ဓသာသနာတော်ကြီးနဲ့ တွေ့ကြုံရကျိုးနပ်အောင်, လူဖြစ်ရ ကျိုးနပ်အောင် အနည်းဆုံး ဘဝအာမခံချက် ရတဲ့အထိတော့ စိတ်ဓာတ်ဖွံ့ဖြိုး, အသိဉာဏ် တိုးစေနိုင်တဲ့ သတိပဋ္ဌာန်တရားကို နေ့တိုင်း အချိန်မှန်မှန် အားထုတ် သင့်ကြတယ် " တဲ့။

သတိပဋ္ဌာန်

သတိပဋ္ဌာန်
ကျင့်မြတ်မှန်တွင်
စိတ်ဝင်စားအောင်
နည်းစုံဆောင်၍
ဆွဲဆောင်ဟောကြား
သူ့စွမ်းအား
ထူးခြားလှပါဘိ။

http://www.dhammadownload.com

ယောဂီ

"ယောဂီ – အားထုတ်ခြင်း ရှိသူ။"

ဒီစကားလေးကို ကိုရင်ဘဝ (၁၃) နှစ်အရွယ်က စာရေးသူဟာ အမရပူရ မြို့ မဟာဂန္ဓာရုံကျောင်းတိုက်မှာ နေခဲ့စဉ် ကျက်မှတ်ခဲ့ရတယ်၊ နာမ်ကိုဏ်းစဉ် ကျက်တုန်းကပေါ့၊ စကားလုံးလေးကိုသာ ကျက်မှတ်ဖူးတာ၊ ယောဂီဆိုတာ ဘယ်လို နေတယ်၊ ဘယ်လို ထိုင်တယ်၊ ဘယ်လို စားတယ်၊ ဘယ်လို ဝတ်တယ်၊ ဘာတွေ လုပ်တယ် ဆိုတာကို မသိရဘူး၊ မတွေ့ဖူး မမြင်ဖူးတော့လည်း မသိဖူးပေါ့၊ မဟာ ဂန္ဓာရုံမှာ နေခဲ့စဉ်က ဗုဒ္ဓါနုဿတိနဲ့ မေတ္တာကို ပွားများအားထုတ်ခဲ့ရပါတယ်။ ဗုဒ္ဓါ နုဿတိနဲ့ မေတ္တာဟာ သမထကမ္မဋ္ဌာန်း (၄၀) မှာ အပါအဝင် ဖြစ်တယ်၊ ဒါကြောင့် ယောဂီ ဖြစ်ခဲ့တာပါပဲ၊ ဒါပေမယ့် ကိုယ့်ကိုယ်ကို ယောဂီဖြစ်မှန်း မသိခဲ့ပါဘူး၊ ယောဂီ ဝတ်စုံကို ဝတ်ထားသူကိုသာ ယောဂီလို့ ထင်နေတတ်ကြတာကိုး၊ တရားရိပ်သာမှာ ဝင်ပြီး တရားအားထုတ်သူကိုသာ ယောဂီလို့ ထင်နေတတ်ကြတာကိုး။

ဆရာတော်က ရဟန်းကို (၂) မျိုး (၂) စား ခွဲခြားပြထားတယ်၊ အသွင် ဆောင်ရဟန်းနဲ့ အကျင့်ဆောင်ရဟန်း – တဲ့၊ သင်္ကန်းကိုသာ ဝတ်ပြီး ရဟန်းအကျင့် ကို မကျင့်ရင် အသွင်ဆောင်ရဟန်း – တဲ့၊ အသွင်ကိုသာမက ရဟန်းအကျင့်ကို ကျင့်မှ အကျင့်ဆောင် ရဟန်းလို့ ခေါ်တယ်တဲ့၊ ယောဂီကိုလည်း (၂) မျိုး (၂) စား ခွဲလို့ ရနိုင်ပါလိမ့်မယ်၊ အသွင်ဆောင်ယောဂီနဲ့ အကျင့်ဆောင်ယောဂီလို့၊ ယောဂီ ဝတ်စုံကိုသာ ဝတ်ထားပြီး ယောဂီအကျင့်ကို မကျင့်ရင် အသွင်ဆောင်ယောဂီပဲ၊ ယောဂီအသွင်ကို ဆောင်သည်ဖြစ်စေ၊ မဆောင်သည်ဖြစ်စေ ယောဂီအကျင့်ကို ကျင့် နေရင်တော့ အကျင့်ဆောင်ယောဂီပါပဲ။

ဆရာတော်ထံမှာ လာရောက်ပြီး သတိပဋ္ဌာန် တရားအားထုတ်ကြသူတွေ

http://www.dhammadownload.com

ဟာ ယောဂီတွေဘဲပေါ့၊ ယောဂီသာ လုပ်နေတယ်၊ ယောဂီဆိုတာ ဘယ်လိုပုဂ္ဂိုလ်ကို ခေါ်တာလဲလို့ မေးရင်တော့ ပိုင်ပိုင်နိုင်နိုင် ဖြေနိုင်သူက များလှမယ် မဟုတ်ဘူး၊ ယောဂီရဲ့ အဓိပ္ပါယ်ကို ဆရာတော် ဖွင့်ဆိုထားပုံလေးက ကောင်းလှပါတယ်၊ ပါဠိတော်, အဋ္ဌကထာ, ဋီကာတွေနဲ့ အညီပါပဲ။

" ယောဂီ – ဆိုတာ စိတ်ဓာတ်နဲ့ အသိဉာဏ် ဖွံ့ဖြိုးတိုးတက်ဖို့ရန် အစပျိုး၍ ကြိုးပမ်းအားထုတ်မှု, အပျင်းကို ပယ်နိုင်သည်အထိ တစ်ဆင့်တိုး၍ ကြိုးပမ်းအားထုတ်မှု, နိဗ္ဗာန်ပန်းတိုင် ရောက်သည်အထိ အဆင့်ဆင့် ကြိုးပမ်းအားထုတ်မှု ရှိသူကို ခေါ်တယ် " တဲ့။

" ယောဂီ = အားထုတ်ခြင်းရှိသူ " လို့ စာရေးသူငယ်စဉ်က ကျက်မှတ်ခဲ့ဖူးတဲ့ စကားလုံးတွေကို ဆရာတော်က ပေါ်လွင်အောင် ချဲ့ထွင်ပြထားတာပါပဲ၊ အားထုတ်ခြင်း (အားထုတ်မှုကို) ဆရာတော်က (၃) မျိုးတောင် ခွဲပြထားတာပဲ၊ အဲဒီအားထုတ်ခြင်း (၃) မျိုး မရှိရင်တော့ ယောဂီဝတ်စုံကို ဝတ်ထားရုံမျှနဲ့ ရိပ်သာဝင်ပြီး ယောဂီအမည်ခံနေရုံမျှနဲ့ ယောဂီ မဟုတ်သေးဘူး၊ အားထုတ်မှု (၃) မျိုး ရှိသူကိုမှ ယောဂီ လို့ ခေါ်တယ်တဲ့၊ ဘာလို့ အားထုတ်ရတာလဲဆိုတော့ စိတ်ဓာတ်နဲ့ အသိဉာဏ် ဖွံ့ဖြိုးတိုးတက်ဖို့ပါပဲ – တဲ့၊ အဲဒီအားထုတ်မှု (၃) မျိုး ရှိရင် စိတ်ဓာတ်နဲ့ အသိဉာဏ် ဖွံ့ဖြိုးတိုးတက်လာမယ် " – တဲ့။

ဆရာတော်ဟာ ယောဂီရဲ့ သဘောကို နည်းမျိုးစုံ, ဥပမာအမျိုးစုံနဲ့ ပြောထားပါတယ်၊ စိတ်ဝင်စားစရာ မှတ်သားစရာ ကောင်းလှပါတယ်။

" ပေါ်ရာကိုသာ မပြတ် မှတ်ပါ၊ အဲဒါ ယောဂီရဲ့ အလုပ်ပဲ။ "

" အစာကို ကျေညက်အောင် ဝါးမှ အရသာ သိတယ်၊ ယောဂီဟာလည်း မှတ်စရာအာရုံကို စူးစူးစိုက်စိုက် ရှုမှ သဘာဝကို သိတယ်။ "

" သင်္ဘော်, ရထား, ကား, လေယာဉ်တွေမှာ စက်လည်ပတ်နေမှ လိုရာခရီးကို သွားနိုင်, ရောက်နိုင်တယ်၊ အန္တရာယ်လည်း မရောက်နိုင်ဘူး၊ ယောဂီမှာလည်း ရှုမှတ်မှုစက် လည်ပတ်နေမှ နိဗ္ဗာန်ခရီးကို သွားနိုင်, ရောက်နိုင်တယ်၊ အန္တရာယ် လည်း မရောက်နိုင်ဘူး။ "

" ရေကူးသမားဟာ လက်ခြေတို့ကို အမြဲလှုပ်ရှားနေရတယ်၊ ယောဂီဟာလည်း ရှုမှတ်မှု အနားမပေးဘဲ လှုပ်ရှားနေရတယ်။ "

သေနတ်ပစ်လေ့ကျင့်ရေးသမားဟာ ပစ်မှတ်ကို ချိန်ရွယ်ပြီး မှန်အောင် ပစ်ရတယ်၊ ယောဂီဟာလည်း ဖောင်းမှု, ပိန်မှုစတဲ့ ရှုကွင်းအာရုံကို ရည်စူးပြီး ထိမှန်အောင် မှတ်ရတယ်။"

http://www.dhammadownload.com

"ဓားသွားဟာ သွေးမှ ထက်တယ်၊ သွေးမပေးရင် တုံးသွားတယ်၊ ကြေး ဖလားများဟာ ပွတ်တိုက်ပေးမှ အရောင်ထွက်တယ်၊ ပွတ်တိုက်မပေးရင် အရောင်မှိန် သွားတယ်၊ ယောဂီဟာလည်း ရှုမှတ်ပေးနေမှ ဉာဏ်ဓား ထက်တယ်၊ ဉာဏ်ရောင် ထွက်တယ်။"

"ကားချပ် အထည်ကိုယ် မပါဘဲ ပန်းချီဆရာဟာ ပန်းချီဆွဲလို့ မရ၊ ပစ်မှတ်မပါဘဲ လက်တည့်စမ်းသူဟာ လက်တည့်စမ်းလို့ မရ၊ လေထဲမှာ ပန်းချီ ဆွဲနိုင်သူ, လေထဲမှာ လက်တည့်စမ်းနိုင်သူ မရှိ၊ ယောဂီဟာလည်း ပန်းချီကားချပ် သဖွယ်၊ ပစ်မှတ်သဖွယ် ရုပ်နာမ်တွေကို ဖြစ်ခိုက် ရှုမှတ်တာနဲ့ ကွဲကွဲပြားပြား သိမြင် ရတယ်၊ အဲဒီနောက် ဆက်ရှုမှ ကြောင်းကျိုးဆက် သိပြီး အဲဒီကြောင်းကျိုး ဖြစ်စဉ်ပေါ် မှာ ဖြစ်, ပျက်ကို မြင်လာနိုင်တယ်။"

"စာဖတ်သူဟာ ပေါ့ပေါ့ဆဆ ဖတ်ရင် စာလုံး အကုန် မသိဘူး၊ သေသေ ချာချာ ဖတ်ရင် စာလုံးတွေ ပို သိလာတယ်၊ ယောဂီကလည်း ပေါ့ပေါ့ဆဆ မှတ်ရင် ရှုကွင်းအာရုံကို အကုန် မသိဘူး၊ စူးစူးစိုက်စိုက် မှတ်ရင် အကုန် သိလာတယ်။"

"ဆီအပြည့် ပါလာတဲ့ ခွက်ကို ဆီ မဖိတ်စင်ရအောင် အထူးသတိထားပြီး ငြိမ်သက်ညင်သာစွာ သယ်ဆောင်ရသူနဲ့ ခြေဖဝါးတစ်ဖက်စာသာ ချလောက်တဲ့ တံတားပေါ်မှာ အောက်ကို လိမ့်မကျရအောင် အထူးသတိထားပြီး ငြိမ်သက်ညင်သာ စွာ လျှောက်လှမ်းနေရသူတို့လို ယောဂီဟာလည်း ခန္ဓာကိုယ်အမူအရာ ပြုမူတိုင်း အထူးသတိထားပြီး ငြိမ်သက်ညင်သာစွာ ရှုမှတ်မှုပါလျက် ပြုလုပ်ရတယ်။"

"လက်ဝှေ့သမားဟာ ယှဉ်ပြိုင်ဘက်ရဲ့ လက်သီးကို ရှောင်ရတယ်၊ ထိုးဖို့ အကွက်ကောင်းကိုလည်း ရှာရတယ်၊ အကွက်ကောင်း တွေ့တဲ့အခါ အားပါတဲ့ ထိုးနှက်ချက်နဲ့ ထိုးနှက်ရတယ်၊ နောက်တစ်ချို အခွင့်သာရင် နောက်တစ်ချို ထိုးနှက် ရတယ်၊ ပြိုင်ဘက်ဟာ တစ်ချက် အထိုးခံရရင် တစ်ချို အားနည်းသွားတယ်၊ ထိုးချက် ပေါင်းများစွာ အထိုးခံရတော့ ပို, ပိုပြီး အားနည်းလာတယ်၊ လက်ဝှေ့သမားဟာ ပြိုင်ဘက်ကို နောက်ဆုံး အလဲထိုးပြီး အောင်ပွဲခံလိုက်တယ်။"

"ယောဂီဟာလည်း ပြိုင်ဘက် ကိလေသာရန်သူရဲ့ ထိုးနှက်ချက်ကို ရှောင် ရတယ်၊ ထိုးနှက်ဖို့ အကွက်ကောင်းကိုလည်း ကြည့်ရတယ်၊ အကွက်ကောင်း တွေ့တဲ့ အခါ အားပါတဲ့ ရှုမှတ်မှု ထိုးနှက်ချက်နဲ့ ထိုးနှက်ရတယ်၊ နောက်တစ်ချို အခွင့်သာရင် နောက်တစ်ချက် ထိုးနှက်ရတယ်၊ ပြိုင်ဘက်ကိလေသာဟာ တစ်ချက် အထိုးခံရရင် တစ်ချို အားနည်းသွားတယ်၊ ထိုးနှက်ချက်ပေါင်းများစွာ ထိုးနှက်ခံရတော့ ကိလေသာ ရန်သူဟာ ပို, ပိုပြီး အားနည်းလာတယ်၊ ယောဂီက သောတာပတ္တိမဂ်နဲ့ တချို့

http://www.dhammadownload.com

ကိလေသာကို အလဲထိုးပြီး အောင်ပွဲခံလိုက်တယ်။ "

" မှန်ဘီလူး အားကောင်းရင် သေးသေးပစ္စည်းကိုပင် ကြည့်ရင် မြင်နိုင်တယ်၊ ယောဂီဟာ စူးစိုက်အား ကောင်းရင် အသေးအဖွဲ့လေးကိုပင် မြင်သိနိုင်တယ်။"

" ရွှေတိဂုံစေတီတော်သို့ ရှေးရှု သွားနေသူဟာ စိတ်ပါသည်ဖြစ်စေ, မပါသည်ဖြစ်စေ လှမ်းတိုင်း လှမ်းတိုင်း တစ်လှမ်းထက် တစ်လှမ်း ဘုရားနဲ့ ပို ပိုပြီး နီး နီးလာတယ်၊ နိဗ္ဗာန်ဆီကို သွားနေတဲ့ ယောဂီဟာလည်း စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မှတ်တိုင်း တစ်မှတ်ထက် တစ်မှတ် နိဗ္ဗာန်နဲ့ ပို ပိုပြီး နီးနီးလာတယ်။ "

" ရှေ့တန်းစစ်မျက်နှာမှာ ရန်သူတွေကို တစ်ကြိမ်လောက် အောင်ပွဲရ အောင် တိုက်ပွဲဆင်နွှဲဖူးသူဟာ နောက်တစ်ကြိမ် ထပ်တိုက်ဖို့အတွက် အလိုလို အားတက်လာတယ်၊ ရဲရင့်လာတယ်၊ မတွန့်ဆုတ်တော့ဘူး၊ ယောဂီဟာလည်း ဒုက္ခဝေဒနာကြောင့် သတ္တိကြောင်မှု, ဆုတ်နစ်မှုတွေကို တစ်ကြိမ်လောက် အောင်ပွဲရ အောင် တိုက်ပွဲ ဆင်နွှဲဖူးရင် နောက်တစ်ကြိမ် ထပ်တိုက်ဖို့အတွက် အလိုလို အားတက်လာတယ်၊ ရဲရင့်လာတယ်၊ မခံသာမှုအများစုကိုလည်း ရင်ဆိုင်ရဲပြီး၊ အဆင့်ဆင့် ကျော်လွန်ဖူးရင် မခံသာမှု မှန်သမျှကို စိန်ခေါ်ဝံ့တော့တယ်။"

" ကလေးငယ်ဟာ ပက်လက်ထိုင်နိုင်တဲ့ အဆင့်ကနေ ထနိုင်တဲ့ အဆင့်စသည်ကို ပြောင်းတော့မယ်ဆိုရင် ဓာတ်သက်ခြင်း, မအီမသာဖြစ်ခြင်း ဖြစ်တတ်တယ်၊ တိုးတက်မယ့် ဖောက်ပြန်ပြောင်းလွဲမှုတစ်မျိုးပဲ၊ ယောဂီဟာလည်း ဉာဏ်တစ်ဆင့်ကနေ နောက်တစ်ဆင့် တိုးတော့မယ်ဆိုရင် မအီမသာလေးတွေ ဖြစ်တတ်တယ်၊ ဉာဏ်တစ်မျိုး တိုးတက်မယ့် ဖောက်ပြန်ပြောင်းလွဲမှုမျိုးပေါ့။ "

" စာဖတ်ကျွမ်းကျင်လာတဲ့အခါ စာလုံးပေါင်းပြီး ဖတ်နေဖို့ မလိုတော့ဘူး၊ တန်းပြီး ဖတ်သွားနိုင်တယ်၊ ရှုမှတ်မှု ကျွမ်းကျင်လာတဲ့အခါ ယောဂီဟာ စာလုံးပေါင်း မှတ်နေဖို့ မလိုတော့သလို ပေါ်သမျှ ရှုကွင်းအာရုံကို ရှုကွင်းအာရုံရဲ့အမည် မတပ်ရတော့ဘဲ အလိုလို မှတ်သိလျက် ဖြစ်နေတယ်။ "

" လက်ဖြောင့်သူဟာ ပစ်မှတ်ကို အထူးချိန်ရွယ်မနေရဘဲ မှန်အောင် ပစ်နိုင်တယ်၊ ယောဂီဟာလည်း မှတ်သားကျ ကျပွန်လာရင် မှတ်စရာအာရုံကို အထူးချိန်ရွယ်မနေရဘဲ ထိမိအောင် မှတ်နိုင်တယ်။ "

" ကြမ်း (၂) ခုမှာ အကြားအလပ် ရှိရင် ဖုံတွေ, သဲတွေ ဝင်တယ်၊ ယောဂီ ဟာလည်း မှတ်စိတ် မဆက်ဘဲ အကြားအလပ် ရှိရင် ကိလေသာတွေ ဝင်တယ်၊ သမာဓိကျိုးရင် ကိလေသာတွေ ကြားဝင်တယ်။ "

http://www.dhammadownload.com

"အပြေးသမားဟာ ပန်းဝင်ခါနီး စိတ်အားမလျှော့ဘဲ ပြေးရတယ်၊ ယောဂီဟာလည်း ပန်းတိုင်ရောက်ခါနီး စိတ်အားမလျှော့ဘဲ ကြိုးစားမှတ်ရတယ်။"

"ရှေ့တန်းစစ်မျက်နှာက စစ်သားဟာ စစ်ဗိုလ်အမိန့်အတိုင်း လုပ်ရတယ်၊ ကိလေသာတိုက်ပွဲဝင်ရာမှာ ယောဂီဟာ ဆရာညွှန်ကြားတဲ့အတိုင်း လုပ်ရတယ်။"

"ဘောလုံးသမားဟာ ဘောလုံးကို, ကြက်တောင်ရိုက်သူဟာ ကြက်တောင်ကို, လက်ဝှေ့သမားဟာ ပြိုင်ဘက်ရဲ့လှုပ်ရှားမှုကို မျက်ခြည်ပြတ် မခံရသလို ယောဂီဟာလည်း ရှုကွင်းအာရုံကို မျက်ခြည်ပြတ် မခံရဘူး။"

"ရေထဲမှာ ဖော့ဆို့ချရင် ပေါ်နေတယ်၊ ကျောက်ခဲ ချလိုက်ရင်တော့ မြုပ်သွားတယ်၊ ယောဂီရဲ့ ရှုမှတ်မှုဟာ ရှုကွင်းအာရုံမှာ ဖော့ဆို့လို မဖြစ်ရဘဲ ကျောက်ခဲလို ဖြစ်ရမယ်။"

"ယာခင်းမှာ ပေါင်းမြက် သုတ်သင်ရင် အရေးပါတဲ့ ပေါင်းမြက်တွေကိုသာ သုတ်သင်ရတယ်၊ အရေးမပါတာကို လျစ်လျူရှုရတယ်၊ ယောဂီဟာ အကြိုတ်အနယ် တရားရှုမှတ်နေခိုက် တရားအမှတ်ကိုသာ ဦးစားပေးရတယ်၊ ဘုရားပန်းတင်တာ စသည်ကို လျစ်လျူရှုရတယ်။"

"ကိုယ် မရောက်ဖူးတဲ့ လမ်းခရီးကို သွားတဲ့သူဟာ ရှေ့ဆောင်ကောင်းရဲ့ လမ်းညွှန်ခေါ်ဆောင်ရာကို လိုက်ရတယ်၊ ဒီမြို့၊ ဒီရွာအမည်က ဘာခေါ်တယ် စသည်ဖြင့် ပြောပြမနေဘဲ ခရီးတွင်အောင်သာ အရပ်အနားမရှိဘဲ ခေါ်သွားတယ်၊ အားငယ်နေရင် အားပေးပြီး ခေါ်ဆောင်သွားတယ်၊ လမ်းမှန်, လမ်းမှား ခွဲခြားရှင်းပြတယ်၊ ရောက်ခဲ့တဲ့ နေရာကို သစ်ခက်တွေနဲ့ အမှတ်အသားပြုခဲ့တယ်၊ လမ်းမှား မလျှောက်မိအောင်, လမ်းမှန် လျှောက်မိအောင် ခေါ်ဆောင်သွားတယ်၊ နောက်ဆုံး လမ်းမှန် လျှောက်လို့ စခန်းမှန် ရောက်သွားတယ်။"

"ဒါလိုပါပဲ ဉာဏ်စဉ်ပြည့်စုံအောင် အားထုတ်နေကြတဲ့ ယောဂီတွေဟာလည်း ကိုယ်မသွားဖူးတဲ့ သတိပဋ္ဌာန်လမ်းခရီးကို သွားတဲ့အခါ ကျွမ်းကျင်တဲ့ လမ်းညွှန်ကောင်း (ဆရာသမား) ရဲ့ လမ်းညွှန်ခေါ်ဆောင်ရာကို လိုက်ခဲ့ကြတယ်၊ ဒါက ဘာဉာဏ် ခေါ်တယ် စသည်နဲ့ ပြောပြမနေဘဲ ခရီးတွင်အောင်သာ အရပ်အနားမရှိဘဲ ခေါ်ဆောင်သွားခဲ့တယ်၊ အားငယ်နေရင် အားပေးပြီး ခေါ်ဆောင်ခဲ့တယ်၊ လမ်းမှန်လမ်းမှား ခွဲခြားရှင်းပြတယ်၊ ရောက်ခဲ့တဲ့ ဉာဏ်ကိုလည်း အမှတ်အသားပြုခဲ့တယ်၊ လမ်းမှား မလျှောက်မိအောင်, လမ်းမှန် လျှောက်မိအောင် ခေါ်ဆောင်ခဲ့တယ်၊ နောက်ဆုံး လမ်းမှန် လျှောက်လို့ စခန်းမှန် ရောက်တယ်။"

"ဉာဏ်စဉ်တရား ဟောပြတယ် ဆိုတာ ကိုယ်လျှောက်ခဲ့တဲ့ ခရီးစဉ်ကို

http://www.dhammadownload.com

နာမည် တပ်ပြတာပဲ၊ ကိုယ်လာခဲ့တဲ့ လမ်းကို ဗုဒ္ဓဒေသနာနဲ့ ကိုက်ပြီး ဆိုင်းဘုတ် တပ်ပြတာပါပဲ။ "

" ယောဂီမှာ အကောင်း (၄) မျိုး ရှိတယ်၊ ငြိမ့်ကောင်း, စိမ့်ကောင်း, ငြိမ်ကောင်း, ငြိမ်းကောင်းတို့ပဲ၊ ငြိမ့်ကောင်းက – ပီတိ၊ စိမ့်ကောင်းက – ပဿဒ္ဓိသုခ၊ ငြိမ်ကောင်းက ဥပေက္ခာသန္တိ၊ ငြိမ်းကောင်းက – နိဗ္ဗာနသန္တိသုခ " တဲ့။

ယောဂီရဲ့သဘောကို ဥပမာမျိုးစုံနှောပြီး ဆရာတော် ပြောပြတာကို မှတ်ရှုရလို့ စာရှုသူ မောသွားလေပြီလား၊ ယောဂီရဲ့ အဓိပ္ပါယ်ကို ဥပမာအသွယ်သွယ်နဲ့ နားလည်သွားပြီးပေါ့။

ယောဂီ

ယောဂီရဲ့သဘော
ဥပမာစုံနှော
ဆရာတော်ပြော
နားလည်လွယ်စေသော။

ꕥ ꕥ ꕥ ꕥ ꕥ

http://www.dhammadownload.com

လက်ဏ်

ဆရာတော်ထံ တရားအားထုတ်ကြတဲ့ ယောဂီတွေဟာ ဥပုသ်နေ့မှတစ်ပါး ကျန်နေ့တွေမှာ တရားလျှောက်ပြကြရတယ်၊ ဒါကတော့ မဟာစည်ဆရာတော်ရဲ့ ညွှန်ကြားချက်အရပါပဲ၊ ယောဂီတွေဟာ တရားလျှောက်ကြတဲ့အခါ မလျှောက်ရဲ၊ မလျှောက်တတ်ဖြစ်ကြတယ်၊ တရားလျှောက်ဖို့ ဝန်လေးနေတတ်ကြတယ်၊ ကြောက်လည်း ကြောက်တတ်ကြတယ်၊ ဆရာထံ မရောက်ခင်က လျှောက်ဖို့ ကြိုတင်ပြင်ဆင်ခဲ့ပေမယ့် ဆရာရှေ့ ရောက်တဲ့အခါ လျှောက်ရမယ့် စကားတွေကို မေ့ပျောက်ကုန်တတ်ကြတယ်၊ တချို့လည်း တရားစအားထုတ်စမှာ လျှောက်စရာမရှိ ဖြစ်နေတတ်ကြတယ်၊ တရားလျှောက်တဲ့အခါမှာလည်း အချိန်တို အတောအတွင်းမှာ ကိုယ့်အတွေ့အကြုံကို ပြောပြတတ်ဖို့ လိုတယ်၊ ကမ္မဋ္ဌာန်းဆရာမှာလည်း တရားလျှောက်မယ့် ယောဂီတွေက အများကြီး ရှိနေရင် တစ်ယောက်တစ်ယောက်ကို အချိန်အနည်းငယ်စီပဲ ပေးနိုင်တယ်၊ ဒါကြောင့် ဆရာတော်က ယောဂီတို့အတွက် လမ်းခင်းစကားစုလေးတွေကို လက်ဘတွေ ရေးပေးပြီး ယောဂီတို့ နေ့လယ် (၂) နာရီ တရားမနာခင် နေ့စဉ် ဆိုစေတယ်။

တရားစစ်ဆေးတာကို ဥပုသ်နေ့မှတစ်ပါး ကျန်နေ့တွေမှာ ပြုလုပ်ကြရတယ်၊ တရားစစ်ဆေးတာရဲ့ ရည်ရွယ်ချက်ကို ဥပမာနဲ့ ဆရာတော်က ဒီလို မိန့်ကြားထားတယ်။

"မြေကြုပ်နေရင် အမြစ်က လွတ်လွတ်လပ်လပ် မသွားနိုင်တော့ အပင်ဟာ မြေကြီးထဲမှာ အတွယ်အကုပ် မကောင်းဘူး၊ အဲဒီတော့ အမြစ်လွတ်လွတ်လပ်လပ် သွားရေးအတွက် မြေတောင်မြှောက်ပေးတယ်ဆိုတာ ရှိပါတယ်၊ တရားစစ်တယ်ဆိုတာလည်း အဲဒီလို လုပ်ပေးရတဲ့ သဘောပါပဲ၊ တရားစစ်ဆေးတယ် ဆိုတာ ဆရာနဲ့

http://www.dhammadownload.com

ဆွေးနွေးတာပါပဲ၊ မရှင်းလင်းတဲ့ အချက်လေးတွေ ရှင်းသွားအောင် ဆွေးနွေးတာပါပဲ" တဲ့။

ယောဂီတွေ တရားလျှောက်တဲ့အခါမှာ လျှောက်တတ်အောင် ဆရာတော်က ဒီလို သင်ပေးပါတယ်။

"တစ်ရက်မှာ (၂၄) နာရီ ရှိတယ်၊ (၂၄) နာရီထဲက ထိုင်ပြီး အားထုတ်တဲ့ နာရီပေါင်းက ဘယ်လောက်, စင်္ကြံလျှောက်ပြီး အားထုတ်တဲ့ နာရီပေါင်းက ဘယ်လောက်ဆိုတာ ပထမဆုံး ပေါင်းပြီးတော့ ပြောဖို့ပါပဲ၊ အကြိမ်တိုင်း, အကြိမ်တိုင်းလည်း ပြောဖို့ မလိုပါဘူး၊ တချို့ အကြိမ်တွေမှာ သဘောတူတာတွေ ရှိပါတယ်၊ တွေ့ပုံချင်း တူတာတွေ ရှိပါတယ်၊ အဲဒါတွေကို ပေါင်းပြီးတော့ ပြောဖို့ပါပဲ။"

"လိုရင်းကတော့ မနက်ပိုင်း တစ်ကြိမ်ကောင်းကောင်း, နေ့လယ်ပိုင်း တစ်ကြိမ် ကောင်းကောင်း, ညနေပိုင်း တစ်ကြိမ်ကောင်းကောင်းကို ပေါင်းစပ်ပြီး ပြောလိုက်ရင် လုံလောက်ပါတယ်၊ ပြောတဲ့အခါ ထိုင်ပြီး အားထုတ်တုန်း အခြေခံဖြစ်တဲ့ ဖောင်းမှု, ပိန်မှုကစပြီးတော့ လျှောက်ဖို့ သိပ်အရေးကြီးပါတယ်၊ ဘာပဲလုပ်လုပ် အခြေခံဟာ သိပ်အရေးကြီးပါတယ်၊ အခြေခံပိုင်နိုင်အောင် လုပ်ဖို့နဲ့ ပိုင်ပိုင်နိုင်နိုင် ပြောနိုင်ဖို့ အရေးကြီးပါတယ်။"

"စင်္ကြံလျှောက်တဲ့အခါမှာလည်း ညာလှမ်းတာ, ဘယ်လှမ်းတာ၊ ကွေတာ, လှမ်းတာ, ချတာ ပြောဖို့ အရေးကြီးပါတယ်၊ အဲဒါကို အခြေခံထားပြီး ပြောဖို့ပါပဲ။"

"ပေါ်တာရယ်, ရှုတာရယ်, သိတာရယ် ဒီ (၃) ချက်ပါပဲ၊ ဒီသုံးချက်ကို ပြောပြဖို့ပါပဲ၊ ပြောပြတဲ့ အခါမှာ စကားကို ကျစ်ကျစ်လစ်လစ်နဲ့ အနှစ်သာရရှိရှိ ထူးခြားတဲ့ အကွက်ကိုသာ ရွေးချယ်ပြီး ပြောတတ်ဖို့ လိုပါတယ်။"

"အပိုတွေ မပါဘဲ တိုတိုရှင်းရှင်းနဲ့ လိုရင်းမိအောင် ပြောတတ်ဖို့ လိုပါတယ်၊ တိုတိုရှင်းရှင်းနဲ့ လိုရင်း တင်ပြရာမှာ ကိုယ်ပိုင်တဲ့ အချိန်လေးကိုတော့ နားလည်ထားဖို့ အရေးကြီးပါတယ်၊ ဥပမာအားဖြင့် (၁၀) မိနစ် စကားပြောခွင့် ရတယ်ဆိုရင် စကား ပြောပွဲတွေမှာ (၁၀) မိနစ်အတွင်း ပြီးပြတ်အောင် ပြောရသလိုပါပဲ၊ အချိန်ကို ချွေတာ ပြီး သုံးဖို့ လိုပါတယ်။"

"ဖောင်းမှု, ပိန်မှုကအစ အာရုံပေါ်လာတဲ့အခိုက်မှာ စိတ်အားစိုက်, ချိန်သားကိုက်ပြီးတော့ မှတ်, မမှတ် ကိုယ့်အလုပ်ကို ပြောဖို့ပါပဲ၊ ဒုတိယကတော့ စေ့စေ့စပ်စပ် စွဲစွဲမြဲမြဲနဲ့ ပိုင်ပိုင်နိုင်နိုင် မှတ်နိုင်သလား, မမှတ်နိုင်ဖူးလား ဆိုတာ ကိုယ့်ရှုအား စွမ်းရည်ကို ပြောဖို့ပါပဲ၊ တတိယကတော့ မှတ်နိုင်တယ် ဆိုရင် အဲဒီမှတ်ရတဲ့, မှတ်မိတဲ့ဟာက ဘာလဲ, ဘယ်လိုလဲဆိုတာ ပြောဖို့ပါပဲ၊ စတုတ္ထကတော့ – ဖောင်းမှု, ပိန်မှုကအစ

http://www.dhammadownload.com

ပင်တိုင် အာရုံကို မမှတ်နိုင်ဘူး ဆိုရင် စိတ်ဟာ ပင်တိုင်ရှုကွင်းမှာ မရှိတော့ဘူး၊ စိတ် အခြားတစ်နေရာ ရောက် ဖန်ပြီး ထွက်ရင်လည်း ထွက်မယ်၊ ဒါမှ မဟုတ်ရင် ကိုယ်ထဲက ခံစားမှုတစ်မျိုးမျိုးဆီမှာ ရောက်နေမယ်၊ မှုလရှုကွင်းကို မမှတ် နိုင်ဘူးဆိုရင် အခြားဖြစ်သမျှ, ပေါ်သမျှဟာတွေကို မှတ်ပုံရော, သိပုံရော ပြောပြဖို့လို ပါတယ်။ "

ယခု ဆရာတော် သင်ပြခဲ့တဲ့ စကားလေးတွေကို ဆရာတော်က လက်ာ လေးတွေ ဒီကုံးပေးထားတယ်၊ ပြည်တွင်း ယောဂီတွေ နေ့လယ် တရားမနာခင် နေ့စဉ် ဆိုကြရတယ်၊ လက်ာလေးတွေက အောက်ပါအတိုင်းပါပဲ။

ဖောင်းမှု ပေါ်လာ, ရှုမှတ်တာ, သိတာ ပြောနိုင်စေ။
ပိန်မှု ပေါ်လာ, ရှုမှတ်တာ, သိတာ ပြောနိုင်စေ၊
ပေါ်တာ – ရှုတာ, သိမြင်တာ, သုံးဖြာ ရေးကြိုးပေ၊
အချက်သုံးဖြာ, ထင်ရှားစွာ, သေချာစေ့ဝှ ပြောနိုင်စေ၊
စကားမဖွာ, အသားပါ, ထူးတာကိုသာ ပြောနိုင်စေ၊
တိုတိုကျဉ်းကျဉ်း, ပိုမသွင်း, လိုရင်းကိုသာ ပြောနိုင်စေ၊
တင်ပြရာတွင်, ချိန်ကိုပင်, အစဉ် ချွေတာသုံးတတ်စေ၊

အချုပ်တင်ပြပုံ

အာရုံပေါ်ခိုက်, စိတ်အားစိုက်, ကပ်လိုက် – မလိုက် ပြော၊
စေ့စပ်မြဲခိုင်, ထိမိပိုင်, မှတ်နိုင် -- မနိုင် ပြော၊
မှတ်နိုင်ပါက, သိသမျှ, လုံးဝ မှန်အောင် ပြော၊
မမှတ်နိုင်က, ဖြစ်သမျှ, မှတ်ရ သိပုံ ပြော။

ဆရာတော်က ယောဂီတွေကို ဒီလိုလည်း မိန့်ကြားတတ်သေးတယ်။

" ကမ္မဋ္ဌာန်းဆရာဟာ လူနာကို ဆေးပေးတဲ့ ဆရာဝန်နဲ့ တူတယ်၊ လူနာက တင်ပြချက်မှန်ရင် ဆရာဝန်ရဲ့ ဆေးချက်မှန်လို့ ရောဂါ ပျောက်လွယ်တယ်၊ လူနာနဲ့ တူ တဲ့ ယောဂီက လျှောက်ထားချက် မှန်ရင် ကမ္မဋ္ဌာန်းဆရာရဲ့ ညွှန်ကြားချက် မှန်လို့ တရားတက်လွယ်တယ်။ "

" ယောဂီဟာ ပေါ်တာကိုသာ ရှုရတယ်၊ သိတာကို ပြောနိုင်ရတယ်၊ ကြည့်တာကိုလည်း ပြောနိုင်ရတယ်၊ မြင်တာကိုလည်း ပြောနိုင်ရတယ်။ "

" သခ်ၤာတွက်သူဟာ ဖော်မြူလာ (= တွက်နည်း) မပါဘဲ အဖြေသာ ပေးရင် မဟုတ်သေး ဘူး၊ မမှန်သေးဘူး၊ ယောဂီဟာလည်း မှတ်ပုံမပါဘဲ သိတာကို သာ ပြောရင် မဟုတ်သေး ဘူး၊ မမှန်သေးဘူး။ "

" ယောဂီဟာ အခြားအာရုံ ပေါ်လာပေမယ့် ပင်တိုင်အာရုံရှုမှု အခြေ

http://www.dhammadownload.com

မပျက်ရင် တစ်ခြားအာရုံ ပြောင်းဖို့ မလိုဘူး။ "

" ရှကွင်းအာရုံက မြန်လာရင် အဆိုနဲ့ ဖြစ်တိုင်း လက်မမီနိုင်တဲ့အခါ ယောဂီ ဟာ အဆိုကို လွှတ်ပြီး စိတ်သက်သက်နဲ့ စိုက်ကြည့်နေပါ။ သို့မဟုတ် အဆို ထည့် မှတ်လိုရင် မိသလောက် လိုက်မှတ်ပါ။ "

ဆရာတော်က တရားထိုင်တဲ့အခါ ထိုင်ပုံထိုင်နည်း, ခန္ဓာကိုယ်ကို ထားပုံ ထားနည်း, စိတ်ထားပုံထားနည်း, အသက်ရှူပုံနည်း, တရားမှတ်ခြင်းရဲ့ အကျိုးနဲ့ အသိဉာဏ်ဖြစ်ပေါ်လာပုံ, မှတ်ပုံမှတ်နည်းတွေကို လက်ာတွေ သီကုံးထားပါတယ်၊ နေ့လယ် (၂) နာရီ တရားမနာခင် ယောဂီတွေ ဒီလက်ာလေးတွေကိုလည်း နေ့စဉ် ဆိုကြရတယ်။

ထက်ဝယ်ဖွဲ့ခွေ, ကိုယ်ဖြောင့်စေ, ထားလေ စိတ် ဝမ်းမှာ၊
ပုံမှန် ရှူရှိုက်, ဖောင်းပိန်ခိုက်, စူးစိုက် ကပ်လိုက်ပါ၊
စိတ်နေသန့်ရှင်း, အပြစ်ကင်း, ကောင်းခြင်း အမှန်ပါ၊
တောင့်တင်းလှပ်ရှား၊ ရွေ့ရွေ့သွား, ပိုင်းခြား သိနိုင်ပါ၊
စိတ်ကူးမျိုးစုံ, ပေါ်လာပုံ, အကုန်လိုက်ရှုပါ၊
ဆိုးကောင်း – လတ်စု, ခံစားမှု, လိုက်ရှု မမေ့ရာ၊
မြင် – ကြား – တွေ့မှု, ကြုံသိမှု, လိုက်ရှု မမေ့ရာ။

လက်ာ

တရားလျှောက်ရေး
ဝန်မလေးအောင်
လျှောက်ရေးသင်ပေး၊
လက်ာလေးများ
သီကုံးထား၏။
ယောဂီများကား
လက်ာများကို
မှတ်သားရွတ်ဆိုနေကြသည်။

http://www.dhammadownload.com

လိုအပ်သလောက်

"သစ်ပင်လေးကို ရေလောင်းများရင်လည်း အမြစ် ပုပ်ပြီး သေတတ်တယ်၊ ရေမလောင်ရင်လည်း ညှိုးခြောက်ပြီး သေတတ်တယ်၊ အဲဒါကို သတိထားရတယ်။"

ဆရာတော် အမိန့်ရှိတဲ့ စကားလေးပါပဲ၊ ဆယ်မိုင်ကုန်း တောစခန်းရိပ်သာမှာ စစ္စတာဒေါ်လှမြင့် နေစဉ်က ကျောင်းသားလေးတစ်ယောက်ကို ပြုစုစောင့်ရှောက်ထားတယ်၊ ကိုရင်ဝတ်ပေးပြီး စာသင်တိုက်တစ်တိုက်ကို ပို့ပေးမယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါပဲ၊ စာရေးသူ ဆယ်မိုင်ကုန်း တောစခန်းရိပ်သာမှာ တစ်လ တရားအားထုတ်ခဲ့စဉ်က အဲဒီကျောင်းသားလေးက စာရေးသူရဲ့ ဝေယျာဝစ္စတွေကို ဆောင်ရွက်ပေးတယ်၊ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းမှာ အဲဒီကျောင်း သားလေးက ကိုရင်ဝတ်တယ်၊ သင်တန်း တက်တယ်၊ သင်တန်းတက်ပြီး တောင်ဒဂုံရှိ မဟာဂန္ဓာရုံကျောင်းတိုက်ခွဲကို ပို့ပေးပါတယ်၊ ပို့ပေးမယ့်နေ့မှာ ယူရမယ့် ပစ္စည်းတွေ ကို သိက္ခာရှင်တွေက ပြင်ဆင်ပေးကြပါတယ်၊ သွားပို့မယ့် ကား ထွက်ခါနီးမှာ ဆရာတော် လာရောက်ပြီး ယူမယ့် ပစ္စည်းတွေကို စစ်ဆေးကြည့်တယ်၊ လိုတာတွေကို ထောက်ပြတယ်၊ ပိုတဲ့ ပစ္စည်းတွေကို ဖယ်ထားစေတယ်၊ "သင်္ကန်းနဲ့ ဆပ်ပြာတွေက များနေတယ် " တဲ့၊ "စာသင်တိုက် ပို့ပေးတော့မယ်ဆိုရင် သေသေချာချာ စစ်ဆေးကြည့် ပြီးမှ ပို့ရတယ်" တဲ့၊ ပြီးတော့ အထက်ပါ ဩဝါဒစကားလေးကိုလည်း မိန့်ကြားလိုက် ပါတယ်။

ဒီစကားလေးကို အမေရိကကို ဆရာတော်နဲ့အတူ စာရေးသူ လိုက်သွားတုန်းကလည်း ကြားနာခဲ့ရပါတယ်၊ အဲဒီတုန်းက အမေရိက ဆန်ဟိုဇေးမြို့မှာ တထာဂတ ကမ္မဋ္ဌာန်းရိပ်သာ ပေါ်မလာသေးပါဘူး၊ ဖြစ်ပေါ်လာအောင် ကြိုးစားနေကြတဲ့ အချိန်ဖြစ်ပါတယ်၊ အမေရိကမှာ ဗီယက်နမ်ဒကာ, ဒကာမတွေက အမေရိကမှာ ရောက်နေတဲ့ အရှင်ဓမ္မပိယကို ကထာဂတကမ္မဋ္ဌာန်းရိပ်သာ ဖြစ်ပေါ်လာရင်

http://www.dhammadownload.com

ကမ္မဋ္ဌာန်းဆရာအဖြစ်နဲ့ ထားပေးဖို့ ဆရာတော်ကို ပန်ကြားလျှောက်ထားကြတယ်၊ အရှင်ဓမ္မပိယ သင်ယူနေတဲ့ အင်္ဂလိပ်ပညာရေးအတွက်လည်း သူတို့က တာဝန်ယူကြပါမယ် တဲ့။ မလေးရှားမှာ အရှင်ဓမ္မပိယ သီတင်းသုံးခဲ့စဉ်က အမေရိကမှ ဗီယက်နမ် ဒကာ, ဒကာမတွေက အရှင်ဓမ္မပိယထံမှာလည်း လာပြီး တရားအား ထုတ်ခဲ့ကြတယ်၊ ဒါကြောင့် အရှင်ဓမ္မပိယဟာ သူတို့ရဲ့ ကမ္မဋ္ဌာန်းဆရာ ဖြစ်နေတယ်၊ ဒါကြောင့် သူတို့ဆရာကို သူတို့ သိပ်လိုချင်နေကြတယ်၊ သူတို့ ဆရာတော်ထံ မလျှောက်ထားကြသေးခင် သူတို့စိတ်ထဲမှာ ဆရာတော် ခွင့်ပြုမှ ပြုပါလေမလားလို့ တထင့်ထင့် ဖြစ်နေပုံရပါတယ်၊ ဆရာတော်ကို လျှောက်ထားကြလို့ ဆရာတော် ခွင့်ပြုလိုက်တဲ့အခါ သူတို့ သိပ်ပျော်သွားကြတယ်၊ သူတို့ရဲ့ မျက်နှာတွေမှာ ပြုံးပန်းတွေ ပွင့်ကုန်ကြတယ်၊ သူတို့ ကြည်ညိုတဲ့ ဆရာကို ကိုးကွယ်ခွင့်ရကြပြီကိုး၊ ပြီးတော့ ဆရာတော်က အထက်ပါဩဝါဒ စကားလေးကို မိန့်ကြားလိုက်ပါတယ်၊ ယခုတော့ တထာဂတကမ္မဋ္ဌာန်းရိပ်သာ ပေါ်လာနေပါပြီ၊ သူတို့ဆရာလည်း သူတို့ ရိပ်သာမှာ ကမ္မဋ္ဌာန်းဆရာအဖြစ်နဲ့ သီတင်းသုံးနေပါပြီ၊ အရှင်ဓမ္မပိယလည်း အင်္ဂလိပ်စာကိုလည်း ဆက်လက်သင်ယူနေပါတယ်၊ ဆရာတော်လည်း တထာဂတကမ္မဋ္ဌာန်းရိပ်သာကို ကြွရောက်တရားပြပေးခဲ့ပါတယ်။

တောင်ဒဂုံရှိ မဟာဂန္ဓာရုံကျောင်းတိုက်ကို ပို့ပေးမယ့် ကိုရင်လေးကို ကားထွက်ခါနီးမှာ ဆရာတော်က မေးပါသေးတယ်၊ " ကိုရင်က ဒီဗုဒ္ဓယဉ်ကျေးမှု အခြေခြုံသင်တန်းမှာ ဘယ်အတန်းမှာ တက်သလဲ " တဲ့၊ " အလတ်တန်းပါဘုရား " လို့ ကိုရင်က လျှောက်တယ်၊ " အဆင့်ဘယ်လောက်နဲ့ အောင်လဲ " လို့ ဆရာတော်က မေးတယ်၊ ကိုရင်ရဲ့ ဥာဏ်အနေအထားကို ခန့်မှန်းချင်လို့ အောင်စဉ်အဆင့်ကို ဆရာတော်က မေးပုံရပါတယ်၊ " မအောင်ပါဘုရား၊ နှစ်သိမ့်ဆုပဲ ရပါတယ်ဘုရား " လို့ စာရေးသူက လျှောက်တော့ " တန်းကျောင်းက ဘယ်နှစ်တန်း အောင်ခဲ့သလဲ" လို့ ဆရာတော်က မေးတယ်၊ ကိုရင်ရဲ့ ဆရာတစ်ပါးဖြစ်တဲ့ အရှင်ပညိန္ဒက " သုံးတန်းပါ ဘုရား " လို့ လျှောက်တဲ့အခါ " ဘာလို့ သုံးတန်းကလေးကို အလတ်တန်းမှာ ထားရသလဲ " လို့ စာရေးသူကို ပြောပါတော့တယ်၊ " ဘာလို့ သုံးတန်းကလေးကို အလတ်တန်းမှာ ထားရသလဲ " လို့ ပြောတဲ့အခါ စောစောက ပြုံးရွှင်ပြီးနေတဲ့ ဆရာတော်ရဲ့ မျက်နှာဟာ ပြောင်းသွားပါတယ်၊ ဆရာတော့် အသံကလည်း မာပြီး မြည်ကျယ်လာပါတယ်။

ဗုဒ္ဓယဉ်ကျေးမှုအခြေခြုံသင်တန်းမှာ အတန်း (၄) တန်း ရှိပါတယ်၊ အငယ်တန်း, အလတ်တန်း, အကြီးတန်း, အထူးတန်း - တဲ့၊ အငယ်တန်းကို

http://www.dhammadownload.com

အသက် (၉) နှစ် မှ (၁၂) နှစ်အထိ ကလေးတွေ သင်ယူကြရတယ်၊ အလတ်တန်းကို အသက် (၁၃) နှစ် မှ (၁၅) နှစ်ထိ ကလေးတွေ သင်ယူကြရတယ်၊ အကြီးတန်းကို (၁၆) နှစ် မှ (၁၈) နှစ်ထိ ကလေးတွေ သင်ယူကြရတယ်၊ အထူးတန်းကိုတော့ အကြီးတန်းအောင်ပြီးကလေးတွေ သင်ယူကြရတယ်၊ အလတ်တန်းမှာ နှစ်သိမ့်ဆုပဲ ရပါတယ်ဆိုတဲ့ ကိုရင်က အသက် (၁၃) နှစ် ကျော်နေပြီ၊ စာရေးသူအထင်မှာ အလတ်တန်းကို လိုက်နိုင်လောက်မယ်လို့ ထင်မိတယ်၊ ဉာဏ်ကောင်းပုံရတယ်လို့လည်း ယူဆမိတယ်၊ အောင်စာရင်းမှာ နှစ်သိမ့်ဆုရ ဖြစ်နေတော့မှ စာရေးသူရဲ့ ထင်မြင်ယူဆတာ လွဲခဲ့ကြောင်း သတိပြုမိလာတယ်၊ ဆရာတော် အမိန့်ရှိလိုက်တော့ ပိုပြီး သတိပြုမိတယ်။

" ဘာလို့ သုံးတန်းကလေးကို အလတ်တန်းမှာ ထားရသလဲ၊ " လို့ မိန့်တဲ့ ဆရာတော်ရဲ့ စကားကို ပိုမို သဘောပေါက်စေတဲ့ အတွေ့အကြုံတစ်ခုကို ဆယ်မိုင်ကုန်း တောစခန်းရိပ်သာမှာ ဝါဆိုတော့ တွေ့လာရတယ်၊ ဒီနှစ်သိမ့် ဆုကိုရင်နဲ့ တစ်နှစ်တည်း (၁၃၅၇) (၁၉၉၆) ခုနှစ်မှာ ဗုဒ္ဓယဉ်ကျေးမှု အခြေပြု သင်တန်းဟက်ရောက်ခဲ့တဲ့ ကလေးမလေးတစ်ယောက်ကို တွေ့ရတယ်၊ သဲဖြူချောင်း ရွာကပါပဲ၊ သူမကတော့ အငယ်တန်းမှာ သင်ယူခဲ့တယ်၊ အသက်(၁၂) နှစ်၊ ဆယ်မိုင်ကုန်းရွာနဲ့ သဲဖြူချောင်းရွာက ကျန်ကလေးတွေ ဗုဒ္ဓယဉ်ကျေးမှု အခြေပြု သင်တန်းမှာ အကုန်လုံး အောင်မြင်ကြတယ်၊ သူမတစ်ယောက်ပဲ နှစ်သိမ့်ဆု ရတယ်၊ သူမက သုံးတန်း၊ သုံးတန်းကနေ ကျောင်းထွက်ခဲ့ရတယ်၊ သူမက ဇွဲမလျော့ဘူး၊ " ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း ထပ်တက်အုံးမယ်၊ အငယ်တန်းကိုပဲ ထပ်ပြီး သင်ယူ ချင်တယ် " တဲ့၊ တောရွာက ကလေးတွေဟာ ပညာရေး အားနည်းနေတတ်ကြပါလား၊ စီးပွားရေး အဆင်မပြေမှုကြောင့်လည်း ဒီလို ဖြစ်ရတာ ဖြစ်ပါလိမ့်မယ်၊ သနားစရာတွေပါ ပဲ၊ ဆရာတော်ကတော့ ဒီလို အတွေ့အကြုံတွေကို တွေ့ခဲ့ရတာမို့ ကောင်းကောင်း သတိပြုမိပုံပေါ်ပါတယ်။

ဆရာတော်ဟာ တောကရော မြို့ကပါ ကလေးတွေကို ဗုဒ္ဓယဉ်ကျေးမှုအဆင့် မြှင့်တင်ပေးနေပါတယ်၊ ဗုဒ္ဓယဉ်ကျေးမှုနဲ့ ကင်းကွာခဲ့တာ ကြာခဲ့ပြီမို့ ဗုဒ္ဓယဉ်ကျေးမှုရှိတဲ့ မျိုးဆက်သစ်ကောင်းတစ်ခုပေါ်ထွန်းလာအောင် ဆရာတော်ဟာ ကြိုးစားနေပါတယ်၊ ဗုဒ္ဓယဉ်ကျေးမှုနဲ့ ကင်းကွာခဲ့လို့ ဒုက္ခမျိုးစုံနဲ့ ကြုံတွေ့ရမှုဆိုတဲ့ ရောဂါကတော့ ဆိုက်ရောက်နေပါပြီ၊ အဲဒီရောဂါကို ဝိုင်းပြီး ကုသပေးကြဖို့ လိုနေပါတယ်။

ဆရာတော် အမိန့်ရှိထားတဲ့ စကားတစ်ခွန်း ရှိတယ်။

" လူနာတစ်ယောက်ကို ကျွမ်းကျင်သူတွေ, ဆေးပါရဂူတွေ ဝိုင်းပြီး ကုသရာ

http://www.dhammadownload.com

မှာ လူနာရဲ့ ရောဂါပျောက်ရေးကိုသာ ရှေ့ရှုပြီး တိုင်ပင်ကြရတယ်၊ ဆွေးနွေးကြရတယ်၊ ကုသကြရတယ်။ "

"ပြဿနာတစ်ခုကို ဖြေရှင်းရာမှာလည်း ပြဿနာပြေရှင်းသွားရေးကိုသာ ရှေးရှုပြီး တိုင်ပင်ကြရတယ်၊ ဆွေးနွေးကြရတယ်၊ ညှိနှိုင်းကြရတယ်၊ အဖြေရှာကြရတယ် " တဲ့။

ဆရာတော်, သံဃာတော်တွေရော, မိဘတွေရော, ကလေးတွေပါ ဝိုင်းပြီး ကုသပေးကြရပါမယ်၊ ဒါမှ ဒီရောဂါဆိုးကြီး မြန်မာနိုင်ငံမှာ ကွယ်ပျောက်သွားပြီး ချမ်းသာလာပါလိမ့်မယ်၊ ဗုဒ္ဓယဉ်ကျေးမှုပါတဲ့ မျိုးဆက်သစ်ကောင်းတစ်ခု ပေါ်လာပါမယ်၊ အဲဒီမျိုးဆက်သစ်ကောင်း ပေါ်လာရင် လူမျိုးရော နိုင်ငံပါ ယဉ်ကျေးမှုအဆင့် ပိုပြီး မြင့်လာပါလိမ့်မယ်၊ အဲဒီအခြေအနေ ရောက်အောင် မြှော်မှန်းပြီး ဆရာတော်က အစွမ်းကုန် ကြိုးစားနေပါတယ်၊ သံဃာတွေကိုရော, မိဘတွေကိုရော, ကလေးတွေကိုပါ ဆရာတော်က သူလို အမြင်ရှိကာ ကြိုးစားကြစေချင်တယ်၊ နိုးနိုးကြားကြား တက်တက်ကြွကြွ ထက်ထက်မြက်မြက် ရှိကြစေချင်တယ်၊ ဗုဒ္ဓသာသနာဝင်အမျှားစုတွေဟာ မနိုးကြားဘဲ ရှိနေကြတယ်၊ မတက်ကြွဘဲ ရှိနေကြတယ်၊ မထက်မြက်ဘဲ ရှိနေကြတယ်၊ ဗုဒ္ဓသာသနာဝင်တွေသာ ဗုဒ္ဓယဉ်ကျေးမှု တိုးတက်လာရေးအတွက် မနိုးကြားကြရင်, မတက်ကြွကြရင်, မထက်မြက်ကြရင် မကြာခင် ဗုဒ္ဓသာသနာဟာ မြန်မာနိုင်ငံနဲ့ လမ်းခွဲသွားပါလိမ့်မယ်၊ မြန်မာနဲ့ ဗုဒ္ဓသာသနာ၊ ဗုဒ္ဓသာသနာနဲ့ မြန်မာကို အမြဲတွဲကာ ရှင်သန်နေစေချင်ရင်တော့ ဗုဒ္ဓယဉ်ကျေးမှု တိုးတက်လာစေရေးအတွက် နိုးနိုးကြားကြား ရှိကြပါ၊ တက်တက်ကြွကြွ ရှိကြပါ၊ ထက်ထက်မြက်မြက် ရှိကြပါ လို့ တိုက်တွန်းလိုပါတယ်။

လိုအပ်သလောက်

သစ်ပင်လေးတစ်ပင်
ရေမျှားလွန်းရင်လည်း သေပွဲဝင်၊
ရေနည်းလွန်းရင်လည်း သေပွဲဝင်၊
ပညာရှင် ဥယျာဉ်မှူး
ရေလောင်းပေးတော့ သူ ရှင်မြူး၊
ဥယျာဉ်မှူးရဲ့ ပညာဟာ
သူ့ရဲ့ အသက်ပါ၊
သူဆက်ကာ သက်ရှင်ရေး
လိုအပ်သလောက် ရေလောင်းပေး။

■ ■ ■ ■ ■

http://www.dhammadownload.com

နိဗ္ဗာန်

ဗုဒ္ဓသာသနာဝင်တွေ ကုသိုလ်မျိုးစုံကို လုပ်နေကြတယ်၊ ဒါနပြုသူက ပြု, သီလဆောက်တည်သူက ဆောက်တည်, ဘာဝနာပွားသူက ပွား, ရိုသေထိုက်သူကို ရိုသေသူက ရိုသေ, ဝေယျာဝစ္စလုပ်သူက လုပ်, အမျှဝေသူက ဝေ, သာဓုခေါ်သူက ခေါ်, တရားနာသူက နာ, တရားဟောသူက ဟောနဲ့ စုံလို့ပါပဲ၊ ဘာလို့ ဒါတွေ လုပ်နေကြတာလဲလို့ မေးရင် ဗုဒ္ဓသာသနာဝင်တွေက ဖြေကြလိမ့်မယ်၊ " နိဗ္ဗာန် ရချင်, ရောက်ချင်လို့ " လို့၊ " ဘာလို့ ရောက်ချင်တာလဲ " လို့ ထပ်မေးလာခဲ့ရင်တော့ " နိဗ္ဗာန်က အချမ်းသာဆုံးမို့ " – လို့ ဗုဒ္ဓသာသနာဝင်တွေက ဖြေကြပါလိမ့်မယ်၊ " အချမ်းသာဆုံးလို့ ဆိုတဲ့ နိဗ္ဗာန်က ဘယ်လို ချမ်းသာတာလဲ " လို့ ထပ်မေးလာရင် တော့ ကျေနပ်ဖွယ် အဖြေ ပေးနိုင်ဖို့ ခက်ကောင်းခက်နေပါလိမ့်မယ်။

စာရေးသူ မဟာစည်သာသနာ့ရိပ်သာထဲမှာ နေခဲ့တုန်းက အမေရိကရဟန်း တစ်ပါးနဲ့ မလေးရှားရဟန်းတစ်ပါးကို မြန်မာစာနဲ့ ပါဠိ သင်ပေးခဲ့ဖူးတယ်၊ အမေရိက ရဟန်းက စာရေးသူကို မေးတယ်၊ " နိဗ္ဗာန်အကြောင်းကို ရှင်းရှင်းနဲ့ အများနားလည် အောင် ပြောပြစမ်းပါ " တဲ့၊ သူကလည်း မြန်မာစကား ကောင်းကောင်း မတတ်၊ ကိုယ်ကလည်း အင်္ဂလိပ်စကား ကောင်းကောင်း မတတ်၊ ကိုယ်က နိဗ္ဗာန်အကြောင်း ထိုက်သင့်သလောက် သိထားပေမယ့် တစ်ဘက်သား နားလည်အောင် ပြောပြနိုင်ဖို့ တော့လည်း အခက်သားပဲ၊ ယောဂီအပြောနဲ့ ပြောရရင်တော့ " မှတ်စိတ်နဲ့ မှတ်စရာ အာရုံ ချုပ်သည်းသွားတာဟာ နိဗ္ဗာန်ပဲ " လို့ လောက်သာ ပြောနိုင်ခဲ့ပါတယ်။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ရောက်တဲ့အခါ စာရေးသူဟာ ဆရာတော် နဲ့အတူ အမေရိကကို ဓမ္မဒူတခရီးမှာ ပါသွားခဲ့ပါတယ်၊ မက်ဆာချူးဆက်ပြည်နယ်, ဘာရီမြို့, ဝိပဿနာကမ္မဋ္ဌာန်းဌာနမှာ (၂) လကြာ တရားစခန်းမှာ တရားပြခဲ့ကြပါ

http://www.dhammadownload.com

တယ်၊ အဲဒီတရားစခန်းမှာ တရားပြနေခိုက် ဆရာတော်ထံ မြန်မာပရိသတ်တွေလည်း လာရောက်ဖူးမျှော်ကန်တော့ကြပါတယ်၊ တစ်နေ့မှာ မြန်မာမိန်းကလေးတစ်ယောက် ရောက်လာပါတယ်၊ နယူးယောက်ဘက်ကလို့ ထင်ပါတယ်၊ မိန်းကလေးနာမည်က " ငြိမ်းငြိမ်း " တဲ့၊ သူမက ဆရာတော်ထံ သွားရောက်ကန်တော့ပါတယ်၊ သူမကို ဆရာတော်က တရားအားထုတ်ဖို့ တိုက်တွန်းတယ်၊ သူမက " နိဗ္ဗာန် မလိုချင်ဘူး ဘုရား " တဲ့၊ စာရေးသူက တွေးမိတယ်၊ " မိန်းကလေးရဲ့ နာမည်ကတော့ " ငြိမ်းငြိမ်း" တဲ့၊ ငြိမ်း ချမ်းတဲ့ နိဗ္ဗာန်ကို ငြိမ်းငြိမ်းက မလိုချင်ဘူး " တဲ့၊ မိန်းကလေးရဲ့ အမည် နာမနဲ့ မိန်းကလေးရဲ့ လိုအင်ဆန္ဒဟာ မလိုက်ဖက်သေးပါဘူး ပေါ့၊ နိဗ္ဗာန် မလိုချင်သေးတဲ့ ဗုဒ္ဓသာသနာဝင်အမည်ခံ အမေရိကရောက် မြန်မာမိန်းကလေးတစ်ယောက်ကို ဆရာတော်က နိဗ္ဗာန်ကို လိုချင်လာအောင် ဘယ်လိုများ ဟောလေမလဲလို့ သိချင် နေခဲ့တယ်၊ ဆရာတော်ရဲ့ ဟောကြားချက်က အကျိုးသက်ရောက်မှု ရှိခဲ့တယ်၊ ဆရာတော် ဟောပြပြီးတဲ့အခါရောက်တော့ သူမဟာ နိဗ္ဗာန်ကို လိုချင်လာပြီ – တဲ့၊ ဆရာတော်ရဲ့ ဟောကြားချက်ကို စာရေးသူ အကုန်းလုံးတော့ ပြန်မမှတ်မိတော့ဘူး။

အဲဒီအခေါက်က ၁၉၉၁ – ခုနှစ်က ဖြစ်တယ်၊ ၁၉၉၂ – ခုနှစ်မှာ ဆရာတော် အမေရိကမှာ ဟောထားတဲ့ တရားတွေကို အင်္ဂလိပ်လိုထုတ်တဲ့ " In this very life " စာအုပ် ထွက်လာတယ်၊ အဲဒီစာအုပ်ထဲမှာ နိဗ္ဗာန်အကြောင်း မိန့်ကြားထားတဲ့ စကားတွေပါတယ်၊ အဲဒီစကားတွေ ဖတ်ရတော့ အမေရိကက မြန်မာမိန်းကလေး ငြိမ်းငြိမ်းကို သတိရမိတယ်၊ ငြိမ်းငြိမ်းကို နိဗ္ဗာန်အကြောင်း ဆရာတော် ဟောပြတုန်းက ဒီစကားတွေပဲလို့လည်း သတိထားမိတယ်။

" In this very life " မှာ နိဗ္ဗာန်အကြောင်း ဟောပြထားတဲ့ စကားတွေရဲ့ အထက်မှာ ခေါင်းစီး စာသားလေးက " Indescribable Bliss: A sleeping Millionire" တဲ့၊ မြန်မာလိုတော့ " ဖော်ပြလို့ မရနိုင်တဲ့ ချမ်းသာ, အိပ်ပျော်နေတဲ့ သန်းကြွယ်သူဌေး " တဲ့၊ ဆက်ပြောထားတာက –

ခံစားစရာအာရုံတွေ အပြည့်ရှိနေတဲ့ သန်းကြွယ်သူဌေးတစ်ယောက် ရှိတယ်လို့ ဆိုကြပါစို့၊ တစ်နေ့မှာ အဲဒီသန်းကြွယ်သူဌေးဟာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော် နေတယ်၊ သန်းကြွယ်သူဌေး အိပ်ပျော်နေတုန်း မိဖုရားချောင်မှာ ကောင်းပေ့, အရသာရှိပေ့ ဆိုတဲ့ ဟင်းတွေ ချက်နေတယ်၊ ချက်ပြီးစားပွဲပေါ်မှာ စားဖွယ်တွေ အဆင်သင့် ပြင်နေတယ်၊ သန်းကြွယ်သူဌေးရဲ့ အိမ်ကြီးမှာ ရှိတဲ့ အရာခပ်သိမ်းဟာ သိပ်ပြီး ခန်းနားထည်ဝါတယ်၊ သိပ်ပြီး အစီအစဉ် ကျနတယ်။

အိပ်ပျော်နေတဲ့ သန်းကြွယ်သူဌေးရဲ့ နှီးလာချိန်ကို စောင့်ရင်း၊ စားဖိုမှူးက

http://www.dhammadownload.com

စိတ်မရှည်ဖြစ်လာတယ်၊ စားဖွယ်တွေက အေးလာကုန်ပြီ၊ စားဖိုမှူးက သူသူဌေးကို အိမ်အောက်ထပ် ဆင်းလာပြီး စားစေချင်ပြီ၊ စားဖိုမှူးက အလုပ်သမားခေါင်းဆောင်ကို သူဌေးကို နှိုးဖို့ လွှတ်လိုက်တယ်လို့ ဆိုကြပါစို့၊ သင် ဘာထင်သလဲ၊ သူဌေးဟာ အိပ်ရာက ဝမ်းသာအားရနဲ့ ထခုန်ပြီး အိမ်အောက်ထပ်ကို ဆင်းကာ စားမယ်လား၊ ဒါမှမဟုတ် အလုပ်သမားဟာ သူဌေးရဲ့ ဆူပူငေါက်ငန်းခံရပြီး ပြင်းပြင်းထန်ထန် ရိုက်နှက်ခံရမလား။

သူဌေးဟာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတုန်း သူပတ်ဝန်းကျင်ကို သူဘာမှ သတိမပြုမိဘူး၊ အိပ်ခန်းက ဘယ်လောက်ပင် လှနေပါစေ၊ အဲဒါ အရေးမကြီးဘူး၊ သူ အဲဒါကို မမြင်ဘူး၊ သူအိမ်မှာ ဖွင့်ထားတဲ့ သီချင်းသံ ဘယ်လောက်ပင် သာယာနာပျော်ဖွယ်ရှိနေပါစေ၊ အဲဒါ အရေးမကြီးဘူး၊ သူ အဲဒါကို မကြားဘူး၊ လေထဲမှာ အင်မတန် မွှေးကြိုင်တဲ့ ရနံ့တွေ ပျံဝဲနေပါစေ၊ သူ အဲဒါကို သတိမထားဘူး၊ သူ စားလည်း မစားဘူး၊ သူအိပ်တဲ့ အိပ်ရာခင်းက ဘယ်လောက် နူးညံ့ပြီး ဇိမ်ရှိပါစေ၊ သူ လဲလျောင်းနေတဲ့ ခံစားမှုကို သတိမထားဘူး။

သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တာထဲမှာ တကယ်ချမ်းသာမှု ရှိတယ်ဆိုတာကို သင် နားလည်နိုင်ပါတယ်။ အဲဒီချမ်းသာဟာ ကာမဂုဏ်ငါးပါး အာရုံတရားတွေနဲ့ မဆက်စပ်ဘူး၊ လူချမ်းသာပဲဖြစ်ဖြစ်, လူဆင်းရဲပဲဖြစ်ဖြစ် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ရာက နိုးလာရင် အိပ်လို့ သိပ်ကောင်းလိုက်တာ လို့ ပြောတတ်ကြတယ်၊ ဒီတော့ အဲဒီနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တာထဲမှာ တစ်စုံတရာ ချမ်းသာမှု ရှိနေတယ် ဆိုတာကို မှတ်ချက်ချလို့ရတယ်၊ အဲဒီချမ်းသာကို ဖော်ပြဖို့ ခဲယဉ်ပေမယ် အဲဒီချမ်းသာမှု မရှိ ဘူးလို့တော့ ငြင်းပယ်လို့ မရဘူး။

အဲဒီလိုပါပဲ တရားပြည့်စုံထားကြတဲ့ အရိယာပုဂ္ဂိုလ်တွေဟာ မရှိဘူးလို့လည်း မငြင်းနိုင်, အပြည့်အစုံလည်း မဖော်ပြနိုင်တဲ့ ချမ်းသာတစ်မျိုးကို သိကြတယ်၊ တကယ်ရှိတဲ့ အဲဒီချမ်းသာကို ပုထုဇဉ်တွေက မှန်းဆပြီး သိကြတယ်။

ဆိုကြပါစို့ . . . အမြဲတန်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ပြီးနေလို့ ဖြစ်နိုင်ပါ့မလား၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာကိုကော သင် ကြိုက်ရဲ့လား၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တာ မကြိုက်ရင် နိဗ္ဗာန်ကို ကြိုက်ဖို့ ခက်ကောင်း ခက်မယ်၊ ဘာကာမဂုဏ်အာရုံမှ ခံစားမှုမရှိတဲ့ ချမ်းသာကို မကြိုက်ရင် ကာမချမ်းသာတွေကို တပ်မက်မှု ရှိနေသေးလို့ပဲ – တဲ့။

ငြိမ်းချမ်းတဲ့ နိဗ္ဗာန်ကို မလိုချင်တဲ့ မငြိမ်းငြိမ်းလည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့ရတဲ့အခါ အကြိမ်ပေါင်း မရေတွက်အောင် ရှိမှာပေါ့၊ အိပ်လို့ ကောင်းလိုက်

http://www.dhammadownload.com

တာ လို့လည်း သူမရဲ့ နှုတ်ဖျားက ဥဒါန်းကျူးရင့်ဖူးမှာပေါ့၊ မငြိမ်းငြိမ်းဟာ နေ့ရော ညရော အမြဲတန်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တာကိုရော ကြိုက်နိုင်ပါ့မလား၊ နှစ်နှစ်ခြိုက်ခြိုက် သူမ အိပ်ပျော်တုန်း ကာမဂုဏ်ငါးပါးအာရုံတရားတွေကို သူမ မခံစားရဘဲနဲ့ အိပ်လို့ကောင်းတယ်၊ ချမ်းသာတယ် တဲ့၊ ဒီတော့ မငြိမ်းငြိမ်းဟာ နိဗ္ဗာန်ချမ်းသာကို ခန့်မှန်းနိုင်ပြီပေါ့၊ အိပ်လို့ကောင်းတဲ့ ချမ်းသာထက် နိဗ္ဗာန်ချမ်းသာဟာ အဆပေါင်းများစွာ ချမ်းသာမယ်ဆိုတာကို တွေးဆကာ လက်ခံနိုင်ပြီပေါ့။

ဆရာတော်ဟာ တခါတရံ ဒီဥပမာနဲ့ နိဗ္ဗာန်အကြောင်း ရှင်းပြရာမှာ အခုရှင်းပြတာထက် ပိုပြီး ဝေဝေဆာဆာ ရှိတယ်။ ပြည်တွင်းကရော ပြည်ပကပါ ပုဂ္ဂိုလ်တွေကို နိဗ္ဗာန်အကြောင်း ရှင်းပြမယ်ဆိုရင် ဆရာတော်က ဒီဥပမာလေးနဲ့ ရှင်းပြလေ့ရှိတယ်။ နားလည်လွယ်လို့ နားလည်သွားကြတယ်။ မငြိမ်းငြိမ်းလို ပုဂ္ဂိုလ်တွေလည်း ကျေနပ်လက်ခံသွားကြတယ်၊ ဒီဥပမာလေးဟာ သိပ် ထိ ရောက်မှု ရှိတယ်၊ စာရေးသူအား မေးခဲ့တဲ့ အမေရိကန်ရဟန်းတော်ကို ဒီဥပမာလေးနဲ့သာ ပြောပြနိုင်ခဲ့ရင် သူ သဘောကျသွားမှာပါပဲ၊ ဒီဥပမာလေးကို အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် ဟောတာလည်း ကြားနာဖူးတယ်၊ ဆရာတော်က မဟာဂန္ဓာရုံဆရာတော့် စာပေတွေကို လိုလိုလားလား ဖတ်လေ့ရှိတာမို့ မဟာဂန္ဓာရုံဆရာတော် ဟောထားတဲ့ အဲဒီဥပမာ လေးကို ယူပြီး ဟောပြောတာနဲ့ တူပါတယ်။

နိဗ္ဗာန်

အိပ်ပျော်ချမ်းသာ
ဥပမာဖြင့်
နိဗ္ဗာန်ခြေနေ
ရှင်းပြပေရာ
နာလေသူများ
နားလည်သွား၍
ဘဝင်ခွေ။

• • • • •

http://www.dhammadownload.com



"ထမင်းအသက် (၇) ရက်, ရေအသက် တစ်မနက်" တဲ့၊ ဘဝရပ်တည်ရေးအတွက် ရေမရှိရင် မဖြစ်ပါဘူး၊ "ရေအသက် တစ်မနက်" ဆိုတော့ တစ်နေ့လောက် ရေမသောက်ရရင်တော့ သေဖွယ်ရှိတယ်၊ ရေကောင်းရေသန့် ဖြစ်မှလည်း ရေဟာ သတ္တဝါတွေရဲ့ အသက်ကိုရှင်စေနိုင်မှာပါ၊ ရေကောင်းရေသန့် မဟုတ်ရင် ရေသောက်သုံးသူကို ဒုက္ခဖြစ်စေမယ်၊ သေရင်လည်း သေစေမယ်။

ဆယ်မိုင်ကုန်း ပဏ္ဍိတာရာမ တောစခန်းရိပ်သာမှာ ရေကန်တွေရှိတယ်။ ရေတွင်းတွေ ရှိတယ်။ စမ်းချောင်းတွေ ရှိတယ်။ အဝီစိတွင်း (၃) တွင်းလည်း တူးသေးတယ်။ မအောင်မြင်ဘူး၊ ရေမထွက်လာဘူး၊ ရေရရှိရေးတာဝန်ခံ ဂျာမန် ရဟန်းတော် အရှင်ဝိဝေကာနန္ဒက ရေရရှိအောင် အထူးကြိုးစားတယ်၊ ရေကောင်းရေသန့် ဖြစ်ရေးအတွက်လည်း အားထုတ်တယ်၊ သူတို့ရဲ့ အနောက်တိုင်းစမ်းသပ်နည်းတွေနဲ့ ရေကို စမ်းသပ်စစ်ဆေးကြည့်ကြတယ်၊ ရေသန့်စက်နဲ့ သန့်ထားတဲ့ ရေပဲ ကောင်းတယ်တဲ့၊ ပွက်အောင် ကြိုထားတဲ့ ရေနွေးလည်း ကောင်းပါတယ်တဲ့၊ အိမ်သာက လာတဲ့ ရေနဲ့ ရောသွားတဲ့ ရေတွေကတော့ မသန့်ပါဘူး တဲ့။

ရေရရှိရေး တာဝန်ခံ အရှင်ဝိဝေကာနန္ဒနဲ့ အမေရိကယောဂီ အယ်လ်ဂျပ်စဖီတို့က ဆရာတော်ကို ရေနဲ့ ပတ်သက်တဲ့ သူတို့ရဲ့ စစ်ဆေးတွေ့ရှိချက်တွေကို လျှောက်ထားကြတယ်၊ ဆရာတော်က သူကြားဖူးတဲ့ ပုံပြင်လေးတစ်ခုကို ပြောပြတယ်။

"ဥရောပက လူတွေက အာဖရိကတိုက်ကို သွားကြတယ်၊ အာဖရိကတိုက်က တောထဲ သွားရင်း ရေကန်တစ်ကန်က ရေကို သူတို့ စမ်းသပ်စစ်ဆေးကြည့်ကြတယ်၊ 'ပိုး ရှိတယ်၊ ဒီရေမသန့်ဘူး၊ မသောက်ကြနဲ့၊ ရောဂါဖြစ်လိမ့်မယ်' လို့ ပြောကြသတဲ့၊ ဒီတော့ သူတို့နဲ့အတူပါလာတဲ့ အာဖရိက သားအဖန့စ်ယောက်

http://www.dhammadownload.com

ထဲက သားက ရေပေါ်မှာ ရှိတဲ့ အမိုက်တွေကို လက်နှစ်ဖက်နဲ့ ဖယ်ရှားပြီး ရေကို သောက်ပြလိုက်သတဲ့၊ ပြီးတော့ ကျွဲပ်တို့ တစ်သက်လုံး ဒီရေကို သောက်လာတာ၊ ဘာမှ မဖြစ်ခဲ့ပါဘူးလို့လည်း ပြောလိုက်သတဲ့။

အာဖရိကက လူတွေရဲ့ ကိုယ်ခံအင်အားက အဲဒီရေထဲမှာ ပါတဲ့ ပိုးတွေရဲ့ အန္တရာယ်ကို ခုခံနိုင်အား ရှိပုံပေါ်တယ်၊ ဥရောပလူတွေရဲ့ ကိုယ်ခံအားက ခံနိုင်တဲ့ အား မရှိလို့ နေမှာပေါ့၊ ခံနိုင်ရည်အားချင်း မတူကြလို့ ဖြစ်ပါလိမ့်မယ်။

မြန်မာနိုင်ငံမှာလည်း ဧရာဝတီမြစ်နဲ့ မြစ်ဝကျွန်းပေါ် ဒေသတွေမှာ လူတွေဟာ လေ, သဘော်ဘ စသည်နဲ့ ခရီးသွားရင်း ရေထဲမှာပါပဲ အခင်းကြီး, အခင်ငယ် စွန့်ကြတယ်၊ တွေးကြည့်ရင်တော့ မသောက်ချင်စရာပါပဲ၊ ဒါပေမယ့် လူတွေဟာ အဲဒီရေတွေကို သောက်သုံးနေကြတာပါပဲ၊ မြန်မာလူမျိုးတွေကလည်း အဲဒီရေထဲမှာ ပါတဲ့ ပိုးတွေရဲ့ အန္တရာယ်ကို ကာကွယ်နိုင်စွမ်း ရှိနေကြလို့ နေမှာပေါ့ ” တဲ့။

ဆရာတော်က အဲဒီလို ဝေဖန်သုံးသပ်ကြတယ်။

“ အိန္ဒိယမှာ ဘုရားလက်ထက်တော်က သံဃာတွေ ခရီးသွားရင် ရေစစ်ယူဆောင်သွားရတယ်၊ ခရီးသွားတဲ့အခါ ရေသန့်တာရော မသန့်တာရော တွေ့ရတယ်၊ မသန့်ဖူး ထင်ရင် ရေစစ်နဲ့ စစ်ပြီး သောက်ရတယ်၊ အဲဒီခေတ်က ဒီလို ပိုးတွေကို ရှာဖွေစမ်းသပ်နိုင်တဲ့ မှန်ဘီလူးကိရိယာတွေ မပေါ်သေးတော့ ပိုးသေးတွေကို မတွေ့ရဘူးပေါ့၊ အဲဒီခေတ်က အခြေအနေနဲ့ ရေစစ်တာ အဆင်ပြေနေတာပါပဲ၊ အခုခေတ်မှာတော့ ပိုးတွေကို ရှာဖွေစမ်းသပ်တဲ့ ကိရိယာတွေ ပေါ်လာတော့ ပိုးတွေကို ကြောက်ကြတယ်၊ ပိုးဆိုတာ ရေတိုင်းမှာ ရှိနေတာပါပဲ၊ ဒါပေမယ့် ရောဂါဖြစ်စေနိုင်တဲ့ ပိုးကိုတော့ ရှာဖွေတွေ့ရှိထားသူတွေက ကြောက်နေတာမို့ အတတ်နိုင်ဆုံး ရေကောင်းရေသန့်ဖြစ်အောင် ကြိုးစားရမှာပါပဲ။ ”

“ တရားအားထုတ်တဲ့ ယောဂီဆိုတာကတော့ အဲဒီအပြင်ပ ပိုးတွေထက် မိမိအတွင်းသန္တာန်မှာ ရှိတဲ့ ပိုးတွေကို နှိမ်းနှင်းဖို့ ပိုပြီး ဦးစားပေးရမှာပါပဲ၊ အတွင်းပိုးတွေက ပိုပြီး ကြောက်စရာကောင်းတယ်၊ အတွင်းကိလေသာပိုးတွေက မိမိတို့ကို အမြဲ နှိပ်စက်ပြီး ဒုက္ခပေးနေတာပါပဲ၊ ရှုမှတ်မှုသတိ လွတ်သွားရင် လွတ်တဲ့အချိန်မှာ နှိပ်စက်တော့တာပါပဲ၊ နေ့လည်း နှိပ်စက်တယ်၊ ည‌လည်း နှိပ်စက်တယ်၊ ‘ သပ္ပါယကိရိ ယာယ သမ္မာဒေတိ = သင့်လျော်အောင် ပြုပေးခြင်းဖြင့် သီလ, သမာဓိ, ပညာကို ပြီးစီးပြည့်စုံစေတယ် ’ ဆိုတဲ့ စကားအရ ယောဂီတွေရဲ့ သီလ, သမာဓိ, ပညာ ပြည့်စုံလာစေရေးအတွက် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးသွားမှာပါပဲ။ ”

http://www.dhammadownload.com

သပ္ပါယ (၇) ပါး ရှိတယ်၊ (၁) သင့်လျော်တဲ့ နေရာထိုင်ခင်း၊ (၂) သင့်လျော်တဲ့ ဆွမ်းခံရွာ၊ (၃) သင့်လျော်တဲ့ စကား၊ (၄) သင့်လျော်တဲ့ ဆရာနဲ့ သီတင်းသုံးဖော်များ၊ (၅) သင့်လျော်တဲ့ အစား (၆) သင့်လျော်တဲ့ ဥတု၊ (၇) သင့်လျော်တဲ့ ကျွရိယာပုထ် တို့ပါပဲ။

တရားနဲ့ ကျန်းမာရေး တိုးတက်ဖို့ ဖြစ်ရင် သင့်လျော်တာပါပဲ၊ ဒီ (၇) မျိုး ဟာ ဘုရားမိန့်ထားတဲ့ သပ္ပါယ (၇) မျိုးပါပဲ၊ ဒီ (၇) မျိုး ပြည့်စုံအောင် ဘုန်းကြီးတို့ ကြိုးစားပေးနေတာပါပဲ။

(၁) သစ်သားကျောင်းပဲဖြစ်ဖြစ်, ဝါးကျောင်းပဲဖြစ်ဖြစ်, အုတ်တိုက်ကျောင်းပဲဖြစ်ဖြစ် မိမိနေလို့ သင့်ရင်, ဆိတ်ငြိမ်မှုစသည် ရရင် သင့်လျော်တဲ့ နေရာထိုင်ခင်းလို့ ဆိုရတာပါပဲ၊ (၂) ဆွမ်းရရင်၊ အနှောင့်အယှက်မရှိရင်၊ အထူးသဖြင့် ဝိသဘာဂ အာရုံကြောင့် အနှောင့်အယှက် မဖြစ်ရင် အဲဒီရွာဟာ သင့်လျော်တဲ့ ဆွမ်းခံရွာပါပဲ၊ (၃) ကမ္မဋ္ဌာန်းရဲ့ အန္တရာယ်မဖြစ်တဲ့ စကားဟာ သင့်လျော်တဲ့ စကားပါပဲ၊ အကြောင်းအထူး မရှိရင် တရားနဲ့ မစပ်တဲ့ စကားကို မပြောဘဲ နေတာဟာ အကောင်းဆုံးပါပဲ၊ (၄) သူနဲ့အတူ ဆက်ဆံနေရတဲ့အတွက် တရားဘက်က တိုးတက်မှု ရှိရင် အဲဒီပုဂ္ဂိုလ်ဟာ သင့်လျော်တဲ့ ပုဂ္ဂိုလ်ပါပဲ၊ (၅) ကျန်းမာရေးအတွက်, တရားအတွက် အကျိုးရှိတဲ့ အစားအစာဟာ သင့်လျော်တဲ့ အစားအစာပါပဲ၊ (၆) အေးတဲ့နေရာ၊ နွေးတဲ့နေရာမှာ နေလို့၊ သို့မဟုတ် လေအေးခံလို့၊ ရေချိုးလို့ ကျန်းမာရေးနဲ့ တရားဘက်က ကောင်းရင် အဲဒီဥတုဟာ သင့်လျော်တဲ့ ဥတုပဲ၊ (၇) ထိုင်ပြီး တရားအားထုတ်လို့ ပိုကောင်းရင် အဲဒီထိုင်တဲ့ ကျွရိယာပုထ်ဟာ သင့်လျော်တဲ့ ကျွရိယာပုထ်ပဲ၊ ရပ်ပြီး တရားအားထုတ်လို့ ပိုကောင်းရင် တရားတိုးတက်ရင် အဲဒီရပ်တဲ့ ကျွရိယာပုထ်ဟာ သင့်လျော်တဲ့ ကျွရိယာပုထ်ပဲ၊ ကျန်တဲ့ သွားတဲ့ ကျွရိယာပုထ်၊ လျောင်းတဲ့ကျွရိယာပုထ်တွေမှာလည်း ဒီအတိုင်းပါပဲ။ ”

“အပြင်ပိုးထက် အတွင်းပိုးကို နှိမ်နှင်းဖို့ ပိုအရေးကြီးကြောင်းနဲ့ ပတ်သတ်တဲ့ ဘုရားစကားတော်တစ်ခု ရှိတယ်။

လူတစ်ယောက်မှာ လှံစူးနေတယ်၊ အဲဒီစူးဝင်နေတဲ့ လှံကို မနှုတ်သေးဘဲ သက္ကာယဒိဋ္ဌိကိလေသာပိုးကို အရင် နှိမ်နှင်းပါ တဲ့။

လူတစ်ယောက်ရဲ့ ဦးခေါင်းမှာ မီးလောင်ခံနေရတယ်၊ အဲဒီလောင်နေတဲ့ မီးကို မငြိမ်းသတ်သေးဘဲ သက္ကာယဒိဋ္ဌိကိလေသာပိုးကို အရင်နှိမ်းနှင်းပါ တဲ့။

မြတ်စွာဘုရားရဲ့ ဒီစကားတော်ကို ကြည့်ရင် အပြင်အန္တရာယ်အရင် အတွင်းအန္တရာယ်ကို နှိမ်နင်းရာမှာ ဦးစားပေးရမယ် – လို့ အဓိပ္ပါယ်ရတယ်၊ အတွင်းအန္တရာယ် အတွင်းပိုးကို နှိမ်နှင်းရေးက ပိုပြီး အရေးကြီးပါတယ် “ တဲ့။

http://www.dhammadownload.com

စာရေးသူဟာ ဆရာတော် ပြောပြနေတာကို နားထောင်ရင်း, နားထောင်ရင်း ဆရာတော့်စကားဟာ သတိပဋ္ဌာန်နဲ့ နီဂုံးချုပ်သွားတာကို သတိပြုလိုက်မိတယ်၊ ရေနဲ့ ပတ်သက်တဲ့ သူဗဟုသုတတွေကို ပြောပြပြီး သတိပဋ္ဌာန်ဆေးနဲ့ အတွင်း ကိလေသာပိုင်းတွေကို နှိမ်းနှင်းရေးကို ပိုပြီး ဦးစားပေးပါ – လို့ မိန့်သွားတာပါပဲ။

ဆရာတော် သတိပဋ္ဌာန်ဘက်ကို ရောက်လာအောင် ဟောလိုက်တာပါပဲ၊ ခြေရာတွေထဲမှာ ဆင်ခြေရာဟာ အကြီးဆုံးပဲ – တဲ့၊ အိမ်တစ်လုံးမှာ ခေါင်းဟာ အချုပ်ပဲ – တဲ့၊ အဲဒီလိုပဲ အပွဲမာဒခေါ် သတိပဋ္ဌာန်ဟာလည်း ကုသိုလ်တရားတွေထဲမှာ အချုပ်ပဲ – တဲ့၊ ဒီတော့ ဘယ်လိုနိဗ္ဗာန်ခရီးသည်တွေပဲ လာလာ, စီးစီး၊ လာပြီး စီးလာသမျှ နိဗ္ဗာန်ခရီးသည်တွေကို သတိပဋ္ဌာန်ဘူတာရောက်အောင် ပို့ဖို့ အရေးကြီးပါတယ်၊ ခရီးအဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို သွားချင်ရင် ဒီသတိပဋ္ဌာန်ဘူတာကို မလာလို့ကို မရဘူး၊ လာကို လာရတယ်၊ ကျော်သွားလို့ မရဘူး၊ ဒီသတိပဋ္ဌာန်ဘူတာ ကျော်သွားရင်တော့ ခရီးအဆုံးဖြစ်တဲ့ နိဗ္ဗာန်နဲ့ ချော်သွားပြီး လွဲသွားပြီလို့သာ မှတ်။

ပို့ဒ်း

အတွင်းနဲ့အပြင်
ပို့ဒ်း (၂) မျိုးရှိရာတွင်
အတွင်းတွင် အရင် နှိမ်ပေး
ပို့အရေးကြီးလို့လေး။

□ □ □ □ □

http://www.dhammadownload.com

သပ္ပါယ (၇) ပါး ရှိတယ်၊ (၁) သင့်လျော်တဲ့ နေရာထိုင်ခင်း၊ (၂) သင့်လျော်တဲ့ ဆွမ်းခံရွာ၊ (၃) သင့်လျော်တဲ့ စကား၊ (၄) သင့်လျော်တဲ့ ဆရာနဲ့ သီတင်းသုံးဖော်များ၊ (၅) သင့်လျော်တဲ့ အစား (၆) သင့်လျော်တဲ့ ဥတု၊ (၇) သင့်လျော်တဲ့ ကျရိယာပုထ် တို့ပါပဲ။

တရားနဲ့ ကျန်းမာရေး တိုးတက်ဖို့ ဖြစ်ရင် သင့်လျော်တာပါပဲ၊ ဒီ (၇) မျိုး ဟာ ဘုရားမိန့်ထားတဲ့ သပ္ပါယ (၇) မျိုးပါပဲ၊ ဒီ (၇) မျိုး ပြည့်စုံအောင် ဘုန်းကြီးတို့ ကြိုးစားပေးနေတာပါပဲ။

(၁) သစ်သားကျောင်းပဲဖြစ်ဖြစ်, ဝါးကျောင်းပဲဖြစ်ဖြစ်, အုတ်တိုက်ကျောင်းပဲဖြစ်ဖြစ် မိမိနေလို့ သင့်ရင်, ဆိတ်ငြိမ်မှုစသည် ရရင် သင့်လျော်တဲ့ နေရာထိုင်ခင်းလို့ ဆိုရတာပါပဲ၊ (၂) ဆွမ်းရရင်၊ အနှောင့်အယှက်မရှိရင်၊ အထူးသဖြင့် ဝိသဘာဂ အာရုံကြောင့် အနှောင့်အယှက် မဖြစ်ရင် အဲဒီရွာဟာ သင့်လျော်တဲ့ ဆွမ်းခံရွာပါပဲ၊ (၃) ကမ္မဋ္ဌာန်းရဲ့ အန္တရာယ်မဖြစ်တဲ့ စကားဟာ သင့်လျော်တဲ့ စကားပါပဲ၊ အကြောင်းအထူး မရှိရင် တရားနဲ့ မစပ်တဲ့ စကားကို မပြောဘဲ နေတာဟာ အကောင်းဆုံးပါပဲ၊ (၄) သူနဲ့အတူ ဆက်ဆံနေရတဲ့အတွက် တရားဘက်က တိုးတက်မှု ရှိရင် အဲဒီပုဂ္ဂိုလ်ဟာ သင့်လျော်တဲ့ ပုဂ္ဂိုလ်ပါပဲ၊ (၅) ကျန်းမာရေးအတွက်, တရားအတွက် အကျိုးရှိတဲ့ အစားအစာဟာ သင့်လျော်တဲ့ အစားအစာပါပဲ၊ (၆) အေးတဲ့နေရာ၊ နွေးတဲ့နေရာမှာ နေလို့၊ သို့မဟုတ် လေအေးခံလို့၊ ရေချိုးလို့ ကျန်းမာရေးနဲ့ တရားဘက်က ကောင်းရင် အဲဒီဥတုဟာ သင့်လျော်တဲ့ ဥတုပဲ၊ (၇) ထိုင်ပြီး တရားအားထုတ်လို့ ပိုကောင်းရင် အဲဒီထိုင်တဲ့ ကျရိယာပုထ်ဟာ သင့်လျော်တဲ့ ကျရိယာပုထ်ပဲ၊ ရပ်ပြီး တရားအားထုတ်လို့ ပိုကောင်းရင် တရားတိုးတက်ရင် အဲဒီရပ်တဲ့ ကျရိယာပုထ်ဟာ သင့်လျော်တဲ့ ကျရိယာပုထ်ပဲ၊ ကျန်တဲ့ သွားတဲ့ ကျရိယာပုထ်၊ လျောင်းတဲ့ကျရိယာပုထ်တွေမှာလည်း ဒီအတိုင်းပါပဲ။ ''

''အပြင်ပိုးထက် အတွင်းပိုးကို နှိမ်နှင်းဖို့ ပိုအရေးကြီးကြောင်းနဲ့ ပတ်သတ်တဲ့ ဘုရားစကားတော်တစ်ခု ရှိတယ်။

လူတစ်ယောက်မှာ လှံစူးနေတယ်၊ အဲဒီစူးဝင်နေတဲ့ လှံကို မနှုတ်သေးဘဲ သက္ကာယဒိဋ္ဌိကိလေသာပိုးကို အရင် နှိမ်နှင်းပါ တဲ့။

လူတစ်ယောက်ရဲ့ ဦးခေါင်းမှာ မီးလောင်ခံနေရတယ်၊ အဲဒီလောင်နေတဲ့ မီးကို မငြှိမ်းသတ်သေးဘဲ သက္ကာယဒိဋ္ဌိကိလေသာပိုးကို အရင်နှိမ်းနှင်းပါ တဲ့။

မြတ်စွာဘုရားရဲ့ ဒီစကားတော်ကို ကြည့်ရင် အပြင်အန္တရာယ်အရင် အတွင်းအန္တရာယ်ကို နှိမ်နှင်းရာမှာ ဦးစားပေးရမယ် – လို့ အဓိပ္ပါယ်ရတယ်၊ အတွင်းအန္တရာယ် အတွင်းပိုးကို နှိမ်နှင်းရေးက ပိုပြီး အရေးကြီးပါတယ် '' တဲ့။

http://www.dhammadownload.com

စာရေးသူဟာ ဆရာတော် ပြောပြနေတာကို နားထောင်ရင်း, နားထောင်ရင်း ဆရာတော့်စကားဟာ သတိပဋ္ဌာန်နဲ့ နိဂုံးချုပ်သွားတာကို သတိပြုလိုက်မိတယ်၊ ရေနဲ့ ပတ်သက်တဲ့ သူဇာတသုတတွေကို ပြောပြပြီး သတိပဋ္ဌာန်ဆေးနဲ့ အတွင်း ကိလေသာပိုင်းတွေကို နှိမ်းနှင်းရေးကို ပိုပြီး ဦးစားပေးပါ – လို့ မိန့်သွားတာပါပဲ။

ဆရာတော် သတိပဋ္ဌာန်ဘက်ကို ရောက်လာအောင် ဟာလိုက်တာပါပဲ၊ ခြေရာတွေထဲမှာ ဆင်ခြေရာဟာ အကြီးဆုံးပဲ – တဲ့၊ အိမ်တစ်လုံးမှာ ခေါင်းဟာ အချုပ်ပဲ – တဲ့၊ အဲဒီလိုပဲ အပွဲမာဒခေါ် သတိပဋ္ဌာန်ဟာလည်း ကုသိုလ်တရားတွေထဲမှာ အချုပ်ပဲ – တဲ့၊ ဒီတော့ ဘယ်လိုနိဗ္ဗာန်ခရီးသည်တွေပဲ လာလာ, စီးစီး၊ လာပြီး စီးလာသမျှ နိဗ္ဗာန်ခရီးသည်တွေကို သတိပဋ္ဌာန်ဘူတာရောက်အောင် ပို့ဖို့ အရေးကြီးပါတယ်၊ ခရီးအဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို သွားချင်ရင် ဒီသတိပဋ္ဌာန်ဘူတာကို မလာလို့ကို မရဘူး၊ လာကို လာရတယ်၊ ကျော်သွားလို့ မရဘူး၊ ဒီသတိပဋ္ဌာန်ဘူတာ ကျော်သွားရင်တော့ ခရီးအဆုံးဖြစ်တဲ့ နိဗ္ဗာန်နဲ့ ချော်သွားပြီး လွဲသွားပြီလို့သာ မှတ်။

ပို့

အတွင်းနဲ့အပြင်
ပို့ (၂) မျိုးရှိရာတွင်
အတွင်းတွင် အရင် နှိမ်ပေး
ပို့အရေးကြီးလို့လေး။

□ □ □ □ □

http://www.dhammadownload.com

ဝိနည်း

ဆရာတော်ထံ ရောက်လာတဲ့ ဆရာတော်တစ်ပါးက ပြောတယ်၊ " ဝိနည်းဆိုတာ ဟန်ဆောင်ရတာပဲ၊ လုပ်ချင်ပေမယ့် မလုပ်ချင်ယောင်, ပြောချင်ပေမယ့် မပြောချင်ယောင် ဟန်ဆောင်ရတာပဲ " တဲ့၊ ဆရာတော်က အဲဒီဆရာတော်ကို,ဒီကိစ္စနဲ့ ပတ်သက်ပြီး ရှင်းပြပါလိမ့်မယ်၊ ရှင်းပြချက်ကိုတော့ စာရေးသူ နားမထောင်လိုက်ရလို့ မသိရပါဘူး၊ ကိစ္စတစ်ခု ရှိလို့ ဆရာတော်က သံဃာအစည်းအဝေး ခေါ်ပါတယ်၊ မဟာစည်သာသနာ့ရိပ်သာထဲမှာတုန်းကပါ၊ စကားစပ်မိလာလို့ ဆရာတော်က တပည့်သံဃာတွေကို " ဝိနည်းဆိုတာ ဟန်ဆောင်ရတယ်ဆိုတာ ဟုတ်ပါသလား " လို့ မေးတယ်၊ ဆရာတော်ရဲ့ တပည့်တွေကလည်း ခေကြတဲ့ တပည့်တွေမှ မဟုတ်ပဲ၊ ဓမ္မာစရိယကို အနည်းဆုံး အောင်ထားကြတယ်၊ တချို့က ပိဋ္ဌကတစ်ပုံတောင် အောင်ထားကြတယ်၊ တချို့ စေတိယင်္ဂဏ အဘိဝံသ, သက္ကသီဟ အဘိဝံသတွေ အောင်ထားကြတယ်၊ တချို့က အဂ္ဂမဟာအကျော်, တချို့က သာမဏေကျော်တွေ အောင်ထားကြတာပဲ၊ ပရိယတ်အရည်အသွေးကောင်းတွေ ရှိထားကြတယ်လေ။

ဆရာတော်က အဲဒီလို မေးလိုက်တဲ့အခါ ထက်ထက်တပည့်တစ်ပါးက သွက်သွက်ပဲ ချက်ချင်း ဖြေလိုက်ပါတယ်၊ " သံဝရနဲ့ သာဒ္ဓေယျဟာ မတူပါဘူး၊ ဟန်ဆောင်တာက သာဒ္ဓေယျပါဘုရား၊ ကိုယ့်မှာ မရှိတဲ့ ဂုဏ်ကို ရှိဟန်ဆောင်မှုဟာ သာဒ္ဓေယျပါဘုရား၊ စောင့်စည်းတာက သံဝရပါဘုရား၊ ဝိနည်းဆိုတာ မပြောသင့်တာ မပြောမိအောင်, မလုပ်သင့်တာ မလုပ်မိအောင် စောင့်စည်းတဲ့ သံဝရပါပဲဘုရား၊ ဟန်ဆောင်တဲ့ သာဒ္ဓေယျ မဟုတ်ပါဘုရား၊ သံဝရက ကုသိုလ်ပါဘုရား၊ သာဒ္ဓေယျက အကုသိုလ်ပါဘုရား " တဲ့။

http://www.dhammadownload.com

အဲဒီ သွက်သွက်လက်လက် ထက်ထက်မြက်မြက် ဖြေလိုက်တဲ့ ရဟန်းရဲ့ အဖြေကို ကျန်တဲ့ တပည့်ရဟန်းတွေကလည်း သဘောကျကြတယ်။ဆရာတော်က လည်း သဘောကျတော်မူတယ်။ သူရဲ့ ဖြေကြားလိုက်ပုံလေးက သိပ်ကောင်းတာပဲ၊ သိပ်ရှင်းတာပဲ။ ကျန်တဲ့ တပည့်တွေလည်း စိတ်ထဲက သူပြောသလို နားလည်ချင် နားလည်ထားနိုင်ပေမယ့် သူလို ရှင်းအောင်တော့ မပြောနိုင်လို့လားတော့ မပြောတတ် မဖြေဘဲ ငြိမ်နေကြတယ်၊ သွက်သွက်လက်လက် ထက်ထက်မြက်မြက်နဲ့ ဖြေကြား လိုက်တဲ့ ရဟန်းကတော့ အရှင် ဝဏ္ဏိတာလင်္ကာရာဘိဝံသပါပဲ။ သူက မန္တလေး သာမဏေသကျသီဟ (သာမဏေကျော်)စာမေးပွဲနဲ့ စေတိယင်္ဂဏဓမ္မာစရိယ, အစိုးရဓမ္မာစရိယ တို့ကို အောင်ထားတယ်လေ၊ အမရပူရမြို့ မဟာဂန္ဓာရုံ ကျောင်း တိုက်မှာ နေခဲ့တယ်၊ သူဟာ သာသနာတော်မှာ ရဟန်းဘဝနဲ့ ဆက်လက်နေဖို့ ပါရမီ ကုန်လို့နဲ့ တူပါရဲ့၊ လူဝတ်ကြောင်ဘဝကို ပြောင်းသွားတယ်၊ ယခုအခါ ဆရာတော်ထံ လိုအပ်တဲ့အခါ အင်္ဂလိပ်ဘာသာပြန် လုပ်ပေးနေပါတယ်၊ သူက အင်္ဂလန် သွားနေပြီး အင်္ဂလန်က ဘွဲ့တစ်ခုလည်း ရလာတာမို့ အင်္ဂလိပ်စကားပြောသင်တန်းလည်း ဖွင့်ကာ ပို၍နေလေရဲ့။

ဝိနည်း

ဝိနည်းဆိုတာ ဟန်ဆောင်တာလား
ဆရာတော် မေးလိုက်တဲ့ စကား၊
တပည့်တစ်ပါးက ဖြေလိုက်ပါ၊
သံဝရနဲ့ သာဒ္ဓေယျဟာ
ဘယ်လိုနည်းနဲ့မှ မတူပါ၊
ဝိနည်းဆိုတာ သံဝရ
သာဒ္ဓေယျ မဟုတ်ပါ ဘုရားတဲ့။

• • • • •

http://www.dhammadownload.com

လူ ပိလို့ ဖယော

(၁၂) ပါးမြောက် ရွှေကျင်သာသနာပိုင်ဖြစ်တဲ့ စစ်ကိုင်းမြို့ ရွှေဟသ်ာ ဆရာတော်ကြီး အရှင်ပဏ္ဍိတသိရီ ပျံလွန်တော်မူသွားလို့ (၁၃) ပါးမြောက် ရွှေကျင် သာသနာပိုင် ဖြစ်လာတဲ့ ညောင်ရွှေမြို့ကန်ကြီး ပရိယတ္တိစာသင်တိုက် ဆရာတော် အရှင်ဝိမလာဘိဝံသ ဦးစီးပြီး ရန်ကုန်မှာ ပြုလုပ်မယ့် ရွှေကျင်ဂိုဏ်းဆိုင်ရာ သံဃာ အစည်းအဝေးကြီး မပြုလုပ်ခင် ကြိုတင်အစည်းအဝေးတွေ ပြုလုပ်ကြပါတယ်၊ တိပိဋကဓရ အရှင်သုမင်္ဂလာလင်္ကာရဟာ အဲဒီကြိုတင်အစည်းအဝေးမှာ များစွာ လှုပ်ရှားပါတယ်၊ အဲဒီအစည်းအဝေးမှာ တိုင်ပင်ဆွေးနွေးညှိနှိုင်းကြပါတယ်၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်, ချမ်းမြေ့ဆရာတော်, သဒ္ဓမ္မရံသီသာသနာ့ ရိပ်သာ ဆရာတော် စတဲ့ ဆရာတော်တွေကိုလည်း အဲဒီကြိုတင်အစည်းအဝေးမှာ ဖူးတွေ့ရပါ တယ်၊ ဒီသာသနာ့ရိပ်သာဆရာတော်သုံးပါးဟာ ဆွေးနွေးစရာ, တိုင်ပင် စရာတွေကို ဆွေးနွေးတိုင်ပင် ကြရာမှာ ပါဝင်ပြောဆိုကြပါတယ်၊ သူတို့သုံးပါးဟာ ရွှေကျင်ဂိုဏ်းဝင်တွေဆိုတော့ ရွှေကျင်ဂိုဏ်းအတွက် ပြောစရာရှိက ပြောကြပေသား ပဲ၊ ဂိုဏ်းအတွက်လည်း သွေးမအေးကြပဲကိုး လို့မှတ်ချက်ချမိခဲ့ပါတယ်၊ ဒီဆရာတော် တွေလည်း ဒီလို စိတ်ပါဝင်စားစွာ ပါဝင်ပြီး ဆွေးနွေးတိုင်ပင်ကြတာကို ကြားရတာ ဝမ်းသာမိပါတယ်။

ပဲခူးမြို့ ကြခတ်ဝိုင်းဆရာတော် အရှင်ဇောတိပါလက အဲဒီအစည်းအဝေးကြီး ရဲ့ ရည်ရွယ်ချက်ကို ဖော်ပြရမယ် လို့ ဆိုပါတယ်၊ ဆရာတော်က " ဇဝံတေ (= ဥပဇ္ဈာယသဒ္ဒါဝိဟာရိကာ) အညမညံ သဂါရဝါ သပ္ပတိဿာ သဘာဂ ဝုတ္တိနော ဝိဟရန္တာ ကွမသ္မိ ဓမ္မဝိနယေ ဝုဒ္ဓိ, ဝိရုဠှိ, ဝေပုလ္လံ အာပဇ္ဇိဿန္တိ" ဆိုတဲ့ စကားလုံးတွေကို ထောက်ပြကာ အဓိပ္ပါယ်ရှင်းပြလိုက်ပါတယ်၊ " ဆရာနဲ့ တပည့် အချင်းချင်း, သီတင်းသုံးဖော်အချင်းချင်း ရှိသေမှု, အားကိုးမှု ရှိပြီး နေကြရမယ်၊

http://www.dhammadownload.com

နေကြရင် သာသနာ ကြီးပွားမယ်၊ စည်ပင်မယ်၊ ပြန့်ပြောမယ် " ဆိုတဲ့ စကားကို ပေါ်လွင်အောင် အကျယ်ရှင်းပြကာ ထောက်ပြပါတယ်။

သံဃာ့အစည်းအဝေးကြီး လုပ်ရမယ့်ရက် သတ်မှတ်ဖို့အတွက် လုပ်ရန် ကိစ္စ လိုနေပါသေးတယ်၊ ဒါကြောင့် ဆရာတော်တွေက အရှင်သုမင်္ဂလာလင်္ကာရကို ရွှေကျင်ဗဟိုဌာနက ဆရာတော်တွေထံ သွားရောက်လျှောက်ထားဖို့ အမိန့်ရှိကြပါ တယ်၊ " တုံး ပိရင်သာ သေမယ်၊ လူပိလို့ မသေပါဘူး၊ ပြေလည်တဲ့ နည်းနဲ့ သွားရောက် လျှောက်ထားရင် ဒီကိစ္စ ပြီးသွားမှာပါ " လို့ ဆရာတော်က မိန့်ပါတယ်၊ ကြိုတင် အစည်းအဝေး ပြီးသွားတဲ့အခါ အရှင်သုမင်္ဂလာလင်္ကာရက ဆရာတော်ထံ လက်အုပ် ချီပြီး လျှောက်ထားပါတယ်၊ " ဆရာတော်ဘုရား . . . ဒီလိုဆုံးမတာ အလွန်ပဲ ဝမ်းသာ အားရှိပါတယ်ဘုရား၊ နောင်လည်း တပည့်တော်ကို တပည့် တစ်ပါးလို အားမနာတမ်း ဆုံးမပါဘုရား " တဲ့။

အဲဒီအစည်းအဝေးရဲ့နောက်မှာ ဆရာတော်ရဲ့ တပည့်ဒကာ မောင်လှမြင့် (အရှင်ဝဏ္ဏိတာလင်္ကာရ လူပြန်တော်) အရှင်သုမင်္ဂလာလင်္ကာရထံ ရောက်တော့ အရှင်သုမင်္ဂလာလင်္ကာရက မောင်လှမြင့်ကို ဒီလို ပြောလိုက်သတဲ့။

" မောင်လှမြင့် . . . မင်းတို့ ဆရာတော်က အရင်ကလို မဟုတ်တော့ဘူး၊ အခု အများကြီး ပြောင်းလွဲလာပြီ၊ အရင်က ဆရာတော်က ထန်တယ်လို့ ငါထင်ခဲ့ တယ်၊ အခုတော့ သိပ်ပျော့ပြောင်းတာပဲ " တဲ့။

လူပိလို့ မသေ

လူပိလို့ မသေ
တုံးပိရင်သာ သေ
ထိုကြောင့်လေ ပြေလည်စွာနဲ့
ပြောစရာ ပြောကာသွားရင်
လုပ်စရာ ကိစ္စများဟာ
လွယ်ကူစွာ ပြီးသွား။

• • • • •

http://www.dhammadownload.com

ညီအစ်ကိုတွေ

အင်းစိန် ရွာမ ပရိယတ္တိစာသင်တိုက်က တရားစခန်း ဖွင့်ဖို့ ရှိတယ်၊ ဒါကြောင့် အဲဒီက ဆရာတော်အရှင်တိလောကာဘိဝံသက ဆရာတော်ထံ တရားတစ်ရက် ဟောပေးဖို့ လျှောက်ထားတယ်၊ ဆရာတော် ကြွနိုင်မယ့် ရက်ကို မေးမြန်း လျှောက်ထားတယ်၊ သဒ္ဓမ္မရံသီသာသနာ့ရိပ်သာဆရာတော်နဲ့ မဟာစည်ရိပ်သာမှ ကြီးပင်ကောက် ဆရာတော်တို့လည်း ကြွရောက်ချီးမြှောက်မယ့်အကြောင်းကို ဆရာတော့်အား အရှင် တိလောကာဘိဝံသက လျှောက်တယ်၊ ဆရာတော်က ပရိယတ်ဝန်ဆောင်အရှင်မြတ်တွေ ပဋိပတ်ဘက် စိတ်ဝင်စားတာကို အင်မတန်မှ လိုလားတော်မူတယ်၊ သဘောကျတော်မူတယ်၊ ပရိယတ်သံဃာတွေ ဆရာတော်ထံ မကြာမကြာ ရောက်လာကြတယ်၊ ဆရာတော်တွေလည်း ပါတယ်၊ စာချဘုန်းကြီး တွေလည်း ပါတယ်၊ စာသင်သားတွေလည်း ပါတယ်။

ပရိယတ်ဘက်က ဆရာတော်, သံဃာတော်တွေနဲ့ တွေ့ကြုံဆုံဆည်းတဲ့အခါ ဒီလို မိန့်ကြားလေ့ရှိပါတယ်။

" ပရိယတ်မကင်းတဲ့ ပဋိပတ်သာသနာ, ပဋိပတ်မကင်းတဲ့ ပရိယတ် သာသနာ ဖြစ်အောင် တပည့်တော်တို့တစ်တွေ ကြိုးစားသင့်ကြပါတယ်၊ စာတွေ့ မပါတဲ့ လက်တွေ့, လက်တွေ့မပါတဲ့ စာတွေ့ဟာ မထိရောက်လှပါဘူး။ "

" ပရိယတ်ဝန်ဆောင်က ပဋိပတ်ဝန်ဆောင်ကို ဘာပဲ, ညာပဲ ပြောရင်, ပဋိပတ်ဝန်ဆောင်က ပရိယတ်ဝန်ဆောင်ကို ဘာပဲ, ညာပဲ ပြောရင် ညီအစ်ကို အချင်းချင်း ဘာပဲ, ညာပဲ ပြောတာနဲ့ တူနေမယ်။ "

" တို့သားအဖပြင်ထိုင်ကြဦးစိုး ဆိုသလို တို့ညီအစ်ကိုတစ်တွေလည်း အဲဒီ အပြောတွေကို ပြင်ကြဦးစို့ " တဲ့။

http://www.dhammadownload.com

ဆရာတော် အရှင်တိလောကာဘိဝံသကိုလည်း အထက်ပါ စကားလေးတွေကို မိန့်ကြားလိုက်ပါတယ်။ ဆရာတော်က အဲဒီတုန်းက ဘီလင်းဆရာတော်နဲ့ စာရေးသူတို့ကိုလည်း သူ့အနားမှာ ခေါ်ထားပါတယ်၊ ဆရာတော်အရှင်တိလောကာဘိဝံသနဲ့လည်း မိတ်ဆက်ပေးပါတယ်၊ ဆရာတော်အရှင်တိလောကာဘိဝံသကိုလည်း သာသနာရေးဆိုင်ရာ အမြင်နဲ့ ပတ်သက်တဲ့ မေးခွန်းတွေကိုလည်း အများကြီးမေးပါတယ်၊ အရှင်တိလောကာဘိဝံသကလည်း ဖြေပါတယ်၊ တရားစခန်းဖွင့်ပွဲနေ့မှာ ဆရာတော်ဟာ သြစတြေးလျမှ ခဏရောက်လာတဲ့ နာယက အရှင်ပညာသာမိနဲ့ အတူ ကြွရောက်ဟောတော်မူပါတယ်၊ စစ်ကိုင်းမြို့ ကျစွာစာသင်တိုက်ကလည်း ပင့်လို့ ဒီလိုပဲ ကြွရောက်ချီးမြှောက်ခဲ့ပါသေးတယ်၊ ပရိယတ်ဝန်ဆောင်တွေမှာ ဗဟုသုတ ဆိုတဲ့ လက်နက်ကောင်း ရှိနေပါတယ်၊ အဲဒီလက်နက်ကောင်းနဲ့ ကိလေသာရန်သူတွေကို တိုက်ခိုက်နိုင်မှ လက်နက်ကောင်းလို့ ဆိုနိုင်ပါလိမ့်မယ်၊ ဆရာတော်က ပရိယတ်ဝန်ဆောင်အရှင်မြတ်တွေကို လက်နက်ကောင်းပိုင်ရှင်တွေ ဖြစ်စေ လိုပါတယ်။

ညီအစ်ကိုတွေ

ပရိယတ်သမားနဲ့ ပဋိပတ်သမားဟာ
ညီအစ်ကိုတွေပါ
ဘာပဲ, ညာပဲ ပြောနေက
ညီအစ်ကိုချင်း ပြောတာကျ၊
အဲဒီအပြောလေးတွေ ဖယ်ကာရှား
လက်တွဲပြီးတော့ လုပ်စို့လား။

• • • • •

http://www.dhammadownload.com

ဂုဏ်

မဟာစည်သာသနာ့ရိပ်သာမှာ ဟိတေသီ စနေညတရားပွဲ ရှိပါတယ်၊ ရန်ကုန်မြို့ထဲက မြို့နယ်များစွာက တရားနာပရိတ်တွေ ကားတွေနဲ့ လာပြီး နာကြတယ်၊ ဝန်ဆောင်ရဟန်းငယ်တွေဟာ ဟိတေသီ စနေညတရားပွဲမှာ အလှည့်ကျ ဟောကြားရတယ်၊ အားထုတ်ဆဲယောဂီတွေကိုလည်း နေ့(၂)နာရီမှာ ဟောရမယ့် ရက်မှာ အလှည့်ကျ ဟောကြရတယ်၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာတော့ နေ့လယ် (၂) နာရီအချိန်မှာ ဝန်ဆောင်ဥုးဇင်းတွေ အလှည့်နဲ့ ဟောကြရပါတယ်။ ဟိတေသီ စနေ တရားပွဲမှာ ယခု အမေရိကရောက် အရှင်ဓမ္မပိယရဲ့ ဟောဖို့ အလှည့် ရောက်လာပါတယ်။ သူ တရားဟောတဲ့အခါ ပြောသွားတဲ့ စကားလေးတစ်ခွန်းကို စာရေးသူ သဘောကျလို့ မှတ်သားလိုက်တယ်၊ ယခုအထိ မှတ်နေမိတယ်၊ အဲဒီစကားကို အဲဒီ အကြိမ်ဟာ ပထမဆုံး ကြားဖူးတဲ့ အကြိမ်ပါပဲ၊ သူ ပြောသွားတဲ့ စကားလေးက –

" အလုပ်လုပ်ရာမှာ ဂုဏ်ရှိဖို့ထက် အပြစ်ကင်းဖို့ ပိုအရေးကြီးပါတယ်၊ အပြစ်ကင်းရင် ဂုဏ်ဆိုတာ အလိုလို ရှိလာတာပါပဲ " တဲ့။

သူ့စကားလေးက သိပ်ကောင်းတယ်၊ သိပ်အနှစ်သာရရှိတယ်၊ သိပ်တန်ဖိုးရှိတယ်၊ မှတ်သားပြီး လိုက်နာကျင့်သုံးဖို့လည်း သိပ်ကောင်းတယ်၊ စာရေးသူနားထဲမှာ တစ်ခါတည်း ကြားရတာနဲ့ တစ်သက် စွဲသွားတော့တာပါပဲ။

နောင်သောအခါမှ သိရပါတယ်၊ ဒီစကားလေးဟာ ဆရာတော်ရဲ့ ဩဝါဒ စကားလေး ဖြစ်နေပါတယ်၊ စာရေးသူက ဒီဩဝါဒစကားလေးကို သိပ်သဘောကျတာနဲ့ ဆရာတော်ရဲ့ အဆိုအမိန့်များစာအုပ်မှာ ဒီဩဝါဒစကားလေးကို ပထမဆုံး ဖော်ပြထားပါတယ်။

http://www.dhammadownload.com

" ဂုဏာဝန္တော် ပဿန္တိ ဇနာ = လူတွေက ဂုဏ်ရှိသူတွေကို တွေ့ချင်မြင်ချင် ကြတယ် " တဲ့၊ လူတွေရဲ့ အထင်ကြီးမှု, စိတ်ဝင်းစားမှုတွေကို ခံယူချင်ကြတာနဲ့ အပြစ် ကင်းတာ, မကင်းတာကို မစဉ်းစားနိုင်ကြဘဲ ဂုဏ်ရှိရေးကိုသာ လူတွေဟာ အရေး ပေး ဦးစားပေးမိတတ်ကြတယ်၊ ဆရာတော်က အဲဒီလို လူတွေကို အထက်ပါဩဝါဒ နဲ့ သတိပေးပါတယ်၊ " အပြစ်ကင်းကင်း, မကင်းကင်း၊ အဲဒါက လိုရင်း မဟုတ်ဘူး၊ ဂုဏ်ရှိဖို့ကသာ လိုရင်းပဲ " လို့ လူအများစုက ထင်မြင်ယူဆနေမိ တတ်ကြပါတယ်၊ အဲဒီထင်မြင်ယူဆချက်ဟာ မှားပါတယ်၊ ဆရာတော်က အမှားကို ထောက်ပြပြီးတော့ အမှန်ကိုလည်း ညွှန်ပြထားတယ်၊ " အပြစ်ကင်းအောင်သာ ဂရုစိုက်ပါ၊ အပြစ်ကင်းဖို့ သာ အရေးကြီးပါတယ် " တဲ့။

ဂုဏ် မလိုနှင့်၊ ဂုဏ် လိုလျှင် ဂုဏ် ပျို့တတ်သည်။
ဂုဏ် မလုပ်နှင့်၊ ဂုဏ် လုပ်လျှင် ဂုဏ် ပြုတ်တတ်သည်။
ဂုဏ် မမက်နှင့်၊ ဂုဏ် မက်လျှင် ဂုဏ် ပျက်တတ်သည် တဲ့။

ဒီစကားလေးတွေဟာ မဟာစည်ဆရာတော်ကြီးရဲ့ ဩဝါဒစကားလို့ မှတ်သားဖူးပါတယ်။

ဆရာတော်ရဲ့ ဩဝါဒစကားကိုတော့ စာရေးသူက ကဗျာလေး ဒီလို ရေးထားပါတယ်။

ဂုဏ်

ပြစ်ကင်းအောင် နေ၊ ဂုဏ်တွေ ဝေလိမ့်၊
ပြစ် မကင်းချေ၊ ဂုဏ်တွေ ကြွေချိမ့်။

• • • • •

http://www.dhammadownload.com

ပြည်ဖောက်တာလို

မဟာစည်သာသနာ့ရိပ်သာမှာတုန်းက ဆရာတော်ဟာ ဓမ္မာစရိယအောင်ပြီး တရားအားထုတ်ပြီးတဲ့ တပည့်ရဟန်းငယ်တွေကို မွေးမြူကာ အင်္ဂလိပ်စာသင်ယူစေခဲ့ပါတယ်၊ အင်္ဂလိပ်စာသင်ပေးတဲ့ ဆရာကြီးတွေထဲမှာ ဆရာကြီး ဦးတက်တိုး, ဆရာကြီး ဦးအေးမောင် စတဲ့ စာရေးဆရာကြီးတွေ ပါသလို နိုင်ငံခြားမှာ နေခဲ့ပြီး နိုင်ငံခြားစာမေးပွဲတွေကို အောင်ခဲ့တဲ့ ဦးလှမောင်စတဲ့ ဆရာကြီးတွေလည်း ပါဝင်ခဲ့ပါတယ်၊ ပြည်ပသားပုဂ္ဂိုလ်တွေလည်း ရံခါ ပါဝင်ပါတယ်၊ ကွန်ပျူတာတက္ကသိုလ်ပါမောက္ခ ဒေါက်တာကျော်သိန်းလို ပုဂ္ဂိုလ်တွေလည်း ပါဝင်ခဲ့ပါတယ်၊ အဲဒီဆရာတွေထဲမှာတော့ စာရေးဆရာကြီး ဦးအေးမောင်ဟာ စာရေးသူတို့ကို အင်္ဂလိပ်စာသင်ပေးရာမှာ ထိထိရောက်ရောက် ရှိအောင် အသင်ပေးဆုံးပုဂ္ဂိုလ်ပါပဲ၊ သူက သူသင်ပေးထားတဲ့ သင်ခန်းစာကို ပိုင်နိုင်အောင် ပြန်ပြန်ပြီး ဆိုစေပါတယ်၊ သူသင်ပေးထားတဲ့ သင်ခန်းစာကို ရအောင် ဆိုနိုင်မှ သဘောကျပါတယ်၊ သူက စာသင်ခန်းထဲ ရောက်ရင် အပိုစကားတစ်ခွန်းမှ မပြောဘဲ စာကိုပဲ သင်ပါတယ်၊ သင်ပြီးရင်လည်း အပိုစကား မပြောပါဘူး၊ စာသင်ခန်းထဲက တန်းပြီး လစ်တော့တာပါပဲ၊ သူဟာ နာမည်ကြီး စာရေးဆရာတစ်ဦးပါပဲ၊ "ဗီဇနဲ့ ပတ်ဝန်းကျင်" စတဲ့ စာအုပ်များစွာ ရေးထားတယ်၊ မဟာစည်ဆရာတော်ကြီးရဲ့ တရားစာအုပ်တွေကိုလည်း အင်္ဂလိပ်လို ဘာသာပြန်ဆိုထားတယ်၊ အင်္ဂလိပ်လို သူဘာသာပြန်ထားတဲ့ မဟာစည်တရားစာအုပ် တွေကို သူက သင်ပေးပါတယ်၊ သူ့ခမျာ အသက် (၇၀) ကျော်နေရှာပါပြီ၊ အသက်ကြီးပေမယ့် အသံကတော့ မာမှ မာပဲ၊ သူအိမ်ကနေ လိုင်းကား စီးပြီး လာကာ စာသင်ပေးရှာပါတယ်။

သူ သင်ပေးပြီးတဲ့ သင်ခန်းစာကို မြန်မာလို သူက ဝါကျတည်ဆောက်သွား

http://www.dhammadownload.com

တယ်၊ စာသင်သားဥုးဇင်းတွေက သူ တည်ဆောက်ပြီး ရှေ့က လက်တန်းပြောသွား တဲ့ မြန်မာဝါကျတွေကို နောက်က ချက်ချင်း အင်္ဂလိပ်လို လိုက်ဆိုရတယ်၊ သူ သင်ပေးထားတဲ့ သင်ခန်းစာကို ကျေညက်အောင် လုပ်မထားရင်တော့ နောက်က လိုက်မဆို နိုင်တော့ဘူး၊ လိုက်မဆိုနိုင်ရင် သူက စိတ်တိုတော့တာပါပဲ၊ တချို့က မလိုက်နိုင် တော့ သူကို လန့်ကြတယ်၊ စိတ်ပျက်ကြတယ်၊ တကယ်တော့ သူ့ရဲ့ စာသင်ပြပေးမှု ဟာ အထိရောက်ဆုံး စာသင်ပြပေးမှုပါပဲ၊ ယခု အမေရိကရောက် အရှင်ဓမ္မပိယ, ကနေဒါရောက် အရှင်ပညောဘာသ, အမေရိကရောက် အရှင်ပညာသီဟ, အိန္ဒိယ ရောက် အရှင်သီလာစာရနဲ့ အရှင်ဥတ္တရ, နီပေါရောက် အရှင်အာသဘာစာရ, သီရိလင်္ကာရောက် အရှင်သုမန, ဆရာတော်ရဲ့ ရံခါ အင်္ဂလိပ်ဘာသာပြန်ဖြစ်တဲ့ မောင်လှမြင့်တို့ဟာ ဆရာကြီး ဦးအေးမောင်ထံမှာ အင်္ဂလိပ်စာ သင်ယူခဲ့ရသူတွေ ဖြစ်ပါတယ်၊ ဆရာတော်ကလည်း ဆရာတွေကို ကြိုးစားပြီး သင်ပြပေးကြဖို့ တိုက်တွန်းတယ်၊ ဆရာတွေထံက တဆင့် တပည့်တွေရဲ့ အခြေအနေကိုလည်း လေ့လာအကဲခတ်တယ်၊ ဆရာတော်က စာသင်ပေးတဲ့ ဆရာတွေကို ဒီလို မိန့်တော်မူတယ်။

"ကိုယ့်သားလေး, သမီးလေးမှာ အနာပေါက်တယ်၊ အနာက ပြည်မှည့်နေ တယ်၊ ပြည်မှည့်နေတော့ ပြည်ကိုက်လို့ နာတယ်၊ မိဘက ကိုယ်သား, သမီးရဲ့ အနာပျောက်အောင် ပြည်ဖောက်ပေးတယ်၊ ပြည်ဖောက်ပေးတဲ့အခါ ကလေးဟာ နာချင်နာပေမပေါ့၊ ဒါပေမယ့် အဲဒါကို မငဲ့နိုင်ဘဲ အနာပျောက်အောင် ပြည်ဖောက် ပေးရတယ်၊ အခု ဥုးဇင်တွေကို အင်္ဂလိပ်စာသင်ပေးရာမှာလည်း အဲဒီလိုပါပဲ ဖိဖိ စီးစီးသာ သင်ပေးကြပါ" တဲ့။

ပြည်ဖောက်တာလို

ပြည်တည်အနာ
ပြည်ဖောက်ရာဝယ်
အနာပျောက်ရေး
ဦးစားပေးကာ
ဖောက်ပေးတာလို
စာသင်ပျိုအား
ဆရာများကား
ကြိုးစား၍သာ
သင်ကြပါ။

http://www.dhammadownload.com

ဝတ္ထုအမှီး

ယခု ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကျော်သိန်းက စစ်တွေမြို့ ဒီဂရီကောလိပ်မှာ ကျောင်းအုပ်လုပ်ခဲ့ပါသေးတယ်၊ စစ်တွေမှာ သူ ကျောင်းအုပ်အဖြစ်နဲ့ တာဝန်ဆောင်ရွက်စဉ်က ဆရာတော်ကို ရခိုင်ပြည်နယ်တစ်ခွင် ကို တရားဟောပင့်ပါတယ်၊ ဆရာတော် ကြွတဲ့အခါ ပြန်ကပြေးဆရာတော် အရှင် ဇဋိလနဲ့ စာရေးသူတို့ နောက်ပါအဖြစ် ပါသွားကြပါတယ်။ ကပ္ပိယကာရကတော့ မောင်ခင်မောင်ဌေးပါ၊ အဲဒီတုန်းက စစ်တွေမြို့, မြောက်ဦး, ကျောက်တော်, ကျောက်ဖြူမြို့တွေကို ရောက်ခဲ့တယ်၊ နောက်တစ်ခေါက်မှာ သံတွဲကိုလည်း ရောက် တယ်၊ ဘုရားစေတီတွေနဲ့ ရောက်သင့်ရာဌာနတွေကိုလည်း ရောက်ခဲ့ရတယ်၊ ငပလီ ပင်လယ်ကမ်းခြေကိုလည်း ရောက်ခဲ့ရပါတယ်၊ ဆရာတော်လည်း ပင်လယ်ရေ ချိုးခဲ့ သေးတယ်၊ နီပေါနိုင်ငံမှာ ထေရဝါဒဗုဒ္ဓသာသနာ ပြန်လည်ထွန်းကားလာအောင် စတင် ကြိုးစားဆောင်ရွက်ခဲ့တဲ့ ဆရာတော်ကြီး အရှင်စန္ဒြမုနိရဲ့ ပုံတော်ကိုလည်း မဟာမြတ်မုနိဘုရားကြီးမှာ ဖူးတွေ့ခဲ့ရတယ်၊ ဆရာတော်က ဆရာတော်ကြီး အရှင် စန္ဒြမုနိရဲ့ သာသနာရေးဆိုင်ရာ လုပ်ဆောင်နိုင်မှုစွမ်းရည်ကို အလွန်ပဲ သဘောကျ တော်မူတယ်၊ ဆရာတော်ကြီး အရှင်စန္ဒြမုနိဟာ ရခိုင်အမျိုးသားပဲ၊ ရခိုင် အမျိုးသား၊ အမျိုးသမီးတွေဟာ ဗုဒ္ဓသာသနာသွေး မအေးကြတဲ့နေရာမှာ စံနမူနာ ယူလောက်ကြ တယ်၊ ဘာသာခြားအစွန်းရောက် ကာကွယ်ရေးမှာ အလွန်ပဲ စိတ်ထက်သန်ကြတယ်၊ ဆရာတော်ဟာ စစ်တွေမြို့ နေရာတော်တော်များများနဲ့ ကျောက်တော်, ကျောက်ဖြူ, သံတွဲမြို့တွေမှာ ဘာသာခြားအစွန်းရောက် ကာကွယ်ရေးစွမ်းရည် အကြောင်းကို ပွင့်ပွင့် လင်းလင်း စုံစိစွာ ဟောပြောတော်မူခဲ့တယ်။

" ဒီဘုရားမှ ဒီဘုရား, ဒီတရားမှ ဒီတရား, ဒီသံဃာမှ ဒီသံဃာ " လို့

http://www.dhammadownload.com

ရတနာ သုံးပါးအပေါ် မတုန်မလှုပ် သက်ဝင်ယုံကြည်တဲ့ အနေအထား ရောက်အောင် ကြိုးစား ထားကြဖို့ မိန့်ကြားခဲ့ပါတယ်၊ သတိပဋ္ဌာန်တရားကို အားရကျေနပ်တဲ့အထိ ရောက်အောင် အားထုတ်ထားကြဖို့ တိုက်တွန်းတော်မူပါတယ်၊ ဒီရခိုင်ပြည်နယ် သာမက ကရင်ပြည်နယ်, ရှမ်းပြည်နယ်တွေကို ကြွတဲ့အခါမှာလည်း ဆရာတော်နဲ့ အတူ စာရေးသူ ပါသွားခဲ့ပါတယ်၊ မြန်မာနိုင်ငံတိုင်းရင်းသူ, တိုင်းရင်းသားတွေဟာ လောကသွေးသားသာမက ဓမ္မသွေး တော်စပ်အောင်လည်း ကြိုးစားကြဖို့ ဆရာတော်က မိန့်ကြားပါတယ်၊ ဓမ္မသွေးနဲ့ပါ တော်စပ်သွားမှ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်မှုဟာ ပိုမို ခိုင်မြဲပါတယ် တဲ့၊ ဆရာတော်ဟာ တိုင်းရင်းသူ, တိုင်းရင်းသား တွေရဲ့ စည်းလုံးညီညွတ်နေကြတာကို သဘောကျတော်မူတယ်၊ ဘုရားအဆုံးအမ ဆိုတဲ့ ဓမ္မသွေးနဲ့ပါ အချင်းချင်း တော်စပ်ကြမယ်ဆိုရင်တော့ ပိုမို စည်းလုံးညီညွတ် ကြလိမ့်မယ်လို့ ယူဆတော်မူတယ်။

ရခိုင်ပြည်နယ် ကြွတုန်းက တရားဟောရမယ့် နေရာတွေက များနေပါ တယ်၊ တစ်ချိန်တည်းမှာ ဟောရမယ့်နေရာ (၂) နေရာ ဖြစ်ခဲ့တယ်၊ အဲဒီအခါ ဆရာတော် အရှင်ဇဋိလကို ဟောစေခဲ့ပါတယ်၊ ဆရာတော်က သူကိုယ်တိုင် မဟော နိုင်တဲ့ နေရာမှာ သီလပေးပါသေးတယ်၊ ပြီးတော့ ဒီလိုလည်း မိန့်ကြားခဲ့ပါသေးတယ်။

" ရွှေမန်း တင်မောင် မကနိုင်ပေမယ့် ရွှေမန်း တင်မောင်ရဲ့ သားတွေက လည်း စွမ်းတာလိုပါပဲ ပါလာတဲ့ အရှင်တွေကလည်း ဟောတဲ့ နေရာမှာ စွမ်းပါ တယ် " တဲ့။

ဓမ္မသွေး

တိုင်းရင်းသားများ
ဓမ္မအားဖြင့်
သွေးသားစပ်လျဉ်
ရှေးယခင်ထက်
ပိုတိုးတက်ကာ
သွေးစည်းလာလိမ့်မည်သာတည်း။

• • • • •

http://www.dhammadownload.com

ဝိသုဒ္ဓါရုံနှုည်း

မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးဟာ တပည့်တွေကို သူထံ မေးမြန်းလာတဲ့ မေးခွန်းတွေကို အဖြေခိုင်းရိုးထုံးစံ ရှိတယ် တဲ့၊ ဆရာတော်က စာရေးသူအား မိန့်ကြားဖူးတယ်၊ ဩစတြေးလျမှ ဦးအောင်လင်းအမည်ရှိ ဒကာတစ်ယောက်က ဆရာတော်ကို မေးခွန်း(၅)ချက် မေးမြန်းတယ်၊ ယခု အမေရိကရောက် အရှင်ဓမ္မပိယ, ကနေဒါရောက် အရှင်ပညာဘာသနဲ့ စာရေးသူတို့ကို အဖြေရေးစေပါတယ်၊ နောင်သောအခါ မေးခွန်းတွေ ဆရာတော်ထံ ရောက်လာလေတိုင်း ဒီလိုပဲ အဖြေခိုင်းမယ်လို့လည်း မိန့်ကြားတယ်၊ နောက်တစ်ခါ ဆရာတော်ထံ မေးခွန်းတွေ ရောက်လာပြန်တယ်၊ တောင်ဂူဘက်က ဒကာကြီးတစ်ယောက်က မေးထားတဲ့ မေးခွန်းတွေပါပဲ၊ အဲဒီ မေးခွန်းတွေကိုတော့ အရှင်ဓမ္မပိယနဲ့ စာရေးသူတို့ ဖြေကြရပါတယ်၊

ဆရာတော်ဟာ သူ့ထံ ရောက်လာတဲ့ မေးခွန်းတွေကိုသာ တပည့်တွေကို ဖြေခိုင်းစေတာ မဟုတ်ပါဘူး၊ မင်းကွန်း တိပိဋကနိကာယအဖွဲ့က ပထမသုံးနှစ်တာခရီး ဆိုပြီး စာအုပ်ထုတ်ပါတယ်၊ ပထမသုံးနှစ်တာခရီး စာအုပ် ထုတ်တုန်းကတော့ မဟာစည်ဆရာတော်ကြီးထံက သြဝါဒစကားကို ခံယူပြီး ရေးသားဖော်ပြတဲ့ ဆောင်းပါးပါပါတယ်၊ အဲဒီအဖွဲ့က ဒုတိယ, တတိယ, စတုတ္ထ သုံးနှစ်တာခရီး စာအုပ်တွေ ထုတ်တော့ မဟာစည်ဆရာတော်ကြီး သက်တော်ထင်ရှား မရှိတော့တာမို့ ဆရာတော်ထံမှ ဆောင်းပါးစာမူ တောင်းယူပြီး ဖော်ပြကြပါတယ်၊ ဆရာတော်က သူ့ထံ ရောက်လာတဲ့ မေးခွန်းတွေကို ဖြေခိုင်းပြီး ဖြေတတ်အောင် လေ့ကျင့်ပေးသလို သူ့ထံမှ ဆောင်းပါးတောင်းခံလာရင်လည်း တပည့်တွေကိုပဲ ရေးခိုင်းပြီး ရေးတတ်အောင် လေ့ကျင့်ပေးပါတယ်၊

ဒုတိယသုံးနှစ်တာခရီး စာအုပ်အတွက် ဆရာတော်ထံမှ ဆောင်းပါး တောင်း

http://www.dhammadownload.com

တဲ့အခါ စာရေးသူကို ရေးဖို့တာဝန်ပေးတယ်၊ ဆောင်းပါးရေးရာမှာ ပါစေချင်တဲ့ အချက်အလက်တွေကို ဆရာတော်က ပြောပြပါတယ်၊ " ဓမ္မဝိဟာရီ " ဆိုတဲ့ သုတ်ကို အခြေခံပြီးရေးဖို့ မိန့်ပါတယ်၊ ဓမ္မဝိဟာရီသုတ်ဟာ အင်္ဂုတ္တရနိကာယ၊ ပဉ္စကနိပါတမှာ ပါ ပါတယ်၊ ဆောင်းပါးနာမည်ကိုလည်း " ဓမ္မဝိဟာရီ " လို့ပဲ နာမည်တပ်ပြီး ရေးလိုက်ပါတယ်၊ တတိယသုံးနှစ်တာခရီး စာအုပ်အတွက် ဆရာတော်ထံမှ ဆောင်းပါးတောင်းခံတဲ့အချိန်မှာတော့ စာရေးသူဟာ ကျန်းမာရေးအတွက် အနားယူဖို့ အပြင်မှာ ရောက်နေပါတယ်၊ အဲဒီဆောင်းပါးကို အရှင်ဝဏ္ဏိတာလင်္ကာရဘိဝံသက ရေးပါတယ်၊ ဆရာတော် ရေးစေချင်တဲ့ အချက်အလက်တွေကို မူတည်ပြီး သူလည်း ရေးပါတယ်။ ဆောင်းပါးနာမည်ကတော့ " စိတ်ချရပြီဖြစ်၍ " တဲ့၊ သူလည်း စာရေးအကောင်းပဲ၊ ဒုတိယနဲ့တတိယသုံးနှစ်တာခရီး စာအုပ်တွေအတွက် ဆောင်းပါးတွေကို မဟာစည်သာသနာ့ရိပ်သာမှာတုန်းက ရေးခဲ့ကြရပါတယ်၊

စတုတ္ထသုံးနှစ်တာခရီး စာအုပ်အတွက်လည်း ဆရာတော်ထံမှ ဆောင်းပါးတောင်းကြပြန်ပါတယ်၊ ဒီအချိန်မှာတော့ ဆရာတော်က ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှာ ရောက်နေပါပြီ။ ဒီဆောင်းပါးကိုလည်း စာရေးသူကိုပဲ ရေးစေပါတယ်၊ ဆရာတော်ရဲ့ အာဘော်ကျပါပဲ၊ ဆောင်းပါးနာမည်က " ဖြည့်စွက်စရာ ကွက်လပ်လေးတစ်ခုတဲ့၊ သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသရဲ့ အဘိဓဇ မဟာရဋ္ဌဂုရု ပူဇော်ပွဲအထိမ်းအမှတ် စာအုပ်ထုတ်တော့လည်း ဆရာတော်ထံ ဆောင်းပါး တောင်းခံကြရာ ဆရာတော်က စာရေးသူကိုပဲ ရေးစေပါတယ်၊ ဆရာတော် ရေးစေချင်တာကို ဆရာတော်က အကြမ်းဖျင်း ပြောသွားတာပါပဲ၊ ဆရာတော် ဒီလို ခိုင်းတာတွေဟာ တပည့်တွေရဲ့ အရည်အသွေးကို ထက်အောင် သွေးပေးနေတာပါပဲ။

ဝိသုဒ္ဓါရုံနည်း

ဆရာတော်ကား
တပည့်များကို
ရေးသားဖြေစေ၊
တပည့်တွေဉာဏ်
ထက်မြက်သန်ဖို့
ရည်သန်ရွယ်ကာ
ညွှန်ကြားပါသည်
ဝိသုဒ္ဓါရုံနည်း
မှီးသတည်း။

• • • • •

http://www.dhammadownload.com

အားပေး

ပဏ္ဍိတရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ ပြည်တွင်း ပြည်ပက စာသင်သား သိက္ခာရှင်တွေ ရှိနေပါတယ်၊ ကံ, ဉာဏ်, ဝီရိယ ထူးချွန်လို့ ထူးထူးချွန်ချွန် အောင်မြင်ကြတဲ့ သိက္ခာရှင်တွေ နှစ်စဉ်ပင် ရှိနေပါတယ်၊ ကံ, ဉာဏ်, ဝီရိယ ပုံမှန်ရှိလို့ ရိုးရိုးအောင်တဲ့ သိက္ခာရှင်တွေလည်း နှစ်စဉ်ပင် ရှိနေပါတယ်၊ အောင်မြင်သူတွေပါသလို ကျရှုံးသူတွေလည်း ပါပါတယ်၊ အောင်မြင်ရင် ပျော်ရွှင်တတ်ကြတယ်။ ကျရှုံးရင် စိတ်ဓာတ်ကျတတ်ကြတယ်။ ကျရှုံးလို့ စိတ်ဓာတ်ကျတဲ့ သိက္ခာရှင်တွေကို စာချဆရာတွေကရော ဆရာတော်ကြီးကပါ အားပေးစကား ပြောကြားလေ့ရှိကြပါတယ်၊ အားငယ်နေတဲ့အချိန်အခါမှာ အားပေးစကားဟာ လိုအပ်ပါတယ်၊ အားငယ်နေသူတို့ အတွက် အားဆေးတစ်ခွက်ပါပဲ၊ ခန္ဓာကိုယ်အင်အားနည်းနေသူတွေ အားဆေးတွေ စားသုံးလိုက်ရင် အင်အားတွေ ပြည့်လာကြတယ်၊ စိတ်အားငယ်နေသူတွေကို အားပေးစကားပြောလိုက်ရင် စိတ်အားတွေ ပြည့်လာတတ်ကြပါတယ်။

စာမေးပွဲမအောင်မြင်လို့ ကျရှုံးတဲ့ သိက္ခာရှင်တွေကို ဆရာတော်က ဒီလို အားပေးစကားမိန့်ကြားလေ့ရှိပါတယ်။ စကားပုံလေးတခုနဲ့ မိန့်ကြားတယ်။

" ယုန် မရပေမယ့် တောကျေတယ် " တဲ့။

" မြန်မာစကားပုံလေးတစ်ခုပဲ၊ မုဆိုးဟာ တောထဲ သွားပြီး ယုန်လိုက်တယ်။ ယုန်ကို ကြိုးစားပြီး လိုက်တယ်၊ တောတစ်တောလုံး နှံ့နေတာပဲ၊ ယုန်တစ်ကောင်မှ မရဘူး၊ ယုန်တစ်ကောင်မှ မရလို့ မုဆိုးမှာ ရှုံးသလားဆိုတော့ မရှုံးပါဘူး၊ အမြတ်ရပါတယ်။ အဲဒီအမြတ်က ဘာလဲ ဆိုတော့တောကျွမ်းသွားတယ်၊ တောကျေသွားတယ်၊ ဒီတောထဲမှာဘယ်နေရာ ဘာ ရှိတယ်၊ ဘယ်လို သွားရတယ်၊ ဘယ်လို သွားရင် ဘယ်ကို ရောက်တယ်ဆိုတာကို သူ ကောင်းကောင်း သိတယ်။

http://www.dhammadownload.com

အဲဒီလိုပါပဲ သိက္ခာရှင်လည်း စာတွေကို သင်ယူကြတယ်၊ စာဝါစုံ လိုက်ပြီး ကြိုးစားသင်ယူကြတယ်၊ စာမေးပွဲ ဖြေတယ်၊ မအောင်မြင်ဘူး၊ ဒီနှစ် မအောင်ရင် နောက်နှစ် အောင်မှာပေါ့၊ ဒီနှစ် မအောင်လို့ အရှုံးမရှိဘူး၊ အမြတ်ရပါတယ်၊ စာကျေတာပေါ့၊ ဒီနှစ် ထပ်လေ့လာလိုက်ရင် ပိုပြီး ကျေသွားမှာပေါ့၊ ပိုပြီး စာကျေသွားတော့ ပိုပြီး အဆင့်မြင့်မြင့်နဲ့တောင် အောင်နိုင်သေးတယ်။ ကြိုးစားကြ၊ အားမငယ်နဲ့။ ''

နောက်မြန်မာစကားပုံတစ်ခုနဲ့လည်း ဆရာတော်က အားပေးလေ့ရှိတယ်။

'' ဖိုးသူတော် မျက်စိလည်တော့ ဆန်ရတယ် '' တဲ့။

'' ဆွမ်းဆန်အတွက် မြို့ထဲ ရွာထဲ လျှောက်လှည့်ပြီး အလှူခံတဲ့ ဖိုးသူတော်ဟာ လမ်းမကျွမ်းလို့ မျက်စိလည်သွားတယ်။ သွားလေ မျက်စိလည်လေပဲ၊ မျက်စိလည်ပြီး ဟိုအိမ်ရောက် ဒီအိမ်ရောက် အိမ်တွေ အများကြီး ရောက်တယ်၊ အိမ်တွေ အများကြီးရောက်တော့ အိမ်ရှင်တွေက ဆွမ်းဆန်တွေ လောင်းလှူကြတော့ ဖိုးသူတော်မှာ ဆွမ်းဆန်တွေ အများကြီး ရတယ်တဲ့၊ အဲဒီလိုပါပဲ၊ သိက္ခာရှင်တွေမှာလည်း စာမေးပွဲမှာ မျက်စိလယ်သွားတော့ စာပေဗဟုသုတ, စာပေပညာဆိုတဲ့ ဆန်တွေ အများကြီး ရလာမှာပေါ့၊ စာပေဗဟုသုတတွေ ပိုတိုးလာမှာမို့ ပိုတောင် ကောင်းသေးပေါ့ '' တဲ့။

အားပေး

အားငယ်သူအား
အားပေးငြားက
စိတ်အားတက်လာ
ဆက်ကာ ကြိုးစား
အောင်မြင်သွား၏။

http://www.dhammadownload.com

ဘုရင့်နောင်

ဆယ်မိုင်ကုန်း ပဏ္ဍိတာရာမ တောစခန်းရိပ်သာမှာ တံတားကြီးတစ်ခု ရှိတယ်၊ ရှိကြီးတစ်ခုကို ကျော်ဖြတ်ရန် ဆောက်ထားခြင်း ဖြစ်တယ်၊ ရေကန်ကြီးရဲ့ အရှေ့ဘက်မှာ တံတားကြီး တည်ရှိတယ်၊ တံတားကြီးရဲ့ အရှေ့ဘက်မှာ ငေ (၄၀) ရှိတယ်၊ ရေကန်ကြီးရဲ့ မြောက်ဘက်ပိုင်းမှာ အမျိုးသားတွေအတွက် အဆောက်အဦတွေ ရှိတယ်၊ ရေကန်ကြီးရဲ့ တောင်ဘက်မှာ အမျိုးသမီးတွေအတွက် အဆောက်အဦတွေ ရှိတယ်၊ အရှေ့အနောက် အလျားတည်ရှိနေတဲ့ တံတားကြီးရဲ့ အလယ်လောက်မှာ ရေသိမ်တစ်သိမ်တည်ဆောက်တော့မယ်၊ မိုးလေးလလုံး ရေစီးဆင်းနေပြီး ခြေသလုံးတစ်ဝက်လောက်ထိ ရေအနက် ရှိရင် ရေသိမ်ဖြစ်တယ် တဲ့၊ ရေသိမ် ဆိုတော့ သိမ်နှုတ်စရာ, သိမ်သမုတ်စရာ မလိုတော့တာမို့ ပိုဟန်ကျတာပေါ့၊ တံတားကြီးရဲ့ မြောက်ဘက်မှာ တည်ဆောက်ပါမယ်။

တံတားကြီးရဲ့ အရှေ့တည့်တည့်မှာ ခြံစည်းရိုးအထိ လူသွားလမ်း ဖောက်ထားတယ်၊ အဲဒီတည့်တည့်ဖောက်ထားတဲ့ လူသွားလမ်းရဲ့ မြောက်ဘက်မှာ အမျိုးသားတွေအတွက် အဆောက်အဦတွေ ဆောက်နေတယ်၊ တောင်ဘက်မှာတော့ အမျိုးသမီးတွေအတွက် အဆောက်အဦတွေ ဆောက်မှာပါပဲ၊ အဲဒီတံတားကြီးကို ဆောက်တော့ တံတားနေရာက သစ်ပင်, ခြုံနွယ်တွေကို ခုတ်ထွင်ရှင်းလင်းရတယ်၊ ဂျာမန်ရဟန်းတော်အပါအဝင် ပြည်ပသားတွေက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အလေးပေးချင်ကြတယ်၊ သစ်ပင်, ခြုံနွယ်တွေကို မခုတ်ထွင်, မရှင်းလင်းဖို့ ပြောကြတယ်၊ တံတားကို ဦးစီးတည်ဆောက်တဲ့ မောင်ခင်မောင်အေးနဲ့ ဂျာမန်ရဟန်းတော်တို့ ခုတ်သင့်, မသင့်, ကိုယ့်အမြင်, သူ့အမြင် တင်ပြဆွေးနွေးကြတယ်၊ မောင်ခင်မောင်အေးက ဂျာမန်ရဟန်းတော်ထံက သဘောတူညီမှု မရပေမယ့်,

http://www.dhammadownload.com

ဆရာတော်ထံကလည်း ခွင့်ပြုချက် မရသေးဘဲ သူ ကောင်းတယ် ထင်သလို စီစဉ် ဆောင်ရွက်လိုက်တယ်၊ တံတားကြီးက အလျားပေ (၁၈၀)၊ အနံပေ (၈) ပေ ရှိတယ်၊ တောင့်တင်းခိုင်မာတယ်၊ ရှိရဲ့ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်း ကူးဖြတ်ဖို့ရာ တံတားက မရှိမဖြစ် လိုအပ်နေတယ်၊ တံတားအပြင် တံတားရဲ့ မြောက်ဘက်ဘေး တစ်နေရာမှာ နားစရာ, ထိုင်စရာ နေရာအဝိုင်းလေးကိုလည်း လုပ်ထားတယ်၊ အလယ်မှာ သရက်ပင် ရှိတယ် သရက်ပင်ကို ဝိုင်းထားတယ်၊ ထိုင်စရာ နေရာလေး တွေပေါ်မှာ ထိုင်ရင်းအနားယူရတာ သိပ်ကောင်းတယ်။

ဆရာတော်က အဲဒီတံတားကိုရော နားနေစရာ အဝိုင်းလေးကိုရော ကြည့်ကာ သဘောကျနေတော်မူတယ်၊ မောင်ခင်မောင်အေး တံတားတည်ဆောက်ရာမှာ ရင်ဆိုင်ကျော်လွှားကာ အောင်မြင်အောင် လုပ်ဆောင်လိုက်တာကို အားရတော်မူတယ်၊ အဲဒါကို ကြည့်ပြီး မြန်မာနိုင်ငံသမိုင်းမှာ ထင်းရှားတဲ့ တိုက်ပွဲတစ်ပွဲကို ဆရာတော်ဟာ သတိရလာတယ်၊ ဘုရင့်နောင်တိုက်ပွဲပါပဲ၊ ဘုရင့်နောင်ဟာ နောင်ရိုးချောင်းရဲ့ တစ်ဘက်ကမ်းမှာ စခန်းချနေတဲ့ အလွန်ကြီးမားများပြားလှတဲ့ ဟံသာဝတီတပ်များကို အနိုင်တိုက်ဖို့ရာ နောင်ရိုးချောင်းဘက်ကို ဖောင်းတွေနဲ့ ကူးပြီး ဖောင်တွေကို သူတပ်သားတွေကို ဖျက်ဆီးစေတယ်၊ "စစ်ကို နိုင်အောင်သာ တိုက်၊ နောက်ကြောင်းပြန်ရန် စိတ်မကူးနဲ့၊ စိုးရိမ်ကြောင့်ကြမနေနဲ့၊" ဆိုတဲ့ သဘောနဲ့ ဖျက်ဆီးစေတာပါပဲ၊ ရဲ့ဝဲစွာ တိုက်ခိုက်ချမှန်းလိုက်လို့ အောင်ပွဲဆင်နွှဲနိုင်ခဲ့တယ်၊ ဒါအပြင် ဘုရင့်နောင်အာ မင်းတရားရွှေထီးရဲ့ အမိန့်ကို အခြေအနေအရ မစောင့်ဆိုင်းတော့ဘဲ တိုက်ခိုက်လိုက်ရတာလည်း ရှိသေးတယ်။ ဆရာတော်က တံတားပေါ်မှာ ရပ်ကြည့်ရင်း မောင်ခင်မောင်အေးကို "မင်းစိမံကိန်းက ဘုရင့်နောင်ရဲ့ ဖောင်ဖျက်တိုက်ပွဲဝင်တဲ့ ဘုရင့်အမိန့်မစောင့်နိုင်တဲ့ စိမံကိန်းလိုပေါ့၊ ဟုတ်လား" လို့ မိန့်ကြားတော်မူတယ်၊

ဘုရင့်နောင်

တံတားကြီးတစ်ခု
တည်ဆောက်ထားမှု
ဘုရင့်နောင်တိုက်ပွဲနဲ့ နှိုင်းပြု
ဆရာတော်ရဲ့ ချီးကျူးစကားစု။

● ● ● ● ●

http://www.dhammadownload.com

လောင်းရိပ်

မဟာစည်သာသနာ့ရိပ်သာကြီးမှာ မဟာစည်ဆရာတော်ကြီး စံလွန်တော်မူပြီးတဲ့အခါ တစ်ပတ်လောက်ပဲ ခြားပြီး ဆရာတော် အရှင်သုဇာတကလည်း စံလွန်တော်မူသွားတယ်၊ မဟာစည်ဆရာတော်ကြီး စံလွန်တော်မူပြီးအချိန်မှာ ဆရာတော် အရှင်သုဇာတနဲ့ ဆရာတော်တို့ဟာ ဩဝါဒါစရိယဆရာတော်တွေ ဖြစ်လာကြတယ်၊ ဆရာတော်အရှင်သုဇာတပါ စံလွန်တော်မူသွားပြန်တော့ ဩဝါဒါစရိယဆရာတော် အဖြစ် ဆရာတော်တစ်ပါးပဲ ကျန်တော့တယ်၊ အဲဒီဩဝါဒါစရိယတာဝန်ကြီးကို စတင်ထမ်းဆောင်ရစဉ်က ဆရာတော့်မှာ ဝန်လေးခဲ့တယ်၊ " ငါ ဘယ်လို လုပ်ပြီး ဆောင်ရွက်ရပါ့မလဲ " လို့လည်း ဆရာတော်မှာ စဉ်းစားခန်းဝင်ခဲ့ရတယ်၊ မဟာစည် သာသနာ့ရိပ်သာကြီးရဲ့ ဩဝါဒါစရိယတာဝန်ကြီးကလည်း သေးတာမှ မဟုတ်တာ၊ စဉ်းစားခန်းဝင်တော့ ဆရာတော်မှာ ဘုရားစကားတော်တစ်ခုကို ပြန်လည်သတိရလာတယ်၊ အဲဒီဘုရားစကားတော်ကတော့ –

" ဘိက္ခုတို့ . . . ငါဘုရား ဟောကြားခဲ့တဲ့ သုတ်, ဝိနည်း, အဘိဓမ္မာတရားတွေဟာ ငါဘုရား ပရိနိဗ္ဗာန်စံတော်မူသွားတဲ့အခါ သင်တို့ရဲ့ ဆရာ ဖြစ်ရစ်လိမ့်မယ်၊ " တဲ့။

ဆရာတော်က ဒီဘုရားစကားတော်ကို သတိရလာပြီး " မဟာစည်ဆရာတော်ကြီး ဟောကြားဆုံးမထားခဲ့တဲ့ တရားတော်တွေ, အဆုံးအမတော်တွေ, စည်းကမ်းဥပဒေတွေ ရှိနေခဲ့တာပဲ၊ အဲဒါတွေဟာ ငါ့အတွက် ဆရာတွေပဲပေါ့၊ " လို့ အတွေးပေါ်ကာ စိတ်အားရှိလာတယ်၊ မဟာစည်ဆရာတော်ကြီးရဲ့ ဩဝါဒတော်တွေနဲ့အညီ ဆောင်ရွက်သွားမယ်လို့လည်း စိတ်ဆုံးဖြတ်လိုက်တယ်၊ စိတ်ထဲမှာလည်း ဝန်ထုပ်ဝန်ပိုးကြီးဟာ ပေါ့သွားသလိုလည်း ရှိသွားတယ်၊ (၇) နှစ်ကြာ ဩဝါဒါစရိ

http://www.dhammadownload.com

ယတာဝန်ကို ထမ်းဆောင်ခဲ့တယ်၊ ပြည်တွင်း, ပြည်ပသာသနာရေးရာကိစ္စတွေဟာ အရှိန်အဟုန် မပျက်ဘဲ ဆက်လက်ကာ တိုးတက်အောင်မြင်ခဲ့တယ်၊ လူတွေဘက်ကရော ရှင်ရဟန်းဘက်တွေကပါ တိုးတက်မှုကို ချီးမွမ်းကြတယ်။

အင်မတန် နာမည်ကြီးတဲ့ တရားရိပ်သာပဲဖြစ်ဖြစ်, စာသင်တိုက်ပဲဖြစ်ဖြစ် ဦးဆောင်နာမည်ကြီးရိပ်သာဆရာတော်, စာသင်တိုက်ဆရာတော်ကြီး စံလွန်တော်မူသွားရင် နောက်ဆက်လက်ပြီး အဲဒီဆရာတော်ကြီးတွေရဲ့ အရိုက်အရာကို ခံယူကြတဲ့ တပည့်ကြီးတွေဟာ ရှေ့ဆောင်ဆရာတော်ကြီးတွေရဲ့ အရှိန်အဝါကို ဆက်လက် မထိန်းနိုင်ကြတာပဲ များပါတယ်၊ မထိန်းနိုင်တဲ့ တပည့်တွေထဲမှာ ဆရာတော်ဟာ မပါဘူး ဆိုတာကို စာရေးသူ ယုံကြည်လက်ခံသလို ရဟန်းပညာရှိ, လူပညာရှိများစွာ ကလည်း ယုံကြည်လက်ခံကြတယ်၊ အမှန်တရားကို လက်ခံနိုင်သူတိုင်း ယုံကြည် လက်ခံကြပါတယ်၊ ဆရာတော်ဟာ မဟာစည်ဆရာတော်ကြီးကို အလွန်အလွန် ကြည်ညိုလေးစားသလို မဟာစည်ဆရာတော်ကြီးရဲ့ ဩဝါဒတော်အတိုင်းလည်း အစွမ်းကုန် ဆောင်ရွက်ခဲ့တယ်၊ (၇) နှစ်ပြည့်တဲ့အခါ ဒီစကားလေးကို မိန့်ကြားတာကို မှတ်သားခဲ့ရဖူးတယ်။

" သစ်ပင် စိုက်တဲ့အခါ မျိုးမှန်, မြေမှန်, အပူအအေး မှန်ပေမယ့် လောင်းရိပ်မိရင် အပင် မသန်ဘူး၊ သာသနာမှာလည်း ရှင်သန်သာသနာ ဖြစ်ဖို့ အတွက် လောင်းရိပ်ဟာ အရေးကြီးပဲပဲ၊ လောင်းရိပ်တွေကို ရှောင်ကြရမယ် " တဲ့။

လောင်းရိပ်

လောင်းရိပ်မိပြန်
ပင်မသန်လို့
ပင်သန်ဖို့ရာ
လောင်းကင်းရာ
ရှာကာ လုပ်ခဲ့သည်။

http://www.dhammadownload.com

ပွဲပြတ်

၁၃၅၀ – ခုနှစ် (၁၉၈၈) ဝါတွင်းက စာရေးသူဟာ မဟာစည်သာသနာ့ရိပ်သာမှာ ဝါမဆိုခဲ့ပါဘူး၊ ကျန်းမာရေးအတွက် တန့်ကြည့်တောင်မှာ သွားပြီး အနားယူနေရလို့ပါပဲ၊ ဆရာတော် ပြည်ပသို့ ဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတခရီး မကြွခင်က ဆရာတော်အား ကျန်းမာရေးအတွက် အနားယူခွင့် ပြုပါရန် ကြိုတင်လျှောက်ထားပေမယ့် ဆရာတော်က ခွင့်မပြုခဲ့ပါဘူး၊ ဆရာတော် ပြည်ပကြွတော့ စာရေးသူဟာ တန့်ကြည့်တောင်ပေါ် တစ်ဝါ သွားပြီး ဆိုခဲ့ရပါတယ်၊ ဝါကျွတ်သွားပေမယ့် ကျန်းမာရေးက ထင်သလောက် ကောင်းမလာပါဘူး၊ တန့်ကြည့်တောင်ဆရာတော်ကရော ဆရာတော်ရဲ့ ဒကာ, ဒကာမတွေပါ စာရေးသူကို လိုလေသေး မရှိရအောင်ကို ပြုစုစောင့်ရှောက်ကြပါတယ်၊ သူတို့ဘက်က လိုလေသေးမရှိအောင် တော်ကြပေမယ့် စာရေးသူရဲ့ ကျန်းမာရေးကတော့ မျှော်မှန်းထားသလောက် ကောင်းမလာသေးတာမို့ ပြာသိုလ်လအထိ ဆက်လက် အနားယူခဲ့ရပါသေးတယ်၊ ဆရာတော်ထံ တန့်ကြည့်တောင်ဆရာတော်လည်း လိုက်ပါလာပြီး စာရေးသူကို ဆရာတော်ထံ ပြန်အပ်ပါတယ်။

နောက်ပြီးတော့ တန့်ကြည့်တောင်ဆရာတော်က ဆရာတော့်အား ဒီလိုလည်း လျှောက်ထားပါသေးတယ်။

"ဆရာတော်ဘုရား . . . တပည့်တော် ဥုးဓမ္မိကကို တပည့်တော်ရဲ့ အမေရိက ခရီးမှာ ခေါ်သွားချင်ပါတယ်၊ (၂) လ လောက်ပါပဲဘုရား " တဲ့။

ဆရာတော်က ဒီကိစ္စနဲ့ ပတ်သက်ပြီး စကားများများ ပြန်မပြောပါဘူး၊ ဆရာတော် ပြောလိုက်တဲ့ စကားက –

http://www.dhammadownload.com

" ဒီကိစ္စဟာ ချက်ချင်း ဆုံးဖြတ်ရမယ့် ကိစ္စ မဟုတ်ပါဘူး၊ ရေရှည် စဉ်းစားပြီးမှ ဆုံးဖြတ်ရမယ့် ကိစ္စပါ " တဲ့။

တန့်ကြည့်တောင်ဆရာတော်လည်း ရှေးကိုဆက်ပြီး မလျှောက်တော့ပါဘူး၊ လက်လျှော့သွားပုံပေါ်ပါတယ်၊ ဆရာတော်က တန့်ကြည့်တောင်ဆရာတော် ပြန်သွားတဲ့အခါ စာရေးသူကို သူ့အခန်းမှာ (နာယက - ၂ - ကျောင်းမှာ) ခေါ်ပြီး အမိန့်ရှိတယ်။

" ဥုံးဓမ္မိကလည်း စဉ်းစားပေါ့၊ ဥုံးဓမ္မိကမှာလည်း စဉ်းစားဉာဏ် ရှိနေတာပဲ၊ ဒီကလည်း ဥုံးဓမ္မိကကို ပြည်ပအတွေ့အကြုံ ရှိအောင် လုပ်ပေးဖို့ အစီအစဉ် ရှိပါတယ် " တဲ့။

စာရေးသူဟာ သိပ်တော့ ကျယ်ကျယ်ပြန့်ပြန့် မစဉ်းစားတတ်ပါဘူး၊ ဒါပေမယ့် စကားများများ မပြောဘဲနဲ့ ဆောင်ရွက်သင့်တဲ့ ကိစ္စကို ပြီးပြတ်သွားအောင် ဆရာတော်ရဲ့ မိန့်ကြားလိုက်ပုံလေးတွေကိုတော့ သဘောကျနေမိပါတယ်၊ တန့်ကြည့်တောင်ဆရာတော်ကလည်း ဆရာတော်ကို ဒီလို လျှောက်မယ်လို့လည်း စာရေးသူကို ကြိုပြောမထားဘူး၊ ဆရာတော့်ရှေ့မှာ လျှောက်တော့မှ သိရတယ်၊ သိရတဲ့အခါ ဆရာတော်က ဘယ်လို မိန့်လေမလဲလို့ တွေးကာ မိန့်လာမယ့် စကားကိုတော့ မျှော်လင့်နေမိတယ်၊ ဆရာတော်က ဒီကိစ္စကို စကားနည်းနည်းနဲ့ ပြတ်သွားအောင် ဖြတ်လိုက်တယ်၊ ဖြတ်လိုက်ပုံလေးကလည်း ကောင်းသားပဲ၊ တန့်ကြည့်တောင် ဆရာတော်ကလည်း မဆက်သာတော့လို့လား, မဆက်ချင်တော့လို့လားတော့ မပြောတတ်ပါ၊ ဆက်မပြောတော့ပါ၊ ပွဲပြတ်သွားပါတော့တယ်။

ပွဲပြတ်

ဆရာတော့်ဉာဏ်
အမြင်သန့်၏၊
ဆက်ရန်ရှိသား
စကားများကို
ပိတ်ထားသည်လား
ပြောစကားကြောင့်
တစ်ပါးဆရာ
မဆက်သာပဲ
ထိုသည့်ပွဲ
ပြတ်စဲသွားတော့သည်။

http://www.dhammadownload.com

“ဝိပဿနာ”

ဆရာတော်နဲ့ ပြည်ပခရီးကို စာရေးသူဟာ ပထမဆုံးအကြိမ် ထွက်ခဲ့တုန်းက ထိုင်းဘုရင်ရဲ့ ညီမဝမ်းကွဲတော်သူရဲ့အိမ်မှာ တစ်ညကျိန်းစက်ခဲ့ကြရတယ်။ အဲဒီ ထိုင်းဘုရင့်ညီမက ဆရာတော်ကို ထိုင်းလေဆိပ်ထဲမှာ မေးခွန်းတစ်ခု မေးခဲ့ဖူးသတဲ့။

“ဝိပဿနာရဲ့သဘောကို အကျဉ်းဆုံး၊ အရှင်းဆုံး ရှင်းပြပါဆိုရင် ဆရာတော် ဘယ်လိုရှင်းပြပါမလဲ” တဲ့။

ဆရာတော်က အဲဒီထိုင်းဘုရင့်ညီမဆိုသူကို လက်ဖဝါးကို ဖြန့်ထားရာမှ အဆုပ်ခိုင်းလိုက်တယ်၊ “ဘာကို သိရသလဲ” လို့လည်း ဆရာတော်က မေးလိုက်တယ်။ “တောင့်တာ၊ တင်းတာကို သိရပါတယ်ဘုရား” လို့ ထိုင်းဘုရင့်ညီမက ဖြေတယ်။ ဆရာတော်က လက်ဖဝါးကို ဖြန့်ခိုင်းတယ်။ “ဘာကို သိရသလဲ” လို့ မေးပြန်တယ်။ “ပြေလျော့တာ၊ ရွှဲ့တာကို သိရပါတယ်” လို့ သူမက ဖြေတယ်။ ဆရာတော်က လက်ဖဝါးကို ဖြည်းဖြည်းချင်းချင်း သတိထားကာ ဆုပ်ခိုင်း၊ ဖြန့်ခိုင်း ပြန်တယ်။ “ဘာကို သိရသလဲ” လို့ မေးပြန်တယ်။ သူမက “တောင့်တာ၊ တင်းတာ၊ လျော့တာ၊ ရွှဲ့တာတွေကို ပိုပြီး သိလာရတဲ့အပြင် မာတာ၊ ပျော့တာ၊ နွေးတာ၊ အေးတာတွေကိုလည်း သိလာရပါတယ်ဘုရား” လို့ ဖြေတယ်။

“အဲဒီလို အရှိသဘာဝတွေကို အရှိအတိုင်း သိအောင် ကြည့်တာဟာ ဝိပဿနာ အလုပ်ပဲ” လို့ ဆရာတော် မိန့်လိုက်တဲ့အခါ ဝိပဿနာရဲ့သဘောကို သူမက ကောင်းကောင်းသဘောပေါက်သွားတယ်။ ဆရာတော်ရဲ့ လက်တွေ့၊ လက်ငင်း၊ နားလည်အောင် ရှင်းပြနိုင်တဲ့ အရည်အသွေးကို သူမဟာ အလွန်အကဲအားရ ကျေနပ်သွားတယ်။ ဝိပဿနာအလုပ်ကို သာမန်လူတွေဟာ မျှားသောအားဖြင့် အလွန်ခက်ခဲတဲ့ အလုပ်ပဲလို့ ထင်နေတတ်ကြပါတယ်။ ထိုင်းဘုရင့်ညီမလည်း အဲဒီလိုပဲ ထင်ထားပုံရပါတယ်။ “ဝိပဿနာအလုပ်ကို ခက်ခဲတဲ့အလုပ်လို့ ငါ ရှေးကထင်ခဲ့ပေမယ့် ယခု ဆရာတော် ရှင်းပြလိုက်တော့လည်း အလွယ်သားပဲ” လို့ ယူဆသွားပုံရပါတယ်။

ဆရာတော်ဟာ ပြည်တွင်း၊ ပြည်ပက ယောဂီတွေကို ဒီလို ရှင်းပြဖို့ လိုအပ်

http://www.dhammadownload.com

လာက ရှင်းပြလေ့ရှိပါတယ်။ တစ်ခါက ဟသံတမြို့မှ အမျိုးသမီးယောဂီ တစ်ယောက်က ဆရာတော်ကို ဒီလိုလျှောက်ထားသတဲ့။

"တပည့်တော် ဒီတစ်ခါထပ်ပြီး တရားအားထုတ်လို့မှ မထူးရင် တရားထပ် မထုတ်ချင်တော့ပါဘုရား" တဲ့။

"ခိုင်းတဲ့အတိုင်းသာ လုပ်ပါ၊ ထူးပါလိမ့်မယ်" လို့ ဆရာတော်က အမိန့်ရှိ ပေမယ့် အဲဒီယောဂီက လက်ခံချင်ပုံ မရပါဘူး၊ ဒါကြောင့် လက်ဖဝါးကို အဆုပ်, အပြန့်, အလုပ်ခိုင်းတယ်။ တစ်ခါထက် တစ်ခါ ပိုပြီး နှေးစေတယ်၊ ပိုပြီး သတိထား စေတယ်၊ အဖြေကိုလည်း တောင်းတယ်၊ ဒီတော့ အဲဒီယောဂီဟာ အလွန်အား၇ ကျေနပ်ကာ ကြိုးကြိုးစားစား အားထုတ်သွားသတဲ့၊ အဲဒီယောဂီက စိတ်ထက်တယ် လို့လည်း ဆရာတော်က ပြောတယ်၊ တရားလည်း နေရာကျသွားတယ်လို့ ဆိုပါတယ်။

ဝိပဿနာ (သတိပဋ္ဌာန်) လုပ်ငန်း၇. သဘောကို နား၇ောင်ရသူတို့၇. နား၇ဲမှာ ရှင်းသွားအောင်, စွဲသွားအောင် ရှင်းပြတတ်ရင် နားယူရသူတွေဟာ စိတ်ပါဝင်စားလာပြီး လက်ခံလိုက်နာကာ တရားအားထုတ်ရမှု၇. အကျိုး၇ွေကို လက်တွေ့. ရရှိသွားကြတာပါပဲ၊ ဒီအခြေအနေဟာ အား၇ကျေနပ်စရာကောင်းလှပါ တယ်။

ဝိပဿနာလုပ်ငန်းကြီးဟာ အင်မတန် ခက်ခဲလို့ ငါတို့ လက်လှမ်းမမီတဲ့ အလုပ်ပါလို့ ယူဆထားကြသူတွေဟာ မြန်မာနိုင်ငံမှာတောင်မှ များနေပါလိမ့်ဦးမယ်၊ မြန်မာနိုင်ငံလောက် သတိပဋ္ဌာန်းသာသနာ မထွန်းကားတဲ့ ပြည်ပနိုင်ငံတွေမှာတော့ အလွန့်အလွန်ပဲ များပါလိမ့်မယ်၊ ဝိပဿနာ (သတိပဋ္ဌာန်) လုပ်ငန်းအကြောင်းကို သိထားသူတွေဟာ ကမ္ဘာ့လူဦးရေနဲ့ နှိုင်းယှဉ်ရင် အလွန်ပင် နည်းပါလိမ့်မယ်။ ဒီတော့ ဝိပဿနာ (သတိပဋ္ဌာန်) လုပ်ငန်းအကြောင်းကို ဆရာတော်လို လွယ်လွယ်ရှင်းရှင်းနဲ့ ရှင်းပြပေးနိုင်တဲ့ သူတွေ များလာဖို့ လိုအပ်လှပါတယ်။ များလာရင် ဝိပဿနာ (သတိပဋ္ဌာန်) တရားဟာ ပိုပြီး ပြန့်ပွားလာမှာ လွဲပါပဲ။

ဝိပဿနာ

ဝိပဿနာအလုပ်ဟာ၊
အလွန်ခက်တဲ့အလုပ်လို့သာ၊
အများက ထင်နေပါ။
ဆရာတော်ရဲ့ ပြန်ကြားဟာ၊
စိတ်ဝင်စားစရာ၊
နာရသူတွေ ကျေနပ်ကာ
လေးစားစွာ လိုက်နာရာ
အကျိုးတွေရသွားပါ၊
ပီတိပွားစရာ။

● ● ● ● ●

http://www.dhammadownload.com

အခြေခံ

တစ်ခါ တစ်ခါ ဆရာတော်က ဒီလို မိန့်ကြားတတ်ပါတယ်။

" ဒီဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းကလေးတွေကို စာသင်ပေးကြရတာ ဟာ သင်ပေးတဲ့ ဆရာတွေရဲ့ အဆင့်အတန်းနဲ့ မဟပ်မိသလိုများ ဖြစ်နေသလား " တဲ့။

စာသင်ပေးတဲ့ ဆရာတွေက ဓမ္မာစရိယ အောင်ပြီးသားတွေကိုး၊ ဓမ္မာစရိယ အောင်ပြီးသား ပုဂ္ဂိုလ်တွေဆိုတော့ ဒီကလေးငယ်တွေကို သင်ပေးရလို့ သေးငယ် တယ်လို့များ ထင်နေကြလေမလားဆိုတာကို လေ့လာတဲ့အနေနဲ့ ဆရာတော်က မေးပုံပေါ်ပါတယ်၊ ပြည်တွင်းပြည်ပစာသင်သား သိက္ခာရှင်တွေကို စာချပေးကြတဲ့ စာချဆရာတွေကိုလည်း ဒီလိုပဲ လေ့လာတဲ့အနေနဲ့ မေးမြန်းတာပါပဲ၊ မေးမြန်းပြီး တော့ ဒီလိုလည်း ဆရာတော်က ဆက်ပြီး မိန့်တယ်၊ " ပြည်ပမှာ အခြေခံအတန်း ကလေးသူငယ်တွေကို စာသင်ပြပေးရာမှာ သာမန်ဆရာတွေ သင်ပြပေးကြတာ မဟုတ်ဘူး၊ တကယ့် ဆရာကြီးတွေ သင်ပြပေးကြတာ၊ ဘာကြောင့်လဲဆိုတော့ အခြေခံဟာ သိပ်အရေးကြီးလို့ပါပဲ " တဲ့၊ အခုလည်း အခြေခံဟာ အရေးကြီးပါတယ်၊ ဒါကြောင့် ဒီလိုအရည်းအချင်းပြည့်ဝတဲ့ ဆရာတွေ သင်ပေးတာဟာ သိပ်ကို ကောင်း ပါတယ်၊ သိပ်ကို အကျိုးရှိပါတယ်၊ သိပ်ကို ထိရောက်ပါတယ်။

ရဟန်းခံပေးတဲ့ ကိစ္စမှာ ကမ္မဝါစာ ဖတ်တာ, ဆုံးမသူအဖြစ် ဆောင်ရွက်တာ တွေကို မဟာစည်သာသနာ့ရိပ်သာမှာ စာရေးသူဟာ များစွာ ဆောင်ရွက်ခဲ့ရပါတယ်၊ တခါတရံ ရဟန်းလောင်းတွေက အလွန်များပါတယ်၊ ဟိတေသီစုပေါင်းရဟန်းခံပွဲမှာ ဆိုရင်တော့ ရာနဲ့ချီပြီး ရှိတယ်၊ အဲဒီရဟန်းလောင်းတွေကို ကမ္မဝါစာဖတ်ပေးရာ, ဆုံးမပေးရာမှာတော့ အမောရဆုံးပဲ့၊ စာရေးသူဟာ နံနက်ပိုင်းမှာ များသောအားဖြင့်

http://www.dhammadownload.com

ချောင်းဆိုးနေတတ်ပါတယ်၊ ချောင်းဆိုးချင်ရက်နဲ့ အောင့်ပြီး ကမ္မဝါစာဖတ်ရတာ ပင်ပန်းတယ်၊ မနားရဘဲ ဆက်တိုက် ဖတ်ရရင်လည်း ပင်ပန်းတယ်၊ ညရောက်တော့ ရဟန်းသစ်တွေကို ဘုရားဥပဒေတော်တွေ ပြောရတာလည်း မသက်သာပါဘူး၊ သင်းပိုင်ဝတ်ပုံ, ဇကသီရမ်းပုံ, သပိတ်ကိုင်ပုံ, အဓိဋ္ဌာန်တင်ပုံ စတာတွေကို သင်ပြပေးရတာလည်း များလာတော့ မသက်သာပါဘူး၊ ညပိုင်းမှာ ဆာတဲ့အခါ ဆိုရင်တော့ ပိုလို့ မောရပါတယ်၊ ဆရာတော်ကလည်း စာရေးသူကို စိတ်ချလို့လားတော့ မပြောတတ်ပါ၊ စာရေးသူကို အဲဒီတာဝန်တွေ အခိုင်းများပါတယ်။

စာရေးသူကို ဆရာတော်ထံ ပို့ပေးတဲ့ စာရေးသူရဲ့ ကျေးဇူးရှင် တန့်ကြည့်တောင်ဆရာတော် မဟာစည်သာသနာ့ရိပ်သာထဲ ကြွလာတဲ့အခါ တန့်ကြည့်တောင်ဆရာတော်ကတဆင့် ဆရာတော်ကို စာရေးသူရဲ့ ဆန္ဒကို လျှောက်ထားပြတယ်၊ အဲဒီတာဝန်တွေကို ဖြစ်နိုင်ရင် လျှော့ပေးစေချင်တဲ့ ဆန္ဒပါပဲ၊ ဆရာတော်က တန့်ကြည့် တောင်ဆရာတော်ကို ဒီလို မိန့်ကြားလိုက်ပါတယ် တဲ့၊ " ဒီတာဝန်ကို စိတ်ချရတဲ့ ပုဂ္ဂိုလ်ကို ပေးချင်တဲ့သဘောပါပဲ၊ အခြေခံကိစ္စတွေကို ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်ကို ကိုင်စေချင်တယ်တဲ့၊ " တန့်ကြည့်တောင်ဆရာတော် လျှောက်ထားပြပြီးတဲ့ နောက်ပိုင်း မှာ အဲဒီတာဝန်တွေကို လျှော့ပေးလေမလား လို့ ကြည့်နေမိပါတယ်၊ မလျှော့ပါဘူး၊ ခိုင်းမြဲ ခိုင်းနေတာပါပဲ။

အခြေခံ

အခြေခံကိစ္စများ
ကျွမ်းကျင်တဲ့သူတွေအား
လုပ်စေချင်သား
ဆရာတော်ရဲ့ မူတစ်ပါး။

• • • • •

http://www.dhammadownload.com

ဦးထိပ်ရွက်လျှက်

ရခိုင်ပြည်နယ် ခရီးစဉ်မှာ ကျောက်ဖြူမြို့ကိုလည်း ရောက်ခဲ့တယ်၊ ဆရာတော်က စာရေးသူကို ရှေ့ထွက်အနေနဲ့ တရားဟောခိုင်းတယ်၊ ဓမ္မိကဥပါသကာကြီး အကြောင်းကို ဟောခဲ့တယ်၊ တရားတစ်ပုဒ် ဟောနိုင်ဖို့ရာ စာရေးသူမှာ ခက်နေခဲ့ပါတယ်၊ ဓမ္မိကဥပါသကာဝတ္ထုမှာ ပါတဲ့ မှတ်သားဖွယ်ရာ ပါဠိတွေကို ကျက်ရသေးတယ်၊ တရားသားထက် ဇာတ်လမ်းကို ပိုပြီး အသားပေးပြောခဲ့တယ်၊ ဆရာတော်ကတော့ ဇာတ်လမ်းကို အသားပေးပြီး ဟောလေ့မရှိဘူး၊ တရားသားကိုပဲ များများဟောလေ့ရှိတယ်၊ တရားကို သာယာနာပျော်ဖွယ်ဖြစ်အောင် ဟောတာထက် အသားပါအောင် ဟောတတ်ဖို့က ပိုခက်တယ်၊ စာရေးသူ ဟောပြီးတဲ့အခါ ဆရာတော်က အမိန့်ရှိတယ်၊ " ဟောစရာတွေက များနေလို့ ဘာ ဟောရမှန်း မသိ ဖြစ်နေတယ် " တဲ့၊ " ဩော် . . . ငါ့မှာတော့ တရားဟောစရာ မရှိလို့ ခက်နေလိုက်တာ၊ ဆရာတော့်မှာတော့ ဟောစရာတွေက များနေလို့ ခက်နေသတဲ့၊ ဩော် . . . ကွားခြားလှပါဘိ " လို့ တွေးမိတယ်။

ကွာခြားရမယ်လေ၊ လေ့ကျင့်ခဲ့တာလည်း ဘယ်လောက် များခဲ့ပြီးလဲ " Practice makes perfect = လေ့ကျင့်မှုဟာ ပြည့်စုံစေတယ် " လို့ ဆိုထားတယ် မဟုတ်လား၊ ဆရာတော် မိန့်ကြားဖူးတယ်လို့ တဆင့် မှတ်သားဖူးတဲ့ အကြောင်းအရာလေး ရှိတယ်၊ ဆရာတော်က မြို့ထဲကို တရားဟောဖို့ ကြွဖို့ ရှိတယ်၊ သက်နှံရုံပြီး လာပြီး ပင့်မယ့်ကား အလာကို စောင့်နေတယ်၊ စောင့်ရင်း ဟောမယ့် တရားကို ကြည့်နေတယ်၊ ကြည့်နေရင်း ပြောတယ် တဲ့၊ " ငရိုးကြီး သူအနီး အပျိုရောက်ခါမှ အိမ်အခန်းထဲဝင်ကာ လူပျိုလှည့်နည်း နိဿယည်း စာအုပ်ကြည့်သလို ဖြစ်နေပြီ " တဲ့၊ ဆရာတော်က ဟော့ရမယ့် တရားကို တရား ဟောသွားခါနီးမှပဲ ကြည့်ဖို့

http://www.dhammadownload.com

အချိန်ရသတဲ့၊ ကျန်အချိန်မှာကော့ တရားစစ်စတဲ့ အလုပ်တွေက ရှုပ်နေလို့ နေမှာပေါ့။

တစ်ခါကတော့ မဟာစည်ဆရာတော်ကြီးက ဆရာတော်ကိုခေါ်ပြီး ကန်တော်လေးဘက်က ဖို့မြေမမွာရုံမှာ တရားဟောဖို့ အမိန့်ရှိသတဲ့၊ ဟောရမယ့် နေ့လည်း ရောက်ရော ဆရာတော့်မှာ အကြီးအကျယ် ဖျားသတဲ့၊ ဖျားနေလို့ တရားဟောမကြွဖို့ တပည့်တွေက လျှောက်ကြတယ်၊ ဒါပေမယ့် ဆရာတော်က လက်မခံဘူး၊ မဟာစည်ဆရာတော်ကြီးရဲ့ အမိန့်ကို ဖျက်ချင်ပုံမရဘူး၊ ဖျားတာကို ဂရုမစိုက်ဘဲ သွားမယ်၊ ဟောမယ်ချည်းပဲ မိန့်နေတယ်၊ ဖျားတာကလည်း နည်းနည်း ဖျားတာ မဟုတ်ဘူး၊ ဒီဂရီ(၁၀၄)လောက်ထိပဲ တဲ့၊ တရားဟောပင့်ဖို့ ကားရောက်လာပြီ၊ လာပင့်တဲ့ ဒကာကြီးကို ဆရာတော် ဖျားနေတဲ့အကြောင်း ပြောပြပြီး ဟောတဲ့နေရာကို လေမတိုက်ရအောင် စီစဉ်ပေးဖို့ ကပ်ပိယကာရက တပည့်တွေက မှာလိုက်သေးတယ်၊ တရားဟောရမယ့်နေရာ ရောက်တော့ နေရာက ဟာလာဟင်းလင်းကွင်းပြင်ပဲ၊ ဘယ်မှာ လေလုံမလဲ၊ လေမလုံတဲ့ နေရာမှာ ဖျားဖျားနဲ့ တရားကို အကြာကြီး ဟောခဲ့သတဲ့၊ ဒီလို, ဒီလို အခက်အခဲပေါင်းများစွာကို တရားဟောသက်တန်း ခရီးတစ်လျှောက်မှာ ဘယ်လောက် ကျော်လွှားခဲ့ရမှန်း မသိတာ၊ ဒီလို လေ့ကျင့်မှုပေါင်းများစွာနဲ့ တည်ဆောက်ခဲ့တာမို့ ဆရာတော့်မှာ တရားဟောစွမ်းရည်တွေဟာ အားကောင်းနေပြီပေါ့၊ ဟောစရာတွေက များနေလို့ ဘာဟောရမှန်း မသိဖြစ်နေတယ် လို့ ပြောနိုင်နေပြီပေါ့။

ဦးထိပ်ရွက်လျှက်

ငရိုးကြီးလို
ကြိုးစားပိုခဲ့၊
သူကိုယ်အဖျား
ဝင်နေငြားလည်း
သူကား မဖျက်
ဦးထိပ်ရွက်လျှက်
သူဆရာ့မိန့်ချက်။



http://www.dhammadownload.com

သည်းခံပု

စာရေးသူမှာ နေခဲ့တဲ့ နေရာကို ပြန်သွားဖို့ ဝန်လေးနေမိတယ်၊ ဆောင်ရွက်ခဲ့တဲ့ တာဝန်တွေကို ပြန်လည်ဆောင်ရွက်ဖို့လည်း စိတ်အားတွေ မရှိတော့သလောက် ဖြစ်နေမိတယ်၊ ဆရာတော်ကို စိတ်ထဲကတော့ အခါခါ လျှောက်နေမိတယ်၊ ဆရာတော်က ခေါ်လာခဲ့ရင်ဖြစ်စေ, သို့မဟုတ် လျှောက်ဖို့ အခွင့်သင့်လာခဲ့ ရင်ဖြစ်စေ လျှောက်ထားလိုတဲ့ ဆန္ဒတွေ အခါခါ ဖြစ်နေမိတယ်၊ နေပူထဲမှာ အုတ်ခဲ ထုတယ်လို့ ဆရာတော် အမိန့်ရှိဖူးတဲ့ ဘဝမျိုးဟာ ကောင်းလေမလားလို့လည်း အတွေးပေါ်မိပါတယ်၊ လျှောက်ထားလို့တဲ့ ဆန္ဒတွေ ပေါ်လာလို့ စိတ်ကူးထဲမှာ လျှောက်ထားကြည့်ရင်ပဲ စိတ်မကောင်းကြီးစွာ ဖြစ်ရတယ်၊ ငါ့ဆန္ဒအတိုင်း လုပ်တာထက် အရှည်မြော်မြင်အား ကြီးမားတဲ့ ဆရာတော်ရဲ့ ဆန္ဒအတိုင်း လုပ်တာက ပိုပြီး အကျိုးများဖွယ်ရှိလိမ့်မယ်လို့လည်း တွေးမိပါတယ်။

ဆရာတော်ဟာ ဆယ်မိုင်ကုန်း တောစခန်းရိပ်သာကို စနေနေ့မှာ တရားဟောဖို့ ကြွလေ့ရှိတယ်၊ သီတင်းကျွတ်လပြည့်ကျော် (၂) ရက်နေ့ ကတော့ စနေနေ့မဟုတ်ပါဘူး၊ အင်္ဂါနေ့ ဖြစ်နေပါတယ်၊ စက်ဘူဆရာတော် အရှင် ပညာသာမိက ဆယ်မိုင်ကုန်း တောစခန်းရိပ်သာကို တစ်ခေါက် ရောက်ပြီးပေမယ့် စက်ဘူကို မပြန်ခင် နောက်ထပ်တစ်ခေါက် အေးအေးဆေးဆေး ကြည့်လိုတဲ့ ဆန္ဒ ရှိတာကြောင့် ဆရာတော်ဟာ အရှင်ပညာသာမိနဲ့အတူ အင်္ဂါနေ့မှာ ကြွလာပါတယ်၊ စက်ဘူဆရာတော်ကို တရားဟောစေပါတယ်၊ စက်ဘူဆရာတော်က ဘာသာ ပြန်မပါဘဲ ကိုယ်တော်တိုင် အင်္ဂလိပ်လို ပြည့်ပယောဂီတွေအား တရားဟောတယ်၊ ဆရာတော်လည်း ရိပ်သာထဲ ဆောက်လက်စ အဆောက်အဦးတွေကို လျှောက်ကြည့်ပါတယ်၊ စက်ဘူဆရာတော်လည်း အားရအောင် လျှောက်ပြီး ကြည့်ရှုပါတယ်။

http://www.dhammadownload.com

ညနေပိုင်း (၆) နာရီလောက်ထိ ဆရာတော် ပြန်မကြွသေးပါဘူး၊ ပြန်ကြွခါနီးမှာ အလှည့်ကျ ဝေယျာဝစ္စဆောင်ရွက်ပေးနေတဲ့ မကြည်ဝင်းနဲ့ မတင်တင်အောင်တို့ နေရတာ, ဆောင်ရွက်ရတာ အဆင်ပြေ, မပြေ ဆရာတော်က သူတို့ တူအရီး (၂)ယောက်ကို မေးပါတယ်၊ သူတို့ (၂) ယောက်က အဆင်ပြေကြောင်း, ကောင်းမွန်ကြောင်း လျှောက်ထားကြတယ်၊ "ဘာလို့ အဆင်ပြေတာတုံး" လို့ ဆရာတော်က မတင်တင်အောင်ကို ထပ်ပြီး မေးပါတယ်၊ အဲဒီအခါ သူမက မဖြေတတ်ဘဲ ငြိမ်နေပါတယ်၊ ဒါကြောင့် ဆရာတော်က "အရာရာမှာ အဆင်ပြေအောင် သည်းခံနိုင်မှ ရှိလိုပေါ့၊ ဟုတ်လား" လို့ မေးတော့ မတင်တင်အောင်က "ဟုတ်ပါတယ်ဘုရား" လို့ လျှောက်တယ်။

နောက်ပြီး ဆရာတော်က ဒီလို ဆက်ပြီး အမိန့်ရှိတယ်။

"ကောင်းတဲ့ ဂုဏ်ကို ချုပ်ချယ်တဲ့ အရာတွေ ရှိတယ်၊ သူတစ်ပါးတွေက စွပ်စွဲမှု၊ ဒါကလည်း ကိုယ်က သည်းမခံနိုင်ရင် ကိုယ့်ရဲ့ ကောင်းတဲ့ ဂုဏ်ကို ဖျက်ဆီးတတ်တယ်၊ သူတစ်ပါးတွေရဲ့ စွပ်စွဲမှုကိုလည်း သည်းခံနိုင်ရတယ်၊ သည်းခံနိုင်ရင် ကိုယ့်မှာ ကောင်းတဲ့ ဂုဏ်တွေ မပျက်ဘဲ ကောင်းတဲ့ ဂုဏ်တွေ တက်လာတယ်။"

"နောက်တစ်ခုကတော့ သူတစ်ပါးက ကိုယ့်အပေါ် အပြစ်ကျူးလွန်လာမှုပဲ၊ ဒါကလည်း ကိုယ့်ရဲ့ ကောင်းတဲ့ ဂုဏ်ကို ဖျက်ဆီးတတ်တယ်၊ သည်းခံတဲ့သူမှာတော့ သည်းခံတဲ့သူရဲ့ ဂုဏ်ကို မဖျက်ဆီးနိုင်ပါဘူး၊ ဒါကြောင့် ဒါကိုလည်း သည်းခံရတယ်။"

"နောက်တစ်ခုကတော့ ရာသီဥတုအပူ, အအေးဒဏ်ပါပဲ၊ ဒါတွေကိုလည်း သည်းခံနိုင်ရမယ်တဲ့၊ သည်းမခံနိုင်ရင်တော့ ဒါတွေကလည်း ကောင်းတဲ့ ဂုဏ်တွေကို ဖျက်ဆီးတတ်လို့ပါပဲ။"

"နောက်တစ်ခုကတော့ အဆိပ်ရှိတဲ့ မြွေ, ကင်းစတဲ့ အန္တရာယ်တွေပဲ၊ ဒါတွေကိုလည်း သည်းခံနိုင်ရမယ် တဲ့။ နောက်တစ်ခုကတော့ ကြမ်းကြမ်းတမ်းတမ်း ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုလာတဲ့, နားမခံသာဖွယ်ရာ ဆိုစကားတွေပါပဲ၊ ဒါတွေကိုလည်း သည်းခံနိုင်ရမယ်တဲ့၊ သည်းခံနိုင်ရင် သည်းခံနိုင်သူမှာ ဂုဏ်မပျက်ဘဲ ဂုဏ်တက်နေပါတယ်။"

"ဒီခန္ဓာကို အဓိဝါသနခန္ဓာလို့ ခေါ်တယ်၊ ကိုယ့်အပေါ် သက်ဝင်တည်နေစေတဲ့ သည်းခံမှုလို့ အဓိပ္ပါယ်ရတယ်၊ အဲဒီသည်းခံစရာတွေနဲ့ တွေ့တဲ့အခါ ကိုယ်က ပြန်လည်ပြီး မချေပဘူး၊ မတုန့်ပြန်ဘူး၊ အောင့်အီးပြီးနေတယ်၊ အဲဒါဟာ

http://www.dhammadownload.com

အဓိဝါသနခန္တီပဲ။ ”

“ သည်းခံတဲ့အခါမှာ ဆင်ခြင်ဉာဏ်နဲ့ ဆင်ခြင်ပြီး သည်းခံတာလည်း ရှိတယ်၊ တရားရှုမှတ်မှု အသုံးပြုပြီး သည်းခံတာလည်း ရှိတယ်၊ ဆင်ခြင်ပြီး သည်းခံတာထက် ရှုမှတ်ပြီး သည်ခံတာက ပိုအားကောင်းတယ်။ ”

“ကိုယ့်အတွက်ကြောင့် သူတစ်ပါးက သည်းခံရတယ်ဆိုတာမျိုး မရှိစေရဘဲ ကိုယ်ကသာ သူတစ်ပါးကို သည်းခံရတယ်ဆိုတာမျိုးသာ ရှိစေရမယ်၊ သည်းခံတာဟာ ကိုယ်ရော သူပါ အကျိုးရှိတယ်၊ သည်းခံတာဟာ အင်မတန် မြင့်မြတ်တယ်၊ မြင့်မြတ်တဲ့သူတွေမှပဲ သည်းခံနိုင်တယ်၊ စသည်နဲ့ ဆင်ခြင်ပြီး သည်းခံရတယ်၊ သတိပဋ္ဌာန်အလုပ် နေ့တိုင်းလုပ်လို့ စိတ်အားတွေကောင်းနေတဲ့သူမှာတော့ သည်းခံဖွယ်ရာတွေကို လွယ်ကူစွာ သည်းခံနိုင်တယ်၊ အဲဒီလို အရာရာမှာ သည်းခံမှု ရှိရင် အားလုံး အဆင်ပြေလို့ပဲ၊ သိပ်ကောင်းတယ် ” တဲ့။

ဆရာတော် မိန့်ကြားတဲ့ ဒီဩဝါဒစကားကို မကြည်ဝင်း၊ မတင်တင်အောင်တို့သာမက မစောယဉ်ဝင်း၊ မပုဏ္ဏစန္ဒာ (မုတ္တမ)၊ မနီမွှလဉာနီ (နီပေါ)၊ မနန်း၊ ဦးဌေးမြိုင် စတဲ့ ဝေယျာဝစ္စဆောင်ရွက်သူတွေလည်း နာယူနေကြပါတယ်၊ ဆရာတော်က အားလုံးအတွက် ဩဝါဒပေးပုံပေါ်ပါတယ်၊ အားလုံးက ငြိမ်ပြီး လက်အုပ်ကိုယ်စီချီကာ စူးစိုက်စွာ နာယူနေကြပါတယ်၊ စာရေးသူရဲ့ ရှေ့မှာ ရွှေဘို ဆရာတော် ဥုံးနန္ဒလည်း နာယူနေပါတယ်၊ ဆရာတော်ရဲ့ ဒီဩဝါဒစကားတွေက စာရေးသူရဲ့ စိတ်ထဲမှာ အင်အားတွေ ထည့်ပေးသယောင် ထင်ရပါတယ်၊ ခံစားရတယ်၊ ဆရာတော်ဟာလည်း ဆရာတော့်ဘဝခရီးတစ်လျှောက်မှာ ဒီလိုသည်းခံဖွယ်ရာတွေကို အကြိမ်ပေါင်းများစွာ ခံစားခဲ့ရပေမှာပဲ၊ ဆရာတော်ဟာ သူကိုယ့်တွေ အတွေ့အကြုံတွေအရ ဒီဩဝါဒစကားတွေကို လှိုက်လှိုက်လဲလဲ အမိန့်ရှိနေပုံပါပဲ၊ ကိုယ်တွေ့ခံစားချက်နဲ့ ပြောရတဲ့စကားဟာ အရသာ ပိုရှိပုံရပါတယ်၊ ကိုယ်တွေ့မပါဘဲ ပြောရတဲ့ စကားဟာ ဆားမပါတဲ့ ဟင်းကို စားရသလို ပေါ့ရွှတ်ရွှတ် ရှိပုံရပါတယ်။

ဆရာတော်က နိဂုံးချုပ်အနေနဲ့ ဒီစကားလေးကို အမိန့်ရှိလိုက်ပါတယ်။

“ ဒီလို ဝေယျာဝစ္စကုသိုလ်ကို လူချမ်းသာတွေမှ ဆောင်ရွက်နိုင်တာ, လူဆင်းရဲတွေ မဆောင်ရွက်နိုင်ဘူး ” တဲ့။

“ လူချမ်းသာ “ ဆိုတဲ့စကားလုံးလေးရဲ့ အဓိပ္ပါယ်ကိုလည်း ဖွင့်ဆိုပြသေးတယ်။

“ သဒ္ဓါ, သီလ, ဟိရီ, ဩတ္တပ္ပ, သုတ, စာဂ, ပညာဆိုတဲ့ အရိယဥစ္စာတွေရှိတဲ့သူဟာ အမျိုးသားပဲဖြစ်ဖြစ်, အမျိုးသမီးပဲဖြစ်ဖြစ် လူချမ်းသာပဲ၊ သူရဲ့

http://www.dhammadownload.com

အသက်ရှင်ခြင်းဟာ အကျိုးရှိတဲ့ အသက်ရှင်ခြင်းပဲ၊ " တဲ့။

ဆရာတော်က အဲဒီအရိယဥစ္စာ (၇) ပါးကို အဓိပ္ပါယ်ပေါ်လွင်အောင် ရှင်းပြလိုက်ပါသေးတယ်။

ဝေယျာဝစ္စဆောင်ရွက်ရသူတွေဟာ သူတို့ဘဝကို သူတို့တွေးကာ မည်မျှ ဝမ်းသာကြည်နူးနေကြလေမလဲ၊ အလွန်အကဲ ဝမ်းသာကြပေမပေါ့၊ ဆရာတော်ရဲ့ အနုမောဒနာ (ဝမ်းမြောက်ဖွယ်စကား) ဟာ ဘယ်လောက် အားရစရာကောင်းသလဲ၊ ဝေယျာဝစ္စကုသိုလ်ရှင်တွေ အသိဆုံးပေါ့၊ သူတို့ မျက်နှာတွေကို လှမ်းကြည့်လိုက်တော့ လပြည့်ညအခါ သာနေတဲ့ ဖိုးရွှေလမင်းကို သတိရပါတယ်၊ လပြည့်ညမှာ သာတဲ့ ဖိုးရွှေလနဲ့ သူတို့မျက်နှာဟာ အားချင်းပြိုင်နေကြသလိုပါပဲ။

ဆရာတော်ရဲ့ ခန္ဓိနဲ့စပ်တဲ့ ဩဝါဒစကားတော်များဟာ ဗီတာမင်အစုံပါတဲ့ အားဆေးတွေထက် ပိုပြီး ကိုယ်မှာရော စိတ်မှာပါ စာရေးသူအား အားတွေ ပေးသွားပါတယ်၊ စာရေးသူဟာ ကျန်းမာရေးအတွက် အနားယူနေရတာမို့ ကိုယ်ရော စိတ်ပါ အားရှိစေမယ့် ဆေးတွေကို စားနေပါတယ်၊ စားလို့ အားရှိတန်သလောက် ရှိပေမယ့် ဆရာတော်ရဲ့ဩဝါဒဆေးတွေကြောင့် ပိုပြီး အားရှိလာရပါတယ်၊ ဆရာတော်က ဩဝါဒပြီးတော့ " ဥုးဓမ္မိကမှာ အားဆေးတွေကော လိုသေးလားလို့ " မေးတယ်၊ စာရေးသူက လျှောက်လိုက်ပါတယ် " မလိုပါဘုရား၊ ရှိပါတယ်ဘုရား " လို့။

သည်းခံမှု

သည်းခံဖွယ်ရာ
အဖြာဖြာ
သင်ဟာ သည်းခံမှ၊
သင့်ဘဝမှာ
ဂုဏ်ဖြာဖြာ
မှန်စွာ တိုးမည်ပ။

• • • • •

http://www.dhammadownload.com

O. K

စာရေးသူ တက်ဖူးတဲ့ တောင်တွေထဲမှာ အခက်အခဲဆုံးနဲ့ အမြင့်ဆုံး တက်ရတဲ့ တောင်ကတော့ ကရင်ပြည်နယ် ဘားအံမြို့က ဇွဲကပင်တောင်ပါပဲ၊ ဆရာတော်ဟာ မဟာစည်သာသနာ့ရိပ်သာမှာ သီတင်းသုံးတော်မူခဲ့စဉ်က ပြည်တွင်းဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတခရီးတွေ ကြွခဲ့ရာမှာ ဒီကရင်ပြည်နယ်ဟာလည်း တစ်ခုအပါအဝင်ပါပဲ၊ ဘားအံမြို့ မဲဘောင် မဟာစည်သာသနာ့ရိပ်သာမှာ သီတင်းသုံးကာ တရားဟောခဲ့ကြတယ်၊ အဲဒီ ဘားအံမြို့မှာတော့ ဆရာတော်ရယ်, ပြန်ကပြေးဆရာတော်ရယ် ဟောပါတယ်၊ ဆရာတော်ဟာ ဘားအံမြို့ ရောက်ခဲ့စဉ်က သက်တော် (၇၀) ပြည့်ဖို့ မဝေးတော့ပါဘူး၊ ဘားအံမြို့ကို ကြွခဲ့စဉ်က ယခုအခါ ဘီလင်းဆရာတော်လို့ အမည်တွင်နေတဲ့ ဆရာတော် အရှင်ပညာဒီပဟာ မဟာစည်သာသနာ့ရိပ်သာမှာ နာယကာ ဖြစ်လာပါတယ်၊ အဲဒီတုန်းက ကပ္ပိယကာရကတော့ မောင်ခင်မောင်ဌေးပါ၊

ပြန်ကပြေးဆရာတော်, ဘီးလင်းဆရာတော်, စာရေးသူတို့ဟာ လိုက်ပို့သူတွေနဲ့အတူ ဇွဲကပင်တောင်ပေါ် တက်ဖို့ သွားကြပါတယ်၊ ဆရာတော်လည်း ပါလာပါတယ်။ ဆရာတော်ကတော့ တက်ဖို့ ရည်ရွယ်ချက် မရှိပါဘူး၊ ဒါပေမယ့် စာရေးသူတို့ တစ်သိုက် တက်သွားတာကို ကြည့်ပြီး အားကျကာ စမ်းပြီး တက်ကြည့်ချင်စိတ်တွေ ပေါက်လာပုံရတယ်။ ဆရာတော်ကို ဖေးမကူညီပြီး လိုက်ပါလာတဲ့ ဥူးဇင်း, ကိုရင်များအပြင် ဒကာ ဒကာမတွေလည်း ဆရာ့တော်ကို ခြံရံကာ တက်လာကြတယ်၊ စာရေးသူတို့ရဲ့ နောက်ကပေါ့၊ နံနက် (၇)နာရီလောက်ကစပြီး တက်ကြပါတယ်၊ စာရေးသူတို့ (၃) ပါးကတော့ ရှေ့က သွက်သွက်သွက်သွက်နဲ့ပေါ့၊ ဆရာတော်ကတော့ မှန်မှန်ပဲပေါ့၊ ဆရာတော်က ဝလည်း ဝတယ်၊ ပြီးတော့ ဆရာတော့်အသက်က (၇၀) ပြည့်ဖို့ (၃) နှစ်လောက်ပဲ လိုမယ်ထင်တယ်၊ ဒီတော့လည်း စိတ်သွားတိုင်း ကိုယ်ဘယ်ပါ

http://www.dhammadownload.com

နိုင်တော့မလဲ၊ ဒါပေမယ့် ပေပေါင်း(ရ)ထောင်ကျော် မြင့်တဲ့ ဒီဇွဲကပင်တောင်ထိပ်ပေါ် ရောက်အောင် တက်နိုင်သေးတယ်ဆိုတော့ စိတ်သွားတိုင်း ကိုယ်ပါသေးတယ်လို့ ဆိုရပေမပဲ။

ဇွဲကပင်တောင်ဟာ တက်ရတာ မြင့်သလို တချို့နေရာတွေမှာ မတ်စောက်လွန်းလို့ တက်ရတာလည်း ခက်လှပါတယ်၊ နားစရာ, အပန်းဖြေစရာ နေရာလေးတွေလည်း ရှိပါတယ်၊ ဝါရင့်ဓမ္မကထိကတစ်ပါးဖြစ်တဲ့ ပြန်ကပြေးဆရာတော်ကတော့ တောင်တက်ရင်း တွေ့ရတဲ့ နေရာလေးတွေနဲ့ ဥာဏ်စဉ်ကို နှိုင်းယှဉ်ကာ ကဗျာလေးတွေ စီလာပါတယ်၊ ညရောက်တော့ အဲဒီကဗျာလေးတွေနဲ့ တရားဟောတော့တာပါပဲ၊ ပြန်ကပြေးဆရာတော်နဲ့ ဘီလင်းဆရာတော်တို့ဟာ အသက်(၅၀)ကျော် ရှိကြပေမယ့် ဇွဲကပင်ကို သိပ်ပြီး မခက်ခဲ, မပင်ပန်းလှဘဲ တက်နိုင်ကြတယ်၊ စာရေးသူမှာတော့ ခြေထောက်နှစ်ဘက်နဲ့တင် မသွားနိုင်တော့လို့ လေးဘက်ထောက်ကာ ကုန်းပြီး တက်ခဲ့ရပါသေးတယ်၊ အသက်(၆၀)နီးပါးရှိတဲ့ ဆရာတော်လည်း လေးဘက်ထောက်ပြီး မတက်ခဲ့ရပါဘူး၊ ဒါပေမယ့် ဆရာတော်မှာ အတက်မှာရော အဆင်းမှာပါ အန်ရရှာပါတယ်၊ ဆရာတော်ဟာ သူက ဆင်းရဲဒုက္ခ ရောက်နေပေမယ့် "ဥူးဓမ္မိကက ကျန်းမာရေး မကောင်းရှာပါဘူး၊ ဘယ်လိုနေလဲ၊ တက်နိုင်ရဲ့လား" လို့ တကြောင့်ကြကြ မေးရှာတယ်၊ (၁၂)နာရီ ထိုးကာနီးမှ တောင်ထိပ်ကိုဘဲ ရောက်ပါတယ်၊ စာရေးသူတို့ ဆွမ်းစားကြပေမယ့် ဆရာတော်ခမျာ ဆွမ်းဘုဉ်းမပေးနိုင်ရှာဘဲ ပက်လက်လှန်ကာ အနားယူနေရ ရှာပါတယ်။ အချိန်အတော်ကြာအောင် အနားယူပြီးမှ ပြန်ဆင်းခဲ့ကြတယ်၊ တက်တော့ တစ်လမ်း၊ ဆင်းတော့ အခြားတစ်လမ်းပါပဲ၊ ဆရာတော်က ဇွဲကပင်တောင်ပေါ် မှတ်တမ်းစာအုပ်မှာ မှတ်တမ်းရေးခဲ့ပါသေးတယ်၊ အသက်(၆၀)ပြည့်ခါနီး ကျန်းမာရေးကို စမ်းသပ် ကြည့်တဲ့အနေနဲ့ ဇွဲကပင်ပေါ် တက်ခဲ့တာပါပဲ၊ O.K ပါပဲ၊

O.K

ဆရာတော်ကား
(၆၀)နီးငြား
ဇွဲကပင်တက်သွား
ကျန်းမာရေး စမ်းသပ်သား
O.K အနေအထား။

http://www.dhammadownload.com

စာကြည့်တိုက်

ဆရာတော်ဟာ စာအုပ်တွေကို များစွာ စုတယ်၊ မျိုးစုံအောင် စုတယ်၊ စုပြီး အစီအစဉ်တကျ ထားစေတယ်၊ ထားတယ်၊ စာကြည့်တိုက်ပညာရှင်တွေက လာရောက် ဆောင်ရွက် ပေးကြတယ်၊ သူ့အုပ်စုလိုက် ထားတယ်၊ နံပါတ်လေးတွေလည်း စာအုပ်ရဲ့ အနှောင့်မှာ ရေးကာ ကပ်ထားတယ်၊ ဆရာတော်ရဲ့စာအုပ်တိုင်း စာအုပ်တိုင်းမှာ အစိုးရ ဓမ္မာစရိယတံဆိပ်နဲ့ စေတိယင်္ဂဏပရိယတ္တိတွေ ရိုက်ထားတယ်၊ စာရေးသူအနားမှာ On the path to freedom စာအုပ် ရှိတယ်၊ ဆရာတော်ရဲ့စာအုပ်ပါပဲ၊ " စေတိယင်္ဂဏ ပရိယတ္တိဓမ္မာစရိယဂဏ်ဝါစက ဦးပဏ္ဍိတာဘိဝံသ ရန်ကုန်မြို့ စေတိယင်္ဂဏ ပရိယတ္တိအသင်း ၁၃၁၄-ခု " လို့ စေတိယင်္ဂဏဓမ္မာစရိယတံဆိပ်မှာ ပါတယ်၊ အဲဒီ တံဆိပ်အရ ဆရာတော်က စေတိယင်္ဂဏဓမ္မာစရိယ (အဘိဝံသဘွဲ့) ကို ၁၃၁၄-ခုနှစ်မှာ အောင်တယ်ဆိုတာ သိရတယ်၊ အစိုးရဓမ္မာစရိယတံဆိပ်မှာတော့ " ဦးပဏ္ဍိတ သာသနဓဇသိရိပဝရဓမ္မာစရိယ၊ ၁၃၁၃-ခု " လို့ ပါတယ်၊ အဲဒီတံဆိပ်အရ ဆရာတော်ဟာ အစိုးရဓမ္မာစရိယနဲ့ မြန်မာဂုဏ်ထူးကို ၁၃၁၃ - ခုနှစ်မှာ အောင်ခဲ့တယ်လို့ သိရတယ်။

ဆရာ့တော်က စာအုပ်ကို သူကိုယ်တိုင်လည်း ရိုရိုသေသေ ကိုင်တယ်၊ သူတစ်ပါးကိုလည်း ရိုရိုသေသေ ကိုင်စေချင်တယ်၊ စာအုပ်ကို ခေါက်ကိုင်တာ, စာရွက်ချိုးတာကို ဆရာတော်က မကြိုက်ဘူး၊ မြန်မာသဒ္ဒါ, မြန်မာအဘိဓာန်ပေါင်းချုပ်, ဦးရွှေအောင်စာအုပ်များ, ပါဠိတော်, အဋ္ဌကထာ, ဋီကာများ, ဘာသာဋီကာများ, အလိမ္မာပုံဝတ္ထုစတဲ့ အများသုံးစာအုပ်တွေကို အစုံလိုက် အစုံလိုက် အများကြီး ကပို့ထားတယ်၊ ကပို့ထကာရကနဲ့ စာအုပ်ကပို့ရင်လည်း ဆရာတော်က စာအုပ်ကို ဖောင်ပြည့်, မပြည့် စိစစ်ပြီးမှ ကပို့တယ်၊ တပည့်တွေကို ကပို့ခိုင်းရင်လည်း ကပို့တတ်

http://www.dhammadownload.com

ရဲ့လားလို့ မေးပြီး မသိရင် သင်ပေးတယ်၊ ဆရာတော်ရဲ့ စာကြည့်တိုက်မှာ စာအုပ်ပေါင်းကတော့ များစုံနေတာပါပဲ၊ ပါဠိတော်, အဋ္ဌကထာ, ဋီကာ, ဘာသာဋီကာစတဲ့ ပိဋကစာပေဆိုင်ရာ စာအုပ်တွေလည်း စုံနေတာပါပဲ၊ ပါဠိတော်တွေကို တစ်နေရာ, အဋ္ဌကထာတွေကို တစ်နေရာ, ဋီကာတွေကို တစ်နေရာ, မဟာဂန္ထာရုံစာပေတွေကို တစ်နေရာ, မဟာစည်စာပေတွေကို တစ်နေရာ, အင်္ဂလိပ်စာပေတွေကို တစ်နေရာ, အခြားအခြား စာအုပ်တွေကို သူ့ကလွဲ, သူ့အုပ်စုအလိုက် တစ်နေရာစီ ထားတယ်။

ပါဠိစာပေတွေ အစုံ ရှိတယ်၊ သင်္ကတစာပေ, ဟိန္ဒီစာပေတွေကိုလည်း တွေ့ရ တယ်၊ မြန်မာစာပေတွေလည်း များစုံအောင် ရှိတယ်၊ ကျန်းမာရေးဆိုင်ရာ စာပေ, ဝတ္ထု, မဂ္ဂဇင်းစတာတွေလည်း ရှိတယ်၊ အင်္ဂလိပ်စာပေတွေလည်း အများကြီး ရှိတယ်၊ လန်ဒန် ပါဠိစာပေအသင်းက ရိုက်ထားတဲ့ စာအုပ်တွေလည်း အစုံရှိတယ်၊ သိပ်, သိပ်ကိုထူတဲ့ အင်္ဂလိပ်စာအုပ် အကြီးကြီးတွေလည်း တော်တော်ကို များတာပဲ၊ ကားတစ်စီးစာလောက် တန်လိမ့်မယ် တဲ့၊ ကိုရီးယားဘာသာနဲ့ ရိုက်ထားတဲ့ တရားစာအုပ်, ဗီယက်နမ်ဘာသာနဲ့ ရိုက်ထားတဲ့ တရားစာအုပ်တွေလည်း ရှိတယ်၊ မြန်မာစာပေထဲမှာ မြန်မာစာအပြင် မွန်စတဲ့ တိုင်းရင်းသားစာပေတွေလည်း ရှိတယ်၊ Time မဂ္ဂဇင်းတွေ, ဘာသာရေးမဂ္ဂဇင်းတွေ, သိပ္ပံမဂ္ဂဇင်းတွေဟာလည်း ဆရာတော်ထံ လစဉ်ရောက်နေတာပါပဲ၊ အဲဒါတွေကိုလည်း ဆရာတော်က သေသေချာချာ ဖတ်တယ်၊ လေ့လာမှတ်သားတယ်၊ ဆရာတော်က တချို့စာအုပ်တွေကို သားရေဖုံးထားတယ်၊ တချို့စာအုပ်တွေကိုတော့ ပလပ်စတိတ်ဖုံးထားတယ်၊ စာကြည့်တဲ့အခါ စာကြည့် မျက်မှန်ကို သုံးတယ်၊ ညအခါ စာကြည့်ရင် စာကြည့်မီးသီးလေးကို ဖွင့်ပြီး ကြည့်လေ့ရှိတယ်၊ ဆရာတော်က စာကြည့်ရင်း စကားပြောရင် စာကြည့်မျက်မှန်ကို ကျော်, ကျော်ပြီး ကြည့်တတ်တယ်၊ ဆရာတော်ဟာ စာပေမျိုးစုံကို နှံ့စပ်အောင် ကြည့်တယ်၊ ဒါကြောင့် သူအပြော, သူအဟော, သူအတွေး, သူဆုံးဖြတ်ချက်တွေဟာ စာပေနဲ့ ညီတယ်၊ စာပေနဲ့ မလွတ်ဘူး၊ စာပေပညာအလေးထားသူတို့အဖို့ အတုယူစရာ စံနမူနာဖြစ်တယ်၊ စာအုပ်, စာပေတွေဟာ ဆရာတော်အဖို့ မိတ်ဆွေကောင်းတွေပါ။

http://www.dhammadownload.com

စာကြည့်တိုက်

စာအုပ်စာပေ
လူမိတ်ဆွေမို့
စာပေသူမှာ
စုံနေပါ၏။။
စုံစွာစာများ
စုံမှတ်သားကာ
သူ ဖြန့်ပါ၏။။
အသိပွားရန်
သူရည်သန်ကာ
ဖွင့်နေပါ
သိမ်မှာ စာကြည့်တိုက်။

http://www.dhammadownload.com

အပျော်

ဆရာတော်ဟာ ဆယ်မိုင်ကုန်း ပဏ္ဍိတာရာမ တောစခန်းရိပ်သာကို နေ့လယ် (၁၂) နာရီလောက်မှာ ရောက်လာတယ်၊ ရောက်ပြီး ဆွမ်းစားကျောင်းပေါ် ကုလား ထိုင်ခဲ့ ထိုင်နေတယ်၊ သင်္ကန်းရုံကိုလည်း မဖျက်ဘဲ သင်္ကန်းရုံရက်နဲ့ပဲ ထိုင်နေတယ်၊ နေကလည်း ပူတယ်၊ ဆွမ်းစားကျောင်းက သွပ်ပြားမိုးထားတာဆိုတော့ အပူရှိန် သိပ်မသေးဘူး၊ ဆရာတော်နားမှာတော့ ဘုန်းကြီးဦးနန္ဒ, စာရေးသူ, ဦးဌေးမြိုင်, ဒေါ်စောယဉ်ဝင်းတို့ ထိုင်နေကြတယ်၊ ဆရာတော်က ဆယ်မိုင်ကုန်း ရွှေတောင်ကုန်း သာသနာ့ရိပ်သာကို တောရကျောင်း လို့ မခေါ်ဝေါ်, မသုံးနှုန်းဘူး၊ တောရမဟုတ်လို့ ပါပဲ၊ သဲဖြူခြောင်းရွာနဲ့ နီးနေတယ်လေ၊ ဒါ့ကြောင့် ဆရာတော်က " တောစခန်းရိပ်သာ " လို့ သုံးနှုန်းတယ်၊ ပဏ္ဍိတာရာမ တောစခန်းရိပ်သာရဲ့ ပျော်မွေ့ဖွယ်ကောင်းတဲ့ သစ်သီးအာရာမ်, ပန်းအာရာမ်, တောတောင်, တံတား, ရေသန့်စက်, ရေတွင်းရေကန်တွေ, ကျောင်းအဆောက်အဦတွေကို တွေ့ရတာ စိတ် ကြည်နူးရတယ်၊ တွေ့တဲ့ သူတိုင်းပဲ ကြည်နူးကြတယ်၊ ဒီလိုဖြစ်လာအောင် ဦးဆောင်ပေးတဲ့ ဆရာတော်မှာ တော့ ပိုပြီး ဝမ်းသာကြည်နူးမှုတွေ ဖြစ်ပေမပေါ့။

သစ်သီးပင်တွေကလည်း စုံနေတာပါပဲ၊ လှူကြတဲ့သူတွေက စုံအောင်လည်း လှူတတ်ကြပါပေတယ်၊ ပန်းပင်တွေကလည်း စုံနေတာပါပဲ၊ စိုက်ပျိုးရေးဌာနတွေ ကလည်း သစ်ပင်, ပန်းပင်တွေ လှူကြတယ်၊ ခြံမြေနေရာကို လှူကြသူတွေရဲ့ အလှူ ဟာလည်း သာဓုခေါ်ဖွယ်ပါပဲ၊ တံတားဆောက်သူတွေ, ရေသန့်စက် လှူသူတွေ, ရေတွင်းရေကန် တူးသူတွေ, ကျောင်းဆောက်လှူသူတွေဟာလည်း ကုသိုလ်တွေ နေ့ရော ညပါ တိုးပွားနေတာပဲ။

ဆရာတော်က အမိန့်ရှိတယ်။

http://www.dhammadownload.com

" သစ်သီးအာရာမ်, ပန်းအာရာမ်, တောတောင်, တံတား, ရေသန့်စက် (ရေအိုးစင်), ရေတွင်း ရေကန်, ကျောင်းအဆောက်အဦ ပြုလုပ်ပြီး ကောင်းတဲ့ သဘော, ကောင်းတဲ့အလေ့မှာ တည်ရှိသူတွေဟာ နတ်ပြည်သွားမယ့်သူတွေပဲ၊ သူတို့မှာ နေ့ရောညပါ ကောင်းမှုတွေ တိုးပွားနေတယ် " တဲ့။

ဒါက ဘုရားရှင်ရဲ့ စကားတော်ပါပဲ၊ ဆရာတော်မှာတော့ ဒါတွေကို ကြည့်လိုက်တိုင်း, တွေးလိုက်တိုင်း ကုသိုလ်တွေ တိုးပွားနေပုံရပါတယ်၊ အမျှားချမ်းသားရေးကို ရှေးရှုပြီး ဆောင်ရွက်ထားတာ ဖြစ်တဲ့အတိုင်း အမျှားချမ်းသာနေကြတာကို တွေ့ရတော့ ဆရာတော်မှာ ကုသိုလ်ပီတိတွေ တဖွားဖွား ဖြစ်ပေါ်နေပုံရပါတယ်။

နောက်ပြီးတော့ ဆရာတော်က အမိန့်ရှိသေးတယ်။

" အင်း . . . ဒီအပျော်က ရုပ်ဝတ္ထုတွေကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ အပျော်ပဲ၊ တရားနဲ့ ပျော်တဲ့ အပျော်ကမှ ပိုကောင်းတဲ့ အပျော်ပဲ၊ အဲဒီအပျော်နဲ့ ပျော်နိုင်အောင်လည်း ကြိုးစားကြရမယ် " တဲ့။

ဒီတရားစကားကို နာကြားရသူတွေရဲ့ နှုတ်ဖျားက ထွက်လာတဲ့ စကားကတော့ " ဆရာတော်တရားစကားက ကောင်းလိုက်တာ " တဲ့။

အပျော်

ရုပ်ဝတ္ထုပေါ်
ရွှင်ပျော်တာထက်
တရားဘက်မှာ
ပျော်တာသာ
ပိုကာ ကောင်းတဲ့
အပျော်ကွဲ့။

http://www.dhammadownload.com

အောင်မြင်တဲ့ ဆရာဝန်

ဆယ်မိုင်ကုန်း ပဏ္ဍိတာရာမ တောစခန်းရိပ်သာသို့ ဆရာတော်နဲ့အတူ ဆရာဝန်တွေ ပါလာတတ်တယ်၊ " သွေးချိန်ချင်ရင် ချိန်လို့ရတယ်၊ ဆရာဝန်နဲ့ စမ်းသပ်ကြည့်ပါလား " လို့ ဆရာတော်က မိန့်လို့ သွေးချိန်ကြည့်တယ်၊ စာရေးသူမှာ သွေးတိုးရှိနေတယ်တဲ့၊ " အသက် ဘယ်လောက်ရှိပြီလဲ " တဲ့၊ " ၄၁ - နှစ်ပါ " လို့ ပြောတော့ " အငန်းစားတာ ရှောင်ပါ " တဲ့၊ ပထမဆရာဝန်က " နောက်တစ်လ ကြာရင် သွေးထပ်ချိန်ကြည့်ပါ " လို့ မှာသွားတယ်၊ " သွေးတိုးရောဂါ ဖြစ်ဖို့ အလားအလာ ရှိတယ် " လို့လည်း ပြောသွားတယ်၊ တစ်လမကြာခင် ဆရာဝန် တစ်ယောက် ဆရာတော်နဲ့ပါလာလို့ ထပ်ချိန်တယ်၊ သွေးတိုး ရှိပြန်တယ်တဲ့၊ သူက လည်း အသက်မေးတယ်၊ အငန်ရှောင်ဖို့ ညွှန်ကြားတယ်၊ သူမက ဆရာဝန်မပါပဲ၊ နာမည်က " မလှသိန်း " တဲ့၊ အင်္ဂလန်က ပြန်လာသူ တဲ့၊ မစောယဉ်ဝင်းတို့နဲ့အတူ ဆရာတော်ထံ တစ်ချိန်တည်း တရားအားထုတ်ခဲ့တယ် တဲ့။

ဆရာတော်ကတော့ စာရေးသူအား လိုအပ်တဲ့ဆေး ပေးဖို့ ဆရာဝန် မလှသိန်း ကိုပြောတယ်၊ မလှသိန်းက " ဆေးပေးဖို့ မလိုပါဘူး တဲ့၊ သွေးတိုးတာ သိပ်မများပါဘူး " တဲ့၊ ဆရာတော်ကတော့ " တရားနဲ့ ဖိပေါ့ " လို့ အမိန့်ရှိတယ်၊ တရားရှုမှတ် မှုနဲ့ သွေးတိုးရောဂါရှင်တွေ ရောဂါပျောက်သွားတာကို ဆရာတော်က တွေ့ရှိခဲ့တယ်၊ ဒါကြောင့် စာရေးသူကို တရားရှုမှတ်မှုကို ပိုပြီး ကြိုးစားဖို့ တိုက်တွန်း တာပါပဲ။

ဒီဆရာဝန် မလှသိန်းကိုရော အခြားအခြားဆရာဝန်တွေကိုပါ ဆရာတော်က ဒီစကားလေးကို မိန့်ကြားပြီး ဆုံးမလေ့ရှိတယ်။

ဝေဒနာသိပ်ပံ မေတ္တာပုဗ္ဗဘာဂံ သတ္တာနံ ဟိတပဋိသံယုတ္တံ။ ဝိ-၃၊၆၊၃၉၆

http://www.dhammadownload.com

"ဆေးသိပ်ပံအတတ်ဟာ ရောဂါရှင်တွေ ချမ်းသာစေလို့တဲ့ မေတ္တာ ရှေ့သွား ရှိတဲ့ အလုပ်, သတ္တဝါတွေရဲ့ အကျိုးစီးပွားနဲ့ ဆက်စပ်တဲ့ အလုပ်" တဲ့။

ဒီစကားရပ်လေးနဲ့ ဆရာတော်က ဆရာဝန်တွေကို အသပြာဆရာဝန် မဖြစ်ဖို့, စေတနာဆရာဝန်, မေတ္တာဆရာဝန်ဖြစ်ဖို့ ဆုံးမတော်မူလေ့ရှိတယ်။

"ဆေးကုသပေးတဲ့အခါ ရောဂါရှင်တွေ ရောဂါသက်သာပျောက်ကင်းကြပါစေ လို့ မေတ္တာရှေ့ထားပြီး ကုသပေးကြပါ၊ ရောဂါရှင်တွေရဲ့ အကျိုးစီးပွားကို လိုလားကြပါ၊ မေတ္တာရှေ့ထားပြီး ကုသပေးတဲ့ အလုပ်ဟာ မြင့်မြတ်တဲ့ အလုပ် ဖြစ်တယ်၊ မေတ္တာရှေ့ထားပြီး ဆေးကုသပေးတဲ့ အလုပ်မျိုးကို စိတ်ထားမြင့်မြတ်သူ တွေဟာ လုပ်နိုင်ကြတယ်၊ သူတစ်ပါး ချမ်းသာအောင် လုပ်ပေးတဲ့သူဟာ ကိုယ် ကိုယ်တိုင်လည်း ချမ်းသာမှု ရရှိတယ်၊ အင်မတန် ကောင်းတယ်၊ အင်မတန် မွန်မြတ် တယ်။"

ဒီဆရာဝန် မလှသိန်းကို ဆုံးမတဲ့ စကားထဲမှာတော့ မပါပါဘူး၊ အခြား ဆရာဝန်တွေကို ဆုံးမတုန်းက စာရေးသူ နာကြားခဲ့ရတဲ့ စကားလေးတွေ ရှိသေး တယ်၊ အဲဒီစကားလေးတွေကတော့

"ဘုရားလက်ထက်တော်က ဒေါက်တာဇီဝကဟာ ဒီလိုပဲ မေတ္တာရှေ့ထား ပြီး ကုသပေးတယ်၊ လူနာတွေရဲ့ အကျိုးစီးပွားကို ရှေ့ရှုပြီး ကုသပေးတယ်၊ ဒေါက်တာဇီဝကဟာ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်မှုအပြင် မေတ္တာ, စေတနာတွေပါ ပေါင်းစပ်ပြီး ကုသပေးတော့ သူ့ရဲ့ ကုသမှုဟာ အောင်မြင်တယ်၊ ဆေးစွမ်းထက် တယ်၊ ခေတ်စကားနဲ့ ပြောရင်တော့ ဆေးလိုက်တယ်ပေါ့၊ ဆရာဝန်တွေမှာ ဆေးဘက် ဆိုင်ရာ ကျွမ်းကျင်မှုလည်း အတူတူပဲ၊ ပေးတဲ့ ဆေးကလည်း အတူတူပဲ၊ ဒါပေမယ့် ဆေးလိုက်တာ, မလိုက်တာချင်း ကွာခြားတာ ရှိတယ်၊ လူနာတွေ ချမ်းသာစေလိုတဲ့, လူနာတွေရဲ့ အကျိုးစီးပွားကို လိုလားတဲ့ မေတ္တာ, စေတနာတွေဟာ ဆေးကုသရာမှာ ပိုပြီး ထိရောက်စေတယ်၊ ဆေးစွမ်းထက်စေတယ်၊ ဆေးလိုက်စေတယ်၊ ဒါကြောင့် အသပြာ ဆရာဝန် မဟုတ်ဘဲ မေတ္တာဆရာဝန်, စေတနာဆရာဝန်ဖြစ်တဲ့ ဇီဝကရဲ့ ထုံးကို နှလုံး မူပြီး, အတုယူပြီး ကုသနိုင်ကြပါစေ၊ ခေတ်သစ်ဇီဝကတွေ ဖြစ်နိုင်ကြပါစေ၊ ဇီဝက မျိုးနွယ်ဆရာဝန်တွေ ဖြစ်နိုင်ကြပါစေ" တဲ့။

ဒီစကားလေးတွေကို နာကြားရခဲ့စဉ်က သိပ်ပြီး သဘောကျနေမိခဲ့တယ်၊ ဆရာဝန်တွေကို ဆုံးမစကားပြောရာမှာ ဒီစကားလေးတွေက ထိမိလွန်းလို့ပါ၊ ဆရာတော်က ဆရာဝန်တွေရဲ့ အထာကို သိထားတယ်၊ ဆရာဝန်တွေဟာ များသော အားဖြင့် အသပြာဆရာဝန်တွေကပဲ များကြတယ်လေ၊ သူထံ ဆည်းကပ်လာတဲ့

http://www.dhammadownload.com

ဆရာဝန်တွေကို ဆရာဝန်က အသပြာဆရာဝန် မဖြစ်စေချင်ဘူး၊ မေတ္တာဆရာဝန်, စေတနာဆရာဝန် ဖြစ်စေချင်တယ်၊ ဆရာတော်က ဆရာဝန်တွေ အတုယူစရာ ပုဂ္ဂိုလ် ကိုလည်း ထုတ်ပြထားတယ်၊ အတုယူစရာဆရာဝန်ရဲ့ ကုသပုံကိုလည်း မိန့်ကြားထား တယ်၊ ဇီဝက ဆိုတာ ဆရာဝန်လောကမှာ Super Star ပဲ၊ ဗုဒ္ဓသာသနာနယ်ပယ်မှာ အကြီးကျယ် ဆုံး ဆရာဝန်ကြီးပဲ၊ ဗုဒ္ဓသာသနာနယ်ပယ်မှာ သူ့ကို မသိသူ, မကြားဖူးသူကတော့ မရှိသလောက် နေမှာပါပဲ။

ခေတ်သစ်ဇီဝကတွေ, ဇီစကမျိုးနွယ်ဆရာဝန်တွေ ဖြစ်ကြလိုသူတွေဟာ ဇီဝကလို ဆေးပညာဆိုင်ရာမှာ မကြီးကျယ်နိုင်ကြပေမယ့် မေတ္တာ, စေတနာတွေက တော့ ဇီဝကလိုပဲ ကြီးမားအောင် ကြိုးစားနိုင်ကြပါတယ်၊ ကြိုးစားနိုင်ကြရင် ဆရာတော် မိန့်ကြားထားတယ်၊ ဇီဝကဆိုတာ ဆရာဝန်လောကမှာ Super Star ပဲ၊ ဗုဒ္ဓသာသနာနယ်ပယ်မှာ အကြီးကျယ်ဆုံး၊ ဆရာဝန်ကြီးပဲ၊ ဗုဒ္ဓသာသနာနယ်ပယ်မှာ သူ့ကို မသိသူ, မကြားဖူးသူကတော့ မရှိသလောက် နေမှာပါပဲ။

ခေတ်သစ်ဇီဝကတွေ, ဇီဝကမျိုးနွယ် ဆရာဝန်တွေ ဖြစ်လိုကြသူတွေဟာ ဇီဝကလို ဆေးပညာဆိုင်ရာမှာ မကြီးကျယ်နိုင်ကြပေမယ့် မေတ္တာ, စေတနာတွေက တော့ ဇီဝကလိုပဲကြီးမားအောင် ကြိုးစားနိုင်ကြပါတယ်။ ကြိုးစားနိုင်ကြရင် ဆရာတော် မိန့်ကြားသလို ဆေးလိုက်မှာကို ယုံကြည်ထားပါတယ်။

အောင်မြင်တဲ့ ဆရာဝန်

ဆရာဝန်ဟာ
ငွေကိုတော့ လိုချင်ကြမှာ၊
ဒါပေမယ့် စေတနာ
မေတ္တာထားပြီး ကုကြပါ၊
ဒါမှ အောင်မြင်တဲ့ ဆရာဝန် ဖြစ်မှာ။

http://www.dhammadownload.com

ဗိဇ္ဇာလပါဒက

ဆရာတော် ဆယ်မိုင်ကုန်း ပဏ္ဍိတာရာမ တောစခန်းရိပ်သာသို့ ကြွလာတိုင်း ဓမ္မာရုံအောက်ထပ်တွင် အနားယူရင်း ကုလားထိုင်ပေါ်မှာ ထိုင်လေ့ရှိတယ်၊ ကုလားထိုင်ရဲ့ရှေ့မှာ စားပွဲတစ်ချပ်လည်း ခင်းထားတယ်၊ ဒီတစ်ခေါက် စနေမှာလည်း တရားဟောဖို့ ကြွလာတာပါပဲ၊ နေ့လယ် (၂) နာရီမှ (၃) နာရီကျော်ထိ တရားဟောပါတယ်၊ ဓမ္မာရုံရဲ့ အထက်ထပ်မှာပါ၊ တရားဟောပြီးတော့ အောက်ထပ်ကို ပြန်ဆင်းလာတယ်၊ ဆရာတော်ထိုင်တဲ့ ကုလားထိုင်ရဲ့ ရှေ့ရှိစားပွဲပေါ်မှာ ကြောင်ကြီးတစ်ကောင်က တက်အိပ်နေတယ်၊ အိပ်နေတဲ့ ကြောင်ကြီးကို ကြည့်ကာ ဆရာတော်က သဘောကျနေတယ်၊ ပြီးတော့ အနီးနားမှာ ရှိတဲ့ ဦးမြသောင်း (အင်္ဂလိပ်လို ဘာသာပြန်ပေးသူ) ကို " ဒီရိပ်သာမှာ တိရစ္ဆာန်လေးတွေ မွေးထားမယ်၊ တစ်ကောင်နဲ့ တစ်ကောင် သင့်သင့်မြတ်မြတ် နေတတ်အောင် ငယ်ငယ်ထဲက သူတို့ကို အစာအတူတူကြွေးထားမယ် " လို့ အမိန့်ရှိနေတယ်၊ ပြီးတော့ " ဦးမြသောင်း . . . အဲဒီကြောင်မှာ ခြေထောက်မှာ ခြေမွှာလေးတွေ ဘယ်နှစ်ခုရှိလဲ၊ ရေတွက်ကြည့်စမ်းပါ " လို့ ပြောတယ်၊ ဦးမြသောင်းကလည်း ကြောင်ကို ချစ်ပုံပေါ်တယ်၊ ကြောင်ခြေထောက်ကို ကိုင်ပြီး ခြေမွှာလေးတွေ ရေတွက်ကြည့်နေတယ်၊ " (၄) မှာ ရှိတယ်ဘုရား " . . . လို့ လျှောက်တယ်။

" ဆရာတော်က . . . ဘာလို့ ရေတွက်ခိုင်းတာပါလိမ့်လို့ " ဘေးနားမှာ ထိုင်နေတဲ့ စာရေးသူက တွေးနေမိတယ်၊ တွေးနေတုန်းမှာပဲ ဆရာတော်ဆီက စကားပေါ်ထွက်လာတယ်။

" ဘုရားရှင်လက်ထက်တော်တုန်းက ဗိဇ္ဇာလပါဒက သူဌေးဆိုတာ ရှိခဲ့တယ်။ " ဒီစကားလေးကို ကြားရတော့ စာရေးသူက စိတ်ဝင်စားသွားမိတယ်၊ ဗိဇ္ဇာလပါဒက

http://www.dhammadownload.com

သူဌေးဝတ္ထုဟာ ဓမ္မပဒဋ္ဌကထာ, ပါပဝဂ်မှာ ပါတယ်၊ သာမဏေကျော်စာမေးပွဲတုန်းက သင်ယူခဲ့ရတယ်၊ အဲဒီဝတ္ထုကို တရားဟောတဲ့အခါမှာလည်း " နည်းနည်းလေးပေမယ့် အထင်မသေးနဲ့ " ဆိုတဲ့ နာမည်နဲ့ ဟောခဲ့ဖူးတယ်၊ အဲဒီဝတ္ထုကို သင်ယူခဲ့ရစဉ်ကရော ဟောပြခဲ့စဉ်ကပါ " ဗိဠာလပါဒက " ဆိုတဲ့ စကားလုံးလေးရဲ့ အဓိပ္ပါယ်ကို ပိုင်ပိုင်နိုင်နိုင် သဘောမပေါက်ခဲ့ဘူး၊ ယောင်ဝါးဝါးပါပဲ၊ ဆရာတော်က ကြောင်ရဲ့ ခြေထောက်က ခြေမွှာလေးတွေကို ရေတွက်ခိုင်းတာနဲ့ " ဗိဠာလပါဒက " ဆိုတဲ့ စကားလုံးလေးကို သုံးလိုက်တာကို ပေါင်းစပ်လိုက်တော့ သဘောပေါက်သွားတယ်။

ဆရာတော်က ဆက်လက်ပြီး ရှင်းပြပါတယ်။

" ဗိဠာလ – ဆိုတဲ့ ပါဠိစကားရဲ့ မြန်မာလို အဓိပ္ပါယ်က " ကြောင် " တဲ့၊ ပါဒက ဆိုတာ ခြေမွှာပဲ၊ ဗိဠာလပါဒကသူဌေး ဆိုတာ ကြောင်ရဲ့ခြေမွှာလို လက်ချောင်းနဲ့ ဆန့်, ပဲ, ပဲနောက် စတဲ့ လှူဖွယ်ပစ္စည်းတွေကို နှိုက်ယူပြီး လှူဒါန်းတဲ့ သူဌေးပဲ၊ နိဗ္ဗာန်ဆော်လုပ်သူက သံဃာတော်တွေကို ဆွမ်းဆက်ကပ် လှူဒါန်းဖို့ ဆွမ်းဆန်စတာတွေကို လိုက်ပြီး အလှူခံတယ်၊ အဲဒီ သူဌေးအိမ် ရောက်တော့ အဲဒီသူဌေးက လက်ချောင်းနဲ့ ဆန်အိုးထဲ နှိုက်ပြီး ဆန်စေ့လေးတွေ ထည့်လှူတယ်၊ ကျန်တဲ့ လှူဖွယ်တွေကိုလည်း ဒီလိုပဲ လှူတယ်၊ ဆီကိုတော့ ဆီမှုတ်ရဲ့ ဖင်က ထောင့်တစ်နေရာနဲ့ ဆီအိုးထဲ တို့ထိပြီး ကပ်ပါလာတဲ့ ဆီကို လှူတယ်။ "

" အဲဒီသူဌေးက ' ဒီနိဗ္ဗာန်ဆော်ဟာ လှူချင်ရင် သူဘာသာ လှူရောပေါ့၊ ဘာလို့ သူများကို လှူဖို့ တိုက်တွန်းရတာလဲ ' လို့ တွေးကာ သူဌေးက နိဗ္ဗာန်ဆော်ကို မကျေမနပ် ဖြစ်ပြီး ဒီလို ထူးထူးဆန်းဆန်း လှူလိုက်တာပါပဲ၊ နိဗ္ဗာန်ဆော်ကလည်း " ကိုယ်တိုင် လှူသူဟာ ဖြစ်လေရာဘဝတိုင်းမှာ ပစ္စည်းဥစ္စာကြွယ်ဝမယ်၊ သူတစ်ပါးကို လှူဖို့ တိုက်တွန်းသူဟာ အခြွေအရံတွေ ပေါများမယ် " လို့ ဟောထားတဲ့ ဘုရားစကားကို နာကြားခဲ့ရလို့ ပစ္စည်းဥစ္စာရော အခြွေအရံပါ ပေါများကြွယ်ဝစေမယ့် ဒီနိဗ္ဗာန်ဆော်အလုပ်ကို လုပ်တာပါပဲ၊ သူဌေးက ဒီလို ထူးထူးဆန်းဆန်း လှူထားတဲ့ ပစ္စည်းတွေကို ထည့်စရာ ခွက်သီးသန့်တွေမှာ နိဗ္ဗာန်ဆော်က ထည့်ပြီး ယူခဲ့တယ်၊ နိဗ္ဗာန်ဆော်ရဲ့ လုပ်ပုံကလည်း ထူးလို့ သူဌေးက ထောက်လှမ်းရေးလူတစ်ယောက်ကို နိဗ္ဗာန်ဆော်နောက် ထည့်လိုက်တယ်၊ ဒီနိဗ္ဗာန်ဆော် ဘုံကို လူပုံအလယ်မှာ အရှက်ခွဲမှာလေလား၊ သိက္ခာချမှာလေလား ဆိုတဲ့ အတွေးနဲ့ပေါ့။

နိဗ္ဗာန်ဆော်က တကယ့်ရည်ရွယ်ချက်ကောင်းကောင်းနဲ့ လုပ်တာ၊ ဆွမ်း, ဆွမ်းဟင်းချက်တဲ့ နေရာရောက်တော့ သူဌေးလှူလိုက်တဲ့ ဆန်, ဆီ, ပဲစတဲ့ လှူဖွယ်တွေကို ထမင်းအိုးတိုင်း, ဟင်းအိုးတိုင်းမှာ လိုက်ထည့်တယ်၊ " သူဌေး အကျိုးမျှား

http://www.dhammadownload.com

ပါစေ ” ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါပဲ၊ နောက်နေ့ ဆွမ်းကပ်ပြီးတော့ ကုသိုလ်ရှင်တွေရဲ့ ကုသိုလ် စာရင်းကို ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို လျှောက်ထားပြတဲ့အခါ သူဌေးရဲ့ အလှူကို အရှက်ရစေလိုတဲ့ သဘောနဲ့ အသေးစိပ် ဖော်ပြပြီး လျှောက်ထားရင် နီဗွာန်ဆော်ကို ဓားမြောင်နဲ့ ထိုးသတ်ဖို့ သူဌေးက ဓားမြောင် ယူသွားတယ်၊ နီဗွာန်ဆော်က သူဌေး မျှော်လင့်သလို မလုပ်ဘူး၊ “ နည်းများမဆို ကုသိုလ်ပါဝင်သူ အားလုံး အကျိုးများကြပါစေ ” ဆိုတဲ့ ရည်ရွယ်ချက် နဲ့ ယခုလို ဆောင်ရွက်ပါတယ် ဘုရား၊ နည်းများမဆို ကုသိုလ်ပါဝင်အားလုံး အကျိုးများကြပါစေလို့ လျှောက်ထားလိုက်သတဲ့၊ သူဌေးက သူအမှား သူသိပြီး နီဗွာန်ဆော်ရဲ့ မွန်မြတ်တဲ့ ရည်ရွယ်ချက်, သင့်တင့်တဲ့ နှလုံးသွင်းကို လေးစား ကြည်ညိုကာ တောင်းပန်တယ်၊ ဘုရားရှင်က ကုသိုလ်ကို နည်းနည်းလေးပေမယ့် အကျိုးပေးမှာ မဟုတ်ပါဘူး လို့ အထင်မသေး သင့်ကြောင်း, တံစက်မြိတ်က ရေပေါက်ဟာ ကျဖန်များတော့ ရာဝင်အိုးကြီးတွေ ပြည့်ရသလို ကုသိုလ်ဟာလည်း နည်းနည်းချင်း ဆည်းပူးရင် ပညာရှိပုဂ္ဂိုလ်မှာ ကုသိုလ်တွေ ပြည့်လာတဲ့အကြောင်းကို ဟောတယ်၊ အဲဒီသူဌေးဟာ သူသန္တာန်မှာ ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်တရားတွေကို ဖြစ်ခိုက်လိုက်ပြီး ရှုမှတ်ကာ ဉာဏ်စဉ် တက်လာပြီး သောတာပန် ဖြစ်သွားတယ်၊ အပါယ် တံခါး ပိတ်သွားတယ်။ ”

“ ဒီဝတ္ထုမှာ နီဗွာန်ဆော်ရဲ့ ယောနိသော မနသိကာရရှိပုံဟာ ဘယ်လောက်ကောင်းသလဲ၊ နီဗွာန်ဆော်ရဲ့ အဲဒီယောနိသော မနသိကာရ (သင့်တင့်စွာ နှလုံးသွင်းမှု) ဟာ ဘယ်လောက် စည်းရုံးရေးကောင်းသွားသလဲ၊ သူဌေးမှာ ဘယ်လောက် အကျိုးတွေ သက်ရောက်သွားသလဲ၊ ဒါ့လေးတွေကို စဉ်းစားပြီး ယောနိသောမနသိကာရကို မွေးမြူနိုင်ကြရင် သိပ်ကောင်းမှာပဲ၊ ယောနိသော မနသိကာရရဲ့ စွမ်းအားဟာ ကြီးမားလှပါပေတယ် ” တဲ့။

ဆရာတော်က သူ့ရှေ့စားပွဲမှာ အိပ်နေတဲ့ ကြောင်ရဲ့ ခြေနဲ့ ပတ်သက်ပြီး မိန့်ကြားသွားတဲ့ စကားလေးတွေဟာ စိတ်ဝင်စားဖွယ်, မှတ်သားဖွယ်ကောင်းလှပါပေတယ်၊ “ ဗိဠာလပါဒက ” ဆိုတဲ့ ပါဠိစကားလုံးရဲ့ အဓိပ္ပါယ်ကို ·ရှင်းရှင်းလင်းလင်း သိချင်နေခဲ့တယ်၊ ယခုတော့ အဲဒီဆန္ဒ ပြည့်ဝသွားပြီ၊ ကြောင်ကိုပဲ ကျေးဇူးတင်ရမလား, ဆရာတော်ကိုပဲ ကျေးဇူးတင်ရမလား, ဦးမြသောင်းကိုပဲ ကျေးဇူးတင်ရမလား၊ သုံးဦး ပေါင်းဆုံမိလို့သာ ဒီအဓိပ္ပါယ်ကို သိရတာမို့ သုံးဦးလုံးကိုပဲ ကျေးဇူးတင်နေမိပါတယ်။

http://www.dhammadownload.com

ဗိဇ္ဇာလပါဒက

ဗိဇ္ဇာလပါဒက

ကြောင်ရဲ့ခြေက မွှာ (၄) ခွ

ထိုနည်းတူစွာ သူဌေးမှာ

လက် (၃) ချောင်းနဲ့ ယူပေးပါ

ထို့ကြောင့်သာ ထိုသူဌေး

ဗိဇ္ဇာလပါဒကမည်တွင်ပေး။

http://www.dhammadownload.com

ကရဏာနဲ့ပညာ

နာယကဇေယျဝတီဆရာတော် အရှင်သာသန အင်္ဂလန်က ပြန်ကြွလာမယ်၊ အဲဒီနေရာမှာ အစားပို့ပေးရမယ်၊ အရှင်ဣန္ဒဝံသာစာရကို ဆရာတော်က ပို့ပေးဖို့ ရွေးချယ်ထားတယ်၊ အရှင်ဣန္ဒဝံသာစာရ မကြွခင် ဂျာမန်ရဟန်းတော် အရှင်ဝိဝေကာနန္ဒ ကြွနိုင်ရင် ဆရာတော်က ကြွပေးစေချင်တယ်၊ အရှင်ဝိဝေကာနန္ဒကတော့ လုံးဝ မသွားချင်ရှာဘူး၊ အရှင်ဝိဝေကာနန္ဒမှာ မသွားချင်ဘဲနဲ့ သွားရမှာမို့ စိတ်ဆင်းရဲနေပုံရပါတယ်၊ ကျန်းမာရေး မကောင်းဖြစ်ပြီး ဆရာတော်ထံတောင် ဖူးမြော်ကန်တော့ရောက်မလာဘူး၊ ဒါကြောင့် အရှင်ဝိဝေကာနန္ဒအား ဆရာတော် မိန့်ကြားချင်တဲ့ စကားလေးတွေကို စာရေးသူနဲ့ ဥူးနန္ဒအား ပြောပြပါတယ်။

" တပည့်တော်တို့ ရဟန်းတော်တွေ သာသနာအစပိုင်းက ဘုရားမိန့်ကြားထားတဲ့ ဒီစကားလေးကို သတိထားကြဖို့ ကောင်းတယ်။ "

" စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ " တဲ့။

မြန်မာလိုကတော့ " ဘိက္ခုတို့ . . . ဒေသစာရီ လှည့်လည်ကြ၊ (ခရီးသွားကြ) ဒေသန္တရ ဗဟုသုတရဖို့လား ဆိုတော့လည်း မဟုတ်သေးဘူး၊ လူအများရဲ့ စီးပွားနဲ့ ချမ်းသာအလို့ငှာ, လောကသားတွေအပေါ် သင့်တော်တဲ့ စိတ်လှုပ်ရှားမှု (ကရဏာ) အလို့ငှာ, နတ်လူတို့ရဲ့ အကျိုးငှာ, စီးပွားချမ်းသာအလို့ငှာ " – တဲ့၊ ဒါကတော့ ခရီးသွားရခြင်းရဲ့ ရည်ရွယ်ချက်ပေါ့။

ဒီမှာ " အနုကမ္ပာ " ဆိုတဲ့ စကားလုံးလေး ပါတယ်၊ အဲဒီစကားလုံးလေးရဲ့ မြန်မာလို အဓိပ္ပါယ်က " သင့်တော်တဲ့ စိတ်လှုပ်ရှားမှု " ဟဲ့၊ လောကသားတွေရဲ့ အကျိုးစီးပွားကို လိုလှူးတယ်၊ ဆုံးရဲနေကြတဲ့ သတ္တဝါတွေရဲ့ ဆင်းရဲကို

http://www.dhammadownload.com

ဖယ်ရှားပေးချင်တယ်၊ ဒါတွေဟာ သင့်တော်တဲ့ စိတ်လှုပ်ရှားမှုတွေပါပဲ။

ဒီသင့်တော်တဲ့ စိတ်လှုပ်ရှားမှုကို မွေးမြူရတယ်၊ ဘုရားအလောင်းတော်တွေမှာ အင်မတန် ကြီးကျယ်တဲ့ စိတ်လှုပ်ရှားမှု = မဟာကရုဏာဖြစ်တယ်၊ ဘုရားအလောင်းတော်တွေမှာလောက် မကြီးကျယ်တောင် "ဆင်လည်း ဆင့်အထွာနဲ့၊ ကြွက်လည်း ကြွက်အထွာနဲ့ "ဆိုတာလို ကိုယ့်အတိုင်းအတာနဲ့ များပြားလာအောင် ပွားများရတယ်၊ ပထမတော့ နည်းနည်းပေါ့၊ ပွားများပါများလာတော့ များလာတာပေါ့၊ ဒီလိုပဲ လေ့ကျင့်ယူရတယ်။

အများအကျိုးဆောင်ရာမှာ ကရုဏာရှိရုံနဲ့ မလုံလောက်သေးဘူး၊ ပညာရှိဖို့လည်း လိုသေးတယ်၊ ကရုဏာသာ ရှိပြီး ပညာမရှိရင် အမှား, အမှန် မခွဲခြားနိုင်ဘူး၊ ပညာသာ ရှိပြီး ကရုဏာမရှိရင် အကျိုးမဲ့ ဖြစ်နိုင်တဲ့ နေရာမှာလည်း စေခိုင်းတတ်တယ်။ ဒါကြောင့် ကရုဏာရော, ပညာရော, နှစ်မျိုးလုံး ရှိဖို့ လိုအပ်တယ်။

တပည့်တော်တို့ ရဟန်းတော်တွေမှာ ဒီကရုဏာနဲ့ပညာ နှစ်မျိုးလုံး ရှိဖို့ လိုအပ်ပါတယ်၊ ရဟန်းတိုင်း, ရဟန်းတိုင်း သင့်တော်တဲ့ စိတ်လှုပ်ရှားမှုခေါ် ကရုဏာကိုလည်း မွေးမြူကြရပါမယ်၊ အသိပညာတိုးပွားအောင်လည်း ကြိုးစားကြရပါမယ်။

မြတ်စွာဘုရားက ဒကာ, ဒကာမတွေကို ကရုဏာနဲ့ ချဉ်းကပ်တယ်၊ ပညာနဲ့အတွယ်အတာကို ခွာတယ် တဲ့၊ မြတ်စွာဘုရားရဲ့ တပည့်တွေဖြစ်တဲ့ တပည့်တော်တို့ ရဟန်းတော်တွေဟာလည်း ဒကာ, ဒကာမတွေကို ချဉ်းကပ်ကြရပါမယ်၊ ဆက်ဆံကြရပါမယ်၊ ဘာနဲ့ ချဉ်းကပ်ရ, ဆက်ဆံရမလဲဆိုတော့ ကရုဏာနဲ့တဲ့၊ ဒီစကားလေးက သိပ်ကောင်းတယ်၊ ဒကာ, ဒကာမတွေကို သနားပါ ပေါ့၊ ဒကာ, ဒကာမတွေရဲ့ ဆင်းရဲတွေကို ဖယ်ရှားပေးလိုတဲ့ သဘောထားတွေကို မွေးမြူပါ တဲ့၊ ဒကာ, ဒကာမတွေကို ချဉ်းကပ်ဆက်ဆံတဲ့အခါ အတွယ်အတာတွေနဲ့ ရင်းရင်းနှီးနှီး ရောနှောရမှာလား ဆိုတော့ ဒီလိုလဲ မဟုတ်သေးဘူး တဲ့၊ ပညာနဲ့ အတွယ်အတာကို ခွာရမယ် တဲ့၊ ဒီစကားလေးကလည်း သိပ်ပြီး ကောင်းတာပဲ။

တပည့်တော်တို့ ရဟန်းတိုင်း, ရဟန်းတိုင်း ဒီသဘောလေးတွေကို မွေးမြူပြီး သာသနာအကျိုး, လောကအကျိုး သယ်ပိုးကြရင် သိပ်ကို ကောင်းမှာပဲ၊ သိပ်ကို အကျိုးရှိမှာပဲ " တဲ့။

ဆရာတော် မိန့်ကြားတဲ့ ဒီစကားလေးတွေဟာ သိပ်ကို တန်ဖိုးရှိတာပဲ။ အများအကျိုး သယ်ပိုးလိုကြသူတိုင်း ကရုဏာရှင်, ပညာရှင်ဖြစ်ကြရမယ် တဲ့၊ ကရုဏာရှင်ဖြစ်ရုံနဲ့လည်း အများအကျိုး မသယ်ပိုးနိုင်ဘူး၊ ပညာရှင်ဖြစ်ရုံနဲ့လည်း အများအကျိုး မသယ်ပိုးနိုင်ဘူး၊ ကရုဏာပညာစွယ်စုံပိုင်ရှင်ဖြစ်မှ အများအကျိုး

http://www.dhammadownload.com

၄၁၀ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်၏

သယ်ပိုးနိုင်မယ် တဲ့။

ကရဏာနဲ့ပညာ

အများအကျိုး
ရွက်သယ်ပိုးဖို့
(၂) မျိုးပိုင်ရှင်
ဖြစ်စေချင်၏။
ထို (၂)မျိုးမှာ
ကရုဏာနဲ့ ပညာ တဲ့။

http://www.dhammadownload.com



ဗာရာဏသီဆရာတော်နှင့် သပြေကန်ဆရာတော်တို့အား အရိုအသေပေးနေပုံ



ပြည်ပယောဂီများနှင့် ဆရာတော်

(အပေါ်ပုံ → စာမျက်နှာ ၃၁၁) (အောက်ပုံ → စာမျက်နှာ ၃၄၅)

http://www.dhammadownload.com



ပြည်ပလေယာဉ်ကွင်းမှ ဆရာတော်



ရှေ့တန်း - (ဝဲမှယာ) ရှရွန် (အမေရိက)၊ ဦးမြသောင်း (ဘာသာပြန်)၊
ဂိုးစတိန်း (အမေရိက)၊

နောက်တန်း - (ဝဲမှယာ) အရှင်ပညာသာမိ၊ ဆရာတော်၊
အရှင်ဉာနပုဏ္ဏိက (နီပေါ)၊

(အပေါ်ပုံနှင့်အောက်ပုံ → စာမျက်နှာ ၄၁၀)

http://www.dhammadownload.com

ပိတိမျက်နှာ

"ကာလီမောက်(စ်)ကာလီချို" အမည်ရှိ အမေရိကအမျိုးသမီး ယောဂီဟာ သိက္ခာရှင်ဝတ်လိုလို့ ဆရာတော်ထံ ခွင့်တောင်းရာ ဆရာတော်က ခွင့်ပြုလို့ သိက္ခာရှင်ဝတ်တယ်၊ ဘွဲ့က ဝိရဉာနီ၊ ယခုအကြိမ်ဟာ ဒုတိယအကြိမ်ပေါ့၊ ပထမအကြိမ်က ရန်ကုန် ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာပါ၊ ပထမအကြိမ်က ဘွဲ့ကိုပဲ ဆရာတော်က ထပ်ပေးတယ်၊ ဝိရဉာနီပါပဲ၊ ဆရာတော်က "ဝိရဉာနီ" ဆိုတဲ့ ဘွဲ့ရဲ့ အဓိပ္ပါယ်ကို အင်္ဂလိပ်လို ရှင်းပြတယ်၊ One who has brave wisdom တဲ့၊ "ရဲရင့်တဲ့ ဉာဏ်ရှိသူ" လို့ မြန်မာလို အဓိပ္ပါယ်ရတယ်၊ မဝိရဉာနီကလည်း သူ့ဘွဲ့ကို သဘောကျတယ်၊ သူမဟာ ပဏ္ဍိတာရာမ တောစခန်းရိပ်သာမှာ လူဝတ်နဲ့ အားထုတ်နေတာ တစ်လ ကျော်လောက် ရှိပြီ၊ သိက္ခာရှင်ဝတ်စုံ ဝတ်ပြီး ခေါင်းတုံးပြောင်ပြောင်နဲ့ ဆရာတော်ထံမှောက် ဒူးတုပ်ပြီး လက်အုပ်ချီကာ ထိုင်နေတဲ့ သူမကို ဆရာတော်က အောက်ပါ စကားတွေကို အမိန့်ရှိပါတယ်။

"အခုလို သိက္ခာရှင်ဝတ်စုံ ဝတ်ထားတာဟာ အသွင်ဆောင်ရုံမျှပါပဲ၊ အသွင်ဆောင်ရုံနဲ့ မပြီးသေးပါဘူး၊ အကျင့်ပါ ဆောင်ရပါတယ်၊ အကျင့်ဆိုတာကတော့ သီလ, သမာဓိ, ပညာအကျင့်တွေပါပဲ၊ လူဝတ်ကြောင်ဘဝထဲက ရှစ်ပါးသီလ စောင့်ထိန်းပြီး သတိပဋ္ဌာန် တရားအားထုတ်နေတာဆိုတော့ အကျင့်ဆောင်ကဟာ့ ဖြစ်ခဲ့ပါပြီ၊ ယခု သိက္ခာရှင်ဘဝနဲ့ တရားအားထုတ်ရင်တော့ အသွင်ဆောင်ရော အကျင့်ဆောင်ရော ဖြစ်သွားပြီ။

ဘုရားလက်ထက်က ပရိဗိုဇ်တစ်ယောက်က ဘုရားထံ သွားပြီး "အရှင်ဂေါတမ အရှင်ဂေါတမက အရှင်ဂေါတမရဲ့ တပည့်တွေကို ပဗ္ဗဇိတ, ပဗ္ဗဇိတ လို့ ခေါ်ဝေါ်သုံးနှုန်းတယ်၊ အကျွန်ုပ်လည်း လူမှုကိစ္စတွေကို စွန့်လွှတ်ပြီး ပရိဗိုဇ်ဘဝ

http://www.dhammadownload.com

ရောက်နေတာမို့ ပဗ္ဓဇိတပါပဲ ” လို့ လျှောက်တယ်၊ ဒီတော့ ဘုရားက “ အိုပရိဗိုဇ် . . . အသွင်ကို ဆောင်ကာမျှနဲ့ ငါက ပဗ္ဓဇိတ လို့ မခေါ်ဘူး၊ အတွင်းကိလေသာ ရန်သူတွေကို ပယ်သတ်တဲ့ အကျင့်ကိုပါ ဆောင်မှ ပဗ္ဓဇိတလို့ ခေါ်တယ် ” လို့ အမိန့်ရှိလိုက်တယ်၊ မြတ်စွာဘုရားက ဂုဏ်ကြီးတဲ့ ပုဂ္ဂိုလ်ဆိုတော့ ဂုဏ်ကြီးတဲ့ ပုဂ္ဂိုလ်ရဲ့ အသိအမှတ်ပြုခြင်းကို လောကလူတွေက ခံချင်ကြတယ်၊ ဒါကြောင့် အဲဒီပရိဗိုဇ်ကလည်း သူ့ကို ပဗ္ဓဇိတ အဖြစ်နဲ့ မြတ်စွာဘုရားရဲ့ အသိအမှတ်ပြုခြင်းကို ခံချင်လို့ အဲဒီလို လျှောက်တာပါပဲ။

အခု မဝိဇ္ဇာနီဟာ အသွင်ရော အကျင့်ပါ ဆောင်ထားပြီး ရဲရင့်တဲ့ ဉာဏ် ပိုင်ရှင်ဆိုတဲ့ နာမည်အတိုင်းပဲ ရဲရင့်တဲ့ ဉာဏ်နဲ့ အတွင်းကိလေသာရန်သူတွေကို တိုက်ထုတ်ပေါ့။ ”

“ သီလထပ်ယူအုံးမလား။ ”

“ မှန်ပါဘုရား။ ”

“ ဒီလိုဆိုရင် သီလထပ်ယူလေ၊ နမောတဿက စဆို။ ”

နမောတဿ ဘုရားရှိခိုးကို ကမ္မာ့ပါဠိသံနဲ့ သုံးခေါက် သူမဘာသာ ဆို သွားတယ်၊ ဆရာတော်က ရှေ့က ဆိုမပေးတော့ဘူး၊ သရဏာဂုံ (၃) ပါးကိုလည်း ကမ္မာ့ပါဠိသံနဲ့ပဲ သူမဘာသာ ဆိုသွားတယ်၊ ရှစ်ပါးသီလကိုလည်း သူမဘာသာပဲ ဆိုသွားပါတယ်၊ နမောတဿဘုရားရှိခိုးနဲ့ သရဏာဂုံ (၃) ပါးရဲ့ အဓိပ္ပါယ်ကိုတော့ ဗုဒ္ဓသာသနာဝင် မြန်မာလူမျိုး အများစုဟာ သိချင်မှ သိကျမယ်၊ မဝိဇ္ဇာနီကနေတော့ သိ ထားပါတယ်၊ တကယ်တော့ ဗုဒ္ဓသာသနာဝင်မြန်မာလူမျိုးတိုင်းဟာ နမောတဿ ဘုရားရှိခိုးနဲ့ သရဏာဂုံ (၃) ပါးရဲ့အဓိပ္ပါယ်ကို မဝိဇ္ဇာနီလိုပဲ သိအောင် ကြိုးစား ထားသင့် ကြပါတယ်။

ရှစ်ပါးသီလကိုတော့ ဗုဒ္ဓသာသနာဝင် မြန်မာလူမျိုးတိုင်း အဓိပ္ပါယ်သိချင်မှ သိကြမယ်၊ သိသူဦးရေ များလှမယ် မဟုတ်ဘူး၊ ပါဠိလို ရှစ်ပါးသီလကို ဆောက် တည်နေကြပေမယ့် မြန်မာလိုအဓိပ္ပါယ်ကိုတော့ သိသူတွေက နည်းနေကြပါတယ်၊ ဒီ အမေရိကသိက္ခာရှင် မဝိဇ္ဇာနီကတော့ ရှစ်ပါးသီလကို ဆောက်တည်တတ်ရုံမက အဓိပ္ပါယ်ကိုပါ သိတယ်၊ သိပြီးရုံမျှမက ကိုယ်တိုင်လည်း လက်တွေ့ လိုက်နာကျင့်သုံး နေတယ်၊ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတိုင်းဟာ မဝိဇ္ဇာနီလို ရှစ်ပါးသီလကို ဆောက်တည်တတ်ပြီး အဓိပ္ပါယ်လည်း နားလည်ထားသင့်ကြပါတယ်၊ နားလည် အောင် ကြိုးစားထားသင့်ကြပါတယ်။

သူမ ရှစ်ပါးသီလ ဆောက်တည်ပြီးတဲ့အခါ ဆရာတော်က

http://www.dhammadownload.com

"ကွာဒံ မေ သီလံ မဂ္ဂဖလဉာနဿ ပစ္စယော ဟောတု" လို့ ရွှေ့က ဆိုပြီး နောက်က လိုက်ဆိုစေတယ်၊ ပြီးတော့ ဆရာတော်က "အပ္ပမာဒေန သမ္မာဒေဟိ" လို့ ဆိုလိုက်ပါတယ်။

သူမက ပြန်ဆိုပါတယ်။

"အာမ ဘန္တေ" တဲ့

ဆရာတော်က မဝိဉာဏီကို မေးပါတယ်။

"ဘာအဂက်အခဲ ရှိသေးလဲ၊ ဒီမှာ နေရတာ။"

"တပည့်တော် အခန်းမှာ ပရွက်ဆိတ်လေးတွေ ပေါတယ်" တဲ့။

"ပရွက်ဆိတ်ထက် ဆိုးတဲ့ အတွင်းသန္တာန်မှာ အမြဲကိုက်နေတဲ့ ကိလေသာ ပိုးတွေကိုသာ ကြိုးစားပြီး နှိမ်းနင်းဖို့ အရေးကြီးတယ်။"

"မှန်ပါဘုရား၊ သိပ်မှန်ကန်တဲ့ စကား၊ သိပ်ကောင်းတဲ့ စကားပါပဲဘုရား၊ ကြိုးစားပါမယ်ဘုရား။"

အသွင်ဆောင်ဘဝနဲ့ အကျင့်ဆောင်ဘဝ၊ ဘဝ(၂)ခုလုံးကို ပိုင်သွားပြီ မို့ မဝိဉာဏီမျက်နှာမှာ ပီတိရောင်တွေ ရွှမ်းရွှမ်းဝေနေလေရဲ့။

ပီတိမျက်နှာ

ရဲရင်တဲ့ ဉာဏ်ရှင်
ကိလေသာတွေကို နှင်၊
အသွင်သာမက
အကျင့်ပါ ပိုင်သ၊
သူမရဲ့ မျက်နှာ
ပီတိတွေ ဝေဆာ
(၂)ခါသာ ရောက်ရ
သိက္ခာရှင် ဘဝ။

http://www.dhammadownload.com

တောပန်း

ဆရာတော် ဆယ်မိုင်ကုန်း ပဏ္ဍိတာရာမ တောစခန်းရိပ်သာကို ကြွလာတဲ့ အခါ ရိပ်သာထဲကို အချိန်ရရင် ရသလောက် လျှောက်လှည့်ကာ ကြည့်စမြဲပါပဲ၊ အဲဒီလို ကြည့်တဲ့အခါ နေရာအတော်များများမှာ ခရမ်းရောင် တောပန်းလေးတွေကို တွေ့ရတယ်၊ "ဒီပန်းပင်လေးတွေ လှသားပဲ၊ တစ်နေရာရာမှာ သေချာ စုပေါင်းပြီး စနစ်တကျ စိုက်ထားရင် ကောင်းမယ် " လို့ အမိန့်ရှိကာ " ဒီအလေ့ကျပေါက်တဲ့ တောပန်းလေးတွေဟာ လှတော့ လှတယ်၊ ဒါပေမယ့် ဒီပန်းလေးတွေရဲ့ ပန်းဝတ်မှုန် လေးတွေက လူကို ရောဂါရစေတက်တယ်၊ အမေရိကလို အနောက်နိုင်ငံတွေမှာ တော့ Pollen = ပန်းဝတ်မှုန်တွေကြောင့် လူတွေ ရောဂါရကြတယ် " လို့လည်း အမိန့်ရှိတယ်။

ဆရာတော်က တွေ့နေရတဲ့ တောပန်းလေးတွေနဲ့ စပ်ပြီး အနောက်နိုင်ငံ တွေက ဗဟုသုတကိုပါ ပြောပြတယ်၊ ပြီးတော့ ပိဋကစာပေထဲက ဗဟုသုတကိုလည်း ပြောပြပြန်သေးတယ်။

" ပါဠိစာပေမှာတော့ တိဏပုပ္ဖကရောဂ လို့ ဆိုတယ်၊ မြန်မာလို အဓိပ္ပါယ် ကတော့ မြက်ပန်းကြောင့် ဖြစ်တဲ့ ရောဂါပေါ့၊ ဗာကုလမထေရ်ဟာ တစ်ခုသော အတိတ်ဘဝက တပည့်ရသေ့တွေ ခြံရံပြီး တောထဲမှာ သီတင်းသုံးနေထိုင်တယ်၊ တပည့်ရသေ့တွေမှာ တိဏပုပ္ဖကရောဂ = မြက်ပန်းကြောင့် ဖြစ်တဲ့ရောဂါ ဖြစ် ကြတယ်၊ မြက်ပင်တွေက ပွင့်တဲ့ပန်းတွေက ဝတ်မှုန်တွေကို ရှုရှိုက်မိတဲ့ရောဂါနဲ့ သင့်လျော်တဲ့ ဆေးမြစ်, ဆေးရွက်တွေနဲ့ ကုသပေးတယ်၊ ရောဂါပျောက်သွားကြ တယ် " တဲ့။

အနောက်တိုင်းဗဟုသုတအပြင် ပါဠိစာပေဗဟုသုတပါ ပြောပြပြီးတဲ့အခါ

http://www.dhammadownload.com

ဗာကုလမထေရ်အကြောင်းကို အမြွက်မျှ ပြောပြပါတယ်။

" ဗာကုလမထေရ်လောင်းလျာ ရသေ့ကြီးဟာ အဲဒီဆေးကုပေးရတဲ့ ကောင်းမှုကြောင့် ဂေါတမမြတ်စွာဘုရားလက်ထက် ဗာကုလမထေရ် ဖြစ်လာမယ့် ဘဝ ရောက်လာတဲ့အခါ အနာရောဂါ လုံးဝ မဖြစ်ဘူး၊ အောက်ထစ်ဆုံးအားဖြင့် ချေဆတ်တဲ့ ရောဂါတောင် မဖြစ်ဘူး၊ ချေဆတ်တဲ့ ရောဂါဟာ ရောဂါတွေထဲမှာတော့ အသေးဆုံးရောဂါပေါ့၊ အဲဒီရောဂါတောင် မဖြစ်ဘူးဆိုတော့ ကျန်တဲ့ကြီးကြီးမားမား ရောဂါတွေ ဆိုတာတော့ ပြောစရာကို မလိုတော့ဘူး၊ အဲဒီလောက်ထိ ရောဂါကင်းတယ်၊ အသက်က (၁၆၀) ရှည်တယ်၊ လူဘဝမှာ အသက် (၈၀), ရဟန်းဘဝမှာ အသက် (၈၀) တဲ့၊ တစ်သက်လုံး ဘာရောဂါမှ မဖြစ်ဘူး တဲ့၊ မြတ်စွာဘုရားရဲ့ တပည့်သံဃာတွေထဲက အနာရောဂါကင်းတဲ့ ပုဂ္ဂိုလ်ထဲမှာ အသာဆုံးပုဂ္ဂိုလ်အဖြစ်နဲ့ မြတ်စွာဘုရားရဲ့ သတ်မှတ်ချီးကျူးခြင်းကို ခံရတယ်။

အနာရောဂါများသူ, အသက်တိုသူတွေအဖို့ ဗာကုလမထေရ်ဟာ အားကျစရာပါပဲ၊ သူလို ကျန်းမာပြီး အသက်ရှည်ချင်ရင် သူလို ဆေးအလှူ လှူကြရမှာပေါ့။ "

တောပန်း

တောပန်းနှင့်စပ်
သိမှတ်ဖွယ်ရာ
အနောက်နယ်က မက
ပါဠိနယ်ကပါ
မှတ်စရာများ
ညွှန်ပြထားသည်
မှတ်သားဖွယ်ပါ
မှတ်ကုန်ကြ။

http://www.dhammadownload.com

ဆရာကြီး ဦးဗေသင်

ဆရာတော်ခမည်းတော် ဦးဖေက အင်္ဂလိပ်စာကို ခွေးစာလို့ ဆိုသတဲ့၊ အင်္ဂလိပ်ကို တော်တော် စိတ်နာကျည်းပုံရတယ်၊ အင်္ဂလိပ်စာကို ခွေးစာလို့ ယူဆလို့ သူသား, သမီးတွေကို အင်္ဂလိပ် မသင်ယူစေဘူးတဲ့၊ သားသမီးတွေကိုသာ မသင်ယူစေတာ၊ သူကတော့ အင်္ဂလိပ်စာတတ်သားပဲ၊ ဆရာတော်လောင်းလျာ မောင်မြဟန်ဟာ ငယ်စဉ်က အင်္ဂလိပ်စာ မသင်ယူခဲ့ရဘူး၊ ကျိုက္ကစံကျောင်း ရောက်တော့ ရဟန်းဘဝနဲ့ အင်္ဂလိပ်စာကို စတင်သင်ယူခဲ့တယ်၊ အင်္ဂလိပ်စာသင်ပေးတဲ့ ဆရာကြီးရဲ့ နာမည်က ဦးဖေသင်တဲ့၊ ကျိုက္ကစကျောင်းတိုက်နဲ့ မဝေးလှတဲ့နေရာမှာ နေတယ်၊ ဆရာကြီး ဦးဖေသင်အိမ်မှာ သွားသွားပြီး သင်ယူခဲ့ရတယ်၊ နောင်အခါ ရောက်လေရာမှာ အခွင့်သာရင် သာသနလောက် ဆက်လက် လေ့လာခဲ့တယ်၊ ဆရာတော်သာအပတ် တကုတ် ကြိုးစားအားထုတ်ပြီး လေ့လာခဲ့မယ်ဆိုရင် ကျွမ်းကျွမ်းကျင်ကျင် တရား ဟောနိုင်သည်အထိ အင်္ဂလိပ်စာ တတ်မြောက်မှာကို အကြွင်းမဲ့ ယုံကြည်ထားတယ်၊ ဆရာတော် ဥာဏ်ကောင်းတာကို ကိုယ်တွေ့ သိရလို့ပါ။

ဆရာကြီး ဦးဖေသင်နဲ့ ဆရာတော်လောင်းလျာ အရှင်ပဏ္ဍိတာဘိဝံသတို့ဟာ `` တရားကို စပြီး တွေ့သူက ပြောကြစတမ်း `` လို့ ကတိကဝတ် ပြုထားကြသတဲ့၊ ဆရာကြီး ဦးဖေသင်က အရင် မဟာစည်သာသနာ့ရိပ်သာကို သွားပြီး တရားအားထုတ်ဖြစ်တယ်၊ ကြိုးကြိုးစားစား အားထုတ်တယ်၊ သူက ကျေနပ်အားရ သွားတယ်၊ သူ ကျေနပ်အားရအောင် အားထုတ်ပြီးလို့ အိမ်ကို ပြန်သွားတဲ့အခါ သူတို့ ကတိကဝတ်အတိုင်း အရှင်ပဏ္ဍိတာဘိဝံသကို သူအတွေ့အကြုံ ပြောပြတယ်၊ ဆရာတော်ကိုလည်း မဟာစည်သာသနာ့ရိပ်သာကို သွားအားထုတ်ဖို့ လှည်းထားတယ်၊ ဆရာကြီး ဦးဖေသင်ရဲ့ လှည်းထားချက်အရ ဆရာတော်ဟာ မဟာစည်

http://www.dhammadownload.com

သာသနာ့ရိပ်သာကို ၁၃၁၂ - ခုနှစ်မှာ သွားပြီး အားထုတ်ဖြစ်ခဲ့တယ်။

ဆရာကြီး ဦးဖေသင်သာ အသက်ရှိသေးလို့ ဆရာတော်ရဲ့ ယခုအခြေအနေကို မြင်တွေ့ခဲ့ရရင် သို့မဟုတ် တမလွန်ဘဝက မြင်သိနိုင်ခဲ့ရင် မည်မျှဝမ်းသာရွာလေမလဲ၊ ဆရာကြီး ဦးဖေသင်ရဲ့ လျှောက်ထားချက်အရ ဆရာတော် စတင် အားထုတ်ဖြစ်ခဲ့တဲ့ သတိပဋ္ဌာန်တရားကို ယခုအခါမှာ အစုအပုံ ပုံထားမယ်ဆိုရင် ဇရာမကုသိုလ် အစုအပုံကြီး ဖြစ်နေပြီပေါ့၊ ပြည်တွင်းကရော ပြည်ပကပါ ယောဂီတွေကို တရားဟော, တရားပြပေးတဲ့ ဓမ္မဒါနကိုလည်း အစုအပုံ ပြုကြည့်မယ်ဆိုရင် ဇရာမကုသိုလ်အစုံအပုံကြီး ဖြစ်နေပြီပေါ့၊ ၁၃၁၂ - ခုနှစ်က စတင်အားထုတ်ခဲ့တာ ဆိုတော့ တရားအားထုတ်ခဲ့တာ ယခု (၁၃၅၈ နှစ်) မှာ (၄၆) နှစ် ကြာခဲ့ပြီပေါ့၊ ၁၃၁၇ - ခုနှစ်မှာ ထပ်မံအားထုတ်ပြီး ကမ္မဋ္ဌာန်ဆရာဖြစ်လာတာဆိုတော့ ယခုအခါ တရားဟော, တရားပြခဲ့တာ နှစ်ပေါင်း (၄၁) နှစ် ရှိနေပြီပေါ့။

ဆရာကြီး ဦးဖေသင်

ဆရာကြီး ဦးဖေသင်
အင်္ဂလိပ်စာကို သူ စသင်
တရားဝင်ရန်လဲ သူ လျှောက်ထား
ဆရာတော့်အား ကျေးဇူးများ
ဘဝတစ်ပါးက သူ သိရင်
သူ၏ ရင်တွင် ပီတိယဉ်
တသွင်သွင် စီးမည့်ရေး
စိတ်ကူးထဲမှာ မြင်မိသေး။

✠ ✠ ✠ ✠ ✠

http://www.dhammadownload.com

မဟေဆေး

ဒီတစ်ပတ် စနေနေ့ (သီတင်းကျွတ်လပြည့်ကျော် – ၁၃ ရက်) ဆယ်မိုင်ကုန်း ပဏ္ဍိတာရာမ တောစခန်းရိပ်သာကို တရားဟောဖို့ ဆရာတော်ကြွ လာတော့ အမေရိက သိက္ခာရှင် မဝိသဒ္ဓာနီ (လူအမည် = နန်စီ) လည်း ပါလာတယ်၊ သူမကို ဝါမဆိုခင်က ရန်ကုန် ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ တွေ့ခဲ့တယ်၊ သူမကို လွန်ခဲ့တဲ့ (၂) နှစ်လောက်က ရန်ကုန် ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ တရားလာအား ထုတ်ဖူးလို့လည်း တွေးခဲ့ဖူးတယ်၊ လွန်ခဲ့တဲ့ (၂) နှစ်လောက်က ရုပ်နဲ့ အခုတစ်ခေါက်တွေ့ရတဲ့ ရုပ်ဟာ အတော်ကို ကွာခြားသွားတယ်၊ "အို – နာ – သေသို့, မောင်းနှင်ပို့, လူတို့ မမြဲပါတကား" ဆိုတဲ့ ဘုရားစကားတော်အတိုင်းပါပဲ သူ့ရုပ်ဟာ တိုး၍ မပျိုဘဲ အိုသာ အိုခဲ့တယ်၊ ပိုပြီး အသက်ကြီးရုပ် ဖြစ်လာတယ်၊ ရင့်လာတယ်၊ ကြမ်းလာတယ်၊ လျော့လျဲလာတယ်၊ မကြည်လင်ဘူး၊ (၂) နှစ်တာ ကာလအတောအတွင်း သူမကို ဇရာတရားက ဝါးမျိုထားပြီးပဲ၊ ဒုတိယအကြိမ် ပြန်တွေ့ရတဲ့ သူမရဲ့ မျက်နှာမှ ဇရာတရားက စာရေးသူစိတ်မှာ သံဝေဂတရား ပေါ်ပေါက်လာစေပါတယ်။

ယခုတစ်ခါ ပဏ္ဍိတာရာမ တောစခန်းရိပ်သာမှာ သူမကို တွေ့ရပြန်တော့ လွန်ခဲ့တဲ့ (၂) နှစ်က ရုပ်ထက်တောင် ပိုပြီး ကြည်လင်နေတယ်၊ ပိုပြီး နုနယ်လာသယောင် ထင်ရတယ်၊ သိက္ခာရှင်ဝတ်စုံနဲ့ ဆိုတော့ ပိုပြီး အသရေရှိနေတယ်၊ ပိုပြီး တင့်တယ်နေတယ်၊ ပိုပြီး ကြည်ညိုဖွယ်ဖြစ်နေတယ်၊ ယခုတစ်ခါ တွေ့ရတဲ့ သူမရဲ့ မျက်နှာက သတိပဋ္ဌာန်တရားရဲ့ စွမ်းအားတွေကို ဖော်ပြနေပါတယ်၊ ပိုပြီး ကြည်လင်, ပိုပြီး နုနယ်, ပိုပြီး အသရေရှိ, ပိုပြီး တင့်တယ်ကြည်ညိုဖွယ် ဖြစ်နေတဲ့ သူမရဲ့ မျက်နှာကို ကြည့်ပြီး သတိပဋ္ဌာန်တရားရဲ့ စွမ်းအားကို အံ့အားသင့်သလို ဖြစ်မိပါတယ်၊

http://www.dhammadownload.com

ဝါတွင်းသုံးလအတွင်း သူမ အားထုတ်ထားတဲ့ တရားရဲ့ အခြေအနေကို မှန်းဆမိပါတယ်။

ဓမ္မာရုံအောက်ထပ်မှာ သူမ လှူဖို့ ယူလာတဲ့ ဆေးပစ္စည်းတွေကို လက်ခံမယ့် ဒေါ်စောယဉ်ဝင်းထံ အပ်နှံလှူဒါန်းနေပါတယ်၊ သူမ အပ်နှံလှူဒါန်းနေတုန်း ဆရာတော် ရောက်လာပါတယ်၊ ကုလားထိုင်ပေါ် ထိုင်နေတယ်၊ ဆရာတော်က မိန့်လိုက်တယ်၊ "ဝိသဒဉာနီရဲ့ ကောင်းလာတဲ့ တရားလေးတော့ အမှတ်တွေ လွတ်လို့ ပျက်ကုန်တော့မှာပါ" တဲ့၊ သူမရဲ့ မျက်နှာကို ကြည့်ပြီး သူ့တရား ကောင်းမယ်လို့ စာရေးသူ မှန်းဆတဲ့ မှန်းဆချက်ဟာ မှန်နေတယ်ပေါ့ လို့ ဆရာတော်စကားကို ကြားရတော့ တွေးမိ တယ်။

ဆရာတော်က "မသေဆေးကော မပါဘူးလား" လို့ မေးတာကို အင်္ဂလိပ်လို ဘာသာပြန်ပေးတဲ့ ဦးမြသောင်းက Deathless medicine ဆိုတဲ့ စကားနဲ့ မသေဆေးဆိုတဲ့ မြန်မာစကားလုံးကို ဘာသာပြန်လိုက်တယ်၊ မဝိသဒဉာနီက ဦးမြသောင်းရဲ့အင်္ဂလိပ်စကားကို မကြားလိုက်ရလို့လား, နားမလည်လို့လား မပြောတတ်၊ မဝိသဒဉာနီက ပြန်မေးတယ်၊ ဦးမြသောင်းက Nodeath medicine လို့ ထပ်ပြောင်းပြောတော့ နားလည်သွားတယ်၊ ရယ်သွားတယ်၊ သဘောပေါက်သွားပြီးပေါ့၊

ဒီတော့ ဆရာတော်က စကားဆက်တယ်၊ အကွက်က ဆိုက်လာတာကိုး၊

"အပွမာဒေါ် အမတံ ပဒံတဲ့၊ မကောင်းတာတွေကို ရှောင်ဖို့ မပျက်ကွက်မှု, ကောင်းတာတွေကို ဆောင်ပွားဖို့ မပျက်ကွက်မှုဆိုတဲ့ အပွမာဒတရားဟာ သေခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းတရားပဲ တဲ့၊ အပွမာဒခေါ် သတိပဋ္ဌာန် တရားဟာ မသေဆေးပဲ" တဲ့။

မဝိသဒဉာနီက အသံလွင်လွင်နဲ့ ရယ်တယ်၊ မဝိသဒဉာနီက သတိပဋ္ဌာန်တရား အားထုတ်နေတဲ့ သူပဲ၊ ယောဂီပဲလေ၊ သူမက မသေဆေးကို စားနေတာပါပဲ။ သူမ စားနေတဲ့ သတိပဋ္ဌာန်ဆေးကို မသေဆေးလို့ ဆရာတော်က မိန့်လိုက်တော့ သဘောကျတော့တာပေါ့၊ နိဗ္ဗာန်ဆိုတဲ့ တရားက မသေတဲ့ တရားပဲ၊ နိဗ္ဗာန်မှာ အဖြစ် မရှိတော့ အပျက်လည်း မရှိတော့ဘူးပေါ့၊ နိဗ္ဗာန်မှာ ဇာတိလည်း မရှိဘူး၊ ဇရာလည်း မရှိဘူး၊ ဗျာဓိလည်း မရှိဘူး၊ မရဏလည်း မရှိဘူး၊ အဖြစ်, အပျက် မရှိတော့ အဖြစ်, အပျက် ကင်းပြီး ငြိမ်းအေးခြင်းသဘောတော့ ရှိတယ်၊ အဲဒီငြိမ်းအေးတဲ့ သဘော (နိဗ္ဗာန်ခေါ် မသေတရား) ကို ရဖို့ရာ မသေဆေးခေါ် သတိပဋ္ဌာန်းတရားကို အားထုတ်နေကြတာပဲ။

http://www.dhammadownload.com

"ဝိသဒဉာနီ . . . သင့်မှာ ရှုမှတ်မှုတွေ ယခု လွတ်နေတယ်၊ သင်လှူနေတဲ့ ဆေးပစ္စည်းတွေဟာ မနာအောင်, မသေအောင် သူအတိုင်းအတာနဲ့သူ စွမ်းရင် စွမ်းနိုင်မယ်၊ ထာဝရ မအိုရအောင်, ထာဝရ မနာရအောင်, ထာဝရ မသေရအောင် လုပ်ပေးနိုင်တာကတော့ သင်အားထုတ်နေတဲ့ သတိပဋ္ဌာန် တရားဆေးပဲ၊ အဲဒီသတိပဋ္ဌာန်ဆေးခေါ် မသေဆေးကို သင် ဒီ ပဏ္ဍိတာရာမ တောစခန်းရိပ်သာမှာ နေတဲ့ ကာလအတောအတွင်း ကြိုးစားပြီး စားလေ" လို့ ဆရာတော်က တိုက်တွန်း လိုပုံရပါတယ်၊ တိုက်တွန်းလိုက်တဲ့ အဓိပ္ပါယ်ပါပဲ၊

မသေ ဆေး

ဝိသဒဉာနီ
ဆေးတွေ လှူနေပြီ၊
လှူတဲ့ဆေးထဲမှာ
မသေဆေး ပါ, မပါ
ဆရာတော် မေးလိုက်ရာ,
သူမ နားမလည်ပါ၊
ဆရာတော်က ရှင်းပြမှ
သူမ သဘောကျ၊
ရယ်သံလေးက လွင်မြမြ။

http://www.dhammadownload.com

ဆရာတော် ပြောပြသော သူ့အကြောင်းနှင့် သူတို့အကြောင်း

(၁) သူ့စိတ်ထား

မြန်မာနိုင်ငံမှာ နှစ်တော်တော်ကြာက အငြိမ်းစားယူထားတဲ့ အဆင့်မြင့် အစိုးရအရာရှိတစ်ဦး ရှိခဲ့တယ်၊ သူက သိပ်ပြီး ဘာသာရေးလိုက်စားတဲ့ ဗုဒ္ဓ သာသနာဝင်တစ်ဦးပဲ၊ မြန်မာပြန်ထားတဲ့ ပိဋကစာပေတွေကို သူက အများကြီး ဖတ်ထားတယ်၊ ပြီးတော့ သူက တရားလည်း အားထုတ်တယ်၊ သူ့ရဲ့ တရား အားထုတ်မှုက စွမ်းအားတော့ မကောင်းသေးပါဘူး၊ ဒါပေမယ့် သူမှာက အထွေထွေ ဗဟုသုတ ရှိတယ်၊ ပြီးတော့ သူက ဆရာလုပ်ချင်တယ်၊ ဒါကြောင့် ဆရာ ဖြစ်နေ တယ်။

တစ်နေ့တော့ တရားအားထုတ်ဖို့ ရန်ကုန် မဟာစည်သာသနာ့ရိပ်သာကို သူ ရောက်လာတယ်၊ ဘုန်းကြီးက ယောဂီတွေကို တရားမှတ်ပုံမှတ်နည်း ပြောပြတဲ့ အခါ လက်တွေ့ကို ပထမ ရှင်းပြလေ့ရှိတယ်၊ ပြီးတော့မှ လက်တွေ့ကို စာတွေ့နဲ့ နှိုင်းယှဉ် ညှိနှိုင်းပြလေ့ရှိတယ်၊ အဲဒီဒကာကြီးက ချက်ချင်း ဘုန်းကြီးကို ၈မေးတယ်။

“ အရှင်ဘုရား ပြောတဲ့ စကားက ဘယ်က လာပါသလဲ၊ အကိုးအကားက ဘာပါလဲ ” ဘဲ့။

ဘုန်းကြီးက ယဉ်ယဉ်ကျေးကျေးနဲ့ပဲ ရှေးက လေ့လာခဲ့ဖူးတာတွေကို မေ့ ထားဖို့, ကိုယ့်တရားကိုပဲ ဆက်အားထုတ်ဖို့ အကြံပေးတယ်၊ သူက မလိုက်နာဘူး၊ သူ တရားလျှောက်တဲ့အခါ ဒီလိုပဲ သုံးရက်ဆက်တိုက် မေးနေတယ်။

နောက်ဆုံးတော့ ဘုန်းကြီးက သူ့ကို ပြောရတော့တယ်။

“ ဒကာကြီး . . . ဒီကို ဘာကြောင့် လာတာလဲ၊ ဘုန်းကြီးရဲ့ တပည့်

http://www.dhammadownload.com

ဖြစ်ဖို့ လာတာလား၊ ဒါမှမဟုတ် ဘုန်းကြီးကို သင်ပြပေးရန် ကြိုးစားဖို့ လာတာလား။"

သူလာတာက သူအထွေထွေ ဗဟုသုတရှိကြောင်း ပြဖို့ လာပုံပေါ်တယ်၊ တရားအားထုတ်ချင်လို့ ဟုတ်ပုံမရဘူး။

အဲဒီအခါ "အရှင်ဘုရား . . . တပည့်တော်ဟာ အရှင်ဘုရားရဲ့ တပည့်ပါ ဘုရား၊ အရှင်ဘုရားက ဆရာပါဘုရား" လို့ သူက လျှောက်တယ်။

ဘုန်းကြီးက သူ့ကို ပြောတယ်။

"ဒကာကြီး . . . ဒကာကြီးကို ဘုန်းကြီးက ဒါကို နားလည်အောင် သုံးရက် ဆက်တိုက် သိမ်မွေ့တဲ့ နည်းနဲ့ ကြိုးစားခဲ့တယ်၊ ဒါပေမယ့် ဒကာကြီးကို ဘုန်းကြီးက အခု တိုက်ရိုက်ပဲ ပြောရမယ်၊ ဒကာကြီးက သတိုးသားနဲ့ သတိုးသမီး လက်ထပ် အခမ်းအနားပွဲမှာ ဟန်ပန်အမူအရာကောင်းတဲ့ ဘိသိက်ဆရာနဲ့ တူနေတယ်၊ သူက သူကိုယ်တိုင် သတို့သားအဖြစ်နဲ့ မင်္ဂလာဆောင်တော့မယ်၊ လက်ထပ်တော့မယ်၊ အဲဒီနေ့မှာ သူက သတို့သားနေရာမှာ နေရမယ့်အစား သတို့သားနေရာမှာ မနေဘဲ ဘိသိက်ဆရာ နေရာမှာနေပြီး လုပ်နေတော့တယ်၊ အဲဒီလူဟာ သိပ်ကို အံ့သြစရာကောင်းတာပဲ။"

အဲဒီတော့မှာ အဲဒီဒကာကြီးက နားလည်လာတယ်၊ သူ့အမှားကို သူ ဝန်ခံတော့တယ်၊ စကားကို လိုက်နာတဲ့ ယောဂီ ဖြစ်လာတော့တယ်။

တရားကို တကယ် နားလည်ချင်တဲ့ ယောဂီတွေဟာ ဒီဒကာကြီးကို အတုယူဖို့ ကြိုးစားမှာ မဟုတ်ဘူး၊ တရားအားထုတ်နေတဲ့ အတောအတွင်းမှာ ကိုယ်က ဘယ်လောက်ပဲ စာတွေ တတ်တတ်, ဘယ်လောက်ပဲ အတွေ့အကြုံတွေ ရှိရှိ ကိုယ့်မှာ အစွမ်းအစတွေ ရှိပေမယ့် ဘာမှ မလုပ်နိုင်တဲ့ လူလိုပဲ ပြုမူသင့်တယ်၊ သိပ်သိမ်မွေ့ရတယ်၊ စကားလိုက်နာရတယ်၊ အဲဒီလို စာက ဆိုထားတယ်။

ဒီလိုနေရာမျိုးမှာ ဘုန်းကြီးငယ်စဉ်ထဲက ရှိလာတဲ့ ဘုန်းကြီးရဲ့ စိတ်ထားကို ပြောပြချင်တယ်။

"ဘုန်းကြီးက ကိုယ် မကျွမ်းကျင်တဲ့ နေရာမှာ ဝင်မရှုပ်ဘူး၊ ကျွမ်းကျင်တဲ့ နေရာ ဖြစ်ရင်တောင်မှ ဘုန်းကြီးရဲ့ အကြံကို မတောင်းဆိုရင် ဝင်မရှုပ်ဘူး။

သူ့စိတ်ထား

သူ မကျွမ်းကျင်ရင်
သူ ဝင်မရှုပ်၊
ကျွမ်းကျင်ပေမယ့်
မတောင်းဆိုလေငြား
သူ မပြောကြား၊
အဲဒါ သူ့စိတ်ထား။

http://www.dhammadownload.com

(၂) သမ္မုဋိ

လူတစ်ယောက် ရှိတယ်၊ သူက တောင်းယက်လုပ်တယ်၊ သူက ရိုသားတယ်၊ သူတောင်းယက်တဲ့ အလုပ်မှာ ပျော်တယ်၊ အလုပ်လုပ်ရင်း လေလေးတဆွဲနှဲဆွဲနှဲ, သီချင်းလေး တအေးအေးနဲ့ပဲ၊ တစ်နေ့လုံး ပျော်လို့ပဲ၊ ညရောက်တော့ သူ့ရဲ့ တဲသေးသေးလေးထဲမှာ အိပ်တယ်၊ နှစ်နှစ်ခြိုက်ခြိုက်ပဲ ပျော်တယ်၊ တစ်နေ့မှာတော့ လူချမ်းသာတစ်ယောက်က သူ့နားက ဖြတ်သွားတယ်၊ ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်း တောင်းလုပ်နေတာကို တွေ့သွားတယ်၊ ဒါနဲ့ သူကို သနားလို့ အသပြာတစ်ရာ ပေးသွားတယ်၊ " ရော့ . . . ယူ၊ မင်းကြိုက်သလို သုံး " လို့လည်း ပြောသွားတယ်။

အသပြာတစ်ရာ ရတော့ တောင်းယက်သမားဟာ ပျော်သွားတယ်၊ အသပြာတစ်ရာကို ယူလိုက်တယ်၊ အသပြာတစ်ရာဆိုတာကို သူဘဝမှာ တစ်ခါမှ မြင်ဖူးတာမှ မဟုတ်ပဲ၊ ဖြစ်ကတတ်ဆန်း ဆောက်လုပ်ထားတဲ့ သူ့ရဲ့ တဲလေးဆီကို အသပြာတစ်ရာကို ယူခဲ့တယ်၊ ဘယ်နား ထားရပါ့မလဲလို့ စဉ်းစားလာရပြီ၊ သူ့ရဲ့ တဲလေးက လုံခြုံမှုမှ မရှိတာ၊ ညရောက်တော့ သူ ကောင်းကောင်း အိပ်မပျော်တော့ဘူး၊ သူ့အသပြာတစ်ရာကို သူခိုးများ လာခိုးလေမလား၊ ဓားပြ များ လာတိုက်လေမလား၊ ကြွက်များ လာကိုက်လေမလား ပူနေတာကိုး။

နောက်တစ်နေ့ အလုပ်လုပ်သွားတော့ အဲဒီအသပြာတစ်ရာ ယူသွားရပြီ၊ သူ သီချင်းမဆိုနိုင်တော့ဘူး၊ လေမချွန်နိုင်တော့ဘူး၊ သူအသပြာတစ်ရာ အတွက် သူသိပ်ပြီး စိတ်ပူနေရပြီ၊ နောက်တစ်ညလည်း သူ အိပ်မပျော်တော့ဘူး၊ ဒါနဲ့ နောက်နေ့နံနက် ရောက်တော့ သူကို အသပြာတစ်ရာ ပေးသွားတဲ့ လူချမ်းသာ ဆီက် အသပြာတစ်ရာ ပြန်ပေးပြီး " ကျွန်ုပ်ရဲ့ စိတ်ချမ်းသာမှုကို ပြန်ပေးပါ " လို့ ပြောသတဲ့၊

http://www.dhammadownload.com

သင်ဟာ သင့်ဘဝ, သင့်မိသားစု, သင့်မိတ်ဆွေ, သင့်အသိုင်းအဝိုင်းတွေကို ထောက်ပံ့နိုင်အောင် ပိုက်ဆံရဖို့ အလုပ်လုပ်ရမယ်၊ ပညာရှာဖွေရမယ်၊ ဗုဒ္ဓဝါဒက သင့်ကို ပညာရှာဖွေရတာ အလုပ်လုပ်ရတာကို စိတ်ဓာတ်ကျအောင် လုပ်နေတယ်လို့ သင်က ယူဆကောင်းယူဆမယ်၊ အဲဒီလို မဟုတ်ပါဘူး၊ ကိုယ့်ဘဝ, ကိုယ့်ပညာကို အစွမ်းကုန် အသုံးချပါ၊ တရားတဲ့နည်းနဲ့ ရိုးရိုးသားသားနဲ့ စီးပွားရေးရအောင် လုပ်ပါ၊ ကိုယ့်ရှိတာနဲ့ ကျေနပ်ပါ၊ တဏှာကျွန် မဖြစ်ပါစေနဲ့။

သန္တုဋ္ဌိ

သင့် အသပြာတစ်ရာ ပြန်ယူ၊
ငါ့စိတ်ချမ်းသာမှု ပြန်ပေး၊
တောင်းယက်သမား ပြောလိုက်တဲ့ စကားလေး၊
သန္တုဋ္ဌိဟာ စိတ်ချမ်းသာဆေး။

http://www.dhammadownload.com

(၃) တရားဆေး

လွန်ခဲ့တဲ့ (၁၅) လောက်က နှစ်ပေါင်းများစွာ အစာအိမ်ရောဂါ ခံစားနေရတဲ့ လူတစ်ယောက် ရှိတယ်၊ သူက ဆရာ့ဝန်ထံ ဆေးစစ်ရန် သွားတဲ့အခါ ဆရာဝန်က " အသားပို ရှိနေတယ်၊ ခွဲရမယ် " တဲ့၊ ခွဲစိတ်ကုသမှု မအောင်မြင်ရင် သူသေမှာ သူ စိုးရိမ်နေတယ်၊ ဒါကြောင့် သေရင်လည်း ကောင်းကောင်း သေနိုင်အောင် တရား သွားအားထုတ်တာပဲ ကောင်းတယ်လို့ ဆုံးဖြတ်ကာ ဘုန်းကြီးထံ တရားလာ အားထုတ်တယ်၊ တရားအားထုတ်လို့ မကြာခင်မှာပဲ နာကျင်မှုဝေဒနာတွေကို အများကြီး စ ခံစားရတယ်၊ ပထမပိုင်းကတော့ နာကျင်မှုဝေဒနာတွေက မဆိုးပါဘူး၊ ဒါပေမယ့် တရားအသိဉာဏ် တိုးတက်လာလို့ ဒုက္ခဝေဒနာပိုင်းနဲ့ ပတ်သက်တဲ့ ဝိပဿနာဉာဏ် အဆင့် ရောက်လာတဲ့အခါကျတော့ ဒုက္ခဝေဒနာရဲ့ ထိုးနှက်တိုက်ခိုက်မှုတွေက ပြင်းထန်လာတယ်၊ သည်းမခံနိုင်အောင်ပဲ၊ သိပ်နှိပ်စက်တယ်။

သူက ဘုန်းကြီးကို အဲဒီအကြောင်း ပြောလို့ ဘုန်းကြီးက သူ့ကို ပြောတယ်။

" ဟုတ်တာပေါ့၊ ဆရာဝန်ကို ပြဖို့ သင် အိမ်ကို ပြန်ချင်ပြန်နိုင်တယ်။ ဒါပေမယ့် ရက်အနည်းငယ် တိုးပြီး ဘာကြောင့် မနေတာလဲ။ "

သူ အဲဒါကို စဉ်းစားတယ်၊ ပြီးတော့ " ငါ အကယ်၍ ခွဲစိတ်ကုသရင် အသက်ရှင်မယ် ဆိုတဲ့ အာမခံချက်လည်း မရှိဘူး။ ဒါကြောင့် တရားပဲ ဆက် အားထုတ်မယ် " လို့ ဆုံးဖြတ်လိုက်တယ်။ နှစ်နာရီခြားတစ်ကြိမ် ဆေးတစ်ဖွန်း သောက်ရတယ်၊ တခါတရံ နာကျင်မှုဝေဒနာတွေက သူ့ကို နှိုင်တယ်၊ တခါတရံ သူက နှိုင်တယ်၊ ဘတစ်ပြန် ကျားတစ်ပြန်ပေါ့၊ ဒုက္ခဝေဒနာနဲ့ တိုက်ခိုက်ရတဲ့ စစ်ပွဲဟာ ကြာရှည်တယ်၊ ဒါပေမယ့် အဲဒီလူဟာ သတ္တိသိပ်ရှိတယ်။

တရားတစ်ထိုင်အတွင်းမှာ ပြင်းပြင်းထန်ထန် နာတယ်၊ ဒါကြောင့် သူ

http://www.dhammadownload.com

တစ်ကိုယ်လုံး လှုပ်နေတယ်၊ သူ့အဝတ်တွေလည်း ချွေးတွေနဲ့ စိုရွှဲနေတယ်၊ သူဝမ်းဗိုက်ထဲက အသားပိုကလည်း ပိုပိုပြီး မာလာတယ်၊ ပိုပိုပြီး တင်းကျပ်လာတယ်၊ အဲဒီနာကျင်မှုကို မှတ်နေတုန်းမှာပဲ ချက်ချင်း ဝမ်းဗိုက်ပုံသဏ္ဌာန် ပျောက်သွားတယ်၊ အခုတော့ နာတာရှည်, နာတာကို မှတ်တာရယ် ဒါပဲ ရှိတော့တယ်၊ အလွန်ပဲ နာတယ်၊ ဒါပေမယ့် အလွန်ပဲ စိတ်ဝင်စားစရာကောင်းတယ်၊ သူ ဆက်ပြီး မှတ်တယ်၊ နာတာက ပိုပိုပြီး တိုးလာတယ်။

အဲဒီကနောက် ဗုံးပေါက်ကွဲသလို ပြင်းထန်တဲ့ ပေါက်ကွဲမှုကြီး ဖြစ်သွားတယ်၊ ယောဂီက ပြောတယ်၊ သူ ပေါက်ကွဲသံအကျယ်ကြီးကို ကြားတောင်ကြားနိုင်တယ်တဲ့၊ အဲဒီကနောက် အဲဒီရောဂါ ပျောက်သွားတော့တာပါပဲ၊ ချွေးတွေ စိုရွှဲနေတဲ့ အဲဒီအထိုင် က ထလိုက်တယ်၊ အသားပိုကြောင့် စူထွက်နေတဲ့ နေရာကို စမ်းကြည့်တယ်၊ ဘာမှမရှိတော့ဘူး၊ သူဟာ ရောဂါလည်း အကုန်လုံး ပျောက်သွားတယ်၊ တရားလည်း ပြည့်စုံသွားတယ်။

အဲဒီဒကာ ရိပ်သာက ထွက်ပြီးနောက် မကြာခင် ဒီအစာအိမ်ရောဂါနဲ့ ပတ်သက်ပြီး ဆရာဝန် ပြောတာကို ဘုန်းကြီးကို ပြန်ပြောပြဖို့ သူ့ကို ဘုန်းကြီးက ပြောလိုက်တယ်။ ဆရာဝန်က သူ့အစာအိမ်ရောဂါ ပျောက်သွားတာကို တွေ့ရတော့ တုန်လှုပ်သွားတယ်၊ အံ့သြသွားတယ်။ အဲ့ဒီဒကာဟာ အနှစ်(၂၀) ကြာ ခံနေရတဲ့ အဲ့ဒီအစာအိမ်ရာဂါကို မေ့သွားပြီ၊ သူဟာ ယခုအထိ အသက်ထင်ရှား ရှိသေးတယ်၊ ကျန်းမာရေးလည်း ကောင်းတယ်။ အဲဒီဆရာဝန်တောင် ဝိပဿနာယောဂီ ဖြစ်သွားတယ်။

ဘုန်းကြီးဟာ နာတာရှည် ခေါင်းကိုက်ရောဂါသည်တွေ၊ နှလုံးရောဂါရှင်တွေ, အဆုတ်ရောဂါသည်တွေ, ကင်ဆာရောဂါသည်တွေ, ငယ်စဉ်ထဲက ခံစားလာရတဲ့ ပြင်းထန်တဲ့ နာကျင်မှုရှိသူတွေရဲ့ ရောဂါတွေ ပျောက်ကင်းသွားတာတွေကို မရေမတွက်နိုင်အောင် တွေ့ရပါတယ်၊ သူတို့ထဲက တချို့က ဆရာဝန်တွေကတောင် ကုမရတော့ဘူးလို့ ပြောခံထားရတဲ့ သူတွေပဲ၊ အဲဒီသူတွေအားလုံးဟာ အလွန် ပြင်းထန်တဲ့ နာကျင်မှု တွေကို ခံစားကြရတယ်၊ ဒါပေမယ့် ကြီးမားလှတဲ့ ဇွဲ, သတ္တိ, ဝီရိယတွေကို လေ့ကျင့် ယူကြတယ်၊ သူတို့ရဲ့ ရောဂါတွေကို သူတို့ကိုယ်တိုင်ပဲ ကုသသွားကြတယ်၊ ပိုပြီး အရေးပါတာကတော့ – ပရမတ္ထအမှန်သဘာဝတွေကို ပိုပြီး နက်နက်နဲနဲ သဘောပေါက်လာကြတာပါပဲ။

သင်ဟာ နာကျင်မှုဝေဒနာတွေနဲ့ တွေ့တဲ့အခါ သတ္တိမည့်သင့်ဘူး၊ သဒ္ဓါ၊ ခန္တီရှိပါ၊ ကိုယ်တိုင် အမှန်သဘာဝကို မသိမချင်း ဇွဲရှိပါ။

http://www.dhammadownload.com

တရားဆေး

ဆရာဝန်များ
လက်လျှော့ထားသည့်
ရောဂါများပင်
တရားဝင်၍
တွင်တွင် ကြိုးစား
အားထုတ်သွားရာ
ပျောက်သွားပါ၏။။

ဆရာဝန်များ
သိ၍သွားသဖြင့်
အံ့အားသင့်ကာ
ရိပ်သာလာပြီး
တရားနည်းကို
ယူပြီး အားထုတ်ကြလေတော့သည်။

http://www.dhammadownload.com

(၄) သံဃ

ဘုန်းကြီးဟာ အသက် (၂၈) သို့မဟုတ် (၂၉) မှာ ရန်ကုန်မြို့မဟာစည် သာသနာ့ရိပ်သာ ကျေးဇူးရှင်မဟာစည်ဆရာတော်လက်အောက်မှာ တရားစအားထုတ် ခဲ့တယ်၊ မဟာစည်သာသနာ့ရိပ်သာမှာ တစ်ပတ်လောက် ကြာပြီးနောက် တရားအား ထုတ်ဖော်ပုဂ္ဂိုလ်တွေအပေါ် ဝေဖန်မှုတွေ ဘုန်းကြီးမှာ စတင်ဖြစ်ပေါ်လာတယ်၊ တရားအားထုတ်ဆဲ ပုဂ္ဂိုလ်တွေလို့ ယူဆရတဲ့ တချို့ရဟန်းတွေက သီလမပြည့်စုံကြ ဘူး၊ အသေးအဖွဲသီလလေးတွေကို အဲဒီတချို့ရဟန်းတွေ ဂရုစိုက်ကြပုံမပေါ်ဘူး၊ လူဝတ်ကြောင်ယောဂီတွေဟာလည်း မယဉ်ကျေးတဲ့ အမူအရာတွေနဲ့ ဆက်ဆံပြုမှု ကြပုံ ပေါ်တယ်၊ ဘုန်းကြီးရဲ့ စိတ်ထဲမှာ သံသယတွေ ပြည့်စပြုလာတယ်၊ မဟာစည် ဆရာတော်ရဲ့ လက်ထောက်နာယက ကမ္မဋ္ဌာန်းဆရာတွေထဲမှာ တစ်ပါးအပါအဝင်ဖြစ် တဲ့ ဘုန်းကြီးရဲ့ ကမ္မဋ္ဌာန်းဆရာကိုတောင် ဝေဖန်လာမိတယ်၊ "ဒီကမ္မဋ္ဌာန်းဆရာဟာ ဘယ်တော့မှ မပြုံးဘူး၊ တခါတရံ စိတ်မြန်တယ်၊ ကြမ်းတမ်းတယ်၊ "ပေါ့၊ ဘုန်းကြီးက ယူဆခဲ့တယ်။

" ကမ္မဋ္ဌာန်းဆရာဆိုတာ သိမ်မွေ့မှုနဲ့ ပြည့်နေသင့်တယ်၊ တစ်ပါးတည်း နေသင့်တယ် " ပေါ့။ အတွေ့အကြုံ ရင့်ကျက်ပြီး ကျွမ်းကျင်တဲ့ ကမ္မဋ္ဌာန်းဆရာဟာ ယောဂီရဲ့ အခြေအနေကို ကောင်းကောင်း နားလည်နိုင်တယ်၊ သူ့ရဲ့ စာတွေ့အပြင် ယောဂီများစွာနဲ့ တွေ့ကြုံရတဲ့ အတွေ့အကြုံတွေအပေါ် မူတည်ပြီးပေါ့၊ ဘုန်းကြီးရဲ့ ကမ္မဋ္ဌာန်း ဆရာဟာ သိပ်တော်တယ်၊ ဘုန်းကြီးရဲ့တရား ရပ်တန့်နေတာကို သူ သိတယ်၊ သံသယရဲ့ တိုက်ခိုက်မှုကို ဘုန်းကြီး ခံရနေပြီဆိုတာကို ဆရာ ရိပ်မိတယ်၊ သူက ဘုန်းကြီးကို အလွန်သိမ်မွေ့တဲ့, ကျွမ်းကျင်းတဲ့ အပြစ်တင်စကား ဆိုလိုက် တယ်၊ အဲဒီကနောက် ကိုယ့်အခန်းကို ပြန်ပြီး ကိုယ့်ကိုယ်ကို သုံးသပ်တယ်၊ မေးတယ်၊ "ငါဒီကို လာခြင်းရဲ့ အကြောင်းက ဘာလဲ၊ သူတစ်ပါးတွေကို ဝေဖန်ဖို့လား၊ ဆရာကို စမ်းသပ်ဖို့လား၊ " " မဟုတ်ဘူး။ "

" ငါဟာ ဒီရိပ်သာကို သံသရာတစ်လျှောက်လုံး ဖြစ်ပွားလာတဲ့ ကိလေသာ

http://www.dhammadownload.com

တွေကို များနိုင်သမျှများများ ပယ်ရှားဖို့ လာခဲ့တယ် ” လို့ ဘုန်းကြီး နားလည်လိုက်တယ်၊ “ ငါ ရောက်နေတဲ့ ဒီရိပ်သာနည်းအတိုင်း ဗုဒ္ဓတရားတွေကို ကျင့်သုံးခြင်းဖြင့် ငါလိုချင်တဲ့ ပန်းတိုင်ကို ရောက်လိမ့်မယ် ” လို့ ဘုန်းကြီး မျှော်လင့်ခဲ့တယ်၊ ဒီဆင်ခြင်သုံးသပ်မှုဟာ ဘုန်းကြီးအတွက် ကြီးမားစွာ အမြင်ရှင်းသွားတယ်။

ဘုန်းကြီးရဲ့ စိတ်ထဲမှာ ဥပမာတစ်ခု ပေါ်လာတယ်။

ငါဟာ သဘော်ပေါ်မှာ ရောက်နေသလို ဖြစ်နေတယ်၊ သဘော်ပင်လယ်ပြင်မှာ ပြင်းထန်တဲ့ မုန်တိုင်းဒဏ်ကို ခံနေရတယ်၊ သဘော်ရဲ့ လေးဘက်လေးတန်မှာ လှိုင်းကြီးတွေက ပုတ်တယ်၊ နစ်အောင် မြုပ်တယ်၊ မုန်းတိုင်းထန်နေတဲ့ ပင်လယ်ပြင်မှာ ဘယ်ဘက် စောင်းလိုက်, ညာဘက် စောင်းလိုက်, နိမ့်လိုက်, မြင့်လိုက် ဖြစ်နေတယ်၊ ရှေ့ထိုး နောက်ငင် ဖြစ်နေတယ်၊ အကူအညီမဲ့ ဖြစ်နေတယ်၊ ကိုယ့်ပတ်ဝန်းကျင်က အခြားသဘော်တွေကလည်း ငါ့သဘော်လိုပဲ ဒုက္ခရောက်နေကြတယ်၊ အဲဒီလိုအခြေအနေမျိုးမှာ ကိုယ့်သဘော်ကို ဂရုစိုက်ရမယ့်အစား ဂရုမစိုက်ဘဲ အခြားသဘော်က မာလိန်မှူးတွေကို ငါဟာ လျှောက်အမိန့်ပေးနေတယ်။ “ ဟေ့ . . . ရွက်တိုင်ကို ထောင်ထားပါလား၊ ဟေ့ . . . ရွက်တိုင်ကို ချလိုက်ပါလား ” စသည့်နဲ့ပေါ့၊ အဲဒီလို အမိန့်ပေးပြီး အလုပ်ရှုပ်နေရင် ပင်လယ်ပြင်အောက်ကို ကောင်းကောင်း ရောက်သွားမှာပါပဲ။

ဒါဟာ ဘုန်းကြီးအတွက် သိလာရတဲ့ ဥပမာပါ၊ ဘုန်းကြီးဟာ အဲဒီကနောက် စိတ်ထဲမှာ သံသယ မမွေးတော့ဘဲ ကိုယ့်တရားအလုပ် ကြိုးစားအားထုတ်ခဲ့တယ်၊ ဆရာရဲ့ စိတ်ကြိုက်ဖြစ်ခဲ့တယ်၊ ဘုန်းကြီးရဲ့ အတွေ့အကြုံက သင့်အတွက် အကျိုးပြုနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ သံသယဟာ ဘယ်လောက် ဒုက္ခပေးတယ်ဆိုတာ ဘုန်းကြီးကိုယ်တိုင် သိခဲ့ရတယ်၊ ဒါကြောင့် သံသယကို သင်တို့ လက်မခံကြစေလိုဘူး။

သံသယ

သံသယဟာ ဆရာတော်အား
အလွန်အကဲပင် နှောင့်ယှက်သား၊
ထို့ကြောင့် တပည့်များ သူလိုပင်
သံသယတွေ မဝင်စေချင်၊
ဝင်လာလျှင် ထိုသံသယ
ချက်ချင်း ပယ်ဖို့
ကြိုးစားကြ။

http://www.dhammadownload.com

(၅) ကမ္မဋ္ဌာန်းဆရာ

တစ်ခါက ဘုန်းကြီး အမေးခံရတယ်။

" ကမ္မဋ္ဌာန်း တရားအားထုတ်ပုံ သင်ပြပေးဖို့ အထိရောက်ဆုံးနည်းဟာ ဘာပါလဲ " တဲ့။

ဘုန်းကြီးက ဒီလို ပြန်ဖြေလိုက်တယ်။

" ရှည်ဦးစွာ ကိုယ်က အဲဒီကမ္မဋ္ဌာန်းတရားကို ပြည့်စုံကျေနပ်သည်အထိ အားထုတ်ထားသင့်တယ်၊ အဲဒီကနောက် စာတွေ့အသိဉာဏ်ရှိအောင် လုပ်ရမယ်၊ နောက်ဆုံးမှာတော့ စစ်မှန်တဲ့ မေတ္တာ, ကရုဏာ အခြေခံပြီး စာတွေ့, လက်တွေ့ နှစ်ရပ်လုံးကို အသုံးပြုရမယ်၊ စစ်မှန်တဲ့ မေတ္တာ, ကရုဏာရယ်, စာတွေ့ရယ်, လက်တွေ့ရယ် ဒီသုံးခုအပေါ် အခြေခံပြီး သင်ပြရင် ထိရောက်မှုရှိမှာ သေချာပါတယ်။ "

ကမ္မဋ္ဌာန်းဆရာ

ကမ္မဋ္ဌာန်းဆရာဆိုတာ
စာတွေ့လည်း ရှိရမယ်၊
လက်တွေ့လည်း ရှိရမယ်၊
မေတ္တာ, ကရုဏာလည်း ရှိရမယ်၊
အဲဒါမှ ထိရောက်မှု ရှိတယ်။

× × × × ×

http://www.dhammadownload.com

(၆) ထမ်းပိုး

ဘုန်းကြီး ကလေးဘဝတုန်းက ထမ်းပိုးနဲ့ တောင်းနှစ်တောင်းကို ဘယ်လို ထမ်းရတယ်ဆိုတာကို လူတွေ ပြောတာ ကြားခဲ့ရတယ်၊ တောင်းနှစ်တောင်းကို ထမ်းပိုးနဲ့ ထမ်းတယ်ဆိုတာကတော့ မြန်မာနိုင်ငံမှာ ရိုးနေတာပါပဲ။ ထမ်းပိုးရဲ့ ရှေ့ဖျားမှာရော နောက်ဖျားမှာရော လေးတဲ့ တောင်း (၂) တောင်း ကို ဆိုင်းတွင် ထည့်ကာ ချိတ်ဆွဲပြီး ချိတ်ပြီး ပခုံးနဲ့ ထမ်းပိုးကို ထမ်း ရတယ်၊ စပြီး ထမ်းခါစမှာ အများကြီး အားစိုက်ရတယ်၊ လေးလည်း လေးတယ်၊ ဒါပေမယ် (၁၀) လှမ်း, (၁၅) လှမ်းလောက် လှမ်းပြီးတဲ့အခါ လှမ်းလျှောက်ရင်း စည်းဝါးလိုက် နေသလိုပဲ ထမ်းပိုးက နိမ့်လိုက် မြင့်လိုက် စဖြစ်လာတယ်၊ ထမ်းတဲ့သူ ရော, ထမ်းပိုးရော, တောင်းတွေရော သက်သက်သာသာနဲ့ ရွှေ့လျားနေကြတော့ တယ်၊ ဒါကြောင့် လေးမှန်းတောင် မသိရတော့ဘူး၊ ဘုန်းကြီးက ဒါကို ပထမကတော့ မယုံနိုင်ခဲ့ဘူး၊ ဒါပေမယ့် သိပ်ကို ဖြစ်နိုင်တယ်လို့ ယုံတယ်။

ယောဂီ တရားအားထုတ်လို့ သခ်ၤါရုပေက္ခာဉာဏ် ရောက်တဲ့အခါ သဒ္ဓါနဲ့ ပညာ, ဝီရိယနဲ့ သမာဓိ မျှညီနေတာကို တွေ့ရတယ်၊ သတိကလည်း ပေါ်လာသမျှအာရုံ အားလုံးကို သူ့အလိုလို လိုက်မှတ်နေပုံရတယ်၊ ဒါကြောင့် ထမ်းပိုးထမ်းတာကို ကောင်းစွာ နားလည် ယုံကြည်လာတယ်။

ထမ်းပိုး

သခ်ၤါရုပေက္ခာ
ဉာဏ်ရောက်လာမှ
ငယ်ခါ ထမ်းပိုး
ထမ်းကြရိုးကို
ဉာဏ်တိုးလာ၍
သဘောခွေ့။

● ● ● ● ●

http://www.dhammadownload.com

(၇) မေ့ထားလိုက်ပါ

အိမ်မွေးတိရစ္ဆာန်လေးတွေကို အလွန်ချစ်တတ်တဲ့ ရဟန်းအိုကြီးတစ်ပါး အကြောင်း ပြောပြမယ်၊ သူကျောင်းမှာ ခွေးတွေ, ကြောင်တွေ အများကြီး မွေးမြူထား ပုံပေါ်တယ်၊ တစ်နေ့မှာ အဲဒီ ရဟန်းအိုကြီးဟာ ရန်ကုန် မဟာစည်သာသနာ့ရိပ်သာကို တရားအားထုတ်ဖို့ လာတယ်၊ သူ တရားအားထုတ်တဲ့အခါ ကျွန်ုပ်စရာကောင်းတဲ့ အခြေအနေမျိုးနဲ့ အားထုတ်ပါတယ်၊ ဒါပေမယ့် သူရဲ့ အားထုတ်မှုက သိပ်ပြီး မနက် ရှိုင်းဘူး၊ နောက်ဆုံးမှာ အကြံရလို့ သူကျောင်းမှာ တိရစ္ဆာန်လေးတွေ ရှိလားလို့ မေးလိုက်တယ်၊ အဲဒီလို မေးလိုက်တော့ သူက အံ့သြသွားတယ်၊ ပြီးတော့ သူက ပြော တယ်၊

" အို . . . မှန်ပါ၊ တပည့်တော်မှာ ခွေးတွေ, ကြောင်တွေ သိပ်ကို များပါ တယ်၊ ဒီလာကထဲက သူတို့ အစာမှ လုံလောက်ကြရဲ့လား၊ ဘယ်လိုများ လုပ်နေကြ ပါလိမ့်လို့ အဲဒီတိရစ္ဆာန်လေးတွေကို တွေးနေမိတယ် " တဲ့။

သူကို ဘုန်းကြီးက ပြောရတယ်၊

" အဲဒီ တိရစ္ဆာန်လေးတွေကို မေ့ထားလိုက်ပါ၊ တရားကိုပဲ စူးစိုက် အားထုတ် ပါ " လို့၊ သူဟာ မကြာခင်ပဲ တရားတွေ တိုးတက်လာပါတယ်။

မေ့ထားလိုက်ပါ

တရားတွေ တက်လို
သံယောဇဉ်ထိုထို
မေ့ထားဖို့ လို။

● ● ● ● ●

http://www.dhammadownload.com

(၈) တီဘီ

တစ်ချိန်က အဆုပ်ရောဂါ နှစ်ပေါင်းများစွာ ခံစားခဲ့ရတဲ့ လူတစ်ယောက် ရှိခဲ့တယ်၊ ဆရာဝန်အမျိုးမျိုး, တိုင်းရင်းဆေးဆရာအမျိုးမျိုးတွေနဲ့ ကုသခဲ့တယ်၊ ရန်ကုန်ဆေးရုံကြီး တီဘီဌာနမှာ ကုခဲ့တယ်၊ ဒါပေမယ့် ရောဂါက မပျောက်ဘူး၊ စိတ်ဓာတ်တွေကျပြီး ဆင်းရဲနေတယ်၊ သေဖို့ရာပဲ ရှိတော့တယ်လို့ ခံစားနေရတယ်၊ နောက်ဆုံးအနေနဲ့ ရန်ကုန် မဟာစည်သာသနာ့ရိပ်သာမှာ တရားထိုင်ဖို့ လာလျှောက်တယ်၊ ဒါပေမယ့် သူ့ကျန်းမာရေး မကောင်းတာကို ဖုံးကွယ်ထားတယ်၊ အခြား ယောဂီတွေရဲ့ ကျန်းမာရေးကို အနှောင့်အယှက်ပေးနိုင်တဲ့ သူ့ရောဂါကြောင့် သူ့ကို လက်မခံမှာ စိုးလို့ပါပဲ။

တရားအားထုတ်လို့ (၂)ပတ်ရတဲ့ ကာလအတွင်း သူ့ရဲ့ နာတာရှည်ရောဂါ လက္ခဏာဟာ ပေါ်လာတယ်၊ တရားအားယုတ်တဲ့ ကာလအတွင်း ပုံမှန်အားဖြင့် တွေ့တတ်တဲ့ လွန်မင်းစွာ ခံစားရတဲ့ ဝေဒနာတွေပါပဲ၊ သူ့နာကျင်မှုက သိပ်ပြင်းထန်တယ်၊ အင်အားလည်း ကုန်ခမ်းတယ်၊ လုံးဝ မအိပ်နိုင်ဘဲတစ်ညလုံး ချောင်းဆိုးနေတယ်။

တစ်ညမှာ ဘုန်းကြီးက ဘုန်းကြီးရဲ့ အဆောင်မှာ ရှိနေတယ်၊ သူ့အခန်းကလာတဲ့ ပြင်းပြင်းထန်ထန် ချောင်းဆိုးသံကို ဘုန်းကြီး ကြားနေရတယ်၊ ဘုန်းကြီးက မြန်မာချောင်းဆိုးပျောက်ဆေးကို ယူပြီး သူဆီကို သွားခဲ့တယ်၊ အအေးမိရင် သို့မဟုတ် တုပ်ကွေးဖြစ်နေရင် ဆေးတိုက်ပေးကာ ကူညီဖို့ပါပဲ၊ သူဟာ သူ့အခန်းထဲမှာ စန့်ပြီး ပက်လက်ဖြစ်နေတယ်၊ ဘုန်းကြီးကို သူ စကားတစ်ခွန်းမှ မပြောနိုင်လောက်အောင် သူ့မှာ အားကုန်နေတယ်၊ သူ့ရဲ့ထွေးခံဟာ သူ ချောင်းဆိုးလို့ ထွက်လာတဲ့ သွေးတွေနဲ့ ပြည့်လုနီးပါး ဖြစ်နေတယ်၊ ဘုန်းကြီးက သူ့ကို ဆေး အလိုရှိသလားလို့ မေးတယ်၊ နောက်ဆုံးမှာ သူ စကားပြောနိုင်တဲ့အခါ သူဟာ သူ့ဆေးကုသမှုနဲ့ဆိုင်တဲ့ အခြေအနေ

http://www.dhammadownload.com

ကို ဝန်ခံတယ်၊ သူ့ဆီက ရောဂါပိုးကို ငါများ ရှူမိလေပြီလား လို့ ဘုန်းကြီးမှာ ဦးစွာ အတွေး ပေါ်လာမိတယ်။

သူက ဒီတရားရိပ်သာမှာ ဒီကူးစက်စေတဲ့ အခြေအနေကို ယူဆောင်လာခဲ့မိ တဲ့အတွက် တောင်းပန်တယ်၊ သူ ဆက်ပြီး တရားအားထုတ်ဖို့လည်း ခွင့်တောင်းတယ်၊ သူက ပြောတယ်၊ " တပည့်တော် ဒီရိပ်သာက ထွက်သွားရင် သူသွားစရာက သေလမ်း တစ်လမ်းပဲ ရှိပါတယ် " တဲ့၊ သူ ပြောလိုက်တဲ့ အဲဒီစကားလေးတွေက ဘုန်းကြီးရဲ့ စိတ်နှလုံးကို တော်တော် ထိခိုက်သွားစေပါတယ်၊ ဘုန်းကြီးက သူ့ကို တရားဆက် အားထုတ်ဖို့ မြန်မြန်စတင် တိုက်တွန်းအားပေးတော့တယ်၊ တစ်ရိပ်သာလုံး တီဘီ ရောဂါပြန့်ပွားမှု မဖြစ်ရအောင် သူ့ကို သီးသန့် စီရင်ပေးပြီး သူ့ကို တရားဆက်ပြ ပေးတယ်။

တစ်လအတွင်း တရားထူးထူးခြားခြား တိုးတက်လာတာမို့ သူ့ရဲ့ တီဘီရောဂါ ပျောက်သွားတယ်၊ သူ့ရဲ့ တီဘီရောဂါ လုံးဝ ပျောက်သွားလို့ ရိပ်သာက ထွက်သွား ဝယ်၊ နောက်သုံးနှစ်ကြာတဲ့အခါ သူဟာ သန်မာလာပြီး ကျန်းမာတဲ့ ရဟန်းတစ်ပါး အဖြစ်နဲ့ ပြန်ပေါ်လာတယ်၊ ဘုန်းကြီးက " အခု ဘယ်လိုနေသေးလဲ၊ တီဘီနဲ့ ချောင်းဆိုးပြန်ဖြစ်သေးလား " လို့ သူ့ကို မေးတယ်၊ သူက ပြောတယ်။

" တီဘီဟာ လုံးဝ ပြန်မလာတော့ဘူး၊ ချောင်းဆိုးမလို့ တခါတရံ လည်ချောင်း ယားလာရင် ယားတဲ့ ခံစားမှုတွေကို ချက်ချင်း မှတ်လိုက်တယ်၊ ချောင်းကို မဆိုးရတော့ဘူး၊ တရားဟာ ထူးဆန်းတယ်၊ အံ့သြစရာ ကောင်းတယ်၊ တပည့်တော် ဟာ သတိပဋ္ဌာန်တရားဆေးကို သောက်လို့ ကွင်းလုံးကျွတ် ရောဂါပျောက်သွားပါပြီ ဘုရား " တဲ့။

တီဘီ

ဆေးမျိုးစုံစွာ
စားခဲ့ပါလည်း
သူ့မှာ တီဘီ
မပျောက်ပြီမို့
သေမည်သေချာ
ရိပ်သာမှာ ပြေး
တရားဆေးကို
စားပေးလေရာ
တစ်လကြာ
ရောဂါပျောက်သွားသည်။

● ● ● ● ●

http://www.dhammadownload.com

(၉) အသေကောင်း

လွန်ခဲ့တဲ့ အနှစ် (၂၀) လောက်က ကိစ္စတစ်ခု ပေါ်ပေါက်ခဲ့တယ်၊ မဟာစည်သာသနာ့ ရိပ်သာထဲမှာ နေတဲ့ ဒကာမတစ်ယောက် ရှိခဲ့တယ်၊ သူမဟာ ရိပ်သာအမှုထမ်း အဖွဲ့ဝင်တစ်ဦးနဲ့ ၂နှီးတော်တယ်၊ သူမဟာ သွေးတိုးရောဂါကို အချိန်ကြာမြင့်စွာ ခံစားခဲ့ရတယ်၊ ဆရာဝန်တွေ ပေးတဲ့ ဆေးတွေကို စားတယ်၊ သူတို့ရဲ့ ကုသမှုကို ခံယူတယ်၊ တခါတရံ သူမက ဘုန်းကြီးထံ လာတယ်။

ဘုန်းကြီးက " သင်ဟာ တရားအားထုတ်တုန်း သေရင်တောင် နောက်ဘဝမှာ ချမ်းသာတွေ အများကြီး ခံစားရမှာ " လို့ ပြောပြီး သူမကို တရားအားထုတ်ဖို့ တိုက်တွန်းတယ်၊ တိုက်တွန်းပေမယ့် သူမကတော့ ဆင်ခြေပဲ အမြဲပေးနေတယ်၊ သူမရဲ့ ဆရာဝန် တွေကိုပဲ ဆက်လက်အားကိုးနေတယ်။

အလွန်ဝေးကွာတဲ့ အရပ်တွေက (ပြည်ပနိုင်ငံတွေကတောင် ပါသေး) လူများစွာဟာ ဒီရိပ်သာမှာ တရားအရသာကို ခံစားဖို့ရာ လာကြတယ်၊ သူတို့ရဲ့ တရားအားထုတ်မှုဟာ နက်ရှိုင်းတယ်၊ သူတို့ဟာ ထူးခြားတဲ့ အရာတွေ အများကြီး တွေ့သွားကြတယ်၊ သင်ဟာ ဒီရိပ်သာမှာ နေတယ်၊ ကျေနပ်စရာကောင်းလောက်အောင် သင်ဟာ တရား လုံးဝ အားမထုတ်ရသေးဘူး၊ သင့်ကို မြင်ရတော့ စေတီရဲ့ ခြေရင်းမှာ စောင့်နေတဲ့, စူးစူးရှရှ ကြည့်နေတဲ့ ခြသေ့ရုပ်ကို သတိရမိတယ်၊ အဲဒီ ခြသေ့ရုပ်တွေကို သင်လည်း သိပါတယ်၊ အဲဒီခြသေ့တွေဟာ စေတီကို ကျောပေးထားကြတယ်၊ ဘယ်တော့မှ အရိုအသေ မပေးကြဘူး " လို့ နောက်ဆုံးမှာ ဘုန်းကြီးက အပြစ်တင်စကားဆိုလိုက်တယ်။

သူမဟာ အဲဒီအပြစ်တင်စကားကြောင့် သိပ်နာသွားတယ်၊ တရားအားထုတ်ဖို့ သဘောတူသွားတယ်၊ အချိန်တိုအတောအတွင်းမှာ အကြီးအကျယ် နာကျင်မှုတွေ

http://www.dhammadownload.com

ကို တွေ့ရတဲ့ အဆင့်ကို ရောက်သွားတယ်၊ ရောဂါကြောင့် ဖြစ်တဲ့ နာကျင်မှုနဲ့ တရားသဘောကြောင့် ပေါ်လာတဲ့ နာကျင်မှု ဒုက္ခဝေဒနာတို့ ပေါင်းဆုံလာကြတဲ့အခါ သူမမှာ တကယ့်ကိုပဲ ကြမ်းတမ်းပြင်းထန်တဲ့ ဒုက္ခဝေဒနာတွေကို ခံစားရတယ်။

သူမဟာ မအိပ်နိုင်, မစားနိုင်လောက်အောင်ပဲ ဖြစ်နေတယ်၊ နောက်ဆုံးတော့ ရိပ်သာမှာ နေကြတဲ့ သူမရဲ့ မိသားစုတွေက သူမရဲ့အခြေအနေကို စိုးရိမ်စပြုလာကြတယ်၊ သူမကို ပြုစုစောင့်ရှောက်ဖို့ သူမတို့နေရာကို ခေါ်ဖို့ တောင်းပန်းကြတယ်၊ အဲဒါကို ဘုန်းကြီးက ဆန့်ကျင်ခဲ့တယ်၊ "မိသားစုတွေရဲ့ စကားကို နားထောင်တာထက် တရားဆက်လက်အားထုတ်ထားက ပိုကောင်းတယ်" လို့ ပြောပြီး အားပေးခဲ့တယ်၊ သူမရဲ့ မိသားစုက သူမထံ ထပ်ကာထပ်ကာ လာနေကြတယ်၊ ဘုန်းကြီးဘက်ကတော့ တရားဆက်အားထုတ်ဖို့ပဲ အတင်းတိုက်တွန်းတယ်၊ သူမအတွက် ဒါဟာ တကယ့်စစ်ပွဲတစ်ပွဲပါပဲ၊ ဒါပေမယ့် သူမက ဇွဲကောင်းကောင်းနဲ့ ဆက်အားထုတ်တယ်၊ သူမမှာတော့ အပြင်းအထန် ဒုက္ခဝေဒနာတွေကို ခံစားရပါတယ်၊ သူမမှာ စိတ်အားတက်လာတယ်၊ "သေချင်သေပစေ၊ တရားကိုတော့ ပြီးဆုံးသည်အထိ ဆက်အားထုတ်သွားမယ်" လို့ ဆုံးဖြတ်လိုက်တယ်။

သူမရဲ့ နာကျင်မှု ဒုက္ခဝေဒနာဟာ ထူးထူးခြားခြားကိုပဲ ပြင်းထန်တယ်၊ သူမရဲ့ ဦးနှောက်တွေ အစိပ်စိပ်အမွှာမွှာ ကွဲကျလေသလားလို့တောင် ခံစားရသတဲ့၊ သူမရဲ့ ဦးခေါင်းက သွေးပြန်ကြောတွေဟာ ခုန်တယ်၊ အားနဲ့ အချက်ပေါင်းများစွာ ရိုက်တယ်၊ တူနဲ့ ထုသလို ခံရတယ်၊ အဲဒီဒုက္ခဝေဒနာအားလုံးကို ရှုမှတ်ရုံသက်သက်နဲ့ပဲ သည်းခံနိုင်တယ်၊ သူမရဲ့ ခန္ဓာကိုယ်က ကြီးမားတဲ့ ပူလောင်မှု စတင်ပေါ်လာတယ်၊ မီးတောင်ကြီး ပေါ်ထွက်လာသလို ဖြစ်သွားတယ်၊ နောက်ဆုံးမှာ သူမဟာ အဲဒီခံစားမှု ဒုက္ခဝေဒနာအားလုံးကို အောင်နိုင်သွားတယ်၊ အရာခပ်သိမ်းဟာ ငြိမ်သက်အေးငြိမ်း သွားတယ်၊ သူမဟာ အဲဒီစစ်ပွဲမှာ အနိုင်ရလိုက်တယ်၊ သူမရဲ့ သွေးတိုးရောဂါဟာ လုံးဝ ပျောက်သွားတယ်၊ အဲဒီ သွေးတိုးရောဂါအတွက် သူမ ဘယ်တော့မှ ဆေး ထပ်မသောက်ရတော့ဘူး တဲ့။

ဘုန်းကြီးဟာ ထိခိုက်ထားတဲ့ အူရောဂါ, နှလုံးရောဂါအပြင် အခြားရောဂါတွေလည်း ပျောက်တာကို တွေ့ခဲ့ရတယ်၊ ဒီလို အကျိုးတွေကို ရလိမ့်မယ်လို့ အာမခံချက် မရှိပေမယ့် ဒီဇာတ်လမ်းတွေက သင့်ကို အားပေးလိမ့်မယ်လို့ မျှော်လင့်ရပါတယ်၊ ရောဂါကြောင့် ဖြစ်ပေါ်လာတဲ့ ဒုက္ခဝေဒနာတွေကို ရှုမှတ်ဖို့ ကြိုးစားရာမှာ ဇွဲရှိရင်, ထက်သန်ရင်, သတ္တိရှိရင်, အစွမ်းကောင်းရင်း ရောဂါရှင်ဟာ ဒုက္ခတွေက ဒဏ်ခြေဖွယ်ကောင်းလောက်အောင် သက်သာပျောက်ကင်းတာတွေ့ပါလိမ့်မယ်၊ ဇွဲနပဲနဲ့

http://www.dhammadownload.com

အားထုတ်မှုဟာ ကြီးမားတဲ့ ဖြစ်နိုင်မှုကို သယ်ဆောင်ပါတယ်။

ကင်ဆာရောဂါသည်တွေအတွက် သတိပဋ္ဌာန် ကမ္မဋ္ဌာန်းဟာ အထူးပဲ အသုံးဝင်ပါတယ်၊ ကင်ဆာရောဂါဟာ ကြောက်စရာကောင်းပါတယ်၊ စိတ်ရောကိုယ်ပါ ဒုက္ခဝေဒနာကို အလွန်များစွာပဲ ခံစားရပါတယ်၊ သတိပဋ္ဌာန်တရား အားထုတ်ထားသူဟာ ဒုက္ခဝေဒနာတွေကို ရှုမှတ်မှုနဲ့ ဒုက္ခဝေဒနာဝန်ထုပ်ဝန်ပိုးကို ပေါ့ပါးစေနိုင်တယ်၊ ဘယ်လောက်ပင် ကြောက်စရာကောင်းပါစေ၊ အရေးမကြီးပါဘူး၊ ဒုက္ခဝေဒနာကို ရှုမှတ်ပြီး အေးဆေးငြိမ်းချမ်းစွာ သေနိုင်တယ်၊ ဒီလို သေခြင်းဟာ အသေကောင်းပဲ။

အသေကောင်း

သေခါနီးမှာ
ဝေဒနာကို
ရှုကာ သေမူ
ထိုသည့်သူမှာ
သေရတာ
ကောင်းစွာ သေသည်မည်။

• • • • •

http://www.dhammadownload.com

(၁၀) စိတ်ကူးယဉ်သမား

တရားရိပ်သာတစ်ခုရဲ့ အဆောင်တစ်ဆောင်မှာ အရိုးစု တစ်ခု ချိတ်ဆွဲထားတဲ့ အခန်းလေးတစ်ခန်း ရှိတယ်၊ အဲဒီအရိုးစုဟာ လာပြီး ကြည့်ရှုကြသူတွေသေခြင်းတရားကို ဆင်ခြင်အောက်မေ့နိုင်ကြဖို့ ဖြစ်တယ်၊ ခန္ဓာကိုယ်ရဲ့ စက်ဆုပ်ဖွယ်ရာ အစိတ်အပိုင်းတစ်ခုအနေနဲ့ အရိုးတွေကို ဆင်ခြင်နိုင်အောင် ဖြစ်တယ်၊ အဲဒီအရိုးစုရဲ့အောက်ခြေမှာ စာတန်းလေး ရေးထားတယ်။

စာတန်းလေးက – " ကျွန်မအသက် (၁၆) နှစ် " တဲ့။

ဆင်ခြင်ဉာဏ်ရှိတဲ့ ဧည့်သည်တစ်ယောက်က အဲဒီစာတန်းလေးကို ကြည့်ပြီး " အို . . . သနားစရာ မိန်းကလေးပဲ၊ အသက်က (၁၆) နှစ်ပဲ ရှိသေးတယ်၊ ဒါပေမယ့် သူခမျာ သေသွားရှာပြီ၊ ငါလည်း သူမလိုပဲ တစ်နေ့မှာ သေရမှာပဲ " လို့ ပြောကောင်းပြောလိမ့်မယ်၊ သံဝေဂတရား ဖြစ်ပွားချင်ဖြစ်ပွားမယ်၊ ကုသိုလ်ကောင်းမှုတွေ ပိုပြီးပြုကောင်းပြုမယ်၊ တရားတွေ ပိုပြီး အားထုတ်ကောင်း အားထုတ်မယ်။

နောက်ဧည့်သည်တစ်ယောက်ကတော့ – အရိုးတွေရဲ့ စက်ဆုပ်ဖွယ်ဖြစ်တာကို ဆင်ခြင်ကောင်း ဆင်ခြင်မယ်၊ ခန္ဓာကိုယ်ကြီးမှာ ဘာမျှ အထည်ကိုယ် မရှိဘူး၊ အရိုးတွေပဲ ရှိတယ်လို့ မြင်ကောင်း မြင်မယ်။

နောက်မကြာခင် စိတ်ကူးယဉ်တတ်တဲ့ လူငယ်တစ်ယောက် လာတယ်၊ အရိုးစုရဲ့ ရှေ့မှာ ရပ်နေတယ်၊ သူ့ရဲ့ မျက်စိက " ကျွန်မအသက် (၁၆) နှစ် " ဆိုတဲ့ စာတန်းလေးဆီကို ရောက်သွားတယ်။ သူကိုယ်သူ တစ်ယောက်တည်း ပြောနေတယ်၊ " သိပ်သနားစရာကောင်းတာပဲ၊ သူမ မသေခင်က သူမဟာ သိပ်လှမှာပဲ " တဲ့၊ လူငယ်က သူမရဲ့ ဦးခေါင်းခွံကို ကြည့်လိုက်တယ်၊ မျက်နှာနေရာမှာ လှပတဲ့ မျက်နှာလေးဖြစ်လာအောင် အသားတွေ စိတ်ထဲက ဖြည့်ကြည့်တယ်၊ ဆံပင်ကောင်း

http://www.dhammadownload.com

ကောင်းကိုလည်း တပ်လိုက်တယ်၊ သိပ်ကောင်းတဲ့ လည်ပင်းလေးကို ဖန်ဆင်းကြည့်တယ်၊ သူ့ရဲ့ မျက်စိကို ခန္ဓာကိုယ်အောက်ပိုင်းဆီကို ပြောင်းရွှေ့လိုက်တယ်၊ ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းမှန်သမျှမှာ ဖြည့်စရာတွေ ဖြည့်ကြည့်လိုက်တယ်၊ သူစိတ်ကူးထဲမှာ ဖန်ဆင်းလိုက်တဲ့ အဲဒီကောင်းမလေးကို သူ သာယာတပ်မက်သွားပြီ၊ စိတ်ကူးယဉ် ရုပ်ပုံနဲ့ တကယ်ပြုလုပ်ထားတဲ့ ရုပ်ပုံဟာ သိပ်မထူးကြပါဘူး။

စိတ်ကူးယဉ်သမား

သံဝေဂပွားစရာ
အရိုးစုတစ်ခုမှာ
စိတ်ကူးယဉ်သမားဟာ
စိတ်ကူးယဉ်ရာ
ရာဂတွေ ဖြစ်ပွားလာ – တဲ့။

• • • • •

http://www.dhammadownload.com

(၁၁) အဆိပ်နဲ့မေတ္တာ

တစ်ချိန်က ဘုန်းကြီးလက်မှာ ငါးကျည်းတွက်ခံရတယ်၊ ငါးကျည်းရဲ့ ဘေးနှစ်ဘက် ဆူးတောင်တွေဟာ အဆိပ်ပြင်းတယ်၊ ဘုန်းကြီးလက်ဟာ သွေးထွက်ပြီး နေပေမယ့် နာကျင်မှုဝေဒနာ မခံစားခဲ့ရဘူး။

နောက်တစ်ခုကတော့ – လွန်ခဲ့တဲ့ အနှစ် (၃၀) လောက်ကပဲ၊ ရေတွင်းထဲကျနေတဲ့ ခွေးတစ်ကောင်ကို ကယ်တင်ဖို့ ကြိုးစားတဲ့အခါ အဲဒီခွေးက ဘုန်းကြီးကို ကိုက်တယ်၊ ဘုန်းကြီးရဲ့ လက်မှာ အမာရွတ်တွေ ကျန်နေခဲ့ပေမယ့် ဘာရောဂါမှ မဖြစ်ဘူး၊ နာလည်း မနာဘူး။

နောက်တစ်ခု ရှိသေးတယ်၊ အဲဒါကတော့ သီရိလင်္ကာမှာ ဖြစ်ခဲ့တယ်၊ တစ်ညမှာ ဘုန်းကြီး အိပ်ပျော်နေတုန်း ကင်းခြေများ အကိုက်ခံရတယ်၊ ဘာနာကျင်မှုမှ မခံစားခဲ့ရဘူး၊ သီရိလင်္ကာက အဲဒီကျောင်းမှာ မြွေဟောက်တွေလည်း လာကြတယ်၊ ဒါပေမယ့် ဘာမှ အန္တရာယ်မပြုကြဘူး၊ လွန်ခဲ့တဲ့ ၇ – နှစ်လောက်က ကျောက်တန်းမဟာဗောဓိတောရကျောင်းမှာ အနားယူနေစဉ် ကင်းမလင်းမဲ (ကင်းမီးကောက်) အထိုးခံလိုက်သော်လည်း လုံးဝ နာကျင်မှုအလျှင်း မရှိခဲ့ဘူးတဲ့၊ ဒါတွေက မေတ္တာစိတ်ထားကြောင့် ဘုန်းကြီးမှာ အဆိပ်ရှိတဲ့ သတ္တဝါတွေရဲ့ အဆိပ်မတက်ရောက်ပုံတွေပါပဲ။

http://www.dhammadownload.com

အဆိပ်နဲ့မေတ္တာ

အဆိပ်ရှိသတ္တဝါ
ဆရာတော်မှာ
အကိုက်ခံရပါ၊
ထားရှိတဲ့ မေတ္တာ
အစွမ်းကြောင့်သာ
နာလည်း မနာ၊
ရောဂါလည်း မရပါ
အဲဒါ ဆရာတော်ရဲ့ မေတ္တာစွမ်းအားပါ။

သာမဏေကျော်

http://www.dhammadownload.com

- အလုပ်လုပ်ရာမှာ ဂုဏ်ရှိဖို့ထက် အပြစ်ကင်းဖို့ ပို အရေးကြီးပါတယ်၊ အပြစ်ကင်းရင် ဂုဏ်ဆိုတာ အလိုလို ရှိလာတာပါပဲ။

- လုပ်ချင်တာ, လုပ်သင့်တာ, လုပ်နိုင်တာလို့ ကိစ္စ (၃) မျိုးရှိတယ်။ လုပ်ချင်တာတွေထဲက လုပ်သင့်တာကို ရွေးချယ်ပြီး လုပ်ရပါတယ်။ လုပ်သင့်တာတွေထဲကလည်း လုပ်နိုင်တာကို ရွေးချယ်ပြီး လုပ်ရပါတယ်။

- ဘဝအောင်မြင်ရေးထက် ဘဝတန်ဖိုးရှိရေးက ပို အရေးကြီးပါတယ်။

ပဏ္ဍိတာရာမ

ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်